لَقَدْ كَانَ فِي قَصَصِهِمْ عِبْرَةٌ لِأُولِي الْأَلْبَابِ

# حکایاتِ صحابہ



# ဆဟာဗိ
# သာဝကကြီးများ အကြောင်း

## သိကောင်းစရာ အဖြာဖြာ

ကလမ်းပြုသူ


မော်လာနာ မုဟမ္မဒ် ဇကာရိယာ သွင်ကြီး
(စဟာရန်ပူရ်၊ ယူ၊ပီ-အိန္ဒိယ)


ပြန်ဆိုရေးသားသူ


မော်လာနာ ဘဒ္ဒရုဇ္ဇမာန်၊ ဦးဘချို
(မဟ်မူဒီ၊ မဇာဟေရီ)

# ဆပဟာဗိ သာဝကကြီးများ အကြောင်း

## သိကောင်းစရာ အဖြာဖြာ

ကျမ်းပြုသူ


မော်လာနာမုဟမ္မဒ်ဇကရိယား သခင်ကြီး၊ ဟဒီးဆ်ပါမောက္ခချုပ်၊

မဇာဟိရေအုလူးမ်အရဗျ တက္ကသိုလ် စဟာရန်ပူးရ်မြို့၊ ယူ-ပီ ( အိန္ဒိယ )


ပြန်ဆိုရေးသားသူ


မော်လာနာဘဒ်ရှဇ္ဇမာန် [ ၁ ] ဦးဘချို (မဟ်မူဒီ၊ မဇာဟိရီ)။

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက် အမှတ် ( ၁၁၁၀၃ )
မျက်နှာဖုံးခွင့်ပြုချက် အမှတ် ( ၃၀၄ )


| | | |
|---|---|---|
| **ပထမအကြိမ်** | .... | ၁၉၇၉၊ ဖေဖေါ်ဝါရီလ |
| **အုပ်ရေ** | .... | ၂၅၀၀ |
| **တန်ဘိုး** | .... | ၂၅-ကျပ် |
| **မျက်နှာဖုံးပန်းချီ** | .... | မော်လမီ တင်မြင့် (မဟ်မူဒီ) |
| **ဘလောက်** | .... | သောင်းလှ ရောင်စုံဘလောက်တိုက်၊ ၁၅၂၊ အနော်ရထာလမ်း၊ (ဘားလမ်း နှင့် ၃၅-လမ်းကြား) ရန်ကုန်မြို့။ |
| **မျက်နှာဖုံးရိုက်** | .... | ဒေါ်ခင်မေ (၀၂၂၉၀)ခင်စန္ဒာ ရောင်စုံပုံနှိပ်တိုက်၊ အမှတ်(က-၂၇)၊အရှေ့ဝိုင်ယာလက်(၂)လမ်း၊ ကမ္ဘာအေး၊ ရန်ကုန်။ |

**ဖြန့်ချိရေး -**

**အစ္စလာမ့်အကျိုးဆောင်စာပေ**

တတိယထပ်၊ အမှတ်-၁၀၅၊ ၃၇-လမ်း၊ ရန်ကုန်မြို့၊

**ပုံနှိပ် / ထုတ်ဝေ** ....

ဦးကျော်လုံး ( မြ ၀၁၄၁၀ ) ရာကျော်ပုံနှိပ်တိုက်၊ အမှတ်-၂၁၃ ၃၀-လမ်း၊ ရန်ကုန်မှပုံနှိပ်၍၊

ဦးအီစွပ် (မြ ၀၁၃၂၆) ရော်ဝတီစာပေ၊ အမှတ်-၂၁၀၊ ၃၁-လမ်း ရန်ကုန်ကထုတ်ဝေသည်။

بسم الله الرحمن الرحيم

نحمده ونصلي ونسلم على رسوله الكريم
وآله وصحبه وأتباعه الحماة للدين القويم

သဗ်လီးဂ်၊ အမီးရ်ချုပ် (မြန်မာပြည်) မော်လာနာ၊ ကာရီ၊ ဟာဖိဇ်မုဟမ္မဒ်ဆာလေဟ်သခင်ကြီး၏

အမှာစကား

## ''မမေ့အပ်သော ဖြစ်ရပ်အမှန်''

လူသားများအပေါ် တမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)၏ ကျေးဇူးတော်ကြီးမားဘိသကဲ့သို့ပင် တမန်တော်မြတ်(ဆလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ ဆဟာဗဟ်သာဝကကြီးများ(ရဒွေ့ယလ္လာဟုသအာလာအန်ဟွမ်)၏ ကျေးဇူးတော်များသည်လည်းကြီးမားလှပါသည်။ ထိုစံပြသူတော်စင် ဆဟာဗဟ်သခင်များသည်အသက်စည်းစိမ်အိုးအိမ်ကိုစွန့်လှူ၍လောကမြေကမ္ဘာပေါ်တွင် 'အစ္စလာမ့်'အောင်လံတော်ကို လွှင့်ထူခဲ့သော်လည်း၊ လူအများစုတို့သည် ၎င်းတို့၏ စံနမူနာယူထိုက်သော ဘဝအတ္ထုပ္ပတ္တိ မူရင်းအစစ်အမှန်ကို မသိရှိကြပေ။ တရားဒေသနာဟောပြောပွဲများတွင်လည်း အခြေအမြစ်မရှိ၊ မမှန်မကန် ဒဏ္ဍာရီဆန်သော ပုံပြင်များကိုသာ ဟောပြောနားဆင်လေ့ရှိပြီး 'ဆဟာဗာ'သာဝကတော်ကြီးများအကြောင်းကိုမူ ဟောကြားပြောဆိုလေ့မရှိတော့ပေ။

အမှန်မှာ ထိုသာဝကတော် ပုဂ္ဂိုလ်ကျော်များသည်သာလျှင် 'အွမ္မသ်'တရပ်လုံး၏ စိုးစဉ်းမျှ ကွဲလွဲမှုမရှိသည့် ဦးစီးနာယက ရှေ့ဆောင်လမ်းပြများ ဖြစ်ကြပါသည်။ ထို့ကြောင့်လည်း ထိုသခင်ကြီးများနှင့် စပ်လျဉ်း၍ တမန်တော်မြတ် (ဆလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က မိန့်ကြား ဩဝါဒပေးတော်မူသည်မှာ—

✔ * ကျွန်ုပ်၏ 'ဆဟာဗီ'များသည် ကြယ်တာရာများကဲ့သို့ဖြစ်သည်။ အကြင်သူသည် ပုဂ္ဂိုလ်တဦးဦး၏ခြေရာကို ထပ်ချပ်မကွာနင်းပါက၊ အောင်မြင်မှု လမ်းမှန်တရား ရရှိပေမည်။

## မမေ့အပ်သောဖြစ်ရပ်အမှန်

* ကျွန်ုပ်၏အရိုက်အရာကို ဆက်ခံမည့် 'အဗူဗက်ရ်'နှင့် 'အုမ္မရ်' (ရသွေ့ယလ္လာဟုအန္နဟိုမာ)တို့ကို ကြည်ညိုလေးစားလိုက်နာကြပါ။

* ကျွန်ုပ်၏ 'ဆွဟာဗာများသည် ဟင်းလျာတွင်ပါဝင်သော ဆားပမာ ဖြစ်သည်။ ဟင်းလျာတွင် ဆားမပါပါက အရသာမရှိပေ။

* အကြင်သူသည် 'ဆွဟာဗာ'သာဝကတော်ကြီးများကို ဝေဘန်ပုတ်ခတ် ဆဲဆိုပါက ထိုသူ့အပေါ် 'အလ္လာဟ်'အသျှင်မြတ်၏ကျိန်စာ၊ ကောင်းကင်တမန် 'ဖရစ်သျှတာ' များ၏ ကျိန်စာနှင့် လူသားအားလုံး၏ ကျိန်စာစူးရုံမက၊ ထိုသူထမ်းဆောင်သော 'ဖရပ်ဇ်'တာဝန်များနှင့် 'နဖိလ်အေဗာဒတ်'များကို'အလ္လာဟ်'အသျှင်မြတ်က လက်ခံသဘောတူတော်မူမည်မဟုတ်ပေ။

အလ်ဟမ်ဒုလစ်လ္လာဟ်ဟာဒီးစ် ပါမောက္ခ သူတော်စင်မောင်လာနာ၊ အလ်ဟာဂျ်၊ဟာဖစ်ဇ်ဇက္ကရိယာသခင်ကြီး၏ အလွန်အဘိုးတန်ပြီး ကျော်ကြားထင်ရှားသည့် "ဆွဟာဗာများ၏ အတ္ထုပ္ပတ္တိ"စာအုပ်ကို မူရင်း 'အူရ်ဒူ'စာပေမှ အင်္ဂလိပ်၊ ဂျပန် စသည့် စာပေများဖြင့် ဘာသာပြန်ဆိုထုတ်ဝေသကဲ့သို့၊ ကျွန်ုပ်၏ မိတ်ဆွေ မော်လာနာဘာဒ်ရွှဇ္ဇမာန် ဆရာ ဦးဘချိုက မြန်မာစာပေဖြင့် ဘာသာပြန်ဆိုကာ၊ ယခု ထုတ်ဝေလိုက်ပါသည်။ ယင်းစာအုပ်ကို ဗဋ္ဌိဝတ်ကျောင်းတော်များနှင့် အိမ်များတွင် ဘတ်ရှုလေ့လာပါက၊ မွတ်စ်လင်မ်အမျိုးသား အမျိုးသမီးကြီး–ငယ်မရွေး၊ ကလေးသူငယ်များပင် 'အီမာန်'သက်ဝင်ယုံကြည်မှုခိုင်မြဲလာပြီး သာသနာတော်ဘောင်အတွင်း၌ မြဲမြံစွာ ရပ်တည်နိုင်ပါမည်။ တဗ်ဦးဂ်၏ ရည်ရွယ်ချက်မှာလည်း၊ လူတိုင်းလူတိုင်း၏ 'အီမာန်' သက်ဝင် ယုံကြည်မှု တိုးတက်လန်းဆန်းလာပြီးသာသနာကို လွယ်ကူစွာ ကျင့်သုံးလိုက်နာရန်ပင် ဖြစ်ပါသည်။

'အလ္လာဟ်'အသျှင်မြတ်သည် ဤစာအုပ်ဖြင့် 'အုမ္မက်'တရပ်လုံး၏ အလှူအသီးသီးကို အကျိုးကျေးဇူးများ ဆထက်တန်ဘိုးတိုး၍ ပေးသနားတော်မူပါစေ။

— အာမီး(န်)

**မိုဟမ္မဒ်ဆွဲလေဟ် (မဇာဟေရီ)**
တဗ်ဦးဂ်အရ်မီးချုပ်–မြန်မာပြည်။

၁၅–၅–၇၄

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

نَحْمَدُهٗ وَنُصَلِّيْ عَلٰى رَسُوْلِهِ الْكَرِيْمِ

# ဘာသာပြန်ဆိုသူ၏ အမှာစကား။

အစ္စလာမ်သာသနာ့ အကြည်တော် မွတ်စ်လင်မ် သူတော်စင်အပေါင်းတို့ခင်ဗျား၊ ယခု ကျွန်တော်မြန်မာဘာသာပြန်ဆိုရေးသားထားသည့် "ဆဟာဗဟ် သာဝကကြီးများအကြောင်း သိကောင်းစရာ"ဟူသော ကျမ်းသည် အကယ်စင်စစ် ကျွန်တော်နှင့်တကွ ကမ္ဘာ့နိုင်ငံအသီးသီး၌ မှီတင်းနေထိုင်ကြသော အစ္စလာမ်သာသနာဝင်တို့၏ ရှေ့ဆောင်ဆရာတော် မဇာဟိရီတို့၏ ကျေးဇူးရှင်၊ မဇာဟိရေအိုလူးမ်အရဗီ သာသနာ့တက္ကသိုလ်ကျောင်းတော်ကြီး၏ ဟဒီးဆ်တော် ပါမောက္ခချုပ် မော်လာနာမုဟမ္မဒ်ဇကရိယား သခင်ကြီး၏ စီစဉ် ရေးသားတော်မူအပ်သော "ဟေကာယာသေဆဟာဗဟ်"ကျမ်းကြီးဖြစ်ပါသည်။

ဤကျမ်းကို မြန်မာဘာသာပြန်ဆိုရေးသားပါရန် ကျွန်တော်၏ ကျေးဇူးရှင်မော်လာနာ ဟာဖိဇ်မုဟမ္မဒ်ဆာလေဟ် (အမိးရ်ရေသဗ်လီးဂ်၊မြန်မာပြည်)သခင်ကြီးသည်၊ ကျွန်တော့အား အကြိမ်ကြိမ်စေစားတိုက်တွန်းခဲ့ပါသည်။ ကျွန်တော်သည် ကျေးဇူးရှင်ဆရာတော်ကြီး၏ အမိန့် တော်ကို ဦးထိပ်ပန်ဆင်ကာ၁၉၇၀—ခုနှစ်တွင်အလ္လာဟ်အသျှင်မြတ်၏ အလိုတော်ဖြင့် ကောင်း မွန်ချောမောစွာ ပြီးဆုံးခဲ့ပါသည်။

သို့သော်လည်း၊ မိမိစီးပွားရေး အခြေအနေအရ လည်းကောင်း၊ သားချင်းများအနက် တယောက်စီတယောက်စီ အလ္လာဟ်အသျှင့်အမိန့်တော်များကို ခံယူသွားကြသဖြင့် အလုပ်များ အကုန်အကျများဖြစ်နေသောကြောင့်လည်းကောင်း ယင်းသို့ အချိန်ကြန့်ကြာခဲ့ရပါသည်။
ဤကျမ်းကို ပြန်ဆိုရေးသားရာ၌ ကျွန်တော်သည် မူလစာမူကို မပျက်စေဘဲ ဖြစ်သည့် နည်းဖြင့် မြန်မာလိုသဘောပေါက်နားလည်နိုင်ရန် အထူးကြိုးစားခဲ့ပါသည်။ အတတ်နိုင်ဆုံး ရှေ့နောက်ကြည့်၍ မူရင်းအနက်ကို မပြောင်းစေပဲ လိုရင်းကို ရယူခဲ့ပါသည်။မြန်မာဘာသာပြန်ဆို ရာ၌ စာပေအဆင့်အတန်း မြင့်မားလာ့ရေးကို အလျှင်းမကြိုးစားခဲ့ပါ။ အသုံးလုံးကျေသူတဦး ဖတ်ရှုလေ့လာလျှင် အလွယ်တကူနှင့် တတ်သိနားလည်နိုင်ပါသည်။

## ဘာသာပြန်ဆိုသူ၏အမှာစကား

ဤကျမ်းသည် ယခုပထမအကြိမ်ပုံနှိပ်ထုတ်ဝေရခြင်းဖြစ်၍ အမှားများကို မြင်တွေ့ပါက၊ ပြန်ဆိုရေးသူထံသို့ စာဖြင့်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း အကြောင်းကြားပါမူ ကြည်ဖြူစွာလက်ခံ၍ နောက်အကြိမ်များတွင် ပြင်ဆင်ပါမည့်အကြောင်း ကတိခံပါသည်။

ဤကျမ်းတွင် အစ္စလာမ်သာသနာတော်ဝင် မွတ်စ်လင်မ်တိုင်း လိုက်နာကျင့်သုံးနိုင်ရန် အကြောင်းအချက်များကို ဆဟာဗဟ်သာဝကကြီးများ၏ စံပြနမူနာများအဖြစ် များစွာပါဝင်လျက်ရှိပေသည်။ ထို့ကြောင့် မွတ်စ်လင်မ်တိုင်းအဖို့ ဆောင်ကြဉ်းထားအပ်သည့် ကျမ်းကြီးတစောင်ဖြင့်ကြောင်း ဖတ်ရှုသူတိုင်းဝန်ခံ၍ အပေါင်းအသင်းတို့အား တိုက်တွန်းလိမ့်မည်ဟု မိမိယုံကြည်မိပါသည်။

ဤကျမ်းကြီးသည် အမှန်တကယ်ပင် အစ္စလာမ်သာသနာဝင်တို့အဖို့သာ အကျိုးသက်ရောက်သည်မဟုတ်ပဲ လူမျိုးတိုင်းလူမျိုးတိုင်းအဖို့ သူ့ကဏ္ဍနှင့် သူ့အကျိုးသက်ရောက်ကြောင်း စာရှုသူကိုယ်တိုင် ဖတ်ရှုသိမြင်လာပါလိမ့်မည်။

**ဘာသာပြန်ဆိုရေးသားသူ**

**မော်လာနာဘဒ်ရှဇ္ဇမာန် (ခ) ဦးဘချို။**

# ခွင့်ပန်ချက်

အစ္စလာမ့်စာပေ၊ ပြန့်ပွားစေဟု၊ သုံးတွေ့စေတနာ၊ ရွှေပြေးစွာနှင့်၊ ပြန်ရှာရေးပြု၊ ဤစာစုတွင်၊ပုထုဇနေ၊ သဘာဝဖြင့်၊ မောဟဖွဲ့နှောင်၊ အသိမှောင်လျက်၊ ငွေရောင်သော်တာ၊ စွန်းမဲ့ပါသို့၊ အာရုံယှင်းကွက်၊ သတိပျက်၍၊ နှစ်သက်ကင်းကွာ၊ အမှားပါသော်၊ မေတ္တာရွှေတင်၊ ပညာရှင်တို့၊ပြင်ဆင်ကိုယ်ပိုင်၊ကျမ်းစာခိုင်နှယ်၊ တူပြိုင်စိတ်ထား၊ ကြင်နာပွါး၍၊ ရှုစားကြရန် ခွင့်တောင်းပန်သည်။

ထိုထက်အလွန်၊ ပညာရှင်တို့၊ ဉာဏ်မွန်နှင့်ယှဉ်၊ မသင့်မြင်သော်၊ ပြင်ဆင်ရှုရုံ၊ မဟုတ်တုံဘဲ၊ ဤပုံဤပင်၊ နောင်ခါပြင်ဟု၊ ကြင်နာစိတ်ပွါး၊ မိန့်ညွှန်ကြားရန်၊ လေးစားအစဉ်၊ နာ၊ခွင့်ဆင်၊ ကြိုတင်ကျေးဇူးတင်လျက်ပင်။

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂ | ၁၂ | သွာအစ်ဗ်သို့ | သွာအစ်ဖ်သို့ |
| ၅ | ၁၃ | အစွမ်းယတ္တိ | အစွမ်းသတ္တိ |
| ၆ | ၈ | ဟဇူရည် | ဟဇရည် |
| ၁၀ | ၂၄ | ဟဇရည် ဗိလာလိ | ဟဇရည် ဗိလာလ် |
| ၃၇ | ၂၀ | မျိုးနွသ်ဝင် | မျိုးနွယ်ဝင် |
| ၃၈ | ၁၂ | အုမရိ | အုမရ် |
| ၄၉ | ၉ | ဘုံကောသာ | ဘုံတော်သား |
| ၇၀ | ၅ | ဆာ့သောင်မှုကြောင့် | ဆာလောင်မှုကြောင့် |
| ၇၄ | ၂၈ | ပေက္ခာ | ဥပေက္ခာ |
| ၇၆ | ၁၅ | တတောက်သော | တယောက်သော |
| ၁၀၅ | ၁ | 'ခိုမိုင်ဗ်' | 'ခိုဗိုင်ဗ်' |
| ၁၂၅ | ၂ | 'ဟဇရည်ဆဗီယဟ်' | 'ဟဇရည်ဆဖီယဟ်' |
| ၁၃၆ | ၁ | နှစ်တောင် | နှစ်ထောင် |
| ၁၄၂ | ၁၅ | "ဟဇရည်ဟန့်ဇွလ်လ" | "ဟဇရည်ဟန့်ဇွလဟ်" |
| ၁၅၂ | ၂၂ | ကအ်ဗတ် | ကအ်ဗဟ် |
| ၁၈၅ | ၆ | 'အုဗ်နု' | 'အိဗ်နု' |
| ၂၈၆ | ၁၁ | ကလေးသူတော်များအားမိုဇဟ် ဥပုသ်စောင့်ထိန်းစေခြင်း | ကလေးသူငယ်များအားရိုဇဟ် ဥပုသ်စောင့်ထိန်းစေခြင်း |
| ၂၈၈ | ၇ | ဟဇရဟ် | ဟဇရည် |
| ၃၅၂ | ၄ | မဟ်မူဒ်ဒါဝူး | မဟ်မူဒ်ဒါဝူးဒ် |

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

# မာတိကာ


အကြောင်းအရာ ........ မျက်နှာ

**အခဏ်း ၁**

သာသနာရေးအတွက်ဒုက္ခဆင်းရဲခံခြင်း .... .... ၁

ကိုယ်တော်မြတ်သွာအစ်ဖ်သို့ထွက်ကြွတော်မူခြင်း။ .... .... ၁

၁။ ကိုယ်တော်မြတ်သွာအစ်ဖ်သို့ကြွမြန်းတော်မူခြင်း။ .... .... ၂

၂။ ဟဇရသ်အနပ်စ်သခင် .... .... ၆

၃။ ဟူဒိုင်ဗီယဟ်စစ်ပြေငြိမ်းရေးစာချုပ်နှင့်သာဝကကြီး အဗူဂျန်ဒွလ်နှင့်ဗဆီးရ်တို့အကြောင်း .... .... ၇

၄။ ဟဇရပ်ဗိလာလ်ဟဗ်ရှိအကြောင်း .... .... ၁၀

၅။ ဟဇရသ်အဗူဇရ်ဂဖာရီ .... .... ၁၂

၆။ ဟဇရသ်ခဗ္ဗါးဗ်အိဗ်နုအာရသ်အကြောင် .... .... ၁၆

၇။ ဟဇရသ်အမ္မာရ်နှင့် မယ်တော် ခမည်းတော်အကြောင်း .... .... ၁၈

၈။ ဟဇရသ်ဆုဟိုက်ဗ်သခင်၏ အစ္စလာမ်သာသနာလက်ခံယုံကြည်ပုံ .... ၁၉

၉။ သာဝကကြီးဟဇရသ်အုမရ်သခင်အကြောင်း .... .... ၂၁

၁၀။ မွတ်စ်လင်မ်အချို့ အဗီးစီးနီးယားပြည်သို့ရွှေ့ပြောင်းနေထိုင်ခြင်းအကြောင်း သပိတ်မှောက်ခြင်း ၂၄

**အခဏ်း ၂**

၁။ ကေမုန်တိုင်းကျချိန်ကိုယ်တော်၏ကျင့်စဉ်

၂။ မိုးမှောင်ကျချိန် အနပ်စ်သခင်၏လုပ်ရပ် အလ္လာဟ်အသျှင်မြတ်အားရှိုကြောက်ခြင်းအကြောင်း .... .... ၃၁

၃။ နေကြတ်ချိန်၌တမန်တော်၏ကျင့်စဉ် .... .... ၃၄

၄။ နဗီတမန်တော်တ ညလုံးငိုကြွေးနေခြင်း .... .... ၃၅

၅။ ရသ်အဗူဗက္ကရ်သခင်အလ္လာဟ်အသျှင်အားကြောက်ရွံ့ပုံ .... .... ၃၆

ဟဇရသ်အု မရ်သခင်အလ္လာဟ်အသျှင်မြတ်အားကြောက်ရွံ့ပုံ .... .... ၃၈

၇။ ဟဇရသ်အိဗ်နုအဗ္ဗာစ်သခင်၏ဆုံးမစကား .... .... ၄၁

၈။ (ဂဇ်ဝဟ်) သဗူးက်တိုက်ပွဲ .... .... ၄၂

၉။ ဟဇရသ်ကအဗ်သခင် မပါဝင်မဆင်နွှဲရခြင်းနှင့်သောင်းဗဟ် .... .... ၄၅

၁၀။ ဆဟာဗီသာဝကကြီးများ၏ရယ်ရွှင်ခြင်းဖြင့်သတိပေးစကားပြောကြား.... ခြင်းအကြောင်း .... .... ၅၄

၁၁။ ဟဇရသ်ဟန်ဇလဟ်သခင်အရည်ခြုံဖြစ်မည်ကိုရှိုကြောက်ခြင်း .... .... ၅၅

ကျမ်းပြုဆရာကြီး၏နောက်ဆက်တွဲအမှာစကားအသျှင့်အားကြောက်ရွံ့ပုံအလုံးစုံ ၅၈

## မာတိကာ


အခဏ်း ၃

'ဆဟာဗီ'သာဝကကြီးများ၏ ရောင့်ရဲတင်းတိမ်ခြင်းအကြောင်း .... ၆၅

၂။ ဟဇရသ်အုမရ်သခင်၏ စီးပွားရေးချောင်လည်မှုအတွက်ဒုအာ တောင်းခံစေသဖြင့် သတိပေးစကား .... .... ၆၆

၃။ ဟဇရသ်အဗူဟု ရိုင်ရဟ်သခင်၏ဆာလောင်မွတ်သိပ်ခြင်းအကြောင်း .... ၇၀

၄။ ဟဇရသ်အဗူဗက်ရ်သခင် သမ္မတမြစ်စဉ်ဘဏ္ဍာတော်မှလစာထုတ်ယူခြင်း အကြောင်း .... .... ၇၁

၆။ 'ဟဇရသ်ဗိလာလ်'သခင်သည် နဗီတမန်တော်မြတ်အဖို့ မုယှရစ်က်တယောက်ထံမှ ကြွေးချေ၄ါးယူခြင်းအကြောင်း။ .... ၇၆

၇။ နို့တခွက်ဖြင့် သူတော်စင်ခုနစ်ဆယ်ကျော်တို့ အပြည့်အဝ သောက်သုံးနိုင်ခြင်းအကြောင်း .... .... ၇၉

၈။ ကိုယ်တော်မြတ်ကသာဝကတို့ အားမေးစမ်းတော်မူခြင်းအကြောင်း .... ၈၁

၉။ နဗီတမန်တော်မြတ်အားချစ်ခင်လေးစားသူ၌ ဆင်းရဲနွမ်းပါးခြင်း .... အကြောင်း .... .... ၈၃

၁၀။ စစ်သည်ရဲမက်သုံးရာ စွန်ပလွံသီးတလုံးကျစီစားသုံး၍စစ်ပွဲ .... .... ဆင်နွဲခြင်းအကြောင်း .... .... ၈၃

အခဏ်း ၄

ဆဟာဗီသာဝက အကြည်တော်အပေါင်းတို့၏သတ်က္ကဝါ သမ္မာအာဇီဝအကြောင်း .... .... ၈၆

၁။ ပိုင်ရှင်ခွင့်ပြုချက်မရှိသော အစားအစာစားသုံးမိခြင်းအကြောင်း .... ၈၆

၂။ ကိုယ်တော်မြတ်သည် ဆဒ္ဒကဟ် စွန်ပလွံသီးများစားသုံးမိ လေသလောဟူ၍ထွေးထင်ကာ အိပ်စက်ပျော်တော်မမူခြင်း အကြောင်း .... .... ၈၇

၃။ အဗူဗက်ရ်သခင်သည် နက္ခတ် ဗေဒင်ဆရာတဦး၏အစာကို စားသုံးမိသဖြင့် လက်နှိုက်၍အော့အန်ထုတ်ခြင်းအကြောင်း .... .... ၈၈

၄။ ဟဇရသ်အုမရ်သခင်သည်'ဆဒ္ဒကဟ်'နို့ သောက်သုံးမိသဖြင့် အန်ထုတ်ပစ်ခြင်းအကြောင်း .... .... ၉၀

၅။ အဗူဗက်ရ်သခင်၏မိန့်မှာချက်အရ ဥယျာဉ်ခြံကိုအစ္စလာမ့် ဘဏ္ဍာတော်သို့ထည့်သွင်းလိုက်ခြင်းအကြောင်း .... .... ၉၀

၆။ အလီအိပ်နုမအ်ဗဒ် အ၄ါးအိမ်မှ မြူမှုန့်ယူ၍မင်သွေ့စေခြင်း အကြောင်း .... .... ၉၁

၇။ ဟဇရသ်အလီသခင် သင်းချိုင်းသို့ကြွတော်မူ၍ငိုကြွေးတော်မူ ခြင်းအကြောင်း .... .... ၉၂

## မာတိကာ


၈။ ကိုယ်တော်မြတ်၏ ဩဝါဒတော် အကြင်အရာ၏ စားသုံးခြင်းသည်'ဟာရာမ်'ဖြစ်ခဲ့သော်၊ယူဆောင်ခြင်းသည်လည်း'ဟာရာမ်'ဖြစ်ခြင်း အကြောင်း .... .... ၉၄

၉။ ဟာဇရတ် အုမရ် သခင်သည် မိမိဇနီး ကြင်ယာတော်အား ရေမွှေးချိန်စက်စေခြင်းမှ တားမြစ်တော်မူခြင်းအကြောင်း .... .... ၉၆

၁၀။ အုမရ်ဆာနီသခင်သည် ဟဂ်ဂျာဂ်ျယူစွဖ်၏ ဘုရင်ခံဟောင်းကို ရာထူးပေးပြီးမှအကြောင်းသိသဖြင့်၊ရာထူးမှရပ်စဲခြင်းအကြောင်း .... ၉၇

**အခဏ်း ၅**

နမာဇ်၌စိတ်အားထက်သန်၍ စိတ်ဝင်စားခြင်းအကြောင်း .... .... ၉၈

၁။ အကြင်သူသည် ငါ့အသျှင်မြတ်၏ ဝလီတ ပါးပါးအား ရန်မူခဲ့သော်၊စစ်ကျေညာတော်မူအံ့ .... .... ၉၈

၂။ နဗီတမန်တော်မြတ် တညလုံး နမာဇ်ဝတ်ပြုတော်မူခြင်းအကြောင်း .... ၉၉

၃။ နဗီတမန်တော်မြတ် 'လေးရကအသ်'နမာဇ်၌ ကျမ်းမြတ်ကုရ်အာန် (၆)ပါရဟ်ဖတ်ခြင်းအကြောင်း .... .... ၁၀၁

၄။ ဆဟာဗီသာဝကကြီးသုံးပါး၏ နမာဇ်အကြောင်း သိကောင်းစရာ .... ၁၀၂

၅။ မုဟာဂ်ိရီနှင့် အန်ဆာရီတို့ ကင်းစောင့်ခြင်း၊ မုဟာဂျေရီနမာဇ်၌ မြှားသင့်ခြင်းအကြောင်း .... .... ၁၀၅

၆။ ဟာဇရတ် အဗူသွလ်ဟဟ်သခင် နမာဇ်၌ အာရုံဝင်ဆန့်လာသဖြင့် ဉယျာဉ်ခြံကို ဓမ္မဒါနပြုခြင်းအကြောင်း .... .... ၁၀၇

၇။ ဟာဇရတ်အဗ်ဒွလ္လာဟ်အိဗ်နုအဗ္ဗားစ်သခင်သည် နမာဇ်၌ ချို့တဲ့မှုဖြစ်မည်စိုး၍ မျက်စိဆေးမကုဘဲနေခြင်းအကြောင်း .... .... ၁၀၈

၈။ ဆဟာဗီသာဝကကြီးများ နမာဇ်အချိန်၌ချက်ခြင်းဆိုင်ပိတ်ကြခြင်း အကြောင်း .... .... ၁၀၉

၉။ ဟာဇရတ်ခိုဗိုင်းဗ်၊ ဇိုင်းဒ်နှင့် အာဆင်မ်သခင်တို့အား ယှဟီးဒ်ပြုခြင်း အကြောင်း .... .... ၁၁၁

၁၀။ ဂျန္နသ်သုခဘုံနန်း၌ နဗီတမန်တော်မြတ်နှင့် အတူနေလိုလျှင် နမာဇ်ဖတ်ခြင်းဖြင့် အထောက်အကူပြုပါလော့ .... .... ၁၁၇

**အခဏ်း (၆)**

မိမိအနစ်နာခံ၍ တပါးသူအား အကျိုးပြုခြင်း၊ စာနာတရားထားခြင်း၊ အလ္လာဟ်အသျှင့်လမ်းတော်၌ လှူဒါန်းခြင်းအကြောင်း.... .... ၁၁၈

၁။ သာဝကတပါးသည် ဧည့်သည်အား စားစေသဖြင့်မီးမှောင်ချထားခြင်း ... ၁၁၉

၂။ ရိုဇဟ်ဆောက်တည်သူအတွက် မိမိမှာ အမှောင်၌ စားဟန်ပြု၍ အငတ်ခံကာ ရိုဇဟ်သည်အား ဧည့်ခံကျွေးမွေးခြင်းအကြောင်း .... ၁၂၀

## မာတိကာ


၃။ ဆဟာဗီတပါးသည် ကုလားအုတ်ဇကာသ်ပေးခြင်းအကြောင်း .... ၁၂၀

၄။ အဂ္ဂမဟာ ဆဟာဗီကြီး ၂-ပါးသည် အလ္လာဟ်ဒါနှ၌ ယှဉ်ပြိုင်ခြင်း
အကြောင်း .... .... ၁၂၂

၅။ ဆဟာဗီကြီးတို့သည် သူတပါးအဖို့ဦးစားပေး၍ မိမိမှာ ရေဆာခံ၍
ချုပ်ငြိမ်းသွားခြင်းအကြောင်း .... ၁၂၃

၆။ နဗီတမန်တော်မြတ်၏ ဘထွေးတော် ဟဇရသ်ဟမ္ဇဟ်သခင့်ကဖန်
အကြောင်း .... .... ၁၂၅

၇။ ဆိတ်ဦးခေါင်းရှာလှည့်၍ ပြန်ရောက်လာခြင်းအကြောင်း .... .... ၁၂၇

၈။ ဟဇရသ်အုမရ်သခင် သမ္မတဖြစ်စဉ် ဇနီးသည်အား ဝမ်းဆွဲအဖြစ်
ခေါ်ဆောင်သွားခြင်းအကြောင်း .... .... ၁၂၈

၉။ ဟဇရသ်အဗူသွလ်ဟဟ်သခင် ဉယျာဉ်ခြံလှူဒါန်းခြင်းအကြောင်း .... ၁၃၀

၁၀။ ဆိုရှယ်လစ်ဘခင်ကြီး အဗူဇရ်သခင်သည် မိမိအကျိုးဆောင်အား
သတိပေးစကား မှာကြားခြင်းအကြောင်း .... .... ၁၃၁

၁၁။ ဟဇရသ်ဇူဗိုင်းရ်သခင်၏ ရက်ရက်ရောရောလှူဒါန်းခြင်းအကြောင်း .... ၁၃၄


### အခန်း (၇)


၁။ "အဗ်ဒုလ္လာဟ်'အိဗ်နု'ဂျဟရှ်"သခင်နှင့်"စအဒ်'အိဗ်နု'အဗီဝက္ကာဆ်"
သခင်တို့၏ 'ဒုအာ'ဆုမွန်တောင်းခံခြင်းအကြောင်း .... .... ၁၃၈

၂။ အိုဟုဒ်တိုက်ပွဲ၌ ဟဇရသ်အလီသခင် စွန့်စားတော်မူခြင်းအကြောင်း .... ၁၄၀

၃။ "ဟဇရသ်ဟန်ဇွလဟ်"သခင်အား ကောင်းကင်တမန်တော်များက
ရေချိုးပေးခြင်းအကြောင်း .... .... ၁၄၂

၄။ ဟဇရသ်အမရ်အိဗ်နုဂျမုဟ်သခင် 'ယှဟာဒသ်'ကို ရယူလိုက်ခြင်း
အကြောင်း .... .... ၁၄၃

၅။ ဟဇရသ်မုဆ်အဗ်အိဗ်နုအုမိုင်းရ်သခင် ယှဟီးဒ်ဖြစ်ခြင်းအကြောင်း .... ၁၄၅

၆။ ယရ်မူးက်တိုက်ပွဲ၌ စအဒ်သခင်၏ စာချွန်တော် .... .... ၁၄၇

၇။ အိုဟုဒ်တိုက်ပွဲ၌ ဟဇရသ်ဝဟဗ်အိဗ်နုကာမူးစ်သခင် 'ယှဟီးဒ်'ဖြစ်ရ
ခြင်းအကြောင်း .... .... ၁၅၀

၈။ ဗိရ်ရေမအူးနဟ်တိုက်ပွဲ၌ ဆဟာဗီအပါးပေါင်း ခုနစ်ဆယ် 'ယှဟီးဒ်'
ဖြစ်ရခြင်းအကြောင်း .... .... ၁၅၀

၁၀။ ဟဇရသ်အုမရ်(ရသွေ့)သခင်၏ ဟိဂျရသ်သာသနာ့ခရီးထွက်ခြင်း
အကြောင်း .... .... ၁၅၅

၁၁။ မူးသဟ်တိုက်ပွဲဖြစ်ခြင်းအကြောင်း .... .... ၁၅၆
စအီးဒ်အိဗ်နုဂျူဗိုင်းရ်သခင်နှင့် ဟဂျီဂျာဂျ်ဘုရင်တို့ အခြေအတင်
ဆွေးနွေးခြင်းအကြောင်း .... .... ၁၆၁

## မာတိကာ


**အခန်း (၈)**

ဆယာဗီကြီးတို့၏ သာသနာရေးပညာဆည်းပူးရန် စိတ်အားထက်သန်ခြင်း၊ ကြံ့ခိုင်ခြင်းအကြောင်း .... .... ၁၆၇

၁။ နဗီတမန်တော်မြတ်လက်ထက်၌ စာရင်းဝင် မွဖ်သီများ .... .... ၁၆၉

၂။ ဟဇရသ်အဗူဗက်ရ် သခင်သည် မိမိစုဆောင်းထားသည့် ဟဒီးဆ်ဩဝါဒတော်များကို မီးတင်ရှို့ခြင်းအကြောင်း .... .... ၁၇၀

၃။ ဟဇရသ်မွတ်ဆ်အဗ်ဒိဗ်နုအိုမိုင်းရ် သခင်၏ သာသနာရေးလုပ်ငန်းများအကြောင်း .... .... ၁၇၂

၄။ ဟဇရသ်အုဗိုင်အိဗ်နုကအဗ်သခင်၏ ပညာသင်ကြားပို့ချခြင်းအကြောင်း ၁၇၄

၅။ ဟဇရသ်ဟိုဇိုင်ဖဟ်သခင်သည် နဗီတမန်တော်မြတ်ထံမှ အနာဂတ်ကာလ၌ ဖြစ်လာမည့် အရှုပ်အရှင်းများနှင့်စပ်လျဉ်း၍ မေးမြန်းထားခြင်းအကြောင်း .... .... ၁၇၆

၆။ ဟဇရသ်အဗူဟိုရိုင်ရဟ်သခင် ဟဒီးဆ်ဩဝါဒတော်များကို အာဂုံဆောင်ထားခြင်းအကြောင်း .... .... ၁၇၈

၇။ မုစိုင့်ယေမဟ်ကဇ္ဇာဗ်ကို ကွပ်မျက်ခြင်းနှင့် ကျမ်းမြတ်ကုရ်အာန်ကို စုစည်းခြင်းအကြောင်း .... .... ၁၈၁

၈။ "ဟဇရသ်အဗ်ဒွလ္လာဟ်'အိဗ်နု'မတ်(စ်)အူးဒ်"သခင်သည် နဗီတမန်တော်မြတ်၏ ဟဒီးဆ်ဩဝါဒတော်များကို တင်ပြရာ၌ သတိချပ်ခြင်းအကြောင်း .... .... ၁၈၃

၉။ ဟဒီးဆ်ဩဝါဒတော်ကို သင်ယူဆည်းပူးရန် ဟဇရသ်အဗူဒရ်ဒါအ်သခင်ထံသို့ သွားရောက်ခြင်းအကြောင်း ... .... ၁၈၆

၁၀။ အဗ်ဒွလ္လာဟ်အိဗ်နုအဗ္ဗားစ်သခင်သည် အန်ဆွာရီတဦးထံသို့ သွားရောက်၍ ဓမ္မသတ်မေးမြန်းခြင်းအကြောင်း .... .... ၁၈၉

ပညာရှင်တို့၏ အမှာစကား .... .... ၁၉၁

**အခန်း (၉)**

နှစ်ဘဝသခင် ကျေးဇူးရှင်တမန်တော် 'မုဟမ္မဒ်'သခင့် အမိန့်ပညပ်ချက်များကို တသွေမတိမ်း မဆိုင်းမတွ လိုက်နာကျင့်ဆောင်ခြင်းအကြောင်း .... .... ၂၀၄

၁။ ဟဇရသ် 'အဗ်ဒွလ္လာဟ်အိဗ်နုအမရ် အိဗ်နုလ်အာဆ်' သခင်သည် ခြုံထည်ကို မီးရှို့ပစ်ခြင်းအကြောင်း .... .... ၂၀၄

၂။ 'အန်ဆွာရီဆဟာဗီ' တပါးသည် အိမ်ဂေဟာကို ဖြိုဖျက်ခြင်းအကြောင်း .... .... ၂၀၅

## မာတိကာ


၃။ 'ဆဟာဗီ' သာဝကအပေါင်းတို့သည် အနီရောင် ခြုံထည်များကို ကုလားအုတ်များကိုယ်ပေါ်မှ ချွတ်ချလိုက်ခြင်းအကြောင်း .... .... ၂၀၇
၄။ 'ဝါအိလ်အိဗ်နုဟဂျ်ရ်'သခင်သည် 'ဇုဘာဗ်'အမင်္ဂလာဟူသည့် ပုဒ်ကို ကြားရခြင်းဖြင့် ဆံချခြင်းအကြောင်း .... .... ၂၀၈
၅။ ဟဇရသ်စိုဟိုင်လ်အိဗ်နုဟန်ဇ္ဇလဟ်သခင်၏ သိက္ခာတော်နှင့် ခရီးမ် အစဒီသခင်တို့ ဆံတိုခြင်းအကြောင်း .... .... ၂၁၀
၆။ ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုအုမရ် သခင်သည် မိမိ သားတော်နှင့် စကားအဆက်ဖြတ်လိုက်ခြင်းအကြောင်း .... .... ၂၁၁
၇။ ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုအုမရ် သခင်ထံသို့ ခရီးသည် နမာဇ် အကြောင်း ကျမ်းမြတ်ကုရ်အာန်၌ ရှိမရှိ မေးမြန်းခြင်းအကြောင်း .... ၂၁၂
၈။ အဗ်ဒုလ္လာဟ်အိဗ်နုမင်္ဂဖလ်သခင်သည် မိမိတူတော်မောင် ခဇဖ် ခဲပစ် ကစားခြင်းမှ တားမရသဖြင့် စကားအဆက်ဖြတ်ခြင်းအကြောင်း .... ၂၁၃
၉။ ဟဇရသ်ဟကီးမ်အိဗ်နုဟိဇာမ်သခင်သည် တောင်းခံခြင်းမှ ရှောင် ကြဉ်ပါမည်ဟု ဂတိပြုခြင်းအကြောင်း .... .... ၂၁၄
၁၀။ ဟဇရသ်ဟိုဇိုင်ဖဟ်သခင်သည် သူလျှိုအဖြစ် သွားရောက်ထောက် လှမ်းခြင်းအကြောင်း .... .... ၂၁၅


**အခန်း (၁၀)**


အမျိုးသမီးများ သာသနာရေးစိတ်ဓာတ်တက်ကြွမှုများအကြောင်း .... ၂၁၉
၁။ ဟဇရသ်ဖါသွေမဟ်သခင်မ၏ သပ်စဗီးဟ် .... .... ၂၁၉
၂။ ဟဇရသ်အာအိယှဟ်(ရသွေ)သခင်မ၏ 'ဆဒ္ဒကဟ်'ဓမ္မဒါနအကြောင်း.... ၂၂၂
၃။ အဗ်ဒုလ္လာဟ် အိဗ်နုဇုဗိုင်းရ် သခင်သည် အာအိယှဟ် သခင်မအား ဆဒ္ဒကဟ်ပေးကမ်းခြင်းကို တနည်းနည်းဖြင့် ဟန့်တားမည်ဟု ပြော မိခြင်းအကြောင်း .... .... ၂၂၃
၄။ 'ဟဇရသ်အာအိယှဟ်' သခင်မသည် အလ္လာဟ် အသျှင်မြတ်အား ရှိုကြောက်ခြင်းအကြောင်း .... .... ၂၂၅
၅။ ဟဇရသ်အွမ္မေစလ်မဟ်သခင်မ၏ ပထမခင်ပွန်း၏ ဒုအာတောင်းခံ ခြင်းနှင့် ခရီးထွက်ခြင်းအကြောင်း .... .... ၂၂၆
မဒီနဟ်မြို့တော်သို့ သာသနာရေးခရီးထွက်နေထိုင်ခဲ့ခြင်း .... .... ၂၂၇
၆။ အွမ္မေဇီယာဒ် သခင်မနှင့် အပေါင်းပါတို့ ခိုင်ဗရ်တိုက်ပွဲ၌ ပါဝင် ဆင်နွှဲခြင်း .... .... ၂၂၈
၇။ ဟဇရသ်အွမ္မေဟရာမ် သခင်မသည် ဂက်ဇ်ဝသွလ်ဗဟ်ရ် တိုက်ပွဲ၌ ပါဝင်ဆင်နွှဲရန် စိတ်ဆန္ဒထားခြင်း .... .... ၂၃၀

## မာတိကာ


၈။ အွမ္မေစလင်မ်သခင်မသည် သားသေကိုထားလျက် ခင်ပွန်းအလို လိုက်၍ ကိုယ်လက်ယဉ်ပါးခြင်း .... .... ၂၃၂
၉။ အွမ္မေဟာဗီဗဟ်သခင်မသည် ဘာသာ သာသနာခြား ဘခင်အား နဗီတမန်တော်မြတ်၏ အိပ်ရာခမ်းနားပေါ် မထိုင်စေခြင်းအကြောင်း .... ၂၃၄
၁၀။ ဟဇရတ်ဇိုက်နဗ်သခင်မသည် အာအိယှာဟ်သခင်မ၏ အိဖ်က်မဟုတ် မမှန်စွပ်စွဲခံရခြင်း၌ ရှင်းလင်းပြတ်သားစွာဖြင့် ဖွင့်ဟ ငြင်းပယ် ပြောကြားခြင်းအကြောင်း .... .... ၂၃၆
၁၁။ ဟဇရတ်ခိုနစာအ်သခင်မသည် မိမိသား ၄-ပါးနှင့်အတူ တိုက်ပွဲ၌ ပါဝင်ဆင်နွှဲခြင်းအကြောင်း .... .... ၂၃၀
၁၂။ ဟဇရတ်ဆဖီယဟ်သခင်မ တဦးတည်းအနေနှင့် ရဟူဒီကို သတ်၍ ဦးခေါင်းဆွဲချိတ်ထားခြင်းအကြောင်း .... .... ၂၄၁
၁၃။ ဟဇရတ်အတ်စ္စမာအိဗ်နသုယဇီး်ဒ် သခင်မသည် အမျိုးသမီးတို့၏ ကိုယ်စား ကောင်းမှုကုသိုလ်နှင့် စပ်လျဉ်း၍ နဗီတမန်တော်မြတ်ထံ လျှောက်ထားမေးမြန်းခြင်းအကြောင်း .... .... ၂၄၃
၁၄။ ဟဇရတ်အွမ္မေအမ္မာရဟ် သခင်မ၏ အစ္စလာမ် သာသနာတော်ကို စွဲယူ ယုံကြည်ခြင်းနှင့် တိုက်ပွဲ၌ ပါဝင်ဆင်နွှဲခြင်းအကြောင်း.... .... ၂၄၆
၁၅။ ဟဇရတ်အွမ္မေဟကီးမ်သခင်မ အစ္စလာမ်သာသနာ လက်ခံယုံကြည် ခြင်းနှင့် တိုက်ပွဲ၌ ပါဝင်ဆင်နွှဲခြင်း .... .... ၂၄၉
၁၆။ ဟဇရတ်စုမိုင်ယဟ်ဗင်နရသေ ခယာ(သွ)သခင်မ၏ယှဟာဒသ် ဖြစ်ခြင်းအကြောင်း .... .... ၂၅၀
၁၇။ အတ်စ်မာအ်အိဗ်နသို့ အဗူဗက္ကရ်သခင်မ၏ဘဝနှင့် ကြပ် တည်းမှုများအကြောင်း
၁၈။ အဗူဗက္ကရ်သခင်သည် ဟိဂျရတ်ခရီးထွက်ရာ၌ ဥစ္စာပစ္စည်း အလုံးစုံယူသွားခြင်းနှင့်သမီးတော် အတ်စ်မာအ် သခင်မက ဘိုးတော်အားနှစ်သိမ့်စေခြင်းအကြောင်း .... .... ၂၅၃
၁၉။ အတ်စ်မာအ်သခင်မရက်ရက်ရောရောလှူဒါန်းခြင်းအကြောင်း .... ၂၅၅
၂၀။ ဟဇရတ်ဇိုင်နဗ်သခင်မ တမန်တော်မြတ်၏ သမီးတော်ဟိဂျရတ်ခရီး ထွက်ခြင်းနှင့် ကွယ်လွန်အသျှင့်အမိန့်တော်ခံယူခြင်းအကြောင်း။ .... ၂၅၆
၂၁။ ရုဗိုင်ယိအ်ဗင်န်သိမုအောက်ဝုဇ်သခင်မ၏ သာသနာရေး အတွက် မခံမရပ်ဖြစ်ခြင်း .... .... ၂၅၈
၁။ ဘီဘီခဒီဂျဟ်သခင်မ .... .... ၂၆၀
၉။ အွမှလ်မုအ်မေနီးန်ဟဇရတ်အွမ္မေဟဗီဗဟ် .... .... ၂၇၁
၁၀။ အွမ္မုလ်မုအ်မိနီန်းဟဇရတ်ဆဖီယဟ်သခင်မအကြောင်း .... .... ၂၇၂

# မာတိကာ


၁၁။ အွမ္မုလ်မုအ်မိနီးန်ဟာဇရသ်မိုင်မူနဟ်သခင်မအကြောင်း .... .... ၂၇၄

သားစဉ်မြေးဆက် .... .... ၂၇၅

သမီးတော်များ .... .... ၂၈၄

အခန်း (၁၁)

ကလေးသူငယ်များဘာသာရေးသာသနာရေး၌စိတ်ဓါတ်ထက်သန်လာခြင်းအကြောင်း .... .... ၂၈၅

၁။ ကလေးသူငယ်များအားရိုဇဟ်ဥပုသ်စောင့်ထိန်းစေခြင်း .... .... ၂၈၆

၂။ ဟာဇရသ်အာအိယှဟ်သခင်မထံမှ ဩဝါဒတော် များနှင့် အာယသ်တော်များကျရောက်ရခြင်း .... .... ၂၈၇

၃။ ဟာဇရသ်အုမိုင်းရ်သခင် တိုက်ပွဲဆင်နွှဲလိုသည့်စိတ်ဆန္ဒ .... .... ၂၈၈

၄။ အုမိုင်းရ်သခင် ဘဒ်ရ်တိုက်ပွဲ၌ ပုန်းကွယ်နေခြင်း .... .... ၂၈၈

၅။ အန်ဆာရီလူငယ် ၂–ဦးက အဗူဂျဟာလ် အယုတ်တမာကိုသတ်ခြင်း .... ၂၈၉

၆။ ဟာဇရသ်ရာဖိအ်နှင့်စမုရဟ်သခင်တို့ယှဉ်ပြိုင်ခြင်း .... .... ၂၉၁

၇။ ဟာဇရသ်ဇိုင်းဒ်သခင်အား ကုရ်အာန်ကျမ်းမြတ်တတ်ကျွမ်းသဖြင့် ရှေ့တန်းတက်စေခြင်း .... ....

၈။ အဗူစအီးဒ်ခုဒ္ဒရီးသခင်၏ ဖခင်ကွယ်လွန်ရခြင်း .... .... ၂၉၄

၉။ စလ်မဟ်အိဗ်နုအက်ဝအ်သခင် ဂါဗဟ်သို့သူခိုးနောက်လိုက်ခြင်း .... ၂၉၅

၁၀။ ဘဒ်ရ်တိုက်ပွဲ၌ဟာဇရသ်အဗ္ဗဒုလ္လာဟ်နှင့် ဟာဇရသ်ဘရ်ရာအ်သခင်တို့၏ စိတ်အားထက်သန်မှု .... .... ၂၉၈

၁၁။ နဗီတမန်တော်မြတ်အား ထိပါးလာသဖြင့်၊ဟာဇရသ်အဗ်ဒုလ္လာဟ်သခင်သည် မချီအောင်နာကာ၊ဖခင်ကိုပင်မေါးဖြင့်ဆုံးမရန်ကြံရွယ်ခြင်း .... ၂၉၉

၁၂။ ဟာဇရသ်ဂျာဗိရ်သခင် ဟမ္မရာအ္ဂလ်အစဒ်၌ပါဝင်ဆင်နွှဲခြင်း.... .... ၃၀၁

၁၃။ ရောမတိုက်ပွဲ၌ အဗ်ဒုလ္လာဟ်အိဗ်နုဇူဗိုင်းရ်သခင်၏ စွမ်းရည်သတ္တိ .... ၃၀၂

၁၄။ ဟာဇရသ်အမရ်အိဗ်နုစလ်မဟ်သခင် ကာဖိရ်ဘဝ၌ပင်ကျမ်းမြတ်ကုရ်အာန်ကျက်မှက်ခြင်း .... .... ၃၀၄

၁၅။ ဟာဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုအဗ္ဗါးစ်သခင်သည် မိမိအကျိုးဆောင် ချစ်တပည့်အားသံကြိုးဖြင့် ခတ်ထားခြင်း .... .... ၃၀၅

၁၆။ ဟာဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုအဗ္ဗါးစ်သခင်သည်ငယ်ရွယ်စဉ်ဘဝ၌ပင် ကျမ်းမြတ်ကုရ်အာန်ကို အာဂုံဆောင်ထားခြင်း.... .... ၃၀၆

၁၇။ ဟာဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုအမရ်အိဗ်နုအာဆ်(ရသွေ့) သခင်'ဟဒီးဆ်'ဩဝါဒတော်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း .... .... ၃၀၈

၁၈။ ဟာဇရသ်ဇိုင်းဒ်အိဗ်နုဆာဗိသ်သခင်'ဟဒီးဆ်'ဩဝါဒတော်ကိုစောင့်ရှောက်ထိန်းသိမ်းခြင်း .... .... ၃၁၁

## မာတိကာ


၁၉။ ဟာဇရည်အိမာမ်ဟာစန်သခင် ငယ်ရွယ်စဉ် ဘဝက စာပေ ပညာအရာ၌လေ့ကျက်ခြင်း .... .... ၃၁၁
၂၀။ အိမာမ်ဟူစိုင်သခင်၏ ပညာရေးစိတ်ထက်သန်ခြင်း .... .... ၃၁၃

အခဏ်း [၁၂]

၁။ ဟာဇရည်အဗူဗက်ရ်သခင် အစ္စလာမ် ကျေညာခြင်းဖြင့်ဒုက္ခ ရောက်ခြင်းအကြောင်း .... .... ၃၁၇
၂။ ဟာဇရည်အုမရ်သခင်သည် 'နဗီ' တမန်တော်မြတ်ကွယ်လွန် တော်မူခြင်းကြောင့်ကြေကွဲရခြင်း .... .... ၃၂၀
၃။ အမျိုးသမီး တယောက်သည် 'နဗီ' တမန်တော်မြတ် ၏ သတင်းဆိုးကို ကြား၍ နေမထိထိုင်မသာ ဖြစ်ရခြင်း .... .... ၃၂၂
၄။ ဟိုဒိုင်ဗီယဟ်၌ အဗူဗက်ရ်သခင်မုဂီရဟ်သခင်နှင့် အခြားအများစု ဆဟာဗဟ်သာဝကကြီးတို့၏ လုပ်ဆောင်ချက်များ .... .... ၃၂၃
၅။ ဟာဇရည်အဗ်ဒွလ္လာဟ်အိဗ်နုဇူဗိုင်းရ်သခင်သည် 'နဗီ'တမန် တော်မြတ်၏ သွေးတော်ကို မြေမခစေဘဲ သောက်သုံး လိုက်ခြင်း .... .... ၃၂၀
၆။ အဗူအိုဗိုင်ဒဟ်သခင်သည် 'နဗီ' တမန်တော်မြတ်၏ သွေး တော်ကို သောက်သုံးလိုက်ခြင်း .... .... ၃၂၉
၇။ ဟာဇရည်ဇိုင်းဒ်သခင်သည် မိမိဖခင်နှင့်ဘထွေးတို့အားပြန်လွှတ်လိုက်ခြင်း ၃၃၀
၈။ အိုဟုဒ်တိုက်ပွဲ၌ဟာဇရည်အနပ်စ်အိဗ်နုနသ္ဒရ် သခင်၏စွမ်းဆောင်ချက် .... ၃၃၁
၉။ အိုဟုဒ်တိုက်ပွဲ၌ဟာဇရည်စအဒ်အိဗ်နုရဗီအ်သခင်၏အမှာစကား .... ၃၃၃
၁၀။ သူတော်စင်အမျိုးသမီးတပါးသည် နဗီတမန်တော်မြတ်၏ သင်္ချိုင်းတော်ကိုရှုကြည့်လျက်အသျှင့်အမိန့်တော်ခံယူသွားခြင်း .... ၃၃၄
၁၁။ ဆဟာဗဟ် သာဝကအပေါင်းတို့၏ ချစ်ခြင်းအကြောင်း သိကောင်းစရာအဖြာဖြာ .... .... ၃၃၅
ကျမ်းပြုဆရာတော်ကြီးမော်လာနာဇကရီယာသခင်ကြီး၏ နောက်ဆက်တွဲအမှာစကား .... .... ၃၄၃

# အခန်း (၁)

## သာသနာရေးအတွက် ဒုက္ခဆင်းရဲခံခြင်း

နဗီတမန်တော်မြတ်(ဆလ္လဲလ္လာဟုအလိုက်ဟိဝစလ္လမ်)သခင်နှင့်'ဆဟာဗဟ်'သာဝကကြီးတို့သည်၊ သာသနာတော်ဖြန့်ချီရာ၌ အဘယ်မျှ ဆင်းရဲခြင်းဒုက္ခအပေါင်းခံခဲ့သမျှကို ကျွန်ုပ်တို့ ခံနိုင်ကြရန်ဝေးစွ၊ ယင်းသို့ ရည်ရွယ်ခြင်း၊ စိတ်ကူးခြင်းကိုပင် ကျွန်ုပ်တို့လို အသုံးမကျသူတို့အဖို့ ခဲယဉ်းလှပေသည်။ (အစ္စလာမ့်)သမိုင်းကျမ်းဂန်များ၌ ဤ(ပုဂ္ဂိုလ်)များ၏ အကြောင်းအရာ အထွေထွေပွဲတွင်ကိုမျိုးဖြင့် ပြည့်လျှံလျက်ရှိလေသည်။ သို့သော် ၎င်းတို့အတိုင်း လိုက်နာကျင့်ကြံရန်ကိုမူ ထားဘိဦး၊ ကျွန်ုပ်တို့သည် ထိုထိုသော အကြောင်းအရာများကို တတ်သိနားလည်ရန်ကိုပင် အားမထုတ်ခဲ့ကြချေ။ ဤအခန်း၌ သမိုင်းဝင် ဖြစ်အင်အချို့ကို စံနမူနာအဖြစ် တင်ဆက်ပါသည်။

ယင်းတို့တွင် ဦးစွာပထမ နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) သခင်၏ အကြောင်းအရာတခုကို တင်ဆက်ပါအံ့။ တမန်တော်မြတ်အကြောင်းဖော်ပြခြင်းသည်'ဗရကာသ်' အကျိုးကို ဖြစ်စေသောကြောင့် ဖြစ်ပါသည်။

## ကိုယ်တော်မြတ် သွာအစ်ဖ်သို့ ထွက်ကြွတော်မူခြင်း

နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သည် နဗီအဖြစ်ကို ရပြီးနောက် မက္ကာဟ်မြို့တော်၌ ၁၃-နှစ်တိုင်တိုင်(အစ္စလာမ်)သာသနာပြုတော်မူခဲ့လေသည်။ အမျိုးသားတို့အား အကျွတ်တရား ရစေရန်နှင့် ပြုပြင်ရန် ကြိုးပမ်းအားထုတ်တော်မူခဲ့လေသည်။ သို့သော်လည်း

လူနည်းစုတစုသာ အစ္စလာမ်သာသနာကို လက်ခံယုံကြည်ခဲ့ကြ၏။ လူအချို့မှာ အစ္စလာမ်သာသနာတော်ကို လက်ခံယုံကြည်မှု မရှိပါသော်လည်း ကိုယ်တော်မြတ်အား ယိုင်းပင်းကူညီအားပေးကြလေ့ ရှိခဲ့ကြသည်။ ထိုသူတို့မှတပါး မက္ကာမြို့ရှိ 'ကာဖစ်ရ်' အများစုတို့သည် ကိုယ်တော်မြတ်အားလည်းကောင်း၊ ကိုယ်တော်မြတ်၏ 'ဆဟာဗဟ်' တို့အားလည်းကောင်း အမျိုးမျိုးအဖုံဖုံ ညှဉ်းပမ်းနှိပ်စက်ခဲ့ကြလေသည်၊ ပြက်ရယ်ပြု ကျီစယ်ခဲ့ကြလေသည်။ စွမ်းအင်ရှိသမျှ လက်မလွှတ်တမ်း ရန်မူခဲ့ကြလေသည်။ ကိုယ်တော်မြတ်၏ ဘထွေးတော် 'အဗူသွာလစ်ဗ်' သည် အစ္စလာမ် သာသနာကို လက်ခံယုံကြည်မှုမရှိပါသော်လည်း ကိုယ်တော်မြတ်အား အဖက်ဖက်မှ ကူညီအားပေးနေကြသည့် စိတ်ကောင်းရှိသူများတွင် တဦးအပါအဝင်ဖြစ်ပေသည်။ နဗဝီ ၁၀-ခုနှစ်၌ အဗူသွာလစ်ဗ်သည်လည်း ကွယ်လွန်ရလေသော် ကာဖစ်ရ်အပေါင်းတို့မှာ အစ္စလာမ်သာသနာကို အတင့်ရဲစွာဖြင့် ဟန့်တားပိတ်ပင်ရန်နှင့် အစ္စလာမ့်သာသနာဝင်တို့အား နှိပ်စက်ညှဉ်းပမ်းရန် အခွင့်ကောင်းကို ရကြလေသည်။

## (၁) ကိုယ်တော်မြတ်သွာအစ်ဗ်သို့ ကြွမြန်းတော်မူခြင်း။

နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) သခင်သည် သွာအစ်ဖ်မြို့နယ်သို့ ကြွမြန်းတော်မူလေသည်။ ထိုနယ်၌ ဆကီးဖ်မျိုးနွယ်ဝင် လူမျိုးစုကြီးသည်ရှိ၏။ အကယ်၍ ၎င်းအမျိုးအနွယ်ဝင်များ အစ္စလာမ်သာသနာဝင်ဖြစ်လာခဲ့သော်၊ အစ္စလာမ်သာသနာဝင်တို့သည် ဤသို့သော ဒုက္ခအပေါင်းမှ ချမ်းသာရာရကြကုန်အံ့။ (အစ္စလာမ်)သာသနာဖြန့်ချီရာ၌ ခြေကုတ်တနေရာ ရကြကုန်အံ့ဟု ကြံဆ၍ ထွက်တော်မူခဲ့သည်။

ထိုနယ်သို့ ရောက်သည့်အခါ ကိုယ်တော်မြတ်သည် ယင်းအမျိုးအနွယ်ဝင်များအနက်မှ ထင်ပေါ်ကျော်ကြားသည့် ခေါင်းဆောင် (၃)ဦးနှင့် တွေ့ဆုံဆွေးနွေးပြောဆို၍ အလ္လာဟ်အသျှင်မြတ်၏ သာသနာဖက်တော်သို့ ဖိတ်ခေါ်တော်မူခဲ့လေသည်။ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်က မိမိအား ကူညီကြပါရန် နှိုးဆော်တော်မူခဲ့လေသည်။

သို့ရာတွင် ထိုခေါင်းဆောင်တို့သည် တရားဓမ္မစကားကို နာခံခြင်းမပြုကြသည်သာမက အာရဗ်တို့၏ အလွန်ထင်ပေါ်ကျော်ကြားလှသည့် ယဉ်ကျေးမှုတရပ်ဖြစ်သည့် ဧည့်ဝတ်ကျေမှုကိုပင် မပြုကြပဲ ပြတ်သားစွာ ငြင်းဆန်လိုက်ကြပြီး ယုတ်မာရိုင်းပြစွာ ဆက်ဆံခဲ့ကြလေသည်။ ထိုသူတို့သည် ကိုယ်တော်မြတ်အား ထိုအရပ်၌တည်းခိုခြင်းကိုပင် ခွင့်မပြုခဲ့ကြချေ။ အကြင်သူတို့အား ခေါင်းဆောင်များဖြစ်ကြသည့်အားလျော်စွာ လူကြီးလူကောင်းများဖြစ်ကြမည်။ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆွေးနွေးကြလိမ့်မည်ဟု ယုံကြည်တော်မူ၍ ဆွေးနွေးတော်မူရာ ၎င်းတို့အနက်မှ တဦးက "အော်....ခင်ဗျားကိုသာ အလ္လာဟ်က နဗီအဖြစ် စေလွှတ်လိုက်သလား" ဒုတိယတဦးက "အလ္လာဟ်အသျှင်မြတ်မှာ ခင်ဗျားကလွဲလို့ အခြားသူကို (ရစူလ်)အဖြစ် စေလွှတ်ရန် မရှိတော့ဘူးလား" တတိယတဦးက "ကျွန်ုပ်သည် သင်နှင့် စကားမပြောလိုပါ၊ အဘယ့်ကြောင့်ဆိုသော်၊ သင်သည် မိမိပြောကြားသည့်အတိုင်း **အမှန်တကယ် နဗီတမန်တော်ဖြစ်ခဲ့သော်**

သင့်စကားကိုဖီဆန်ခြင်းသည် ဒုက္ခအန္တရာယ်ကို ဖိတ်ခေါ်ခြင်းနှင့် အလားတူသည်။ အကယ်၍ မှုသားလိမ်လည်သူဖြစ်ခဲ့သော်၊ ကျွန်ုပ်သည် ဤသို့သောသူနှင့် စကားမပြောလိုပါ”ဟု အသီးသီး ဆိုကြကုန်၏။ ထိုနောက် ကိုယ်တော်မြတ်သည် ထိုသူတို့ထံမှ မျှော်လင့်ချက်မရှိတော့၍ အခြား သောသူများနှင့် တရားစကားများဆွေးနွေးရန် ကြံရွယ်တော်မူလေသည်။ အကယ်စင်စစ် ကိုယ် တော်မြတ်သည် တောင်ကြီးပမာခိုင်မာသော ဇွဲသတ္တိရှင်ဖြစ်တော်မူပေ၏။

သို့ရာတွင် ထိုသူတို့သည် ကိုယ်တော်မြတ်၏တရားဓမ္မကို ကြားနာခြင်းမပြုကြသည့်အပြင် ကိုယ်တော်မြတ်အား မြို့ပြင်သို့ပင် နှင်ထုတ်ကြသေး၏။ “ကျွန်ုပ်တို့မြို့မှ အမြန်ထွက်သွားပါ၊ မိမိလိုရာခရီးကို ဆက်သွားပါ”ဟု ဆိုလာကြ၏။ ကိုယ်တော်မြတ်သည် မျှော်လင့်ချက်ကင်းစွာမဲ့ဖြင့် ပြန်ကြွတော်မူလေရာ ထို(သူယုတ်မာ)တို့သည်၊ လူငယ်ကလေးများကို ကိုယ်တော်မြတ်နောက်မှ ပြက်ရယ်ပြုကြရန်၊ လက်ခုပ်လက်ဝါးတီးကြရန်၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ကြရန် စေလွှတ် လိုက်ကြ၏။ သို့ဖြစ်၍ သွေးယိုစီးသဖြင့် ကိုယ်တော်မြတ်၏ ခြေနင်းတော်အစုံမှာ သွေးများဖြင့် နီမြန်းရလေသည်။ ကိုယ်တော်မြတ်သည် ဤအဖြစ်နှင့်ပင် ပြန်ကြွတော်မူလေရာ လမ်းစခန်း တနေရာ၌ ထိုသူယုတ်မာတို့၏ အနှောက်အယှက်မှ စိတ်အေးချမ်းရာရလေသော် အလ္လာဟ်အသျှင် မြတ်ထံ ဤသို့ ဆုပန်တော်မူလေသတည်း။

اللهم اليك اشكو ضعف قوتي وقلة حيلتي
وهواني على الناس يا ارحم الراحمين ،
انت رب المستضعفين وانت ربي الى
من تكلني الى بعيد يتجهمني ام الى عدو
ملكته امري ان لم يكن بك على غضب
فلا ابالي ولكن عافيتك هي اوسع لي
اعوذ بنور وجهك الذي اشرقت له
الظلمات وصلح عليه امر الدنيا والاخرة
من ان تنزل بي غضبك او يحل على
سخطك لك العتبى حتى ترضى ولا حول
ولا قوة الا بك (كذا في سيرة ابن هشام
قلت واختلف الروايات في الفاظ
الدعاء كما في قرة العيون)

အသံထွက်။ ။အလ္လာဟုမ္မအေလိုက်ကအယ့်ကူသွာအ်ဖကုဝသိ၊ ဝကိလ္လသဟီးလသိ၊ ဝဟာဝါနီ အလန္နာ၁စေ၊ ယာ့းအရ်ဟမရ်ရာဟေမီး(န)။ အန်သရဗ်ဗွလ်မွတ်(စ) သာသွအဖီး(န) ဝအန်သရဗ် အေလာ မန်သကိလ်နီအေလာဗအီးဒ်၊ ယသဂျဟ်ဟမုနီ အမ်အေလာအဒူဝင် (န)ဝ မလက် သဟူအမ်ရိ၊ အစ်လ္လမ်ယကွမ်ဗိက အလာဂသွာဗင်(န)၊ ဖလာအုဗာလိ၊ .ဝလာကင်(န) အာဖိ ယသက ဟိယအောင်စအုလိ အအူဇုဗေနူးရေဝဂျ် ဟကလ္လဇီးအယ့် ရသကသ်လဟုဇ္ဇုလုမာအု ဝဆလုဟအလိုက်ဟိအမ်ရွဒ္ဒုန်ယာဝလ်အာခေရသေ၊မင့်(န)အန်သုနဇ်ဇေလဗိဂသွဗေကအောင် ယုဟိလ္လအလာစခသွေ့ကလကလ် အွသ်ဗာ၊ ဟဿာသရ် ၁သွာဝလာဟောက် လာဝလာကု ဝသအိလ္လာဗိက။

အဓိပ္ပါယ်။ ။အို–အလွန်တရာ သနားကြင်နာတော်မူသော မဟာကရုဏာတော်အရှင်၊အသျှင် မြတ်သည်သာလျှင် အားအင်ချို့တဲ့သူအပေါင်းတို့၏ အသျှင်သခင်ဖြစ်တော်မူ၏။အသျှင်မြတ် သာလျှင် ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်ဖြစ်တော်မူပါသည်။

အသျှင်မြတ်သည် ကျွန်တော်မျိုးအား အဘယ်သို့သောသူများထံ လွှဲအပ်တော်မူပါသနည်း။ ကျွန်တော်မျိုးအား တွေ့မြင်၍ ငြူစူစောင်းမြောင်းသော သူစိမ်းများထံသို့ စေလွှတ်တော်မူခြင်းဖြစ်ပါသလော၊ သို့တည်းမဟုတ်၊အသျှင်မြတ်သည် ကျွန်တော်မျိုးအား နှိပ်နင်းစေတော်မူသည့် ရန်သူထံသို့ စေလွှတ်တော်မူပါသလော။

အို–အလ္လာဟ်အသျှင်မြတ်၊အသျှင်မြတ်သည် ကျွန်တော်မျိုးအပေါ် အမျက်တော်မထားခဲ့ပါမူ၊ကျွန်တော်မျိုးသည် မည်သို့မျှ ပူပင်သောက ဗျာပါရ မရှိသည့်ပြင်၊အသျှင်မြတ်၏စောင့်ရှောက်မှုသာလျှင် ကျွန်တော်မျိုးအဖို့ လုံလောက် ဖူလုံပါ၏။

အသျှင်မြတ်၏ နူရ်ရောင်ခြည်တော်သည် အမိုက်မှောင်ထုကို လင်းစေခဲ့၏။ လောကီလောကုတ္တရာနှစ်ဌာန၏လုပ်ငန်းဟူသရွေ့ အထမြောက် အောင်မြင်မှုကို ရရှိစေနိုင်ပါသည်။ ကျွန်တော်မျိုးသည် အသျှင်မြတ်၏ မနှစ်မြို့မှုကိုလည်းကောင်း အသျှင်မြတ်၏ အမျက်တော်ယှမှုကိုလည်းကောင်း ပြောင်းလွဲတော်မူ၍ နှစ်မြို့လာအောင် ကရုဏာသက်တော်မူလာအောင် လုပ်ခြင်းတာဝန်သည် ကျွန်တော်မျိုး၏ တာဝန်တရပ်ပင် ဖြစ်ပါသည်။ ကာကွယ်ခြင်းနှင့် ပြုစွမ်းနိုင်ခြင်းအစွမ်းသတ္တိတို့သည် အသျှင်မြတ်၌သာ တည်ရှိတော်မူပါသည်။

နိုင်ငံအသီးသီးကို စိုးပိုင်တော်မူသော အသျှင်သခင်၏ဘုန်းတန်ခိုးတော်အနန္တသည် တက်ကြွလာရန် အကြောင်းသည်ဖြစ်ပေါ်လာချေပြီ။ 'ဂျစ်ဗ်ရာအိလ်' ကောင်းကင်တမန်တော်သည် 'စလာမ်'ဆက်သ၍ ကိုယ်ထင်ပြကာ၊အို–ကိုယ်တော်အလ္လာဟ်အသျှင်မြတ်သည်ကိုယ်တော်နှင့်ကိုယ်တော်၏ အမျိုးသားတို့ စပ်ကြားပြောဆိုရာ စကားရပ်များကို နားဆင်တော်မူလိုက်လေပြီ။ တောင်စောင့် ကောင်းကင် တမန်တော်တပါးကိုလည်း ကိုယ်တော်မြတ်ထံစေလွှတ်၍လိုရာကို စေစားစေတော်မူလေ၏။ ထိုနောက်ကောင်းကင် တမန်တပါးသည် စလာမ်ဆက်သ၍ အမိန့်တော်ရှိပါရန် လျှောက်ထားလေသည်။ အကယ်၍ အမိန့်တော်ရှိပါလျှင် ကျွန်တော်မျိုးသည် ၂–ဖက် ၂–ချက်ရှိတောင်များကို စေ့ကပ်စေ၍ စပ်ကြားရှိနေထိုင်သူတို့အား စိစိညက်ညက်ကျေအောင်ပြုကာ ပြစ်ဒဏ် သင့်စေပါအံ့ဟု လျှောက်ထားလေသည်။

ကိုယ်တော်မြတ်၏ ကရုဏာ သက်ညှာမှု တရားတော် စေတနာကား ဤသို့တည်း။ ကိုယ်တော်မြတ်က အကယ်၍၊ ဤသူများသည် အစ္စလာမ်သာသနာတော်ကို လက်ခံယုံကြည်မှုမပြုကြပါသော်လည်း၊၎င်းတို့၏သားမြေးများသည်ကား အလ္လာဟ်အသျှင်မြတ်ကို ယုံကြည်ကြလိမ့်မည်ဟု မျှော်လင့်ချက်ထားပါသည်ဟု ပြန်လည် မိန့်ကြားတော်မူလိုက်လေသည်။

## သိမှတ်ဖွယ်ရာအဖြာဖြာ

ဤသည်ကား မွန်မြတ်လှသည့် ကိုယ်တော်မြတ်၏ စာရိတ္တပင်တည်း။
ကျွန်ုပ်တို့သည် ကိုယ်တော်မြတ်၏ နောက်လိုက်အွမ္မသ်သားများ ဖြစ်ကြပါသည်။
(သို့ရာတွင်)အနည်းငယ်မျှ ဒုက္ခခံရရုံပင်၊ အနည်းငယ် မချေမငံအပြောခံရရုံနှင့်

ဒေါ်သမီး တောက်လောင်ကြကုန်၏။ မိမိတသက်တာ လက်စားချေနေရပါ သော်လည်း စိတ်ကြေ အေးချမ်းခြင်းမရှိကြချေ။ ထိုသူအပေါ်သို့ ကြီးလေး သည့် ညှဉ်းပန်းမှုများပြုလုပ်ကြသေး၏။ မိမိကိုယ်ကိုမူ-မုဟမ္မဒ်သခင်၏ နောက် လိုက် တပည့်ဖြစ်ကြောင်း ဝင့်ကြွားကြလေသည်။ ကိုယ်တော်မြတ်သည်ကား ကြီးလေးသည့် ဒုက္ခဆင်းရဲခြင်းကို ခံယူရပါသော်လည်း၊မကောင်းဆိုကိုတောင်း ခံခြင်း ကျိန်ဆဲခြင်း မပြုခဲ့ပေ။

## ၂။ ဟာဇရသ်အနပ်စ်သခင်။

ဟာဇူရသ်အနပ်စ် အိဗ်နူနူသ္ဓာရ်(ရသ္ဒေ ယလ္လာဟု၊ သအာလာအန်ဟု)မည်သော ဆဟာဗီ တပါးသည်ရှိခဲ့လေသည်။ဆဟာဗီကြီးသည်"ဗဒ်ရ်"တိုက်ပွဲ၌ ဝင်ရောက်ဆင်နွှဲခြင်း မပြုနိုင်ခဲ့ပေ။ ထို့ကြောင့် အလွန် ဝမ်းနည်း ကြေကွဲ ဖြစ်မိ ခဲ့ရှာ၏။ မိမိကိုယ်ကိုလည်း ပြစ်တင်လေ့ ရှိသည်။

"အစ္စလာမ် သာသနာတော်၏ ဦးစွာ ပထမတိုက်ပွဲတွင် သင်သည်ဝင်ရောက်ဆင်နွှဲခြင်း မပြုခဲ့လေသလော"ဟု ငြီးတွားလေ့ရှိသည်။ဒုတိယအကြိမ် ကြုံတွေ့ရလျှင် အတိုးချ ဆောင်ရွက် မည်ဟု ဆန္ဒပြု ထားတော်မူ၏။

"အိုဟုဒ်"တိုက်ပွဲ၌ ပထမပိုင်းတွင်အောင်မြင်မှုကို ရယူနိုင်ကြ၏။ (ဝါ) အရေးသာနေ ကြ၏။ နောက်၌ မှားယွင်းမှုတရပ်ကြောင့် အရေးနိမ့်ကျရလေသည်။ ၎င်းမှားယွင်းမှုမှာ ကိုယ် တော်မြတ်က သူရဲကောင်းအချို့ကို သီးသန့်တနေရာ၌ နေစေတော်မူသည်။ "ငါကိုယ်တော် မြတ်၏ အမိန့်တစုံတရာကို မရသမျှ ကာလပတ်လုံး ဤနေရာမှ မရွေ့ကြလေနှင့်ဟု မှာကြား တော် မူလေလည်။ထိုနေရာမှ ရန်သူ၏ တိုက်ကွက်ကို စိုးရိမ်စရာရှိနေ၏။ ပထမပိုင်း၌အစ္စလာမ် သာသနာဝင်များသည် အရေးသာ၍ ကာဖစ်ရ်များ အရေးနိမ့်ကာ ပြေးလွှား တိမ်းရှောင်နေ သည်ကို တွေ့မြင်ကြရသော်၊ ယခုတိုက်ပွဲသည်ပြီးဆုံးလေပြီ၊ ရန်သူများနောက်မှလိုက်၍ သို့ပန်း ပစ္စည်းများကို ရယူသင့်လေပြီဟု ထင်မှတ်၍ မိမိနေရာမှ ရွေ့လျားကြလေသည်။အုပ်စု၏ ခေါင်းဆောင်က တမန်တော်မြတ်၏ တားမြစ်ချက်ဖြင့် မရွေ့ရှားကြပါရန် ဟန့်တားပါသော် လည်း အကြောင်းပြ လျှောက်လွှဲချက်တင်ပြ၍ စစ်မြေပြင်သို့ သက်ဆင်းလာကြကုန်၏။ကာဖစ်ရ် အပေါင်းတို့သည် ထိုနေရာ၌ လစ်လပ်နေသည်ကို မြင်တွေ့ရသောအခါ တဖက်မှ လာရောက် ၍ အခြေတည်ကာ တိုက်ကွက်ဆင်လိုက်လေသည်။ အစ္စလာမ်သာသနာဝင်တို့သည် မမျှော်လင့်ပဲ ရုတ်တရက်တိုက်ကွက်ဖြင့် အရေးနိမ့်ရလေသည်။တိုက်ပွဲသည် ၂-ဖက် ၂-ချက်ညှပ်တိုက်ကြသဖြင့် အလယ်၌ ဘေးသင့်နံသင့်ခံရလေသည်။ ထို့ကြောင့် ဦးတည်ရာသို့ ရှေ့ရှုပြေးလွှားနေကြရ လေသည်။

"ဟာဇရယ်အနပ်စ်"(ရသေ့ယလ္လာဟုသအာလာ အန်ဟူ) သခင်သည်မိမိရှေ့မှ "ဟာဇရယ်စအဒ်အိဗ်နုမအာဇ်" (ရသေ့ယလ္လာဟုသအာလ္လာအန်ဟူ) လာနေသည်ကိုမြင်တွေ့သဖြင့်၊ အိုး-စအဒ် ဘယ်ကိုသွားနေသလဲ၊ အသျှင့်ကစမ်ဂျန္နသ်သုခ ဘုံနန်း၏ရနံ့သည်"အိုဟုဒ်"တောင်မှသင်းပျံ့နေသည်ဟုဆို၍ လက်သုံးတော်ဓါးရှည်ကိုကိုင်ကာ၊ ကာဖစ်ရ်များအုပ်စုဖက်သို့ ရှေ့ရှုကာ—

* ယုံဟိုးဒ်ဖြစ်သည့်အထိ ပြန်မလှည့်တော့ချေ၊ ယှဟီးဒ်ဖြစ်ပြီးနောက် ခန္ဓာကိုယ်ကိုကြည့်ရာ ဆန်ကာကဲ့သို့ဖြစ်နေရှာ၏။ ဓားနှင့်လှံများ၏ဒဏ်ရာသည် ၈၀—ကျော်ရှိ၏။ နှမဖြစ်သူသည် လက်ချောင်းကလေးများကို ကြည့်ရှု၍ သိနိုင်ရာ၏။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

✓အကြင်သူတို့သည်၊ စိတ်စေတနာသန့်သန့်နှင့် အလ္လာဟ်အသျှင့်လုပ်ငန်းကို ဆောင်ရွက်သည်ရှိသော်၊ ထိုသူတို့သည်၊ မျက်မှောက်လောက၌ပင် "ဂျန္နသ်" သုခဘုံနန်း၏ ရနံ့နှင့်အနှစ်သာရကို ရယူနိုင်ကြပေသတည်း။ ဟာဇရယ်အနပ်စ် သခင်သည် မိမိအသက်ရှင်စဉ်၌ပင် "ဂျန္နသ်" သုခဘုံနန်း၏ရနံ့ကို ရှူရှိုက်လျက်ရှိ၏။ အကယ်၍လူ၌ စိတ်စေတနာ ဖြူစင်လာလျှင် မျက်မှောက်လောက၌ပင် ဂျန္နသ်၏ အနှစ်သာရကို ခံစားရလေသည်။ ကျွန်ုပ်၏ ယုံကြည် စိတ်ချရသူ ထိုသူသည် ဟာဇရယ်မော်လာနာ၊ရှာဟ်၊အဗ်ဒုရ်ရဟီးမ်၊ရာအေပူရီ။ သခင်၏အထူးအကျိုးဆောင်တဦးထံမှ ,စကားတရပ်ကို ကြားဘူးခဲ့သည်။ ဂျန္နသ်သုခဘုံနန်း၏ အနှစ်သာရသည် ထိုဆရာကြီးထံသို့ ရောက်ရှိလာသည်ဟူ၏။ (ဖဇာအေလေရမ်ဇာန်၊ မော်လာနာဇကရိယာသခင်ကြီးရေး) စာအုပ်၌ ဖတ်ရှုကြပါ)။

### (၃)။ ဟူဒိုင်ဗိယဟ် စစ်ပြေငြိမ်းရေးစာချုပ်နှင့် သာဝကကြီး အဗူဂျန်ဒွလ် နှင့် အဗူဗဆီးရိတို့အကြောင်း။

ဟစ်ဂျရီ—၆-ခုနှစ်၌ ကိုယ်တော်မြတ်သည် "အွမ္မရဟ်" အဖြစ် ရည်ရွယ်၍ မက္ကာဟ်ရွှေမြို့တော်ဖက်သို့ ရှေ့ရှုတော်မူလာလေသည်။ မက္ကာဟ်မြို့ရှိ "ကာဖစ်ရ်" အပေါင်းတို့သည် ဤသတင်းကိုရကြလေသည်။ ထိုသူတို့သည် သတင်းကိုကြားသိရသော်၊ ထိုသတင်းသည်၎င်းတို့၏ ဂုဏ်သိက္ခာကို ထိခိုက်စရာအကြောင်းဖြစ်သည်ဟု ထင်မြင်ယူဆ၍ ဟန့်တားပိတ်ပင်မှုကို ပြုကြလေသည်။ ကိုယ်တော်မြတ်သည် "ဟူဒိုင်ဗိယဟ်" အမည်ရှိ အရပ်၌ပင် ဆိုင်းငံ့နေတော်မူရလေသည်။ အသက်ဇီဝိန်ကို ပဓါနမထားကြသည့် "ဆဟာဗီ" ကြီးများသည်လည်း ကိုယ်တော်

* အစ္စလာမ်သာသနာအတွက် အသက်စတေးသွားခြင်း။

မြတ်နှင့်တပါတည်း ခြံရံလျက်ရှိကြကုန်၏။ ထိုထိုသော ဆဟာဗီကြီးတို့သည် ကိုယ်တော်မြတ် အတွက် အသက်ဇီဝိန်ကို လှူဒါန်းရခြင်းသည်ကိုပင် ဂုဏ်ယူကြသူများဖြစ်ကြလေသည်။ စစ်တိုက် ရန် အသင့်ရှိကြကုန်၏။ သို့သော်ကိုယ်တော်မြတ်က "မက္ကဟ်" မြို့သူ မြို့သားတို့အား စစ်တိုက်ရန် ရည်ရွယ်တော်မူခြင်းမရှိလှပေ။ ပြေငြိမ်းရေးအတွက်သာ ကြိုးပမ်းတော်မူလေသည်။ သူ့ရဲကောင်း တို့သည် စစ်တိုက်ရန်စိုင်းပြင်းနေပါသော်လည်း၊ ကိုယ်တော်မြတ်သည် "ကာဖစ်ရ်"အပေါင်းတို့ အား သက်ညှာတော်မူ၏။ ၎င်းတို့၏ တောင်းဆိုချက်များကို တခုမကျန် လက်ခံတော်မူ၏။ "ဆဟာဗီ"ကြီးများသည် ဤသို့သောအောက်ကျခံကာ ပြေငြိမ်းမှုကိုလက်ခံသဖြင့်မနှစ်မြို့ကြချေ။ သို့သော်ကိုယ်တော်မြတ်၏သြဇာအာဏာအမိန့်တော်ရှေ့၌ အဘယ်သို့ငြင်းနိုင်အံ့နည်း။ အသက်ကို ပဓါန မထားကြသူများ ဖြစ်ကြခြင်းသည် မှန်ပေ၏။ အမိန့်တော်ကို နာခံသူများ ဖြစ်ကြ ခြင်းလည်းမှန်ပေ၏၊ သို့ဖြစ်၍ "ဟဇရသ်အုမရ်" သခင်လိုပုဂ္ဂိုလ်ပင်လျှင် ဦးညွှတ်ခဲ့ရလေသည်။ စစ်ပြေငြိမ်းရေးစာချုပ်၌စည်းမျဉ်းများအတည်ပြုရာ၌စည်းမျဉ်းတရပ်မှာ"ကာဖစ်"များအနက်မှ တဦးတယောက်သောသူသည် အစ္စလာမ်သာသနာတော်ကိုလက်ခံယုံကြည်၍'ဟိဂျ်ရသ်'သာသနာ့ ခရီး ထွက်ခဲ့သော်၊ ထိုသာသနာ ဝင်သူအား "မက္ကဟ်" မြို့သူမြို့သားတို့ထံ ပြန်အပ်ရမည်။ အကယ်၍ အစ္စလာမ်သာသနာဝင်များအနက်မှတဦးတယောက်သောသူသည် (နအူဇုဗစ်လ္လာဟ်) အကယ်၍ သာသနာပျက်ပြီး ပြန်လာခဲ့သော်၊ ထိုသူကိုပြန်လည်အပ်ရန် မလိုကြောင်းပါရှိ၏။

ဤပြေငြိမ်းရေး စာချုပ်ကိုရေး၍ မပြီးဆုံးမီ အချိန် အနည်းငယ်မျှ အလျှင်မှာပင် အစ္စလာမ်သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ခြင်းကြောင့် အမျိုးမျိုးအဖုံဖုံသော ညှဉ်းပမ်းနှိပ်စက် မှုများပြုကာ သံကြိုးများဖြင့် တုတ်နှောင်ထားခြင်းခံခဲ့ရာမှ "ဟဇရသ်အဗူဂျန်ဒ္ဒလ်" အမည်ရှိ "ဆဟာဗီ" ကြီးသည် နှောင်ကြိုးတန်းလန်းနှင့် အစ္စလာမ် သာသနာဝင် တို့၏ တပ်စခန်းသို့ လာရောက်၍ အကူအညီပေးပါရန်၊ ညှဉ်းပမ်းခံဘဝမှ ကင်းဝေးနိုင်ရန် မျှော်လင့်လျက်ရောက်ရှိ လာလေသည်။ "ဆဟာဗီ"ကြီး၏ဘခင်ဖြစ်သူ "စုဟိုင်းလ်" သည် ထိုအချိန်၌ ပြေငြိမ်းရေး စာချုပ်ချုပ်ရေးရာတွင်"ကာဖစ်ရ်"တို့၏ကိုယ်စားလှယ်အဖြစ်ဖြင့်ရောက်ရှိနေလေ၏။(ထိုအချိန်က မွတ်စလင်မ်မဖြစ်သေးပါ၊ အစ္စလာမ် သာသနာဝင်တို့ မက္ကဟ်မြို့ကို အောင်နိုင်သိမ်းပိုက်သည့် နေ့တွင် အစ္စလာမ်သာသနာကို လက်ခံယုံကြည်လာလေသည်)။ သားတော်မောင်၏ အဖြစ် အပျက်ကို တွေ့မြင်သောအခါ ဒေါသကို မချုပ်တီးနိုင်တော့သဖြင့် အားကုန်လွှဲ၍ ပါးရိုက်ပြီး ပြန်လည်ခေါ်ဆောင်သွားကြရန် အကြိမ်ကြိမ် ပြောလှာလေသည်။ ကိုယ်တော်မြတ်က (အို.... အချင်းတို့) ယခုစာချုပ် လို့ပင် မပြီးသေးပါ၊ အဘယ်မှာလျှင် လိုက်နာရန်၊ ကျင့်သုံးရန်လိုမည် နည်းဟုမိန့်တော်မူလေသည်။ သို့သော်သူတို့သည် ငြင်းဆန်ကြ၏။ ကိုယ်တော်မြတ်ကလူတယောက် ကို ငါကိုယ်တော်မြတ် တောင်းခံသည်ဟူ၍မှတ်ယူကာ ထားခဲ့ပါဟု တောင်းခံတော်မူပြန်၏။ ၎င်းတို့က ဇွတ်အတင်းခေါ်ဆောင်လိုကြောင်း ပြောကြ၏။

အဗူဂျန်ဒ္ဒလ် (ရဒွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် အသံ ကျယ်စွာဖြင့် "ကျွန်ုပ်သည် အစ္စလာမ် သာသနာဝင်ဖြစ်လာသည်။ ဒုက္ခများကိုလည်း ခံယူပြီးပြီ။ ယာခုတဖန်

ပြန်အပ်ခံရပြန်ပြီ”ဟု ပြောကြားလေသော်၊ မွတ်စလင်မ် သူတော်စင်တို့၏ စိတ်နှလုံး၌ မည်သို့ ခံစားနေကြရသည်ကိုမူ အလ္လာဟ်အသျှင်မြတ်သာလျှင် အသိဆုံးဖြစ်ပေမည်။ ကိုယ်တော်မြတ်က နှစ်သိမ့်စကား မိန့်ကြားတော်မူ၏။ သည်းခံစေ၏။ အချိန်အနည်းငယ်အတွင်း အလ္လာဟ်အသျှင်မြတ်သည် အခြေအနေ အဆင်ပြေလာအောင် ဖန်တီးတော်မူအံ့ဟု မိန့်ကြားတော်မူလိုက်၏။

ပြေငြိမ်းရေးစာချုပ်အပြီးတွင် အခြားဆဟာဗီကြီးတပါး “အဗူဗဆီးရ်” (ရဒွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်သည် အစ္စလာမ်သာသနာကိုလက်ခံ၍ မွတ်စလင်မ်ဖြစ်ကာ “မဒီနဟ်” မြို့သို့ ရောက်ရှိလာ၏။ “ကာဖစ်ရ်” အပေါင်းတို့က “ဆဟာဗီ” အား ပြန်လည်ခေါ်ဆောင်လာရန် လူနှစ်ယောက်ကို စေလွှတ်လိုက်လေသည်။ နဗီတမန်တော်မြတ်သည် ကတိတော်နှင့်အညီ ပြန်အပ်လိုက်၏။ “အဗူဗဆီးရ်” (ရဒွေ့ယလ္လာဟုသအာလာအန်ဟူ) က အို... အသျှင့်တမန်တော် ကျွန်တော်မျိုးသည် “မွတ်စ်စလင်မ်” ဖြစ်လာပါသည်။ ကိုယ်တော်မြတ်သည် ကျွန်တော်မျိုးအား “ကာဖစ်ရ်” တို့၏လက်တွင်း အဘယ်သို့ပြန်လည်အပ်နှင်းပါသနည်းဟု လျှောက်ထားလေသည်။ ကိုယ်တော်မြတ်က သည်းခံလော၊ အလ္လာဟ်အသျှင်မြတ်သည် အမြန်ဆုံး တနည်းနည်းဖြင့် သင်တို့အဖို့ အခြေအနေ ကောင်းလာအောင် ဖန်တီးတော်မူအံ့”ဟု မိန့်ကြားတော်မူလိုက်၏။ ဤ “ဆဟာဗီ” ကြီးသည် “ကာဖစ်ရ်” နှစ်ယောက်နှင့်အတူ ပြန်လာကြလေ၏။ လမ်းစခန်းတနေရာ၌ နှစ်ယောက်အနက် တယောက်အား “အဆွေတော်ဤဓါးရှည်သည် အလွန်ကောင်းလှပါလား”ဟု ပြောကြားရာ၊ အမြှောက်ကြိုက်သူသည် အနည်းငယ် ပင့်မြှောက်သဖြင့် ဘဝင်မြင့်ကာ ဓါးရှည်ကို ဓါးအိမ်မှထုတ်၍ သင့်ထင်မြင်ချက်သည်မှန်၏။ အကျွန်ုပ်သည် (ဤဓါးဖြင့်) အတော်များများကို စမ်းသပ်ကြည့်ရာ အလွန်ထက်မျက်လှ၏ဟု ပြောပြောဆိုဆို ဓါးလှမ်းပေးလိုက်၏။ “ဆဟာဗီ”ကြီးက သူ့ကိုပြန်စမ်းသပ်လိုက်လေ၏။ အခြားတယောက်မှ တယောက်ကိုမူ အဆုံးစီရင်လိုက်ပြီး ယခုမူ ငါ့အလှည့်သာဖြစ်သည်ဟုယူဆကာ “မဒီနဟ်”ဖက်သို့ ပြေးလာလေသည်။ ကိုယ်တော်မြတ်၏ အပါးတော်သို့ ဝင်ရောက်ကာ ကျွန်တော်၏ ရောင်းရင်းကိုမူ အဆုံးစီရင်လိုက်ပါပြီ။ ယခုကျွန်တော့အလှည့်သာဖြစ်သည်ဟုလျှောက်ထားလေ၏။ ထိုစဉ် “အဗူဗဆီးရ်”(ရဒွေ့ယလ္လာဟုသအာလာအန်ဟု) ဆဟာဗီကြီးလည်း ရောက်ရှိလာလေသည်။ ထိုနောက် ကိုယ်တော်မြတ်သည် မိမိဂတိအတိုင်း ကျွန်တော်မျိုးအား ပြန်အပ်နှင်းပြီးပါပြီ။ ယခု ကျွန်တော်မျိုးနှင့် သူတို့စပ်ကြား၌ မည်သို့မျှ ဂတိဝန်ခံချက်မရှိပါ။ ကျွန်တော်မျိုးအား သာသနာဝင်ဖြစ်ခြင်းမှ တားဆီးကြသဖြင့် ဤသို့ပြုလုပ်ရပါသည်။ကိုယ်တော်မြတ်က စစ်မီးတောက်လောင်ပေအံ့။ “အကူအညီပေးမည့်သူရှိလျှင် ကောင်းလေစွ”ဟူ၏။ ဤစကားကို ကြားသဖြင့် “အဗူဗဆီးရ်” (ရဒွေ့ယလ္လာဟု သအာလာအန်ဟု) ဆဟာဗီကြီးသည်၊ မိမိအား အခြားအဖေါ် တဦးတယောက်လာလျှင် ပြန်လည်ထည့်လိုက်မည်ကို ရိပ်စားမိလေသည်။ ထို့ကြောင့် ထိုနေရာမှ ပင်လယ်ကမ်းခြေတနေရာသို့ တိမ်းရှောင်နေလေသည်။ “မက္ကဟ်”မြို့သူမြို့သားတို့သည် ဤအကြောင်းကို သိရှိကြလေသည်။ ဆဟာဗီကြီး အဗူဂျန်ဒွလ်သည်လည်း ထိုနေရာသို့ သွားရောက်မှီခိုလေ၏။ ဤကဲ့သို့ အစ္စလာမ်သာသနာဝင်လာကြသော သူတို့သည် ထိုနေရာသို့သွား၍

စုစည်းနေကြလေသည်။ နေ့ရက် အတန်ကြာသော်၊ အုပ်စုတစု အဖြစ်သို့ ဖန်တီးလာလေ၏။ တောတောင်ဖြစ်သဖြင့် စားဝတ်နေရေးအတွက် အခက်ကြုံကြရလေသည်။ဥယျာဉ် ကိုင်းကျွန်း ဟူ၍လည်းမရှိ။ လူသူနေထိုင်ရာ ရပ်ကွက်လည်းမဟုတ်။ ထို့ကြောင့် ထိုသူတော်စင်များအဖို့ မည်သို့ ဒုက္ခဘေးနှင့် ရင်ဆိုင်နေကြရသည်ကိုမူ အလ္လာဟ်အသျှင်မြတ် သာလျှင် အသိဆုံး ဖြစ်သည်။

ထိုဆဟာဗီကြီးများ ထွက်ပြေးတိမ်းရှောင်နေကြရသည့်တိုင်အောင် နှိပ်စက်၍ ညှဉ်းပမ်း ခြင်းပြုခဲ့ကြသည့် "ကာဖစ်ရ်"များကိုမူ ထိုမှနေ၍ တန်ပြန်လက်စား ချေကြလေတော့သည်။ ထိုဒေသသို့ ရောက်ရှိလာသမျှ ခရီးသည် အုပ်စုအဖွဲ့များကို တိုက်ခိုက်တွန်းလှန်ကြလေရာ နောက် ဆုံး "မက္ကဟ်မြို့" ရှိ "ကာဖစ်ရ်" အပေါင်းတို့သည် စိတ်ဒုက္ခရကြလေသည်။ ထိုသို့ တိုက်ခိုက် တွန်းလှန်နေသူများအား ကိုယ်တော်မြတ်က ခေါ်ယူပါရန် တမန်တော်မြတ်ထံသို့ တရိုတသေ လေးစားစွာ လျှောက်ထား အသနားခံကြရန် အဖွဲ့တဖွဲ့ကို စေလွှတ်ခဲ့ကြလေသည်။ ဤသို့ဖြင့် ထိုသူတို့အား ပြေငြိမ်းရေး စာချုပ်အရ အရေးယူနိုင်မည့်အပြင် လမ်းပန်းခရီး ဆက်သွယ်ရေး မှာလည်း ပြေလည်၍ အနှောင့်အယှက် ကင်းမည်ဟု တောင့်တမြော်လင့်ပြီး ဤသို့ စေလွှတ် လျှောက်ထားခြင်း ဖြစ်လေသည်။ ထိုသို့ တိမ်းရှောင်ကွယ်ပျောက်နေသူများထံသို့ တမန်တော် မြတ်၏ အမိန့်စာချွန်တော်ရောက်ရှိလာသောအခါ၌"အဗူဗဆီးရ်" (ရသွေ့ယလ္လာဟုသအာလာ အန်ဟု) ဆဟာဗီကြီးမှာ သေအံ့ဆဲဆဲ ပြင်းထန်သော ဝေဒနာ ခံစားလျက်ရှိရာ (ဝမ်းပန်း တသာ) စာချွန်တော်ကို လက်ဝယ်ကိုင်လျက်နှင့်ပင် အလ္လာဟ်အသျှင်မြတ် အမိန့်တော်ကို ခံယူ သွားရှာလေသတည်း။ (အင်နာလစ်လ္လာဟိဝအင်နာအိလိုင်ဟိရာဂျေအူန်း)။

**သိမှတ်ဖွယ်ရာအပြာပြာ။**

မှန်ကန်တိကျသော သာသနာတော်ကို နှစ်ချိုက်ယုံကြည် လက်ခံသူကို အလွန့်အလွန် ကြီးမားလှသည့် အင်အားစုကြီးများပင် ယိမ်းယိုင်လာစေခြင်း ငှာ မတတ်စွမ်းနိုင်ပေ။ အစ္စလာမ်သာသနာဝင်ကို အလ္လာဟ်အသျှင်မြတ် ကိုယ် တော်တိုင် ကူညီဆောင်မတော်မူပေမည်။

## (၄)။ ဟဇရသ်ဗီလာလ်ဟဗ်ရှီအကြောင်း။

"ဟဇရသ်ဗီလာလ်ဟဗ်ရှီ" (ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သည် အလွန်ထင်ပေါ် ကျော်ကြားသည့် ပုဂ္ဂိုလ်တဦးဖြစ်လေသည်။ "မပ်စ်ဂျစ်ဒေနဗဝီ" ဝတ်ကျောင်းတော်၏ အမြဲ တမ်း "မူအဇင်န်" ဖြစ်သည်။ အစကနဦးက "ကာဖစ်ရ်"တယောက်၏ ငွေဝယ်ကျွန်ဖြစ်ခဲ့ သည်။ အစ္စလာမ်သာသနာလက်ခံယုံကြည်လာသဖြင့် အမျိုးမျိုးအဖုံဖုံ ညှဉ်းပမ်းကြလေသည်။

"အုမိုင်ယဟ်အိဗ်နုခလဖ်" သည် အစ္စလာမ်သာသနာဝင်တို့၏ ရန်သူကြီးများ အနက် တဦးအပါအဝင်ဖြစ်လေသည်။ သူသည် ဆဟာဗီကြီး "ဗီလာလ်" အား နေ့လည် နေမွန်းတည့်ချိန် နေပူကျဲကျဲ၌ ပူပြင်းလှသော သဲကန္တာရ လွင်ပြင်ပေါ်တွင် ပက်လက်လှဲစေ၍ မလှုပ်ရှားနိုင်စေရန် ရင်ပတ်ပေါ်တွင် လေးလံသော ကျောက်တုံးကြီးများကို တင်ထားလေ့ရှိခဲ့လေသည်။ ဤသို့ ရက်စက်စွာ ညှဉ်းပမ်းလျက် ဤသို့ပင် သင့်အား သေကြောင်းကြံအံ့။ သင်သည် အသက်ဘေးမှ ချမ်းသာခွင့်ရလိုသော အစ္စလာမ်သာသနာကို စွန့်ပယ်လော့ဟု ဆိုလေ့ရှိခဲ့လေသည်။ ဆဟာဗီကြီး "ဗီလာလ်" သခင်သည်ကား ဤသို့သောအချိန်မျိုး၌ပင် "အဟဒ်၊ အဟဒ်" ခဝပ် ကိုးကွယ်ထိုက်သော အသျှင်သည် တဆူတည်း-တပါးတည်းသာ ဖြစ်တော်မူ၏၊ဟူ၍သာရှိလေသည်။ ညအချိန်၌ သံကြိုးများဖြင့် တုပ်နှောင်၍ နှင်တံများဖြင့် ကရုဏာကင်းမဲ့စွာရိုက်နှက်ညှဉ်းပမ်းကြလေသည်။ နေ့အချိန်၌ ပူပြင်းလှသော သဲသောင်ပြင်တွင် လှဲလှိမ့်စေခြင်းဖြင့် ခံစားရသော ဒဏ်ရာဒဏ်ချက်များဖြင့် ပြင်းထန်စွာ နာကျင်စေ၏။ ညှဉ်းပမ်းမှုများကို မခံနိုင်၍ အစ္စလာမ် သာသနာတော်ကို စွန့်ပယ်ရန်လည်းကောင်း၊ ဝေဒနာကို အလူးအလဲ ခံစားရခြင်းဖြင့် လည်းကောင်း၊ အသက်ဇီဝိန်ချုပ်ငြိမ်းသွားအောင်လည်းကောင်း ကြံရွယ်ကြလေသည်။ ထိုသူယုတ်မာတို့သည် ဤသို့ နှိပ်စက်ညှဉ်းပမ်းမှုများကို ပြုကြသဖြင့် မောဟိုက်သွားကြလေသည်။ "အဗူဂျဟလ်အံပြင်၊ အုမိုင်ယဟ်အိဗ်နုခလဖ်" နှင့် အခြားသော "ကာဖစ်ရ်" တို့သည် အလှည့်ကျ တာဝန်ယူ ညှဉ်းပမ်းမှုကို ပြုကြလေသည်။ လူတိုင်းပင် သူထက်ငါ သာအောင် အစွမ်းကုန်နှိပ်စက်ညှဉ်းပမ်းရေး၌ အားသွန်ခွန်စိုက်ကြလေသည်။ (ဟဇရတ်) အဗူဗက္ကရ် (ရဒ္ဒိယလ္လာဟုသအာလာအန်ဟူ) သခင်သည် "ဗီလာလ်" သခင် ဤသို့ အလွန်အကျူး ညှဉ်းပမ်းခံနေရသည်ကို မြင်တွေ့ရသောအခါ အပြီးအပိုင်ဝယ်၍ သူကောင်းပြုလိုက်လေသည်။

## သိမှတ်ဖွယ်ရာအဖြာဖြာ။

အကြောင်းမှာ အာရေဗျ တိုင်းသူပြည်သား လူအများတို့သည် ရုပ်ပွားဆင်းတုများကို ကိုးကွယ်သူများ ဖြစ်ကြသည်။ မိမိတို့ကိုးကွယ်သော ရုပ်ပွားဆင်းတုများကိုသာ ဆည်းကပ်ကိုးကွယ်ရာ အရှင်ကြီးများဖြစ်သည်ဟု မှတ်ယူယုံကြည်ခြင်းဖြင့် အစ္စလာမ်သာသနာတော်၏ အဓိက ယုံကြည်ချက်ဖြစ်သည့် သောင်ဟီးဒ်တဆူတည်းသော အလ္လာဟ်အသျှင်သာလျှင် ဆည်းကပ်ကိုးကွယ်ရာ အသျှင်အစစ်အမှန် ဖြစ်တော်မူသည်ဟု မှတ်ယူခြင်းနှင့် လုံးဝဆန့်ကျင်လျက်ရှိနေပေသည်။

ထို့ကြောင့်ပင် "ဗီလာလ်" ဆဟာဗီကြီးသည် "တဆူတည်းသော အသျှင် တဆူတည်းသော အသျှင်" ဟူ၍သာ တသလျက်ရှိတော်မူလေသည်။ စင်စစ် ဤသည်ကား တကယ့် စွဲလမ်းယုံကြည်မှု၊ တကယ်နှစ်ချိုက် ချစ်ကြည်လေးစားမြတ်နိုးမှုပင် ဖြစ်ပေသတည်း။

✓ကျွန်ုပ်တို့သည် အချစ်တုအချစ်ယောင်ဆောင်များကို ကြည့်ကြပါစို့။ ချစ်သူ၏ အမည်နာမကို ကြားရခြင်းဖြင့် လည်းကောင်း၊ တသရခြင်းဖြင့်လည်းကောင်း စိတ်ကိုကြည်နူးမှုရစေ၏။ အကြောင်းမဲ့ နှုတ်လျှာမှ တဖွဖွ တသနေတတ်၏။ အလ္လာဟ်အသျှင်မြတ်အား ချစ်ခြင်းသည် အဘယ်မှာလျှင် ဆိုနိုင်အံ့နည်း။ လောကီ လောကုတ္တရာ နှစ်ဌာနနှ၌ အကျိုးဖြစ်ထွန်းနိုင်သည် ပင် မဟုတ်တုံလော။ ဤသည်ကြောင့်ပင် ဆဟာဗီကြီး ဗီလာလ်သခင်အား နည်းအမျိုးမျိုး ဖြင့် ညှဉ်းပမ်းကြ၏။ ပြင်းပြင်းထန်ထန်ဒုက္ခပေးကြ၏။ "မက္ကဟ်" မြို့ရှိ ကလေးသူငယ်များ လက်သို့ ဝကွက်၍အပ်နှင်းကာ လမ်းကြိုလမ်းကြားသို့ ဆောင်ကြဉ်းစေကြကုန်၏။ ဤ ကိုယ်တော် "ဗီလာလ်" သခင်သည်ကား တပါးတည်းသော အသျှင်ဟူသည့် ပုဒ်ကိုသာ တသရွတ်ဖတ် သရဇ္ဈာယ်နေပေတော့သည်။ ဤသည်ကြောင့်ပင် နဗီတမန်တော်မြတ်၏ "မုအဇ္ဇင်န်လမ်းခရီး ထွက်ရာ၌ လည်းကောင်း၊ မိမိဌာနနှ၌လည်းကောင်း အမြဲတမ်း မုအဇ္ဇင်န်အဖြစ် "အဇာန်" တာဝန် ကို ပေးအပ်ခြင်းခံရသည်။

နဗီတမန်တော်မြတ် ကွယ်လွန်သွားသည့်နောက်ပိုင်းတွင် မဒီနဟ်မြို့တော်၌နေ၍ကိုယ်တော် မြတ်နေရာတွင် လစ်လပ်မှုကို မရှု့စိတ်ဖြစ်သဖြင့် မဒီနဟ်ကိုစွန့်၍မိမိကျန်ဘဝ သက်တမ်းကိုအစ္စလာမ် သာသနာ့တိုက်ပွဲများ၌သာကုန်စေအံ့ဟု ရည်ရွယ်လျက် ထွက်ခွာသွားလေသည်။ ကာလအတန် ကြာအထိ ပြန်မလာတော့ပေ။ တရံရောအခါ အိပ်မက်၌ နဗီတန်မန်တော်မြတ်က "အို--ဗီလာလ် ဘာမတရားလုပ်တာလဲ၊ ငါကိုယ်တော်မြတ်ထံတော်အပါးသို့ တခါတည်း မလာတော့ပါလား" ဟု ကြားရသဖြင့် လန့်နိုးရာ မိမိသည် "မဒီနဟ်"သို့ ရောက်ရှိနေကြောင်း သိရလေသည်။ ဟဇရသ်ဟူစိုင်န် ဟဇရသ်ဟစန်တို့သည် အဇာန်ပေးပါရန် လျှောက်ထားကြလေသည်။ ညီနောင် နှစ်ပါး၏ လျှောက်ထားချက်ကိုလည်း မငြင်းနိုင်ပေ။ အဇာန်စပေးခြင်းဖြင့် "မဒီနဟ်" တမြို့လုံး သည် နဗီတမန်တော်မြတ်လက်ထက်မှ ကြားနာနေရသည့် အဇာန်ကို ပြန်လည်ကြားရသဖြင့် အုတ်အုတ်ကျက်ကျက်ဖြစ်လာလေသည်။ အမျိုးသမီးများပင်လျှင် ငိုကြွေးမြည်တမ်းလျက် အိမ် များမှ ပြေးထွက်လာကြလေသည်။

ဆဟာဗီကြီး ဗီလာလ် (ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သည် ရက်အနည်းငယ်မျှသာ မဒီနဟ်မြို့တော်၌ တည်းခိုနေထိုင်တော်မူ၍ ပြန်လာပြီးလျှင် ဟစ်ဂျရီ ၂၀-ခုနှစ်၌ "ဒမတ်စ်ကပ်စ်" မြို့တော်တွင် အလ္လာဟ်အသျှင့်အမိန့်တော်ကို ခံယူတော်မူလေသည်။ (အင်နာလစ်လ္လာဟိဝအင်နာ အိလိုင်ဟိရာဂျေအူးန်)။ (ကြည့်အစဒ္ဒလ်ဂါဗဟ်)။

## (၅)။ ဟဇရသ်အဗုဇရ်ဂိဖါရီ။

ဆဟာဗီကြီး အဗူဇရ်ဂိဖါရီ (ရသွေ့ယလ္လာဟုသ အာလာအန်ဟူ)သည် အလွန်ထင်ပေါ် ကျော်ကြားသည့် ပုဂ္ဂိုလ်တဦးဖြစ်သည်။ နောင်တချိန်၌ သာသနာရေးတွင် အလွန်လေးလေး

စားစားရှိသည့်ပြင် အလွန်ကျော်ကြားသည့် ကဝိအာလင် (မ) သာသနာ့ပညာရှင်များအနက် တဦးအပါအဝင်ဖြစ်ပေသည်။ ဟာဇရယ်အလီ (ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်က"အဗူဇရ်"သည် တပါးသူ မတတ်ကျွမ်းသည့် ပညာရပ်များကို တတ်ကျွမ်းသူဖြစ်သည်။ထိုအရာ(ပညာ)ကို(ကောင်းစွာ) သိုသိမ်းထားလေသည်။ နဗီတမန်တော်မြတ်၏ အကြောင်းသတင်းကို ကြားသိရသဖြင့် မိမိ၏ ညီတော်မောင်ကို ထောက်လှမ်းစုံစမ်းစေရန် မက္ကာဟ်မြို့သို့ စေလွှတ်လိုက်လေ၏။ အကြင်သူသည် မိမိထံတော်အပါးသို့ "ဝဟီ"ကျရောက်ကြောင်း၊ မိုးကောင်းကင်မှ သတင်းများရောက်ရှိကြောင်း ပြောကြားသူ၏ အခြေအနေကို လေ့လာစေ၏။ ပြောကြားသည့် စကားဩဝါဒများကို ဆင်ခြင်သုံးသပ်စေ၏။ ညီတော်မောင်သည် မက္ကာဟ်မြို့တော်သို့ လာရောက်၍ အကြောင်းစုံကို စုံစမ်းပြီး၊ မိမိနောင်တော်ထံသို့ ပြန်၍ "ကျွန်ုပ်သည် ကိုယ်တော်မြတ်ကို အကျင့်စာရိတ္တအားဖြင့် အမြင့်မြတ်ဆုံးသောသူ တပါးသူအား ကောင်းရာကိုလည်းညွှန်၍ မကောင်းမှုကို မြစ်တားသည်ကို မြင်တွေ့ရကြောင်း၊ ဖတ်ကြားသည့် ဩဝါဒတော်မှာလည်း ကဗျာလင်္ကာလည်း မဟုတ်၊ နက္ခတ်ဗေဒင်ပရောဟိတ်ဆရာများ၏ အမိန့်လည်းမဟုတ်၊ အလွန်သာယာ နာပျော်ဘွယ်ကောင်းလှပါသည်"ဟု ပြန်ကြားလိုက်လေသည်။ "အဗူဇရ်" သခင်သည် ဤသို့သော စကားရပ်များဖြင့် ကျေနပ်မှုမရရှိပေ။ မိမိကိုယ်တိုင် ခရီးထွက်ရန်ပြင်ဆင်၍ "မက္ကာဟ်" မြို့တော်သို့ ရှေ့ရှုလေသည်။ ခရီးရောက်မဆိုင်း "ကအ်ဗဟ်"ကျောင်းတော်သို့ ဝင်လေသည်။ နဗီတမန်တော်မြတ်ကိုလည်း မသိကျွမ်း၊ တပါးသူထံ မေးမြန်းရမည်ကိုလည်း မသင့်ဟုယူဆကာ ညနေအချိန်အထိ ဆိုင်းငံ့နေလေသည်။ ညနေပိုင်း၊ ရောက်လတ်သော်"ဟာဇရယ်အလီ (ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်က တွေ့မြင်ရသောအခါ အပြင်မှ ရောက်ရှိလာသည့် ဧည့်သည်ဖြစ်သည်၊ ခရီးသည် ဧည့်သည်များ၊ ဆင်းရဲသားများနှင့် အခြားရွာမှ လာသောသူများအား အကူအညီပေးခြင်းသည် ထိုသူတော်စင်များ၏ လုပ်ငန်းတရပ်ပင် ဖြစ်ပေသည်။ ထို့ကြောင့် ထိုသူတော်စင်သည် ဧည့်သည်အား အိမ်တော်သို့ ခေါ်ဆောင်လာလေသည်။ ကျွေးမွေးဧည့်ခံလေသည်။ လာရောက်ရသည့် အကြောင်း သတင်းကိုမူ မေးမြန်းရန် မသင့်ဟု ထင်မှတ်ကာ ဆိတ်ဆိတ်နေတော်မူလေသည်။ ခရီးသည်ကလည်း ဖွင့်ဟမပြောချေ။နံနက်အချိန်၌ တဖန်ဗလီဝတ်ကျောင်းတော်သို့ ပြန်လာလေသည်။ တနေကုန်အချိန်ကုန်သွားပါသော်လည်း အကြောင်းလည်း မသိရ၊ မေးမြန်းခြင်းလည်းမပြုဘဲနေလေသည်။အကယ်စင်စစ်မမေးမြန်းသည့် အကြောင်းကမူ နဗီတမန်တော်မြတ်အား လည်းကောင်း၊ နဗီတမန်တော်မြတ်၏ နောက်လိုက်များအားလည်းကောင်း၊ ညှဉ်းပမ်းနှိပ်စက်ကြောင်း သတင်းသည်ပေါ်လွင်ပါသောကြောင့်ပင် ဖြစ်ချေမည်။ ဤသို့မေးမြန်းလိုက်လျှင် အကြောင်းမှန်ကို သိရန် ခဲယဉ်းမည်ကို စိုးသောကြောင့်ပင် ဖြစ်ချေမည်။ ဤသို့မေးမြန်းလိုက်လျှင် အကြောင်းမှန်ကို သိရန်ခဲယဉ်းမည်ကို စိုးသောကြောင့်ပင်လော့၊ အထင်လွဲအမြင်လွဲများ၍ အလဟဿဘေးဒုက္ခခံရမည်မဟုတ်ပါလော။ ဒုတိယနေ့ ညနေအချိန်မှာလည်း "ဟာဇရယ်အလီ (ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်သည် မိမိအိမ်တော်သို့ ခေါ်ဆောင်သွားပြီး ကျွေးမွေးဧည့်ခံ၍ ညအိပ်စေတော်မူသည်။ ထိုည၌လည်း မေးမြန်းစုံစမ်းရန်အကြောင်း မကြုံလာပေ။ တတိယည၌လည်း ထိုနည်းအတိုင်းပင် ကြုံတွေ့ပြန်၏။ထိုအခါ ဟာဇရယ်အလီ (ရသွေ့ယလ္လာဟုသ

အာလာအန်ဟူ)သခင်က အဆွေတော်သည် မည်သည့်ကိစ္စကြောင့် လာရောက်ရသနည်းဟု မေးမြန်းစုံစမ်းလေသည်။ အဗူဇရ် (ရသွေ့ယလ္လာဟုသ အာလာအန်ဟူ) သခင်က အစကနဦးမှာမူ ဟဇရသ်အလီ( ရသွေ့ယလ္လာဟုသအာလာအန်ဟူ)အား ဂတိပေး၍ မိမိအား အမှန်သတင်းကို ပေးပါက လျှောက်တင်လိုပါသည်။ထိုနောက် မိမိလိုရင်းအကြောင်းကို တင်ပြရာ ဟဇရသ်အလီ (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်က မှန်လှပေသည်။ ထိုပုဂ္ဂိုလ်မြတ်သည် အလ္လာဟ် အသျှင်မြတ်၏ ရစူလ်တမန်တော်အစစ်အမှန်ပင် ဖြစ်တော်မူ၏။ နံနက်မိုးသောက်သော အချိန်၌ ကျွန်ုပ်နှင့်အတူ လိုက်ခဲ့လေလော့၊တမန်တော်မြတ်ထံသို့ ပို့ဆောင်ပေးတော်မူအံ့ဟု ဆိုတော်မူ၏။ သို့သော် လမ်းခရီးတွင် ဘေးရန်အလွန်များပြားလှသဖြင့် သင့်အားအနှောက်အယှက်ပေးတော်မူကြမည်ကို စိုးရိမ်ရသည့်အခါ၊ ကျွန်ုပ်သည် အပေါ့အပါးသွားဟန်ဆောင်၍သော်လည်းကောင်း မိမိဖိနပ်သဲကြိုးကို ပြုပြင်ဟန်ဆောင်၍သော် လည်းကောင်း ပြုလုပ်နေစဉ် သင်သည် ကျွန်ုပ်အားစောင့်ဆိုင်းခြင်း မပြုပဲခရီးဆက်သွားပါလေ။ ကျွန်ုပ်နှင့်အတူ လာရောက်ကြောင်းကို မသိကြပါစေနှင့်ဟု သတိပေးစကားမှာ ကြားတော်မူလိုက်လေသည်။

နံနက်မိုးသောက် အလင်းရောက်သောအခါ၊ "အဗူဇရ်" (ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်သည် "ဟဇရသ်အလီ" (ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်နှင့်အတူ လိုက်ပါလာ၍ တမန်တော်မြတ်အပါးသို့ ၀င်ရောက်ခစားလေသည်။ ထိုအချိန်၌ပင် အစ္စလာမ်သာသနာကို လက်ခံယုံကြည်၍ မွတ်စလင်မ်အဖြစ်ကို ခံယူလေသည်။ တမန်တော်မြတ်သည် အဗူဇရ်(ရသွေ့ယလ္လာဟုသအာလာအန်ဟူ)အား ဘေးဒုက္ခမှ ကင်းဝေးနိုင်ရန် အစ္စလာမ် သာသနာ၀င်ဖြစ်ကြောင်းကိုအများသူငါမသိစေနှင့်ဦး။ မိမိအရပ်ဒေသသို့သွားရောက်နေထိုင်ဦးလော့။ အစ္စလာမ်သာသနာ ထွန်းပြောင်လာသည့်အခါကျမှ ပြန်လာခဲ့လော့ဟု မိန့်ကြားတော်မူ၏။ သို့သော် အဗူဇရ် (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်က "အို....အသျှင့်တမန်တော်၊ ကျွန်တော်မျိုး၏ အသက်ဇီဝိန်ကို စိုးပိုင်တော်မူသောအသျှင့် (ကစမ်)ကျွန်တော်မျိုးသည် တပါးတည်းသော'ကလိမဟ်'ကို(၀ါ)'သောင်ဟီးဒ်'ဟူသောကြွေးကြော်သံကိုထိုထိုသောကာဖစ်ရ်များအလယ်၌ထုတ်ဖေါ်ရွတ်ဆိုအံ့"ဟု လျှောက်ထား၍ "ကအ်ဗဟ်"ကျောင်းတော်သို့ ၀င်ရောက်ခါ။

أَشْهَدُ أَنْ لَّآ إِلٰهَ إِلَّا اللّٰهُ وَأَشْهَدُ أَنَّ
مُحَمَّدًا رَّسُوْلُ اللّٰهِ،

**အသံထွက်။** ။အရှ်ဟဒုအလ္လာအိဟာအိလ္လလ္လာဟု၀အရှ်ဟဒုအန်န မုဟာမ္မဒရ်ရ ရစူလုလ္လာဟ်။

**အဓိပ္ပါယ်။** ။အလ္လာဟ်အသျှင်မြတ်မှတပါး အခြား ခ၀ပ်ကိုးကွယ်ထိုက်သော အသျှင်ဟူ၍ အလျှင်းမရှိကြောင်း၊ မုဟာမ္မဒ်သခင်သည်လည်း အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်တော်မူကြောင်းကို ကျွန်တော်မျိုး သက်သေခံအပ်ပါသည်။

ဟူ၍ အသံကျယ်စွာဖြင့် ကြွေးကြော်လေတော့သည်။ အရပ်လေးမျက်နှာမှ "ကာဖစ်ရ်"အပေါင်းတို့သည် ဝိုင်းရံလျက် အဗူဇရ်(ရသွေ့ ယလ္လာဟုသအာလာအန်ဟူ)သခင်အား ပြင်းပြင်းထန်ထန် ရိုက်နှက် နှိပ်စက်ကြလေသဖြင့်၊ ပြင်းထန်စွာ ဒဏ်ရာများရရှိလေသည်။ အသက်ကိုပင် စိုးရိမ်ရလေသည်။ တမန်တော်မြတ်၏ ဘထွေးတော်တဦးဖြစ်သူ ဟဇရသ်အဗ္ဗါးစ်သခင်သည် ထိုအချိန်က အစ္စလာမ်သာသနာအတွင်းသို့ ဝင်ရောက်ခြင်းမရှိသေးသော်လည်း ထိုအဖြစ်အပျက်ကို ကာကွယ်ဟန့်တားလျက် "အို–အချင်းတို့၊ သင်တို့သည် လွန်လွန်ကျူးကျူး ညှဉ်းပမ်းမှုကို ပြုကြကုန်ပြီ။ ဤသူသည်ကား ဂိဖါးရ်အမျိုးအနွယ်မှ ပုဂ္ဂိုလ်တဦးဖြစ်ပေသည်၊ ထိုအမျိုးအနွယ်ဝင်တို့သည် စီးရီးယားပြည်သွားရာလမ်းတနေရာ၌ နေထိုင်ကြသည်။ သင်တို့ စီးရီးယားပြည်နှင့် ကူးသန်းရောင်းဝယ်ဖေါက်ကားမှုကို အမြဲတစေပြုကြကုန်၏။ အကယ်၍ ဤပုဂ္ဂိုလ် သေဆုံးသွားပါက သင်တို့၏ခရီးလမ်းကြောင်း ပိတ်ဆို့သွားပေအံ့"ဟု ဆိုလိုက်လေသည်။ ဤအကြောင်းကိုကြားသိရသောအခါမှာ ထိုသူယုတ်မာတို့က ငါတို့၏ အရေးကိစ္စဟူသရွေ့သည် စီးရီးယားပြည်မှရယူနေကြရလေသည်။ထိုလမ်းကြောင်းပိတ်သွားပါက ဒုက္ခအမှန်ဖြစ်ချေမည်ဟုတွေးဆ၍ စွန့်ခွာသွားကြလေသည်။ ဒုတိယနေ့မှာလည်း ယမန်နေ့ကနည်းတူ အသံကျယ်စွာဖြင့် ကလိမဟ်ယှဟာဒသ်ကို ဖတ်ကြားလေသေးသည်။ ကာဖစ်ရ်အပေါင်းတို့မှာ ဤအသံကို အဘယ်မှာလျှင် သည်းခံနိုင်အံ့နည်း။ ရုန်းရင်းဆန်ခတ်ဖြစ်ပြန်လေသည်။ ထိုနေ့၌လည်း ဟဇရသ်အဗ္ဗါးစ်သခင်က ယခင်နည်းတူ ပြောကြား၍ ကာဖစ်ရ်အပေါင်းတို့ကို ဖယ်ရှားလိုက်လေသည်။

## သိမှတ်ဖွယ်ရာ အဖြာဖြာ။

အစ္စလာမ်သာသနာတော်ဘောင်အတွင်းသို့ ဝင်ရောက်ကြောင်းကို တမန်တော်မြတ်ကိုယ်တော်တိုင်က ထိန်ချန်လျှို့ဝှက်ထားရန် မိန့်ကြားတော်မူပါသော်လည်း အဗူဇရ်သခင်က ဤသို့ ထုတ်ဖေါ် ကြေငြာခြင်းသည်ကား တရားစစ်တရားမှန်ကို ထုတ်ဖေါ်ပြသရာ၌ စိတ်စေတနာထက်သန်မှုနှင့် အစ္စလာမ်သာသနာတော်သည် တိကျမှန်ကန်သော ဘာသာ၊ သာသနာဖြစ်သည့်အတွက် တဦးတယောက်သောသူကို ရှုံကြောက်၍ ထိန်ချန်လျှို့ဝှက်ထားရန် မသင့်ဟု ယူဆသောကြောင့်ပင် ဖြစ်လေသည်။ နဗီတမန်တော်မြတ်က ဘေးဒုက္ခနှင့် တွေ့ကြုံသော် သည်းခံနိုင်မည်ဟုမထင်၊ ခံနိုင်ရည်စွမ်းအင် ရှိမည်မထင်သောကြောင့် သက်ညှာသောအားဖြင့် ထိန်ချန်လျှို့ဝှက်ထားရန် မိန့်ကြားတော်မူခြင်းသာဖြစ်သည်။ ဆဟာဗီကြီးတို့မှာ တမန်တော်မြတ်၏ အမိန့်ဩဝါဒတော်ကို ဖည်ဆန်ကြသည်ဟူ၍ အလျင်းမရှိပေ။ အကယ်စင်စစ် ဆဟာဗီကြီးတို့သည် ကိုယ်တော်မြတ်၏ အမိန့်ဩဝါဒတော်ကို တသွေမတိမ်း လိုက်နာ ကျင့်သုံးကြသော အကြောင်းအရာအချို့ကို စံပြအဖြစ်နှင့် သီးသန့်အခဏ်းတခဏ်းတွင် ဖော်ပြပါမည်။

အစ္စလာမ်သာသနာတော်ကို ဖြန့်ချီရာ၌ နဗီတမန်တော်မြတ်ကိုယ်တော်တိုင်ပင် ဘေးဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်တော်မူခဲ့လေသည်။ "အဗူဇရ်" (ရသေ့ယလ္လာဟုသအာလာအန်ဟူ)သခင်သည် လွယ်ကူသောနည်းလမ်းကို ကျင့်ဆောင်မည့်အစား တမန်တော်မြတ်၏ 'စွန္နသ်' ကျင့်သုံးမှု နည်းလမ်းကို ထပ်တူထပ်မျှ လိုက်နာကျင့်သုံးခြင်းပင်ဖြစ်ပေမည်။ ဤသို့သော ထူးကဲမွန်မြတ်လှသည့် ဂုဏ်သိက္ခာများကြောင့် ထိုသူတော်စင်တို့အပေါ်သို့ လောကီ-လောကုတ္တရာနှစ်ဌာန၏ အောင်မြင်မှုဟူသရွေ့သည် ခြေဖဝါးတော်အောက်သို့ ဝင်ရောက်လာကြကုန်လေသည်။ အရာရာတွင် အောင်မြင်မှုကိုရကြကုန်၏။ ကလိမဟ်ကို တခေါက်မျှဖတ်၍ အစ္စလာမ်သာသနာ့ဘောင်အတွင်းသို့ ဝင်ရောက်ခဲ့သည့်နောက် ချုပ်ချယ်ခြင်းမပြုနိုင်တော့ပေ။ အလွန့်အလွန် ရောမည့်ဦးပမ်းမှုကြီးများပင် ထိုသူတော်စင်တို့အား အစ္စလာမ်သာသနာတော်ကိုဖြန့်ချီရာ၌ ဟန့်တားခြင်းမပြုနိုင်တော့ပေ။

## (၆) ဟာဇရသ်ခဗ္ဗါးဗ်အိဗ်နုအာရသ်အကြောင်း။

ဟာဇရသ်ခဗ္ဗါးဗ်(ရသေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် မိမိအစ္စလာမ်သာသနာဝင် အစစ်အမှန်ဖြစ်ကြောင်းကို မှတ်ကျောက်အတင်ခံပုဂ္ဂိုလ်များအနက် တဦးအပါအဝင်ဖြစ်ပေသည်။ အလ္လာဟ်အသျှင့်လမ်းတော်၌ (ဝါ) အစ္စလာမ်သာသနာရေးအတွက် ကြီးလေးသည့် ဘေးဒုက္ခအမျိုးမျိုးကို အပြုံးမပျက် ခံနိုင်ရည်ရှိရှိနှင့် ခံခဲ့လေသည်။ ဦးစွာပထမ ၅-ဦး၊ ၆-ဦးနောက် အစ္စလာမ်သာသနာကို လက်ခံယုံကြည်တော်မူလေသည်။ တနည်းအားဖြင့် သတ္တမမြောက်မွတ်စလင်မ်ဟု ခေါ်ရပေမည်။ ထို့ကြောင့်ပင် အချိန်ကြာမြင့်စွာ ညှဉ်းပမ်းနှိပ်စက်မှုကို ခံယူရရှာလေသည်။ သံချပ်ကာအင်္ကျီကို ဝတ်စေ၍ နေပူကျဲကျဲ၌ စွန့်ပစ်ထားခြင်းကို ခံခဲ့ရ၍ ချွေးချောင်းစီးခဲ့ရလေသည်။ အများအားဖြင့် ပကတိပူပြင်းလှသည့် သဲသောင်ပြင်တွင် လဲလျောင်းပက်လက်လှန် အိပ်စက်စေခဲ့သည်။ ထို့ကြောင့် ခါးနှင့် တင်ပါးအသားများသည်ပင် အရည်ပျော်ကျခဲ့ရလေသည်။ ဤပုဂ္ဂိုလ်သည် အမျိုးသမီးတဦး၏ ငွေဝယ်ကျွန်ဖြစ်ခဲ့သည်။ ထိုသူမသည် မိမိ ကျွန်သာသနာပြောင်းသွားကြောင်း ကြားသိရသောအခါ (ဝါ) ကိုယ်တော်မြတ်ကြီးနှင့် အဆက်အသွယ်ပြုကြောင်း ကြားသိရသောအခါ သံချောင်းမီးဖုတ်၍ ဦးခေါင်းသို့ကပ်ကာ အပြစ်ပေးညှဉ်းပမ်းလေသည်။

ဟာဇရသ်အုမရ် (ရသေ့ယလ္လာဟုသ အာလာအန်ဟူ) သခင်သည် မိမိသမ္မတဖြစ်နေစဉ် "ဟာဇရသ်ခဗ္ဗါဗ်"သခင်အား (ယခင်)ခံခဲ့ရသည့် ဒုက္ခများနှင့်စပ်လျဉ်း၍ မေးမြန်းတော်မူရာ "ကျွန်တော်မျိုး၏ ခါးကိုသာ ရှုစားတော်မူပါ"ဟူ၏။ အုမရ်သခင်က "ဤသို့သောခါးမျိုးကိုမူ မိမိမြင်ကို မမြင်ဘူးကြောင်း"ပြောလေသည်။ "ခဗ္ဗါဗ်"(ရသေ့ယလ္လာဟုသအာလာအန်ဟူ)သခင်က ကျွန်တော်မျိုးအား မီးတောက်မီးလျှံပေါ်တင်၍ တရွတ်တိုက်ဆွဲကြသဖြင့် အဆီနှင့် သွေးများ

သည် ယိုဖိတ်၍ မီးတောက်မီးလျှံများပင် ငြိမ်းအေးသွားကြောင်း” ပြန်လည် လျှောက်ထား လေသည်။

ဤသို့ပင်ဖြစ်လင့်ကစား အစ္စလာမ်သာသနာတော်၏ တိုးတက်အောင်မြင်မှုများ၏တံခါး ပွင့်ဟလာသောအခါ၊ ငါတို့ တချိန်က ခံစားလာသည့် ဘေးဒုက္ခများ၏အစား ဤလူ့ပြည် လောက၌ပင် အလ္လာဟ်အသျှင်မြတ် ခြီးမြှင့်လိုက်လေသလောဟု တွေးတောကာ ငိုကြွေးတော် မူလေသည်။

✓ ဟဇရသ်ခဗ္ဗါဗ် (ရဒွိ.ယလ္လာဟုသအာလာအန်ဟူ) သခင် အမိန့်ရှိသည်။ တရံရောအခါ ကိုယ်တော်မြတ်သည် အစဉ်အလာမရှိပဲ အလွန်ရှည်လျားသည့် နမာဇ်ကို ဝတ်ပြုတော် မူသည်။ ဆဟာဗီကြီးများက ၎င်းနမာဇ်နှင့် စပ်လျဉ်း၍ လျှောက်ထားမေးမြန်းကြရာ ကိုယ်တော် မြတ်က ဤ(နမာဇ်)သည် လိုလားတောင်းတမှုနှင့် ရွံ့ကြောက်မှု၏ နမာဇ်ဖြစ်သည်။ ငါကိုယ် တော်မြတ်သည် ဤနမာဇ်ဖြင့် အလ္လာဟ်အသျှင်မြတ်ထံ ၃-ခုသော ဆုမွန်ဒုအာတောင်းခံတော် မူသည်။၎င်း ၃-ခုအနက်၊ ၂-ခုသောဒုအာကို လက်ခံအတည်ပြုတော်မူ၍ ကျန်တခုသောဒုအာကိုမူ ပယ်ချတော်မူလိုက်သည်။

ငါကိုယ်တော်မြတ်၏ ဆုမွန်ဒုအာကား ဤသို့တည်း။ အို-အလ္လာဟ်အသျှင်မြတ်၊ ကျွန် တော်မျိုး၏ 'အွမ္မသ်'သားများအား တလုံးတဝတည်း ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်ရောက်၍ သေ ကျေပျက်စီးခြင်း မဖြစ်ကြစေရန် ဆုပန်လျှောက်ထားခဲ့ရာ လက်ခံအတည်ပြုတော် မူလိုက်သည်။ ထိုနောက်မိမိ၏'အွမ္မသ်'သားတို့အား တလုံးတဝတည်း ရန်သူများ၏လက်တွင်းသို့ရောက်၍ကျူပင် ခုတ် ကျူငုတ်မချန် အမြစ်ပါ ဖျက်ဆီးခြင်းမှ ကင်းဝေးချမ်းသာခွင့် ပေးပါရန် တောင်းခံရာ လက်ခံ အတည်ပြုတော်မူလိုက်သည်။ သို့ရာတွင် တတိယအချက်မှာ မိမိ'အွမ္မသ်'သားတို့ ချင်းချင်း ခိုက်ရန်မဖြစ်ကြရန် ဒုအာဆုပန် လျှောက်ထားခဲ့ရာ၊ အလ္လာဟ်အသျှင်မြတ်ကပယ် ချတော်မူကြောင်း မိန့်တော်မူလေသည်။

ဟဇရသ်အလီ (ရဒွိ.ယလ္လာဟု သအာလာအန်ဟူ)သခင်သည် ခဗ္ဗာဗ်(ရဒွိ.ယလ္လာဟု သအာလာအန်ဟူ)သခင်ကွယ်လွန်ပြီး နောက်တနေ့သောအခါ သင်္ချိုင်းတော်သို့ ရောက်ရှိလာရာ အို-အလ္လာဟ်အသျှင် ခဗ္ဗာဗ်သခင်အား ထောက်ညှာ၍ ချမ်းသာခွင့် ပေးတော်မူပါ။ဤသူသည် မိမိသဘော ဆန္ဒအရ အစ္စလာမ် သာသနာကိုကြည်ညိုလေးစားလေသည်။ မိမိသဘောဆန္ဒ အရ သာသနာရေးခရီးထွက်ခဲ့သည်။သာသနာရေးတိုက်ပွဲများ၌ ဘဝသက်တမ်းကို ကုန်ဆုံးစေခဲ့ သည်။ ဒုက္ခအမျိုးမျိုးကိုခံယူခဲ့သည်။ 'ကိယာမသ်' ကမ္ဘာပျက်မည့်နေ့ကို သတိရသူသည်လည်း ကောင်း၊စစ်ကြောမှုအတွက် အသင့်ပြင်ဆင်ထားသူသည်လည်းကောင်း၊ ရသမျှ ဥစ္စာ ပစ္စည်းဖြင့် ရောင့်ရဲ တင်းတိမ်ခဲ့ကြသူသည်လည်းကောင်း၊ မိမိအသျှင်သခင်အား နှစ်သက် မြတ်နိုးသူသည် လည်းကောင်း၊ ထိုသို့သောသူတို့သည် သူမွန် သူမြတ်များဖြစ်ချေသည်ဟု ဆုမွန်တောင်းခံလျက် ကောင်းချီးမင်္ဂလာစကား မိန့်ကြားတော်မူလေသည်။(ကြည့်-အစဒွလ်ဂါ ဗ်ဟ်ကျမ်း)

သိမှတ်ဖွယ်ရာအဖြာဖြာ။

အကယ်စင်စစ် အသျှင်သခင်ကို နှစ်မြို့လာအောင် ပြုစွမ်းနိုင်သည့်စွမ်းရည်သည် ထိုသူတော်စင်တို့၌သာရှိသည်။ ဘဝသက်တမ်း တလျှောက်လုံး၌လုပ်ငန်းဟူသရွေ့သည် အသျှင့်အလိုတော်ကျဖြစ်ခဲ့ပေသည်။

## (၇) ဟဇရသ်အမ္မာရ်နှင့်မယ်တော် ခမည်းတော်အကြောင်း။

'ဟဇရသ်အမ္မာရ်'(ရသွေ့ယလ္လာဟုသအာလာအန်ဟူ)နှင့်မယ်တော် ခမည်းတော်တို့သည်လည်း အမျိုးမျိုးအဖုံဖုံညှဉ်းပမ်းမှုကိုခံကြရလေသည်။ မက္ကာဟ်မြို့၏ ငရဲအိုးတမျှ ပူပြင်းလှသည့်သဲသောင်ပြင်တွင် နှိပ်စက်ညှဉ်းပမ်းခြင်းကို ခံကြရလေသည်။ နဗီတမန်တော်မြတ်သည် အနီးအနားမှ ဖြတ်သွားရာ သည်းခံကြရန်နှင့် 'ဂျန္နသ်'သုခသုံနန်း၏ သတင်းကောင်းပေး၍ နှစ်သိမ့်စေ၏။ နောက်ခမည်းတော် 'ဟဇရသ်ယာစစ်ရ်' သခင်မှာ ထိုညှဉ်းပမ်းခြင်းဖြင့် အသက်ဆုံးရှုံးရရှာလေသည်။ထိုသူယုတ်မာတို့သည်ကား အသက်ဆုံးရှုံး ကွယ်လွန်သည့်တိုင်အောင် ချမ်းသာခွင့်မပေးကြချေ။

မယ်တော်"စုမိုင်ယဟ်"သခင်မမှာလည်း'အဗူဂျဟလ်'ကလှံဖြင့် အရှက်အင်္ဂါစပ်ကိုထိုးစိုက်သောကြောင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို ခံယူရရှာလေသည်။ အင်အားချိနဲ့သော အမယ်အိုကြီးပင်ဖြစ်လင့်ကစား အသေခံ၍ပင် အစ္စလာမ်သာသနာတော်ကို စောင့်ထိန်းတော်မူခဲ့လေသည်။ထိုသူယုတ်မာတို့သည် မည်သည့်အချက်ကိုမျှ ထောက်ထားညှာတာခြင်း မပြုခဲ့ကြပေ။ အစ္စလာမ့်သမိုင်းတွင် ဦးစွာ ပထမ သာသနာရေးအတွက် အသက်ပေးသွားသူမှာ 'ဟဇရသ်အမ္မာရ်'သခင်၏မယ်တော် "စုမိုင်ယဟ်" သခင်မဖြစ်ပါသည်။ အစ္စလာမ့်သမိုင်းတွင်ဦးစွာပထမတည်ဆောက်သည့်ဗလီဝတ်ကျောင်းတော်မှာ "ဟဇရသ်အမ္မာရ်" သခင် တည်ဆောက်သည့်ဗလီဝတ်ကျောင်းတော်ဖြစ်သည်။ နဗီတမန်တော်မြတ် "ဟစ်ဂျရသ်" သာသနာရေးခရီးထွက်ခဲ့၍ "မဒီနဟ်"မြို့သို့ထွက်ခဲ့ရာ "ကုဗာ"မည်သောနေရာ၌ နဗီတမန်တော်မြတ် တည်းခိုရန် အရိပ်အာဝါသကောင်းပြု၍ နေ့လယ်နေ့ခင်းခေတ္တအနားယူရန်နှင့် အရိပ်အာဝါသ၌ နမာဇ်လည်း ဝတ်ပြုကြရန် ဦးစွာပထမ အမ္မာရ်သခင်က ကျောက် အုတ်ခဲများကို စုဆောင်းကာ ဗလီတလုံးဆောက်လုပ်တည်ခဲ့၏။ တိုက်ပွဲများ၌ စိတ်အားထက်သန်၊ တက်ကြွစွာ ပါဝင် ဆင်နွှဲ တော်မူသည်။ အခါတပါး၌ ပီတိလျှမ်းလျက် မိန့်တော်မူသည်မှာ ကျွန်ုပ်သည် ယခုပင်သွား၍ မိမိအဆွေတော်များနှင့် တွေ့ဆုံတော့အံ့။ 'မုဟမ္မဒ်'သခင်နှင့် ကိုယ်တော်မြတ်၏တပည့်အုပ်စုများနှင့်တွေ့ဆုံတော်မူအံ့။ထိုအချိန်၌ ရေဆာလောင်လာသဖြင့် ရေတောင်းရာ ကပါးသောလူက နို့ချိုကိုဆက်ကပ်လိုက်သဖြင့် သောက်သုံးပြီး မိန့်ဆိုသည်မှာ 'နဗီ'တမန်တော်မြတ်သည် ကျွန်ုပ်အားသင်

သည် လောက၌ နောက်ဆုံး နို့ချိုကို သောက်သုံး၍ 'ယှဟီးဒ်' ဖြစ်တော်မူမည် ဟု မိန့်ကြားတော်မူလေသည်။ အင်နာလစ်လ္လာဟိဝအင်နာအိလိုင်ဟိရာဂျေအူးန်။ ထိုအချိန်၌ သက်တော် ၆၄-နှစ်ရှိပြီဖြစ်လေသည်။ အချို့က အနည်းငယ် လျော့သည်ဟုအဆိုပြုကြသည်။ (ကြည့် အစဒ္ဒလ်ဂါဗဟ်ကျမ်း)။

## (ဂ)။ ဟဇရသ်ဆုဟိုက်ဗ်သခင်၏အစ္စလာမ်သာသနာလက်ခံယုံကြည်ပုံ။

'ဟဇရသ်ဆုဟိုက်ဗ်'(ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်သည်လည်း'ဟဇရသ်အမ္မာရ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်နှင့်အတူတကွအစ္စလာမ် သာသနာဝင် ဖြစ်လာကြ၏။ နဗီတမန်တော်မြတ်သည် 'ဟဇရသ်အရ်ကမ်' သခင်၏အိမ်တော်၌ရှိနေ၏။ ဤသူတော်စင်နှစ်ပါးတို့သည်တဦးစီ တဦးစီ ရောက်ရှိလာကြ၏။ အိမ်တံခါးဝသို့ ရုတ်တရက် ရောက်ရှိလာရာ၊ တဦးနှင့်တဦး အကျိုးအကြောင်းမေးမြန်းရာ အကြံတူနေကြောင်း(၀ါ) အစ္စလာမ် သာသနာ လက်ခံယုံကြည်၍ ကိုယ်တော်မြတ်၏အထံတော်မှ အကျိုးခံယူလိုကြောင်း ဦးတည်ချက်တခုတည်းဖြစ်ခဲ့လေသည်။ အစ္စလာမ်သာသနာ လက်ခံယုံကြည်ကြ၏။ထိုနောက် ထိုအချိန်ကလူနည်းစုအားအင်ချို့တဲ့သည့်အုပ်စုတို့ တွေကြုံရင်ဆိုင်တိုင်းအမျိုးမျိုးအဖုံဖုံ ညှဉ်းပမ်းခြင်းခံကြရ၏။ ထိုနောက်အားမာန်လျော့၍ သာသနာရေးခရီးထွက်ကြရန် ကြံစည်ခဲ့လေသည်။ "ကာဖစ်ရ်"တို့သည် ဤသည်ကို မနှစ်မျို့။ ဤသူတော်စင်များအခြားတနေရာသို့ သွားရောက်၍ အေးချမ်းစွာ အသက်မွေးဝမ်းကျောင်း ပြုကြမည်ကိုလည်း မနှစ်မျို့ကြချေ။ ထို့ကြောင့်အကြင်သူတဦး တယောက် 'ဟစ်ဂျရသ်'သာသနာ့ခရီးထွက်မည့်သတင်းရလျှင် ထိုသူအား လိုက်လံဖမ်းဆီးလေ့ရှိကြသည်။ ဘေးဒုက္ခမှ ကင်းငြိမ်းခွင့်မပြုကြချေ။ ထိုနည်းတူစွာ ဤသူတော်စင်အားလည်း နောက်ယောင်ခံလိုက်ကြလေသည်။ အုပ်စုတစုမှာ လက်ရဖမ်းဆီးရန်လိုက်လာလေသည်။ "ဆုဟိုက်ဗ်" (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် မြှားကျည်တောက်ကို အသင့်ပြင်ဆင်ကာ–

အို-အချင်းတို့၊ ငါသည်အသင်တို့အားလုံးထက် လေးအတတ်၌ ကျွမ်းကျင်သူဖြစ်သည်မှာ အသင်တို့အသိပင်ဖြစ်သည်။ငါ့ထံတော်အပါး၌ မြှားတချောင်းမျှပင်ကျန်ရှိနေသေးသမျှ ကာလပတ်လုံးသင်တို့သည် ငါ့ထံတော်အပါးသို့ချဉ်းကပ်နိုင်ကြလိမ့်မည်မဟုတ်ပေ။ အကယ်၍မြှားတချောင်းမျှပင်မကျန်ရှိတော့သည် နောက်ငါသည် မိမိဓါးရှည်ဖြင့်ပင်သင်တို့အား ခုခံကာကွယ်တိုက်ခိုက်တော်မူမည်။အကယ်၍ ငါ့လက်တော်၌ ထိုဓါးရှည်ပင်မကျန်ရှိတော့သည့်နောက် သင်တို့စွမ်းအင်ရှိသလို ပြုလုပ်နိုင်ပေသည်။ သို့ဖြစ်၍ ငါသည် သင်တို့အတွက်ငါ၏အသက်စည်းစိမ်နှင့်လဲလှယ်ရန်မှာ မက္ကာဟ်မြို့ရှိ မိမိပိုင်ဥစ္စာပစ္စည်းများကို ညွှန်ကြားပြသပေးတော်မူပေမည်။ ကျွန်ုပ်၌ ကျွန်မ ၂-ယောက်လည်းရှိပေသေးသည်။

အလုံးစုံကိုသင်တို့သည် သိမ်းပိုက်ယူကြကုန်လော့ ဟုဆိုလေသည်။ထိုအခွင့်အရေးအချက်အလက်ကို“ကာဖစ်ရ်”အပေါင်းတို့သည် သဘောတူလက်ခံကြလေသဖြင့်“ဆုဟိုက်ဗ်”သခင်သည် မိမိပိုင်ဥစ္စာပစ္စည်းအားလုံးကို စွန့်လွှတ်ပေးအပ်ပြီး အဲသက်ချမ်းသာမှုကိုသာ ရယူရန်ကြံရွယ်၍ အောင်မြင်တော်မူလေသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကျရောက်လာသည့် ‘အာယသ်’ တော်မှာ-

وَمِنَ النَّاسِ مَنْ يَّشْرِىْ نَفْسَهُ ابْتِغَاءَ
مَرْضَاتِ اللّٰهِ وَاللّٰهُ رَءُوْفٌ بِالْعِبَادِ

**အသံထွက်။** ။ဝမေနန်နာစေမိုင်ယယ့်ရီနဖ်စဟုဗ်သေဂါးအမရ်သွာသိလ္လာ ဟိဝလ္လာဟုရအူဖွမ် ဗိလ်အေဗါဒ်။

**အဓိပ္ပါယ်။** ။လူသားတို့အနက် အချို့သောသူတို့သည် အလ္လာဟ် အသျှင်မြတ်၏ နှစ်မြို့မှုကိုသာ ရယူလိုသဖြင့်၊ မိမိအသက်ဇီဝိန်ကိုသာ ဝယ်ယူကြပေသည်။ အကယ်စင်စစ် အလ္လာဟ်အသျှင်မြတ်သည်ကား မိမိအဖန်ဆင်းခံ လူသားတို့အား အလွန်တရာ သက်ညှာထောက်ထားတော်မူသော အသျှင်ဖြစ်ပေသည်။
(ကုရ်အာန်ကျမ်းအကျယ်ရှုလိုသော် ဒုရ်ရေမန်ဆူးရ်ကျမ်း)။

ထိုအချိန်၌ နဗီတမန်တော်မြတ်သည် ၊“ကုဗါ”ဗလီဝတ်ကျောင်းတော်၌ပင် သီတင်းသုံးနေထိုင်တော်မူ၏။ “ဆုဟိုက်ဗ်” သခင် ရောက်ရှိလာသောအခါ သာဝကကြီး၏ ရုပ်အင်္ဂါအဆင်းသဏ္ဌာန်ကို ထောက်ရှုတော်မူ၍ (ဤသူသည်) အမြတ်အစွန်းရှိသော ရောင်းဝယ်ဖေါက်ကားမှုကို ပြုခဲ့၏ဟု မိန့်ကြားတော်မူလိုက်လေ၏။

“ဆုဟိုက်ဗ်” သခင် မိန့်ကြားတော်မူသည်မှာ (ကျွန်ုပ်ရောက်လာချိန်၌) နဗီတမန်တော်မြတ်(ဆလ္လလ္လာဟု အလိုက်ဟိဝစလ္လမ်)သည် စွန်ပလွံသီးကို စားသုံးတော်မူနေသည်။ ကျွန်ုပ်မှာ မျက်စိနာနေပါသော်လည်း ဝင်ရောက်စားသုံးသည်ကို ရှုမြင်တော်မူ၍ တမန်တော်မြတ်က “အေ–ဆုဟိုက်ဗ်၊ သင်သည် မျက်စိနာနေပါသော်လည်း စွန်ပလွံသီးကိုစားသုံးနေပါသလော” ဟု မိန့်ကြားတော်မူသည်ကို၊ ကျွန်ုပ်က “ကျွန်တော်မျိုးသည် တဖက်မှ ကောင်းသည့်မျက်စိအတွက် စားသုံးရပါသည်”ဟု ဖြေကြားလျှောက်ထားတော်မူရာ ကိုယ်တော်မြတ်သည် ရယ်ပြုံးတော်မူလေသည်။ “ဆုဟိုက်ဗ်” သခင်သည် အလွန်တရာ လက်ဖွာလေ့ရှိသည်။ (ဝါ) ငွေအသုံးကြမ်းသည်။ထို့ကြောင့် သာဝကကြီး ‘အုမရ်’သခင်က “သင်အလွန်ဖြုန်းသူဖြစ်သည်” ဟု ဆိုသောအခါ “ကျွန်ုပ်သည် မည်သည့်နေရာမှ အလဟဿဖြုန်းခြင်းမပြုပါ”ဟုဖြေကြားပါသည်။

ဟူ၏။ 'ဟဇရသ်အုမရ်'သခင်သည် 'အလ္လာဟ်'အသျှင်အမိန့်တော်ကို ခံယူခါနီး အချိန်၌၊ မိမိ 'ဂျနာဇဟ်'နမာဇ်ကို 'ဟဇရသ်ဆုဟိုက်ဗ်'သခင်က ဦးဆောင်ဖတ်ပေးပါရန်မှာကြားတော်မူသွားလေသည်။

(ကြည့်-အစဒ္ဒလ်ဂါဖဟ်ကျမ်း)။

## (၉) သာဝကကြီးဟဇရသ်အုမရ်သခင်အကြောင်း။

ဟဇရသ်အုမရ် (ရဒ္ဒေ ယလ္လာဟုသအာလာအန်ဟူ) သခင်၏ အမည်နာမတော်အားဖြင့် ယနေ့ကျွန်ုပ်တို့ မွတ်စလင်မ်များသည် ဂုဏ်ယူလျက်ရှိကြပေသည်။ အကြင်ပုဂ္ဂိုလ်ကြီးသည် သာသနာရေး၌ တက်ကြွမှုကြောင့် ယခု နှစ်ပေါင်း ထောင့်လေးရာကျော် အခါသမယ၌လည်း "ကာဖစ်ရ်" အပေါင်းတို့သည် တုန်လှုပ်ချောက်ချားလျက် ရှိကြသေးသည်။ ထိုပုဂ္ဂိုလ်ကြီးသည် အစ္စလာမ်သာသနာ့ဘောင်တွင်းသို့ မဝင်ရောက်မီက မွတ်စလင်မ်တို့အား ညှဉ်းပမ်းနှိပ်စက်ရာ၌ စံတူမှုကိုပင် မထားခဲ့ပေ။ နဗီတမန်တော်မြတ်ကိုပင် ကွပ်မျက်သတ်ဖြတ်ရန် ထွက်ခဲ့လေသည်။

အကြောင်းသော်ကား၊ တနေ့သ၌ "ကာဖစ်ရ်" အပေါင်းတို့သည် တမန်တော်မြတ်ကို သတ်ရန် လူရွေးချယ်ရေး ကော်မီတီတရပ် ဖွဲ့စည်းကြရာ၊ အုမရ်သခင်က (ဤလုပ်ငန်းကို) ကျွန်တော်ဆောင်ရွက်ပါမည်ဟုပြောရာ လူသူအများက (တသံတည်း) မုချကေန် သင်သာလျှင် ဆောင်ရွက်နိုင်အံ့ဟု ဆိုကြ၏။ အုမရ်သခင်သည် လက်သုံးတော်ဓါးရှည်ကိုလွယ်လျက် ဤမည်သော ရည်ရွယ်ချက်ဖြင့် ရွှေ့ရှုသွားနေရာ "ဇုဟ်ရဟ်" အမျိုးအနွယ်ဝင် "စအဒ်အိဗ်နုအဗိဝက္ကာဆ်"အမည်ရှိ ပုဂ္ဂိုလ်(အချို့သောပုဂ္ဂိုလ်တို့က အခြားသူတဦးအမည် ရေးကြသည်) နှင့် ပက်ပင်းတွေ့ဆုံကြလေသည်။ ထိုပုဂ္ဂိုလ်က အုမရ်-မင်းဘယ်သွားမလို့လဲ၊ အဖြေမှာ မုဟမ္မဒ် (စလ္လမ်)အား လုပ်ကြံသတ်ဖြတ်ကွပ်မျက်ရန် ကြံရွယ်လာကြောင်းကို ပြောကြားလေ၏။(နအူဇုဗိလ္လာဟ်) ကျွန်တော်မျိုးတို့သည် အလ္လာဟ် အသျှင်မြတ်ထံ၌ ခိုလှုံပါ၏။

ဟဇရသ်စအဒ် (ရဒ္ဒေ ယလ္လာဟုသအာလာအန်ဟူ) ဆဟာဗီကြီးက သင်သည် 'ဇုရဟ်' 'ဟာရှင်မ်'နှင့်'အဗ်ဒေမုနာဖ်'တို့၏ မျိုးနွယ်ဝင်ကို အဘယ်သို့ လျစ်လျူရှုနိုင်အံ့နည်း။ထိုသူတို့သည် သင့်အား လက်စားချေတုံ့ပြန်သတ်ဖြတ်ကြပေအံ့ဟု ဆိုလိုက်လေသည်။ ဤဖြေကြားမှုကိုကြားရလျှင်အုမရ်သခင်သည်ဒေါသအမျက်ချောင်းချောင်းထွက်၍ အသင်သည်လည်း သာသနာပြောင်းလဲသွားဟန်တူ၏။ (ဝါ) အစ္စလာမ်သာသနာကို လက်ခံယုံကြည်ထားသူဖြစ်ချေပြီ။ သင့်အား ဦးစွာသတ်ဖြတ်စီရင်အံ့ဟုဆို၍ လက်သုံးတော်ဓါးကို ဝင့်လိုက်လေသည်။ 'စအဒ်'သခင်ကလည်း မိမိ လက်သုံးတော်ဓါးကို ဝင့်ကာ မှန်လှပေသည်။ ငါသည်ကား မွတ်စလင်မ်တဦးဖြစ်ချေပြီဟု

ပြန်လည်ဖြေကြားလိုက်လေသည်။ ထိုသို့တဦးနှင့်တဦး ခုတ်ထစ်သတ်ဖြတ်ရန် ချိန်ရွယ်ကြဆနေစဉ်မှာပင် 'စအဒ်'သခင်က "သင့်အိမ်သူအိမ်သားများ အကြောင်းကို ဦးစွာပထမ စုံစမ်းမေးမြန်းပါဦး။ သတင်းယူပါဦး။ သင့်နှမနှင့် ယောက်ဖတော်တို့သည် အစ္စလာမ် သာသနာဝင်မွတ်စလင်မ်များ ဖြစ်ကြလေကုန်ပြီ" ဟု ပြောကြားလိုက်သော်၊ 'အုမရ်'သခင်သည် ဒေါသမီးကို ချုပ်ထိန်းနိုင်ခြင်းမရှိဘဲ နှမတော်အိမ်သို့ ရှေးရှုလေသည်။ ထိုအိမ်၌ 'ဟဇရသ်ခဗ္ဗါဗ်' သခင်သည် (ဤပုဂ္ဂိုလ်အကြောင်းကို နံပါတ်စဉ်-၆-၌ ဖေါ်ပြခဲ့လေပြီ) တံခါးမ ကိုပိတ်၍ အကြင်ဇနီးမောင်နှံတို့အား ကျမ်းမြတ်**ကုရ်အာန်**ကို သင်ကြားပို့ချတော်မူနေလေသည်။ အုမရ် (ရသေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် တံခါးမကိုဖွင့်စေသည့်အသံ ကြားသောအခါ "ခဗ္ဗါဗ်" သခင်သည် အဆောတလျင် ပုန်းကွယ်ရလေသဖြင့် ကျမ်းမြတ်**ကုရ်အာန်**သည် မေ့ကျန်ရစ်ခဲ့လေတော့သည်။ နှမတော်က တံခါးဖွင့်ပေးလိုက်သည့်အခါ **အုမရ်**သခင်သည် မိမိလက်၌ ပါလာသည့် တစုံတရာဖြင့် နှမ၏ဦးခေါင်းကို အားမနာတမ်း ရိုက်ချလိုက်လေသည်။ သို့ဖြင့် သွေးများ ဖြာထွက်လာလေသည်။ ထိုနောက် ငါ့ရန်သူ၊ သင်တို့သည် သာသနာပျက်တွေ ဖြစ်ကုန်ပြီ မဟုတ်လောဟု ပြောကြားလေသည်။ ထို့နောက် အိမ်တွင်းသို့ဝင်၍ သင်တို့ ယခုဘာလုပ်နေကြသလဲ၊ အခြားတဦး၏အသံလည်း ကြားမိသည်။ အဘယ်သူနည်းဟု တဆက်တည်း မေးမြန်းလိုက်လေ၏။ ယောက်ဖဖြစ်သူက စကားစမြည်ပြောဆိုနေခြင်းသာဖြစ်ကြောင်း ပြန်ကြားလေသည်။ သင်တို့သည် မိမိသာသနာကိုစွန့်၍ အခြားသာသနာကို လက်ခံလိုက်ကြသည် မဟုတ်ပါလော။ ယောက်ဖက အကယ်၍ အခြားသာသနာသည် တိကျမှန်ကန်သည့် သာသနာဖြစ်ခဲ့သော်၊ဟုသာ ပြောရသေးသည်၊ မုတ်ဆိတ်ဆွဲ၍ရက်ရက်စက်စက်ရိုက်နှက်ကာ တွန်းလှန်ချလိုက်လေသည်။ နှမဖြစ်သူက ဆွဲရန်လာသောအခါ အားကုန်လွှဲ၍ ပါးတချက်ရိုက်ရာ သွေးများပင် ယိုစီးကျလာလေသည်။ ထိုသူတော်စင်မသည်လည်း အုမရ်သခင်၏ နှမရင်းချာပင် မဟုတ်ပါလော။ သူမက ဟော့—အုမရ်၊ ဒို့မွတ်စလင်မ်ဖြစ်လို့ နင်ရိုက်တာလား၊ ဟုတ်တယ် ဒို့မွတ်စလင်မ်ဖြစ်ကုန်ပြီ၊ နင်ဒို့ကို လုပ်ချင်ရာသာလုပ်ပေတော့ဟု ဒေါသဖြင့် ပြောကြားလိုက်လေသည်။ ကျန်ရှိသည့်ကျမ်းမြတ် ကုရ်အာန်ကို အုမရ်သခင်မြင်တွေ့လိုက်လေသည်။ ဒေါသမှာလည်း စိတ်တိုင်းကျရိုက်နှက်ရသဖြင့် လျော့နည်း သွားချေပြီ၊ နှမဖြစ်သူမှာ သွေးထွက်သံယိုဖြစ်လာသဖြင့်လည်း အနည်းငယ်ရှက်ကြောက်လာလေသည်။ ကောင်းပြီ၊ ကောင်းပြီ၊ ဒါဘာလဲဆိုတာ ငါ့ကိုတဆိတ်လောက် ပြကြစမ်းပါဟုဆို၏။ နှမဖြစ်သူက သင်၏ ကိုယ်ခန္ဓာသည် မသန့်ဖြစ်နေသည်။ ကိုယ်မသန့်သူသည် ဤကျမ်းမြတ်ကုရ်အာန်ကို ကိုင်တွယ်ခြင်းမပြုရဟုဆို၏။ အကြိမ်ကြိမ်တောင်းခံသော်လည်း ရေမချိုး၊ ဝုဇူမပြုသမျှကာလပတ်လုံး နှမတော်သည် မပေးဘဲ သိုသိမ်းထားလိုက်လေသည်။ နောက်ဆုံး ရေမိုးချိုး၍ ကိုယ်လက် သန့်စင်လာမှ ကိုင်တွယ်ခွင့် ပြုလိုက်လေသည်။ အုမရ်သခင်သည် မိမိကိုယ်တိုင် ကိုင်ယူ၍ ထိုကျမ်းမြတ် ကုရ်အာန်ကို ကြည့်ရှုလေသည်။ "စူရဟ်သွာဟာ်"ကို မြင်တွေ့သဖြင့် ဖတ်ရှုလေ၏။ ဖတ်၍၊ ပါဒ၊ 'အာယသ်' ပေါင်း အတော်အတန် ကျော်လွန်လာသည့်အခါ၌—

إِنَّنِي أَنَا اللَّهُ لَا إِلَٰهَ إِلَّا أَنَا فَاعْبُدْنِي
وَأَقِمِ الصَّلَاةَ لِذِكْرِي

အသံထွက်။ ။အင်နနီအ နလ္လာဟုလား အိလာဟာအီလ္လာ အနာဖအ်ဗုဒ်နီဝအကေမိဿလာသ လေဇိက်ရီ။

အဓိပ္ပါယ်။ ။မုချကေန် ငါအသျှင်မြတ်သာလျှင်အလ္လာဟ်အသျှင်ဖြစ်တော်မူသည်။ငါအသျှင်မှ တပါး အခြားခဝပ်ကိုးကွယ်ရာ အသျှင်ဟူ၍ အလျှင်းမရှိ။ သို့ဖြစ်၍ သင်သည် ငါအသျှင်ကိုသာ ခဝပ် ကိုးကွယ်လော့။ ထို့ပြင် ငါအသျှင့်အား တသ၊ သတိ ရရှိရေးအတွက် နမာဇ်ဝတ်ပြုလော့။

အထိရွတ်ဖတ်လေရာ၊ အခြေအနေမှာ လုံးဝပြောင်းလဲသွားလေသည်။ ကောင်းလေစွ၊ ကောင်းလေစွ၊ ကျွန်ုပ်အား မုဟမ္မဒ် (စလ္လမ်) သခင့်အပါးတော်သို့ ခေါ်ဆောင်ကြကုန်လော့ဟု ပြောလာသံကို "ဟာဇရသ်ခဗ္ဗါဗ်" (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်က ကြားလျှင်ကြားခြင်း ပုန်းအောင်းရာမှထွက်လာ၍၊ အုမရ်–ယမန်နေ့ကြာသပတေးည၌ ကနဗီ(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) တမန်တော်မြတ်သည် အုမရ်နှင့်အဗူဂျဟလ်တို့—၂-ဦးအနက်၊ တဦးဦးကို (ဤပုဂ္ဂိုလ်—၂-ဦးတို့သည်ကာယဗလအားဖြင့် ပြည့်စုံသူများဖြစ်ကြသည်။) အသျှင်မြတ်နှစ်မြို့တော်မူသောသူအား အစ္စလာမ်သာသနာ ချီးမြှင့်တော်မူ၍ အစ္စလာမ်သာသနာ၏ အားအင်ဖြည့်တင်းပေးသနားတော်မူပါဟု ဆုမွန်ဒုအာ တောင်းခံခဲ့သည့်အကြောင်းသင့်အားသတင်းကောင်းပါးလိုက်ချင်သည်။ နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)၏ ဆုမွန်ဒုအာသည် သင့်အတွက်အကျိုးဖြစ်ချေပြီ။ ထို့နောက် နဗီတမန်တော်မြတ် (ဆလ္လလ္လဟုအလိုက်ဟိဝစလ္လမ်) ထံတော်အပါးသို့ ခေါ်ဆောင်သွား၍ သောကြာနေ့နံနက်အချိန်၌ အစ္စလာမ်သာသနာဝင် မွတ်စ်လင်မ်အဖြစ်ကို ခံယူတော်မူလေသည်။

'အုမရ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် အစ္စလာမ် သာသနာဝင် မွတ်စ်လင်မ်ဖြစ်လာခြင်းဖြင့် "ကာဖစ်ရ်"အပေါင်းတို့သည် စိတ်ဓါတ်ကျဆင်းစပြုလာလေသည်။ သို့ဖြစ်ပေငြားသော်လည်း ဤအုပ်စုသည် အလွန် သေးငယ်လှပေသည်။ ထိုသူတို့သည်ကား 'မက္ကာဟ်'တမြို့လုံးတွင်မက ရှိရှိသမျှသော အာရင်တို့ဖြစ်ကြလေသည်။ ထို့ကြောင့်ပင် တက်တက်ကြွကြွ ရှိသေးသည်။ ထပ်ဆင့်အစည်းအဝေးခေါ်ယူကာ ထိုပုဂ္ဂိုလ်မြတ်တို့ကို သုတ်သင်ပစ်ရန် အမျိုးမျိုးအဖုံဖုံ ကြံစည်အားထုတ်ကြလေသည်။ သို့ပါသော်လည်း အစ္စလာမ် သာသနာဝင်

မွတ်စလင်မ် အပေါင်းတို့သည် 'အုမရ်'(ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင် အစ္စလာမ်သာသနာဝင် ဖြစ်လာသဖြင့် မက္ကာဟ်မြို့ရှိ "ကအ်ဗဟ်"ဝတ်ကျောင်းတော်၌ နမာဇ်ဝတ်ပြုနိုင်ကြလေသည်။

✓ 'ဟဇရသ်အဗ်ဒွလ္လာဟ်အိဗ်နုမတ်စ်အူဒ်'(ရသွေ့ယလ္လာဟုသအာအန်ဟူ) သခင်က 'အုမရ်' သခင် အစ္စလာမ်သာသနာဝင်ဖြစ်လာခြင်းဖြင့် အစ္စလာမ်သာသနာဝင်တို့အဖို့ အောင်မြင်မှုတရပ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်၏ "ဟစ်ဂျရသ်"ပြုခြင်းဖြင့် အစ္စလာမ်သာသနာဝင်တို့အဖို့ အကူအညီတရပ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်"ခေလာဖသ်" ဆက်ခံခြင်းဖြင့် အစ္စလာမ်သာသနာဝင်တို့အဖို့ စိတ်အေးချမ်းသာမှုတရပ် ဖြစ်သည်ဟု မိန့်ကြားတော်မူသည်။ (ကြည့်–အစဒ္ဒလ်ဂါဗဟ်ကျမ်း)

## (၁၀)။ မွတ်စလင်မ်အချို့ အဗီးစီးနီးယားပြည်သို့ ရွှေ့ပြောင်း နေထိုင်ခြင်းအကြောင်း။

အစ္စလာမ်သာသနာဝင်တို့အားလည်းကောင်း နဗီတမန်တော်မြတ်အား လည်းကောင်း၊ နှိပ်စက်ညှဥ်းပမ်းကြရာ၌ "ကာဖစ်ရ်"တို့သည် လက်မလျှော့တမ်းပြုလုပ်နေကြလေသည်။ လျှော့နည်းမည့်အစား တနေ့တခြားတိုးတက်ကြီးထွားလာသည်ကို နဗီတမန်တော်မြတ် (ဝစလ္လမ်)သိရလေသော်၊ မိမိရပ်ဌာနီကိုစွန့်ခွာ၍ အခြားတနေရာသို့ ထွက်ခွာ၍ "ဟစ်ဂျရသ်"ပြုရန် ကိုယ်တော်မြတ်ခွင့်ပြုလိုက်လေသည်။ များစွာသော မွတ်စလင်မ်တို့သည် "အဗီးစီးနီးယား" ပြည်ဘက်သို့ ရှေ့ရှုကြလေသည်။ "အဗီးစီးနီးယား"ပြည့်ရှင်ဘုရင်သည် "အကယ်စင်စစ်ခရစ်ယာန်"ဘာသာဝင်ဖြစ်သော်လည်း (ထိုအချိန်အထိ အစ္စလာမ်သာသနာဝင် မဖြစ်သေးချေ) ထောက်ထားညှာတာမှု၊တရားမျှတမှုတို့ဖြင့် ကျော်ကြားထင်ရှားလျက်ရှိပေသည်။ နဗဝီ–၅–ခုနှစ်၊ ရဂျဗ်လ၌ ပထမအသုတ် ၁၁–၁၂–ယောက်သော အမျိုးသားတို့သည်လည်းကောင်း၊ ၄–၅–ယောက်အမျိုးသမီးတို့သည်လည်းကောင်း၊ "အဗီးစီးနီးယား" ပြည်ဘက်သို့ ခရီးထွက်ကြလေသည်။ 'မက္ကာဟ်' မြို့သူမြို့သားတို့သည် လိုက်လံဟန့်တားကြပါသော်လည်း မအောင်မြင်ကြပေ။ လက်လျှော့လိုက်ရလေသည်။ ထိုသို့ရောက်ရှိကြသောအခါ မက္ကာဟ်မြို့သူမြို့သားအပေါင်းတို့သည် တယောက်မကျန်အစ္စလာမ်သာသနာတော်ဘောင်တွင်းသို့ ဝင်ရောက်လာကြကြောင်း၊ အစ္စလာမ်သာသနာသည် အောင်မြင်မှုကို ရရှိကြောင်း၊ အကြောင်းသတင်းများရရှိလာကြလေသည်။

ဤသတင်းကို ရရှိသဖြင့် ဤပုဂ္ဂိုလ်တို့သည် အတိုင်းမသိဝမ်းမြောက်ကြ၍မိမိနေရပ်ဒေသသို့ ပြန်ရောက်လာကြလေသည်။ နေရပ်ဒေသအနီးသို့ ရောက်သော် သတင်းမဟုတ်မမှန်ကြောင်းသိရှိကြရလေသည်။ မက္ကာဟ်မြို့သူမြို့သားတို့သည် အလျင်ထက်ပင် ပို၍ ညှဥ်းပမ်းနှိပ်စက်နေကြသေးသည်ကို တွေ့ကြုံရ၍ အလွန်အခက်အခဲနှင့် ရင်ဆိုင်ကြပြန်လေသည်။ အချို့သောသူတို့သည် လမ်းခုလပ်မှပြန်လှည့်သွားကြသည်။ အချို့သောသူတို့ကား၊ တဦးတယောက်သောသူထံ၌

အသီးသီးဝင်ရောက်ခိုလှုံမှုကို ခံယူကြလေသည်။ ဤသည်ကား (အဗီးစီးနီးယား) ပြည်သို့ပထမအကြိမ် "ဟစ်ဂျရည်" သာသနာ့ခရီးထွက်ခြင်း ဖြစ်လေသည်။ ထိုနောက်အုပ်စုတစုသည် အမျိုးသား (၈၃) ယောက်နှင့် အမျိုးသမီး(၁၈) ယောက်တို့မှာ အသုက်လိုက်ခွဲ၍ "ဟစ်ဂျရည်"ပြုကြလေသည်။ ဤသည်ကား "အဗီးစီးနီးယား"သို့ ဒုတိယအကြိမ် ဟစ်ဂျရည်ပြုခြင်း ဖြစ်၏။ အချို့သော ဆဟာဗီကြီးတို့သည် နှစ်ကြိမ်လုံး၌ ပါဝင်၍ အချို့မှာမူကား တကြိမ်တည်းသာ 'ဟစ်ဂျရည်' ခရီးထွက်ကြလေသည်။

အစ္စလာမ်သာသနာဝင် မွတ်စလင်မ်အပေါင်းတို့သည် "အီသီယိုပီးယား"ပြည်၌အေးချမ်းစွာ နေထိုင်ကြရကြောင်း သိရှိ၍ ကာဖစ်ရ်တို့သည်မခံမရပ်ဖြစ်ကာ ဒေါသထွက်ပြီး လက်ဆောင်ပဏ္ဏာတော် အမြောက်အမြားနှင့်တကွ ကိုယ်စားလှယ် အဖွဲ့တဖွဲ့ကို ( အဗီသီယိုပီးယား ) ပြည့်ရှင် 'နဂျယှ'"ဘုရင်မင်းထံသို့ စေစားလိုက်လေသည်။ ထိုကိုယ်စားလှယ် အဖွဲ့တဖွဲ့သည် ဘုရင်မင်းအတွက်လည်းကောင်း၊ နန်းညွန့် နန်းရံအပါးတော်မြဲများ အဖို့လည်းကောင်း၊ မှူးကြီးမတ်ရာ သေနာပတိများနှင့် မင်းဆရာများ ဖြစ်ကြသော ခရစ်ယာန် ဘုန်းတော်ကြီးများအတွက်လည်းကောင်း လာဘ်တံစိုးလက်ဆောင် ပဏ္ဏာများကို ဆက်သကာ ဘုရင်မင်းထံသို့ လျှောက်ထား ပေးကြပါမည့်အကြောင်း ဂတိကိုရယူကြလေသည်။

ထိုနောက် ဘုရင်မင်းအပါးတော်သို့ ဝင်ရောက်ကြလေသည်။ ဘုရင်မင်းအပါးတော်သို့ ဝင်ရောက်ရာ၌ ဦးစွာပထမ ရှိခိုးဦးချကြလေသည်။ ထိုနောက် လက်ဆောင်ပဏ္ဏာတော်များကို ဆက်သကြ၏။ထိုနောက် ဘုရင်ထံလျှောက်ထားကြသည်မှာ "အို–ဘုရင်မင်းမြတ်၊ ကျွန်တော်မျိုးတို့၏ အမျိုးသားများအနက်မှ လူငယ်တစုတို့သည် ရှေးပဝေဏီ ခေတ်ကာလကကိုးကွယ်ဆည်းကပ်လာသည့် ဘာသာ-သာသနာကို စွန့်ပယ်ကာ၊ဘာသာအသစ်အဆန်းတရပ်ကို လက်ခံယုံကြည် ကိုးကွယ်နေကြပါသည်။ ယင်းသာသနာရေးအကြောင်းနှင့်စပ်လျဉ်း၍ ကျွန်တော်မျိုးတို့သည်လည်းကောင်း၊ ဘုရင်မင်းမြတ်သည်လည်းကောင်း မသိနိုင်ကြပါ။ ထိုသူတို့သည် ယခုအရှင်မင်းကြီး၏ တိုင်းနိုင်ငံသို့ လာရောက်ခိုလှုံနေကြပါသည်။ 'မက္ကာဟ်မြို့'ရှိ မြို့မျက်နှာဖုံးဖြစ်သူများသည်လည်းကောင်း၊ ထိုသူတို့၏ အုပ်ထိန်းသူ မိဘသားချင်းတို့သည်လည်းကောင်း၊ ကျွန်တော်မျိုးတို့အား ပြန်ခေါ်လာကြပါရန် စေလွှတ်ကြပါသည်။သို့ဖြစ်၍ အရှင်မင်းကြီးသည် ထိုသူတို့အား ကျွန်တော်မျိုးတို့ကို ပြန်လည်ခေါ်သွားခွင့်ပြုပါရန် လျှောက်ထားပန်ကြားအပ်ပါသည်"ဟု လျှောက်ထားရာ၊နန်းသူနန်းသား၊ စားဘားအပေါင်းတို့က တသံတည်းထောက်ခံကြလေသည်။ ဘုရင်မင်းက–အကြင်သူတို့သည် ငါ၏နိုင်ငံ နယ်နိမိတ်အတွင်းသို့ လာရောက်ခိုလှုံနေထိုင်ကြသည်ရှိသော်၊ ထိုသူတို့အား မစစ်ဆေးပဲ၊ သင်တို့အား ဝကွက်၍ မအပ်နိုင်သေးကြောင်း၊စုံစမ်းစစ်ဆေး မေးမြန်း၍ အကယ်၍စင်စစ် သင်တို့လျှောက်ထားသည့်အတိုင်း မှန်ကန်နေပါမူ ပြန်လည်အပ်နှင်းရန် ငါကိုယ်တော်၌ ဝန်မလေးကြောင်း ပြန်လည်မိန့်ကြားလိုက်လေသည်။

ထို့နောက် အစ္စလာမ်သာသနာ၀င်တို့အား ဆင့်ခေါ်လိုက်ရာ အစ္စလာမ်သာသနာ၀င်မှတ်စလင်မ်တို့သည် ပထမမှာမူ အလွန်စိုးရိမ်ကြောင့်ကြကုန်၏။ သို့သော်'အလ္လာဟ်'အသျှင်မြတ်၏ ဆောင်မတော်မူသောကြောင့် အတော်အတန်ခံနိုင်ရည်ရှိလာကြ၏၊ အပါးတော်သို့၀င်ရောက်၍ ပြတ်ပြတ်နှင့် ရှင်းရှင်းသာ အစီရင်ခံကြမည်ဟု ဆုံးဖြတ်ကြလေသည်။ ဘုရင့်အပါးတော်သို့ ရောက်ရှိလာသောအခါ စလာမ်ကိုသာဆက်သကြ၏။

(နန်းတွင်းမှ) တပါးသောသူက၊ အသင်တို့သည် ဘုရင်မင်းမြတ်အား ဦးညွှတ်၍ခယ ရှိကျိုး၊ ကျိုးနွံ၍ နှုတ်ခွန်းတော် ဆက်ကြရမည်ဟုပြောလေသည်။ (ထိုအခါ)မှတ်စလင်မ်တို့က၊ ကျွန်ုပ်တို့အား၊ ကျွန်ုပ်တို့၏ နဗီတမန်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိ၀စလ္လမ်) က အလ္လာဟ် အသျှင်မြတ်မှတပါး အခြားမည်သူ့ကိုမျှ ဦးချကျိုးနွံခွင့်မပြုကြောင်း ပြန်လည်လျှောက် ထားလိုက်၏။ ထိုနောက် ဘုရင်မင်းက အကျိုးအကြောင်း မေးမြန်းတော်မူရာ–

'ဟဇရတ်ဂျအ်ဖရ်'သခင်သည် ရှေ့တော်သို့တိုး၍ "အို–ပြည့်ရှင်ဘုရင်မင်းကြီး၊ ကျွန်တော်မျိုးတို့သည်၊ အမိုက်မှောင်၌ နေခဲ့ကြရ၏။ အလ္လာဟ်အသျှင်မြတ်ကိုလည်း မသိကြ၊ အသျှင့်တမန်တော်များကိုလည်း မတွေ့ဘူးကြပေ။ ကျောက်ခဲကျောက်တုံးများကိုသာလျှင် မိမိအရှင် သခင် ထင်မှတ်နေကြရသည်။ အသေကောင်အသေသားကို စားသုံးကြရသည်။ မကောင်းမှု ဟူသရွေ့ကို အကောင်းထင်၍ လုပ်ဆောင်နေကြရသည်။ ကျွန်ုပ်တို့သည် ၀ဲဂယက်တွင် နစ်မြုပ်နေစဉ်၊ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်တပါးကို စေလွှတ်တော်မူခဲ့သည်။ ထိုတမန်တော်၏ မျိုးရိုးဇာတိတော်ကိုလည်းကောင်း၊ အကျင့်သိက္ခာသမာဓိကို လည်းကောင်း၊ ဘာသာရေး၊ သာသနာရေး၌ ကိုင်းရှိုင်းမှုကိုလည်းကောင်း ကျွန်ုပ်တို့ကောင်းကောင်းကြီး သိကျွမ်းခဲ့ကြသည်။ ထိုတမန်တော်က ကျွန်ုပ်တို့အား အတုအပမရှိ၊ တပါးတည်းသော အလ္လာဟ်အသျှင်မြတ်ကိုသာ ကိုးကွယ်ဆည်းကပ်လာရန် ဖိတ်ခေါ်တော်မူသည်။ ကျောက်ခဲ ကျောက်တုံးများကို ကိုးကွယ်ဆည်းကပ်ခြင်းမှ တားမြစ်တော်မူသည်။ ထိုတမန်တော်က ကျွန်ုပ်တို့အား မှန်ကန်သည့်စကားကိုသာ ပြောကြားရမည်။ "ရမ်ဇာန်"လ၌ ရိုဇဟ်ဥပုသ် ဆောက်တည်ရမည်။ သစ္စာသမာဓိထားရှိရမည်။ ဆွေမျိုးသားချင်းများနှင့် ချစ်ခင်စွာ ပေါင်းသင်း ဆက်ဆံရမည်။ အိမ်နီးချင်းများနှင့်လည်း ပြေပြေလည်လည်ဆက်ဆံရမည်။ နမာဇ် ငါးကြိမ် ၀တ်ပြုရမည်။ စွန့်ကြဲလှူဒါန်းရမည်။ ကာမေသုမိစ္ဆာစာရ–သူတပါးသားမယားများကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်ရမည်။ မုသာ၀ါဒ–လိမ်လည်ပြောဆိုခြင်းမှ ရှောင်ကြည်ရမည်။ သူတပါးအား စွပ်စွဲခြင်းမှ ရှောင်ကြဉ်ရမည်။ မိတဆိုး–ဖတဆိုး ကလေးသူငယ်များ၏ ဥစ္စာပစ္စည်းများကို စားသုံးခြင်းမှ ရှောင်ကြဉ်ရမည်။ အချုပ်အားဖြင့် မကောင်းမှုဟူသရွေ့မှ ရှောင်ကြဉ်ရမည် စသည်များကို မိန့်ကြားဩ၀ါဒပေးတော်မူသည်။

ကျွန်ုပ်တို့အား ကျမ်းမြတ် "ကုရ်အာန်" ကို သင်ကြားပြသတော်မူသည်။ ကျွန်တော်မျိုးတို့သည် ၎င်း'ကုရ်အာန်'အပေါ် 'အီမာန်' ယုံကြည်လာကြသည်။ပညပ်တော်များကို လိုက်နာကျင့်ကြံလာကြသဖြင့် ကျွန်တော်မျိုးတို့အား အမျိုးသားတို့သည် ရန်သူ့အကြည့်မျိုး ကြည့်လာကြသည်။ ရန်သူအား ဆက်ဆံသည့်နည်းတူ ဆက်ဆံလာကြသည်။ နည်းမျိုးစုံဖြင့် ညှဉ်းပမ်းနှိပ်စက်ခဲ့ကြသည်။ ကျွန်တော်မျိုးတို့သည် ကမ်းကုန်အောင် သည်းခံ၍နေခဲ့ကြရာ ယခုမူ သည်းမခံနိုင်တော့သဖြင့် မိမိတို့၏ နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)၏ ညွှန်ကြားချက်အရ ဘုရင်မင်းမြတ်ထံတော်သို့ လာရောက်ခိုလှုံရခြင်းဖြစ်ပါသည်"ဟု လျှောက်ထားလိုက်လေသည်။

ဘုရင်မင်းက "မှန်လိုက်လေ၊ သင်တို့ထံ နဗီတမန်တော်မြတ် ဆောင်ကြဉ်းလာသည့် ကျမ်းမြတ်'ကုရ်အာန်'မှ အနည်းငယ်ဖတ်ကြားလော့"ဟု အမိန့်ရှိလာ၏။ "ဟဇရတ် ဂျအ်ဖရ်" (ရသေ့ယလ္လာဟုအန်ဟု)သခင်သည် "စူရဟ်မရ်ယမ်"ကို အစမှစ၍ ဖတ်ကြားတော်မူလေသော်၊ ဘုရင်မင်းနှင့်တကွ သဘာဝဥ်ရှိသူ အခစားရှိသော သူတို့အားလုံးသည် ထိမ်းမနိုင်သိမ်းမရဖြစ်ကာ အားရပါးရ ငိုချလိုက်လေသည်။ မုတ်ဆိတ်များတောင် ရွှဲရွှဲစိုသည်ဟူ၏။ ထိုနောက် ဘုရင်မင်းက အသျှင့်'ကစမ်' ဤကျမ်းစာနှင့် နဗီတမန်တော်'မူစာ'(အ)ဆောင်ကြဉ်းလာသည့်ကျမ်းစာ ၂–စောင်လုံးသည် မလွဲကေန် တဆူတည်း တပါးတည်းသော အသျှင်ထံမှပင် ဖြစ်သည်ဟုဆိုလာ၏။ ထိုနောက် ကိုယ်စားလှယ်အဖွဲ့အား ဘုရင်မင်းက၊ ကာဖစ်ရ်အပေါင်းတို့အား ဤသူတော်စင်များကို သင်တို့လက်သို့ အလျှင်းမအပ်နှင်းနိုင်ကြောင်း အမိန့်တော်ထားလေသည်။

ထိုသူတို့မှာ သောကဗျာပါရမျှားကြရ၏။ အရှက်တကွဲအကျိုးနည်းဖြစ်ကြရာ၏။ထိုသူတို့သည် တဖန်အချင်းချင်း တီးတိုးနှီးနှောကြလေသည်။ ထိုအခါ တယောက်သောသူက ကျွန်ုပ်တို့သည် မနက်ဖြန်ကျလျှင် နည်းတနည်းကို အသုံးချမည် ထိုနည်းဖြင့် ဘုရင်သည် ဤသူတို့အား ကွပ်မျက်သုတ်သင်ပေအံ့ဟု ပြောလာလေသည်။

ထိုအခါအခြားတယောက်က ဤသို့မလုပ်သင့်ကြောင်း၊ ဤသူများသည် အစ္စလာမ်သာသနာကို ယုံကြည်သဖြင့်သာ ခြားနားနေသည်။ အကယ်စင်စစ်မှာ ကျွန်ုပ်တို့၏ သားချင်းများပင် မဟုတ်တုံလောဟု ပြောသော်လည်း၊ ထိုသူက လက်မလျှော့ပေ။ ဒုတိယနေ့ နံနက်အချိန်၌ ဘုရင်အပါးတော်သို့ တဖန်ဝင်ရောက်ကာ "အို-ပြည့်ရှင်ဘုရင်မင်းမြတ်၊ ဤသူတော်တို့သည်ကား 'အီစာ'သခင်အကြောင်းနှင့် ပတ်သက်၍ မလေးမစားမထီမဲ့မြင် လုပ်ကြပါသည်။ အလ္လာဟ်အသျှင့်သားတော်ဟူ၍လည်း လက်ခံယုံကြည်ခြင်းမရှိကြပါ"ဟု လျှောက်ထားပြန်လေသည်။

ဘုရင်မင်းကြီးသည် အစ္စလာမ့်သာသနာတော်ဝင် မွတ်စလင်မ်သူတော်စင်တို့အား တဖန်ဆင့်ခေါ်ပြန်၏။ (သာဝကကြီးတို့သည် ဒုတိယနေ့ ပြန်ခေါ်ခြင်းဖြင့် အလွန်စိုးရိမ်ကြောင့်ကြမှု

ဖြစ်မိကြောင်း ပြောသည်ဟူ၏) မည်သို့ပင်ဖြစ်စေ သွားကြသည်။ ဘုရင်မင်းက အသင်တို့ "အီစာ" (အလိုက်ဟိဆ်ဆလာသဝတ်(စ္စ)လာမ်)သခင် အကြောင်းနှင့် ပတ်သက်၍ အဘယ်သို့ ထင်မြင် ယူဆသနည်းဟု မေးမြန်းလာ၏။ သာဝကကြီးတို့က "ယင်းအကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ နဗီတမန်တော်မြတ်ထံတော်အပါးသို့ ကျရောက်ခဲ့သည့်အတိုင်း ကျွန်တော်မျိုးတို့ ယုံကြည်ပါသည်။ ထိုပုဂ္ဂိုလ်သည် အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံ လူသားတဦးပင် ဖြစ်တော်မူကြောင်းနှင့် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်တပါးဖြစ်ကြောင်း ကျမ်းမြတ်ကုရ်အာန်တွင် ဤသို့လာရှိသဖြင့်၊ ကျွန်ုပ်တို့သည် ဤအတိုင်းသာ ယုံကြည်ထားကြောင်း ပြန်လျှောက်ထားလေသည်။

ထိုနဗီတမန်တော်သည် အလ္လာဟ်အသျှင့်ရုဟ်(ဝါ)အသျှင်မြတ် ချီးမြှင့်ထားသည့် အသက်ဇီဝိန်တော်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်က အထူးပြုထားသည့် ဂုဏ်ပုဒ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကို အလ္လာဟ်အသျှင်မြတ်သည် အပျိုစင် "မရ်ယမ်"သခင်မအား ချီးမြှင့်တော်မူသဖြင့် ပဋိသန္ဓေကိန်းအောင်းလာပါသည်။ (ထိုအခါ) "နဂျာယှ" ဘုရင်မင်းက "အီစာ" သခင်ကလည်း၊ ဤသည်ထက်ပို၍ မည်သို့မျှ အမိန့်မရှိကြောင်း မိန့်တော်မူလိုက်၏။

မင်းဆရာများဖြစ်ကြသော "ခရစ်ယာန်ဘုန်းတော်ကြီးများသည် အချင်းချင်း တီးတိုးနေကြလေသည်။ နဂျာယှဘုရင်က အချင်းတို့ဆိုလိုရာဆိုကြပေလော့။ လက်ဆောင်ပဏ္ဏာများကို ပြန်ပေးစေ၏။ အစ္စလာမ့်သာသနာဝင် အပေါင်းတို့အား အသင်တို့သည်အေးချမ်းသာယာစွာနေနိုင်ကြသည်။ အကြင်သူသည် သင်တို့အား မတရား နှိပ်စက်ခဲ့သော် ထိုသူသည် လျော်ကြေး ပေးရမည်။ ချက်ခြင်းအမိန့်တော်တရပ်ကိုလည်း ပြဋ္ဌာန်းတော်မူလိုက်လေသည်။ အကြင်သူသည် အစ္စလာမ့် သာသနာဝင်တို့အား မတရားညှဉ်းဆဲခဲ့သည်ရှိသော်၊ ထိုသူသည် ထိုက်တန်သည့် လျော်ကြေးကို ဆောင်ရပေအံ့ဟူ၏။ (ကြည့်-ခမီးစ်ကျမ်း)။

ဤအမိန့်တော်ဖြင့် အစ္စလာမ့်သာသနာတော်ဝင် မွတ်စလင်မ်တို့အဖို့သာ၍ပင် သိက္ခာရှိရှိ ဂုဏ်ရှိရှိနှင့် နေထိုင်ကြရလေသည်။ ကိုယ်စားလှယ်အဖွဲ့ဝင်တို့မှာ အရှက်တကွဲအကျိုးနဲနှင့်သာ ပြန်ကြရလေသည်။ မက္ကဟ်မြို့ရှိ "ကာဖစ်ရ်"တို့ အဖြစ်ကိုမူ အထူး တွေးနေစရာ လိုတော့မည် မထင်တော့ပေ။ "ဟဇရတ်အုမရ်" (ရသွေ့ယလ္လာ ဟု သအာလာအန်ဟူ) သခင် အစ္စလာမ့် သာသနာဝင် ဖြစ်လာခြင်းဖြင့်လည်း မခံမရပ်နိုင်ဖြစ်ကြရလေသည်။ အခါခပ်သိမ်း ကိုယ်တော်မြတ်နှင့် လူသူအများ ဆက်သွယ်မှုမှ ကင်းဝေးကြရန်ကိုပါ တွေဝေစဉ်းစားနေကြလေသည်။အစ္စလာမ်တည်းဟူသော ရောင်ခြည်တော်ကို မည်သို့ ငြိမ်းအေးရမည်နည်း။

## "သပိတ်မှောက်ခြင်း"

တရံရောအခါ မက္ကာမြို့ရှိ မြို့မျက်နှာဖုံးတို့သည် အချင်းချင်း ဆွေးနွေးဆုံးဖြတ်ကြသည်မှာ ကျွန်ုပ်တို့သည် လူသိရှင်ကြား 'မုဟမ္မဒ်သခင်'(စလ္လမ်)အား ကွပ်မျက်ကြမည်။ သို့သော် ကွပ်မျက်ရာ၌ လွယ်လှသည့်ကိစ္စ မဟုတ်ကြောင်း 'ဟာရှင်မ်'အမျိုးအနွယ်ဝင်အုပ်စုမှာ သေးငယ်သည့် အုပ်စုမဟုတ်ကြောင်း၊ ထိုအုပ်စုသည် အလုံးအရင်းနှင့် အစ္စလာမ်သာသနာတွင်းသို့ မဝင်ရောက်ကြသေးသော်လည်း (ကိုယ်တော်မြတ်အား ကူညီကြသည်) ကိုယ်တော်မြတ်အား ကွပ်မျက်သတ်ဖြတ်ရန် သဘောတူကြလိမ့်မည်မဟုတ်ကြောင်း အချေအတင် ဆွေးနွေးကြ၍ နောက်ဆုံး အားလုံးသဘောတူ ဆုံးဖြတ်ချက်တခုကို အတည်ပြုကြလေသည်။ ၎င်းမှာ ကျွန်ုပ်တို့သည် 'ဟာရှင်မ်' အမျိုးအနွယ်ဝင်များနှင့် 'မွတ်သွလစ်ဗ်'မျိုးနွယ်ဝင်တို့အား သပိတ်မှောက် အဆက်အတောက် ဖြတ်ထားကြရမည်။မည်သူတဦးတယောက်မှ ထိုမျိုးနွယ်ဝင်များနှင့် အတူတွဲထိုင်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊စကားပြောဆိုခြင်း၊ အသွားအလာပြုလုပ်ခြင်းစသည်များကို ရှောင်ကြဉ်ရမည်။

အထက်ပါဝန်ခံချက်ကတိသည် နှစ်ဦးနှစ်ဘက် ပြေလည်ရာပြေလည်ကြောင်း၊ ကြေအေးကြောင်းဖြစ်လာလျှင် သော်လည်းကောင်း၊ သို့တည်းမဟုတ် 'မုဟမ္မဒ်'ကို ကျွန်ုပ်တို့အား ကွပ်မျက်ရန် အပ်နှင်းလာလျှင်သော်လည်းကောင်း၊ (နအူဇုဗိလ္လာဟ်)၊ ဤသို့သော အချက်များ မဖြစ်လာသမျှကာလပတ်လုံး အမိန့်တည်နေရမည်။ ဤကတိဝန်ခံချက်များသည် နူတ်အပြောသာမက နဗီဝီ-၇-ခုနှစ်၊ "မုဟရ်ရမ်" လ ၁-ရက် (ဝ၇) နှစ်ဆန်းတရက်နေ့မှာ ရေးသား၍ "ကအ်ဗဟ်"ကျောင်းတော်၌ ချိတ်ဆွဲထားကြသည်။ ဤကျောင်းတော်၌ ချိတ်ဆွဲထားခြင်းဖြင့် လိုက်နာရန်မှာ အားလုံး၏ တာဝန်ဖြစ်လာလေသည်။ လေးလေးနက်နက် လေးစားမှုကိုလည်း ပြုလာကြရလေသည်။ ထိုကတိစာချုပ်အရ ကိုယ်တော်မြတ်၏ မျိုးနွယ်ဝင်များ တောင်ကြားတနေရာ၌ အကျယ်ချုပ်အချုပ်ခံ၍-၃-နှစ်တိုင်တိုင်နေကြရလေသည်။ မည်သူမျှ ဤသူများနှင့် တွေ့ခွင့်မရှိကြသလို၊ ဤသူများကိုလည်း မည်သူနှင့်မျှ တွေ့ဆုံခွင့်မပေးကြပေ။ 'မက္ကာ' မြို့မှ မည်သည့်ဥစ္စာပစ္စည်း တစုံတရာကိုမျှလည်း ဝယ်ယူသုံးစွဲခွင့်မရှိ။ ပြင်ပမှ လာရောက်ရောင်းချသူ ကုန်သည်များထံမှလည်း ဝယ်ယူခြင်းမပြုကြရပေ။ အကယ်၍ တဦးတယောက်သော သူက ထွက်လာခဲ့လျှင် ရိုက်နှက်ညှဉ်းပမ်းမှုကို ခံယူကြရလေသည်။ တခုခုသောအရာကို တောင်းခံလာလျှင်လည်း ခါးခါးသီးသီးငြင်းဆန်လိုက်ကြလေသည်။ မိမိတို့ထံပါလာသော ပစ္စည်းဥစ္စာများမှာလည်း သာမန်မျှသာရှိကြသည်။ မည်မျှကြာကြာသုံးစွဲနိုင်အံ့နည်း။ နောက်ဆုံး အငတ်ပြဿနာနှင့် ရင်ဆိုင်ကြရလေသည်။ အမျိုးသမီးများနှင့် ကလေးများမှာ ဆာလောင်မှုကြောင့် အိပ်ခြေမဆည်နိုင်ဘဲ အော်ကြီးဟစ်ကျယ် ငိုကြွေးကြရလေသည်။ ထိုပုဂ္ဂိုလ်မြတ်တို့သည် မိမိတို့ဒုက္ခထက်ပင် ဤကလေးသူငယ်များ၏ ဒုက္ခကိုကြည့်၍ ပိုပြီး စိတ်ဆင်းရဲကြရလေသည်။

သုံးနှစ်အချိန်ကုန်ဆုံးကာမှ 'အလ္လာဟ်'အသျှင်မြတ်၏ ကူညီဆောင်မမှုဖြင့် ရေးဆွဲထားသည့် စာတန်းကို ခြကောင်သတ္တဝါသည် ကိုက်ဖျက်လိုက်သဖြင့်၊ ထိုပုဂ္ဂိုလ်တို့သည် ဘေးဒုက္ခမှ ချမ်းသာခွင့်ရကြလေသည်။ သုံးနှစ်တိုင်တိုင် ဤသို့ ရက်စက်ကြမ်းကြုတ်စွာ သပိတ်မှောက်ခြင်း၊ အကျယ်ချုပ်ထားခြင်းသည် ထိုသူတော်စင်များအဖို့ မည်သို့မည်ပုံ ခံစားကြရသည်ကိုမူ အထူးရေးသားဖွယ်ရာ မလိုတော့ပေ။ ဤပုဂ္ဂိုလ်မြတ်တို့သည် ဇွဲသတ္တိရှိရှိနှင့် မိမိ သာသနာတော်၌ တည်တန့်လျက်ရှိကြပေသည်။ ထိုမျှမက သာသနာကိုပင် ဖြန့်ချီလိုက်ကြသေးသည်။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤမျှသော ဘေးဒုက္ခအမျိုးမျိုးကို ခံယူသွားကြသည့် ပုဂ္ဂိုလ်များ၏ အမည်နာမကို ထုတ်ဖော်၍ ဂုဏ်ယူနေကြသည်၊ ဝင့်ကြွားကြလေသည်။ မိမိကိုယ်တိုင်လည်းနောက်လိုက်များဖြစ်ကြကြောင်းကြွားဝါနေကြသည်။ တိုးတက်ဖွံ့ဖြိုးမှုရယူရာ၌လည်း သာဝကကြီးများကဲ့သို့ ရှိနေကြသည်ဟု အိပ်မက်နေကြလေသည်။ သို့သော် ကျွန်ုပ်တို့သည် ဦးနှောက်အေးအေးထား၍ ထိုသူတော်စင်တို့သည် အဘယ်မျှအနစ်နာခံသွားကြသည်။ 'အစ္စလာမ်' သာသနာရေးအတွက် အောင်မြင်မှုများကို ဆောင်ရွက်သွားကြသည်၊ အောင်မြင်မှု ဟူသည် လုံ့လဥဿာဟအလျောက်သာရှိတော့သည်။ ကျွန်ုပ်တို့သည်ကား စိတ္တသုခ၊ ကာယသုခစသည့်သုခဟူသရွေ့ကို ရယူလိုကြသည်။ သာသနာကိုပျက်စီးရာပျက်စီးကြောင်းလုပ်ရန်နှင့် လောကစည်းစိမ်ခံယူရာ၌ သာသနာခြားသူများနှင့် ရင်ဘောင်တန်းသွားလာ လှုပ်ရှားနေကြသည့်ပြင် 'အစ္စလာမ်' သာသနာရေး၌ တိုးတက်ရာတိုးတက်ကြောင်းကို ရယူလိုသည်ဟု ပြောဆိုခြင်းမှာ အဘယ်သို့ ဖြစ်နိုင်အံ့နည်း။

ترسم نرسی به کعبه ای اعرابی!
کین ره که تو میروی بترکستان است

အဓိပ္ပါယ်။ ။အို–အာရဗ်ကျေးတောသား၊ ကျွန်ုပ်သည် သင့်အတွက် စိုးရိမ်မိသည်။ သင်သည် 'ကအ်ဗဟ်'ကျောင်းတော်သို့ ရောက်နိုင်လိမ့်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် သင်သွားနေသည့် လမ်းစခမ်းသည်ကား အခြားတူရ်ကီပြည်ဘက်သို့ ရှေ့ရှုနေပေသည် ဟူ၏။

# အခန်း ( ၂ )

## အလ္လာဟ်အသျှင်မြတ်အား ရှ့ံကြောက်ခြင်းအကြောင်း

သာသနာရေးအတွက် ထိုမျှ ဒုက္ခအမျိုးမျိုးကို ခံစားကြရသော သူတော်စင်တို့သည် သာသနာရေးအတွက် မိမိအသက်ဇီဝိန်နှင့် ဥစ္စာပစ္စည်းများကို ပဓါနမထားဘဲ အနစ်နာခံကြသူများ၏စံနမူနာကို အထက်၌ဖော်ပြခဲ့လေပြီ။ 'အလ္လာဟ်'အသျှင်မြတ်အား ရှ့ံကြောက်ခြင်းမှာလည်း ထိုသူတော်စင်တို့၏ နှလုံးသား၌ ကိန်းအောင်းလျက်ရှိကြပေသည်။ အို–အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးတို့လို မိုက်တွင်းနက်သူကိုလည်း အသျှင့်ရှ့ံကြောက်မှုအနည်းငယ်မျှ ဝေပေးတော်မူပါစေသတည်း။ သာဓကအနေဖြင့် ဖြစ်အင်ကို ရေးသားတင်ပြပါအံ့။

(၁)။ ။"ဟဇရသ်အာအီယှဟ်" (ရဒေ့ယလ္လာဟုသအာလာအန်ဟာ) သခင်မ အမိန့်ရှိသည်မှာ၊ မိုးသားတိမ်လွှာထူထပ်လျှင်ဖြစ်စေ၊ လေပြင်းမုန်တိုင်း တိုက်ခတ်လာလျှင်ဖြစ်စေ ကိုယ်တော်မြတ်၏ ရွှေမျက်နှာတော်မှာ ပေါ်လွင်လာတတ်သည်။ ရွှေမျက်နှာတော်မှာ နီမြန်းလာလေ့ရှိသည်။ ကြောက်ရှ့ံထိတ်လန့်မှုကြောင့် တနေရာတည်း မရပ်တည်နိုင်ဘဲ အိမ်ပြင်လမ်း၌ လျှောက်လေ့ရှိသည်။ နှုတ်မှလည်း ဤဒုအာကိုရွတ်ဖတ်၏။

اَللّٰهُمَّ اِنِّیْٓ اَسْـئَلُكَ خَيْرَهَا
وَخَيْرَ مَا فِيْهَا وَخَيْرَ مَا اُرْسِلَتْ بِهٖ
وَاَعُوْذُ بِكَ مِنْ شَرِّهَا وَشَرِّ مَا فِيْهَا
وَشَرِّ مَا اُرْسِلَتْ بِهٖ ،

**အသံထွက်။** ။အလ္လာဟွမ္မ၊ အင်နီ၊ အတ်စ်အလုက၊ ခိုင်ရဟာဝခိုင်ရာမာဖီးဟာ၊ ဝခိုင်ရာမာ အွှရ်စိလသ်ဗိဟီ။ ဝအအူဇုဗိဟီ၊ မင်န်ယှရ်ရိဟာ၊ ဝယှရ်ရိမာဖီးဟာ၊ဝယှရ်ရိမာ အွှရ်စိလသ်ဗိဟီ။

**အဓိပ္ပါယ်။** ။အို–အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးသည် ဤမိုးသား၏ ကောင်းကျိုးကို လည်းကောင်း၊ ဤမိုးသားမှရရှိမည့် မိုးရေကိုလည်းကောင်း၊ ယင်းသို့စေလွှတ်ခြင်းဖြင့် ဖြစ်ပေါ်လာမည့် ကောင်းရာ ကောင်းကျိုး များကို လည်းကောင်း တောင်းခံပါ၏။ ထို့နောက် ဤမိုးသား၏ ကောင်းကျိုး ဆိုးကျိုး များကို လည်းကောင်း၊ ဤမိုးသားတိမ်လွှာမှ ဖြစ်ပေါ်လာနိုင်သည့် မငြကောင်မှုး ဘေးအန္တရာယ်ဒုက္ခများမှလည်းကောင်း၊ယင်းသို့စေလွှတ်လိုက်ခြင်းဖြင့် ဖြစ်ပေါ်လာမည့် အန္တရာယ်အပေါင်းမှ ကင်းဝေးချမ်းသာခွင့် ပြုတော်မူပါရန် အသျှင်မြတ်အထံတော်ဝယ် ခိုလှုံပါ၏ဟု ဆုမွန်ဒုအာပြုလေ့ရှိလေသည်။

မိုးရွာသွန်းသည့်အခါ ရွှေမျက်နှာတော်မှာ ရွှင်ပြလေ့ရှိလေသည်။ ကျွန်ုပ်က၊ အို–ကိုယ်တော် လူသားအများသည် မိုးသားတိမ်လွှာကို မြင်ရုံမျှဖြင့် ရွှင်လန်းပီတိ ဖြစ်ကြသည်။ သို့သော် ကိုယ်တော်မြတ်သည် ပူပင်သောကကြီးလျက်ရှိသည်ဟု လျှောက်ထားရာ ကိုယ်တော်မြတ်က၊ အို–'အာအိယှဟ်' ဤမိုးသားတိမ်လွှာ၌ မိုးကျပြစ်ဒဏ်မရှိကြောင်း ငါကိုယ်တော်မြတ် အဘယ်သို့ သိနိုင်အံ့နည်း။ 'အားဒ်'တမန်တော်၏ အမျိုးသားတို့အား မိုးသားတိမ်လွှာဖြင့် မိုးကျပြစ်ဒဏ် သင့်စေခဲ့သည်။ ထိုသူတို့သည် မိုးသားများကို မြင်တွေ့သဖြင့် ဝမ်းသာမဆုံး ဖြစ်နေကြသည်။ ယခုပင် မိုးရွာလာတော့မည်ဟု ထင်မှတ်ကြလေသည်။ စင်စစ်သော်ကား ထို၌မိုးကျပြစ်ဒဏ်များဖြင့် သက်ဆင်း ကျရောက်ခဲ့ချေသည်။ (ကြည့်-ဒုရ်ရေမန်ဆူရ်ကျမ်း) အလ္လာဟ် အသျှင်မြတ်၏ အာယသ်တော်မှာ–

فَلَمَّا رَأَوْهُ عَارِضًا مُّسْتَقْبِلَ أَوْدِيَتِهِمْ

**အသံထွက်။** ။ဖလမ္မာရအောင်ဟု၊ အာရေသွာန်မွတ်စ်သက္ကဗိလန်အောက်ဒီယသိဟီးမ်။

**အဓိပ္ပါယ်။** ။'အားဒ်'မျိုးနွယ်ဝင်တို့သည်မိုးသားတိမ်လွှာကိုတောင်ကြိုတောင်ကြားလျှိုမြောင်မှကျွန်ုပ်တို့ဖက်သို့ မိုးရွာသွန်းရန်လာနေသည်ဟုဆိုကြသည်။အလ္လာဟ်အသျှင်မြတ်က ဤသည်မိုးရွာသွန်းရန်မဟုတ်။ အမှန်စင်စစ် ဤအရာသည်ကား သင်တို့သည် ငါအသျှင်မြတ်၏ တမန်တော်အား သင်မှန်ကန်လျှင်ငါတို့အပေါ်သို့ မိုးကျပြစ်ဒဏ်သင့်စေလော့ဟု အလောတကြီးပြောဆိုနေကြသည့်မိုးကျပြစ်ဒဏ် 'အဇာဗ်' ပင်တည်း။ ဤမုန်တိုင်း၌ အလွန်ကြီးလေးသည့် ပြစ်ဒဏ်ဖြစ်သည်။ အရာခပ်သိမ်းတို့ကို အသျှင်မြတ်၏ အမိန့်တော်အရ ဖျက်ဆီးပေအံ့၊ အမှန်ပင် ထိုလေပြင်းမုန်တိုင်းကြောင့် အိမ်ယာတိုက်တာ အဆောက်အဦမှအပ ကျန်အရာဟူသမျှကိုမတွေ့

ရတော့ချေ။ ငါ့အသျှင်မြတ်သည် အပြစ်ရှိသူများကို ဤသို့ပင် ပြစ်ဒဏ်ပေးလေ့ရှိပေသတည်း။ (ဗယာန္ဒလ်ကုရ်အာန်)။

## သိမှတ်ဖွယ်ရာအဖြာဖြာ။

ဤသည်ကား၊ လောကီလောကုတ္တရာ နှစ်ဌာန၏ အထွတ်အထိပ် ခေါင်းဆောင်ဖြစ်သောတမန်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) သည်'အလ္လာဟ်' အသျှင်မြတ်အား ရှုံကြောက်ခြင်းပင်တည်း။ 'ကုရ်အာန်'၏'အာယသ်'တော်အရ၊ "အို–တမန်တော် ထိုသူတို့၌ သင်ရှိနေသမျှကာလပတ်လုံးငင်းတို့အားပြစ်ဒဏ်ပေးသင့်စေတော်မူမည် မဟုတ်ဟု အလ္လာဟ် အသျှင်မြတ်၏ အမိန့်တော် ရှိလင့်ကစား နဗီတမန်တော်မြတ်သည် အသျှင်မြတ်၏ ပြစ်ဒဏ်ကို ကြောက်ရွံတော်မူသည်။ မိုးသားတိမ်လွှာနှင့်လေပြင်းမုန်တိုင်းများကို မြင်တွေ့ခြင်းဖြင့် ရှေးယခင်က အမျိုးသားများအပေါ်သို့ ကျရောက်သည့် အပြစ်ဒဏ်များကို သတိရတော်မူလေ့ရှိသည်။ ထိုနည်းတူစွာ ကျွန်ုပ်တို့သည် မိမိအရေးကို ပြန်လည်တွေးဆကြည့်ကြဦးစို့။ အခါမလပ် အပြစ်များ ကျူးလွန်နေကြသည်မဟုတ်ပါလော။ မြေငလျင်လှုပ်ခြင်း၊ အခြားခြားနည်းမျိုးဖြင့် ကျရောက်လာသည့် ပြစ်ဒဏ်များကို မြင်တွေ့ကြရပါသော်လည်း သင်္ချိုင်းစာနေ့ခင်တတရားရကြ၍ အခွင့်ပန်ခြင်း၊ နမာဇ်ဝတ်ပြုခြင်းပြုရမည့်အစား၊ အလဟဿ အဓိပ္ပါယ်ကင်းသော စူးစမ်းမှုများကို ပြုလုပ်လေ့ရှိကြသည်။ ဆင်ခြင်တုံတရား လက်ဝယ်ထားကြကုန်လော့။

(၂)။ 'ဟဇရသ်နသ္ဒာရ်အိဗ်နုအဗ်ဒုလ္လာဟ်'(ရဆွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်အမိန့်ရှိသည်မှာ တရံရောအခါနေ့လည်အချိန်၌ အမှောင်ထုသည် လွှမ်းခြုံလာ၏။ ကျွန်ုပ်သည်'ဟဇရသ်အနပ်စ်'(ရဆွေ့ယလ္လာဟုသအာလာအန်ဟူ) သခင် အသက်ထင်ရှားရှိနေစဉ် သခင်ကြီးထံတော်အပါးသို့ ဝင်ရောက်ခါ 'နဗီ'တမန်တော်လက်ထက်တော်၌လည်း ဤသို့သောအဖြစ်အပျက်မျိုးနှင့်ကြုံခဲ့ပါသလောဟု လျှောက်ထားမေးမြန်းရာ 'အနပ်စ်'သခင်က "အလ္လာဟ်အသျှင်မြတ်ထံခိုလှုံပါ၏။ ကိုယ်တော်မြတ်လက်ထက်၌ သာမန်လေပြင်းမုန်တိုင်းကလေးများ တိုက်ခိုက်လာလျှင် ကျွန်ုပ်တို့သည် 'ကိယာမသ်'များ ဖြစ်လာသလောဟု တွေးထင်ကာ ဗလီဝတ်ကျောင်းတော်သို့ ပြေးသွားလေ့ရှိသည်။ အခြားသော 'ဆဟာဗီ'ကြီးတပါးဖြစ်သူ "အဗူဒရ်ဒါအ်" (ရဆွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်ကအမိန့်ရှိသည်မှာ "ကိုယ်တော်မြတ်သည် လေပြင်းမုန်တိုင်း တိုက်ခိုက်လာလျှင် ရှုံကြောက်စွာ ဗလီဝတ်ကျောင်းတော်သို့ ကြွသွားလေ့ရှိသည်" ဟု မိန့်ကြားတော်မူသည်။ (ကြည့်–ဂျမအ္ဗလ်ဖဝါအိဒ်)

သိမှတ်ဖွယ်ရာအပြာပြာ

ယနေ့ မျက်မှောက်လောက၌ အလွန့်အလွန်ကြီးလေးလှသည့် အန္တရာယ်ကို ရင်ဆိုင်နေကြရပါသော်လည်း အဘယ်သူသည် ဗလီဝတ်ကျောင်းသို့ သွားကြလေသနည်း။ အများအပြား ပညာမဲ့သူတွေကိုတော့ ထားဘိဦး။ အတတ်ပညာရှင်၊ အသိပညာရှင်ပင်လျှင် လေးလေးစားစားရှိပါရဲ့လားဆိုသည်ကို မိမိကိုယ်တိုင် ချင့်တွေးပေတော့။

## (၃) နေကြတ်ချိန်၌ တမန်တော်၏ကျင့်စဉ်

နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဝစလ္လမ်) အသက်ထင်ရှား ရှိတော်မူစဉ် တနေ့သ၌ နေကြတ်လေ၏။ ဆဟာဗီကြီးတို့က ကိုယ်တော်မြတ်သည်၊ ထိုအချိန်၌ မည်သည့် မည်သို့သောကျင့်ရပ်များကို ဆောင်ရွက်တော်မူကြောင်း သိလိုသဖြင့်၊ မိမိတို့၏ အလုပ်အကိုင်များကို စွန့်ပစ်ကာ တမန်တော်မြတ်ထံတော်အပါးသို့ လာရောက်ကြလေသည်။ ဆဟာဗီလူငယ်တစုမှာ မြှားအတတ်ကိုလေ့ကျင့်နေရာမှ၊ ကိုယ်တော်မြတ် 'နဗီ'တမန်တော်ထံအပါးသို့ သွားရောက်ကြလေသည်။

ထိုအချိန်၌'နဗီ'တမန်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သည် 'ကုစ္စပ်စ်'နေကြတ်နမာဇ်–၂–"ရကအသ်"ဖတ်တော်မူလေသည်။ အလွန်ရှည်လျား အချိန်ကြာမြင့်စွာဖတ်တော်မူခြင်းဖြင့် (အချို့သော)သူတို့သည် မူးဝေလဲကျလေသည်။ ထိုနမာဇ်တွင် တမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သည် ငိုကြွေးတော်မူ၍ အောက်ပါအတိုင်း 'ဒုအာ' တောင်းတော်မူလေသည်။

"အို–ဖန်ဆင်းတော်မူသော အသျှင်၊ အသျှင်မြတ်သည် လူသားတို့အလယ်၌ ကျွန်တော်မျိုးရှိနေသမျှကာလပတ်လုံး အပြစ်ဒဏ် ပေးတော်မူမည်မဟုတ်ကြောင်း ကတိပြုတော်မူသည်မဟုတ်ပါလော။ ထိုနည်းတူစွာ လူတို့တွင် အလ္လာဟ်အသျှင်မြတ်ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံနေသေးသမျှကာလပတ်လုံး အပြစ်ဒဏ်ချပေးတော်မူမည်မဟုတ်ကြောင်းကိုလည်း၊အသျှင်မြတ်ကတိပြုတော်မူထားသည်မဟုတ်ပါလော"ဟူ၏။ (စူရဟ်အန်ဖါလ်၌ မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်က၊ ကတိပြုတော်မူခဲ့သည်။)

وَمَا كَانَ اللّٰهُ لِيُعَذِّبَهُمْ وَاَنْتَ فِيْهِمْ
وَمَا كَانَ اللّٰهُ مُعَذِّبَهُمْ وَهُمْ
يَسْتَغْفِرُوْنَ ..

အသံထွက်။ ။ဝမာကာ နလ္လာဟုလေယုအဇ်ဇေဗဟွမ်း(ဝ) အန်သဖီးဟင်(မ)။ ဝမာကာ နလ္လာဟုမုအဇ်ဇေဗဟွမ် ဝဟွမ်ယတ်(စ်)သဂ်ဖေရူး(န)။
အဓိပ္ပါယ်ကို အထက်၌ဖော်ပြခဲ့လေပြီး။

ထိုနောက် 'နဗီ'တမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သည် တရားဓမ္မ ဟောကြားတော်မူသည်။

"အို – အချင်းတို့၊ သင်တို့သည်၊ နေကြွတ်သည့်အခါဖြစ်စေ၊ လပေုတ် ဖမ်းသည့်အခါဖြစ်စေ၊ စိုးရိမ်ကြောင့်ကြစွာ နမာဇ်ဝတ်ပြုကြလော့။ ငါကိုယ်တော်မြတ်သည်'အာခေရသ်' လောကုတ္တရာရေးကို မြင်တွေ့သကဲ့သို့ သင်တို့သည် တွေ့မြင်ခဲ့ကြသော် အရယ်နည်း၍ အငိုများကြပေအံ့။ ဤသို့ နေကြွတ်သည့်အချိန်အခါမျိုးနှင့်ကြုံကိုက်တိုင်း သင်တို့သည် နမာဇ်ဝတ်ပြုကြကုန်လော့။ ဆုမွန်ဒုအာ တောင်းခံကြကုန်လော့။ ဓမ္မဒါန လှူဒါန်းကြကုန်လော့"ဟူ၏။

## (၄) နဗီတမန်တော် တညဉ့်လုံး ငိုကြွေးနေခြင်း

'နဗီ'တမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သည် တရံရောအခါ တညလုံး၊ နံနက် 'ဆွဗ်ဟ်'နမာဇ်အချိန်အထိ နမာဇ်တွင် အောက်ပါ 'အာယသ်'တော်ကို ရွတ်ဖတ်သဇ္ဈာယ်နေတော်မူလေသည်။

اِنْ تُعَذِّبْهُمْ فَاِنَّهُمْ عِبَادُكَ وَاِنْ
تَغْفِرْ لَهُمْ فَاِنَّكَ اَنْتَ الْعَزِيْزُ الْحَكِيْمُ

အသံထွက်။ ။အင်န်သုအဇ်ဇိဗဟုမ်၊ ဖအင်န်နဟွမ်အိဗါဒုကဝအင်န်သဂ်ဖိရ်လဟွမ်၊ ဖအင်န်နက အန်သလ်အဇီးဇွလ်ဟကီးမ်။

**အဓိပ္ပါယ်။** ။အို—အလ္လာဟ်အသျှင်မြတ်၊ အသျှင်မြတ်သည် အကယ်၍ ၎င်းတို့အား၊ အပြစ်ဒဏ် ခပ်လိုက်သည်ရှိသော်၊ မလွဲဧကန် ထိုသူတို့သည်၊ အသျှင့်ကျေးကျွန်များဖြစ်ကြ သည်။ ထို့ပြင်တဝ အကယ်၍ အသျှင်မြတ်သည်၊ ထိုသူတို့အား အပြစ်မှ လွှတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သော်၊ ထိုသည်လည်း မှန်ကန်လှပါသည်။ အသျှင်မြတ် သည် အနန္တတန်ခိုးတော် အသျှင်ဖြစ်တော်မူပါသည်။ ခွင့်လွှတ်ခြင်းကိုလည်း တန်ခိုးတော်ရှိလှပါသည်။

(ကြည့်—ဗယာန္ဒလ်ကုရ်အာန်)။

'အီမာမ်အအ်ဇမ်' (ရသေ့ ယလ္လာဟုသအာလာအန်ဟူ) သခင်ကြီးသည်လည်း တည၌၊ တညလုံး အောက်ပါ'အာယဟ်'တော်ကို ရွတ်ဖတ်သရဇ္ဈာယ်လျက် ငိုကြွေးတော်မူကြောင်း သိရှိရ လေသည်။

وَامْتَازُوا الْيَوْمَ اَيُّهَا الْمُجْرِمُوْنَ

**အသံထွက်။** ။ဝါမ်သာဇ္ဇူလ်၊ ယော်မ၊ အိုင်ယုဟာလ်၊ မွတ်ဂျ်ရေမူးန်။

**အဓိပ္ပါယ်။** ။အို—အပြစ်ရှိသူအပေါင်းတို့၊ ယနေ့သင်တို့သည် တသီးတခြားနေကြကုန်လော့။

အထက်ပါ အမိန့်တော်ကို ကြားသိရသောအခါ၊ မည်မျှပင် ငိုကြွေးစေကာမူ၊ အဘယ်မှာလျှင် ရောင့်ရဲနိုင်အံ့နည်း။ ကျွန်ုပ်တို့သည်ကား မည်သည့်အုပ်စု၌ရှိကြ မည်နည်း။ အပြစ်မဲ့သူများ၌လော၊ အပြစ်ရှိသူများ၌လော။

## (၅) ဟဇရသ်အဗူဗက္ကရ်သခင်အလ္လာဟ်အသျှင်အား ကြောက်ရွံ့ပုံ။

'ဟဇရသ်အဗူဗက္ကရ်' (ရသေ့ ယလ္လာဟုသအာလာအန်ဟူ) သခင်ကြီးသည် 'အဟ်လေစွန္နသ်' 'ဝလ်ဂျမာအသ်'တို့ထံ၌ နဗီတမန်တော်များမှအပ၊ ကျန်လူသားအပေါင်းတို့တွင် အထွတ်အမြတ် ဆုံးဖြစ်တော်မူသည်၊ ထိုသူတော်စင်ကြီးသည်၊ 'ဂျန္နသ်'သုခဘုံသို့ဝင်ရောက်စံမြန်းရမည်ကို ယုံမှား သံသယမရှိနိုင်ပေ။ နဗီတမန်တော်မြတ် ကိုယ်တော်တိုင် 'ဂျန္နသ်'သုခဘုံသားဖြစ်ကြောင်း သတင်း ကောင်းပါးတော်မူခဲ့သည်။အကယ်စင်စစ်'ဂျန္နသ်'အုပ်စုများအနက်မှ အုပ်စုတစု၏ ခေါင်းဆောင် ဖြစ်ကြောင်းကိုလည်း ဟောကြားတော်မူခဲ့သေးသည်။ 'ဂျန္နသ်'၏တံခါးများစွာ ရှိသည့်အနက် တံခါးတိုင်းကထိုပုဂ္ဂိုလ်အားလှိုက်လှဲစွာကြိုဆိုတော်မူအံ့။ ငါကိုယ်တော်မြတ်၏ 'အွမ္မသ်'သားများ အနက်မှ ဦးစွာပထမ'ဂျန္နသ်'သို့ ဝင်ရောက်ရမည့် ပုဂ္ဂိုလ်သည် 'အဗူဗက္ကရ်'သာဖြစ်သည်ဟူ၍လည်း မိန့်ကြားတော်မူထားသည်။

ဤရွှေ့ဤမျှ ထူးကဲသော ပုဂ္ဂိုလ်မြတ်ကြီးပင်ဖြစ်လင့်ကစား၊ ငါသည် သစ်ပင်တပင်-ဝါး ပင်တပင်ဖြစ်၍၊ ခုတ်ထစ်ဖြတ်တောက်ခံရလျှင် ကောင်းလေစွဟူ၍လည်းကောင်း၊ မြက်ပင် ပေါင်းပင်ဖြစ်၍ တိရစ္ဆာန်များ၏ စားသုံးခြင်းခံရလျှင်လည်း၊ ကောင်းလေစွတကားဟူ၍လည်း ကောင်း၊ တခါတရံငါသည် 'မုအ်မင်န်'သူတော်စင်တဦးတယောက်၏ ရင်ပတ်ပေါ်ရှိ မွေးညှင်း ပင်များဖြစ်ရလျှင်လည်း ကောင်းလေစွဟူ၍လည်းကောင်း၊ ငြီးတွားလေ့ရှိတော်မူသည်၊ အခါ တပါး၌ ဥယျာဉ်ခြံတခုသို့ ရောက်သွားရာ ထို၌ ထိုင်နေစဉ် ငှက်သတ္တဝါတကောင်ကို တွေ့မြင်ရ သောအခါ အသက်ပြင်းရှူကာ။

သင်သည်ကား ပျော်ရွှင်စွာ မြူးတူးနေထိုင်ရလေသည်။ စားသောက်၍ အရိပ်အာဝါသ အောက်၌ရွှင်မဆုံးနေထိုင်ရသည်။ 'အာခေရတ်'လောကုတ္တရာ၌လည်း မည်သို့မျှစစ်ဆေးမေးမြန်း ခြင်းကို ခံရလိမ့်မည်မဟုတ်။ ငါအဗူဗကရ်လည်း သင်ကဲ့သို့ဖြစ်ရလျှင် ကောင်းလေစွတကားဟု ငြီးတွားတော်မူလေသည်။ (ကြည့်သာရေခွလ်ခုလဖာအ်ကျမ်း)။

'ရဗီအဟ်အတ်စ်လမီ' (ရသွေ့ယလ္လာဟု သအာလာအန်ဟူ) သခင် ပြောကြားသည်မှာ တရံရောအခါ ကျွန်ုပ်နှင့်အဗူဗကရ် နှစ်ဦးတို့သည်၊ အကြောင်းတရပ်ကြောင့်အချင်းများကြရာ၊ ကျွန်ုပ်အား မချေမငံပြောကြားသဖြင့်၊ကျွန်ုပ်သည် အလွန်နာကြီးမိလေသည်။ မခံမရပ်ဖြစ်မိ သည်။ သခင်ကြီးသည်၊ အဆောတလျင် သတိပြန်ရလာသဖြင့်၊ ကျွန်ုပ်အားလက်စားချေတုံ့ပြန် ပြောဆိုရန် တောင်းခံလာ၏။ အို-ရဗီအဟ်အတ်စ်လမီ၊ သင်သည် ကျွန်ုပ်ပြောဆိုမိသည့် အတိုင်း တုံ့ပြန်ပြောဆိုလော့ဟု ဆိုတော်မူလာလေသည်။

ကျွန်ုပ်ကငြင်းဆိုလိုက်သောအခါ၊ သင်သည်တုံ့ပြန်ပြောဆိုခြင်း မပြုပါက၊ကိုယ်တော် မြတ်ထံသို့ သွားရောက်လျှောက်ထားရမည်။ ထပ်ဆင့်ပြောပါသော်လည်း ကျွန်ုပ်ကငြင်းဆန် လိုက်သဖြင့် ထပြန်သွားလေသည်။ 'အတ်စ်လာမ်'မျိုးနွယ်ဝင်အချို့လာ၍၊ ဒါကောင်း ပါ့မလား မိမိကိုယ်တိုင်က လွန်ကျူးခဲ့သေးတယ်။ နောက်တဖန်ပြန်လည် တိုင်ကြားဦးမည်ဟု ဆိုသည်ကားအဘယ်မှာလျှင်သင့်မြတ်ပါမည်နည်းဟုဆိုလာ၏။ ကျွန်ုပ်ကအသင်တို့သည်ဤပုဂ္ဂိုလ် ကိုသိကြပါ၏လော။ ဤပုဂ္ဂိုလ်သည်၊ 'အဗူဗကရ်ဆစ်ဒ္ဒီက်' သခင်ဖြစ်သည်။ အကယ်၍ ဤပုဂ္ဂိုလ်သာ စိတ်ပျက်သွားလျှင် အလ္လာဟ်အသျှင်မြတ်၏ တဦးတည်းသော တမန်တော်သည် စိတ်ပျက်ကော်မူအံ့။ တမန်တော်မြတ်၏ စိတ်ပျက်ခြင်းအားဖြင့် အလ္လာဟ်အသျှင်မြတ်သည်လည်း အမျက်ထားအံ့။ ထိုသို့ဖြင့် 'ရဗီအဟ်'၏ ပျက်စီးရာ၌အဘယ်သို့သံသယရှိနိုင်အံ့နည်း။

ထိုနောက် တမန်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)အပါးတော်သို့ ဝင်ရောက်ခါ အကြောင်းစုံကို တင်လျှောက်ရာ၊ ကိုယ်တော်မြတ်က၊ "မှန်လေစွ၊ သင်သည်အဖြေအားဖြင့် လည်းကောင်း၊ လက်စားချေသည့်သဘောဖြင့် လည်းကောင်း၊ မပြောသင့်ပေ။ အဗူဗက်ရ်-

(ရသွေ့ယလ္လာဟု သအာလာအန်ဟူ)အား အလ္လာဟ်အသျှင်မြတ် ခွင့်လွှတ်တော်မူစေသား ဟူ၍သာ ပြောသင့်၏" ဟု မိန့်ကြားတော်မူသည်။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤသည်ကားအလ္လာဟ်အသျှင်မြတ်အားသာမန် ရှိကြောက်မှုတရပ်ပင်ဖြစ်သည်၊ 'ဟဇရသ်အဗူဗက်ရ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် သာမန် စကားတလုံးတပါဒဖြင့် ဦးစွာပထမ ထိုသူအားလက်စားချေရန် တောင်းခံလာ၏။ ထို့နောက်တမန်တော်မြတ်မှ တဆင့်တုံ့ပြန် ပြောဆိုစေ၏။ ပြောဆိုလာရန် ကြိုးပမ်းတော်မူလေသည်။ ဤမျှသောကကြီးလှပေသည်။ ယနေ့ ကျွန်ုပ်တို့သည်ကား တပါးသောသူအား အခါပေါင်း သောင်းခြောက်ထောင် မက မချေမငံ ရင့်သီးစွာပြောဆိုနေကြသည်။ ဤသည်များဖြင့် လောကုတ္တရာ၌ ခံစားကြရမည်ကို သတိပင်မမူကြဟန်မတူပေ။

## (၆) ဟဇရသ်အုမရ်သခင်အလ္လာဟ်အသျှင်အားကြောက်ရွံ့ပုံ။

'ဟဇရသ်အုမရ်' ( ရသွေ့ယလ္လာဟုသအာလာအန်ဟူ ) သခင် သည် မျှား သော အားဖြင့်၊ သေးငယ်သည့် တုတ်ချောင်းကလေးကို ကိုင်တွယ်ကာ၊ ငါသည် ဤတုတ်ချောင်း ကလေးဖြစ်လေလျှင် ကောင်းလေစွဟူ၍လည်းကောင်း၊ မိခင်ကြီးသည် မိမိအား မမွေးခဲ့လျှင် ကောင်းလေစွဟူ၍လည်းကောင်း ငြီးတွားလေ့ရှိသည်။

အခါတပါး၌၊အလုပ်တခုကို လုပ်ကိုင်ဆောင်ရွက်နေရာ၊ တဦးတယောက်သောသူသည်လာ၍ မိမိအား တဦးတယောက်ကမပါရား နှိပ်စက်နေသဖြင့်၊ကြွရောက်၍ အဆုံးအဖြတ် ပေးပါမည့် အကြောင်းတောင်းခံလာရာ၊ 'အုမရ်'(ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် နှင်တံကိုင်၍ နှင်တံဖြင့်ရိုက်၍ သင်သည်ကျွန်ုပ် ထိုလုပ်ငန်းအတွက် စောင့်ဆိုင်းနေစဉ် လာရောက်တိုင်ကြား ခြင်းမပြုဘဲကျွန်ုပ်အခြား အလုပ်အကိုင်လုပ်ခါမှ လာရောက်၍ တိုင်တန်းနေသည်၊အဆုံးအဖြတ် ပေးပါဟု တောင်းခံနေသည်(ထိုအခါ)ထိုသူသည် အပြင်သို့ထွက်သွားရာ နောက်မှလူလွှတ်၍ခေါ် စေ၏။ ရောက်လာသည့်အခါနှင်တံပေးအပ်ခါ၊ မိမိအား လက်စားချေသည့် သဘောဖြင့်နှင်တံ ဖြင့် ရိုက်စေလေသည်။ ထိုပုဂ္ဂိုလ်က မိမိသည်၊ အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို ရှေ့ရှု၍ ခွင့်လွှတ်လိုက်ကြောင်း လျှောက်ထားလေသည်။ ထိုအခါ'အုမရ်' သခင်သည်၊မိမိအိမ်သို့ပြန်လာ၍၊ 'နမာဇ်' ၂-'ရကအသ်' ဝတ်ပြုပြီး၊'အုမရ်'သခင်သည် ယုတ်မာသူဖြစ်ခဲ့၏။ အလ္လာဟ်အသျှင်မြတ်က

အသင့်အားမြှောက်စားတော်မူသည်။သင်သည်အမှောင်တွင်းသို့ ရောက်နေသည့်(၀၁)လမ်းမှားသို့ ရောက်နေသည်ကို အလ္လာလ်အသျှင်မြတ်က သင့်အားတရားလမ်းမှန်သို့ ဆောင်ကြဉ်းတော်မူသည်။ သင်သည် ဂုဏ်သေးသိမ်သူဖြစ်ခဲ့သည်။

အလ္လာဟ်အသျှင်မြတ်က သင့်အား ဂုဏ်သိက္ခာ ချီးမြှင့်တော်မူခဲ့သည်။ လူသူအများ၏ ဘုရင်အဖြစ်မြှောက်စားတော်မူခဲ့သည်။ ယခုသူတဦးက လာရောက်အကူအညီတောင်းခံ၍ နှိပ်စက် ညှဉ်းပမ်းသူအား လက်စားချေပေးပါရန်နှင့် အဆုံးအဖြတ်ပေးပါရန် တောင်းခံလာသည်ကို၊ သင်သည်ရိုက်လွှတ်လိုက်သည်။ မနက်ဖြန် 'ကိယာမသ်'နေ့၌ ဖန်ဆင်းတော်မူသော အသျှင့် အထံ တော်အပါး၌ သင်သည် မည်သို့ဖြေကြားမည်နည်းဟု အချိန်ကြာမြင့်စွာ မိမိကိုယ်ကို ပြစ်တင်နေ ရှာလေသည်။ (အစဒွလ်ဂါဗဟ်ကျမ်း)

'အုမရ်' သခင်၏အကျိုးဆောင်'အတ်စလမ်'(ရဒ္ဒိယလ္လာဟုသအာလာအန်ဟူ)အမည်ရှိသူ ကပြောကြားသည်။အခါတပါး၌ ကျွန်ုပ်သည်၊ 'ဟဇရသ်အုမရ်'သခင်နှင့် 'ဟွရ်ရဟ်'(နေရာတနေ ရာ၏အမည်)ဖက်သို့ သွားကြရသည်။ တောအရပ်တနေရာ၌ မီးရောင်ကို မြင်တွေ့ကြရသည်။ 'အုမရ်' (ရဒ္ဒိယလ္လာဟုသအာလာအန်ဟူ)သခင်က ခရီးသည်တစုနှင့်တူသည် ညဥ့်နက်သွား သဖြင့် မြို့တွင်းသို့မဝင်ရောက်ရဘဲ၊ မြို့ပြင်၌သာ နေဟန်ဖြစ်သည်ဟုဆိုကာ၊ သွားရောက်ကြည့်ရှု တော်မူရာ အမျိုးသမီးတယောက်သည် မိမိ၏အော်ဟစ်ငိုကြွေးနေသည့်ကလေးများကို အိုးတလုံး၌ ရေထည့်ကာ မီးဖိုပေါ်တင်ထား၍ နှစ်သိမ့်စေသည်။ 'စလာမ်'ပေးကာ အနားသို့ လာခွင့်ပြုရန် တောင်းခံ၍ ချဉ်းကပ်တော်မူကာ အကြောင်းစုံကို မေးမြန်းတော်မူ၏။ အမျိုးသမီးက မိမိနှင့် ကလေးများမှာ ဆာလောင်မှုကြောင့် ငိုကြွေးနေရကြောင်း လျှောက်ထားလေသော် 'အုမရ်' သခင်က အိုး၌ မည်သည့်အရာများကို ချက်ပြုတ်နေကြောင်း ထပ်ဆင့် မေးမြန်းတော်မူ၏။ အမျိုးသမီးက အိုး၌ရေထည့်၍၊ မီးဖိုပေါ်တင်ကာ ကလေးများ အနည်းငယ် နှစ်သိမ့်စေလျက် အိပ်ပျော်သွားစေရန် ပြုလုပ်ရကြောင်း ပြန်လည်လျှောက်ထားလေသည်။ သမ္မတကြီး 'အုမရ်' သခင်နှင့် ကျမ၏အဖြစ်အပျက်ကို'အလ္လာဟ်'အသျှင်မြတ်ထံတော်၌သာ အဆုံးအဖြတ်ကို ခံယူရလိမ့် မည်ဖြစ်ကြောင်း၊ ကျမ ဤမျှကြပ်တည်းနေသည်ကိုပင် အရေးမယူ၊ ဂရုမစိုက်နေကြောင်း ထင်ရာဖွင့်ပြောချလိုက်သည်။

'ဟဇရသ်အုမရ်' သခင်သည် ဝမ်းပန်းတနည်း ဖြစ်ကာ၊ 'အလ္လာဟ်' အသျှင်မြတ် သည်၊ သင့်အား ထောက်ညှာပါစေသား။ 'အုမရ်'သည် သင်မအကြောင်းနှင့်ပတ်သက်၍ ဘာသိရှာမလဲဟု ပြောလိုက်သောအခါ၊ သူမက ထိုပုဂ္ဂိုလ်သည် ကျမတို့၏ ရှေ့ဆောင်၊ ခေါင်းဆောင်ဖြစ်ပါလျက်၊ ကျမတို့အကြောင်းသတင်းကို ထောက်လှမ်းစုံစမ်းခြင်းမရှိဘူးလား ဟူ၍ ပြောလေသည်။'အတ်စလမ်'သခင် မိန့်ကြားပြောဆိုသည်မှာ၊ (ထိုအခါ)'အုမရ်'သခင်သည် ကျွန်ုပ်အားခေါ်၍ ပြန်လာလေသည်။ ဂုံနီအိတ်တလုံးကိုယူကာ 'ဗိုင်သွလိမာလ်' အစ္စလာမ့်ဘဏ္ဍာ

တော်မှ ဂျုံ-စွန်ပလွံသီး၊ အဆီအနည်းငယ်၊ အဝတ်အထည်နှင့် ငွေစများဖြင့် ဂုံနီအိတ်ကို ဖြည့်တင်းကာ ကျောပေါ်သို့ပင့်တင်စေ၏။ ကျွန်ုပ်က မိမိယူဆောင်ပါမည့်အကြောင်းလျှောက်ထားရာ၊ ငြင်းဆန်တော်မူ၏။ ၂-ကြိမ် ၃-ကြိမ်တောင်းခံသဖြင့် မနက်ဖြန် 'ကိယာမသ်'နေ့၌ ငါ၏ ဝန်ထုပ်ကို သင်ထမ်းဆောင်ပါမည်လောဟု မေးစမ်းတော်မူ၍၊ ဤအထုပ်ကို၊ ငါသာလျှင် ထမ်းပိုးမည်၊ 'ကိယာမသ်' နေ့၌လည်း ငါ့ကိုသာလျှင် မေးစမ်းခြင်းခံရမည်ဟု ပြောကြားသဖြင့် ကျွန်ုပ်လည်း အထုပ်ကို ပင့်တင်ပေးလိုက်ရပါတော့သည်။

သမ္မတကြီးသည် အမြန်နှင်းတော်မူလေသည်။ ကျွန်ုပ်သည်လည်း တပါတည်း လိုက်ပါသွားပါသည်။ သမ္မတကြီးသည် ခရီးရောက်မဆိုင်း အိုး၌၊ ဂျုံ-အဆီ-စွန်ပလွံသီးထည့်၍ ကိုယ်တိုင်ကိုယ်ကျ မီးမွှေးမီးမှုတ်ကာ ကြိုချက်နေလေသည်။ 'အတ်စလမ်'သခင်က ကျွန်ုပ်သည် သမ္မတကြီး၏ထူထပ်လှသည့် မုတ်ဆိတ်တော်မှ မီးခိုးများပင် တငွေ့ငွေ့နှင့်ထွက်ပေါ်လာသည်ကို မြင်တွေ့ရသည်ဟု မိန့်ကြားလေသည်။ နောက်ဆုံး နှင်းမကင်းကဲ့သို့ဖြစ်လာသည့်အခါ၌ သမ္မတကြီးသည် မိမိလက်ဖြင့် ကိုယ်တိုင်ကိုယ်ကျ ခူးခပ်ကျွေးမွေးတော်မူလေသည်။ သူတို့သည် အားရစွာ စားသုံးကြ၍ ပျော်ရွှင်လာကြသည်။ ကျန်ရှိသေးသည့် အစားအစာများကို နံနက်စာအဖြစ် ချန်ထားရန် အပ်နှံလိုက်လေသည်။

ထိုအမျိုးသမီးသည် အားရဝမ်းသာရွှင်လန်းလျက်'အလ္လာဟ်'အသျှင်မြတ်သည် သင့်အား အကျိုးထူးကို ချီးမြှင့်တော်မူပါစေသား၊ အကယ်စင်စစ် သမ္မတဟူသည့်ရာထူးသည်'အုမရ်'အစား သင်သာလျှင် ထိုက်တန်လှပေသည်။ သင်သာ 'ခလီဖဟ်'ဖြစ်လျှင် ကောင်းလေစွဟု ဆန္ဒပြုလေသည်။

သမ္မတကြီးက နှစ်သိမ့်စကားပြောကြားခါ အသင်မ-သမ္မတကြီးထံသို့ သွားရောက်ပါက မိမိအား ထို၌ပင်၊ တွေ့ကြုံပါမည့်အကြောင်း၊ သမ္မတကြီး 'အုမရ်'သခင်သည် ထိုမှ အနည်းငယ် နောက်ဆုတ်၍ မြေပြင်ပေါ်၌ ခေတ္တခဏထိုင်ကာ နေတော်မူလေသည်။ ထို့နောက် ထ၍ ပြန်ထွက်လာပြီး မိမိမှာ အနည်းငယ်ထိုင်၍ စောင့်ဆိုင်းရခြင်းအကြောင်းကို ဤသို့ "ကျွန်ုပ်သည် ၎င်းတို့အား ငိုကြွေးသည်ကိုမြင်ခဲ့ရ၏။ အချိန်အနည်းငယ် ရယ်မောသည်ကိုလည်း မြင်ချင်သည်"ဟု ပြောကြားတော်မူလေသည်။

(ကြည့်-အယ့်ဟာရွလ်မယ့်ာဟီးရ်ကျမ်း။)

နံနက် ဖဂျရ်နမာဇ်၌ များသောအားဖြင့်– "စူရဟ်ကဟဖ်၊ စူရဟ်သွာဟာ"စသည့် ရှည်လျားသည့်'စူရဟ်'များကို ရွတ်ဖတ်သရဇ္ဈာယ်၍ ငိုကြွေးလေ့ရှိသည်။ ထိုငိုကြွေးသံကို နောက်တန်းများမှပင် ကြားကြရလေသည်။

အခါတပါး၌၊ နံနက် ဖဂျရ်နမာဇ်၌ 'စူရဟ်ယူစွဖ်'ကို ရွတ်ဖတ်သရဇ္ဈာယ်နေစဉ်–

إِنَّمَا أَشْكُو بَثِّي وَحُزْنِي إِلَى اللَّهِ

**အသံထွက်။** ။အင်နမာအယ့်ကူ ဗဆ်ဆီဝဟွဇ်နီအေလလ္လာဟ်။

သို့ရောက်သော်၊ ငိုကြွေးရင်း အသံများပင်ဝင်သွားလေသည်။ 'သဟ်ဂျတ်' နမာဇ်၌ တခါတရံ ငိုရင်းငိုရင်း လဲကျသွားလေ့ရှိသည်။ မမာမကျန်းလည်း ဖြစ်သွားလေ့ရှိသည်။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤသည်ကား အလ္လာဟ်အသျှင်မြတ်အား ရှိုကြောက်ခြင်းပင် ဖြစ်သည်။ ဤပုဂ္ဂိုလ်၏ အမည်နာမအားဖြင့် အလွန့်အလွန် ထင်ပေါ်ကျော်ကြားလှသည့် ဘုရင်မင်းများပင်လျှင် ကြောက်ရွံ့တုန်လှုပ်ကြပေသည်။ ယနေ့ဆိုလျှင် နှစ်ပေါင်း တထောင့်လေးရာကျော်အခါသမယ၌ပင် ထိုပုဂ္ဂိုလ်၏အရှိန်အဝါတည်တန့်ခိုင်မြဲ လျက်ရှိပေသေးသည်။ ယခုအချိန်အခါမျိုး၌ ဘုရင်နှင့်ဘုရင်ခံကိုမူ ထားဘိဦး တော့၊ သာမန်ခေါင်းဆောင်တဦး၌ပင်လျှင် ဤသို့ဆက်ဆံမှုရှိပါမည်လော။

**(၇) ဟဇရသ်အိမ်နူအဗ္ဗါစ်သခင်၏ဆုံးမစကား။**

'ဝဟဗ်အိဗ်နမူနဗ္ဗဟ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင် အမိန့် ရှိသည်မှာ အဗ္ဒုလ္လာဟ်အိဗ်နုအဗ္ဗါစ် ( ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်၏ စက္ခုအာရုံကုန်ဆုံးသွားသည့် နောက်ပိုင်း၊ ကျွန်ုပ်သည်ကအ်ဗဟ်ဝတ်ကျောင်းတော်သို့ ခေါ်ဆောင်သွားလေ့ရှိသည်။ ထိုသို့ရောက်သောအခါ လူတစုသည် အချင်းများနေကြသည့်အသံကို ကြားရသောအခါ၊ အချင်းများရာသို့ ပို့စေသဖြင့် ပို့ဆောင်လိုက်ရာ စလာမ်ဆက်သလိုက်၏။ ထိုပုဂ္ဂိုလ်များက ထိုင်ချပါရန် လျှောက်ထားကြသောအခါ ငြင်းဆန်ကာ၊ အို–အချင်းတို့၊ အို–ရောင်းရင်းအပေါင်းတို့၊ သင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အချစ်တော်သူတော်စင် ပုဂ္ဂိုလ်တို့တစုသည် အသျှင့်အား ကြောက်ရွံ့ကြသဖြင့် နှုတ်ပိတ်နေသည်။ အကယ်စင်စစ် ထိုပုဂ္ဂိုလ်တို့သည် ဆွံ့အသူများ မဟုတ်ကြချေ။ အလွန်စကားကြွယ်သူများ ဖြစ်ကြသည်။ အသိတရားနှင့် ပြည့်စုံသူများ ဖြစ်ကြသည်။ သို့ငြားလည်း 'အလ္လာဟ်'အသျှင်မြတ်အား တသခြင်းဖြင့် ထိုသူတို့၏ အသိတရားများသည်၊ တည်တန့်ခိုင်မြဲလျက်ရှိကြလေသည်။ 'အလ္လာဟ်'အသျှင်မြတ်အား ရှိုကြောက်ခြင်းဖြင့် သိမ်ငယ်နေကြသည်။ နှုတ်လျှာများလည်း ပိတ်၍ ဆိတ်ဆိတ်နေကြသည်။ ဤသို့နေခြင်းဖြင့် ရင့်ကျက်မှုကို ရယူကာ ကောင်းမှုတခုခုကို ဆောင်ရွက်ရာ၌ အဆောတလျှင် ဆောင်ရွက်ကြလေသည်။

အသင်တို့သည် အဘယ်သို့ဆုတ်ခွါကြလေသနည်းဟု မိန့်ကြားတော်မူလိုက်ရာ၊ ထိုနောက် ကျွန်တော်မျိုးသည် လူ-၂-ယောက်တနေရာ၌ စုစည်းနေသည်ကိုပင် မမြင်တွေ့တော့ကြောင်း ပြောကြားလေသည်။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

> ဟဇရတ်အဗ်ဒုလ္လာဟ်အိဗ်နုအဗ္ဗါစ် (ရဒွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် 'အလ္လာဟ်'အသျှင်မြတ်အား ရှိကြောက်သဖြင့် အမြဲတန်းငိုကြွေးနေရာ မျက်ရည်များ အစဉ်မပြတ်ကျဆင်းမှုကြောင့် မျက်နှာတော်၌ အကြောင်းများပင် ထင်ရှားလာလေသည်။ အထက်ပါအကြောင်းအရာ၌၊ 'အိဗ်နုအဗ္ဗါစ်' သခင်က ကောင်းမှုများ၌ ဂရုစိုက်ရန် အလွယ်ဆုံးနည်း တနည်းကို ပြသလေသည်။ ထိုသည်ကား အလ္လာဟ်အသျှင်မြတ်အား တန်ခိုးတော်အစုံ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူကြောင်းကို ချင့်တွေးဆင်ခြင်ကြရမည်။ ထိုနောက် ကောင်းမှုကုသိုလ်ဟူသရွေ့သည် စေတနာဖြူစင်စွာ ဖြစ်လာလိမ့်မည်။ နေ့ရောညပါ ၂၄—နာရီအတွင်း ကျွန်ုပ်တို့သည် အနည်းငယ်သော အချိန်ကိုပင် ချင့်တွေးကြပါမူ အခက်အခဲဟူသရွေ့သည် လွယ်ကူမှုအဖြစ်သို့ ပြောင်းသွားပေမည်ဟူ၏။

## (ဂ) (ဂဇ်ဝဟ်)သဗူးက်တိုက်ပွဲ။

သဗူးက်တိုက်ပွဲသည် အလွန်ထင်ပေါ်ကျော်ကြားသည့် တိုက်ပွဲတပွဲဖြစ်ခဲ့သည်။ ယင်း (ဂဇ်ဝဟ်တိုက်ပွဲဟူသည်ကား ၎င်းတိုက်ပွဲ၌ နဗီတမန်တော်မြတ်ကိုယ်တိုင် ကိုယ်ကျပါဝင်ဆင်နွဲသော တိုက်ပွဲကို 'ဂဇ်ဝဟ်'ဟုခေါ်သည်) နဗီတမန်တော်မြတ်၏ နောက်ဆုံးတိုက်ပွဲဖြစ်သည်။ နဗီတမန်တော်မြတ်အား ရောမဘုရင်က စစ်သည် အလုံးအရင်းနှင့် မဒီနဟ်မြို့တော်သို့ ချီတက်ရန် ကြံရွယ်ကြောင်းသတင်းရလေသည်။ အလွန်ကြီးလေးသည့် တပ်ကြီးနှင့် ဆီးရီးယားပြည်ဘက်မှ မဒီနဟ်သို့ ရှေ့ရှုကြလေသည်။ ဤသတင်းကိုရလျှင် ဟိဂျရီ ၉—ခုနှစ်၊ ရဂျဗ်လ ၅—ရက်၊ ကြာသပတေးနေ့တွင် 'နဗီ'တမန်တော်မြတ်သည် ထိုတပ်နှင့်ယှဉ်ပြိုင် တိုက်ခိုက်ရန် မဒီနဟ်မြို့တော်မှ ထွက်ခွါတော်မူလေသည်။ အချိန်မှာလည်း နွေရာသီဖြစ်သည်၊ တိုက်ပွဲမှာလည်း ကြီးမားသည့် တိုက်ပွဲဖြစ်သည်၊ ထို့ကြောင့် 'နဗီ'တမန်တော်မြတ်သည် စစ်ပရိယာယ်ကို မသုံးတော့ဘဲ အတိအလင်းကျေညာတော်မူသည်မှာ ကျွန်ုပ်တို့သည် ရောမဘုရင်နှင့် တိုက်ပွဲဆင်နွဲရန် ထွက်ခွါသွားကြရမည်။ သင်တို့သည် အသင့်ပြင်ဆင်ကြကုန်လော့ဟူ၏။ 'နဗီ'တမန်တော်မြတ်ကိုယ်တိုင် စစ်တိုက်နှိုး အလှူကောက်ခံတော်မူလေသည်။ ဤတိုက်ပွဲအတွက် သာဝကကြီး

'အဗူဗက်ရ်'သခင်သည် အိမ်၌ရှိသမျှသော ဥစ္စာပစ္စည်းမှ ကခုမကျန်ဆောင်ကြဉ်းတော်မူခဲ့လေသည်။ ကိုယ်တော်မြတ်က အိမ်၌အဘယ်အရာကို ချန်ထားခဲ့သနည်းဟု မေးမြန်းရာ သာဝကကြီးက ကျွန်တော်မျိုးသည် အိမ်သူများအတွက်'အလ္လာဟ်'အသျှင်မြတ်နှင့် နဗီတမန်တော်၏ နာမတော်ကိုသာ ချန်ထားခဲ့ကြောင်း ပြန်လျှောက်တော်မူခဲ့၏။

'ဟဇရတ်အုမရ်'(ရသေ့ယလ္လာဟုသအာလာအန်ဟု)သခင်သည် မိမိအိမ်မှ ရှိပစ္စည်းများမှ တဝက်ကို ဆောင်ကြဉ်းတော်မူခဲ့သည်။ အကျယ်ကို အခဏ်း (၆)၊ အမှတ်စဉ်(၄)တွင် ဖော်ပြပါမည်။

'ဟဇရတ်အွတ်ဆ်မာန်' (ရသေ့ယလ္လာဟုသအာအန်ဟု) သခင်သည် တိုက်ပွဲ၌ ကုန်ကျစရိတ်၏ သုံးပုံတပုံအတွက် တာဝန်ယူစီမံတော်မူသည်။ ထိုနည်းတူစွာ ပုဂ္ဂိုလ်တိုင်းပုဂ္ဂိုလ်တိုင်းသည် အတတ်နိုင်ဆုံး ကြိုးစား၍ယူဆောင်လာကြကုန်၏။ ထိုသို့ပင် စုဆောင်းစေကာမူ အလွန်ချို့တဲ့နေသေးသည်။ အရေအတွက်အားဖြင့်ကြည့်လျှင် လူ ၁၀-ယောက်လျှင် အစီးအနင်းကုလားအုတ် တကောင်ကျသာဖြစ်သည်။ ထိုအစီးအနင်းပေါ်သို့ အလှည့်ကျစီးနင်းလိုက်ပါကြရလေသည်။ ထိုကြောင့်ပင် ၎င်းတိုက်ပွဲကို (ဂျုံဝိင်ယွလ်အွစ်ရဟ်) ချို့တဲ့လှသည့်စစ်ပွဲတော်ဟူ၍ အမည်တွင်လေသည်။

၎င်းတိုက်ပွဲသည် အလွန့်အလွန် အခက်အခဲကြီးစွာဖြင့်ကြုံတွေ့ရသည်။ ခရီးထွက်ရသည်မှာ အလွန်ဝေးသည်။ ရာသီဥတုပူပြင်းလှသည်။'မဒီနဟ်'မြို့တော်၌ စွန်ပလွံသီးများမှာ အချိန်တန်၍ မှည့်ရွှဲနေသည်။ ခူးချိန်တန်လေသည်။ ဥယျာဉ်ခြံတခုလုံးမှာလည်း အသင့်ဖြစ်နေသည်။ 'မဒီနဟ်' မြို့သူမြို့သားများ၏ အသက်သွေးကြောမှာ စွန်ပလွံသီးသာဖြစ်၏။ တနှစ်လုံးအတွက် စားနပ်ရိက္ခာစုဆောင်းရန်အချိန်ပင်ဖြစ်သည်။ ၎င်းသို့သောအခြေအနေမျိုး၌၊ ၎င်းအချိန်သည် 'အစ္စလာမ်' သာသနာဝင်တို့အဖို့ အလွန့်အလွန်ကြီးလေးလှသည့် စမ်းသပ်မှုတရပ်ပင်ဖြစ်ချေ၏။ ။တဖက်မှ အလ္လာဟ်အသျှင်မြတ်ကိုလည်း ကြောက်ရွံ့ကြသည်။ နဗီတမန်တော်မြတ်ကလည်း မိန့်ကြားတော်မူသဖြင့် မထွက်မဖြစ်အခြေအနေ ဆိုက်နေလေသည်။ အခြားတဘက်တွင် ပြဿနာပေါင်းသောင်းခြောက်ထောင်ဖြစ်နေပြန်သည်။ ပြဿနာဟူသရွေ့မှာလည်း အပတ်တကုတ် ကြိုးပမ်းအားထုတ်တော်မူ၏။ အသီးအနှံ စွန်ပလွံသီးများလည်း အပင်ပေါ်၌ မှည့်မှည့်ရွှဲရွှဲကြီးကို တွေ့လျက်နှင့် စွန့်ပစ်ထားခဲ့ကြရမည်မှာ အဘယ်မျှ ရင်နင့်စရာပင် မဟုတ်တုံလော။ အထူးပြောစရာပင်မလိုတော့ပေ။ ထိုကဲ့သို့အကြောင်းချင်းရာများရှိသော်လည်း၊ ထိုပုဂ္ဂိုလ်တို့၏နှလုံးသားများတွင် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သည့်စိတ်ဓါတ်သည် အလုံးစုံတို့အပေါ် လွှမ်းခြုံထားပေသည်။

'မုနာဖစ်က်'အရေခြုံမွတ်စလင်မ်များ၊ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မြို့တော်အစောင့်အကြပ်များအဖြစ် စောင့်စားသူများ၊ သို့တည်းမဟုတ် အခြားအကြောင်းများဖြင့်ပမာအစီးအနင်းမရှိ၍ ကျန်နေခဲ့သူများသည်၊ မျက်ရည်တောက်တောက်ကျလျက် နေခဲ့သည်ကို 'ကုရ်အာန်'ကျမ်းတော်မြတ်က–

تَرٰىٓ اَعۡيُنَهُمۡ تَفِيۡضُ مِنَ الدَّمۡعِ

**အသံထွက်။** ။သဝလ္လု၊ ဝအအ်ယုနုဟွမ်၊ သဖီးဇု၊ မိနဒ္ဒမ်အိ။

**အဓိပ္ပါယ်။** ။သင်တို့သည် ထိုသူတို့အားကျောခိုင်း၍သွားကြကုန်၏။ (စင်စစ်သော်ကား) ထိုသူတို့၏ မျက်လုံးသည် မျက်ရည်များဖြင့် ပြည့်လျှံလျက်ရှိပေသည်။

အားလုံးသောပုဂ္ဂိုလ်တို့သည် အသင့်ရှိနေကြလေသည်။ သုံးဦးသော ပုဂ္ဂိုလ်တို့သည်သာ အကြောင်းမဲ့မပါဝင်ခဲ့ကြချေ။ ထိုပုဂ္ဂိုလ် ၃-ဦး၏အကြောင်းကိုလည်း ရှေ့အခဏ်းများ၌ ဖော်ပြပါမည်။

လမ်းခရီးတနေရာ၌ 'ဆမူးဒ်'အမျိုးသားတို့အား၊ မိုးကျပြစ်ဒဏ်ခတ်ထားသည့် နေရာသို့ရောက်သော်၊ ကိုယ်တော်မြတ်သည် မိမိရွှေမျက်နှာတော်ကိုဖုံးအုပ်တော်မူ၍ အစီးအနင်းကိုအပြင်းနှင်တော်မူလေသည်။ ဆဟာဗဟ်သာဝကတို့အားလည်း ဤနေရာမှ အမြန်ဆုံး သွားပါရန်၊ အပြစ်ကျူးလွန်သူတို့၏ ရပ်ရွာမှဖြတ်သွားလျှင် ငိုဟန်ဆောင်သွားကြပါရန်၊ မတော်တဆ သူတို့အပေါ်ကျရောက်သည့် မိုးကျအပြစ်ဒဏ်သည် ငါတို့အပေါ်များ ကျလာလေမလား ဟူသောတွေးတောချက်ကို နှလုံးပိုက်လျက်သွားကြပါဟု မိန့်ကြားတော်မူလေသည်။

(ကြည့်–ခမီးစ်ကျမ်း)။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

အလ္လာဟ်အသျှင်မြတ်၏ အချစ်တော်တပါးတည်း တမန်တော်မြတ်သည်ပင် မိုးကျပြစ်ဒဏ်သင့်ရာနေရာမှ ဖြတ်သန်းသွားရန် စိုးရိမ်ကြီးစွာ၊ ကြောက်ရွံ့စွာဖြင့် ဆဟာဗီကြီးတို့အား ငိုဟန်ဆောင်လျက် ဖြတ်သန်းသွားစေခဲ့သည်။ မတော်တဆ ထိုမိုးကျပြစ်ဒဏ်သည် သင်တို့အပေါ်သို့ မကျရောက်ပါစေနှင့်။ ထိုပုဂ္ဂိုလ်တို့သည်ကား တောင်တောင်မြည် ပုဂ္ဂိုလ်များဖြစ်ကြောင်း လက်တွေ့သာဓကပင်မဟုတ်ပါလော။

ကျွန်ုပ်တို့သည် ယခုအခါ တနေရာရာ၌ မြေလျှောင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မီးလောင်ခြင်း၊ လေမုန်တိုင်းသင့်ခြင်း၊ အိုးအိမ်များ ပြိုကွဲပျက်စီးမှုကို ရှုခင်းသာ အဖြစ်နှင့် သွားရောက်ကြည့်ရှုနေကြပါသည်။ သင်္ခါးစာယူဖို့၊ နောင်ကတရား ရဖို့ကိုမူ ဝေးလေစွ၊ သတိပင်မရကြတော့ပေ။

## (၉) ဟဇရသ်ကအဗ်သခင် မပါဝင်မဆင်နွှဲရခြင်းနှင့် သောင်းဗုဟ်

ဤသဗူးက်တိုက်ပွဲ၌ ချို့တဲ့သူများအပြင်၊ အရေခြုံမွတ်စလင်မ် ၈၀–ကျော်နှင့်ထိုမျှသော ကျေးတောသားများသည် ရှိကြသေးသည်။ ထိုသို့သောသူတို့အပြင် လူတစုသည် မိမိမပါဝင် မဆင်နွှဲရုံမျှမက၊ အခြားသောပုဂ္ဂိုလ်တို့ကိုပင် လိုက်လံ၍

لَا تَنفِرُوا فِي الْحَرِّ ۝

**အသံထွက်။** ။(လာသန်ဖေရုဖိလ်ဟာရ်ရေ)–
**အဓိပ္ပါယ်။** ။(နွေရာသီ)ပူပြင်းလှသည့်အချိန်၌ ခရီးမထွက်ကြနှင့်(ဟူ၍ဟန့်တားကြသေးသည်)။

'အလ္လာဟ်'အသျှင်မြတ်က 'ဂျဟန္နမ်'ငရဲဘုံ၏ မီးတောက် မီးလျှံသည် အလွန့်အလွန် ပြင်းထန်သည်ဟု မိန့်ကြားတော်မူသည်။ ထိုသူများအပြင်၊ သာသနာကို နှစ်နှစ်ကာကာ ပြည့်ပြည့်ဝဝ ယုံကြည်သူ–၃–ဦးကလည်း ခိုင်လုံသည့်တစုံတရာအကြောင်းမရှိဘဲ ထိုတိုက်ပွဲ၌ ပါဝင်ဆင်နွှဲခြင်း မပြုနိုင်ကြချေ။ ပထမ 'ကအဗ်အိဗ်နုမာလစ်က်' ဒုတိယ 'ဟေလာလ်အိဗ်နု အုမိုင်ယဟ်'၊ တတိယ 'မုရာရဟ်အိဗ်နုရဗီးအ်' စသည်တို့ဖြစ်ကြသည်။ ဤသုံးဦးသော ပုဂ္ဂိုလ်တို့ သည် သဘောထားခြင်းမတိုက်ဆိုင်၍လည်းမဟုတ်၊ အကြောင်းအရာ ချို့တဲ့ခြင်းကြောင့်လည်း မဟုတ်၊ စင်စစ်မှာ စည်းစိမ်ယစ်မူးမှုကြောင့်သာ ကျန်ရစ်ခဲ့ကြခြင်း ဖြစ်ကြလေသည်။ 'ကအဗ်' သခင်သည် မိမိအဖြစ်အပျက်အကျယ်ကို ရှေ့၌ဖေါ်ပြပါမည်။

'မုရာရဟ်အိဗ်နုရဗီးအ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်၏ ဥယျာဉ်ခြံသည် ကောင်းစွာ ဖူးပွင့်ဝေဆာလျက်ရှိသည်။ အကယ်၍ ငါထွက်သွားလျှင် ဤအရာပစ္စည်းများ သည် ပျက်စီးယိုယွင်းသွားပေအံ့ဟု တွေးထင်လေသည်။ တိုက်ပွဲများ၌ ငါသည်အမြဲတစေ ပါဝင်ဆင်နွှဲခဲ့၏။ အကယ်၍ ဤတကြိမ်မပါဝင်မဆင်နွှဲလျှင် အထူး အကြောင်းကိစ္စထူးမည် မဟုတ်ဟုထင်ကာ နေရစ်ခဲ့လေသည်။ သို့သော် သတိတရားရလာသည့်အခါ၊ ငြော်–ငါ မသွားသည့်အဓိကမှာ ဥယျာဉ်ခြံပင်ဖြစ်သည်ဟူ၍ အမှန်တရားကို မြင်တွေ့လာသောအခါ ဥယျာဉ်ခြံတခုလုံးကို အလ္လာဟ်အသျှင်မြတ်လမ်းတော်၌ အလှူဒါနပြုလိုက်လေသည်။

'ဟိလာလ်'သခင်၏ အိမ်သားဆွေမျိုးသားချင်းတို့သည် ခရီးထွက်နေရာမှ အကြောင်းအားလျော်စွာ ဤအချိန်၌ပင် ပြန်လည်စုစည်းကြကုန်၏။ ထိုပုဂ္ဂိုလ်မှာ ငါသည် တိုက်ပွဲများ၌ အမြဲတစေပါဝင်ဆင်နွှဲခဲ့၏။ အကယ်၍ ဤတကြိမ်မပါဝင် မဆင်နွှဲနိုင်ခဲ့သော်လည်း၊ အကြောင်းတော့ ထူးမည်မဟုတ်ဟု တွေးထင်ကာ နေရစ်ခဲ့လေသည်။ သို့သော် အသိတရားရလာသည့်အခါ မိမိ၏တိုက်ပွဲ၌ မပါဝင်ရခြင်းအကြောင်းရင်းမှာ ဤသို့သောသူများနှင့် သံယောဇဉ် နှောင်ကြိုးကြောင့် ဖြစ်သည်။ ဤသံယောဇဉ် ကြိုးကို အပြီး ဖြတ် တော်မူလေသည်။

'ဟဇရယ်ကအဗ်' (ရသေ့ ယလ္လာဟုသအာလာအန်ဟူ) သခင်အကြောင်းသည်'ဟဒီးဆ်' တော်များ၌ အတော်များများလာရှိပေသည်။ ထိုပုဂ္ဂိုလ်သည် မိမိခံစားချက် အကျယ်တဝင့် တင်ပြလေ့ရှိခဲ့သည်။ အမိန့်ရှိသည်မှာ ကျွန်ုပ်သည် 'သဗူးက်' တိုက်ပွဲ အလျှင်တခါဘူးမျှ ကျန်းမာရေးအခြေအနေနှင့်သော်လည်းကောင်း၊ စီးပွားရေးအခြေအနေအရ သော်လည်းကောင်း ကောင်းသည့် အခြေအနေကို မကြုံခဲ့ဘူးပါ။ ထိုအချိန်၌ ကျွန်ုပ်ကိုယ်ပိုင် ကုလားအုတ်မ နှစ်ကောင်ရှိခဲ့သည်။ ဒီအလျှင် တခါဘူးမျှ ကျွန်ုပ်၌ ကုလားအုတ်မ နှစ်ကောင်ကို မစိုးပိုင်ခဲ့ဘူးပါ။ နဗီတမန်တော်မြတ် (ဝစလ္လမ်) သည်၊ မိမိထွက်လိုရာ စစ်မျက်နှာပြင်ကို တိတိကျကျ ဖွင့်ဟပြောလေ့မရှိဘဲ၊ အခြားအခြား မျက်နှာပြင်များ၏ အခြေအနေကိုသာ စုံစမ်းမေးမြန်းလေ့ရှိသည်။ သို့သော် ဤတိုက်ပွဲ၌ နွေရာသီဖြစ်သဖြင့် နေအပူရှိန်ကလည်း အလွန်ပြင်း၊ ခရီးကလည်းဝေးလှသည်။ ထို့အပြင် ရန်သူ့စစ်အင်အားမှာလည်း အလွန် များပြားတောင့်တင်းသဖြင့် ကိုယ်တော်မြတ်သည် စစ်ပရိယာယ်ကိုမသုံးဘဲ (ဝါ) မကွယ်မဝှက်ဘဲ တိတိကျကျဘွင်းဘွင်းလင်းလင်း ကျေညာတော်မူ၍၊အသင့်ပြင်ဆင်စေတော်မူသည်။'မွတ်စလင်မ်' စစ်သည်တော်များမှာလည်း အလွန်များပြားလာလေသည်။ နာမည်စာရင်းယူရန်ပင် ခဲယဉ်းလာလေသည်။ လူသူများနေသဖြင့် မသွားလိုသောသူတို့အဖို့ အလွယ်တကူနှင့် ကွယ်ဝှက်နေလျှင် နေနိုင်ပေသည်။ အသီးအနှံများမှာလည်း မှည့်ရွှဲနေပေသည်။ ကျွန်တော်သည်ပင် ခရီးထွက်ရန်လိုသည့် ဥစ္စာပစ္စည်းများကို ပြင်ဆင်ရန် နံနက်အချိန်မှစ၍ ကြံရွယ်ပါသော်လည်း ညနေ နေသာစောင်းသွားသည် အသင့်ပြင်ဆင်ခြင်းသို့မရောက်ဖြစ်နေသည်။ သို့သော်ကျွန်ုပ်တွေးထင်မိသည်မှာ ငါဟာချောင်ချောင်လည်လည်ပဲ သွားလိုသည့်အချိန်တော့သွားနိုင်သားပဲ၊ ထိုအချိန်၌က နဗီတမန်တော်မြတ်နှင့် တပါတည်း 'အစ္စလာမ်' သာသနာဝင်အပေါင်းတို့သည် စစ်ချီတက်ကြလေပြီ။ ကျွန်တော်မှာမူ ပြင်ဆင်မှုကိုပင် မပြုရသေးချေ။ သို့သော်လည်း တရက်နှစ်ရက်နေ၍ လိုက်သွားလျှင် မှီနိုင်ပါတယ်။ ဤသို့ပင် မနက်ဖန်သဘက်ခါ ဟူ၍ပင် ရွှေဆိုင်းရင်းရွှေဆိုင်းရင်းနှင့် တမန်တော်မြတ်နှင့် စစ်သည်တော်များ ထိုသို့ဆိုက်ရောက်ချိန်တန်လေပြီ။ ကျွန်ုပ်သည် ကြိုးစားပါသေးသည်။ သို့သော် မအောင်မြင်တော့ပေ။ ယခုမူ ကျွန်ုပ်သည် မဒီနာမြို့၌ လှည့်လည်ကြည့်ရာ အရေခြုံ'မွတ်စလင်မ်'ဟု တံဆိပ်ခတ်နှိပ်ခြင်းခံရသူများနှင့် ချို့တဲ့သူများကိုသာလျှင်တွေ့ရလေသည်။ ကိုယ်တော်မြတ်သည်'သဗူးက်'သို့ ရောက်၍ 'ကအဗ်'

ကို မတွေ့ရပါလား၊ ဘာဖြစ်သလဲဟု မေးမြန်းတော်မူရာ ပုဂ္ဂိုလ်တဦးက အသျှင့်တမန်တော်၊ သူ့ကို ဥစ္စာပစ္စည်း ချမ်းသာကြွယ်ဝခြင်းက တားမြစ်ထားလိုက်ပါသည်ဟု လျှောက်ထားလေသည်။

'ဟဇရသ်မအာဇ်'(ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်က၊သင်မှားနေပြီ။ ကျွန်ုပ်သိရသလောက်ဆိုလျှင်၊ ထိုသူသည် လူကောင်းသူကောင်း တယောက်ဖြစ်သည်။ သို့သော် နဗီတမန်တော်မြတ်က ဆိတ်ဆိတ်နေတော်မူလေသည်။ မည်သို့မျှအမိန့်မရှိတော့ပေ။ နေ့ရက်အတန်ကြာသော်၊ ပြန်လာကြပြီးဖြစ်ကြောင်း သတင်းရရှိသောအခါ 'ကအဗ်' သခင်သည် သောကဗျာပါရ မီးတောက်ကြီးသည် ပေါက်ကွဲလာလေသည်။ ခံစားချက်တခုနှင့်ရင်ဆိုင်ရလေသည်။ အလွန့်အလွန် ပူဆွေးလေသည်။

စိတ်နှလုံး၌ မမှန်သည့်အကြောင်းပြချက်သည်ပင် ဝင်လာလေသည်။ ဆင်ခြေ ဆင်လက်များ ဝင်ဆန့်လာလေသည်။ ဤအချိန်၌ အကြောင်းပြချက်တခုခုဖြင့် ကိုယ်တော်မြတ်၏ အမျက်တော်မှ ရှောင်ခွင်းလိုက်မည်။ နောင်အခါအခွင့်သင့်သည့်အခါ ဝန်ချတောင်းပန်လိုက်မည်မှာ မိမိသားချင်းများအနက်မှ တတ်သိနားလည်သူများဉာဏ်ပညာ အမြော်အမြင်ရှိသူများနှင့်လည်း ဆွေးနွေးနေလေသည်။ နဗီတမန်တော်မြတ်ပြန်ကြွလာတော်မူကြောင်း ကြားသိရသောအခါ၊ အမှန်အတိုင်းသာ ဝန်ခံမည်။ အမှန်တရားသည် လွတ်ကင်းနိုင်စရာအကြောင်းရှိကြောင်းသိရသည်။ သို့ဖြစ်၍ အမှန်အတိုင်းသာဝန်ခံ လျှောက်ထားတော့မည်ဟူ၍ စိတ်ပိုင်းဖြတ်ထားလေသည်။

နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) သည် အပြင်မှပြန်ကြွလာသည့်အခါ အမြဲတမ်းဦးစွာပထမ-ဗလီဝတ်ကျောင်းတော်သို့ ကြွရောက်၍၊ 'သဟီယာသွလ်မတ်စ်ဂျစ်ဒ်' ကို ဖတ်လေ့ရှိသည်။ ၎င်းနောက်ထို၌ပင် ခေတ္တခဏ အပမ်းဖြေ၍ လာရောက်သူများနှင့် နှုတ်ဆက်တော်မူလေ့ရှိသည်။ ထုံးစံအတိုင်း ကိုယ်တော်မြတ်သည်၊ ခေတ္တခဏ ဆိုင်းငံ့နေစဉ် 'မွတ်စလင်မ်' အရေခြုံ'မုနာဖစ်က်'တို့သည် လာရောက်၍ ဆင်ခြေလဲအမျိုးမျိုးနှင့် အကြောင်းပြချက် အမျိုးမျိုးပြကာတမျိုး၊ ကျိန်ဆို၍တဖုံ၊ နည်းမျိုးစုံလင်စွာဖြင့် ကိုယ်တော်မြတ်ထံ ပန်ကြား ကြလေသည်။

ကိုယ်တော်မြတ်သည်လည်း ၎င်းတို့၏ အပြင်ရံကိုကြည့်၍၊ လက်ခံလိုက်ပါသည်။အတွင်းသဘောကိုမူ 'အလ္လာဟ်'အသျှင်မြတ်အား အပ်နှင်းတော်မူလေသည်၊ ထိုအချိန်၌ ကျွန်ုပ်သည်လည်း ရောက်သွား၍ 'စလာမ်'ဆက်သလိုက်ပါသည်။ နဗီတမန်တော်မြက်သည် မချိပြုံးပြုံးကာ ရွှေမျက်နှာတော် လွှဲဖယ်တော် မူလိုက်သည်။

ကျွန်ုပ်က၊ အို.... အသျှင့်နဗီတမန်တော်၊ တမန်တော်မြတ်သည် မိမိရှေ့မျက်နှာတော် လွှဲဖယ်တော်မူလိုက်သည်။ အသျှင့်'ကစမ်' ကျွန်တော်သည် 'မုနာဖစ်က်'အရေခြုံ 'မွတ်စလင်မ်' တယောက်မဟုတ်ပါ၊ ကျွန်တော်မျိုးသည် အီမာန်ယုံကြည်မှု၌ သံသယမရှိခဲ့ပါ။ ကိုယ်တော်မြတ်က၊ အမိန့်ရှိတော်မူသည်မှာ အနီးသို့ ချဉ်းကပ်လေ့ဟူ၍၊ မိန့်တော်မူသဖြင့် ကျွန်ုပ်သည် အနားကပ်၍၊ ထိုင်လိုက်သည်တွင်၊ နဗီတမန်တော်က၊ အသင့်အား ဘယ်အရာက ဟန့်တားခဲ့သနည်း၊ သင်သည် ကုလားအုတ်များဝယ်ထားသည် မဟုတ်ပါလောဟု မိန့်ကြား မေးမြန်းတော်မူရာ၊ ကျွန်ုပ်က အို....အသျှင့်တမန်တော်၊ကျွန်တော်မျိုးသည် အကယ်၍၊ လောကီရေးသမား တဦးတယောက် ရှေ့မှောက်၌ ရပ်တည်ခဲ့ရသည်ရှိသော် ယုံကြည်လောက်သည့် အကြောင်းပြချက်များကိုပြသ၍ မိမိလွတ်ရာလွတ်ကြောင်းကိုရယူနိုင်ပါသည်။အကြောင်းမူကား 'အလ္လာဟ်'အသျှင်မြတ်သည်။ ကျွန်တော်မျိုးအား စကားကြွယ်ဝမှုကို ချီးမြှင့်တော်မူသောကြောင့်ပင်ဖြစ်သည်။

ဒေါသမြင်မှုကိုရရှိမည်ကိုလည်းချို့ယွင်းချက်မရှိ ယုံကြည်ပါသည်။ သို့သော်ကိုယ်တော်မြတ်နှင့် ပတ်သက်၍ ကျွန်တော်မျိုးသည် စကားအရာ၌ ကျွမ်းကျင်မှုဖြင့် ကိုယ်တော်မြတ်အား ကျေနပ်မှုရရှိအောင် ပြောကြားနိုင်ပါသော်လည်း၊ကျွန်တော်မျိုးအား နောက်တချိန်၌ 'အလ္လာဟ်'အသျှင်မြတ်က အမျက်တော်ထားရှိပေမည်။

အကယ်၍ ရှင်းရှင်းဘွင်းဘွင်းစကားကို ဖွင့်ဟလျှောက်ထားပါက ကိုယ်တော်မြတ်သည် အမျက်တော်ထားရှိပါမည်။ သို့သော်လည်း 'အလ္လာဟ်'အသျှင်မြတ်သည်ကိုယ်တော်၏ အမျက်တော်ကိုပလပ်တော်မူလိမ့်မည်ဟု ယုံကြည်ထားပါသည်။

ထိုသို့သော အကြောင်းများကြောင့် 'ကျွန်တော်မျိုးသည် ဟုတ်တိုင်းမှန်ရာကိုသာ လျှောက်ထားပါမည်။ အသျှင့်'ကစမ်' ကျွန်တော်မျိုး၌ မည်သည့် ဆင်ခြေဆင်လက်မျှမရှိပါ။ စီးပွားရေး အခြေအနေမှာလည်း ဒီအလျင်က တခါဘူးမျှ ဤမျှလောက်ကြွယ်ဝချမ်းသာခြင်းမရှိခဲ့ပါ။ နဗီတမန်တော်မြတ်က၊ အသင်သည် အမှန်တရားကို အစီရင်ခံသည့်နောက် တဖန်ကောင်းပြီ၊သင့်အားအလ္လာဟ်အသျှင်မြတ်သည်သာလျှင်အဆုံးအဖြတ်ပေးတော်မူအံ့ဟုဆို၍ ထပြန်စေတော်မူလိုက်သည်။

ကျွန်ုပ်သည်လည်း ထိုမှထပြန်လာရာ ကျွန်ုပ်၏ အမျိုးသား၊သားချင်းများကကျွန်ုပ်အား ဝိုင်းဝန်း ပြစ်တင်ပြောကြားကြသည်မှာ၊ သင်သည် ဒီအလျင်က တခါဘူးမျှအပြစ်ကျူးလွန်ခဲ့သည်ဟူ၍ မရှိခဲ့ပါ။ ယခုအကျိုးအကြောင်း တင်လျှောက်၍ အပြစ်ဘေးမှချမ်းသာခွင့်ရရန် ကိုယ်တော်မြတ်အား 'အလ္လာဟ်'အသျှင့်ထံ ဆုပန်ပေးရန် လျှောက်ထားအသနားခံပါက သင့်အဖို့ ဖူလုံစိတ်သက်သာမှုရရှိပေလိမ့်မည်။

ကျွန်ုပ်က၊ ကျွန်ုပ်ကဲ့သို့သော သူများရှိပါသလား၊ ထိုသူတို့က ၂–ဦးသော သူတို့နှင့်လည်း အလားတူ အကြောင်းခြင်းရာများနှင့် ရင်ဆိုင်နေကြရကြောင်း၊ သင်ကဲ့သို့ပင်သူတို့မှာလည်း အဖြေများကို ရရှိနေကြကြောင်းပြောကြလေသည်။ (၁) 'ဟိလာလ်အိဗ်နုအုမိုင်ယာဟ်' (၂) 'မုရာရဟ်အိဗ်နုရဗီးအ်'ဖြစ်ကြောင်း ပြောကြားလေသည်။

ကျွန်ုပ်သည် နှစ်ဦးစလုံးကို ကောင်းစွာသိထားသည်။နှစ်ဦး းစလုံးမှာ သူတော်ကောင်းများဖြစ်ကြသည့်ပြင် 'ဗဒ်ရီ'များလည်း ဖြစ်ကြသည် ဆိုသည်မှာ 'ဗဒ်ရ်'တိုက်ပွဲ၌ ပါဝင်ဆင်နွှဲခဲ့သူကိုဆိုသည်။ ထိုသူတို့၏ မှန်မြတ်ကြောင်းသည် လည်းကောင်း၊ အပြစ်များမှ ချမ်းသာခွင့်ပေးထားကြောင်းကိုလည်းကောင်း၊ 'အလ္လာဟ်'အသျှင်မြတ် နှစ်သက်တော်မူကြောင်းကိုလည်းကောင်း၊ 'ဂျန္နသ်' သုခဘုံကောသား ဖြစ်ကြောင်းကိုလည်း ကောင်း၊ 'ဟဒီးဆ်တော်'များ၌ လာရှိပေသည်။ ထိုပုဂ္ဂိုလ်များသည်၊ ယခုကျွန်ုပ်နှင့် ဘဝတူအကျိုးပေးဖြစ်ကြလေသည်။ 'နဗီ' တမန်တော်မြတ်က ကျွန်ုပ်တို့သုံးဦးနှင့် စကားမပြောကြရန် တားမြစ်တော်မူသည်။ထိုစံအတိုင်း သူများနှင့် အဆက်အသွယ်ရှိသူများသည်၊ ထို၌သူ့ အိမ်သားများလည်း ပါဝင်နေသော် ထို၌ အဘယ်သို့သော သူသည်အပြုသဘောဖြင့် ဆုံးမသြဝါဒပေးနိုင်အံ့နည်း၊ 'ကအ့ဗ်'သခင်အမိန့်ရှိသည်မှာ ကိုယ်တော်မြတ်၏ တားမြစ်မှုကြောင့် လူသူအများတို့သည် ကျွန်ုပ်နှင့်ပြောဆိုခြင်းမှ စွန့်လွှတ်လိုက်ကြလေသည်။ ကျွန်ုပ်တို့နှင့်လည်း ရှောင်ဖယ်ဖယ်နေကြလေသည်။ မျက်မှောက်လောကကြီးတခုလုံးတွင် ပြောင်းပြန်လံသွားသည်ဟု ထင်မှတ်ရလေသည်။ ကမ္ဘာမြေပြင်ပထဝီသည်၊ မိမိအနေအထားအရ ကျယ်ပြန့်ပါသော်လည်း၊ ကျွန်ုပ်တို့အဖို့ ကျဉ်းမြောင်းလေသလားဟု ထင်မှတ်ရလေသည်။ ရှိသမျှသော သူတို့သည် ကျွန်ုပ်တို့အဖို့သူစိမ်းတရံများအဖြစ်သို့ရောက်လေသည်။ မြို့ရိုးပြဿဒ်များပင် ဆောက်ထိုးဖြစ်လေသလောဟု ထင်မှတ်မိ၏။ ကျွန်ုပ်သည် ဤအချိန်မျိုး၌ အကယ်၍ ကျွန်ုပ်သည် အသျှင့်အမိန့်တော်ခံရသည်ရှိသော်၊ တမန်တော်မြတ် 'ဂျနာဇဟ်နမာဇ်'ရပ်တည်တော်မမူမည်ကို အများဆုံး စိုးရိမ်မိသည်။ သို့တည်းမဟုတ် (နအူဇုဗိလ္လာဟ်)ဤအချိန်များ၌ 'နဗီ'တမန်တော်မြတ်သည် လည်းကောင်း၊ ကွယ်လွန်သွားခဲ့သော် ကျွန်ုပ်တို့သည် ထာဝစဉ်ဤအတိုင်းသာ နေသွားကြရပေမည်။

ကျွန်ုပ်တို့အား သယ်သူမျှစကားပြောကြလိမ့်မည်မဟုတ်။ ကျွန်ုပ်တို့အဖို့လည်း'ဂျနာဇဟ်' 'နမာဇ်' ဖတ်ကြလိမ့်မည်မဟုယ်။ 'နဗီ'တမန်တော်မြတ်၏အမိန့်တော်ကိုအဘယ်သူသည်ကျူးလွန်ဝံ့အံ့နည်း။တိုတိုပြောရလျှင်ရက်ပေါင်း၅၀–အထိ ဤသို့ပင်နေခဲ့ကြရလေသည်။ ကျွန်ုပ်၏အဆွေတော် ၂–ယောက်တို့မှာအစကပင်အိမ်၌ ပုန်းအောင်းနေကြလေသည်။ ကျွန်ုပ်သည် ထိုသူတို့ထက်ကာယဗလကောင်းသည်။ သွားလာနေသည်။ ဈေးသို့လည်းကောင်း၊ နမာဇ် ဝတ်ပြုရန် ဗလီကျောင်းတော်သို့လည်းကောင်း၊ ဟန်မပျက်သွားလာနေပါသည်။ သို့သော် ကျွန်ုပ်တို့အား မည်သူမှစကားမပြောဆိုကြပါ။ 'နဗီ'တမန်တော်မြတ်၏ အထံတော်သို့သွားရောက်၍ 'စလာမ်' ဆက်သပါသည်။ ကိုယ်တော်မြတ်က'စလာမ်'ကိုပြန်လည်တုံ့ပြန်သည်မပြန်သည်ကို အရိပ်တကြည်

ကြည်နှင့်နေပါသည်။ 'နမာဇ်'ဝတ်ပြုသည့်အခါလည်း အာတတ်နိုင်ဆုံးကိုယ်တော်မြတ်နှင့် အနီးဆုံးချဉ်းကပ်၍ ကိုယ်တော်မြတ်သည် မိမိအားရှုစားတော်မူသည်ကို တချက်တချက် တိတ်တခိုးကြည့်ပါသည်။ ကျွန်ုပ်နမာဇ်ဝတ်ပြုနေလျှင်ကိုယ်တော်မြတ်သည် ရွှေမျက်နှာတော်ကို လှည့်တော်မူလိုက်ပါသည်။ ထိုသို့ပင် အချိန်ကုန်ဆုံးခဲ့ရလေသည်။ 'အစ္စလာမ်'သာသနာဝင် 'မွတ်စလင်မ်'တို့သည် ကျွန်ုပ်နှင့်အခေါ်အပြောမပြုကြခြင်းကြောင့် အလွန်စိတ်ဒုက္ခ ဖြစ်ခဲ့ရ၏။ ထိုနောက်တနေ့သ၌ ကျွန်ုပ်သည် 'အဗူကသာဒဟ်' (ရှေ့ယလ္လာဟုသအာလာအန်ဟူ)၏ နံရံပေါ်သို့ တက်ခဲ့သည်။

ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်နှင့်ညီဝမ်းကွဲဖြစ်၍ အလွန်ရင်းနှီးသူတယောက်ဖြစ်ခဲ့၏။ ကျွန်ုပ်သည်ထိုနံရံပေါ်မှနေ၍ ကျွန်ုပ်က 'စလာမ်'မေတ္တာပို့သရာ 'အဗူကသာဒဟ်'က အဖြေမပေးမတုံ့ပြန်ဘဲနေ၏။ ထိုအခါကျွန်ုပ်က ညီတော်မောင် ငါသည် 'အလ္လာဟ်'အသျှင်မြတ်နှင့် အသျှင့်တမန်တော်ကို ချစ်ခင်ကြည်ညိုလေးစားသူဖြစ်ကြောင်း ညီမောင် မသိလေသလောဟု မေးမြန်းလိုက်ရာ အဖြေမပေးပဲ ဆိတ်ဆိတ်နေ၏။ ထိုသို့သုံးကြိမ်တိုင်တိုင်'ကစမ်'ကျိန်ဆို၍ ထပ်မံမေးမြန်းသောအခါ အလ္လာဟ်အသျှင်မြတ်နှင့်အသျှင့်တမန်တော်တို့ပင် သိတော်မူကြမည်ဟူ၍သာ ဖြေကြားလေသည်။ ဤအဖြေကိုကြားရအောအခါ ကျွန်ုပ်မှာမျက်ရည်များကို အဖော်ပြုကာ ထိုမှပြန်လာခဲ့ရပါတော့သည်။

ထိုသို့သောအခါသမယ၌ တရံရောအခါ ကျွန်ုပ်ကည် 'မဒီနဟ်'မြို့ရှိ ဈေးသို့သွားနေစဉ် 'ကစ်ဗ်သွိ'မျိုးနွယ်ဝင်ခရစ်ယာန်ဘာသာဝင်တယောက်သည်ရှိခဲ့၏။ထိုသူသည်ဆီးရီးယားတိုင်းပြည်မှ ကောက်ပဲသီးနှံ ရောင်းရန် 'မဒီနဟ်'သို့ရောက်ရှိနေလေသည်။ ထိုသူက 'ကအဗ်အိဗ်နုမာလစ်က်'အဘယ်မှာနေပါသလဲဟု မေးမြန်းနေသည် ကြားရပါသည်။ လူအများက ကျွန်ုပ်ဖက်သို့ ညွှန်ပြသောအခါ ထိုသူသည် ကျွန်ုပ်ထံသို့လာပြီး၊ 'ဂတ်စ္စာန်'ပြည့်ရှင်'ကာဖစ်ရ်'ဘုရင့်ထံမှ စာချွန်တော်တစောင်ကို လာပေးပါသည်။ ထိုစာ၌ ရေးသားထားသည်မှာ—

ငါဘုရင်မင်းမြတ်ကြားသိရသည်မှာ၊ သင်၏အရှင်သခင်သည် သင့်အားနှိပ်စက်ညှဉ်းပမ်းထားသည်။ သင့်အား အလ္လာဟ်အသျှင်မြတ်သည် ဂုဏ်သိက္ခာသေးသိမ်သည့် နေရာ၌ မထားပါစေနှင့်။ ပျက်စီးအောင်လည်း မပြုလုပ်ပါစေနှင့်။ ငါဘုရင်မင်းမြတ်ထံ အမြန်လာရောက်ခဲ့လော့။

ငါဘုရင်မင်းမြတ်သည် သင့်အား လိုလေသေးမရှိအောင် အကူအညီပေးမည်။ (မျက်မှောက်လောက၌ ထုံးစံဓလေ့ရှိသည်မှာ ကြီးသူက ငယ်သူလက်အောက်သားအား သတိတရားရစေရန် ဒဏ်ခတ်အပြစ်ပေးထားသောအခါ မြှောက်ပင့်သူတို့သည် ရှိမြဲပင်ဖြစ်သည်။ မိမိကိုယ်ကို အမှန်တကယ် အကျိုးပြုသူအဖြစ် ဟန်ဆောင်မြှောက်ထိုးပင့်ကော် လုပ်တတ်ကြလေသည်)။

'ဟဇရသ်ကအဗ်' (ရသွေ့ယလ္လာဟု သအာလာအန်ဟူ) သခင်သည် ဤစာချွန်တော်ကို ဖတ်၍ (အင်န္နာလစ်လ္လာဟ်၊ ဝအင်န္နာအီလိုင်ဟီရာဂျေအူးန်) ဖတ်ကာ၊ အော်–ငါ့အခြေအနေမှာ ဤကဲသို့ပင်ရောက်လေသလော။ 'ကာဖစ်ရ်'တယောက်က ငါ့အား လောဘသဏ္ဍာရ မက်လုံးပေးလာ၏။ (ဤသည်ကား) ကျွန်ုပ်အား အစ္စလာမ့်ဘောင်မှ ဖယ်ရှားရန်ကိုပင် အစီအစဉ်များဖြစ်လေသည်။ ဤသည်လည်း တဒုက္ခပင်တည်း။ ထိုစာကို ကျွန်ုပ်သည် ယူ၍ မီးထဲသို့ ပစ်ထည့်လိုက်သည်။

ထိုနောက် တမန်တော်မြတ်အပါးတော်သို့ သွားရောက်ကာ၊ အို–အသျှင့် တမန်တော်၊ တမန်တော်မြတ်၏ ရွှေမျက်နှာတော် လွှဲဖယ်မှုကြောင့်၊ မိမိမှာ ဤအခြေအနေသို့ ရောက်ရှိရကြောင်း၊ 'ကာဖစ်ရ်' တို့သည် မိမိအား လောဘသဏ္ဍာရမက်လုံးဖြင့် စေ့ဆော်နေကြောင်း၊ ထိုနည်းဖြင့် ရက်–၄၀–အချိန်ကာလမှာလည်း ကုန်ဆုံးပြန်လေသည်။

နဗီတမန်တော်မြတ်၏ သံတမန်တဦးသည် ကျွန်ုပ်ထံသို့ ဤအမိန့်တော်တရပ်ကိုယူဆောင်ကာ ရောက်ရှိလာ၏။ ထိုစာကကျွန်တော်အား၊ မိမိဇနီးကိုပါစွန့်ခွါပေလော့။ ကျွန်တော်မျိုးက ဘာကိုဆိုလိုတာလဲ၊ 'သွလာက္က်'ဟု မေးမြန်းရာ၊ မဟုတ်ဘူး–တသီးတခြားစီ နေကြရမည်ဟု မိန့်ဆိုလာ၏။

ထိုနည်းတူ ကျွန်တော်နှင့် ဘဝတူအကျိုးပေးနှစ်ဦးထံသို့လည်း ထိုသံတမန်ဖြင့် အမိန့်တော် ပါရှိလာလေသည်။ ကျွန်ုပ်သည် မိမိဇနီးအား သင်သည် သင့်ဆွေမျိုးမိဘများထံ ပြန်လေလော့။'အလ္လာဟ်'အသျှင်ထံတော်အပါးမှ အဆုံးအဖြတ် တစုံတရာ မရသမျှကာလပတ်လုံး သင်မသည် ထို၌ပင်နေလေလော့ဟု ပြောကြားလိုက်ပါသည်ဟူ၏။

'ဟိလာလ်အိဗ်နုအုမိုင်ယဟ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်၏ဇနီးမိန်းမသည် နဗီ တမန်တော်မြတ် ထံတော်အပါးသို့ ဝင်ရောက်ကာ လျှောက်ထား တောင်းပန်သည်မှာ ဟိလာလ်အိဗ်နုအုမိုင်ယဟ်'သည် အသက်အရွယ်အလွန် ကြီးရင့်သူဖြစ်ပါသည်။ ကူညီစောင်မမည့်သူမရှိလျှင် အသက်ဆုံးရှုံးနိုင်ပါသည်။ အကယ်၍ နဗီတမန်တော်မြတ်ခွင့်ပြုလျှင်၊ ကိုယ်တော်မြတ် မငြိုငြင်လျှင် ကျမအနည်းငယ်ပြုစုပါရစေဟု လျှောက်ထားလေ၏။

နဗီတမန်တော်မြတ်က ကိစ္စမရှိဘူး(ခွင့်ပြုသည်) သို့သော်ကိုယ်လက်မနှီးနှောမဆက်ဆံကြနှင့်ဟု မိန့်တော်မူသည်။ ဇနီးဖြစ်သူက၊ အို–အသျှင့်တမန်တော်၊ ထိုသို့ စိတ်ဆန္ဒပင် မရှိတော့ကြောင်း အချင်းဖြစ်သည့်နေ့မှစ၍ ယခုတိုင်အောင် ငိုကြွေးလျက်သာနေပါသည်။ ငိုကြွေး၍သာ အချိန်ကုန်လွန်စေခဲ့ပါသည်ဟု လျှောက်ထားလေသည်။

'ကအဗ်' ( ရသေ့ ယလ္လာ်ဟုသအာလာအန်ဟူ) သခင်က ကျွန်ုပ်အားလည်း ပြောလှာသည်။ သင်သည်လည်း—'ဟိလာလ်' သခင်ကဲ့သို့ ဇနီးသည်၏လုပ်ကျွေးမှုကို ရယူတောင်းခံလေ။ ရနိုင်စရာအကြောင်းရှိသည်ဟု ပြောကြသည်။

ကျွန်ုပ်သည် . သူ(ဝါ)'ဟိလာလ်'သခင်သည်ကား အိုမင်းရင့်ရော်သူဖြစ်သည်။ မိမိမှာနုပျိုလျက်ပင်ရှိသေးသည်။ ကျွန်ုပ်အား မည်သို့ဖြေကြားတော်မူမည်ကိုပင် မတွေးဝန့်ပါဟု ပြန်လည်ပြောကြားလိုက်ပါသည်။

ဤသို့ပင်နောက်ထပ်–၁၀-ရက်မျှ အချိန်သည် စကားစမြည်မပြောရပဲ ကုန်ဆုံးဖြစ်လေသည်။ ရက်–၅၀–မြောက်နေ့၏နံက်'ဖဂျရ်နမာဇ်'ကို ကျွန်ုပ်သည် အိမ်အမိုးပေါ်တွင် ဝတ်ပြုရ၍ အလွန်ဝမ်းနည်းပါသည်။ နေစရာလည်းမြေမရှိ၊ ပေးစရာလည်း ငွေမရှိဘဝသို့ပင် ဆိုက်ရောက်နေချေ၏ဟု တွေးတောနေစဉ် 'စလအ်' အမည်ရှိ တောင်ထိပ်မှ တဦးတယောက်သောသူသည်၊ အို-'ကအဗ်'သင့်အဖို့ သတင်းကောင်းပင်တည်းဟူသည့်အသံကို ကြားရ၍ 'စဂျိဒဟ်'ဦးချလိုက်လေတော့သည်။

ထိုနောက် ဝမ်းသာလွန်း၍ မျက်ရည်များပင် စီးကျခဲ့သည်။ ဒုက္ခဘေးမှလွတ်ကင်းလေပြီဟု ယူဆမိပါတော့သည်။နဗီတမန်တော်မြတ်သည် 'ဖဂျရ်နမာဇ်'အပြီး ကျွန်ုပ်တို့အား ခွင့်လွှတ်ကြောင်း သတင်းကျေညာတော်မူလိုက်လေသည်။ ထိုသတင်းကို တဦးသောသူသည် တောင်ထိပ်မှနေ၍ ဟစ်အော်ကြော်ငြာခဲ့လေသည်။ ထိုအသံကို ဦးစွာပထမ ရောက်ရှိကြားသိရပါသည်။

ထိုနောက် မြင်းစီးသူရဲတဦးသည် အဆောတလျင် လာရောက်၍ သတင်းပါးတော်မူပါသည်။ထိုသူအား မိမိသည် မိမိ၌ရှိသည့် ဝတ်စုံကိုခြီးမြှင့်လိုက်ပါသည်။ အသျှင့်'ကစမ်၊' ထိုအချိန်က ကျွန်ုပ်၌ ထိုဝတ်စုံအပြင် အခြားအဝတ်အထည်ဟူ၍ အလျင်းမရှိပါ။ ထိုနောက်ကျွန်ုပ်သည် ဝတ်ရုံတစုံကို ငှားရမ်း၍ ဝတ်ဆင်ကာ ကိုယ်တော်မြတ်၏ ခြေတော်ရင်းသို့ ဝင်ရောက် ခစားတော်မူပါသည်။

ထိုနည်းတူစွာ ကျွန်ုပ်တို့ ဘဝတူအကျိုးပေးဖြစ်သူနှစ်ဦးတို့မှာလည်း သတင်းကောင်းရယူ၍ ကျွန်ုပ်တို့'မစဂျစ်ဒ်' ဒေနဗ္ဗဝီဝတ်ကျောင်းတော်၌ရှိနေစဉ် ရောက်ရှိလာကြလေသည်။ ကျွန်ုပ်အား အပြေးအလွှား လာရောက်၍ ခြီးကျူးသြဘာပေးကြကုန်၏။

ဦးစွာပထမ'အဗူသွလ်ဟာ်'သခင်က ရှေ့တိုး၍ လက်ဆွဲနှုက်ဆက်ခဲ့သည်ကို ကျွန်ုပ်မမေ့ပျောက်နိုင်ပါ။ကျွန်ုပ်တို့ ကိုယ်တော်မြတ်အပါးတော်သို့ဝင်ရောက်ကာ 'စလာမ်'ဆက်သသော်

ရွှေမျက်နှာသည် ထွန်းလင်းတောက်ပလျက်ရှိပါသည်။ နဗီတမန်တော်မြတ်၏ ရွှေမျက်နှာတော်သည် ဝမ်းမြောက်ရွှင်လန်းသည့်အခါ လပြည့်နေ့လဝန်းပမာ၊ ထွန်းလင်းတောက်ပလျက်ရှိပါသည်။ ကျွန်ုပ်သည် ကိုယ်တော်မြတ်ထံတော်၌အို—အသျှင့်တမန်တော်၊ ကျွန်ုပ်၏ 'သောင်းဗဟ်' နောင်တတရား၏ ပြည့်ဝစုံလင်ဖြစ်မှုစိမ့်သောငှာ၊ ကျွန်တော်မျိုး၏ပစ္စည်းဥစ္စာစည်းစိမ်းဟူသရွေ့ကို အသျှင့်လမ်းတော်၌ လှူဒါန်းလိုပါ၏ဟု လျှောက်ထားရာ၊ (ဤစည်းစိမ်သည်ပင် ဤဒုက္ခဘေး၏ ရေသောက်မြစ်ပင်မဟုတ်ပါလော)။

ကိုယ်တော်မြတ်က ဤသို့ဖြင့် သင်မှာကြပ်တည်းနိုင်စရာအကြောင်းရှိသည်။အချို့အဝက်ကို မိမိအတွက်ချန်ထားလော့၊ 'ခိုင်ဗရ်'ရှိ မြေယာကိုချန်ထားခြင်းသည်သင့်၏ဟု မိန့်ကြားတော်မူသည်။ ကျွန်ုပ်သည်ကား အမှန်ပြောကြားခြင်းဖြင့် ဘေးဒုက္ခမှချမ်းသာခွင့်ရရှိသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် အမှန်အတိုင်းသာပြောကြားတော့မည်ဟူ၍ သန္နိဋ္ဌာန်ချလိုက်ပါသည်ဟူ၏။

(ကြည့်—ဒွရ်ရေမန်ဆူရ်—ဖသ်ဟွလ်ဗါရီကျမ်း)။

## သိမှတ်ဖွယ်ရာအဖြာဖြာ။

ဤသည်ကား'ဆဟာဗီ'သခင်ကြီးများ၏ အမိန့်နာခံခြင်း၊ သာသနာရေးရာ၌ လေးစားမှု၊ 'အလ္လာဟ်'အသျှင်မြတ်အား ရှိုကြောက်မှု၏ သာဓကပင်တည်း။

ဤပုဂ္ဂိုလ်ထူးတို့သည် တိုက်ပွဲများ၌ အမြဲကမ်းဝင်ရောက်ဆင်နွှဲလေ့ရှိကြသည်။ တခါတခေါက်ပျက်ကွက်မှုဖြင့် မည်သို့ပြစ်ဒဏ်ခံယူသနည်း။ အမိန့်တော်ကို နာခံလျက်အပြစ်ကိုခံခဲ့ကြသည်။ ရက်ပေါင်း ၅၀—အထိ ငိုကြွေးကာအပူသောကဖြင့် အတိဒုက္ခရောက်ခဲ့ကြသည်။ ဥစ္စာပစ္စည်းများကြောင့် ဖြစ်ရသည်ဟူ၍ အလုံးစုံကို အသျှင့်လမ်းတော်၌ လှူဒါန်းစွန့်ကျဲလိုက်ကြသည်။

'ကာဖစ်ရ်'အပေါင်းက လောကသက္ကာဂုရမက်လုံးပေး၍ မြှောက်ပင့်လာသောအခါ အားတက်ရမည့်အစား ဝမ်းနည်းကျေကွဲဖြစ်ကြသည်။ ထိုသည်များကိုပင် အသျှင့်မုန်းတီးမှု၊ ကိုယ်တော်မြတ်၏ ရွှေမျက်နှာတော်လွှဲဖယ်မှုကြောင့်ဟု တွေးထင်သည်။ မိမိ'အီမာန်'၏ လျော့နည်းမှုကြောင့်'ကာဖစ်ရ်'များက လောဘမက်မျက်လုံးဇောတိုက်ကျွေး၍ သာသနာပျက်စေချင်သည်ဟု ယူဆကြသည်။ ကျွန်ုပ်တို့သည်လည်း 'မွတ်စလင်မ်'များပင်မဟုတ်တုံလော။'အလ္လာဟ်'အသျှင်မြတ် အသျှင့်တမန်တော်၏ သြဝါဒတော်များမှာလည်း ရှေ့၌ရှိနေသည်။ အကြီးဆုံးသော သြဝါဒအမိန့်တော်ဖြစ်သည့် နမာဇ်ကိုပင်ကြည့်ကြဦးစို့။ 'အီမာန်'ယူပြီးသည့်နောက်ပိုင်း၌ အကြီးဆုံးသော တာဝန်ဖြစ်သည်။

ထိုတာဝန်ကို ထမ်းဆောင်ကြသည့် ပုဂ္ဂိုလ်များအဘယ်မျှ ရှိကြသနည်း။ ထမ်းဆောင်သူများမှာလည်း အဘယ်သို့ထမ်းဆောင်ကြလေသနည်း။ ဝတ်ကြေတမ်းကြေပင်မဟုတ်ပါလော။ထိုနောက်'ဇကာသ်'နှင့် 'ဟဂ်ျ'အကြောင်းများကိုမူ အဘယ်မှာလျှင် မေးနိုင်အံ့နည်း။ ထိုသည်တို့၌ ဥစ္စာပစ္စည်း ကုန်ဆုံးကြသည် မဟုတ်ပါလော။

## (၁၀)။ ဆဟာဗီသာဝကကြီးများ၏ ရယ်ရွှင်ခြင်းဖြင့် သတိပေးစကားဟောကြားခြင်းအကြောင်း

တနေ့သ၌ နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သခင်သည် နမာဇ်ဝတ်ပြုရန် ကြွရောက်လာစဉ်၊ ဆဟာဗီကြီးတစုတို့သည် အားပါးတရရယ်မောနေကြသည်။ အချို့မှာသွားများပင် ပေါ်လာကြလေသည်။ ကိုယ်တော်မြတ်က အကယ်၍ မရဏသေခြင်းဘရားကို တသသတိရကြပါလျှင် မြင်တွေ့ရသည်အဖြစ်မျိုးသည် ဖြစ်ပေါ်လာလိမ့်မဟုတ်ဟု မိန့်ကြားတော်မူသည်။ သို့ဖြစ်၍ သင်တို့သည် မရဏသေခြင်းတရားကို သတိရကြကုန်လော့။ သင်းချိုင်းက နေ့စဉ်ကျွန်ုပ်သည် အဖေါ်ကင်းရာ ဌာနဖြစ်သည်။ တဦးတည်း၊ တယောက်တည်း နေရာဌာနဖြစ်သည်။ မြေအိမ်ဖြစ်သည်။ ပိုးလောက်လန်းများ၏ အိမ်ဖြစ်သည်။

'မုအ်မင်န်'သူတော်စင်တဦးတယောက်သေဆုံး၍ သင်းချိုင်းတွင်းသို့ ရောက်ရှိလာသောအခါ သင်းချိုင်းက သင်၏လာရောက်ခြင်းသည် မင်္ဂလာရှိလှပါသည်။ အလွန်ကောင်းမွန်လှပါသည်။ ပထဝီမြေပေါ်၌သွားလာလှုပ်ရှားနေသူများအနက်၊သင်သည် ကျွန်ုပ်ထံ၌အနှစ်သက်ဆုံးဖြစ်သည်။ ယနေ့သင်သည် ကျွန်ုပ်ထံလာရောက်သဖြင့် ကျွန်ုပ်၏ ပျူပျူငှာငှာအကောင်းဆုံးဆက်ဆံသည်ကို သင်သည်မြင်တွေ့ရပေအံ့။ ထိုနောက်၎င်းသင်းချိုင်းသည် 'မုတ်မင်န်'၏ မျက်စိတဆုံးအထိ ကျယ်ပြန့်သွားလေသည်။ ထို၌'ဂျန္နသ်'သုခဘုံနန်းမှ ပြူတင်းပေါက်တပေါက်ကို ဖွင့်လှစ်ပေးလိုက်သည်။ ထိုမှလေကောင်းလေသန့်နှင့် မွှေးကြိုင်သောရနံ့သည် သင်းပြန့်လာလေသဖြင့် အကျိုးထူးကို ခံစားနေရလေသည်။ အကယ်၍ သူယုတ်မာတဦး တယောက်၏ အလောင်းကောင်ကို သင်းချိုင်း၌ ထားရှိကြသော်၊ သင်၏လာရောက်ခြင်းသည် အမင်္ဂလာဖြစ်ပေသည်။

သင်သည် မကောင်းမှုများကို ကျူးလွန်ခဲ့၏။ ကမ္ဘာမြေပြင်တွင် သွားလာလှုပ်ရှားနေသူများအနက် သင်သည် ကျွန်ုပ်၏ အရွံမုန်းဆုံးသောသူဖြစ်ပေသည်။ ယနေ့သင်သည် ကျွန်ုပ်ထံသို့ အပ်နှင်းခံရသည့်နောက် ကျွန်ုပ်၏ဆက်ဆံမှုကို သင်သည်ကောင်းကောင်းကြီးတွေ့ကြုံရပေအံ့။

✓ ထိုနောက် သင်းချိုင်းသည်ဇ္ဇင်းအား ဖိညှပ်လိုက်သည်။ တဖက်မှ နံရိုးများသည် အခြားတဖက်သို့လှင့်ထွက်သွားလေသည်။ မြေနဂါးပေါင်း ခုနစ်ဆယ်တို့သည်ဝိုင်းအုံ၍ ကမ္ဘာပျက်သည့်နေ့အထိ ကိုက်ကြလေသည်။ ထိုမြေနဂါးများအနက်မှ အကယ်၍တကောင်သည် ကမ္ဘာမြေပြင်သို့ အာငွေ့မှုတ်ထုတ်ခဲ့ပါမူ ကမ္ဘာပေါ်၌ ရှိသမျှသော စိမ်းလန်းစိုပြေသည့် သစ်ပင်ဝါးပင်များသည် ထိုအာငွေ့၏အဆိပ်နှင့် အပူရှိန်ကြောင့် အားလုံးပျက်သုဉ်းသွားပေမည်ဟု မိန့်ကြားတော်မူခဲ့သည်။ ထိုနောက်ကိုယ်တော်မြတ်က၊ 'ကဗရ်'သင်ချိုင်းသည် 'ဂျန္နသ်'သခဉ်္ဘာန်း၏ ဥယျာဉ်တော်တခုသော်လည်း ဖြစ်နိုင်ရာ၏။ သို့တည်းမဟုတ်'ဂျဟန္နမ်'ဒုက္ခဘုံ၏ အလွန်နက်ရှိုင်းသည့် တွင်းသော်လည်းဖြစ်ရာ၏ဟု မြွက်ကြားတော်မူလေသည်။

**သိမှတ်ဖွယ်ရာအဖြဖြော။**

✓ အလ္လာဟ်အသျှင်မြတ်အား ရှိုကြောက်ခြင်းသည် အလွန်အရေးကြီးပေသည်။ အဓိကပင်ဖြစ်သည်။ ဤသည်များကြောင့်ပင် နဗီတမန်တော်မြတ်သည် များသော အားဖြင့် အလွန်နက်နက်နဲနဲ တွေးဝေ ဆင်ခြင်တော်မူလေ့ရှိခဲ့ပေသည်။ ✓မရဏသေခြင်းတရားကိုတသ၊ သတိရခြင်းသည် အကျိုးဖြစ်ထွန်းစေသည်၊ ထို့ကြောင့် နဗီတမန်တော်မြတ်က မရဏသေခြင်းတရားကို တသ–သတိပြုလျက်နေခြင်းသည်အလွန်အရေးကြီးသည့် အကျိုးဖြစ်စေသည်ဟု ဆေးနည်းကောင်း တလက်ကိုပြသတော် မူခဲ့လေသည်။

## (၁၁)။ ဟဇရသ်ဟန်ဇလဟ်သခင်အရည်ခြုံဖြစ်မည်ကို ရှို ကြောက်ခြင်း။

ဟဇရသ်ဟန်ဇလဟ် (ရသ္မေ့ယလ္လာဟုသအာလာအန်ဟူ)သခင် အမိန့် ရှိသည်မှာ အခါတပါး၌ ကျွန်ုပ်တို့သည် နဗီတမန်တော်မြတ်၏ အပါးတော်၌ ဝင်ရောက်ခစားနေကြ၏။ ကိုယ်တော်မြတ်တရား ဓမ္မတရားဟောကြားတော်မူသဖြင့်၊ ကျွန်ုပ်တို့မှာ စိတ်ဓါတ်ပျော့ပြောင်းကာ၊မျက်ရည်များပင် တောက်တောက်မျ ယိုစီးကျလာလေသည်။ ခံစားချက်များမှာလည်း အပြည့်အဝ ဖြစ်လာကြပါသည်။ ထိုမှထ၍ အိမ်သို့ပြန်လာရာ သားသမီးဇနီးထံရောက်လာကြ၏။ လောကီရေးများကိုဆွေးနွေးလာကြ၏။ အိမ်သူအိမ်သားများနှင့် နောက်ပြောင်လာကြသဖြင့် ကိုယ်တော်မြတ်ထံအပါး၌ ခံစားချက်များသည် ပျောက်ကွယ်သွားလေသည်။ ရုတ်တရက်သတိတရားဝင်လာသဖြင့်၊ကျွန်ုပ်သည်အလျှင်က အခြေအနေအဘယ်သို့ရှိသနည်း၊ ယခုအဘယ်သို့ရောက်နေသနည်းဟု တွေးဆကာ အသင်သည် အမြင်အားဖြင့် ကိုယ်တော်မြတ်၏ရှေ့တော်၌တမျိုး၊ ယခုအိမ်သို့ရောက်သည့်အခါတဖုံဖြစ်နေသည်။ အသင်သည်အရည်ခြုံ 'မွတ်စလင်မ်' ဖြစ်ချေပြီဟူသည့် သဘောသည် တရေးရေးပေါ်လာလေသည်။

ထိုသို့ဖြင့် ဝမ်းနည်းကြေကွဲလျက် အိမ်ပြင်သို့ထွက်လာရာ၊ မိမိရှေ့မှ 'ဟာဇရသ်အဗူဗက်ရ်' ဆိဒ္ဒီး(က်)(ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်ကြွရောက်လာနေသည်ကို မြင်တွေ့ရသဖြင့် အို–အဗူဗက်ရ်၊ဟန်ဇလဟ်တော့ သာသနာရေးအရေးခြုံဖြစ်နေပြီဟု ပြောလိုက်သဖြင့်၊ကြားနာ၍ တအံ့တသြဖြစ်ကာ 'စုဗ္ဗဟာနလ္လာဟ်'အသင်ဘာတွေ ပြောနေတာလဲ၊ ဒီလိုဘယ်နည်းနှင့်မျှမဖြစ် နိုင်ဘူးဟုပြောပါသည်၊ ထိုအခါကျွန်ုပ်က အောက်ပါအတိုင်းရှင်းပြပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်မြတ် နဗီသခင်ထံတော်အပါး၌"ဂျန္နသ်နှင့်ဂျဟန္နမ်"အကြောင်းကြားနာရသောအခါ၊ ထိုအရာနှစ်ခု(ဂျန္နသ်×ဂျဟန္နမ်)တို့ သည် ရှေ့မှောက်၌ မျက်ဝါးထင်ထင်ရှုနေဘိအလား ခံစား ချက်အပြည့်အဝကို ရယူကြရသည်။ ထိုမှထပြန်လာ၍ အိမ်သူအိမ်သားများနှင့် စီးပွားရေး၊ အခြားအကြောင်းအရာကို စဉ်းစားဆင်ခြင်ကြသောအခါ (ယခင်)က ခံစားချက် များမှာ အလျင်းပျောက်ကွယ်သွားပါသည်ဟု ပြောကြားလိုက်ပါသည်။

တိုအခါအဗူဗက်ရ်သခင်က၊ ဤသို့သောအဖြစ်အပျက်များသည် ကျွန်ုပ်၌လည်းရှိပါသည်။ ကြုံတွေ့နေရပါသည်ဟုဆိုလာ၏။ ထိုနောက်ကျွန်ုပ်တို့နှစ်ဦးစလုံးသည် နဗီတမန်တော်မြတ်ထံသို့ သွားရောက်ပြီး အဖြစ်အပျက်မှန်ရာကို မကြွင်းမကျန် လျှောက်ထားကြပါသည်။

မိမိတို့မှာ သာသနာရေး အရေးခြုံမှုသာရှိတော့ကြောင်း လျှောက်ထားရာ၊ကိုယ်တော်မြတ်က ငါကိုယ်တော်မြတ်၏ဇီဝိန်ကို စိုးပိုင်တော်မူသော အသျှင့်'ကစမ်'၊ သင်တို့သည်ငါ့အပါးတော်၌ ခံစားချက်ရှိသကဲ့သို့ အမြဲထာဝစဉ်သာ စိတ်ဓါတ်ရှိခဲ့လျှင်၊ သင်တို့သည် အခါခပ်သိမ်း ကောင်းကင်တမန်တော်များနှင့် လက်ချင်းယှက် နှုတ်ဆက်ကြရပေအံ့။ အို....'ဟန်ဇလဟ်'တခါ တခါဟု လေးကြိမ်တိတိ မိန့်ကြားတော်မူခဲ့လေသည်။

(ကြည့်–အိဟ်ယာအိမွတ်စလင်မ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

✓ မနုဿလူသားတို့သည် လူဖြစ်သည့်အားလျော်စွာ လူတို့၏အသုံးအဆောင် လူ့ကျင့်ဝတ်မရှိမဖြစ်သည့်အရာဝတ္ထုပစ္စည်းများသည် လူသားတို့နှင့်တပါတည်း ယှဉ်တွဲလျက်ရှိနေကြသည်။အစားအသောက်၊ဇနီးမိန်းမ၊ကလေးစသည့် သံယော ဇဉ်နှောင်ကြိုးများဖြင့် တုတ်နှောင်လျက်ရှိကြပေသည်။ ၎င်းတို့၏ စားဝတ်နေ ရေး၊ကျန်းမာရေး၊ စသည့် အရေးများကို ဂရုပြု စောင့်ရှောက်ခြင်းကိုလည်း တာဝန်ရှိလာပေသည်။ထို့ကြောင့်ပင် အစဉ်အမြဲ သာသနာတော်၌ မွေ့လျော် နေခြင်းသည်ကားမဖြစ်နိုင်ပေ။

✓ဤသို့ ဖြစ်နိုင်မည်ကိုလည်း မမျှော်လင့်လေနှင့်။ ယင်းသို့သော အရည်အချင်းသည်ကား ကောင်းကင်တမန်တော်များ၏ အရည်အချင်းသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကောင်းကင် တမန်တော်တို့၌ သားမယား ဟူသည့် သံယောဇဉ်လည်း မရှိကြပေ။ စားဝတ်နေရေးအတွက်လည်းမပူရ၊ လောကီရေးနှင့်ပတ်သက်သည်ဟူ၍လည်း အလျှင်းမရှိကြပေ။ ကျွန်ုပ်တို့သည်ကားအမြဲတမ်း တသမတ်တည်း အဘယ်သို့နေနိုင်ကြအံ့နည်း။

အထူးစဉ်းစားရမည့်အကြောင်းမှာ 'ဆဟာဗီ' သာဝကကြီးများသည် မိမိသာသနာရေးအတွက် အဘယ်မျှ ပူပင်သောကကြီးကြသည်။ မည်သို့စိုးရိမ်ကြောင့်ကြသည်ကို စံတင်လောက်ပေသည်။ ဤသည်များဖြင့် သာသနာရေး၊ ဘာသာရေး၌ အဘယ်မျှလေးစားမှုရှိကြောင်း

သာဓကပင်ဖြစ်သည်။ သာမန်အားဖြင့်၊ အနည်းငယ်သော အကြောင်းချင်းရာကလေးများဖြင့် မိမိကိုယ်ကို အရေခြုံဟူ၍ အဆုံးအဖြတ်ပေးကာ နှစ်ဘဝသခင် ကျေးဇူးရှင် တမန်တော်မြတ်ထံ ချဉ်းကပ်၍ မေးမြန်းကာ သံသယကင်းမှုကို ယူကြလေသည်။ ထိုသူတော်စင်တို့၏ ခံယူချက်သည် တကယ့်အမာခံ၊ တကယ့်ခိုင်လုံသည့်အခြေသို့ ရောက်ခဲ့ချေပြီတကား။ ပါရှင်း ကဗျာဆရာတဦးက –

**အသံထွက်။** ။အစ်ကွတ်(စ်)သ် ဝဟာဇာရ်ဗဒ်ဂိုမာနီ။

**အဓိပ္ပါယ်။** အချစ်ဟူသည် ထောင်သောင်းမက အထင်အမြင်မှားစေသည်ဟူ၏။

အကြင်သူ တဦးတယောက်အား ချစ်ခင်ခဲ့သည်ရှိသော် ထောင်သောင်းမက အထင်မှားတတ်သည်။ ပူပင်သောကလည်း ထောင်သောင်းမက ဖြစ်လာတတ်သည်။ လူတယောက်သည် မိမိသားကို ချစ်သည်ရှိသော်၊ထိုသား ခရီးထွက်သွားခဲ့သော် သူ၏ ဆိုးကောင်းသတင်းကိုသိချင်ကြသည်။ သူသွားသည့်ဒေသ၌ ဝမ်းရောဂါသော်လည်းကောင်း၊ အဆင်မပြေမှုတခုခု၏ သတင်းကိုသာ ရယူလိုက်လျှင်အဘယ်မှာ ပြောဘွယ်ရှိမည်နည်း။ စာပေဖြင့် သော်လည်းကောင်း၊ ကြေးနန်းဖြင့် သော်လည်းကောင်း၊ တယ်လီဖုံးဖြင့်သော်လည်းကောင်း မေးမြန်းစုံစမ်း၍ သတင်းယူကြပေလိမ့်မည်မဟုတ်ပါလော။

## ကျမ်းပြုဆရာကြီး၏ နောက်ဆက်တွဲအမှာစကား အသျှင်အား ကြောက်ရွံ့ပုံအစုံစုံ

ကျမ်းမြတ်ကုရ်အာန်၏ 'အာယသ်'တော်များ၊ နဗီတမန်တော်မြတ်၏ ဩဝါဒတော်များ၊ သူတော်စင်များ၏ ဖြစ်အင်များ၌ 'အလ္လာဟ်'အသျှင်မြတ်အား ရွံ့ကြောက်မှုများ တနေရာတည်း၌ ပြည့်ဝစုံလင်အောင် ပြုစုရေးသားခြင်းမှာ မလွယ်ကူလှပေ။ သို့ပါသော်လည်း၊ အကျဉ်းချုပ်အား ဖြင့် 'အစ္စလာမ်'သာသနာတော်၏ အောင်မြင်မှုအပေါင်း၏ လှေခါးထစ်သည်ကား 'အလ္လာဟ်' အသျှင်မြတ်အား ရွံ့ကြောက်ခြင်းသာဖြစ်ကြောင်း မှတ်ယူသင့်ပေသည်။ တမန်တော်မြတ်က အသိဉာဏ်၏ အခြေခံတရားသည် 'အလ္လာဟ်'အသျှင့်အား ရွံ့ကြောက်ခြင်းဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့သည်။

'အဗ်ဒုလ္လာဟ်ဗိဉ်နုအုမရ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟု)သခင်သည် အလွန်ငိုကြွေး လေ့ရှိသည်။ နောက်ဆုံး မျက်စိနှစ်ကွင်းပင် အကျိုးမဲ့ အလင်းကွယ်ဖြစ်သွားခဲ့သည်။ တကြိမ်သော အခါ တပါးသောသူက တွေ့မြင်သွားသဖြင့်၊ သင်သည် ကျွန်ုပ်၏ ငိုကြွေးခြင်းကို အံ့ဩမဆုံး ဖြစ်နေပါသလော။ အလ္လာဟ်အသျှင့်အား ရွံ့ကြောက်၍ နေမင်းသည်လည်း ငိုကြွေးနေသည်ဟု ပြောကြားတော်မူလေသည်။ နောက်တကြိမ်လည်း ဤသို့ပင် ဖြစ်အင်တခုနှင့်ကြုံရာ၊ 'အလ္လာဟ်' အသျှင့်အား ရွံ့ကြောက်၍ လမင်းသည်ပင် ငိုကြွေးနေသည်ဟု မိန့်ကြားတော်မူလိုက်၏။

လုလုင် ဆဟာဗီတပါးသည်–

فَإِذَا انْشَقَّتِ السَّمَآءُ فَكَانَتْ وَرْدَةً
كَالدِّهَانِ ۔

**အသံထွက်။** ။ဖအေဇာန်ယှက်ကသီစွမားအုဖကာနသ်ဝရ်ဒသန်ကဒ်ဒေဟန်၊ ဖတ်ကြားနေစဉ် နဗီတမန်တော်မြတ်သည် အနားမှ ကြွမြန်းတော်မူလေသည်။

**အဓိပ္ပါယ်။** ။အာကာသမိုးကောင်းကင် ပြိုကွဲပျက်စီးယိုယွင်းသော်၊ ၎င်းမိုးကောင်းကင်သည်၊ သားရေအရောင်ကဲ့သို့ နီမြန်းသောအရောင်ကိုဆောင်အံ့။

ဤ'အာယသ်'တော်ကို ရွတ်ဖတ်သောအခါ၊ ကြက်သီးများ ထလာ၍ အသက်ရှူမမှန်တော့ဘဲ ငိုကြွေးလျက်၊ အာကာသမိုးကောင်းကင်သည် ပြိုကွဲ ပျက်စီးယိုယွင်းသွားသည့်ရှိသော်၊ ငါ၏ အဖြစ်သည် မည်သို့ ရှိ မည် နည်း။

ငါသည်ကား ပျက်စီးရပါတော့မည်တကားဟုတမ်းတလျက်ရှိလေ၏။ ထိုလုလင်ပျို ‘ဆဟာဗီ’၏ အဖြစ်အပျက် အကြောင်းအရာကို တမန်တော်မြတ်က၊ အို-အဆွေတော်၊ သင်၏ ငိုယိုဟစ်ကြွေးမှုကြောင့် ကောင်းကင် တမန်တော်များသည်ပင် ငိုကြွေးကြလေသည်ဟု မိန့်ကြားကြလေသည်။ ‘အန်ဆာရီ’ တပါးသည်လည်း “သဟာဂျ်ဂျုဒ်”နမာဇ်အချိန်၌ နမာဇ် ဝတ်တက်ပြီး ထိုင်၍ ‘ဂျဟန္နမ်’မီးဘေးမှ ကင်းဝေးပါရန် ‘အလ္လာဟ်’အသျှင်မြတ်ထံတော်၌သာလျှင် ပန်ကြားတောင်းခံ အပ်ပါသတည်းဟု တောင်းခံလျက် အလွန့်အလွန်ငိုကြွေးနေလေရာ တမန်တော်မြတ်က ယနေ့ အသင်သည် ကောင်းကင်တမန်တော်များကိုပင် ငိုကြွေးစေခဲ့သည်ဟု မိန့်ကြားတော်မူလေသည်။ “အဗ်ဒွလ္လာဟ်အိဗ်နုရဝါဟတ်” (ရသွေ့ ယလ္လာဟုသအာလာအန်ဟူ) အမည်ရှိ ဆဟာဗီကြီး ငိုကြွေးနေတော်မူသည်ကို၊ ဇနီးဖြစ်သူမှာလည်း လင်ခင်ပွန်း၏ အဖြစ်အပျက်ကိုကြည့်၍ ငိုကြွေးပြန်လေ၏။ ခင်ပွန်းဖြစ်သူက မင်းဘာဖြစ်လို့ ငိုကြွေးနေသနည်းဟုမေးရာ၊ ရှင်နှင့် ထပ်တူထပ်မျှပါဟု ဖြေလိုက်လေ၏။ လင်ခင်ပွန်းဖြစ်သူက ငါသည်ကား တနေ့ ငါတို့သည် ဂျဟန္နမ်မှ ဖြတ်သွားကြပေအံ့။ ထိုမှ ငါတို့သည် အောင်မြင်စွာနှင့် လိုရာပန်းတိုင်သို့ ရောက်ကြပါမည်လော။ သို့တည်းမဟုတ် ထို၌ပင် ကျကျန်ရစ်မည်လောဟု တွေးရင်း ငိုကြွေးမိပါသည်ဟု ပြောကြားလိုက်၏။

(ကြည့်-ကိယာမ္ဗလ်လိုင်လ်ကျမ်း)။

ဟဇရသ်ဇုရာရဟ်အိဗ်နုအောင်ဖါ(ရသွေ့ ယလ္လာဟုသအာလာအန်ဟူ) သခင်သည် ဗလီ ဝတ်ကျောင်းတော်တဆောင်၌ ရှေ့ဆောင်အဖြစ် နမာဇ်ဖတ်ရာ‘အာယသ်’တော်

فَإِذَا نُقِرَ فِي النَّاقُورِ

**အသံထွက်။** ။ဖအေဇာ နုကေရဖိန်နာကူးရ်၊

သို့ ရောက်လျှင် ရောက်ချင်း လဲကျ၍ အသက်ပါ ဆုံးပါးသွားလေသည်။ လူသူအများက ယူဆောင်၍ အိမ်သို့ပို့ဆောင်ကြလေသည်။

**ရင်း၏အဓိပ္ပါယ်။** ။အကြင်အခါသမယ၌ တံပိုးခရာမှုတ်အံ့။ ထိုသမယသည်ကကား အလွန်ခဲယဉ်းသော သမယပင်ဖြစ်လတံ့။

إِنَّا لِلَّهِ وَإِنَّا إِلَيْهِ رَاجِعُونَ

**အသံထွက်။** ။အင်န္နာလစ်လ္လာဟိ၊ ဝအင်န္နာအိလိုက်ဟိရာဂျိအူးန်

**အဓိပ္ပါယ်။** ။မုချကေန်ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင့်အဖို့သာဖြစ်သည်။ အသျှင့်ဘက်တော်သို့ ပြန်ကြရပေအံ့။

'ဟဇရသ်–ခလီးဒ်' (ရသေ့ူယလ္လာဟုသအာလာအန်ဟူ) သခင်သည် တရံရောအခါ 'နမာဇ်'ဝတ်ပြုနေစဉ်၊ ရှိရှိသမျှသော သတ္တဝါအပေါင်းတို့ (မလွဲမသွေ)

كُلُّ نَفْسٍ ذَائِقَةُ الْمَوْتِ

**အသံထွက်။** ။ကွလ်လုနတ်စင်(န)ဇာအေကသွလ်မောက်သေ။

မရဏသေခြင်းတရား၏ အရသာကိုမြည်းစမ်းသူသာတည်းဟူသည့် 'အာယသ်'တော်ကို အကြိမ်ကြိမ်ဖတ်ရွတ်နေလေ၏။ အတန်ကြာသော် အိမ်ထောင့်တထောင့်မှ ဤသည်ကို အကြိမ်မည်မျှဖတ်ရွတ်မည်နည်း။ သင်သည် ၎င်းကိုအကြိမ်ကြိမ်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် 'ဂျင်န်'လေးပါးတို့၏ အသက်ဇီဝိန် ဆုံးရှုံးရလေပြီဟူသည့်အသံကို ကြားရလေသည်။

အခြားတပါးသော ပုဂ္ဂိုလ်ထူးအကြောင်း ရေးသားထားသည်။ ရွတ်ဖတ်နေစဉ်

وَرُدُّوا إِلَى اللَّهِ مَوْلَاهُمُ الْحَقِّ،

**အသံထွက်။** ။ဝရွဒ္ဒူအေလလ္လာဟေမောက်လာဟွမ္မုလ်ဟက်ကု။

**အဓိပ္ပါယ်။** ။ထို့ပြင်၎င်းတို့သည် မိမိတို့၏အသျှင်သခင်အမှန်ဖြစ်သော 'အလ္လာဟ်'အသျှင်မြတ်အထံတော်သို့ ပို့ဆောင်ခြင်းခံရပေအံ့။

ဟူသည့် 'အာယသ်'တော်တို့ ရောက်သော် အသံကုန် တချက်ဟစ်ကြွေး၏။ ထိုနောက် ဖျက်ဖျတ်လူးကာ 'အလ္လာဟ်'အသျှင့်အမိန့်တော်ကို ခံယူသွားရှာလေသည်။ (အင်န္နာလစ်လ္လာဟိ၊ ဝအင်န္နာအိလိုက်ဟိရာဂျိအူးန်)။

✓ 'ဟဇရသ်ဖုဇိုင်လ်'(ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်သည်အလွန်ကျော်ကြားသော သူတော်စင်တပါးဖြစ်သည်။ အမိန့်ရှိသည့်မှာ 'အလ္လာဟ်'အသျှင်မြတ်အား ရှိုကြောက်ခြင်းသည် ကောင်းမှုဟူသရွေ၏ မီးရှူးတဆောင်ဖြစ်သည်ဟူ၏။

'ဟဇရသ်ယူဗ်လီ' (ရဟ်မသွလ္လာဟ်အလိုက်ဟိ)သခင်သူတော်စင်၏ အမည်နာမကို ကြားလျှင်၊ လူတိုင်းသိကြလေသည်။ ထိုပုဂ္ဂိုလ်က အမိန့်ရှိသည်မှာ ကျွန်ုပ်သည် 'အလ္လာဟ်'အသျှင်အား ရှိုကြောက်လာတိုင်း၊ ၎င်းရှိုကြောက်မှုဖြင့် ကျွန်ုပ်၏ ဇဝနဉာဏ်သည် ပွင့်လင်းလာ၍ သံဝေဂတရား၏ တံခါးသည်လည်းပွင့်လာလေ့ရှိသည်ဟူ၏။

✓ 'အလ္လာဟ်'အသျှင်မြတ်ကငါအသျှင်မြတ်သည်မိမိ'ဗန္ဒဟ်'အစေတော်များ၌ရှိုကြောက်ခြင်း နှစ်ပါးကိုလည်းကောင်း သောကဗျာပါရနှစ်ရပ်ကိုလည်းကောင်း၊ (တချိန်တည်း) မကိန်းဝပ်စေအံ့။

✓ အကယ်၍ မျက်မှောက်လောက၌ ငါအသျှင်မြတ်အား ဥပေက္ခာပြုလျစ်လျူရှုခဲ့လျှင်၊ ငါအသျှင်သည်၎င်းအား'ကိယာမသ်'နေ့၌ ရှိုကြောက်စိုးရိမ်စေတော်မူအံ့။ မျက်မှောက်လောက၌ ငါအသျှင်ကိုရှိုကြောက်စိုးရိမ်သောသူအား 'အာခေရသ်' လောကုတ္တရာ၌ စိတ္တသုခ စိတ်ချမ်းသာမှု ပေးကမ်းချီးမြှင့်တော်မူအံ့ဟုလာရှိသည်။

✓ နဗီတမန်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)က အကြင်သူသည်'အလ္လာဟ်'အသျှင်မြတ်အား ရှိုကြောက်၏။ ထိုသူအား အရာဝတ္ထု တိုင်း က ရှိုကြောက် ပေအံ့။ အကြင်သူသည် 'အလ္လာဟ်' အသျှင်မြတ်မှအပ၊ အခြားအခြားသောသူတို့အား ရှိုကြောက်ကြပါမူ။ ထိုသူ့အား အရာဝတ္ထုတိုင်းက ရှိုကြောက်စေပေအံ့။

✓ 'ယဟ်ယာအိဗ်နုမအာဇ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ)' သခင်ကလူသားသည် အကယ်၍ ဆင်းရဲနွမ်းပါးခြင်းကို ရှိုကြောက်စိုးရိမ်မှုရှိသလောက်သာ 'ဂျဟန္နမ်ငရဲမီးဘေးကို ကြောက်ရှိုစိုးရိမ်မှုရှိခဲ့သော်၊ ဂျန္နသ်သုခဘုံနန်းသို့ ဖြောင့်ဖြောင့်ကြီးရောက်နိုင်သည်ဟု မိန့်မှာတော်ခဲ့သည်။

✓ 'အဗူစိုလိုင်မာန်ဒါရာနီ' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်က အကြင်စိတ်ဓါတ်၌ 'အလ္လာဟ်'အသျှင့်အားရှိုကြောက်မှုဆိတ်သုဉ်းသည်ရှိသော် ထိုသူသည်ပျက်စီးရာပျက်စီးကြောင်း ပင်တည်းဟု မိန့်မှာတော်မူသည်။

✓ နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)က 'အလ္လာဟ်'အသျှင်မြတ်အား ရှိုကြောက်စိုးရိမ်၍ အကြင်မျက်စိမှ မျက်ရည်တပေါက် (၀၁) ကစက်သည် ယင်ကောင်၏

ဦးခေါင်းမျှပင်ဖြစ်လင့်ကစား၊ ယိုစီး၍မျက်နှာပေါ်သို့ ကျရောက်ခဲ့သည်ရှိသော်၊ ထိုသည့်မျက်နှာကို ငရဲမီးလောင်ကျွမ်းခြင်းမှ 'အလ္လာဟ်'အသျှင်မြတ်က'ဟရာမ်'သတ်မှတ်ထော်မူသည်ဟု မိန့်ကြားတော်မူသည်။

✓ နဗီတမန်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)က 'အစ္စလာမ်' သာသနာဝင်တဦး၏စိတ်ဓါတ်သည်'အလ္လာဟ်'အသျှင်မြတ်အား ကြောက်ရွံ့မှုဖြင့်တုန်လှုပ်ချောက်ချားလျက်ရှိ၏၊ ထိုသူ၏ အပြစ်ဒုစရိုက်ကျူးလွန်မှုများသည် သွေ့ခြောက်နေသည့် သစ်ပင်မှ သစ်ရွက်များကြွေကျသည့်အလား ကြွေမွပျက်ပြုန်းပေအံ့ဟု မိန့်ကြားတော်မူခဲ့သည်။

✓ ကျွန်ုပ်တို့၏ နဗီ(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) သခင် ကျေးဇူးရှင်က၊ အကြင်သူသည် 'အလ္လာဟ်'အသျှင်မြတ်အား ကြောက်ရွံ့၍ ငိုကြွေးသည်ရှိသော်၊နို့ချိုသည် နို့အုံသို့ပြန်လည်မဝင်ရောက်နိုင်သည့်အလား၊ထိုသူသည်လည်း'ဂျဟန္နမ်'သို့ လားရန်ခဲယဉ်းလှပေသည်ဟု မိန့်ကြားတော်မူသည်။

✓ သာဝကကြီး 'ဟဇရသ်အွတ္တဗဟ်အိမ်နအာမစ်ရ်–' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ)၊ သခင်က တမန်တော်မြတ်ထံတော်၌၊ အို….တမန်တော်မြတ်၊ ကင်းငြိမ်းချမ်းသာခွင့် ရနိုင်သောနည်းလမ်းသည် အဘယ်နည်းဟု လျှောက်ထားမေးမြန်းရာ၊ ကိုယ်တော်မြတ်က မိမိနှုတ်လျှာကိုဆင်ခြင်ထိန်းသိမ်းလော့။ အိမ်တွင်း၌သာ နေလေလော့။ မိမိ၏အပြစ်များမှ ကျူးလွန်မှုဒုစရိုက်များကို သတိရတသလျက်ငိုကြွေးလော့"ဟု မိန့်ကြားတော်မူခဲ့လေသည်။

✓ မယ်တော်'အာအိယ့်ဟ်'(ရသွေ့ယလ္လာဟုသအာလာအန်ဟာ) သခင်မက အခါတပါး၌ကိုယ်တော်မြတ်ထံ လျှောက်ထား မေးမြန်းတော်မူသည်မှာ အို….ကိုယ်တော်မြတ်၊ ကိုယ်တော်မြတ်၏'အွမ္မသ်'သားများအနက်မှ စာရင်းအင်းမရှိဘဲ 'ဂျန္နသ်'သုခဘုံသို့ ဝင်ရောက် စံမြန်းရမည့်သူများရှိပါသလားဟူ မေးမြန်း လျှောက်ထားရာ ကိုယ်တော်မြတ်ကမှန်လှပေသည်။(ထိုသို့သောသူသည်ရှိ၏)ထိုသူသည်ကား အခြားမဟုတ်၊ မိမိကျူးလွန်ခဲ့သည့်အပြစ် ဒုစရိုက်များကိုစာရေးရေး တွေးဆလျက် ငိုကြွေးသူပင်တည်းဟု မိန့်ကြားတော်မူ၏။

✓ နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)က၊ 'အလ္လာဟ်'အသျှင်မြတ်ထံတော်အပါး၌ အစက်နှစ်စက်သည် အလွန်တန်ဘိုးရှိလှပေသည်။ အနှစ်သက်ဆုံး ဖြစ်ပေသည်။ တစက်မှာမူ အလ္လာဟ်အသျှင်မြတ်အား ရွံ့ကြောက်၍ ယိုစီးလာသည့် မျက်ရည်စက်၊အခြားတစက်မှာ မိမိအသက်ကို ပဓါနမထားဘဲ စွန့်စွန့်စားစား 'အလ္လာဟ်' အသျှင်မြတ်လမ်းတော်၌ ထွက်၍တိုက်ပွဲဆင်နွှဲရာမှ ဒဏ်ရာရရှိ၍ ထွက်ပေါ်ယိုစီးလာသည့် သွေးစက်ပင် ဖြစ်ချေသည်ဟု မိန့်ကြားတော်မူခဲ့လေသည်။

နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)က 'ကိယာမသ်'နေ့၌ 'အလ္လာဟ်' အသျှင်မြတ်သည် ခုနစ်ဦးသောပုဂ္ဂိုလ်တို့အား မိမိအရိပ်အာဝါသအောက်၌ ထားရှိတော်မူအံ့။ ပထမသူများမှာ တကိုယ်တည်းအသျှင်မြတ်အား ရွံ့ကြောက်ကာငိုကြွေးနေ၍မျက်ရည်များလည်း ယိုစီးနေတတ်သူ။

'ဟဇရတ်အဗူဗက်ရ်' (ရဒွေ့ယလ္လာဟုသာအာလာအန်ဟူ)သခင်က ငိုကြွေးနိုင်လျှင် ငို၍ မငိုနိုင်လျှင် ငိုဟန်ဆောင်၍ပင်ငိုလော့ဟူ၏။ 'မုဟမ္မဒ်အိဗ်နုမွန်ကဒစ်ရ်' သခင်သည် ငိုကြွေးသည့် အခါ ငိုကြွေးသဖြင့် ကျရောက်လာသည့် မျက်ရည်များကို မျက်နှာနှင့် မုတ်ဆိတ် စသည်သို့ သုတ်လိမ်းပေးလေ့ရှိသည်။ ထိုနောက်ပြောကြားသည်မှာ ကျွန်ုပ်ထံသို့ အကြောင်းတရပ်လာရှိ သည်မှာ ဤမျက်ရည်မျိုးစိုသည့် နေရာကို ဂျဟန္နမ်ငရဲမီးသည် လောင်ကျွမ်းခြင်းငှာ မတတ်စွမ်း နိုင်ဟူလှာရှိသည်။

"ဆာဗစ်သ်ဗနာနီ"သခင်မှာ မျက်စိဝေဒနာခံစားနေရစဉ် သမားတော်တဦးက ငိုကြွေး ခြင်းမပြုရန် ဂတိပြုလျှင် မျက်စိဝေဒနာမှာ ပျောက်ကင်းသွားမည်ဟုဆိုရာ၊ ငိုယိုခြင်းမရှိသည့် မျက်စိသည် မည်သို့မျှအကျိုးမပြုနိုင်ဟု ဖြေကြားတော်မူလေသည်။

"ယဇီဒ်အိဗ်နုမိုင်စရဟ်" (ရဒွေ့ယလ္လာဟုသာအာလာအန်ဟူ) သခင် အမိန့်ရှိသည်မှာ၊ လူတို့သည် ခုနစ်ခုသောအကြောင်းများကြောင့် ငိုကြွေးရလေသည်။ (၁) အတိုင်းမသိ ဝမ်းသာ အားရဖြစ်ခြင်း၊ (၂) ရူးသွပ်သွားခြင်း၊ (၃) နာကျင်ကိုက်ခဲခြင်း၊ (၄) ထိတ်လန့် ကြောက်ရွံ့ခြင်း၊ (၅) ဟန်ဆောင်၍ငိုခြင်း၊ (၆) မူးယစ်မေ့မျောခြင်းနှင့် (၇)'အလ္လာဟ်' အသျှင်မြတ်အားရွံ့ကြောက်ခြင်း စသည်များဖြစ်ပါသည်ဟူ၏။

သတ္တမမြောက်ဖြစ်သော'အလ္လာဟ်'အသျှင်မြတ်အား ရွံ့ကြောက်ခြင်းကြောင့်ငိုယိုသဖြင့် ကျဆင်းလာသော မျက်ရည်စက်သည်ကား၊ ပင်လယ်သမုဒ္ဒရာမျှ ကျယ်ပြန့်လှသော မီးတောက် မီးလျှံကြီးများကိုပင် ငြိမ်းအေးစေနိုင်ပေသည်ဟုမိန့်ကြားလေ၏။

'ကအဗ်အဟ်ဗါရ်' (ရဒွေ့ယလ္လာဟုသာအာလာအန်ဟူ) သခင်အမိန့်ရှိသည်မှာ၊ ကျွန်ုပ်၏ ဇီဝိန်ကို စိုးပိုင်တော်မူသော အသျှင့်'ကစမ်'ဟု ကျိန်ဆို၍ 'အလ္လာဟ်'အသျှင်အား ရွံ့ကြောက်၍ ငိုကြွေးသဖြင့် ကျဆင်းလာသည့် မျက်ရည်သည် ကျွန်ုပ်အဖို့ တောင်ကြီးပမာဏ ရွှေစင်ကို 'အလ္လာဟ်'အသျှင်ထံ၌ လှူဒါန်းရသည်ထက် ပို၍ပင်နှစ်သက်သည်ဟူ၏။

ထို့အပြင် ယင်းသို့သောမိန့်ကြားချက်မှာ ထောင်သောင်းမကရှိပါသေးသည်။ထိုမိန့်ကြား ချက်ကို ထောက်ချင့် တွေးဆခြင်းအားဖြင့် 'အလ္လာဟ်'အသျှင်မြတ်အား သတိတရားထား၍

မိမိအပြစ် ဒုစရိုက်များကို တွေးဆပြီး ငိုကြွေးခြင်းသည် အလွန်တရာ အကျိုးအာနိသင်များပြား လှကြောင်း၊ ထိုသို့ပြုကျင့်ရန်အထူးလိုအပ်လှကြောင်း ပေါ်လွင်လှပေသည်။ သို့ရာတွင် 'အလ္လာဟ်' အသျှင်မြတ်၏ မဟာကရုဏာတော်ကို မြှော်ကိုးအားထားရာ၌ မလျှော့သင့်ပေ။ ကေန်မုချ 'အလ္လာဟ်'အသျှင့် ကရုဏာတော်သည်ကား အရာခပ်သိမ်းတို့ကို လွှမ်းခြုံလျက်ပင်တည်း။

'ဟဇရသ်အုမရ်' (ရဒိယလ္လာဟုသအာလာအန်ဟူ) သခင်၏ အမိန့်တော်တရပ်မှာ၊ အကယ်၍ 'ကိယာမသ်'ကမ္ဘာပျက်မည့်နေ့၌ တဦးတည်းသောသူမှအပ ကျန်အားလုံးသောသူတို့ သည်'ဂျဟန္နမ်'ငရဲတွင်းသို့ လားကြရအံ့။ ဟူသော အမိန့်ကျေညာချက်ကို ထုတ်ပြန်လျှင် ကျွန်ုပ် သည်'အလ္လာဟ်'အသျှင်မြတ်၏ ကရုဏာတော်ကိုမြှော်ကိုးအားထားခြင်းဖြင့်'ဂျဟန္နမ်'ငရဲမီးဘေးမှ လွတ်ကင်းချမ်းသာရရသည့် သူတော်စင်တဦးသည်ကား ကျွန်ုပ်ပင်ဖြစ်ပေသည်ဟု အတိအကျ မြှော်လင့်တောင့်တပါသည်။

အကယ်၍ 'ကိယာမသ်'ကမ္ဘာပျက်မည့်နေ့၌ တဦးတည်းသောသူမှအပ ကျန်အားလုံးသော သူတို့ကို 'ဂျန္နသ်' သို့ ဝင်ရောက်စံမြန်းခွင့်ပေးတော်မူမည် ဟူသော ကျေညာချက်ကို ထုတ်ပြန် လျှင်လည်း ကျွန်ုပ်သည် မိမိ၏ ကျင့်ဝတ်ကျင့်စဉ် ကျင့်ရပ်များ၌ ချွတ်ယွင်းမှုရှိခြင်းကြောင့် 'ဂျဟန္နမ်' မီးတောက်မီးလျှံအတွင်းသို့ ပစ်သွင်းခြင်းခံရမည့်သူမှာ ကျွန်ုပ်သာလျှင်ဖြစ်ပေသည်ဟု တွေးထင်မိပါသည် ဟူ၏။

ထိုအကြောင်းများကြောင့် ကျွန်ုပ်တို့သည် မြှော်ကိုးအားထားခြင်းနှင့် ရှုံကြောက်ခြင်း နှစ်ရပ်စလုံးကို တသီးတခြားစီ ကောင်းစွာတတ်သိထားဘို့လိုလှပေသည်။ အထူးသဖြင့် သေအံ့ ဆဲဆဲ၌ ကရုဏာတော်ကို မြှော်ကိုးအားထား တောင့်တမှုတရားကို အထူးပွားများရန် အရေးကြီး လှပေသည်။ (ထို့ကြောင့်)ကိုယ်တော်မြတ်က အသင်တို့သည်မသေဆုံးမီ 'အလ္လာဟ်'အသျှင်မြတ် အထံတော်မှ ကောင်းမြတ်လှသော မြှော်လင့်ချက်ကို ထားကြကုန်လော့ဟု မိန့်မှာတော် မူသည်။

'အိမာမ်'ရှေ့ဆောင်ဆရာတော်ကြီး အဟ်မဒ်အိဗ်နုဟန်မ်ဗလ်' သခင်ကြီးသည် မိမိကွယ် လွန်အံ့ဆဲဆဲ အခါသမယ၌ မိမိသားတော်ကိုခေါ်၍ 'အလ္လာဟ်'အသျှင်မြတ်ထံတော်မှ မြှော်ကိုး အားထားမှု၊တောင့်တမှုအပြည့်အဝရှိသည့် ဩဝါဒ'ဟဒီးဆ်'တော်များကိုသာဖတ်ကြားလော့ဟု မိန့်ကြားတော်မူခဲ့လေသည်။

# အခဏ်း (၃)

## 'ဆဟာဗီ'သာဝကကြီးများ၏ ရောင့်ရဲတင်းတိမ်ခြင်းအကြောင်း

ဤအခဏ်း၌ နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) သခင်၏ ကျင့်ထုံးကျင့်ရပ် လုပ်ဆောင်ချက်များကို ထောက်ချင့်ခြင်းအားဖြင့်၊ ရောင့်ရဲတင်းတိမ်ခြင်းကို တမန်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)ကိုယ်တိုင် ကျင့်သုံးတော်မူခဲ့ကြောင်း သိရှိနိုင်ပေသည်။ 'ဟဒီးဆ်' ကျမ်းဂန်များ၌ အမြောက်အမြားလာရှိသဖြင့် တနေရာတည်း၌ စုဆောင်းရန်မှာ မလွယ်ကူလှပေ။ ကိုယ်တော်မြတ်က ရောင့်ရဲတင်းတိမ်ခြင်းသည်"မုအ်မင်န်"သူတော်စင်များအဖို့ လက်ဆောင်ပဏ္ဏာတော်ဖြစ်သည်ဟု မိန့်မှာတော်မူခဲ့သည်။

(၁) နဗီတမန်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)ကငါကိုယ်တော်မြတ်၏အသျှင် ကငါကိုယ်တော်မြတ်အား 'မက္ကဟ်'မြို့တော်အနီးအနားရှိ တောင်များကိုပကတိ ရွှေစင်အဖြစ် ဖန်ဆင်းပေးတော်မူအံ့ဟု မိန့်ကြားတော်မူသည်ကို ငါကိုယ်တော်မြတ်က၊ အို– အသျှင်၊ ကျွန်တော်မျိုးသည် တရက်တဝမ်းစာ စားသုံး၍ နောက်တရက်မှာ ဆာလောင်မွတ်သိပ်စွာ နေလိုပါ၏။ အဘယ်ကြောင့်ဆိုသော်၊ ဆာလောင်သည့်အခါ၌ အသျှင့်အား သတိရငိုကြွေး၍ အစားအသောက် ဝဝလင်လင်စားသုံးရချိန်၌ အသျှင်မြတ်အား ကော်ရော်ကျေးဇူးတင်ခြင်း၊ ချီးမွမ်းထောမနာပြုခြင်း စသည်တို့ဖြင့် (အချိန်ကုန်ဆုံးစေချင်ပါသည်)ဟူ၍ လျှောက်ထားပါသည်ဟု မိန့်ကြားတော်မူခဲ့သည်။

(ကြည့်–သိစ်ရ်မဇီကျမ်း)။

ဤသည်ကား ကျွန်ုပ်တို့ အမြတ်တနိုးထားသည့် နှစ်ဘဝသခင် ကျေးဇူးရှင်တမန်တော်မြတ် မုဟမ္မဒ်သခင် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) ၏ ကျင့်စဉ်ကျင့်ရပ်ပင်ဖြစ်သည်။ ကျွန်ုပ်

တို့သည် တမန်တော်မြတ်ကို တသကျူးရင့်နေကြသည်။ တမန်တော်မြတ် (ဆလ္လလ္လာဟု အလိုက်ဟိ၀စလ္လမ်)၏ နောက်လိုက်အသင်း၀င် 'အွမ္မသ်'သားများဖြစ်ရခြင်းဖြင့်လည်း ဂုဏ်ယူနေကြသည်။ ထိုပုဂ္ဂိုလ်၏ ‚ကျင့်စဉ်ကျင့်ရပ်များကို လိုက်နာရန်မှာလည်း အသင့်မြတ်ဆုံးပင်တည်း။

## (၂) ဟာဇရသ်အုမရ်သခင်၏ စီးပွားရေးချောင်လည်မှုအတွက် ဒုအာတောင်းခံစေသဖြင့် သတိပေးစကား

အခါတပါး၌ ဇနီးကြင်ယာတော်များ၏ အချို့ကိစ္စရပ်၌ လွန်ကဲလာသဖြင့်၊ ကျိုးနွံနောင်ကြင်၍ သတိတရားရကြစိမ့်သောငှါ၊ ကိုယ်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိ၀စလ္လမ်)သည် ထိုကြင်ယာတော်များထံသို့ တလတိတိ သွားရောက်ခြင်းမှ ရပ်ဆိုင်းတော်မူအံ့ဟု "ကစမ်"ကျိန်ဆိုတော်မူလိုက်သည်။ ထိုနောက် အပေါ်ထပ်ရှိ သီးသန့်အခန်းတခန်းတွင် နေထိုင်တော်မူသည်။ လူဘုံအလယ်၌ ကိုယ်တော်မြတ်သည် မိမိကြင်ယာတော်အားလုံးတို့ကို (သွလာႏက်)ကွာရှင်းပြတ်စဲတော်မူလိုက်ပြီဟု သတင်းပြန့်နေလေသည်။

'ဟာဇရသ်အုမရ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် ထိုအချိန်၌ မိမိအိမ်ဂေဟာ၌ ရှိနေရှတော်မူစဉ်၊ ဤသတင်းကိုကြားရသောအခါအပြေးအလွှား ကြွရောက်လာလေသည်။ ဗလီ၀တ်ကျောင်းတော်၌ လူသူအများတို့သည်လည်း နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိ၀စလ္လမ်)၏ စိတ်ဓါတ် မသာယာမှုကြောင့် ငိုကြွေးမြည်တမ်းနေကြလေသည်။

ကြင်ယာတော်တို့သည်လည်း မိမိတို့၏ တပင်တိုင်ဆောင်နန်းများ၌ အသီးသီး ငိုကြွေးနေကြသည်ကို ရှုစားတော်မူ၍ မိမိချစ်သမီးတော်၊ ကျွန်ုပ်တို့၏မယ်တော် "ဟာဇရသ်ဟဖ်ဆဟ်" (ရသွေ့ယလ္လာဟုသအာလာအန်ဟာ) သခင်မ ငိုကြွေးနေသည့်အဆောင်သို့ ၀င်ရောက်ကြွသွား၍ ယခုမှ အဘယ်ကြောင့်ငိုကြွေးနေရသနည်း။ ငါ(ဘခင်)သည် သင်မအား နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိ၀စလ္လမ်) မကြိုက်မနှစ်သက်ရာကို မပြုကျင့်လေနှင့်ဟု သတိပေးစကားပြောနေသည်မဟုတ်ပါလောဟုဆို၍ ဗလီ၀တ်ကျောင်းတော်ဖက်သို့ ရွှေရှုတော်မူလေသည်။ ထို၌ လူတစုသည် "မင်နိဗရ်"ဓမ္မပလ္လင်အနီးအနား၌ထိုင်ကြလျက် ငိုကြွေးနေကြသည်ကို တွေ့မြင်ရပါသည်။ အချိန်အနည်းငယ်မျှ ၀င်ရောက်၍ထိုင်နေပါသည်။

သို့သော်လည်း ပို၍ပင် စိတ်ဒုက္ခပြင်းထန်လာသဖြင့် တမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိ၀စလ္လမ်) သီတင်းသုံးနေထိုင်တော်မူသည့် နေရာသို့ လာရောက်၍ လှေခါးထစ်ပေါ်တွင် ခြေတွဲလွဲချထိုင်နေသော တမန်တော့်အကျိုးဆောင်ပုဂ္ဂိုလ်တဦးဖြစ်သူ "ဟာဇရသ်ရဗာဟ်"အား

မိမိက ကိုယ်တော်မြတ်ထံ ဝင်ခွင့်ပန်ကြားကြောင်း လျှောက်ထားလေရာ၊ သွားရောက်လျှောက်ထားသောအခါ ကိုယ်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)က အချိန်မပေးပဲ ဆိတ်ဆိတ်နေတော်မူ၏။

"ဟဇရသ်ရဗာဟ်"(ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် ပြန်လာ၍ မိမိသည် တမန်တော်မြတ်ထံ ခွင့်ပန်ကြားပါသော်လည်း မည်သို့မျှ အမိန့်တော်ပြန်ခြင်းမရှိကြောင်း၊ ဆိတ်ဆိတ်သာ နေတော်မူကြောင်း ပြောပြလေရာ "ဟဇရသ်အုမရ်"သခင်သည် စိတ်အပျက်ကြီးပျက်ခါ တရားဟောပလ္လင်အနီး၌ လာထိုင်နေတော်မူသည်။

သို့သော် နေမထိထိုင်မသာဖြစ်ပြီး ပြန်လာ၍ "ဟဇရသ်'ရဗာသ်" (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်မှတဆင့် ဝင်ရောက်ခစားခွင့် လျှောက်ကြားပြန်လေသော် အမိန့်ပြန်ကြားချက် တစုံတရာမရရှိပဲဖြစ်လေသည်။ သို့ဖြင့် တတိယအကြိမ်တဖန် ပြန်လျှောက်ကြားစေသော်လည်း အကြောင်း မရရှိသဖြင့် ပြန်မည်ပြုရာ၊ အကျိုးဆောင် "ဟဇရသ်'ရဗာဟ်" သခင်က လာရောက်၍ ဝင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ပြောလေသည်။ "ဟဇရသ်'အုမရ်"သခင် (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) ဝင်ရောက်ခစားလေသော် တမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝလ္လစမ်)သည်ဂုံနီအိတ်ခင်းကျင်း၍လဲလျောင်းနေပေသည်။အခြားအခင်းအကျင်းသည် မရှိပါ။ ထိုကြောင့် ခန္ဓာကိုယ်ပေါ်တွင် အစင်းကြောင်းများပင် ထင်နေပါသည်။ ခေါင်းရင်း၌ သားရေအိတ်၌ စွန်ပလွံအခေါက်များကို ထုထောင်း၍ ဖြည့်တင်းသွတ်သွင်းထားသည့်အိတ်ကို မြင်တွေ့ရပါသည်။ ကျွန်ုပ်သည် 'စလာမ်'ဆက်သ၍ ဦးစွာ ကိုယ်တော်မြတ်သည် မိမိ၏ကြင်ယာတော်များကို 'သွလာက်'ကွာရှင်းလိုက်ပါသလားဟု မေးမြန်းလျှောက်ထားပါသည်။ ကိုယ်တော်မြတ်က ယင်းသို့မဟုတ်ကြောင်း ဖြေကြားတော်မူလိုက်ပါသည်။

ထိုနောက် ကျွန်ုပ်သည် ကိုယ်တော်မြတ်အား စိတ်ကြည်လာစေရန်၊ အို–အသျှင့်တမန်တော်၊ ကျွန်ုပ်တို့ 'ကိုရိုက်ယ့်' အမျိုးသားတို့သည် အမျိုးသမီးတို့အား စိုးမိုးခဲ့ကြသည်။ သို့သော် 'မဒီနဟ်'မြို့တော်သို့ ရောက်၍ 'အန်ဆာရ်' အမျိုးသမီးများသည် အမျိုးသားများအပေါ် စိုးမိုးကြသည်ကို မြင်တွေ့ကြရပါသည်။

ထိုသည်တို့ကိုမြင်တွေ့ကြရ၍ အတုမြင်အတတ်သင်ဆိုဘိအလား 'ကိုရိုက်ယ့်' အမျိုးသမီးများ၌လည်း ကူးဆက်လာခြင်းဖြစ်ပါသည်။ ထိုနောက်အနည်းငယ်စကား စမြည်ပြောကြားလျှောက်ထားသောအခါ ကိုယ်တော်မြတ်၏ ရွှေမျက်နှာတော်မှာ ပြုံးပန်းပွင့်လန်းပါတော့သည်။ ထိုအချိန်၌ ကျွန်ုပ်ကအိမ်တော်၌ မျက်စိကစားကြည့်လိုက်ရာ၊သားရေကြမ်းသုံးချပ်နှင့်အိမ်၏တထောင့်၌ လက်တဆုပ်ခန့် မုယောဆန်ကိုသာ မြင်တွေ့ခဲ့ပါသည်။ဤမှထိုသို့ မျက်စိဝှေ့ရမ်းကြည့်ပါသော်လည်း အခြားမည်သည့်အရာကိုမျှ မတွေ့ရှိတော့ပါဟု၏။ 'အုမရ်'

(ရသေ့ ယလ္လာဟုသအာလာအန်ဟူ)သခင်သည် ထိုအခြေအနေကိုထောက်ချင့်၍ တားမနိုင် ဆီးမရဖြစ်ကာ ငိုချလိုက်ပါတော့သည်။

တမန်တော်မြတ်က အဘယ်ကြောင့်ငိုကြွေးရလေသနည်းဟု မေးမြန်းတော်မူရာ၊ 'အုမရ်' (ရသေ့ ယလ္လာဟုသအာလာအန်ဟူ) သခင်က၊အို....အသျှင့်တမန်တော်၊ ကိုယ်တော်မြတ်၏ခန္ဓာ ကိုယ်ပေါ်တွင် ဂုံနီအိတ်၏ အရာများသည် အစင်းကြောင်း ထင်နေပါသည်။ အိမ်သုံးပစ္စည်း ဟူသရွေ့မှာလည်း ကျွန်တော်မျိုးရှေ့၌ရှိနေပါသည်။ (ဤအကြောင်းခြင်းရာများကို တွေ့မြင်ရ ပါလျက်)ကျွန်တော်မျိုးသည် ဝမ်းနည်းစွာ ငိုကြွေးခြင်းမပြုဘဲ အဘယ်သို့ နေနိုင်ပါအံ့နည်း ဟု လျှောက်ထားလိုက်လေသည်။

ထိုနောက်'အုမရ်'(ရသေ့ ယလ္လာဟုသအာလာအန်ဟူ)သခင်ကတဆက်တည်းလျှောက်ထား သည်မှာ၊အို....အသျှင့်တမန်တော်၊ ကိုယ်တော်မြတ်၏ 'အုမ္မသ်'သားများသည် စီးပွားရေး ချောင်လည် ဖွံ့ဖြိုးလာရန်'ဒုအာ'ဆု ပန်ကြားတော်မူပါ။ ရောမတိုင်းသူပြည်သားများ ပါးရှား တိုင်းသူပြည်သားတို့သည် 'အစ္စလာမ်' သာသနာဝင်များ မဟုတ်ကြချေ။ 'အလ္လာဟ်'အသျှင်မြတ် အား ကျိုးနွံဆည်းကပ်ခြင်းမပြုကြပါသော်လည်း စီးပွားရေး၌ ချောင်လည်ဖွံ့ဖြိုးလျက်ရှိကြကုန် သည်။'ကိုင်စရ်'ဘုရင်နှင့် 'ကစ္စရာ' ဘုရင်တို့သည်ကား ဥယျာဉ်ခြံကြီးများနှင့် မြစ်ကြီးမြစ်ငယ် အသွယ်သွယ်များအလယ်ဝယ် (ကောင်းမွန်စွာ) စံမြန်းနေကြလေသည်။ ကိုယ်တော်မြတ်သည် 'အလ္လာဟ်' အသျှင်မြတ်၏ အချစ်တော်၊ 'ရစူလ်'အဖြစ် စေလွှတ်ခြင်းခံရသူဖြစ်ပါလျက်၊ ဤသို့ သောအခြေအနေ၌ နေပါသလားဟူ လျှောက်ထားလိုက်၏။

'ဟဇရသ်၊အုမရ်' ( ရသေ့ ယလ္လာဟုသအာလာအန်ဟူ ) သခင်၏ လျှောက်ထားချက်ကို ကိုယ်တော်မြတ်သည်ကောင်းစွာ ကြားနာတော်မူ၍၊မိမိလဲလျောင်းရာမှ ထထိုင်တော်မူလေသည်။ ထိုနောက်၊'အုမရ်' လောကုတ္တရာ'အာခေရသ်'၏ချောင်လည်ဖွံ့ဖြိုးမှုသည် လောကီမျက်မှောက် လောက၏ ချောင်လည်ဖွံ့ဖြိုးမှုထက် အဆပေါင်း မြောက်မြားစွာ သာလွန်ကောင်းမြတ် ကြောင်းကို အသင်ယခုတိုင် သံသယဖြစ်နေသေးပါသလော။ ထို'ကာဖစ်ရ်'အပေါင်းတို့ စံစား မှု ဟူ၍ကား လောကုတ္တရာ 'အာခေရသ်'၌ရှိမည်မဟုတ်ဟု မိန့်ကြားတော် မူလိုက်လေသည်။ 'အုမရ်'(ရသေ့ ယလ္လာဟုသအာလာအန်ဟူ)သခင်က၊' အို....အသျှင့်တမန်တော်၊ ကျွန်တော်မျိုး အဖို့ အလ္လာဟ်အသျှင်မြတ်ထံ ဆုပန်ကြား ပေးသနားတော်မူပါ။အကယ်စင်စစ် ကျွန်တော်မျိုး ကား အမှားကြီးမှားမိပါကြောင်း'ပါဟု လျှောက်ထားတော်မူလေသည်။

(ကြည့်–ဖသ်ဟွလ်ဗာရီကျမ်း)

သိမှတ်ဖွယ်ရာအဖြာဖြာ။

ဤသည်ကား လောကီ လောကုတ္တရာ နှစ်ဌာန၏ ဘုရင်အသျှင်မြတ်၏ တဦးတည်းသော တမန်တော်၏ ထုံးစလေ့ဖြစ်သည်။ ဂုံနီအိတ်ပေါ်၌ အခြား အခင်းအကျင်းမရှိပဲ လဲလျောင်းနေသဖြင့် ကိုယ်ခန္ဓာမှာ အစင်းအကြောင်း များ ထင်ခဲ့ရလေသည်။အိမ်၌ အသုံးအဆောင်ပစ္စည်းစာရင်းကိုလည်း ရချေပြီ။ တဦးတယောက်က('ဒုအာ' တောင်းခံပါရန် လျှောက်ထားသောအခါ၊ သတိ ပေးစကား မှာကြားတော်မူသည်။

'ဟဇရတ်' 'အာအိယှဟ်'(ရဒွေ့ယလ္လာဟုသအာလာအန်ဟာ) သခင်မ(ကျွန်ုပ်တို့၏မယ် တော်)ထံ အမည်မသိတပါးသော ပုဂ္ဂိုလ်က အိမ်၌ ကိုယ်တော်မြတ်၏ သလွန်တော်သည် အဘယ်သို့ရှိပါသနည်းဟု လျှောက်ထားမေးမြန်းရာ၊ သားရေအိတ်ဖြစ်ပြီး၊ ၎င်း၌စွန်ပလွံ အခေါက်များကို ထုထောင်း၍ ထည့်ထားသည်ဟု ဖြေကြားတော်မူသည်။

'ဟဇရတ်'ဟဖ်ဆဟ်'(ရဒွေ့ယလ္လာဟုသအာလာအန်ဟာ)(ကျွန်ုပ်တို့၏မယ်တော်)သခင်မ ထံ အကြင်သူ တဦးတယောက်က အိမ်တော်၌ ကိုယ်တော်၏သလွန်တော်သည် အဘယ်သို့ ရှိပါသနည်းဟု လျှောက်ထား မေးမြန်းရာ၊ ဂုံနီအိတ်ဖြစ်ပြီး ၎င်းကို ခေါက်ချိုးခေါက်၍ ခင်းကျင်းပေးရပါသည်။ တညသောအခါ လေးခေါက်ချိုးခေါက်ပေးလျှင် ကောင်းလေစွဟု ယူဆကာ လေးခေါက်ချိုး၍ ခင်းကျင်းပေးလိုက်ပါသည်။ နံနက်မိုးသောက်အလင်းရောက်သော် ညက အဘယ်သို့ခင်းကျင်းလိုက်သနည်းဟု မေးမြန်းတော်မူလေသဖြင့်၊ ယခင်ကဂုံနီအိတ်ကိုပင် လေးခေါက်ချိုး ခင်းကျင်းပေးမိကြောင်း ပြန်လျှောက်ထားရာ ကိုယ်တော်မြတ်က၎င်းကို ယခင်ကအတိုင်းထားလော့၊၎င်း၏ သာယာညက်ညောင်းမှုသည် ညထခြင်းကို တားဆီးထား သည်ဟု မိန့်ကြားတော်မူသည်ဟု ဆင့်ပြန်မိန့်ကြားတော်မူသည်။

(ကြည့်-ယှမာအိလ်သိရ်မဇီကျမ်း)။

ယခုမှာမူ ကျွန်ုပ်တို့သည် မိမိတို့အိပ်ယာများ၌ လဲမွို့များကိုလည်းကောင်း၊အချို့ဆိုဖါ ကြီးများကိုလည်းကောင်း အသုံးပြုနေကြသည်ကို ချင့်တွေးကြပါက 'အလ္လာဟ်' အသျှင်မြတ် သည် ကျွန်ုပ်တို့အား အဘယ်မျှ ချောင်လည်မှု၊ စီးပွားရေး ဖြောင့်ဖြူးမှုကို ပေးထားတော်မူ သည်။ သို့သော်လည်းကျွန်ုပ်တို့သည် 'အလ္လာဟ်' အသျှင်မြတ်အား ကျေးဇူးတင်ရမည့်အစား အခါခပ်သိမ်း စီးပွါးရေးကြပ်တည်းမှုကို အကြောင်းပြုခါ ပြစ်တင်နေကြလေသည်။

## (၃) ဟဇရသ်အဗူဟူရိုင်ရဟ်သခင်၏ဆာလောင်မွတ်သိပ်ခြင်းအကြောင်း။

ဆဟာဗီသာဝကကြီး'ဟဇရသ်' အဗူဟူရိုင်ရဟ်' (ရဒေ့ယလ္လာဟု သအာလာအန်ဟူ) သခင်သည်အခါတပါးက ပိုးပုဝါဖြင့်နှာရည်သုတ်လျက်၊ရှေးဟောင်းနှောင်းဖြစ်ရပ်တို့ကို သတိရကာ'အဗူဟူရိုင်ရဟ်' သင်သည် ပိုးပုဝါဖြင့် နှာရည်သုတ်နေပါသလော။ တချိန်က သင်သည် ဆာသောင်မှုကြောင့်နဗီတမန်တော်မြတ်၏ တရားဟော ပလ္လင်နှင့် တပင်တိုင်နန်းကြား၌ သတိလစ် မေ့မျောနေသဖြင့် လူသူအများက ဝေဒနာတရပ်ဟု ထင်မှတ်ကာ လည်ပင်းကိုခြေဖြင့် နင်းနှိပ် ပေးနေကြသည်။ အကယ်စင်စစ်မှာ ရောဂါ ဝေဒနာကြောင့်မဟုတ်၊ ဆာလောင်မှုကြောင်သာတည်း။

### သိမှတ်ဖွယ်ရာအပြာပြာ။

'အဗူဟူရိုင်ရဟ်'(ရဒေ့ယလ္လာဟုသအာလာအန်ဟူ)သခင်သည်၊ အလွန်သည်းခံတရား ထားရှိသူ၊ အလွန်ရောင့်ရဲ တင်းတိမ်သူ ပုဂ္ဂိုလ်တဦးဖြစ်သည်။ နေ့ရက်အတန်ကြာကြာ အငတ်ပြဿနာနှင့် ရင်လိုင်ရသဖြင့် သတိလစ်မေ့မြော သွားလေတော့သည်။လူသူအများက ရူးသွပ်သွားသည်၊ ဝေဒနာတခုခုကို ခံယူနေရသည်ဟုထင်မှတ်ကြ၍ လည်ပင်းကို ခြေဖြင့်နင်းနှိပ်ပေးကြလေသည်။ ရူးသွပ်သူအားခြေဖြင့် လည်ကိုနင်းနှိပ်သည်မှာ ထိုအခါသမယက ဆေးတပါး မည်၏။နဗီတမန်တော်မြတ် (ဆလလ္လာဟုအလိုက်ဟိဝစလ္လမ်) ကွယ်လွန်သွားပြီး နောက်နိုင်ငံအမြောက်အမြားကို အောင်နိုင်လာသဖြင့် စီးပွားရေး ချောင်လည်ကာ ကြွယ်ဝချမ်းသာသည့်ဘဝသို့ ဆိုက်ရောက်လာလေသည်။ ထိုသို့ကြွယ်ဝချမ်းသာလာပါသော်လည်း အလွန့်အလွန်သာသနာရေး၌ ကိုင်းရှိုင်းလာသူဖြစ်သည်။ထိုပုဂ္ဂိုလ်ထံ၌အိတ်ကြီးတအိတ်ရှိသည်။ ထိုအိတ်၌စွန်ပလွံစေ့များကို ဖြည့်ထား၏။ထိုအစေ့များဖြင့်ပုတီးစိပ်လေ့ရှိသည်။ ပြီးသွားလျှင်အကျိုးဆောင်ကျွန်မသည် ထိုအိတ်ထဲသို့ ပြန်လည် ထည့်သည်ဟုသိရှိရသည်။
ထိုသူတော်စင်၏ ထုံးဓလေ့မှာ မိမိကိုယ်တော်တိုင်လည်းကောင်း၊ ဇနီးကြင်ယာအားလည်းကောင်း အကျိုးဆောင်အားလည်းကောင်း၊ သုံးဦးစလုံးသည် ညအချိန်ကိုသုံးပိုင်း ပိုင်း၍ အလှည့်ကျ အလ္လာဟ်အသျှင်မြတ်အား ဆည်းကပ်တော်မူကြသည်ဟူ၏။

(ကြည့်-သဇ်ကရာသွလ်ဟွဖ်ဖါဇ်ကျမ်း)

ကျွန်ုပ်သည် ခမည်းတော်ထံမှ ကြားသိရသည်မှာ ဖခမည်းတော်၊ဘိုးတော်တို့သည်လည်း ထိုနည်းအတိုင်းပင် တရားအားထုတ်တော်မူခဲ့၏။ ဖခမည်းတော်သည် ညဦးယာမ်အချိန်တွင် တရားဓမ္မ စာပေကို လေ့လာတော်မူလေ့ရှိသည်။ သန်းခေါင်ယာမ်အချိန်တွင် ဘိုးတော်သည် အိပ်စက်ရာမှထ၍ ကျွန်ုပ်၏ခမည်းတော်ကိုမူ အိပ်စေတော်မူပြီးလျှင် 'သဟဂျ်ဂျုဒ်'နမာဇ်ဝတ်ပြု တော်မူပြီး မိုးသောက်ယာမ်တနာရီခန့်အလို၌ ကျွန်ုပ်၏ဦးရီးတော်ကို 'သဟဂျ်ဂျုဒ်' နမာဇ်ဝတ်ပြု ရန် နှိုးကြားတော်မူသည်။ မိမိကိုယ်တိုင်မှာမူ တမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)၏'စွန္နသ်'တော်နှင့်အညီ ခေတ္တခဏ လဲလျောင်းတော်မူလေ့ရှိပေသည်။

اَللّٰهُمَّ ارْزُقْنِیْ اِتِّبَاعَهُمْ۔

**အသံထွက်။** ။အလ္လာဟုမ္မရ်ဇုက်နီအိတ္တိဗာအဟုမ်။

**အဓိပ္ပါယ်။** ။အို—အလ္လာဟ်အရှင်၊ ကျွန်တော်မျိုးအား ထိုသူတော်စင်တို့၏ လမ်းစဉ်အတိုင်း လိုက်နာကျင့်ဆောင်နိုင်သည့်စွမ်းအင် ခြီးမြှင့်တော်မူပါ။

(အာမီးန်)။

## (၄) ဟဇရသ်အဗူဗက်ရ်သခင် သမ္မတဖြစ်စဉ် ဘဏ္ဍာတော်မှ လစာထုတ်ယူခြင်းအကြောင်း

"ဟဇရသ်အဗူဗက်ရ်"(ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် အထည်ကုန်သည် အဖြစ်နှင့် အသက်မွေးဝမ်းကျောင်းလေ့ရှိသည်။ 'ခလီဖဟ်' သမ္မတ ဖြစ်လာသောအခါ၌လည်း စောင်ထည်အနည်းငယ်ကို ပခုံးထက်ဝယ်တင်၍ ဈေး၌ရောင်းချရန် ကြွလာတော်မူလေသည်။ လမ်း၌ 'အုမရ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်နှင့် တွေ့ဆုံရာ၊ 'အုမရ်'သခင်က ဘယ်သွားမလို့လဲဟု မေးမြန်းရာ၊ ဈေးသို့သွား၍ စောင်ထည်များကို ရောင်းမည့်အကြောင်း ပြန်ကြားသောအခါ 'အုမရ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်က ကိုယ်တော်ကြီးသည် အကယ်၍ ကူးသန်းရောင်းဝယ်ဖောက်ကားမှုကို လုပ်ဆောင်သည်ရှိသော်၊ သမ္မတ တာဝန် ဝတ္တရားကို အဘယ်သို့ထမ်းဆောင်နိုင်အံ့နည်း။ ဒီလိုသာဆိုလျှင် အိမ်သူ အိမ်သားများ၏ စားဝတ်နေရေးကို အဘယ်သို့ ဖန်တီးရမည်နည်းဟု ပြောလှာသဖြင့် 'အုမရ်'သခင်က တမန် တော်မြတ်ကိုယ်တိုင်က သမာဓိရှင်ဟူသော ဘွဲ့ထူးကို အပ်နှင်းခြင်းခံရသော 'အဗူအုဗိုင်ဒဟ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ)ထံသို့ သွားကြစို့။ ထိုပုဂ္ဂိုလ်နှင့် ဘဏ္ဍာတော်မှ ထုတ်ယူရန် ရိက္ခာအတွက် သတ်မှတ်ကြပါစို့ဟုဆို၍ နှစ်ဦးနှစ်ဝတို့သည် တပါတည်း 'အဗူအုဗိုင်ဒဟ်' သခင်က 'အဗူဗက်ရ်'သခင်အတွက် 'မဒီနဟ်'မြို့တော်သို့ ရွှေ့ပြောင်းလာရောက်သော'မူဟာဂျစ်ရ်' တဦးတယောက်အတွက် ပျမ်းမျှခြင်းအားဖြင့် ရရှိသည့်နှုန်းထားနှင့်အညီ မပိုမလို သတ်မှတ်၍ ပေးတော်မူလေသည်။

အခါတပါး၌ ကြင်ယာတော်ဇနီးက မိမိသည် အချိုအချဉ် အဆိမ့်စသော အာဟာရကို စားသုံးလိုကြောင်း လျှောက်သောအခါ၊ မိမိမှာ အပိုစားသုံးရာ ပစ္စည်းဝယ်ယူရန် ငွေအသပြာ မရှိကြောင်း ပြန်လည်ပြောကြားတော်မူလေသည်။ ကြင်ယာတော်က ဤသို့ဆိုလျှင် ကျမ နေ့စဉ် ဈေးဖိုးများမှ အနည်းငယ်စီ ခြိုးခြံစုဆောင်းရလျှင်၊ ရက်အနည်းငယ်အတွင်း ဝယ်ယူ စားသုံးနိုင်ပါလိမ့်မည်ဟု ဆိုလေသော်၊ သခင်ကြီးက ခွင့်ပြုတော်မူလိုက်လေသည်။ ဤသို့ဖြင့် ကြင်ယာတော်သည် ချွေချွေတာတာနှင့် စုဆောင်းခြင်းဖြင့် နေ့ရက်အတန်ကြာသော် ငွေကြေး ပမာဏ အနည်းငယ်မျှကို စုဆောင်းရရှိလေသည်။

'ဟာဇရတ်အဗူဗက်ရ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သမ္မတကြီးက ဤရွေ့ဤမျှ သော ငွေကြေးကို'အစ္စလာမ့်'ဘဏ္ဍာတော်မှ အပိုရရှိနေကြောင်း လက်တွေ့အားဖြင့်သိရှိရလေပြီဟု ဆို၍ ထိုစုဆောင်းရရှိသော အသပြာငွေကို ဘဏ္ဍာတော်သို့ ပြန်လည်အပ်နှင်းပြီး ထိုမျှသော ငွေကြေးကို နောက်နောင် ထုတ်ယူရာ၌ လျှော့ယူထုတ်လေ့ရှိတော်မူလေသည်။

**သိမှတ်ဖွယ်ရာအမြာဖြာ။**

'အဗူဗက်ရ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် 'ခလီဖဟ်' သမ္မတမဖြစ်မီကပင် အထည်ကုန်သည်ဖြစ်ခဲ့၍ စီးပွားရေးမှာ ချောင်ချောင်လည် လည်ရှိခဲ့သူတဦးဖြစ်တော်မူခဲ့လေသည်။ ဥပမာ–သမ္မတဖြစ်ကြောင်း မကြေငြာမီ "အာအိယှဟ်" (ရသွေ့ယလ္လာဟုသအာလာအန်ဟာ) သခင်မက အကြောင်း သတင်းတရပ် ဖော်ပြခဲ့သည်ကို 'ဗုခါရီ'ကျမ်း၌ တွေ့ရှိခဲ့ပေသည်။ 'အဗူဗက်ရ်' သခင်အား သမ္မတရာထူး ခြီးမြှင့်ခြင်း ခံရသော်၊ သမ္မတကြီးက ကျွန်ုပ်၏ အမျိုးသားတို့သည် ဤအကြောင်း (၀၁) ကျွန်ုပ်၏ စီးပွားရေးသည် ကုန်သန်း ရောင်းဝယ် ဖောက်ကားမှုဖြင့် အိမ်သူအိမ်သားများ၏ စားဝတ် နေရေးမှာ ဖူလုံလုပါသည်။ သို့သော် ယခု သမ္မတ တာဝန်ဝတ္တရားများကို ထမ်းဆောင် ရခြင်းဖြင့်၊ 'အစ္စလာမ့်'ဘဏ္ဍာတော်မှ အိမ်သူအိမ်သားများ၏ စားဝတ်နေရေး အတွက် ထောက်ပံ့ကြေး သတ်မှတ်တော်မူလေသည်။ သို့ပင်ဖြစ်လင့်ကစား သမ္မတကြီးမကွယ်လွန်မီ သမီးတော် 'အာအိယှဟ်'သခင်မအား သေတမ်းစကား မှာကြားတော်မူလေသည်။ မှာကြားရာ၌'အစ္စလာမ့်'ဘဏ္ဍာတော်မှယူ၍ ငါ့အသုံး အဆောင်အဖြစ်ထားရှိသည့် ပစ္စည်းဥစ္စာများကို နောက်တက်လာမည့် သမ္မတ အား အပ်နှင်းလော့ ဟူ၏။

'ဟာဇရတ်အနပ်စ်'သခင် အမိန့်ရှိသည်မှာ သမ္မတကြီးထံ ငွေကြေးဟူ၍ မရှိကြောင်း၊ နို့စား ကုလားအုတ်မတကောင်၊ ဟင်းစားပန်းကန်တခုနှင့် ကျွန်

အကျိုးဆောင်တယောက်သာရှိကြောင်း သိရှိရပေသည်။ အခြား 'ရဝါယာသ်' များ၌ ခြုံထည်တခုနှင့် ခင်းထည်တခုဟူ၍လည်း လာရှိသည်။ 'ဟဇရသ်အုမရ်' သခင်ထံသို့ ပေးပို့ရောက်ရှိလာသည့်အခါ 'အုမရ်' သခင်က၊ အို–အလ္လာဟ် အသျှင်မြတ်၊ 'အဗူဗကရ်' သခင်အား လွတ်ငြိမ်းချမ်းသာခွင့် ပြုတော်မူပါ။ မိမိ၏ နောက်လူအဖို့ ဒုက္ခအဖြစ်ခံ၏ဟု ဆုပန်တော်မူလိုက်၏။

(ဖသ်ဟွလ်ဗာရီကျမ်း)။

(၅) 'ဟဇရသ်'အုမရ်' သခင်သည်လည်း ကုန်သည်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း လေ့ရှိတော်မူသည်။ သမ္မတဖြစ်လာသည့်အခါ၊ အစ္စလာမ့် ဘဏ္ဍာတော်မှ ထောက်ပံ့ကြေး သတ်မှတ်ကြလေသည်။ 'မဒီနဟ်' မြို့တော်၌ လူသူအများကို စုစည်းစေတော်မူ၍ မိန့်ကြား တော်မူသည်မှာ ကျွန်ုပ်သည် အရောင်းအဝယ် လုပ်လေ့ရှိသည်။ ယခုမှာမူ သင်တို့ ကျွန်ုပ်အား တာဝန်အပ်နှင်းလိုက်ကြသည်။ ကျွန်ုပ်၏ အသက်မွေးဝမ်းကျောင်းမှုကို အဘယ်သို့လုပ်ဆောင် ရမည်နည်းဟုမေးမြန်းရာ သာဝကတို့ကအမျိုးမျိုး သတ်မှတ်ချက်ချနေကြသည်။

"ဟဇရသ်'အလီ"(ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် တနေရာ၌ဆိတ်ဆိတ် ထိုင်နေတော်မူလေသည်။'အုမရ်'သခင်က သင်၏အကြံဉာဏ်က အဘယ်သို့နည်းဟု မေးမြန်းတော် မူရာ၊ 'အလီ' သခင်က အဆွေတော်နှင့် အဆွေတော်၏ အိမ်သူအိမ်သားများအဖို့ အလယ် အလတ် တန်းစား ထောက်ပံ့လျှင် သင့်မည်ဟု ဖြေကြားရာ၊ "ဟဇရသ်'အုမရ်" (ရသွေ့ ယလ္လာဟုသအာလာအန်ဟူ) သခင်သည် ဤအကြံကို နှစ်သက်လက်ခံတော်မူလိုက်၏။ ထိုအတိုင်း ပင် သတ်မှတ်ချက် အတည်ဖြစ်သွားလေသည်။

ထို့နောက် အတန်ကြာသော်၊ အခါတပါး၌ အစည်းအဝေးတနေရာတွင် 'အလီ'သခင်၊ 'အွတ်ဆ်မာန်'သခင်၊ 'ဇူဗိုင်ရ်'သခင်၊ 'သွလ်ဟဟ်'သခင်တို့သည် 'အုမရ်'သခင်၏ စားဝတ်နေရေး ကြပ်တည်းနေသဖြင့် ထောက်ပံ့ကြေးတိုးမြှင့်သင့်ကြောင်း ဆွေးနွေးကြလေသည်။ သို့သော်၊သူတို့ ကိုယ်တိုင် မလျှောက်ဝံ့ကြသဖြင့်၊ 'အုမရ်'သခင်၏ ချစ်သမီး၊ နဗီတမန်တော်မြတ်၏ ကြင်ယာ တော်၊ ကျွန်ုပ်တို့၏ "မယ်တော်'ဟဇရသ်'ဟဖ်ဆဟ်" သခင်မထံ သွားရောက်ကြ၍ ယင်းတိုး[illegible]င့် ပေးမည့် ထောက်ပံ့ကြေးကို လက်ခံသဘောတူပါမည့်အကြောင်း ကမ်းလှမ်းစေ၍၊ မိမိတို့က လာရောက်ပြောကြားကြောင်းကိုလည်း အသိမပေးပါရန် နှုတ်ပိတ်ထားလိုက်ကြလေသည်။

"ဟဇရသ်'ဟဖ်ဆဟ်"သခင်မက သွားရောက်၍ ဖခမည်းတော်ထံ အကြောင်းချင်းရာကို လျှောက်ထားရာ၊ 'အုမရ်'သခင်က အဘယ်သူများ လာရောက်၍ လျှောက်ထားကြလေသနည်း၊ ငါသိလိုတော်မူသည်ဟု ရှေ့မျက်နှာတော် နီ၍မြန်းလျက် ပြန်လည်မေးမြန်းတော်မူလေသည်။

သမီးဖြစ်သူ (ကျွန်ုပ်တို့၏မယ်တော်) သခင်မက ခမည်းတော်၏ သဘောကို ဦးစွာသိပါရစေဦးဟု လျှောက်ထားပြန်ရာ အမည်နာမများကိုသာသိရလျှင် ၎င်းတို့၏မျက်နှာ၌ အမာရွတ်ဖြစ်စေတော်မူအံ့ဟု မိန့်ကြားတော်မူ၍၊ ကောင်းပြီ–ဒီလိုဆို၊ သင်မကိုယ်တိုင် ငါ့အား အမှန်အတိုင်း လျှောက်ထားလော့။ နဗီတမန်တော်မြတ်၌ အကောင်းဆုံး အဝတ်အထည်ဟူ၍ သင့်အိမ်၌ အဘယ်မျှရှိသနည်းဟု မေးမြန်းတော်မူလိုက်လေသည်။ သခင်မက အဝတ်တစုံသာရှိကြောင်း၊ ၎င်းမှာ ရှားစေးရောင်သန်းနေကြောင်း၊ 'သောကြာ'နေ့၊ သို့မဟုတ် ကိုယ်စားလှယ်အဖွဲ့များ လာရောက်သည့်အခါ ဆင်မြန်းတော်မူကြောင်း ပြောကြားတော်မူလေသည်။

တဖန် သင်မအိမ်၌ အကောင်းဆုံး အစားအသောက်ဟူ၍ အဘယ်သို့ ချက်ပြုတ်လေ့ရှိသနည်းဟု မေးမြန်းပြန်ရာ၊ ဂျုံကြမ်းမုန့်ဖုတ်လုပ်ကြောင်း၊ ၎င်းမုန့်ပူပူနွေးနွေးကိုပင် ထောပတ်ဆမ်းပေးရာ၊ ကိုယ်တော်မြတ်က အရသာခံသုံးဆောင်တော်မူ၍ အခြားသူများကိုလည်း ကျွေးမွေးဧည့်ခံကြောင်း လျှောက်တင်ပြန်၏။ နဗီတမန်တော်မြတ်၏ အိပ်ယာသလွန်သည် အဘယ်သို့ရှိသနည်းဟု မေးမြန်းပြန်ရာ၊ ထူထည်းသည့်အရာတခုဖြစ်ကြောင်း၊ နွေရာသီ၌ ၎င်းကို လေးချိုးချိုး၍ ခင်းကျင်းရကြောင်း၊ ဆောင်းရာသီ၌ တဝက်ကိုခင်းကျင်း၍ အခြားတဝက်ကို ခြုံထည်အဖြစ် သုံးဆောင်တော်မူကြောင်း လျှောက်ထားပြန်လေသည်။ ထိုအခါ "ဟဇရတ်အုမရ်" (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်က ချစ်သမီး 'ဟဖ်ဆဟ်' အကြင် လျှောက်ထားသူတို့အား ကိုယ်တော်မြတ်၏ ကျင့်စဉ်ကိုသာ ပြောကြားလေလော့။

နဗီတမန်တော်မြတ်သည် မိမိ၏ကျင့်စဉ်ဖြင့် သတ်မှတ်ချက်တရပ်ကို အကည်ပြုခဲ့လေပြီ။ မိမိမျှော်ကိုးချက်ဟူသည်ကား (အာခေရတ်) အပေါ် ထားရှိတော်မူသည်။ ကျွန်ုပ်သည်လည်း နဗီတမန်တော်မြတ်၏ လမ်းစဉ်အတိုင်း ထပ်ချပ်မကွာ လိုက်တော်မူအံ့ဟူ၏။ ကျွန်ုပ်နှင့် အဆွေတော်နှစ်ဦး၏ ပမာမှာသည် နဗီတမန်တော်မြတ်နှင့် 'အဗူဗက်ရ်' သခင်သည် လမ်းခရီးတခု၌ သုံးဦးသောသူတို့သည် သွားကြ၏။ ပထမသူမှာ ခရီးအသုံးအဆောင်ကိုယူ၍ ခရီးထွက်ခဲ့ရာ၊ လိုရာစခန်းသို့ ရောက်ရှိခဲ့လေပြီ။ ဒုတိယခရီးသည်လည်း ရှေ့ကထွက်သွားသူ၏ ခရီးစဉ်အတိုင်း နောက်မှ ထပ်ချပ်မကွာလိုက်၍ ထိုပုဂ္ဂိုလ်၏ကျင့်စဉ်အတိုင်း ပြုကျင့်ဆောင်ရာ၊ ထိုသူသည်လည်း လိုရာစခန်းသို့ရောက်၍ ပထမလူနှင့် ဆုံဆည်းရလေပြီ။ တတိယခရီးသည်လည်း ခရီးထွက်ခဲ့ပြန်၏။

အကယ်၍ ၎င်းခရီးသည်နှစ်ဦးတို့၏ လမ်းစဉ်အတိုင်း လိုက်နာကျင့်သုံးခဲ့ပါလျှင်၊ လိုရာစခန်းသို့ရောက်၍ ထိုသို့ ထူးကဲသောပုဂ္ဂိုလ်တို့နှင့် တွေ့ဆုံနိုင်ချေမည်။ ထိုသူတို့၏ လမ်းစဉ်ကို ပေကွာစွန့်ပယ်၍ ဆန့်ကျင်စွာ ကျင့်ဆောင်လျှင်ကား မည်သို့မျှ ထိုသူတို့နှင့် တွေ့ဆုံနိုင်လိမ့်မည် ဟုတ်ပေ။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤသည်ကား အကြင်သို့သောပုဂ္ဂိုလ်တဦး၏အကြောင်းခြင်းရာဖြစ်သည်။ ထိုပုဂ္ဂိုလ်၏ အမည်နာမကို ကြားရုံမျှဖြင့် လောကီတခွင်၌ ရှိသမျှသော ဘုရင်မင်းများသည် တုန်လှုပ် ချောက်ချားသွားကြသည်။ ထိုပုဂ္ဂိုလ် သည် အဘယ်မျှ ရိုးသားစွာ နေထိုင်သွားလေသနည်း ဟူသည်ကို ချင့်တွေးကြပါကုန်။

တရံရောအခါ 'ခွသ်ဗဟ်'တရားဟောနေစဉ် ကိုယ်တော်သမ္မတ၏လုံချည်၌ အဖာအထေး ဆယ့်နှစ်ခုရှိခဲ့သည်။ တခုမှာ ဖာစရာအဝတ်မရှိသဖြင့် သားရေဖြင့် ဖာထေးထားသည်ကိုလည်း တွေ့မြင်ရသေးသည်။

အခါတပါး၌ သောကြာ နမာဇ်ဖတ်ရန်လာရာ၌ အတန်ကြာသွားလေသည်။ ရောက်လာလျှင်လာခြင်း မိမိမှာ အဝတ်လျှော်ဖွတ်ရာ၌ နောက်ကျသွားကြောင်း၊ ထိုအဝတ်အထည်မှအပ အခြားအဝတ်လည်း မရှိကြောင်း တင်ပြကာ တောင်းပန်ခဲ့လေသည်။ (ကြည့်–အန်ရှ်ဟရ်ကျမ်း)

အခါတပါး၌ "ဟဇရသ်'အုမရ်" (ရသေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် ပွဲတော်သုံးဆောင်နေစဉ်၊ အကျိုးဆောင်တယောက်လာ၍ 'အွတ်ဗဟ်အိဗ်နုအဗီဖရ်ကဒ်'ရောက်ရှိနေကြောင်း လျှောက်ထားရာ၊ သမ္မတကြီးက ဝင်ခွင့်ပြုတော်မူပြီး ညှော်ခံကျွေးမွေးသဖြင့် ဝင်ရောက်စားသုံးရာ၊ ဂျုံကြမ်းမုန့်အစားအစာမှာ ကြမ်းလွန်းသဖြင့် မိမိမှာလည်ချောင်းအောက်သို့ပင်မကျကြောင်း ပြောကြားလေသည်။ ထိုပုဂ္ဂိုလ်က ဂျုံကိုဒိုင်းဖြင့်ဆင့်၍ စားသုံးလျှင် သင့်ကြောင်း လျှောက်ထားရာ၊ သမ္မတကြီးက အစ္စလာမ် သာသနာဝင် အားလုံးတို့သည် ဂျုံနုကို သုံးဆောင်ကြပါသလားဟု မေးမြန်းတော်မူလာပါသည်။ ကျွန်ုပ်က အားလုံး မစားသုံးနိုင်ကြပါဟု ဖြေရပါသည်။ သမ္မတကြီးက သင်သည် ကျွန်ုပ်အား အရသာဟူသရွေ့ကို မျက်မှောက်လောက၌ပင် ခံစားစံစားစေပါသလောဟု မေးမြန်းတော်မူပါသည်ဟူ၏။

(ကြည့်–အစဒွလ်ဂါဗဟ်ကျမ်း)

ဤသို့အကြောင်းအခြင်းအရာများသည် ထောင်သောင်းမက၊သိန်းသန်းနှင့်ချီ၍ ထိုပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ရှိခဲ့ပေသည်။ ထိုပုဂ္ဂိုလ်တို့၏ လမ်းစဉ်ကိုမူ ယခုအချိန်အခါ၌မူ မဖြစ်ကိုမဖြစ်နိုင်တော့ချေ။ လူတိုင်းသူတိုင်းလည်းမလိုက်နိုင်ကြပေ။ ထိုသည်တို့ကို လိုက်နာကျင့်ကြံရန်မှာ ဤအခါသမယမျိုး၌ အလွန်ခဲယဉ်းလှပေသေးသည်။ ထိုအကြောင်းများကြောင့်ပင် သူတော်စင် 'မယ့်ာအစ်ခ်'တို့က ဤသို့အနစ်နာခံကြိုးစားခြင်းကို ခွင့်မပြုခြင်းဖြစ်ပေသည်။

ထိုသို့သော ပုဂ္ဂိုလ်တို့အား အလွှာဟ်အသျှင်မြတ်က ခံနိုင်ရည်စွမ်းကိုလည်း ချီးမြှင့်တော်မူခဲ့သည်။ အတတ်နိုင်ဆုံး ထိုသို့သော ပုဂ္ဂိုလ်သူတော်စင်တို့၏ ကျင့်စဉ်ကိုလိုက်နာလိုစိတ် ထားသင့်လှပေသည်။ ယင်းသို့စိတ်ထားရှိခြင်းဖြင့် စည်းစိမ်ယစ်မူးခြင်းမှ လျော့နည်းလာလိမ့်မည်။ အောက်ကြို့ လိုစိတ်ဝင်ဆန့်လာလိမ့်မည်။ ယခုအချိန်အခါနှင့် နှိုင်းယှဉ်ပါလျှင် အလယ်အလတ်တန်းစားစိတ်ဝင်စားလာလိမ့်မည်။ ကျွန်ုပ်တို့သည်ကား အခါခပ်သိမ်း စည်းစိမ်ယစ်မူးရာ၌ တနေ့တခြားမြင့်မားနေကြသည်။ မည်သူမဆို မိမိထက်အဆင့်အတန်း မြင့်မားသူကိုသာကြည့်နေကြသည်။ ဤသို့သော လောဘဘက္ကာရတွေ နောက်ဆုံးချုတ်ငြိမ်းကုန်ကြရသည်။ အကြင်သူသည် ငါ့ထက်ချမ်းလာသည်။ ကြွယ်ဝသည်ဟူ၍သာ ပူဆွေးနေကြကုန်သည်။

## (၆)။ "ဟဇရည်"ဇိလာလ်သခင်သည် နဗီတမန်တော်မြတ်အဖို့ 'မုယှရစ်က်တယောက်ထံမှ ကြွေးချေးငှားယူခြင်းအကြောင်း။

"ဟဇရည်ဗီလာလ်"သခင်အား ပုဂ္ဂိုလ်တဦးက နဗီတမန်တော်မြတ်၏ အသုံးစရိတ်ကား အဘယ်သို့ရှိပါသနည်းဟု လျှောက်ထား မေးမြန်းလာသော်။ "ဟဇရည်ဗီလာလ်" (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်က နဗီတမန်တော်၌ စုဆောင်းထားသည့် ပစ္စည်းဟူ၍ အလျှင်းမရှိကြောင်း၊ ဤတာဝန်ကို မိမိအားလွှဲအပ်ထားပါသည်။ အပြင်မှတဦး တတောက်သော 'မွှတ်စလင်မ်'သည် ဆာလောင်စွာလာခဲ့သည့်ရှိသော နဗီကမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လာမ်)က အမိန့်ရှိလာသည့်အခါ ကျွန်ုပ်သည် အခြားတနေရာမှ ချေးငှားအကြွေးယူ၍ ထိုသူအား ကျွေးမွေးလေ့ရှိပါသည်။ အဝတ်အထည်မရှိသူ တဦးတယောက်ရောက်လာလျှင်လည်း နဗီတမန်တော်မြတ်က (ဝစလ္လမ်)က မိမိအား အမိန့်ရှိလာသောအခါ၊ မိမိကအခြားတနေရာမှ ချေးငှားအကြွေးယူ၍ ထိုသူအား ဆင်မြန်းပေးလေ့ရှိပါသည်ဟု ပြောကြားတော်မူ၏။

အခါတပါး၌ 'မုယှရစ်က်'တယောက်နှင့် ကျွန်ုပ်တွေ့ဆုံရာ ထိုသူက ကျွန်ုပ်အား "ငါ့မှာချောင်ချောင်လည်လည်ရှိတယ်။ စီးပွားရေးလည်း ပြေပြေလည်လည်ရှိတယ်။ မောင်မင်းချေးငှားလိုလျှင် ငါ့ထံမှချေးငှားလေလော့ဟု ပြောလှသည်။ ကျွန်ုပ်က ဒါထက်ကောင်းတာ ဘယ်ရှိတော့မလဲဟု ဖြေကြားလိုက်ပါသည်။ နဗီတမန်တော်မြတ် (ဆလ္လလ္လာဟူအလိုက်ဟိဝစလ္လမ်)၏ အမိန့်ရှိလာတိုင်း ထိုသူထံမှ ကြွေးယူ၍ ပေးရမည့်သူအား ပေးအပ်လေ့ရှိပါသည်။

တရံရောအခါ ကျွန်ုပ်သည် 'ဝူဇူ'ပြု၍'အဇာန်'ပေးရန် မတ်မတ်ရပ်နေစဉ်၊ ထို'မုယှရစ်က်'သည် လူတစုနှင့်လာရောက်၍၊ အေ–'နီဂရိုး'ဟုခေါ်ရာ၊ ကျွန်ုပ်သည် သူ့ဘက်သို့ မျက်နှာမူလိုက်သည်တွင် တဆက်တည်းပင် မချေမငံဆဲရေးတိုင်းထွာ၍ လကုန်ရန် ဘယ်လောက်လိုသေး

သလဲဟု မေးလိုက်ပါသည်။ ကျွန်တော်က ကုန်ခါနီးပါပြီဟု ဖြေရာ၊ ၎င်းက–၄–ရက်သာလိုပါတော့တယ်ဟု ပြောကြားလိုက်၏။ အကယ်၍လကုန်ပြီး အကြွေးအားလုံးမဆပ်လျှင်၊ သင်ယခင်က ကျွန်အဖြစ်နှင့် သိုးဆိတ်များကျောင်းထိန်းရသလို၊သင့်အားကျွန်ုပ်ပြုလုပ်ကာ သိုး၊ဆိတ်များကျောင်းစေအံ့ဟု ပြော၍ ပြန်သွားပါသည်။

ကျွန်ုပ်သည် တနေ့ကုန်ခံစားသင့်သည်များကို ခံစားနေရပါသည်။ တနေကုန်ပူဆွေးနေမိပါသည်။ 'အိယှာအ်နမာဇ်'ပြီးနောက် တဦးတည်း နဗီတမန်တော်အပါးတော်သို့ ဝင်ရောက်၍ အကြောင်းစုံကို တင်လျှောက်ပါသည်။ ထိုနောက်ကျွန်တော်က အို...အသျှင့် တမန်တော်၊ ယခုချက်ခြင်း ဤကြွေးမြေကို ပေးဆပ်ရန် ကိုယ်တော်မြတ်၌လည်း အခြေအနေမပေး၊ လောလောဆယ်အားဖြင့် ကျွန်တော်မျိုးမှာလည်း ပေးဆပ်စရာမရှိ ဖြစ်နေပါသည်။ ထိုသူသည် ကျွန်တော်မျိုးအား အရှက်တကွဲအကျိုးနည်းစေအံ့။ သို့ဖြစ်၍ ကိုယ်တော်မြတ်ခွင့်ပြုလျှင်၊ ကျွန်တော်မျိုးသည် အခြားတနေရာသို့ တိမ်းရှောင်သွား၍ အကြွေးပေးဆပ်နိုင်ရန် တခုခုစီစဉ်ပါရစေ။ ကိုယ်တော်မြတ်၌ ကြွေးပေးဆပ်နိုင်သည့် အခြေအနေရှိလာခဲ့သော်၊ ကျွန်တော်မျိုးပြန်လာပါမည်ဟု လျှောက်ထား၍ အိမ်သို့ပြန်လာပါသည်။

ကျွန်ုပ်သည် အိမ်သို့ရောက်သောအခါ၊ လက်သုံးတော်ဓါးရှည်၊ ဒိုင်းနှင့်ဘိနပ် စသည်တို့ကိုယူထားပါသည်။ ဤသည်များသာ ကျွန်ုပ်၏ ခရီးဆောင်ဖြစ်ပါသည်။ မိုးအလင်းကိုသာ စောင့်ဆိုင်းနေပါသည်။ နံနက်မိုးသောက် အာရုဏ်လင်းလျှင် တနေရာသို့ ထွက်သွားမည်ဟု ရည်စူးထားပါသည်။ မိုးသောက် အာရုဏ်လင်းခါနီးအချိန်တွင် လူတယောက်သည် အပြေးအလွှားလာရောက်ခါ၊ နဗီတမန်တော်မြတ် (ဝစလ္လမ်)ထံတော်ပါးသို့ သွားကြစို့ဟု ပြောလှာပါသည်။ကျွန်ုပ်သည် နဗီတမန်တော်မြတ်အပါးသို့ ရောက်သော် ကုလားအုတ်မလေး(၄)ကောင်တို့သည် ပစ္စည်းဥစ္စာအပြည့်အစုံနှင့် စခန်းချနေသည်ကို မြင်တွေ့ရပါသည်။

ကိုယ်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)က သတင်းကောင်း ပြောရမလားဟု ကျွန်ုပ်အား ပြောပါသည်။ အလ္လာဟ်အသျှင်မြတ်ထံမှ သင့်အကြွေးမြီပေးဆပ်ရန် စီစဉ်ပေးတော်မူလိုက်ပြီ။ ဤကုလားအုတ်မများနှင့် ပစ္စည်းများကို 'ဖေဒက်'(အမည်ရှိနေရာ)၏ ခေါင်းဆောင်တဦးက ငါကိုယ်တော်မြတ်ထံသို့ လက်ဆောင်ပဏ္ဏာတော်များအဖြစ် ဆက်သသည်ကို သင့်အား အကုန်အစင်အပ်လိုက်ပြီဟု မိန့်ကြားတော်မူသည်။ ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်အား "ယုကူရ်"ပြုလိုက်ပါသည်။ ထိုနောက် ဝမ်းသာအားရဖြစ်ခါ ၎င်းတို့ကိုယူဆောင်သွား၍ အကြွေးဟူရွေ့ကို ပေးဆပ်လိုက်ပြီး ပြန်လာခဲ့စဉ်၊ နဗီတမန်တော်မြတ်(ဝစလ္လမ်)သည် ဗလီဝတ်ကျောင်းတော်မှ စောင့်စားနေတော်မူပါသည်။ ကျွန်ုပ်ပြန်လာ၍ နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)အား အို–ကိုယ်တော်မြတ်၊ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ကား အလွန်ကြီးမားလှပါသည်။ ကိုယ်တော်မြတ်၏ ကြွေးမြီးဟူသရွေ့ကို အကုန်အစင် ပြေလည်အောင် ပေးဆပ်ခဲ့ပါပြီဟု တင်လျှောက်လိုက်ပါသည်။

နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)က ပေးဆပ်၍ ဥစ္စာပစ္စည်းများ ကျန်ရှိပ သေးသလားဟု မေးမြန်းတော်မူရာ၊ ကျွန်ုပ်က အနည်းငယ် ကျန်ရှိသေးကြောင်း ပြန် လျှောက်ထား၏။

တမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)က ကျန်ရှိနေသေးသည့် ပစ္စည်းများကို တခုမကျန် ဝေငှလိုက်လော့၊ သို့မှသာ မိမိစိတ်ချမ်းသာမှုကို ရယူနိုင်လိမ့်မည်။ ဤပစ္စည်းများကို ဝေငှ၍ မကုန်သေးသမျှကာလပတ်လုံး အိမ်တော်သို့ မပြန်နိုင်သေးကြောင်း၊ တနေကုန် "အိယှာအ်'နမာဇ်"ဝတ်ပြုပြီး၊ ကျန်ပစ္စည်းများကို ဝေငှ၍ ကုန်ပြီလော့ဟု မေးမြန်းတော်မူပါ သည်။ ကျွန်ုပ်က အနည်းငယ်ကျန်ရှိသေးကြောင်း၊ ရယူလိုသူများ မရောက်ရှိသေးကြောင်း လျှောက်တင်၏။ အကြောင်းသော်ကား တမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သည် ထိုည၌ ဗလီဝတ်ကျောင်းတော်၌ပင် အိပ်စက်တော်မူလေသည်။

နောက်တနေ့ကုန်ဆုံး၍ 'အိယှာအ်''နမာဇ်'အပြီးတွင် နဗီတမန်တော်မြတ် (ဆလ္လလ္လာဟု အလိုက်ဟိဝစလ္လမ်)သည် တဖန်ကြွလာတော်မူ၍ ပစ္စည်းများ ကျန်ရှိနေသေးပါသလားဟု မေး မြန်းတော်မူရာ၊မိမိက'အလ္လာဟ်'အသျှင်မြတ်သည် ကိုယ်တော်မြတ်အား ချမ်းမြေ့သာယာမှု ကို ခြီးမြှင့်တော်မူပါပြီ။ ပစ္စည်းများကို တခုမကျန် ဝေငှလိုက်ပါပြီဟု ပြန်လျှောက်လေသော် တမန်တော်မြတ်သည် 'အလ္လာဟ်'အသျှင်မြတ်အား ခြီးကျူးထော်ပနာ ပြု၍အိမ်တော်သို့ပြန်ပြီး ဇနီးကြင်ယာတော်များနှင့် တွေ့ဆုံတော်မူလေသတည်း။ (ကြည့်-ဗဇလ်မဂျဟုဒ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

'အလ္လာဟ်' အသျှင့်အချစ်တော် တို့သည် သူတို့၏ စိုးပိုင်မှု၌ ဥစ္စာ ပစ္စည်း အလျင်းမရှိစေချင်ကြချေ။ ကိုယ်တော်မြတ်အကြောင်းနှင့် ပတ်သက်၍မှု အထူးမေးစရာရှိနိုင်အံ့နည်း။ နဗီတမန်တော်အပေါင်းတို့၏ခေါင်းဆောင် 'ဝလီ' သူတော်စင်တို့၏ မကိုင္ဒသရဖူဖြစ်သည့်ကိုယ်တော်မြတ်သည် မျက်မှောက်လောက မှ သံယောဇဉ် ကင်းရှင်းစွာ အဘယ်သို့ မနေချင်အံ့နည်း။ မချသံယောဇဉ်ဖြတ် ချင်ပေမည်။ (ကျမ်းပြုဆရာတော်) ကျွန်ုပ်သည် အထောက်အထား ခိုင်လုံစွာ ဖြင့် ကြားသိရသည်မှာ၊"မော်လာနာ'ယှာဟ်အဗ်ဒုလ်ရဟီးမ်"သခင်ကြီး၏ကျင့်စဉ် ကျင့်ရပ်မှာ လက်ဆောင်ပစ္စည်း ငွေကြေးများ စုဆောင်းမိလျှင် ဂရုတစိုက် တောင်းယူ၍ ဝေငှပေးကမ်းလေ့ရှိသည်။

မိမိမကွယ်လွန်မီ အချိန်ကလေးတွင် မိမိဝတ်သည့်အဝတ်အစားများကို ပင် မိမိ၏ အထူးအကျိုးဆောင် "မော်လာနာ'ယှာဟ်အဗ်ဒုလ်ကာဒိရ်'သခင်အား

ပေးကမ်းလိုက်ပါသည်။ ထိုနောက်မိမိလိုလျှင် သင့်ထံမှ ငှားရမ်း၍ ယူဝတ်မည်ဟု မိန့်တော်မူသည်။ဆရာတော်ကြီး၏ ဖခမည်းတော် "မော်လာနာ'ယဟ်ယာ" သခင်ကြီးသည် 'မဂရစ်ဗ်' နမာဇ်ပြီးလျှင် ရှိသမျှသောငွေကြေး ပမာဏများကို ကြွေးရှင်တဦးဦးအား ပေးအပ်လေ့ရှိသည်ကို အကြိမ်ပေါင်းများစွာ ရှုတွေ့ခဲ့ရပါသည်ဟု ဆရာကြီးက မိန့်ကြားတော်မူသည်။

ထောင်ပေါင်းများစွာ ကြွေးတင်လျက် ရှိခဲ့လေသည်။ ဤအရာသည် အချင်းများမှု၏ ရေသောက်မြစ်တခု ဖြစ်သည်။ ၎င်းကိုညဉ့် ကျွန်ုပ်ထံတွင်မထားလိုဟု မိန့်ကြားတော်မူလေ့ရှိသည်။ ဤသို့အကြောင်းအရာများသည် သူတော်စင်တို့၌ရှိခဲ့ကြသည်။ သို့သော်လည်း 'ရှိ းခ်' သူတော်စင်တိုင်း ဤနည်းအတိုင်းမဖြစ်ကြချေ။ 'ရှုး ခ္ခလ်မယှာအီခ်' တို့၏ သဘောတရားသည် အမျိုးမျိုး ရှိကြသည်။ ပန်းဥယျာဉ်၌ ပန်းများရှိကြသည်။ ပန်း၏အသွင်အပြင်နှစ်ရပ်စလုံးသည် ထူးထူးခြားခြား ကွာခြားမှုရှိကြပေသတည်း။

## (၇) နို့တခွက်ဖြင့် သူတော်စင်ခုနစ်ဆယ်ကျော်တို့ အပြည့်အဝ သောက်သုံးနိုင်ခြင်းအကြောင်း။

"ဟဇရသ်'အဗူဟူရိုင်ရဟ်" (ရသွေ့ ယလ္လာဟုသအာလာအန်ဟူ) သခင် အမိန့် ရှိသည်။ တချိန်တုန်းက ကျွန်ုပ်တို့၏ အခြေအနေသည် အလွန်ဆိုးခဲ့သည်။ ဤနေ့ရရ မတ်မတ်ရပ်နေနိုင်နိုင်အောင် အစာအာဟာရကိုပင် မရရှိခဲ့ကြပေ၊ တခါတရံရင်ကို မြေဝယ်အပ်၍ လည်းကောင်း၊ တခါတရံ ဗိုက်မှောက်၍ လည်းကောင်း အအေးဓါတ်ကို ခံယူကြပါသည်။ တခါတရံဝမ်းဗိုက်၌ ကျောက်တုံးကြီးများကို ကပ်၍ ချည်ထားလေ့ရှိကြသည်ကို သင်တို့မတွေ့မြင်ခဲ့ရချေ။

အခါတပါး၌ ကျွန်ုပ်သည် လမ်းခုလပ်၌ထိုင်စောင့်နေ၏။ထိုလမ်းမှပထမဦးစွာ 'အဗူဗက်ရ်' သခင်ဖြတ်လာပါသည်။ ကျွန်ုပ်သည် စကားတရပ်ကို မေးစမ်းလိုက်ပါသည်။ဤသို့စကားစပြီး ပြောရင်းဖြင့် မိမိအား အိမ်အထိခေါ်ဆောင်၍ မိမိထုံးစံအတိုင်း ဧည့်ခံကျွေးမွေးလိမ့်မည်ဟု မျှော်မှန်းခဲ့ပါသည်။သို့သော် ဤသို့မဖြစ်ပေ။ (အခြားတဖက်သို့ အတွေးအဆ မှားယွင်း သွားလေသလား သို့တည်းမဟုတ် မိမိ၏အိမ် အခြေအနေကိုများ သိထားလေသလား မပြောတတ်ပါ) အကြံမအောင်မြင်ခဲ့ပါဟူ၏။

ထိုနောက်'ဟဇရသ်အုမရ်' (ရသွေ့ ယလ္လာဟုသအာလာအန်ဟူ) သခင်ကြွရောက်လာပါသည်။ ထိုပုဂ္ဂိုလ်နှင့်လည်း အထက်ပါနည်းကို အသုံးပြုပါသည်၊ (အောင်မြင်မှုမရရှိပေ)။

ထိုနောက်နဗိတမန်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)ကြွလာ၍ ကျွန်ုပ်အားကြည့်ကာ ရယ်ပြုံးတော်မူပါသည်။ ကျွန်ုပ်၏သဘောဆန္ဒကို သိနှင့်ထားဟန်တူပါသည်။ ကိုယ်တော်မြတ်က၊အို....'အဗူဟူရိုင်ရဟ်'၊ ငါကိုယ်တော်မြတ်နှင့်အတူ လိုက်ခဲ့လေ့ဟု မိန့်ကြားတော်မူရာ၊ ကျွန်ုပ်သည် တပါတည်း လိုက်လာပါသည်။ နဗိတမန်တော်မြတ် အိမ်တော်သို့ ရောက်ရှိသော်၊ ကျွန်ုပ်ပါ ခွင့်ပန်၍ ဝင်ရောက်လိုက်ပါသည်။ အိမ်၌ နို့တခွက် အသင့်ထားရာ၊ကိုယ်တော်မြတ်အပါးတော်သို့ ဆက်သကြပါသည်။ ကိုယ်တော်မြတ်က မည်သူ့အိမ်က ပို့သနည်းဟု မေးမြန်းတော်မူသဖြင့် မည်သူ့ထံ မည်သူ့အိမ်မှ လက်ဆောင်အဖြစ် ပို့ကြောင်း လျှောက်ထား ကြပါသည်။ကိုယ်တော်မြတ်က'အဗူဟူရိုင်ရဟ်''ဆုဖ်ဖဟ်'ရှိ ပုဂ္ဂိုလ်တို့ကို ခေါ်ဆောင်ခဲ့လေ့ဟုမိန့်တော်မူပါသည်။'ဆုဖ်ဖဟ်'ရှိပုဂ္ဂိုလ်များကို 'အစ္စလာမ်' သာသနာဝင်အပေါင်းတို့၏ဧည့်သည်အာဂန္တုများဟုယူဆကြပါသည်။

ဤပုဂ္ဂိုလ်တို့မှာ နေရာထိုင်ခင်း အိုးအိမ်ဟူ၍ မရှိကြပါ။ စားသောက်ရေးမှာလည်း သီးခြားစီမံမှုမရှိကြပေ။ ထိုပုဂ္ဂိုလ်တို့၏ အရေအတွက်မှာ အနည်းအများဖြစ်လေ့ရှိပါသည်။ သို့သော် အချင်းဖြစ်ချိန်၌ ခုနစ်ဆယ်ရှိကြပါသည်။ နဗိတမန်တော်မြတ်သည် ထိုမှသုံးလေးဦးတို့အား စားနိုင်သောက်နိုင်သော ပုဂ္ဂိုလ်များ၏ ဧည့်သည်များအဖြစ် တခါတရံ စေလွှတ်လေ့ရှိပါသည်။မိမိကိုယ်တိုင်ကမူ တနေရာရာမှ ရောက်ရှိလာသည့် 'ဆဒ္ဒကဟ်'ဓမ္မဒါနအလှူပစ္စည်းတို့ကို ထိုပုဂ္ဂိုလ်များထံသို့ ပေးပို့လေ့ရှိပါသည်။ မိမိအဖို့ ချန်ထားလေ့မရှိချေ။ အကယ်၍အခြားတနေရာရာမှလက်ဆောင် ပဏ္ဏာတော်အဖြစ်နှင့် ရောက်ရှိလာလျှင်၊ မိမိကိုယ်ကျိုး အတွက်လည်း သုံးတော်မူလေ့ရှိသည်။ ထိုသို့ဖြင့်နဗိတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)က ခေါ်သဖြင့် မိမိမှာ စိတ်မကြည်မသာရှိလာပါသည်။ ဤမျှနည်းပါးလှသည့်နို့ဖြင့် အားလုံးကိုခေါ်ဆောင်လာပါမူ အများအတွက် အကျိုးဖြစ်နိုင်ပါမည်လော။ လူကယောက်အတွက်ပင် လုံလောက်လိမ့်မည်မဟုတ်။ တဖန်ခေါ်ဆောင်ခဲ့သော်၊ မိမိအား တိုက်ကျွေးစေတော်မူအံ့။ အလှည့်ကျပြန်တော့လည်း မိမိမှာ နောက်ဆုံးကျပေအံ့။ ၎င်း၌ ကျန်ရှိဦးတော့မည် မဟုတ်ဟု တွေးဆမိပါသည်။

သို့သော်လည်း ကိုယ်တော်မြတ်၏ အမိန့်ကို အဘယ်သို့ မဆောင်ရွက်ဘဲနေနိုင်အံ့နည်း။ ကျွန်ုပ်သည်သွားရောက်၍အားလုံးကိုခေါ်ဆောင်လာခဲ့ပါသည်။

နဗိတမန်တော်မြတ်၊ အို.... 'အဗူဟူရိုင်ရဟ်'၊ (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သင်သည် ၎င်းနို့ခွက်ကို ယူ၍ ထိုသူတို့ အားလုံးကို တိုက်ကျွေးလေ့ဟု မိန့်ကြားတော် မူပါသည်။ ကျွန်ုပ်သည်နို့ခွက်ကိုယူ၍ တဦးစီတဦးစီကို တိုက်ကျွေးရာ၊အဝသောက်သုံး၍ ခွက်ပြန်ပေးကြပါသည်။ ထိုသို့ဖြင့်အားလုံးမှာတဝတနင့် သောက်သုံးကြပါသည်။ ပြီးသောအခါ ကိုယ်တော်မြတ်သည် မိမိလက်တော်၌ ဆောင်ကြဉ်း၍ ကျွန်ုပ်အား ပြန်ပေးကာ၊ ယခုအဆွေတော်နှင့်ငါ

ကိုယ်တော်မြတ်နှစ်ဦးအဖို့သာ ကျန်ရှိတော့သည်ဟု ပြုံးရယ်ကာ မိန့်ဆိုလိုက်ပါသည်။ ကျွန်ုပ်က အမှန်ပင်ဖြစ်ပါသည်ဟု လျှောက်ထားလိုက်ပါသည်။ ကိုယ်တော်မြတ်က ယူ၍ သုံးဆောင်လော့ဟု မိန့်ကြားရာ၊ကျွန်ုပ်သည် သောက်သုံးလိုက်ပါသည်။ကိုယ်တော်မြတ်က နောက်ထပ်သောက်ပါဦးဟု အမိန့်ရှိလာပြန်သဖြင့်၊ ကျွန်ုပ်သည် ထပ်သောက်လိုက်ပါသေးသည်။ နောက်ဆုံး ကျွန်ုပ်မှာ ကိုယ်တော်မြတ်အား မသောက်နိုင်တော့ကြောင်း လျှောက်တင်ယူရပါသည်။ နောက်ဆုံး နဗီတမန်တော်မြတ်သည် အားလုံးသောက်သုံးပြီးမှ မိမိကိုယ်တော်တိုင် သုံးဆောင်တော်မူပါသည်။

## ချင့်တွေးဖွယ်ရာအဖြာဖြာ။

ဤသည်ကား နှစ်ဘဝသခင် ကျေးဇူးရှင် တမန်တော်မုဟမ္မဒ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သခင်၏ ကျင့်ဆောင်မှုပင် မဟုတ်ပါလော။ကျွန်ုပ် တို့သည် တမန်တော်မြတ်၏အုမ္မသ်'သားများဖြစ်သည်ဟု ဝင့်ကြွားနေကြ ပါသည်။ တမန်တော် သခင်က'ဆာဟာဗဟ်'ကြီးပေါင်း ခုနစ်ဆယ်တပါး၏ သောက်ကြွင်းနို့ကို သောက်သုံးတော်မူခဲ့သည်။ 'ဟဒီးဆ်' တော် တနေရာ၌ လာရှိသည်မှာ–

سُؤْرُ الْمُؤْمِنِ شِفَاءٌ

အဓိပ္ပါယ်။ ။ 'မုအ်မင်န်'၏ သောက်ကြွင်း စားကြွင်းသည် အခြား'မုအ်မင်န်'ဘဦးအဖို့ ဆေးတပါးမည်သည်ဟုပင်မိန့်ကြားထားပေလေသည်။

ကျွန်ုပ်တို့၏လုပ်ဆောင်ချက်နှင့် ကိုယ်တော်မြတ်၏ လုပ်ဆောင် ချက်မှာ ပြဒါးတလမ်းသံတလမ်းပင်ဖြစ်မနေလေပါလား။ ချင့်တွေးကြပါကုန် (လေးစားလျက်ဘာသာပြန်ဆိုသူ)

## (၈) ကိုယ်တော်မြတ်က သာဝကတို့အား မေးစမ်းတော်မူခြင်းအကြောင်း။

တရံရောအခါ နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)၏ အပါးတော်၌ လူသူအများ ဝင်ရောက်ခစားနေစဉ် တဦးတယောက်သောသူသည် ရှေ့တော်ခတ်လှမ်းလှမ်းမှ ဖြတ်သန်းသွားလေသည်။ နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) က–

အို....အချင်းတို့ ဤအကြောင်းနှင့်ပတ်သက်၍ အသင်တို့၏ထင်မြင်ချက် အဘယ်သို့ရှိကြသနည်းဟု မေးမြန်းတော်မူရာ၊ အများက အို–အသျှင့်တမန်တော်၊ ဤသူသည် လူဂုဏ်တန်မှ ဖြစ်သည် (ဝါ)ဂုဏ်သိက္ခာရှိသူတဦးဖြစ်ပါသည်။

အသျှင့်'ကစမ်' ဤသူသည် တနေရာသို့ မင်္ဂလာစကား ကမ်းလှမ်းခဲ့လျှင် လက်ခံသဘောတူကြပါလိမ့်မည်။ တပါးသူအား ဝင်ရောက်အာမခံပေးလျှင်လည်း ယုံကြည်သဘောတူကြပါလိမ့်မည်ဟု လျှောက်ကြရာ ကိုယ်တော်မြတ်က နားဆင်တော်မူ၍ အဖြေမပေးပဲ ဆိတ်ဆိတ်သာ နေတော်မူလေသည်။

ထို့နောက် မရှေးမနှောင်းမှာပင် အခြားပုဂ္ဂိုလ်တဦးသည်လည်း အထက်ပါနည်းတူ ဖြတ်သန်းသွားရာ၊ ကိုယ်တော်မြတ်က ထိုသူအကြောင်းနှင့်ပတ်သက်၍လည်း မေးမြန်းတော်မူသည်။ (ထိုအခါ) သာဝကတို့က အို–အသျှင့်တမန်တော်၊ ဤသူသည် 'အစ္စလာမ်' သာသနာဝင် သူဆင်းရဲတဦးဖြစ်ပါသည်။မင်္ဂလာစကားကမ်းလှမ်းလျှင် သဘောတူကြလိမ့်မည်မဟုတ်ပါ။ တပါးသူအတွက် အာမခံပေးလျှင်လည်း လက်ခံအတည်ပြုကြလိမ့်မည်မဟုတ်ကြောင်း၊ ဂရုပင် စိုက်ကြလိမ့်မည်မဟုတ်ကြောင်း လျှောက်ထားကြ၏။

နဗီတမန်တော်မြတ်က၊ ပထမလူစားမျိုးဖြင့် မျက်မှောက်လောကတခွင်လုံး ပြည့်ကြပ်သွားပါသော်လည်း၊ ထိုသို့သောသူများထက် ဤသူတယောက်ကပို၍မြင့်မြတ်သည်ဟုမိန့်ကြားတော်မူလိုက်လေသည်။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

✓ဆိုလိုသည်မှာ မျက်မှောက်လောက၏ ဂုဏ်ပကာသနဖြင့် အလ္လာဟ်အသျှင့်ထံတော်အပါး၌ လုံးဝတန်ဘိုး မရှိလှပေ။ 'မွတ်စလင်မ်' သူဆင်းရဲတဦးသည် လောက၌ လုံးဝတန်ဘိုးမရှိ၊ ထိုသူ၏စကားကို မည်သူမျှ လက်ခံခြင်းမရှိသော်လည်း အလ္လာဟ်အသျှင်မြတ်ထံတော်အပါး၌ လောကဂုဏ်ပကာသန ထားရှိသူမှာ၊ လောက၌ လူတိုင်းလူတိုင်း သူ့စကားကို နားစွင့်ကြသည်။ အမိန့်ကိုနာခံကြသည်ဖြစ်သော်လည်း အလ္လာဟ်အသျှင့်ထံတော်၌ လုံးဝ တန်ဘိုးမရှိလှပေ။ 'ဒုန္နယါ'လောကကြီး၏ တည်မြဲနေခြင်းသည်ပင် သူတော်စင်များ၏ 'ဗရကသ်' ကြောင့်ဖြစ်သည်။

၈ 'ဟဒီးဆ်'တော်၌ လာရှိသည်မှာ အကြင်နေ့၌ 'အလ္လာဟ်' အသျှင်မြတ်အား ဇာသသူ သတိရသူဟူ၍ မရှိတော့အံ့။ ထိုနေ့၌ 'ကိယာမသ်'နေ့ ဖြစ်အံ့

ဟူ၏။ ထိုနောက် လောကတခွင်လုံးသည် ပျက်စီးယိုယွင်းသွားပေအံ့။ 'အလ္လာဟ်' အသျှင်မြတ်၏ နာမတော်နှင့် ကောင်းချီးမင်္ဂလာကြောင့် ဤလောကကြီးသည် တည်ရှိနေပေသည်။ လောကကြီးတခွင်လုံး၏ စီမံခန့်ခွဲမှုသည် တည်မြဲနေပေသည်။

## (၉) ✓နဗီတမန်တော်မြတ်အား ချစ်ခင်လေးစားသူ၌ ဆင်းရဲနွမ်းပါးခြင်းအကြောင်း။

'ဆဟာဗီ' သာဝကတပါးသည် နဗီတမန်တော်မြတ်၏အပါးတော်သို့ ဝင်ရောက်ခစားကာ၊ အို–အသျှင့်တမန်တော်၊ ကျွန်တော်မျိုးသည် ကိုယ်တော်မြတ်အား အလွန် ချစ်ခင်မြတ်နိုးပါသည်ဟု လျှောက်ထားလေသည်။ ကိုယ်တော်မြတ်က စေ့စေ့ရှုစားတော်မူ၍ အဆွေတော် သတိထား၍ ပြောကြားလျှောက်ထားလော့ဟု မိန့်ကြားတော်မူလိုက်သည်။

ထိုပုဂ္ဂိုလ်က အထက်ပါနည်းအတိုင်း ပြန်လျှောက်ထားပြန်၏။ ကိုယ်တော်မြတ်က ယခင်နည်းအတိုင်းပင် မိန့်ကြားပြန်သည်။ ဤသို့ဖြင့် သုံးကြိမ်အထိ အမေးအဖြေ ဖြစ်ခဲ့သော်၊ ကိုယ်တော်မြတ်က ကောင်းလေစွ၊ သင်သည်၊ သင်ပြောကြားသည့်အတိုင်း မှန်ခဲ့သော် ဆင်းရဲနွမ်းပါးခြင်းကို ခါးစည်းခံပေလော့။ အဘယ်ကြောင့်မူကား၊ ငါကိုယ်တော်မြတ်အား ချစ်ခင်လေးစားသောသူထံသို့ ဒုက္ခဆင်းရဲနွမ်းပါးခြင်းအပေါင်းတို့သည် အမြင့်မှအနိမ့်သို့ ရေစီးဆင်းဘိသကဲ့သို့ အပြေးအလွှား ရောက်ရှိတတ်ပေသည်ဟု မိန့်ကြားတော်မူလေသည်။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

✓ဤသည်များကြောင့် 'ဆဟာဗီ' သာဝကကြီးများသည်၊ များသောအားဖြင့် ဆင်းရဲဒုက္ခ ခံခဲ့ကြလေသည်။ 'ဟဒီးဆ်' ဒိသာပါမောက္ခ ဆရာတော်ကြီးများသည်၎င်း၊ 'ဆူဖီ' သူတော်စင်များသည်၎င်း၊ 'ဖိကဟ်' ဓမ္မသတ်ပညာရှင်ဆရာတော်များသည်၎င်း၊ ဥစ္စာပစ္စည်းချမ်းသာမှု၌ အချိန်ကြာမြင့်စွာ မနေကြရပေ။

## (၁၀) စစ်သည်ရဲမက်သုံးရာ စွန်ပလွံသီးတလုံးကျစီ စားသုံး၍ စစ်ပွဲဆင်နွှဲခြင်းအကြောင်း။

နဗီတမန်တော်မြတ်သည်'ဟစ်ဂျရီ' (၈) ခုနှစ်၌ စစ်သည်ရဲမက်တော်(၃၀၀)ပါဝင်သောတပ်တတပ်ကို "ဟဇရသ်'အဗူအုဗိုင်ဒဟ်"(ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်အား တပ်မှူးအဖြစ် ခန့်အပ်၍ ပင်လယ်ကမ်းခြေတနေရာသို့ စေလွှတ်တော်မူခဲ့လေသည်။

ထိုစစ်သည်တော်များ ယူဆောင်သွားသော စားနပ်ရိက္ခာ များအပြင်၊ 'ဆဟာဗဟ်' အကြည်တော်တို့အား တမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)က အိတ်တလုံး၌ စွန်ပလွံသီးများ ထည့်ပေးတော်မူခဲ့သေး၏။ လိုရာစခန်းသို့ရောက်ပြီး ၁၅–ရက်ခန့် အကြာတွင် စားနပ်ရိက္ခာမှာ ကုန်ခမ်းသွားသဖြင့်၊ 'ဟဇရသ်ကိုင်းစ်' (အတူလိုက်ပါလာသူ)သည် စစ်သည်တော်များထံမှ 'မဒီနဟ်' မြို့တော်တွင် ကျသင့်သည့် အဖိုးကြေးငွေကို ပေးဆပ်ပါမည်ဟု ကတိပြု၍ ကုလားအုတ်များကို အကြွေးဝယ်ယူပြီး 'ဇဗဟ်'ပြု စားသုံးစေတော်မူလေသည်။ တနေ့လျှင် ကုလားအုတ် သုံးကောင်ကျ 'ဇဗဟ်'ပြုကြရသည်ဟူ၏။

ဤသို့ဖြင့် သုံးရက်ဆက်၍ 'ဇဗဟ်'ပြု စားသုံးကြလေလျှင်၊ အစီးအနင်းအတွက် အသုံးချရန် ကုလားအုတ်များ လျော့နည်းသွားမည်ကို စိုးရိမ်သောကြောင့်၊ အကြီးအကဲတပ်မှူး(အဗူအုဗိုင်ဒဟ်)သခင်က ဟန့်တားပိတ်ပင်တော်မူလိုက်လေသည်။

ထိုသူတော်စင်တို့သည် မိမိတို့၌ကျန်ရှိနေသေးသော စွန်ပလွံသီးများကို စုဆောင်းကြ၍ အိတ်တလုံးတွင်ထည့်ထားပြီး တနေ့လျှင် စွန်ပလွံသီးတလုံးကျစီ စားသုံး၍ ရေသောက်ကာ နေကြရကုန်၏။ ဤသို့စားသုံးနေထိုင်ရန်မှာ သာမန်အားဖြင့် မလွယ်ကူလှပေ။
စစ်မက်ဖြစ်ပွားနေချိန် အခါသမယ၌ အားအင်ဖြည့်တင်းရန်မှာ အလွန်အရေးကြီးလှပေသည်။ ထိုအခါမျိုး၌ စွန်ပလွံသီးကလုံးကျကိုသာ စားသုံး၍ တနေကုန် တိုက်ခိုက်မှုကို ဆောင်ရွက်ရန်မှာ ကား လူရည်မွန်တို့၏ အရည်အချင်းပင်တည်း။

"ဟဇရသ်'ဂျာဗစ်ရ်" သခင်က ဤဖြစ်ရပ် အကြောင်းအရာတို့ကို နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဂစလ္လမ်) ကွယ်လွန်တော်မူပြီးနောက်မှ ပြောကြားရာ၊ တပည့်ဖြစ်သူ တဦးက စွန်ပလွံသီးတလုံးဖြင့် မည်သို့ဖြစ်မည်နည်းဟု လျှောက်ထားရာ 'ဂျာဗစ်ရ်' သခင်က ၎င်း၏တန်ဘိုးကို (ဝါ)လုံးဝမရှိမှ သိကြရမည်။ လုံးဝမစားရပဲ အငတ်နေကြရသည်။ အချို့မှာ သစ်ရွက်ခြောက်များကိုသာ ရေစိမ်၍ စားသုံးကြရလေသည်။ ဘေးဒုက္ခနှင့် ရင်ဆိုင်နေကြရသည့်အခါ ဖြစ်သလိုဆောင်ရွက်ကြရသည်။

✓ကြိုက်မရှက်၊ ငိုက်မရှက်၊ ငတ်မရှက်ဟူသည့် စကားပုံအတိုင်းပင် မဟုတ်ပါလော။ ကြပ်တည်းမှု ဆိုက်ရောက်ပြီးမှ၊ 'အလ္လာဟ်'အသျှင်မြတ်သည် ချောင်လည်ကြွယ်ဝချမ်းသာမှုကို ပေးသနားတော်မူလေ့ရှိသည်မှာ ဓမ္မတာတရားပင် ဖြစ်ချေသည်။✓ 'အလ္လာဟ်' အသျှင်မြတ်သည် ထိုပုဂ္ဂိုလ်တို့ကိုထိုထိုမျှသော ဘေးဒုက္ခစရိယာများကို ခံယူပြီးမှ သမုဒ္ဒရာ ပင်လယ်ကမ်းခြေ တနေရာမှ ရေမငါးကြီးတကောင်ကို ပေးပို့တော်မူလိုက်၏။

၎င်းကို 'အမ္ဗရ်'ဟုခေါ်ကြသည်။ ဤငါးကြီးသည် အဘယ်မျှကြီးမားသည်ကို ကျွန်ုပ်တို့ တွေးဆရသော်၊ ထိုပုဂ္ဂိုလ်မြတ်တို့သည် ၎င်းငါးကို ဆယ့်ရှစ်ရက်အထိ စားသုံးပြီးသည့်အပြင်၊ အချို့မှာ 'မဒီနဟ်'သို့ ပြန်လာသည့်တိုင်အောင် ဆောင်ယူခဲ့ကြသေးသည်ဟူ၏။

ကိုယ်တော်မြတ်၏ ရှေ့တော်မှောက်၌ တင်လျှောက်ကြသည့်အခါ နဗီတမန်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)က 'အလ္လာဟ်' အသျှင်မြတ်ထံတော်အပါးမှ ခြိမ့်မြင့်လိုက်သည့် ရိက္ခာတရပ်ပင်ဖြစ်သည်ဟု မိန့်ကြားတော်မူသည်။

သိမှတ်ဖွယ်ရာအဖြာဖြာ။

'ဒွန္နယာ' မျက်မှောက်လောက၌ အတိဒုက္ခနှင့် ရင်ဆိုင်ရသည်မှာလောကဓံတရားပင်ဖြစ်သည်။ အထူးသဖြင့် သူတော်စင်များသည် ဒုက္ခဆင်းရဲခြင်းနှင့် ရင်ဆိုင်ကြရသည်။ ထို့ကြောင့် ကိုယ်တော်မြတ်က နဗီတမန်တော် အပေါင်းတို့သည် အများဆုံး ဒုက္ခဆင်းရဲခြင်းနှင့် ရင်ဆိုင်ကြရသည်။ ထို့နောက် အားလုံးထက် အမြတ်ဆုံးသောသူ၊ ထို့နောက် သူ့ထက် နိမ့်ကျသူ၊ လူသားတို့အား စမ်းသပ်ခြင်းသည် သူတို့၏ သာသနာရေးအရ၊ စမ်းသပ်မှုကို ခံယူကြရလေသည်။

အခက်အခဲ ဘေးဒုက္ခနှင့် ရင်ဆိုင်ခံယူပြီးနောက် သုခချမ်းသာမှုကိုလည်း 'အလ္လာဟ်' အသျှင်မြတ်သည် ခြိမ့်မြင့်တော်မူလေ့ရှိသည်။ ကျွန်ုပ်တို့၏ သူတော်စင်များအပေါ် အဘယ်သို့ ဒုက္ခများဆိုက်ရောက်ခဲ့သည်ကို လေးလေးနက်နက် စဉ်းစားဆင်ခြင်သင့်ပါသည်။ ဤသည်တို့ကား သာသနာရေးအတွက်သာဖြစ်ပေ ဤ'အစ္စလာမ်'သာသနာတော်ကို ဖြန့်ချိရာပင်ဖြစ်သည်။ ဤသို့သော သာသနာတော်ကို ကျွန်ုပ်တို့သည် လျစ်လျူရှုနေကြသည်။ ထိုသူတော်စင်တို့သည်ကား အငတ်ခံကြသည်။ ရွက်ခြောက်ကို ရေစိမ်၍ စားသုံးကြရသည်။ သွေးချွေးနှင့် ရင်း၍ သာသနာတော်ကို ဖြန့်ချိခဲ့ကြသည်။ ကျွန်ုပ်တို့သည်ကား ဤသာသနာ ရပ်တည်ခိုင်မြဲနေအောင်ပင် မစွမ်းဆောင်နိုင်ကြပေ။

# အခန်း (၄)

## ဆဟာဗီသာဝက အကြည်တော်အပေါင်းတို့၏ သတ်က္ကဝါ သမ္မာအာဇီဝအကြောင်း။

ဆဟာဗီသာဝကကြီးများ၏ အကျင့်သိက္ခာ ထုံးဓလေ့များကို တခုစီတခုစီ ရွေးချယ်သင့်ပေသည်။ ထိုနောက် လိုက်နာကျင့်သုံးသင့်၏။ 'အလ္လာဟ်'အသျှင်မြတ်သည် မိမိ၏ တဦးတည်းသောအချစ်တော် နဗီတမန်တော်မြတ်၏ အချိန်အခါသမယကို မှီခဲ့ကြ၍ လက်ပွန်းတတည်း နေထိုင်ခဲ့သည့်အုပ်စုပင် မဟုတ်ပါလော။ ကိုယ်တော်မြတ်က ငါကိုယ်တော်မြတ်သည် 'အာဒမ်' သခင်၏ သားစဉ်မြေးဆက်အနက် အကောင်းဆုံးသော အချိန်အခါသမယ၌ စေလွှတ်ခြင်း ခံခဲ့ရသည်။ သို့ဖြစ်၍ အဖက်ဖက်မှ ရှုကြည့်သော်၊ ဤအချိန်ကာလသည် အကောင်ဆုံးအမြတ်ဆုံး အခါကာလဖြစ်သည်။ အချိန်ကာလ၏ အကောင်းဆုံးသောပုဂ္ဂိုလ်တို့သည် ကိုယ်တော်မြတ်၏ အပါးတော်၌ ဝင်ရောက်ခစားကြလေသည်။

## (၁) ပိုင်ရှင်ခွင့်ပြုချက်မရှိသော အစားအစာ စားသုံးမိခြင်းအကြောင်း။

နှစ်ဘဝသခင် ကျေးဇူးရှင်တမန်တော် 'မုဟမ္မဒ်'(ဝစလ္လမ်)သခင်သည် 'ဂျနာဇဟ်'ပို့ရာမှ အမြန်ပြန်ကြလာသည်။ အမျိုးသမီးတဦးသည် ထမင်းစားကြွရောက်ပါရန် ဖိတ်ကြားသဖြင့် ကိုယ်တော်မြတ်သည် နောက်လိုက်အခွေအရံများပါ တပါတည်း ခေါ်ဆောင်၍ ထမင်းစား ကြွသွားတော်မူသည်။ အခွေအရံတို့သည် နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) အား အစာကိုဝါးနေသည်ကိုသာ တွေ့မြင်ကြရ၏။ မျိုချ၍မရ ဖြစ်နေလေသည်။ (ထိုအခါ) ကိုယ်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) က ဤဆိတ်သားသည် ပိုင်ရှင်၏ ခွင့်ပြုချက် တစုံတရာမရှိပဲ ယူခဲ့သည်သာဖြစ်ရမည်ဟု မိန့်ကြားတော်မူလေသည်။

ထိုအခါ အိမ်ရှင်မက– မှန်လှပါ အသျှင့်တမန်တော်၊ ကျွန်တော်မျိုးမသည် ဆိတ်အုပ် ရှိရာသို့ ဆိတ်ဝယ်ရန် စေခိုင်းလိုက်ရာ ထိုမှ မရရှိပါ။ အိမ်နီးချင်းဖြစ်သူသည် ဆိတ်ဝယ်ထား ပါသည်။ ကျွန်တော်မျိုးမသည် ထိုသူထံမှဝယ်ယူရန်စေလွှတ်လိုက်ရာ ထိုသူနှင့်မတွေ့ဘဲ၊ သူ့ဇနီးက ပေးပို့လိုက်ပါသည်။

ကိုယ်တော်မြတ်က ဤသို့ဖြစ်လျှင် အကျဉ်းသားများကို ကျွေးလိုက်ဟု မိန့်ကြားတော်မူ လိုက်၏။

(ကြည့်–အဗူဒါဝူးဒ်ကျမ်း)။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

နဗီတမန်တော်မြတ်ကဲ့သို့ မွန်မြတ်လှသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို သံသယရှိစွာ စားသုံးရာ၌ တစ်ဆို့သွားခြင်းသည် အထူးအံ့သြစရာ၊ ထူးဆန်း သည်ဟု မဆိုနိုင်ပေ။ နဗီတမန်တော်မြတ်၏ သာမန်'ဖွဲ့မွှသ်' သားသည်ပင်ဤသို့ အကြောင်းနှင့် တွေ့ဆုံကြရလေသည်။

## (၂) ကိုယ်တော်မြတ်သည် ဆဒ္ဒကဟ် စွန့်ပလွှံသီးများ စားသုံးမိလေသလောဟူ၍ တွေးထင်ကာ တညလုံး အိပ်စက်ပျော်တော်မမူခြင်းအကြောင်း။

အခါတပါး၌ နဗီတမန်တော်မြတ်သည် တညလုံး အိပ်စက်မပျော်ပဲ ဟိုလှည့် ဒီစောင်း ပြုနေလေသည်။ ကြင်ယာတော်များအနက် တဦးက၊ အို–အသျှင့်တမန်တော်၊ ယနေ့ အိပ်စက်၍ မပျော် ဖြစ်နေပါသလောဟု လျှောက်ထားမေးမြန်းရာ၊ ကိုယ်တော်မြတ်က— ငါကိုယ်တော်မြတ် သည် မြေခနေသော စွန့်ပလွှံသီးတလုံးကို အလဟဿ မဖြစ်စေသောငှါ စားသုံးမိသည်။ ၎င်းသည် 'ဆဒ္ဒကဟ်'ပစ္စည်းများ ဖြစ်လေသလားဟူ၍ တွေးထင်ကာ စိုးရိမ်ကြောင့်ကျဖြစ်နေရ ပါသည်ဟု ဖြေကြားတော်မူသည်။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

အနီးစပ်ဆုံးကမူ ဤသည် ကိုယ်တော်မြတ်၏ ကိုယ်ပိုင်သာလျှင်ဖြစ်ရမည်။ သို့သော် 'ဆဒ္ဒကဟ်'ပစ္စည်းများသည် ကိုယ်တော်မြတ်ထံ ရောက်လေ့ ရှိသည်။ ဤသို့ သံသယဖြစ်ခြင်းဖြင့် နဗီတမန်တော်မြတ်သည် တညလုံး အိပ်စက်မပျော် ဖြစ်ခဲ့ရှာသည်။ မတော်တဆ 'ဆဒ္ဒကဟ်'ပစ္စည်းများဖြစ်ခဲ့သော် မိမိ 'ဆဒ္ဒကဟ်'ကို

စားသုံးမိချေမည်။ ဤသည်ကား အသျှင့်ပစ္စည်းဖြစ်သည်။ သံသယဖြစ်ရုံမျှနှင့် တညလုံး ဟိုဒီလှည့်ပြုလုပ်၍ အိပ်စက်မပျော်ရရှာလေသည်။

**ချင့်တွေးဖွယ်ရာ အဖြာဖြာ။**

ယခု ကျွန်ုပ်တို့ 'အွမ္မယ်'သားတို့ကို ချင့်တွေးကြပါဦး။ လာဘ်စားကြသည်။ အတိုးစားကြသည်။ လုယက်တိုက်ခိုက်စားကြသည်။ ခိုးဝှက်စားကြသည်။ နည်းအမျိုးမျိုးဖြင့် မိစ္ဆာအာဇီဝ ရှာစားကြသည်။ ဝမ်းပန်းတသာ စားသုံးကြသည်။ ထိုနောက် မိမိကိုယ်ကို 'မုဟမ္မဒ်' (ဝစလ္လမ်)သခင်၏ 'အွမ္မယ်'သားများဖြစ်သည်ဟု ဝင့်ကြွားနေကြသေးသည် မဟုတ်ပါလော။

(ဘာသာပြန်ဆိုသူ)

## (၃) အဗူဗက်ရ်သခင်သည် နက္ခတ်ဗေဒင်ဆရာတဦး၏ အစာကို စားသုံးမိသဖြင့် လက်နှိုက်၍ အော့အန်ထုတ်ခြင်းအကြောင်း။

'ဟဇရတ်အဗူဗက်ရ်' (ရဒွိယလ္လာဟုသအာလာအန်ဟူ) သခင်၏ ကျွန်အကျိုးဆောင်တဦးသည်ရှိခဲ့၏။

အခါတပါး၌ ထိုပုဂ္ဂိုလ်သည် အနည်းငယ်သော အစားအစာကို * 'ဂလ္လဟ်'သဘောဖြင့် ယူဆောင်လာ၏။ သခင်ကြီးသည် ထိုမှ တလုပ်စာလောက် စားလိုက်၏။ အကျိုးဆောင်က သခင်ကြီးသည် နေ့စဉ် ကျွန်တော်မျိုးအား အသင်သည် မည်သည့်နည်းဖြင့် ရှာကြံလာသနည်းဟု မေးစမ်းလေ့ရှိသည်။ယနေ့ အဘယ်ကြောင့် မေးစမ်းတော်မူခြင်းမရှိပါသနည်းဟု လျှောက်ထားလေသည်။ သခင်ကြီးက အလွန့်အလွန် ဆာလောင်နေသဖြင့် မေးစမ်းရန်ကိုပင် အခွင့်မကြုံဖြစ်ခဲ့ရသည်။ သခင်ကြီးက ကောင်းပြီ၊ ယခု လျှောက်လော့ဟူ၏။

---

* 'ဂလ္လဟ်'–ဆိုသည်မှာ ကျွန်ပိုင်ရှင်က မိမိကျွန်အား နေ့စဉ်သော်လည်းကောင်း၊ လစဉ်သော်လည်းကောင်း၊ ငွေကြေးပမာဏဖြစ်စေ၊ အခြားပစ္စည်း တခုခုကိုဖြစ်စေ သတ်မှတ်ပေးဆပ်စေ၍ ကျန်အပိုကို ကိုယ်တိုင်ကိုယ်ကျ သုံးနိုင်ခွင့်ပြုခြင်းကို 'ဂလ္လဟ်'ဟု ခေါ်သည်။ ဤသည့်နည်းကို သာဝကကြီးများလက်ထက်တိုင် သတ်မှတ်ကျင့်သုံးခဲ့ကြသည်။ အဖြစ်နှင့် မိမိရရှိရာမှ သခင်ကြီးများထံ ပေးဆပ်လေ့ရှိကြသည်။

အကျိုးဆောင်က ကျွန်တော်မျိုးသည် အမှောင်ခေတ်က လူမျိုးတမျိုးထံ ရောက်ခဲ့ဘူးသည်။ ဂါထာမန္တရား ပူဇော်ပေးခဲ့သည်။ သူတို့သည် ကျွန်တော်မျိုးအား ဂတိပြုခဲ့ကြသည်။ ယနေ့ ကျွန်တော်မျိုးသည် သူတို့ထံသို့ရောက်ခဲ့သည်။ ထို၌ မင်္ဂလာအခမ်းအနားတရပ် ကျင်းပနေသည်။ ထိုသူတို့က ကျွန်တော်မျိုးအား ဤအရာကို ပေးကြသည်။ သခင်ကြီးက မင်း ငါ့ကို သတ်ပစ်လိုက်လျှင် ကောင်းလေစွဟု မြည်တမ်းပြီး အာခံတွင်းသို့ လက်နှိုက်၍ အန်ပစ်ရန် ကြိုးစားတော်မူသည်။ သို့သော် တလုပ်မျှသော အစားကို အလွန်ဆာနေချိန်၌ စားလိုက်သဖြင့် ပြန်လည်မထွက်လာဖြစ်နေလေသည်။ တပါးသောသူက ရေဖြင့် ထွက်လာနိုင်သည်ဟု လျှောက်ထားသဖြင့် ဇလုံတလုံးဖြင့် ရေယူစေ၍ ရေသောက်ပြီး အန်ထုတ်လေသည်။ နောက်ဆုံး ထိုအစာတလုပ်သည် အပြင်သို့ ထွက်လာရလေသည်။

တပါးသောသူက 'အလ္လာဟ်'အံသျှင်မြတ်သည် သင့်အား ချမ်းသာခွင့်ပေးပါစေသား၊ အစားတလုပ်ဖြင့် ဤမျှေဤမျှ ဒုက္ခခံလေသလောဟု မေးလာရာ၊ သခင်ကြီးက အကယ်၍ ငါ့အသက်နှင့် လဲ၍ ထုတ်ယူရမည်ဆိုလျှင်လည်း အသက်နှင့်လဲ၍ ထုတ်ပါအံ့။ ကျွန်ုပ်သည် နဗီတမန်တော်မြတ် ထံတော်အပါးမှ ကြားသိထားသည်မှာ၊ မိစ္ဆာအာဇီဝဖြင့် ကြီးထွားသည့် ခန္ဓာကိုယ်အဖို့ ငရဲမီးသည် ၎င်းအတွက် အသင့်တော်ဆုံးဖြစ်သည်ဟူ၏။ ဤအစားတလုပ်ဖြင့် ငါ၏ ကိုယ်ခန္ဓာသည် ကြီးထွားလာမှုကို လားလားမျှ မနှစ်သက်ပါဟု မိန့်ကြားတော်မူလေသည်။

(ကြည့်–ကန်ဇုလ်အအ်မာလ်ကျမ်း)။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

'အဗူဗက်ရ်'သခင်သည် ဤသို့သော အကြောင်းခြင်းရာများနှင့် အကြိမ်ကြိမ်ဆုံခဲ့ရလေသည်။ ရှောင်ကြဉ်လိုစိတ် ပြင်းပြလျက်ရှိသည်။ အနည်းငယ်မျှ သံသယဖြစ်ရုံဖြင့် အန်ထုတ်ပစ်လေ့ရှိသည်။ 'ဗုခါရီ'ကျမ်းတော်၌ ဤနည်းတူစွာ အကြောင်းတရပ်ပါရှိသည်။

အကြင် ကျွန်တယောက်သည် အမှောင်ခေတ်၌ နောက်ကြောင်းရှေးဖြစ်များကို ဟောကိန်းပြုလိုက်ရာ၊ အကြောင်းအားလျော်စွာ မှန်ကန်သွားသဖြင့်၊ ဥာဏ်ပူဇော်ခ ပေးကမ်းကြရာ၊ ကျွန်ဖြစ်သူသည် မိမိသတ်မှတ်ချက်အရ ကြေးငွေကို၊ သခင်ဖြစ်သူ 'အဗူဗက်ရ်'သခင်အား လာရောက်ပေးလှူကြသည်။ သခင်ကြီးသည် စားသုံးတော်မူလိုက်မိလေ၏။ (နောက်မှ အကျိုးအကြောင်း သိရှိသောအခါ ဝမ်းတွင်းမှ အစာအဟာရဟူသရွေ့တို့ကို အန်ထုတ်တော်မူလိုက်လေသည်။)

အထက်ဖော်ပြပါ အကြောင်းချင်းရာများ၌ ကျွန်အကျိုးဆောင်များ၏ ချေးနည်းစာမှာ မှန်ကန်သည့်နည်း (ဝါ) သမ္မာအာဇီဝ၊ မမှန်ကန်သည့်နည်း (ဝါ) မိစ္ဆာအာဇီဝနည်း ဖြစ်လေသလောဟူ၍ သံသယဖြစ်နိုင်စရာ အကြောင်း နှစ်ရပ်စလုံးသည် ဖြစ်နိုင်ရာသည်။ သို့ပါသော်လည်း 'အဗူဗက်ရ်' သခင်သည် ဤမျှ သံသယဖြစ်သည့် အစာအဟာရကိုပင် တိတိကျကျရှောင်ကြဉ်တော်မူလေ့ ရှိသည်။

## (၄) ဟဇရသ်အုမရ်သခင်သည် 'ဆဒ္ဒကဟ်'နို့သောက်သုံးမိသဖြင့် အန်ထုတ်ပစ်ခြင်းအကြောင်း။

"ဟဇရသ်အုမရ်" (ရဒျေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် နို့ချိုသောက်သုံးရာ အနံ့အရသာ၌ ထူးခြားချက်ရှိသည်ကို သိရှိရ၍ နို့တိုက်ကျွေးသူအား ဤနို့သည် အဘယ်မှ အဘယ်သို့ ရရှိလာသနည်းဟု မေးမြန်းတော်မူရာ၊ ထိုသူက တော၌ စားကျက်တနေရာတွင် 'ဆဒ္ဒကဟ်'အဖြစ် လှူဒါန်းထားသော ကုလားအုတ်များ ကျက်စားနေလေရာ၊ ထိုသို့ ကျွန်တော်မျိုး ရောက်သွားသောအခါ၊ ထိုသူတို့သည် နို့ညှစ်ပြီး ကျွန်တော်မျိုးအားလည်း ပေးကြပါသည်ဟု လျှောက်တင်လိုက်သောအခါ၊ "ဟဇရသ်အုမရ်" သခင်သည် အာခံတွင်းသို့ လက်သွင်း၍ အကုန်အစင် အန်ထုတ်လိုက်ပါသည်။

(ကြည့်-မုအသ်သွာအိမာမ္မာလစ်က်ကျမ်း)။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

သူတော်စင်ပုဂ္ဂိုလ်သို့သည် သံသယမကင်းသည့် အစားအစာများဖြင့် အဆီအသားဖြစ်လာမည်ကိုပင် ရွံကြောက်၍ အထူးဂရုတစိုက် ရှောင်ကြဉ်ကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် ကျွန်ုပ်တို့၏ ယခုခေတ်၌ 'ဟရာမ်'တမျှ ဖြစ်နေသော အစားအစာကိုမူ အဘယ်သို့ စားနိုင်ကြအံ့နည်း။

## (၅) အဗူဗက်ရ်သခင်၏ မိန့်မှာချက်အရ၊ ဥယျာဉ်ခြံကို အစ္စလာမ့်ဘဏ္ဍာတော်သို့ ထည့်သွင်းလိုက်ခြင်းအကြောင်း။

"မုဟမ္မဒ် အိဗ်နုစီရီးန်" (ရဟ်မသွလ္လာဟ်အလိုက်ဟိ)သခင် အမိန့်ရှိသည်။ 'အဗူဗက်ရ်' (ရဒျေ့ယလ္လာဟုသအာလာအန်ဟူ) သခင် ကွယ်လွန်အံ့ဆဲဆဲမှာ မိမိ၏ချစ်သမီး 'အာအိယှဟ်' သခင်မအား၊ အို....ချစ်သမီး ငါသည် 'အစ္စလာမ့်' ဘဏ္ဍာတော်မှ ထောက်ပံ့ကြေးကို မယူလိုသော်လည်း 'အုမရ်' သခင်၏ အကြပ်ကိုင်မှုကြောင့် ယူခဲ့ရသည်။ ရောင်းဝယ် ဖေါက်ကားမှု ပြုလုပ်နေလျှင် 'မွတ်စလင်မ်'များအဖို့ ဆုံးရှုံးနစ်နာမှုဖြစ်မည်ဟု အကြောင်းပြသည်။ ၎င်း

ထောက်ပံ့ကြေးရယူခဲ့သည့်အတွက်ငါဖခမည်းတော်၏ အဘယ်မည်သောဥယျာဉ်ခြံကိုအစ္စလာမ့်ဘဏ္ဍာတော်အဖြစ် ပေးအပ်လိုက်ပါဟု မှာကြားသွားတော်မူခဲ့လေသည်။

'အဗူဗက်ရ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင် ကွယ်လွန် သွားသော အခါ၊ 'ဟဇရတ်အာအိယှာဟ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟာ) သခင်မသည် ဒုတိယ သမ္မတကြီး 'ဟဇရတ်အုမရ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်ထံသို့ လူလွှတ်၍ ဖခမည်းတော်၏ မှာကြားသည့်အတိုင်း ဥယျာဉ်ခြံကို ဘဏ္ဍာတော်ပိုင်အဖြစ် ပေးအပ်လေသည်။

'ဟဇရတ်အုမရ်'သခင်က 'အလ္လာဟ်' အသျှင်မြတ်သည် 'အဗူဗက်ရ်' သခင်အား ချမ်းမြေ့သာယာမှု ခြီးမြှင့်တော်မူပါစေ။တပါးသူ၏ ပြစ်တင်မှုပြုရန်၊ပါးစပ်ဟခွင့်ကိုပင် မထားခဲ့ပေဟု မိန့်ကြားတော်မူသည်။ (ကြည့်—ကိသာဗ္ဗလ်အမ်ဝါလ်ကျမ်း)။

**သိမှတ်ဖွယ်ရာအဖြာဖြာ။ ။**

စဉ်းစားကြည့်ကြဦးစို့။ သမ္မတကြီး၏ ထောက်ပံ့ကြေးသည် အဘယ်မျှရှိသနည်း။ရယူခြင်းမှာလည်း အများအကြံပေး ပညာရှင်ကဝိမော်တို့၏သဘောတူညီချက်၊ တိုက်တွန်းချက်အရသာဖြစ်သည်။ ထိုနောက် 'မွတ်စလင်မ်' အများအတွက် အကျိုးဖြစ်ထွန်းရန်သာ ဖြစ်သည်။ ၎င်းထောက်ပံ့ကြေးအတွက် တတ်အားသရွေ့ လျော့ပေါ့ယူသည်ကို အခဏ်း(၃) အကြောင်းဖြစ်အင်(၄) တွင်ဖေါ်ပြခဲ့လေပြီ။ ဇနီးသည် ကြင်ယာတော်မှာ ချိုချဉ်ဆိမ့်စာ စသည့် အစားအစာ၊စားလိုသဖြင့် ခြိုးခြံ၍ စုဆောင်းပြီးပေးရာ၊ ထိုမျှသော ငွေကြေးကိုပင်ဘဏ္ဍာတော်မှ လျော့ယူတော်မူလေ့ရှိခဲ့သည်။ ထိုသည်ကိုပင် မကျေနပ်နိုင်သေးသဖြင့် ရယူထားသည့် အစား၊ အခြားနည်းဖြင့် ဖြည့်စွက်တော်မူခဲ့လေသတည်း။

## ✓ (၆) အလီအိဗ်နုမအ်ဗဒ်၏အငှါးအိမ်မှ မြူမှုန့်ယူ၍ မင်သွေ့စေခြင်းအကြောင်း။

'ဟဇရတ်အလီအိဗ်နုမအ်ဗဒ်'အမည်ရှိ 'ဟဒီးဆ်' ဒိသာပါမောက္ခကြီး၏ အဆိုတရပ်မှာ ဤသို့ရှိ၏။ ကျွန်ုပ်သည် အငှါးအိမ်တအိမ်၌ နေပါသည်။အခါတပါး၌ စာရေးရာ မင်အမြန်ခြောက်သွေ့စေသော်၊ မြူမှုန့်အနည်းငယ် ဖြူးပေးရန်လိုလာ၏၊ အိမ်နံရံမှာလည်း ရွှံ့ဖြင့် ကျံပြီးသားဖြစ်ပါသည်။ လက်ဖြင့်ကုတ်ခြစ်၍ စာသားပေါ်ဖြူးချလိုက်၏။ တဖန်အိမ်သည် မိမိနေရန်သာငှါးယူထားသည်။မြူမှုန့်ယူရန် မဟုတ်ဟူသည့် တွေးဆချက်သည်ဝင်လာ၏။ တပါတည်းမှာပင် ဤမျှလောက် မြူမှုန့်လေးဖြင့် ကိစ္စမရှိပါဘူး။ သာမန်ပစ္စည်းဘဲ ဟူ၍ မြူမှုန့်ယူ၍ အသုံးချလိုက်ပါသည်။ညဉ့်အိပ်မက်တွင် တဦးတယောက်သည် မတ်မတ်ရပ်၍ သာမန်ပစ္စည်းပါဟု ပြောနေ

ခြင်းသည် မနက်ဖြန်(ဝါ) အနာဂတ်'ကဿပ'နေ့၌ သိပေအံ့ဟု ပြောကြားနေသည်ကိုမြင်တွေ့ရပါသည်ဟု ဆင့်ပြန်ပြောကြားတော်မူလေသည်။

**သိမှတ်ဖွယ်ရာအဖြာဖြာ။ ။**

'ကဿပ'နေ့၌သိပေအံ့ဆိုခြင်းသည် အမြင်အားဖြင့်သဘောမှာ ဤသို့တည်း။'သတ်တ္တဝါ'၏အဆင့်အတန်းသည် အလွန်များပြားလှပါသည်။အမြင့်ဆုံးအဆင့်၌ နေလိုသော်၊ ငင်းမျှကိုပင် ရှောင်ကြဉ်ရမည်။ အကယ်စင်စစ်ဝေါဟာရအဖြစ်သာမန်အဖြစ် မှတ်ယူနေကြသည်။ သာမန်ဟုဆိုခြင်းဖြင့် တရားတော်က ခွင့်ပြုချက်ထားသည်ဟုဆိုခြင်းဖြစ်သည်။

(ကြည့်- အိဟ်ယာအွလ်အိုလူးမ်ကျမ်း)

## (၇) ဟဇရသ်အလီသခင်သင်းချိုင်းသို့ ကြွတော်မူ၍ငိုကြွေးတော်မူခြင်းအကြောင်း။

'ကုမိုင်လ်' သခင် အမိန့်ရှိခဲ့သည်မှာ ကျွန်ုပ်သည် 'ဟဇရသ်အလီ' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) နှင့် တပါတည်းလိုက်ပါသွားခဲ့သည်။ တောစခန်းတနေရာသို့ရောက်ကြပါသည်။သင်းချိုင်းဖက်သို့ရှေ့ရှုကြပါသည်။'အလီ' သခင်က၊ အို....သင်းချိုင်းသူသင်းချိုင်းသားအပေါင်းတို့၊ အို....ဆွေးမြေ့သူအပေါင်းတို့၊ အို....ရွံကြောက်လျက် တကိုယ်တည်း နေကြသူအပေါင်းတို့၊ အခြေအနေအဘယ်သို့ရှိကြသနည်း။

ကျွန်ုပ်ထံမှ သတင်းကမူ သင်တို့နောက် ဥစ္စာ ပစ္စည်းများ ခွဲဝေပေးလိုက်လေပြီး၊ သား သမီးတို့မှာလည်း 'ယသင်မ်'မိဘမဲ့ဖြစ်ကြလေကုန်၏။သင်တို့၏ ဇနီးမိန်းမများသည်လည်း နောက်အိမ်ထောင်ပြုလိုက်ကြလေပြီ။ ဤသည်ကား ကျွန်ုပ်၏ သတင်းပေးခြင်း ဖြစ်သည်။ သင်တို့၏သတင်းကိုလည်း ပေးပါဦး။ ထိုနောက်ကျွန်ုပ်ဖက်သို့ မျက်နှာမူ၍၊'ကုမိုင်လ်'အကယ်၍ ဤသူတို့အား စကားပြောဆိုခွင့်ရခဲ့သော်၊ ပြောဆိုနိုင်ခဲ့သော်၊ မလွဲကေန် ဤသူတို့၏ အဖြေ၌ အကောင်းဆုံးခရီးဆောင်ပစ္စည်း အရာဝတ္ထုသည် 'သတ်တ္တဝါ'သာဖြစ်သည်ဟု ပြောဆိုကြကုန်အံ့။ဤသို့မိန့်ကြား၍ ငိုကြွေးတော်မူ၏။ အို.... 'ကုမိုင်လ်' 'ကဗရ်' သင်းချိုင်းသည် 'အမလ်'၏ သေတ္တာ ဖြစ်သည်။သေခါနီးအချိန်၌ ကောင်းစွာသိရှိကြရကုန်သည်ဟု မိန့်ကြားတော်မူလိုက်၏။

(ကြည့်—ကန်ဇ်ကျမ်း)။

✓သိမှတ်ဖွယ်ရာအဖြာဖြာ။ ။

လူသားတို့၏ အကောင်းအဆိုး ဒုစရိုက်သုစရိုက် ပြုသမျှသည် သင်းချိုင်း၌ သိုသိမ်းလျက် ရှိနေပေသည်။ သေတ္တာ၌ သိုသိမ်းထားသည့်အလား ပင်တည်း။ မြောက်မြားစွာသော 'ဟာဒီးဆ်'တော်များ၌၊ ဤအကြောင်းအရာသည် လာရှိခဲ့လေသည်။ သုစရိုက်ကောင်းမှုသည် လူကောင်းသူကောင်း၏ ကြွန်အင်လက္ခဏာ ဉပဓိရုပ် ဖြစ်ပေါ်လာ၍ သေသူအား နှစ်သိမ့်စေတော်မူမည်။ ရင်းနှီးမှုကိုရယူပေလိမ့်မည်။ အားပေးစကား ပြောကြားပေလိမ့်မည်။ မကောင်းမှုဒုစရိုက်သည် ရုပ်ရေဆိုးယုတ်စွာနှင့် အနံ့အသက်မှာလည်း နံစော်လျက် ကိုယ်ထင်ပြ၍ လာပေလိမ့်မည်။ ထိုအဆင်းအရာကို မြင်တွေ့ခြင်းဖြင့်လည်း စိတ်ဒုက္ခ ဖြစ်စေပေသည်။

✓'ဟာဒီးဆ်' တပါး၌ လာရှိသည်မှာ၊ သေသူနှင့်အတူ သုံးခုသောအရာသည် သင်းချိုင်းအထိ လိုက်ပါလေ့ရှိသည်။ သူပိုင်ဥစ္စာပစ္စည်း ဥပမာ-'အာရဗ်'တို့ ထုံးစံဓလေ့ရှိသည့် သေသူ၏ သားချင်းများသည်လည်းကောင်း၊ သေသူ၏ကိုယ်ကျင့်တရားသည်လည်းကောင်း ဖြစ်ကြသည်။ ဥစ္စာပစ္စည်းများနှင့် ဆွေမျိုးသားချင်းတို့သည် သေသူအား မြေမြှုပ်၍ ပြန်လာကြလေသည်။ ကိုယ်ကျင့်တရားသည်ကား သေသူနှင့် တပါတည်းနေခဲ့လေသည်။

✓ နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)က အခါတပါး၌ 'ဆဟာဗီ'ကြီးများအား မိန့်ကြားတော်မူသည်မှာ၊ အို-အချင်းတို့၊ သင်တို့နှင့် သင်တို့၏ ဆွေမျိုးသားချင်းများ သင်တို့၏ ဥစ္စာပစ္စည်းများနှင့် ကိုယ်ကျင့်တရားတို့၏ ဥပမာသည် အဘယ်သို့ ရှိသည်ကို သင်တို့ သိရှိနားလည်ကြပါသလောဟု မေးမြန်းတော်မူရာ၊ 'ဆဟာဗီ'ကြီးတို့က လင်းတော်မူပါမည့် အကြောင်း လျှောက်ထားသဖြင့်၊ ကိုယ်တော်မြတ်က ပမာမှာ ဤသို့ရှိ၏။

အကြင်သူတဦး၏ ညီတော်သုံးပါးရှိကြသည်ဆိုကြပါစို့။ ထိုသူသည် မိမိသေခါနီးအချိန်၌ ညီတော်တပါးကိုခေါ်၍၊ ညီတော်မောင် သင်သည်ငါ့အကြောင်း ကောင်းကောင်းသိသည်။ ငါသည် အဘယ်သို့ခံစားနေရသည်ကိုလည်း သင်သိသည်။ သို့ဖြစ်၍ သင်သည် ငါ့အားဘာအကူအညီပေးမည်နည်းဟုမေး၏။

ထိုအခါ ညီတော်မောင်က အစ်ကိုကြီးအား ကျွန်တော်သည် ကြည့်ရှုစောင့်ရှောက်ပါမည်။ ဆေးဝါးကုသပေးပါမည်။ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကိုလည်း ထမ်းဆောင်ပါမည်။ (အကယ်၍) အကြောင်းမညီညွတ်၍ ကွယ်လွန်သွားလျှင် ရေမိုးချိုး၍ (ကဖန်) ဝတ်ဆင်ပေး၍ ပုခုံးနှင့် ထမ်းဆောင်ကာ မြေမြှုပ်ပါမည်။

ထိုနောက် အစ်ကိုကြီးအား ကောင်းရာကောင်းကြောင်းပြုပေးပါမည်။ ကိုယ်တော်မြတ်က ဤသို့သောသူသည် ဆွေမျိုးသားချင်းနှင့် အလားတူ၏။ တဖန် အခြားညီတော်မောင်ကိုကို ခေါ်စေ၍ ဖေါ်ပြပါနည်းအတိုင်း ပြောကြားသောအခါ၊ ဒုတိယညီက အစ်ကိုကြီးနှင့်ကျွန်ုပ်မှာ အသက်ထင်ရှားရှိသမျှကာလပတ်လုံး သက်ဆိုင်နေပါသည်။

အစ်ကိုကြီးကွယ်လွန်သွားခဲ့သော်၊ ကျွန်ုပ်သည် အခြားတနေရာသို့ ထွက်ခွါသွားပါမည်ဟု ပြောသောသူသည် ဥစ္စာပစ္စည်းနှင့် အလားတူ၏။ တဖန် တတိယညီတော်မောင် ခေါ်စေ၍ အထက်ပါနည်းအတိုင်းပြောကြားရာ၊ ထိုညီတော်မောင်က အစ်ကိုကြီး၊ ကျွန်ုပ်အစ်ကိုကြီးနှင့်အတူ သင်းချိုင်းအတွင်း၌ လိုက်နေပါမည်။

အစ်ကိုကြီး ရှုံကြောက်နေသည့်အခါအားပေးစကား ပြောကြားပါမည်။ အားပေးကူညီပါမည်၊ စာရင်းအင်းစစ်ဆေးသည့်အခါ၊ အကောင်းနှင့်အဆိုး ချိန်စက်သည့်အခါ ကောင်းမှုကုသိုလ်ဖက်မှ ဝင်ထိုင်၍ အချိန်စီးစေပါမည်။

ဤတတိယညီတော်မောင်သည်ကား ကိုယ်ကျင့်တရားနှင့်တူသည်။ ကိုယ်တော်မြတ်က ကောင်းပြီ၊ ယခု သင်တို့အဆုံးအဖြတ်ပေးကြလော့။ အဘယ်ညီတော်မောင်သည်သာလျှင်အကျိုးပြုမည်နည်း။ 'ဆဟာဗီ'ကြီးတို့က ပထမနှင့် ဒုတိယ ညီတော်မောင်တို့သည် အကျိုးမဲ့ ဖြစ်ကြပါသည်ဟု လျှောက်ထားဆုံးဖြတ်ကြလေသည်။

(ကန်ဇ်ကျမ်း)

**(ဂ) ကိုယ်တော်မြတ်၏ ဩဝါဒတော် အကြင်အရာ၏ စားသုံးခြင်းသည် 'ဟရာမ်'ဖြစ်ခဲ့သော် ယူဆောင်ခြင်းသည်လည်း 'ဟရာမ်'ဖြစ်ခြင်းအကြောင်း။**

✓ နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)က 'အလ္လာဟ်' အသျှင်မြတ်သည် စင်ကြယ်မြင့်မြတ်တော်မူသည်။ စင်ကြယ်သန့်ရှင်းသည့် ပစ္စည်းဥစ္စာကိုသာ လက်ခံတော်မူသည်။ မိန့်ကြားတော်မူသည်မှာ၊ 'အစ္စလာမ်'သာသနာဝင်အပေါင်းတို့အားလည်း မိမိ တမန်တော်တို့ ချမှတ်သည့် အမိန့်တော်အတိုင်း ချမှတ်တော်မူခဲ့လေသည်။ ကျမ်းမြတ်'ကုရ်အာန်'၌ လာရှိသည်မှာ–

يَا أَيُّهَا الرُّسُلُ كُلُوا مِنَ الطَّيِّبَاتِ
وَاعْمَلُوا صَالِحًا إِنِّي بِمَا تَعْمَلُونَ
عَلِيمٌ

**အသံထွက်။** ။ယားအိုက်ယုဟာရ်ရုစုလုကုလူးမေနတ်တွ ိက်ယေ့ဗါသေဝအ်မလူဆွာလေဟာန်အင် နီဗေမာသအ်မလူးနအလီး(မ်)။

**အဓိပ္ပါယ်။** ။အို–'ရစူလ်'တမန်တော်အပေါင်းတို့၊ 'ဟလာလ်'သန့်ရှင်းစင်ကြယ်သော အဟာရများကိုသာ စားသုံးကြလော့။ ကောင်းမှုကုသိုလ် ပွားများကြလော့။ ငါ အသျှင်မြတ်သည် မုချကေန် သင်တို့ပြုကျင့်သမျှကို အကြွင်းမဲ့ သိတော်မူသော အသျှင်ဖြစ်တော်မူ၏။ အခြားတနေရာ၌–

يَا أَيُّهَا الَّذِينَ آمَنُوا كُلُوا مِن طَيِّبَاتِ
مَا رَزَقْنَاكُمْ،

**အသံထွက်။** ။(ယားအိုက်ယုဟလ္လဇီနအာမနူကုလူးမင် (န်) သွ ိုက်ယေ့ဗါသေ မာရဇက်နာကွန်(မ)။

**အဓိပ္ပါယ်။** ။အို–အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ငါအသျှင်မြတ်သည် သင်တို့အား ခြီးမြှင့်ထားသည့် သန့်ရှင်းစင်ကြယ်လှသော အစားအစာများကိုသာ စားသုံးကြကုန်လော့။

ထိုနောက် နဗီတမန်တော်မြတ်သည် သူတဦး၏အကြောင်းကို ဤသို့ ခရီးဝေးဝေးသွားလေ့ရှိသည်။ (ခရီးသည်၏ ဆုမွန်ဒုအာ 'ကဗူလ်'ဖြစ်သည်ဟူ၏)။

ထိုအပြင် ဆံပင်ကို စုတ်တိစုတ်ဖွား ပြုလုပ်လေသည်။ အဝတ်အထည်များ၌ ဖုံမျှားဖြင့် ပေကျံနေသည်။ (ဝါ) အလွန်စိတ်ဒုက္ခရောက်နေဟန်ဆောင်၏။ မိမိလက်နှစ်ဖက်ကိုဖြန့်ကာ၊ အို–အလ္လာဟ်၊ အို–အလ္လာဟ်၊ အို–အလ္လာဟ် ဟူ၍ တသနေလေ့ရှိသည်။ သို့သော် သူ၏ စားခြင်းလည်း'ဟရာမ်' ဖြစ်သည်။သူ၏သောက်ခြင်းသည်လည်း 'ဟရာမ်'ဖြစ်သည်။သူ၏ဝတ်ခြင်းသည်လည်း 'ဟရာမ်'ဖြစ်တည်။ အမြဲတစေ'ဟရာမ်' ကိုသာလျှင် စားသုံး ဝတ်ဆင်နေလေသော်၊ အဘယ်မှာလျှင်၊ 'ဒုအာ' ဆုမွန်သည် 'ကဗူလ်'ဖြစ်နိုင်အံ့နည်းဟု မိန့်ကြားတော်မူလေသည်။

(ကြည့်–ဂျမအ္ဗလ်ဖဝါအိဒ်ကျမ်း)။

**သိမှတ်ဖွယ်ရာအဖြာဖြာ။** ။

လူသူအများတို့သည် 'မှတ်စလင်မ်'တို့၏ 'ဒုအာကဗူလ်'မဖြစ်သည့်အတွက် တွေးဝေနေကြသည်။ သို့သော် ထိုသူတို့သည် ဤသြဝါဒကို ထောင့်ချင့်သင့်လှပေသည်။ 'အလ္လာဟ်'အသျှင်မြတ်သည် မိမိကရုဏာတော်ကို ရှေးရှု၍တခါတရံ

‘ကာဗစ်ရ်’၏ ‘ဒုအာ’ဆုပန်ခြင်းကိုပင် လက်ခံအတည်ပြုလေ့ရှိသည်။ ‘ဖါစစ်က်’ ကိုမူ အသို့ဆိုဘွယ်ရာရှိမည်နည်း။ သို့သော်သူတော်စင်တို့၏ ‘ဒုအာ’သည် အဓိကဖြစ်သည်။ ထို့ကြောင့်ပင် သူတော်စင်များထံ ‘ဒုအာ’ တောင်းခံရန် ဆန္ဒပြုကြသည်။ အကြင်သူတို့သည် မိမိတို့၏ ‘ဒုအာ’ ဆုမှန်အတည်ပြုစေချင်လျှင်၊ သမ္မာအာဇီဝကိုသာ စားသုံးကြပါ။ မိစ္ဆာအာဇီဝကိုကြဥ်ရှောင်ကြပါ။ မိမိ‘ဒုအာကဗ္ဗလ်’ မဖြစ်ချင်သူ အဘယ်သူဖြစ်နိုင်အံ့နည်း။

## (၉) ဟာဇရသ်အုမရ်သခင်သည် မိမိဇနီးကြင်ယာတော်အား ရေမွှေးချိန်စက်စေခြင်းမှ တားမြစ်တော်မူခြင်းအကြောင်း။

‘ဟာဇသ်အုမရ်’ (ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်၏ အပါးတော်သို့တရံရောအခါ ‘ဗဟ်ရိုင်န်’ * တနေရာမှ ရေမွှေးနံ့သာဆီများရောက်ရှိလာ၏။ အဘယ်သူသည် ဤရေမွှေးများကို ချိန်စက်၍ ဝေငှပေးကမ်းမည်နည်းဟု မေးမြန်းရာ၊ သမ္မတကြီး၏ ဇနီးကြင်ယာတော် ‘အာသိကဟ်’သခင်မက၊ ကျမတာဝန်ယူပါရစေဟု လျှောက်ထားလှာ၏။ သမ္မတကြီးက ကြားပါလျက် ဆိတ်ဆိတ်နေတော်မူလိုက်၏။ တဖန်အကြင်သူ တဦးတယောက်သည် ချိန်တွယ်ပေးသည်ရှိသော်။ ငါကိုယ်တော်ဝေငှပေးတော်မူမည်ဟု အမိန့်ရှိလှာရာ၊ ကြင်ယာတော်က အထက်ပါနည်းအတိုင်း ပြန်လျှောက်လေ၏။ သမ္မတကြီးသည် ဆိတ်ဆိတ်သာနေတော်မူပြန်၏။ တတိယအကြိမ်၌. သမ္မတကြီးက ကျွန်ုပ်သည် ရှင်မလက်ဖြင့် ချိန်တွယ်၍ ထိုလက်ဖြင့် အဝတ်အစားကိုလည်းကောင်း၊ ကိုယ်ခန္ဓာကိုလည်းကောင်း သုတ်လိမ်း၍၊ ဤမျှအကျိုးခံယူသည်ကိုပင် ငါကိုယ်တော်မနှစ်မြို့တော်မူကြောင်း မိန့်ကြားတော်မူလိုက်လေသည်။

**သိမှတ်ဖွယ်ရာအဖြာဖြာ။ ။**

ဤသည်ကား အတိအကျရှောင်ကြဉ်ခြင်းဖြစ်ပေသည်။ မိမိကိုယ်ကိုလည်း အစွပ်အစွဲခံမှုမှ ရှောင်ကြဉ်ခြင်းဖြစ်သည်။

မည်သူပင် ချိန် စက် စေကာမူ၊ သူ၏ လက်မှာ ပေကျံမည်မှ မလွဲမသွေဖြစ်မည်။ သို့ဖြစ်၍ ခွင့်ပြုချက်ရှိရာ၌ သံသယမရှိနိုင်ပေ။ သို့သော်လည်း သမ္မတကြီးသည် မိမိကြင်ယာအဖို့ ဤသည်ကိုပင် မနှစ်မြို့ရှာပေ။

“ဟာဇရသ်အုမရ်’ အိဗ်နုအဗ်ဒွလ်အဇီးဇ်”၊ ဒုတိယ‘အုမရ်’ ဟူ၍လည်း ခေါ်ဆိုကြသေးသည်။ အဆိုရှိကြသည်မှာ ဤပုဂ္ဂိုလ်သမ္မတဖြစ်စဉ်က တရံရောအခါ ရေမွှေးနံ့သာချိန်တွယ်

* ရောမနှင့်ပါးရှင်းရှိ မြစ်နှစ်သွယ်ဆုံသည့် နေရာကို ‘ဗဟ်ရိုင်န် ရေလက်ကြား ဟု ခေါ်သည်။

နေစဉ် မိမိနှာခေါင်းကို ပိတ်ဆို့ထားသည်။ ရေမွှေး၏ အကျိုးမှာ အနံ့ ရှူရှိုက်ရုံသာဖြစ်သည်ဟု မိန့်ကြားတော်မူသည်။ (ကြည့်–အိပ်ယာအွှလ်အုလူးမ်ကျမ်း။)

**မှတ်ချက်။** ။ဤသည်ကား ထိုသို့သော သူတော်စင် 'ဆဟာဗီ၊သာဗီအီးန်'ရှေးဆောင် ဆရာတော်ကြီးတို့၏ အတိအကျ ရှောင်ကြဉ်မှုပင်တည်း။

## (၁၀) အုမရ်ဆာနီသခင်သည် ဟဂ်ျဂျာဂ်ျယူစွဖ်၏ ဘုရင်ခံဟောင်းကို ရာထူးပေးပြီးမှ အကြောင်းသိသဖြင့်၊ ရာထူးမှ ရပ်စဲခြင်းအကြောင်း။

"ဟဇရသ်အုမရ်' အိဗ်နုအဗ်ဒွလ်အဇီးဇ်"(ရဟ်မသွလ္လာဟိအလိုက်ဟိ)သခင်သည် သူတဦးအား နေရာတနေရာ၏ ဘုရင်ခံအဖြစ်ခန့်လိုက်လေသည်။တဦးတယောက်က လာရောက်၍ဤသူသည် 'ဟဂ်ျဂျာဂ်ျယူစွဖ်'လက်ထက်က ဘုရင်ခံအဖြစ် ခံယူခဲ့ဘူးကြောင်း လျှောက်ထားလိုက်လေသည်။ 'အုမရ်ဆာနီ'သခင်သည် ထိုဘုရင်ခံအား ချက်ချင်းရာထူးမှ ရပ်စဲလိုက်လေသည်။ ထိုသူ (အပယ်ခံ) က မိမိသည် 'ဟဂ်ျဂျာဂ်ျယူစွဖ်'လက်ထက်က အချိန်အနည်းငယ်သာ တာဝန်ထမ်းဆောင်ခဲ့ရကြောင်း လျှောက်ထားလေရာ၊ 'အုမရ်ဆာနီ'က သူယုတ်မာဖြစ်ကြောင်း၊ တရက်မျှ၊ သို့တည်းမဟုတ် ထိုမျှထက်ပင် နည်းစေကာမူ ဤမျှနှင့်ယုတ်မာကြောင်း လုံလောက်လေပြီဟု မိန့်ကြားတော်မူ၏။ (ကြည့်–အိပ်ယာဟွလ်အုလူးမ်ကျမ်း)

### သိမှတ်ဖွယ်ရာအဖြာဖြာ။ ။

✓သဘောမှာ ဤသို့ရှိသည်။ နီးနီးကပ်ကပ်နေခြင်းဖြင့် မုချယုတ်မာမှုသည် စိမ့်ဝင်လာလေ့ရှိသည်။ အကြင်သူသည် သူတော်စင်သူမြတ်လောင်းတို့နှင့် နီးနီးကပ်ကပ်နေခဲ့သော်၊ထိုသူအပေါ်သို့ 'သတ်ကွာဝါ'တရားသည်တစိမ့်စိမ့်ဝင်ဆန့်လာပေမည်။ အကြင်သူသည် သူယုတ်မာများနှင့် နီးနီးကပ်ကပ်နေခဲ့ပါမူ၊ထိုကြောင့်ပင် သူယုတ်မာများထံမှ ဝေးဝေးရှောင်ရှားစေခဲ့ကြသည်။ အသေဝနစဗာလနံ့ဟု ဆိုထားသည် မဟုတ်တုံလော။ မနုဿလူသားကိုမူ မဆိုထားဘိ၊ တိရစ္ဆာန်များ၌ပင် စိတ်ယုတ်မာသည် ဝင်ဆန့်လေ့ရှိသည်။ ✓ကိုယ်တော်မြတ်က မာနထောင်လွှာမှုသည် ကုလားအုတ်နှင့် မြင်းသမားများ၌ရှိလေ့ရှိသည်။ ကျိုးနွံမှု၊ အောက်ကျို့မှုသည် သိုးဆိတ်သမားများ၌ရှိသည်ဟု မိန့်ကြားတော်မူသည်။ (ကြည့်–ဗုခါရီကျမ်း)

✓ နဗီတမန်တော်မြတ်က သူတော်စင်၊ သူတော်ကောင်းတို့၏ အပါးတော်၌ ဝင်ရောက်ခိုကပ်နေထိုင်သူသည် ရေမွှေးသည် အနားနေသည်နှင့် အလားတူ၏။ အကယ်၍ ရေမွှေးမရပါသော်လည်း သူတို့၏ရနံ့ဖြင့် ဦးနှောက်ကို လန်းဆန်းစေသည်။ သူယုတ်မာ၏ အနားသို့ ချဉ်းကပ်ခြင်းသည် ပန်းဘဲဆရာအနားကပ်နေသည်နှင့်အလားတူ၏။ မီးပွားမီးခဲများမကျရောက် မလောင်ကျွမ်းပါသော်လည်း မီးခိုးဖြင့် မွန်းစေသေးသည်ဟူ၏။

# အခန်း (၅)

## နမာဇ်၌ စိတ်အားထက်သန်၍ စိတ်ဝင်စားခြင်းအကြောင်း။

✓ 'နမာဇ်'သည် ရှိရှိသမျှသော ကျင့်ဝတ်များအနက် အရေးအကြီးဆုံး တာဝန်တရပ်ဖြစ်သည်။ 'ကိယာမတ်' ကမ္ဘာပျက်မည့်နေ့၌ 'အီမာန်'အကြောင်းမေးမြန်းပြီးနောက် ဦးစွာပထမ 'နမာဇ်'အကြောင်းနှင့်စပ်လျဉ်း၍ စစ်ကြောမေးမြန်းခြင်းပြုလိမ့်မည်။

✓ ကိုယ်တော်မြတ်၏ဩဝါဒမှာ၊ 'ကုဖ်ရ်'နှင့် 'အစ္စလာမ်'ခြားနားခြင်းသည် 'နမာဇ်'သာဖြစ်သည်။ ထိုအပြင် ဤအကြောင်းနှင့် စပ်လျဉ်း၍ ဩဝါဒတော် အမြောက်အမြား လာရှိပေသည်။

(ရှိုက်ခွလ်ဟဒီးဆ် မော်လာနာဇကရိယား၊ ဟဒီးဆ်ပါမောက္ခချုပ် ရေးသားပြုစုသော "ဖဇာအိလေနမာဇ်"ကျမ်းကို လေ့လာဖတ်ရှုကြပါကုန်။)

### (၁) အကြင်သူသည် ငါအသျှင်မြတ်၏ ဝလီတပါးပါးအားရန်မူခဲ့သော် စစ်ကျေညာတော်မူအံ့။

'အလ္လာဟ်'အသျှင်မြတ်၏ အမိန့်တော်တပါးမှာ၊ အကြင်သူသည် ငါအသျှင်မြတ်၏ "ဝလီ"သူတော်စင်တပါးပါးအား ရန်မူခဲ့သော်၊ ထိုသူအား ငါအသျှင်မြတ် ဖက်တော်မှ

စစ်ကျေညာတော်မူအံ့ဟု လာရှိသည်။ ထိုနောက် အကြင်သူသည် ငါ့အသျှင်မြတ်၏ နီးကပ်မှုကို ရယူလိုသော်၊ ထိုသူသည် ငါ့အသျှင်မြတ်၏ 'ဖရပ်ဇ်'သတ်မှတ်ချက်များကို ကျင့်ကြံလုပ်ဆောင်မှ သာလျှင် နီးကပ်မှုကိုရယူနိုင်မည်ဟု လာ၏။ (၀၁) အနီးကပ်ဆုံး ချဉ်းကပ်မှုသည် "ဖရပ်ဇ်" တာ၀န်ကို ထမ်းဆောင်မှုဖြင့်သာ ရယူနိုင်သည်။ "နဝါဖိလ်"များဖြင့် "ဗန္ဒဟ်"သည် တစတစ နီးကပ်လာလေသည်။

✓ နောက်ဆုံး ငါ့အသျှင်မြတ်သည် ၎င်းအား မိမိ၏အချစ်တော်အဖြစ် အသိအမှတ်ပြုတော်မူသည်။ တဖန် ငါ့အသျှင်သည် ထိုသူ၏နားအဖြစ် ခံယူသည်။ ၎င်းဖြင့် ထိုသူသည် နားစွင့်လေ့ရှိသည်၊ ကြားနာသည်။ ထိုသူ၏မျက်စိအဖြစ် ခံယူသည်။ ၎င်းဖြင့် ထိုသူသည် ရှုစားလေသည်။ ထိုသူ၏ လက်အဖြစ် ခံယူသည်။ ၎င်းဖြင့် ထိုသူ "ဗန္ဒဟ်"သည် ဝတ္ထုပစ္စည်းများကို ကိုင်တွယ်လေသည်။ ထိုသူ၏ ခြေအဖြစ်ကို ခံယူတော်မူသည်။ ၎င်းဖြင့် ထိုသူသည် သွားလာလှုပ်ရှားမှုကို ပြုလေသည်။✓ အကယ်၍ ထိုသူသည် ငါ့အသျှင့်ထံမှ တခုခုကို တောင်းခံခဲ့သော် ငါ့အသျှင်သည် ၎င်းအား ခြီးမြှင့်ပေးသနားတော်မူသည်။ အကြင်အရာမှ ခိုလှုံလျှင်လည်း ငါ့အသျှင်မြတ်သည် ၎င်းအား စောင့်ရှောက်တော်မူသည်။

(ကြည့်–ဂျမအွလ်ဖဝါအိဒ်ကျမ်း)။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

မျက်စိ၊ နား၊ လက်၊ ခြေအဖြစ် ခံယူသည်ဆိုခြင်းမှာ၊ ဤသို့တည်း။ ထိုသို့သော် သူတော်စင်တို့၏ ကြည့်ရှုခြင်း၊ နားထောင်ခြင်း၊ သွားလာလှုပ်ရှားခြင်း ဟူသမျှေ့သည် ငါ့အသျှင်မြတ်၏ သဘောတော်အရသာဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ အခြားအဘယ်အရာမျှ ငါ့အသျှင်မြတ်၏သဘောတော်နှင့် ဖည်လာဆန့်ကျင်သည်ဟူ၍ မရှိဟူ၏။ 'ဖရပ်ဇ်'ဖတ်ပြီး 'နဝါဖိလ်' များများ ဖတ်ကြသောသူတို့သည် အဘယ်မျှ အကြောင်းထူးတွေ့ ဖြစ်ကြမည်နည်း။ 'အလ္လာဟ်'အသျှင်မြတ်သည် မိမိ၏ မဟာကရုဏာတော်ဖြင့် စာရေးသားပြုစုသော ဆရာတော်ကြီးများအားလည်းကောင်း၊ ဘာသာပြန်ဆိုသူ အားလည်းကောင်း၊ ဘာသာပြန်သူ၏ ဆရာတော်များအားလည်းကောင်း၊ မိတ်ဆွေသားချင်းများအားလည်းကောင်း ဤသို့သော ဆုလာဘ်တော်ကြီးများကို ခြီးမြှင့်တော်မူပါစေသတည်း။

(အာမီးန်–ဆွမ္မအာမီးန်)။

## (၂) နဗီတမန်တော်မြတ် တညလုံး နမာဇ်ဝတ်ပြုတော်မူခြင်းအကြောင်း။

ပုဂ္ဂိုလ်တဦးသည် မယ်တော် 'အာအိယှဟ်' (ရသွေ့ယလ္လာ ဟုသအာလာအန်ဟာ) သခင်မထံလာ၍ နဗီတမန်တော်မြတ်(စလ္လမ်)နှင့် ပတ်သက်၍ ထူးဆန်းလှသည်များကို သခင်မ

သိသမျှ ကြားနာပါရစေဟုလျှောက်ထား၏။ 'အာအိယှဟ်'(ရသွေ့ယလ္လာဟုသအာလာအန်ဟာ) သခင်မက နဗီတမန်တော်မြတ်၏ အဘယ်အကြောင်းသည် မထူးဆန်းသနည်း။ အကြောင်းတိုင်းသည်၊ အဖြစ်အပျက်ဟူသမျှေ့တိုင်းသည် ထူးဆန်းလှပေသည်ဟု ဖြေကြားတော်မူလေသည်။

သခင်မက တညသော်အခါ ကိုယ်တော်မြတ်သည် ကြွလာ၍ ကျွမအနားဌလဲလျောင်းလိုက်၏။ ထိုနောက် ယာ–"အာအိယှဟ်"၊ ငါကိုယ်တော်မြတ်အား ခွင့်ပြုပါ၏လော။ ငါကိုယ်တော်မြတ်သည် အသျှင့်အား ဝတ်ပြုမည်ဆို၍ 'နမာဇ်'ဖတ်ရန် မတ်မတ်ရပ်တော်မူ၍ ငိုကြွေးခဲ့လေသည်။ မျက်ရည်များသည် ရင်ဘတ်အထိ စီးဆင်းလာ၏။ "ရကူးအ်"ဦးညွှတ်ရာ ထို၌ ငိုကြွေးခဲ့၏။ "စဂျီဒဟ်"ဦးချ၏။ ၎င်း၌လည်း ငိုကြွေးတော်မူ၏။ "စဂျီဒဟ်"မှ ပြန်ထသော်လည်း ယခင်နည်းဟူ ငိုကြွေးတော်မူသေး၏။ "ဗီလာလ်" (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်ကလာ၍ နံနက်'နမာဇ်'ဝတ်ပြုရန် "အဇာန်"ပေးလာသည်အထိ ငိုကြွေးတော်မူသည်။ "အာအိယှဟ်"သခင်မက၊ အို–အသျှင့်တမန်တော်၊ ဤမျှငိုကြွေးနေပါသလော။ အကယ်စင်စစ် ကိုယ်တော်မြတ်သည် "မအ်ဆူးမ်"ရှေးဟောင်းနှောင်းဖြစ် အပြစ်များမှ ချမ်းသာခွင့်ပြုထားခြင်းခံရသည် မဟုတ်ပါလော။ အကယ်တန္တု ဤသို့ဖြစ်သည်ဘဲ ထားဘိဦးတော့၊ 'အလ္လာဟ်' အသျှင်မြတ်သည် ကိုယ်တော်အား ချမ်းသာခွင့်ပေးမည်ဟု ကတိတော်ပြုထားသည် မဟုတ်ပါလော။ နဗီတမန်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)က ငါကိုယ်တော်မြတ်သည် ကျေးဇူးသိတတ်သူ ကျေးဇူးဆပ်သူတဦး မဖြစ်သင့်ပါသလောဟု ပြန်ကြားတော်မူ၏။

ထိုနောက် ကိုယ်တော်မြတ်က ငါကိုယ်တော်မြတ်သည် ဤသို့မပြုကျင့်ပဲ အဘယ်သို့နေနိုင်အံ့နည်း။ ငါကိုယ်တော်မြတ်အပေါ်သို့ ယနေ့ ဤ 'အာယသ်'တော်များ ကျရောက်ခဲ့လေပြီ။

إِنَّ فِي خَلْقِ السَّمٰوٰتِ وَالْأَرْضِ

**အသံထွက်။** ။အင်နာဖီခလ် ကစ္စမာဝါသေ ဝလ်အရ်သွေ့။

**အဓိပ္ပါယ်။** ✓ ။ကောန်အမှန် မိုးအထပ်ထပ်နှင့် မြေပြင်ကိုဖန်ဆင်းရာ၌ 'စူရဟ်အာလိအင်မ်ရာန်'၏ နောက်ဆုံး(ရကူးအ်)သြဝါဒတော် အမြောက်အမြား၌ လာရှိသည်မှာ နဗီတမန်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သည် ည၌ 'နမာဇ်'ကို အချိန်ကြာမြင့်စွာ မတ်မတ်ရပ်ဖတ်သဖြင့်၊ ခြေတော်၌ သွေးကျပြီး ရောင်ကိုင်းလာကြောင်း သိရှိရသည်။ သာဝကအပေါင်းတို့က၊ အို–အသျှင့်တမန်တော်၊ အဘယ်ကြောင့် ဤမျှဒုက္ခခံနေရပါသနည်း။ အကယ်စင်စစ် ကိုယ်တော်မြတ်အား ရှေးဟောင်းနှောင်းဖြစ်များမှ ချမ်းသာခွင့်ပြုထားသည်မဟုတ်ပါလော။ ထိုအခါ ကိုယ်တော်

မြတ်က၊ ငါကိုယ်တော်မြတ်သည် ကျေးဇူးသိတတ်သူ၊ ကျေးဇူးဆပ်သူတဦး မဖြစ်သင့်ပါလောဟု ပြန်ကြားတော်မူသည်။

(ကြည့်-ဗုခါရီကျမ်း)

## (၃) နဗီတမန်တော်မြတ်သည် 'လေးရကအသ်' နမာဇ်၌ ကျမ်းမြတ်ကုရ်အာန်(၆)ပါရဟ် ဖတ်ခြင်းအကြောင်း။

'ဟာဇရသ်အောက်ဖ်' (ရဒေ့ယလ္လာဟုသအာလာအန်ဟု) သခင့်အဆိုတရပ်မှာ ကျွန်ုပ်သည် နဗီတမန်တော်မြတ်နှင့် အတူတကွ ခရီးထွက်ခဲ့ပါသည်။ ကိုယ်တော်မြတ်သည် တံပူစားသည်၊ သွားတိုက်သည်၊ 'ဝုဇူ'ပြုသည်။ ၎င်းနောက် 'နမာဇ်နိယသ်'ပြုသည်။ ကျွန်ုပ်သည်လည်း တမန်တော်မြတ်နှင့်အတူ 'နမာဇ်' ဝတ်ပြုသည်။ ကိုယ်တော်မြတ်သည် ပထမ 'ရကအသ်'၌ စူရဟ် 'ဗကရဟ်'ကို ရွတ်ဖတ်တော်မူရာ၊ 'ရဟ်မသ်'ကရုဏာချမ်းသာခြင်းအကြောင်းနှင့် စပ်လျဉ်းသည့် 'အာယသ်'တော်များကို ဖတ်ရွတ်သည့်အခါ အကြိမ်ကြိမ်ဖတ်၍ အချိန်ကြာမြင့်စွာ ချမ်းသာမှု ရယူရေးအတွက် တောင်းခံတော်မူသည်။ အပါယ်လားရခြင်း အကြောင်းနှင့် စပ်လျဉ်းသည့် 'အာယသ်'တော်သို့ ရောက်သည့်အခါ၊ အပါယ်ငရဲမှ ကင်းဝေးနိုင်ရန် အချိန်ကြာမြင့်စွာ တောင်းခံတော်မူသည်။ "စူရဟ်"ကုန်ဆုံးသည့်အခါ "ရကူးအ်"ဦးညွတ်ရာ၌မိမိရပ်သမျှအချိန်ခန့် ဦးညွတ်နေတော်မူသည်။ ၎င်း"ရကူးအ်"၌-

سُبْحَانَ ذِي الْجَبَرُوتِ وَالْمَلَكُوتِ الْعَظَمَةِ

**အသံထွက်။** ✓ ။စုဗ်ဟာန ဇီလ်ဂျဗရူသေဝလ်မလကူးသိ၊ ဝလ်အဇ်မသိ။

ကို ရွတ်ဖတ်တော်မူသည်။ "စဂျိဒဟ်"ဦးချရာ၌လည်း ထိုမျှ အချိန်ကြာမြင့်စွာ နေတော်မူသည်။

ထိုနည်းတူစွာ ဒုတိယ 'ရကအသ်'၌ 'စူရဟ်အာလိအင်မ်ရာန်'ကို ရွတ်ဖတ်တော်မူသည်။ ထိုနည်း အတိုင်းပင် တ'ရကအသ်'၌ 'စူရဟ်'တခုကို ရွတ်ဖတ်၍ ပေါင်းလေး 'ရကအသ်'၌ ၆ ½'ပါရဟ်'အထိ ဖတ်ရွတ်တော်မူလေ့ရှိသည်။ "ရဟ်မသ်အာယသ်"တော်များ၌ ကရုဏာတော် ရရန်ဆုတောင်းခြင်း၊ 'အဇာဗ်'ငရဲလားကြောင်းလာလျှင် ချမ်းသာခွင့်ပြုရန်ဆုပန်ခြင်း၊ 'ရကူးအ်' နှင့် 'စဂျိဒဟ်'၌လည်း ထိုမျှပင် အချိန်ကြာမြင့်စွာ ပြုဆောင်ခဲ့သည်ရှိသော်၊ အဘယ်မျှ အချိန် ကြာညောင်းမည်ကို ချင့်တွေးကြပါလော့။

‘ဟာဇရသ်ဟုဇိုင်ဖဟ်’ (ရဒွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်၏အဆိုတရပ်မှာ ကျွန်ုပ်သည် နဗီတမန်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) နှင့် တခါ အတူ ‘နမာဇ်’ဝတ်ပြုရာ လေး‘ရကအသ်’၌ ‘စူရဟ်’ ၃-၄ ‘စူရဟ်ဗကရဟ်’မှ ‘စူရဟ်မာအိဒဟ်’အဆုံးအထိ ဖတ်ရွတ်တော်မူခဲ့ကြောင်း တင်ပြလေသည်။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ထို ‘စူရဟ်’လေးခုသည် ၆၃‘ပါရဟ်’ ဖြစ်သည်။ ၎င်း ‘စူရဟ်’များကို နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) သည် ‘နမာဇ်’လေး ‘ရကအသ်’၌ ဖတ်ရွတ်လေ့ရှိသည်။ တမန်တော်မြတ်သည် ‘သဂျ်ဝီဒ်’နည်းကျကျနှင့် ဖတ်ကြောင်း၊ အခြားသြဝါဒတော် အမြောက်အမြားက ထောက်ခံပေသည်။ တပါတည်းမှာပင် ကိုယ်တော်မြတ်သည် ‘ရဟ်မသ်အာယသ်’တော်နှင့် ‘အဇာဗ်အာယသ်’တော်များ၏နေရာများ၌သင့်သလိုဆုတောင်းခံခြင်းဖြင့်လည်းကောင်း၊ ‘ရကူးအ်’နှင့် ‘စဂျီဒဟ်’၌ မတ်မတ်ရပ်သည့်အချိန်မျှ ကြာမြင့်စွာ နေခြင်းဖြင့် လည်းကောင်း အဘယ်မျှအချိန်ကြာမြင့်သည်ကို မှန်းဆနိုင်ပေသည်။

တခါတရံ နဗီတမန်တော်မြတ်(ဆလ္လလ္လာဟု အလိုက်ဟိဝစလ္လမ်) သည် တ‘ရကအသ်’၌ပင် “စူရဟ်ဗကရဟ်၊ အာလိအင်မ်ရာန်”၊ “မာအိဒဟ်စူရဟ်” သုံးရပ်စလုံးကို ဖတ်ကြောင်း လာရှိပေသည်။ ယင်းသည် ၎ါး‘ပါရဟ်’ခန့်ရှိပေသည်။ ဤသည်မှာ ‘နမာဇ်’၌ စိတ်အေးချမ်းသာမှု အဘယ်ထိ ရရှိကြောင်း ထင်ရှားလှပေသည်။ ✓ နဗီတမန်တော် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) က ‘နမာဇ်’သည် ၎ါကိုယ်တော်မြတ်၏ စက္ခုအာရုံအတွက် အအေးဓာတ်ဖြစ်စေသည်ဟူ၍ မိန့်ကြားတော်မူခဲ့ပေသည်။

اَللّٰهُمَّ ارْزُقْنَا اِتِّبَاعَهٗ

**အသံထွက်။** ✓ ။အလ္လာဟုမ္မရ်ဇုက္ကနီအစ်အိဘာအဟူ။
**အဓိပ္ပါယ်။** ။(အို-အလ္လာဟ်အရှင်၊ ကျွန်တော်မျိုးတို့အားလည်း ဤနည်းတူ ဖြစ်လာပါရန် ခြီးမြှင့်တော်မူပါ)။

## (၄) ဆဟာဗီသာ၀ကကြီးသုံးပါး၏ နမာဇ်အကြောင်း သိကောင်းစရာ။

‘မူဂျာဟိဒ်’ (ရဒွေ့ယလ္လာဟုသအာလာအန်ဟူ)၏ အဆိုတရပ်မှာ၊ “ဟာဇရသ်’အဗူဗကရ်” (ရဒွေ့ယလ္လာဟုသအာလာအန်ဟူ) “အဗ်ဒွလ်လာဟ်’အိဗ်နုဇူဗိုင်ရ်” (ရဒွေ့ယလ္လာဟု သအာ

လာအန်ဟူ) သခင်၏ အကြောင်းသတင်းကို 'မုဂျာဟိဒ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်က တင်ပြသည်။ ထိုသူတော်စင်ပုဂ္ဂိုလ်ကြီးနှစ်ပါးတို့သည် 'နမာဇ်'၌ မတ်မတ်ရပ်လျက်ရှိသော်၊ တိုင်တလုံးကို စိုက်ထူထားသည်နှင့် အလားတူသည်။ (ဝါ) လုံးဝလှုပ်ရှားမှုမရှိဟု ဆိုလိုပါသည်။ (ကြည့်–သာရိခ္ခလ်ခိုလဖာအ်သမိုင်းကျမ်း)

✓အိုလမာသာသနာ့ပညာရှင်ဆရာတော်များက ရေးသားကြသည်မှာ၊ "အဗ်ဒွလ်လာဟ်' အိဗ်နု'ဇူဗိုင်ရ်"သခင်သည် "ဟဇရသ်'အဗူဗက်ရ်"သခင်ထံမှ 'နမာဇ်'ဝတ်ပြုနည်းကို သင်ယူဆည်းပူးခဲ့သည်။ 'အဗူဗက်ရ်'သခင်သည် နဗီတမန်တော်မြတ်ထံမှ 'နမာဇ်'ဝတ်ပြုနည်းကို သင်ယူဆည်းပူးခဲ့သည်။ (ဝါ) နဗီတမန်တော်မြတ်ဖတ်သည့်အတိုင်း 'အဗူဗက်ရ်သခင်သည် ဖတ်လေ့ရှိသည်။ 'အဗူဗက်ရ်'သခင်ဖတ်သည့်နည်းတူ "အဗ်ဒွလ်လာဟ်'အိဗ်နု'ဇူဗိုင်ရ်" သခင် ဖတ်တော်မူလေ့ရှိသည်။

'ဟဇရသ်ဆာဗိသ်' သခင် အဆိုတရပ်။ ။အဗ်ဒွလ္လာဟ်အိဗ်နု'ဇူဗိုင်ရ်" သခင်သည် 'နမာဇ်'၌ တိုင်တခုစိုက်ထူထားသည်နှင့် အလားတူသည်။ အခြားတဦးကလည်း အဆိုပြုသည်မှာ "အဗ်ဒွလ္လာဟ်'အိဗ်နု'ဇူဗိုင်ရ်"သခင်သည် 'စဂျဒဟ်'ပြုရာ၌ မလှုပ်မယှက် အလွန်ကြာမြင့်စွာ ပြုလေ့ရှိကြောင်း။ စာကလေးများသည်ပင်လျှင် ပုံသန်း၍ ခါးပေါ်၌ လာရောက်နားလေ့ရှိသည်ဟူ၏။ တခါတရံ 'ရကူးအ်"တရပ်ဖြင့် မိုးလင်းသည်ဟူ၏။ တခါတရံ 'စဂျဒဟ်'၌ပင် တညကုန်ဆုံးသည် ဟူ၏။

စစ်ဖြစ်နေစဉ် "ဟဇရသ်ဇူဗိုင်ရ်" (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်ကြီးသည် ဗလီဝတ်ကျောင်းတော်၌ 'နမာဇ်'ဝတ်တက်နေသောအခါ ရန်သူဘက်မှပစ်လိုက်သည့် အမြောက်ဆံသည် သခင်ကြီး၏ မုတ်ဆိတ်နှင့် လည်ပင်းကြားမှထွက်၍ ဗလီဝတ်ကျောင်းတော်၏ နံရံရှိတနေရာသို့ စင်ကျသွားရာ၊ နံရံတနေရာတွင် ပဲ့သွားသည်ဟူ၏။ သို့သော် သခင်ကြီးသည် မည်သို့မျှ တုန်လှုပ်ခြင်းမရှိလှပေ။ 'ရကူးအ်'နှင့် 'စဂျဒဟ်'ကိုလည်း လျှော့ပေါ့သည်ဟူ၍ မရှိချေ။

တရံရောအခါ နမာဇ် ဝတ်ပြုနေစဉ် သားငယ်ဖြစ်သူ "ဟာရှင်မ်" အမည်ရှိသူသည် အနားအ၌ အိပ်ပျော်နေလေသည်။ ခေါင်မိုးမှ မြွေတကောင်ကျလာ၍ ကလေးကိုယ်ကို ပတ်ထားလိုက်၏။ ကလေးမှာ ငိုကြွေးအော်ဟစ်လေ၏။ အိမ်သူအိမ်သားများသည် အော်ဟစ်ကာ ပြေးလာကြ၍ မြွေကိုသတ်ပစ်ကြလေသည်။

"အဗ်ဒွလ္လာဟ်'အိဗ်နု'ဇူဗိုင်ရ်"သခင်သည် စိတ်အေးလက်အေးဖြင့် နမာဇ်ဖတ်၍ 'စလာမ်' လှည့်ကာ၊ ဆူဆူညံညံအသံကြားသည် ဘာဖြစ်သလဲဟု မေးမြန်းတော်မူသဖြင့်၊ ဇနီးဖြစ်သူက

'အလ္လာဟ်'အသျှင်မြတ်သည် မောင်တော်အား ချမ်းသာခွင့်ပြုပါစေသား။ ကလေးမှာကံကောင်းထောက်မသဖြင့် အသက်ဘေးမှ ချမ်းသာခွင့်ရပါသည်။ မောင်တော်မှာမူ ဘာမျှ မသိဘူး မဟုတ်လား။ သခင်ကြီးက၊ ရှင်မ-အကယ်၍ နမာဇ်၌ အခြားဘက်သို့ စိတ်ရောက်နေလျှင် နမာဇ်ဖြစ်ပါဦးမလားဟူ၍ ပြန်ကြားတော်မူလေသည်။

(ကြည့်–ဟိဒါယဟ်ကျမ်း)

ဟဇရသ်အုမရ်(ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်သမ္မတကြီး၏ နောက်ဆုံးအချိန်၌ ဓါးထိုးခံရ၏။ ၎င်းဖြင့်ပင် 'အလ္လာဟ်'အသျှင်မြတ်၏ အမိန့်တော် ခံယူရရှာလေသည်။ ဒဏ်ရာကြောင့် သွေးစိမ်းများ အမြဲတမ်း ယိုစီးနေလေသည်။

များသောအားဖြင့် သတိလစ်မေ့မောသွားလေ့ရှိသည်။ထိုအချိန်မျိုး၌ပင် နမာဇ်အတွက် သတိပေးစကားကြားရလျှင် ဖြစ်သလို နမာဇ်ဝတ်ပြုသည်။ သခင်ကြီးက နမာဇ်ကို စွန့်ပစ်ထားသူသည် 'အစ္စလာမ်'နှင့် မည်သို့မျှ မသက်ဆိုင်တော့ကြောင်း မိန့်ကြားတော်မူသေးသည်။

"ဟဇရသ်အွတ်ဆ်မာန်"(ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်သည် တညလုံးမအိပ်ပဲ နေလေ့ရှိသည်။ နမာဇ် 'တရကအသ်' တည်း၌ ကျမ်းမြတ်'ကုရ်အာန်' တအုပ်လုံး အစအဆုံး ဖတ်ရွတ်တော်မူလေ့ရှိသည်။

(ကြည့်–ကန်ဇ်ကျမ်း)

'ဟဇရသ်အလီ'(ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်သည် နမာဇ်အချိန် ကျရောက်လာလျှင် တကိုယ်လုံး တုန်လှုပ်နေလေ့ရှိသည်။ ရွှေမျက်နှာတော်မှာ နီမြန်းသွားလေ့ရှိသည်။ တပါးသောသူက မေးမြန်းလျှောက်ထားသောအခါ အလွန်အရေးကြီးသည့် တာဝန်တရပ်ကို ထမ်းဆောင်ရန် ကျရောက်ပြီ။ ယင်းတာဝန်ကို 'အလ္လာဟ်'အသျှင်မြတ်က မိုးမြေနေလတောတောင်တို့အပေါ် ချပေးသောအခါ၊ ၎င်းတို့သည် တာဝန်ကိုမထမ်းဆောင်နိုင်ကြချေ။ ကျွန်ုပ်တို့သည် ထိုတာဝန်ကို ထမ်းဆောင်နေရသည်ဟု ဖြေတော်မူ၏။

"ဟဇရသ်ခလဖ်'အိဗ်နု'အိုက်ယူးဗ်" (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်အား တပါးသောသူက နမာဇ်၌ ခြင်၊ ယင်များသည် သင့်အား အနှောင့်အယှက် မပြုပါသလောဟု မေးစမ်းတော်မူရာ၊ သခင်ကြီးက တရားခံသူယုတ်မာတို့သည် အာဏာပိုင်တို့၏ ကြိမ်ဒဏ်ခံရပါသော်လည်း အလျှင်းလှုပ်ရှားခြင်းမပြုကြချေ။ ထိုသို့ဖြင့် ဂုဏ်ယူဝင့်ကြွားကြသေးသည်။ ငါသည် ဤရွှေဤမျှ အရိုက်ခံရသော်လည်း၊ လှုပ်တောင်မလှုပ်ဘူးဟု ကြွားဝါကြသည်။ ကျွန်ုပ်တို့သည် မိမိအသျှင်သခင့်ရှေ့တော်မှောက်၌ မတ်မတ်ရပ်နေပါသည်။ ခြင်၊ ယင်များ၏ ကိုက်မှု အနှောင့်အယှက်ကြောင့် လှုပ်ရှားရတော့မှာလားဟု ဖြေကြားမေးမြန်းတော်မူသည်။

“ဟာဇရသ်’မွတ်စလင်မ်’အိဗ်နု’ယစာရ်” (ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်သည် နမာဇ်ဖတ်ရန် မတ်မက်ရပ်သော်၊ မိမိအိမ်သူအိမ်သားများကို စကားပြောခွင့်ပြုလေ့ရှိ၏။ သင်တို့၏ စကားပြောခြင်းကို ငါသိတော်မူမည်မဟုတ်ဟု မိန့်ကြားတော်မူ၏။

အခါတပါး၌လည်း ‘ဗဆရဟ်’ရှိ‘ဂျာမိအ်’ ဗလီဝတ်ကျောင်းတော်၌ နမာဇ် ဖတ်နေလေသည်။ ဗလီတနေရာမှ ပြိုကျလာသည်၊ အများလူသူတို့က အရေးတကြီးပြေးလာကြသည်။ အုတ်အုတ်ကျက်ကျက်ဖြစ်သွားသည်။ သခင်ကြီးမှာကား သိတော်ပင်မမူချေ။

“ဟာဇရသ်ဟာသင်မ်’အဆမ်”သခင်အား တဦးတယောက်သောသူကသခင်ကြီး၏ နမာဇ်နှင့် စပ်လျဉ်း၍ မေးမြန်းတော်မူရာ၊ သခင်ကြီးက နမာဇ်အချိန်ကျရောက်လျှင် ‘ဝုဇူ’ ပြု၍ နမာဇ် ဝတ်ပြုမည့်နေရာသို့သွား၍ အချိန်အနည်းငယ်တိုင်အောင် အညောင်းဖြေလိုက်ပါသည်။

✔ ထိုနောက် နမာဇ်ဖတ်ရန် မတ်မတ်ရပ်၍‘ကအ်ဗဟ်’ကျောင်းတော်သည် မိမိ့ရှေ့တော်၌ရှိကြောင်း‘ပွလ်ဆွေ ‘ရာသ်’ တံတားသည်ခြေတော်အောက်၌ရှိနေကြောင်း၊ ‘ဂျန္နသ်’သုခဘုံသည် လကျာဘက်၌ရှိကြောင်း၊ ‘ဂျဟန္နမ်’ ငရဲဘုံသည် လက်ဝဲဘက်၌ရှိကြောင်း ‘အိဇ်ရာအီးလ်’ သေမင်းသည် မိမိနောက်မှ မတ်မတ်ရပ်စောင့်နေကြောင်း၊ ဤနမာဇ်သည် မိမိ၏ နောက်ဆုံးနမာဇ်ဖြစ်ကြောင်း၊ ဟူ၍ အာရုံပြုပြီး နမာဇ်ဖတ်ပါသည်။ မျှော်လင့်ချက် အပြည့်အဝနှင့် ရွံ့ကြောက်မှု အတိအကျကိုလည်း ထားရှိပါကြောင်းဟူ၍လည်း ပြောကြားတော်မူလေသည်။

(ကြည့်–အိဟ်ယာအွလ်လူးမ်ကျမ်း)

## (၅) မုဟာဂျိရီနှင့်အန်ဆာရီတို့ ကင်းစောင့်ခြင်း၊ မုရာလိရီ နမာဇ်၌ မြားသင့်ခြင်းအကြောင်း။

နဗီတမန်တော်မြတ်သည် ‘ဂဇ်ဝဟ်’ တိုက်ပွဲမှ ပြန်ကြွလာစဉ် ညအချိန်ရောက်သော်၊ တနေရာ၌ တပ်စခန်းချတော်မူသည်။ ထိုနောက် တမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) က ယနေ့ည ကင်းမည်သူစောင့်မည်နည်းဟု မေးမြန်းတော်မူရာ၊ ‘မုဟာဂျိရ်’တဦးနှင့် ‘အန်ဆာရ်’ တဦး(ဟာဇရသ်အမ္မာရ်အိဗ်နုယာစိရ်နှင့်ဟာဇရသ်အဗါဒ်အိဗ်နုဗစ်ရှိရ်)တို့က မိမိတို့နှစ်ဦးကင်းစောင့်ကြပါမည့်အကြောင်း ပြန်လည်လျှောက်ထားကြလေသောအခါ ကိုယ်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)က တောင်တခုသို့ (ထိုမှရန်သူလာနိုင်စရာအကြောင်းရှိသဖြင့်) သင်တို့သွား၍ စောင့်ကြပ်နေကြလော့ဟု မိန့်ကြားတော်မူလိုက်၏။ နှစ်ဦးစလုံး ထိုဆီသို့သွားရောက်ကြလေ၏။ ထိုသို့ရောက်သော် အန်ဆာရီက မိမိမုဟာဂျိရ်  အဆွေတော်အား ညကိုနှစ်ပိုင်းပိုင်း၍ တပိုင်းကို ကျွန်ုပ်စောင့်နေပါမည်။ အဆွေတော် အိပ်စက်ပါလော့။ အခြားတပိုင်းကို အဆွေတော် ကင်းစောင့်ကြပ်သောအခါ ကျွန်ုပ်အိပ်စက်ပါမည်။ နှစ်ဦးစလုံး တညလုံး စောင့်ခြင်းအားဖြင့်

မတော်တဆ အိပ်ပျော်သွားနိုင်ပါသည်။ တဦးတယောက်နိုးကြားနေပါလျှင်၊ နိုးကြားနေသူသည် စိုးရိမ်စရာအကြောင်း တစုံတရာနှင့် တွေ့ကြုံခဲ့သော်၊ မိမိအဆွေတော်အား နိုးကြားကြပါစို့ဟူ၍ ဆွေးနွေးသဘောတူလိုက်ကြလေသည်။

ပထမပိုင်းမှာ အန်ဆာရီ (ဟဇရသ်အဗါဒ်အိဗ်နုဗစ်ရှိရ်)၏ အလှည့်ဖြစ်လေသည်။ မုဟာဂျိရ်(ဟဇရသ်အမ္မာရ်အိဗ်နုယာစိရ်)သခင်သည် အိပ်စက်တော်မူလေသည်။ အန်ဆာရီသခင်သည် 'နမာဇ်နီယသ်' ချည်တော်မူလိုက်လေသည်။ရန်သူဖက်မှ ရန်သူတယောက်လာ၍ မတ်တပ်ရပ်နေသူကိုမြင်သဖြင့် မြားဖြင့်ပစ်ခွင်းလိုက်၏။ မည်သို့မျှထူးခြားမှုမရှိသဖြင့် ဒုတိယအကြိမ် ပစ်ပြန်လေ၏။ ထိုနည်းဖြင့် တတိယမြားကိုပါ ပစ်ခွင်းလိုက်၏။ မြားတိုင်းသည်လည်း မလွဲတမ်းသင့်ခံလိုက်ရ၏။ သခင်ကြီးသည် ၎င်းမြားကို တခုစီ ဆွဲနုတ်ပစ်လိုက်၏။ တည်ငြိမ်စွာ "ရကူးအ်" "စဂျိဒဟ်"ပြု၍ နမာဇ်ကို အဆုံးသတ်လိုက်၏။ ထို့နောက် မိမိအဆွေတော်အား နှိုးတော်မူလိုက်၏။ ရန်သူမှာ တယောက်မှ နှစ်ယောက်ကိုမြင်သဖြင့် နောက် အဘယ်မျှရှိမည်ကို မမှန်းဆရဲတော့သဖြင့် ထွက်ပြေးလေသည်။

သို့သော် အဆွေတော် 'မုဟာဂျိရ်'သည် 'အန်ဆာရီ'၏ သုံးနေရာမှပြင်းထန်သည့် ဒဏ်ရာများကြောင့် သွေးများသည် ပန်းထွက်နေသည်ကို မြင်တွေ့ရလေသည်။ "မုဟာဂျိရ်" က "စုဗ်ဟာနလ္လာဟ်"အဆွေတော်၊ ကျွန်ုပ်အား အစကတည်းက အဘယ်ကြောင့်မနှိုးပါသနည်းဟု မေးမြန်းရာ၊ "အန်ဆာရီ" က ကျွန်ုပ်သည် "စူရဟ်ကဟဖ်"ကိုအစပြုထားပါကြောင်း။"စူရဟ်" မဆုံးမီ"ရကူးအ်" မပြုလိုကြောင်း၊ယခုမှာမူ မြားအကြိမ်ကြိမ်သင့်ခြင်းကြောင့် ကျွန်ုပ် ကွယ်လွန်သွားခဲ့သော်၊ ကိုယ်တော်မြတ်၏ စောင့်ကြပ်စေခြင်းသည် အကျိုးမဲ့ဖြစ်ချေမည်ကို စိုးရိမ်မိသဖြင့် "စူရဟ်"မကုန်ဆုံးသေးပါသော်လည်း'ရကူးအ်' 'စဂျိဒဟ်'ပြုပြီးနမာဇ်ကို အဆုံးသတ်ကာ အဆွေတော်အား နှိုးလိုက်ရကြောင်း ပြောပြလေသည်။

(ကြည့်–ဗိုင်ဟက္ကီ၊အဗူဒါဝုဒ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤသည်ကား ထိုထိုသော သူတော်စင်တို့၏ နမာဇ်ဖြစ်သည်။ ထိုသူတော်စင်တို့၏ စိတ်အားထက်သန်မှုဖြစ်သည်။ မြားအကြိမ်ကြိမ်သင့်ခံရသည့် သွေးများအိုင်ထွန်းနေပါသော်လည်း နမာဇ်၏အနှစ်သာရ၌ ခြားနားမှုမရှိရချေ။

ကျွန်ုပ်တို့၏ နမာဇ်၌ သေးငယ်သည့်အကောင်ကိုက်လျှင် နမာဇ်အာရုံပြောင်းသွားတတ်သည်။ မှက်ကောင်ကိုက်လျှင် အသို့ဖြစ်မည်နည်း။

✓ ဤနေရာ၌ ဖဿဝါမမှုသတ်အကြောင်းတရပ်လည်း ရှိနေပေသေးသည်။ သွေးထွက်ယိုစီးခြင်းဖြင့် ကျွန်ုပ်တို့၏ ရှေ့ဆောင်ဆရာတော်ကြီး'အိမာမ်အအ်ဇမ်'

(အဗူဟာနီဖဟ်ရဟ်မသ္လလ္လာဟိအလိုက်ဟိ) သခင်ထံ၌ 'ဝုဇူ'ပျက်သွားပေသည်။ 'အိမာမ်ရှာဖိအီ' (ရဟ်မသ္လလ္လာဟိအလိုက်ဟိ) သခင်ထံ၌ 'ဝုဇူ'မပျက်ပေ။ ထိုဆဟာဗီသာဝကကြီးများ၏ လမ်းစဉ်လည်း ဤသို့ပင်ရှိဟန်တူ၏။ သို့တည်းမဟုတ် ထိုအချိန်က ဤသို့စူးစမ်းချက်မရှိသေးဟန်တူ၏။ ဤသို့ဖြစ်စဉ် ကိုယ်တော်မြတ်သည် အခြင်းဖြစ်ပွားရာ၌ မရှိသည်လည်း ဖြစ်နိုင်သည်။ တနည်း ဤအချိန်အခါသမယအထိ အမိန့်တစုံတရာ သတ်မှတ်ချက် မပြုသေးသည်လည်း ဖြစ်နိုင်ပေသည်။

## (၆) ဟဇရသ်အဗူသွလ်ဟဟ်သခင်နမာဇ်၌အာရုံဝင်ဆန့်လာသဖြင့်၊ ဥယျာဉ်ခြံကိုဓမ္မဒါနပြုခြင်း အကြောင်း။

'ဟဇရသ်အဗူသွလ်ဟဟ်'(ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် တခါတပါး၌ မိမိဥယျာဉ်ခြံ၌ နမာဇ်ဖတ်နေ၏။ ငှက်ကလေးတကောင်သည် ပျံသန်းနေ၏။ ဥယျာဉ်ခြံသည် အလွန်ထူထပ်နေ၏။ ထို့ကြောင့် အလွယ်တကူ အပြင်သို့ထွက်ရန် လမ်းစမရဖြစ်နေသည်။

ဟိုဟိုဒီဒီပျံသန်း၍ လမ်းစရှာနေ၏။ 'ဆဟာဗီ'ကြီး၏ မျက်စိအာရုံသည် ထိုသို့ပြောင်းလေ၏။ ရှုခင်းသို့အာရုံစိုက်နေ၏။ ရှတ်တရက်မိမိ နမာဇ်ဖတ်နေကြောင်း သတိရလာ၏။ မည်သည့် 'ရကအသ်' ကို ဖတ်နေသည်ကိုမူ မေ့ပျောက်သွားသဖြင့် အလွန် စိတ်ထွေးသွားလေသည်။ ဤဥယျာဉ်ခြံကြောင့် နမာဇ်၌မေ့လျော့မှုဒုက္ခနှင့် ရင်ဆိုင်ရ၏ဟု တွေးဆကာ ချက်ခြင်း နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) အပါးတော်သို့ဝင်ရောက်ခါ အဖြစ်အပျက်များကိုတင်ပြ၍၊ ဤဥယျာဉ်ခြံကြောင့် ယင်းဒုက္ခနှင့် ဆုံဆည်းရသဖြင့် ကျွန်တော်မျိုးသည် ၎င်းကို 'အလ္လာဟ်'အသျှင့်လမ်းတော်၌ ဓမ္မဒါနပြု လှူဒါန်းပါ၏။ ကိုယ်တော်မြတ်သည် ၎င်းကို သင့်ရာနေရာ၌ အသုံးပြုတော်မူပါရန် လျှောက်ထားလေ၏။

ထိုနည်းတူစွာ 'ဟဇရသ်အွတ်ဆ်မာန်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သမ္မတဖြစ်စဉ်က အကြောင်းတရပ်နှင့် ဆုံဆည်းခဲ့ရသည်။ 'အန်ဆာရီ'တဦးသည် မိမိဥယျာဉ်ခြံ၌ နမာဇ်ဖတ်နေ၏။ စွန်ပလွံသီးများမှာ မှည့်ရွဲနေ၏။ အကိုင်းအခက်များမှာလည်း ကိုင်းညွတ်နေ၏။ မျက်စိအာရုံသည် စွန်စလွံသီးများအပေါ်သို့ ရောက်သွားလေသည်။ အသီးအနှံများ ပြည့်လျှံနေသဖြင့် အလွန်ကြည်နူးမိ၏။ ထိုသို့စိတ်ဝင်စားသွားသဖြင့် မိမိမှာ 'ရကအသ်' မည်မျှဖတ်ထားသည်ကိုပင် မေ့သွားရှာလေသည်။ ဤဥယျာဉ်ခြံကြောင့် ယင်းသို့ စိတ်ဒုက္ခရောက်ရသည်။ ဤဥယျာဉ်ခြံကိုထားကိုမထားတော့ဘူးဟုအဓိဋ္ဌာန်ပြုကာ 'ဟဇရသ်အွတ်ဆ်မာန်'(ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်အပါးတော်သို့ ဝင်ရောက်ပြီး ဤဥယျာဉ်ခြံကို 'အလ္လာဟ်' အသျှင့်လမ်းတော်၌ လှူဒါန်းလိုကြောင်း၊ သင့်ရာနေရာတွင် အသုံးတော်ပြုပါရန် လျှောက်ထားလေသည်။ သမ္မတကြီး 'အွတ်ဆ်မာန်' သခင်သည် ၎င်းဥယျာဉ်ခြံကို ငါးသောင်းဖြင့် ရောင်း၍ ငွေသားကိုသာသနာရေးလုပ်ငန်း၌သုံးဆောင်တော်မူ၏။(ကြည့်–မုအဿအိမာမ်မာလစ်က်ကျမ်း)

**ချင့်တွေးဖွယ်ရာအဖြာဖြာ။**

ဤသည်ကား 'အီမာန်'တရား၏ ဟီရိဩတ္တပ္ပပင်ဖြစ်သည်။ နမာဇ်တည်းဟူသော အဓိကဖြစ်သည့် ကျင့်စဉ်ကျင့်ရပ်၌ အနှောက်အယှက် ဖြစ်လာသဖြင့်၊ 'ဒီရ်ဟမ်'ငါးသောင်းတန် ဥယျာဉ်ခြံကိုပင် ချက်ခြင်းလှူဒါန်းပစ်လိုက်လေသည်။

ကျွန်ုပ်တို့၏'ယာဟ်ဝလီယွလ္လဟ်'သခင်ကြီးသည်မိမိရေး 'ကောင်လီဂျမီလ်' ကျမ်း၌ 'ဆူဖီ'သူတော်စင်များ အကြောင်းနှင့် ပတ်သက်၍ ရေးသားတော်မူခဲ့သည်။ ဤသည် 'အလ္လာဟ်' အသျှင်မြတ် အမိန့်တော်ရှေ့မှောက်ဝယ် အရာခပ်သိမ်းတို့ကို လျစ်လျူရှုခြင်းနှင့် ဟီရိဩတ္တပ္ပထားခြင်းဖြစ်သည်။ ထိုထိုသောပုဂ္ဂိုလ်ထူးတို့သည် 'အလ္လာဟ်'အသျှင့်အမိန့်တော်ကို ထမ်းဆောင်ရာ၌ အခြားအကြောင်းအရာများ ဝင်ဆန့်ရလေသလောဟု တွေးဆ၍ ရှက်ကြောက်တော်မူကြသည်။ ဖြစ်မှုဖြစ်ရလေခြင်းဟု စိတ်မကောင်းဖြစ်ကြရလေသည်။

## (၇) ဟဇရသ်အဗ်ဒွလ္လာဟ်အိဗ်နုအဗ္ဗားစ် သခင်သည် နမာဇ်၌ ချို့တဲ့မှုဖြစ်မည်စိုး၍ မျက်စိဆေးမကုဘဲနေခြင်းအကြောင်း။

"ဟဇရသ်အဗ်ဒွလ္လာဟ်' အိဗ်နု' အဗ္ဗားစ်" (ရသွေ့ ယလ္လာဟုသအာလာအန်ဟု) သခင်သည် မျက်စိ၌တိမ်စွဲလာသောအခါ မျက်စိကုဆရာကလာရောက်၍ သခင်ကြီးခွင့်ပြုလျှင် ဆေးဝါးကုသပါမည်။ သို့သော် (တပြေးတည်းမြေပြင်ပေါ် 'စဂျိဒဟ်'မပြုဘဲ' ငါးရက်ခန့် ခုံတခုခုခံ၍ 'စဂျိဒဟ်' ပြုပါမည့်အကြောင်း ကတိဝန်ခံရပါမည်ဟု လျှောက်ထားလေသည်။ သခင်ကြီးက ဤသို့အလျှင်းမဖြစ်နိုင်ကြောင်း။ 'ကစမ်'ကျိန်တွယ်၍ ကျွန်ုပ်သည် ဤသို့'တရကအသ်'မျှဖတ်ခြင်းကိုပင် လက်မခံနိုင်ပါ။ နဗီတမန်တော်မြတ်၏ဝါဒကို ကျွန်ုပ်ကြားသိ ထားသည်မှာ အကြင်သူသည် နမာဇ်'တရကအသ်' ကို နားလည်သိထားပါလျက် စွန့်ပယ်ခဲ့သော် 'အလ္လာဟ်'အသျှင်မြတ်သည် ထိုသူအပေါ်သို့ အမျက်တော်ထားအံ့ဟု လာရှိသည်။

(ကြည့်-ဒွရ်ရေမန်ဆူးရ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

မတတ်သာသည့်အခါ ဤနည်းဖြင့် နမာဇ်ဖတ်ခွင့်ကို တရားတော်ကခွင့်ပြုသည်။ ဤအခြင်းအရာဖြင့် နမာဇ်စွန့်ပယ်မှုနှင့် မည်သို့မျှ ဆက်စပ်မှုမရှိလှပေ။ သို့သော်လည်း 'ဆဟာဗီ'သာဝကကြီးတို့သည် နမာဇ်ဝတ်ပြုမှုကို အထူးနှစ်သက်မြတ်နိုးကြသည်။ နဗီတမန်တော်မြတ်၏ဩဝါဒကို အထူးလေးစားလျက်ရှိကြပါသည်။ ထိုကြောင့် 'အိဗ်နုအဗ္ဗားစ်' (ရသွေ့ ယလ္လာဟုသအာလာအန်ဟူ)

သခင်သည် မိမိမျက်စိ ကုသမှုကိုပင် မနှစ်သက်နိုင်တော့ပေ။ ထိုပုဂ္ဂိုလ်တို့၏ ထံတော်အပါး၌ နမာဇ်တချိန်ဖတ်ရန်အတွက် ခပ်သိမ်းသော လောကီရေးရာ ပစ္စည်းများကို အနစ်နာအဆုံးရှုံး ခံနိုင်ကြ၏။ ထိုပုဂ္ဂိုလ်တို့သည်ကား အဘယ်မျှ နမာဇ်ကို တန်ဘိုးထားလေသနည်း။ ယနေ့ ကျွန်ုပ်တို့သည် အရှက်အကြောက် ကင်းမဲ့စွာ ထိုသို့သာသနာရေးအတွက် အသက်ဇီဝိန်ကို ပဓါနမထားတတ်သော သူတို့အကြောင်းနှင့်စပ်လျဉ်း၍ မချေမငံပါးစပ်မှပြောနေကြသည်။ အနာဂတ်မှာ မျက်နှာချင်းဆိုင် ဆုံဆည်းကြသည့်အခါ ဤပုဂ္ဂိုလ်တို့သည် အကျိုးထူးကိုခံစား နေကြသည်ကို ရှုမြင်ကြသော်၊အမြင်မှန်ကိုရကြကုန်အံ့။ ဤသူတို့သည် အဘယ်သို့ ရှိကြသည်။ ကျွန်ုပ်တို့သည် ထိုပုဂ္ဂိုလ်တို့အား အဘယ်သို့ ဆက်ဆံခဲ့ကြလေသနည်း ဟူ၍ တွေးဆကြပေအံ့။

**(ဂ) ဆဟာဗီ သာဝကကြီးများသည် နမာဇ်အချိန်၌ ချက်ခြင်း ဆိုင်ပိတ်ကြခြင်း အကြောင်း။**

“ဟဇရတ်အဗ်ဒုလ္လာဟ်’ ‘အိဗ်နု’ အုမရ်” (ရဒီယလ္လာဟုသအာလာအန်ဟုမာ) သခင် သည် တရံရောအခါ ဈေးသို့ ကြွမြန်းတော်မူခဲ့၏။ ‘ဂျမာအသ်နမာဇ်’ အချိန်ကျသောအခါ ဆိုင်ရှင်တို့သည် အသီးသီးဆိုင်များကိုပိတ်ခဲ့၍ ဗလီဝတ်ကျောင်းတော်သို့ ဝင်ရောက်ကြကုန်၏။ “အဗ်ဒုလ္လာဟ်’ ‘အိဗ်နု’ အုမရ်” သခင်က ဤသူတို့အဖို့သာ ဤ ‘အာယသ်’ တော် ကျရောက် လာခြင်းဖြစ်ပေအံ့ဟု မိန့်ကြားတော်မူခဲ့သည်။

رِجَالٌ لَّا تُلْهِيهِمْ تِجَارَةٌ وَّلَا بَيْعٌ
عَنْ ذِكْرِ اللّٰهِ (سورة نور پاره ١٨)

**အသံထွက်။** ✓ ။ရေဂျာလွန်လာသွလ်ဟီဟင်(မ)သေဂျာရသွန်ဝလာဗိုင်အွန်အန်ဇိက်ရိလ္လာဟိ။

**အဓိပ္ပါယ်။** ။ထိုဗလီကျောင်းတော်များ၌၊ ဤသို့သောသူတို့သည် နံနက်နှင့်ညနေ အချိန်များ တွင် ‘အလ္လာဟ်’ အသျှင်မြတ်အား ခြီးကျူးထောမနာပြုကြ၏။ အထူးသဖြင့် နမာဇ်ဝတ်ပြုခြင်းနှင့် ‘ဇကာသ်’ ပေးတာဝန် ထမ်းဆောင်ခြင်းကို ရောင်းဝယ် ဖောက်ကားခြင်းကိုသည် အဟန့်အတား မဖြစ်နိုင်ပေ။ ထိုသူတို့သည် အကြင် နေ့ရက်အချိန်အခါ၌ စိတ်ဓါတ်အားဖြင့် လည်းကောင်း၊ စက္ခုအားဖြင့် လည်း ကောင်း အချုပ်အနှောင်ခံရမည်ကို ရှုံကြောက်ကြလေသည်။

(ကြည့်–ဗီယာနွလ်ကုရ်အာန်ကျမ်း)

'ဟာဇရသ်အိဗ်နုအဗ္ဗားစ်' (ရဒ္ဒေယလ္လာဟုသအာလာအန်ဟူ) သခင့်အဆို- ထိုပုဂ္ဂိုလ်တို့သည် ကူးသန်းရောင်းဝယ် ဖောက်ကားမှုနှင့် အခြား လုပ်ငန်းများကို ဆောင်ရွက်ကြ၏။ သို့ပါသော်လည်း 'အဇာန်' သံကြားလျှင် အလုံးစုံတို့ကိုစွန့်၍ ဗလိဝတ်ကျောင်းတော်သို့လာကြကုန်သည်ဟူ၏။

တခြားတနေရာ၌ လာရှိသည်မှာ၊ အသျှင့်'ကစမ်' ဤပုဂ္ဂိုလ်တို့သည် ကုန်သည်များဖြစ်ကြသည်။ သို့သော် သူတို့၏ရောင်းဝယ်ဖောက်ကားမှုသည် 'အလ္လာဟ်'အသျှင်အား ကျိုးနွံဝတ်ပြုမှုကို မတားဆီးနိုင်ချေဟု မိန့်ကြားတော်မူသည်။

"ဟာဇရသ်အဗ်ဒုလ္လာဟ်'အိဗ်နု'မတ်စ်အူးဒ်" (ရဒ္ဒေယလ္လာဟုသအာလာအန်ဟို) သခင်သည် တရံရောအခါ ဈေးသို့ကြွသွားလေသည်။ 'အဇာန်'ပြီးသွားသောအခါ၊ လူသူအများသည် မိမိပစ္စည်းများကို စွန့်ထားခဲ့၍ ဝတ်ကျောင်းတော်ဘက်သို့ရွှေ့ရှုကြ၏။ သခင်ကြီးက 'အလ္လာဟ်' အသျှင်မြတ်သည် ဤသို့သောသူတို့ကို ရည်စူး၍-

لَا تُلْهِيهِمْ تِجَارَةٌ وَلَا بَيْعٌ عَن ذِكْرِ اللَّهِ

**အသံထွက်။** ။လာသွလ်ဟီဟင်(မ)သောဂျာရသွန်ဝလာဗိုင်အွန်အန်ဇိက်ရိလ္လာဟိ။

ဟုမိန့်ကြားတော်မူထားသည်။ (အဓိပ္ပါယ်ကို အထက်၌ဖော်ပြခဲ့လေပြီ)။

✓ ဩဝါဒတော်တပါးမှာ၊ 'ကိယာမသ်' နေ့၌ 'အလ္လာဟ်' အသျှင်မြတ်သည် ကမ္ဘာသူကမ္ဘာသားအားလုံးကို တနေရာတွင်စုစည်း၍ စိတ်ဓါတ် ချမ်းသာသည့်အခါ၌ လည်းကောင်း၊ စိတ်ဓါတ်ကျဆင်း ပျက်ပြားသည့်အခါ၌လည်းကောင်း 'အလ္လာဟ်' အသျှင်မြတ်အား ခြီးကျူးထောမနာပြုသော သူတို့သည် အဘယ်မှာနည်းဟုမေးမြန်းတော်မူအံ့။ ထိုအခါသေးငယ်လှသော အုပ်စုတစုသည် စာရင်းအင်းအစစ်အဆေးမရှိပဲ 'ဂျန္နသ်' သုခဘုံသို့ ဝင်ရောက် စံမြန်းကြကုန်အံ့။ ထိုနောက် ညအချိန်၌ မိမိအိပ်စက်ရာမှထ၍ မိမိအသျှင်သခင်အား ရှိကြောက်မှု၊ မြှော်လင့်မှုနှစ်ရပ်ကိုရှေ့ရှုကာ ကျိုးနွံသူတို့ အဘယ်မှာနည်းဟု မေးမြန်းတော်မူအံ့။ အုပ်စုငယ်တစုသာဝင်၍ အစစ်အဆေးမရှိပဲ 'ဂျန္နသ်' သုခဘုံနန်းသို့ ဝင်ရောက်စံမြန်းကြပေအံ့။ အကြင်သူတို့အား ရောင်းဝယ်ဖောက်ကားမှုဖြင့် နမာဇ်ဖတ်ခြင်းမှ တားဆီးမှု မဖြစ်စေသောသူတို့သည် အဘယ်မှာနည်းဟုမေးမြန်းသော်၊ အုပ်စုငယ်တစုသည် အစစ်အဆေးမရှိပဲ 'ဂျန္နသ်' သုခဘုံသို့ ဝင်ရောက်စံမြန်းကြကုန်အံ့။ ထိုနောက်မှကျန်ရှိသောသူတို့အား စစ်ဆေးတော်မူအံ့ဟုလာရှိ၏။

(ကြည့်-ဒုရ်ရေမန်ဆူးရ်ကျမ်း)

## (၉) ဟာဇရယ်ခိုဗိုင်းဗ်၊ ဇိုင်းဒ်နှင့်အာဆင်မ်သခင်တို့အား ယှဟီးဒ်ပြုခြင်းအကြောင်း။

အိုဟုဒ်တိုက်ပွဲ၌ ကျဆုံးသွားကြသည့် 'ကာဖစ်ရ်'များ၏ သားချင်းတို့သည် အခဲမကျေ ဖြစ်ကာ လက်စားချေရန် စိုင်းပြင်းနေကြလေသည်။ 'စုလာဖဟ်'အမည်ရှိ အမျိုးသမီး၏သား နှစ်ယောက်တို့သည် ထိုတိုက်ပွဲ၌ ကျဆုံးခဲ့လေသည်။ သူမက အဓိဋ္ဌာန်ပြုသည်မှာ အကယ်၍ 'အာဆင်မ်' (၎င်းပုဂ္ဂိုလ်သည် သူမ၏သားနှစ်ယောက်ကိုကွပ်မျက်ခဲ့၏) ၏ ဦးခေါင်းကိုရရှိခဲ့သော် ဦးခေါင်းခွံတွင် အရက်ထည့်၍ သောက်သုံးမည်ဟူ၏။ ထို့ကြောင့် သူမက အကြင်သူသည် 'အာဆင်မ်'၏ ဦးခေါင်းကို ယူပေးပါက ထိုသူအား ကုလားအုတ်အကောင်တရာကို ဆုလာဘ် အဖြစ် ချီးမြှင့်မည်ဟုကြေငြာခဲ့လေသည်။

"စွဖ်ယာန်'အိဗ်နု'ခါလစ်ဒ်" အား ဤမည်သော လောဘသက္ကာရက စေ့ဆော်ခဲ့၏။ ထိုသူသည် သူတော်စင် 'အာဆင်မ်'၏ဦးခေါင်းကို ဖြတ်ယူရန် ကြိုးစားလေသည်။ ထိုသူသည် 'အဇ္ဇလ်' အမျိုးနွယ်နှင့် 'ကာရဟ်' အမျိုးနွယ်ဝင်များမှ လူအချို့ကို 'မဒီနဟ်' သို့ စေလွှတ်၏။ ထိုသူတို့သည် မိမိကိုယ်ကို 'မွတ်စလင်မ်'များ ဖြစ်ကြောင်း ဟန်ဆောင်ကြ၏။ ကိုယ်တော်မြတ် ထံတော်အပါး၌ ဝင်ရောက်၍ မိမိတို့ဒေသ၌ သာသနာရေးပညာရပ်များနှင့် သာသနာဖြန့်ချိရန် လူအချို့ကို စေလွှတ်ပေးပါမည့်အကြောင်း လျှောက်ထားကြလေ၏။ 'ဟာဇရယ်အာဆင်မ်'၏ တရားဟောကြားမှုကို မိမိတို့နှစ်သက်ကြသဖြင့် ထိုပုဂ္ဂိုလ်ကိုပါ ထည့်ပေးပါမည့် အကြောင်း လျှောက်ထားလေ၏။

နဗီတမန်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သည် အဆိုတရပ်အရ(၁၀)ယောက်၊ အခြားအဆိုတရပ်အရ (၆)ယောက်တို့ကို ထိုသူတို့နှင့်အတူ စေလွှတ်လိုက်၏။ ထို၌ 'ဟာဇရယ် အာဆင်မ်' (ရဒွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်လည်း ပါရှိလေသည်။ ခရီးသွားကြရာ လမ်းခုလပ်၌ ထိုသူတို့သည် သစ္စာဖောက်၍ ရန်သူများအား အကြောင်းကြား ခေါ်လိုက်၏။ ရန်သူများမှာ (၂၀၀)ခန့်ဖြစ်ကြသည်။ ၎င်းတို့အနက် (၁၀၀)မှာ လေးမြှားအတတ်၌ ကျွမ်းကျင်ကြောင်း ထင်ရှားလှပေသည်။

အချို့အဆိုများအရနဗီတမန်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သည် ထိုပုဂ္ဂိုလ် တို့အား 'မက္ကဟ်' မြို့သို့ ထောက်လှမ်းစုံစမ်းရန် စေလွှတ်သည်ဟူ၍လည်း လာရှိပေသည်။ လမ်း၌ 'လဟ်ယာန်' မျိုးနွယ်ဝင်များနှင့်တိုက်ပွဲဖြစ်ကြသည်။ ၎င်းလူနည်းစု(၁၀)ယောက်၊ သို့မဟုတ်(၆) ယောက်တို့သည် အခြေအနေကိုလေ့လာ၍ 'ဖွဒ်ဖွဒ်'အမည်ရှိ တောင်ပေါ်သို့ တက်သွားကြသည်။

'ကာဖစ်ရ်'တို့က ကျွန်ုပ်တို့သည် မိမိဒေသ၌ သင်တို့၏သွေးမြေမခစေကြောင်း၊ 'မက္ကဟ်' မြို့သူမြို့သားတို့ထံမှ ပစ္စည်းဥစ္စာများဖြင့် လဲလှယ်လိုကြောင်း၊ ကျွန်ုပ်တို့ထံသို့ အသာတကြည်

လာရောက်ကြပါမည့်အကြောင်း၊ ကျွန်ုပ်တို့သည် အသင်တို့အား သတ်ဖြတ်ခြင်းပြုကြလိမ့်မည် မဟုတ်ကြောင်း ပြောလာကြ၏။ ထိုပုဂ္ဂိုလ်တို့က ကျွန်ုပ်တို့သည် 'ကာဖစ်ရ်' အပေါင်းတို့၏ ကတိသစ္စာကို မယုံကြည်နိုင်ကြောင်း ပြောကြား၍ မြှားကျည်တောက်မှ မြှားများထုတ်ကာ မြှားဖြင့်တိုက်ပွဲစတင်ဆင်နွှဲကြလေသည်။

ဟဇရသ်'အာဆင်မ်'သခင်သည် မခံမရပ်နိုင်ဖြစ်ကာ မိမိအဆွေတို့အား၊ အို...အချင်းတို့ ဤသူယုတ်မာတို့သည် သင်တို့အား ဖြားယောင်းသွေးဆောင်ခဲ့ကြသည်။ သို့ငြားသော်လည်း သင်တို့သည် မစိုးရိမ်ကြနှင့်။ မကြောက်ကြနှင့်။ 'ယှဟာဒသ်' ကို တန်ဘိုးထားကြလော့။ အသင်တို့၏အချစ်တော်သည် သင်တို့နှင့် တပါတည်းရှိသည်။ 'ဂျန္နသ်'၏ 'ဟူးရ်'ကညာတို့သည် သင်တို့အား စောင့်စားနေကြသည်။ ဤသို့ဖြင့် စိတ်အားထက်သန်စွာ တိုက်ပွဲဆင်နွှဲနေစဉ် လက်သုံးတော်လုံသည် ကျိုးသွားလေသည်။ လက်သုံးတော်ခားရှည်ဖြင့် ရန်သူများရှိရာသို့ဝင်၍ ဖြိုခွဲနေစဉ် နောက်ဆုံး 'ယှဟီးဒ်'ဖြစ်သွားရရှာလေသည်။

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُوْنَ

**အသံထွက်။** ။အင်န္နာလစ်လ္လာဟိဝအင်န္နာအိလိုက်ဟိရာဂျိအူးန်။

**အဓိပ္ပါယ်။** ။မုချကေန် ကျွန်ုပ်တို့သည် 'အလ္လာဟ်' အသျှင့်အဖို့သာဖြစ်သည်။ အသျှင့်ဖက်တော်သို့ ပြန်ကြရပေအံ့။

သခင်ကြီးမကွယ်လွန်မီ 'အလ္လာဟ်' အသျှင်မြတ်ထံတော်ဝယ် 'ဒုအာ' ဆုမွန်တောင်းခံသွားသည်မှာ–

အို.... 'အလ္လာဟ်'အသျှင်မြတ်၊ ကျွန်တော်မျိုးတို့၏ အဖြစ်အပျက်ကို အသျှင့်တမန်တော်အား အသိပေးတော်မူပါ။ ဤ'ဒုအာ'သည် ချက်ခြင်း 'ကဗူလ်' ဖြစ်သွားလေသည်။ နဗီတမန်တော်မြတ်သည် အကြောင်းသတင်းကို ချက်ခြင်းသိရှိတော်မူလေသည်။

'စုလာဖဟ်' အမည်ရှိ သူမ က မိမိ၏ ဦးခေါင်းခွံတွင် အရက်ထည့်သောက်ရန် အဓိဋ္ဌာန်ပြုထားသည်ကို 'ဟဇရသ်အာဆင်မ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် စောစောကပင် သိထားတော်မူသည်။ သို့ဖြစ်၍ ကွယ်လွန်ခါနီး 'အလ္လာဟ်' အသျှင်မြတ် ထံတော်၌ 'ဒုအာ' တောင်းခံတော်မူသည်။

အို.... 'အလ္လာဟ်'အသျှင်မြတ်၊ ကျွန်တော်မျိုး၏ ဦးခေါင်းသည် အသျှင့်လမ်းတော်၌ အဖြတ်ခံရပါသည်။ အသျှင်သာလျှင် စောင့်ရှောက်သူဖြစ်ပါစေသား ဟူ၏။ ထို 'ဒုအာ'သည်လည်း 'ကဗူလ်' ဖြစ်သွားလေသည်။ 'ယှုဟီးဒ်'ဖြစ်သော် 'ကာဖစ်ရ်' တို့သည် ဦးခေါင်းခွံကို ဖြတ်ယူရန်ကြိုးစားကြလေသည်။ 'အလ္လာဟ်'အသျှင်မြတ်သည် ပျားကောင်များ၊ အခြားအဆိုတရပ်မှာ မှက်ကောင်များကို စေလွှတ်တော်မူသည်။ ၎င်းတို့သည် အဖက်ဖက်မှ ဝိုင်းရံထားကြသည်ဟူ၏။ 'ကာဖစ်ရ်' တို့က ညရောက်လျှင် ဤအကောင်များ ပျံသွားသည့်အခါကျမှ ဖြတ်ယူမည်ဟု ကြံရွယ်ကြလေသည်။ သို့သော် ညကျသောအခါ မိုးပြင်းထန်စွာရွာသွန်း၍ ရေစီးကြောင်းတခုဖြင့် အလောင်းကို မျှောယူသွားလေသည်။ ဤသို့ဖြင့် ခုနစ်ယောက်၊ သို့မဟုတ် သုံးယောက်တို့သည် * 'ယှုဟီးဒ်' ဖြစ်ကြရကုန်၏။

'ဟဇရသ်ခိုဗိုင်ဗ်'၊ "ဇိုင်ဒ်'အိဗ်နု'ဒဆ်နဟ်" နှင့် "အဗ်ဒုလ္လာဟ် 'အိဗ်နု' သွာရစ်က်" ဤသုံးဦးသောပုဂ္ဂိုလ်တို့နှင့် 'ကာဖစ်ရ်' တို့သည် ကတိပြုကြလေ၏။ အသင်တို့သည် တောင်အောက်သို့ ဆင်းလာကြပါ။ ကျွန်ုပ်တို့သည် ကတိတည်ကြပါမည်။ ဤပုဂ္ဂိုလ်တို့ အောက်သို့ ဆင်းလာကြသောအခါ 'ကာဖစ်ရ်'အပေါင်းတို့သည် သူတော်စင်တို့အား လက်ပြန်ကြိုးတုပ်လိုက်ကြ၏။ 'ဟဇရသ်အဗ်ဒုလ္လာဟ်'အိဗ်နု'သွာရစ်က်'သခင်က ဤသည်ကားအသင်တို့၏ ပထမအကြိမ်ကတိကို ဖောက်ဖျက်ခြင်းဖြစ်သည်ဟု မိန့်ကြားတော်မူ၍၊ ကျွန်ုပ်သည် သင်တို့နောက် မည်သည့်နည်းနှင့်မျှ မလိုက်နိုင်ကြောင်း၊ ကျွန်ုပ်သည် မိမိအဆွေတော်များသွားကြသည့် လမ်းကြောင်းကို နှစ်သက်ကြောင်း ပြောကြားတော်မူ၏။ 'ကာဖစ်ရ်'တို့သည် အတင်းအဓမ္မ ဆွဲကြသော်လည်း နေရာမှမရွေ့သဖြင့် ထိုနေရာ၌ပင် 'ယှုဟီးဒ်' ပြုလိုက်ကြ၏။

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُونَ

**အသံထွက်။** ။အင်န္နာလစ်လ္လာဟိဝအင်န္နာအိလိုက်ဟိရာဂျိအူးန်။

နှစ်ပါးသောပုဂ္ဂိုလ်တို့သည်သာ ကျန်တော့၏။ ထိုပုဂ္ဂိုလ်နှစ်ပါးတို့အား ဆောင်ကြဉ်း၍ 'မက္ကဟ်'မြို့သို့ ဆောင်ကြဉ်းကာ ရောင်းချကြလေသည်။ (၁) 'ဟဇရသ်'ဇိုင်ဒ်အိဗ်နု'ဒဆ်နဟ်" သခင်အား 'ဆဖ်ဝါန်အိဗ်နုအုမိုင်ယဟ်'က ကုလားအုတ်အကောင်(၅၀)ဖြင့်လဲလှယ်၍ မိမိဘခင် 'အုမိုင်ယဟ်'အစား လက်စားချေ၏။ (၂) 'ဟဇရသ်ခိုဗိုက်ဗ်' သခင်အား "ဟုဂျိုရ်အုဗ်နု 'အဗီအဟာဗ်" က ကုလားအုတ်အကောင်(၁၀၀)ပေးဝယ်၍ မိမိဘခင်အစား လက်စားချေ၏။

---

* အစ္စလာမ့် သာသနာ့ရေးအတွက် အသက်စတေးသွားရသူ။

ဗုခါရီကျမ်းအဆိုအရ၊ “ဟာရစ်ဆ်'အိဗ်နု'အာမစ်ရ်” ၏ သားမြေးများက ဝယ်ယူသည်ဟူ၏။ ထိုပုဂ္ဂိုလ်က 'ဗဒ်ရ်'တိုက်ပွဲ၌ 'ဟာရစ်ဆ်'ကို အဆုံးစီရင်ခဲ့သည်။

'ဆဖ်ဝါန်'သည် မိမိကျေးကျွန်တို့ အားဖြင့် အကျဉ်းသား 'ဇိုင်ဒ်'သခင်ကို 'ဟရမ်း' နယ်မြေဒေသမှ အပြင်သို့ခေါ်ဆောင်ကာ ချက်ခြင်း 'ယှဟီးဒ်' ပြုစေသည်။ အချင်းဖြစ်ရာကို ရှုကြည့်ချင်သူတို့သည်လည်း လိုက်ပါသွားကြသည်။ ၎င်းတို့အနက် 'အဗူစွဖ်ယာန်' လည်း ပါသေးသည်။ 'အဗူစွဖ်ယာန်' က ,ဟဇရသ်ဇိုင်ဒ်' အား 'ယှဟီးဒ်' ပြုချိန်၌၊ အို.... 'ဇိုင်ဒ်' သင်သည် 'ကစမ်' ကျိန်ဆို၍ မှန်မှန်ပြောလော့။ ဤနေရာ၌ မင်းအစား (နအူဇုဗိလ္လာဟိ) 'မုဟမ္မဒ်'၏ လည်ပင်းဖြစ်စေ၍ မင်းအား ချမ်းသာခွင့်ပြုပေးလိုက်လျှင် မင်းသည် မိမိအိမ်သူအိမ်သားများနှင့် စိတ်အေးချမ်းသာစွာနေသျှင် မကောင်းပေဘူးလားဟု မေးစမ်းလေ၏။

✓ 'ဟဇရသ်ဇိုင်ဒ်'သခင်က၊ အသျှင့် 'ကစမ်'ကျိန်ဆို၍ပြောကြားသည်မှာ၊ ကျွန်ုပ်၏အသက်ဇီဝိန် ချမ်းသာခွင့်ရစေ၍ နဗီတမန်တော်၏ ခြေဖဝါးတော်၌ဆူးသာ စူးစေပါမည်ဟု ဆိုလျှင်လည်း ကျွန်ုပ်သည် မိမိအသက်ဇီဝိန် ချုပ်ငြိမ်းခံပါမည်။ ကိုယ်တော်မြတ်ကိုမူ ဆူးစူးခြင်းကိုပင် မနှစ်မြို့ပါဟု ပြန်လည်ဖြေကြားတော်မူလိုက်လေသည်။

✓ အထက်ပါအဖြေကို ကြားနာကြရသော် 'ကာဖစ်ရ်' အပေါင်းတို့သည် အံ့မဆုံး ဖြစ်နေကြ၏။ 'အဗူစွဖ်ယာန်' က 'မုဟမ္မဒ်' ၏ အကြည်တော်တို့သည် 'မုဟမ္မဒ်' အား ချစ်ခင်ကြင်နာလေးစားသည်ကို စံတင်စရာပင်ဖြစ်ကြောင်း ပြောကြားလေသည်၊ ထိုနောက် 'ဟဇရသ်ဇိုင်ဒ်' သခင်အား 'ယှဟီးဒ်'ပြုလိုက်ကြလေသည်။

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُوْنَ

**အသံထွက်။** ။အင်နာလစ်လ္လာဟိဝအင်နာအိလိုက်ဟိရာဂျိအူးန်။

'ဟဇရသ်ခိုဗိုင်ဗ်'သခင်သည် အတန်ကြာ အချုပ်ဖြင့်နေရလေသည် 'ဟုဂျိုင်ရ်'၏ ကျွန်မ (နောင်သောအခါ 'အစ္စလာမ်' သာသနာဝင် ဖြစ်လာ၏။) ကပြောပြသည်မှာ 'ခိုဗိုင်ဗ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် ကျမတို့၏ အကျဉ်းခန်း၌ရှိနေစဉ် လူဦးခေါင်းခန့်ရှိသည့် သပျစ်သီးအခိုင်တခုကို လက်၌ကိုင်၍ စားနေသည်ကို မြင်တွေ့ရပါသည်။ ထိုအချိန်၌ကား သပျစ်သီးပေါ်ချိန်မဟုတ်သဖြင့် သပျစ်သီးဟူ၍ အစအနပင် 'မက္ကာဟ်'မြို့၌ မရှိကြောင်း ပြောပြလေသည်။

သူမကပင်ပြောပြသည်မှာ 'ခိုမိုင်ဗ်'(ရသွေ့ ယလ္လာဟုသအာလာအန်ဟူ)သခင်ကို 'ယှဟီဒ်' ပြုရန်အချိန်နီးကပ်လာသောအခါ၊ မိမိကိုယ်အင်္ဂါမှ အချို့မွေးညှင်းများ သန့်စင်ရန်၊သင်ဓုန်းဓါး တောင်းပါသည်။ သင်ဓုန်းဓါးလက်၌ရှိစဉ် ရုတ်တရက် ကလေးငယ်သည် သခင်ကြီးထံသို့ ရောက်ရှိသွားလေသည်။ ၎င်းတို့သည် သခင်ကြီးလက်တော်၌ သင်ဓုန်းဓါးနှင့် ကလေးငယ်မှာလည်း ရင်ခွင်၌ရှိသည်ကိုမြင်ရ၍ စိုးရိမ်တကြီးဖြစ်ကာ အော်ကြီးဟစ်ကျယ် လုပ်နေမိပါသည်။ သခင်ကြီးက သင်တို့သည် ငါကလေးငယ်ကို လည်လှီးသတ်မည် ထင်မှတ်၍ စိုးရိမ် နေကြပါသလော။ 'မွတ်စလင်မ်' တဦးအနေနှင့် ဤမျှမရိုင်းကြောင်း ပြောပြလေသည်။

ထိုနောက် 'ဟရမ်'နယ်မြေဒေသမှ အပြင်သို့ဆောင်သွား၏။ ကားစင်မတင်မီနောက်ဆုံးရှိ ဆန္ဒကို လျှောက်တင်စေ၏။ သခင်ကြီးက ကျွန်ုပ် ဤသို့လောကကြီးကို ကျောခိုင်းသွားနေစဉ် နောက်ဆုံးဆန္ဒမှာ နမာဇ်နှစ် 'ရကအသ်' ဖတ်ချင်ပါသည်။ ထိုနောက် 'အလ္လာဟ်' အသျှင်မြတ် အား ဖူးမျှော်ရန် အချိန်နီးကပ်လာချေပြီဟု ပြောရှာရာ၊ အခွင့်ရသောအခါ၌ စိတ်ချလက်ချနှင့် နမာဇ်နှစ် 'ရကအသ်'ကို ဖတ်တော်မူ၍ သခင်ကြီးက အကယ်၍ သင်တို့သည် ကျွန်ုပ်အား သေရမည်ကိုကြောက်၍ အချိန်ဆွဲနေသည်ဟု အထင်သေး ခံရမည်ကို မစိုးရိမ်ရလျှင် ကျွန်ုပ်သည် နောက်ထပ် နမာဇ်နှစ် 'ရကအသ်' ဖတ်တော်မူအံ့ဟု ပြောကြားတော်မူလေသည်။

ထိုနောက်ကားစင်တင်ကြလေသည်။ သခင်ကြီးက အောက်ပါအတိုင်း 'ဒုအာ'တောင်းခံခဲ့၏။

အို....'အလ္လာဟ်'အသျှင်မြတ်၊ ကျွန်တော်မျိုး၏နောက်ဆုံး 'စလာမ်' ကို အသျှင့် တမန်တော်ထံသို့ ပို့ပေးမည့်သူ အသျှင်မြတ်မှတပါး အခြားတဦးတယောက်မျှမရှိပါ။ သို့ဖြင့် 'အလ္လာဟ်'အသျှင်မြတ်သည် ချက်ခြင်း 'ခိုဗိုင်ဗ်' (ရသွေ့ ယလ္လာဟုသအာလာအန်ဟူ) သခင်၏ 'စလာမ်'ပို့သခြင်းကို 'ဝဟီ' ဖြင့် ကိုယ်တော်မြတ်အား သိစေတော်မူ၏။ နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)က–

يَا خُبَيْبُ وَعَلَيْكُمُ السَّلَامُ

**အသံထွက်။** ။ယာခိုဗိုက်ဗ်ဝအလိုင်ကုမွတ်စ္စလာမ်။

အို.... 'ခိုဗိုက်ဗ်' သင့်အပေါ်သို့ ချမ်းမြေ့သာယာမှု သက်ရောက်ပါစေသော်(ဝ်)ဟု မြွေကြားတော်မူ၍ အခြားအကြည်တော်၊အပေါင်းတို့အားလည်း 'ခိုဗိုင်ဗ်' အား 'ကိုရိုက်ရှ်' တို့က 'ယှဟီးဒ်' ပြုလိုက်ကြကြောင်း သတင်းပြုကြေငြာတော်မူလိုက်လေ၏။

✓ 'ခိုဗိုက်ဗ' သခင်အား ကားစင်တင်၍ 'ကာဖစ်ရ်' အပေါင်းပါ (၄၀) တို့က လေးဖက်လေးရံမှ ဝိုင်းရံသတ်ဖြတ် ထိုးကြိတ်ကြလေသည်။ ၎င်းအချိန်၌ 'ကာဖစ်ရ်'တယောက်က 'ခိုဗိုင်ဗ' 'အသျှင့်ကစမ်' သင်သည် ယခုချမ်းသာခွင့်ရ၍ သင့်နေရာတွင် 'မုဟမ္မဒ်' (ဝစလ္လမ်) ရှိလျှင် ကောင်းလေစွဟု ယူဆပေမည်ဟု ပြောလှာသောအခါ၊ သခင်ကြီးက- အို.... သူယုတ်မာတို့၊ ငါသည်ကား မိမိအသက်ဇီဝိန် ချမ်းသာရေးအတွက် နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)အား ဆူးတချောင်းမျှ စူးဝင်မည်ကိုပင် သည်းမခံနိုင်ဟု 'ကစမ်' ကျိန်ကာ ဖြေကြားတော်မူလိုက်လေသည်။

(ကြည့်-ဖယ်ဟွလ်အစ္စလာမ်)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

သာမန်မျက်စိဖြင့်ကြည့်လျှင်၊ကျွန်ုပ်တို့အဖို့ ထိုသို့သော အကြောင်းအရာအတ္တုပ္ပတ္တိများသည် နောင်တတရားရစေရန် ဖြစ်ပါသော်လည်း၊ ဤအကြောင်းအရာကို ထောက်ချင့်ခြင်းအားဖြင့် အကြောင်းနှစ်ရပ်မှာ အထူးပင် နောင်တတရားရစေ၏။ အထူးပင်လေးစားသင့်ပေသည်။

✓ပထမအချက်မှာ၊ ထိုပုဂ္ဂိုလ်တို့သည် မိမိတို့၏ အသက်ဇီဝိန်ကိုပင် ပဓါနမထား အလေးမမူကြချေ။ နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) အား သာမန်အားဖြင့် ဆူးစူးခြင်းမျှကိုပင် သည်းမခံနိုင်ကြပေ။ ဤသည်ကား နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) အား အဘယ်မျှ ချစ်ခင်လေးစား မြတ်နိုးကြောင်း သာဓကတရပ်ပင်ဖြစ်ချေသည်။ ဤနေရာ၌လေးလေးနက်နက် ချင့်တွေးခြင်းအားဖြင့်သိရှိရသည်မှာ၊ အကယ်စင်စစ်ဆူးစူးစေခြင်းကားမဟုတ်၊ 'ခိုဗိုက်ဗ' သခင် (ရဒွေ့ယလ္လာဟုသအာလာအန်ဟူ) ၏ နှုတ်လျှာမှဝန်ခံစေခြင်းမျှသာဖြစ်သည်။ ထိုသည်ကိုလည်း လက်မခံခဲ့ပေ။ အမှန်တကယ်ဒုက္ခပေး ဘေးသင့်စေရန်ကို 'ကာဖစ်ရ်'တို့သည် အခါခပ်သိမ်း ကြိုးပမ်းအားထုတ်နေကြပါသော်လည်း အောင်မြင်မှုဟူသည်ကား အဘယ်မှာနည်း။

✓ဒုတိယအချက်မှာ၊ နမာဇ်ကို တန်ဖိုးထား အလေးပေးခြင်း ဖြစ်သည်။ ဤသို့သောအချိန်အခါ သမယမျိုး၌ လူတို့သည် သားသမီး၊ မယား သံယောဇဉ်နှောင်ကြိုးကိုသာ သတိရလေ့ရှိကြသည်။ ၎င်းတို့၏မျက်နှာကလေးကို နောက်ဆုံးအနေနှင့် ကြည့်ချင်ကြသည်။ အကြောင်းသတင်း ပြောကြားကြသည်။ သို့သော်ထိုပုဂ္ဂိုလ်တို့သည် အကြောင်းသတင်းကိုလည်း တမန်တော်ကိုအကြောင်းသတင်းပါးလိုက်သည်။ နောက်ဆုံးဆန္ဒအလိုကို နမာဇ်နှစ် 'ရကအသ်' ဖတ်ခြင်းကိုသာအာသာဆန္ဒပြုခဲ့လေသတည်း။

## (၁၀) ဂျန္နသ်သုခဘုံနန်း၌ နဗီတမန်တော်မြတ်နှင့် အတူနေလိုလျှင် နမာဇ်ဖတ်ခြင်းဖြင့် အထောက်အကူပြုပါလော့။

'ဟဇရယ်ရဗီအဟ်' (ရသေ့ယလ္လာဟုသအာလာအန်ဟူ) သခင့်အဆို– ကျွန်ုပ်သည် နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)ထံ ညအိပ်ညနေ နေလေ့ ရှိပါသည်။ 'သဟဂ္ဂျဒ်' အချိန်၌ 'ဝုဇူ' ရေနှင့် အခြားတံပူ၊ နမာဇ်အတွက် အခင်းအကျင်း စသည်များကို အသင့်ပြုပြင်ပေးလေ့ရှိပါသည်။

အခါတပါး၌ နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) သည် ကျွန်ုပ်၏ အပြုအမူကို နှစ်မျို့တော်မူသဖြင့်၊ အကြည်တော်ဆန္ဒရှိရာကို ပြောလော့ဟု မိန့်ကြားတော်မူသောအခါ အသျှင့်တမန်တော်.... ကျွန်တော်မျိုးသည် 'ဂျန္နသ်'သုခဘုံနန်း၌ ကိုယ်တော်မြတ်နှင့် အတူနေရန် ဆန္ဒရှိကြောင်း လျှောက်ထားရာ၊ ကိုယ်တော်မြတ်က နောက်ကော၊ ဒါပဲလားဟု မေးမြန်းပြန်ရာ၊ ကျွန်ုပ်ကဒါပါပဲဟု ပြန်လျှောက်ထား လိုက်လေသည်။ ထိုအခါ ကိုယ်တော်မြတ်က ကောင်းလေစွ။ အကြည်တော်သည် ငါကိုယ်တော်မြတ်၏ 'ဒုအာ'ကို 'စဂျိဒဟ်'များဖြင့် (ဝါ) နမာဇ်များများဖတ်ဖြင်းဖြင့် အထောက်အကူပြုလော့ဟု မိန့်ကြားတော်မူပါသည်။

(ကြည့်–အဗူဒါဝူးဒ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

✓ ဤနေရာ၌ လက်တွေ့ အလုပ်လုပ်ရမည်ဟု ဆိုခြင်းဖြစ်သည်။ 'ဒုအာ'ကို ချည်း ယုံကြည်ကိုးစားပြီး အလုပ်မလုပ်ပဲထိုင်နေရန် မဖြစ်ပါ။ ကိုယ်ကျင့်တရားများအနက် အရေးအကြီးဆုံး ကိုယ်ကျင့်တရားမှာနမာဇ်ဖြစ်သည်နမာဇ်များများ ဖတ်လေလေ'စဂျိဒဟ်' ဦးချမှုများလေလေဖြစ်မည်။ အကြင်သူသည် 'ပီးရ်' ဆရာ၊ အဘယ်သူတော်စင် ဆရာကြီး၏ 'ဒုအာ'ဖြင့် ဖြစ်ရမည်။ အောင်ရမည်ဟူ၍ ယုံစားပြီး မိမိကိုယ်တိုင်က ကြိုးစားမှုမရှိလျှင် ဘာမျှဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။ 'အလ္လာဟ်' အသျှင်မြတ်သည်၊ ဤလောကကြီးကို အကြောင်းအကျိုး စသည်များဖြင့် ဖန်ဆင်းတော်မူလေသည်။

✓အကယ်စင်စစ် 'အလ္လာဟ်'အသျှင်မြတ်သည် အကြောင်းမဲ့လည်း အကျိုးဖြစ်စေနိုင်တော်မူသည်။ မိမိတန်ခိုးတော်ကို ပေါ်လွင်စေရန်အလို့ငှါ တခါတရံ အကြောင်းမဲ့ အကျိုးကိုလည်း ဖြစ်စေခဲ့သည်။ သို့သော်၊လောကပါလသဘော တရားအရ အကြောင်းတရားကိုလည်း ရှာကြံကြရပေဦးမည်။ ဝမ်းနည်းစရာ

အကြောင်းတရပ်မှာမူ ကျွန်ုပ်တို့သည် လောကီရေး၊ စီးပွားရေး၊ ကြီးပွားရေး စသည်များ၌သာ 'ဒုအာ' နှင့်ဖူးစာ 'သပ်က္ကဒိးရ်'ကိုချည်း ယုံကြည်ကိုးစား၍ မလုပ် မယှက်ပဲမနေကြပေ။ အဖက်ဖက်မှ လက်လှမ်းမှီသရွေ့ ကြိုးပမ်းလေ့ရှိကြသည်။ သို့သော် သာသနာရေးလုပ်ငန်းများ၌'ဒုအာ' နှင့် 'သပ်က္ကဒိးရ်'ကို အစားထိုးလာကြသည်။ သူတော်စင်တို့၏ 'ဒုအာ'သည် အလွန်အရေးပါ အရာရောက်သည်ကို မည်သူမျှ မငြင်းနိုင်ပေ။ သို့သော် နဗီတမန်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)က သင်တို့၏ 'စဂ္ဂါဒဟ်' များဖြင့် ငါ၏ 'ဒုအာ'ကို အထောက်အကူပြုလော့ဟု မိန့်ကြားတော် မူခဲ့သည်မဟုတ်ပါလော။

# အခန်း (၆)

## ၁။ မိမိအနာခံ၍ တပါးသူအားအကျိုးပြုခြင်း၊ စာနာခြင်းတရားထားခြင်း၊ အလ္လာဟ်အသျှင့်လမ်းတော်၌ လှူဒါန်းခြင်းအကြောင်း။

'ဆဟာဗီ'ကြီးများ လုပ်ဆောင်ချက်၊ စာရိတ္တတော်များ သိက္ခာတော်များနှင့် ထပ်တူထပ်မျှလိုက်နာရန်ကို မဆိုထားဘိ၊ အနည်းအကျဉ်း တစိတ်တဒေသကိုပင် ရယူနိုင်ခဲ့သော်ထိုသူသည် အလွန့်အလွန်ထူးဆန်းသည့် သိက္ခာပိုင်ရှင်ဖြစ်ပေသည်။ အချို့အချို့သောအကျင့်သိက္ခာတို့မှာ ထူးဆန်းလှပေသည်။ ဥပမာ–အီဆာရ်ဆိုသည့်ကိုယ်ကျိုးရှောင်၍အများအကျိုးဆောင်ရခြင်းဟုရသည်။ဤကျမ်းမြတ်'ကုရ်အာန်'၌ သို့လာရှိသည်။

يُؤْثِرُوْنَ عَلٰٓى اَنْفُسِهِمْ وَلَوْ كَانَ
بِهِمْ خَصَاصَةٌ

အသံထွက်။ ။ယုအ်ဆေရူးနအလာအန်ဖုစေဟင်(မ) ဝလောင်ကာနဗိဟင်မ်ဆာဆဟ်။

'အာယဿ'တော်၌ အထူးအမွန်းတင် ဂုဏ်ပြုထားလေသည်။ အဓိပ္ပါယ်မှာ၊ ထိုပုဂ္ဂိုလ်တို့သည်မိမိတို့ကိုယ်တိုင် အငတ်ခံ၍ အခြားသူတို့အား ကျွေးမွေးကြလေသည်။ (၀၁) ကိုယ်ကျိုးရှောင်၍ အများအကျိုးဆောင်ကြသည်။

### ၁။ သာဝကတပါးသည် ဧည့်အားစားစေသဖြင့် မီးမှောင်ချထားခြင်း။

'ဆဟာဗီ' တပါးသည် နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) အပါးတော်သို့ ဝင်ရောက်ခါ၊ ကျွန်တော်မျိုးသည် အလွန်ဆာလောင် ငတ်မွတ် နေရပါကြောင်း လျှောက်ထားလေသည်။

ကိုယ်တော်မြတ်သည် မိမိအိမ်တော်သို့ စေလွှတ်၍ အစားအစာ ယူစေ၏။ သို့သော် ဘာမျှမရရှိခဲ့ချေ။ ထိုအခါ ကိုယ်တော်မြတ်က 'ဆဟာဗီ'ကြီးတို့အား၊ အို-အချင်းတို့ သင်တို့အနက် အဘယ်သူသည် ဤပုဂ္ဂိုလ်အား တညတာ ဧည့်ခံကျွေးမွေးမည်နည်းဟု မေးမြန်းတော်မူရာ၊ 'အန်ဆာရီဆဟာဗီ' တပါးက မိမိ ဧည့်ခံကျွေးပါမည့် အကြောင်း လျှောက်ထားလေသည်။

၎င်း 'ဆဟာဗီ' သည် ဧည့်သည်အား အိမ်သို့ခေါ်ဆောင်သွား၍ ဇနီးသည်အား ဤပုဂ္ဂိုလ်သည် တမန်တော်မြတ်၏ ဧည့်သည်ဖြစ်ကြောင်း၊ အတတ်နိုင်ဆုံး ပြုစုရမည်ဖြစ်ကြောင်း၊ အစားအစာများကို မထိန်မချန်ပဲ ကျွေးမွေးရမည်ဖြစ်ကြောင်း ပြောကြားလေသော်၊ ဇနီးဖြစ်သူက အသျှင့် "ကစမ်" အစားအစာ အနည်းငယ်မျှသာရှိကြောင်း၊ ကလေးများအတွက်သာရှိကြောင်း၊ အခြား ဘာမျှမရှိကြောင်း ပြောကြားသောအခါ၊ ခင်ပွန်းသည်က၊ ကလေးများကို ချော့မော့၍သိပ်လိုက်ပါ။ ကလေးများအိပ်သွားမှ ထမင်းဟင်း ခူးခပ်၍ ဧည့်သည်နှင့်အတူ ထိုင်ကြစို့။

ထိုနောက် ရှင်မကမူ မီးခွက်ပြင်ဟန်ဆောင်၍ မီးမှုတ်ပြီး နေရာမှ ထသွားလော့ဟု ဆိုလိုက်၏။ ဇနီးသည်လည်း ထိုအတိုင်းပင်လုပ်ဆောင်လေသည်။ မိမိကိုယ်တိုင်က ဧည့်သည်နှင့် အမှောင်၌ စားဟန်ဆောင်၍ ဧည့်သည်အား ကျွေးလေ၏။

يُؤْثِرُونَ عَلَىٰ أَنفُسِهِمْ

**အဓိပ္ပါယ်။** ။မိမိနှင့်တကွ၊ ဇနီး ကလေးအားလုံးမှာ အငတ်ခံ၍ တညတာ အချိန်ကုန်ဆုံးစေခဲ့၏။ ထိုကြောင့် ထိုသူတို့သည် မိမိကိုယ်တိုင် အငတ်ခံ၍ တပါးသူအား၊ **အားရတင်းတိမ်အောင်** ကျွေးမွေးခဲ့ကြလေသတည်း။

သိမှတ်ဖွယ်ရာအမြာမြာ။

ဤအကြောင်းနှင့် အလားတူ အဖြစ်အပျက် အမြောက်အမြား ရှိခဲ့ပေသည်။ အခြားဖြစ်အင်တရပ်ကိုလည်း တင်ပြရေးသားပါအံ့။

## (၂) ရိဇဟ်ဆောက်တည်သူအတွက် မိမိမှာ အမှောင်၌ စားဟန်ပြု၍ အငတ်ခံကာ ရိဇဟ်သည်အား ဧည့်ခံကျွေးမွေးခြင်းအကြောင်း။

'ဆဟာဗီ' တပါးသည် နေ့စဉ်ရက်ဆက် " ရိဇဟ် " ဆောက်တည်လေ့ ရှိသည်။ ၀ါဖြေရန် အစားအစာဟူ၍ ဘာမျှမရှိဖြစ်နေသည်ကို "ဟဇရသ်'ဆာဗိသ်အန်ဆာရီ" (ရသေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် ရိပ်စားမိလေသဖြင့်၊ ဇနီးသည်အား ရှင်မရေ ကိုယ်ညကျရင် ဧည့်သည်တယောက်ကို ခေါ်ဆောင်လာမည်။ စားချိန်တန်လျှင် ရှင်မသည် မီးခွက်မီးစာပြင်ဟန်ဆောင်၍ မီးခွက်ကို မှုတ်ပစ်လိုက်ပေတော့။ ဧည့်သည်ဝမ်းမဝသမျှ ကာလပတ်လုံး မစားကြနှင့်။ ထိုသို့ပင်ပြုကြလေ။ စားပွဲ၌ အတူဝင်စားဟန်ဆောင်ကြ၏။

နံနက်မိုးသောက် အရဏ်ရောက်သော်၊ 'ဟဇရသ်ဆာဗိသ်' သခင်သည် နဗီတမန်တော်မြတ်အပါးတော်သို့ ဝင်ရောက်ကာ ခစားသောအခါ၊ ကိုယ်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) က 'ဆာဗိသ်'၊ (ရသေ့ယလ္လာဟုသအာလာအန်ဟူ) သင်တို့ ညက ဧည့်သည်အား ဧည့်ဝတ်ကျေပြွန်ခြင်းကို 'အလ္လာဟ်'အသျှင်မြတ်သည် အလွန်နှစ်မျို့တော်မူလေပြီ။

(ကြည့်–ဒွရ်ရေမန်ဆူးရ်ကျမ်း)

## (၃)။ ဆဟာဗီတပါးသည် ကုလားအုတ် ဇကာသ်ပေးခြင်း အကြောင်း။

"ဟဇရသ်'အုဗိုင်ယိဗ်နု'ကအဗ်"(ရသေ့ )သခင်အဆို–တရံရောအခါ နဗီတမန်တော်မြတ်(ဝစလ္လမ်)သည် ကျွန်တော်မျိုးအား 'ဇကာသ်'ကောက်ခံရန် စေလွှတ်တော်မူခဲ့၏။ ကျွန်ုပ်သည် သူတဦးထံသွားရောက်၍ ပစ္စည်းစာရင်းအင်း စစ်ဆေး၍ တနှစ်သား ကုလားအုတ်ကလေးတကောင် '၀ါဂျိဗ်'ဖြစ်လာ၏။ ကျွန်ုပ်သည် ၎င်းကုလားအုတ်ကို ထိုသူ့ထံမှ တောင်းခံသော်၊ ထိုသူက တနှစ်သားကုလားအုတ်မှာ မည်သို့မျှ အသုံးမဝင်ကြောင်း (၀ါ) လတ်တလောအားဖြင့် နို့လည်းမရနိုင်ကြောင်း၊ အစီးအနင်းအဖြစ်လည်း သုံးမရကြောင်း၊ သို့ဖြစ်၍ အလွန်မသင့်လှပေ။ ဤရှေ့ရှိကုလားအုတ်မကို ယူလော့ဟု ပြောလှာ၏။ ကျွန်ုပ်က မိမိမှာအပိုယူပိုင်ခွင့်မရှိသဖြင့် မယူနိုင်ကြောင်း ငြင်းဆန်လိုက်၏။

အမှန်တကယ် အဆောင်တော်သည် ဤနည်းအတိုင်းပေးချင်ပါလျှင်၊ နဗီတမန်တော်သည် ခရီးထွက်ကြွမြန်းတော်မူနေပါသည်၊ ယနေ့အကြင်နေရာ၌ စခန်းချတည်းခိုတော်မူပါလိမ့်မည်။ ၎င်းနေရာသည် အဆောင်တော်နှင့်လည်း နီးလှပါသည်။ (ကျေးဇူးပြု၍) ကိုယ်တော်မြတ်အပါး တော်သို့ ဝင်ရောက်၍ အကြောင်းစုံကို လျှောက်ထားပါလော့။ အကယ်၍ ကိုယ်တော်မြတ်က လက်ခံလိုက်ပါလျှင် မိမိအနေနှင့် ငြင်းစရာအကြောင်းမရှိပါ။

ဤသို့မှ မဖြစ်လျှင် မိမိအနေနှင့် မတတ်နိုင်ပါဟု ဖြေကြားလိုက်လေသည်။ ထိုပုဂ္ဂိုလ်သည် ၎င်းကုလားအုတ်မကို ဆွဲငင်လျက် ကျွန်ုပ်နှင့်တပါတည်း နဗီတမန်တော်မြတ်ထံတော်အပါးသို့ ဝင်ရောက်ခါ၊ အို-အသျှင့်တမန်တော် တမန်တော်၏ ကိုယ်စားလှယ်တော်တဦးသည် 'ဇကာသ်' ပစ္စည်းကောက်ခံရန် ရောက်ရှိလှာပါသည်။ အသျှင့်'ကစမ်'ယနေ့ထိ ကျွန်တော်မျိုး၏ ဥစ္စာ ပစ္စည်းကို တမန်တော်မြတ်သည်လည်းကောင်း၊ အသျှင့်တမန်တော်၏ ကိုယ်စားလှယ်တော်သည် လည်းကောင်း၊ တခါဘူးမျှ အသုံးပြုခြင်းမရှိခဲ့ပါ။

သို့ဖြစ်၍ ကျွန်တော်မျိုးသည် မိမိရှိသမျှ ဥစ္စာပစ္စည်းကို ရှေ့တော်မှောက်သို့ တင်ဆက် လိုက်ပါသည်။ ကိုယ်စားလှယ်တော်က ကုလားအုတ်မတနှစ်သမီးသာ 'ဇကာသ်ဝါဂျိဗ်'တာဝန် ရှိကြောင်း ပြောကြားပါသည်။ အို-ကိုယ်တော်မြတ်၊ တနှစ်သမီးကုလားအုတ်မကလေးသည် နို့စားအဖြစ်လည်း အကျိုးမဝင်နိုင်သေးပါ။ အစီးအနင်းအဖြစ်လည်း အကျိုးမဖြစ်နိုင်သေး ပါ။ ထို့ကြောင့် ကျွန်တော်မျိုးသည် အရွယ်သင့်ကုလားအုတ်မတမ်းမတကောင်ကို ဆက်သပါ သည်။ ၎င်းကို ကိုယ်စားလှယ်တော်က ငြင်းဆန်နေပါသည်။

ထို့ကြောင့် ကျွန်တော်မျိုးကိုယ်တိုင် ဆောင်ကြဉ်း၍ လာရောက်ရခြင်းဖြစ်ပါသည်။ ကိုယ်တော်မြတ်က သင့်အပေါ်၌ 'ဝါဂျိဗ်'တာဝန်မှာမူ ကိုယ်စားလှယ်တော်ဖော်ပြသည့် အကောင်သာဖြစ်သည်။ သို့သော် သင်သည် မိမိဘက်မှ စေတနာထက်သန်စွာဖြင့် သာ၍ကောင်း သော ဝတ္ထုပစ္စည်းကို ပေးကမ်းလှူဒါန်းသည်ရှိသော်၊ လက်ခံသည်။ 'အလ္လာဟ်'အသျှင်မြတ်သည် သင်၏စေတနာအကျိုးကို အထူးခြီးမြှင့်ပါစေသတည်းဟု မိန့်ကြားတော်မူလိုက်၏။ ထိုပုဂ္ဂိုလ်က အပ်နှင်းလိုက်သဖြင့်၊ ကိုယ်တော်မြတ်သည် လက်ခံယူဆောင်၍ 'ဗရကာသ်' ဖြစ်စိမ့်သောငှါ 'ဒုအာ'တောင်းခံတော်မူလိုက်လေသည်။

## သိမှတ်ဖွယ်ရာအဖြာဖြာ။

ဤသည် 'ဇကာသ်' ပစ္စည်း၏ မြင်ကွင်းကရပ်ဖြစ်သည်။ ယနေ့လည်း မိမိကိုယ်ကို 'မွတ်စလင်မ်'ဟု ဝင့်ကြွားဝါနေသူ အမြောက်အမြားရှိကြသည်။ နဗီတမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)ကို ချစ်ပါသည်။ ခင်မင်

မြတ်နိုးပါသည်ဟု ပါးစပ်မှ တဖွဖွပြောကြားနေကြသည်။ သို့သော် ထိုသူတို့သည် 'ဇကာသ်'ပေးကမ်းလှူဒါန်းရာ၌ အပိုပေးခြင်းကိုတော့ ဝေးလေစွ။ အတိအကျ ပေးကမ်းခြင်းဖြင့်ပင် သေခြင်းတမျှဖြစ်နေကြသည်။ အကြင် အထက်တန်းစား ကြွယ်ဝချမ်းသာသူဟု ခေါ်ဆိုခြင်းကို ခံယူနေသူတို့ထံ၌ အများအားဖြင့် ပြောနေစရာမလိုတော့ပေ။ အလယ်အလတ်တန်းစားသူတို့သည် မိမိကိုယ်ကိုလည်း သာသနာရေး၌ လေးလေးစားစားရှိသူဟု ထင်မှတ်နေကြသည်။ ထိုသူတို့သည်ပင် မိမိဆွေမျိုးသားချင်းများအပေါ် သုံးစွဲခဲ့သည်။ သို့မဟုတ် အခြားတနေရာ၌ မလွှဲသာ မရှောင်သာ၍ သုံးလိုက်လျှင်မူကား 'ဇကာသ်'စာရင်းသို့ သွတ်သွင်းလေ့ ရှိကြသည်။

## ✓(၄) အဂ္ဂမဟာ ဆဟာဗီကြီးနှစ်ပါးသည် အလှူဒါန၌ ယှဉ်ပြိုင်ခြင်းအကြောင်း။

'ဟဇရသ်အုမရ်'သခင် အမိန့်ရှိသည်မှာ အခါတပါး၌ နဗီတမန်တော်မြတ် (ဆလ္လလ္လာဟု အလိုက်ဟိဝစလ္လမ်)သည် အလှူဒါနပြုကြရန် အမိန့်ရှိလာသည်။ အကြောင်းအားလျော်စွာ ထိုအချိန်အခါသမယ၌ ကျွန်ုပ်ထံတွင် အသင့်အတင့် ဥစ္စာပစ္စည်းရှိခဲ့လေသည်။ ကျွန်ုပ်သည် မိမိစိတ်၌ ယနေ့ အကြောင်းအားလျော်စွာ ငါ့ထံ၌ ဥစ္စာပစ္စည်းရှိခဲ့လေပြီ။ အကယ်၍ ငါသည် 'အဗူဗကရ်'သခင်ကို အလှူဒါန၌ အနိုင်ယူလိုလျှင် ယနေ့ အနိုင်ရရှိပေအံ့ဟု တွေးထင်လျက် ဝမ်းသာအားရဖြစ်ကာ အိမ်သို့ပြန်လာ၍ အိမ်၌ရှိပစ္စည်းများမှ တဝက်ကို ကိုယ်တော်မြတ်ထံ ယူခဲ့၏။ ကိုယ်တော်မြတ်က အိမ်သူအိမ်သားတို့အတွက် ဘာကို ချန်ထားခဲ့သနည်းဟု မေးမြန်းတော်မူရာ၊ ကျွန်ုပ်က ချန်ထားခဲ့ပါသည်ဟု ပြန်လျှောက်တင်၏။ ကိုယ်တော်မြတ်က နောက်ဆုံး ဘာချန်ခဲ့သနည်းဟု မေးမြန်းတော်မူရာ၊ ကျွန်ုပ်က ပစ္စည်းတဝက်ကို ချန်ထားခဲ့ကြောင်း လျှောက်တင်လိုက်ပါသည်။

'အဗူဗကရ်'သခင်သည် ရှိရှိသမျှပစ္စည်းဥစ္စာအားလုံးကို ယူဆောင်လာခဲ့လေသည်။ ကိုယ်တော်မြတ်က 'အဗူဗကရ်' အိမ်သူအိမ်သားများအဖို့ ဘာချန်ထားခဲ့သေးသနည်းဟု မေးမြန်းတော်မူရာ 'အဗူဗကရ်' သခင်က သူတို့အဖို့ အသျှင်နှင့် အသျှင့် 'ရစူလ်'ကို ချန်ထားခဲ့ပါသည်။ (ဝါ) 'အလ္လာဟ်'နှင့် 'အလ္လာဟ့် ရစူလ်' တမန်တော်တို့၏ အမည်နာမတော်ကို 'ဗရကသ်'မင်္ဂလာတော် သက်ရောက်စေရန်နှင့် 'အလ္လာဟ်' နှင့် 'အလ္လာဟ့် ရစူလ်' တမန်တော်တို့၏ နှစ်မျို့မှုကိုသာ ထားခဲ့ပါသည်ဟု ဖြေကြားလိုက်လေသည်။ 'ဟဇရသ်အုမရ်'(ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်က ကျွန်တော်မျိုးသည် ဘယ်သောအခါမှ 'ဟဇရသ်အဗူဗကရ်' သခင်ကိုအလှူဒါန၌ အနိုင် မယူနိုင်ကြောင်း ဆုံးဖြတ်ချက် ချလိုက်ပါသည်ဟု ပြောကြားလိုက်လေသည်။

သိမှတ်ဖွယ်ရာအဖြာဖြာ။

ကောင်းရာကောင်းကျိုးနှင့် အလှူဒါနပြုရာ၌ တဦးထက်တဦးသာအောင် ကြိုးပမ်းခြင်းသည် မှန်မြတ်သင့်လှပေသည်။ ကျမ်းမြတ် 'ကုရ်အာန်' ၌လည်း စေ့ဆော်ချက်လာရှိပေသည်။

အထက်ပါအကြောင်းခြင်းရာသည်'သဗူးက်'တိုက်ပွဲမှဖြစ်သည်။ ထိုအချိန်၌ နဗီတမန်တော်မြတ်သည် အလှူထောက်ပံ့ရန် အထူးစေ့ဆော်တော်မူခဲ့လေသည်။ 'ဆဟာဗီ'ကြီးတို့သည် မိမိတို့တတ်နိုင်သည်ထက် ပို၍ကူညီယိုင်းပင်း ထောက်ပံ့ကြလေသည်။ ယင်းအကြောင်းကို အခဏ်း(၂)အကြောင်းအရာ အမှတ်စဉ်(၉)၌ အမြွက်တမျှ ရေးသားဖော်ပြခဲ့လေပြီ။

جزاهم الله عنا وعن سائر المسلمين
(احسن الجزاء)

## (၅) ဆဟာဗီကြီးတို့သည် သူတပါးအဖို့ ဦးစားပေး၍ မိမိမှာရေဆာခံ၍ ချုပ်ငြိမ်းသွားခြင်း အကြောင်း။

'အဗူဂျူဟာမ်အိဗ်နုဟုဇိုက်ဖဟ်' သခင့်အဆို။ ။'ယရ်မူးက်'တိုက်ပွဲ၌ ကျွန်ုပ်သည် မိမိ ညီဝမ်းကွဲကို ရှာတော်ပုံထွက်ခဲ့သည်။ ညီတော်မောင်သည် တိုက်ပွဲ၌ ပါဝင်ဆင်နွဲခဲ့သည်။ ရေအိတ်တအိတ်ကိုလည်း တပါတည်းယူဆောင်ခဲ့၍ သူရေဆာနေလျှင်တိုက်ကျွေးအံ့ဟု ရည်ရွယ်မိသည်။ အကြောင်းအားလျော်စွာ တနေရာ၌ သေအံ့ဆဲဆဲ ဖြစ်နေသည်ကို မြင်တွေ့ရပါသည်။ ကျွန်ုပ်က ရေသောက်မည်လားဟု မေးမြန်းရာ၊ ကိုယ်ဟန်အနေအထားဖြင့် သောက်ပါမည့်အကြောင်း ပြောပါသည်။ ထိုအချိန်၌အနီးအနားရှိ အခြားတဦးမှာလည်း သေအံ့ဆဲဆဲမှာ ('အလ္လာဟ်' ဟူ၍) ငြီးတွားချက် တချက်ပြုလိုက်ရာ၊ ကျွန်ုပ်၏ ညီဝမ်းကွဲက ကြားလိုက်သဖြင့် ထိုပုဂ္ဂိုလ်ဖက်သို့သွားရန် အရိပ်အကဲပြလိုက်ပါသည်။ ကျွန်ုပ်သည် ဒုတိယပုဂ္ဂိုလ်ထံ သွားရောက်သော်၊ထိုပုဂ္ဂိုလ်မှာ 'ဟိယှာမ်အိဗ်နုအဗိလ်အာဆ်'ဖြစ်နေပါသည်။ထိုပုဂ္ဂိုလ်ထံသို့ရောက်ရောက်ခြင်းမှာပင် အနီးအနားမှတတိယပုဂ္ဂိုလ်တဦးသည် ငြီးတွားလာလေသည်။ 'ဟိယှာမ်' က ကျွန်ုပ်အား တတိယပုဂ္ဂိုလ်ထံသွားရောက်ရန် အရိပ်အကဲပြပါသည်။ ကျွန်ုပ်သည် တတိယ ပုဂ္ဂိုလ်ထံသို့သွားနေစဉ်မှာပင် ဇီဝိန်ချုပ်ငြိမ်းသွားပါတော့သည်၊ ကျွန်ုပ်သည် ဒုတိယဖြစ်သူ 'ဟိယှာမ်'ထံ ရောက်ပြန်သော်၊ ထိုသူလည်းအသက်မရှိတော့ပေ။ ပထမဖြစ်သူ ညီတော်မောင်ထံ ရောက်သော်လည်း ထို့အတူပင် အသက်ကုန်ဆုံးနှင့်ချေပြီ။

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُوْنَ

**အသံထွက်။** ။အင်န္နာလစ်လ္လာဟိ ၀အင်န္နာအိလိုက်ဟိရာဂျိအူးန်။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤကဲ့သို့အကြောင်းအရာ အဖြစ်အပျက်များသည် 'ဟဒီးဆ်' ကျမ်းတော်များ၌ အမြောက်အမြားလာရှိပေသည်။ ဤသို့ကိုယ်ကျိုးရှောင်၍ တပါးအကျိုးဆောင်ခြင်းကို တွေးဆ၍ပင် မ၀န့်နိုင်ပေ။ ကိုယ့်ကိုယ်တိုင်ကလည်း ရေဆာနေပါလျက် သေအံ့ဆဲဆဲအချိန်မျိုး၌ ညီတော်နောင်တော်အဖို့ ဦးစားပေးခြင်းသည်လည်း အလွန်ခဲယဉ်းလှပေသည်။ တနည်းမှာ မိမိညီတော်မောင်သည် သေအံ့ဆဲဆဲတွင် မိမိညီကော်မောင်ကို ရေမတိုက်ပဲ သူစိမ်းကို သွားရောက် ရေတိုက်ခြင်းသည်လည်း သာမန်စိတ်ဓါတ်ကြံ့ခိုင်ရုံနှင့် မဖြစ်နိုင်သေးပေ။ 'အလ္လာဟ်' အသျှင်မြတ်သည် ထိုသို့သောပုဂ္ဂိုလ်တို့အား မိမိ၏ အထူးကရုဏာတော်ဖြင့် ရှုစားတော်မူပါစေသတည်း။

✓ထိုသူတော်စင် တို့သည်ကား မိမိ နောက်ဆုံးအချိန် မလှုပ်မရှက်နိုင်ချိန် သတိတရားပင် မဲ့နေပါသော်လည်း ဤမွန်မြတ်သူတို့သည် စာနာခြင်း တရားကို လက်မလွှတ်တမ်း ထမ်းဆောင်သွားကြပေသတည်း။

### ✓(၆) နဗီတမန်တော်မြတ်၏ ဘထွေးတော် ဟဇရသ်ဟမ္ဇဟ်သခင့် ကဖန် အကြောင်း။

နဗီတမန်တော်မြတ်၏ဘထွေးတော်'ဟဇရသ်ဟမ္ဇဟ်'(ရဿေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် 'အိုဟုဒ်'တိုက်ပွဲ၌ကျဆုံး 'ယှဟီးဒ်' ဖြစ်ရလေသည်။ 'ကာဖိရ်' မယုံကြည်သူတို့သည် ရက်စက်ကြမ်းကြုတ်စွာ နား၊ နှာခေါင်း၊ ကိုယ်ခန္ဓာ အစိတ်အပိုင်းများကို လှီးဖြတ်ရုံတွင်မက၊ ရင်ကိုခွဲ၍ နှလုံးကျောက်ကပ်တို့ကို ဆွဲထုတ်ယူငင် ကြလေသည်။ အဘယ်မျှ ရက်စက်ကြလေသနည်း။

တိုက်ပွဲပြီးဆုံးသွားသည့်နောက်'နဗီ'တမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိ၀စလ္လမ်)နှင့် 'ဆဟာဗီ'ကြီးတို့သည် 'ယှဟီးဒ်' အလောင်းများကိုရှာဖွေ၍မြှုပ်နှံရန် စီမံနေကြလေသည်။

နဗီ တမန်တော် မြတ်သည် မိမိဘထွေးတော် 'ဟဇရသ်ဟမ္ဇဟ်' (ရဿေ့ယလ္လာဟုသအာလာအန်ဟူ) သခင်၏ အဖြစ်အပျက်ကို မြင်တွေ့ရသောအခါ အတိုင်းမသိ ရင်နင့်ရှာလေ

သည်။ ခြုံထည်တခုဖြင့် အုပ်ထားလိုက်လေသည်။ ထိုအချိန်၌ သခင်ကြီး၏ နှမရင်းဖြစ်သူ ‘ဟဇရသ်ဆဖီယဟ်’ (ရဒွေ့ယလ္လာဟုသအာလာအန်ဟာ) သခင်မ ရောက်ရှိလာ၏။ မိမိနောင်တော်၏ အခြေအနေကို မြင်ချင်ရှာ၏။ နဗီတမန်တော်မြတ်က သူမသည် မိန်းမသားတယောက် ဖြစ်သည့်အားလျော်စွာ ဤအခြင်းအရာကို ရှုမြင်ပါက သည်းခံနိုင်ခြင်း ရှိမည်မဟုတ်ဟု တွေးထင်ကာ၊ သူမ၏သားဖြစ်သူ ‘ဟဇရသ်ဇူဗိုင်းရ်’ သခင်အားဖြင့် တဆင့်ရှုကြည့်ခွင့် မရှိကြောင်း သတိပေး တားမြစ်တော်မူလိုက်သည်။

‘ဆဟာဗီယဟ်’ သခင်မက၊ အို--သားတော်မောင်၊ နောင်တော်မှာ နား၊ နှာခေါင်း စသည့် အင်္ဂါအစိတ်အပိုင်းများကို ဖြတ်တောက်လိုက်ကြောင်း ကြားသိထားပါသည်။ ‘အလ္လာဟ်’ အသျှင့်လမ်းတော်၌၊ ဤသို့ဖြစ်ရခြင်းသည် မထူးဆန်းမအံ့ဩမိကြောင်း ငါသည် အသျှင့် အလိုတော်ကျ ဖြစ်ပါစေဟု ဆန္ဒပြုမိကြောင်း၊ ကုသိုလ်အကျိုးဖြစ်လိမ့်မည်ဟု မျှော်လင့်နေကြောင်း၊ ‘အင်န်ယှာအလ္လာဟ်’ ခန္တီ သီးခံတရား လက်ဝယ်ထားမည်ဟု သားတော်မောင်အား ပြောကြားတော်မူလိုက်၏။

သားတော်မောင် ‘ဟဇရသ်ဇူဗိုင်းရ်’ သခင်သည် မိခင်၏စကားကို အထက်ပါအတိုင်း ကြားနာ၍ ကိုယ်တော်မြတ်ထံ ဝင်ရောက်၍ လျှောက်ထားတော်မူလေရာ၊ နဗီတမန်တော် မြတ်က ဝင်ရောက် ကြည့်ရှုခွင့်ပြုတော်မူလိုက်လေ၏။ (ထိုအခါ) ‘ဆဖီယဟ်’ သခင်မသည် ဝင်ရောက်၍ အခြေအနေကို ရှုကြည့်ကာ

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُونَ

**အသံထွက်။** ။အင်န္နာလစ်လ္လာဟိ၊ ဝအင်န္နာအိအိုင်ဟိရာဂျိအူးန်။ ဖတ်လိုက်၏။ ‘ယှဟီးဒ်’ ဖြစ်သူ

နောင်တော်အတွက် ချမ်းသာခွင့်ရ၍ ကောင်းရာသို့ မြန်းနိုင်စေသတည်း။ဟု ‘ဒုအာ’ ကောင်းခံပေးလေသည်။

အဆိုတရပ် ဤသို့ရှိသည်။ ‘အိုဟုဒ်’ တိုက်ပွဲ၌ အလောင်းများကို (တနေရာတွင်)ထား ရှိလေသည်။ အမျိုးသမီးတယောက်သည် အပြေးအလွှားလာနေသည်ကို ကိုယ်တော်မြတ် တွေ့မြင်၍ကြည့်စမ်း (ထို) အမျိုးသမီးကို တားကြလော့ဟု မိန့်တော်မူလိုက်၏။ ‘ဟဇရသ်ဇူဗိုင်းရ်’ သခင်က ကျွန်ုပ်သည် မိခင်ဖြစ်ကြောင်းသိထား၏။ တားမြစ်ရန် ရှေ့သို့ တိုးသွားပါသည်။ သို့သော် မိခင်သည် ခွန်အားဗလနှင့် ပြည့်စုံသူပီပီ ကျွန်ုပ်အား တချက်ဆွဲထိုး၍ မင်းဖယ်စမ်းဟု ပြောပါသည်။

ကျွန်ုပ်က နဗီတမန်တော်မြတ်က တားမြစ်တော်မူသည်ဟု လျှောက်လျှင် ချက်ခြင်း မတ်တပ်ရပ် သွားပါသည်။ ထိုနောက် အဝတ်ပိုင်း နှစ်ပိုင်းကို ထုတ်၍ ငါသည် မိမိနောင်တော့် 'ကဖန်' အတွက် ယူလာခဲ့သည်။ နောင်တော်ကွယ်လွန်ကြောင်းကိုလည်း သိထားသည်။ ဤအဝတ်ပိုင်းများဖြင့် နောင်တော်ကို 'ကဖန်'ထုတ်ကြလော့ဟု မိန့်ဆိုခဲ့၏။

"ကျွန်ုပ်တို့သည် ထိုအပိုင်းများကိုယူ၍" 'ဟဇရတ်ဟမ္ဇဟ်' သခင့် အလောင်းရှိရာသို့ သွားကြသည်။ တပြေးတည်းမှာပင် အခြား 'အန်ဆာရီ' တပါးသည်လည်း။ 'ယှဟီးဒ်' ဖြစ်နေလေသည်။ ထို 'ဆဟာဗီ' ၏ နာမတော်မှာ 'စုဟိုင်းလ်' သခင်ဖြစ်ပါသည်။

ထို'ဆဟာဗီ'ကြီးကိုလည်း 'ကာဖိရ်'မယုံကြည်သူ အပေါင်းတို့သည် ဤပုဂ္ဂိုလ်ကိုလည်း 'ဟမ္ဇဟ်'သခင်ကဲ့သို့ပင် အင်္ဂါအစိတ်အပိုင်းများကို ဖြတ်တောက်ထားကြသည်။ 'ဟဇရတ်ဟမ္ဇဟ်'သခင်အားအဝတ်ပိုင်းနှစ်ပိုင်းဖြင့် 'ကဖန်'ထုတ်၍'အန်ဆာရီဆဟာဗီ'ကိုမူ'ကဖန်'မရှိဖြစ်နေမည်ကို တွေး၍ ရှက်ကြောက်ကြသည်။

ထိုကြောင့် ကျွန်ုပ်တို့သည် တဦးလျှင်တစစီအဖြစ်သတ်မှတ်ကြပါသည်။ သို့သော်လည်း တစမှာ အလျားအနံကြီး၍ အခြားတစမှာ အလျားအနံ တိုနေပြန်သည်ကို တွေ့ရပြန်သော်၊ နှစ်ဦးနာမည်ဖြင့်မဲနှိုက်ကြသည်။ကျရာအတိုင်း 'ကဖန်' ထုပ်မည်ဟုရည်ရွယ်ကြပါသည်။ မဲနှိုက်ရာတွင် ပိတ်စအကြီးမှာ'ဟဇရတ်စုဟိုင်းလ်'အမည်ဖြင့်ပေါက်လာ၍ပိတ်စအတိုမှာ'ဟဇရတ်ဟမ္ဇဟ်' သခင့်အမည်ဖြင့် ပေါက်လာလေသည်။ ထိုပိတ်စမှာ သခင်ကြီး၏အရပ်ကိုပင်မမှီပဲ တိုနေလေသည်။

အကယ်၍ ဦးခေါင်းကို ခြုံပေးမည်ဆိုလျှင် ခြေပေါ်နေ၏။ခြေတော်ကို ဖုံးအုပ်ပေးသည်ရှိသော်၊ ဦးခေါင်းပေါ်နေလေသည်။ နဗီတမန်တော်မြတ်က ဦးခေါင်းကို အဝတ်ဖြင့်ဖုံးအုပ်ကြလော့ဟု မိန့်ကြားတော်မူသည်။ (ကြည့်–ခမိစ်ကျမ်း)

'ဟဇရတ်အိဗ်နုစအဒ်'သခင်၏အဆိုမှာ ဤသို့လာရှိသည်။ 'ဟဇရတ်ဆဖီယဟ်' သခင်မသည် 'ဟဇရတ်ဟမ္ဇဟ်'သခင့်အလောင်းရှိရာသို့ ရောက်လာသော်၊ အနီးအနားဥ္စအဖြစ်အပျက်ခံစားချက်ခြင်းတူနေသူ 'အန်ဆာရီ'တပါးအားလည်း တွေ့မြင်ရသော အခါ အဝတ်တစစီဖြင့် နှစ်ဦးစလုံးအား 'ကဖန်'ထုတ်စေခဲ့သည်။ 'ဟဇရတ်ဟမ္ဇဟ်'သခင်၏ အဝတ်စမှာ အလျားအနံကြီးသည်ဟူ၏။ (သို့သော်)ဤအဆိုမှာ အကျဉ်းမျှသာဖြစ်သည်။ 'ခမိစ်'ကျမ်း၌ လာရှိသည့် အဆိုသည် အကျယ်သဖြင့် ဖော်ပြထားရှိသည်။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

✓ဤသည်ကား နှစ်ဘဝသခင် ကျေးဇူးရှင် တမန်တော်'မုဟမ္မဒ်' (စလ္လမ်) သခင်၏ ဘထွေးတော် အရင်းအချာ၏ 'ကဖန်'ဖြစ်သည်။ နှမ ဖြစ်သူက မိမိနောင်တော်အတွက် ပိတ်ပိုင်း နှစ်ပိုင်းပေးလေသည်။ အ နား ရှိ 'အန်ဆာရီ'တပါး၌ 'ကဖန်'မရှိဖြစ်နေမည်ကို မရှုစိတ်ဖြစ်သဖြင့် တပိုင်းစီဝေငှ ပေးကြရလေသည်။ တဖန်အသေးအကြီး ဖြစ်ခြင်းသည်လည်း အကြောင်း အမျိုးမျိုးကြောင့် ဦးစားပေးမှုကို ရယူနိုင်ပါသည်။ သူဆင်းရဲအားထောက် ထားမှု၊ တန်းတူအခွင့်အရေးပေးမှု အေးအတူ ပူအမျှဟု ကြွေးကြော်နေသူတို့ သည် မိမိတို့ ကြွေးကြော်သည့်အတိုင်း မှန်ကန်တိကျလျှင် ထိုထိုသောပုဂ္ဂိုလ်တို့ ၏ ခြေရာအတိုင်း ထပ်ချပ်မကွာ နင်းကြကုန်လော့။ ပါးစပ်မှ အပြောမဟုတ် လက်တွေ့လုပ်ပြခဲ့သည်။ကျွန်ုပ်တို့သည်မိမိကိုယ်ကို ထိုပုဂ္ဂိုလ်များ၏ နောက်လိုက် များဖြစ်ကြပါသည်ဟု ပြောရမှာပင် ရှက်စရာကောင်းလှပေသည်။

## (၇) ဆိတ်ဦးခေါင်းရွာလည့်၍ ပြန်ရောက်လာခြင်းအကြောင်း။

'ဟဇရဏ်အဗ်ဒုလ္လာဟ်အိဗ်နုအုမရ်'သခင် အမိန့်ရှိသည်မှာ၊ 'ဆဟာဗီ' တပါးထံ အကြင် သူတဦးက ဆိတ်ဦးခေါင်းတလုံးကို လက်ဆောင်အဖြစ်နှင့်ပို့ လိုက်လေသည်။ ထို 'ဆဟာဗီ' က ကျွန်ုပ်၏အဘယ်မိတ်ဆွေသည် ကျွန်ုပ်ထက်ပို၍ လိုချင်လိမ့်မည်။အိမ်သူအိမ်သားပိုများသည်။ .

စားချင်ကြပေလိမ့်မည်ဟု တွေးထင်ကာ ပို့ပေးလိုက်လေ့သည်။ ထိုအိမ်မှ အခြားတတိယ အိမ်သို့ အထက်ပါနည်းအတိုင်း တွေးဆကာ ပို့ပေးလိုက်၏။ အချုပ်အားဖြင့် ဤနည်းအတိုင်း ခုနစ်အိမ်လှည့်၍ ထိုဆိတ်ဦးခေါင်းသည် ပထမအိမ်သို့ ပြန်ရောက်ရှိလာလေသည်။

(ကြည့်-မန်ဆူးရ်ကျမ်း)။

**ချင့်တွေးဖွယ်ရာအဖြာဖြာ။**

ဤအဖြစ်အပျက်အကြောင်းအရာကို ထောက်ချင့်ခြင်းအားဖြင့် ထိုပုဂ္ဂိုလ် တို့သည် အများအားဖြင့် ဆင်းရဲသူဆင်းရဲသားများဖြစ်ကြောင်း သိနိုင်ပေ သည်။ တပါတည်းမှာပင် တဦးကိုတဦး ကရုစိုက်ဦးစားပေးကြကြောင်းကို လည်း သိရှိနိုင်ပေသေးသည်။

## (၇) ဟာဇရယ်အုမရ်သခင်သမ္မတဖြစ်စဉ် ဇနီးသည်အားဝမ်းဆွဲအဖြစ် ခေါ်ဆောင်သွားခြင်းအကြောင်း။

'ဟာဇရယ်အုမရ်'သခင် သမ္မတဖြစ်နေစဉ်တွင် များသောအားဖြင့် ညအချိန်များ၌ မြို့လုံခြုံရေးအတွက် မိမိကိုယ်တိုင် ကင်းလှည့်စောင့်ရှောက် ကြပ်မတ်လေ့ရှိလေသည်။ အခါတပါး၌ ထိုသို့ပင် ကွင်းပြင်တနေရာသို့ ရောက်ရှိလေသည်။ (ထို၌) ဂျုံရိုးဖြတ်များဖြင့် ဆောက်လုပ်ထားသော တင်းကုပ်တခုကို မြင်တွေ့ရသည်။ ယခင်ကမရှိခဲ့ပေ။ ၎င်းတင်းကုပ်အနားသို့ ရောက်သည့်အခါ လူတယောက်ထိုင်နေသည်ကို မြင်တွေ့ရ၏။ အတွင်းမှ ညည်းညူသံကိုလည်း ကြားရ၏။

သမ္မတကြီးသည် 'စလာမ်'ပေး၍ ထိုသူအနားသို့ ကပ်ထိုင်လိုက်၏။ အသင်ဘယ်သူလဲ၊ ဘယ်ကလဲ့ဟု မေးမြန်းတော်မူ၏။ ထိုသူက ကျွန်တော်မျိုးသည် ခရီးသည်ဖြစ်ပါသည်။ တောသူတောင်သား ဖြစ်ပါသည်။ သမ္မတကြီးထံလာရောက်၍ အကျိုးအကြောင်း တင်လျှောက်ကာ အကူအညီတောင်းခံရန် လာရှိကြောင်း ပြောကြားလေသည်။ သမ္မတကြီးက တင်းကုပ်ထဲမှ ဘာအသံလဲဟုမေးမြန်းတော်မူသောအခါ၊ အိမ်ရှင်က ကိုယ့်လူသွားတော့ ကိုယ့်လမ်းကိုယ်ကြည့်လော့ဟု ပြောလိုက်၏။

သမ္မတကြီးက မဟုတ်ပါဘူး ပြောပြပါ။ ဝေဒနာတခုခုခံစားနေရသည်နှင့်တူပါသည်ဟု အကြိမ်ကြိမ်မေးမြန်းလာသော်၊ တဲ့ရှင်က အမျိုးသမီး ကလေးမျတ်နှာမြင်ခါနီးနေသည်။ ဝမ်းနာနေသည်ဟု ပြောကြားလေ၏။ သမ္မတကြီးက အခြားအမျိုးသမီးများ အနား၌စောင့်ကြပ်နေပါသလားဟု မေးမြန်းပြန်၏။ ထိုအခါ မရှိကြောင်း ပြန်ကြားလေသည်။

သမ္မတကြီးသည် ထိုမှထ၍ မိမိအိမ်တော်သို့ ပြန်ကြွလာ၍ မိမိကြင်ယာတော် "ဟာဇရယ်အွမ္မေကုလ်ဆူးမ်'သခင်မအား သမ္မတကြီးက (ရှင်မရေ) အလွန်ကုသိုလ်ထူးကဲသည့် လုပ်ငန်းတရပ် သင့်အတွက်ရောက်ရှိလာသည်ဟုပြောကြားရာ၊ ကြင်ယာတော်က ဘာလဲ ဘာလုပ်ငန်းလဲဟု မေးမြန်းလျှောက်ထားလေသော်၊ သမ္မတကြီးက သနားစရာကောင်းလှသည့် တောရွာသူ အမျိုးသမီးတယောက် ဝမ်းနာနေသည်ဟု ပြောရသေးသည်။

သမ္မတကြီးကတော်မှာ ချက်ချင်း ကောင်းပြီ ကောင်းပြီ၊ ရှင်သဘောတူလျှင် ကျွမ အသင့်ဘဲဟု လျှောက်ထားလိုက်လေသည်။ စာရှုသူတို့—သခင်မသည် အဘယ်ကြောင့် လက်မခံဘဲ နေမည်နည်း။ ဤသမ္မတကတော်သည်ကားအမျိုးသမီးတို့၏ခေါင်းဆောင် 'ဟာဇရယ်ဖါသွေမဟ်' သခင်မ၏သမီး၊ နဗီတမန်တော်မြတ်၏ မြေးတော်ပင်မဟုတ်ပါလော။ 'အုမရ်'သခင်က မီးတွင်း၌ လိုအပ်သည့် ဥစ္စာပစ္စည်းပစ္စယများ၊ ရေနံဆီ၊ ဆား၊ ဆီ၊ အဝတ်အထည် အပိုင်းအစများ၊

အိုးတလုံး ထောပတ်အနည်းအကျဉ်းနှင့် အစားအစာ အနည်းငယ်ကိုပါ ယူဆောင်လော့ဟု မိန့်ကြားတော်မူလိုက်၏။ ပစ္စည်းများကို ယူဆောင်၍ ထွက်ကြွတော်မူလေသည်။

သမ္မတကြီးကိုယ်တော်တိုင် နောက်မှ တပါတည်းလိုက်ကြွမြန်းတော်မူလေ၏။ ထိုသို့ ရောက်ရှိလာသောအခါ သမ္မတကတော်သည် တင်းကုပ်အတွင်းသို့ဝင်၍ ဝမ်းဆွဲတာဝန်ကို ထမ်းဆောင်လေသည်။

သမ္မတကြီးကမူ မိမိကိုယ်တိုင်မီးမွေး၍ ပါလာသည့်အိုးဖြင့် ဂျုံစေ့များကို ထောပတ်ထည့်ပြီး ချက်ပြုတ်တော်မူလေသည်။ ထိုမျှအချိန်တွင် ကလေး မျက်နှာမြင်ပြီးလေသည်။ အတွင်းမှ "ဟဇရဿ်အွမ္မေကွလ်ဆူးမ်" သခင်မက၊ အို–မွတ်စလင်မ်တို့၏ ခေါင်းဆောင်ကြီး၊ မိမိအဆွေတော်အား သားရတနာဖွားမြင်ကြောင်း သတင်းကောင်းပါးတော်မူပါဟု လျှောက်ထားလေ၏။

'အမီးရွလ်မူအ်မိနီးန်' မွတ်စလင်မ်အပေါင်းတို့၏ ခေါင်းဆောင်ဟူသည့်ပုဒ်ကို ကြားလိုက်ရသော်၊ ထိုအိမ်ရှင်မှာ ကြောက်ရွံ့လာလေသည်။ သမ္မတကြီးက အဆွေတော် ကြောက်ရွံ့စရာမလိုပါဘူးဟု ပြောဆိုမိန့်ကြားတော်မူ၍ မိမိချက်ပြုတ်ထားသည့်အိုးကို အနားသို့ တိုးကပ်ပေး၍ မီးနေသည်အားကျွေးလော့ဟု မိန့်တော်မူလိုက်၏။

သမ္မတကတော်သည် ခူးခတ်၍ မီးနေသည်အား ကျွေးမွေးတော်မူ၏။ ထိုနောက် အိုးကို အပြင်သို့ပြန်ပေးရာ၊ 'ဟဇရဿ်အုမရ်' သခင်ကယူ၍ ထိုတောသူတောင်သားအား အဆွေတော်လည်း စားသုံးပါလော့၊ တညလုံး အဆွေကော်လည်း မအိပ်ရသေးဘူးဟု ပြောကြား၍ မိမိကြင်ယာတော်အား ခေါ်ဆောင်၍ မနက်ဖြန် ဆက်ဆက်လာခဲ့၊ အဆွေတော်တို့အတွက် ကြည့်စီစဉ်ပေးမည်ဟု ပြောပြီး မိမိအိမ်တော်သို့ ပြန်ကြွလာလေသတည်း။

(ကြည့်–အတ်ရှ်ဟာရ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ကျွန်ုပ်တို့ ယခုအခါသမယ၌ ဘုရင်၊ ဘုရင်ခံ၊ သမ္မတတို့ကို ထားဘိဦး၊ သာမန်မျှ စားနိုင်သောက်နိုင်ရုံသာရှိသော သူကြွယ် ချမ်းသာသူတို့ပင် သူဆင်းရဲ၊ ခရီးသည် စသည်တို့အား ကူညီရန် မိမိဇနီးသည်အား ခေါ်ဆောင်သွားပါသလော။ မိမိကိုယ်တိုင်ကိုယ်ကျ ချက်ပြုတ်ကျွေးလေသလော။ ကြွယ်ဝချမ်းသာသူတို့ကိုမူ ထားဘိဦး၊ သာသနာရေး၌ လေးလေးစားစားရှိသူများပင် လုပ်ဆောင်ကြပါသလော။ ထိုသို့သော ပုဂ္ဂိုလ်တို့၏အကြောင်းအရာကို အာခေါင်

အာရင်းသန်သန်နှင့် အာရည်တရှမ်းရှမ်းနှင့် ပြောလေ့၊ ဟောလေ့ရှိကြသည်။ သို့ငြားသော်လည်း ထိုပုဂ္ဂိုလ်တို့ရယူခဲ့သည့် မင်္ဂလာတရားတော်မြတ်ကို အရာရာ၌ မြော်လင့်တောင့်တကြသေး၏။ အလုပ်အကိုင်ကိုမူ တခုမျှတူအောင် မလုပ်ပြ နိုင်ပေ။

## (၉) 'ဟဇရတ်အဗူသွလ်ဟာဟ်သခင် ဥယျာဉ်ခြံလှူဒါန်းခြင်းအကြောင်း။

'ဟဇရတ်အနပ်စ်' (ရဲသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင် အမိန့် ရှိသည်မှာ 'အဗူသွလ်ဟာဟ်'(ရဲသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည်'မဒီနဟ်'မြို့တော်၌အကောင်းဆုံး၊ ဥယျာဉ်ခြံကြီး အကြီးဆုံးကို စိုးပိုင်သူဖြစ်သည်။ 'ဆဟာဗီ'ကြီး၏ ဥယျာဉ်များအနက် တခု အမည်မှာ 'ဗိရ်ဟာ'ဖြစ်သည်။ ၎င်းဥယျာဉ်ခြံကို အနှစ်သက်ဆုံးဖြစ်ပါသည်။ ၎င်းဥယျာဉ်ခြံသည် တမန်တော်ဗလီဝတ်ကျောင်းတော်နှင့် အလွန်နီးကပ်လျက်ရှိပါသည်။ ထို၌ရေသည်လည်းအလွန် ချိုဆိမ့်သည့်ပြင်လိုသည်ထက်ပိုထွက်ပါသည်။ နဗီတမန်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) သည် များသောအားဖြင့် ထိုဥယျာဉ်တော်သို့ ကြွမြန်းတော်မူကာ ရေကြည်တော်သောက်သုံးလေ့ ရှိတော်မူသည်။ ကျမ်းမြတ်'ကုရ်အာန်'၏ ပါဒတော်–

لَنْ تَنَالُوا الْبِرَّ حَتّٰى تُنْفِقُوْا مِمَّا تُحِبُّوْنَ.

**အသံထွက်။** ✓ ။လန်သနာလွလ်ဗိရ်ရဟာသ်သာသွန်ဖိကူး မင်မ္မာသုဟိဗ္ဗူန်။

**အဓိပ္ပါယ်။** ။(အို.... သူတော်စင်အပေါင်းတို့၊ သင်တို့သည် မိမိအနှစ်သက်ဆုံး ဥစ္စာပစ္စည်းကို ပေးကမ်း လှူဒါန်းခြင်း မပြုသမျှ ကာလပတ်လုံး အမြတ်) ဒါန မမြောက်ပေ။ ဟူ'အာယတ်'တော် ကျရောက်လာသော်၊ 'အဗူသွလ်ဟာဟ်' (ရဲသွေ့ယလ္လာ ဟုသအာလာအန်ဟူ) သခင်သည် နှစ်ဘဝသခင်ကျေးဇူးရှင် တမန်တော်'မုဟမ္မဒ်' (စလ္လမ်) သခင့်အပါးတော်သို့ ဝင်ရောက်ခစားကာ၊ အို.... အသျှင့်တမန်တော် မြတ်၊ ကျွန်တော်မျိုးသည် 'ဗိရ်ဟာ' ဥယျာဉ်ခြံကို အနှစ်သက်ဆုံး ဖြစ်သည်။ 'အလ္လာဟ်'အသျှင်မြတ်အမိန့်တော်မှာ အသင်တို့သည် မိမိအနှစ်သက်ဆုံးပစ္စည်းကို 'အလ္လာဟ်'အသျှင့်လမ်းတော်၌လှူဒါန်းရန်လာရှိပါသည်။သို့ဖြစ်၍ ၎င်းဥယျာဉ်ခြံ ကို 'အလ္လာဟ်' အသျှင့်လမ်းတော်၌ လှူဒါန်းလိုက်ပါပြီ။ ကိုယ်တော်မြတ် သင့်တော်သလို အသုံးပြုတော်မူပါရန် အပ်နှင်းပါ၏ဟု လျှောက်ထားလေသည်။

ကိုယ်တော်မြတ်သည် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိကြောင်း၊ အလွန်တန်ဖိုးကြီးလှသည့် ပစ္စည်းဖြစ်ကြောင်း၊ ၎င်းဥယျာဉ်ခြံကို အဆွေတော်

သည် မိမိ၏သားချင်း ဆွေမျိုးတို့အား ဝေခြမ်းပေးလျှင် သင့်မြတ်လိမ့်မည်ဟု ထင်မြင်ယူဆကြောင်း ပြောကြားတော်မူရာ၊ 'ဆဟာဗီ'ကြီးသည် ၎င်းဥယျာဉ်ခြံကို မိမိသားချင်းဆွေမျိုးတို့အား ဝေငှ၍ပေးကမ်းတော်မူလိုက်လေ၏။

(ကြည့်–ဒွရ်ရိမန်ဆူးရ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ကျွန်ုပ်တို့သည်လည်း မိမိ ဥစ္စာပစ္စည်း မြေယာ စသည်များကို တခါကရံ တရားနာ၍သော်လည်းကောင်း၊ ကျမ်းမြတ်'ကုရ်အာန်'၏ 'အာယတ်'ပါဒတော်များကို ကြားနာ၍ သော်လည်းကောင်း၊ ပေးကမ်း လှူဒါန်းဘူးပါသလား။ အကယ်၍စိတ်ကူးလာလျှင်ဘယ်သောအချိန်မှလည်း၊ မိမိမှာရှေ့ဘဝခရီးကုန်ခမ်းမှ၊ သို့တည်းမဟုတ် အမွေစားအမွေခံများနှင့်အချင်းများ မသင့်မြတ်မှသာထိုသူတို့၏ ရသင့်ရထိုက်သည့်အခွင့်အရေးကိုတားဆီးရန်ရည်သန်လျက်ပြုလေ့ရှိကြသည်မဟုတ်ပါလော။ ငါ့တသက်တာ ဘဝသက်တမ်း တလျှောက်မှာတော့ ငါ့အတွက်သာ ဖြစ်စေ၊ နောင်ခါလာ နောင်ခါရောက်ရား နှစ်နဲ့လနဲ့ချိ၍ စဉ်းစားတွေးဆလေ့ရှိကြသည်မဟုတ်လော။ ပကာသနဂုဏ်လောကဖြစ်စေ၊ လက်ထပ်မင်္ဂလာအခမ်းအနားအတွက်ဖြစ်စေ စသည်များနှင့်ကြုံကြိုက်လာလျှင် ကြွေးမြီချေးငှားအတိုးပင်ပေးရသည်ဖြစ်စေ ပြုလုပ်ရပါသော်လည်း ဝန်မလေးကြပေ။ မငြင်းဆန်ကြပေ။

## (၁၀) ဆိုဟှာယ်လစ်ဘင်ကြီး အဗူဇရ်သခင်သည် မိမိအကျိုးဆောင်အား သတိပေးစကားမှာကြားခြင်းအကြောင်း။

'ဟဇရသ်အဗူဇရ်ဂိဖာရီ'သခင်သည် အလွန်ထင်ပေါ် ကျော်ကြားသည့် 'ဆဟာဗီ'ကြီးတပါးဖြစ်သည်။ သခင်ကြီး၏ 'အစ္စလာမ်' သာသနာသို့ ဝင်ရောက်လာခြင်း အကြောင်းကို အခဏ်း(၁) အမှတ်စဉ်(၅)၌ဖော်ပြခဲ့လေပြီ။ ဤပုဂ္ဂိုလ်ကြီးသည် အလွန့်အလွန် သာသနာရေးကိုင်းရှိုင်းသူများတွင်တဦးအပါအဝင်ဖြစ်သည်။၎င်းနည်းတူရောင့်ရဲတင်းတိမ်သူများ အနက်လည်း တဦးအပါအဝင်ဖြစ်ပေသည်။

ဥစ္စာပစ္စည်းများကိုမူ မိမိကိုယ်တိုင်လည်း စုဆောင်းသိုလှောင်မှု မပြုသည့်ပြင်၊ အခြားသူများစုဆောင်းထားသည်ကိုလည်း နှစ်မျို့တော်မမူပေ။ ဥစ္စာဓန ကြွယ်ဝချမ်းသာသူများနှင့် အမြဲအချင်းများ ခိုက်ရန်ဖြစ်ပွားလေ့ရှိသည်။ ထို့ကြောင့် 'ဟဇရသ်အွတ်ဆ်မာန်' သခင်အမိန့်တော်ဖြင့် 'ရဗဇဟ်'အမည်ရှိ တောင်ပူစာနေရာသို့ သွားရောက်နေထိုင်တော်မူလေသည်။ အကြင်အရပ်ဒေသ၌ အိမ်ခြေအိုးအိမ် အနည်းငယ်သာရှိပေသည်။

'ဟဇရသ်အဗူဇရ်' (ရဒွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်၌ ကုလားအုတ် အနည်းအကျဉ်းရှိလေသည်။ အားအင်ချိနဲ့သူ ကုလားအုတ်ကျောင်းသောသူသည် ထိန်းကျောင်းလေ့ရှိသည်။ ၎င်းဖြင့်အသက်မွေးဝမ်းကျောင်း ပြုနေရလေသည်။

စလင်(မ်)မျိုးနွယ်ဝင်မှ သူတဦးသည် သခင်ကြီးထံသို့ဝင်ရောက်ခါ၊ မိမိသည် သခင်ကြီးနှင့်အတူတကွနေ၍ ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်ကို ထမ်းဆောင်ပြုစု၍ လောကုတ္တရာအကျိုးကို ရယူလိုကြောင်း၊ သခင်ကြီး၏ကုလားအုတ်ကျောင်းသူအားလည်း ကူညီပါမည်။ သခင်ကြီးထံမှ မင်္ဂလာတရားတော်များကိုလည်း ရယူပါမည်အကြောင်း လျှောက်ထားလေသည်။

'ဟဇရသ်အဗူဇရ်' (ရဒွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်က ကျွန်ုပ်၏ အဆွေတော်ဟူသည် ကျွန်ုပ်၏အမိန့်ကို လိုက်နာရမည်။ အကယ်၍ သင်သည် ကျွန်ုပ်၏အမိန့်ကို လိုက်နာရန် အသင့်ရှိခဲ့သော်၊ သဘောရှိနေလော့။ အမိန့်မနာခံခဲ့သော်၊ သင့်အားအလိုတော်မရှိဟု မှာကြားတော်မူ၏။ 'စလီမ်'က အဘယ်အရာ၌ အမိန့်နာခံစေချင်ပါသနည်းဟု မေးမြန်းလျှောက်ထားလေသော်၊ သခင်ကြီးက ကျွန်ုပ်သည် မိမိပစ္စည်းများမှ ပေးကမ်းလှူဒါန်းရန် အမိန့်ရှိလာသည့်အခါ၊ အကောင်းဆုံးသောပစ္စည်းကိုသာ ဒါနပြုရမည်ဟုမိန့်ပြန်၏။ 'စလီမ်'သခင်က သဘောတူပါသည်ဟုဝန်ခံ၍နေလေသည်။

တနေ့သော် သူတဦးက 'ဆဟာဗီ'ကြီးအား ရေပေါ်မှာနေထိုင်ကြသူများသည် အလွန်ဆင်းရဲနွမ်းပါးကြသည်။ အစားအသောက်မှာလည်း ချို့တဲ့ကြသည်ဟုပြောကြားလျှောက်ထားလေသော်၊ သခင်ကြီးက ကျွန်ုပ်အားခေါ်၍ ကုလားအုတ်တကောင်ဆွဲလာဟု မိန့်တော်မူလေ၏။ ကျွန်ုပ်သွား၍ကြည့်ရာ အလွန်ကောင်းမွန်လှပ၍ အလွန်တန်ဖိုးကြီး၊ အစီးအနင်း၌ အလွန်လိမ္မာရေးခြားရှိလှသည့် ကုလားအုတ်ကို မိမိကတိအတိုင်းယူသွားရန် ကြံရွယ်သေး၏။ တဖန်သူဆင်းရဲများကို ကျေးမှာဘဲ၊ ဒီကုလားအုတ်ဟာ အလွန်တန်ဘိုးကြီးတယ်၊ သခင်ကြီးသော်လည်းကောင်း၊ နီးစပ်သူများအတွက်သော်လည်းကောင်း အသုံးရှိသည်ဟုယူဆကာ ၎င်းကိုစွန့်၍ ဒုတိယအဆင့်ရှိ ကုလားအုတ်ကိုဆွဲယူ၍ အပါးတော်သို့ဝင်ခဲ့ပါသည်။

သခင်ကြီးက သင်သည်ကတိဖျက်ချေပြီဟုပြောရာ၊ မိမိကရိပ်စားမိ၍ပြန်လာကာ ပထမကုလားအုတ်ကို ယူဆောင်၍သွားပါသည်။ ထိုအခါအနားဌထိုင်နေသူများအား သခင်ကြီးက အဘယ်သူနှစ်ဦးတို့သည် အသျှင်မြတ်အဖို့ လုပ်အားပေးကြမည်နည်းဟုမေးမြန်းရာ၊ လူနှစ်ယောက်သည် မတ်မတ်ရပ်၍ ကျွန်ုပ်တို့အသင့်ရှိကြပါကြောင်း လျှောက်ထားကြလေသည်။ သခင်ကြီးက ၎င်းကုလားအုတ်အား 'ဇဗဟ်'လည်လှီး၍ အပိုင်းပိုင်းတုံးတစ်ပြီး ရေပေါ်၌ဖေါင်ပြုလုပ်နေကြသော အိမ်ခြေများနှင့် 'အဗူဇရ်' (ဝါ) မိမိအိမ်ကိုပါ ရေတွက်၍ အပုံပုံခွဲဝေပေးပါ။ အားလုံးညီညီမျှမျှဝေပေးပါ။ ကျွန်ုပ်၏အိမ်ကိုလည်း ညီတူညီမျှဝေပေးပါဟူ၍ အမိန့်ပေးလိုက်၏။ ထိုသူတို့သည်လည်း အမိန့်တော်ကိုဦးထိပ်ပန်ဆင်ကြ၏။

ထိုနောက် ကျွန်ုပ်အားခေါ်၍ အသင်သည်ကျွန်ုပ်၏မှာကြားချက်အတိုင်း အကောင်းဆုံး ကိုသာ ပေးကမ်းလှူဒါန်းရမည်ကို မေ့သွားပါသလော။ သို့မဟုတ် သတိရှိပါလျက် ဤသို့ ပြုလုပ်မိပါသလော။ အကယ်၍ မေ့လျော့၍လုပ်မိလျှင်မူ ခွင့်လွှတ်သည်ဟု မေးမြန်းပါသည်။ ကျွန်ုပ်က မေ့လျော့၍တော့မဟုတ်ပါ။ ကျွန်ုပ်သည်ဦးစွာပထမမှာ ၎င်းအကောင်းဆုံးကုလားအုတ်ကို ယူမိပါသော်လည်း ဤကုလားအုတ်သည် အလွန်အသုံးဝင်ကြောင်း၊ အဖိုးအနဂ္ဃ အလွန်ထိုက်တန်ကြောင်း တွေးထင်လာပါသည်။ ထိုကြောင့်သာလျှင် ၎င်းကို စွန့်ပါယ်လိုက်ပါ သည်ဟု လျှောက်တင်လိုက်ပါသည်။

သခင်ကြီးက အော်.... ကျွန်ုပ်၏အသုံးချမှုကြောင့် စွန့်ပါယ်ထားခဲ့သည် မဟုတ်လားဟု မေးမြန်းတော်မူပြန်ရာ၊ ကျွန်ုပ်က မှန်လှပါ၊ ကိုယ်တော်ကြီး၏အသုံးတော်အတွက်သာ ချန်ထား ရပါကြောင်း လျှောက်ပြန်ပါသည်။

သခင်ကြီးက ကျွန်ုပ်၏ အသုံးဝင်မှုကို ဖော်ပြပါအံ့။ ကျွန်ုပ်၏ အသုံးဝင်မည့်နေ့သည် ကား လေးတောင်တွင်း၌ တကိုယ်တည်း ချန်သွားကြမည့်နေ့ဖြစ်သည်။ ထိုနေ့သည် ကျွန်ုပ်အဖို့ အလွန်အရေးကြီးသည့်နေ့၊ အကြင်နေ့သည် ကျွန်ုပ်အဖို့ အလွန်စိုးရိမ်ရသည့်နေ့ဖြစ်သည်။

ဥစ္စာပစ္စည်းများ၌ သုံးဦးသောသူသည် အစုဝင်ဖြစ်ကြသည်။ ပထမ–နဖူးစာ ၎င်းသည် ဥစ္စာပစ္စည်းများကို ယူဆောင်သွားရာ၌ အဘယ်သူ၊ အဘယ်အရာကိုမျှ စောင့်ဆိုင်းနေသည်မရှိ။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ဆောင်ကြဉ်းသွားလေ့ရှိသည်။ ဒုတိယ–အမွေစား အမွေခံဖြစ်သည်၊ ၎င်းတို့သည် ပိုင်ရှင်အား အမြန်သေစေချင်သည်။ သေသည့်နေ့ကို စောင့်ဆိုင်း နေလေသည်။ သေလျှင် လာ၍ ယူဆောင်သွားကြသည်။ တတိယသူမှာ ခန္ဓာကိုယ် ဖြစ်သည်။ အကယ်၍တတ်စွမ်းနိုင်ခဲ့လျှင် အစုဝင်သုံးဦးအနက်နောက်မကျစေရ။ 'အလ္လာဟ်' အသျှင်မြတ်၏ မုဂ္ဂပါဠ်တော်

لَنْ تَنَالُوا الْبِرَّ حَتَّىٰ تُنْفِقُوا مِمَّا تُحِبُّونَ

**အသံထွက်။** ။လန်သနာလုလ်ဗစ်ရဟတ္တာသွန်ဖိကူးန် မင်မ္မာသုဟဗ္ဗူးန်။

သို့ဖြစ်၍ ကျွန်ုပ်၌တတ်စွမ်းနိုင်သမျှ မိမိ၏ရှေ့ဆောင်လမ်းပြ မီးရှူးမီးတိုင်အဖြစ် စေလွှတ် တော်မူမည်။ ဤသို့ပြုမှသာလျှင် ၎င်းသည်ကျွန်ုပ်အတွက် စုဆောင်းရာမည်အံ့။

(ကြည့်–ဒွရ်ရေမန်ဆူးရ်ကျမ်း)

သိမှတ်ဖွယ်ရာအဖြာဖြာ။

အစုရှင်သုံးဦးအနက် သင်သည်နောက်မကျစေနှင့်။ ချို့တဲ့သူမဖြစ်စေနှင့် ဆိုခြင်း၏ အလိုသဘောမှာ၊ စွမ်းအင်ရှိသမျှကို လောကုတ္တရာရေး အမှောင်ကို စုဆောင်းစေခြင်းဖြစ်သည်။ အစုရှင်ဖြစ်သူ (ပထမ)ဖူးစာက လက်ဦးသွားလျှင် ၎င်းပစ္စည်းဥစ္စာသည် သင့်ထံမှပျက်စီးဆုံးရှုံးသွားခဲ့သော်၊ ၎င်းသည် တပါးသော သူ၏လက်သို့ရောက်ချေမည်။ ထို့နောက် ဘယ်သူ့ဘယ်သူမှ မေးမြန်းတော့မည် မဟုတ်ပေ။ သား၊ မြေး၊ သမီး၊ မိန်းမတို့မှာ နေ့ရက်အတန်ကြာမျှသာ ငိုယို၍ မေ့သွားကြလိမ့်မည်။ သေသူ့အတွက် အလှူဒါန ပြုလုပ်ကြသည်မှာ အလွန် နည်းပါးလှပါသည်။ ထိုနည်း၎င်း သတိလည်းရခဲကြပါသည်။

✓ 'ဟဒီးဆ်' တော်တပါး၌ လာရှိသည်။ ကိုယ်တော်မြတ်က လူသားသည် ငါ့ပစ္စည်း၊ ငါ့မြေယာ အိုးအိမ်ဟု တမ်းတလေသည်။ အကယ်စင်စစ် သူ့ပစ္စည်း၊ သူ့မြေယာအိုးအိမ်မှာ၊ သူစားသမျှ၊ သူဝတ်သမျှ၊ သူ့အဖို့သုံးစွဲ၍ဟောင်းနွမ်း ဆွေးမြေ့သမျှနှင့်'အလ္လာဟ်'အသျှင့်လမ်းတော်၌ပေးကမ်းစွန့်ကြဲ၍လောကုတ္တရာ၌ စုဆောင်းထားခြင်းသာ ဖြစ်သည်။ ထိုမှကျန်အားလုံးမှာ တပါးသူတို့အဖို့သာ ဖြစ်သည်။ တပါးသူအတွက် စုဆောင်းပေးခြင်းသာ ဖြစ်ချေသည်ဟု မိန့်ကြား တော်မူခဲ့လေသည်။

✓ 'ဟဒီးဆ်'တော်တပါး၌၊ ဤသို့လာရှိ၏။နဗီတမန်တော်မြတ်(ဆလ္လလ္လာဟု အလိုက်ဟိဝစလ္လမ်)က သင်တို့အနက် အဘယ်သူသည် မိမိထက်ပို၍ အမွေခံ အမွေစား၏ပစ္စည်းကို ကောင်းလှပါသည်ဟု ဆိုနိုင်မည်နည်း။ 'ဆဟာဗဟ်'ကြီး တို့က အို–အသျှင့်တမန်တော်၊ အမွေစားအမွေခံ၏ပစ္စည်းကို မိမိထက် သာလွန် မွန်မြတ်သည်၊ ကောင်းလှပါသည်ဟု မဆိုနိုင်ကြပါဟု ပြန်လည်လျှောက်ကြလေ သည်။ ကိုယ်တော်မြတ်က "အသင်တို့သည် မိမိအလျှစ်ပေးပို့လိုက်သော ပစ္စည်း သာလျှင် သင်တို့၏ ဥစ္စာ၎င်းမှန်သည်။ စွန့်ပယ်ထားခဲ့သည့် အရာများသည်ကား အမွေစားအမွေခံတို့၏ ဥစ္စာပစ္စည်းသာ ဖြစ်ချေသည်"ဟု မိန့်ကြားတော် မူသည်။

(ကြည့်–မိရှ်ကာတ်ကျမ်း)

## (၁၁) ဟဇရတ်ဇူဗိုင်းရ်သခင်၏ ရက်ရက်ရောရော လှူဒါန်းခြင်းအကြောင်း။

"ဟဇရတ်ဂျအ်ဖရ်သျှုဝိင်ယာရ်"(ရသေ့ယလ္လာဟုသအာလာအန်ဟု)သခင်သည် နဗီတမန် တော်မြတ်၏ ညီဝမ်းကွဲတော်စပ်၍ "ဟဇရတ်အလီ"(ရသေ့ယလ္လာဟုသအာလာအန်ဟု)သခင်၏

ညီရင်းဖြစ်သည်။ ဤမိသားစု၊ တဆွေလုံးတမျိုးလုံး၊ အားလုံးတို့သည် ပေးကမ်းစွန့်ကြဲရာ၌လည်းကောင်း၊ သူရသတ္တိအရာ၌လည်းကောင်း ထူးခြားလှပေသည်။

✓ "ဟဇရယ်ဂျအ်ဖရ်" (ရသေ့ ယလ္လာဟုသအာလာအန်ဟူ)သခင်သည် ဆင်းရဲသူ၊ ဆင်းရဲသားများအား အလွန်ချစ်ခင်လေးစားလေ့ရှိသည်။ သွားအတူ၊ လာအတူ၊ ထိုင်အတူ၊ စားအတူ၊ ပြုလေ့ရှိသည်။ 'ကာဖိရ်' သွေးဖည်သူအပေါင်းတို့၏ မတရားနှိပ်စက်မှုကြောင့် ဦးစွာပထမ "အဗီစီးနီးယား"(ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် 'အီသီယိုးပီးယား') နိုင်ငံဘက်သို့ သာသနာရေးခရီးထွက်ခဲ့လေသည်။ 'ကာဖိရ်' တို့သည် နောက်မှလိုက်၍ အနှောက်အယှက်ပြုကြပြန်သည့်အခါ၊ ပြည်ပိုင်ဘုရင့်ရှေ့မှောက်၌ ရဲရဲတောက် ရှင်းလင်းတင်ပြတော်မူခဲ့ကြောင်း အခဏ်း(၁) အမှတ်စဉ်(၁၀)တွင် ဖော်ပြခဲ့လေပြီ။

ထိုမှပြန်လာ၍ 'မဒီနဟ်'မြို့တော်ဖက်သို့ သာသနာရေးခရီးထွက်ခဲ့ပြန်သည်။ 'မူးသဟ်' တိုက်ပွဲ၌ ပါဝင်ဆင်နွှဲ၍ 'ယှဟီးဒ်'ဖြစ်ရလေသည်။ ထိုအကြောင်းကို ရှေ့အခန်း အဆုံးမတိုင်မီ ဖော်ပြပါမည်။

✓ 'ဆဟာဗဟ်'သာဝကကြီး 'ဂျအ်ဖရ်'သခင်'ယှဟီးဒ်'ဖြစ်ကြောင်း သတင်းရလျှင် ရခြင်း နဗီတမန်တော်မြတ်ကိုယ်တော်တိုင် ကြွမြန်းတော်မူ၍ မေးမြန်းတော်မူသည်။

သားတော်များဖြစ်ကြသော 'အဗ်ဒုလ္လာဟ်'၊ 'အောင်န်''မုဟမ္မဒ်'တို့ကို ခေါ်ဆောင်တော်မူသည်။ ထို'ဆဟာဗဟ်'တို့သည် အသက်အရွယ် အလွန်နုနယ်ကြသေး၏။ ဦးခေါင်းများပေါ်လက်တင်၍ 'အလ္လာဟ်'အသျှင့်ထံ 'ဒုအာ'ဆုပန်တော်မူသည်။ သားတော်အားလုံးတို့၌ ဘခင်၏ အရည်အသွေးရှိကြသည်။ 'အဗ်ဒုလ္လာဟ်'အမည်ရှိသောသူ၌ ပို၍ ဘခင်၏အရိုက်အရာဖြစ်သော ပေးကမ်းစွန့်ကြဲမှုတွင် စိတ်ဓာတ်ထက်သန်လေသည်။ ဝိသေသ ထူးကဲလှပေသည်။ ထို့ကြောင့်ပင် ဤဆဟာဗီ၏ ဂုဏ်ထူးအဖြစ် "ကွသ်ဗှလ်စခါ"လှူဒါန်းမှု၏သခင် ဟူသည့်ဘွဲ့ကို ရယူခဲ့လေသည်။သက်တော် ခုနစ်နှစ်အရွယ်၌ နဗီတမန်တော်မြတ်ထံတော်အပါး၌ "ဗိုင်အသ်" ခံယူတော်မူလေသည်။

"အဗ်ဒုလ္လာဟ်အိဗ်နုဂျအ်ဖရ်" (ရသေ့ ယလ္လာဟုသအာလာအန်ဟူမာ)သခင်အား ပုဂ္ဂိုလ်တဦးက "ဟဇရယ်အလီ"(ရသေ့ ယလ္လာဟုသအာလာအန်ဟူ)သခင်ထံ လျှောက်လွှဲချက်တင်စေရာ လျှောက်တင်သဖြင့် အောင်မြင်မှုကိုရရှိလေသည်။ ထို့ကြောင့် လက်ဆောင်တော်အဖြစ် အသပြာ "ဒိရ်ဟမ်"လေးသောင်း ပေးပို့လိုက်သော်၊ လက်မခံပဲပြန်လည်ပို့ပေးလိုက်၏။ ✓သခင်က ကျွန်ုပ်တို့သည်မိမိကောင်းမှုကိုအသပြာငွေကြေးပမာဏဖြင့်ရောင်းစားလေ့မရှိကြောင်းပြန်ကြားတော်မူလိုက်၏။

အခါတပါး၌ တနေရာမှ 'ဒီရ်ဟမ်' အသပြာငွေကြေးနှစ်တောင် လက်ဆောင်အဖြစ် ရောက်ရှိလာသဖြင့်၊ ချက်ချင်း ထိုနေရာ၌ပင် ထိုင်ရာမထ ပေးကမ်းဝေငှတော်မူလိုက်၏။

ကုန်သည်တယောက်သည် သကြားအတော်များများယူဆောင်လာ၏။ သို့သော် ဈေး၌ သကြားအရောင်းအဝယ်မရှိကြောင်းသိရသော်၊ အလွန်ပူပန်သောကဖြစ်နေရှာ၏။ နောက်ဆုံး မိမိလက်အောက်သားတို့အား သကြားအားလုံးကို ဝယ်ယူ၍ အခမဲ့ဝေငှလော့ဟု အမိန့်ပေး လိုက်လေ၏။

ညအချိန်၌ ရောက်ရှိလာသည့် ဧည့်သည်အာဂန္တုသည် "ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ် နုဂျအ်ဖရ်"သခင့်ဧဂေဟာမှစားသောက်၍ လိုရာပစ္စည်းများကို ယူဆောင်လေသည်။

(ကြည့်–အိဆာဗဟ်ကျမ်း)

"ဟဇရသ်ဇူဗိုင်းရ်"သခင်သည် တိုက်ပွဲတပွဲ၌ ပါဝင်ဆင်နွှဲခဲ့လေသည်။'ဆဟာဗီ'ကြီးသည် တနေ့သ၌ မိမိသားတော် 'အဗ်ဒုလ္လာဟ်'အားခေါ်၍ သေတမ်းစကား မှာကြားတော်မူခဲ့သည်။ သားတော်မောင်သည် ဘခင်၏ ကြွေးမြီများကို ပေးဆပ်ရလိမ့်မည်။ ထိုနောက် အခြားအခြား သော တာဝန်များကိုလည်း ထမ်းဆောင်ရမည်။ အထက်ပါ အမှာစကားနှစ်ရပ်ကို ပြောကြားပြီး 'ယှဟီးဒ်' အဖြစ်ခံယူရရှာလေသည်။

إِنَّا لِلَّهِ وَإِنَّا إِلَيْهِ رَاجِعُونَ

**အသံထွက်။** အင်နာလစ်လ္လာဟိ၊ ဝအင်န္နာအီလိုင်ဟိရာဂျိအူးန်။

သားဖြစ်သူက ကြွေးမြီများကို စာရင်းတွက်ကြည့်ရာ စုစုပေါင်း 'ဒီရ်ဟမ်' ၂၂ သိန်း ဖြစ်လေသည်။ ဤကြွေးမြီမှာလည်း ယင်းသို့ တင်ရှိလာ၏။ သမာဓိရှင်၊ သစ္စာရှင်ဟု အလွန် ကျော်ကြားခဲ့လေသည်။

လူသူအများက မိမိတို့ ဥစ္စာပစ္စည်း ငွေကြေးစသည်များကို လာအပ်ထားလေ့ရှိသည်။ သခင်ကြီးက ၎င်းအားထားစရာနေရာ၊ စိတ်ချရသည့်နေရာဟူ၍မရှိကြောင်း၊ဤသည်ကိုကြွေးချေး ငှားသည်ဟုမှတ်လော့။လိုသည့်အခါလာတောင်း၍ယူနိုင်ကြောင်း ပြောဆို၍ ၎င်းငွေကြေးများကို 'ဆဒ္ဒကဟ်' ဓမ္မဒါနအဖြစ် ပေးကမ်းလှူဒါန်းလေ့ရှိသည်။

ထိုနောက် ဤသို့လည်း မှာကြားတော်မူသေး၏။ အခက်အခဲနှင့်တွေ့ကြုံရလျှင် ငါ့အသျှင်အား ပြောလိုက်ပါ။ ' အဗ်ဒုလ္လာဟ် ' သခင်က ငါ့အသျှင် ဆိုသည်ကို မိမိနားမလည်သဘောမပေါက်သဖြင့်၊ ကျွန်ုပ်က ငါ့အသျှင်ဆိုသည်မှာ အဘယ်သူနည်းဟု မေးလျှောက်ရပါသည်။ ထိုအခါ အမိန့်ရှိသည်မှာ 'အလ္လာဟ်'အသျှင်မြတ်ဟု ပြောကြားတော်မူပါသည်။ ထိုအတိုင်းပင် သားတော်'အဗ်ဒုလ္လာဟ်'သခင်သည် ရှိရှိသမျှကြွေးမြီများကို ပေးဆပ်လေသည်။ အဆိုရှိသည်မှာ အခက်အခဲနှင့်ကြုံရလျှင်၊ အို-ဇူဗိုင်းရ်၏အသျှင်၊ ကျွန်တော်မျိုးတို့မှာ အလုပ်အဆင်မပြေဘူးဟုဆိုလျှင် ချက်ခြင်း အဆင်ပြေသွားလေ့ရှိပါလိမ့်မည် ဟူ၏။

"အဗ်ဒုလ္လာဟ်အိဗ်နုဇူဗိုင်းရ်" (ရသေ့ယလ္လာဟုသအာလာအန်ဟူ)သခင် အမိန့်ရှိသည်မှာ၊ တရံရောအခါ ကျွန်ုပ်သည် "အဗ်ဒုလ္လာဟ်အိဗ်နုဂျအ်ဖရ်" (ရသေ့ယလ္လာဟုသအာလာအန်ဟူ) သခင်အား ကျွန်တော့်ဘခင်၏ကြွေးစာရင်း၌ ခင်ဗျားထံမှ 'ဒိရ်ဟမ်'ဆယ်သိန်းရရန်ရှိကြောင်း ရေးသားထားသည်ဟုပြောရာ၊ "အဗ်ဒုလ္လာဟ်အိဗ်နုဂျအ်ဖရ်"(ရသေ့ယလ္လာဟုသအာလာအန်ဟူ) သခင်က (မဆိုင်းမတွပဲ) "လိုသည့်အချိန်မှာ လာယူနိုင်သည်"ဟု ပြောကြားပါသည်။ ထိုနောက်မှ အကယ်စင်စစ် ကျွန်ုပ်မှားနေကြောင်း သိရလေသည်။ တဖန် ကျွန်ုပ်သွား၍ ယင်းကြွေးငွေမှာ ကျွန်ုပ်ဘခင်ရရန်မဟုတ်၊ ပေးရန်သာဖြစ်ကြောင်း ပြောကြားရာ၊ သခင်ကြီးက ကြွေးအားလုံးကို ခွင့်လွှတ်ကြောင်း ပြောကြားလှာပါသည်။

ကျွန်ုပ်က ခွင့်တောင်းရန် လာသည်မဟုတ်ကြောင်း ပြောသောအခါ၊ သခင်ကြီးက သင့်အတွက် အဆင်ပြေသည့်အခါမှ ဆပ်ပေါ့ဟု မိန့်ကြားတော်မူလှာ၏။ ကျွန်ုပ်က ၎င်းကြွေးမြီအစား မြေယာကိုယူပါလော့၊ ကျွန်ုပ်မှာ စစ်သုံ့ပန်းအဖြစ်နှင့် မြေယာအမြောက်အမြားရရှိထားပါသည်ဟု လျှောက်တင်လိုက်ပါသည်။

"အဗ်ဒုလ္လာဟ်အိဗ်နုဂျအ်ဖရ်" (ရသေ့ယလ္လာဟုသအာလာအန်ဟူ)သခင်ကြီးက ကောင်းပြီဟု မိန့်ကြားတော်မူပါသည်။ ကျွန်ုပ်သည် သာမန်မျှတန်ဘိုးရှိသော မြေယာကွက်တကွက်ကို ပေးလိုက်ပါသည်။ သခင်ကြီးသည် မဆိုင်းမတွ လက်ခံတော်မူ၍ မိမိအကျိုးဆောင်အား ၎င်းမြေယာ၌ 'နမာဇ်'ဝတ်ပြုရန် အခင်းအကျင်းကို ခင်းစေ၏။ ခင်းပြီးသောအခါ 'နမာဇ်'နှစ် 'ရကအသ်'ဝတ်ပြု၍ 'စဂျိဒဟ်'ဦးချရာ အချိန်ကြာမြင့်စွာနေလေသည်။ 'နမာဇ်'ဝတ်ပြုပြီးသောအခါ အကျိုးဆောင်အား ဤနေရာကို တူးဖော်ပါလော့ဟု မိန့်ကြားတော်မူသဖြင့် အကျိုးဆောင်လည်း တူးဖော်ရာ စမ်းရေကြောများ ပေါက်ထွက်လာလေသည်။

(ကြည့်—အစဒုလ်ဂါဗဟ်ကျမ်း)

သိမှတ်ဖွယ်ရာအဖြာဖြာ။

ထိုဆဟာဗဟ်ကြီးတို့ထံမှ ဤသို့သော အကြောင်းအရာများသည် အမြောက်အမြားကြုံခဲ့ကြရာ၏။ ဖေါ်လည်း ဖေါ်ပြခဲ့လေပြီ။ ထိုပုဂ္ဂိုလ်တို့အဖို့ မထူးဆန်းလှပေ။ ထိုပုဂ္ဂိုလ်တို့၏ အလေ့အထ အကျင့်သိက္ခာများကား ဤသို့ ဘည်း။

# အခဏ်း (၇)

✓သူရသတ္တိရှိခြင်း၊ ရဲစွမ်းသတ္တိရှိခြင်းနှင့် မရဏသေခြင်းတရားကို မက်လုံးထားခြင်း၊ သေခြင်းတရားကို မက်လုံးထားခြင်းသည် သူရသတ္တိ၏ ဆေးတခွက်ဖြစ်ပေသည်။ လူသားသည် သေရမည်ကို ကြောက်ရွံ့မှုမရှိခဲ့သော်၊ ဘာမဆို စွမ်းဆောင်နိုင်ပေသည်၊✓ ရွံ့ကြောက်မှုဟူသရွေ့သည် အသက်ဇီဝိန်စည်းစိမ်ကို မြတ်နိုးမှုကြောင့်သာဖြစ်သည်။ သေခြင်းတရားကိုသာ မက်လုံးပြုလိုက်လျှင် ဥစ္စာပစ္စည်း၊ သားသမီးသံယောဇဉ်သည် ပပျောက်၍ ရန်သူကို ဘာမထီဖြစ်လာတတ်သည်မှာ ဓမ္မတာတရားပင်ဖြစ်ပေသည်။ ကျွန်ုပ်တို့အားလည်း ထိုပုဂ္ဂိုလ်တို့အားထောက်ရှု၍ ဖူးစာဖန်တီးလာလျှင် ကောင်းလေစွဟု ဆန္ဒပြုလိုက်ပါ၏။

## (၁) ''အဗ်ဒုလ္လာဟ်'အိဗ်နု'ဂျဟ္ရှ်''သခင်နှင့် ''စအဒ်'အိဗ်နု'အဗီဝက္ကာဆ်''သခင်တို့၏ 'ဒုအာ'ဆုမွန်တောင်းခံခြင်းအကြောင်း။

''ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုဂျဟ္ရှ်'' သခင်သည် 'အိုဟုဒ်'တိုက်ပွဲ၌ ''ဟဇရသ်စအဒ်အိဗ်နုအဗီဝက္ကာဆ်သခင်အား၊ အို–'စအဒ်' ကျွန်ုပ်တို့နှစ်ယောက် စုပေါင်း၍ လိုရာကို'ဒုအာ'တောင်းခံကြစို့၊ တဦးက ''အာမီးန်''ထူးရမည်။ ဤနည်းဖြင့် 'ကဗူလ်'အတည်ဖြစ်ရန်နီးစပ်သည်။ နှစ်ဦးစလုံးသည် ထောင့်တထောင့်သို့သွား၍ 'ဒုအာ'တောင်းခံကြ၏။

ဦးစွာပထမ ''ဟဇရသ်စအဒ်''က၊ အို–'အလ္လာဟ်'အသျှင်မြတ်၊ မနက်ဖြန် တိုက်ပွဲဖြစ်သော်၊ ကျွန်တော်မျိုးနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် ရန်သူသည် အင်အားဗလနှင့်ပြည့်စုံ၍ တိုက်ရည်

ခိုက်ရည်ရှိသူဖြစ်၍ ကျွန်တော်မျိုးအား ပြင်းပြင်းထန်ထန် ယှဉ်ပြိုင်တိုက်ခိုက်ပါစေ။ ကျွန်တော်မျိုးသည်လည်း ခံစစ်မှ လှန်စစ်အဖြစ်တိုက်၍ အနိုင်ခြီးမြှင့်တော်မူပါ။ ၎င်းရန်သူအား အသျှင့်လမ်းတော်၌ သက်ဖြတ်နိုင်ပါစေ။ ၎င်း၏ ဥစ္စာပစ္စည်းများကို သိမ်းပန်းပစ္စည်းအဖြစ်နှင့် ကျွန်တော်မျိုး ရယူနိုင်ပါစေသားဟု 'ဒုအာ'ဆုမွန်တောင်းခံလေသော် "ဟဇရယ်အဗ်ဒွလ္လာဟ်" သခင်က "အာမီးန်"လက်ခံတော်မူပါ အသျှင်မြတ်ဟု ထူးတော်မူ၏။

ထိုနောက်"အဗ်ဒွလ္လာဟ်အိဗ်နုဂျ်ဟရှ်" သခင်က ဤသို့၊ အို—အလ္လာဟ်အသျှင်မြတ်၊ မနက်ဖြန် ကျွန်တော်မျိုးသည် စစ်မြေပြင်၌ အလွန့်အလွန်စစ်ရည်စစ်ရာကျွမ်းကျင်သည့် သူရဲကောင်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာ၊ နှစ်ဦးနှစ်ဖက်မှ ပြင်းပြင်းထန်ထန်ယှဉ်ပြိုင်ကြ၍ ကျွန်တော်မျိုးအား ထိုသူသည် 'ယှဟီးဒ်'ပြုသည့်ပြင် နှာခေါင်း၊ နား စသည့် အင်္ဂါအစိတ်အပိုင်းများကိုပါ ဖြတ်တောက်ခြင်းခံရပါစေသား။ 'ကိယာမသ်'နေ့၌ ကျွန်တော်မျိုးသည် 'အလ္လာဟ်'အသျှင့်ခြေတော်ရင်းသို့ ဝင်ရောက်သည့်အခါ အသျှင်မြတ်က "အဗ်ဒွလ္လဟ်" မင်း အင်္ဂါအစိတ်အပိုင်းတွေ အဘယ်ကြောင့် ပြတ်နေရသနည်းဟု မေးမြန်းလှာသော်၊ အို—အသျှင်မြတ်၊ အသျှင်နှင့် အသျှင့်'ရစူလ်'လမ်းတော်၌ အဖြတ်ခံရပါကြောင်း လျှောက်ပါအံ့။ ထိုအခါ အသျှင်မြတ်က မှန်လေစွ၊ ငါအသျှင်မြတ်၏ လမ်းတော်၌ အဖြတ်ခံရခြင်းဖြစ်သည်ဟု ထောက်ခံတော်မူပါဟု 'ဒုအာ' ဆုမွန်တောင်းခံသောအခါ "ဟဇရယ်စအဒ်"သခင်က "အာမီးန်" လက်ခံအတည်ပြုတော်မူပါဟု ထူးလေသတည်း။

ဒုတိယာနေ့ တိုက်ပွဲဖြစ်ရာ ထိုပုဂ္ဂိုလ်ကြီးနှစ်ပါးတို့၏ တောင်းခံသည့် 'ဒုအာ'အတိုင်း 'ကဗ္ဗလ်'အတည်ဖြစ်ကြောင်း မျက်ဝါးထင်ထင် မြင်ရလေသည်။

'ဟဇရယ်စအဒ်'သခင်အမိန့်ရှိသည်။ "အဗ်ဒွလ္လာဟ်အိဗ်နုဂျဟရှ်"သခင်၏ "ဒုအာ'ကဗ္ဗလ်" ဖြစ်၏။ 'ဒုအာ'ဆုမွန် ထက်မျက်လှပေသည်။ ညနေစောင်းအချိန်၌ 'အဗ်ဒွလ္လာဟ်'၏ နှာခေါင်း၊ နား စသည့် အင်္ဂါအစိယ်အပိုင်းများကို ကြိုးဖြင့်သီထားသည်ကို မြင်တွေ့ရပါသည်။ 'အိုဟုဒ်' တိုက်ပွဲ၌ လက်သုံးတော်ခါးရှည် ကျိုးသွားသဖြင့် 'နဗီ'တမန်တော်မြတ်က သစ်ကိုင်းတကိုင်း ခြီးမြှင့်ရာ 'အဗ်ဒွလ္လာဟ်'သခင့်လက်၌ ပကတိ ဓားရှည်ဖြစ်သွားပါသည်။ စစ်ပြီးနောက် အချိန်အတန်ကြာ ရှိနေပါသေးသည်။ နောက်သော် ရွှေဒင်္ဂါးနှစ်ရာဖြင့် ရောင်းချရပါသည်ဟု မိန့်တော်မူခဲ့၏။

(ကြည့်-အီဆာဗဟ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤအကြောင်းအရာရှိ ရှုထောင့်တဖက်မှကြည့်လျှင်၊ သူရဲကောင်းပီသကြောင်းကို သူရဲကောင်းရန်သူနှင့်သာ ယှဉ်ပြိုင်လိုကြောင်း။ အခြားရှုထောင့်

တဖက်မှကြည့်လျှင် ရာသက်ပန်တည်ရှိမည့် အချစ်၌လည်း တိတိကျကျ ပြည့်ပြည့် ၀၀ရှိကြောင်း၊ ချစ်သူ၏ လမ်းစခန်း၌ ကိုယ်ခန္ဓာ အစိတ်စိတ်အမွှာမွှာ ဖြစ်လို ကြောင်း မေးမြန်းစုံစမ်းလာသည့်အခါ ချစ်သူအတွက်သာဖြစ်ပါသည်ဟူ၍ ဖြေကားကာ ဤကဗျာ—

رہے گا کوئی تو تیغِ ستم کے یادگاروں میں !
مرے لاشے کے ٹکڑے دفن کرنا سو مزاروں میں

အသံထွက်။ ။ရဟေဂါကုအီသိုသေဂေ စတာမ်ကေယာဒ်ဃာရူး(န)မယ်၊
မေရေလာသျေကေတုက်ရေ ဒဖန်ကရ်နာ စောင်မဇာရူး(န)မယ်။

သဘောတရား။ ။တရားသောစစ် ဆင်နွှဲသဖြင့် ချွန်ထက်သော ဓါး၊ လှံ၊ မြား၊ သေနတ်တို့ဖြင့် တိခိုက်ဒဏ်ရာရ၍ သေဆုံးရပါသော်လည်း၊ လူအများ၏ ရှေ့မှောက်၌ ကျောက်တိုင်ပမာ ရပ်တည်လျက်ရှိပေအံ့။
ကျွန်ုပ်၏ ရုပ်ကလာပ်ကို အပိုင်းပိုင်းတုံးတစ်၍ ရာပေါင်းများစွာသော သင်္ချိုင်းများ၌ မြှုပ်နှံရပါစေသတည်းဟု ဆန္ဒပြုလိုက်ပါ၏။

## ✓ (၂) * အိုဟုဒ်တိုက်ပွဲ၌ ဟဇရဒ်အလီသခင် စွန့်စားတော်မူခြင်းအကြောင်း။

'အိုဟုဒ်'တိုက်ပွဲ၌ 'အစ္စလာမ်'သာသနာ၀င်အပေါင်းတို့သည် အနည်းငယ်အရေးနိမ့်ခဲ့ရသည့် အကြောင်းမှာလည်း 'နဗီ'တမန်တော်မြတ်၏ အမိန့်တော်တရပ်ကို သွေဖီမှုကြောင့်ဖြစ်သည်ကို အခဏ်း(၁)၊ အမှတ်စဉ်(၂)၌ ဖော်ပြခဲ့လေပြီ။

ထိုအချိန်၌ 'အစ္စလာမ်'သာသနာ၀င်အပေါင်းတို့သည် 'ကာဖိရ်'အပေါင်းတို့၏အလယ်တွင် ရောက်ရှိနေလေသည်။ ညှပ်ပိတ်နေကြရလေသည်။ ထို့ကြောင့် အထော်များများမှာ 'ယှဟီးဒ်' အဖြစ်ခံယူကြရလေသည်။ အချို့မှာ တိမ်းရှောင် ပြေးလွှား နေရလေသည်။'နဗီ'တမန်တော်မြတ် (၀စလ္လမ်)ကိုပင် 'ကာဖိရ်'တို့က (နအူဇုဗစ်လ္လာဟ်) 'ယှဟီးဒ်' ပြုလိုက်ကြပြီဟု ဟစ်ကြွေးကြလေသည်။

---

* မဒီနဟ်မြို့တော်အနီး၌ တောင်ကတောင်၏ အမည်ဖြစ်သည်။ ၎င်းတောင်ကို နောက်ခံထား၍ တိုက်ရသော စစ်ပွဲဖြစ်သည်။ သို့ဖြစ်၍ ၎င်းတိုက်ပွဲကို 'အိုဟုဒ်'တိုက်ပွဲဟု အမည်ပေးထားခြင်းဖြစ်သည်။

ဆဟာဗဟ်ကြီးတို့သည် ဤသတင်းကို ကြားရသဖြင့် အလွန်အလွန် သောကမီးတောက် လောင်ကြရလေသည်။ ထိုသတင်းကြောင့် အချို့မှာ တိမ်းရှောင်သွားကြလေသည်။ အချို့မှာလည်း ကစင့်ကလျား ဖြစ်ကြရလေသည်။

“ဟဇရည်’ ‘အလီ”(ရသေ့ယလ္လာဟုသအာလာအန်ဟူ) သခင်အမိန့်ရှိသည်မှာ၊ ‘ကာဖိရ်’ အပေါင်းတို့က ‘အစ္စလာမ်’သာသနာဝင် တို့အား လေးဖက်၊ လေးတန်မှ ဝိုင်းရံလိုက်သော်၊ ‘မုဟာမ္မဒ်’ (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) သခင်သည်လည်း၊ မျက်စိရှေ့မှ ကွယ်ပျောက်သွားလေသည်။ကျွန်ုပ်သည် ‘နဗီ’တမန်တော်အား အသက်ထင်ရှားရှိသူများ၌ ရှာဖွေကြည့်ပါသည်။ မတွေ့ရပါ။ တဖန်‘ယှဟီးဒ်’ဖြစ်သွားသောသူများ၌ရှာဖွေကြည့်ပါသော်လည်း မတွေ့ရပါသဖြင့် မိမိစိတ်၌လည်း တိုက်ပွဲမှ ကိုယ်တော်မြတ် ထွက်ပြေးတိမ်းရှောင်သွားသည်ဟု ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ဘူး။

အကယ်စင်စစ် ‘အလ္လာဟ်’ အသျှင်မြတ်သည်ကျွန်ုပ်တို့ကိုယ်ကျင့်တရားပျက်ပြားမှုကြောင့် အမျက်တော်ထား၍ မိမိတမန်တော်ကိုမူ အာကာသ မိုးကောင်းကင်သို့ ဆောင်ကြဉ်းလိုက်သည်ဖြစ်ရမည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ‘ကာဖိရ်’အပေါင်းတို့ရှိရာ အုပ်စုထဲသို့ အတင်းဝင်ရောက် ထိုးဖောက်၍ ‘ယှဟီးဒ်’ဖြစ်ရသည့်တိုင်အောင်တိုက်ခိုက်အံ့ဟု ရည်သန်၍ လက်သုံးတော်ဓါးရှည်ကို ကိုင်ဆောင်ကာ တိုက်ရင်းနှင့် တိုးဝင်သွားရာ၊ ‘နဗီ’တမန်တော်မြတ်ကို ဖူးမြင်ရလေသော်၊ အတိုင်းမသိ ဝမ်းမြောက် ဝမ်းသာ ဖြစ်မိတော့၏။ကေန်မုချ ‘အလ္လာဟ်’အသျှင်မြတ်သည် ‘မလာအိကဟ်’ ကောင်းကင် တမန်တော်များဖြင့် စောင့်ကြပ်စေတော်မူသည်သာ ဖြစ်ရမည်ဟု တွေးထင်မိပါသည်။

ကျွန်ုပ်သည် ဝမ်းသာအားရဖြစ်ခါ ‘နဗီ’ တမန်တော်အပါးသို့ ချဉ်းကပ်၍ မတ်မတ်ရပ်နေလိုက်ပါသည်။‘ကာဖိရ်’အပေါင်းတို့သည် တမန်တော်မြတ်အား ကွပ်မျက်ရန် တပ်လိုက်ချီ၍ လာကြသည်။ ကိုယ်တော်မြတ်က၊ “အို–‘အလီ”၊ ဤသူတို့အား တွန်းလှန်လော့”ဟု မိန့်တော်မူရာ ကျွန်ုပ်သည် တယောက်တည်း တကိုယ်တည်း ထိုအုပ်စုကြီးကို တွန်းလှန်ပစ်လိုက်ပါသည်။ အချို့ကိုမူ လက်သုံးတော်ဓါးရှည်က အဆုံးအဖြတ်ပေးလိုက်ပါသည်။

ထိုနောက်တဖန် အုပ်စုတစုသည် ကိုယ်တော်မြတ်အား ‘ယှဟီးဒ်’ပြုရန် လာကြပြန်သည်။ ကိုယ်တော်မြတ်က ‘ဟဇရည်အလီ’ သခင်ဖက်သို့ ညွှန်ပြတော်မူရာ၊ ‘ဟဇရည်အလီ’ သခင်သည် တဦးတည်းနှင့် တပ်စုတခုလုံးကို ယှဉ်ပြိုင် တိုက်ခိုက်တွန်းလှန်တော်မူလိုက်ပြန်၏။

ကောင်းကင်တမန်တော် (ဂျိဗ်ရာအီလ်အလိုက်ဟစ္စလာမ်)သခင်သည် သက်ဆင်းလာတော်မူ၍ ‘ဟဇရည်အလီ’ သခင်၏ စွန့်စားမှုကို ချီးကျူးဩဘာပေးသော်၊ ‘နဗီ’ တမန်တော်မြတ်က

إِنَّهُ مِنِّي وَأَنَا مِنْهُ.

ငါကိုယ်တော်မြတ်နှင့် 'အလီ' သည် တသွေးတသားတည်း ဖြစ်သည်ဟု မိန့်ကြားတော် မူလေသည်။

ထိုအခါ ကောင်းကင်တမန်က—

وَأَنَا مِنْكُمَا.

ကျွန်တော်မျိုးသည်လည်း ကိုယ်တော်တို့နှစ်ဦး၌ တဦးအပါအဝင်ဖြစ်ပါသည်ဟု လျှောက်ထားပြန်၏။

(ကြည့်-ကုရ်ရသွလ်အုယူးန်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

တကိုယ်ရည်တည်း တပ်စုကြီး တခုလုံးနှင့် မဆုတ်မနစ်သော လုံ့လဖြင့် ယှဉ်ပြိုင်တိုက်ခိုက် တွန်းလှန်ခြင်း၊ 'နဗီ' တမန်တော်မြတ်ကို မတွေ့ရသဖြင့် မိမိကိုယ်ကိုသေစာရင်းသွင်း၍ 'ကာဖိရ်' အပေါင်းတို့၏ တပ်မဟာကြီးအခုလုံးကို ဘာမထီပြုကာ ဝင်ရောက်ထိုးဖောက်သွားခြင်းသည် တနည်းအားဖြင့် 'နဗီ' တမန်တော်မြတ်အား အလွန့်အလွန် ချစ်ခင်မြတ်နိုးကြောင်း သာဓက တင်လိုက်ခြင်းပင်ဖြစ်သည်။ တနည်းအားဖြင့် မိမိ၏ရဲစွမ်းသတ္တိကိုကဗျည်း ထိုးလိုက်ခြင်းဖြစ်ပေသည်။

### (၃) "ဟဇရသ်ဟန်ဇွဟ်လ" သခင်အား ကောင်းကင်တမန်များက ရေချိုးပေးခြင်းအကြောင်း။

'အိုဟုဒ်' တိုက်ပွဲ၌ 'ဟဇရသ်ဟန်ဇွလဟ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်သည် အစမှ ဝင်ရောက်တိုက်ခိုက်ခြင်းကားမဟုတ်၊ 'နိကာဟ်၊ ရှာဒီ' ဖြစ်နေသည်ဟု ဆိုကြသည်။ မိမိဇနီးနှင့် သွေးချင်းသားချင်း ဆက်ဆံနေသည်။ ထိုနောက် ရေချိုးရန်ပြင်ဆင်နေစဉ် ထိုင်၍ ဦးခေါင်းကို ရေလောင်းနေရာမှာပင် 'အစ္စလာမ်' သာသနာဝင်များသည် စစ်ရေးနိမ့်ကြောင်း သတင်းသည် ရုတ်တရက်ပြန့်နှံ့လေသော်၊ မခံမရပ်ဖြစ်ကာ ဓါးဆွဲ၍ စစ်မြေပြင်သို့တက်ကာ 'ကာဖိရ်' အပေါင်းတို့အား ဖြိုခွင်း၍ နောက်မတွန့်ဘဲ ရှေ့ရှုတိုက်ခိုက်တော်မူလေသည်။ ထိုသို့ပင် 'ယှဟီးဒ်' ကျဆုံးရရှာလေသည်။

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُوْنَ

**အသံထွက်။** ။အင်န္နာလစ်လ္လာဟိ၊ ဝအင်န္နာအိလိုက်ဟိရာဂျိအူးန်။

'ယှဟီးဒ်'သည် အကယ်၍ 'ဂျနုဗ်'တရားတော်အရ ကိုယ်ခန္ဓာမသန့်သူ၊ သို့မဟုတ် ကိုယ်သန့်သူဖြစ်ပါကမူ သေသူအား ရေချိုးပေးရန်မလိုတော့ဘဲ နဂိုမူလအတိုင်း မြေမြှုပ်ပိုင်ခွင့်ရှိသည်။ မြေမြှုပ်ပစ်ကြလေသည်။

တမန်တော်မြတ်သည် "ဟဇရသ်'ဟန်ဇ္ဇလဟ်' သခင်အား 'မလာအိကဟ်' ကောင်းကင်တမန်များက ရေချိုးပေးနေသည်ကို တွေ့မြင်သတိထား၍ 'ဆဟာဗဟ်'ကြီးတို့အား ဟောကြားတော်မူ၏။

"အဗူစအီးဒ်စာအီဒီ"သခင့်အဆို။ ။ကျွန်ုပ်သည် တမန်တော်မြတ်၏ဟောကြားချက်ကိုနာ၍ 'ဟန်ဇ္ဇလဟ်'၏ အလောင်းရုပ်ကလာပ်ကို သွားရောက်ကြည့်ရှုရာ၊ ဦးခေါင်းမှ ရေပေါက်များ ကျနေသည်ကို မြင်တွေ့ရပါသည်ဟူ၏။

'နဗီ'တမန်တော်မြတ်သည် ပြန်လည်ရောက်ရှိလာသောအခါ၊ စုံစမ်းမေးမြန်းတော်မူသော် 'ဆဟာဗီ'ကြီးသည် ရေချိုးမပြီးသေးဘဲ တိုက်ပွဲသို့ ထွက်ခွာသွားကြောင်း သိရှိတော်မူရလေ၏။

(ကြည့်—ကုရ်ရသွလ်အုယူးန်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤသည်လည်း ရဲစွမ်းသတ္တိပြည့်ဝခြင်းပင်တည်း။ သူရဲကောင်းတို့မည်သည်မှာ မိမိအကြံ ကြန့်ကြာခြင်းကိုပင် သည်းမခံနိုင်ကြပေ။ သည်းခံရန် အလွန်ခဲယဉ်းလှပေသည်။ ဤသို့ဖြင့် ရေမိုးချိုးပြီးအောင်မျှအချိန်အထိ မစောင့်ဆိုင်းနိုင်တော့ဘဲ၊ လျင်မြန်စွာ ထွက်ခွာသွားခြင်းဖြစ်ပေသတည်း။

### (၄) ဟဇရသ်အမရ်အိဗ်နုဂျမုဟ်သခင် 'ယှဟာဒသ်'ကို ရယူလိုခြင်းအကြောင်း။

"ဟဇရသ်'အမရ်အိဗ်နု'ဂျမုဟ်"သခင်၏ ခြေတဖက်မှာ ချို့တဲ့နေပေသည်။ 'ဆဟာဗီ'ကြီးမှာ သားလေးယောက်ရှိလေသည်။ သားတော်မြတ်တို့သည် ကိုယ်တော်မြတ်၏ အပါးတော်မြဲများဖြစ်ကြသည်။ တိုက်ပွဲများ၌လည်း ပါဝင်ဆင်နွှဲလေ့ရှိကြလေသည်။

'အိုဟုဒ်'တိုက်ပွဲ၌ "အမရ်'အိဗ်နု'ဂျမုဟ်"သခင်လည်း ပါဝင်ဆင်နွှဲလိုစိတ် ပြင်းပြလာလေသည်။ လူသူအများက သခင်သည် ခြေတဖက် မသန်မစွမ်းဖြစ်နေသည်။ ခြေတဖက်ချို့တဲ့နေသည့်အတွက် သွားလာရန် ခက်ခဲလှသည်။

'ဆဟာဗီ'ကြီးက အဘယ်မျှ ဝမ်းနည်းကြေကွဲစရာဖြစ်မည်နည်း။ ကျွန်ုပ်၏သားများကမူ 'ဂျန္နသ်'သုခဘုံနန်းသို့ ဝင်ရောက်စံမြန်းကြကုန်အံ့။ ကျွန်ုပ်မှာမူ ကျန်ရှိနေအံ့။ ဇနီးကြင်ယာတော်က မခံချင်စိတ် ဝင်စိမ့်လာစေသော်၊ ပြက်ရယ်ပြု၍ ကျွန်ုပ်မတော့ ရှင်တိုက်ပွဲမှပြန်ပြေးလာသည်ကို မြင်သယောင်ယောင်ဖြစ်မိသည်ဟု ပြောသည်ကို 'အမရ်'သခင်သည် လက်နက်များကိုင်စွဲကာ 'ကိဗလဟ်'ဘက်သို့ မျက်နှာမူ၍—

اَللّٰهُمَّ لَا تَرُدَّنِىْ اِلٰى اَهْلِىْ

အို—'အလ္လာဟ်'အသျှင်၊ ကျွန်တော်မျိုးအား မိမိအိမ်သူအိမ်သားများဖက်သို့ ပြန်လည်ဆောင်ကြဉ်းတော်မမူပါနှင့်ဟု 'ဒုအာ'ဆုတောင်းခံတော်မူလေသည်။

'နဗီ'တမန်တော်မြတ်အပါးတော်သို့ဝင်ရောက်၍ မိမိသားချင်းတို့က တားမြစ်ကြကြောင်းကိုလည်းကောင်း၊ မိမိစိတ်ဆန္ဒ ပြင်းပြခြင်းကိုလည်းကောင်း၊ မိမိမှာ ဤသို့ ခြေမသန်စွမ်းပဲလျက် 'ဂျန္နသ်'သုခဘုံနန်းသို့ ဝင်ရောက်လိုကြောင်း စသည်များကို ဖွင့်ဟလျှောက်ထားလေသည်။ တမန်တော်မြတ်က 'အလ္လာဟ်'အသျှင်မြတ်သည် အသင့်အား ခွင့်ပြုချက် ပြုထားတော်မူသည်။ သင်မသွားပါသော်လည်း ကိစ္စမရှိကြောင်း အမိန့်ရှိတော်မူသည်။ 'ဆဟာဗီကြီး'က ထပ်ဆင့်တောင်းခံလာသဖြင့် ကိုယ်တော်မြတ်က ခွင့်ပြုတော်မူလိုက်၏။

"ဟဇရသ်အဗူသွလ်ဟာဟ်"သခင်အဆို။ ။ကျွန်ုပ်သည် 'အမရ်'သခင်အား စစ်မြေပြင်၌ ရင်ကိုကော့၍သွားနေသည်ကိုမြင်တွေ့ရသည်။ ထိုနောက် အသျှင့်'ကစမ်'၊ ကျွန်ုပ် သည်လည်း 'ဂျန္နသ်'သုခဘုံကို မက်မောသူဖြစ်သည်ဟု ဟစ်ကြွေးနေသည်ကို ကြားသိရသည်။ သားတော်တပါးကလည်း နောက်မှပြေးလိုက်သွားလေသည်။ သူရဲကောင်းနှစ်ဦးတို့သည် တိုက်ရင်းခိုက်ရင်း * 'ယှဟာဒသ်'ကိုရယူကြလေသည်။

اِنَّا لِلّٰهِ وَاِنَّآ اِلَيْهِ رَاجِعُوْنَ

**အသံထွက်။** ။(အင်နာလိလ္လာဟိဝအင်န်နာ အေလိုက်ဟိရာဂျေအူးန်)

ဇနီးသည်သည် ခင်ပွန်းနှင့် သားတော်တို့၏အလောင်းကို ကုလားအုတ်ပေါ်တင်၍ မြေမြှုပ်ရန် 'မဒီနဟ်'မြို့တော်ဖက်သို့မောင်းနှင်လာရာ၊ ကုလားအုတ်သည်ထိုင်ချလိုက်၏။ ခက်ခဲစွာ

---

*** အစ္စလာမ့်သာသနာအတွက် အသက်ပေးသွားခြင်းဟု အနက်ဆောင်သည်။**

နှင့် ကုလားအုတ်ကိုထစေ၍ 'မဒီနဟ်'သို့ယူလာရန် ကြိုးစားပါသော်လည်း၊ 'အိုဟုဒ်'ဘက်သို့ ရှေးရှုထွက်သွားလေသည်။ ဇနီးဖြစ်သူက ကိုယ်တော်မြတ်ထံလာရောက်၍ အကျိုးအကြောင်းကို လျှောက်တင်လေ၏။ 'နဗီ'တမန်တော်မြတ်က ကုလားအုတ်ကိုမူ ဤသည်အတိုင်းပင် အမိန့်ရှိခဲ့လေသလောဟု မိန့်ကြားတော်မူ၍ တဆက်တည်းမှာပင် 'အမရ်'သွားခါနီး တစုံတရာပြောခဲ့ပါသလောဟု မေးမြန်းတော်မူလိုက်၏။ ဇနီးသည်က 'ကိဗလဟ်'ဖက်သို့မျက်နှာမူ၍—

اَللّٰهُمَّ لَا تَرُدَّنِيْ إِلٰى أَهْلِيْ

'ဒုအာ'ဆုတောင်းခံသွားပါသည်ဟု ပြန်လည်လျှောက်ထားလေသည်။

ကိုယ်တော်မြတ်က ထိုအကြောင်းကြောင့်သာ ကုလားအုတ်သည် ၎င်းဖက်သို့ မသွားခြင်းဖြစ်သည်ဟု အမိန့်တော်ရှိလေ၏။

(ကြည့်-ကုရ်ရသွလ်အူယူးန်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤသည်ကို 'ဂျန္နသ်' သုခဘုံနန်း၏ မက်မောခြင်းမည်၏။ ဤသည်ကိုပင် အသျှင်မြတ်နှင့် အသျှင့်တမန်တော်အား ချစ်မြတ်နိုးခြင်းလည်း မည်၏။ ထိုသည်တို့ကြောင့်သာ 'ဆဟာဗီ'ကြီးတို့သည် အဘယ်မှအဘယ်သို့ ရောက်ရှိကြလေသနည်း။ ထိုပုဂ္ဂိုလ်တို့၏ စိတ်ဓါတ်တက်ကြွမှုသည် သေသည့် နောက်ပင် ငြိမ်းအေးလေ့မရှိခဲ့ပေ။ အတတ်နိုင်ဆုံးကြိုးစား၍ ကုလားအုတ်ကို မောင်းနှင်ကြသည်။ သို့သော် ကုလားအုတ်သည် လှဲချလိုက်သည်။ သို့တည်းမဟုတ် 'အိုဟုဒ်' ဘက်သို့ ရှေ့ရှုသွားလေတော့သည်။

## (၅) ဟဇရသ်မုဆ်အဗ်အိဗ်နုအုမိုင်းရ်သခင်ယှဟီးဒ်ဖြစ်ခြင်းအကြောင်း။

"ဟဇရသ်မုဆ်'အဗ်အိဗ်နုအုမိုင်းရ်" (ရသွေ့ယလ္လာ ဟုသ အာလာအန်ဟူ) သခင်သည် 'အစ္စလာမ်' သာသနာတော်သို့ မဝင်ရောက်မီ အလွန်ချစ်ချစ်ခင်ခင် ယုယုယယ စည်းစိမ်ကြီးစွာဖြင့် ကြီးပြင်း၍ သူဌေးသားတဦးဖြစ်ခဲ့သည်။ ဖခင်သည် သားတော်အား *'ဒိရ်ဟမ်' နှစ်ရာမျှ တန်ဘိုးရှိသော အဝတ်အထည်များကို ဝယ်၍ ဆင်မြန်းလေ့ရှိခဲ့သည်။

*အာရေဗျနိုင်ငံသုံးငွေ မြန်မာငွေ ၂၅ ပြားခန့် တန်ဘိုးရှိသော ငွေကြေးပမာဏဖြစ်သည်။

အသက်အရွယ် နုပျိုစဉ်၌ စည်းစိမ်ဘုံနန်း၌ ကြီးပြင်းလာခဲ့ရလေသည်။ 'အစ္စလာမ်' သာသနာတော် ပွင့်သစ်စအချိန်ကာလမှာပင် အိမ်သူအိမ်သားများကို အသိမပေးပဲ လျှို့ဝှက်စွာ 'အစ္စလာမ်'သာသနာတော်ကို လက်ခံထားရှိလေသည်။

တယောက်သောသူက အိမ်သူအိမ်သားတို့အား အကြောင်းသတင်း ပေးလိုက်သဖြင့်၊ ကြိုးဖြင့်တုပ်နှောင်၍ အိမ်အတွင်း၌ အကျဉ်းချထားကြလေသည်။ ရက်လအတန်ကြာ ဤနည်းဖြင့် နေရလေသည်။ အခွင့်သင့်သော် ထွက်ပြေးတိမ်းရှောင်နေလိုက်ရ၏။ 'အစ္စလာမ်' သာသနာဝင်အချို့ 'အီသီယိုပီးယား' (ယခင်အဗီးစီးနီးယားဟုခေါ်သည်) သို့ သာသနာရေးခရီး ထွက်ကြရာ လိုက်ပါသွားလေသည်။ ထိုမှပြန်လာ၍ 'မဒီနဟ်'သို့ သာသနာရေးခရီးဆက်ထွက်တော်မူလိုက်၏။ ဆင်းရဲကြီးစွာနှင့် သာသနာရေး၌ လေးစားလျက် အသက်မွေးဝမ်းကျောင်း ဆင်းရဲခြင်းဘဝမှာမူ ကမ်းကုန်လေသည်။

အခါတပါး၌ တမန်တော်မြတ်သီတင်းသုံးနေထိုင်တော်မူစဉ်၊ 'ဟဇရသ်မုဆ်အဗ်'အိဗ်နု' အိုမိုင်းရ်" (ရသွေ့) သခင်သည် ရှေ့တော်မှဖြတ်လာလေ၏။ သခင်လေး၌ ခြုံစောင်တထည်သာ ရှိလေသည်။ နေရာအနှံ့အပြား၌ အပေါက်များပေါက်နေသည်။ တနေရာ၌ အပေါက်ကို အဝတ်စဖြင့် ဖါစရာမရှိသဖြင့် ဆိတ်သားရေဖြင့် ဖါထေးထားသည်ကို မြင်တွေ့ရသော်၊ ကိုယ်တော်မြတ်က၊ ယခင်အခြေအနေနှင့် ယခုအခြေအနေကို နှိုင်းယှဉ်၍ဟောကြားရင်း မျက်အိမ်၌ မျက်ရည်များဖြင့် လျှံတက်လာလေသည်။ မျက်ရည်ဝဲလာလေသည်။

'အိုဟုဒ်တိုက်ပွဲ၌'မူဟာဂျေရီးန်' အပေါင်းတို့၏ တံခွန်သည် 'မုဆ်အဗ်'သခင်လက်တော်၌ ရှိ၏။ 'အစ္စလာမ်'သာသနာဝင်များသည် စစ်ရေးနိမ့်၍ ကစဉ့်ကလျားဖြစ်နေစဉ်၊ ဤပုဂ္ဂိုလ်သည် မိမိနေရာ၌ မားမားမတ်မတ် ရပ်နေတော်မူခဲ့လေသည်။ 'ကာဖိရ်'တယောက်က အနားသို့ ချဉ်းကပ်၍ မိမိဓါးရှည်ဖြင့် တအားလွှဲ၍ တံခွန်ကိုင်ထားသည့်လက်ကို ခုတ်ဖြတ်လိုက်သော်၊ကျန်ရှိနေသေးသည့် အခြားလက်ဖြင့်ကိုင်ထား၏။

'ကာဖိရ်'က အခြားလက်ကိုပါဖြတ်လိုက်သော်၊ လက်မောင်းတိုကလေး နှစ်ဖက်ဖြင့် ရှေ့ရင်မှာကပ်လျက် လဲမကျသွားစေရန် ဖိညှပ်ထားတော်မူလိုက်လေ၏။

ထိုနောက် သူယုတ်မာက မြားဖြင့်ပစ်ခွင်းသဖြင့် 'ယှဟီးဒ်'အဖြစ်ခံယူရလေသည်။သို့သော် ရပ်နှင့်နာမ် နှစ်ခု ဒွန်တွဲနေသမျှ ကာလပတ်လုံး အလံတံခွန်ကို မြေသို့မခရန် ကာကွယ်ခဲ့ပေသည်။

ထိုနောက် အလံတံခွန်တော်သည် မြေခအုံ့ဆဲဆဲ၌ အခြားပုဂ္ဂိုလ်တဦးက ယူဆောင်လိုက်လေသည်။ 'ဆဟာဗီ'အား မြှုပ်နှံသောအခါ 'ကဖန်'အတွက် ခြုံထည် စောင်တထည်သာရှိသည်။

ထိုစောင်မှာလည်း လုံလုံလဲလဲ မဟုတ်ပေ။ အကယ်၍ ဦးခေါင်းကို ဖုံးအုပ်လိုက်သော်၊ ခြေပေါ်သွားလေ့ရှိသည်။ ခြေထောက်ကို ဖုံးအုပ်လိုက်သောအခါ ဦးခေါင်းပေါ်သွားလေ့ရှိသည်။ တမန်တော်မြတ်သည် ခြုံစောင်ကို ဦးခေါင်းဖက်သို့ လုံအောင်ခြုံပေး၍ ခြေရင်းဖက်၌ * 'အိဇ်ခရ်'မြက်ဖြင့် ဖုံးအုပ်လေလော့ဟု မိန့်ကြားတော်မူလိုက်၏။

(ကြည့်–ကုရ်ရသွလ်အုယူးန်+အိဆာဗဟ်)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

✓ ဤသည်ကား မျက်မှောက်လောက၏ နောက်ဆုံး အခြေအနေဖြစ်သည်။ တချိန်က ယုယုယယ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ စည်းစိမ်ယစ်လျက်၊ နှစ်ရာတန် အထည်များကိုသာ ဆင်မြန်း၍နေလာသူသည် ယနေ့'ကဖန်'အတွက်ခြုံထည်စောင် တခုတောင် လုံလုံလဲလဲ မရှိခဲ့ပေ။ သို့သော်လည်း ဇွဲသတ္တိကြီးစွာဖြင့် အောင်လံတံခွန်တော်ကိုမူ မြေခခွင့် မပြုခဲ့ပေ။

တတ်စွမ်းသမျှ ကာကွယ်စောင့်ရှောက်ခဲ့လေသည်။ လက်နှစ်ဘက်စလုံး ပြတ်သွားပါသော်လည်း အားမလျှော့ခဲ့ပေ။ အကြီးအကျယ် ရွှေဘုံပေါ်မှာ စံခဲ့ရသူဖြစ်သည်။ သို့သော် 'အီမာန်' ယုံကြည်မှုတရားသည် ထိုထိုသော ပုဂ္ဂိုလ်တို့၏ အသည်းနှလုံးစပ်ကြား၌ မားမားမတ်မတ် စိုက်ထူလျက်ရှိနေသည်။ ✓ထိုပုဂ္ဂိုလ်သည် လောကီရေးရာကိစ္စအဝဝကို စွန့်ပယ်၍ မိမိနောင်ရေး (ဝါ)လောကုတ္တရာရေးကိုသာ ရှေ့ရှုတော်မူခဲ့လေရှိပေသတည်း။

## (၆) ယရ်မူးက်တိုက်ပွဲ၌စအဒ်သခင်၏စာချွန်တော်။

** 'အီရားက်'သို့စစ်ချီရာ၌ သမ္မတကြီး'ဟဇရသ်အုမရ်'သခင်(ရသွေ့)ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွဲရန်ကြံရွယ်ခဲ့သည်။ မင်းချင်အပေါင်းတို့နှင့် လူထုပရိသတ်တို့သည်နေ့ရက်အတန်ကြာ ဆွေးနွေးကြရလေသည်။ 'ဟဇရသ်အုမရ်' သခင် (ရသွေ့)သည် တိုက်ပွဲ၌ ပါဝင်ဆင်နွဲသင့်ပါသလား၊သို့တည်းမဟုတ် 'မဒီနဟ်'မြို့တော်မှနေ၍ စစ်တပ်များကိုစုဆောင်း စေလွှတ်ခြင်းသည် သင့်ပါသလောဟု အခြေအတင် ဆွေးနွေးကြလေသည်။ လူထုအပေါင်းတို့က ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွဲခြင်းသည် သာ၍ သင့်ပါသည်ဟု အဆိုရှိကြသည်။မင်းချင်းတို့ (ဝါ)ပညာရှင် ကဝိမော်တို့'မဒီနဟ်' မြို့တော်၌ နေပြီး စီမံဆောင်ရွက်ခြင်းသည် သာ၍ သင့်မြတ်လှပါသည်ဟု အဆိုပြုကြလေသည်။

---

* အာရဗ်နိုင်ငံ၌ ပေါက်သော မြက်တမျိုး၏ အမည်ဖြစ်သည်။

** 'အီရားက်' = အာရှတိုက် အနောက်တောင်ပိုင်းကုန်းတွင် နိုင်ငံ တနိုင်ငံဖြစ်သည်။ 'ဆီးရီးယား'နိုင်ငံ၏အရှေ့ဖက် 'အီရာန်' နိုင်ငံ၏ အနောက်ဖက်နှင့်"စအူဒီအာရေဗျ"နိုင်ငံ၏ မြောက်ဖက်တွင် တည်ရှိသည်။ မြို့တော်မှာ (ဘဂ်ဒါဒ်) ဖြစ်သည်။( Ira¡ )

အခြေအတင် ဆွေးနွေးနေစဉ်"ဟဇရတ်စအဒ်'အိဗ်နု' အဗိဝက္ကာဆ်" (ရသွ.) သခင့် အကြောင်းပါ ထည့်သွင်း စဉ်းစားကြလေသည်။ "ဟဇရတ်စအဒ်"သခင်ကို အများကနှစ်သက် ကြလေသည်။ထိုပုဂ္ဂိုလ်ကို စေလွှတ်ခဲ့သော်၊သမ္မတကြီး "ဟဇရတ်အုမရ်" သခင်ကိုယ်တိုင် ကိုယ် ကျ သွားရန် မလိုတော့ကြောင်း အဆိုရှိလေသည်။

"ဟဇရတ်စအဒ်"သခင်သည် သူရသတ္တိနှင့် ပြည့်စုံသူတဦး ဖြစ်သည်။ ဤပုဂ္ဂိုလ်သည် အာရဗ်လူမျိုးတို့၏ ကျား၊ခြင်္သေ့ဟူသည့်ဘွဲ့များကို ရယူထားသူများအနက် တဦးတပါးအဝင် ဖြစ်ပေသည်။ နောက်ဆုံး အများသဘောတူ 'ဟဇရတ်စအဒ်' သခင့်ကိုစေလွှတ်လိုက်ကြလေသည်။

* 'ကာဒီစီယဟ်'မြို့ကိုတိုက်ခိုက်ရန် ရောက်ရှိလေသော်၊ 'ရောမ' ဘုရင် 'ကစ္စရာ' သည် စစ်သေနာပတိချုပ် 'ရုစ်တွမ်း' ကို ယှဉ်ပြိုင်တိုက်ခိုက်ရန် သတ်မှတ် ညွှန်ကြားလိုက်လေသည်။ 'ရုစ်တွမ်'သည် ဘုရင့်အပါးတော်သို့ အကြိမ်ကြိမ် လျှောက်ထားသည်မှာ၊ကျွန်တော်မျိုးအား နန်း တွင်းမှနေ၍ စီမံခန့်ခွဲ အုပ်ချုပ်ခွင့်ပြုတော်မူပါဟု လျှောက်ထားလေသည်။ မိမိရှုံးကြောက်နေ ကြောင်းကိုမူ ဖွင့်ဟ၍ မပြောပေ။ သို့သော်"ယဇ်ဒ်ဂျုရ်ဒ်" အမည်ရှိ ဘုရင်က လက်မခံပေ။ နောက်ဆုံးမတတ်သာသဖြင့် တိုက်ပွဲသို့ ပါဝင်ဆင်နွှဲရလေသည်။

(ကြည့်-အရှဟရ်ကျမ်း)

ဟဇရတ်"စအဒ်"သခင် စစ်ချီတော်မူသောအခါ၊ သမ္မတကြီး 'ဟဇရတ်အုမရ်' သခင်က အမှာစကား ပြောကြားတော်မူသည်။ 'စအဒ်'–သင်သည်ကား ငါသည် တမန်တော်'မုဟမ္မဒ်' (ဝစလ္လမ်) သခင့်ဦးကြီးတော်ဖြစ်သည် ဟူ၍လည်းကောင်း၊ တမန်တော်မြတ်၏ 'ဆဟာဗီ' ဖြစ် သည်ဟူ၍လည်းကောင်းမရောင့်ရဲလေနှင့်။ 'အလ္လာဟ်'အရှင်မြတ်သည် မကောင်းမှုကို ကောင်းမှု ဖြင့် ချေလေ့မရှိချေ။ အကယ်စင်စစ်မှာ မကောင်းမှုကို ကောင်းမှုဖြင့်သာ ချေလေ့ရှိသည်။

✓ 'အလ္လာဟ်'အရှင်မြတ်နှင့် 'ဗန္ဒဟ်'တို့ စပ်ကြား၌ ဆွေမျိုးတော်စပ်မှုမရှိချေ။ ✓အရှင့်ထံ တော်၌ ကျိုးနွံမှု ခယမှုသာလျှင် အနှစ်သက်ဆုံး ဖြစ်တော်မူသည်။ ✓ အရှင့်ထံတော်အပါး၌ ဂုဏ်မြင့်သူ၊ဂုဏ်နိမ့်သူ နှစ်ပါးစလုံး အတူတူပင်ဖြစ်သည်။ဝေနေယျ အလုံးစုံတို့သည် အရှင်မြတ် ၏ ကျေးကျွန်များသာဖြစ်ကြသည်။ ထိုအရှင်သည် ဝေနေယျာ အပေါင်းတို့၏ အရှင်သခင် ဖြစ်သည်။ ✓ထိုအရှင့်ဆုတော် လာဘ်တော်များကို ခယရိုကျိုးမှုဖြင့်သာ ရယူနိုင်သည်။

✓ လုပ်ငန်းဆောင်တာ ဟူသရွေ့၌ ကိုယ်တော်မြတ်၏ လမ်းစဉ်နှင့်အညီ ချိန်ကိုက်ကြည့် ရမည်။ ကိုက်ညီမှသာ ကျင့်ဆောင်ရမည်။ ကျွန်ုပ်၏ ဤမှာကြားချက်ကို အထူးဂရုပြုလော့။

---

* 'ကာဒီစီယဟ်' သည် 'ကူဖဟ်'မြို့အနီးရှိ ကျေးရွာတရွာဖြစ်ခဲ့သည်။

အဆွေတော်အား အလွန်ကြီးလေးသည့် တာဝန်တရပ်ကို ထမ်းဆောင်ရန် စေလွှတ်ခြင်းခံရသည်။ အန္တရာယ်ကင်းငြိမ်းမှုသည် အမှန်တရားကို လိုက်နာမှုသာ ရရှိပေမည်။ မိမိကိုယ်ကိုလည်းကောင်း၊ ရဲဘော် ရဲဘက်များအားလည်းကောင်း အကျင့်သိက္ခာ ရှိလာအောင်ဖန်တီးလော့။ 'အလ္လာဟ်' အသျှင်မြတ်အား (အခါခပ်သိမ်း)ကြောက်ရွံ့ပါလော့။ 'အလ္လာဟ်' အသျှင်မြတ်အား ရွံ့ကြောက်ခြင်းသည် အကြောင်းနှစ်ရပ်၌သာတွေ့ရှိနိုင်သည်။ (၁)'အလ္လာဟ်' အသျှင် အမိန့်တော်ကိုနာခံခြင်း။ (၂) အပြစ်ဒုစရိုက်မှ ကျဉ်ရှောင်ခြင်းစသည်များဖြစ်သည်။

'အလ္လာဟ်' အသျှင်မြတ်၏ အမိန့်ကိုနာခံခြင်းသည် မျက်မှောက်လောကကို မှန်တီးခြင်းနှင့် လောကုတ္တရာ'အာခေရသ်'ကို ခင်တွယ်မှုဖြင့်သာ ရယူနိုင်ခဲ့သည်။ (ဝါ)လောကီကို ပဓါန မထားဘဲ လောကုတ္တရာအရေးကိုသာ ပဓါနထားသူသာလျှင် 'အလ္လာဟ်' အသျှင့်အမိန့်တော်ကို နာခံလေ့ရှိသည်။

(ကြည့်–အရှ်ဟာရ်ကျမ်း)

ထိုနောက်'ဟာဇရသ်စအဒ်'သခင်သည် ရှင်ပြစ္စာဖြင့် စစ်တပ်ကို စုဆောင်း၍ ရှေ့သို့စစ်ချီတော်မူလေသည်။ အဖြစ်အပျက်ကို ကျွန်ုပ်တို့သည် ဗိုလ်မှူးချုပ် 'ဟာဇရသ်စအဒ်' သခင်က တဖက်ရှိ စစ်သေနာပတိချုပ် 'ရုစ်တွမ်'ထံသို့ ပို့သော စာချွန်တော်ဖြင့် သိရှိနိုင်ပေသည်။ ထိုစာချွန်တော်၌–

فَاِنَّ مَعِيَ قَوْمًا يُحِبُّوْنَ الْمَوْتَ كَمَا يُحِبُّوْنَ
الْاَعَاجِمُ الْخَمْرَ،

အဓိပ္ပါယ်။ ✓။မုချကေန် ကျွန်ုပ်နှင့်ပါလာသော ရဲမက်ဗိုလ်ပါတို့သည် အဂျမီလူမျိုးတို့ (ဝါ) အသင်တို့၊ အရက်ကိုကြိုက်နှစ်သက်ကြသည့်အလား သေခြင်းတရားကို နှစ်သက်ကြသည်၊ မြတ်နိုးကြသည်။

(ကြည့်–သဖ်စီရ်အဇီဇီကျမ်း ပထမတွဲ)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

✓ ယစ်ထုတ်တို့အား အရက်သေစာ၌ အဘယ်သို့သောအရသာ ရှိသနည်းဟု မေးစမ်းကြလော့။ အကြင်သူတို့သည် သေခြင်းတရားကို ဤရွေ့ဤမျှ ချစ်ခင်နှစ်သက်သည်ရှိသော်၊ အောင်မြင်မှုတို့သည် ခြေမဖက်ပဲအဘယ်သို့ နေနိုင်အံ့နည်း။

## (၄) အိုဟုဒ်တိုက်ပွဲ၌ ဟဇရသ်ဝဟဗ်အိဗ်နုကာဗူးစ်သခင် ယှဟီးဒ်ဖြစ်ခြင်းအကြောင်း။

'ဟဇရသ် *ဝဟဗ်အိဗ်နုကာဗူးစ်' သခင်သည်'ဆဟာဗီ'တပါးဖြစ်သည်။ အကြင် အချိန်တချိန်က'အစ္စလာမ်'သာသနာကိုလက်ခံယုံကြည်၍တောကျေးရွာရှိမိမိအိမ်ဂေဟာ၌နေလေသည်။ သိုးဆိတ်များကို ထိန်းကျောင်းလေ့ရှိသည်။ မိမိတူတော်မောင်နှင့်အတူ သိုးဆိတ်များကိုကြိုးဖြင့်ချည်၍ ဆွဲယူလျက်'မဒီနဟ်' မြို့တော်သို့ ရောက်ရှိလာသောအခါ၊ကိုယ်တော်မြတ် နဗီတမန်တော်အဘယ်သို့မြန်းတော်မူလေသနည်းဟုမေးမြန်းသောအခါ၊ ကိုယ်တော်မြတ်သည်'အိုဟုဒ်'တိုက်ပွဲသို့ ပါဝင်ဆင်နွှဲနေကြောင်း သိရသောအခါ မဆိုင်းမတွချက်ခြင်း နေရာ၌ သိုးဆိတ်များကိုထားခဲ့၍ တမန်တော်မြတ်ထံသို့ ရောက်ရှိလာလေသည်။

'ထိုအချိန်၌ 'ကာဖစ်ရ်' အပေါင်းတို့၏ တပ်စုတစုသည် ကိုယ်တော်မြတ်ရှိရာသို့ ရှေ့ရှုလာနေသည်ကို မြင်တော်မူ၍ အကြင်သူသည် ဤတပ်စုကို ဖြိုခွင်းတွန်းလှန်ခဲ့သော်၊ ထိုသူသည် 'ဂျန္နသ်' သုခဘုံနန်း၌ ငါကိုယ်တော်မြတ်၏ အဆွေတော်ဖြစ်အံ့ဟု မိန့်ကြားတော်မူရာ၊ 'ဟဇရသ်ဝဟဗ်အိဗ်နုကာဗူးစ်' သခင်သည် မိမိလက်သုံးတော် ဓါးရှည်ဖြင့် အားလုံးကို ဖြိုခွဲတွန်းလှန်လိုက်လေသည်။ ထိုနည်းတူစွာ ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်များနှင့်ကြုံတွေ့ရလေသည်။ 'နဗီ'တမန်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)က ဆဟာဗီကြီးအား 'ဂျန္နသ်'၏သတင်းကောင်းပါးတော်မူလေ၏။ ၎င်းသတင်းကိုကြားရ၍ အားတက်သရောဖြစ်ခါ 'ကာဖစ်ရ်' အပေါင်းတို့၏ အုပ်စုထဲသို့ အတင်းဝင်ရောက် တိုက်ခိုက်ရင်း 'ယှဟီးဒ်' အဖြစ်ကို ခံယူရရှာလေ၏။

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُونَ

"ဟဇရသ်စအဒ်'အိဗ်နု'အဗီဝက္ကာဆ်' သခင်၏ အဆိုတရပ် ရှိသည်။ ကျွန်ုပ်သည် 'ဟဇရဟ်ဝဟဗ်' သခင်၏ စွမ်းစွမ်းတမံတိုက်ခိုက် ပါဝင်ဆင်နွှဲခဲ့သည်ကို မည်သည့်တိုက်ပွဲ၌မျှ မတွေ့မမြင်ဘူးခဲ့ပါ။ 'ယှဟီးဒ်'ဖြစ် ကျဆုံးသောအခါ ကိုယ်တော်မြတ်သည် ခေါင်းရင်းမှာ မတ်မတ်ရပ်၍ 'အလ္လာဟ်'အသျှင်မြတ်သည် သင့်အားကြည်ဖြူပါစေသား။ ကျွန်ုပ်သည်သင့်အားကြည်ဖြူနှစ်မျို့တော်မူသည်ဟု မိန့်ကြားတော်မူကာ၊ မိမိမှာ ပြင်းထန်သည့် ဒဏ်ရာ ရရှိနေစေကာမူ၊ ကိုယ်တိုင်ကိုယ်ကျ'ဆဟာဗီ'ကြီးအား မြေမြှုပ်ဒဖန် ပြုတော်မူလိုက်သည်။

'ဟဇရသ်အုမရ်' သခင့်အဆို။ ။ကျွန်ုပ်သည် မည်သူ၏ လုပ်ဆောင်မှုကိုမျှ အားမကျခဲ့ပါ။ သို့သော် 'ဝဟဗ်'၏လုပ်ဆောင်ချက်ကိုမူ အားမကျပဲမနေနိုင်ခဲ့ပါ။ ကျွန်ုပ်သည်'ဝဟဗ်'၏

---

* အချို့ကျမ်းဂန်များ၌ ဝဟဗ်အိဗ်နုကာမူးစ်ဟုပါရှိသည်။

လုပ်ဆောင်ချက် ကောင်းမှုကုသိုလ်မျိုးကို ယူဆောင်၍ 'အလ္လာဟ်' အသျှင့် အပါးတော်သို့ ဝင်ရောက်ခစားလိုပါသည်ဟု ပြောကြားတော်မူလေသည်။

(ကြည့်-အီဆာဗဟ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ထိုပုဂ္ဂိုလ်အပေါ်အားကျခြင်းမှာ ထူးခြားသည့် လုပ်ဆောင်ချက်ကြောင့်သာ အားကျရခြင်း ဖြစ်သည်။ အခြား အခြားသော အကြောင်းအရာများ အနေနှင့်လည်း 'ဟဇရသ်အုမရ်' သခင်သည် လည်းကောင်း၊ အခြားသော 'ဆဟာဗီ'ကြီးများသည်လည်းကောင်း အသီးသီးအကြောင်းထူးများကို ဆောင်ရွက်ခဲ့ကြလေသည်။

## (ဂ) ဗိရ်ရေမအူးနဟ်တိုက်ပွဲ၌ ဆဟာဗီအပါးပေါင်း ခုနစ်ဆယ် 'ယှဟီးဒ်' ဖြစ်ရခြင်းအကြောင်း။

✓'ဗိရ်ရေမအူးနဟ်'တိုက်ပွဲသည် အလွန်ထင်ပေါ်ကျော်ကြားသည့် တိုက်ပွဲဖြစ်လေသည်။ ထိုတိုက်ပွဲ၌ 'ဆဟာဗီ' အပါးပေါင်း ခုနစ်ဆယ်တို့သည် တဦးမကျန် 'ယှဟီးဒ်'ဖြစ် ကျဆုံးရလေသည်။ ထိုပုဂ္ဂိုလ်တို့သည်'ကာရီ'(ဝါ) ကျမ်းမြတ်'ကုရ်အာန်'ကိုတတ်သိကျွမ်းကျင်၍ကောင်းစွာ ဖတ်ကြားနိုင်သူများ ဖြစ်ကြသည့်ပြင်၊ 'ဟာဖိဇ်' ကျမ်းမြတ်ကို အာဂုံဆောင်ထားသူများလည်း ဖြစ်ကြလေသည်။ အချို့ အနည်းငယ်မှအပ ကျန်အားလုံးမှာ * 'အန်ဆာရ်'များ ဖြစ်ကြလေသည်။

ကိုယ်တော်မြတ်သည် ဤအုပ်စုကို အလွန်ချစ်ခင်လေးစားတော်မူသည်။ အဘယ်ကြောင့်ဆိုသော်၊ ဤအုပ်စုဝင်တို့သည် ညအချိန်၌ 'အလ္လာဟ်'အသျှင်မြတ်အား တသခြင်း၊ ကျမ်းမြတ် 'ကုရ်အာန်'ရွတ်ဖတ်ခြင်းဖြင့် အချိန်ကုန်စေကြသည်။ နေ့အချိန်မှာ နဗီတမန်တော်မြတ်၏ ကြင်ယာတော်များ၏ အိမ်တွင်းလုပ်ငန်းများ၊ ဥပမာ- ထင်းခွေပေးခြင်း၊ ရေခပ်ပေးခြင်း၊ ဈေးဝယ်ပေးခြင်း စသည့်အလုပ်များကို လုပ်ဆောင်ပေးလေ့ရှိသည်။ ဤအချစ်တော်အဖွဲ့ဝင်တို့ကို'နဂ်ဒ်'၌ နေသူ 'အာမိရ်'မျိုးနွယ်ဝင်အမည်မှာ "အာမိရ်အိဗ်နမာလစ်က်"အနွယ်ထွသည့သူမှာ 'အဗူဗရ်ရာအ်'ဖြစ်သူသည် မိမိနှင့်တပါတည်းလိုက်၍ သာသနာပြန့်ချီရေးနှင့်တရားဓမ္မဟောကြားပါရန် တာဝန်ယူခေါ်ဆောင်သွားလေသည်။

'နဗီ'တမန်တော်မြတ်က ငါကိုယ်တော်မြတ်၏အကြည်တော်များ ဘေးသင့် ရန်ခံ မည်ကို စိုးရိမ်တော်မူသည်ဟု မိန့်ကြားသောအခါ၊ ထိုသူက နှစ်သိမ့်အားပေးစကား လျှောက်ထားလေ

---

* 'မဒီနဟ်'မြို့နေရှာခံဖြစ်၍ 'မက္ကဟ်'မြို့မှ သာသနာရေးခရီးထွက်လာသူတို့အား အထောက်အကူပြုသူကို 'အန်ဆာရ်' ဟု ခေါ်သည်။

သော်၊ ကိုယ်တော်မြတ်သည် သဝဏ်လွှာတစောင်ကို "အာမိရ်"မျိုးနွယ်ဝင်တို့၏ ခေါင်းဆောင်ဖြစ်သူ "အာမိရ်အိဗ်နုသိုဖိုင်လ်"သို့ 'ဆဟာဗီ'အပေါင်း ခုနစ်ဆယ်နှင့် တပါးတည်းထည့်ပေးလိုက်လေသည်။ သဝဏ်လွှာ၌ 'အစ္စလာမ်' ဘက်သို့ ဖိတ်ခေါ်ထားလေသည်။ ဤပုဂ္ဂိုလ်တို့သည် 'မဒီနဟ်'မြို့တော်၌ 'ဗိရ်ရေမအူနဟ်'အမည်ရှိ နေရာသို့ ရောက်ကြသော် စခန်းချ ရပ်နားကြလေသည်။

"ဟဇရသ်အုမရ်အိဗ်နုအုမိုင်ယဟ်"သခင်နှင့် "ဟဇရသ်မွန်ဇိရ်" နှစ်ပါးတို့သည် ပါလာသမျှကုလားအုတ်များကို ထိန်းကျောင်းရန် မောင်းနှင်သွားကြလေသည်။

'ဟဇရသ်ဟိရာမ်' (ရသွေ့)သခင်သည်လည်း အဆွေတော်နှစ်ပါးကို ခေါ်ဆောင်၍ "အာမိရ်အိဗ်နုသိုဖိုင်လ်"ထံသို့ နဗီတမန်တော်မြတ်၏ သဝဏ်လွှာပေးပို့ရန် ထွက်သွားကြလေသည်။ အနားသို့ရောက်ကြသောအခါ "ဟဇရသ်ဟိရာမ်" (ရသွေ့) သခင်က၊ အဆွေတော်တို့၊ ဤနေရာ၌ ဆိုင်းငံ့နေကြပါလော့။ ရှေ့သို့ ကျွန်ုပ် ဆက်သွားပါမည်။ ကျွန်ုပ်အား မည်သို့မျှ အန္တရာယ်မပြုခဲ့သော်၊ အဆွေတော်တို့ လိုက်လာကြလော့။ သို့တည်းမဟုတ် အန္တရာယ်ပြုခဲ့သော် ပြန်သွားကြပါလော့။ တဦးသေဆုံးခြင်းသည် သုံးဦးသေဆုံးခြင်းထက် ပို၍ သင့်လျော်ပါသည်ဟု ပြောကြားလေသည်။

'အာမိရ်အိဗ်နုသိုဖိုင်လ်'အမည်ရှိ ခေါင်းဆောင်လာရောက်ခေါ်ဆောင်သူသည်'အာမိရ်အိဗ်နုမာလိက်' ၏ တူအရင်းဖြစ်သည်။ ထိုသူသည် 'အစ္စလာမ်' သာသနာရေးကို လည်းကောင်း၊ 'အစ္စလာမ်' သာသနာဝင် တို့ကို လည်းကောင်း အလွန်ရန်မူ အမုန်းထားသူတဦး ဖြစ်သည်။ 'ဟဇရသ်ဟိရာမ်'သခင်က သဝဏ်လွှာပေးလိုက်သော်၊ ကြမ်းကြုတ်သောအမူအရာဖြင့် သဝဏ်လွှာ ဖတ်မကြည့်တော့ဘဲ လှံဖြင့်အားကုန်လွှဲ၍ "ဟဇရသ်ဟိရာမ်"သခင်အား ထုတ်ချင်းပေါက်အောင် ထိုးပစ်လိုက်လေသည်။ သခင်ကြီးသည်။

فُزْتُ وَرَبِّ الْكَعْبَةِ

ကအ်ဗတ်ကျောင်းတော်၏ အသျှင် 'ကဗမ်'၊ ကျွန်ုပ်သည် အောင်မြင်မှုကို ရလေပြီဟု နှုတ်လျှာမှထွက်လာ၍ အသျှင့်အမိန့်တော်ကို ခံယူသွားလေသတည်း။

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُونَ

ထိုသူသည် သံတမန်တို့ကိုသတ်ဖြတ်ခြင်းကိုရှေးစွ၊ ဘေးသင့်စေခြင်းကိုပင်လုပ်ပိုင်ခြင်းမရှိသည်ကိုလည်း ဂရုမမူ၊ မိမိဘထွေးတော်က အာမခံတာဝန်ယူ ခေါ်ဆောင်လာခြင်း ကိုလည်း ဒုရေးမယူ ဂရုမထားပေ။ "ဟဇရတ်ဟိရာမ်" (ရသွေ့)သခင်အား "ယှဟီးဒ်)လုပ်၍ မိမိအမျိုးသားတို့အား စုစည်းစေ၏။စည်းရုံး၍ 'အစ္စလာမ်'သာသနာဝင်တို့အားတယောက်မကျန် အကုန်သတ်ဖြတ်လော့ဟု အမိန့်ထုတ်လိုက်လေသည်။ သို့သော် လူသူအများတို့သည် "အဗူဗရ်ရာအ်"၏ အာမခံတာဝန်ယူခဲ့မှုကြောင့် ရှေ့နောက်တွေဝေစဉ်းစားနေကြလေသည်။

ထိုအခါ ဤလူယုတ်မာသည် အိမ်နီးချင်းအမျိုးသားအုပ်စုတို့အား အကူအညီတောင်းခံ၍ စုစည်းလိုက်လေသည်။ ကြီးမားလှသည့်အုပ်စုကြီးနှင့် 'ဆဟာဗီ' ခုနစ်ဆယ်ခန့်တို့ ယှဉ်ပြိုင်တိုက်ခိုက်ကြရလေသည်။ ဤ'ဆဟာဗဟ်'တို့သည် အဘယ်မျှ ယှဉ်ပြိုင်တိုက်ခိုက် နိုင်ပါအံ့နည်း။ 'ကာဖိရ်'ရန်သူအပေါင်းတို့သည် လေးဘက်လေးတန်မှဝိုင်းရံထားလိုက်ကြလေသည်။ လေးဘက်လေးတန်မှ ညှပ်ပိတ်၍ တိုက်ခိုက်ကြသဖြင့် အားလုံးတို့မှာ "ယှဟီးဒ်"အဖြစ် ကျဆုံးကြရလေသည်။

إِنَّا لِلَّهِ وَإِنَّا إِلَيْهِ رَاجِعُونَ

"ဟဇရတ်ကအဗ်အိဗ်နုဇိုက်ဒ်" ကိုမူ သေဆုံးပြီထင်မှတ်၍ ထားပစ်ခဲ့ကြ လေသည်။ 'ဟဇရတ်မွန်ဇိရ်'သခင်နှင့် "ဟဇရတ်အုမရ်'သခင်တို့သည် ကုလားအုတ်ထိန်းကျောင်းရန် သွားနေကြသည်။နှစ်ဦးစလုံး မိုးကောင်းကင်သို့ မော်ကြည့်ကြရာ ငှင်းတ ကောင်များပျံဝဲနေကြသည်ကို မြင်တွေ့ကြရလေသည်။ ပုဂ္ဂိုလ်နှစ်ဦးစလုံးတို့သည် အကြောင်းတခုခုနှင့် ရင်ဆိုင်ကြလေဟန်တူသည်ဟုပြောကြားရင်း လာ၍ကြည့်ရာ မမျှော်လင့်ဘဲ အားလုံးမှာ 'ယှဟီးဒ်'ဖြစ် ကျဆုံးကြရလေသည်ကို တွေ့ရလေသည်။ ရန်သူတို့သည် သွေးများပေကျံလူးလိမ်းနေသည့် ဓါးရှည်များကို မြဲမြံစွာကိုင်ဆောင်၍ အစီးအနင်းများဖြင့် လှည့်ပတ်နေကြသည်ကို မြင်တွေ့ရပြန်လေသည်။ ဤအခြင်းအရာကိုတွေ့ရသောအခါ အချင်းချင်းတိုင်ပင်ဆွေးနွေးကြလေသည်။

"ဟာဇရတ်အုမရ် 'အိဗ်နု' အုမိုင်ယဟ်"သခင်က ပြန်ကြ၍ 'နဗီ' တမန်တော် မြတ်အား အကြောင်းသတင်းပို့ လျှောက်ကြစို့ဟု ပြောလှာ၏။ 'ဟဇရတ်မွန်ဇိရ်' သခင်က သတင်းအကြောင်းမှာကြားရပါလိမ့်မည်။ ကျွန်ုပ်မှာမူ ဤမျှမွန်မြတ်လှသည့် "ယှဟာဒတ်"ကို လက်မလွှတ်ချင်ဘူး၊ ဤနေရာမှ သာသနာ့ညီနောင်တို့ကို စွန့်၍မသွားချင်ဘူး။

ရန်သူများကိုတိုက်ခိုက်၍ သာသနာ့ ညီနောင်များနှင့် တွေ့ဆုံကြစို့ဟု ပြောလာလေသည်။ နှစ်ဦးစလုံးတို့သည် ရန်သူများရှိရာသို့ သွားရောက်တိုက်ကြရာ၊ 'ဟဇရတ်မွန်ဇိရ်' သခင်သည် 'ယှဟီးဒ်'ဖြစ်ကျဆုံးလေသည်။ "ဟဇရတ်အုမရ်အိဗ်နုအုမိုင်ယဟ်" သခင်သည် လက်ရအဖမ်းခံလိုက်ရလေသည်။ အကြောင်းအားလျော်စွာ၊ "အာမိရ်'အိဗ်နု'သိုဖိုင်လ်"၏ မိခင်သည် ကျွန်တပါးကို သူကောင်းပြုပါမည်ဟု အဓိဋ္ဌာန်ပြုထားသဖြင့် သခင်ကြီးအား အဓိဋ္ဌာန်အရ သူကောင်းပြုလိုက်လေသည်။

(ကြည့်–အစ္စလာမ်ကျမ်း)

ဤပုဂ္ဂိုလ်တို့အနက် 'ဟဇရတ်အဗူဗက်ရ်' သခင်၏အကျိုးဆောင်ဖြစ်သူ "ဟဇရတ်အာမိရ် 'အိဗ်နု'ဖိုဟိုင်ရဟ်"(ရသွေ့) သခင်လည်း ပါရှိလေသည်။ 'ဟဇရတ်အာမိရ်"(ရသွေ့)သခင်အား သတ်သူဂျဗ္ဗာရ်အိဗ်နုစလ်မာ'ပြောကြားသည်မှာ– ကျွန်ုပ်တို့သည် ဤပုဂ္ဂိုလ်အား လှံဖြင့်ထိုး၍ 'ယှဟီးဒ်'ဖြစ် ကျဆုံးစေသော်၊

فُزْتُ وَرَبِّ الْكَعْبَةِ

အသျှင့်'ကစမ်'၊ ငါအောင်မြင်ပြီဟု နှုတ်လျှာမှ ထွက်လာသဖြင့် အံ့မဆုံးဖြစ်ခါ၊ ဟိုဟိုဒီဒီကြည့်ယင်း မိုးကောင်းကင်သို့ မော်ကြည့်မိရာ၊ ဤသူ၏အလောင်းရုပ်ကလာပ်သည် မိုးကောင်းကင်သို့ တက်ကြွနေသည်ကို မြင်မိရပါသည်။ နောင်သောအခါ ကျွန်ုပ်သည် အခြားသူတို့အား မေးမြန်းကြည့်ပါသည်။

အကြောင်းမှာ ကျွန်ုပ် လှံနှင့်ထိုးသတ်လိုက်သဖြင့် သေဆုံးရသူသည် အသျှင့်'ကစမ်'၊ အောင်မြင်ပြီဟုဆိုခြင်းမှာ အဘယ်အရာဖြင့် အောင်မြင်ရလေသနည်းဟု မေးမြန်းရာ ထိုသူတို့က 'ဂျန္နသ်'၏ အောင်မြင်ခြင်းဟု ဖြေကြားခဲ့ပါသည်။ ထိုအဖြေကို ရရှိသဖြင့်၊ ကျွန်ုပ်လည်း မဆိုင်းမတွ ချက်ခြင်း 'အစ္စလာမ်'သာသနာကို လက်ခံယုံကြည်လိုက်ပါသည်ဟု ဖြေကြားသည်။

(ကြည့်—ခမီးစ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤသို့သောပုဂ္ဂိုလ်တို့ဖြင့် 'အစ္စလာမ်' သာသနာတော်သည် ရဲရဲဝန့်ဝန့်ကြီး ဂုဏ်ယူခဲ့သည်။မုချကေန် ဤပုဂ္ဂိုလ်တို့သည်မရဏသေခြင်းတရားကို ယစ်ထုတ်တို့က အရက်ကိုကြိုက်နှစ်သက်ကြသည်ထက် ပို၍ ကြိုက်နှစ်သက်ကြပေသည်။ မျက်မှောက် လောကဓာ်ဒုစရိုက်ကို ရှောင်၍ သာသနာရေးအတွက်အသက်စွန့်ကိုးပမ်းခဲ့သော်၊ ထိုသို့သော် သူတို့အဖို့ 'အလ္လာဟ်' အသျှင့်ထံတော်၌ မျက်နှာပန်းလှလှဖြင့် ဝင်ရောက်ခစားရမည်မှာ ပုံသေပင်ဖြစ်သည်။ ထိုကြောင့်'ယှဟီးဒ်'ဖြစ်သေဆုံးသောသူတို့သည် အောင်မြင်မှုကို အပြည့်အဝ ယူထားသူများ ဖြစ်ကြသည်။

ဟာဇရသ်အုမိုင်ရ်သခင့်အဆို။ **။စွန်ပလွံသီးစားသုံးနေခြင်းသည် ဂျန္နသ် သုခဘုံနန်းသို့ ဝင်ရောက်ရန် ခရီးဖင့်နှေးသည်။**

(၉) 'ဘဒ်ရ်'တိုက်ပွဲ၌နဗီတမန်တော်မြတ်(ဝစလ္လမ်)သည်ရှက်ထည်တဲ၌ သီတင်းသုံး နေထိုင်တော်မူသည်။ ကိုယ်တော်မြတ်က 'ဆဟာဗီ'ကြီးတို့အား ရှေ့သို့တက်ကြလော့၊ မိုးမြေမက ကျယ်ပြန့်လှသော 'ဂျန္နသ်'သုခဘုံနန်းသို့ ရှေ့ရှုကြလော့။ ထို'ဂျန္နသ်'သည် 'မွတ္တကီ' သာသနာရေး လေးစားလိုက်စားသူတို့အဖို့သာ ဖြစ်သည်ဟု မိန့်ကြားတော်မူသည်။

"ဟာဇရသ်အုမိုင်ရ်'အိဗ်နု'ဟမ္မာမ်"(ရသေ့) သခင်သည် နားဆင်တော်မူ၍ ကောင်းလေစွ၊ ကောင်းလေစွဟု မြည်တမ်းနေသောအခါ၊ နဗီတမန်တော်မြတ်က မည်သည့်အကြောင်းကြောင့် ကောင်းလေစွ၊လဲဟု မေးမြန်းတော်မူလိုက်သောအခါ၊ 'ဆဟာဗီ'ကြီးက၊ အို-အသျှင့်'ရစူလ်'တမန်တော်၊ ကျွန်တော်မျိုးသည်လည်း သူတို့စာရင်းတွင် ပါဝင်ချင်ပါသည်ဟု ပြောကြားလျှောက်ထားရာ၊ 'နဗီ'တမန်တော်မြတ်သည် သင်သည်လည်း ပါဝင်သည်ဟု မိန့်ကြားတော်မူလေသည်ကို ကြားနာ၍ အိတ်တွင်းမှ စွန်ပလွံသီး အနည်းငယ်ထုတ်ယူစားသုံးနေရင်း စွန်ပလွံသီးကိုစားသုံးနေခြင်းသည် 'ဂျန္နသ်'ကိုသွားရန် ခရီးဖင့်နှေးကြန့်ကြာသည်။

အဘယ်မျှ စောင့်ဆိုင်းနေရမည်နည်းဟု ပြောပြောဆိုဆို စွန့်ပစ်၍ လက်သုံးတော် ဓါးရှည်ကို ကိုင်ဆောင်ကာ ရန်သူအုပ်စုထဲသို့ဝင်၍ အသက်ဆုံး 'ယှဟီးဒ်'အဖြစ်ကို ခံယူလိုက်လေသတည်း။

(ကြည့်–သွဗ်ကာသေအိဗ်နုစအဒ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

အမှန်တကယ် ဤပုဂ္ဂိုလ်တို့သာလျှင် 'ဂျန္နသ်' သုခဘုံနန်းကို တန်ဘိုးထားသူများ ဖြစ်ကြသည်။ 'ဂျန္နသ်'ကို အပြည့်အဝ ယုံကြည်သူများ ဖြစ်ကြသည်။ အကယ်၍ ကျွန်ုပ်တို့သည်လည်း အပြည့်အဝ ယုံကြည်လာလျှင်၊ ပြည့်ပြည့်ဝဝ တိတိကျကျ ယုံကြည်မှုလက်ခံရရှိလာလျှင်၊ အခက်အခဲဟူသမျှမှာ ပျောက်ကွယ်ကာ လွယ်ကူမှုသည် ပွင့်လင်းဆန်းသစ်လာပေအံ့။

## (၁၀) ဟာဇရသ်အုမရ်(ရသေ့)သခင်၏ဟိဂျရသ် သာသနာ့ခရီးထွက်ခြင်းအကြောင်း။

'ဟာဇရသ်အုမရ်'(ရသေ့)သခင်အကြောင်းကိုမူ အထူးဖေါ်ပြစရာမလိုလှပေ။ ကလေးသူငယ်များကပင်သခင်ကြီး၏ ရဲစွမ်းသတ္တိ၊ဗျတ္တိ စွမ်းရည်ပကာဓကိုသိရှိနားလည်ထားကြပေသည်။

'အစ္စလာမ်'သာသနာ ပွင့်သစ်စအခါသမယ၌'အစ္စလာမ်သာသနာဝင်တို့သည် အခြေအနေအရ အင်အားချိနဲ့နေကြရလေသည်။

✓ 'နဗီ'တမန်တော်မြတ်ကိုယ်တိုင် 'အစ္စလာမ်' သာသနာ့အင်အား တောင့်တင်းလာစေရန် 'အုမရ်'သခင်၊ 'အစ္စလာမ်သာသနာဝင် ဖြစ်လာပါစေသားဟု ဆုမွန်'ဒုအာ' တောင်းခံခဲ့သည်။ 'ဒုအာ'လည်း 'ကဗူလ်'ဖြစ်ခဲ့သည်။

"ဟဇရဿ်အဗ်ဒုလ္လာဟ်'အိဗ်နု'မတ်(စ်)အူး ဒ်" သခင် အဆိုပြုသည်မှာ၊ ကျွန်ုပ်တို့သည် 'အုမရ်' သခင် 'အစ္စလာမ်' သာသနာဝင်ဖြစ်မလာမီ 'ကအ်ဗဟ်' ဝတ်ကျောင်းတော်အနီးသို့ ချဉ်းကပ်၍ နမာဇ်ဝတ်ပြုနိုင်ခြင်းငှာ မတတ်စွမ်းကြသေးပေ။

'ဟဇရဿ်အလီ' (ရသ္ဒေ့) သခင့်အဆို။ ။ဦးစွာပထမ သူသူငါငါ အားလုံးတို့သည် လျှို့ဝှက်၍ 'ဟိဂျ်ရဿ' သာသနာ့ခရီးထွက်ခဲ့ကြ၏။သို့သော် 'ဟဇရဿ်အုမရ်' (ရသ္ဒေ့)'ဟိဂျ်ရဿ' သာသနာ့ခရီးထွက်ရန် ကြံရွယ်ခဲ့သောအခါ၊ ဓါးလွယ်ကိုလည်တွင်ဆွဲထား၏။ ဒူးလေးကိုလက်တွင်ဆောင်ထား၏။ မြှားအမြောက်အမြားကိုဆောင်၍ ဦးစွာပထမ 'ဗလီ' ဝတ်ကျောင်းတော်သို့သွား၏။ အေးအေးဆေးဆေး စိတ်ပြေလက်ပြေနှင့် 'သွဝါဖ်' လှည့်ပတ်၏။ တဖန် စိတ်အေးချမ်းသာစွာဖြင့် 'နမာဇ်' ဝတ်ပြုသည်။ ထိုနောက် 'ကာဖစ်ရ်' အပေါင်းတို့ ရှိရာသို့ သွား၍ မိခင်အားငိုကြွေးစေချင်သူ၊ ဇနီးမိန်းမအား မုဆိုးမ ဖြစ်စေချင်သူ၊ သားသမီးတို့အား 'ယသီးမ်' ဖြစ်စေချင်သူတို့သည် 'မက္ကာဟ်' မြို့ပြင်ထွက်လိုက်ခဲ့၍ ငါနှင့်ယှဉ်ပြိုင်တိုက်ခိုက်ကြလော့ဟု အုပ်စုအသီးသီးတို့အား အလှည့်ကျ သွားရောက်၍ ဟစ်ကြွေးတော် မူခဲ့လေသည်။ သို့သော် မည်သူ့ဘဦးတယောက်မျှ နောက်မှမလိုက်ဝံ့ကြချေ။

## (၁၁) မူးသဟ်တိုက်ပွဲဖြစ်ခြင်းအကြောင်း။

နဗီတမန်တော်မြတ် (ဝစလ္လမ်)သခင်သည် ပြည့်ရှင်ဘုရင်၊ ဘုရင်ခံ၊မင်းအသီးသီးတို့အား 'အစ္စလာမ်' သာသနာပြန့်ပွားရေးဖက်သို့ ဖိတ်ကြားစာ သဝဏ်လွှာပေးပို့ခဲ့လေသည်။

ထိုသဝဏ်လွှာများအနက်၊ သဝဏ်လွှာတလွှာကို "ဟဇရဿ်ဟာရစ်ဆ်'အိဗ်နု'အုမိုင်းရ် အိဇ်ဒီ" သခင်ဖြင့် 'ဗဆ်ရာ'၏ ဘုရင်ထံသို့ပေးပို့လိုက်လေသည်။ 'ဟာရစ်ဆ်' သခင်'မူးသဟ်' သို့ ရောက်ရှိသောအခါ 'ကိုင်ဆရ်' ဘုရင်မင်းချင်းတဦးဖြစ်သူ"ယှရဟ်ဗိလ်'ဂတ်စ္စာနီ" က 'ယှဟီးဒ်' ပြုလိုက်လေသည်။ သံတမန်တို့ကို သတ်ဖြတ်ခြင်းသည် နိုင်ငံအသီးသီး၏ကျင့်ထုံးကိုဖေါက်ဖျက်ရာ ရောက်သည်။ နဗီတမန်တော်မြတ်သည် အကြောင်းသတင်းကို ကြားရလျှင် အလွန်အလွန် စိတ်ဒုက္ခရောက်ရရှာလေသည်။ ကိုယ်တော်မြတ်သည် စစ်သည်ရဲမက်တော်သုံးထောင်ကိုစုစည်း၍

"ဟဇရတ်ဇိုက်ဒ်'အိဗ်နု'ဟာရီဆဟ်" သခင်အား တပ်မှူးအဖြစ် ခန့်အပ်တော်မူလိုက်လေသည်။ ထို့နောက် ကိုယ်တော်မြတ် (ဝစလ္လမ်)ကအကယ်၍ "ဇိုက်ဒ်'အိဗ်နု'ဟာရီဆဟ်"တိုက်ပွဲ၌ 'ယှဟီးဒ်' ဖြစ် ကျဆုံးခဲ့သော်၊ "ဂျအ်ဖရ်'အိဗ်နု'အဗီသွာလစ်ဗ်"သခင်သည် တပ်မှူးတာဝန်ကို ထမ်းဆောင်ရမည်။ ဤပုဂ္ဂိုလ်လည်း 'ယှဟီးဒ်'ဖြစ်ခဲ့သော် "အဗ်ဒုလ္လာဟ်'အိဗ်နု' ရဝ္ဂါဟဟ်" ဆက်ခံရမည်။ ဤပုဂ္ဂိုလ်လည်း 'ယှဟီးဒ်'ဖြစ်ခဲ့သော်၊ 'အစ္စလာမ်'သာသနာ့ဝင် အပေါင်းတို့က ကြိုက်နှစ်သက်သူအား တပ်မှူးအဆင့်ကို ဆက်ခံစေလော့ဟု မိန့်မှာတော်မူလိုက်လေသည်။

'ရဟူဒီ'တယောက်သည် နဗီတမန်တော်မြတ်၏ မိန့်မှာချက်ကိုကြားနာ၍၊ဤသုံးဦးတို့သည် တိုက်ပွဲ၌ကျဆုံးမေအံ့။ ယခင့်ယခင် နဗီတမန်တော် (ဝစလ္လမ်)တို့၏ဟောကိန်းများသည် ဤသို့ပင် အစဉ်အလာဖြစ်ခဲ့ပေသည်ဟု ပြောလေသည်။

နဗီတမန်တော်မြတ်သည်အဖြူရောင်ရှိ အလံတံခွန်တော်တခုကို 'ဟဇရတ်ဇိုက်ဒ်' (ရသွေ့) အား အပ်နှင်းတော်မူ၍ အုပ်စုတစုနှင့် မြို့ပြင်သို့ မိမိကိုယ်တိုင် ပို့ဆောင်ရန် ကြွမြန်းတော်မူလေသည်။ လိုက်လံပို့ဆောင်သူများ ပြန်လာသည့်အခါ ကိုယ်တော်မြတ်သည် သူရဲကောင်းရဲမက်တို့အဖို့ 'ဒုအာ'တောင်းခံတော်မူသည်။ 'အလ္လာဟ်' အသျှင်မြတ်သည် ကျွန်တော်မျိုး၏ အကြည်တော်တို့အား ဘေးမသီရန်မခပဲ အောင်ပန်းကိုဆွတ်ခူးလျက် ပြန်လည်ပို့ဆောင်ပါစေ၊ မကောင်းမှု ဘေးအန္တရာယ် အပေါင်းမှလည်း ဖယ်ရှားတော်မူပါစေသားဟု ဆုပန်တော်မူ၏။

"ဟဇရတ်အဗ်ဒုလ္လာဟ်'အိဗ်နို'ရဝါဟဟ်" သခင်က အဖြေပေးသဘောဖြင့် တေးထပ် ၃-ပုဒ်ကို သီဆိုလေသည်။ ၎င်း၏အဓိပ္ပါယ်မှာ- ကျွန်တော်မျိုးသည် မိမိအပြစ်ဒုစရိုက်များမှ လွတ်ငြိမ်းချမ်းသာခွင့် ပြုပါရန် အသျှင့်ထံဆုပန်ပါ၏။ ထို့နောက် အလွန်ထက်မျက်လှသည့် ဓါးဒဏ်ရာ၊ ၎င်းဒဏ်ရာဖြင့် သွေးများဖြာထွက်ပါစေ၊ပန်းထွက်ပါစေ၊ သို့တည်းမဟုတ်အဲမောင်းလှံကြီး စသည့် လက်နက်သည် စူးဝင်၍ အသဲနှလုံးသည်းပွတ်များကို ဖောက်ထွင်းသွားပါစေသား။ လူအများသည် ကျွန်တော်မျိုး၏သင်္ချိုင်းအနီးမှ ဖြတ်သန်းသွားကြသည့်အခါ 'အလ္လာဟ်' အသျှင်မြတ်သည် သင် * 'ဂါဇီ'အားအောင်မြင်မှုချီးမြှင့်ပါစေသား၊ အကယ်စင်စစ် သင်သည် အောင်မြင်မှု၏ဆုံးခန်းသို့ ရောက်ချေပြီဟူ၏။

ထိုသို့ပြောကြား 'ဒုအာ'တောင်းခံ၍ ခရီးဆက်ထွက်ခဲ့ကြလေသည်။ "ယှရဟ်ဗိလ်" သည်လည်း အကြောင်းသတင်းကို ရရှိထားလေပြီ။ ၎င်းသည် စစ်သည်ရဲမက်တသိန်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် စိုင်းပြင်းနေလေသည်။ 'အစ္စလာမ်' သာသနာ့ဝင်တို့ ရှေ့ရှု ခရီးထွက်ကြသောအခါ ရောမဘုရင်မင်းကိုယ်တိုင် စစ်သည်ရဲမက်တသိန်းကိုခေါ်ဆောင်၍ စစ်ချီလာကြောင်း

---

* 'ဂါဇီ' အစ္စလာမ့်သာသနာရေးတိုက်ပွဲ၌ အောင်ပွဲခံ၍စစ်ပြန်ကို 'ဂါဇီ'ဟု ခေါ်သည်။ တိုက်စဲ၊တိုက်ရန်ရှိသူကို 'မုဂျာဟစ်ဒ်' ဟု ခေါ်သည်။

သတင်းရကြလေသည်။ ဤပုဂ္ဂိုလ်တို့သည် ဤသို့သောသတင်းကိုကြားရသဖြင့် အကြံအိုက်နေကြလေသည်။ဤရွှေ့ဤမျှ ကြီးလေးသောတပ်ကြီးနှင့် ယှဉ်ပြိုင်တိုက်သင့်ပါသလော။သို့တည်းမဟုတ်နဗီ တမန်တော်မြတ်ထံသို့ အကြောင်းသတင်းပေးခြင်းသည် သင့်ပါသလောဟု တွေးဇဝေနေကြလေသည်။

✔ "ဟဇရတ်အဗ်ဒုလ္လာဟ် 'အိဗ်နု' ရဝါဟဟ်" သခင်က ဟစ်အော်၍ အို....အချင်းတို့သင်တို့သည်အဘယ်အရာကို ရှုံကြောက်နေကြသနည်း။ အသင်တို့ မည်သည့်ရည်ရွယ်ဖြင့် ထွက်လာကြလေသနည်း။ သင်တို့၏ရည်ရွယ်ချက်သည် 'ယှဟီးဒ်'ဖြစ် ကျဆုံးရန်ပင်မဟုတ်ပါလော။ ကျွန်ုပ်တို့သည် အရေအတွက်ကို အားကိုး အားထားလေ့ ရှိကြသူတွေမဟုတ်၊ ကျွန်ုပ်တို့သည် သာသနာရေးအတွက် ဂုဏ်ဒြပ်ရခဲ့ကြသည်။ ၎င်းသာသနာရေး အတွက်သာ တိုက်ခိုက်ကြသည် မဟုတ်ပါလော။

✔ ရှေ့တိုးကြလော့၊အောင်မြင်မှုနှစ်ခုအနက် တခုတော့သေချာသည်။ ယင်းအောင်မြင်မှုနှစ်ခုမှာ 'ယှဟာဒတ်' သို့မဟုတ် အောင်နိုင်ခြင်းဖြစ်သည်ဟု ဟောကြားရာ၊'အစ္စလာမ်' သာသနာဝင်တို့သည် အထက်ပါ အမိန့်တော်ကိုကြားနာကြ၍ ကြုံ့ခိုင်လာကြသည်။ စိတ်အားထက်သန်လာကြလေသည်။ ရှေ့သို့စစ်ချီတက်ကြရာ 'မူးသဟ်' နေရာသို့ရောက်သော် စတင်တိုက်ခိုက်ကြရလေသည်။

"ဟဇရတ်ဇိုက်ဒ်"(ရသေ့) သခင်သည်အလံတံခွန်ကို ကိုင်ဆောင်ကာ စစ်မြေပြင်သို့ရောက်ရှိလာလေသည်။ တိုက်ပွဲသည် အလွန်ပြင်းထန်လေသည်။ "ယှရဟ်ဗိလ်"၏ညီသည် တိုက်ပွဲ၌ကျဆုံးလေသည်။ နောက်လိုက် ရဲမက်တို့သည်လည်း ဦးတည့်ရာသို့ တိမ်းရှောင်ကြလေသည်။ 'ယှရဟ်ဗိလ်'ကိုယ်တိုင်လည်း ထွက်ပြေးတိမ်းရှောင်၍ မြေကတုတ်တခုတွင် ဝင်ရောက်ပုန်းအောင်းနေလေသည်။ ထိုနောက်'ဟီရက်လ်' ဘုရင်ထံ လူလွှတ်၍ စစ်ကူတောင်းခံလေသည်။ ဘုရင်ကစစ်သည်ရဲမက်နှစ်သိန်းခန့်စေလွှတ်လိုက်သဖြင့်တိုက်ပွဲမှာပြင်းပြင်းထန်ထန်ဖြစ်နေလေသည်

✔ "ဟဇရတ်ဇိုက်ဒ်" သခင်သည် 'ယှဟီးဒ်' ဖြစ် ကျဆုံးရရှာလေသည်။ ဆက်လက်၍ 'ဟဇရိသ်ဂျအ်ဖရ်'သခင်က အလံတံခွန်တော်ကို ထိန်းဆောင်တော်မူလိုက်၏။ နောက်ဆံမတင်းစေရန် မိမိစီးတော်မြင်း၏ ခြေထောက်များကို ခုတ်ဖြတ်တော်မူလိုက်လေ၏။ ထိုနောက်တေးထပ်အနည်းငယ် ရွတ်ဖတ်လိုက်၏။ အဓိပ္ပါယ်မှာ၊ အို-အချင်းတို့ 'ဂျန္နသ်' သုခ ဘုံနန်းသည် အဘယ်မျှကောင်းလေသနည်း။၎င်းအနီးသို့ ချည်းကပ်ရခြင်းသည် အဘယ်မျှမွန်ရည်လှသနည်း။

'ဂျန္နသ်'ဘုံနန်း၏ သောက်သုံးရေသည် အဘယ်မျှ အေးမြ ချိုဆိမ့်သနည်း။ ရောမမြို့သူပြည်သားတို့အပေါ် ကပ်ကြီးဆိုက်ကပ်ရန် အချိန်ကျရောက်လေပြီ။ ထိုသူတို့အား သတ်ဖြတ်ချေ

မှုန်းပစ်ရန် ဒို့အပေါ်၌ တာဝန်ကျရောက်လာလေပြီ။ ယခင်ကပင် နောက်ဆံ မတင်းရအောင် မိမိ စီးတော်မြင်း၏ ခြေထောက်များကိုမူ ခုတ်ဖြတ်ခဲ့လေပြီ။မဟုတ်လော။လက်သုံးတော်ဓါးရှည်ကို ဆွဲကိုင်ကာ 'ကာဖိရ်'အပေါင်းတို့ရှိရာ အုပ်စုအတွင်းသို့ ထိုးဖေါက်ဝင် ရောက်သွားလေသည်။

မိမိမှာ ခေါင်းဆောင်ဖြစ်သည့် အားလျော်စွာ အလံတံခွန်ကိုလည်း လကျ်ာလက်၌ ကိုင်ဆောင်ထားရလေသည် 'ကာဖိရ်' အပေါင်းတို့က လကျ်ာလက်ကို ခုတ်ဖြတ်လိုက်သောအခါ လက်ဝဲလက်ဖြင့်အလံတော်ကို ထိန်းကိုင်ထားတော်မူလိုက်လေ၏။'ကာဖိရ်' တို့က လက်ဝဲလက်ကိုလည်း ခုတ်ဖြတ်လိုက်သော် ကျန်လက်တိုကလေးများနှင့် ပါးစပ်ကပါ ကိုက်ကာအလံတံခွန်တော်ကို ထိန်းကြပ်တားပြန်သည်။ ရန်သူတယောက်က နောက်မှနေ၍ နှစ်ပိုင်းခုတ်ဖြတ်လိုက်သဖြင့် လဲကျသွား၍သက်တော် သုံးဆယ့်သုံးနှစ်တွင်'ယှဟာဒသ်'ကို ရယူသွားရရှာလေသည်။

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُونَ

"ဟဇရသ်အဗ်ဒုလ္လာဟ်'အိဗ်နို'အုမရ်"(ရသွေ့) သခင့်အဆိုကျွန်တော်သည် ရုပ်ကလာပ်အလောင်းများကို ရှာဖွေသယ်မသောအခါ"ဟဇရသ်ဂျအ်ဖရ်" (ရသွေ့) သခင် ကိုယ်ခန္ဓာ၏ ရှေ့ပိုင်း၌သာ ဓါးလှံစသည်များ၏ဒဏ်ရာဒဏ်ချက်များသည် ကိုးဆယ်တိတိကိုတွေ့မြင်ရပါသည်ဟု လာရှိလေသည်။

ဤပုဂ္ဂိုလ်'ယှဟီးဒ်' ဖြစ်ကျဆုံးသောအခါ အများက "အဗ်ဒုလ္လာဟ်'အိဗ်နု'ရဝါဟာ်" သခင်ကိုအသံပေး ခေါ်ကြလေသည်။ သခင်ကြီးသည် ထောင့်တထောင့်၌ အသားတစ်အသားတုံးများကို သုံးဆောင် နေလေသည်။သုံးရက်ခန့်အစားအစာဟူ၍ ဘာမျှမစားခဲ့ကြရပေ။ခေါ်သံကို ကြားသောအခါ၊မိမိကိုယ်ကို မိမိ 'ဂျအ်ဖရ်'ခမျာသေရှာပြီ၊ မင်းက လောကီရေး၌နစ်မွန်းနေလေသည်ဟု ပြစ်တင်ကာ အသားတစ်များကို စွန့်ပစ်၍ ရောက်လာကာ အလံတံခွန်တော်ကို ကိုင်၍ စတင်တိုက်ခိုက်လေသည်။ လက်ညှိုး၌ဒဏ်ရာရ၍ အရေပြားဖြင့်တွဲလွဲဖြစ်နေရာ၊ လက်ညှိုးကို ခြေဖြင့်နင်း၍ ဆွဲဖြတ်လိုက်လေသည်။ရှေ့သို့ တစတစတိုးလေသည်။

ဤမျှပြင်းပြင်းထန်ထန်တိုက်ပွဲကိုဆင်နွဲပါသော်လည်း စိတ်ဓါတ်ကျဆင်းမှုဟူ၍အလျှင်းမရှိခဲ့ပေ။ မိမိစိတ်ဓါတ်မြင့်မားရေးအတွက်၊ အို– စိတ်၊ အသင်သည် မည်သည့်အရာကို တောင့်တနေသနည်း။ ဇနီးမိန်းမကို သတိရသံယောဇဉ်ရှိနေပါသလော။ ဤသို့ဆိုလျှင် ငါသည်ဇနီးမိန်းမအား သုံး"သွလားက်" ပေးကွာရှင်းလိုက်လေပြီ။ ကျေးကျွန်များကို သံယောဇဉ် ထားပါသလော။

ဤသို့ဆိုလျှင် ကျေးကျွန်အားလုံးကို ငါသည် သူကောင်းပြုလိုက်လေပြီ။ ဥယျာဉ်ခြံများကိုမက်မောနေပါသလော။ ဤသို့ဆိုလျှင်လည်း ငါသည် ဥယျာဉ်ခြံများကို 'အလ္လာဟ်'အသျှင့်လမ်းတော်၌ ပေးကမ်းလှူဒါန်းလိုက်လေပြီ။ ထိုနောက် အနည်းငယ်သော တေးထပ်ကို ရွတ်ဆိုဖတ်ကြားလေသည်။ ၎င်း၏အဓိပ္ပာယ်မှာ၊ အို စိတ်အသျှင့် 'ကစမ်'၊ သင်သည် စိတ်ပါဝင်စားသည်ဖြစ်စေ၊ စိတ် မပါမဝင်စားသည်ဖြစ်စေ၊

✔ ဤတိုက်ပွဲ၌ ပါဝင်ဆင်နွှဲရမည်။ စိတ်အေးချမ်းသာစွာနှင့် အချိန်ကြာ ဖြုန်းခဲ့လေပြီ။ စေ့စေ့တွေးချင့်ချိန်ကြည့်လော့။ အကယ်စင်စစ် သင်သည် သုတ်ရည်တစက်မှ လူဖြစ်လာသည်မဟုတ်လော။ ကြည့်စမ်း 'ကာဖိရ်'အပေါင်းတို့သည် အုပ်လိုက်ချီ၍ 'အစ္စလာမ်'နှင့် 'အစ္စလာမ်'သာသနာတော်ဝင်တို့ဆီ လာနေကြလေသည်။ သင်သည် အဘယ်ကြောင့် 'ဂျန္နသ်'သုခဘုံနန်းကို မက်လုံးမထား မနှစ်မြို့လေသနည်း။ အကယ်၍ သင်သည် သူတပါးအသတ်မခံရပါသော်လည်း တနေ့သေပွဲဝင်ရမည် မဟုတ်ပါလော။

ထိုနောက် စီးတော်မြင်းမှ သက်ဆင်းတော်မူလေ၏။ ညီဖြစ်သူကအသားကင်ကိုယူလာ၍ အနည်းငယ်စားသုံးတော်မူပါ၊ အနည်းငယ် အားအင် ဖြည့်တင်းတော်မူပါဟု လျှောက်ထားသောအခါ ဆွဲယူလိုက်၏။ ထိုအချိန်မှာပင် တဖက်မှ ဆူညံအော်ဟစ်သံကို ကြားလိုက်ရသဖြင့် အသားတစ်ကို စွန့်ပစ်၍ လက်သုံးတော်ဓါးရှည်ကိုဆွဲကိုင်ကာ ရန်သူအုပ်စုအတွင်းသို့ ဝင်ရောက်ခါ နောက်ဆုံးအချိန်အထိ စွမ်းစွမ်းတမံ တိုက်ပွဲဆင်နွှဲခဲ့လေသတည်း။

(ကြည့်–ခမီးစ်ကျမ်း)

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُوْنَ

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

"ဆဟာဗီ"ကြီးတို့၏ ဘဝသက်တမ်း တလျှောက်လုံးသည် ကျွန်ုပ်တို့အတွက် စံပြဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်ကြီးတို့၏ အကြောင်းအရာ အတ္ထုပ္ပတ္တိများဖြင့် လောကီရေးရာတို့သည်သာမက၊ လောကုတ္တရာ ရေးရာ၌လည်း စိတ်ကက်ကြွစေရန် သင်္ခန်းစာများဖြစ်သည်။ 'ဆဟာဗီ'ကြီးတို့၏ အကြောင်းအရာကိုမှ အဘယ်သို့ ပြောဘွယ်ရာရှိမည်နည်း။ 'သာဗီအီးန်'များအပေါ်၌ပင် ဤသို့သော ရောင်ခြည်တော်များသည် ထင်ဟပ်မိနေသည်။ ဆေးရောင်ထင်နေသည်။ အကြောင်းတရပ်ကိုတင်ပြ၍ ဤအခဏ်းကဏ္ဍကို ရပ်နားပါအံ့။

## စအီးဒ်အိဗ်နုဂျုဗိုင်းရ်သခင်နှင့် ဟဂ်ျဂျာဂ်ျဘုရင်တို့ အခြေအတင်ဆွေးနွေးခြင်းအကြောင်း။

ရန်သူတို့နှင့်ယှဉ်ပြိုင်တိုက်ခိုက်ကြသည့်အကြောင်းအရာများကိုမူ ကျွန်ုပ်တို့သည်ဖတ်ရှုခဲ့ကြလေပြီ။ ယခုမူ ပြည့်ရှင်ဘုရင်မင်းနှင့် ရဲရဲတောက်တိုက်ပွဲဝင်သည့် ရှုခင်းကိုလည်း မေးထောက်ကြည့်ကြဦးစို့။

နဗီတမန်တော်မြတ်က—

أفضل الجهاد كلمة حق عند سلطان جائر

**အဓိပ္ပါယ်။** ။"အကောင်းဆုံးတိုက်ပွဲဟူသည်ကား မတရားသောဘုရင့်ရှေ့တော်မှောက်၌ အမှန်တရားကို တင်ပြခြင်းဖြစ်သည်"ဟု မိန့်ကြားတော်မူခဲ့သည်။

"ဟဂ်ျဂျာဂ်ျအိဗ်နုယူစွဖ်"ဘုရင်၏ တရားလက်လွှတ်နှိပ်စက်ညှဉ်းပမ်းခြင်းသည် အလွန်ထင်ရှားလှပေသည်။ ထိုခေတ်ထိုအခါက ဘုရင်တို့သည် တရားလက်လွှတ် နှိပ်စက် ညှဉ်းပမ်းကြလင့်ကစား၊ သာသနာဖြန့်ချီရေးကိုလည်း ဆောင်ရွက်လေ့ရှိကြသည်။ သာသနာရေး၌ လေးလေးစားစားနှင့် တရားမျှတမှုရှိသူ ဘုရင်မင်းများနှင့်စာလိုက်လျှင် ထိုသို့သောသူသည် အယုတ်တမာစာရင်း၌ ပါဝင်လေသည်။ ထိုကြောင့်ပင် လူအများက သူတို့ကို မုန်းတီးနေကြလေသည်။

"ဟဇရသ်စအီးဒ်'အိဗ်နု' ဂျုဗိုင်းရ်" (ရသွေ.)သခင်သည်လည်း"အိဗ်နုအယ်အဆ်"သခင်နှင့်ပေါင်း၍ "ဟဂ်ျဂျာဂ်ျ"ဘုရင်အား ပုန်ကန်ထကြွ သောင်းကျန်းခဲ့လေသည်။ "ဟဂ်ျဂျာဂ်ျ"သည် "အဗ်ဒွလ်မာလစ်အိဗ်နုမရ်ဝါန်"သခင်ဘက်တော်သား ဘုရင်ခံတဦးဖြစ်သည်။ "ဟဇရသ်'စအီးဒ်'အိဗ်နု'ဂျုဗိုင်းရ် သခင်သည် အလွန်ထင်ပေါ်ကျော်ကြားသည့် "သာဗိအီးန်"တပါးဖြစ်သည်။ သာသနာ့ပညာရှင် အကျော်အမော်တပါးလည်း ဖြစ်သည်။ အစိုးရပိုင်း အနေနှဲ့သော်လည်းကောင်း၊ အထူးသဖြင့် "ဟဂ်ျဂျာဂ်ျ"အနေနှဲ့သော်လည်းကောင်း သခင်ကြီးအား ရန်လိုမုန်းထားကြသည်။

တထီးတနန်း ကြင်နဲ့ထူထောင်ကြသဖြင့် ရန်လိုမုန်းထားခြင်းသည်လည်း သဘာဝပင်ဖြစ်သည်"ဟဂ်ျဂျာဂ်ျ"သည်သောင်းကျန်းထကြွသူများနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာ၌ အရေးသာပါသော်လည်း၊ သခင်ကြီးအား လက်ရဖမ်းဆီးခြင်းငှါမတတ်စွမ်းနိုင်ခဲ့ပေ။ သခင်ကြီးသည်အရေးနိမ့်၍ တိမ်းရှောင်ကာ 'မက္ကာ'မြို့သို့သွားရောက်နေထိုင်တော်မူသည်။

အာဏာပိုင်အစိုးရသည် မိမိ၏လူယုံတော်တဦးကို 'မက္ကဟ်'မြို့တော်၏ ဘုရင်ခံအဖြစ်ခန့် အပ်၍ ယခင်ဘုရင်ခံဟောင်းကို ပြန်လည်ခေါ်ဆောင်လိုက်လေ၏။ ထိုဘုရင်ခံသစ်သည် သွား၍ 'ခွသ်ဗဟ်'တရားဟောကြား၏။ နောက်ဆုံး၌"အဗ်ဒွလ်မာလစ်က်အိဗ်နုမရ်ဝါန်"ဘုရင်၏ အမိန့် ထုတ်ပြန်ချက်ကို ဖတ်ကြားတော်မူလိုက်လေ၏။

အကြွင်သူသည် "စအီးဒ်အိဗ်နုဂျုဗိုင်းရ်" အား လက်သင့်ခံထားခဲ့သည်ရှိသော်၊ ထိုသူ အား ချမ်းသာပေးမည် မဟုတ်ဟူ၍လာသည့်ပြင်၊ ၎င်း၏ဘုရင်ခံကိုယ်တိုင်က အသျှင့် 'ကစမ်' အကြွင်သူ၏အိမ်၌တွေ့ရှိခဲ့သော်၊ အိမ်ရှင်အားကွပ်မျက်၍ ၎င်းနှင့် အိမ်နီးနားချင်း များကိုပါ မြေလှန်ဖြိုခွင်းပစ်တော်မူအံ့ဟု ကျိန်ဆိုခဲ့လေသည်။ အချုပ်အားဖြင့် အလွန်ခဲရာခဲစစ်နှင့် ဖမ်း ဆီးရမိသောအခါ 'ဟဂ်ျဂျာဂ်ျ'ဘုရင်ခံထံ ပေးပို့လိုက်လေသည်။ ဘုရင်ခံသည် မိမိ၏စိတ်ဓါတ် ကြမ်းကြုတ်မှုပြသရန် အခါအခွင့်သင့်လာလေသည်။ ရှေ့တော်သို့သွင်း၍မေးစမ်းသည်မှာ–

ဟဂ်ျဂျာဂ်ျ။ ။သင့်နာမည် ဘယ်လိုခေါ်သလဲ။
စအီးဒ်။ ။ကျွန်ုပ်နာမည်မှာ 'စအီးဒ်'။
ဟဂ်ျဂျာဂ်ျ။ ။ဘယ်သူ့သားလဲ။
စအီးဒ်။ ။'ဂျုဗိုင်းရ်'၏သား။

'စအီးဒ်'၏အဓိပ္ပါယ်မှာ စာရိတ္တမှန်ရည်သူဟူ၏။ 'ဂျုဗိုင်းရ်'ဟူသည်ကား ပြုပြင်မွမ်းမံ ထားသောအရာဟူ၍ အနက်ကိုဆောင်သည်။ အကယ်စင်စစ် နာမည်များ၌ အဓိပ္ပါယ်သည် အဓိကမဟုတ်သော်လည်း 'ဟဂ်ျဂျာဂ်ျ'သည် သခင်ကြီး၏ အမည်နာမ၏အနက်ကောင်းမှု သင့် မြတ်လှသည်ကိုပင် မနှစ်မြို့ သဘောတော်မကျဖြစ်နေလေသည်။ ထိုကြောင့်ပင်–

ဟဂ်ျဂျာဂ်ျ။ ။မင်း "ယှကီးကျ" 'အိဗ်နုကစီးရ်"မဟုတ်လား။
စအီးဒ်။ ။ကျွန်ုပ်မိခင်သည် ကျွန်ုပ်နာမည်ကို ခင်ဗျားထက်ပို၍သိသည်။
ဟဂ်ျဂျာဂ်ျ။ ။သင်သည် ယုတ်မာသည်။ သင့်မိခင်လည်း ယုတ်မာတာဘဲ။
စအီးဒ်။ ။အကြွင်းမဲ့ သိမြင်သူသည် သင့်အပြင် အခြားတပါးဖြစ်သည်။ (ဝါ)'အလ္လာ မွလ်ဂုယူးဗ်'။
ဟဂ်ျဂျာဂ်ျ။ ။မင်းကို ငါဘယ်ပုံဘယ်နည်းသတ်မည်ကို စောင့်ကြည့်ပေတော့။
စအီးဒ်။ ။ဒီအတိုင်းသာ ဆိုလျှင် ကျွန်ုပ်မိခင်ထားသည့် အမည်သည် သင့်မြတ်လှ ပေသည်။
ဟဂ်ျဂျာဂ်ျ။ ။ယခုအခါ မင်းကိုအရှင်ထားမည့်အစား "ဂျဟန္နမ်"သို့ပို့ပေးမည်။
စအီးဒ်။ ။ဤသို့စိုးပိုင်ခြင်းသည် သင့်လက်တွင်း၌ရှိကြောင်း သိထားရလျှင် ကျွန်ုပ်သည်သင့် အား အရှင်သခင်အဖြစ် ဆည်းကပ်ကိုးကွယ်ပါအံ့။

ဟာဂျ်ဂျာဂျ်။ ။'နဗီ'တမန်တော်မြတ်နှင့်ပတ်သက်၍ သင်မည်သို့ယုံကြည်ထားသနည်း။
စအီးဒ်။ ။ထိုပုဂ္ဂိုလ်သည် 'ရဟ်မတ်'တော်ကို ဆောင်ကြဉ်းလာသူ ဖြစ်သည်။ 'အလ္လာဟ်' အသျှင့်တမန်တော်ဖြစ်သည်၊ ကမ္ဘာ့နိယာမ တရားတော်များဖြင့် လောကသို့စေလွှတ်ခြင်းခံရသူဖြစ်သည်။
ဟာဂျ်ဂျာဂျ်။ ။"ခလီဖဟ်"တို့အကြောင်းနှင့်ပတ်သက်၍ သင့်ထင်မြင်ချက် ဘယ်သို့ရှိသလဲ။
စအီးဒ်။ ။ကျွန်ုပ် ထိုပုဂ္ဂိုလ်တို့၏ အစောင့်အကြပ်မဟုတ်ပါဘူး၊ လူတိုင်းလူတိုင်းမှာတာဝန်ကိုယ်စီ ရှိကြပါတယ်။
ဟာဂျ်ဂျာဂျ်။ ။ငါ သူတို့ကို အကောင်းပြောသလား အဆိုးပြောသလား။
စအီးဒ်။ ။အကြင် အကြောင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်မသိခဲ့သော် အဘယ်သို့ဖြေကြားနိုင်အံ့နည်း။ ကျွန်ုပ်သည် မိမိအကြောင်းကိုသာ သိသည်။
ဟာဂျ်ဂျာဂျ်။ ။ထိုပုဂ္ဂိုလ်တို့အနက် သင်အနှစ်သက်ဆုံးသောသူ ဘယ်သူလဲ။
စအီးဒ်။ ။အားလုံးတက်ပို၍ ကျွန်တော့် အသျှင်အား နှစ်သက်စေသူသာ ဖြစ်ပါသည်။

အခြားအခြားသော ကျမ်းဂန်များ၌ အချို့ကို အချို့ထက် တင်စားထားကြောင်းပါရှိသည်။

ဟာဂျ်ဂျာဂျ်။ ။အများဆုံးသော နှစ်သက်စေသူသည် အဘယ်သူနည်း။
စအီးဒ်။ ။ထိုသူတို့ကိုသိသောအသျှင်သည် ကာယကံမမြောက်သေးသည်ကို သိတော်မူသောအသျှင်သာလျှင် သိတော်မူအံ့။
ဟာဂျ်ဂျာဂျ်။ ။"အလီ" သခင်သည် 'ဂျန္နသ်'နှင့် "ဂျဟန္နမ်" နှစ်ဌာနတွင် အဘယ်မှာရှိသနည်း။
စအီးဒ်။ ။ကျွန်ုပ် "ဂျန္နသ်"နှင့် "ဂျဟန္နမ်"သို့ ရောက်သောအခါ ရှာကြည့်ပြီးမှ ပြောနိုင်ပါမည်။
ဟာဂျ်ဂျာဂျ်။ ။"ကိယာမသ်" ကမ္ဘာပျက်မည့်နေ့၌ ငါသည် အဘယ်သို့သောသူ ဖြစ်မည်နည်း။
စအီးဒ်။ ။ကျွန်ုပ် ဟောကိန်းဟောနိုင်သည့်အဆင့်ထိ မရောက်သေးပါ။
ဟာဂျ်ဂျာဂျ်။ ။မင်းငါ့ကို အမှန်မပြောချင်ဘူးလား။
စအီးဒ်။ ။ကျွန်ုပ်မုသားစကားပြောခြင်းမဟုတ်ပါ။
ဟာဂျ်ဂျာဂျ်။ ။မင်းဘာကြောင့် မရယ်မောသနည်း။
စအီးဒ်။ ✓ ။ရယ်စရာအကြောင်းဟူ၍ မတွေ့ရပါ။ ထို့အပြင် အကြင်သူအား ပထဝီမြေကြီးဖြင့် ဖန်ဆင်းခြင်းခံရ၏။ "ကိယာမသ်"နေ့သို့ သွားရောက်ရန်လည်းရှိသေး၏။ နေ့ရော ညပါ ပြဿနာပေါင်းသောင်းခြောက်ထောင်နှင့် ရင်ဆိုင်နေရ သေး၏။ ထိုသို့သောသူသည် အဘယ်သို့ရယ်မောပျော်ရွှင်နိုင်ပါအံ့နည်း။
ဟာဂျ်ဂျာဂျ်။ ။ငါတော့ ရယ်မောနိုင်တယ်။
စအီးဒ်။ ။'အလ္လာဟ်'အသျှင်မြတ်က ကျွန်ုပ်တို့အား အမျိုးမျိုးဖန်ဆင်းတော်မူခဲ့သည်။

ဟဂ်ျဂျာဂ်ျ။ ။ငါ့မင်းကို သတ်တော်မူအံ့။

စအာဒ်။ ။ကျွန်ုပ်၏အသက်ထွက်ရန် အကြောင်းချင်းရာကို ဖန်ဆင်းသော အသျှင်သည် တာဝန်မှကင်းငြိမ်းလေပြီ။ တာဝန်ကြေပြွန်လေပြီ။

ဟဂ်ျဂျာဂ်ျ။ ။ငါသည် 'အလ္လာဟ်' အသျှင့်ထံတော်ပါး၌ သင့်ထက်မြတ်သည်။

စအာဒ်။ ။'အလ္လာဟ်' အသျှင့်ရှေ့တော်မှောက်၌ အဘယ်မျှ ကြံရည် ဖန်ရည် စွမ်းရည် သတ္တိ ပြဝံ့ကြသော (ဝါ) အာဏာ သုံးစံ့ကြသော နောင်ဖြစ်လာမည့် အကြောင်းကို 'အလ္လာဟ်' အသျှင်မြတ်သာ အသိဆုံး ဖြစ်တော်မူသည်။ ထို အသျှင်မှတပါး အခြားမည်သူမျှ မသိနိုင်ပေ။

ဟဂ်ျဂျာဂ်ျ။ ။ငါသည် အဘယ်ကြောင့် မိမိစွမ်းရည်သတ္တိမပြဝံ့ရသနည်း။ အာဏာပိုင်ဘုရင် မင်းမြတ်သည် ငါ့ဘက်တော်သားပင် မဟုတ်ပါလော။ သင်သည်ကား သူပုန် သောင်းကျန်းသူ၏ ဘက်တော်သား မဟုတ်ပါလော။

စအာဒ်။ ။ကျွန်ုပ်သည် အဖွဲ့အစည်းမှ တသီးတခြားမဟုတ်ပါ။ တကိုယ်တည်းလည်းမဟုတ် ပါ။ အရှုတ်အရှင်းကိုလည်း လုံးဝမနှစ်သက်ပါ။ ဖူးစာ 'သက္ကဒီးရ်'၌ ရှိသည်ကို 'အလ္လာဟ်'အသျှင်မြတ်မှတပါး အခြားမည်သူမျှ မဖယ်ရှားနိုင်ပါ။

ဟဂ်ျဂျာဂ်ျ။ ။ငါ- "အမီးရ်ရွလ်မုအ်မိနီးန်"၊ အမိန့်အရ ပစ္စည်းများကို စုဆောင်းနေသည်ကို မင်းသဘော ဘယ်လိုရှိသလဲ။

စအာဒ်။ ။သူ့နေရာနှင့်သူ စည်းစံနစ်ကျကျ အသုံးချထားခြင်းဖြင့် အကျိုးဖြစ်သည်။

ဟဂ်ျဂျာဂ်ျ။ ။စည်းစံနစ်ကျကျဆိုသည်ကား အဘယ်သို့နည်း။

စအာဒ်။ ။သင်သည် ဤအရာများဖြင့် အလွန်ရှုံကြောက်ရမည့်နေ့၊ "ကိယာမသ်နေ့"တွင် အသုံးကျ အကျိုးဖြစ်မည့် အရာများကိုဝယ်ယူရမည်။ ထိုနေ့သည်ကား နို့စို့ ကလေးမိခင်သည် ကလေးကို မေ့နေစေအံ့။ ကိုယ်ဝန်ဆောင်သည် ကိုယ်ဝန် ပျက်ကျစေအံ့။ လူသားတို့အဖို့ ကောင်းမှုကုသိုလ်၊ သုစရိုက်မှအပ အကျုံးဝင် လိမ့်မည်မဟုတ်။

ဟဂ်ျဂျာဂ်ျ။ ။ငါစုထားတာ မကောင်းဘူးလား။

စအာဒ်။ ။သင်စုဆောင်းထားသည့်အရာဟာ ကောင်းသည်ဆိုးသည်ကို သင်သာ အသိဆုံး ဖြစ်သည်။

ဟဂ်ျဂျာဂ်ျ။ ။ဧင်းအနက် သင်အဘယ်အရာကို နှစ်သက်သနည်း။

စအာဒ်။ ။ကျွန်ုပ်သည် 'အလ္လာဟ်' အသျှင်မြတ် နှစ်သက်တာကိုသာ နှစ်သက်သည်။

ဟဂ်ျဂျာဂ်ျ။ ။သင့်အပေါ်သို့ ပျက်စီးခြင်းသက်ရောက်ပါစေ။

စအာဒ်။ ။ပျက်စီးခြင်းဟူသည်ကား 'ဂျန္နသ်'မှ ဖယ်ရှား၍ "ဂျဟန္နမ်"သို့ ပစ်ချခြင်းခံရသူ အတွက်သာ ဖြစ်သည်။

ဟဂ်ျဂျာဂ်ျ။ ။(စိတ်ဆိုး၍) ငါ မင်းကို ဘယ်နည်းနှင့် သတ်ရမည်ကိုသာ ပြောလော့။

စအာဒ်။ ။မင်းသေစေချင်သလိုသာ သတ်လော့။

ဟာဂျ်ဂျာဂျ်။ မင်းကိုချမ်းသာခွင့်ပြုရမလား။ ခွင့်လွှတ်ရမလား။

စအီးဒ်။ ခွင့်လွှတ်ခြင်းကို 'အလ္လာဟ်' အသျှင်မြတ်သာပိုင်သည်။ သင်၏ခွင့်လွှတ်ခြင်းသည် အဓိပ္ပါယ်မရှိဘူး။

"ဟာဂျ်ဂျာဂျ်"သည် အာဏာပါးကွက်တို့အား ဤသူကိုခေါ်သွား၍ သတ်ကြကုန်လော့။ "စအီးဒ်"သခင်အား အပြင်သို့ခေါ်ဆောင်လာရာ နှစ်နှစ်ကာကာ ရယ်ရှင်တော်မူ၏။ "ဟာဂျ်ဂျာဂျ်"အား အကြောင်းသတင်း လျှောက်ထားကြရာ ပြန်လည်ခေါ်စေ၍—

ဟာဂျ်ဂျာဂျ်။ သင် အဘယ်ကြောင့် ရယ်မောရသနည်း။

စအီးဒ်။ သင်၏ ယုတ်မာကြမ်းတမ်းမှုကို လည်းကောင်း။ 'အလ္လာဟ်'အသျှင်မြတ်က သင့်အား ကြိုးရှည်ရှည်ဖြင့် လှန်ထားခြင်းကိုလည်းကောင်း၊ ချင့်တွေး၍ ရယ်မောရခြင်းဖြစ်သည်။

ဟာဂျ်ဂျာဂျ်။ ငါသည်'မွတ်စလင်မ်' အချင်းချင်း သွေးကွဲအောင်ပြုသူနှင့် မုန်းတီးအောင်လုပ်သူအားသတ်ပါအံ့။ အို–အာဏာသားတို့၊ ဤသူအား ငါကိုယ်တော် ရှေ့တော်မှောက်၌လည်ပင်း ခါးတင်ကြလော့။

စအီးဒ် ။ ကျွန်ုပ်သည် နမာဇ်နှစ် 'ရကအသ်' ဖတ်မည် ဟုဆို၍ 'နမာဇ်' ဖတ်ပြီးနောက် 'ကစ်ဗလဟ်'ဘက်သို့မျက်နှာမူ၍—

إِنِّي وَجَّهْتُ وَجْهِيَ لِلَّذِي فَطَرَ السَّمٰوٰتِ
وَالْأَرْضَ حَنِيفًا وَّمَا أَنَا مِنَ الْمُشْرِكِينَ

ဖတ်ရွတ်သရဇ္ဈာယ်တော်မူ၏။

အဓိပ္ပါယ်။ အို– အသျှင်၊ကျွန်တော်မျိုးသည် အရာခပ်သိမ်းတို့ကိုစွန့်ပယ်၍ မိုးမြေ အဆင့်ဆင့်ကို ဖန်ဆင်းတော်မူသော အသျှင့်ဘက်တော်သို့ မျက်နှာမူပါ၏။ အကယ်စင်စစ် ကျွန်ုပ်တော်မျိုးသည် တုပနိုင်းယှဉ်သူများ၌ ပါဝင်သူ မဟုတ်ကြောင်းဝန်ခံပါ၏။

ဟာဂျ်ဂျာဂျ်။ သူ့မျက်နှာကို "ကစ်ဗလဟ်"ဘက်မှ လွှဲဖယ်၍ ခရစ်ယံတို့၏'ကစ်ဗလဟ်'ဘက်သို့ မျက်နှာမူပေးလိုက်ကြလော့။သူသည် သာသနာရေး၌သွေးကွဲစေခဲ့သည်။ အချင်းချင်း အချင်းများစေခဲ့သည်။ ထိုကြောင့် 'ခရစ်ယံ' တို့၏'ကစ်ဗလဟ်'ဘက်သို့ မျက်နှာမူစေလိုက်သည်။

فَأَيْنَمَا تُوَلُّوا فَثَمَّ وَجْهُ اللّٰهِ الْكَافِي
بِالسَّرَائِرِ

စအီးဒ် ။ ✓ ။ဘယ်ဘက်လှည့်လှည့် အသျှင်ရှိတာချည်းဘဲ။ ထိုအသျှင်သည် ကွယ်ဝှက်ချက်တွေ အလုံးစုံကို မကြွင်းမကျန်သိတော်မူတယ် ဟူသောအထက်ပါ 'အာယတ်'တော်ကို ဖတ်ကြားလိုက်၏။

ဟဂ္ဂျာဂျ်။ ။ခေါင်းအောက်စိုက်ချလိုက်လော့။ ဒို့မှာမူကားအမြင်အတိုင်းကိုသာ ကြည့်၍အဆုံးအဖြတ်ပေးရန် တာဝန်ရှိတယ်။

مِنْهَا خَلَقْنَاكُمْ وَفِيهَا نُعِيدُكُمْ وَمِنْهَا
نُخْرِجُكُمْ تَارَةً أُخْرَىٰ

စအီးဒ် ။ ။

အဓိပ္ပါယ်။ ✓ ။ငါအသျှင်မြတ်သည် အသင်တို့အား ပထမဦး မြေကြီးဖြင့် ဖန်ဆင်းတော်မူသည်။ ၎င်းဘက်သို့ပြန်လည် တုံ့ပြန်ကြရကုန်အံ့။ ထိုမှတဖန် ငါအသျှင်မြတ်သည် သင်တို့အား ခေါ်ဆောင်တော်မူအံ့။ ယင်း'အာယတ်' တော်ကို ရွတ်ဖတ် သရဇ္ဈာယ်တော် မူလိုက်လေသည်။

ဟဂ္ဂျာဂျ်။ ။သူ့ကိုသတ်လိုက်ကြလော့။

စအီးဒ် ။ ။ကျွန်ုပ်သည် သင့်အား ဤဟာ–

أَشْهَدُ أَنْ لَا إِلٰهَ إِلَّا اللّٰهُ وَحْدَهُ
لَا شَرِيْكَ لَهُ وَأَشْهَدُ أَنَّ مُحَمَّدًا عَبْدُهُ
وَرَسُوْلُهُ.

အဓိပ္ပါယ်။ ✓ ။'အလ္လာဟ်'အသျှင်မြတ်မှတပါး အခြားခဝပ် ကိုးကွယ်ထိုက်သော အသျှင်ဟူ၍ အလျှင်းမရှိကြောင်း၊ ထိုအသျှင်သည်တပါးတည်းရှိကြောင်း။ ထိုအသျှင်နှင့်ဂုဏ်ရည်တူသူဟူ၍အလျှင်းမရှိကြောင်း၊ 'မုဟမ္မဒ်'(ဆလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သခင်သည် 'အလ္လာဟ်အသျှင်မြတ်၏ 'ဗန္ဒဟ်'အစေတော်နှင့် တမန်တော် ဖြစ်ကြောင်းကို ကျွန်တော်မျိုး သက်သေခံအပ်ပါ၏။

ဤသည်ကို သိမ်းထားလော့၊ ကျွန်ုပ်သည် 'ကိယာမသ်'နေ့၌ သင့်ထံမှ ပြန်လည်ယူတော်မူအံ့ဟုပြောကြား၍ 'ယှဟီးဒ်'ပြုခြင်းခံရလေသည်။

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُوْنَ

သတ်ပြီးသောအခါ ခန္ဓာကိုယ်မှ သွေးအများအပြား ယိုစီးကျလာသဖြင့်၊ 'ဟဂ်ဂျာဂ်' က မိမိသမားတော်များအား မေးမြန်းကြည့်ရာ၊ ဤပုဂ္ဂိုလ်သည် အလွန်စိတ်တည်ကြည်သည်။ မိမိအသတ်ခံရမည်ကိုမှု စိုးရိမ်ကြောင့်ကျမှုမရှိကြောင်း၊ သွေးသည်ရှိရင်းစွဲ အတိုင်းသာရှိနေကြောင်း၊ အချို့ပုဂ္ဂိုလ်တို့မှာ ကြောက်ရွံ့မှုကြောင့် သွေးများ ခြောက်ခန်းသွားလေ့ရှိကြောင်း လျှောက်တင်ကြလေသည်။

(ကြည့်-အိုလမာအေစလဖ်ကေသာဗွလ်အေမာမသ်ဝါစွေယာစသ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ အပိုအလို အနည်းငယ် ရှိပါသည်။ ကျွန်ုပ်အနေနှင့်စံပြအဖြစ်တင်ပြခြင်းဖြစ်ပါသည်။ သို့ဖြစ်၍၊ ဤမျှသာရေးသား တင်ပြ၍ ရပ်နားလိုက်ခြင်းဖြစ်ပါသည်။ (စာရေးဆရာကြီး)။

* 'သာဗီအီမာန်'အပေါင်းတို့တွင် ဤအဖြစ်အပျက်မျိုး အမြောက်အမြားရှိကြပါသည်။ 'အိမာမ်အအ်ဇမ်' သခင်၊ 'အိမာမ်မာလစ်က်'သခင်၊ "အိမာမ်အဟ်မဒ် 'အိဗ်နု' ဟမ်ဗလ်" (ရဟ်မသွလ္လာဟိအလိုက်ဟင်(မ်)။ စသည့်ပုဂ္ဂိုလ်တို့သည် ဤသို့အမှန်တရားကြောင့် အမြဲပင်ဘေးဒုက္ခခံခဲ့ကြသည်။ သို့သော်အမှန်တရားကိုမူ လက်မလွှတ်တမ်း ဆောင်ရွက်ခဲ့ကြသည်။

# အခန်း (၈)

## ဆဟာဗီကြီးတို့၏ သာသနာရေးပညာဆည်းပူးရန် စိတ်အားထက်သန်ခြင်း ကြံ့ခိုင်ခြင်းအကြောင်း။

✓ 'အစ္စလာမ့်'သာသနာ၏ အခြေခံအမြစ်တရားမှာ "ကလီမဟ်'သောင်ဟီးဒ်" ဖြစ်သည်။ ၎င်းသည်သာလျှင် ကိုးလုံးမှုပြည့်စုံမှု၏ အခြေခံဖြစ်၏။ ၎င်းအခြေခံတရား မရှိသမျှကာလပတ်လုံး ကောင်းမှုကုသိုလ်များသည်လည်း အကျိုးမဝင်နိုင်ပေ။ သို့ဖြစ်၍ 'ဆဟာဗီ' အပေါင်းတို့သည် မိမိတို့၏ စွမ်းရည်သတ္တိတို့ကို အထူးသဖြင့် သာသနာဖြန့်ချိရေးနှင့် 'ကာဖိရ်'တို့နှင့် သာသနာရေး

---

* သာဗီအီမာန်းဆိုသည်မှာ အီမာန်ရှိစဉ်ဖြင့် ဆဟာဗီကို ဖူးမြင်တူး၍ အီမာန်ရင်ဝယ်ပိုက်လျက် အသျှင့်အမိန့်တော်ကိုခံယူသူဖြစ်ပါသည်။

စစ်ပွဲများကို ဆင်နွှဲ၍ပြသခဲ့ကြလေသည်။ သာသနာ့ ပညာရေးအတွက် အချိန်ပြည့်တသီးတခြား မဆောင်ရွက်နိုင်ခဲ့ကြပေ။ ✓သို့ဖြစ်သော်ငြားလည်း ထိုပုဂ္ဂိုလ်တို့သည် အပတ်တကုတ် ကြိုးပမ်းအားထုတ်မှု၊ စိတ်အား ထက်သန်တက်ကြွမှုများ၏ အကျိုးအမြတ်မှာ ယနေ့နှစ်ပေါင်း(၁၄၀၀) ကျော်အချိန်အထိ ကျမ်းမြတ်'ကုရ်အာန်' နှင့် 'ဟဒီးဆ်'တော်များ တည်ရှိနေခြင်း သည်ပင် အလွန်ပေါ်လွင်ထင်ရှားသည့် သာဓကတရပ်ဖြစ်ချေသည်။

'အစ္စလာမ်' သာသနာတော်ပွင့်၍ အချိန်အတန်ကြာသောအခါ အခွင့်သင့်လာသဖြင့် လည်းကောင်း၊ လူဦးရေတိုးမြင့်လာသဖြင့် လည်းကောင်း–

وَمَا كَانَ الْمُؤْمِنُونَ لِيَنْفِرُوا كَافَّةً
فَلَوْلَا نَفَرَ مِنْ كُلِّ فِرْقَةٍ مِنْهُمْ طَائِفَةٌ
لِيَتَفَقَّهُوا فِي الدِّينِ وَلِيُنْذِرُوا قَوْمَهُمْ
إِذَا رَجَعُوا إِلَيْهِمْ لَعَلَّهُمْ يَحْذَرُونَ ۝

အဓိပ္ပါယ်။ ။'အစ္စလာမ်' သာသနာ၀င် အပေါင်းတို့သည် အားလုံး ထွက်ခွာမသွားသင့်ပေ။ အများစုတစုမှ အနည်းစုတစုသည် ချန်နေ၍ သာသနာရေး ပညာရပ်များကို သင်ယူသင့်သည်။ ၎င်းအုပ်စုကြီး ပြန်လည်ရောက်ရှိလာသောအခါ သင်ကြားပြသ၍ ရှုံ့ကြောက်စရာများကို ရှုံ့ကြောက်၍၊ ရှောင်ရှားသင့်သည်များကို တိတိကျကျ ရှောင်ရှားသတိချပ်စေကြပေအံ့။

(ကြည့်–ဗိယာန္နလ်ကုရ်အာန်ကျမ်း)

"ဟဇရသ်အဗ်ဒုလ္လာဟ်'အိဗ်နု'အဗ္ဗားစ်" (ရသွေ့) သခင်က–

انْفِرُوا خِفَافًا وَثِقَالًا .

إِلَّا تَنْفِرُوا يُعَذِّبْكُمْ عَذَابًا أَلِيمًا

စသည့် 'အာယသ်'တော်ဖြင့် အမိန့်တော်မှာ– အများအတွက် အကျုံး၀င်ပါသော် လည်း ၎င်းကို–

مَا كَانَ الْمُؤْمِنُونَ لِيَنْفِرُوا كَافَّةً

ယခင်အမိန့်တော်ကို ဤ 'အာယသ်' တော်က ပယ်ဖျက်လိုက်လေပြီဟူ၏။ 'ဆဟာဗီ' အပေါင်းတို့အား 'အလ္လာဟ်' အသျှင်မြတ်က ပြည့်ပြည့်ဝဝ၊ စုံစုံလင်လင် ချီးမြှင့်တော်မူခဲ့လေသည်။ ထိုအချိန်က ဤအချင်းအရာသည် အလွန့်အလွန် အရေးကြီးလှပေသည်။ ဂုဏ်လူနည်းစုကပင် သာသနာရေးလုပ်ငန်းများကို ချုပ်ကိုင်ထားလေသည်။

'သာဗီအီးန်'တို့ အချိန်ကျသောအခါ 'အစ္စလာမ်' သာသနာရေးသည် အတော်အတန်ပြန့်နှံ့ဖွံ့ထွားလာလေသည်။ 'အစ္စလာမ်' သာသနာဝင်တို့သည်လည်း များပြားလာလေသည်။ စည်းရုံးရေး အင်အားမှာလည်း တောင့်တင်းခိုင်မာ သိပ်သည်းလာချေပြီ။ တနည်းအားဖြင့် 'ဆဟာဗီ'ကြီးများကဲ့သို့ပညာပြည့်စုံမှုမှာလည်းလျော့နည်းလာချေသည်။ သူ့ကဏ္ဍနှင့်သူသာသနာရေးအတွက်အချိန်ပြည့်တဖက်သတ် အာရုံထား၍လုပ်ဆောင်နိုင်သူများကို 'အလ္လာဟ်'အသျှင်မြတ်သည် ဖန်တီးတော်မူလိုက်လေသည်။ 'ဟဒီးဆ်' ဩဝါဒဆရာတော်များ အဖွဲ့တဖွဲ့ သီးသန့်ဖွဲ့စည်းလိုက်၏။ အဖွဲ့၏တာဝန်မှာ 'ဟဒီးဆ်'တော်များကို ကျက်မှတ်ခြင်း၊ အာဂုံဆောင်ခြင်း၊ ဆန်းစစ်ခြင်း၊ ပို့ဆောင်ခြင်း၊ ဖြန့်ချီစေခြင်း စသည်များဖြစ်ပါသည်။

'ဖိုကဟာ'တို့ အဖွဲ့တဖွဲ့ကိုလည်း တသီးတခြား ဖွဲ့စည်းလိုက်သည်။ 'ဆူဖီ'များ၊ ရိုးသားဖြောင့်မတ်သူများ၊ ကာရီ=ကျမ်းမြတ် 'ကုရ်အာန်' ကို မှန်ကန်တိကျစွာ ဖတ်နိုင်သူများ၊ 'မုဂျာဟိဒ်' သူရဲကောင်းများ အချုပ်အားဖြင့် သာသနာရေး၊ ဘာသာရေး၌ သူ့ကဏ္ဍနှင့်သူ တသီးတခြားစီ တာဝန်ယူဆောင်ရွက်သူများ ပေါ်ပေါက်လာလေသည်။ ထိုအချိန်၌ ဤအချက်သည်အလွန်သင့်၊ အလွန်အရေးကြီးလှပေသည်။ အကယ်၍ ဒီအတိုင်းသာ မဆောင်ရွက်ခဲ့သော်၊ အဖွဲ့တိုင်း၌ အောင်မြင်မှုသည် အထွတ်အထိပ်သို့ ရောက်ရန်ခဲယဉ်းလှပေသည်။ အဘယ်ကြောင့်ဆိုသော်၊ သူတဦးတည်း ဘာသာစုံတတ်ကျွမ်းရန်၊ ဘက်စုံဖြစ်လာရန်မှာ အလွန်ခဲယဉ်းလှပေသည်။ ဤဝိသေသကို'အလ္လာဟ်' အသျှင်မြတ်ကတမန်တော်များအားလည့်းကောင်း၊ အထူးသဖြင့်တမန်တော်'မုဟမ္မဒ်' (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) သခင်အားလည်းကောင်းချီးမြှင့်တော်မူခဲ့လေသည်။ သို့ဖြစ်၍၊ဤအခဏ်း၌ 'ဆဟာဗီ'ကြီးတို့၏အဖြစ်အပျက် အကြောင်းအရာသာမက၊ အခြားအခြားသောပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာဖြစ်အင်များကိုပါ ဖော်ပြပါမည်။

## ၁။ နဗီတမန်တော်မြတ် လက်ထက်၌ စာရင်းဝင် မွဖ်သီများ။

'ဆဟာဗီ'အပေါင်း (ရသွေ့) တို့သည် 'ဂျီဟာဒ်' သာသနာရေးတိုက်ပွဲ၊ သာသနာဖြန့်ချီရေး တာဝန်များကို ထမ်းဆောင်နေကြရပါသော်လည်း၊ သာသနာရေး၊ ပညာရေးလုပ်ငန်း၌ အခါခပ်သိမ်း အာရုံစူးစိုက်လျက်ရှိကြပေသည်။ လူတိုင်းလူတိုင်းသည် အကြွင်အချိန်၌ ရယူနိုင်သမျှကိုရယူ၍ ဖြန့်ချီခြင်း၊ ပို့ဆောင်ခြင်း ဤသည်ကား ထိုပုဂ္ဂိုလ်ထူးတို့၏ လုပ်ငန်းပင်ဖြစ်သည်။ သို့သော်အဖွဲ့တဖွဲ့သည် 'ဖဿဝါ' ဓမ္မသတ် အဆုံးအဖြတ်အတွက် သီးသန့်ရှိခဲ့ပေသည်။ အကြွင်အဖွဲ့သည် နဗီတမန်တော်မြတ် လက်တော်ထင်ရှားရှိစဉ်ကပင် 'ဖဿဝါ' ဓမ္မသတ်တာဝန်ကို ထမ်းဆောင်ခဲ့ကြသည်။

## ဓမ္မသတ်မှူးအဖွဲ့ဝင်များစာရင်း။

(၁) ဟာဇရသ်အဗူဗက်ရ်သခင်၊
(၂) ဟာဇရသ်အုမရ်သခင်၊
(၃) ဟာဇရသ်အွတ်ဆ်မာန်သခင်၊
(၄) ဟာဇရသ်အလီသခင်၊
(၅) ဟာဇရသ်အဗ်ဒုရ်ရဟ်မာန်အိဗ်နုံအော့ဖ်သခင်၊
(၆) ဟာဇရသ်အိုဗိုင်အိဗ်နုကာအဗ်သခင်၊
(၇) ဟာဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုမတ်စ်အူးဒ်သခင်၊
(၈) ဟာဇရသ်မအာဇ်အိဗ်နုဂျဗလ်သခင်၊
(၉) ဟာဇရသ်အမ္မာရ်အိဗ်နုယာစိရ်သခင်၊
(၁၀) ဟာဇရသ်ဟုဇုိင်ဖဟ်သခင်၊
(၁၁) ဟာဇရသ်စလ်မာန်ဖာရစီသခင်၊
(၁၂) ဟာဇရသ်ဇုိဒ်အိဗ်နုဆာဗိသ်သခင်၊
(၁၃) ဟာဇရသ်အဗူမူစာသခင်၊
(၁၄) ဟာဇရသ်အဗူဒရ်ဒါအ်သခင်(ရသေ့ ယလ္လာဟုသအာလာအန်ဟွမ်)၊

(ကြည့်-သလ်ကီးဟ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤသို့ဖြင့် ယင်းပုဂ္ဂိုလ်တို့၏ ပညာအရည်အချင်းသည် ပြည့်စုံကြောင်း ပညာရည်ချွန်များဖြစ်ကြောင်း သာဓကဖြစ်သည်။ ' နဗီ' တမန်တော်မြတ်သက်တော်ထင်ရှား ရှိနေစဉ်မှာပင် ဓမ္မသတ်တာဝန်ထမ်းဆောင်သူ 'မွဖ်သီ'များ ဖြစ်ခဲ့ကြသည်။

### ၂။ ဟာဇရသ်အဗူဗက်ရ်သခင်သည် မိမိစုဆောင်းထားသည့် ဟဒီးဆ်ဩဝါဒတော်များကို မီးတင်ရှို့ခြင်းအကြောင်း။

'ဟာဇရသ်အာအိယှဟ်'(ရသေ့)သခင်မအဆို။ ။ကျမ၏ဘခင် 'ဟာဇရသ်အဗူဗက်ရ်' သခင်သည် 'ဟဒီးဆ်'ဩဝါဒတော်(၅၀၀) ကို စုဆောင်းထားပါသည်။ တညသောအခါဘခင်ကြီးသည် စိတ်သောကဖြစ်၍ အိပ်မပျော်ဘဲ လူးလိမ့်နေသည်ကိုမြင်တွေ့ရသဖြင့် ကျမသည်စိတ်မချမ်းမသာဖြစ်မိပါသည်။ထိုကြောင့်ဘခင်ကြီးအား စိတ်ဒုက္ခလော၊ ကိုယ်ဒုက္ခလောဟု မေးစမ်းကြည့်မိပါသည်။

အချုပ်အားဖြင့်ဖေါ်ပြရသော်၊ တညလုံးဒုက္ခခံ၍ နံနက်မိုးလင်းသောအခါ ဘခင်က— အို.... ချစ်လှစွာသောသမီးတော် 'အာအိယှာ်' ဘခင်ကြီးအပ်နှင်းထားသည့် 'ဟဒီးဆ်' ဩဝါဒ တော်များကို ယူခဲ့လော့ဟု အမိန့်ရှိပါသည်။ ကျမယူပေးလိုက်သောအခါ ဘခင်ကြီးသည် မီးတင်ရှို့ပစ်လိုက်ပါသည်။

ကျမက ဘခင်ကြီးအား ဘာကြောင့်မီးရှို့လိုက်ပါသလဲဟု မေးမြန်းသောအခါ ဘခင် ကြီးက စိုးရိမ်ကြောင့်ကြမိတယ်။ ဘခင်ကြီး သေဆုံးသွားသည်ရှိသော်၊ ယခုဘခင်ကြီးစုဆောင်း ထားသည့် ဩဝါဒတော်များအနက် အချို့မှာ တပါးသူထံမှကြားရ၍ လက်ခံယူထားသည် လည်းရှိသည်။ ဘခင်အနေနှင့် မှန်သည်ဟုယုံကြည်ထားပါသော်လည်း အကယ်စင်စစ်မမှန်ကန်ခဲ့ သော်၊ ချို့တဲ့မှုရှိခဲ့သော် ဘခင်၏တာဝန်မကင်းဖြစ်မည်ကို စိုးရိမ်ကြောင့်ကြမိသည်ဟုမိန့်တော် မူသည်။

(ကြည့်–သဇ်ကရသွလ်ဟုဖ်ဖါဇ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

'ဟဇရသ်အဗူဗက်ရ်'(ရသွေ့)သခင်၏ ပညာရည်ချွန်မှု၊ စိတ်ဓါတ်ပြင်း ပြမှု၊ စိတ်အားထက်သန်မှုဖြင့် 'ဟဒီးဆ်'ဩဝါဒတော် ငါးရာ(၅၀၀)ကို ရေး သားစုဆောင်းထား၍ မီးတင်ရှို့ပစ်ခြင်းသည် 'ဟဒီးဆ်'တော်ကို ဆင့်ပြန်ရာ၌ အထူးဂရုစိုက် လေးစားမှုထားရှိကြောင်း သိနိုင်ပေသတည်း။

သူတော်စင် 'ဆဟာဗီ' အပေါင်းတို့သည် 'ဟဒီးဆ်' ဩဝါဒတော်နှင့် စပ်လျဉ်းလာလျှင်ဤသို့ပင် ဂရုတစိုက်ရှိကြလေသည်။ဤအကြောင်းများကြောင့် ပင်များစွာသော'ဆဟာဗီ' ကြီးတို့ထံမှ 'ဟဒီးဆ်' ဩဝါဒတော်အရနည်းလှပေ သည်။ကျွန်ုပ်တို့သည် ဤအကြောင်းများကိုထောက်ချင့်၍ သခ်ဏ်းစာယူသင့်ပေ သည်။ ဓမ္မပလ္လင်စင်မြင့်ပေါ်တက်၍မန္တံမကြောက်'ဟဒီးဆ်'ဩဝါဒတော်များကို ရွတ်ဖတ်လေ့ရှိကြသည်။ 'ဟဇရသ် အဗူဗက်ရ်'(ရသွေ့)သခင်သည် 'နဗီ'တမန် တော်မြတ်နှင့် အခါခပ်သိမ်း အတူနေလေ့ရှိသည်။ ခရီးထွက်ရာ၌လည်း လိုက် ပါလေ့ရှိသည်။ 'ဟစ်ဂျ်ရသ်' သာသနာရေးခရီး၌လည်း လိုက်လေ့ရှိသည်။

'ဆဟာဗဟ်'အပေါင်းတို့၏အဆို။ ။ကျွန်ုပ်တို့၌ပညာအရှိဆုံးသည်'အဗူ ဗက်ရ်' (ရသွေ့) သခင်ပင်ဖြစ်သည်။ 'ဟဇရသ်အုမရ်' (ရသွေ့) သခင်အဆို။ 'နဗီ' တမန်တော်မြတ် ကွယ်လွန်သောအခါကိုယ်တော်မြတ်၏ အရိုက်အရာဆက် ခံရန် ဖြစ်ပေါ်လာသောအခါ 'ဟဇရသ်အဗူဗက်ရ်' သခင်သည် ဩဝါဒမိန့်ခွန်း

စကား ဟောကြားတော် မူသည်။ ၎င်း၌ 'အန်ဆာရီ'တို့၏ ထူးမြတ်ခြင်း အကြောင်းကို'ဟဒီးဆ်' သြ၀ါဒတော်များကို'ကုရ်အာန်'အာယတ်တော်များနှင့် မကြွင်းမကျန်တင်ပြတော်မူခဲ့သည်။ ၎င်းဖြင့် ကျမ်းမြတ် 'ကုရ်အာန်'၌ အာယတ် မျှ ကျမ်းကျင်ကြောင်း 'ဟဒီးဆ်' သြ၀ါဒတော်များကို မည်မျှအာရုံဆောင် ထားကြောင်းကို သိနိုင်ပေသည်။ မှန်းဆနိုင်ပေသည်။ သို့ငြားသော်လည်း 'ဟဒီးဆ်'သြ၀ါဒတော်များကို သာမန်အားဖြင့် တင်ပြလေ့ရှိသည်။ ဤနည်း တူစွာ 'အီမာမ်အအ်ဇမ်' သခင်ထံမှလည်း 'ဟဒီးဆ်'သြ၀ါဒတော် အနည်း အကျဉ်းသာ ရရှိပေသည်။

၃။ ဟဇရတ်မွတ်ဆ်အဗ်အိဗ်နုအုမိုင်းရ်သခင်၏ သာသနာရေးလုပ်ငန်းများအကြောင်း။

'ဟဇရတ်မွတ်ဆ်အဗ်အိဗ်နုအုမိုင်းရ်'သခင်သည်၊ ဤပုဂ္ဂိုလ်၏အကြောင်းကို အခဏ်း(၇)၊ အမှတ်စဉ်(၅)တွင် ဖော်ပြခဲ့လေပြီ။ သခင်ကြီးအား တမန်တော်မြတ် 'မုဟမ္မဒ်' (ဆလ္လလ္လာဟု အလိုက်ဟိ၀ စလ္လမ်)သခင်က 'မဒီနဟ်'မြို့တော်မှ အုပ်စုတစုသည် အားလုံးထက် အလျင်ဆုံး 'မေနာ'တောင်ခြေသို့လာရောက်၍ 'အစ္စလာမ်'သာသနာကို လက်ခံ ယုံကြည်သူတို့နှင့် အတူ သာသနာရေးပညာပေးရန်အတွက် စေလွှတ်တော်မူလိုက်လေသည်။

ဤပုဂ္ဂိုလ်သည် 'မဒီနဟ်'မြို့တော်၌အမြဲတမ်းသာသနာရေးပညာပေး သင်ကြားပို့ချခြင်း နှင့် 'သဗ်လီးဂ်' လုပ်ငန်းကို ဆောင်ရွက် နေလေသည်။ လူသူအများတို့အား ကျမ်းမြတ် 'ကုရ်အာန်'သင်ကြားပြသသည်။ သာသနာရေးအကြောင်း ဟောကြား ပြသပေးလေသည်။ 'မွတ်ဆ်အဗ်'သခင်သည် 'အတ်စ်အဒ်အိဗ်နုဇူရာရဟ်'အိမ်၌ မှီတင်းနေထိုင်တော် မူလေသည်။ သာသနာရေး သင်ကြားပြသသူ ဆရာဟူ၍ ကျော်ကြားလေသည်။ 'စအဒ်အဗ်နုမအာဇ်'နှင့် "အိုစိုဒ်အိဗ်နုဟသ္ဒိုးရ်"တို့နှစ်ဦးစလုံးသည် ခေါင်းဆောင်ပိုင်း၌ပါ၀င်နေကြလေသည်။ ဤပုဂ္ဂိုလ် နှစ်ဦးတို့သည် 'အစ္စလာမ်'သာသနာဖြန့်ချိရေးလုပ်ငန်းကို မလိုမုန်းတီးလာကြသဖြင့် 'စအဒ်က အုစိုဒ်'အား၊ မင်း'အတ်စ်အဒ်'ထံသို့သွား၍ ဒိုသတင်းရထားတယ်၊ မင်းအိမ်မှာတရွာသားတပါးသူ ကို နေထိုင်ခွင့်ပြုထားကြောင်း၊ ထိုသူက ဒို့အထဲမှ အချို့ အချို့သော အင်အား ချို့တဲ့သူ၊ ပညာစာပေ ခေါင်းပါးသူတို့အား ပြစ်တင်သည်။ အချို့ကို ဖြားယောင်း သွေးယောင်နေသည် ဟုပြောလေသည်။

အိုစိုဒ်သည် 'အတ်စ်အဒ်'သခင်ထံသို့လာရောက်၍ စကားခပ်မာမာပြောကြားလေသည်။ 'အတ်စအဒ်'သခင်က မင်း သူ့တရားကိုနာပါဦး၊ အကယ်၍ ကြိုက်နှစ်သက်လျှင် လက်ခံပေါ့၊ အကယ်၍တရားနာပြီး မကြိုက်ဘူးဆိုပါက လက်မခံနဲ့ပေါ့။ ထိုအခါကျမှ ဟန့်တားလျှင်လည်း မှုမှန်ပေလိမ့်မည်ဟု ပြန်ပြောချလိုက်လေ၏။

'အိုစိုဒ်'က အဲဒါအမှန်ပဲ၊ မျှတတဲ့စကားဘဲဟု ပြောလာ၏။ 'ဟဇရတ်မွတ်ဆ်အဗ်' သခင်သည် 'အစ္စလာမ်'သာသနာတော်၏ ကောင်းရာကောင်းကြောင်းများကို တင်ပြဆွေးနွေးလေသည်။ ကျမ်းမြတ်'ကုရ်အာန်'၏ 'အာယသ်'တော်များကိုလည်း ဖတ်ကြားတော်မူလေ၏။ ထိုအခါ 'အိုစိုဒ်'က အလွန်ကောင်းသော စကားရပ်တွေဘဲ၊ အလွန်မှန်မြတ်လှသည့် ဝါဒလမ်းစဉ်တွေဘဲ၊ အသင်တို့သည် သာသနာဘောင်တွင်းသို့ တဦးတယောက်အား သွတ်သွင်းလျှင် ဘာတွေဆောင်ရွက်ရသနည်းဟု မေးမြန်းလေသည်။

✓ ထိုပုဂ္ဂိုလ်တို့က 'အစ္စလာမ်' သာသနာရေးနည်းအရ ရေမိုးချိုးရမည်။ သန့်ရှင်းစင်ကြယ်သည့် အဝတ်အထည်များကိုဝတ်ဆင်ရမည်။ 'ကလီမဟ်ယှဟာဒသ်'ကို ရွတ်ဖတ် သရဇ္ဈာယ်ရမည်ဟု ပြောကြားလေသည်။ 'အိုစိုဒ်'သည် ချက်ချင်းလုပ်ငန်းဟူသရွေ့ကိုလုပ်ဆောင်၍'အစ္စလာမ်' သာသနာကို လက်ခံယုံကြည်၍ 'မွတ်စ်လင်မ်' အဖြစ်ကိုခံယူလေသည်။ ထိုနောက် 'အိုစိုဒ်'သခင်သည်'စအဒ်'ထံသွား၍ အကျိုးအကြောင်းတင်ပြခါ မိမိနှင့်တပါတည်း ခေါ်ဆောင်လာ၍ ဆွေးနွေးကြလေသည်။'စအဒ်အိဗ်နုမအာဇ်'လည်း 'မွတ်စ်လင်မ်' ဖြစ်လာလေသည်။

'ဟဇရတ်စအဒ်အိဗ်နုမအာဇ်' သခင်သည် မိမိ'မွတ်စ်လင်မ်' ဖြစ်လာလျှင် ချက်ချင်းမှာပင် သားချင်းများဖြစ်ကြသော 'အရှိဟလ်'၊အနွယ်ဝင်တို့ထံသွား၍ အို-သားချင်း အပေါင်းတို့ သင်တို့သည် ကျွန်ုပ်အား အဘယ်သို့မြင်ကြသနည်း။(၀ါ)လူကောင်းလော၊ လူယုတ်မာလော၊ သင်တို့အကျိုးဆောင်လော၊အကျိုးရှောင်လောဟု မေးမြန်းရာ၊ ထိုသူတို့က တသံတည်းလူကြီးမင်းသည် ကျွန်ုပ်တော်မျိုးတို့အနက် အမြတ်ဆုံး၊ အကျိုးဆောင် ပုဂ္ဂိုလ်တဦး ဖြစ်ပါကြောင်း လျှောက်ထားကြလေသည်။

'ဟဇရတ်စအဒ်'သခင်က၊အို-သားချင်း အပေါင်းတို့၊အသင်တို့အမျိုးသား တို့သည်လည်းကောင်း၊ အမျိုးသမီးတို့သည်လည်းကောင်း 'အစ္စလာမ်' သာသနာတော်ဝင်၊ တမန်တော်'မုဟမ္မဒ်'(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သခင်အား လက်ခံယုံကြည်ခြင်းမရှိကြသမျှကာလပတ်လုံး၊ကျွန်ုပ်အနေနှင့် အသင်တို့နှင့် စကားပြောဆိုခြင်း၊ ပေါင်းသင်းဆက်ဆံခြင်း၊ ဟူသရွေ့ကို 'ဟရာမ်'ဖြစ်ပေမည်ဟု ပြောကြားတော်မူလိုက်လေသည်။ ဤပုဂ္ဂိုလ်၏ ပြောကြားချက်ကြောင့် 'အရှိဟလ်'အနွယ်ဝင် အမျိုးသား အမျိုးသမီးအားလုံးတို့သည် 'အစ္စလာမ်' သာသနာတော်ဝင်များဖြစ်လာကြ၍။'ဟဇရတ်မွတ်ဆ်အဗ်' သခင်သည် သာသနာရေး ပညာရပ်များကိုသင်ကြားပို့ချပေးလေ့ ရှိလေသည်။

(ကြည့်-သလ်ကီးဟ်ကျမ်း)

သိမှတ်ဖွယ်ရာအဖြာဖြာ။

ဤသည်'ဆဟာဗီ'ကြီးတို့၏ လုပ်ရိုးလုပ်စဉ်တရပ်ဖြစ်သည်။ အကြင်ပုဂ္ဂိုလ်သည်'အစ္စလာမ်'သာသနာဝင်ဖြစ်လာခဲ့သော်၊ ထိုပုဂ္ဂိုလ်သည်လည်း သာသနာဖြန့်ချီသူအဖြစ်သို့ အလိုအလျောက် ရောက်ရှိလေ့ရှိသည်။'အစ္စလာမ်' သာသနာတော်နှင့်စပ်လျဉ်း၍ တတ်သိသမျှကို တပါးသောသူတို့အား ပို့ဆောင်ဖြန့်ချီခြင်း ဆော်ဩခြင်း စသည်တို့သည် ဤပုဂ္ဂိုလ်ထူးတို့၏ အထူးလုပ်ငန်းတရပ်ပင်ဖြစ်ချေသည်။ ထိုလုပ်ငန်းကို လယ်ယာကိုင်းကျွန်း လုပ်ငန်းသည် လည်းကောင်း၊ ရောင်းဝယ်ဖေါက်ကားရေး လုပ်ငန်းသည်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းသည်လည်းကောင်း၊လခစားလုပ်ငန်းသည်လည်းကောင်း၊အဟန့်အတားဖြစ်မလာနိုင်ခဲ့ပေ။

## ၄။ ဟဇရယ်အုဗိုင်အိဗ်နုကအဗ်သခင်၏ ပညာသင်ကြားပို့ချခြင်းအကြောင်း။

'ဟဇရယ်အုဗိုင်အိဗ်နုကအဗ်' (ရသွေ့) သခင်သည် အလွန်ထင်ပေါ် ကျော်ကြားသည့် 'ဆဟာဗီ'ကြီးတပါးဖြစ်သည့်ပြင်၊အလွန်ကျော်ကြားသည့် 'ကာရီ'ကျမ်းမြတ် 'ကုရ်အာန်' ကို ကောင်းစွာတတ်ကျွမ်းသည့် ပုဂ္ဂိုလ်များတွင် ပါဝင်သူတဦးဖြစ်လေသည်။

'အစ္စလာမ်' သာသနာတော်ကို လက်ခံယုံကြည်ခြင်းမပြုမီကပင် အရေးအဖတ်တတ်ကျွမ်းသူဖြစ်သည်။အာရေဗီးယားနိုင်ငံ၌ ရေးသားသည့် အလေ့အထသည် အလွန်နည်းပါးလှလေသည်။'အစ္စလာမ်'သာသနာတော် ထွန်းကားသည့် နောက်ပိုင်းမှ ခေတ်စားလာလေသည်။ ဤပုဂ္ဂိုလ်သည် ယခင်ကပင် အရေးအဖတ် တတ်ကျွမ်းသူဖြစ်ခဲ့သည်။

✓နဗီတမန်တော်မြတ်၏အပါးတော်၌ ဝင်ရောက်ခစား၍ 'ဝဟီကုရ်အာန်'ကိုရေးသားလေ့ရှိသည်။ကျမ်းမြတ်'ကုရ်အာန်'ကို အလွန်ကျွမ်းကျင်သည်။ထိုပုဂ္ဂိုလ်သည် 'နဗီ' တမန်တော်မြတ်လက်ထက်၌ ကျမ်းမြတ်'ကုရ်အာန်' တအုပ်လုံးကို အာဂုံဆောင်ထားသူများတွင် တဦးအပါအဝင်ဖြစ်ပေသည်။ကိုယ်တော်မြတ်က ငါ၏ 'အွမ္မသ်' သားတို့တွင် အကြီးဆုံး၊အတော်ဆုံး 'ကာရီ' သည် 'အုဗိုင်အိဗ်နုကအဗ်' ဖြစ်သည်ဟု မိန့်ကြားတော်မူလေသည်. 'သဟဂျ်ဗုခါရီ' နမာဇ်တွင် ရှစ်ညနှင့် ကျမ်းမြတ်'ကုရ်အာန်'အစအဆုံး ကုန်အောင်ဖတ်လေ့ရှိသည်။

✓တရံရောအခါ 'နဗီ' တမန်တော်မြတ်က အို–အဆွေတော်၊ 'အလ္လာဟ်' အသျှင်မြတ်က ငါကိုယ်တော်မြတ်အား အဆွေတော်ထံမှ 'ကုရ်အာန်'နားဆင်ဟု မိန့်မြွက်တော်မူသည်ဟု ပြောကြားရာ၊'ဆဟာဗီကြီး'က–အို–အသျှင့်တမန်တော်၊ ကျွန်တော့်အမည်နာမကို ထုတ်ဖော်၍မြွက်ကြားပါသလောဟု ပြန်လည်လျှောက်ထား မေးမြန်းတော်မူလေရာ၊ကိုယ်တော်မြတ်က၊ အေး–

အကြည်တော့်နာမည်ကိုပါ ထုတ်ဖော် မိန့်ကြားတော်မူသည်ဟု ပြောကြားလိုက်သဖြင့်၊ ဝမ်းသာလွန်း၍မျက်ရည်များတောင် ယိုစီးလာရှာတယ်။ထိုသဘာ နေရာ၌ကျွန်ုပ်အားသတိရခြင်းသည် ကျွန်ုပ်ထက်သာလွန်မွန်မြတ်လှပေသည်ဟူ၏။

'ဂျွန်ဒွပ်အိပ်နုအစ်ဒွလ္လာဟ်'အဆို။ ။ကျွန်တော်မျိုးသည် 'မဒိနဟ်' မြို့တော်သို့ ပညာရှာဖွေဆည်းပူးရန် ရောက်ရှိလာသည်။ ထိုအချိန်၌ တမန်တော်မြတ်၏ ဗလီဝတ်ကျောင်းတော်၌ 'ဟဒီးဆ်'ဩဝါဒတော်ကို သင်ကြားပို့ချသည့် ဆရာတော်အမြောက်အမြားရှိကြသည်။ တပည့်ကျောင်းသားများသည်လည်း အစုလိုက်၊အစုလိုက် ဆရာအသီးသီးထံ၌ရှိကြ၏။ ကျွန်တော်မျိုးသည် အုပ်စုအသီးသီးကိုကျော်ဖြတ်၍ အုပ်စုတစု၌ဝင်ရောက်ကာ ထိုအုပ်စု၌ ခရီးသည်အသွင်ဆောင်လျက် အဝတ်ပိုင်းစနှစ်စကို ကိုယ်ပေါ်တင်လျက် 'ဟဒီးဆ်' ဩဝါဒတော်များကို သင်ကြားနေပါသည်။

ကျွန်ုပ်က ဤသူတော်မြတ်သည် အဘယ်သူနည်းဟု မေးမြန်းကြည့်ရာ၊ 'မွတ်စလင်မ်'တို့၏ခေါင်းဆောင် 'အုဗိုင်အိဗ်နုကအဗ်' ဖြစ်ကြောင်း ဖြေကြားပါသည်။ ကျွန်တော်သည် ၎င်းအသိုင်းအဝိုင်း၌ ဝင်ထိုင်လိုက်ပါသည်။ 'ဟဒီးဆ်'ဩဝါဒတော် သင်ကြားပြီးသောအခါ အိမ်သို့ပြန်ရာ ကျွန်တော်သည် နောက်မှလိုက်ပါသွားပါသည်။ ထိုသို့ရောက်ရှိသောအခါ အလွန်ဟောင်းနွမ်းဆွေးမြေ့ ယိမ်းယိုင်လျက်ရှိသောအိမ်ကို တွေ့မြင်ရပါသည်။ ပစ္စည်းဥစ္စာများမှာလည်း အလွန်နည်းပါးလှပါသည်။ မရှိမဖြစ်အနေနှင့်သာ ဘဝတိုက်ပွဲကို ရင်ဆိုင်နေရသည်ကို ကျွန်တော်တွေ့မြင်ရပါသည်ဟူ၏။

(ကြည့်—သွဗ်ကာသ်ကျမ်း)

✓'ဟဇရသ်အုဗိုင်' (ရသွေ့) သခင်အဆို။ ။တရံရောအခါ နဗီတမန်တော်မြတ် သည် ကျွန်ုပ်အားပညာစမ်းတော်မူသည်။ ကိုယ်တော်မြတ်က (အို....) 'အုဗိုင့်'–ကျမ်းမြတ်'ကုရ်အာန်'၌ 'ဗရကာသ်' မင်္ဂလာနှင့် ထွန်းမြတ်ခြင်းအကြောင်းပါရှိသည့် 'အာယသ်' ပါဒတော်သည် အဘယ်အရာနည်းဟု မေးစမ်းတော်မူသည်။ ကျွန်ုပ်က အသျှင်နှင့် အသျှင့် 'ရစူလ်' တမန်တော်သည် အသိဆုံးဖြစ်ပါသည်ဟု လျှောက်ထားလိုက်ပါသည်။ ဒုတိယအကြိမ် အမိန့်ရှိလာပြန်သည်။ ကျွန်ုပ်အား ရိုသေလေးစားမှုက ဟန့်တားထားပါသည်။ အထက်ပါနည်းတူ ပြန်ဖြေလိုက်ရပါသည်။

✓ တတိယအကြိမ် တဖန်မေးစမ်းလာသောအခါ ကျွန်ုပ်က 'အာယသွလ်ကုရ်ဆီ' ဟု ဖြေကြားလိုက်ရာ 'နဗီ'တမန်တော်မြတ်သည် နှစ်မျို့ရွှင်ပျဘော်မူ၍ သင့်ပညာသည် သင့်အားအကျိုးပြုပါစေသားဟု ဆုမွန်တောင်းခံပေးတော်မူသည်။

အခါတပါး၌ 'နဗီ'တမန်တော်မြတ်သည် ရှေ့ဆောင်အဖြစ် နမာဇ်ဖတ်နေစဉ် 'အာယတ်' ပါဒတခုသည် ကြွင်းကျန်ခဲ့သည်ကို 'ဟဇရတ်အူဗိုင်' သခင်က ထောက်ပြလိုက်ပါသည်။ နမာဇ်ပြီးသော်၊ ကိုယ်တော်မြတ်က အာယတ်သူနုတ်သည်းဟု မေးမြန်းတော်မူရာ၊ 'ဟဇရတ်အူဗိုင်' သခင်က ကျွန်တော်မျိုးပါဟု ပြန်လည်လျှောက်ထားပါသည်။ ကိုယ်တော်မြတ်သည်လည်း အကြည်တော်သာဖြစ်မည်ဟု ထင်မိပါသည်ဟု မိန့်ကြားတော်မူသည်။

(ကြည့်—မွတ်(စ်)နဒေအဟ်မဒ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤသို့ 'ဟဇရတ်အူဗိုင်' သခင်သည် ပညာရေး တာဝန်နှင့် ကျမ်းမြတ် 'ကုရ်အာန်'၏ အထူးတာဝန် ထမ်းဆောင်နေရလင့်ကစား၊ 'နဗီတမန်တော်မြတ်နှင့် တိုက်ပွဲတိုင်း၌ ပါဝင်ဆင်နွှဲလေ့ရှိခဲ့ပေသည်။ 'နဗီ'တမန်တော်မြတ်(ဝစလ္လမ်)၏ တိုက်ပွဲတိုင်း၌ မပါဝင်ခဲ့သော တိုက်ပွဲဟူ၍မရှိခဲ့ပေ။

## (၅) ဟဇရတ်ဟိုဇိုင်ဖဟ်သခင်သည် နဗီတမန်တော်မြတ်ထံမှ အနာဂတ်ကာလ၌ ဖြစ်လာမည့် အရှုပ်အရှင်းများနှင့် စပ်လျဉ်း၍ မေးမြန်းထားခြင်းအကြောင်း။

'ဟဇရတ်ဟိုဇိုင်ဖဟ်' သခင်သည် ထင်ပေါ်ကျော်ကြားသည့် 'ဆဟာဗီ'ကြီး များတွင် တဦးအပါအဝင်ဖြစ်ပေသည်။ နှုတ်လုံသူဟူသည့်ဘွဲ့နာမကိုလည်း ချီးမြှင့်ခြင်းခံရသည်။ကိုယ်တော်မြတ်သည် "မုနာဖစ်က်'အီမာန်" အရေခြုံများနှင့် နောင်ဖြစ်လာမည့် အရှုပ်အရှင်းများကို ဤသာဝကကြီးအား အသိပေးခဲ့လေသည်။

တချိန်က 'နဗီ'တမန်တော်မြတ်သည် 'ဆဟာဗီ'ကြီးအား 'ကီယာမတ်'နေ့အထိ ဖြစ်ပျက်လာမည့် အရှုပ်အရှင်းပြဿနာများကို တခုမကျန် အမှတ်စဉ်အတိုင်း ပြသခဲ့လေသည်။ လူဦးရေ (၃၀၀)ပါဝင်၍ ဖြစ်လာမည့်ပြဿနာကို ဦးဆောင်မည့်သူက မည်သူမည်ဝါ၊ အဘအမည်၊ အမိအမည်၊ အနွယ်ဝင်က မည်သူဟု တိကျပြတ်သားစွာ ဟောကိန်းထုတ်ပြန်ခဲ့ပါသည်။

'ဟဇရတ်ဟိုဇိုင်ဖဟ်' အမိန့်ရှိသည်မှာ အချို့သောသူတို့သည် 'နဗီ'တမန်တော်မြတ်ထံမှ ကောင်းရာကောင်းကြောင်း များကိုသာ မေးမြန်းလျှောက်ထားကြသည်။ မိမိမှာအဖြစ်ဆိုးလာမည့် အကြောင်းများကိုသာ မေးမြန်း၍ ကြဉ်ရှောင်လိုစိတ် ထားရှိပါသည်ဟူ၏။

တရံရောအခါ 'ဟဇရတ်ဟိုဇိုင်ဖဟ်'က၊ အို....အသျှင့်တမန်တော်၊ ဤသာယာဝဖြိုးမှုယခုခေတ်ကာလ၌ 'နဗီ'တမန်တော်မြတ်၏ ဂုဏ်သိက္ခာကြောင့် စံစားမှုများသည် ပြောင်းလဲ၍၊

မကောင်းမှု၊ပျက်ပြုန်းမှုများ ဖြစ်လာပါမည်လောဟု မေးမြန်းလျှောက်ထားပါသည်။ ထိုအခါ ကိုယ်တော်မြတ်က၊ အေး....မကောင်းမှု၊ စက်ဆုတ်မှု၊ ပျက်ပြုန်းမှု စသည်များသည် များပြား လာပေအံ့။ ထိုနောက်ကျွန်ုပ်က ၎င်းမကောင်းမှုများ လာရောက်၍၊ တဖန် ကောင်းမှုများ ပြန်လာနိုင်သေးသလားဟု လျှောက်ထားရာ၊ ကိုယ်တော်မြတ်က၊ အို.... 'ဟိုဇိုင်ဖဟ်' ကျမ်းမြတ် 'ကုရ်အာန်'ကို ဖတ်လော့၊ အနက်အဓိပ္ပါယ်ကိုလည်း တွေးဆလော့၊ အမိန့် ပညပ်ချက်များ ကိုလည်း လိုက်နာကျင့်ဆောင်လော့။ (ကျွန်ုပ်မှာသောကကြီးလျက်) အို... အသျှင့်တမန်တော် မြတ်၊ မကောင်းမှုနောက်၊ ကောင်းမှုတဖန် ပြန်လာပါမည်လောဟု မေးမြန်းရာ၊ ကိုယ်တော် မြတ်က၊ အေး....ကောင်းမှုလာပေအံ့။ သို့ငြားလည်း ယခင်ကအတိုင်း စိတ်ဓါတ်ကိုမူ ရယူနိုင်ကြ တော့မည် မဟုတ်ချေ ဟူ၏။

တဖန်ကျွန်ုပ်က၊ အို– အသျှင့်တမန်တော်၊ ထိုကောင်းမှု၊ သာယာမှုရောက်၍ နောက် တဖန်မကောင်းမှု၊ ဆုတ်ယုတ်မှုရောက်ရှိနိုင်ပါသေးသလောဟု မေးမြန်းသောအခါ၊ ကိုယ်တော် မြတ်က၊ အေး– ဒီလိုလူတွေပေါ်ပေါက်လာ၍ များစွာသောသူတို့အား လမ်းမှားသို့တွန်းချကြ ပေမည်။ 'ဂျဟန္နမ်' မီးတွင်းသို့ဆောင်ကြပေမည်။ ကျွန်ုပ်က၊ ကျွန်တော်မျိုးသည်ထိုအချိန်ကာလ ကိုမှီခဲ့သော် အသို့လုပ်ဆောင်အံ့နည်းဟု လျှောက်ထားရာ၊ ကိုယ်တော်မြတ်က အကယ်၍ 'အစ္စလာမ်'သာသနာဝင်အပေါင်းတို့၏ စည်းရုံးညီညွတ်မှုရှိသည့်အဖွဲ့သည် ရှိပေအံ့။ အုပ်ထိန်းသူ ဘုရင်တပါးလည်း ရှိနေပေမည်။ အကြည်တော်သည် ထိုအဖွဲ့၌ ပါဝင်လော့ဟု မိန့်မြွက်တော် မူသည်။

သို့တည်းမဟုတ် အကြည်တော်သည် အဖွဲ့အစည်းအားလုံးကိုစွန့်၍ တောသို့ ထွက်ခွါ၍ တကိုယ်တည်း ရိပ်ကြီးခိုပေလော့။ ကွယ်လွန်သေဆုံးသည်အထိ နေပေလော့ဟု မိန့်ကြားသည်။ ဤသို့ မိန့်ကြားတော်မူခဲ့သည်။ 'နဗီ' တမန်တော်မြတ်သည် 'ဟဇရသ် ဟိုဇိုင်ဖဟ်' သခင်အား 'မုနာဖစ်က်'သာသနာ့အရေခြုံတို့၏ လက္ခဏာရပ်များကို ဖွင့်ဟပြောကြားထားသဖြင့်၊ 'ဟဇရသ် အုမရ်'သခင်သည် ကျွန်ုပ်၏လက်အောက်ငယ်သားများတွင် 'မုနာဖစ်က်'သာသနာ့အရေခြုံများရှိ သလောဟု မေးမြန်းစုံစမ်းတော်မူလေ့ရှိသည်။

တချိန်က 'မုနာဖစ်က်' သာသနာ့အရေခြုံ တယောက်ရှိခဲ့သည်။ အမည်ကိုမူဖေါ်ပြခြင်း ပြုမည်မဟုတ်ကြောင်း လျှောက်ထားလေသည်။ 'ဟဇရသ်အုမရ်' သခင်သည် မည်သူမည်ဝါ ဖြစ်သည်ကို ရိပ်စားမိသဖြင့်၊ ထိုသူအား ရာထူးမှရပ်စဲလိုက်လေသည်။

အကြင်သူတဦးတယောက် ကွယ်လွန်သွားခဲ့သော်၊ ထိုသူ၏'ဂျနာဇဟ်'ကို 'ဟဇရသ်ဟို ဇိုင်ဖတ်'သခင်လိုက်လံပို့မပို့ကို 'ဟဇရသ်အုမရ်'သခင်သည် ထောက်လှမ်း စုံစမ်းလေ့ရှိသည်။ အကယ်၍ 'ဟိုဇိုင်ဖတ်'သခင် လိုက်လံပို့ဆောင်ခဲ့သော်၊ 'အုမရ်'သခင်သည်ဦးဆောင်၍ 'နမာဇ်' ဖတ်၊ 'ဒုအာ'ပြုလေ့ရှိသည်။ သို့တည်းမဟုတ် ရှောင်ဖယ်ဖယ်နေလေ့ရှိသည်။

'ဟိုဇိုင်ဖဟ်'သခင် ကွယ်လွန်ချိန်နီးကပ်လာသော်၊ သခင်ကြီးသည် စိုးရိမ်တကြီး ငိုကြွေးတော်မူသည်။ အများကမေးမြန်းကြသောအခါ၊ "ဟဇရတ်ဟိုဇိုင်ဖဟ်"သခင်က ဤမျက်မှောက်လောကကြီးကို ကျောခိုင်းသွားသည့်အတွက် မိမိငိုကြွေးခြင်း မဟုတ်ကြောင်း၊ အကယ်စင်စစ်သေခြင်းတရားကို မိမိသည်အလွန်ကြိုက်နှစ်သက်ကြောင်း၊ အမှန်တကယ် မိမိဝမ်းနည်း ကြေကွဲခြင်းဖြစ်ရသည်မှာ မိမိအား 'အလ္လာဟ်'အသျှင်မြတ်သည် နှစ်သက်တော်မူပါသလော၊ သို့မဟုတ်အမျက်တော် ထားရှိပါမည်လော ဟူသည်ကို မသိသဖြင့် ငိုကြွေးရပါသည်ဟု ပြော၍ အို–အလ္လာဟ် အသျှင်မြတ်၊ ဤသည် ကျွန်တော်မျိုးအဖို့ နောက်ဆုံးအချိန် ဖြစ်ချေပြီ။ ကျွန်တော်မျိုးသည် 'အလ္လာဟ်' အသျှင်မြတ်အား ရှုကြောက်လေးစားပါ၏။ သို့ပါ၍ အသျှင်မြတ်သည် ကျွန်တော်မျိုးနှင့်တွေ့ဆုံရာ၌ 'ဗရကတ်'မင်္ဂလာ ချီးမြှင့်တော်မူပါဟု ဆုမွန် 'ဒုအာ' တောင်းခံလေသည်။

(ကြည့်–အဗူဒါဂူးဒ်+အစဒ္ဒလ်ဂါဗဟ်ကျမ်း)

## ၆။ ဟဇရတ်အဗူဟိုရိုင်ရဟ်သခင် ဟဒီးဆ်ဩဝါဒတော်များကို အာဂုံဆောင်ခြင်း အကြောင်း။

'ဟဇရတ်အဗူဟိုရိုင်ရဟ်'သခင်သည် အလွန်ထင်ပေါ်ကျော်ကြားရုံသာမက ဘုန်းတန်ခိုးနှင့်လည်း ပြည့်စုံသည့် 'ဆဟာဗီကြီး'တပါးဖြစ်လေသည်။ 'ဟဒီးဆ်' ဩဝါဒတော်များသည်ထို 'ဆဟာဗီ'ကြီးထံမှ အများဆုံး လက်ခံရရှိခဲ့ပေသည်။ ထိုပုဂ္ဂိုလ်သည် 'ဟိဂျ်ရီ'ခုနစ်၌ 'အစ္စလာမ်'သာသနာဝင်ဖြစ်လာသည်။ "ဟဂျ်ရီ' ၁၁ ခုနှစ်မှာ နဗီတမန်တော်မြတ် (ဝစလ္လမ်) ကွယ်လွန်ရရှာလေသည်။ ဤမျှအချိန်အနည်းငယ်အတွင်း (၄)နှစ်မှာ ဤရွေ့ ဤမျှ 'ဟဒီးဆ်' ဩဝါဒတော်များကို ကျက်မှတ် အာဂုံဆောင်ထားခြင်းဖြင့် အများက အံ့မဆုံး ဖြစ်နေကြပေသည်။

အပေါင်းအသင်းများက 'အဗူဟိုရိုင်ရဟ်'(ရသွေ့)သည် 'ဟဒီးဆ်' ဩဝါဒတော်များကို အဆင့်ဆင့်ဖောက်သည့်ချလေ့ရှိသည်ဟုပြောကြသည်။ သခင်ကြီးကိုယ်တိုင်ကအမှန်မှာကျွန်ုပ်၏ညီတော် နောင်တော်များဖြစ်ကြသည့် * 'မုဟာဂျိရ်'တို့သည်ရောင်းရေးဝယ်ရေးနှင့် ဈေးသွားဈေးလာဖြင့် အလုပ်များနေကြသည်။ 'အန်ဆွာရီ'ညီနောင်တို့မှာမူလယ်ယာကိုင်းကျွန်းလုပ်ငန်းများဖြင့် အလုပ်များနေကြသည်။ လုပ်ငန်းနှင့် အမြဲတစေရင်ဆိုင်နေကြရသည်။

ကျွန်ုပ်သည်ကား 'ဆုဖ်ဖဟ်'၌ မရှိဆင်းရဲသားအခြေအနေမဲ့၊ အိုးအိမ်မဲ့သော သူများတွင် တဦးအပါအဝင်ဖြစ်သည်။ နဗီ တမန်တော်မြတ်၏ အပါးတော်၌ ဝင်ရောက်ခစား၍ ရသမျှကိုသာ စားသုံးရောင့်ရဲတင်းတိမ်နေလေ့ရှိပါသည်။ အခြားအခြားသောသူများမရှိသည့်အခါ

* မက္ကာဟ်မြို့တော်ကိုစွန့်၍မဒီနဟ်သို့ သာသနာရေးခရီးထွက်သူတို့ကိုမုဟာဂျိရ်ဟုခေါ်သည်။

ဖြစ်စေ။ ရှိသည့်အခါဖြစ်စေ ကျွန်တော်မျိုးသည် ကိုယ်တော်မြတ်၏ အပါးတော်မြဲဖြစ်ပါသည်။ အခြားသူများမကြားဘူးသော အကြောင်းအရာများကိုလည်းကောင်း၊ အခြားသူများ မကျက်မှတ်နိုင်သော အကြောင်းအရာများကိုလည်းကောင်း ကျက်မှတ်၍အာဂုံဆောင်ထားလေ့ရှိပါသည်ဟူ၏။

အခါတပါး၌ ကျွန်ုပ်သည် နဗီတမန်တော်မြတ်အား မိမိမှတ်ဉာဏ်ညံ့ဖျင်းမှုနှင့်စပ်လျဉ်း၍လျှောက်ထားလေရာ၊ ကိုယ်တော်မြတ်က စောင်တထည် ခင်းစေ၏။ ကျွန်ုပ်က စောင်ကိုဖြန့်ခင်းလိုက်ပါသည်။ ထိုအခါ နဗီတမန်တော်မြတ်သည် မိမိရွှေလက်တော်ဖြင့် ဟိုဟိုဒီဒီညွှန်ပြ၍ ဤစောင်ကိုရင်ဝယ်ပိုက်ထွေးလော့ဟု မိန့်ကြားသဖြင့်၊ မိမိမှာယူ၍ ရင်ဝယ် ပိုက်ထွေး လိုက်ပါသည်။ ကိုယ်တော်မြတ်၏ 'ဗရကသ်' မင်္ဂလာ၊ 'အလ္လာဟ်' အသျှင်မြတ်၏အမိန့်တော်ဖြင့် ထိုနေ့မှစ၍ မည်သည့် အကြောင်းအရာကိုမှ မေ့လျော့ခြင်း မရှိတော့ပါဟု ပြောကြားတော်မူခဲ့သည်။ (ကြည့်–ဗုခါရီကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

'အဆ်ဟာဗီဆွဖ်ဖဟ်'ဆိုသည်မှာ၊ နဗီတမန်တော်မြတ်၏ သီးသန့်ပညာပေးနေရာဖြစ်၍ဗလီဝတ်ကျောင်းတော်၏ရှေ့၌ ယာယီ တည်ဆောက်ထားသည့်နေရာတွင် မှီတင်းနေထိုင်ကြသူများကို ဆိုလိုပါသည်။ ဤပုဂ္ဂိုလ်တို့၏ စားရေးသောက်ရေး ဝတ်ဆင်ရေးများမှာ မည်သို့မျှအစီအစဉ်မရှိပါ။ တနည်းအားဖြင့် ဤသူများသည် နဗီ တမန်တော်မြတ်၏ ဧည့်သည် အာဂန္တုများ ဖြစ်ကြသည်။

တနေရာရာမှ'ဆဒ္ဒကဟ်'ဓမ္မဒါန၊ "ဇကာသ်'ဆင်းရဲသားအကျိုး'ဟဒ္ဒယဟ်' လက်ဆောင်များဖြင့်သာ အသက်မွေးဝမ်းကျောင်းကြရလေသည်။ 'ဟဇရသ်အဗူဟိုရိုင်ရဟ်'သခင်သည်လည်း ထိုအသင်းဝင်တဦးဖြစ်သည်။များသောအားဖြင့် နပ်ကျော်စားခဲ့ရသည်။တခါတခါဆာလောင်မှုကြောင့် အရူးပမာဖြစ်ခဲ့ရသည်ကို တတိယအခဏ်း အမှတ်စဉ်(၃)နှင့် (၇)တို့တွင် ဖော်ပြခဲ့လေပြီ။

ဤမျှဒုက္ခနှင့်ရပ်ဆိုင်ရပါသော်လည်း "ဟဒီးဆ်'ဩဝါဒတော်အမြောက်အမြားကိုကျက်မှတ်ထားခြင်းသည် ဤပုဂ္ဂိုလ်၏ ကျေးဇူးတရပ်ပင်ဖြစ်ချေသည်။ ထိုကြောင့်ပင်ယနေ့ကျွန်ုပ်တို့သည် ဤပုဂ္ဂိုလ်ကြီးထံမှ ဩဝါဒတော်အများဆုံးကို ရရှိခဲ့ကြပါသည်။'အိဗ်နုဂျောင်ဇီ'သခင်သည်မိမိရေး 'သလ်ကီးဟ်'အမည်ရှိကျမ်း၌ ဤပုဂ္ဂိုလ်ထံမှ "ဟဒီးဆ်ဩဝါဒတော် ငါးထောင် သုံးရာ ခုနစ်ဆယ့် လေးပါး (၅၃၇၄)အထိရရှိကြောင်း ပါရှိလေသည်။

အခါတပါး၌ 'ဟဇရတ်အဗူဟိုရိုင်ရတ်' သခင်သည် 'ဂျနာဇဟ်'နှင့် စပ်လျဉ်း၍ 'ဟဒီးဆ်'ဩဝါဒတော်တပါးကို 'နဗီ'တမန်တော်ထံမှ တဆင့်ဖော်ပြပါသည်။ ကိုယ်တော်မြတ်က အကြင်သူသည် 'ဂျနာဇဟ်' နမာဇ်(ဝါ)'ဒုအာ'ပြု၍ပြန်လာခဲ့သော်၊ ထိုသူအတွက် 'ကီရာသ်' တခုမျှကုသိုလ်ကို ရရှိသည်။ အကြင်သူသည် မြေမြှုပ်ပြီးသည်အထိ စောင့်ဆိုင်းနေသော်၊ ထိုသူအဖို့ 'ကီရာသ်' နှစ်ခုမျှ ကောင်းမှုကုသိုလ်ရရှိသည်။ 'ကီရာသ်' တခု၏အချိန်အဆမှာ 'အုဟုဒ်' တောင်ထက်ပင် ပမာဏထုထည် ပို၍ကြီးမားသည်ဟု မိန့်ကြားတော်မူသည်။

"ဟဇရတ်အဗ်ဒုလ္လာဟ်'အိဗ်နု'အုမရ်"(ရသ္ဘ)သခင်သည် ဤ"ဟဒီးဆ်' ဩဝါဒတော်နှင့်စပ်လျဉ်း၍ သံသယဝင်လာသဖြင့် 'အဗူဟိုရိုင်ရတ်' စဉ်းစဉ်းစားစားပြောနေသော်ဟု ပြောလာသဖြင့် စိတ်ဆိုး၍ မယ်တော်'အာအိယှာဟ်'သခင်မ ထံတည့်တည့်မတ်မတ်သွား၍ ကျွန်တော်မျိုးအား 'ကစမ်'ကျိန်၍မေးနေပါသည်။ ဤ'ကီရာသ်'ဟူသည့်'ဟဒီးဆ်'ဩဝါဒတော်ကို မယ်တော်အနေနှင့် 'နဗီ'တမန်တော်မြတ်ထံမှ ကြားထားပါသလောဟု မေးမြန်း လျှောက်ထားရာ၊ မယ်တော် 'အာအိယှာဟ်' သခင်မက၊ အေး–မှန်သည်၊ ကြားနာမိသည်ဟု ပြောကြားတော်မူသည်။

"ဟဇရတ်အဗူဟိုရိုင်ရတ်'သခင်က၊ကျွန်ုပ်သည် ကိုယ်တော်မြတ် လက်ထက်၌ ဥယျာဉ်ခြံ၌ သစ်သီးဝလံစိုက်ပျိုးရန်လည်း တာဝန်မရှိ၊ ဈေးသို့သွား၍ ပစ္စည်းဥစ္စာရောင်းဝယ်ရန်လည်း တာဝန်မရှိခဲ့ပါ။ ကျွန်ုပ်သည် အပါးတော်၌ အမြဲနေ၍ ကြားနာနေရသမျှကို • မှတ်ယူသည်။ အာဂုံလည်းဆောင်သည်။ ရလျှင်စားသည်၊ မရလျှင်လည်း အငတ်နေသည်ဟုပြောကြားလိုက်လေသည်။

"ဟဇရတ်အဗ်ဒုလ္လာဟ်'အိဗ်နုံ'အုမရ်" သခင်က၊ အမှန်တကယ် အဆွေတော်သည် အပါးတော်မြဲဖြစ်သည်။ 'ဟဒီးဆ်'ဩဝါဒတော်ကို ပိုမိုသိနားလည်သူဖြစ်သည်ဟု ထောက်ခံ ပြောကြား၍ အားပေးစကား ပြောလိုက်လေသည်။
(ကြည့်–မှုတ်စ်နဒ်ဒေအဟ်မဒ်ကျမ်း)

တပါတည်းမှာပင် 'အဗူဟိုရိုင်ရတ်' သခင်ပြောကြားတော်မူသည်မှာ၊ ကျွန်ုပ်သည် နေ့စဉ် "အစ်သိဂ်ဖါရ်" အကြိမ်ပေါင်း (၁၂၀၀၀) သောင်းနှစ်ထောင်ကိုဖတ်လေ့ရှိပါသည်။ထိုနောက်အပ်ချည်ကြိုးကို (၁၀၀၀) တထောင်ကို "စုဗ္ဗဟာနလ္လာဟ်"ဖြင့် ရွတ်ဖတ်၍ မပြည့်မစေ့သမျှကာလပတ်လုံး၌ ညအိပ်စက်လေ့မရှိပါဟု ပြောကြားတော်မူလေသည်။ (ကြည့်–သဇ်ကရတ်ကျမ်း)

## ၇။ မုစိုင့်ယေမဟ်ကဇ္ဇာဗ်ကို ကွပ်မျက်ခြင်းနှင့် ကျမ်းမြတ်ကုရ်အာန်ကို စုစည်းခြင်းအကြောင်း။

နှစ်ဘဝသခင် ကျေးဇူးရှင် တမန်တော်မြတ်'မုဟမ္မဒ်'(ဝစလ္လမ်)သခင် ကွယ်လွန်သွားသည့် နောက်ပိုင်း၌ 'မုစိုင့်ယေမဟ်ကဇ္ဇာဗ်'သည် မိမိကိုယ်ကိုမိမိတမန်တော်ဖြစ်ကြောင်းကျေညာခဲ့လေသည်။ တမန်တော်မြတ်လက်ထက်တော်က ကျေညာသော်လည်း မည်သို့မျှအရာမရောက်ခဲ့ပေ။ ကိုယ်တော်မြတ် ကွယ်လွန်လေသော် ပို၍အတင့်ရဲလာလေသည်။ သာသနာပျက်သွားရခြင်း၊ 'အိရ်ိသေဒါဒ်'သာသနာဖျက်မှုလုပ်ငန်းများသည်လည်း တိုးတက် မြင့်မားလာလေသော်၊ ၎င်းအဖွဲ့ သာ၍ပင် အင်အားတောင့်တင်းမှု ရရှိလေသည်။

''ဟဇရသ်အဗူဗက်ရ်ဆိဒ္ဒီးက်''သခင်သည်ထိုသူနှင့်စစ်ကျေညာလိုက်လေသည်။'အလ္လာဟ်'အသျှင်မြတ်သည်'အစ္စလာမ်'သာသနာဝင်တို့အား အောင်မြင်မှုဖြင့် ဂုဏ်ပြုတော်မူ၍ 'မုစိုင့်ယေမဟ်ကဇ္ဇာဗ်'အား သုတ်သင်ရှင်းလင်းတော်မူလိုက်၏။ သို့သော် ထိုတိုက်ပွဲ၌'ဆဟာဗီ'အမြောက်အမြားသည် အထိနာ'ယှဟီးဒ်'ဖြစ်ကျဆုံးကြလေသည်။ အထူးသဖြင့် ကျမ်းမြတ်'ကုရ်အာန်'ကို အာဂုံဆောင်အဖွဲ့ဝင်များ အများအပြားပါဝင်ကြလေသည်။

'ဟဇရသ်အုမရ်'သခင်သည် 'ဟဇရသ်အဗူဗက်ရ်' သခင်ထံ ဝင်ရောက် ခစားတော်မူ၍ အို-'အစ္စလာမ်'သာသနာဝင်တို့၏ ခေါင်းဆောင်ကြီး 'အဗူဗက်ရ်'၊ ဤတိုက်ပွဲ၌'ကာရီ'၊ 'ဟာဖိဇ်'အမြောက်အမြားတို့သည် ကျဆုံးကြလေပြီ။ ဤသို့သောတိုက်ပွဲ နောက်ထပ် တပွဲနှစ်ပွဲသာဖြစ်ခဲ့သော်၊ ကျမ်းမြတ်'ကုရ်အာန်'၏ အခြေအနေမှာ ပြောင်းလဲသွားမည်ကို စိုးရိမ်သောကကြောင့်ကျမိပါသည်။ သို့ပါ၍ ကျမ်းမြတ်'ကုရ်အာန်'ကို စုစည်းရေးသားထားစေပါရန် တိုက်တွန်းအပ်ပါသည်ဟု လျှောက်ထားလေသည်။

'ဟဇရသ်အဗူဗက်ရ်'သခင်က နှစ်ဘဝသခင် ကျေးဇူးရှင်တမန်တော်မြတ်က မလုပ်ခဲ့သည့်အလုပ်ကို အဆွေတော်တို့ အသို့လုပ်ဆောင်ဝံ့သနည်းဟု ဖြေလိုက်လေသည်။ 'ဟဇရသ်အုမရ်'(ရသွေ့ယလ္လာဟုသအာလာအန်ဟု)သခင်သည် အကြိမ်ကြိမ် လျှောက်ထားပြန်သည်။ အမှန်တကယ် လိုလားနေကြောင်း၊ အနာဂတ်ကာလအဖို့ အထူးအရေးကြီးကြောင်းကို တင်ပြလေသည်။ နောက်ဆုံး သမ္မတကြီး 'အဗူဗက်ရ်ဆိဒ္ဒီးက်' သခင်ကြီးသည်လည်း သဘောတူလာလေသည်။

'ဟဇရသ်ဇိုက်ဒ်အိဗ်နုဆာဗိသ်'သခင်(ဤပုဂ္ဂိုလ်၏အကြောင်းကို အခဏ်း(၁၁) အမှတ်စဉ်(၁၀)၌ ဖေါ်ပြပါအံ့)အား ခေါ်စေတော်မူ၏။

'ဟဇရသ်ဇိုက်ဒ်(ရသေ့)သခင် အမိန့်ရှိသည်မှာ၊ ကျွန်ုပ်သည် သမ္မတကြီး 'အဗူဗက်ရ် ဆိဒ်ဒီးက်'ထံတော်ပါးသို့ဝင်ရောက်ခစားသော်၊ 'ဟဇရသ်အုမရ်'သခင်သည်လည်းအပါးတော်၌ ခစားလျက်ရှိနေပေသည်။သမ္မတကြီးသည်'အုမရ်'သခင်နှင့် အချင်းချင်း ဆွေးနွေးထားကြောင်း ကို အကြောင်းစုံကျွန်ုပ်အား ပြန်လည် မိန့်ကြားတော်မူပါသည်။

ထိုနောက်ကျွန်ုပ်အား အဆွေတော်သည်လုင်ဖြစ်သည်။ ကြံရည်ဖန်ရည်နှင့်လည်း ပြည့်စုံသူဖြစ်သည်။ အဆွေတော်အပေါ် တို့အနေနှင့်အထင်မှားစရာဟူ၍လည်း အကြောင်းမရှိချေ။ ဤအကြောင်းများကိုထားဘိဦး၊ အဆွေတော်သည် နဗီတမန်တော်မြတ် လက်ထက်ကပင်'ဝဟီ' ကျမ်းမြတ် 'ကုရ်အာန်'ရေးသားသည့် တာဝန်ကို အပ်နှင်းခြင်းခံရသူဖြစ်ခဲ့၏။ သို့ဖြစ်၍ဤတာဝန်ကိုအဆွေတော်အားလွှဲအပ်လိုက်ပါသည်။ အများထံမှ ကျမ်းမြတ် 'ကုရ်အာန်' ရှာဖွေစုဆောင်း၍ တလုံးတစည်းတည်းဖြစ်အောင်ကူး၍ ရေးသားပေလော့ဟု မိန့်မြွက်တော်မူလိုက်လေ၏။

✓ 'ဟဇရသ်ဇုိက်ဒ်'သခင်အမိန့်ရှိသည်မှာ အသျှင်'ကစမ်'ဟုကျိန်ဆို၍၊ အကယ်၍ ကျွန်ုပ်အား အကြင်တောင်ကိုဖြို၍ အကြင်နေရာသို့ရွှေ့ထားဟု မိန့်မှာလျှင် ထိုအမိန့်ကို လိုက်နာကျင့်ဆောင်ခြင်းသည်။ ကျမ်းမြတ်'ကုရ်အာန်'ကို စုဆောင်းခြင်းထက် လွယ်ကူပေလိမ့်မည်ဟုပြောကြားလေသည်။

ကျွန်ုပ်က အဆွေတော်ကြီးတို့သည် နဗီတမန်တော်မြတ်ကိုယ်တိုင်က မလုပ်ဆောင်ခဲ့သည့်တာဝန်တရပ်ကို အဘယ်သို့ လုပ်ဆောင်ပုံကြလေသနည်းဟု လျှောက်ထားသောအခါ၊ ထိုပုဂ္ဂိုလ်တို့က ကျွန်ုပ်အားနားချတော်မူကြ၏။ သြဝါဒတော်ဘပါး၌လာရှိသည်မှာ 'အဗူဗက်ရ်' သခင်က 'ဇိုက်ဒ်'သခင်အား အဆွေတော်သည် 'ဟဇရသ်အုမရ်'သခင်၏ ရည်ရွယ်ချက်နှင့်ထပ်တူထပ်မျှရှိခဲ့သော် ၎င်းအတွက် ခွင့်ပြုပါအံ့၊သို့တည်းမဟုတ်ကျွန်ုပ်သည်လည်း မရည်ရွယ်တော့အံ့ဟု လာရှိ၏။

'ဇုိက်ဒ်အိဗ်နုဆာဗိသ်' သည် အချိန်အတန်ကြာ အခြေအတင်ဆွေးနွေးနေကြရပါသည်။ ထိုနောက် 'အလ္လာဟ်'အသျှင်မြတ်ကလည်း ကျွန်ုပ်အား ကျမ်းမြတ်'ကုရ်အာန်'ကို တလုံးတစည်းတည်းစုဆောင်းပါရန် ညွှန်ကြားတော်မူပါသည်။ ကျွန်ုပ်သည် အမိန့်တော်ကို ဦးထိပ်ပန်ဆင်လျက် အများထံမှ ကျမ်းမြတ် 'ကုရ်အာန်'များကို ရသမျှ စုဆောင်းပါသည်။ အချို့မှာ သားရေပေါ်၌လည်းကောင်း၊ အချို့မှာ ဖက်ရွက်ပေါ်၌ လည်းကောင်း၊ အချို့မှာကျောက်ပြားပေါ်၌လည်းကောင်း ရှိပါသည်။ (အခြား ကျမ်းဂန်များအရ သိရပါသည်)။ ထို့နောက် 'ကုရ်အာန်ဟာဖိဇ်' ပုဂ္ဂိုလ်တို့အား ခေါ်ဆောင်၍ ရွတ်ဖတ်သရဇ္ဈာယ်စေကာ အထူးကြပ်မတ်စွာ စုစည်းပါသည်ဟုလာရှိ၏။

(ကြည့်–ဗုခါရီကျမ်း)

သိမှတ်ဖွယ်ရာအဖြာဖြာ။

ဤအကြောင်းအရာ၌ ပထမထိုပုဂ္ဂိုလ်တို့သည် 'နဗီ'တမန်တော်မြတ်၏ လမ်းစဉ်ကိုလိုက်နာရာ၌ လေးလေးစားစားရှိမှု၊ ကိုယ်တော် လုပ်ဆောင်ခြင်းမရှိသည်ကို လုပ်ဆောင်ခြင်းသည် တောင်ကြီးများကို ရွှေ့ပြောင်းရခြင်းထက်ပင် တာဝန်လေးလံသည်ဟုဆိုလှသည်။ ကျမ်းမြတ်'ကုရ်အာန်'ကို စုဆောင်းခြင်း၊ စုစည်းခြင်းသည် 'အစ္စလာမ်'သာသနာ၏အခြေခံအုတ်မြစ်ဖြစ်သည်။ 'အလ္လာဟ်' အသျှင်မြတ်သည် ဤပုဂ္ဂိုလ်တို့၏ လုပ်ရပ်များအနက် တခုအဖြစ်သတ်မှတ်တော်မူခဲ့ပေသည်။

နောက်တဖန်'ဟဇရသ်ဇိုက်ဒ်' သခင်သည်ကျမ်းမြတ် 'ကုရ်အာန်' ကို စုစည်းရာ၌အလွန့်အလွန် လေးလေးစားစားရှိသည်။ အလွန့်အလွန် ကြပ်မတ်တော်မူသည်။'အာယသ်'တော်ပါဒတော် တခုပင်ဖြစ်စေရေးသားခြင်း မရှိလျှင် အလျင်းလက်မခံပေ၊ ရေးသားထားသည်ကိုလည်း ကြပ်ကြပ်မတ်မတ် လေ့လာသည်။ ဤသည် နဗီတမန်တော်မြတ် လက်ထက်က ရေးသား ထားခြင်းဟုတ်မဟုတ်၊မှန်မမှန် စစ်ဆေး၍သာ လက်ခံတော်မူသည်။ တဖန် 'ဟာဖိဇ်'များ အမြောက်အမြားရှိသည်ကို တဦးစီတဦးစီဖြင့် ဖတ်ကြားစေ၍ နှိုင်းယှဉ်စစ်ဆေး ချိန်ကိုက်တော်မူသည်။ ဤသို့ဖြင့် အဘယ်မျှဒုက္ခခံသည်၊ ကြိုးပမ်းအားထုတ်ခဲ့သည်၊လုံးပမ်းခဲ့သည်ကိုမူ မှန်းဆတွေးချင့်ရန် အလွန်ခဲယဉ်းလှပေသည်။ အလုံးစုံ စုစည်းနိုင်ခဲ့ပေသည်။'ဟဇရသ်အုဗိုင်အိဗ်နုကအဗ်' သခင်မှာ နဗီတမန်တော်မြတ်ကိုယ်တိုင်က ကျမ်းမြတ် 'ကုရ်အာန်'ကို အကျွမ်းကျင်ဆုံး၊ အတတ်ဆုံး ဟု မိန့်ကြားခြင်းခံခဲ့ရသူသည် အချိန်ပြည့် လုပ်အားပေးကူညီခဲ့သည်။ စမ်းစစ်ခဲ့လေသည်။ ထိုပုဂ္ဂိုလ်၏ အကူအညီဖြင့်၊ ထိုထိုပုဂ္ဂိုလ်တို့သည်လည်း ကျမ်းမြတ် 'ကုရ်အာန်'တအုပ်လုံးကို စုစည်းနိုင်ခဲ့ကြလေသည်။

## ၈။ "ဟဇရသ်အဗ်ဒုလ္လာဟ်'အိဗ်နု'မတ်(စ်)အူးဒ်" သခင်သည် နဗီတမန်တော်မြတ်၏'ဟဒိးဆ်' သြဝါဒတော်များကိုတင်ပြရာ၌ သတိချပ်ခြင်းအကြောင်း။

"ဟဇရသ်အဗ်ဒုလ္လာဟ်'အိဗ်နု'မတ်(စ်)အူးဒ်" သခင်သည် အလွန်ထင်ပေါ် ကျော်ကြားသည့် 'ဆဟာဗီ' ကြီးများတွင် တဦးပါဝင်ခဲ့လေသည်။ 'ဖယာဝါ'မွေသတ်မှူးများ စာရင်းတွင် ပါဝင်သူတဦးဖြစ်လေသည်။ 'အစ္စလာမ်'သာသနာ ထွန်းကားစကပင် 'အစ္စလာမ်'သာသနာဝင် ဖြစ်လာလေသည်။

'အီးသီးယိုးပီးယား'သို့'ဟိဂ်ျရယ်'သာသနာရေးခရီးထွက်ရာ၌လည်းပါဝင်ခဲ့၏။*ဂဇ်ဝါသ် နဗီတမန်တော်မြတ် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲသည့် တိုက်ပွဲတိုင်း၌ မလွတ်တမ်း အမြဲ ပါဝင်ဆင်နွှဲခဲ့၏။ ထို့အပြင်တဝ နဗီတမန်တော်မြတ်၏ အထူး အကျိုးဆောင်တပါးဖြစ်သည့် အတွက် 'ဆွာဟိဗွလ်နအ်လ်'၊ 'ဆွာဟိဗုဝီစာဒဟ်'၊ 'ဆွာဟိဗွလ်မုသွဟ်ဟိရဟ်'၊ ဖိနပ်သယ် ခေါင်းအုံးသယ်၊ ဝုဇူရေသယ်(ဝါ) နဗီတမန်တော်မြတ်၏ ခြေနင်းဖိနပ် သယ်ဆောင်ပေးသူ၊ မှီငြမ်းရန် ခေါင်းအုံးသယ်ဆောင်ပေးသူ၊ ဝုဇူပြုရန် ဝုဇူရေသယ်ဆောင်ပေးသူဟုရှင်ဗိုသညာဘွဲ့ဖြင့် ခေါ်ဆိုခဲ့ကြလေသည်။ ကိုယ်တော်မြတ်သည် ဤအလုပ်တာဝန်ဝတ္တရားများကို များသော အားဖြင့် ဤပုဂ္ဂိုလ်အား အပ်နှင်းလေ့ရှိသည်။

နဗီတမန်တော်မြတ်သည်'အဗ်ဒွလ္လာဟ်အိဗ်နုမတ်(စ်)အူးဒ်'သခင်နှင့်ပတ်သက်၍ အောက် ပါအတိုင်း မိန့်ကြားတော်မူခဲ့သည်။

+ ငါကိုယ်တော်မြတ်သည် သူတပါးထံမှ အကြံဉာဏ်မယူဘဲ မိမိသဘောတော်အရ သာ တဦးတယောက်ကို ရွေးဆောင်အဖြစ် ခန့်အပ်သည်ရှိသော် "အဗ်ဒွလ္လာဟ် 'အိဗ်နု'မတ်(စ်)အူးဒ်'ကိုသာ ခန့်အပ်တော်မူအံ့ဟူ၏။
+ အဆွေတော်သည် အချိန်မရွေး ငါကိုယ်တော်မြတ် အပါးတော်သို့ ဝင်ရောက် ခစားခွင့်ရှိသည်။
+ အကြင်သူသည် ကျမ်းမြတ်'ကုရ်အာန်'ကို မိုးကျနည်းအတိုင်း ဖတ်ကြားလိုသော် "အဗ်ဒွလ္လာဟ် 'အိဗ်နု မတ် (စ်) အူးဒ်" ဖတ် သည့် နည်း အ တိုင်း ဖတ်ကြား လော့။
+ 'အဗ်ဒွလ္လာဟ်အိဗ်နုမတ်(စ်)အူးဒ်'သည် သင်တို့အား 'ဟဒီးဆ်' ဩဝါဒတော် တခုခုကို ပြောကြားသည်ရှိသော်၊ ၎င်း(ဟဒီးဆ်)ကို အမှန်ဖြစ်ကြောင်း လက်ခံ ကြပါကုန်။

'အဗူမူစာအရ်ှအရီ'သခင်အဆို။ ။ကျွန်ုပ်တို့သည် ယမင်းမြို့တော်မှလာရောက်၍အချိန် အတန်ကြာအထိ "အဗ်ဒွလ္လာဟ်'အိဗ်နု'မတ်(စ်)အူးဒ်' သခင်အား ကိုယ်တော်မြတ်၏ အိမ်သူ အိမ်သား၊ သားချင်းဖြစ်သည်ဟု ထင်မှတ်နေကြပါသည်။ အကြောင်းမှာ "အဗ်ဒွလ္လာဟ်'အိဗ်နု' မတ်(စ်)အူးဒ်" သခင်နှင့်မယ်တော်တို့မှာ အိမ်သူအိမ်သားနှင့်မခြား၊ ကိုယ်တော်မြတ်၏ အိမ်ဖြူတော်သို့ ဝင်ထွက်သွားလာမှု(များစွာ)ရှိသောကြောင့်ပင်တည်း။

(ကြည့်-ဗုခါရီကျမ်း)

---

* ဂဇ်ဝါသ်သည် ဗဟုကိန်းဖြစ်သည်။ ၎င်း၏ကေကိန်းမှာ ဂဇ်ဝဟ်ဖြစ်သည်။ အနက် အဓိပ္ပါယ်မှာကိုယ်တော်မြတ်ကိုယ်တိုင်ကိုယ်ကျပါဝင်ဆင်နွှဲခဲ့သောတိုက်ပွဲကိုဆိုသည်။

ဤသို့ရင်းနှီးမှု ရှိပါသော်လည်း 'အဗူအမရ်ယှု ဝိုင်ဗာနီ' သခင့် အဆို။ ။ကျွန်ုပ်သည် "အဗ်ဒွလ္လာဟ်'အိဗိနု'မတ်(စ်)အူးဒ်"သခင်နှင့် အတူတကွနေထိုင်ခဲ့ရာ၊ 'နဗီ'တမန်တော်မြတ်က ဤသို့ဟောကြားသည်ဟုဆိုခြင်းကိုမူ တခါဘူးမျှ မကြားဘူးပါ။ (မလွဲ မရှောင်သာ၍) အခါ တပါး၌ ကိုယ်တော်မြတ်က ဤသို့ဟောကြားတော်မူသည်ဟု ပြောကြားမိသောအခါ၊ တကိုယ်လုံး ဆတ်ဆတ်တုံလှုပ်နေသည်ကို မြင်တွေ့ရပါသည်ဟု အဆိုရှိ၏။

"ဟာဇရယ်အမရ်'အိဗ်နု'မိုင်မူးန်"အဆို။ ။ကျွန်ုပ်သည်'အဗ်ဒွလ္လာဟ်'အုဗ်နဲ'မတ်(စ်)အူးဒ် သခင်ထံသို့ ကြာသပတေးနေ့တိုင်း တပတ်တခေါက်၊ တနှစ်အထိသွားရောက်ခဲ့ပါသည်။ တခါဘူးမှ ဟောကြားရာ၌သြဝါဒစကားကို နဗီတမန်တော်မြတ်ဖက်သို့ ညွှန်ကြားသည်ကိုမူမကြားဘူးပါဟု လာရှိ၏။

အခါတပါး၌ 'ဟဒီးဆ်'သြဝါဒဟောကြားနေစဉ် နှုတ်လျှာမှ ရုတ်တရက် နဗီတမန်တော်မြတ်က ဤသို့ဟောကြားတော်မူသည်ဟု ထွက်သွားရာ၊ ခန္ဓာကိုယ်တခုလုံး တုံလှုပ်သွားလေသည်။ မျက်စိမှ မျက်ရည်များ ပြည့်လျှံလာ၏။ နဖူးမှချွေးများ မိုးသီး မိုးပေါက်ကဲ့သို့ စီးဆင်းလာ၏။ အကြောများမှာ ထောင်တက်လာ၏။ 'အင်နှ်ယှာအလ္လာဟ်"ဒီအတိုင်းဟောပြောသည်။ သို့တည်းမဟုတ် ၎င်းနှင့်အနီးစပ်ဆုံးကို ဟောကြားတော်မူသည်။

(ကြည့်—အောင်ဂျဇ်ဇွလ်မစာလစ်က်+မွတ်(စ်)နဒ်အဟ်မဒ်ကျမ်း)

**သိမှတ်ဖွယ်ရာ အဖြာဖြာ။**

✓ဤသည်ကား ထိုပုဂ္ဂိုလ်တို့၏ 'ဟဒီးဆ်' သြဝါဒတော်နှင့် စပ်လျဉ်း၍ အလေးထားဂရုစိုက်မှုပင်တည်း။ အဘယ့်ကြောင့်ဆိုသော်၊ နဗီတမန်တော်မြတ်က အကြင်သူသည် မဟုတ်မမှန်သည့် စကားအကြောင်းအရာ တခုခုကို ငါကိုယ်တော်မြတ်ဖက်သို့ညွှန်းသည်ရှိသော်၊ ထိုသူသည် 'ဂျဟန္နမ်'သို့လားရပေအံ့ဟု မိန့်တော်မူသည်။ ဤသို့ရှိကြောက်မှုကြောင့် ဤပုဂ္ဂိုလ်တို့သည် မမှုသတ်ကို နဗီတမန်တော်မြတ်၏ သြဝါဒ အကြောင်းအရာများကို ချင့်တောက်၍ ပြသလင့်ကစား ဤသည်ကား တမန်တော်မြတ်၏ 'ဟဒီးဆ်' သြဝါဒတော် ဖြစ်သည်ဟု ပြောဆိုခြင်းကိုမူ (အထူး) ကြဉ်ရှောင်လေ့ ရှိသည်။ အမှား ထွက်သွားမည်ကို စိုးရိမ်ကြလေသည်။

ထိုပုဂ္ဂိုလ်နှင့် ဆန့်ကျင်ဘက်ဖြစ်သော ကျွန်ုပ်တို့သည် မရှုံမကြောက် မစူးစမ်းပဲ၊ ခရားရေလွှတ်သလို ထစ်ငေါ့မှုမရှိပဲ'ဟဒီးဆ်'များကို ပြောဟောလေ့

ရှိကြသည်။ နုဗီ တမန်တော်မြတ်ဖက်သို့ညွှန်းရန်ကို မည်သို့မျှစိုးရိမ်မှုမရှိကြချေ။ ယင်းသို့ညွှန်းခြင်းသည် အလွန် တာဝန် ကြီးလှပေသည်။ ကျွန်ုပ်တို့ 'ဟနဖီ' 'မဇ်ဟဗ်' ဝင်တို့သည် "အဗ်ဒွလ္လာဟ်'အိဗ်နု' မဝ်(စ်)အူးဒ်ထံမှ 'ဟဒီးဆ်'တော် အများအပြားကို ရယူထားကြလေသည်။

## ၉။ ဟဒီးဆ်ဩဝါဒတော်ကို သင်ယူဆည်းပူးရန် ဟဇရသ်အဗူဒရ်ဒါအ် သခင်ထံသို့ သွားရောက်ခြင်းအကြောင်း။

'ကဆီးရ်အိဗ်နုကိုက်စ်'သခင့်အဆို။ ။ကျွန်ုပ်သည် ဒမတ်(စ)ကတ်မြို့တော်တွင်'ဟဇရသ်' 'အဗူဒရ်ဒါအ်'သခင့်အပါးတော်၌ နေထိုင်စဉ် ပုဂ္ဂိုလ်တဦးသည် 'အဗူဒရ်ဒါအ်' သခင်ထံလာ၍ ကျွန်တော်မျိုးသည် 'မဒီနဟ်'မြို့တော်မှ 'ဟဒီးဆ်' ဩဝါဒတော်တပါးနှင့် စပ်လျဉ်း၍ လာခြင်းဖြစ်ကြောင်း၊ ၎င်း'ဟဒီးဆ်'ဩဝါဒကို သခင်ကြီးသည် နုဗီ တမန်တော်မြတ်ထံမှ ကြားသိထားကြောင်းကို ကျွန်တော်မျိုးသတင်းရရှိကြောင်း လျှောက်ထားလေသော်၊ 'အဗူဒရ်ဒါအ်' သခင်က အခြားအရောင်းအဝယ်ကိစ္စရှိသေးသလားဟု မေးမြန်းတော်မူသည်။ ထိုပုဂ္ဂိုလ်က အခြားကိစ္စမရှိကြောင်းဖြေကြားလေသည်။ 'အဗူဒရ်ဒါအ်'(ရသွေ့)သခင်ကတဖန် အခြားအကြောင်းကိစ္စတစုံတရာရှိသေးသလားဟု မေးမြန်းပြန်၏။ ထိုပုဂ္ဂိုလ်က အခြားကိစ္စမရှိပါ၊ မိမိမှာ'ဟဒီးဆ်' ဩဝါဒတော်များကိုသာ သင်ယူဆည်းပူးရန် လာခြင်းဖြစ်ပါသည်ဟု လျှောက်ထားပြန်၏။

✓ အဗူဒရ်ဒါအ်(ရသွေ့) သခင်က ကျွန်ုပ်အား နုဗီတမန်တော်မြတ်က အကြင်သူသည် ပညာရှာဖွေဆည်းပူးရန်ခရီးထွက်သည်ရှိသော်၊ 'အလ္လာဟ်'အသျှင်မြတ်သည် ထိုသူ့အဖို့ 'ဂျန္နသ်' သုခဘုံနန်းသို့သွားရာလမ်းကို ဖြောင့်ဖြူးစေသည်။ အသျှင့် ကောင်းကင် တမန်များသည် ပညာဆည်းပူးသူအား နှစ်သိမ့်၍ မိမိအတောင်များကိုပင် ခင်းကျင်းပေမည်။ ပညာရှာဖွေဆည်းပူးသူအား မိုးနှင့်မြေ၌ရှိသမျှသော သတ္တဝါအပေါင်းတို့က အပြစ်မှ ချမ်းသာခွင့် ပြုပေးပါရန် အသျှင့်ထံဆုပန်ပတ္ထနာပြုကြသည်။ ရေ၌ရှိသော ငါးများပါမကျန် ဆုပန်ပေးကြသည်။ 'အာလင်မ်' သာသနာ့ပညာရှင်တပါး၏ ထူးမြတ်ခြင်းသည် 'အိဗာဒသ်'တရား ကျင့်ဆောင်သူအပေါ်၌ စန္ဒာလမင်းကြီးသည် ကြယ်တာရာများအပေါ်၌ ထူးမြတ်သကဲ့သို့တည်း။ ✓အိုလမာ သာသနာ့ ပညာရှင်များသည် နုဗီတမန်တော် အပေါင်းတို့၏ အမွေစား အမွေခံများဖြစ်ကြသည်။

✓ 'နုဗီရစူလ်'တမန်တော်တို့သည် တပါးသူတို့အဖို့ ရွှေငွေ (စသည့်လောကစည်းစိမ်)များကို အမွေအဖြစ်ချန်သွားကြသည်မဟုတ်။ အကယ်စင်စစ် သာသနာရေး ပညာကိုသာ အမွေအဖြစ်ချန်ထားခဲ့ကြလေသည်။ အကြင်သူသည် ပညာကိုသင်ယူ ဆည်းပူးခဲ့သည် ရှိသော်၊ ထိုသူသည်

အလွန်ကြီးလေးသည့် ရတနာကိုရယူထားသူ ဖြစ်ချေသည်ဟု မိန့်ကြားတော်မူသည်ကို ကျွန်ုပ် ကြားနာထားသည်ဟု မိန့်ကြားတော်မူသည်။

(ကြည့်-အိဗ်နုမာဂျဟ်ကျမ်း)

သိမှတ်ဖွယ်ရာအဖြာဖြာ။

'ဟဇရတ်အဗူဒရ်ဒါအ်'သခင်သည် 'ဆဟာဗီ'ကြီးများအနက် 'ဖိကဟ်' ကျမ်းကျင်သူဖြစ်သည်။ ထိုအချိန်က 'ဟကီမွလ်အွမ္မသ်'ဟု ခေါ်ဆိုကြလေသည်။ အဆိုပြုသည်မှာ မိမိနဗီတမန်တော်မြတ် နဗီအဖြစ်ခံယူချိန်၌ ကုန်သည်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းနေရပါသည်။ ဆန္ဒရှိသည်မှာ ကုန်သည်အလုပ်နှင့် 'အိဗာဒသ်' ၂-ခုပေါင်းစပ်စေပါသော်လည်း မရသဖြင့်၊ ကျွန်ုပ်သည် ကုန်သည်လုပ်ငန်းကို စွန့်ခဲ့ရပါသည်။ ယခုမှာမူ အိမ်တံခါးဝ၌ ဈေးဆိုင် ရှိနေပါစေ။ သို့ဖြင့် နမာဇ်လည်း အချိန်မှန်မပျက်ဘဲ နေ့စဉ်တနေ့လျှင် ဒွေဒင်ါး လေးဆယ်စီ မြတ်ပါစေ၊ တဖန် အားလုံး အသျှင့်လမ်းတော်၌ လှူဒါန်းနိုင်ပါစေသော်လည်း မိမိသည် နှစ်မြို့နိုင်မည်မဟုတ်ကြောင်း ပြောကြားသော်၊ တဦးက ဤသို့သော အရောင်းအဝယ်မျိုးကို မနှစ်မြို့စရာအသို့ရှိရာသနည်း။ ၎င်း၌နမာဇ်လည်းအချိန်မှန်၏။ အမြတ်လည်း ရရှိ၍ အားလုံးကို အသျှင့်လမ်းတော်၌လှူဒါန်းနိုင်သေး၏။ အဘယ်ကြောင့် သဘောတော် မကြည်ဖြူရပါသနည်းဟု လျှောက်ထားရာ၊ သခင်ကြီးက စစ်ဆေးခြင်းကိုမူ ခံရပေအံ့ဟု ဖြေကြားတော်မူ၏။

'အဗူဒရ်ဒါအ်'သခင်သည် ဤသို့လည်း အဆိုရှိခဲ့သေး၏။

\+ ကျွန်ုပ်သည် မိမိအသျှင်သခင်ကို ဖူးမြင်တွေ့ချင်သဖြင့် သေခြင်းကိုလည်း ချစ်မြတ်နိုးလှ၏။

\+ ✓ကျိုးနွံမှုကို ရယူလိုသဖြင့် ဆင်းရဲခြင်းကိုလည်း တောင့်တလှ၏။

\+ ✓အပြစ်ဒုစရိုက်များမှ သန့်စင်လှာရန် ရောဂါဝေဒနာများကိုလည်း နှစ်သက်လှပါသည် ဟူ၏။

(ကြည့်-သဇ်ရကရသွလ်ရစူလ်ကျမ်း)

ဖော်ပြပါ အကြောင်းခြင်းရာ၌ 'ဟဒီးဆ်'သြဝါဒတော်တပါးကို ရယူရန် အလွန်ဝေးလံသည့်ခရီးထွက်ရရှာလေသည်။ ထိုပုဂ္ဂိုလ်တို့သည် သြဝါဒတော် ရယူရန်အတွက် ခရီးထွက်ခြင်းမှာ မဆန်းလှပေ။ 'ဟဒီးဆ်'သြဝါဒတော်တပါးအတွက် အလွန်ဝေးကွာလှသည့် ခရီးကိုပင် အလွယ်တကူထွက်ခွါသွားလေ့ရှိကြသည်။

'ဟဇရယ်ယဲ့အ်ဗီ' (ရဟ်မသ္တလ္လာဟိအလိုက်ဟိ) သခင်သည် အလွန်ထင်ပေါ်ကျော်ကြားသည့် 'ဟဒီးဆ်' ပါမောက္ခတဦးဖြစ်သည်။ 'ကူဖဟ်'မြို့သားဖြစ်သည်။ မိမိတပည့်တဦးအား 'ဟဒီးဆ်' သြဝါဒတော်များကို ဖတ်ကြားသင်ပေး၍ • အိမ်နေရင်း အလွယ်တကူနှင့်ရရှိလေပြီ။ စင်စစ်မှာ ဤသည်ထက်နည်းစေကာမူ 'ဟဒီးဆ်'တော်ကို ရယူလိုသော်'မဒီနဟ်'သို့ ခရီးထွက်ရလေ့ရှိသည်ဟု အဆိုပြု၏။ အစကနဦးက 'ဟဒီးဆ်' သြဝါဒတော်၏ ဘဏ်တိုက်ကော်သည် မဒီနဟ်'၌သာ တည်ရှိလေသည်ဟူ၏။

✓ပညာရေး၌ စိတ်အားထက်သန်သူသည် စိတ်ပါဝင်စားသူတို့သည်အလွန်အလွန်ဝေးလံလှသည့် ခရီးကိုပင် ထွက်ကြလေ့ရှိသည်။

'စအီးဒ်'အိဗ်နုမုစိုင်းယိဗ်'သခင်သည် အကျော်အမော်'သာဗီအ'' တဦးဖြစ်သည်။သခင်က ကျွန်ုပ်သည် 'ဟဒီးဆ်'သြဝါဒတော် တပါးပါးအတွက် နေ့ရောညဉ့်ပါ ခြေလျှင် ခရီးထွက်ရသည်ဟူ၏။

✓ 'ဟဒီးဆ်'ပါမောက္ခတို့၏ ထိပ်ခေါင်သရဖူ 'အီမာမ်'ဗုခါရီသခင်သည်'ဟိဂျရီ' ၁၉၄-ခုနှစ် ရှောင်ဝါလ်လ၌ သန့်စင်မွှားမြင်တော်မူသည်။ 'ဟိဂျရီ' ၂၀၅-ခုနှစ် (၀၁) အသက်ဆယ့်တနှစ်တွင် 'ဟဒီးဆ်'သြဝါဒတော်ကို သင်ယူဆည်းပူးစပြုလေသည်။'အဗ်ဒုလ္လာဟ်အိဗ်နုမုဗာရက်'သခင်ကြီးရေးကျမ်းဂန်များကိုငယ်စဉ်ကပင် အာဂုံဆောင်အလွတ်ကျက်မှတ်လိုက်လေသည်။ မိမိနေရပ်ဒေသမှ ရနိုင်သမျှသော 'ဟဒီးဆ်' သြဝါဒတော်များကို ရယူ၍ 'ဟိဂျရီ' ၂၁၆-ခုနှစ်တွင် (ပညာရေးအတွက်) ခရီးစထွက်လေသည်။ဘခင်မှာ ကွယ်လွန်လေပြီဖြစ်သောကြောင့် 'ယသိးမ်' ဘဝသို့ ရောက်ရှိခဲ့လေသည်။

မိခင်မှဆိုးမကြီးသည်လည်း တပါတည်းလိုက်ပါလျက်ပင်ရှိချေသည်။ သခင်ကြီးသည် 'ဗလခ်'၊ 'ဘဂ်ဒါဒ်'၊ 'မက္ကဟ်'၊ 'ဗဆရဟ်'၊'ကူဖဟ်'၊ 'စီးရီးယား'၊ 'အက်စ္စကလာန်'၊ 'ဟစ်မဆ်'၊ 'ဒမတ်စ္စကတ်'စသည့်မြို့တော်များသို့လည်းကောင်း၊ အခြား'ဟဒီးဆ်' ရရှိမည့်နေရာများသို့လည်းကောင်း သွားရောက်၍ 'ဟဒီးဆ်'သြဝါဒတော်များကို ရှာဖွေဆည်းပူးသင်ယူ၍ ငယ်ရွယ်စဉ်ဘဝကပင် 'ဟဒီးဆ်'သြဝါဒတော်၏ အကျော်အမော်ဆရာတော်ကြီးတပါးဖြစ်လာပေသည်။ ရှေ့မျက်နှာတော်တွင် ပါးမှုန်း၊ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးညှင်းပင်များပင် မပေါက်သေးဟု သိရသည်။

✓အီမာမ်ဗုခါရီ (ရဟ်မသ္တလ္လာဟိအလိုက်ဟိ) သခင့်အဆို။ ကျွန်ုပ်၏ သက်တော် ဆယ့်ရှစ်နှစ်မှာ 'ဆဟာဗီ'ကြီးများနှင့် 'သာဗီအီးန်'တို့၏ အဆုံးအဖြတ်စာအုပ်ကို ရေးသားခဲ့ပါသည်ဟု မိန့်ဆိုထားသည်။

'ဟာယျူ ိးဒ်သခင်နှင့် သခင်၏ သူငယ်ချင်းတဦးတို့က အဆိုပြုကြသည်မှာ၊ အိမာမ်ဗုခါရီ သခင်သည် ကျွန်ုပ်တို့နှင့်အတူ တကွ ဆရာတော်ထံသွားရောက်၍ 'ဟဒီးဆ်'ဩဝါဒတော်များကို သင်ယူလေ့ရှိကြသည်။ ကျွန်ုပ်တို့သည် ရေးယူလေ့ ရှိကြသည်။ အိမာမ်ဗုခါရီ သခင်သည် ထိုအတိုင်းပင် မရေးဘဲ ကြားနာ၍သာ ပြန်လာလေ့ရှိသည်။

ကျွန်ုပ်သည်နေ့ရက်အတန်ကြာမြင့်သော်၊အဆွေတော်သည် အလဟဿ အချိန်ဖြုန်းသည် ဟု ပြောလိုက်ပါသည်။'အိမာမ်'သခင်သည် ဆိတ်ဆိတ်နေတော်မူ၏။အကြိမ်ကြိမ်ပြောနေသော အခါ'အိမာမ်'သခင်က အဆွေတော်သည် ကျွန်ုပ်အား အကြပ်ကိုင်လှသည်။ကောင်းပြီ အဆွေ တော်တို့ရေးလာသည်များကို ယူလာလော့ဟု ပြောကြား၏။ ထိုအခါကျွန်ုပ်တို့သည်'ဟဒီးဆ်' ဩဝါဒတော် သောင်းငါးထောင်ထက်ကျော်သော ပေလွှာများကိုတင်ပြရာသခင်ကြီးတ အဆွေ တော်တို့ ကြည့်ကြဟုဆိုကာ တခုမကျန်အလုံးစုံ ဥဿုံ အလွတ်ဖတ်ကြားပြသတော်မူလိုက်သဖြင့် ကျွန်ုပ်တို့မှာ အံ့မဆုံးဖြစ်နေကြပါသည်ဟု အဆိုရှိခဲ့လေသည်။

## ၁၀။ အဗ်ဒုလ္လာဟ်အိဗ်နုအဗ္ဗားစ်သခင်သည် အန်ဆွာရီတဦးထံသွားရောက်၍ ဓမ္မသတ်မေးမြန်းခြင်းအကြောင်း

'အဗ်ဒုလ္လာဟိအိဗ်နုအဗ္ဗားစ်'(ရသွေ့)သခင့်အဆို။ ။နဗီတမန်တော်မြတ် ကွယ်လွန် တော်မူသွားသည့် နောက်ပိုင်း၌ ကျွန်ုပ်သည် 'အန်ဆွာရီ'တဦးအား အို–အဆွေတော်၊ နဗီတမန် တော်မြတ် ကွယ်လွန်သွားရှာပြီ၊ယခုတိုင် 'ဆဟာဗီကြီး'တို့သည် အုပ်စုကြီးတစုအဖြစ် ရှိနေကြ သေးသည်။ထို'ဆဟာဗ ိကြီး'များထံမှ ဓမ္မသတ်နှင့် 'ဟဒီးဆ်'ဩဝါဒတော်များကို မေးမြန်း၍ ကျက်မှတ်ကြစို့ဟု ပြောကြားသည့်အခါ၊ထို'အန်ဆွာရီ'ကထို'ဆဟာဗ ိ' သာဝကကြီး များ၏ အုပ်စုကြီးရှိနေပါလျက်၊အများက သင့်ထံ လာရောက်မေးမြန်းကြပါမည်လောဟု ဆိုလှပါ သည်။သာဝကကြီးများ၏ အုပ်စုကြီးတစုသည် လူသူအမြောက်အမြား ရှိနေသေးသည်ဟူ၏။ အချုပ်အားဖြင့် ပြောရသော် ထိုပုဂ္ဂိုလ်ကမူ လက်လျော့လိုက်ပါသည်။

မည်သို့ပင်ဆိုစေ၊ကျွန်ုပ်သည်ကား မေးမြန်းစုံစမ်းစ ပြုလိုက်ပါသည်။ အကြင်သူသည် အကြင်'ဟဒီးဆ်'ဩဝါဒတော်ကို နဗ ိတမန်တော်ထံမှ ကြားသိထားကြောင်းသိရလျှင် သွား ရောက်မေးမြန်းစုံစမ်းရာ၊ ကျွန်ုပ်သည် များစွာသော 'ဟဒီးဆ်'ဩဝါဒတော်များကို 'အန်ဆွာရီ' များထံမှရရှိလှပါသည်။ အချို့သူတော်စင်များထံသို့ သွားရောက်သည့်အခါ အိပ်စက်နေ သဖြင့် စောင့်ဆိုင်းနေရပါသည်။ အိမ်ရှေ့ကပြင်တွင် စောင်ခင်းထိုင်၍ စောင့်ဆိုင်းနေရပါ သည်။ လေပူ တိုက်ခိုက်လာသဖြင့် ကျွန်ုပ်၏မျက်နှာနှင့်ကိုယ်ခန္ဓာပေါ်တွင် ဖုံများပေကျံလေ့ ရှိပါသည်။သို့ငြားလည်း ထိုနေရာ၌ပင် ထိုင်စောင့်နေရပါသည်။

ထိုပုဂ္ဂိုလ်သည် အိပ်စက်ရာမှနိုးလာလျှင် လိုရာကို မေးမြန်းရပါသည်။ ၎င်းပုဂ္ဂိုလ်တို့က အဆွေတော်သည် နဗီတမန်တော်မြတ်၏ ညီဝမ်းကွဲဖြစ်ပါလျက် ဤမျှ အဘယ်ကြောင့် ဒုက္ခရှာရသလဲ၊ ကျွန်ုပ်တို့အား ခေါ်၍မေးမြန်းလျှင် ဖြစ်နိုင်ကြောင်း ပြောကြားလှာပါသေးသည်။ သို့သော် ကျွန်ုပ်က ပညာလိုချင်သူမှာ ကျွန်တော်မျိုးဖြစ်ကြောင်း၊ လိုချင်သူကသာ လာရောက်မေးမြန်းသင့်ကြောင်း ပြောပြရပါသည်။

အချို့သောသူတို့က ဘယ်အချိန်ကတည်းကစောင့်နေသလဲဟု မေးမြန်းကြပါသည်။ ကျွန်ုပ်က အချိန်ကြာလျှင် ကြာမြင့်ကြောင်း ပြောကြားရပါသည်။ ထိုသူက အလကား ဒုက္ခရှာတယ်၊ သတင်းပေးခေါ်ခိုင်းလိုက်လျှင် ကျွန်ုပ်တို့ ရောက်နိုင်ပါသည်ဟု ပြောလှာကြသည်။ ကျွန်ုပ်က ကျွန်တော်မျိုးအတွက် အလုပ်ပျက်ခံပြီး မလာစေချင်ကြောင်း ပြောကြားလိုက်ပါသည်။ နောင်တချိန်တွင် လူအများတို့သည် ပညာဆည်းပူးရန် ကျွန်ုပ်ထံ လာရောက်စုစည်းကြလေသည်။ ထိုအခါ ယခင်က လက်လျှော့ခဲ့သူ'အန်ဆွာရီ'ကြီးကပင် သောကဖြစ်လာ၍၊ ဤလုလင်သည် ကျွန်ုပ်ထက်ပို၍ နားလည်မှုရှိသည်။ ဆင်ခြင်တုံတရားရှိသည်ဟု ချီးကျူးစကား ပြောကြားလှာလေသည်။

(ကြည့်—ဒါရိမီကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

✓ဤသည့် အကြောင်းများကြောင့်ပင် 'ဟဇရတ်အဗ်ဒုလ္လာအိဗ်နုအဗ္ဗါးစ်' သခင်အား အွမ္မသ်သားတို့၏ ကဝိပညာရှင်ဟူ၍ လည်းကောင်း၊ ပညာဉာဏ်၏ သမုဒ္ဒရာပင်လယ်ပြင်ကြီးဟူ၍လည်းကောင်း ရှင်ဦးသညာဘွဲ့ထူးများဖြင့် မှည့်ခေါ်ကြလေသည်။ 'သွာအိဖ်'မြို့၌ အသျှင့်အမိန့်တော် ခံယူရရှာလေသည်။

إِنَّا لِلَّهِ وَإِنَّا إِلَيْهِ رَاجِعُونَ

'ဟဇရတ်အလီသခင်၏သားတော် 'မုဟမ္မဒ်'သည် 'ဂျနာဇဟ်' ရှေ့ဆောင်ဆရာ တာဝန်ကို ထမ်းဆောင်တော်မူသည်။ 'အလီ'သခင်၏သားတော်'မုဟမ္မဒ်' သခင်က ဤ'အွမ္မသ်'၏'အီမာမေရဗ္ဗါနီ'သခင်သည် ယနေ့ ချုပ်ငြိမ်းသွားချေပြီဟု ငြီးတွားလိုက်လေ၏။

"ဟာဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုအုမရ်" သခင် 'အဗ်ဒုလ္လာဟ်အိဗ်နုအဇ္ဗါးဗ်' သခင်သည် ကျမ်းမြတ်'ကုရ်အာန်'၏ ကျရောက်ရခြင်း အကြောင်းအရာကို ကောင်းစွာသိကျွမ်းသူများအနက် လူရည်ချွန်ဖြစ်သည်။ ဘခမည်းတော် 'အုမရ်' သခင်သည် ဤပုဂ္ဂိုလ်အား ပညာရှင် လူရည်ချွန်စာရင်းတွင် ထည့်သွင်းထားပါသည်ဟု အဆိုရှိ၏။ ဤအရာအားလုံးမှာ အပတ်တကုပ်ကြိုးစားမှု၏အကျိုးရလာဒ်ပင်တည်း။ ဤသို့မကြိုးစားပဲ မိမိကိုယ်မိမိ အထင်ကြီးနေလျှင်၊ ဤအဆင့်အတန်းကို အသို့ရယူနိုင်အံ့နည်း။ နဗီတမန်တော်မြတ်ကိုယ်တိုင်က အကြင်သူထံမှပညာကို သင်ယူသည်ရှိသော်၊ ထိုသူအား ရိုသေလေးစား ကျိုးနွံကြလေဟု မိန့်မှာတော်မူခဲ့သည်။

## ✓ ပညာရှင်တို့၏အမှာစကား

ကျမ်းမြတ်'ဗုခါရီ'၌'မုဂျာဟစ်ဒ်'သခင်က ဆင့်ပြန်မိန့်ကြားသည်မှာ—

+ အကြင်သူသည် ပညာဆည်းပူးရာ၌ အရှက်အကြောက် ထားရှိခဲ့သော်၊ မာန ထောင်လွှားခဲ့သော်၊ ထိုသူသည် ပညာမတတ်ကျွမ်းနိုင်အံ့။
+ အကြင်သူသည် ကျွန်ုပ်အား တလုံးတပါဒ ဖြစ်စေ သင်ကြားပို့ချခဲ့သော်၊ ထိုသူသည် ကျွန်ုပ်၏ အရှင်သခင်ဖြစ်ချေသည်။ ထိုပုဂ္ဂိုလ်က ကျွန်ုပ်အား သူကောင်းပြုလိုကပြုနိုင်၏။ ရောင်းလိုက ရောင်းစားနိုင်သည်။

(ဟာဇရသ်အာလီသခင်)

+ ✓စည်းစိမ်မက်မောသူသည် ပညာမရနိုင်။

(ယဟ်ယာအိဗ်နုကဆီးရ်သခင်)

+ ✓အကြင်သူသည်(သာသနာ့စာပေကို)စိတ်အားထက်သန်မှုမရှိပဲ၊ အလေးဂရုမပြုပဲ သင်ယူသော်၊ ထိုသူသည် အောင်မြင်မှုအဆင့်သို့ မရောက်နိုင်။ အကြင်သူသည် ကျိုးနွံ၍ ဆင်းဆင်းရဲရဲနှင့် သင်ယူဆည်းပူးသော် အောင်မြင်မှုကို ရယူနိုင်ပေအံ့။

(အိမာမ်ယှာဖီအီသခင်)

+ ကျွန်ုပ်တို့သည် မိမိဆရာတော် 'အိဗ်ရာဟီးမ်'သခင်အား ဘုရင်တပါးကို ကြောက်ရွံ့သည့်အလား ရွံ့ကြောက်ပါသည်။

(မုဂီရဟ်သခင်)

+ "ယဟ်ယာအိဗ်နုမုအီးန်"သခင်သည် 'ဟဒီးဆ်'ဩဝါဒတော် ဆရာအဓိပတိဖြစ်ပေသည်။ ဤပုဂ္ဂိုလ်ကြီးသည် 'ဟဒီးဆ်' ဩဝါဒဆရာများကို အထူးလေးလေးစားစားရှိသည်။

(အိမာမ်ဗုခါရီသခင်)

✓+ အကြွင်သူသည် ဆရာအား မလေးမစား မရှိမသေ ပြုတတ်သော်၊ ထိုသူသည် အောင်မြင်မှုမရနိုင်ဘူးဟု ကြားဘူးနားဝရှိခဲ့သည်။

(အိမာမ်အဗူယူစွဖ်သခင်)

အထက်ပါ အကြောင်းအရာတို့ကို ထောက်ချင့်ခြင်းအားဖြင့် “ဟဇရည် အဗ်ဒွလ္လာဟ်'အိဗ်နု'အဗ္ဗါးစ်”(ရသွေ့)သခင်သည် ဆရာများအား ရိုသေသမှု အထူးပြုကြောင်း သိနိုင်ပေသည်။ တပါတည်းမှာပင် ပညာရေးအတွက် စိတ်အားထက်သန်တက်ကြွမှုနှင့် လေးလေးစားစား ရှိကြောင်းကိုလည်း သိနိုင်ပေသည်။ တဦးတပါးထံ၌ အကြွင်'ဟဒီးဆ်'တော်ရှိကြောင်းသိရှိရလျှင် အဘယ်မျှပင် ဝေးလံစေကာမူ၊ အဘယ်မျှပင် ဘေးဒုက္ခခံရစေကာမူ ချက်ခြင်းသွားရောက်သင်ယူကြောင်းကိုလည်း သိရှိနိုင်ပေသည်။

☙ အမှန်မှာလည်း မကြိုးစားပဲ၊ ဒုက္ခမခံပဲ ပညာ ဆိုသည်ကိုကား ဝေးစွ၊ သာမန်ပစ္စည်းမျှကိုပင် မရနိုင်ပေ။ ဤစကားပုံမှာ မှန်ကန်လှပေသည်။

من طلب العلى سهر الليالي

အဓိပ္ပါယ်။ ✓ ။အကြွင်သူသည် မြင့်သောအဆင့်ကို လိုချင်တပ်မက်သည်ရှိသော်၊ ထိုသူသည် ညဥ့်များ၌ နိုးနိုးကြားကြားရှိပေအံ့။

+ 'ဟာရစ်ဆ်အိဗ်နုယဇီဒ်'၊ 'အိဗ်နုယူဗ်ရမဟ်'၊ 'ကအ်ကာအ်'၊ 'မုဂီရဟ်' စသည့် ပုဂ္ဂိုလ်လေးဦးတို့သည် 'အိယှာဟ်'နမာဇ်အပြီးမှ နံနက်နမာဇ်' အဇာန်ကြားရသည့် အထိ မခွဲမခွါနိုင်ပဲ တညလုံး တလုံးတစည်းတည်း ပညာရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးလေ့ရှိကြသည်။

+ 'လိုက်ဆ်အိဗ်နုစအဒ်'သခင့်အဆို။ ။'အိမာမ်ဇုဟ်ရီ'။ သခင်သည် 'အိယှာဟ်နမာဇ်'အပြီး 'ဝုဇူ' ကိုယ်လက်သန့်စင်မှုကိုဆောင်လျက်၊ 'ဟဒီးဆ်' ဩဝါဒတော်နှင့် စပ်လျဉ်းမှုများကို နံနက်မိုးလင်းချိန်အထိ လေ့လာလေ့ရှိသည်ဟူ၏။

(ကြည့်–ဒါရူမီကျမ်း)

+ 'ဒရာဝရ်ဒီ'သခင်အဆို။ ။'အိမာမ်အဗူဟနီဖဟ်' သခင်နှင့် 'အိမာမ်မာလိုက်' သခင်တို့သည် တမန်တော် ဗလီဝတ်ကျောင်းတော်၌ 'အိယှာအ်နမာဇ်' အပြီးမှ နှစ်ဦးသား ဓမ္မသတ်တခုနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ တဦးကိုတဦး

မချေမငံလည်း မပြောကြ၊ ရင့်သီးမှုကိုလည်း မသုံးကြပါ။ ထိုသူတို့သည် ဤသို့နှင့်ပင် နမာဇ်အချိန်ကျသော်၊ ၎င်းနေရာ၌ပင် နမာဇ် ဝတ်ပြုကြသည်ကို တွေ့ခဲ့ရ၏။

(ကြည့်-မုကဒ္ဒမဟ်ကျမ်း)

+ 'အိဗ်နုဖုရာသ်ဘဂ်ဒါဒီ' သခင်သည် 'မုဟာဒ်ဒီးဆ်' တပါး ဖြစ်သည်။ ကွယ်လွန်အသျှင့်အမိန့်တော် ခံယူသည့်အခါ သေတ္တာဆယ့်ရှစ်လုံးဖြင့် 'ဟဒီးဆ်' ကျမ်းဂန်များကို ချန်ခဲ့လေသည်။ ၎င်းကျမ်းဂန်များအနက် ကိုယ်တိုင်ရေးသားထားသည့် ကျမ်းဂန်မှာ ပိုများလေသည်။ ခရီးကျူးဖွယ်ရာအကြောင်းမှာ 'မုဟာဒ်ဒီးဆ်' များထံမှ ကူးရေးရာ၌ လည်းကောင်း၊ သေသပ်ခိုင်ခန့်မှု၊ ခိုင်လုံမှု၌ လည်းကောင်း၊ မှန်ကန်တိကျမှု၌လည်းကောင်း 'ဟဒီးဆ်' ပညာရှင်အားလုံးက လက်ခံကြလေသည်။

'အိဗ်နုဂျောင်ဇီ' (ရဟ်မသွလ္လာဟိအလိုက်ဟိ) သခင်သည် အလွန်ထင်ပေါ်ကျော်ကြားသည့် 'ဟဒီးဆ်' ပါမောက္ခတပါးဖြစ်လေသည်။ 'ယသီးမ်' ဘဝနှင့်ပင် ကြီးပြင်းလာရလေသည်။ သို့သော် ကြိုးစားမှု၊ စိတ်အား ထက်သန်မှုတို့၌ စံမတူပင်ဖြစ်သည်။ သခင်ကြီးသည် သောကြာနေ့ နမာဇ်ဖတ်ရန်မှအပ အိမ်မှ အပြင်သို့ ထွက်လေ့မရှိချေ။

အခါတပါး၌ ထိုပုဂ္ဂိုလ်သည် ဓမ္မပလ္လင် 'မင်ဗရ်' တရားဟော စင်မြင့်ပေါ်၌ထိုင်၍ ကျွန်ုပ်သည် မိမိ၏လက်ချောင်းကလေးများဖြင့် ဒုထည်ကြီးမားလှသည့် ကျမ်းဂန်ပေါင်း စောင်ရေနှစ်ထောင် (၂၀၀၀) ရေးသားခဲ့သည်ဟု ဂုဏ်ယူဝင့်စွာ ပြောကြားလေသည်။ ၎င်းအနက် နှစ်ရာ့ငါးဆယ် (၂၅၀) သော ကျမ်းဂန်မှာ ကိုယ်ပိုင်ရေးသားသည့် ကျမ်းဂန်များဖြစ်သည်။ အချိန်ကို လုံးဝဖြုန်းလေ့မရှိဟုသိရသည်။ နေ့စဉ်လေး(၄)တွဲ ရေးလေ့ရှိသည်ဟူ၏။

စာပေသင်ကြားပို့ချလျှင်၊ တကြိမ်တကြိမ်၌ တပည့်ပေါင်း တသိန်းခန့်ရှိသည်။ သူဌေးသူကြွယ်၊ မှူးကြီးမတ်ရာ သေနာပတိ မင်းစိုး ရာဇာ များပါမကျန် လာရောက်သင်ယူဆည်းပူးလေ့ရှိသည်ဟူ၏။

+ 'အိဗ်နုဂျောင်ဇီ' (ရဟ်မသွလ္လာဟိအလိုက်ဟိ) သခင်က အခါတပါး၌ ပြောကြားတော်မူသည်။ ကျွန်ုပ်၏လက်ပေါ်၌ 'ဗိုင်အသ်' သစ္စာအဓိဋ္ဌာန် ပြုကြသောသူအပေါင်းတို့မှာ ကသိန်းရှိခဲ့သည်။ 'အစ္စလာမ်' သာသနာတော်ကို လက်ခံယုံ

ကြည်သူပေါင်း နှစ်သောင်း (၂၀၀၀၀)ရှိခဲ့သည်။ ဤသို့ပင် ဖြစ်လင့်ကစား 'ယှ ိအာဟ်'ဘာသာဝင်တို့၏ မိုးကောင်းချိန်ဖြစ်သဖြင့် ဘေးဒုက္ခအမျိုးမျိုးကို ခံယူခဲ့ရလေသည်။

(ကြည့်-သင်္ဂကရဟ်ကျမ်း)

+'အိဗ်နုဂျောင်ဇီ'(ရဟ်မသ္တလ္လာဟိအလိုက်ဟိ) သခင်သည် 'ဟဒီးဆ်'ဩဝါဒတော်များရေးသားရန် ခဲတံချွန်ရာ၌ ကျကျန်ခဲ့သည့် ချွန်ဖတ်ကလေးများကို စုဆောင်းထားသည်။ ကွယ်လွန်သေဆုံးခါနီးအချိန်၌ သခင်ကြီးက ငါ့အားရေချိုးပေးရန်ရေနွေးအိုးကို ဤချွန်ဖတ်များဖြင့်သာ တည်ကြလော့ဟု မှာကြားသွားသည်။ ရေနွေးအိုးတည်ပြီးသည့်ပြင် ကျန်ရှိနေသေးသည်ဟု အဆိုရှိလေသည်။

'ယဟ်ယာအိဗ်နုမုအီးန်'(ရဟ်မသ္တလ္လာဟိအလိုက်ဟိ)သခင်သည်'ဟဒ ိးဆ်'ဩဝါဒတော်ဆရာကြီးတပါး ဖြစ်လေသည်။ ထိုပုဂ္ဂိုလ်က ကျွန်ုပ်သည် မိမိ၏ ဤလက်များဖြင့် 'ဟဒ ိးဆ်'ဩဝါဒတော်ပေါင်း ဆယ်သိန်းကိုရေးသားခဲ့သည်ဟု မိန့်ကြားတော်မူခဲ့သည်။

'အိဗ်နုဂျရိရ်သွဗ်ရီ(ရဟ်မသ္တလ္လာဟိအလိုက်ဟိ)သခင်သည် ထင်ပေါ် ကျော်ကြားသည့် သမိုင်းဆရာကြီးတပါး ဖြစ်ခဲ့သည်။ 'ဆဟာဗီ'နှင့် 'သာဗီအီးန်' တို့၏ အတ္တုပ္ပတ္တိကို အထူးကျွမ်းကျင်သည်။ အနှစ်လေးဆယ် (၄၀)အထိ တနေ့လျှင် ရွက်ရေ လေးဆယ်(၄၀)၊ စာမျက်နှာ (ဂ၀)အထိ ရေးလေ့ရှိသည်။ ကွယ်လွန်အသျှင့် အမိန့်တော် ခံယူသွားသော်၊ တပည့်များက နေ့စဉ် ရေးသားချက်ကို သိတတ်သည့်အရွယ်မှ သေသည်အထိ ပျမ်းမျှခြင်းအားဖြင့် တနေ့လျှင် ဆယ့်လေး (၁၄)ရွက်၊ စာမျက်နှာ (၂ဂ) နှုန်းထားကျသည်ဟူ၏။

ထိုပုဂ္ဂိုလ်ရေးသည့် သမိုင်းသည် အလွန်ထင်ရှားပေသည်။ ဤပုဂ္ဂိုလ်ရေးသည့် သမိုင်းကျမ်းဂန်များသည် အများအပြားရှိခဲ့သည်ဟုသိရသည်။ ဆရာကြီးရေး သမိုင်းကျမ်းဂန်ကို ပုံနှိပ်ထုတ်ဝေရန် ကြံရွယ်သောအခါ လူသူအများက ကမ္ဘာ့သမိုင်းကိုသိရခြင်းဖြင့် သင်တို့အလွန်အားရဝမ်းသာဖြစ်ကြပေအံ့ဟု ပြောကြားတော်မူရာ၊ လူသူအများက ထိုသမိုင်းကျမ်းဂန်သည် အဘယ်မျှရှိအံ့နည်းဟု မေးမြန်းကြရာ၊ ဆရာကြီးက စာရွက်ရေသုံးသောင်း(၃၀၀၀၀)၊ စာမျက်နှာခြောက်သောင်း (၆၀၀၀၀)ခန့်ရှိမည်ဟုပြောကြားရာ၊ လူသူအများက ထိုစာအုပ်ဖတ်မကုန်မီ အသက်ကုန်ဆုံးရလိမ့်မည်ဟု ပြောလှာကြသည်။ ဆရာကြီးက အင်နာလစ်လ္လာဟ် ဇွဲသတ္တိများသည် ကုန်ခန်းလေပြီတကားဟု ငြီးတွားတော်မူ

သည်။ ထိုနောက်အကျဉ်းချုံး၍ရေးသားရာ၌ စာရွက်ရေ သုံးထောင် (၃၀၀၀) စာမျက်နှာခြောက်ထောင်(၆၀၀၀)ရှိသည်။ ၎င်းနည်းတူသမိုင်း၏ ပင်မကျမ်းဂန်ကြီးနှင့်စပ်လျဉ်း၍ အလွန်ထင်ပေါ် ကျော်ကြားခဲ့လေသည်။ (ထိုနိုင်ငံများ၌) ရနိုင်သည်။

\+ 'ဒါရွတ်ကွသ်နီ'(ရဟ်မသ္တလ္လာဟိအလိုက်ဟိ)သခင်သည် 'ဟဒီးဆ်' ကျမ်းပြုပုဂ္ဂိုလ် တဦးဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးသည် 'ဟဒီးဆ်'ဩဝါဒတော်ကို ရှာဖွေဆည်းပူးရန် 'ဘဂ်ဒါဒ်'၊ 'ဗဆွရဟ်'၊ 'ကူဖတ်'၊ 'အီဂျစ်'ပြည် အလယ်ပိုင်း 'စီးရီးယား'ပြည်ဖက်သို့ ခရီးလှည့်လည်၍ သင်ယူဆည်းပူးခဲ့လေသည်။

တရံရောအခါ အတန်းတက်နေစဉ်၊ ဆရာကမူ ဖတ်ကြား ပြသနေသည်။ 'ဒါရွလ်ကွသ်နီ'သခင်သည် အခြား ကျမ်းစာအုပ်တအုပ်မှ ကူးရေး နေလေသည်။ အတန်းသားတဦးက အဆွေတော်သည် အာရုံမစိုက်၊ ဂရုမမူ ပါသလောဟုပြောလှာသောအခါ၊ 'ဒါရွလ်ကွသ်နီ'(ရဟ်မသ္တလ္လာဟိ အလိုက်ဟိ) သခင်က ငါကိုယ်နှင့် မင်းတို့၏အာရုံစူးစိုက်မှုမှာ ခြားနားမှုရှိသည်။ ထိုပုဂ္ဂိုလ်က ကဲဒီလိုဆိုလျှင် ဆရာဘာတွေဖတ်ကြားသည်ကိုဆိုစမ်းဟု ပြောလာသော်၊ အနည်းငယ်အချိန်ယူစဉ်းစားတွေဝေ၍ 'ဒါရွလ်ကွသ်နီ'သခင်က 'ရှိုက်ခ်'ဆရာတော်သည် 'ဟဒီးဆ်' တော် ဆယ့်ရှစ် (၁၈)ပါးကိုသာ ဖတ်ကြားရပါသေးသည်။ ၎င်းအနက်ပထမ 'ဟဒီးဆ်'ဩဝါဒသည် ဤသို့ဒုတိယ 'ဟဒီးဆ်'တော်သည် ဤရွေ့ ဤမျှဟူ၍ အမှတ်စဉ်အတိုင်း 'စနဒ်'ဂွင်းဆက်ကိုပါ တပါတည်းဖတ်ကြားပြသတော်မူလိုက်သည်ဟူ၏။

\+ 'ဟာဖိဇ်အဆ်ရမ်'သခင်သည် 'ဟဒီးဆ်'ဩဝါဒတော် ပါမောက္ခတပါး ဖြစ်သည်။ 'ဟဒီးဆ်'ဩဝါဒတော် ကျက်မှတ်ရာ၌ အလွန်ဝါသနာထုံသူဖြစ်သည်။ တကြိမ်က 'ဟဂျ်'ပြုရန် ကြွမြန်းသွားတော်မူခဲ့သည်။ 'ကအ်ဗဟ်' ကျောင်းတော်၌ 'ခိုရာစာန်'မှ 'ဟဒီးဆ်' ဩဝါဒတော် ပါမောက္ခနှစ်ပါးတို့သည်တသီးတခြားစီ တပည့်ကိုယ်စီများဖြင့် 'ဟဒီးဆ်'ဩဝါဒတော်များကိုသင်ကြားပို့ချနေသည်ကို မြင်တွေ့ရသော်– နှစ်ဦးစပ်ကြား၌ထိုင်၍ ဆရာတော်နှစ်ပါး၏ 'ဟဒီးဆ်'တော်များကို တချိန်တည်းမှာပင် ရေးမှတ်တော်မူလိုက်လေ၏။

'အဗ်ဒုလ္လာဟ်အိဗ်နုမုဗာရက်' (ရဟ်မသ္တလ္လာဟိအလိုက်ဟိ) သခင်သည် အလွန်ထင်ပေါ်ကျော်ကြားသည့်'ဟဒီးဆ်' တော်ပါမောက္ခတပါးဖြစ်သည်။ ဤပုဂ္ဂိုလ်သည်'ဟဒီးဆ်' ဩဝါဒတော်များကိုသင်ယူဆည်းပူးရာ၌ အလွန်ဒုက္ခခံကြောင်း

ကြိုးစားခဲ့ကြောင်းမှာလည်းထင်ရှားခဲ့ပေသည်။ ဆရာကြီးကိုယ်တိုင်မိန့်ကြားခဲ့ဘူးသည်မှာ ကျွန်ုပ်သည် 'ဟဒီးဆ်'တော်များကို ဆရာတော်ပေါင်း လေးထောင် (၄၀၀၀) ထံမှ သင်ယူ ဆည်းပူးခဲ့ကြောင်း ပြောကြားတော်မူလေသည်။

+ 'အလီအိဗ်နုဟစန်' သခင် အဆိုပြုသည်မှာ၊ ညဥ့်တညဥ့်၌ အလွန်အေး၍ ဆီးနှင်းများ ဆက်ကျနေလေသည်။ 'အိဗ်နုမုဗာရက်'သခင်ကြီးသည် 'အိယှာဟ်နမာဇ်'ဝတ်ပြုပြီး 'ဗလီဝတ်ကျောင်း' တော်မှ ထွက်ကြွလာရာ၊ တံခါးဝမှာ 'ဟဒီးဆ်' ဩဝါဒတော်တပါးနှင့် စပ်လျဉ်း၍ အချေအတင်မတ်မတ်ရပ်၍ ဆွေးနွေးရာ နံနက်'အဇာန်'အသံပေါ်လာသည်ဟူ၏။

+ 'ဟုမိုင်ဒီ' သခင်သည် အလွန် ထင်ပေါ် ကျော်ကြားသည့် 'ဟဒီးဆ်' ဩဝါဒတော်ပါမောက္ခတပါးဖြစ်သည်။ဤပုဂ္ဂိုလ်ကြီးသည် 'ဗုခါရီ' ကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း များမှ 'ဟဒီးဆ်' ဩဝါဒတော်များကို စုပေါင်း၍ ကျမ်းတစောင်ပြုခဲ့သည်။တညလုံး မအိပ်ပဲရေးလေ့ရှိလည်း။ နွေရာသီ၌ နေအပူရှိန်ပြင်းလာသောအခါ ရေစည်၌ ရေထည့်၍ ထိုရေစည်အောက်၌ ထိုင်လျက်ရေးလေ့ရှိသည်။လူသူအများနှင့် တသီးတခြားနေလေ့ရှိသည်။ စာပေကဗျာ၌လည်း ဝါသနာထုံသည်။ ဆရာကြီးက အောက်ပါအတိုင်း ကဗျာရေးသားခဲ့သည်။

لقاء الناس ليس يفيد شيئا
سوى الهذيان من قيل وقال
فاقلل من لقاء الناس إلا
لأخذ العلم أو إصلاح حال .

အဓိပ္ပါယ်။ ။လူသူအများနှင့် အတွေ့ခံခြင်းသည် မည်သို့မျှ အကျိုးမပြုချေ။ စကားစမြီများမှအပ အခြား အကျိုးမရှိနိုင်ပေ။သို့ဖြစ်၍ စိတ်ဓါတ်သန့်စင်ရန် ပညာဆည်းပူးရန်မှအပ အခြားအကြောင်းများအဖို့ လူသူနှင့် အတွေ့ခံခြင်းကို လျှော့ပေါ့လော့။

'အိမာမ်သွဗ်ရာနီ' (ရဟ်မသွလ္လာဟိအလိုက်ဟိ) သခင်သည်လည်း အလွန်ထင်ပေါ်ကျော်ကြားသည့်အပြင် ကျမ်းအမြောက်အမြားကိုလည်း ပြုစုသူပုဂ္ဂိုလ်တဦးဖြစ်သည်။ တဦးတယောက်သောသူက ကျမ်းဂန်အမြောက်အမြားကို မြင်ရ

သော်အဘယ်သို့များရေးနိုင်ပါသနည်းဟု မေးမြန်းလျှောက်ထားရာ၊ဆရာကြီးက အနှစ်သုံးဆယ်(၃၀)အထိဂုံနီအိတ်ပေါ်တွင်အချိန်ကုန်ခဲ့သည်။(ဝါ)နေ့ရောညပါ ဂုံနီအိတ်ပေါ်၌ ထိုင်ရေးသည်ဟု အဖြေပေးခဲ့သည်။ "အဗ္ဗလ်အဗ္ဗားစ်'ယ့်ရာဇီ" သခင့်အဆို။ ။ကျွန်ုပ်သည် 'သွဗ်ရာနီ' သခင်ထံမှ 'ဟဒီးဆ်' ဩဝါဒတော် သုံးသိန်း(၃၀၀၀၀၀)ကို ရေးယူရရှိပါသည်ဟု အဆိုရှိသည်။

+ 'အိမာမ်အဗူဟနီဖဟ်' (ရသွေ့) သခင်ကြီးသည် စွမ်းစွမ်းတမံ နာစစ်ကမန်စူးခ် 'ဟဒီးဆ်' ဩဝါဒတော်ကို စူးစမ်းရှာဖွေ လေ့လာသုံးသပ်တော် မူလေသည်။ 'ကူဖဟ်'မြို့တော်သည် ယခင်က (ဟဒီးဆ်) ပညာတော်၏ ဘဏ်တိုက်ဟု အမည်ပေးထားခဲ့ကြသည်။ ထိုမြို့တော်ရှိ 'ဟဒီးဆ်'ပါမောက္ခ အကျော်အမော်များထံမှ 'ဟဒီးဆ်' ဩဝါဒတော်များကို စုဆောင်းတော်မူသည်။ အပြင်ပမှ 'ဟဒီးဆ်' ဆရာတော်တပါးပါး ကြွရောက်လာလျှင် တပည့်တော်အများအပြား စေလွှတ်၍ မိမိမသိရသေးသည့် 'ဟဒီးဆ်' ဩဝါဒတော်များကို စုံစမ်းမေးမြန်း၍ သင်ယူမှတ်သားစေ၏။

+ 'အိမာမ်အဗူဟနီဖဟ်'(ရဟ်မသွလ္လာဟိအလိုက်ဟိ)သခင်ထံ၌ ပညာရေးဆွေးနွေးပွဲ တရပ် အမြဲရှိလေသည်။ ၎င်း၌'ဟဒီးဆ်'ဩဝါဒတော် အကျော်အမော်၊ 'ဖိကဟ်' ဓမ္မသတ်အကျော်အမော်၊ အဘိဓါန်အကျော်အမော် စသည်တို့စုံစည်း၍ ဓမ္မသတ်အကြောင်းစသည်များကို ဆွေးနွေးလေ့ရှိသည်။ ပြဿနာတခုခု ပေါ်ပေါက်လာလျှင်၊ အခြေအတင်ပြုလုပ်ခြင်းသည် တလခန့် အချိန်ကြာညောင်းသွားလေသည်။ မိမိတတ်ကျွမ်းနားလည် သဘောပေါက်သည့် ရှုဒေါင့်အမျိုးမျိုးမှ သာဓက အမျိုးမျိုး တင်ပြကြလေသည်။ ၎င်းကိုအတည်ပြု၍ မှတ်တမ်းတင်ကြလေသည်။

+ 'အိမာမ်သိရ်မဇီ' (ရဟ်မသွလ္လာဟိအလိုက်ဟိ) သခင်ကို အဘယ်သူမသိအံ့နည်း။ 'ဟဒီးဆ်' ဩဝါဒတော်များကို ကျက်မှတ်ခြင်းသည် ထိုပုဂ္ဂိုလ်၏ ဂုဏ်ပုဒ်တရပ်ပင်တည်း။ မှတ်ဉာဏ်မှာလည်း စံပြအဖြစ်ပေါ်ထွန်းနေခဲ့ပေသည်။

အခြားအခြားသော 'ဟဒီးဆ်' အကျော်အမော်များက ထိုပုဂ္ဂိုလ်အား စမ်းစစ်မေးမြန်းကြသည်။ ထင်ပေါ်ကျော်ကြားမှုမရှိသည့် 'ဟဒီးဆ်' ဩဝါဒတော် လေးဆယ်(၄၀)ကို ဖတ်ကြားပြသ၍ လျှောက်ထားသောအခါ၊ သခင်ကြီးသည် ချက်ချင်း အလွတ်ဖတ်ကြား ပြသတော်မူလိုက်လေသည်။

'အိမာမ်သိရ်မဇီ' (ရဟ်မသူလ္လာဟိအလိုက်ဟိ) သခင်ကိုယ်တိုင် မိန့်ကြားတော်မူသည်။ ကျွန်ုပ်သည် 'မက္ကဟ်'မြို့၏လမ်းခရီးတွင် ဆရာတော်တပါးထံမှ 'ဟဒီးဆ်' ဩဝါဒ နှစ်တွဲကို ကူးယူရေးမှတ် ထားလိုက်သည်။ အကြောင်း အားလျော်စွာ ထိုဆရာကြီးနှင့်တွေ့ဆုံသဖြင့်။ ကျွန်ုပ်က ဆရာကြီးအား အကြောင်းစုံ လျှောက်ထား၍ ဆရာကြီးက ကျေးဇူးပြု၍ အမိန့်ပြန်လည်ရှိပါရန် လျှောက်ထားသော်၊ ဆရာကြီးသည် သဘောတူလက်ခံတော်မူလိုက်၏။

ကျွန်ုပ် ထင်မှတ်ထားသည်မှာ ကူးယူရေးထားသည့် အတွဲ နှစ်တွဲသည် ကျွန်ုပ်နှင့် တပါတည်း ပါရှိသည်ဟု ယူဆထားသည်။ သို့သော် ဆရာ ရှေတော်သို့ ရောက်ရှိသောအခါ (ဖွင့်ကြည့်ရာ) ဗလာစက္ကူ အတွဲနှစ်တွဲသာ လက်၌ရှိနေသည်ကို တွေ့ရတော့၏။ ဆရာကြီးသည် ဖတ်ကြားစ ပြုလာလေ၏။ မမျှော်လင့်ပဲ ဆရာကြီးသည် ကျွန်ုပ်လက်တွင်းမှ ဗလာအတွဲနှစ်တွဲကို မြင်တွေ့ရသောအခါ စိတ်ဆိုး မာန်ဆိုးနှင့် မင်း မရှက်ဘူးလား၊ ငါ့မင်းကို ဒဏ္ဍာရီ ပြောကြားနေသလားဟု ကြိမ်းဝါးတော်မူသည်။ကျွန်ုပ်က ဆရာကြီးဖတ်ကြားသမျှကို ကျွန်တော်မျိုး မှတ်ထားကြောင်း၊မှတ်လည်း မှတ်မိကြောင်းပြန်လည် လျှောက်ထားသောအခါ၊ ဆရာကြီးသည်မယုံသည့်ဟန်ဖြင့် ကောင်းပြီ၊ဒီလိုဆိုလျှင် ပြန်ဖတ်ပြစမ်းဟု ပြောလာသည်။

'ဟဒီးဆ်'ဩဝါဒတော်ကို မင်းယခင်ကပင် ကျက်ထားသည် ဖြစ်ရမည်ဟု မိန့်ကြားလိုက်ပါသည်။ကျွန်ုပ်ကအခြားသစ်ဆန်းသည့် 'ဟဒီးဆ်' ဩဝါဒတော်များကို ဖတ်ကြားပါခင်ဗျားဟု လျှောက်ထားရာ၊ ဆရာကြီးကအခြား'ဟဒီးဆ်' ဩဝါဒတော်လေးဆယ်(၄၀)ကို နောက်ထပ်ဖတ်ကြားတော်မူပါသည်။ ကျွန်ုပ်သည် ချက်ခြင်း ၎င်းကိုလည်းတလုံးတပါဒမှ အမှားမပါစေပဲ ပြန်လည်ဖတ်ကြားပြသလိုက်၏။ 'ဟဒီးဆ်'ဩဝါဒဆရာတော်ကြီးတို့သည် 'ဟဒီးဆ်' ဩဝါဒတော်များကို အာဂုံဆောင်ကျက်မှတ်ရာ၌လည်းကောင်း၊ဖြန့်ချီရာတွင်လည်းကောင်း၊ အဘယ်မျှ ကြိုးပမ်းခဲ့သည်။ဒုက္ခခံခဲ့ကြသည်ကို ကျွန်ုပ်တို့ လိုက်နာကျင့်ဆောင်ရာကိုမူဝေးစွ၊မည်သူမည်ဝါဖြစ်သည်၊ အဘယ်မျှ ရှိသည်ဟု တွေးဆခြင်းကိုပင် ခက်ခဲလှပေသည်။

'ကရ်သူမဟ်'(ရဟ်မသူလ္လာဟိအလိုက်ဟိ)သခင်သည် 'ဟဒီးဆ်' ဩဝါဒတော် ဆရာတပါးဖြစ်ခဲ့သည်။ထင်ပေါ်ကျော်ကြားခြင်းမရှိလှပေ။ ထိုပုဂ္ဂိုလ်၏တပည့်ဖြစ်သူ 'ဒါဗူးဒ်'(ရဟ်မသူလ္လာဟိအလိုက်ဟိ) အမည်ရှိပုဂ္ဂိုလ်က တင်ပြသည်မှာ၊ အချို့သောသူတို့သည်အဗူဟာသင်မ် (ရဟ်မသူလ္လာဟိအလိုက်ဟိ) စသည့်ပုဂ္ဂိုလ်

တို့၏ မှတ်ဉာဏ်နှင့် ပတ်သက်၍ ပြောဆိုကြသည်။ ကျွန်ုပ်သည် 'ကရ်သူမဟ်' (ရဟ်မသူလ္လာဟိအလိုက်ဟိ)သခင်ကြီးထက် မှတ်ဉာဏ်၌သာသူကို မမြင်ဘူးပါ။ တရံရောအခါ ကျွန်ုပ်သည် ဆရာကြီးထံ ရောက်သွားခဲ့သော်၊ ဆရာကြီးက ထိုကျမ်းဂန်များအနက်မှ သင်ကြိုက်ရာကို ယူငင်လော့၊ ကျွန်ုပ်ဖတ်ကြားမည်ဟု ပြောလှာသဖြင့်၊ ကျွန်ုပ်သည် 'ကိသာဗွလ်အယ်ရေဗလ်' [၀၅] သောက်သုံးခြင်း အကြောင်းဟူသည် အမည်ရှိ ကျမ်းစောင်ကို ယူငင် ဆွဲကိုင်လိုက်ပါသည်။ ဆရာကြီး 'ကရ်သူမဟ်'(ရဟ်မသူလ္လာဟိအလိုက်ဟိ) သခင်သည် အခဏ်းတိုင်း၏ နောက်ဆုံးမှအစသို့ ပြောင်းပြန်ဖတ်ကြား ပြသတော်မူပါသည်။ ထိုသို့ဖြင့် စာအုပ် တအုပ်လုံး ဖတ်ကြားပြသတော်မူလိုက်ပါသည်ဟူ၏။

'အဗူဇရ်အဒ် (ရဟ်မသူလ္လာဟိအလိုက်ဟိ) သခင့်အဆို 'အိဘမမ်အဟ်မဒ်အိဗ်နုဟန်ဗလ်' (ရဟ်မသူလ္လာဟိအလိုက်ဟိ)သခင်သည် 'ဟဒီးဆ်'ဩဝါဒတော်ဆယ်သိန်းကို ကျက်မှတ်ထားသည် 'အိမာမ်အစ္စဟာက်အိဗ်နုရာဟ်ဝီယဟ်' [ရဟ်မသူလ္လာဟိအလိုက်ဟိ] သခင်အဆိုရှိသည့်မှာ 'ဟဒီးဆ် ဩဝါဒတော်တသိန်းကို ကျွန်ုပ် စုဆောင်းသိုသိမ်းထားပါသည်။ သုံးသောင်း[၃၀၀၀၀]ကိုမူ အာဂုံဆောင်ထားသည် ဟူ၍ လာရှိပေသည်။

'ခိုဖာဖ်'[ရဟ်မသူလ္လာဟိအလိုက်ဟိ]သခင့် အဆို။ ။'အိမာမ်အစ္စဟာက်' သခင်သည် ဩဝါဒတော်ပေါင်းသောင်းတထောင်(၁၁၀၀၀)ကို မိမိမှတ်သားချက်အရ ကျွန်ုပ်အား ရေးသား စေ၍ နောက်တဖန် အမှတ်စဉ်အတိုင်း တလုံးတခြမ်းမှ အပိုအလိုမရှိ ဖတ်ကြားပြသတော်မူခဲ့ပါသည်ဟုလာရှိသည်။

'အဗူစအဒ်အဆ်ဗဟာနီဘဂ်ဒါဒီ[ရဟ်မသူလ္လာဟိအလိုက်ဟိ] သခင်သည် အသက်ဆယ့်ခြောက်[၁၆]နှစ်အရွယ်တွင် 'အဗူနဆ်ရ်'[ရဟ်မသူလ္လာဟိအလိုက်ဟိ] သခင့်ထံမှ'ဟဒီးဆ်'ဩဝါဒတော်များကို ကြားနာရန် ခရီးထွက်ကြွရာ၊'ဘဂ်ဒါဒ်'မြို့သို့ ရောက်၍ လမ်းခရီး၌ ဆရာကြီးမှာ ကွယ်လွန် အသျှင့်အမိန့်တော်ခံယူသွားကြောင်းသတင်းရရှိသဖြင့်၊ ထိုပုဂ္ဂိုလ်၏ 'စနဒ်' အစဉ်အဆက်သည် အဘယ်သို့ရနိုင်အံ့နည်းဟူ၍ ရှိုက်ကြီးတငင်ငိုကြွေးလေသည်။ အဘယ်မျှပူဆွေးမည်နည်း။ငိုကြွေးရာ၌ ရှိုက်၍ရှိုက်၍ပင်ငိုကြွေးလေသည်။

ဤနည်းမှာ အလွန်အကျွံ ချစ်ခင်လေးစား ရှိသေကြောင်း ပေါ်လွင်နေပေသည်။ ထိုပုဂ္ဂိုလ်သည် 'မွတ်စလင်မ်ကျမ်း'တစောင်လုံး ကိုအာဂုံဆောင်ထားတော်မူသည်။ မိမိတပည့်များကို အလွတ် ရေးစေတော်မူသည်။ 'ဟဂ်ျ' [၁၁] ကြိမ်ပြုခဲ့သည်။ထမင်းစားသုံးရန် ထိုင်သည့်အခါ မျက်ရည်များ ရွှမ်းရွှမ်းစိုလာလေ့ရှိသည်။

'အဗူအုမရ်သွရီ'(ရဟ်မသွလ္လာဟိအလိုက်ဟိ)သခင်သည် ဝမ်းတွင်းပါ မျက်မမြင်ဒုက္ခိတ ဖြစ်လာလေသည်။ သို့သော်လည်း 'ဟဒီးဆ်'ဩဝါဒတော် အာဂုံဆောင်ပုဂ္ဂိုလ်များတွင် တဦး ပါဝင်လေသည်။ဖိကက်ဓမ္မသတ်သမိုင်း၊အမွေဖြတ်ထုံး သချာဘာသာရပ်များကို အထူး ကျွမ်းကျင်တတ်မြောက်သူဖြစ်သည်။

'အဗွလ်ဟူစိုင်နီအဆ်ဖဟာနီ' [ရဟ်မသွလ္လာဟိအလိုက်ဟိ]သခင်သည်'ဗူခါရီ(အစအဆုံး) နှင့် (မွတ်စလင်ကျမ်း' (အစအဆုံး)ကျမ်းနှစ်စောင်စလုံးကို အလွတ်ကျက်မှတ်ထားသူ ဖြစ်သည် အထူးသဖြင့်'ဗုခါရီ'ကျမ်းကိုမူ'စနဒ်'ဖတ်လိုက်လျှင်'ဟဒီးဆ်'ကိုလည်းကောင်း၊'ဟဒီးဆ်' ဩဝါဒ ကိုဖတ်ကြားလိုက်လျှင်'စနဒ်'ကိုလည်းကောင်း၊မဆိုင်းမတွဖတ်ကြား ပြသလေ့ရှိသည်။

"ရှိုတ်ခ်သကီယွဒ်ဒီးန်ဗအလဗက္ကီ"(ရဟ်မသွလ္လာဟိအလိုက်ဟိ)သခင်သည် (၄) လနှင့် 'မွတ်စလင်မ်'ကျမ်း တအုပ်လုံးကို အလွတ်ကျက်မှတ်တော်မူလိုက်လေသည်။ (ဂျမအ်ဗိုင်နဆဟီး ဟိုင်းန်)အမည်ရှိ ကျမ်းကိုလည်း အာဂုံဆောင်ထားတော်မူသည်။ 'ကရာမသ်'ပြာဋိဟာ အစွမ်း တန်ခိုးပိုင်ရှင်ဖြစ်သည်။ ကျမ်းမြတ်'ကုရ်အာန်'ကိုလည်း အာဂုံဆောင်ထားသူဖြစ်သည်။ 'စူရဟ် အင်န်အာမ်'ကဏ္ဍတခုလုံးကို တနေ့တည်းဖြင့် အာဂုံဆောင် ကျက်မှတ်ယူသည်ဟု အများကပြော ကြသည်။

'အိဗ်နုစ္စနီ'(ရဟ်မသွလ္လာဟိအလိုက်ဟိ)သခင်၏ အလွန်ထင်ပေါ်ကျော်ကြားသည့်တပည့် ရင်းဖြစ်သည်။ 'ဟဒီးဆ်' ဩဝါဒတော်များကို မိမိ၏နောက်ဆုံးအချိန်ထိ ရေးသားလေသည်။ သားဖြစ်သူက ပြောကြားသည်မှာ၊ ကျွန်ုပ်၏ဘခင်သည် 'ဟဒီးဆ်' ဩဝါဒတော် ရေးရင်း၊ ရေးရင်းနှင့် မင်အိုးဌကလောင်စွပ်ထား၍ လက်နှစ်ဖက်ကို ဆုမွန်ပန်ထွာရန် လက်နှစ်ဖက်ကို မြှောက်ပင့်ခါ ပန်ထွာ'ဒုအာ'ပြုရင်းပင် ကွယ်လွန်အသျှင့်အမိန့်တော်ကို ခံယူတော်မူလေသည်။

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُونَ

"အ်လ္လာဟိမဟ်စာဂျီ"(ရဟ်မသွလ္လာဟိအလိုက်ဟိ)သခင်သည် ငယ်စဉ်ဘဝမှာပင် 'ဖိကဟ် ဓမ္မသတ်'ပညာရပ်ကို သင်ယူဆည်းပူးတော်မူ၍ 'ဟဒီးဆ်' ဩဝါဒတော်ပညာကို ဆက်လက် သင်ယူဆည်းပူးတော်မူလေသည်။ 'ဟရာသ်'မြို့တော်၌ (၁၀)နှစ်တိုင်တိုင် နေထိုင်တော်မူသည်။ ၎င်းမြို့တော်၌ (၆)ကြိမ်တိတိ 'သိရ်မဇီ'ကျမ်းဂန်ကို (အစအဆုံး) ရေးသားတော်မူခဲ့လေသည်။ 'အိဗ်နုမွန်ဒဟ်'(ရဟ်မသွလ္လာဟိအလိုက်ဟိ) သခင်ထံမှ 'ဂရာအိဗ္ဗေယျုံအ်ဗဟ်'ကျမ်းကို သင်ယူ ဆည်းပူးလေသည်။ ၎င်းအချိန်၌ 'အိယှာဟ်နမာဇ်'အပြီး 'အိဗ်နုမွန်ဒဟ်'(ရဟ်မသွလ္လာဟိ

အလိုက်ဟိ)သခင်သည် ကွယ်လွန်အသျှင့်အမိန့်တော်ခံရရှာလေသည်။ သင်ယူသူထက် သင်ကြားပို့ချသူသည် ပညာပေးစိတ်ဓါတ် ပြင်းပြလေသည်။ နောက်ဆုံးအချိန်အထိ သင်ကြားပို့ချသွားလေသည်။

'အဗူအုမရ်' (ရဟ်မသွလ္လာဟိအလိုက်ဟိ)သခင်၊ 'ခိုဖါဖ်' (ရဟ်မသွလ္လာဟိအလိုက်ဟိ) သခင်သည် 'ဟဒီးဆ်' ဩဝါဒတော်ပေါင်း တသိန်းကို အာဂုံဆောင် ကျက်မှတ် ထားရှိကြလေသည်။

'အိမာမ်ဗုခါရီ'(ရဟ်မသွလ္လာဟိအလိုက်ဟိ)သခင်၏ ဆရာတော် 'အာဆင်မ်အိဗ်နုအလီ' (ရဟ်မသွလ္လာဟိအလိုက်ဟိ)သခင်သည် 'ဘဂ်ဒါဒ်မြို့'သို့ရောက်ရှိသောအခါ တပည့်များတသိန်းကျော်ကျော် တက်ရောက်ပညာသင်ယူဆည်းပူးကြလေသည်။ တကြိမ်ကရေတွက်ကြည့်ရာ တသိန်းနှစ်သောင်း(၁၂၀၀၀၀)တပည့်အပေါင်းရှိကြောင်းသိရှိရလေသည်။ ထိုကြောင့်ပင် အချို့အပိုဒ်များကိုမူ အကြိမ်ကြိမ်ထပ်လောင်းပြောကြားရလေသည်။

'ဟဇရတ်အာဆင်မ်အိဗ်နုအလီ' (ရဟ်မသွလ္လာဟိအလိုက်ဟိ)သခင်၏ တပည့်တော်တဦးက ပြောကြားသည်မှာ၊ အခါတပါး၌

**ဟဒ္ဒဆနလ္လါင်ဆို** ဆိုသည့်ပုဒ်ကိုမူ (၁၄)ကြိမ်အထိအသံဆင့်ပေးရသည်ဟုပြောကြားတော်မူခဲ့သည်။ လူထုတသိန်းနှစ်သောင်းကျော်ကြားနာနိုင်အောင် အသံဆင့် (၁၄)ကြိမ်ပြုပေးရမည်မှာ ပေါ်လွင်လှပေသည်။

'အဗူမွတ်စ်လင့်မ်ဗဆွရီ' (ရဟ်မသွလ္လာဟိအလိုက်ဟိ)သခင် 'ဘဂ်ဒါဒ်'မြို့တော်သို့ ရောက်ရှိလာသော်၊ အလွန်ကျယ်ဝန်းသည့် လွင်ပြင်ကြီးတခုတွင် 'ဟဒီးဆ်' ဩဝါဒတော်ကို သင်ကြားပြသတော်မူသည်။ထို၌ (၇)ဦးသောသူတို့သည်မတ်မတ်ရပ်၍ အသံဆင့်ပေး၍ရေးသားစေသည်။ ('အီးဒ် နမာဇ်''၌ 'သက်ဗီးရ်'အသံဆင့်ပြန်ရသည့် အလားပင်တည်း)။ သင်ခဏ်းစာ ပြီးဆုံးသည့်နောက် မင်အိုးများကို ရေတွက်ကြည့်ရာ လေးသောင်း(၄၀၀၀၀)ကျော်ရှိသည်။ မရေးဘဲ သက်သက်နားဆင်သူသည်လည်း အမြောက်အမြားရှိကြသေးသည်ဟူ၏။

'ဖရ်ယာဗီ'(ရဟ်မသွလ္လာဟိအလိုက်ဟိ) သခင်၏ 'ဟဒီးဆ်'ဩဝါဒ သင်တန်းတွင် အသံနှင့်ကြားပေး ရေးသားစေသူပေါင်း သုံးရာတဆယ့်ခြောက်(၃၁၆)ပါးရှိလေသည်။ တက်ရောက်သင်ယူသူ တပည့်ပေါင်း အဘယ်မျှရှိမည်ကိုမူ မှန်းဆကြပေလော့။ ဤသို့ကြိုးပမ်းမှု၊ ဒုက္ခခံမှုများဖြင့် ဤသန့်စင်မှန်မြတ်လှသည့် ပညာရပ်သည် တည်တန့်ခိုင်မြဲလျက်ပင် ရှိနေလေသည်။

✓ 'အိမာမ်ဗုခါရီ' (ရဟ်မသွလ္လာဟိအလိုက်ဟိ)သခင်အဆိုရှိသည်မှာ၊ ကျွန်ုပ်သည်'ဟဒီးဆ်' ဩဝါဒတော် ခြောက်သိန်း (၆၀၀၀၀၀)အနက်မှ ကောက်နုတ်ရွေးချယ်၍ 'ဗုခါရီ' ကျမ်းကို

ရေးသားခဲ့သည်။ ဤကျမ်း၌ ခုနစ်ထောင့်နှစ်ရာ ခုနစ်ဆယ့်ငါး(၇၂၇၅) 'ဟဒီးဆ်' သြဝါဒ တော် ပါရှိသည်။ ထိုနောက် 'ဟဒီးဆ်' သြဝါဒတော်တပါးကို မရေးသားမီ 'နဖိလ်နမာဇ်' နှစ် 'ရကအသ်'ကိုဖတ်လေ့ရှိသည်။ ထိုနောက်မှ 'ဟဒီးဆ်' သြဝါဒတော်ကို ရေးသားလေ့ရှိ သည်ဟု လာရှိ၏။

✓ 'ဗုခါရီ'(ရဟ်မသွလ္လာဟိအလိုက်ဟိ) သခင်ကြီးသည် 'ဘဂ်ဒါဒ်'မြို့တော်သို့ ရောက်ရှိလာ သောအခါ၊ ထိုမြို့၌ 'မုဟဒ္ဒိဆ်ဟဒီးဆ်'ပါမောက္ခတို့သည် ပညာစမ်းလိုချင်ကြသဖြင့်၊ ဆယ် ဦးကိုအုပ်စုတစုဖွဲ့၍ တဦးလျှင် 'ဟဒီးဆ်'တော်ဆယ်ပါးကို ခွဲဝေစိပ်ဖြာ၍ မေးမြန်းစမ်းစစ်ကြ လေသည်။ 'ဗုခါရီ' သခင်သည် မမှန်ကန် မတိကျမှုများကိုထောက်ချင့်၍၊ ဤနည်းအတိုင်းဖြင့် မိမိမသိကြောင်းကိုသာ တွင်တွင်ကြီးငြင်းဆန်တော်မူလိုက်လေ၏။ ဆယ်ဦးစလုံးအလှည့်ကုန်သွား သည့်အခါမှ 'ဗုခါရီ'သခင်သည် တဦးစီ ပထမတဦးက ဤသို့ပထမအမှတ်စဉ်(၁)တွင်ဆိုခဲ့သည်။ ဤသည်မှား၏။ အမှန်မှာ ဤသို့သာဖြစ်ရမည်။ ဤသို့သာရှိခဲ့သည်ဟု ခရေစေ့တွင်းကျ အစ အဆုံး ဆယ်ဦးစလုံးအား မကြွင်းမကျန်ရှင်းပြ၍ အမှန်ကိုအမှန်၊ အမှားကို အမှားဖြစ်ကြောင်း 'ဟဒီးဆ်'တော်ပေါင်းတရာကို ရှင်းပြလိုက်လေသည်။ ပညာစမ်းပုဂ္ဂိုလ်တို့မှာလည်း အံ့မဆုံးဖြစ် ကြလေသည်။

✓'အိမာမ်မွတ်စ်လင်မ်' [ရဟ်မသွလ္လာဟိ အလိုက်ဟိ] သခင်သည် သက်တော် (၁၄)နှစ် အရွယ်တွင် 'ဟဒီးဆ်'သြဝါဒတော်များကို သင်ယူဆည်းပူးလေသည်။ ထိုမှနောက်ဆုံး ကွယ် လွန် အသျှင့်အမိန့်တော် ခံရသည်အထိပင်တည်း။ သခင်ကြီးကိုယ်တိုင် မိန့်ကြားတော်မူသည်။ ကျွန်ုပ်သည် 'ဟဒီးဆ်' သြဝါဒတော်ပေါင်း သုံးသိန်း [၃၀၀၀၀၀]အနက်မှ ကောက်နုတ်ရွေး ချယ်၍ 'မွတ်စ်လင်မ်'ကျမ်း ပြုစုရေးသားခဲ့သည်။ ၎င်းကျမ်း၌ 'ဟဒီးဆ်' သြဝါဒတော်ပေါင်း သောင်းနှစ်ထောင် (၁၂၀၀၀) ပါရှိသည်ဟူ၏။

✓ 'အိမာမ်အဗူဒါဝူးဒ်'သခင့်အဆို။ ။အကျွန်ုပ်သည် 'ဟဒီးဆ်' သြဝါဒတော်ပေါင်း ငါးသိန်း (၅၀၀၀၀၀)မှ ကောက်နုတ်ရွေးချယ်၍ 'စုနန်နေအဗူဒါဝူးဒ်'ကျမ်းကို ပြုစုရေးသားခဲ့ ပါသည်။ ၎င်းကျမ်း၌ 'ဟဒီးဆ်'သြဝါဒတော်ပေါင်း လေးထောင်ရှစ်ရာ(၄၈၀၀)ပါရှိသည် ဟူ၏။

'ယူစွဖ်မူဇီ'(ရဟ်မသွလ္လာဟိအလိုက်ဟိ)သခင်သည် ထင်ပေါ်ကျော်ကြားသည့်'ဟဒီးဆ်' သြဝါဒတော် ပါမောက္ခတဦးဖြစ်ပေသည်။ 'ဟဒီးဆ်'သြဝါဒပို့ချသူတို့၏အမည်နာမနှင့် ကိုယ် ရေးရာဇဝင်ကို ဘိကျွမ်းသူ 'အိမာမ်'ရှေ့ဆောင်ဟူ၍ ကျော်ကြားလှပေသည်။ သခင်ကြီးသည် ဦးစွာပထမ မိမိမြို့တော်၌ပင် 'ဖိကဟ်'ဓမ္မသတ်ပညာနှင့် 'ဟဒီးဆ်'သြဝါဒကျမ်းပညာရပ်ကို သင် ယူဆည်းပူးတော်မူလေသည်။ ထိုနောက် 'မက္ကဟ်'မြို့တော်၊ 'မဒီနဟ်'မြို့တော်၊'စီးရီးယား'ပြည်ရှိ 'ဟလပ်'မြို့တော်၊ 'ဟမာသ်'၊ 'ဗအလဗက်'မြို့တော် စသည်များဘက်သို့ ဆက်လက် ပညာသင်ယူ

ရန် ခရီးထွက်ကြွတော်မူခဲ့၏။ ကျမ်းဂန်အမြောက်အမြား ရေးသားခဲ့လေသည်။ 'သဟ်ဇီဗွလ် ကမာလ်'အမည်ရှိ ကျမ်းကို အတွဲပေါင်း နှစ်ရာ (၂၀၀)အထိ ရေးသားတော် မူခဲ့သည့်ပြင်၊ 'ကိသာဗွလ်အသ်သ္ဝရာဗ်'ကို အတွဲပေါင်း ရှစ်ဆယ်(၈၀)အထိ ရေးသားတော် မူခဲ့လေသည်။ ဤပုဂ္ဂိုလ်ကြီး၏ အကျင့်သိက္ခာတော်မှာ စကားနည်းသည်။ တိတ်ဆိတ်စွာ နေလေ့ရှိသည်။ အချိန်ရလျှင် ရသမျှစာပေကိုသာ လေ့လာလေ့ရှိသည်။ မနာလိုဝန်တိုသူတို့၏ ဝန်တိုခြင်းကိုလည်း ခံခဲ့ရ၏။ သို့သော်လည်း လက်စားချေခြင်း၊ အပြစ်ပေးခြင်းကိုမူ ပြုလေ့မရှိချေ။

ထိုသို့သောသူတို့၏ အကြောင်းအရာများကို တနေရာတည်း၌ စုဆောင်းရေးသားရန်မှာ အလွန်ခဲယဉ်းလှပေသည်။ အလွန့်အလွန်ကြီးလေးလှသည့် ကျမ်းဂန့်များ၌ပင် ထိုပုဂ္ဂိုလ်တို့၏ အကြောင်းအရာ အတ္ထုပ္ပတ္တိများနှင့် စွန့်စားခဏ်းများကို မရေးနိုင်ခဲ့ကြပေ။ ဤနေရာ၌(သာမန့်) နမူနာအဖြစ်သာ အချို့ပုဂ္ဂိုလ်တို့၏အဖြစ်အပျက် သုံးလေး (၃–၄)ခုကိုသာ ဤ'ဟဒီးဆ်' ဩဝါဒတော် ပညာရပ်သည် နှစ်ပေါင်း ထောင့်လေးရာ (၁၄၀၀)ကျော်မှ အခုထိ အလွန် တောက်ပြောင် ထွန်းလင်းလျက်ရှိနေကြောင်း၊ ဤအရာများကို အဘယ်သို့ ကြိုးပမ်းစွန့်စားမှု အားဖြင့်ထားရှိကြောင်း သိစေကြရန် ဖော်ပြခြင်းသာဖြစ်ပါသည်။

အကြင်သူတို့သည် မိမိကိုယ်မိမိ ကျောင်းသားပါ၊ ပညာဆည်းပူးသင်ယူသူပါဟု ကြွေးကျော်နေသူတို့သည် 'ဟဒီးဆ်' ဩဝါဒတော်များအတွက် အဘယ်မျှ ဒုက္ခခံခဲ့ကြသနည်း။ အဘယ်မျှ ကြိုးပမ်းအားထုတ်ခဲ့ကြသနည်းဆိုသည့် မေးခွန်းကို ဖြေကြားနိုင်ကြပါမည်လော။

✓အကယ်၍ ကျွန်ုပ်တို့သည် ခန္ဓာသုခ၊ စိတ္တသုခ၊ သုခဟူသရွေ့ကို လိုချင် တပ်မက်နေကြလျှင်၊ အလည်အပတ်နှင့် အခြားအခြားသော လုပ်ရပ်များ၌သာနစ်မွန်းနေကြလျှင်၊ 'နဗီ' တမန်တော်မြတ်၏ ဩဝါဒတော်များနှင့် 'စွန္နသ်' တော်များသည် ကျန်ရှိနေပါဦးမည်လော။ ဤသို့တွေးတောခြင်းသည် မဖြစ်နိုင်ရုံတင်မက၊ တွေးဝေသူတို့ကိုပင် အရူးဟုခေါ်ကြပေအံ့။

# အခန်း (၉)

## နှစ်ဘဝသခင် ကျေးဇူးရှင် တမန်တော် 'မုဟမ္မဒ်'သခင့်အမိန့် ပညပ်ချက်များကို တသွေမတိမ်း မဆိုင်းမတွ လိုက်နာကျင့်ဆောင်ခြင်းအကြောင်း။

✔အမိန့်ပညပ်တော်ကို လိုက်နာကျင့်ဆောင်ခြင်း၊ ဦးထိပ်ပန်ဆင်ခြင်း၌ မဆိုင်းမတွ ကျင့်ဆောင်ခြင်း၊ ဤသို့ဆောင်ရွက်ရာ၌ 'နဗီ'တမန်တော်မြတ် (ဝစလ္လမ်)၏ သဘော ဆန္ဒ အသို့ရှိသနည်း။ တနည်းဆိုသော် 'ဆဟာဗီ'တို့၏ ကျင့်ဆောင်ချက်ဟူသရွေ့သည် 'နဗီ' တမန်တော်မြတ်၏ အမိန့်နာခံခြင်းသာတည်း။ ဖော်ပြခဲ့သည့် အကြောင်းအရာများကို ချင့်တွေးလျှင်ကောင်းစွာပေါ်လွင်လာပေအံ့။ သို့သော်လည်း အကြောင်းအရာအဖြစ်အပျက်အချို့ကို ဤအခန်း၌ ဖေါ်ပြပါအံ့။ ကျွန်ုပ်တို့၏ကျင့်ဆောင်ချက်သည် ဤအခန်းပါ အကြောင်း အရာများနှင့် နှိုင်းယှဉ်ချိန်ကိုက်ကြည့်ကြဦးစို့။ကျွန်ုပ်တို့သည်'အလ္လာဟ်' အသျှင်မြတ်နှင့် အသျှင့်တမန်တော်၏ အမိန့်ပညပ်တော်များကို အဘယ်အထိ လိုက်နာကျင့်ဆောင်ကြလေသနည်း။ ထိုသည်ကို အကြောင်းပြု၍ ကျွန်ုပ်တို့သည် အခါခပ်သိမ်း 'ဆဟာဗီ' သာဝကကြီးတို့ ရယူခဲ့ကြသည့် 'ဗာရကသ်'မင်္ဂလာများကို တိုးတက်အောင်မြင်မှုများ၊ အကျိုးကျေးဇူးများကို ရနိုးရနိုးနှင့် မျှော်တလင့်လင့် ဖြစ်နေကြလေသည်။ အကယ်စင်စစ် လိုလားတောင့်တသည့် စိတ်ဆန္ဒရှိခဲ့သော်၊ ထိုပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ ဆောင်ရွက်သွားသည့်အတိုင်း ထပ်ချပ်မကွာ လုပ်ဆောင် ပြသသင့်ပေသည်။ လုပ်ကိုလုပ်ပြရပေမည်။

### ၁။ ဟာဇရသ်'အဗ်ဒုလ္လာဟ်အိဗ်နုအမရ်အိဗ်နုလ်အာဆ်'သခင်သည် ခြုံထည်ကိုမီးရှို့ပစ်ခြင်းအကြောင်း။

"ဟာဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုအမရ်အိဗ်နုလ်အာဆ်" သခင်အမိန့်ရှိသည်။ အခါတပါး၌ ကျွန်ုပ်တို့သည် နဗီတမန်တော်မြတ် (ဝစလ္လမ်)နှင့်အတူ ခရီးထွက်ကြရသည်။ ကျွန်ုပ်သည် 'နဗီ'တမန်တော်မြတ်၏ ရှေ့တော်သို့ ဝင်ရောက်ခစားပါသည်။ မိမိကိုယ်ကိုခြုံထည်ဖြင့်ခြုံထားပါသည်။ ယင်းခြုံထည်၏ အရောင်သည် အဝါဖြော့ရောင်ဖြစ်ပါသည်။ 'နဗီ'တမန်တော်မြတ် ရှုမြင်သော်၊ ဒါဘာခြုံထားတာလဲ။ ကျွန်ုပ်သည် တမန်တော်မြတ် ဤမေးခွန်းဖြင့် မနှစ်မြို့တော်မူကြောင်းကို ရိပ်စားမိပါသည်။ အိမ်သို့ပြန်လာရာ၊ အိမ်သူတို့သည် စားဖို့၌ မီးထွန်းညှိထား၍သဖြင့် မိမိသည် ခြုံထည်စောင်ကို မီးဖိုထဲသို့ ပစ်သွင်း၍ မီးရှို့လိုက်ပါတော့သည်။

ဒုတိယနေ့ အပါးတော်သို့ ဝင်ရောက်သော်၊ 'နဗီ'တမန်တော်မြတ်က ထိုခြုံထည်စောင်ဘာဖြစ်သွားသလဲဟု မေးမြန်းတော်မူသည်။ ကျွန်ုပ်က အကျိုးအကြောင်း အစုံအလင် တင်

လျှောက်သောအခါ၊ ကိုယ်တော်မြတ်က အမျိုးသမီးများအနက် တဦးဦးအား အဘယ်ကြောင့် မပေးသနည်း။ အမျိုးသမီးများ ဝတ်ဆင်ခဲ့လျှင် အကြောင်းမဟုတ်ဟု မိန့်ကြားတော်မူသည်။

(ကြည့်–အဗ္ဗုဒ ါဝုဒ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

✓အကြင်သူ၏ စိတ်နှလုံး၌ (မိမိချစ်မြတ်နိုးသူ၏)မနှစ်မြို့မှုကို ရှုမြင်ခံစားရသော်၊ ရှည်ရှည်ဝေးဝေး အခြားနည်းများ ရှိပါသေးသလားဟူ၍ တွေးတောနိုင်စွမ်းမရှိတော့ချေ။

ကျွန်ုပ်တို့ကဲ့သို့ အယုတ်တမာမျိုးသာဆိုလျှင် အဘယ်အထိ ဆင်ခြေလဲကြမည်ကို မတွေးဝံ့တော့ပါ။ ဤအရာကို ကိုယ်တော်မြတ် အဘယ်ကြောင့် မနှစ်မြို့ရသနည်း။ အခြားဘယ်ပုံဘယ်နည်း သုံးလျှင်သင့်မည်နည်း။ ကိုယ်တော်မြတ်က မေးရုံသာ မေးတာပါ၊ တားတာမှမဟုတ်ပဲဟု သို့လောသို့လော တွေးတောကြပေမည်။

## ၂။ 'အန်ဆွာရီဆဟာဗီ'တပါးသည်အိမ်ဂေဟာကို ဖြိုဖျက်ခြင်းအကြောင်း

နဗီတမန်တော်မြတ်သည် အခါတပါး၌ မိမိမင်္ဂလာတော်အခန်းမှ အပြင်သို့ ထွက်ကြွတော်မူလေသည်။ လမ်းခရီးတနေရာ၌ ပြအိုးဆောင်ပမာ အခန်းတဆောင်ကို ရှုမြင်ရ၏။အမြင့်မှာလည်း အလွန်မြင့်မားလေသည်။ နောက်ပါတို့အား ဤသည် အဘယ်အရာနည်းဟု မေးမြန်းတော်မူရာ၊ 'ဆဟာဗီ'တို့က အဘယ်အမည်ရှိ 'အန်ဆွာရီ'သည် ပြအိုးဆောင် အဆောက်အဦ ဆောက်လုပ်ထားကြောင်း ပြန်လည်လျှောက်တင်ကြလေသည်။ ကိုယ်တော်မြတ်သည် နားဆင်တော်မူ၍ ဆိတ်ဆိတ်သာနေတော်မူ၏။

ထိုနောက် အခါတပါး၌ ထို'အန်ဆွာရီ'သခင်သည် 'နဗီ'တမန်တော်မြတ် အပါးတော်သို့ ဝင်ရောက်ကာ 'စလာမ်'ဆက်သလေသော်၊ 'နဗီ'တမန်တော်မြတ်သည် မိမိရွှေမျက်နှာတော်ကို ထိုသူ့ဖက်မှ လွှဲဖယ်လိုက်တော်မူ၏။ 'စလာမ်'ဆက်သခြင်းကိုလည်း ပြန်လည်တုံ့ပြန်ခြင်းပြုတော်မမူပေ။ ထို'အန်ဆွာရီ'သခင်သည် 'နဗီ'တမန်တော်မြတ် ကြားတော်မမူဟု ထင်မှတ်၍ ထပ်ဆင့်'စလာမ်'ပြုတော်မူပြန်သည်။ 'နဗီ'တမန်တော်မြတ်သည် တုံ့ပြန်ခြင်းမပြုသည့်အပြင်၊ ရွှေမျက်နှာတော်ကို အခြားဖက်သို့တဖန် လွှဲဖယ်တော်မူပြန်၏။ ထိုပုဂ္ဂိုလ်သည် မိမိစိတ်အဘယ်သို့

ချုပ်တည်းနိုင်တော့အံ့နည်း။ ထိုဌာန၌ရှိ'ဆဟာဗိ'တို့အား၊ အို-အချင်းတို့၊ ကျွန်ုပ်သည် ယနေ့ 'နဗီ'တမန်တော်မြတ်အား မျက်နှာပျက်နေသည်ကို တွေ့မြင်ရသည်။အဘယ်သို့ဖြစ်လေသနည်း။ နေမှကောင်းလေရော့သလားဟု မေးမြန်းလေ၏။

ထို'ဆဟာဗိ'သာဝကတို့က 'နဗီတမန်တော်မြတ်'သည် အပြင်သို့ကြွမြန်းသွားရာ လမ်းခရီး၌ အဆွေတော်၏ ပြအိုးဆောင်ဂေဟာကို ရှုမြင်၍ အဘယ်သူ့ ပြအိုးဆောင်နည်းဟု မေးမြန်းကော်မူသဖြင့်၊ လျှောက်ထားတင်ခဲ့ရကြောင်း ပြောပြလိုက်ရာ၊ 'အန်ဆွာရီ' သခင်ကြီးသည် ချက်ခြင်းပြန်၍ ၎င်းပြအိုးဆောင်ကို ဖျက်ဆီးဖြိုချလိုက်လေ၏။ အစအနများပင်ပျောက်၍ မြေကြီးနှင့် တသားတည်းဖြစ်နေလေသည်။ သို့ဖြိုဖျက်၍ လာရောက် အကြောင်းမကြားပဲ နေလေသည်။ အကြောင်းအားလျော်စွာ အခြားတနေရာဆီသို့ ကိုယ်တော်မြတ် ကြွမြန်းတော်မူလေသော်၊ 'နဗီတမန်တော်မြတ်'သည် ယခင်ရှုမြင်ရသည့် ပြအိုးဆောင် ဂေဟာကို မမြင်ရသဖြင့်၊ စုံစမ်းမေးမြန်းတော်မူရာ၊ 'ဆဟာဗိ'အပေါင်းတို့က အကြောင်းစုံကို တင်လျှောက်လေ၏။ ကိုယ်တော်မြတ်က ရှိရှိသမျှသော တိုက်တာအဆောက်အဦတို့သည် လူသားတို့အတွက် အန္တရာယ်ပင်ဖြစ်သည်။ အလွန်အကျွံမလွဲမရှောင်သာသည့်အဆောက်အဦကိုသာ ဆောက်တည်နိုင်၏ဟု မိန့်ကြားတော်မူသည်။ (ကြည့်-အဗူဒါဝူးဒ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

✓ ဤသည် 'နဗီ'တမန်တော်မြတ်အား အလွန် ချစ်ခင်ရိုသေလေးစားကြောင်း သာဓကပင်တည်း။ ထိုပုဂ္ဂိုလ်တို့သည် 'နဗီ'တမန်တော်မြတ်၏ ရွှေမျက်နှာတော် ညှိုးနွမ်းသည်ကိုပင် မရှုရက်နိုင်ကြပေ။ မိမိအတွက် ရွှေမျက်နှာတော် ညှိုးနွမ်းရသည်ဆိုပါက အသို့နေနိုင်အံ့နည်း။ ထို 'အန်ဆွာရီ' သခင်သည် ပြအိုးဆောင်ကို ဖြိုချလိုက်၏။ နောက်တဖန် မိမိဖြိုချလိုက်ကြောင်းကို ဝင့်ကြွားသည့် အနေနှင့် သွားရောက်လျှောက်ထားခြင်းမပြုပဲ ဆိတ်ဆိတ် ဖါသိဖါသာ နေလိုက်လေသည်။ ကိုယ်တော်မြတ်ကိုယ်တိုင် ထိုဖက်သို့ အကြောင်းအားလျော်စွာ ကြွမြန်းသောအခါကျမှ ရှုမြင်တော်မူ၍ သိရှိတော်မူလေသည်။ 'နဗီ'တမန်တော်မြတ်သည် တိုက်တာအဆောက်အဦအတွက် ငွေကြေးအကုန်အကျခံသည်ကို မရှုစိတ်ထားတော်မူသည်။

✓များစွာသော 'ဟဒီးဆ်' ဩဝါဒတော်များဖြင့် သိရှိရသည်မှာ 'နဗီ' တမန်တော်မြတ်၏ ကြင်ယာတော်များ၊ ကျွန်ုပ်တို့၏မယ်တော်တို့၏ အဆောင်တော်များမှာ စွန်ပလွံပင်၏ အလက်များဖြင့်သာ ဆောက်လုပ်၍ အကာမှာ ဂုံနီအိတ်များဖြင့် ဖုံးကွယ်ထားရှိကြောင်း တပါးသူစိမ်းများ မမြင်ရလေအောင် သာ ကာကွယ်ထားကြောင်း သိရှိရလေသည်။

အခါတပါး၌ 'နဗီတမန်တော်မြတ်'သည် အပြင်သို့ခရီးထွက်ကြွသွားတော်မူ၏။ မယ်တော် 'အွှမ္မေစလ်မဟ်'သခင်မသည် အနည်းငယ်ငွေကြေးအဆင်ပြေလာသဖြင့်၊ ဂုံနီအိတ်ထည်အစား အုတ်စိမ်းများဖြင့် ကာရံထားလိုက်လေသည်။ ကိုယ်တော်မြတ်ပြန်ရောက်လာသောအခါ၊ ရှုမြင်တော်မူ၍ ဒါဘာလုပ်တာလဲဟု မေးမြန်းတော်မူရာ၊ မယ်တော် 'အွှမ္မေစလ်မဟ်'သခင်မက လုံခြုံမှုအတွက် ယုံမှားဘွယ်ရာရှိသဖြင့် ပြုလုပ်ဆောက်တည်မိကြောင်းလျှောက်ထားရာ၊ ✓ကိုယ်တော်မြတ်က လူနေမှုအတွက် တိုက်တာဆောက်လုပ်ရန် ငွေကြေးအကုန်အကျခံခြင်းသည် အညံ့ဆုံး အောက်တန်းအကျဆုံး လုပ်ငန်းဖြစ်သည်ဟု မိန့်ကြားတော်မူလိုက်လေသည်။

✓ 'ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုအမရ်'သခင်အဆိုပြုသည်မှာ၊ တရံရောအခါ ကျွန်ုပ်နှင့် မိခင်တို့သည် အိမ်နံရံ ပျက်စီးချို့ယွင်းသွားသဖြင့် ပြုပြင်မွမ်းမံနေစဉ် 'နဗီတမန်တော်မြတ်'ရောက်ရှိလာ၍ ကြည့်ရှုကာ သေခြင်းတရားသည် ဤနံရံကြီး ပြိုကျခြင်းထက်ပင် နီးကပ်နေပေသည်ဟု မိန့်ကြားတော်မူသည်။
(ကြည့်–အဗူဒါဝူးဒ်ကျမ်း)

## ၃။ 'ဆဟာဗီ'သာဝက အပေါင်းတို့သည် အနီရောင်ခြုံထည်များကို ကုလားအုတ်များ ကိုယ်မှ ချွတ်ချလိုက်ခြင်းအကြောင်း။

'ဟဇရသ်ရာဖိအ်'သခင်အမိန့်ရှိသည်မှာ၊ ကျွန်ုပ်တို့သည် နဗီ တမန်တော်မြတ်နှင့်အတူ ခရီးတကြိမ်ထွက်ကြစဉ် ကုလားအုတ်ကျောပေါ်၌ ခြုံထည်များဖြင့်ခြုံထားကြပါသည်။ ၎င်းခြုံထည်များတွင် အနီစင်းများပါရှိသည်ကို၊ 'နဗီတမန်တော်မြတ်'က ဤအနီရောင်သည်သင်တို့အပေါ် လွှမ်းမိုးသွားနေသည်ကို ငါကိုယ်တော်မြတ် ရှုမြင်နေရသည်ဟုမိန့်ကြားတော်မူသည်။ 'နဗီတမန်တော်မြတ်'၏ ဟောစကားကိုကြားရလျှင် ကျွန်ုတို့သည်ချက်ခြင်း ကြောက်လန့်၍ ထပြေးကြလေသည်။ ကျွန်ုပ်ပြေးလွှားမှုကြောင့် ကုလားအုတ်များသည် လန့်၍ ဟိုဟိုဒီဒီ ပြေးကြလေသည်။ ကျွန်ုပ်တို့သည် ကုလားအုတ်ကျောကုန်းမှခြုံထည်များကိုခွါချလိုက်ပါသည်။ (အဗူဒါဝူးဒ်ကျမ်း)

### သိမှတ်ဖွယ်ရာအဖြာဖြာ။

'ဆဟာဗီကြီး'တို့၏ ဘဝသက်တမ်းတွင် ဤသို့သော အကြောင်းခြင်းရာများသည် မထူးဆန်းလှပေ။ ကျွန်ုပ်တို့ ရှုဒေါင့်မှ ကြည့်ကြလျှင်၊ ထိုပုဂ္ဂိုလ်တို့အား အံ့သြမိကြပေလိမ့်မည်။ ထိုပုဂ္ဂိုလ်တို့၏ ဘဝသက်တမ်း တလျှောက်လုံးသည် ဤသည့်အတိုင်းပင်ဖြစ်ခဲ့ပေသည်။

'အုရ်ဝဟ်အိဗ်နုံမတ်စ်အူးဒ်' သခင်။ ။ဤပုဂ္ဂိုလ်သည် 'ဟိုဒိုင်ဗီးယဟ်' စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဆိုရာ၌ (အခဏ်း ၄၊ အမှတ်စဉ် ၃ တွင်) ဖေါ်ပြခဲ့လေပြီ။ 'ကာဖိရ်'များဖက်မှ သံတမန်အဖြစ်နှင့်လာခဲ့လေသည်။ 'မွတ်စ်လင်မ်' အပေါင်းတို့၏ အခြေအနေကို အတွင်းကျကျလေ့လာသုံးသပ်ခဲ့၏။ 'မက္ကဟ်မြို့' ရှိ'ကာဖိရ်'အပေါင်းတို့ထံ ရောက်ရှိသောအခါ ကျွန်ုပ်သည် ဘုန်းတန်ခိုးနှင့်ပြည့်စုံကျော်ကြားသည့်ဘုရင်မင်းတို့ထံ သံတမန်အဖြစ်နှင့် ရောက်ခဲ့ဘူးသည်။ ပါးရှားပြည်၊ ရောမမြို့၊'အီသီယိုပီးယား'ပြည်၏ဘုရင်မင်းတို့နှင့်တွေ့ဆုံခဲ့သည်။ မည်သည့်ဘုရင်၏ မင်းချင်းများမှ 'မုဟမ္မဒ်'(ဝစလ္လမ်)၏နောက်လိုက်အကြည်တော်တို့သည် 'မုဟမ္မဒ်'အား လေးစားရိုသေ ချစ်ခင်မြတ်နိုးကြသည့်အလား မတွေ့မမြင်ဘူးကြောင်း၊ 'နဗီတမန်တော်မြတ်'၏ အလိသ်ခွဲကိုပင်မြေဝယ်မခစေကြကြောင်း၊ တယောက်ယောက်၏လက်သို့ ရောက်ရှိပေကပ်သွားသည့်အခါ မိမိခန္ဓာကိုယ်သို့ သုတ်လိမ်းကျံလေ့ရှိကြောင်း၊ အလုပ်တခုခုကိုစေစားသည့်အခါ သူ့ထက်ငါ ရှေ့တက်၍ ဆောင်ရွက်လေ့ရှိကြကြောင်း၊ 'နဗီတမန်တော်မြတ်' 'ဝုဇူ'ပြုလုပ်သည့်အခါမှာလည်း 'ဝုဇူ'ရေကို မြေဝယ်မကျစေဘဲ ကိုယ်ခန္ဓာတွင် သုတ်လိမ်းကျံရန်နှင့် ရယူရန် သူ့ထက်ငါတိုးဝှေ့၍ ရန်မဖြစ်ရုံတမယ်သာ ရှိကြောင်း။ 'နဗီတမန်တော်မြတ်' စကားပြောကြားသောအခါ အားလုံးငြိမ်ငြိမ်သက်သက်နားစွင့်နေကြကြောင်း၊ 'နဗီတမန်တော်မြတ်'၏ ဂုဏ်သိက္ခာကြောင့် မည်သူတဦးတယောက်မျှ ဦးခေါင်းမော်၍ပင် မကြည့်ဝံ့ကြကြောင်း စသည်များကို အားပါးတရ ပြန်လည်ပြောပြလေသည်။

## ၄။ 'ဝါအိလ်အိဗ်နုဟဂျ်ရ်'သခင်သည် 'ဇုဘာဗ်'အမင်္ဂလာဟူသည့်ပုဒ်ကိုကြားရခြင်းဖြင့်ဆံချခြင်းအကြောင်း။

'ဟဇရသ်ဝါအိလ်အိဗ်နုဟဂျ်ရ်' (ရသွေ့)သခင် 'ရဝါယသ်'ပြုသည်မှာ၊ကျွန်ုပ်သည်အခါတပါး၌ 'နဗီ'တခန်တော်မြတ်'(ဝစလ္လမ်)အပါးတော်သို့ဝင်ရောက်ခစားနေစဉ်၊ ကျွန်ုပ်ဦးခေါင်း၏ဆံပင်မှာလည်း အလွန်ရှည်နေပေသည်။ ကျွန်ုပ်ကိုယ်တော့ ရှေ့တော်သို့ ရောက်သော အခါ ကိုယ်တော်မြတ်သည် 'ဇုဘာဗ်' 'ဇုဘာဗ်'ဟုပြောကြားတော်မူလိုက်သဖြင့်ကျွန်ုပ်သည်ငါ၏ဆံပင်ရှည်နေသည်ကိုကြည့်၍ ပြောကြားခြင်းသာဖြစ်ရမည်ဟု တထစ်ချထွက်ဆ၍အိမ်သို့ ပြန်လာခဲ့၍ ခေါင်းတုံးပစ်လိုက်တော့သည်။ နောက်တနေ့ အပါးတော်သို့ဝင်ရောက်သောအခါ ကိုယ်တော်မြတ် (ဝစလ္လမ်)က ငါကိုယ်တော်မြတ်က အကြည်တော်အား ပြောတာမဟုတ်ဘူး၊ သို့သော်လည်း ဒါကောင်းသည်ဟု မိန့်မြွက်တော်မူလိုက်သည်။

(ကြည့်—အဗူဒါဝူးဒ်ကျမ်း)

သိမှတ်ဖွယ်ရာအဖြာဖြာ။

'ဇုဘာဗ်'၏ အနက်အဓိပ္ပါယ်မှာအမင်္ဂလာဟူ၍လည်းကောင်း၊မကောင်းသောအရာဟူ၍ လည်းကောင်း အနက်ကိုဆောင်သည်။ ဤသို့ အရိပ်ပြရုံနှင့် အသက်ပေး စတေးလိုက်ကြမည့် ပုဂ္ဂိုလ်တွေပင်တည်း။ နောင် သဘောတရား သိလာမှ ဆောင်ရွက်ချက်သည် မှားနေလင့်ကစား အရေးမမှုကြပေ။ ယင်းသို့ ဆောင်ရာ၌ ကြန့်ကြာနေမည်ကိုမူ သည်းမခံနိုင်ကြချေ။ ဤနေရာ၌ 'နဗီ'တမန်တော်မြတ် (ဝစလ္လမ်)သည် ပွင့်ပွင့်လင်းလင်းရှင်းပြတော်မူလိုက်သည်။ "ငါကိုယ်တော်မြတ်သည် အကြည်တော်အား ရည်စူးတာမဟုတ်ဘူး" သို့သော်လည်း မိမိအားပြောကြားသည်ထင်မှတ်၍ ရုတ်တရက်ခြင်း ချက်ခြင်းမဆိုင်းမတွ ဆံချခေါင်းတုံးလိုက်လေသည်။

✓'အစ္စလာမ်'သာသနာတော်ပွင့်သစ်စ၊ ထွန်းကားစအချိန်တွင် နမာဇ်ဝတ်ပြုနေစဉ် စကားပြောခွင့် 'ဂျာအိဇ်'လုပ်ပိုင်ခွင့်ပြောခွင့်ရှိခဲ့သည်။ နောက်မှ 'မန်စူးခ်' ပိတ်ပင်တားဆီးတော်မူလိုက်လေသည်။

"ဟဇရည်အဗ်ဒုလ္လာဟ်အိဗ်နူမတ်စ်အူးဒ်" (ရသေ့.) သခင်သည် 'နဗီ' တမန်တော်မြတ် (ဝစလ္လမ်) ထံသို့ လာရောက်ခဲ့လေသည်။ 'နဗီ'တမန်တော်မြတ်သည် နမာဇ် ဝတ်ပြု နေတော်မူသည်။ 'ဆဟာဗီ'သည်'ယခင်နည်းအရ'စလာမ်' ဆက်သလေသည်။ နမာဇ်အတွင်းမှာ စကားပြောခြင်းကို ယခင်ခွင့်ပြုသည်၊ ယခုမူ ရုပ်သိမ်းလိုက်သဖြင့် 'နဗီ'တမန်တော်မြတ်သည် အဖြေမပေးပဲ နမာဇ်ဝတ်ပြုနေလေသည်။ 'ဆဟာဗီ'က 'နဗီ'တမန်တော်မြတ် အဖြေမပေးခြင်းကြောင့်၊ ကျွန်ုပ်သည် ရှေးဟောင်းနှောင်းဖြစ်များကို သတိရကာ၊ အဘယ် စကားများကြောင့်၊ အဘယ်အကြောင်းများကြောင့် အမျက်ထားသည်ဖြစ်ရမည်။ ဒါဟာ မဟုတ်ဘူး၊ အခြားအဘယ်အကြောင်းကြောင့် မရှုစိတ်ထားတော်မူသည်၊ ဒါပဲ ဖြစ်ရမည်ဟူ၍ တွေးတောဆင်ခြင်မိပါတော့သည်။

နောက်ဆုံး 'နဗီ'တမန်တော်မြတ် (ဝစလ္လမ်)နမာဇ်မှ 'စလာမ်' လှည့်၍ နမာဇ်အတွင်း၌ စကားပြောဆိုခွင့်အမိန့်တော်ကို ရုပ်သိမ်းလိုက်ပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် ငါကိုယ်တော်မြတ် (ဝစလ္လမ်)သည် သင်ဆက်သသော'စလာမ်'ကိုမတုံ့ပြန်ပဲနေခြင်းဖြစ်ကြောင်း ပြောကြားတော်မူလိုက်မှသာ နှလုံးမှ အသက်ပြန်လည်ဝင်ရောက်ပါတော့သည် ဟူ၏။

## ၅။ ဟဇရည်စိုဟိုင်လ် အိဗ်နုဟန်ဇွလဟ်သခင်၏ သိက္ခာတော်နှင့် ခရီးမ်အစဒီသခင်တို့ ဆုံတိုခြင်းအကြောင်း။

'ဟဇရည်စိုဟိုင်လ်အိဗ်နုဟန်ဇွလဟ်'(ရသွေ့)သခင်အမည်ရှိ'ဆဟာဗီ'တပါးသည်'ဒမတ်စကတ်မြို့'တော်၌ နေထိုင်တော်မူသည်။ ဤပုဂ္ဂိုလ်သည် အလွန် တသီးတခြား နေလေ့ရှိသည်။ လူသူနှင့် အလွန်တွေ့ခဲသည်။ အသွားအလာအလွန်နည်းသည်။ တနေကုန်နမာဇ်ဝတ်ပြုနေလေ့ရှိသည်။ သို့တည်းမဟုတ် ပုတီးစိပ်နေလေ့ရှိသည်။ သို့တည်းမဟုတ်'ဝဇီဖဟ်' နေ့စဉ် ကျင့်ဆောင်ချက်ကို ဖတ်လေ့ရှိသည်။ ဗလီဝတ်ကျောင်းတော်သို့ သွားလေ့ရှိသည်။ ဗလီဝတ်ကျောင်းသို့ သွားလမ်း၌ 'ဟဇရည်အဗူဒရ်ဒါအ်'(ရသွေ့)သခင်သည်အလွန်ကျော်ကြားလှသည့်၊ 'ဆဟာဗီ' တပါးဖြစ်သည်၏ အနားမှ ဖြတ်ကျော်သွားရလေသော် 'အဗူဒရ်ဒါအ်' သခင်က တရားစကား ဟောကြားတော်မူပါ။ အဆွေတော်အဖို့ အကျိုးမယုတ်စေပါဘူး။ ကျွန်ုပ်အဖို့ အကျိုးဖြစ်စေပါအံ့ဟု လျှောက်ထားသောအခါ၊ သခင်ကြီးသည် 'နဗီ'တမန်တော်မြတ်(ဝစလ္လမ်)လက်ထက်မှ ဖြစ်အင်တခုခုကိုလည်းကောင်း၊ 'ဟဒီးဆ်'ဩဝါဒတော်တပါးပါးကိုသော်လည်းကောင်း ဖတ်ကြားပြသလေ့ရှိသည်။

✓ဤသို့ပင် အခါတပါး၌ ကြွသွားနေစဉ် 'အဗူဒရ်ဒါအ်'သခင်က ထုံးစံအတိုင်း တရားစကား မိန့်ကြားတော်မူပါဟု လျှောက်ထားလေသည်။ ထိုအခါ 'ဟဇရည်စိုဟိုင်လ်' သခင်က တကြိမ်က 'နဗီ'တမန်တော်မြတ်က 'ခရီးမ်အစဒီ'၌ အကြောင်းနှစ်ရပ်သာမရှိလျှင်၊လူကောင်းသူကောင်းဖြစ်အံ့။ (၁) ဦးခေါင်း၌ဆံရှည်ရှည်ထားလေ့ရှိခြင်း၊ (၂) ခြေမျက်စိအောက်အထိ လုံချည်ဝတ်လေ့ရှိခြင်းဟု တဆင့်ပြောကြားတော်မူလိုက်လေ၏။ 'ဆဟာဗီ'ကြီးသည် 'နဗီ' တမန်တော်မြတ်၏ ဩဝါဒ'ဟဒီးဆ်'တော်ကိုကြားလျှင် ချက်ခြားမါးယူ၍ ဆံကိုနားအောက်မှ ဖြတ်လိုက်လေသည်။ လုံချည်ကိုမူ ခြေသလုံးတဝက်ခန့်ထား၍ ဝတ်ဆင်လိုက်လေသည်။

(ကြည့်–အဗူဒါဝူးဒ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

အချို့'ရဝါယသ်'တော်၌လာရှိသည်။ 'နဗီ'တမန်တော်(ဝစလ္လမ်)ကိုယ်တိုင်ကိုယ်ကျ ထိုပုဂ္ဂိုလ်အား အကြောင်းကြားသည်၊ အကြောင်း နှစ်ရပ်စလုံးနှင့် စပ်လျဉ်း၍ မိန့်ကြားတော်မူခဲ့သည်။ 'ဆဟာဗီ'သခင်ကြီးကရှေ့လျှောက်၍၊ ဤသို့မဖြစ်စေရပါဘူးဟု 'ကစမ်'ကျိန်ဆို၍ ပြောကြားသည်ဟု လာရှိသည်။ သို့သော် 'ရဝါယသ်'ဩဝါဒနှစ်ပါးလုံး၌ စောဒကတက်နိုင်စရာအကြောင်းမရှိလှပေ။ ကိုယ်တော်မြတ် ကိုယ်တိုင်ကိုယ်ကျ ပြောကြားသည်လည်းဖြစ်နိုင်ရာသည်။ **တဦးတယောက်အား တဆင့်ပြောကြားစေရန် စေစားလိုက်သည်လည်း ဖြစ်နိုင်ရာသည်။**

### ၆။ ဟာဇရယ်အဗ်ဒွလ္လာဟ်အိဗ်နုအုမရ်သခင်သည် မိမိသားတော်နှင့် စကား အဆက်ဖြတ်လိုက်ခြင်း အကြောင်း။

'ဟာဇရယ်အဗ်ဒွလ္လာဟ်အိဗ်နုအုမရ်'(ရသွေ့)သခင်သည် နဗီ''တမန်တော်မြတ် (ဝစလ္လမ်)၏ 'ဟဒီးဆ်' ဩဝါဒတော်မှတဆင့် ဤသို့ ကိုယ်တော်မြတ်က အမျိုးသမီးအား ဗလီ ဝတ်ကျောင်းတော်သို့ သွားခွင့်ပြုကြလော့ဟု မိန့်ကြားတော်မူခဲ့သည်ဟူ၍ ပြောကြားရာ၊ သားတော်တပါးက ကျွန်တော်မျိုးခွင့်မပြုနိုင်ပါ။ အဘယ်ကြောင့်ဆိုသော်၊ ရှေလျှောက်သူတို့သည် ဤသည်ကိုအကြောင်းပြု၍ လွတ်လပ်မှု၊ သာယာမှု၊ ပျက်စီးမှုနှင့် ပြဿနာများ ဖန်တီးကြပေအံ့ဟု လျှောက်ထားလေ၏။ 'ဟာဇရယ်အဗ်ဒွလ္လာဟ်'(ရသွေ့)သခင်သည် အမျက်စိတ်ဖြစ်တော်မူ၍ ငေါက်တော်မူသည်။ ငါက'နဗီ''တမန်တော်မြတ်(ဝစလ္လမ်)၏ ဩဝါဒတော်ကို တင်ပြနေသည်။ မင်းကခွင့်မပြုနိုင်ဘူးဟု ဖြေနေပါသလောဟုဆို၍ နောက်နောင်အဖို့ အမြဲတမ်းအတွက် စကားအဆက်ဖြတ် ထားတော်မူလိုက်လေသည်။

(ကြည့်-မွတ်စ်လင်မ်နှင့်အဗူဒါဝူးဒ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

သားတော်မောင်၏ ဤသို့ဖြင့် ပျက်စီးရန်အကြောင်းများ ဖြစ်လာလိမ့်မည်ဟု ပြောကြားခြင်းဖြင့် အဆက်ဖြတ်လေသည်။ သားတော်မောင်သည် မျက်မှောက်အခြေအနေကို ရှုမြင်၍ပြောကြားခြင်းဖြစ်သည်။

✓ ဤသည်ကြောင့်ပင် မယ်တော်'အာအိယှဟ်' (ရသွေ့)သခင်မ ကိုယ်တိုင်မိန့်ကြားတော်မူသည်မှာ၊ အကယ်၍သာ နဗီတမန်တော်မြတ် (ဝစလ္လမ်)သည် မျက်မှောက်အခါသမယ၏ အခြေအနေအကျင့်သိက္ခာများကို ရှုမြင်ရသည်ရှိသော် မုချကေန်အမျိုးသမီးတို့အား ဗလီဝတ်ကျောင်းတော်သို့ သွားရောက်ခြင်းမှ တားမြစ်တော်မူအံ့ဟူ၏။ အကယ်စင်စစ် နဗီတမန်တော်မြတ် (ဝစလ္လမ်)လက်ထက်နှင့် မယ်တော်'အာအိယှဟ်'(ရသွေ့)သခင်မ ပြောကြားချိန်မှာ သိပ်ကွာခြားမှုမရှိလှသေးပေ။ ဤသို့ပင် ဖြစ်လင့်ကစား 'ဟာဇရယ်အဗ်ဒွလ္လာဟ်' (ရသွေ့)သခင်သည် နဗီတမန်တော်မြတ် (ဝစလ္လမ်)၏ 'ဟဒီးဆ်' ဩဝါဒကို ကြားနာရပါလျက် တွေးဝေနေရမည်လော။ ဆင်ခြင်လဲရမည်လောဟုဆို၍ တဝတသက်လုံးစကားမပြောဘဲ နေခဲ့လေသည်။

ဆဟာဗီသာဝကကြီးတို့ လက်ထက်၌မှာပင် ဒုက္ခနှင့်တွေ့ခဲ့ကြရသည်။ နဗီတမန်တော်မြတ် (ဝစလ္လမ်)၏ ဩဝါဒတော်ကို အသက်တမျှ ချစ်မြတ်နိုးကြ

သည့် ပုဂ္ဂိုလ်တွေ ဗလီ၀တ်ကျောင်းတော်သို့ သွားခြင်းမှ တားမြစ်ရန်မှာလည်း အခက် မတားမြစ်ပြန်တော့လည်း အခါသမယအားဖြင့် စိုးရိမ်ကြောင့်ကြနေကြရလေသည်။ ဤသို့ကြောင့်ကြမှုသည် ထိုအချိန်ကပင် စတင်ပေါ်ပေါက်ခဲ့လေသည်။ တားရမှာလည်းအခက်၊ ခွင့်ပြုရမှာလည်းအခက်ဖြစ်ချေပေသည်။

"ဟဇရတ်အာသိကဟ်"(ရသွ.)သခင်မသည် အိမ်ထောင်အဆက်ဆက် ပြုခဲ့လေသည်။ ၎င်းအနက်'ဟဇရတ်အုမရ်' (ရသွ.)သခင်၊ ဒုတိယ သမ္မတနှင့်လည်း အကြောင်းပါခဲ့သေး၏။ သခင်မသည် 'ဗလီ၀တ်ကျောင်း'တော်သို့ သွားလေ့ရှိသည်။ 'ဟဇရတ်အုမရ်'သခင်သည် မရှုစိတ်ဖြစ်မိလေသည်။ တပါးသောသူက 'အုမရ်'သခင်သည် သခင်မဤသို့လာခြင်းဖြင့် သဘောမကြည်ဖြစ်နေရှာသည်ဟု ပြောကြားလေသော်၊ သူမကြည်ဖြူလျှင် တားမြစ်ပါစေပေါ့ဟု ဖြေကြားလေတော့သည်။ ဒုတိယသမ္မတကြီး 'ဟဇရတ်အုမရ်'သခင် ကွယ်လွန်အသျှင့် အမိန့်တော်ခံယူသော်၊ 'ဟဇရတ်ဇူဗိုင်းရ်' (ရသွ.) သခင်နှင့် ထိမ်းမြားပြန်သည်။ 'ဇူဗိုင်းရ်'သခင်သည်လည်းနှစ်မြို့တော်မမူလှပေ။ သို့သော်တားလည်း မတား၀န်ချေ။

တညသောအခါ၊'ဟဇရတ်ဇူဗိုင်းရ်' သခင်သည်သခင်မ'အိယှာအ်နမာဇ်' အတွက်သွားမည့်နေရာမှ ထိုင်စောင့်နေလေသည်။ သခင်မအနားသို့ ရောက်လာသောအခါစခြင်း၊ပြောင်လှောင်ခြင်းပြုလေသည်။ခင်ပွန်းဖြစ်သည့်အတွက် တရားတော်က ခွင့်ပြုချက်ရှိသည်။ သို့ငြားလည်း သခင်မမှာ မှောင်အတိကျနေသောကြောင့် မည်သူမည်၀ါဟူ၍ မသိရှာလှပေ။ ထိုနောက် ဗလီ၀တ်ကျောင်းတော်သို့ သွားခြင်းကို အမြဲတမ်းအတွက် စွန့်လွှတ်ပိုက်တော် မူလေသည်။ တချိန်သောအခါ'ဟဇရတ်ဇူဗိုင်းရ်'(ရသွ.)သခင်က ဗလီ ၀တ်ကျောင်းတော်သို့ အဘယ်ကြောင့်မသွားလေသနည်းဟု မသိချင်ဟန်ဆောင်၍မေးမြန်းရာသခင်မက ယခု အချိန်အခါ မကောင်းတော့ဘူးဟု ဖြေကြား ရှာလေတော့လေသတည်း။

## ၇။ ဟဇရတ်အဗ်ဒုလ္လာဟ်အိဗ်နုအုမရ်သခင့်ထံ ခရီးသည် နမာဇ်အကြောင်း ကျမ်းမြတ်ကုရ်အာန်၌ရှိမရှိမေးမြန်းခြင်းအကြောင်း။

'ဟဇရတ်အဗ်ဒုလ္လာဟ်အိဗ်နုအုမရ်' [ရသွ.] သခင်ထံ တပါးသောသူက ကျမ်းမြတ်'ကုရ်အာန်'၌ အိမ်နေသူ၏ နမာဇ်အကြောင်းနှင့် 'ဆလာသေခေါင်းဖ်'၌ကြောက်ရာ၌ ဖတ်သည့် နမာဇ်အကြောင်းပါရှိသည်။ ခရီးသည်နမာဇ်အကြောင်းတော့မပါပါလားဟု မေးမြန်းလျှောက်ထားလှာသော်၊သခင်ကြီးက တူတော်မောင်'အလ္လာဟ်'အသျှင်မြတ်ကကိုယ်တော်မြတ်အား'နဗီ

တမန်တော်အဖြစ်နှင့်စေလွှတ်တော်မူခဲ့သည်။ ကျွန်ုပ်တို့သည်အမှန်တကယ် ပညာနတ္တိ ဉာဏ်မရှိကြပါ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် နဗီတမန်တော်မြတ် (ဝစလ္လမ်)၏ ကျင့်ဆောင်ချက်တွေကိုသာ ရှုကြည့်၍ တွေ့ကြုံသမျှကို ကျင့်ဆောင်ကြပေအံ့ဟု မိန့်ကြားတော်မူလိုက်လေ၏။

[ကြည့်-ယေ့ဖာကျမ်း]

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

၄ ဆိုလိုခြင်းမှာ အရာရာတိုင်း ကျမ်းမြတ်'ကုရ်အာန်'၌ ပွင့်ပွင့်လင်းလင်း ထင်ထင်ပေါ်ပေါ်တွေ့ရှိရန်မလိုကြောင်း၊ကျင့်ဆောင်ရန် 'နဗီ'တမန်တော်မြတ်၏ ကျင့်ဆောင်ခြင်းဖြင့် လုံလောက်သည်ဖြစ်ကြောင်း၊ 'နဗီ'တမန်တော်မြတ်ကိုယ်တိုင်က ငါကိုယ်တော်မြတ်အား ကျမ်းမြတ် 'ကုရ်အာန်' ချီးမြှင့်တော်မူခဲ့သည်။ထိုကျမ်းမြတ်နှင့်ထပ်တူထပ်မျှ အမိန့် ပညပ်ချက် များကိုလည်း ထုတ်ပြန်တော်မူခဲ့သည်။

၅ ကိုယ်တော်မြတ်က အချိန်မကြာမြင့်မီသမယ၌ လူတို့သည် ဝဝစား၍ ထူထပ်လှသည့် မွေ့ရာချောပေါ်ထိုင်၍ စည်းစိမ် ယစ်မူးကာ ကျမ်းမြတ် 'ကုရ်အာန်'ကိုသာ စွဲမြဲစွာ ဆွဲကိုင်ကြလော့။ ထိုကျမ်းမြတ်ရှိ အမိန့် ပညပ်တော်များကိုသာ လိုက်နာကျင့်ဆောင်ကြလော့ဟု ပြောကြားကြပေအံ့ဟု မိန့်ကြားတော်မူလေသည်။

(ကြည့်–အဗူဒါဝူးဒ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဝဝစား၍ဟူသည်ကား ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသူတို့သည် ပစ္စည်း ဂုဏ်မောက်၍ ဤသို့ အယုတ်တမာ အတွေးအဆမျိုးတွေ တွေးဆလေ့ရှိပေသည်။

## ဂ။ အဗ်ဒုလ္လာဟ်အိဗ်နုမဂ်ဖလ်သခင်သည် မိမိတူတော်မောင် ခဇဖ်ခဲပစ်ကစားခြင်းမှ တားမရသဖြင့် စကားအဆက်ဖြတ်ခြင်း အကြောင်း။

'အဗ်ဒုလ္လာဟ်အိဗ်နုမဂ်ဖလ်'(ရသေ့)သခင်တွင် လုလင်ပျို တူတော်မောင်တယောက် ရှိခဲ့လေသည်။ တူတော်မောင်သည် 'ခဖဇ်'ကစားနေသည်ကို မြင်တွေ့ရသောအခါ တူတော်မောင် ဒီကစားမျိုး မကစားနှင့်၊ နဗီတမန်တော်မြတ်(ဝစလ္လမ်)ကငင်းကစားခြင်းဖြင့် မည်သို့မျှအကျိုး မဖြစ်နိုင်ချေ။ တောလိုက်လို့လည်းမရ၊ ရန်သူကိုလည်း အကျိုးယုတ်စေခြင်းငှါ မစွမ်းနိုင်ပေ။

မတော်တဆ တဦးတယောက်၏ မျက်စိထိမှန်သွားလျှင် ဘေးသင့်နိုင်သည်။ သွားကိုမှန်သွားလျှင် ကျိုးစေနိုင်သည်ဟု မိန့်ကြားတော်မူခဲ့သည်ဟု တဆင့် ပြောကြားတော် မူလိုက်လေသည်။

တူမောင်သည် လူငယ်ဖြစ်သည့်အားလျော်စွာ ဘထွေးတော်သတိမေ့လောက်သည့်အခါ ပြန်ကစားလေသည်။ ဘထွေးတော်က ရှုမြင်သောအခါ၊ ငါကမင်းကို 'နဗီ' တမန်တော်မြတ်၏ ဩဝါဒတော်ကို ပြောကြားပါလျက်၊ မင်းကပြန်ကစားနေသေးတယ်။ 'အသျှင့်ကစမ်'မင်းနှင့် ငါစကားမပြောတော့ဘူးဟု ကျိန်ဆိုလိုက်လေ၏။ အခြားဖြစ်အင်တရပ် ထို့ခွဲ လာရှိပေသည်။ အသျှင့်'ကစမ်'မင့် 'ဂျနာဇဟ်'ကိုလည်း မပို့ဘူး။မင်း မကျန်းမာလျှင်လည်း လာရောက်မကြည့်ဘူးဟု ကျိန်တွယ်ပြောကြားတော်မူခဲ့သည်ဟူ၍ ပါရှိသေးသည်ဟူ၏။

(ကြည့်—အိဗ်နုမာဂျဟ်+ဒါရိမီ)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

* ခဇဖ်ဆိုသည်မှာ လက်ပေါ်၌ ခဲလုံးကလေးကို တင်ထား၍ ၎င်းကို လက်ညှိုးဖြင့်ပစ်လိုက်ခြင်းကို ခေါ်သည်။ ထိုအချိန်က ကလေးများ၌ အများအားဖြင့် ဤအကျင့်ဆိုးရှိကြပေသည်။

၎င်းဖြင့် တောလိုက်မုဆိုးလုပ်လို့လည်းမဖြစ်၊ အကြောင်းမညီညွတ်လို့ တဦးတယောက်၏ မျက်စိထိမှန်သွားလျှင် ဒဏ်ရာဖြစ်စေတတ်သည်။ 'ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုမင်ဖလ်' (ရသ္ဆ) သခင်သည် မိမိတူတော်မောင်အား နဗီတမန်တော်မြတ်၏ 'ဟဒီးဆ်' ဩဝါဒတော်ကို ပြောကြားပါလျက်၊ ထိုသူငယ်က ကျူးလွန်ရပါမည်လောဟု မခံမရပ်ဖြစ်နေရှာလေသည်။✓ကျွန်ုပ်တို့သည် နံနက်မှ ညနေအထိ အဘယ်မျှ နဗီတမန်တော်မြတ် (ဝစလ္လမ်)၏ ဩဝါဒ 'ဟဒီးဆ်' တော်တွေကိုကြားနာနေကြသနည်း။ ၎င်းအနက် အဘယ်မျှ လေးလေးစားစား ရှိလေသနည်း။ ကိုယ့်ကိုကိုယ်ချင့်တွေးထောက်ချင့်၍ အဆုံးအဖြတ်ပေးနိုင်ကြပေသည်။

**၉။ ဟဇရသ်ဟာကီးမ်အိမ်ဗ်နုဟိဇာမ်သခင်သည် တောင်းခံခြင်းမှ ရှောင်ကြဉ်ပါမည်ဟု ဂတိပြုခြင်း အကြောင်း။**

"ဟာကီးမ်'အိဗ်နု'ဟိဇာမ်"(ရသ္ဆ)သခင်သည်'ဆဟာဗီ'တပါးဖြစ်လေသည်။ ဤပုဂ္ဂိုလ်ကြီးသည် နဗီတမန်တော်မြတ်(ဝစလ္လမ်) အပါးတော်သို့ ဝင်ရောက်ကာ တောင်းခံလေသည်။

---

၁။ * ယခုခေတ် ကလေးများ ကျောက်ဒိုးကစားခြင်း၊ သားရေကွင်းပစ်ခြင်းနှင့် အလားတူသည်။

* ကိုယ်တော်မြတ်၏ ဆိုလိုခြင်းသဘောမှာ ကြီးပြင်းလာသည့်အခါအသုံးဝင်မည့်ကစားမျိုးသာ နှစ်သက်တော်မူသည်။

နဗဓိတမန်တော်မြတ်က ပေးကမ်းတော်မူလိုက်လေသည်။ နောက်တချိန်၌ အနည်းငယ်တောင်းခံပြန်သည်။ နဗဓိတမန်တော်မြတ် (ဝစလ္လမ်)ကပေးကမ်းတော် မူလိုက်ပြန်သည်။ တတိယအကြိမ်တောင်းခံပြန်သည်။ ကိုယ်တော်မြတ်က ပေးကမ်း ချီးမြှင့်တော်မူ၍ 'အို— ဟာကီးမ်' ဤပစ္စည်းသည် စိမ်းလန်းစိုပြေသည့် ဥယျာဉ်ခြံနှင့်အလားတူသည်။ အမြင်အားဖြင့် အလွန်ချိုဆိမ့်သည်။ သို့သော် ၎င်းကို ထုံးစံဝလေ့ပြုလုပ်ခဲ့သော် ဤသို့တည်း။

အကယ်၍၊ ဤပစ္စည်းသည် ရောင့်ရဲတင်းတိမ်မှုရှိသည့်စိတ်ဓါတ်ဖြင့်ကြုံတွေ့ရလျှင်'ဗရကသ်' မင်္ဂလာဖြစ်စေသည်။ ဤသို့မဟုတ်ဘဲ လောဘသဏ္ဍာရနှင့် ယှဉ်တွဲရသည်ရှိသော်၊ 'ဗရကသ်' မင်္ဂလာဆုတ်ယုတ်ဆိတ်သုဉ်း၍ ရေငတ်ဝမ်းကျရောဂါသည်လို ဖြစ်သွားတတ်သည်။ အခါခပ်သိမ်း စားသုံးနေပါသော်လည်း အားရတင်းတိမ်မှုဟူ၍မရှိ၊ ဝမ်းပိုက်မပြည့်ဘဲဖြစ်နေတတ်သည်'' ဟုမိန့်ကြားတော်မူသည်။

'ဟဇရသ်ဟာကီးမ်'သခင်က၊ ''အို— အသျှင့်တမန်တော်၊ နောင်ကို ကျွန်တော်မျိုးသည် မည်သူ့ကိုမျှ ဒုက္ခမပေးတော့ပါဘူး''ဟုဂတိပြုတော်မူလိုက်လေသည်။ ထိုနောက်ပထမသမ္မတကြီး 'အဗူဗက်ရ်' သခင်သည် လည်းကောင်း၊ ဒုတိယသမ္မတကြီး 'အုမရ်'သခင်သည် လည်းကောင်း မိမိတို့သမ္မတဖြစ်နေစဉ် အကြိမ်ကြိမ် အစ္စလာမ့်ဘဏ္ဍာတော်မှပေးကမ်းလိုကြောင်း ပြောကြားပါသော်လည်း လက်ခံခြင်းမပြုတော့ချေ။

(ကြည့်-ဗုခါရီကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

✓ဤသည်များကြောင့်ပင် ယခုအခါ၌ ကျွန်ုပ်တို့၏ ဥစ္စာပစ္စည်းများ၌ 'ဗရကသ်'မင်္ဂလာမရှိဖြစ်နေပေသည်။ အကြောင်းမှာမူကား လေးဖက်လေးရံမှ လောဘသဏ္ဍာရများဖြင့်ဝိုင်းရံလျက်ရှိနေပေသည်။

**၁၀။ ဟဇရသ်ဟိုဇိုင်ဖဟ်သခင် သူလျှိုအဖြစ်သွားရောက်ထောက်လှမ်းခြင်းအကြောင်း။**

'ဟဇရသ်ဟိုဇိုင်ဖဟ်'(ရသွေ့)သခင် မိန့်တော်မူခဲ့သည်မှာ၊ ခန်ဒက်=ကျုံးကြီးတိုက်ပွဲ၌ ကျွန်ုပ်အဖို့ တဖက်မှ 'မက္ကဟ်'ရှိ 'ကာဖိရ်'အပေါင်းတို့နှင့် ၎င်းတို့၏ ဘက်တော်သား 'ကာဖိရ်' အမြောက်အမြားတို့သည် ကျွန်ုပ်တို့အား တိုက်ခိုက်ရန် စစ်ရေးတပြင်ပြင်ဖြစ်နေကြသည်။

အခြားတဖက်မှ 'ယဟူဒီဗနူးကိုရိုက်ဇဟ်'အနွယ်ဝင်တို့သည် ကျွန်ုပ်တို့အားရန်မူနေကြလေသည်။ ယင်းတို့သည် 'မဒီနဟ်မြို့'တော်၌ လစ်လပ်မှုကို တွေ့ရသော်၊ ဝင်ရောက်၍ ထို၌ရှိနေကြ

သည့် ကလေးများ၊ အမျိုးသမီးများကို သုတ်သင်သွားမည်ကိုလည်း စိုးရိမ်ကြောင့်ကြ နေရပေသည်။ ကျွန်ုပ်တို့သည် 'မဒီနဟ်မြို့'တော်မှထွက်ခွါ၍ စစ်ရေးစစ်ရာလည်း ပြနေကြရသည်။

'မူနာဖိက်'ဘာသာရေး အရေခြုံတို့သည် အိမ်၌မည်သူမျှမရှိဟု အကြောင်းပြ၍ ပြန်သွားခွင့်တောင်းခံကြလေသည်။ နဗီတမန်တော်မြတ်(ဝစလ္လမ်)သည် ခွင့်တောင်းခံသူအားလုံးကို ခွင့်ပြုတော်မူလိုက်လေသည်။

ထိုသို့သောအချိန်၌ ညကညတွင် လေပြင်းမုန်တိုင်းကြီး တိုက်ခတ်လာသည်။ ဤသို့သောမုန်တိုင်းသည် ယခင်လည်းတခါဘူးမျှမကြုံခဲ့ဘူးပါ။ နောင်ကိုလည်းမဖြစ်ခဲ့ပါချေ။ အမှောင်မှာလည်း တယောက်နှင့်တယောက်တော့ထားဘိဦး၊ မိမိလက်ကိုပင်မမြင်နိုင်သည်အထိ ဖြစ်နေပါသည်။လေ၏အရှိန်မှာလည်း အလွန်ပြင်းထန်၍ မိုးချုန်းသံကဲ့သို့မြည်ဟီးနေသည်။ 'မုနာဖိက်' သာသနာရေး အရေခြုံ'မွတ်စ်လင်မ်'တို့သည် မိမိအိမ်သို့ပြန်နေကြပါသည်။

ကျွန်ုပ်တို့အားလုံး သုံးရာခန့် 'မွတ်စ်လင်မ်'အပေါင်းတို့သည်သာ ရှိနေကြပါတော့သည်။ နဗီတမန်တော်မြတ် (ဝစလ္လမ်)သည် တယောက်စီ တယောက်စီလိုက်၍ စစ်ဆေးမေးမြန်းတော်မူနေပါသည်။ ထိုအမှောင်ထု၌ပင် အရပ်လေးမျက်နှာသို့လည်း စူးစမ်းလျက်ရှိနေပေသည်။ ထိုသို့ပင် ကျွန်ုပ်အနားသို့ နဗီတမန်တော်မြတ်(ဝစလ္လမ်)ရောက်ရှိလာပါသည်။ ကျွန်ုပ်မှာရန်သူကိုကာကွယ်ရန်ဟူ၍လည်း လက်နက်မရှိပါ၊ အအေးဒဏ်မှ ကာကွယ်ရန်ဟူ၍လည်း အနွေးထည်မရှိပါ။ စောင်ပိုင်းလေးတထည်မှာလည်း ကျွန်ုပ်ပိုင်မဟုတ်ပဲ၊ ကျွန်ုပ်၏ဇနီးပိုင် ဖြစ်ပါသည်။ ခြုံလိုက်သည့်အခါ ဒူးအထိသာ ရောက်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်မှာ ပဆစ်တုပ်ကလေး ထိုင်နေရပါသည်။

ကိုယ်တော်မြတ် (ဝစလ္လမ်)က ဘယ်သူလဲဟုမေးမြန်းတော်မူရာ၊ ကျွန်ုပ်က 'ဟိုဇိုင်ဖဟ်'ဟု အဖြေသာပေးလိုက်ပါသည်။ အေးချမ်းလွန်းသဖြင့် ချက်ခြင်းမထနိုင်သေးပါ။ ရှက်လည်းရှက်လှသဖြင့် မြေပြင်နှင့်ကပ်ဝပ်နေလိုက်ပါသည်။

ကိုယ်တော်မြတ် (ဝစလ္လမ်)က ထရပ်စမ်း၊ ရန်သူများထံသွား၍ ထောက်လှမ်းလာစမ်းဟု အမိန့်ရှိလာပါသည်။ ထိုအချိန်၌ ကျွန်ုပ်သည် ကြောက်သည် ရွံသည် အေးချမ်းသည့်အတွက်မရှုမလှဖြစ်နေရပါသည်။ သို့သော် အမိန့်တော်ကိုနာခံ၍ ချက်ခြင်းမတ်မတ်ရပ် ထွက်သွားပါသည်။ ထိုအခါ နဗီတမန်တော်(ဝစလ္လမ်)က–

اَللّٰهُمَّ احْفَظْهُ مِنْ بَيْنِ يَدَيْهِ وَمِنْ
خَلْفِهِ وَعَنْ يَمِيْنِهِ وَعَنْ شِمَالِهِ وَمِنْ
فَوْقِهِ وَمِنْ تَحْتِهِ،

အဓိပ္ပါယ်။ ။အို– အလ္လာဟ်အသျှင်၊ အသျှင်မြတ်သည် ဤသူအားရှေ့မှသော်လည်းကောင်း၊ နောက်မှသော်လည်းကောင်း၊ ဝဲယာဖက်မှသော် လည်းကောင်း၊ အပေါ်ဖက်မှသော် လည်းကောင်း၊ အောက်ဖက်မှသော်လည်းကောင်း စောင့်ရှောက်တော်မူပါဟု ဆုတောင်းခံလေသည်။

'ဟဇရည်ဟိုဇိုင်ဖဟ်'(ရသွေ့) သခင်အမိန့်ရှိသည်မှာ၊ နဗီတမန်တော်မြတ် (ဝစလ္လမ်) 'ဒုအာ'ဆုတောင်းလိုက်သောအခါ (မိမိမှာခံစားချက် ထူးခြားလာသည်) စိုးရိမ် ကြောင့်ကျမှု၊ ကြောက်ရွံ့မှုတို့သည် လုံးဝပျောက်ကွယ်သွားရုံတွင်မက ခြေလှမ်း တလှမ်းလှမ်း၌ ကျွန်ုပ်သည် အပူဓါတ်ရှိရာသို့ရှေ့ရှုသွားလာနေသည်နှင့် အလားတူသည်။

နဗီတမန်တော်မြတ် (ဝစလ္လမ်)က မိမိထွက်ခွါလာနေစဉ်၊ဘာမျှမလုပ်နှင့်ငြင်ငြင်သာသာ ထောက်လှမ်း၍ပြန်ခဲ့ဟု မှာကြားတော်မူလိုက်သေးသည်။ ကျွန်ုပ် ရောက်သွားသော်၊ ရန်သူတို့သည် မီးဖိုများဖိုကြ၍ မီးလှုံနေကြသည်ကို တွေ့မြင်ရသည်။

တယောက်သောသူသည် လက်ကိုမီးကင်၍ အပူဓါတ်ယူကာ ခါးပေါ်သို့ ပွတ်သပ်နေသည်။ အဖက်ဖက်မှ'ပြန်ကြစို့– ပြန်ကြစို့'ဟူသည့် အသံများသည် ပဲ့တင်ထပ်နေလေသည်။ ခေါင်းဆောင်ကွပ်ကဲသူတိုင်းသည် မိမိနောက်လိုက်တို့အား 'ပြန်ကြစို့'ဟေ့ဟု အသံပေးကြွေးကြော်နေကြသည်။ လေပြင်းမုန်တိုင်းကြောင့် ခဲ၊ ဒုတ် စသည်တို့သည် လူတို့၏ ယာယီရွက်ထည်တဲများအပေါ်သို့ မိုးရွာချသည့်အလား ခဲမိုးရွာချနေလေသည်။ (ယင်းယာယီ ရွက်ထည်တဲများကို)ချည်ထားသည့်ကြိုးများသည်လည်းပြတ်သတ်ကုန်လေသည်။ မြင်း၊ ကုလားအုတ်စသည် တိရစ္ဆာန်များမှာလည်း သေကြေပျက်စီးကြလေသည်။

'အဗူစုဖ်ယာန်'သည် ထိုအခါက တဖွဲ့လုံး၏ ခေါင်းဆောင်အဖြစ်နှင့် ကွပ်ကဲလာသူ ဖြစ်သည်(ဝါ) [ဗိုလ်ချုပ်ကြီးဖြစ်သူသည်လည်း]မီးလှုံနေလေသည်။ ကျွန်ုပ်က အခွင့်သင့်တယ် ကိစ္စတန်းပြီးမှ သွားရမည်ဟုရည်ရွယ်ခါ မြားကျည်တောက်မှ မြားကိုထုတ်ယူ၍ ဒူးလေးပေါ်တင်လိုက်သည်။ ပစ်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်သောအခါ၊ နဗီတမန်တော်၏ အမှာစကားကို ပြေးသတိရမိသည်။

'ဘာမျှမလုပ်နှင့် အေးအေးဆေးဆေးပြန်လာခဲ့'။ ထို့ကြောင့်ကျွန်ုပ်သည်မြွားကိုကျည်ထဲသို့ပြန်ထည့်လိုက်သည်။ 'အဗူဗွဖ်ယာန်'သည် အသင်တို့အနက် သူလျှိုရှိသလားဟု စိုးရိမ်တကြီးမေးစမ်းလိုက်လေသည်။ ထိုအခါ အားလုံးတို့သည် မိမိနီးရာရှိသူ၏လက်ကို ဆွဲကိုင်လိုက်ကြလေသည်။ ကျွန်ုပ်သည်လည်း တယောက်၏လက်ကိုဆွဲကိုင်လိုက်သော်၊ ထိုသူက မင်းဘယ်သူလဲဟု မေးလာသည်။ ကျွန်ုပ်က 'စွဗ်ဟာနလ္လာဟ်' မင်း ငါ့ကိုမသိဘူးလား၊ ငါဘယ်ကက္ကာဟု ဖြေလိုက်သည်။

ထိုနေရာမှ ကျွန်ုပ် ပြန်လာသော အခါ၊ လမ်းတဝက်ခန့်တွင် လူနှစ်ဆယ်ခန့် တို့သည် ဦးပေါင်းများရစ်ပေါင်းလျက် အစီးအနင်းများစီးကြ၍ ကျွန်ုပ်နှင့် တွေ့ဆုံရပါသည်။ ထိုပုဂ္ဂိုလ်တို့က ကျွန်ုပ်အား မိမိသခင်အား 'အလ္လာဟ်'အသျှင်မြတ်က ရန်သူများအတွက် စီစဉ်ပြီးကြောင်း၊ စိုးရိမ်ခြင်းမထားနှင့်ဟု မှာကြားကြလေသည်။

ကျွန်ုပ်ပြန်လည်ရောက်ရှိလာသောအခါ၊ နဗီတမန်တော်မြတ်သည် ခြုံထည်အသေးစားကလေးခြုံကာ နမာဇ်ဝတ်ပြုတော်မူနေလေသည်။ ဤသည်မှာ နဗီတမန်တော်မြတ်၏ ရည်မွန်လှသည့် စာရိတ္တတော်ပင်တည်း။ စိုးရိမ်စရာ အကြောင်းတစုံတရာနှင့် ဆုံဆည်းရလျှင် နမာဇ်ဝတ်ပြုတော်မူလေ့ရှိသည်။ နမာဇ်မှ 'စလာမ်'လှည့်ပြီးဆုံးသွားသောအခါ ကျွန်ုပ်သည်တွေ့မြင်သမျှအားလုံး ကုန်စင်အောင် လျှောက်ထား တင်ဆက်လိုက်ပါသည်။ နဗီ တမန်တော်မြတ် (ဝစလ္လမ်)သည် နားဆင်တော်မူ၍ သွားပေါ်အောင် ပြုံးရယ်တော်မူလေ၏။ (ထိုနောက်)ကိုယ်တော်မြတ် (ဝစလ္လမ်)သည် ကျွန်ုပ်အား ခြေတော်ရင်း၌ ဝင်ရောက် ခစားစေတော်မူ၍ မိမိခြုံထည်၏တစကို ကျွန်ုပ်ကိုယ်ပေါ်သို့ အုပ်လေတော်မူ၏။ ကျွန်ုပ်သည် မိမိရင်ကို ကိုယ်တော်မြတ်၏ ခြေဖဝါးနှင့်ကပ်ပေးလိုက်ပါသည်ဟူ၏။

(ကြည့်–ဒုရ်ရေမန်ဆူရ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤသို့သောအခွင့်အရေးသည် ထိုသို့သောပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့အဖို့သာဖြစ်ချေသည်။ ထိုသို့သောသူတို့အဖို့သာ သင့်မြတ်လှပေသည်။ ဘေးဒုက္ခအပေါင်းမှာ လေးဖက်လေးတန်မှ ဝိုင်းရံနေပါသော်လည်း မဆုတ်မနစ်သောလုံ့လဝီရိယနှင့် အပြုံးမပျက်ပဲ ထမ်းဆောင်ခဲ့ကြသည်။ ကိုယ်တော်မြတ်၏အမိန့်ပညပ်တော်ကို ဦးလည်မသုံ ထမ်းဆောင်ခဲ့ကြသည်။ ကိုယ်တော်မြတ်၏ အမိန့်တော်ကို အသက်စည်းစိမ်၊ ဇီဝိန်ကိုပင်ပမာနမထားပဲ ဦးလည်မသုံထမ်းဆောင်ခဲ့ကြသည်မဟုတ်ပါလော။ အနန္တတန်ခိုးတော်အသျှင် 'အလ္လာဟ်' အသျှင်မြတ်သည် ကျွန်တော်မျိုးအဖို့ မထိုက်သင့် မထိုက်တန်ပါသော်လည်း၊ ကျွန်တော်မျိုးအား ထိုသို့သောပုဂ္ဂိုလ်တို့၏ နောက်လိုက်ခြေရာကို တစို့တစမျှပင်ဖြစ်စေ လိုက်နာနိုင်သည့်ပုဂ္ဂိုလ်အဖြစ် ချီးမြှင့်တော်မူပါ အသျှင်မြတ် (အာမီန်း)။ ထိုသို့ချီးမြှင့်ခဲ့ခြင်းသည် မွန်ရည်လှသည့် ဖူးစာပင်တည်း။

# အခန်း (၁၀)

## အမျိုးသမီးများ သာသနာရေးစိတ်ဓာတ် တက်ကြွမှုများ အကြောင်း

✓အမှန်တရားသည် ဤသို့တည်း။ အကယ်၍ အမျိုးသမီးများ၌ သာသနာရေးစိတ်ဓါတ် တက်တက်ကြွကြွရှိခြင်း၊ ကောင်းမှုကုသိုလ် သုစရိုက်မှုများကို ကျင့်ဆောင်ရာ၌ တက်တက်ကြွကြွ ဖြစ်လာခဲ့သော်၊ ၎င်းတို့၏ ရင်သွေးသည်းချာသားသမီးများ၌လည်း တစိမ့်စိမ့်စိမ့်ဝင်ကိန်းအောင်း လာမည်မှာ မချွတ်ကေန်အမှန်ပင် ဖြစ်ချေသည်။ ဤသည်နှင့်ဗီလာဆန့်ကျင်စွာ ကျွန်ုပ်တို့ခေတ် ကာလ၌ သားသမီးရင်သွေးသည်းချာတို့သည် သာသနာရေး၌ လေးလေးစားစားမရှိပေး မိမိကလေးများကို ဤသို့သော ပတ်ဝန်းကျင်၌ ထားလေ့ရှိကြသည်။ယင်းသို့ဖြင့် အနည်းဆုံး၊ သာသနာရေး၌ အာရုံစူးစိုက်မှုမှာ ပေါ့လျော့လာတတ်ပေသည်။ ဤသို့သော ပတ်ဝန်းကျင်၌ ကလေးသူငယ်များ ကြီးထွားလာသည်ရှိသော်၊ ပေါ်ပေါက်လာမည့် အကျိုးအပြစ်မှာမူ အထူး ဖေါ်ပြစရာပင် လိုတော့မည် မဟုတ်ပေ။

### ၁။✓ဟာဇရတ်ဖါသွေမဟ်သခင်မ၏ သပ်စဗိးဟ်

'ဟာဇရတ်အလီ' သခင်သည် မိမိတပည့်သားချင်းတဦးအား ငါသည်သင့်အား မိမိ အကြောင်းနှင့် 'နဗီ'တမန်တော်မြတ်၏ အချစ်ဆုံးသမီးတော် 'ဖါသွေမဟ်' သခင်မအကြောင်း ပြောကြားမည်ဟု ဆိုလှာရာ၊ တပည့်ဖြစ်သူက ဆက်ဆက်အမိန့်ရှိတော်မူပါဟု လျှောက်ထား လေသည်။

'ဟာဇရတ်အလီ'သခင်က သူမသည် ကိုယ်တိုင် မိမိလက်ဖြင့် ဂျုံကြိတ်လှည့်လေ့ရှိသည်။ ထို့ကြောင့်လက်များ၌ ကျွဲပုခုံးထလာသည်။ ကိုယ်တိုင်ကိုယ်ကျ ရေအိတ်ဖြင့် ရေဆွဲလေ့ရှိ သည်။ ထို့ကြောင့် ရွှေရင်တော်တွင် ကြိုးရာများအတိုင်းသား ထင်နေလေ့ရှိသည်။ အိမ်၌ လည်း တံမျက်စည်းကိုယ်တိုင်လှည်းလေ့ရှိသည်။ ထို့ကြောင့်ရှိသမျှ ဝတ်ဇည်များမှာ ညစ်ပေ နေလေ့ရှိသည်။

တရံရောအခါ'နဗီ'တမန်တော်မြတ်ထံတော်အပါးသို့ ကျွန်ယောကျ်ား၊ ကျွန်မိန်းမများ ရောက်ရှိလာလေသည်။ ကျွန်ုပ်က 'ဖါသွေ့မဟ်'အား၊ မင်းလည်းတမန်တော့်ထံသွား၍ ကျွန် အကျိုးဆောင်တယောက်တောင်းခံလော့၊ သို့မှသင့်အတွက် အကူအညီအထောက်အပံ့ရပေအံ့ ဟု ပြောကြားလိုက်သောအခါ၊ 'ဖါသွေ့မဟ်'သခင်မသည် 'နဗီ'တမန်တော်မြတ်အပါးတော် သို့ သွားရောက်လေသည်။ ထို၌လူများရှိနေသဖြင့်၊ အရှက်ကြီးသူပီပီ တပါးသူများရှေ့မှောက်၌ ဖခင်ထံတောင်းခံရမည်ကိုပင် ရှက်လှသောကြောင့် ဘာမျှဖွင့်ဟပြောခြင်း မပြုပဲ ပြန်လာ လိုက်လေသည်။

နောက်တနေ့ နဗီတမန်တော်မြတ်ကိုယ်တိုင်ကြွရောက်လာတော်မူသည်။ ကိုယ်တော်မြတ် က "ချစ်သမီးယမန်နေ့က ဘာကိစ္စလာရောက်ခဲ့သနည်းဟု မေးမြန်းတော်မူသည်။'ဖါသွေ့မဟ်' သခင်မသည် ရှက်လှသဖြင့် အဖြေမပေးပဲ ဆိတ်ဆိတ်သာနေလေသည်။

(ထိုအခါ) ကျွန်ုပ်က ကြားဝင်၍၊ အို–အသျှင့်တမန်တော်၊ သူမသည် ဂျုံကြိတ်ဆုံလှည့် ရသဖြင့် လက်များတွင် ကျွဲပုခုံးထနေပါသည်။ ရေအိတ်ဆွဲပိုးရသဖြင့် ရွှေရင်မှာ ကြိုးရာများပင် ထင်နေရပါသည်။ အခါခပ်သိမ်း အလုပ်နှင့်လက်နှင့်မပြတ်လုပ်ရသဖြင့် အမြဲတစေအဝတ်အထည် များမှာ မည်းညစ်ပေနေပါသည်။ (ထို့ကြောင့်) ကျွန်တော်မျိုးက သူမအား ယမန်နေ့က ကိုယ်တော်မြတ်ထံ၌ ကျွန်အကျိုးဆောင်များရောက်နေသည်၊ သွားရောက်တောင်းခံလော့ဟု စေလွှတ်လိုက်ပါကြောင်း၊ ထိုကြောင့် သူမသည် ကိုယ်တော်မြတ်ထံပါးဆီသို့ လာရောက်ခြင်း ဖြစ်ပါသည်ဟု လျှောက်တင်လိုက်ပါသည်။

✓အချို့အဆိုများအရ၊ "ဟဇရသ်ဖါသွေ့မဟ်" သခင်မကိုယ်တိုင်က၊ အို–အသျှင်တမန် တော်၊ကျွန်တော်မျိုးမတို့နှစ်ယောက်မှာ အိပ်ရာတခုသာရှိပါသည်။ငင်းမှာလည်း သိုးသားရေချပ် တချပ်ဖြစ်ပါသည်။ ညကိုခင်းအိပ်၍ နေ့မှကုလားအုတ်စာထည့်ကြွေးနေပါသည်ဟု လျှောက် ထားလေသည်။ 'နဗီ' တမန်တော်မြတ်က၊ အို–ချစ်သမီး၊ သင်မသည် သည်းခံလော့၊ 'ဟဇရသ်မူစာ'တို့ ဇနီးမောင်နှံမှာ ဆယ်နှစ်အထိ အိပ်ရာတခုသာရှိခဲ့သည်။

✓ ငင်းမှာလည်း 'မူစာ'သခင်၏ ဂွမ်းကပ်ခြုံထည်ဖြစ်ခဲ့လေသည်။ ငင်းကို ညအခါ ခင်းအိပ် လေ့ရှိခဲ့လေသည်။ သမီးတော်သည် 'သတ်က္ကဝါ'သာသနာရေး၌ လေးစားမှုကို ရယူလော့၊ 'အလ္လာဟ်'အသျှင့်အား ရှိုကြောက်လော့၊ မိမိအား ဖန်ဆင်းတော်မူသော အသျှင့်တာဝန် 'ဖရပ်ဇ်'များကို ကျေပွန်စွာ ထမ်းဆောင်လော့၊ အိမ်တွင်းအလုပ်တာဝန်များကို ထမ်းဆောင်

လော့၊ အိပ်ရာဝင်သည့်အခါ سُبْحَانَ اللهِ စုဗ်ဟာနလ္လာဟ်(၃၃)ကြိမ်၊ اَلْحَمْدُ لِلّٰهِ

အလ်ဟမ်ဒုလစ်လ္လာဟ် (၃၃)ကြိမ်နှင့် ٱللّٰهُ أَكْبَرُ၊ အလ္လာဟု အက္ကဗရ် (၃၄) ကြိမ် ဖတ်လေလော့။ ဤသည် ကျွန်အကျိုးဆောင်ထက် ပို၍ကောင်းလှပေသည်ဟု မိန့်ကြားတော်မူ၏။ "ဟာဇရတ်ဖါသွေမဟ်"သခင်မက ကျွန်တော်မျိုးမသည် 'အလ္လာဟ်' အသျှင့် တမန်တော် နှင့် အသျှင့်သဘောကျဖြစ်ပါရမည်ဟု လျှောက်ထားပြန်ကြားလိုက်လေသည်။

(ကြည့်–အဗူဒါဝူးဒ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။ ။**

ကျွန်တော်မျိုးမအဖို့အသျှင်နှင့်အသျှင့်တမန်တော် သဘောတော်အတိုင်း ဖြစ်ပါမည်ဟူ၏။ ဤသည်နှစ်ဘဝ သခင်ကျေးဇူးရှင် တမန်တော် 'မုဟမ္မဒ်' (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သခင်၏ အချစ်ဆုံးသမီးတော်၏ ဘဝပင်တည်း။ ယခုခေတ် ကျွန်ုပ်တို့၌ ငွေကြေးအတော်အတန်ရှိလာလျှင် အိမ်ရှင်မသည် အိမ်တွင်းအလုပ်ကိုမူ ထားဘိဦး၊ မိမိအလုပ်ကိုပင် မလုပ်နိုင်တော့ချေ။ အိမ်သာဝင်ရာ၌ပင် အစေခံမက 'လိုတာအိုး'ထဲ ရေဖြည့်ပေးရသည်။

ဤအကြောင်း၌ ဖေါ်ပြရာတွင် အိပ်ချိန်၌သာဖတ်ရမည်ဟု ပါလာလေသည်။ အခြား 'ဟဒီးဆ်'တော်များ၌ နမာဇ်များအပြီးတွင် (၃၃)ခေါက်စီ၊ အထက်ပါ ဂုဏ်ပုဒ်များကိုစိပ်၍ တခေါက်—

لَا إِلٰهَ إِلَّا ٱللّٰهُ وَحْدَهُ لَا شَرِيكَ لَهُ
لَهُ ٱلْمُلْكُ وَلَهُ ٱلْحَمْدُ وَهُوَ عَلَىٰ كُلِّ
شَيْءٍ قَدِيرٌ،

ကိုလည်းဖတ်ပါဟု လာရှိသည်။

**အဓိပ္ပါယ်။** ။'အလ္လာဟ်'အသျှင်မြတ်မှတပါး အခြား 'ခဝပ်' ကိုးကွယ်ထိုက်သောအသျှင် ဟူ၍ အလျှင်းမရှိ၊ ထိုအသျှင်သည် တဆူတည်းရှိတော်မူသည်။ ထိုအသျှင်နှင့် ဂုဏ်ရည်တူဟူ၍အလျှင်းမရှိ၊ စိုးပိုင်ခြင်း အပေါင်းနှင့် ချီးကျူးခြင်း အပေါင်းတို့သည် ထိုအသျှင့်အဖို့သာဖြစ်သည်။ ထိုအသျှင်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်ဖြစ်တော်မူသည်။

## ၂။ ဟဇရဟ်အာအိယှဟ် (ရသေ့) သခင်မ၏ 'ဆဒ္ဒကဟ်' ဓမ္မဒါနအကြောင်း။

'ဟဇရသ်အာအိယှဟ်' သခင်မထံ ဂုံနီအိတ်နှစ်လုံးအပြည့် * 'ဒိရ်ဟမ်' ငွေသားများ ရောက်ရှိလာလေသည်။ 'ဒိရ်ဟမ်'ပေါင်း တသိန်းကျော်သည်။ 'အာအိယှဟ်' သခင်မသည် လင်ပန်းငှားယူ၍ ရင်း၌ဖြည့်ထားကာ ဝေငှပေးကမ်း လှူဒါန်းနေလေသည်။ နေမကုန်မီ အကုန်အစင်လှူဒါန်းလိုက်၏။ 'ဒိရ်ဟမ်'တပြားမျှ ချန်မထားတော့ပေ။ သခင်မသည် 'ရိုဇဟ်' ဥပုသ်စောင့်ထိန်းနေရှာလေသည်။ ဝါဖြေချိန်၌ မိမိအစေတော် အကျိုးဆောင်မအား ရှိရာယူခဲ့လော့။ ဝါဖြေရအောင်ဟုပြောကြားသော်၊ အကျိုးဆောင်မသည် မုန့်တချပ်နှင့် သံလွင်ဆီကို ယူလာဆက်သလေသည်။ ထိုနောက်သူမက တ'ဒိရ်ဟမ်'ဘိုးခန့် အသားဝယ်လိုက်ရလျှင် ယနေ့ ကျမတို့ ဝါဖြေရာ၌ အသားနှင့်ဖြေကြရပေအံ့ဟု လျှောက်ထားသော်၊ သခင်မက ယခုမှပြစ်တင် နေလို့ အပိုပေါ့၊ ထိုအချိန်က သတိပေးလျှင် မှာလိုက်သားဟု ပြန်ကြားတော်မူသည်။

(ကြည့်–သဇ်ကရဟ်ကျမ်း)

## သိမှတ်ဖွယ်ရာအဖြာဖြာ။

'ဟဇရသ်အာအိယှဟ်' သခင်မထံ၌ဤနည်းတူစွာလက်ဆောင်တော်များ 'အမီးရ်မုအာဝီယဟ်' ထံမှလည်းကောင်း၊ 'ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုဇူဗိုင်းရ်' ထံမှလည်းကောင်း၊ ထိုနည်းတူစွာ အခြားသော ပုဂ္ဂိုလ်တို့ထံမှ လည်းကောင်း ရောက်လေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော်၊ ထိုခေတ်ထိုအခါက အောင်လံတလူလူနှင့် အောင်ပန်းဆွတ်ခူးချိန်ပင်တည်း။ အိမ်ယာအဆောက်အဦများ၌ အပင်များ၊ အသီးများ သီးနေဘိ အလား၊ ရွှေဒင်္ဂါးများ တောင်လိုပုံနေချိန် ခေတ်ကာလဖြစ်ခဲ့သည်။ ထိုသို့ပင် ဖြစ်လင့်ကစား မိမိဘဝကို သာမန်ဘဝဖြင့်သာ ကုန်ဆုံးစေခဲ့လေသည်။ မိမိဝါဖြေချိန်ကျမှ အကျိုးဆောင် ကျွန်မက သတိပေးရသည်အထိ ဖြစ်ခဲ့၏။ ရသမျှအကုန်အစင် ငွေသား နှစ်သောင်းငါးထောင် ဝေငှလိုက်၏။ မိမိမှာဝါဖြေချိန်၌ အသားဖြင့်ဖြေရန်ကိုပင် သတိမရှိဖြစ်နေခဲ့၏။ ယခုခေတ် ကာလ၌၊ ဤအဖြစ်အပျက်မျိုးသည် အလွန်ဝေးလှပေသည်။ အထက်ပါဖြစ်အင်ကိုပင် မှန်မှ မှန်ပါရဲ့လားဟု ယုံမှားနေကြပေလိမ့်မည်။

ထိုအခါထိုခေတ်ကာလက ဘဝကိုသိမြင်နားလည် ထားသူတို့အဖို့၊ ဤဖြစ်အင်ကိုလည်း ကောင်း၊ အခြားကုဋေကုဋာနှင့်ချီ၍ အကြောင်းအရာ အဖြစ်အပျက်များသည် လည်းကောင်း အံ့ဘွယ်ဟူ၍မရှိခဲ့ပေ။

---

* 'ဒိရ်ဟမ်' အာရဗ်သုံးငွေသာ တမျိုး၏ အမည်ဖြစ်သည်။ ကျွန်ုပ်တို့မြန်မာငွေ၏ ၂၅ပြား တန်ဘိုးနှင့် ညီမျှသည်ဟုသိရှိရသည်။

✓ 'ဟာဇရတ်အာအိယ်ဟ်' သခင်မ၏ အခြားဖြစ်အင်များမှာလည်း ဤဖြစ်အင်နှင့် အတော်အတန် နီးစပ်မှုရှိလှပေသည်။ တရံရောအခါ 'ရိဇပ်' စောင့်ထိန်းထား၏။ အိမ်၌မုန့်တချပ်မှအပ အခြားဘာမျှမရှိချေ။ ဖုန်းတောင်းစား တယောက်လာ၍ တောင်းခံသဖြင့်၊ အကျိုးဆောင် ကျွန်မအား ၎င်းမုန့်တချပ်ကိုပေးစေ၏။ ဝါဖြေရန်အိမ်၌ဘာမျှမရှိကြောင်း လျှောက်ထားသော အခါ၊ သခင်မက ကိစ္စမရှိဘူး၊ ၎င်းမုန့်တချပ်ကို ထိုသူ့အား ပေးလိုက်လော့ဟု အမိန့်ရှိလိုက်ရာ သူမကပေးလိုက်လေတော့၏။

(ကြည့်—မုအဿာကျမ်း)

✓ 'အာအိယ်ဟ်' သခင်မသည် အခါတပါး၌ မြွေတကောင်ကို ရိုက်သတ်လိုက်၏။ ညဉ့်အိပ်မက်၌ တယောက်သောသူက သခင်မသည် 'အစ္စလာမ်' သာသနာဝင်တယောက်ကိုရိုက်သတ်လိုက်သည်ဟု ပြောနေသည်ကိုကြားမြင်ရ၏။ သခင်မက အကယ်၍သူသည် 'အစ္စလာမ်'သာသနာဝင်တဦး ဖြစ်ခဲ့သော်၊ 'နဗီ'တမန်တော်မြတ်၏ ကြင်ယာတော်များထံတို့ လာရောက်နှောင့်ရှက်လိမ့်မည်မဟုတ်ဟု ဖြေကြားလိုက်၏။ ထိုသူက သို့ပေမဲ့သူသည်ကွယ်ဝှက်၍ လာရောက်ခြင်းဖြစ်ပေသည်ဟုပြောနေစဉ် လန့်နိုးလာ၏။ ထိုနောက် 'ဒိရ်ဟမ်'သောင်းနှစ်ထောင် (အကြွင်လူတယောက်၏လျှော်ကြေး) ကို * 'ဆဒ္ဒကဟ်' ဒါနပြုတော်မူလိုက်လေသည်။

'အုရ်ဝဟ်' သခင့်အဆို။ ။ကျွန်ုပ်သည် တကြိမ်က 'ဟာဇရတ်အာအိယ်ဟ်' သခင်မကိုယ်တိုင် 'ဒိရ်ဟမ်' ခုနစ်သောင်း ပေးကမ်းလှူဒါန်းနေသည်ကို မြင်တွေ့ရပါသည်။ သခင်မကိုယ်ပေါ်ရှိ အင်္ကျီမှာမူ အဖါအထေးအမြောက်အမြား ရှိနေသည်ဟူ၏။

(ကြည့်-သွဗ်ကာသ်ကျမ်း)

## ၃။✓အဗ်ဒွလ္လာဟ်အိဗ်နုဇ္ဇုဗိုင်းရ် သခင်သည် အာအိယ်ဟ်သခင်မအား ဆဒ္ဒကဟ် ပေးကမ်းခြင်းကို တနည်းနည်းဖြင့် ဟန့်တားမည်ဟု ပြောမိခြင်းအကြောင်း။

'ဟာဇရတ်အဗ်ဒွလ္လာဟ်အိဗ်နုဇ္ဇုဗိုင်းရ်'(ရသွေ့)သခင်သည် 'ဟာဇရတ်အာအိယ်ဟ်'သခင်မ၏ တူတော်မောင်အရင်းဖြစ်ပေသည်။ သခင်မသည် 'အဗ်ဒွလ္လာဟ်'အား အလွန်ချစ်ခင်လေသည်။ သခင်မလက်ပေါ်၌ ကြီးပြင်းလာသူဖြစ်သည်။ 'ဟာဇရတ်အာအိယ်ဟ်' သခင်မ စိတ်စေတနာထက်သန်စွာ မိမိကိုယ်တိုင်ဒုက္ခခံ၍ ရောက်ရှိလာသမျှသော ဥစ္စာပစ္စည်းများကို မချိုးမချန် ပေးကမ်းစွန့်ကြဲမှု တို့ကြောင့်၊ တူတော်မောင်သည် မခံမရပ်နိုင်ဖြစ်ကာ (အတွင်းစိတ်ဓါတ်ပေါက်ကွဲကာ) လက်ကိုတနည်းနည်းဖြင့် ဆွဲထားပါအံ့။ (ဝါ) တားဆီးပါအံ့ဟု နှုတ်လျှာမှ ထွက်သွားခဲ့လေသည်။ ထိုစကားသည် တဆင့်မှတဆင့် 'အာအိယ်ဟ်' သခင်မနားသို့ ပေါက်

---

* 'ဆဒ္ဒကဟ်' ဓမ္မဒါနကိုဆိုသည်။

ကြားလေသော်၊ သခင်မသည် အမျက်တော်ထား၍ ငါ့ကိုတူတော်မောင်က တားဆီးချင်တယ်၊ ပိတ်ပင်ချင်တယ် ဟုတ်လား၊ အာမေဍိတ်သံထွက်လျက် သူနှင့်ငါ စကားမပြောတော့ဘူးဟု 'ကစမ်' ကျိန်ဆိုကာ အမိဋ္ဌာန်ပြုတော်မူလိုက်လေ၏။

'ဟဇရဲ့အဗ်ဒွလ္လာဟ်အိဗ်နုဇ္ဇုဗိုင်းရ်' သခင်သည် မိမိ၏'ခါလာ'မိမိအပေါ် အမျက်ထားရှိသဖြင့်အတိုင်းမသိ ဝမ်းနည်းကြေကွဲဖြစ်မိလေသည်။ လူသူအများနှင့် တောင်းပန်ကျေအေးပါသော်လည်း၊ သခင်မသည် မိမိ'ကစမ်'ကျိန်ဆိုချက်ကို အကြောင်းပြု၍ ပယ်ချတော်မူလေသည်။

မတတ်နိုင်သည့်အဆုံး 'အဗ်ဒွလ္လာဟ်အိဗ်နုဇ္ဇုဗိုင်းရ်' သခင်သည် 'နဗီ' တမန်တော်မြတ်၏ မယ်တော်ဖက်မှ သားချင်းများဖြစ်ကြသည့် ပုဂ္ဂိုလ် ၂-ဦးအား လျှောက်ထားတောင်းပန်ပေးပါရန် တပါတည်းခေါ်ဆောင်သွားလေသည်။ ထိုပုဂ္ဂိုလ် ၂-ဦးတို့သည် ခွင့်ပန်၍ အိမ်သို့ ဝင်သွားကြလေသည်။ 'အဗ်ဒွလ္လာဟ်' သခင်သည် ကွယ်ဝှက်စွာဝင်သွားလေသည်။

✓ထိုပုဂ္ဂိုလ် ၂-ဦးတို့သည် ကန့်လန့်ကာအပြင်မှာ ထိုင်ကြလေသည်။ မယ်တော်မြတ် 'အာအိယှဟ်'သခင်မသည် ကန့်လန့်ကာအတွင်း၌ ထိုင်၍စကားပြောဆွေးနွေးနေစဉ်၊ ရုတ်တရက် တူတော်မောင်သည် အတွင်းသို့ 'ခါလာ' ဆီသို့သွား၍ အတင်းဖက်၍ ငိုကြွေးနေသည်။ ခယ တောင်းပန်နေသည်။ ပါလာသူပုဂ္ဂိုလ် ၂-ဦးမှာလည်း ဝိုင်းဝန်းတောင်းပန်ကြသည်။'အစ္စလာမ်' သာသနာဝင် အချင်းချင်း စကားအဆက်ဖြတ်ခြင်းနှင့် စပ်လျဉ်းသည့် 'နဗီ'တမန်တော်မြတ်၏ ဩဝါဒတော်များကို တွင်တွင်ကြီးသတိပေးနေကြသည်။ စကားအဆက်မဖြတ်ရန်တားမြစ်ချက် ဩဝါဒတော်များကိုလည်း ဖတ်ကြားနေလေသည်။ 'ဟဇရဲ့အာအိယှဟ်' သခင်မသည် 'နဗီ' တမန်တော်မြတ်၏ တားမြစ်ချက်များကိုလည်းကောင်း၊ စကားပြောဖြတ်ထားခြင်းဖြင့် ခံစားရမည့် ပြစ်ဒဏ်သင့်မှုများကိုလည်းကောင်း ကြားသိရသော်၊ သိက္ခာတော်မဆယ်နိုင်တော့ပဲ၊ ဝမ်းပန်းတနည်း ငိုချလိုက်ပါတော့သည်။ နောက်ဆုံးခွင့်လွှတ်ကာ စကားပြောလာပါတော့သည်။

မိမိ'ကစမ်'ကျိန်ဆိုထားမှုကြောင့် ကျွန်တပါးအား သူကောင်းပြုရမည့်အစား၊ သတိရတိုင်းရတိုင်း ကျွန်တပါးတပါးအား သူကောင်းပြုလာသဖြင့်၊ ကျွန်ပေါင်းလေးဆယ်ရှိလာချေပြီ။ သို့တစေလည်း ကျိန်ဆိုမှုချိုးဖေါက်ကြောင်း သတိရလာလျှင် အားပါးတရငိုကြွေးတော်မူသဖြင့်၊ ပုခုံးတင်ပုဝါများမှာ ရွှဲရွှဲစိုလေ့ရှိသည်ဟု လာရှိ၏။

(ကြည့်-ဗုခါရီကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ကျွန်ုပ်တို့သည် နံနက်မှ ညနေအထိ အဘယ်မျှ 'ကစမ်'ကျိန်ဆိုလေ့ရှိကြသနည်း။ထိုသည်တို့ကို အဘယ်မျှ လေးလေးစားစားရှိကြလေသနည်းဟု ထောက်ချင့်၍ အဖြေပေးကြပါစို့။ 'အာအိယှဟ်'သခင်မ ကျိန်ဆိုစဉ်က အနားမှာတဦး

တယောက်မျှ မရှိခဲ့ပါ။ ဘယ်သူမှလည်း မသိကြ၊ သို့ပေမဲ့အကြင်သူတို့၏ နှလုံးသည်းပွတ်ထဲ၌ အသျှင့်ဂုဏ်တော် ကိန်းဝပ်နေ၏။ ထိုသူတို့သည် အသျှင်နှင့် ကတိပြုလိုက်လျှင် မပျက်မကွက် ဆက်ဆက်ဆောင်ရွက်လေ့ရှိကြသည်။ ထိုပုဂ္ဂိုလ်မျိုးအား ကတိပျက်ကွက်လျှင် ကတိဗတည်လျှင်ဘာဖြစ်သလဲ။ စိတ်ထဲ၌မည်သို့ခံစားချက်ဖြစ်သနည်းဟု မေးကြလော့။ ထို့ကြောင့် မယ်တော်မြတ် 'အာအိယှဟ်' သခင်မသည် မိမိအခြင်းအရာကို သတိရတိုင်းရတိုင်း သိမ်းမနိုင်ဆယ်မရလောက်အောင် ငိုကြွေးတော်မူလေ့ရှိသည်။

## ၄။ 'ဟဇရသ်အာအိယှဟ်' သခင်မသည် အလ္လာဟ်အသျှင်မြတ်အား ရှိုကြောက်ခြင်းအကြောင်း။

'ဟဇရသ်' 'အာအိယှတ်'မယ်တော်မြတ် သခင်မအား နှစ်ဘဝသခင်ကျေးဇူးရှင် တမန်တော် 'မုဟမ္မဒ်'(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) သခင်အဘယ်မျှ ချစ်ခင်သည်ကိုမူ မသိရှိကြပေ။ 'နဗီ' တမန်တော်မြတ်အား တဦး တယောက်က ကိုယ်တော်မြတ်၏ အချစ်ဆုံး အခင်ဆုံးသောသူသည် အဘယ်သူနည်းဟုမေးမြန်းသောအခါကိုယ်တော်မြတ်က'အာအိယှဟ်'ဟု ဖြေကြားတော်မူသည်။ "သခင်မသည် ဓမ္မသတ်'ဖဿဝါ'ဟဒီးဆ်"ဩဝါဒတော်များကိုလည်း အထူးကျွမ်းကျင်သဖြင့် အဂ္ဂမဟာသာဝကကြီးတို့သည်ပင် သခင်မထံတော်အပါးသို့ လာရောက်၍ မေးမြန်းကြရလေသည်။

ကောင်းကင်တမန်'ဂျစ်ဗရာအိလ်'(အလိုက်ဟိဆ်ဆလာသုဝတ်စ္စလာမ်)သခင်သည် သခင်မအား အမြဲ'စလာမ်'ဆက်သလေ့ရှိသည်။ 'ဂျန္နသ်'သုခဘုံနန်း၌လည်း 'နဗီ'တမန်တော်၏ ဇနီးကြင်ယာတော်ဖြစ်ကြောင်း သတင်းကောင်းပါးခံရသူဖြစ်သည်။သာသနာရေး အရေခြုံ'မုနာဖိက်'တို့က စွပ်ဆွဲဆိုလှဲပြုလာကြသည့်အခါ၊ အကယ်စင်စစ် သခင်မသည် ခြောက်ပြစ်ကင်းသဲလဲစင်ဖြစ်ကြောင်း ကျမ်းမြတ် 'ကုရ်အာန်'က ထောက်ခံသည်။

မယ်တော်မြတ် 'အာအိယှဟ်'သခင်မကိုယ်တိုင် မိန့်ကြားတော်မူသည်။ (၁၀)ခုသောအကြောင်းထူးသည် မိမိ၌ရှိသလို၊ အခြားကြင်ယာတော်များ၌ မရှိဟု ပြောကြားတော်မူသည်။ ၎င်းကို 'ဟဇရသ်အိဗ်နုစအဒ်'သခင်က အကျယ်တဝင့်ရေးသားဖေါ်ပြတော်မူခဲ့သည်။'ဆဒ္ဒကဟ်' ဓမ္မဒါနနှင့် စပ်လျဉ်း၍ ယခင်အကြောင်းများဖြင့် သိရှိရလေသည်။ သို့ပေမဲ့ဤသို့သော အခြင်းအရာများ ဆောင်လင့်ကစား 'အလ္လာဟ်'အသျှင်မြတ်အား ရှိုကြောက်၍ မိမိသည်သစ်ပင်သာဖြစ်လျှင် အသျှင့်အား တသနေရသော်၊ ကောင်းလေစွ၊ ကျောက်ခဲသာဖြစ်လျှင် ကောင်းလေစွ၊ မြေကြီးခဲသာဖြစ်လျှင် ကောင်းလေစွ၊ လူသားမဖြစ်ရလေလျှင် ကောင်းလေစွ၊ လောကုတ္တရာရေး၌ စစ်ဆေးခြင်းခံရလိမ့်မည် မဟုတ်ဟု ငြီးတွားတော်မူလေ့ရှိ၏။

(ကြည့်–အိဗ်နုစအဒ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

'အလ္လာဟ်'အသျှင်မြတ်အား ကြောက်ငြမ်ကြောက်ကြိမ် ကြောက်ရွံ့ရှိသေမှု၊ ဤသို့သော အကြောင်းအရာသည် အခဏ်း ၂၊ အမှတ်စဉ် ၅နှင့် ၆တို့တွင် ဖတ်ရှုခဲ့ရလေပြီ။ ဤသည်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့၏ ဝိသေသတရပ်ဖြစ်ပေသည်။

**၅။ 'ဟဇရတ်အဗ္ဗမေ့စလ်မဟ်သခင်မ၏ ပထမခင်ပွန်း ဒုအာတောင်းခံခြင်းနှင့်သာသနာရေး ခရီးထွက်ခြင်းအကြောင်း။**

''မယ်တော်မြတ် အဗ္ဗမေ့စလ်မဟ်''သခင်မသည် 'နဗီ'တမန်တော်မြတ်အလျှင်၊ ''ဟဇရတ်အဗူစလ်မဟ်ဆဟာဗီ'' (ရသေ့)နှင့် အိမ်ထောင်ကျခဲ့လေသည်။ အချင်းချင်းအလွန်ချစ်ကြင်မြတ်နိုးကြလေသည်။ အောက်ပါအကြောင်းခြင်းရာကို ထောက်ချင့်၍ မှန်းဆတွေးကြည့်ကြပေလော့။

✓တရံရောအခါ 'အဗ္ဗမေ့စလ်မဟ်'သခင်မသည် (မိမိခင်ပွန်း) 'အဗူစလ်မဟ်' သခင်အား ကျမကြားဘူးထားသည်မှာ အကယ်၍ ဇနီးမောင်နှံ ၂-ဦးစလုံး'ဂျန္နသ်'သုခဘုံနန်း၌ စံမြန်းရန်ရှိသော်၊ ဇနီးသည်သည် ခင်ပွန်းသည် (ကွယ်လွန်ပြီးနောက်) အခြားသူနှင့် အိမ်ထောင်မထူခဲ့သော်၊ ထိုဇနီးသည်သည် 'ဂျန္နသ်'သုခဘုံနန်း၌ ထိုခင်ပွန်းသည်နှင့်ပင် တွေ့ကြုံဆုံစည်းရပေအံ့။ ထိုနည်းတူစွာ အကယ်၍ ခင်ပွန်းသည်သည် အခြားအမျိုးသမီးနှင့် အိမ်ထောင်သစ်မထူခဲ့သော်၊ ယခင်ဇနီးသည်နှင့်သာ ပြန်လည်တွေ့ကြုံဆုံစည်းရပေအံ့ဟု သိရှိထားသည်။ သို့ဖြစ်၍ ကျမတို့ဇနီးမောင်နှံသည် တဦးဦးအလျှင် ကွယ်လွန်သွားခဲ့သော်၊ ကျန်သူသည် အိမ်ထောင်သစ်ထောင်ခြင်းမပြုဟု ကတိသစ္စာခံယူကြစို့ဟု ပြောလှာလေ၏။

'အဗူစလ်မဟ်'သခင်က မိသူဇာရေ၊ ကိုယ်ပြောတာကို လိုက်နာပါမည်လော၊ ဟု မေးစမ်းလေသော်၊'အဗ္ဗမေ့စလ်မဟ်'သခင်မက ကျမရှင့်အကြံပေးချက်ကို လိုက်နာချင်လို့ တိုင်ပင်ဆွေးနွေးတာပေါ့ဟု ဖြေကြားလိုက်လေသည်။ 'အဗူစလ်မဟ်' သခင်က ကိုယ်ကွယ်လွန်သွားပြီးနောက်၊ ရှင်မ နောက်အိမ်ထောင်သစ်ပြုပါလော့၊ ထိုနောက် အို.... 'အလ္လာဟ်' အသျှင်ကျွန်တော်မျိုးနောက် 'အဗ္ဗမေ့စလ်မဟ်' အား အကောင်းဆုံးခင်ပွန်းသည် ချီးမြှင့်တော်မူပါ။ စိတ္တဒုက္ခ၊ခန္ဓဒုက္ခမပေးသူဖြစ်ပါစေသားဟု ပြန်ကြားလျှောက်ထားခဲ့လေသည်။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

အကယ်၍ အမျိုးသမီးသည် အခြားယောကျ်ားနှင့် အိမ်ထောင်ပြုခဲ့သော်၊ ၎င်းနှင့်ပတ်သက်၍ 'ဟဒီးဆ်'တော် ၂-ပါးလာရှိသည်။'ဟဒီးဆ်'တော်တပါး၌ထို

အမျိုးသမီးသည် နောက်လူနှင့်သာဆက်လက်ပေါင်းသင်းရပေအံ့။အခြား'ဟဒီးဆ်' တော်တပါး၌ လာရှိသည်မှာ နှစ်လိုသူနှင့် နေလေလော့ဟု ကိုယ်ပိုင်အဆုံးအဖြတ် သုံးခွင့် ပြုတော်မူအံ့ဟူ၏။ ဤဒုတိယ'ဟဒီးဆ်' ဩဝါဒသည်သာ၍ထင်ပေါ်လှ ပေသည်။တနည်းဤသို့လည်း ဖြစ်နိုင်သေးသည်။ အကြင်အမျိုးသမီး၏ခင်ပွန်း သည်တို့သည် သာတူညီမျှဖြစ်နေခဲ့သော်၊ ပထမ'ဟဒီးဆ်'ဩဝါဒအတိုင်း ဖြစ်စေ ၏။ သူတဦး၌ဇနီးကြင်ယာအဘယ်မျှရရှိကြမည်နည်းဟူသော မေးခွန်းနှင့် စပ် လျဉ်း၍ ဩဝါဒတော် အမျိုးမျိုးရှိလေသည်။

ရှေးဦး'အစ္စလာမ်' သာသနာ ထွန်းကားစအချိန်၌ ဇနီးမောင်နှံ ၂-ဦး တို့သည် 'အီသီယိုပီးယား'ပြည်ဖက်သို့ အတူတကွ သာသနာရေး ခရီးထွက်ခဲ့ကြ လေသည်။ ထိုမှပြန်လာ၍ 'မဒီနဟ်' မြို့တော်ဖက်သို့ တဖန် သာသနာရေးခရီး ထွက်ရပြန်လေသည်။ ၎င်းခရီးစဉ်နှင့်စပ်လျဉ်း၍'အွမ္မေစလ်မဟ်'သခင်မ ကိုယ်တိုင် အကျယ်တဝင့် ထုတ်ဖေါ်တင်ပြပေသည်။

## မဒီနဟ်မြို့တော်သို့သာသနာရေးခရီးထွက်နေထိုင်ခဲ့ခြင်း

'အဗူစလ်မဟ်'သခင်သည် 'ဟိဂျ်ရသ်'သာသနာရေးအတွက် ရွှေ့ပြောင်း နေထိုင်ရန်ရည် ရွယ်၍ မိမိပစ္စည်းများကို ကုလားအုတ်ပေါ်တင်ဆောင်၍ ကျွန်မနှင့် ကလေးငယ်ကိုပါ တက်စီး စေ၏။ ကိုယ်တိုင်မှာ ကုလားအုတ် နှာဖါးကြိုး ဆွဲကိုင်၍ ရှေ့မှဆွဲဆောင် သွားလေသည်။ သို့ရာတွင်ကျမ၏သားချင်းမျိုးနွယ်ဝင်'ဗနုမုဂီရဟ်'တို့မြင်တွေ့ကြသဖြင့်လာရောက်၍'အဗူစလ်မဟ်' အား မင်းကိုယ်မင်းပိုင်တယ်၊ လွတ်လပ်တယ်၊ သွားလိုရာ သွားနိုင်တယ်။ သို့ပေမဲ့ ဒို့သမီးကို မင်းနဲ့ မထည့်လိုက်နိုင်ဘူး၊သူ့ခမျာမှာ မျက်နှာငယ်နှင့် တမြို့ဝင် တမြို့ထွက်ဖြစ်နေလိမ့်မည်။ ဤသို့ပြောပြောဆိုဆိုနှင့် ကုလားအုတ်နှာဖါးကြိုးကို 'အဗူစလ်မဟ်' သခင့်လက်မှ လုယူလိုက်ကြ သည်။ကျမအားလည်း အတင်းအဓမ္မ ပြန်ခေါ်ဆောင်လာခဲ့ကြသည်။

"ဟဇရသ်'အဗူစလ်မဟ်"သခင်၏ ဆွေမျိုးသားချင်း မျိုးနွယ်ဝင်များ ဖြစ်ကြသော 'အဗ်ဒွလ်အစဒ်'တို့သည် ကျမသားချင်း'ဗနုမုဂီရဟ်'တို့နှင့် မချေမငံပြောဆို၍ အချင်းများ ရန် ဖြစ်ကြလေသည်။ဟေ့....မင်းတို့သမီးကိုတော့မင်းတို့သဘောရှိပဲ၊ သို့ပေမဲ့ ဒို့ကလေး 'စလ်မဟ်' ကိုမူ မင်းတို့ထံ အသို့ထားနိုင်အံ့နည်း။ မင်းတို့က ကိုယ့်သမီးကို သူ့ခင်ပွန်းနှင့်ခွဲခဲ့ကြတယ်ဟုပြော ပြောဆိုဆို ကျမကလေး'စလ်မဟ်'ကို သူတို့ လုယူလိုက်ကြလေသည်။

ဤသို့ဖြင့် မယ်တော်မြတ်'အွမ္မေစလ်မဟ်'သခင်မသည် ခင်ပွန်းသည်နှင့်လည်း ကွဲရလေ သည်။ သားနှင့်လည်း ကွဲရပြန်သည်။ သုံးဦးစလုံးမှာတကွဲတပြားစီဖြစ်ကြရလေသည်။အတိုင်းမသိ

ဝမ်းနည်း ကြေကွဲရရှာလေသည်။ ခင်ပွန်းဖြစ်သူသည် 'မဒီနဟ်' မြို့သို့ ရွှေ့ရှသွားလေသည်။ ကျမမှာ မိမိဆွေမျိုး သားချင်းများနှင့် ကျန်ရစ်ရလေသည်။ သားဖြစ်သူသည် ဖခင်ဘက်မှ အမျိုးများဆီသို့ ရောက်သွားလေသည်။

ကျမသည် နေ့စဉ်'အဗ်သွာဟ်'ကွင်းပြင်သို့ ထွက်သွား၍ တနေကုန် ညနေအထိစိတ်ရှိလက်ရှိ အားပါးတရငိုကြွေးလေ့ရှိသည်။ ထိုသို့ဖြင့် တနှစ်တိတိ ကြာညောင်းခဲ့လေသည်။ ကျမမှာ ခင်ပွန်းသည်ထံသို့ မသွားနိုင်၊သားကိုလည်း မရခဲ့ပါ။

တနေ့သော် ကျမ၏မောင်ဝမ်းကွဲတော်စပ်သူသည် 'အဗ်သွာဟ်'ဖက်သို့ ရောက်ရှိလာခဲ့၏။'အွမ္မေစလ်မဟ်'သခင်မငိုကြွေးနေသည်ကို တွေ့မြင်၏။ကိုယ်ချင်းစာကာစိတ်မကောင်း ဖြစ်နေရှာ၏။ထိုမောင် ဝမ်းကွဲသည် အိမ်သို့ပြန်လာပြီးလျှင် အသင်တို့သည် ကရုဏာတရားမထားကြဘူး၊ကိုယ်ချင်းစာနာခြင်းတရားကင်းမဲ့နေကြပြီ၊ သူမအား လိုရာသို့ သွားခွင့်ပြုလိုက်ကြလော့ သူမ၏ရင်သွေးကိုလည်း ပြန်အပ်လိုက်ကြတော့ဟု ကြိမ်းမောင်း ပြောဆိုလေသည်။ ထိုအခါကျမှ ကျမမှာ သွားခွင့်ရပါတော့သည်။ရင်သွေးသားငယ် 'စလ်မဟ်' ကိုလည်းရရှိပါတော့သည်။ အချုပ်အားဖြင့် ကျမ၏မောင် ဝမ်းကွဲတော်သူသည် အားလုံး သဘောကျစေ၏။ မောင်ဝမ်းကွဲက ခွင့်ပြုလိုက်သည်။ အစ်မသွားလိုရာ ခင်ပွန်းထံသွားလော့ဟုပြောလှာသည်။ ထိုသတင်းကိုကြားရသောအခါ'အဗ်ဒွလ်အစဒ်'အနွယ်ဝင်တို့ကလည်းကျမကလေးကို ပြန်လာပေးကြပါသည်။

ကျမသည် ကုလားအုတ်မတကောင်ကို ကကြိုးဆင်၍ ကလေးငယ်အားပွေ့ချီကာကုလားအုတ်စီးလျက်'မဒီနဟ်' မြို့တော်ဖက်သို့ ရွှေ့ရှ ထွက်လာခဲ့ပါသည်။ ၃-၄မိုင်ခန့်ထွက်လာရာ 'သန်အီးန်'အမည်ရှိနေရာ၌"အွတ်ဆ်မာန်'အိဗ်နု'သွလ်ဟာဟ်"နှင့်တွေ့ဆုံကြပါသည်။'အွတ်ဆ်မာန်' က အဖေါ်မပါတဦးတည်း ဘယ်သွားနေသနည်းဟု မေးပါသည်။ကျမကခင်ပွန်းရှိရာ 'မဒီနဟ်' သို့ သွားနေပါသည်ဟု ပြောကြားရာ၊ အဖေါ်တဦးတလေ လိုက်လာသေးသလားဟု တဖန်မေးပါသည်။ကျမက'အလ္လာဟ်'အသျှင်မြတ်မှတပါး အခြားအဖေါ်မရှိကြောင်း ပြန်ဖြေလိုက်သော်၊'အွတ်ဆ်မာန်'သည် ကျမ၏ကုလားအုတ်နှာဖါးကြိုးကိုကိုင်ဆောင်ကာ ရှေ့မှဆွဲငင်ဆောင်ကြဉ်းသွားပါသည်။ အသျှင့်'ကစမ်'ကျမသည် 'အွတ်ဆ်'မာန်'ထက် ရိုးသားမွန်မြတ်သူမတွေ့ကြုံခဲ့ရပါဟု ကျိန်ဆိုပြောကြားလေသည်။

တနေရာ၌ စခန်းချသော်၊ကျမ၏ကုလားအုတ်ကို ဝပ်လှဲစေ၍ ကိုယ်တိုင်မှာ သစ်ပင်တပင်ကို အကာအကွယ်ယူ၍ နေသည်။ (ထိုအခါမှ) ကျမသည် သက်ဆင်းရပါသည်။ နောက်တဖန်ခရီးထွက်လိုသောအခါ ပစ္စည်းပစ္စယများကို တင်ဆောင်၍ ကုလားအုတ်အား ကျမအနားတွင် ဝပ်လှဲစေပါသည်။ ကျမတက်သွားသောအခါ သူသည် ကုလားအုတ်ကြိုးကိုဆွဲ၍ ရှေ့သို့ ခေါ်ဆောင်ကြဉ်းသွားပါသည်။ ထိုသို့ဖြင့်ကျမသည်'မဒီနဟ်'မြို့တော်အနီး 'ကဗါ' သို့ရောက်သော်၊

မင်းခင်ပွန်းသည် ဤရွာ၌ပင် နေထိုင်သည်။ အမှန်ပင်'အဗူစလ်မဟ်'သခင်သည် 'ကဗါ'၌ပင် ရှိနေသည်။'အွတ်ဆ်မာန်'သခင်သည်ကျမအား ထိုသို့ပို့၍'မက္ကဟ်'မြို့တော်သို့ပြန်သွားလေသည်။ တဖန်သခင်မက အသျှင့်'ကစမ်' "အွတ်ဆ်'မာန်'အိဗ်နု'သွလ်ဟဟ်"ကဲ့သို့ ရိုးသားသူ၊ မှန်မြတ်သူကို ကျမ မတွေ့ခဲ့ဘူးပါ။ဤနှစ်တွင် ကျမကဲ့သို့ ဒုက္ခခံရသူသည် ရှာမှရှားလှပေသည်ဟု ငြီးတွား၍ ပြောကြားလေသတည်း။

(ကြည့်-အစဒွလ်ဂါဗဟ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

တယောက်တည်း၊တဦးတည်း 'ဟိဂ်ျရသ်'သာသနာရေး ခရီးထွက်ခြင်းသည် သာမန်'အလ္လာဟ်' အသျှင်မြတ်အား ယုံကြည်ခြင်းကြောင့် မဟုတ်ပေ။ အပြည့်အဝ 'အလ္လာဟ်' အသျှင်မြတ်အား ယုံကြည်သမှုရှိသဖြင့်၊ ထွက်လာရာ 'အလ္လာဟ် အသျှင်မြတ်ကလည်းမိမိအားယုံကြည်ကိုးစားသူအား အကွယ်မှ အကူအညီ ပေးတော်မူခဲ့လေသည်။ အဘယ်ကြောင့်နည်း ဆိုသော်၊ ကျမ်းမြတ်'ကုရ်အာန်'၌ အမိန့်တရပ်ပြုသ ထားတော်မူခဲ့သည်မဟုတ်တုံလော။ အကြင်သူသည် လုံးဝဥဿုံ အသျှင့်အား အပ်နှံခဲ့သော်၊ထိုသူအဖို့ 'အလ္လာဟ်' အသျှင်မြတ်သည် လုံလောက်ပေသည်။ 'ဟိဂ်ျရသ်' သာသနာရေး ခရီးထွက်ခြင်းသည် သားချင်းတဦးတယောက်မျှမလိုက်ပါသော်လည်း တရားတော်က ခွင့်ပြုထားသည်။အဓိကပဓါနမှာ မသွားမဖြစ်သည့် အချော့သို့ဖြစ်ရမည်။ သခင်မ၏ တဦးတည်း။ ဤသို့ထွက်လာရာ၌ တရားတော်အရ စောဒကတက်စရာအကြောင်း အလျှင်းမရှိပေ။

**၆။ အွမ္မေဇီယာဒ်သခင်မနှင့်အပေါင်းပါတို့ ခိုင်ဗရ်တိုက်ပွဲ၌ပါဝင်ဆင်နွှဲခြင်း။**

နှစ်ဘဝသခင် ကျေးဇူးရှင် တမန်တော် မုဟမ္မဒ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) သခင်လက်ထက်တော်၌ 'အစ္စလာမ်' သာသနာဝင် အမျိုးသားတို့သည် သာသနာရေးတိုက်ပွဲများ၌ တက်တက်ကြွကြွပါဝင်ဆင်နွှဲခဲ့ကြသည်။ထိုအကြောင်းကို အတော်များများ ဖေါ်ပြခဲ့ပြီးလေပြီ။ 'အစ္စလာမ်' သာသနာဝင်အမျိုးသမီးတို့သည်လည်း အမြဲတမ်း မျှော်လင့်နေကြပါသည်။ အခွင့်သင့်လာလျှင် ရှေ့တန်းကသော်လည်းကောင်း၊ လက်လှမ်းမှီသမျှကိုလည်းကောင်း၊ ရှုပ်ရှုပ်ချုံချုံ ပါဝင် ဆင်နွှဲလိုကြသည်။

'ဟဇရသ်အွမ္မေဇီယာဒ်' သခင်မအဆို။ ။ 'ခိုင်ဗရ်' တိုက်ပွဲ၌ ကျမတို့အမျိုးသမီး(၆) ယောက်တို့သည် တိုက်ပွဲ၌ပါဝင်ဆင်နွှဲရန် ထွက်ခွါလာကြသည်။ 'နဗီ' တမန်တော်မြတ်သည် အကြောင်းသတင်း ရရှိသဖြင့်၊ကျမတို့အား ခေါ်၍။ တမန်တော်မြတ်၏ ရှေ့မျက်နှာတော်မှာ

ဒေါသဖြစ်နေကြောင်း ပေါ်လွင်နေပါသည်။ ကိုယ်တော်မြတ်က မင်းတို့ဘယ်သူ့ ခွင့်ပြုချက်ဖြင့် လာကြသနည်း။ဘယ်သူနှင့်လာကြသနည်းဟု မေးမြန်းတော်မူပါသည်။ ကျမက အသျှင့်တမန်တော်၊ကျမတို့သည် အနွေးထည်ယက်တတ်ကြပါသည်။တိုက်ပွဲ၌ထိုအရာသည်လိုနေပါသည်ဒဏ်ရာများ၌သုံးသည့် ဆေးဝါးများလည်း ကျမတို့၌ပါလာပါသည်။ ဘာမျှလုပ်စရာအလုပ်မရှိလျှင်၊ ကျမတို့သည် လေးပစ်သူရဲကောင်းတို့အား မြှားကမ်းလှမ်းပေးကြပါမည်။ မကျန်းမာသူတို့အား ဆေးဝါး ကုသပေးပါမည်။ ဂျုံလှော်၊နယ်ပေးခြင်း၊ကျွေးမွေးပြုစုခြင်းများပြုလုပ်ကြပါမည်။ဟု လျှောက်ထားသော်၊ကိုယ်တော်မြတ်က နေခွင့်ပြုတော်မူလိုက်ပါသည်။

(ကြည့်–အဗူဒါဝူးဒ်ကျမ်း)

**သိမှတ်ဖွယ်ရာအပြာပြာ။**

ထိုခေတ် ထိုအခါ၌ 'အလ္လာဟ်'အသျှင်မြတ်သည် အမျိုးသမီးများအား ဤသို့ တက်တက်ကြွကြွစိတ်ဓါတ်နှင့် စွမ်းရည်သတ္တိကို ခြီးမြှင့်တော် မူခဲ့သည်။ ယခုခေတ်ကာလရှိ အမျိုးသားများ၌ပင် ဤသို့ စွမ်းရည်သတ္တိ မရှိကြချေ။ အကယ်စင်စစ် ဤအမျိုးသမီးတို့အား မည်သူကမျှလည်း စေစားတိုက်တွန်းခြင်း မရှိခဲ့ပေ။မိမိတို့သဘောဆန္ဒအရ ရောက်ရှိလာကြသည်။ အလုပ်တာဝန်ကိုလည်း ကိုယ်တိုင် ကိုယ်ကျ ခွဲဝေသတ်မှတ်ကြလေသည်။

'ဟုနိုင်းန်'တိုက်ပွဲ၌'အွမ္မေစလင်မ်' (ရသေ့) သခင့်မသည် 'အဗ်ဒုလ္လာဟ်' အား ကိုယ်ဝန်အရင့်အမာ ဆောင်လျက်နှင့်ပင် တိုက်ပွဲ၌ ပါဝင်ဆင်နွှဲလေသည်။ ခါးမြှောင်တချောင်း ကိုင်ဆောင်ထားလေသည်။ 'နဗီ' တမန်တော်မြတ်က ဒါဘာလုပ်ဖို့လဲဟု မေးမြန်းတော်မူရာ၊ သခင်မကအကယ်၍'ကာဖိရ်'တယောက်ယောက်က ကျွန်တော်မျိုးမထံ လာရောက်ခဲ့သည်ရှိသော်၊ ၎င်း၏ဝမ်းဗိုက် အတွင်းသို့ ပစ်သွင်းရန်ဟု လျှောက်ထားလိုက်လေသည်။ ဤ သခင်မသည် ဒီအလျှင် 'အိုဟုဒ်'တိုက်ပွဲနှင့် အခြား တိုက်ပွဲများ၌လည်း ဝါဝင် ဆင်နွှဲခဲ့ဘူးလေသည်။ဒဏ်ရာရသူတို့အား ဆေးဝါးကုသ ပတ်တီးစည်းပေးလေ့ရှိသည်။ မကျန်းမာသူတို့အား ပြုစုစောင့်ရှောက်ပေးခဲ့သည်။ 'ဟဇရယ်အနပ်စ်' သခင် အဆိုပြုသည်မှာ ကျွန်ုပ်သည် 'ဟဇရယ်အာအိယှာ'သခင်မနှင့်'အွမ္မေစလင်မ်' သခင်မတို့အား မြန်မြန်ဆန်ဆန် သွက်သွက်လက်လက် ရေခတ်လာကြသည်။ ဒဏ်ရာရသူတို့အား ရေတိုက်ကျွေးကြသည်၊ ရေကုန်သွားလျှင် တဖန်သွားခတ်ကြသည်ကို မြင်တွေ့ရပါသည်ဟု ပြောကြားလေသည်။

**၇။ ဟဇရယ်အွမ္မေဟရာမ်သခင်သည်ဂဇ်ဝသွလ်ဗဟ်ရ်တိုက်ပွဲ၌ပါဝင်ဆင်နွှဲရန်စိတ်ဆန္ဒထားခြင်း။**

'အွမ္မေဟရာမ်'သခင်မသည်'ဟဇရယ်အနပ်စ်'သခင်၏'ခါလာ'အရင်းဖြစ်ပေသည်။ 'နဗီ' တမန်တော်မြတ်သည် ခဏခဏ သခင်မအိမ်တော်သို့ ကြွရောက်လေ့ရှိသည်။ တခါတရံနေ့လည်နေ့ခင်းအချိန်၌ 'ကိုက်လူလဟ်'ထမင်းလုံးစီရန် ခေတ္တခဏ လဲလျောင်းနေလေ့ရှိသည်။

အခါတပါး၌ 'နဗီ'တမန်တော်မြတ်သည် သခင်မ၏အိမ်ဂေဟာ၌ လဲလျောင်းနေစဉ် ပြုံးရွှင်စွာ နိုးကြားလာ၏'အွမ္မေဟရာမ်'သခင်မက အို-အသျှင့်တမန်တော်၊ ကျွန်တော်မျိုးမ၏ မိဘ ၂-ပါးတို့သည်ကိုယ်တော်အဖို့ 'ကုရ်ဗါန်'ဖြစ်ပါစေသား၊ ကိုယ်တော်အဘယ်ကြောင့်ပြုံးရွှင် တော်မူရပါသနည်းဟု လျှောက်ထားမေးမြန်းလေ၏။ ကိုယ်တော်မြတ်က၊ ငါကိုယ်တော်မြတ်၏

'အွမ္မသ်' သားတို့အနက်မှ အချို့သောသူတို့၏ အဖြစ်အပျက် အကြောင်းအရာကိုပြသ တော်မူခြင်းခံရသည်။ထိုသူတို့သည် သမုဒ္ဒရာရေပြင်ကျယ်သို့ ဘုရင်မင်းများ ပလ္လင်ပေါ်စံမြန်း သည့်အလား စီးနင်းသွားလာကြသည်ကို ရုပ်လုံးထင်ထင် ငါကိုယ်တော်မြတ် တွေ့တော်မူသည်ဟု မိန့်ကြားတော်မူသော်၊'အွမ္မေဟရာမ်'သခင်မက အို-အသျှင့် တမန်တော်၊'အလ္လာဟ်'အသျှင်မြတ် သည် ကျွန်တော်မျိုးမအား ထိုတိုက်ပွဲ၌ပါဝင် ဆင်နွဲနိုင်စေရန် အသျှင့်ထံ ပန်ထွာပေးတော်မူပါ ဟုလျှောက်ထားလေသည်။

ကိုယ်တော်မြတ်က၊ သခင်မလည်း ထိုတိုက်ပွဲ၌ပါဝင်ပေအံ့ဟု မိန့်ကြားတော်မူလိုက်လေ သည်။

ထိုနောက် တဖန်ကိုယ်တော်မြတ်သည်မှိန်းစက်တော်မူလိုက်လေ၏။တဖန် ရွှင်ပျစွာနိုးကြား တော်မူလာ၏'အွမ္မေဟရာမ်'သခင်မက သိလိုကြောင်း လျှောက်ထားမေးမြန်းပြန်ရာ၊ ယခင်နည်း တူ ဖြေကြားတော်မူလူ။'အွမ္မေဟရာမ်'သခင်မက တဖန်လျှောက်ထားပြန်၏။အို-အသျှင့် တမန် တော် ကျွန်တော်မျိုးမ ပါဝင်နိုင်ရန်ဆု 'ဒုအာ' ပန်ကြားတော်မူပါဟု လျှောက်ထားပြန်၏။ ကိုယ်တော်မြတ်က သင်မသည် ပထမအသုတ်၌ ပါဝင်ပေအံ့ဟု မိန့်ကြားတော်မူလိုက် လေ၏။

✓ 'ဟဇရသ်အွတ်ဆ်မာန်' (ရသေ့ ယလ္လာဟုသအာလာအန်ဟူ) သခင်လက်ထက်တော်၌ 'စီးရီးယား'ပြည်၏ ဘုရင်ခံဖြစ်သူ 'အမီးရ်မုအာဝီယဟ်' (ရသေ့) သခင်သည် 'ကဗ်ရုပ်ဆ်' (ဆိုက်ပရပ်စ်)ကျွန်းစုကို စစ်တိုက်ခွင့်ပြုပါရန်လျှောက်လှာသော်၊ 'ဟဇရသ်အွတ်ဆ်မာန်' သခင် သည် တိုက်ခွင့်ပြုတော်မူလိုက်လေသည်။

✓ 'ဟဇရတ်အမီးရ်မုအာဝီယဟ်' (ရသေ့) သခင်သည် တပ်တတပ်ချီ၍ တိုက်ခိုက်နှိမ်နင်း တော်မူသည်။ ၎င်းတိုက်ပွဲ၌ 'အွမ္မေဟရာမ်'သခင်မသည် မိမိခင်ပွန်းဖြစ်သူ 'ဟဇရသ်အုဗာဒဟ်' သခင်နှင့်အတူ ပါဝင်ဆင်နွှဲလေသည်။ ထိုနောက် အပြန်လမ်းခရီး၌ မြင်းပု စီးနင်းပြန်လာရာ မြင်းပုလန့်၍ခုန်ပေါက်လိုက်သဖြင့် အပေါ်မှကျ၍ လည်ပင်းကျိုးပြီး ကွယ်လွန်အသျှင့်အမိန့်ခံကာ 'ယှဟီးဒ်' ဖြစ်သွားရရှာလေသည်။

إِنَّا لِلَّهِ وَإِنَّا إِلَيْهِ رَاجِعُونَ

ထိုနေရာ၌ပင် မြှုပ်နှံခဲ့ကြလေသည်။ (ကြည့်-ဗုခါရီကျမ်း)

သိမှတ်ဖွယ်ရာအဖြာဖြာ။

တိုက်ပွဲတိုင်း၌ ပါဝင်ဆင်နွှဲလိုစိတ် ပြင်းပြနေသဖြင့်၊ ပါဝင်နိုင်ပါရန်ဆု 'ဒုအာ' တောင်းခံစေ၏။ သို့ပေမဲ ထိုတိုက်ပွဲနှစ်ပွဲတွင် ပထမတိုက်ပွဲတွင် ကွယ်လွန်အသျှင့်အမိန့်ခံ 'ယှံဟီးဒ်'ဖြစ်ရန် သတ်မှတ်ထားပြီး ဖြစ်ချေသည်။ ထို့ကြောင့် ဒုတိယတိုက်ပွဲ၌ ပါဝင်ဆင်နွှဲခြင်းမှာ မစွမ်းနိုင်တော့ချေ။ ထို့ကြောင့်ပင် 'နဗီ' တမန်တော်မြတ်သည်၊ ၎င်းအား ဒုတိယ (တိုက်ပွဲ)၌ ပါဝင်နိုင်ရန် 'ဒုအာ' ဆုတောင်းခံခြင်းမှ ရပ်တန့်နေတော်မူခဲ့ခြင်း ဖြစ်လေသည်။

## ဂ။ အွမ္မေစလင်မ်သခင်မသည် သားသေကိုထားလျက် ခင်ပွန်းအလိုလိုက်၍ ကိုယ်လက်ယဉ်ပါးခြင်း။

'ဟဇရသ်အွမ္မေစလင်မ်' သခင်မသည် 'ဟဇရသ်အနပ်စ်' သခင်၏မိခင်ဖြစ်သည်။ မိမိ၏ ပထမခင်ပွန်း(ဝါ)'ဟဇရသ်အနပ်စ်'သခင်၏ဘခင် ကွယ်လွန်အသျှင့်အမိန့်တော် ခံယူသွားသော အခါ မုဆိုးမဖြစ်သွားရရှာလေသည်။ 'ဟဇရသ်အနပ်စ်'သခင်အား စောင့်ရှောက်ထိန်းသိမ်းရန် ကာလအချိန်အတန်ကြာမြင့်စွာ အိမ်ထောင်သစ်မထူပဲ နေခဲ့ရှာလေသည်။

ထိုနောက်မှ 'အဗူသွလ်ဟဟ်' သခင်နှင့် အိမ်ထောင်ပြုလိုက်လေသည်။ သားတော်တပါး 'အဗူအုမိုင်းရ်' အမည်ရှိသူကို ဖွားမြင်လာသည်။ 'နဗီ'တမန်တော်မြတ်၊ ထိုအိမ်သို့ ရောက်ရှိလာသည့်အခါ ရယ်ရွှင်တော်မူလေ့ရှိသည်။ ရုတ်တရက် 'အဗူအုမိုင်းရ်'သည် ကွယ်လွန်အသျှင့်အမိန့်တော် ခံယူသွားရှာရလေသည်။

'မိခင်ဖြစ်သူ 'အွမ္မေစလင်မ်' သခင်မသည် သားအားရေချိုးပေးသည်။ 'ကဖန်'ဝတ်ဆင်ပေး၍ ကြိုးကုတင်ပေါ်တွင် တင်ထားလိုက်၏။ ခင်ပွန်းသည် 'အဗူသွလ်ဟဟ်'သခင်သည်'ရိုဇဟ်' စောင့်ထိန်းထား၏။ 'အွမ္မေစလင်မ်' သခင်မသည် ခင်ပွန်းသည်အဖို့ စားဖွယ် သောက်ဖွယ်ရာများကို ချက်ပြုတ်လိုက်၏။ မိမိကိုယ်ကိုလည်း အမူအယာပြုပြင်၍ အဝတ်အထည်လဲလှယ်ကာ အမွှေးအကြိုင်သင်းပျံ့စေ၏။ (မိမိမှာ သူသေကိုရေချိုး 'ကဖန်' ထုပ်သဖြင့် ပရုပ်နှင့်အခြားဆက်စပ်ရာ အနံ့များ ရှိသောကြောင့် ပြုဟန်၊ပြင်ဟန် တူ၏။) အချိန်သည် ညဥ့်နက်အချိန်၌ ခင်ပွန်းသည်ပြန်လာသောအခါ ထမင်း၊ဟင်းခူးခပ် အသင့်ပြုပေးလိုက်၏။ စားသောက်၍ ကလေးအခြေအနေမေးလှာသော်၊ သခင်မက ယခုတော့ သက်သာပါတယ်၊ ဘာမျှပူစရာ မလိုတော့ပါဘူး၊ ကောင်းကောင်းကြီး ကျန်းမာနေပါပြီဟု ပြောကြားလိုက်လေ၏။ (ထိုအခါ ခင်ပွန်းဖြစ်သူ 'အဗူသွလ်ဟဟ်'သခင်သည် သောကမီး ငြိမ်းအေးသွားရချေသည်။)

✓ညအိပ်စက်ကြသောအခါ ခင်ပွန်းဖြစ်သူက ကိုယ်လက်ယဉ်ပါးလိုကြောင်း ပြောလှာသောအခါ ဇနီးဖြစ်သူသည် ကြည်ဖြူစွာ ခွင့်ပြုလိုက်လေ၏။ နံနက်မိုးသောက် အလင်းရောက်သော်၊ သူမကခင်ပွန်းသည်အား ကျမရှင့်ထံမေးစရာတခုရှိတယ်၊ အဲဒါဘာလဲဆိုတော့၊အကယ်၍ တဦးတယောက်သောသူသည် တဦးတယောက်ထံမှ ပစ္စည်းတခုခုကို တောင်းငှား ယူခဲ့သည် ရှိသော်၊ ထိုပစ္စည်းပိုင်ရှင်က တနေ့ပြန်တောင်းခံလျှင် ပြန်ပေးခြင်းသည် သင့်မသင့်ကို သိလိုပါတယ်။ သခင်ကြီးက ဟာ ဆက်ဆက်ပြန်ပေးရမှာပေါ့ကွ၊ သူ့ပစ္စည်းကို သူ့ကို ပြန်ကိုပေးရမယ်ဟု အားပါးတရ ပြောချလိုက်ပါတော့သည်။

ဤသည်ကိုကောင်းစွာကြားနာ၍ 'အွမ္မေစလင်မ်'သခင်မက ရှင့်ကလေးကို 'အလ္လာဟ်' အသျှင်မြတ်ကရှင့်ကိုအပ်ထားတာ(ယခုတော့)ပြန်ယူသွားပြီဟုပြောလိုက်လေ၏။ 'အဗူသွလ်ဟာဟ်' သခင်သည် ဝမ်းနည်းကြေကွဲလျက် ရှင်မရဲ့ မင်း ငါ့ကို ညဦးက သတင်းမပေးဘူးဟု ပြစ်တင်စကားသာပြောတော့၏။ နံနက်မိုးသောက် အလင်းရောက်သော်၊ 'အဗူသွလ်ဟာဟ်' သခင်သည် 'နဗီ'တမန်တော်မြတ်ထံသွား၍ အကြောင်းစုံကို လျှောက်တင်ထားလေ၏။

'နဗီ'တမန်တော်မြတ်(ဝစလ္လမ်)က 'ဒုအာ'ဆုမွန်တောင်းခံ၍ 'အလ္လာဟ်'အသျှင်မြတ်သည် ဤညဥ့်၌'ရဟ်မသ်'ချမ်းသာပေးတော်မူအံ့ဟုမိန့်ကြားတော်မူ၏။ 'အန်ဆွာရီ'တပါးကကျွန်ုပ်သည် 'နဗီ'တမန်တော်မြတ်၏ 'ဒုအာဗရကတ်'မင်္ဂလာကို မြင်တွေ့ရသည်ဟု၏။ ထိုညဥ့်၏ သန္ဓေဖြင့် 'အဗ်ဒွလ္လာဟ်အိဗ်နုသွလ်ဟာဟ်'ကိုဖွားမြင်လှာသည်။ 'အဗ်ဒွလ္လာဟ်'မှသားတော်ကိုး(၉)ပါး ထွန်းကားလာကြသည်။ အားလုံးသော ပုဂ္ဂိုလ်တို့သည် ကျမ်းမြတ်'ကုရ်အာန်'ကို ကောင်းစွာတတ်ကျွမ်းသည့် ပုဂ္ဂိုလ်များဖြစ်လာကြသည်ဟူ၏။

(ကြည့်–ဗုခါရီကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

✓ဤသည်မှာ အလွန့်အလွန် သည်းခံခြင်းတရားရှိသူ၊ အလွန့်အလွန်သတ္တိရှိသူဖြစ်ကြောင်း သာဓက ဖြစ်သည်။ မိမိရင်သွေးသည်းချာ ကွယ်လွန်သွားသည်ကို 'ရှိဇဟ်' စောင့်ထိန်းထားသူ ခင်ပွန်းသည်အား အမြင်အားဖြင့် လည်းကောင်း၊ အသွင်အားဖြင့် လည်းကောင်း အသိမပေးခဲ့ပေ။ ထမင်းမစားမီ သိသွားလျှင် ထမင်းတောင်စားနိုင်တော့မည်မဟုတ်ဟု ထင်မြင်ယူဆ၍ ထိန်ဝှက်ထားခြင်းဖြစ်ချေသည်။ (အလွန်တော်လှသည့် အမျိုးသမီး တဦးပင် မဟုတ်ပါလော။)

## ၉။ အွမ္မေဟာဗီဗဟ်သခင်မသည် ဘာသာသာသနာခြားဘခင်အား နဗီတမန်တော်မြတ်၏ အိပ်ရာခမ်းနားပေါ် မထိုင်စေခြင်းအကြောင်း။

'မယ်တော်မြတ် အွမ္မေဟာဗီဗဟ်'သခင်မသည် 'နဗီ'တမန်တော်မြတ်နှင့် ထိမ်းမြားမင်္ဂလာ အိမ်ထောင်မကျမီ၊ "အဗ်ဒုလ္လာဟ်'အိဗ်နု'ဂျဟ်ရှ်"နှင့် အိမ်ထောင်ကျခဲ့လေသည်။ ဇနီးမောင်နှံ နှစ်ပါးစလုံး 'အစ္စလာမ်'သာသနာကို လက်ခံယုံကြည်လာကြလေသည်။ 'အီသီယိုပီးယား'ပြည် ဘက်သို့ နှစ်ဦးစလုံး စိတ်တူသဘောတူ 'ဟိဂျ်ရသ်' သာသနာရေးခရီး ထွက်ခဲ့ကြလေသည်။ ထိုသို့ရောက်သော်၊ ခင်ပွန်းသည်မှာ သာသနာပျက်သွားလေသည်။ ထိုသည့်အတိုင်း (သာသနာ ပျက် ဘဝနှင့်)ပင် ကွယ်လွန်သွားခဲ့လေသည်။

မယ်တော်မြတ်'ဟဇရသ်အွမ္မေဟာဗီဗဟ်'သခင်မသည် ဤသို့ အိမ်ထောင်ပျက်ဘဝနှင့် ပင် 'အီသီယိုပီးယား'ပြည်၌ အချိန်ဖြုန်းခဲ့လေသည်၊'နဗီ'တမန်တော်မြတ်သည်ထိုဆီသို့စေ့စပ်ကြောင်း လမ်းစာ ပေးပို့လိုက်လေသည်။'အီသီယိုပီးယား' ဘုရင်မင်းမှတဆင့်'နဗီ'တမန်တော်မြတ်နှင့်ထိမ်း မြားမင်္ဂလာအခမ်းအနားဖြစ်လာလေသည်။ ဤအခဏ်းအဆုံး၌ ကြင်ယာတော်များ အကြောင်း ၌ ဖေါ်ပြပါအံ့။ မင်္ဂလာအခမ်းအနားပြီးဆုံးသော်၊ 'မဒီနဟ်'မြို့တော်သို့ ကြွရောက်လာခဲ့လေ သည်။

ပြေငြိမ်းရေးခေတ်ကာလ၌ ဖခင်ဖြစ်သူ 'အဗူစုဖ်ယာန်'သည် 'မဒီနဟ်'မြို့သို့လာရောက်၍ 'နဗီ'တမန်တော်မြတ်နှင့် စစ်ပြေငြိမ်းချမ်းရေးစာချုပ်ကို ပို၍ခိုင်မြဲစိတ်ချရလေအောင် ဆွေးနွေး ရန်ရောက်ရှိခဲ့လေသည်။ တပါတည်းမှာပင် သမီးဖြစ်သူနှင့်လည်း တွေ့ရလေအောင်ဝင်လိုက်လေ သော်၊ ချစ်သမီးနှင့်တွေ့ဆုံရ၏။ ထို၌ခင်းကျင်းထားသည့် အိပ်ရာသလွန်ပေါ်ထိုင်ရန် ဟန်အပြင် တွင် သမီးဖြစ်သူ'အွမ္မေဟာဗီဗဟ်'သခင်မသည် အိပ်ရာကိုလိပ်တင်လိုက်လေ၏။

ဖခင်ဖြစ်သူသည် ချစ်သမီးက မိမိထိုင်ရန် အိပ်ရာသလွန်ခင်းကျင်းပေးရမည့်အစား ခင်း ကျင်းထားသည့် အိပ်ရာသလွန်ကိုပင် သိမ်းဆည်းလိုက်သည်ကို မြင်တွေ့ရသဖြင့် အံ့မဆုံးဖြစ်ခါ ဤအိပ်ရာသလွန်သည် ငါဖခင်နှင့်မတူမတန်၍လော၊ သို့တည်းမဟုတ် ငါသည်ဤအိပ်ရာနှင့် မတူမတန်၍လော၊ သင်အဘယ်ကြောင့် ရုပ်သိမ်းလိုက်လေသနည်းဟု မေးမြန်းလိုက်လေသည်။ မယ်တော်'ဟဇရသ်အွမ္မေဟာဗီဗဟ်'သခင်မက (အို- ဖခင်ကြီး)ဤသည် 'အလ္လာဟ်'အသျှင်မြတ်၏ အချစ်တော်'နဗီ'တမန်တော်မြတ်၏ သလွန်တော်အိပ်ရာအခင်းအကျင်းဖြစ်ပါသည်။

ဖခင်ကြီးသည် 'မုယှရိက်''အလ္လာဟ်'အသျှင်မြတ်နှင့် တုပနှိုင်းယှဉ်သူ ဖြစ်ခြင်းကြောင့် မသန့်မရှင်းသော ညစ်ညမ်းသောသူဖြစ်ချေသည်။ ဤသို့သောသူကို ကျမသည် ဤအိပ်ရာသလွန် ပေါ်၌ အဘယ်သို့ထိုင်စေနိုင်အံ့နည်းဟု ဖြေကြားလိုက်လေသည်။ ဖခင်ဖြစ်သူသည် စိတ်ထိခိုက်

လာ၍ သင်မသည် ငါနှင့်ခွဲခွာလာ၍ စိတ်ယုတ်မာတွေ မွေးလှာပေပြီဟု ပြောလိုက်လေသည်။ သို့ပေမဲ့ 'အွမ္မေဟာဗီဗဟ်' သခင်မသည် 'နဗီ' တမန်တော်မြတ်အား အထူးကြည်ညိုလေးစားသူတဦး ဖြစ်သည်။ ကိုယ်တော်မြတ်၏ အိပ်ရာသလွန်ပေါ်တွင် ဖခင်မကလို့ ဘယ်သူဘဲဖြစ်ဖြစ်ထိုင်နေသည်ကို အဘယ်သို့ ရှုနိုင်အံ့နည်း။

အခါတပါး၌ 'နဗီ' တမန်တော်မြက်ထံမှ 'ကျွာယ့်သ်နမာဇ်' (၁၂) 'ရကအသ်' ၏ ထူးမြတ်ခြင်းအကြောင်းကြားသိရသော်၊ ၎င်းကိုအမြဲတမ်း လေးလေးစားစား ကျင့်ဆောင်တော်မူလေ့ရှိသည်။ ဖခင်ဖြစ်သူလည်း နောင်သောအခါ 'အစ္စလာမ်' သာသနာဝင်ဖြစ်လာလေသည်။ ဖခင်ကွယ်လွန် အသျှင့်အမိန့်တော်ခံယူရလေသောအခါ သုံးရက်မြောက်သောနေ့တွင် နံ့သာမှာယူဝယ်၍သုံးဆောင်တော်မူသည်။

ထို့နောက် ငါသည် နံ့သာသုံးဆောင်ခြင်းကိုမူ နှစ်သက်လိုချင်တပ်မက်မှုမရှိပါ။ သို့ငြားလည်း 'နဗီ' တမန်တော်မြတ်(ဝစလ္လမ်)က အမျိုးသမီးများအဖို့ မိမိခင်ပွန်းသည်မှအပ အခြားမည်သူ့အတွက်မှ သုံးရက်ထက်ပို၍ သေသည့်အခါဝမ်းနဲသည့် အထိမ်းအမှတ်မပြုသင့်၊ ခင်ပွန်းသည်အတွက် (၄)လနှင့် (၁၀)ရက်အထိ ဝင်းနဲသည့် အထိမ်းအမှတ်ပြုနိုင်ရာ၏ဟု ပြောကြားသွားသည်ကို ကြားထားသည်။သို့ဖြစ်၍ ဝမ်းနဲသည့်အထိမ်းအမှတ် မရှိကြောင်းပြသရန် သုံးခြင်းသာဖြစ်သည်ဟု ပြောကြားတော်မူ၏။

မိမိကွယ်လွန်ခါနီးသောအခါ မယ်တော်'ဟဇရသ်အာအိယှဟ်' သခင်မနှင့် မယ်တော်မြတ် 'ဟဇရသ်အွမ္မေစလ်မဟ်' သခင်မတို့အား မိမိအနီးသို့ခေါ်၍ ကျမတို့သည် 'နဗီ' တမန်တော်မြတ်၏ ကြင်ယာတော်များဖြစ်ကြပါသည်။ လူတို့၏ ဘာသာဘာဝအလျောက် တရံတခါအချင်းချင်း၌လည်း အဆင်မပြေမှုများ ဖြစ်ကောင်းဖြစ်ပေမည်။ သို့ဖြစ်၍ပြောမှားဆိုမှားရှိခဲ့လျှင်၊ ကျမအား ခွင့်လွှတ်ကြပါဟု အမှတ်တရတောင်းပန်ရှာလေသည်။ ထိုအခါမယ်တော်မြတ် 'အာအိယှဟ်' သခင်မက ကျမတို့ ခွင့်လွှတ်ကြပါသည်ဟု ပြောကြားလိုက်လေသည်။ ထို့နောက် မယ်တော်မြတ် 'အာအိယှဟ်' သခင်မသည် မယ်တော်မြတ် 'အွမ္မေဟာဗီဗဟ်' သခင်မအတွက် ဆုတောင်းလေလည်း။ ထိုအခါ မယ်တော်မြတ်'အွမ္မေဟာဗီဗဟ်' သခင်မက အသင်မတို့သည် ကျမအား ဝမ်းသာစိတ်ချမ်းမြေ့စေကြရာ၊ 'အလ္လာဟ်' အသျှင်မြတ်သည် အသင်မတို့အား ဝမ်းသာစိတ်ချမ်းသာစေတော်မူပါစေသားဟု ဆုတောင်းခံသွားလေသည်။

(ကြည့်–သွင်ကာသ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

မျက်မှောက်ခေတ်ကာလ၌ ကျွန်ုပ်တို့နေ့စဉ်နှင့်အမျှ တွေ့မြင်နေကြရသည်မှာ တလင်တည်းဇနီးတို့သည် အချင်းချင်း ဟယောက်မျက်နှာ တယောက်မကြည့်ချင်

မရှုချင်ဖြစ်နေတတ်သည်။ မည်သို့ပင်ဖြစ်စေ မယ်တော်မြတ်'အွမ္မေဟာဗီဗဟ်'သခင်မသည် လောကဦးဖြစ်ပျက်သမျှကို လောကုတ္တရာသို့ မဆောင်လိုတော့ချေ။ 'နဗီ' တမန်တော်မြတ်အား လေးလေးစားစားမြတ်နိုးမှု ထားရှိပုံကိုမူ အိပ်ရာသလွန်အကြောင်းကိုသာ ထောက်ချင့်ကြကုန်လော့။

## ၁၀။ ဟဇရတ်ဇိုက်နဗ် သခင်မသည် အာအိယှဟ် သခင်မ၏ အိမ်ဖက်မဟုတ်မမှန်စွပ်စွဲခံရခြင်း၌ ရှင်းလင်းပြတ်သားစွာဖြင့် ဖွင့်ဟပြောကြားခြင်းအကြောင်း။

မယ်တော်မြတ် 'ဟဇရတ်'ဇိုက်နဗ်'အိဗ်နသုဂျဟ်ရှ်' သခင်မသည် ဆွေမျိုးသားချင်းအနေဖြင့်'နဗ'တမန်တော်မြတ်၏ 'ဖူဖီ'သမီးဖြစ်၍ မောင်နှမတဝမ်းကွဲတော်စပ်ခဲ့လေသည်။'အစ္စလာမ်' သာသနာတော်ထွန်းကားခါစကပင် 'အစ္စလာမ်' သာသနာကို လက်ခံယုံကြည်လာခဲ့လေသည်။ သခင်မ၏ ပထမအိမ်ထောင်သည်မှာ 'ဟဇရတ်ဇိုက်ဒ်' 'နဗ'တမန်တော်မြတ်၏ သူကောင်းပြုကျွန်တပါးဖြစ်သည်။ ထိုနောက်တမန်တော်သည် မိမိမွေးစားသားအဖြစ် ထားတော်မူခဲ့သည်။ ထို့ကြောင့် 'ဇိုက်ဒ်အိဗ်နုမုဟမ္မဒ်'ဟု ခေါ်ဆိုသေးသည်။

သို့ပေမဲ့ 'ဟဇရတ်ဇိုက်ဒ်'နှင့် 'ဇိုက်နဗ်'တို့မှာ အချင်းချင်း မသင့်မြတ်နိုင်ကြသဖြင့်၊ 'သွလားက္က'ပေး၍ ကွာရှင်းလိုက်ရပေသည်။ 'နဗ'တမန်တော်မြတ်က အမှောင်ခေတ်၏ ဓလေ့ထုံးစံတရပ်မှာ မွေးစားသား၏ ဇနီးနှင့်(ဝါ) မွေးစားဖခင်သည် မိမိမွေးစားချွေးမနှင့် အိမ်ထောင်ချ မင်္ဂလာဆောင်နှင်းယူခြင်းကို မပိုင်ဟူ၍ အယူအဆရှိသည်ကို အခြေအမြစ်မှ ပယ်ဖျက်၍ ယုတ္တိယုတ္တာမရှိကြောင်းသိစေရန်၊ ကိုယ်တော်မြတ်သည် 'ဇိုက်နဗ်'သခင်မထံစေ့စပ်ကြောင်း လမ်းကြောင်းစာပေးပို့လိုက်သည်။

'ဟဇရတ်ဇိုက်နဗ်'သခင်မက ကျွန်တော်မျိုးမသည်မိမိအား ဖန်ဆင်းတော်မူသော အသျှင်မြတ်နှင့်ဆွေးနွေး၍သာ အဖြေပေးပါမည်။ မဆွေးနွေးပဲ အဖြေမပေးနိုင်သေးပါဟုဆို၍ 'ဝုဇူ' ပြု၏။ 'နမာဇ်နိယယ်' ပြုလေသည်။ ထိုသို့သော မင်္ဂလာတရားတော်ကြောင့်ပင် 'အလ္လာဟ်' အသျှင်မြတ်သည် 'နဗီ'တမန်တော်မြတ်နှင့် 'ဇိုက်နဗ်' သခင်မအား မင်္ဂလာဆောင်နှင်းပေးတော်မူလိုက်လေသည်။ 'အာယသ်'တော်မှာ ဤသို့တည်း။

فَلَمَّا قَضَىٰ زَيْدٌ مِّنْهَا وَطَرًا زَوَّجْنَا
كَهَا لِكَيْلَا يَكُونَ عَلَى الْمُؤْمِنِينَ
حَرَجٌ فِي أَزْوَاجِ أَدْعِيَائِهِمْ إِذَا
قَضَوْا مِنْهُنَّ وَطَرًا ۚ وَكَانَ أَمْرُ اللَّهِ
مَفْعُولًا

အဓိပ္ပါယ်။ ။သို့ဖြစ်၍ 'ဟဇရသ်ဇိုက်ဒ်'သည် သူမနှင့်မိမိဆန္ဒကို ပြည့်စုံအောင် ပြုလုပ်ခဲ့လေပြီ ဖြစ်သောကြောင့်၊ ငါအသျှင်မြတ်သည် သူမအား သင် 'မုဟမ္မဒ်' (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) နှင့် ထိမ်းမြားမင်္ဂလာဆောင်နှင်း၍ ('မုအ်မင်န်'သူတော်စင်များ) အဖို့ မိမိမွေးစားသား၏ ဇနီးမိန်းမနှင့် ကိစ္စဖြည့်မြောက်ပြီးပါလျက်၊ မွေးစားဖခင်သည် မင်္ဂလာဆောင်နှင်း ယူပိုင်ခွင့်မရှိဟု ယူဆ ထင်မှတ်ခြင်းကို ပယ်ဖျက်တော်မူ၏။ စင်စစ်သော်ကား 'အလ္လာဟ်' အသျှင့်အမိန့်တော်တည်းသာလျှင် တည်တန့်ခိုင်မြဲတော်မူပေသတည်း။

မယ်တော် 'ဟဇရသ်ဇိုက်နဗ်'သခင်မသည် အထက်ပါ'အာယသ်'တော် သက်ရောက်ကျလာသဖြင့် 'နေကာဟ်'မင်္ဂလာဖြစ်သင့်ကြောင်း သတင်းကောင်းပါးလှာသူအား မိမိလက်ရှိဝတ်ဆင်ထားသံမျှ လက်ဝတ် လက်စားများချွတ်၍ ဆုလာဘ်အဖြစ် ခြီးမြှင့်တော် မူလိုက်လေသည်။ ထိုနောက် ကိုယ်တိုင် 'စဂျဒဟ်' ဦးချ၍ (၂)လတိတိ 'ရိုဇဟ်' စောင့်ထိန်းပါမည်ဟု သန္နိဋ္ဌာန်ပြုတော်မူလိုက်လေ၏။ မယ်တော်မြတ် 'ဟဇရသ်ဇိုက်နဗ်'သခင်မသည် ဤ'အာယသ်'ပါဒတော်ဖြင့် ဂုဏ်ယူလျက်ရှိနေလေသည်။ အခြားအခြားသော ကြင်ယာတော်တို့၏ မင်္ဂလာထိမ်းမြားခြင်းသည် ဆွေမျိုးသားချင်းတို့က ပြုဆောင်ပေးကြရသည်။ သို့ပေမဲ့ မယ်တော်မြတ်'ဟဇရသ်ဇိုက်နဗ်'သခင်မ၏ မင်္ဂလာထိမ်းမြားမှုသည်ကား မိုးကောင်းကင်ဌ်ဖြစ်၍ ကျမ်းမြတ်'ကုရ်အာန်' သက်ရောက်လာရှိပေသည်။

• မယ်တော်မြတ် 'ဟဇရသ်အာအိယှဟ်' သခင်မနှင့် ဂုဏ်တုဂုဏ်ပြိုင်ပြုကြ၏။ 'နဗီ'တမန်တော်မြတ်က 'အာအိယှဟ်'သခင်မအား အချစ်ဆုံး၊ အမြတ်နိုးဆုံး ဖြစ်သဖြင့် ဂုဏ်ယူကြောင်း၊ 'ဇိုက်နဗ်'သခင်မက မိမိ၏ထိမ်းမြားခြင်းသည် မိုးကောင်းကင်ဌ် ဖြစ်လှာသဖြင့် ဂုဏ်ယူကြောင်း တဦးထက်တဦး ဂုဏ်ယူလျက်ရှိကြပေသည်။ ထိုသို့ဖြစ်လင့်ကစား မယ်တော်'ဟဇရသ်အာအိယှဟ်' သခင်မအား အစွပ်စွဲ ခံရသည့်အကြောင်းနှင့် စပ်လျဥ်း၍ အများနည်းတူ မယ်တော်'ဇိုက်နဗ်' သခင်မအား တမန်တော်မြတ်က မေးမြန်း၍ လျှောက်ထား သံတော်ဦးတင်စေရာ၊ သခင်မက ကျမသည် 'အာအိယှဟ်'သခင်မအား အကောင်းချည်းသာ မြင်တွေ့ခဲ့ရသည်။ သူမ၌ မကောင်းမှုဟူ၍ အလျှင်းမရှိပါဟု ဖြေကြားလျှောက်ထား သံတော်ဦးတင်လိုက်လေ၏။ ဤသည် သာသနာ

ရေး၌ လေးလေးစားစား ရှိခြင်းပင်တည်း။ သို့တည်းမဟုတ် ဤအချိန်မျိုး၌ မိမိတလင်တည်း မယားအားစွပ်စွဲရန်၊ ခင်ပွန်းသည်က အထင်အမြင် သေးသိမ်လာစေရန်၊ အထူးသဖြင့် ကိုယ်တော်မြတ်၏ အချစ်ဆုံး၊ အမြတ်နိုးဆုံးဇနီးအား လက်စားချေရန် အခွင့်ကောင်းပင်တည်း။ ထိုသို့ပင် အခါအခွင့် သင့်ပါသော်လည်း မိမိမသိနားမလည်ကြောင်း ပြောကြားရုံတင်မက ခြီးကျူးစကားကိုပင် ပြောဖြစ်အောင်ပြောကြားလိုက်သေးသည်။

မယ်တော်မြတ်'ဟဇရသ်ဇိုက်နဗ်'သခင်မသည် အလွန်မွန်မြတ်သည့် အမျိုးသမီးတဦး ဖြစ်လေသည်။ များသောအားဖြင့် 'ရိုဇဟ်' စောင့်ထိန်းလေ့ရှိသည်။ 'နဖိလ်နမာဇ်' ကိုလည်း အထူးလေးလေးစားစား ဖတ်လေ့ရှိသည်။ မိမိလက်မှုပညာဖြင့် စီးပွားရှာ၍ (ဝ၁) မိမိချွေးနည်းစာဖြင့် အလှူဒါနပြုလေ့ရှိသည်။ 'နဗီ'တမန်တော်မြတ် ကွယ်လွန်ခါနီးအချိန်၌ ကြင်ယာတော်များက၊ ကျမတို့တွင် ဦးစွာပထမ မည်သူနှင့်တွေ့ဆုံရအံ့နည်းဟု လျှောက်ထားမေးမြန်းကြရာ၊ 'နဗီ'တမန်တော်မြတ်က အကြင်သူမ၏လက်သည် ရှည်၏ဟု ဖြေကြားတော်မူသဖြင့် တဦးနှင့်တဦး လက်များကို တိုင်းထွာကြည့်ကြလေသည်။ နောင်သောအခါကျမှ သိရှိနာ လည်လာကြရသည်မှာ လက်ရှည်ဟူသည်ကား ရော့ရော့ရဲရဲပေးကမ်း၍ လှူဒါန်းသူကိုဆိုလိုကြောင်း သိရှိကြလေသည်။ ဤသည့်အတိုင်းပင် ဦးစွာပထမ မယ်တော်'ဟဇရသ်ဇိုက်နဗ်' သခင်မသာ 'နဗီ'တမန်တော်မြတ်နှင့် အလျင်ဆုံး ဆုံစည်းရလေသည်။

'ဟဇရသ်အုမရ်'(ရသွေ့)သခင်သည် မယ်တော်အပေါင်းတို့အား ထောက်ပံ့ကြေး သတ်မှတ်တော်မူ၍ သခင်မအတွက် 'ဒိရ်ဟမ်' သောင်းနှစ်ထောင်ကို ပေးပို့လိုက်လေ၏။ သခင်မက အားလုံးသော ကြင်ယာတော်များအတွက် ဝေငှပေးရမည်ဟု ထင်မှတ်၍ ဝေငှပေးဝေရေးတာဝန်မှာ အခြားကြင်ယာတော်များအဖို့ ပို၍သင့်လျော်ပေသည်ဟု ပြောကြားလှာလေသည်။ ပေးပို့သူသံတမန်က ဝေငှရန်မလိုကြောင်း၊ ဤငွေအားလုံးမှာ တနှစ်အတွက် သခင်မအဖို့၊ အတွက်ကျဖြစ်ကြောင်းလျှောက်ထားလေသော်၊ အံ့ဩလျက်အာမေဋိတ်ဖြစ်ကာ'စုဗ်ဟာနလ္လာဟ်' ဟု ရွတ်ဖတ်၍ မျက်နှာတော်ကို အဝတ်ဖြင့် အုပ်လိုက်လေ၏။ ထိုအသပြာကို လှည့်၍ပင်မကြည့်တော့ချေ။ အခန်းထောင့်တထောင့်တွင် ထားစေ၍ အဝတ်တထည်ဖြင့် အုပ်ထားစေ၏။ 'ဗရ်ဇဟ်' အမည်ရှိသူအား လက်တဆုပ်ယူ၍ အဘယ်သူအားပေးလိုက်၊ နောက်တဆုပ်ကို အဘယ်သူအား ပေးလိုက် စသည်ဖြင့် ဆွေမျိုးသားချင်းများ၊ သူဆင်းရဲများ၊ မုဆိုးမများအားလုံးကို တဆုပ်စီ တဆုပ်စီ ပေးကမ်းစွန့်ကြဲစေ၏။အနည်းငယ်သာကျန်ရှိသောအခါ ထိုဝေငှပေးနေသူကတောင်းခံလာသဖြင့် သခင်မက အဝတ်အောက်၌ရှိသော အရာဝတ္ထုသည်သင့်အဖို့ဖြစ်သည် ယူသွားလော့ဟု မိန့်တော်မူလိုက်၏။ ထိုပုဂ္ဂိုလ်က ကျွန်ုပ်ယူ၍ရေတွက်ကြည့်ရာ (၈၄)'ဒိရ်ဟမ်' ရှိသည်ဟု ဝန်ခံပြောကြားလေသည်။

တပြားတချပ်မျှမကျန် ဝေငှပြီးစီးသောအခါ လက်နှစ်ဖက်ကိုဖြန့်ကာ၊ အို.... 'အလ္လာဟ်' အသျှင်မြတ်၊ ရှေ့နှစ်ဤဝေစုသည် ကျွန်တော်မျိုးမ မရပါစေနှင့်။ ၎င်းပစ္စည်းဝတ္ထုများရောက်ရှိ

လာခြင်းသည်လည်းတဒုက္ခတည်း။ အမှန်ပင်နောင်နှစ်ထောင်ပံ့ကြေး မလာရောက်မီ အမိန့်တော် ခံယူရရှာလေသည်။ 'ဒိရ်ဟမ်' သောင်းနှစ်ထောင်ကို အကုန်အစင်စွန့်ကြဲလှူဒါန်းလိုက်ကြောင်း သမ္မတကြီး 'အုမရ်' သခင် သတင်းကြားသိရသောအခါ၊ 'ဒိရ်ဟမ်'တထောင်ထပ်ပို့၍ အသေး အဖွဲ့သုံးရန်ဟု ပို့ပေးလိုက်၏။ ၎င်းကိုလည်း ပထမနည်းအတိုင်းပင် လှူဒါန်းပေးကမ်းလိုက် ပြန်၏။

အောင်လံတံခွန်တလူလူဖြစ်နေချိန် ဖြစ်လင့်ကစား ကွယ်လွန်အသျှင့်အမိန့်တော်ခံယူချိန်၌ 'ဒိရ်ဟမ်'ဟူ၍မကျန်၊ ပစ္စည်းပစ္စယဟူ၍မရှိချေ။ မိမိနေထိုင်လျက်ရှိသည့် ဂေဟာသာလျှင် အမွေအဖြစ်ကျန်လေတော့သည်။ 'ဆဒ္ဒကဟ်'ဒါနပြုလှူနိုင်းသဖြင့် 'မာဝိုလ်မစာကီးန်' သူဆင်းရဲတို့၏ ဦးတည်ရာဌာနဟူ၍ ဘွဲ့ရှင့ဳသညာဖြင့် ထွန်းပြောင်လျက်ပင်တည်း။

(ကြည့်-သွဗ်ကာသ်ကျမ်း)

အမျိုးသမီးတဦးက အဆိုပြုသည်။ ကျမသည် မယ်တော်'ဟဇရသ်ဇိုက်နဗ်'သခင်မထံ၌ ရှိနေသည်။ ကျမတို့သည် အထည်များကို မြေနီရောင်ဆိုးနေကြ၁ါသည်။ 'နဗီ'တမန်တော်မြတ် သည် ကြွရောက်လာ၍ ကျမတို့ဆိုးနေသည်ကို ရှုစားတော်မူ၍ ပြန်ကြွသွားပါသည်။ 'ဇိုက်နဗ်' သခင်မသည် 'နဗီ'တမန်တော်မြတ် ဤ(မြေနီ)ရောင်ဆိုးခြင်းကို မနှစ်မြို့တော်မူကြောင်းကို ရိပ်စားမိသဖြင့်၊ ချက်ချင်းအဝတ်အထည်များ အရောင်ချွတ်စေ၏။ အခြားတချိန်၌ ကိုယ်တော် မြတ် ကြွရောက်လာရာ ထိုအရောင်မရှိတော့သဖြင့်၊ အတွင်းသို့ဝင်ရောက်လာတော်မူ၏။

(ကြည့်-အဗူဒါဝူးဒ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

အမျိုးသမီးတို့သည် အထူးသဖြင့် ဥစ္စာပစ္စည်းကို မက်မောသည်။အရောင် အဆင်းကို ကြိုက်နှစ်သက်ကြသည်ကို အထူးဖေါ်ပြနေစရာ လိုမည်မထင်ပါ။ မယ်တော်မြတ် 'ဇိုက်နဗ်'သည်လည်း အမျိုးသမီးတို့တွင် တဦးအပါအဝင် မဟုတ်ပါလော။ သို့ပါသော်လည်း ကိုယ်တော်မြတ်၏ သာမန်ငြိုငြင်မှု အရိပ် အခြေကို ကြည့်၍လုပ်ထားသမျှကို အကုန်အစင်ရှင်းပစ်ခြင်းသည် အံ့ဘွယ်ပင် မဟုတ်ပါလော။

**၁၁။ ဟဇရသ်ခိုနုစာအ်သခင်မသည် မိမိသား ၄-ပါးနှင့်အတူ တိုက်ပွဲ၌ပါဝင်ဆင်နွှဲခြင်း အကြောင်း။**

'ဟဇရသ်ခိုနုစာအ်'သခင်မသည် ကဗျာလင်္ကာ၌ အကျော်အမော်တယောက်ဖြစ်သည်။ မိမိသားချင်းအချို့နှင့် 'မဒီနဟ်'မြို့တော်သို့ လာရောက်၍ 'အစ္စလာမ်'သာသနာတော်ကို လက်ခံ ယုံကြည်ခဲ့လေသည်။

“အိဗ်နုအဆီးရ်’သခင့်အဆို။ ။ကဝိအကျော်အမော် ပညာရှင်အပေါင်းတို့က တညီတညွတ်တည်း ဆုံးဖြတ်ချက်ချကြသည်မှာ၊ မည်သည့်အမျိုးသမီးမှ (အရဗ်ဓါစာပေအရ) ကဗျာလင်္ကာအရာတွင် ဤအမျိုးသမီးထက် သာလွန်ကောင်းမြတ်အောင်မဆိုနိုင်။ မရေးနိုင်(ယခင်ကာလမှကော၊ နောင်ကာလမှာကောဟူ၍) (ဝါ) ယခင်ကာလကလည်းသာ၍ တော်သူမရှိ၊ နောင်ကိုလည်း ပေါ်ပေါက်မည့်သူမရှိဟု ဆိုထားလေသည်။

“ဟဇရသ်အုမရ်”သခင် သမ္မတဖြစ်စဉ် ‘ဟိဂျရီ’ သက္ကရာဇ် ၁၆-ခုနှစ်တွင် ‘ကာဒ်စီယဟ်’ တိုက်ပွဲဖြစ်လေသည်။ ၎င်းတိုက်ပွဲ၌ ‘ခိုနုစာအ်’သခင်မသည် မိမိသားတော် (၄)ပါးနှင့်အတူ တပါတည်းပါဝင်ဆင်နွှဲခဲ့လေသည်။ သားတော်များအား တရက်ကြို၍ ဆုံးမစကားပြောကြားလေသည်။ တိုက်ပွဲ၌ပါဝင်ဆင်နွှဲကြရန် ဆော်ဩခဲ့လေသည်။

အို—ချစ်ခင်လေးစားအပ်သည့် သားတော်မောင်အပေါင်းတို့ သင်တို့သည်မိမိသဘောဆန္ဒအရ‘အစ္စလာမ်’သာသနာတော်ကို လက်ခံယုံကြည်လာကြသည်။အသင်တို့သည် မိမိစိတ်တိုင်းကျ ‘ဟိဂျ်ရသ်’သာသနာရေးခရီးထွက်ခဲ့ကြသည်။ အသျှင်မြတ်မှတပါး အခြားခဝပ်ကိုးကွယ်ထိုက်သော အသျှင်ဟူ၍ အလျှင်းမရှိ။ ထိုအသျှင့်‘ကစမ်’ဟု ကျိန်ဆို၍ သင်တို့သည် တမိဝမ်းတွင်းမှ သက်ဆင်းလာသလို၊ သင်တို့သည် ဖခင်တဦးတည်း၏ သားများသာဖြစ်ကြသည်။ ငါမိခင်သည် သင်တို့ဖခင်အပေါ် သစ္စာထားရှိခဲ့သည်။ မောင်တော်၊ သင်တို့၏ ‘မာမူ’အားလည်း အရှက်တကွဲအကျိုးနဲ့အဖြစ်မပြုခဲ့ပါ။ သင်တို့၏ ဂုဏ်သိက္ခာကို ထိပါးစေရန် အလျှင်းမပြုမူခဲ့ပါ။

သင်တို့၏ မျိုးဂုဏ်ကိုလည်း သေးသိမ်မှုမပြုခဲ့ရပါ။ အသင်တို့သိနှင့်ထားသည့်အတိုင်း ‘အလ္လာဟ်’အသျှင်မြတ်သည် ‘အစ္စလာမ်’သာသနာဝင်တို့အား ‘ကာဖိရ်’အပေါင်းတို့နှင့် စစ်တိုက်ခြင်းဖြင့် အဘယ်သို့အကျိုးထူးသည့် ကုသိုလ်ထားရှိသည်။ မိခင်အနေနှင့် အထူးသတိချပ်စေချင်တာကမူ၊ ‘အာခိရသ်’၏ သက်တမ်းသည် မျက်မှောက်ခေတ်၏ သက်တမ်းနှင့် အဆပေါင်းမရေမတွက်နိုင်အောင်မြင့်မြတ်၊ ကောင်းမွန်လှပေသည်။ ‘အလ္လာဟ်’အသျှင်မြတ်က—

يَا أَيُّهَا الَّذِينَ آمَنُوا اصْبِرُوا وَصَا
بِرُوا وَرَابِطُوا وَاتَّقُوا اللَّهَ لَعَلَّكُمْ
تُفْلِحُونَ ۝

အစိပ္ပါယ်။ ။အို—အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ‘ကာဖိရ်’အပေါင်းတို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာ၌ ဒုက္ခနှင့်တွေ့ကြုံရလျှင် သည်းခံကြကုန်လော့၊ မဆုတ်မနစ်သောလုံ့လကို ဆောင်ကြကုန်လော့၊ အသင်တို့သည် အောင်မြင်မှုအပြည့်အဝကို ရယူကြကုန်အံ့။ (ကြည့်—ဗယာနွယ့်ကုရ်အာန်ကျမ်း)

သို့ဖြစ်၍ မနက်ဖြန်စောစောထ၍ လိမ္မာပါးနပ်စွာတိုက်ပွဲ၌ ပါဝင်ဆင်နွှဲကာရန် သူများနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာ၌ 'အလ္လာဟ်'အသျှင့်ထံ အကူအညီတောင်းခံ၍ ရှေ့သို့တိုး၍ တိုက်ခိုက်ကြလော့။စစ်မီးတောက်လောင်၍ မီးတောက်မီးလျှံ တဟုန်ထိုးကြီးမားနေသောအခါ၊သားတော်မောင်တို့သည် ရန်သူ့ ခေါင်းဆောင်ရှိရာသို့ ရှေ့ရှု၍ရဲဝံ့စွာ ယှဉ်ပြိုင်တိုက်ခိုက်လော့။ အသျှင့်အလိုတော်နှင့်'ဂျန္နသ်'သုခဘုံ နန်းသို့ ဂုဏ်ရှိစွာဝင်ရောက်နိုင်ပေအံ့ဟု မိန့်မှာလေ၏။

✔ နံနက်အချိန်၌ စစ်အရှိန်အဝါပြင်းထန်လာသော်၊ သားတော် (၄)ပါးတို့သည် ကိုယ်စီကိုယ်စီ ကျေးဇူးရှင်မိခင်၏ အမှာစကားကို ကဗျာသီကုံးကာ ရွတ်ဆို၍ စိတ်ဓါတ်တက်ကြွလာစေ၏။ ကွယ်လွန်ကျဆုံး 'ယှဟီးဒ်'ဖြစ်ရသော်လည်း အခြားတယောက်မှ စိတ်ဓါတ်ကျဆင်းမှုမရှိသည့်ပြင်၊ ပို၍ပင်တက်တက်ကြွကြွနှင့် ထိုက်ခိုက်လေသည်။ ရုပ်နှင့်နာမ်ခွဲခွါသွားကြပါသော်လည်း အပြုံးမပျက်ကြချေ။ သားတော်(၄)ပါးစလုံး 'ယှဟီးဒ်'ကျဆုံးကြောင်း သတင်းစကားရရှိသူ မိခင်မှာ ငိုကြွေးမြည်တမ်းရမည့်အစား၊ 'အလ္လာဟ်'အသျှင်မြတ်အား ကျေးဇူးတင်ဥပကာရကြီးစွာပြုလျက် 'အလ္လာဟ်'အသျှင်မြတ်သည်၊ သားတော်တို့အား 'ယှဟာဒသ်'ချီးမြှင့်တော်မူ၍ ကျွန်တော်မျိုးမအား ဂုဏ်ပြုတော်မူသည်။ ကျွမအား 'အလ္လာဟ်'အသျှင်မြတ်က ထိုသားတော်(၄)ပါးနှင့်အတူ ကျွမအားလည်း မိမိ'ရဟ်မသ်'ကရုဏာတော်၏ အရိပ်အာဝါသအောက်ဝယ် ခိုလှုံခွင့်ပြုတော်မူလိမ့်မည်ဟု ချွင်းချက်မရှိ ယုံကြည်အားထားပါသည်ဟု ပြောကြားလေ၏။

(ကြည့်-အစဒ္ဒုလ်ဂါဗဟ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤသို့သော 'အလ္လာဟ်' အသျှင့် အချစ်တော် အမျိုးသမီးများလည်း ရှိသေးသည်။ မိမိရင်သွေးရင်နှစ် သားတော်လေးပါးကို စစ်မီးဟုန်းဟုန်းတောက်လောင်ရာသို့ နောက်မတွန့်ပဲ ရှေ့တိုးဝင်လာကြရန် တိုက်တွန်းစကားပြောကြား၏။ တချိန်တည်း တချီတည်းမှာပင် သားတော်များ ကျဆုံး'ယှဟီးဒ်'ဖြစ်ကြလေသဖြင့်၊ ထာဝရ 'အလ္လာဟ်' အသျှင်မြတ်အား ကျေးဇူးတင် ထောမနာပြုသေး၏။

**၁၂။ ✔ဟဇရသ်ဆဖိယဟ်သခင်မတဦးတည်းအနေနှင့် ယဟူဒီကိုသတ်၍ ဦးခေါင်း ဆွဲချိတ်ထားခြင်း အကြောင်း။**

"ဟဇရသ်ဆဖီယဟ်"သခင်မသည် 'နဗီ'တမန်တော်မြတ်၏ ဖူဖီအဒေါ်၊ "ဟဇရသ် ဟမ်ဇဟ်"သခင်၏ အစ်မရင်းချာဖြစ်ချေသည်။ 'အုဟုဒ်'စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့၏။'အစ္စလာမ်'

သာသနာဝင်တို့ အရေးနိမ့်လှသဖြင့် ကစဉ့်ကလျား ဖရိုဖရဲ ဦးတည့်ရာသို့ ပြေးလွှားနေစဉ်၊ သခင်မသည် လှံတံဖြင့် ရှေ့တည့်တည့်မှရိုက်နှက်၍ ပြန်လည်တိုက်ခိုက်စေခဲ့၏။ 'ခန်ဒက်'ကျုံးကြီး တိုက်ပွဲတွင် 'နဗီ'တမန်တော်မြတ်သည် အမျိုးသမီးတို့အား လုံခြုံစိတ်ချလောက်သည့် တနေရာတွင် စုစည်းစေခဲ့လေ၏။

"ဟဇရတ်ဟပ်စွာန်အိဗ်နုဆာဗိတ်" (ရဒ္ဓေ)သခင်အား အစောင့်အရှောက် အဖြစ်နှင့် နေစေတော်မူခဲ့၏။ 'ယဟူဒီ'တို့အဖို့ ဤသည် အကောင်းဆုံးသော အခွင့်အလမ်းပင်တည်း။ အကယ်စင်စစ် ဤသူတို့သည် အတွင်းရန်သူများပင် မဟုတ်ပါလော။ အယုတ်တမာ 'ယဟူဒီ' တို့သည် အခွင့်သင့်လျှင် 'အစ္စလာမ်'သာသနာဝင် အမျိုးသမီးတို့အား ဝင်ရောက်တိုက်ခိုက်ကြမည်ဟု ကြံရွယ်လျက် 'ယဟူဒီ'တယောက်သည် လာရောက်၍ အခြေအနေကို ထောက်လှမ်းစုံစမ်းလေသည်။

'ဆဖီယာ'သခင်မသည် အကင်းပါးသူပီပီ တွေ့မြင်လိုက်သဖြင့်၊ 'ဟဇရတ်ဟပ်စွာန်'သခင်အား 'ယဟူဒီ'တယောက် အခြေအနေလေ့လာရန် ရောက်ရှိလာသည်။ မောင်မင်း အပြင်သို့ ထွက်၍ ဒီမောင့်ကို ကိစ္စတုန်းလိုက်စမ်းဟု ပြောကြားလိုက်လေ၏။ 'ဟဇရတ်ဟပ်စွာန်'သခင်သည် မိမိမှာ နလံထတယောက်ဖြစ်၍ အားအင်ချို့တဲ့သူဖြစ်ကြောင်း ပြောကြားလိုက်လေသော်၊ 'ဆဖီယာ'သခင်မသည် ရွက်ထည်တိုင်ငုတ်ကိုဆွဲချုတ်၍ ကိုယ်တိုင် 'ယဟူဒီ'ဦးခေါင်းကို ရိုက်ခွဲ၍ သတ်ပစ်လိုက်လေ၏။ ထို့နောက် မိမိနေရာဟောင်းသို့လာ၍ 'ဟပ်စွာန်'သခင်အား မောင်မင်း သွား၍ 'ယဟူဒီ'ဦးခေါင်းကိုဖြတ်ယူကာ အပြင်တနေရာရာတွင် ချိတ်ဆွဲထားလော့။ အကြောင်းမှာ ထိုအယုတ်တမာ 'ယဟူဒီ'သည် ယောကျ်ားတစ်ဦးတယောက် ဖြစ်နေသဖြင့်၊ သူ၏ပစ္စည်း အဝတ်အထည်၊ လက်နက် စသည်များကို ချွတ်ယူလျှင် မိမိမှာ မိန်းမသားတယောက်အနေနှင့် မသင့်လှကြောင်း ရှင်းပြလေ၏။

'ဟဇရတ်ဟပ်စွာန်'သခင်မှာ ထိုသည်ကိုပင် မစွမ်းဆောင်နိုင်ကြောင်းပြန်ကြားလိုက်သဖြင့် သခင်မသည် တဖန်ပြန်ကြွတော်မူ၍ ဦးခေါင်းကိုသာဖြတ်ယူ၍ အခြား 'ယဟူဒီ'များ ရှိရာသို့ ဦးခေါင်းကို ပစ်ချလိုက်လေ၏။ ထိုအခါ 'ယဟူဒီ'တို့သည် အံ့ဩလျက် "မုဟမ္မဒ်" (ဆလ္လလ္လာဟု အလိုက်ဟိဝစလ္လမ်)သည် အမျိုးသမီးများချည်းမထားပဲ အမျိုးသားများကိုပါ အစောင့်အကြပ်အဖြစ် ထားသွားလိမ့်မည်ဟု ထင်မြင်ယူဆသည်ဟု အချင်းချင်းပြောကြလေသည်။

(ကြည့်-အစဒ္ဒလ်ဂ ါဗဟ်ကျမ်း)။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

"ဟိဂျရီ"သက္ကရာဇ် ၂၀-ခုနှစ်၌ 'ဟဇရတ်ဆဖီယာ'သခင်မသည် အသျှင့်အမိန့်တော်ကို ခံယူရရှာလေသည်။ ထိုအချိန်၌ သက်တော်မှာ (၇၃)နှစ် ဖြစ်ပါ

သည်။ ဤအတိုင်းသာဆိုလျှင် 'ခန်ဒက်'ကျုံးကြီးတိုက်ပွဲသည် 'ဟိဂျရီ'သက္ကရာဇ် ၅-ခုတွင် ဖြစ်ခဲ့သော် သက်တော်မှာ (၅၈)နှစ်ဖြစ်ချေမည်။ ယခု ကျွန်ုပ်တို့ ခေတ်ကာလ၌ အမျိုးသမီးတို့သည် ဤအသက်အရွယ်လောက်သာ ဆိုလျှင်၊ စစ်တိုက်ခိုက်ရေးကိုထားဘိဦး၊ အိမ်တွင်းအလုပ်ကိုပင် အခါပေါင်း သောင်း ခြောက်ထောင်ခန့် ငြီးတွားနေလေ့ရှိသည်ကို မြင်ကြ၊ ကြားကြရပေသည်။ ထိုသို့သော သူတော်စင်အမျိုးသမီး အမယ်အိုမှာ တဦးတည်း တယောက်တည်း ယောကျ်ားကြီးကို သေစေနိုင်သည့် လက်နက်မျိုးမဟုတ်ပဲ တုတ်တိုနှင့် ရိုက်နှက် နိုင်ခြင်းသည် အဘယ်သို့ မချီးကျူးပဲနေနိုင်အံ့နည်း။

**၁၃။ ဟဇရသ်အတ်စ္စမာအိဗ်နသုယဇီးဒ် သခင်မသည် အမျိုးသမီးတို့၏ ကိုယ်စား ကောင်းမှု ကုသိုလ်နှင့် စပ်လျဥ်း၍ နဗီတမန်တော်မြတ်ထံ လျှောက်ထားမေးမြန်းခြင်းအကြောင်း။**

"ဟဇရသ်အတ်စ္စမာအန်ဆွာရီဆဟာဗီယဟ်"သခင်မသည် 'နဗီ'တမန်တော်မြတ်၏အပါး တော်သို့ ဝင်ရောက်ကာ၊ အို-အသျှင့်တမန်တော်၊ ကျမ၏ ကျေးဇူးရှင် မိဘ ၂-ပါးတို့သည် ကိုယ်တော်အဖို့ 'ကုရ်ဗာန်'ဖြစ်ပါစေသား၊ ကျမသည် အမျိုးသမီးတို့၏ ကိုယ်စားလှယ်အဖြစ်နှင့် ကိုယ်တော်၏ အပါးတော်သို့ လာရောက်ရခြင်းဖြစ်ပါသည်။ မုချကေန် 'အလ္လာဟ်'အသျှင်မြတ် သည် ကိုယ်တော်မြတ်အား အမျိုးသမီး အမျိုးသား နှစ်ဦး နှစ်ဝ တို့အဖို့ 'နဗီ'တမန်တော်အဖြစ် စေလွှတ်တော်မူခဲ့ပေသည်။ သို့ဖြစ်၍ ကျမတို့ အမျိုးသမီးထုကလည်း 'အလ္လာဟ်'အသျှင်မြတ် အားလည်းကောင်း၊ အသျှင့်တမန်တော်အားလည်းကောင်း ယုံယုံကြည်ကြည်နှင့် 'အီမာန်'စွဲယူ ကြပါသည်။

✓ကျမတို့မှာ အိမ်တွင်းပုန်းနေကြရပါသည်။ အမျိုးသားတို့၏အိမ်၌ သိုသိုသိပ်သိပ်နေကြ ရပါသည်။ အမျိုးသားတို့၏ဆန္ဒသည် အမျိုးသမီးများထံမှ ရယူကြရပါသည်။ အမျိုးသမီးတို့ သည် အမျိုးသားတို့၏ သားသမီးများကို ဆယ်ကြိုး ဆယ်လအထိ လွယ်ပိုက်ထားကြရပါသည်။ ထိုထိုသော တာဝန်ဝတ္တရားများကို ထမ်းဆောင်လင့်ကစား၊ အမျိုးသားတို့သည် အမျိုးသမီး များထက် ကုသိုလ်အကျိုးရှာရာ၌ သာလွန်လျက်ရှိကြပါသည်။

✓ဥပမာ—

* 'ဂျမာအသ်နမာဇ်'၌ 'ဂျမာအသ်' အစုအရုံးနှင့် ဝတ်ပြုခြင်း။
* မမာမကျန်းသူအား သွားရောက်ကြည့်ရှုနိုင်ကြခြင်း။
* 'ဂျမာဇဟ် နမာဇ်'၌ ပါဝင်နိုင်ကြခြင်း။
* 'ဟဂျ်'ကိုလည်း အကြိမ်ကြိမ်ပြုဆောင်နိုင်ကြခြင်း။
* အထူးမြတ်ဆုံးဖြစ်သော 'ဂျိဟာဒ်'သာသနာရေးတိုက်ပွဲ၌လည်း ပါဝင် ဆင်နွှဲနိုင်ကြ သေးသည်။

✓အထက်ပါလုပ်ငန်းများကို အမျိုးသားတို့ထမ်းဆောင်နေစဉ် ကျမတို့ အမျိုးသမီးတို့သည် အမျိုးသားတို့၏ ဥစ္စာပစ္စည်းများကို စောင့်ရှောက်ထိန်းသိမ်းပေးကြရပါသည်။ အဝတ်အထည်များကို ယက်လုပ်ပေးခြင်း၊ ချုပ်၊ ဖါထေးခြင်း၊ သားသမီးတို့ကို စောင့်ထိန်းပေးကြရပါသည်။ (ထိုအကြောင်းများကိုထောက်ချင့်၍)သူတို့၏ ကောင်းမှုကုသိုလ်၌ ကျမတို့ပါဝင်ခြင်း ရှိပါ၏လောဟု လျှောက်ထားမေးမြန်းတော်၏။

✓အထက်ပါ လျှောက်ထားမေးမြန်းချက်ကို 'နုဗိ'တမန်တော်မြတ် ကြားနာတော်မူ၍ အပါးတော်၌ ခစားလျက်ရှိကြကုန်သော 'ဆဟာဗိ'တို့ဖက်သို့ ရွှေမျက်နှာတော်မူလျက် (အို-အချင်းတို့၊ သင်တို့သည်) သာသနာရေးရာ၌ ဤအမျိုးသမီးထက် သာလွန် ကောင်းမွန်သော မေးမြန်းလျှောက်ထားသူ တွေ့ကြုံဘူးကြပါသလောဟု အမိန့်တော်ရှိလှာ၏။

'ဆဟာဗိ'တို့က၊ အို-အသျှင့်'ရစူလ်'တမန်တော်၊ ကျွန်တော်မျိုးတို့သည် အမျိုးသမီး တဦးတယောက်အနေနှင့် ဤသို့သော မေးခွန်းမျိုးကို မေးမြန်း လျှောက်ထားလိမ့်မည်ဟုပင် မမြှော်လင့်မိကြကြောင်း ပြန်လည်လျှောက်ကြလေ၏။

✓ထိုနောက် 'နုဗိ'တမန်တော် (ဝစလ္လမ်)က 'အတ်စ်မာအ်' သခင်မဖက်သို့ မျက်နှာလှည့်တော်မူ၍ အို-'အတ်စ်မာအ်'၊ အာရုံစိုက်၍နားစွင့်လော့၊ စွဲမြဲစွာမှတ်ယူ၍ သင့်အား စေလွှတ်လိုက်ကြသော အမျိုးသမီးတို့အား၊ အမျိုးသမီးတို့သည် အမျိုးသားတို့အား ကောင်းစွာ ဆက်ဆံကြကုန်လော့၊ ၎င်းတို့၏နှစ်မြို့မှုကိုရှာကြံကြလော့၊ နှစ်မြို့မှုကိုရယူကြလော့၊ (တာဝန်ဝတ္တရား ကျေပွန်ခဲ့သည်ရှိသော်) ၎င်းတို့၏ ကောင်းမှုသုစရိုက်များ၌ ထပ်တူထပ်မျှ ခံစားရပေအံ့ဟု မိန့်ကြားတော်မူလိုက်လေ၏။ 'အတ်စ်မာအ်'သခင်မသည် အထက်ပါ အဖြေကိုကြားရသဖြင့် အတိုင်းမသိ နှစ်ထောင်းအားရ ဖြစ်မိလေသည်။

(ကြည့်--အစဒုလ်ဂါဗဟ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

✓အမျိုးသမီးတို့သည် မိမိတို့၏ ခင်ပွန်းသည် ယောကျ်ားတို့နှင့် ပြေပြေပြစ်ပြစ် ဆက်ဆံခြင်း၊ အမိန့်ဩဝါဒတော်ကို လိုက်နာကျင့်ဆောင်ခြင်း စသည်တို့သည် အနဂ္ဃတန်ဘိုး မဖြတ်နိုင်သည့်အရာပင်ဖြစ်ပေသည်။သို့ပေမဲ့ ဤကိစ္စ၌ အမျိုးသမီးတို့သည် အလွန်ကိုပေါ့လျော့ကြလေသည်။ လျစ်လျူရှုဘိ၏။

'ဆဟာဗဟ်'သူတော်စင်အပေါင်းတို့သည် အခါတပါး၌ 'နုဗိ' တမန်တော်မြတ်၏အပါးတော်သို့ဝင်ရောက်၍လျှောက်ထားကြသည်မှာ၊ တိုင်းတပါးမှ

တိုင်းသူပြည်သား လူအများတို့သည် မိမိတို့၏ ဘုရင်မင်းအား လည်းကောင်း၊ ခေါင်းဆောင်အားလည်းကောင်း အရိုအသေပြုကာ ဦးချကြ၏။ ဤသို့ဖြစ်လျှင် ကိုယ်တော်မြတ်သည်၊ ထိုအဆင့်ကို ပို၍ခံယူကိုက်လှပါသည်။ ကျွန်ုပ်တို့အား ဦးချ'စဂျဒဟ်'ချခွင့်ပြုတော်မူပါရန် လျှောက်ထားကြလေသည်။ 'နဗီ'တမန်တော်မြတ်က တားမြစ်တော်မူ၍၊ အကယ်၍ငါကိုယ်တော်မြတ်သည်'အလ္လာဟ်' အသျှင်မြတ်မှတပါး အခြားတဦးတယောက်အား ဦးချ'စဂျဒဟ်'ပြုခွင့် အမိန့်ပေးရန်ရှိသော်၊ အိမ်ရှင်မအမျိုးသမီးတို့အား မိမိခင်ပွန်း လင်ယောကျ်ားအား 'စဂျဒဟ်'ဦးချစေတော်မူအံ့။

ထိုနောက်တဖန် 'နဗီ'တမန်တော်မြတ်က အသျှင့်'ကစမ်'၊ ဇနီးသည် အကြင်မိန်းမသည် မိမိခင်ပွန်းလင်ယောကျ်ား၏ တာဝန်ဝတ္တရားမကျေပွန်သမျှ ကာလပတ်လုံး၊ အသျှင့်တာဝန်ဝတ္တရားကိုလည်း ကျေပွန်ရာ မရောက်ပေဟု မိန့်ကြားတော်မူ၏။

'ဟဒီးဆ်'ဩဝါဒတော်။ ။အခါတပါး၌ ကုလားအုတ်တကောင်သည် ကိုယ်တော်မြတ်အပါးသို့ဝင်လာ၍ 'နဗီ'တမန်တော်အား 'စဂျုဒဟ်'ဦးချလေသော်၊ 'ဆဟာဗဟ်'တို့က ဤသတ္တဝါသည် ကိုယ်တော်မြတ်အား 'စဂျုဒဟ်'ပြုလှာ၏။ ကျွန်တော်မျိုးတို့သည် ကိုယ်တော်မြတ်အား ဤသတ္တဝါထက်ပို၍ 'စဂျုဒဟ်' ပြုသင့်ပြုထိုက်ပါကြောင်း လျှောက်ထားလေ၏။ (ထိုအခါ) 'နဗီ'တမန်တော်မြတ်က တားမြစ်တော်မူ၍၊ အကယ်၍ ငါကိုယ်တော်မြတ်သည် 'အလ္လာဟ်' အသျှင်မြတ်မှတပါး အခြားတဦးတယောက်အား 'စဂျုဒဟ်'ဦးချခွင့်ပြုသည်ရှိသော်၊ ဇနီးသည်အမျိုးသမီးသည် မိမိ၏ လင်ခင်ပွန်းသည်အား 'စဂျုဒဟ်'ဦးချစေတော်မူအံ့ဟူ၏။

'ဟဒီးဆ်'တော်။ ။အကြင်ဇနီးမိန်းမသည် မိမိခင်ပွန်းသည်၏ နှစ်မြို့မှုမရှိပဲ 'အလ္လာဟ်'အသျှင့်အမိန့်တော်ကို ခံယူရသည်ရှိသော်၊ ထိုသူမသည် 'ဂျန္နသ်' သုခဘုံနန်းသို့ ဝင်ရောက်စံမြန်းရမည်မဟုတ်ဟူ၏။

အကယ်၍ အမျိုးသမီးဇနီးမိန်းမသည် မိမိခင်ပွန်းနှင့် အချင်းများ မသင့်မျှ၍ တဦးတခြားစီ ညအိပ်စက်သည်ရှိသော်၊ 'မလာအိကဟ်' ကောင်းကင်တမန်တော်တို့သည် (ထိုသူမအဖို့'လအနသ်') ကျိန်ဆဲနေလေ့ရှိသည်ဟူ၏။

'ဟဒီးဆ်'ဩဝါဒတော်။ ။၂-မျိုး ၂-စားသောသူတို့၏ နမာဇ်ဆောက်တည်မှုသည် ဦးခေါင်းအထက်မှ အပေါ်သို့ပင် တက်လေ့မရှိ။ ၎င်းတို့မှာ-

၁။ အကြင်ကျေးကျွန်သည် မိမိသခင်၏ ခွင့်ပြုချက်တစုံတရာမရှိပဲတိမ်းရှောင်နေသူ။

၂။ အကြင်ဇနီးမိန်းမသည် မိမိခင်ပွန်း၏အမိန့်ဩဝါဒကို ဖည်လာဆန့်ကျင်လေ့ရှိသူ စသည့်သူတို့၏ ကောင်းမှုကုသိုလ်များသည် 'အလ္လာဟ်'အသျှင်မြတ် လက်ခံတော်မူရန်မှာ ဝေးလေစွ ဦးခေါင်းအထက်သို့ပင် မရောက်နိုင်ချေ၊ ဟူ၏။

(ကြည့်–ဂျမအွလ်ဖဝါအိဒ်ကျမ်း)

## ၁၄။ ဟဇရည် အွမ္မေအမ္မာရဟ်သခင်မ၏ အစ္စလာမ်သာသနာတော်ကို စွဲယူယုံကြည်ခြင်းနှင့် တိုက်ပွဲသို့ ပါဝင်ဆင်နွှဲခြင်း အကြောင်း။

"ဟဇရည်အွမ္မေအမ္မာရဟ်အန်ဆွာရီယဟ်" သခဝ်မသည် ဦးဦးဖျားဖျား 'အစ္စလာမ်' သာသနာတော်ကို စွဲယူယုံကြည် လက်ခံသူများတွင် တဦးအပါအဝင်ဖြစ်ပေသည်။ 'ဗိုင်အသွလ် အွက္ကဗဟ်' ကတိသစ္စာခံယူခြင်း၊ 'အွက္ကဗဟ်'တောင်ခြေ၌ ပါဝင်ခဲ့၏။ 'နဗီ'တမန်တော်မြတ်သည် အစကနဦးက 'အစ္စလာမ်'သာသနာတော်ဘောင်သို့ သွတ်သွင်းရာ၌ လျှို့ဝှက်စွာသွတ်သွင်းလေ့ရှိသည်။ အကြောင်းမှာ 'မုယှရစ်က်' နှင့် 'ကာဖိရ်'အပေါင်းတို့သည် 'အစ္စလာမ်' သာသနာဝင်ခါစ၊ သစ်လွင်'မွတ်စ်လင်မ်'တို့အား တရားလက်လွတ် နှိပ်စက်လေ့ရှိကြသည်။

'မဒီနဟ်'မြို့တော်မှ 'ဟဂ်ျ'အခါသမယ၌ လူအချို့တို့သည် 'မေနာ'တောင်၏ တောင်ခြေတွင် လျှို့ဝှက်စွာ 'အစ္စလာမ်' သာသနာကို စွဲယူလေ့ရှိကြသည်။ သခင်မမှာ တတိယအကြိမ်၌ 'မဒီနဟ်'မြို့တော်မှ ရောက်ရှိလာသူများတွင် တဦးအပါအဝင်ဖြစ်ချေသည်။

'ဟိဂျရည်'သာသနာရေးခရီးထွက်ကြသည့် နောက်ပိုင်းတွင် ကြုံတွေ့ရသမျှသော တိုက်ပွဲများတွင် ဤအမျိုးသမီး အာဇာနည်မသည် ပါဝင်ဆင်နွှဲခဲ့လေ၏။ အထူးသဖြင့် 'အိုဟုဒ်'၊ 'ဟုဒိုင်ဗိယဟ်'၊ 'ခိုင်ဗရ်'၊ 'အွမ်ရသွလ်ကဇွာ'၊ 'ဟုနိုင်းန်' နှင့် 'ယမာမဟ်' စသည့်တိုက်ပွဲများတွင် ပါဝင်ဆင်နွှဲခဲ့လေသည်။

'အိုဟုဒ်'တိုက်ပွဲအကြောင်းကို သခင်မကိုယ်တိုင်ကိုယ်ကျ ပြောကြားတော်မူခဲ့သည်မှာ ကျမသည်'မရှ်ကီဇဟ်' ရေအိတ်ဖြင့် ရေလွယ်လျက် 'အိုဟုဒ်'ဖက်သို့ ရှေ့ရှု၍'မွတ်စ်လင်မ်'သူတော်စင်တို့၏ အခြေအနေကို ကြည့်ရှုရန်နှင့် အကယ်၍ရေငတ်သူ၊ဒဏ်ရာရရှိသူကို တွေ့မြင်ရသော်၊ ရေတိုက်ကျွေးအံ့ဟု ထွက်လာခဲ့ပါသည်။ ထိုအချိန်၌ သက်တော်မှာ (၄၃)နှစ်ရှိပါပြီ။ ခင်ပွန်းဖြစ်သူနှင့်သားတော် ၂-ပါးတို့သည် ထိုတိုက်ပွဲ၌ ပါဝင်ဆင်နွှဲခဲ့လေသည်။ 'အစ္စလာမ်' သာသနာဝင်တို့သည် အောင်မြင်မှုကို ရယူနေကြ၏။ အရေးသာလျက်ရှိကြ၏။ သို့သော်လည်း တခဏ

ခြင်းမှာပင် အခြေအနေမှာပြောင်းလဲသွား၍ မိမိတို့မှာအရေးနိမ့်ကာ၊ 'ကာဖိရ်' အပေါင်းတို့သည် အရေးသာနေလေသည်။

ထိုအခါ ကျမသည် 'နဗီ' တမန်တော်မြတ်အနီးသို့ ချဉ်းကပ်လိုက်ပါသည်။ ကိုယ်တော် မြတ်ဖက်သို့ ဦးတည်လာသည့် 'ကာဖိရ်' တို့အား ဖယ်ရှားလေ့ရှိနေပါသည်။ အစကနဦးတွင် ကျမ၌ ဒိုင်းကာကွယ်ရန်ဘာမျှမရှိပါ။ နောက်ပိုင်း၌ ဒိုင်းရရှိလာသော်၊ အကာအကွယ်ပါပြု သည်။ ခါး၌အဝတ်တထုပ်ကို စည်းထားမိပါသည်။ ၎င်း၌အဝတ်အပိုင်းစကလေးများကို ထည့်ထား ပါသည်။ အကြင်လူတဦးတယောက်သည် ဒဏ်ရာရရှိခဲ့သော်၊ အဝတ်စတခုကို ထုတ်ယူ၍ ပြာချ ကာ အနာဒဏ်ရာသို့ သိပ်ပေးလေ့ရှိပါသည်။ ကိုယ်တိုင်လည်း ဒဏ်ရာအတော်များများ ခံစား နေရပါသည်။ (၁၂)နေရာ၊(၁၃)နေရာတွင် ဒဏ်ရာရရှိထားပါသည်။ တနေရာမှ ဒဏ်ရာမှာ အလွန်ပြင်းတန်နေပါသည်ဟူ၏။

'အွမ္မေစအီးဒ်' သခင်မအဆို။ ။ကျမသည် သခင်မ၏ ပုခုံးပေါ်တွင် ပြင်းထန်နက်ရှိုင်း သည့် ဒဏ်ရာတခုကို တွေ့မြင်ရပါသည်။ ကျမက ဒီဟာ ဘယ်လိုထိမှန်တာလဲဟု မေးမြန်းရာ သခင်မက 'အိုဟုဒ်' တိုက်ပွဲတွင် လူသူအများသည် ကစဉ့်ကလျားဦးကည့်ရာသို့ ပြေးလွှားနေကြ သော်၊ 'အိဗ်နုကမီးဟ်' သည် ရှေ့တိုး၍ 'မုဟမ္မဒ်' ဘယ်မှာလဲ၊ အကယ်၍ ယနေ့သူ အသက်ချမ်း သာခွင့်ရသွားလျှင်၊ ငါတော့သက်သာမှာ မဟုတ်ဘူးဟု ပြောကာ ထွက်လာပါသည်။ 'မုဆ်အဗ်အိဗ်နုအုမိုင်းရ်' သခင်နှင့် အပေါင်းပါတို့သည် ရှေ့သို့ရောက်ရှိလာကြပါသည်။ ထို၌ကျမ လည်းပါသည်။ ထိုသူယုတ်မာက ကျမ၏ ပုခုံးပေါ်သို့ အားကုန်လွှဲ၍ ခုတ်ချလိုက်ပါသည်။ ထိုသူကိုလည်း ကျမက ဓါးဖြင့် ခုတ်ဖြတ်ပါသည်။ သို့ပေမဲ့ ထိုသူသည် သံကြပ်ကာနှစ်ထပ် ဝတ်ဆင်ထားသဖြင့် အနေသာနေပါသည်။ ဤဒဏ်ရာကို ကျမတနှစ်ခန့် ဆေးကုစားပါသော် လည်း ပကတိအကောင်းတော့ဖြစ်မလာတော့ပါ။ ထိုအတောအတွင်းမှာ 'နဗီ' တမန်တော်မြတ် က 'ဟမ်ရာအွလ်အစဒ်' အမည်ရှိ တိုက်ပွဲအတွက် ကျေညာတော်မူလိုက်ပါသည်။ 'အွမ္မေအမ္မာရဟ်' သည်လည်း အသင့်ပင်စောင့်ဆိုင်းနေပါသည်။ သို့သော်လည်း ဒဏ်ရာမှာ မကျက်သေးသဖြင့် ပါဝင်ဆင်နွှဲခြင်းငှာ မစွမ်းနိုင်တော့ပါ။

'နဗီ' တမန်တော်မြတ်သည် 'ဟမ်ရာအွလ်အစဒ်' တိုက်ပွဲမှ ပြန်လာသောအခါ၊ ဦးစွာပထမ အွမ္မေအမ္မာရဟ်' သခင်မ၏ ကျန်းမာရေးအခြေအနေကို မေးမြန်းတော်မူလေ၏။ အသင့်အတင့် သက်သာလာကြောင်း သိရှိရသော်၊ ဝမ်းပန်းတသာဖြစ်တော်မူလေ၏။ ဤဒဏ်ရာအပြင်အခြား ဒဏ်ရာအမြောက်အမြားကိုလည်း တိုက်ပွဲ၌ခံစားရသေးသည်။

'အွမ္မေအမ္မာရဟ်' သခင်မပြောကြားသည်။ အမှန်မှာ ထိုသူတို့သည် မြင်းစီးများဖြစ်ကြ သည်။ ကျမမှာမူ ခြေလျင်ဖြစ်ပါသည်။ သူတို့သည်လည်း ဘဝတူခြေလျင်သာဖြစ်ခဲ့လျှင်၊ ကျမ

သည် သူတို့ကိုကောင်းကောင်းကြီး လက်စွမ်းပြပါအုံ့ဟူ၏။မြင်းစီးတဦးတယောက်ကလာ၍ တိုက်ခိုက်လာလျှင် ကျမသည် ဒိုင်းနှင့်ခံ၍နေလိုက်ကာ ရှေ့သို့တိုးလိုက်သောအခါ ကျမသည်လျင်မြန်ဖြတ်လပ်စွာ သူ့မြင်း၏ ဒကောက်ကြောကို ခုတ်ဖြတ်လေ့ရှိပါသည်၊ ထိုသို့ဖြင့် မြင်းသည်လည်းကောင်း၊ မြင်းစီးသူရဲသည်လည်းကောင်း (အရုပ်ကြိုးပြတ်သလို)ကျလာပါသည်။ ယင်းသို့ကျလာသည့်အခါ ‘နဗီ’တမန်တော်မြတ်သည် အသံပြုကာ ကျမ၏ သားတော် ၂-ပါးအား သတိပေးလိုက်သော်၊ သူတို့ ၂-ဦးသည် ထိုသူအားဆုံးခန်းတိုင်အောင်စခန်းသို့ ပို့ပစ်ကြပါသည်။

သခင်မ၏ သားတော် “အဗ်ဒွလ္လာဟ်‘အိဗ်နု’ဇိုက်ဒ်” သခင်က အဆိုပြုသည်မှာ၊ ကျွန်ုပ်ဝဲဖက်၌ ဒဏ်ရာရသဖြင့် သွေးသည်မရပ်တမ်းထွက်နေပါသည်။ ‘နဗီ’တမန်တော်မြတ်က ပတ္တီးစည်းစေပါသည်။ ကျွန်ုပ်၏ မိခင်သည်လာ၍ မိမိခါးမှ အဝတ်စထုတ်၍ ပတ္တီးစည်းပေးပါသည်။ ထိုနောက် ‘ကာဖိရ်’တို့အား တိုက်လေ့ဟု မိန့်တော်မူပါသည်။ ‘နဗီ’တမန်တော်မြတ်သည် အခြင်းအရာကို ရှုစားတော်မူ၍၊ အို–‘အွမ္မေအမ္မာရဟ်’၊ သင်မကဲ့သို့ အဘယ်သူဇွဲသတ္တိရှိနိုင်အံ့နည်းဟု မေးမြန်းတော်မူသည်။

ထိုအခါ‘နဗီ’တမန်တော်မြတ်သည် ကျွန်ုပ်၏ မိခင်နှင့် အိမ်သူအိမ်သားများအဖို့လည်းကောင်း၊ ကျွန်ုပ်၏ မိခင်အဖို့လည်းကောင်း အကြိမ်ကြိမ်ဆုတောင်း‘ဒုအာ’ပြုတော်မူ၍ ခြီးကျူးစကားကိုလည်း ပြောကြားတော်မူ၏။

‘အွမ္မေအမ္မာရဟ်’ သခင်မအဆိုပြုသည်။ ထိုအချိန်၌ ‘ကာဖိရ်’တယောက်သည် ရှေ့သို့ရောက်ရှိလာ၏။ ‘နဗီ’တမန်တော်မြတ်က ဤသူသည် သင့်သားကို ဒဏ်ရာရစေခဲ့သည်ဟု မိန့်ကြားလိုက်သဖြင့်၊ ကျမသည်အပြေးအလွှားလိုက်၍ ထိုသူ၏ ဒကောက်ကြောကို ခုတ်ဖြတ်လိုက်ပါသည်။ ထိုသူသည် ခွေလျက်သားလဲကျသွားပါသည်။ ကိုယ်တော်မြတ်၏ ရွှေမျက်နှာတော်၌ ရွှင်ပြုံမှုများသန်းလာလျက်၊ သားမောင်အတွက် လက်စားကောင်းကောင်း ချေလိုက်ပြီးပေါ့ဟု မိန့်ကြားတော်မူပါသည်။ အခြားသူရဲကောင်းတို့သည် ရှေ့တိုးလာကြ၍ ထိုသူအားကိစ္စတုန်းလိုက်ကြပါသည်။

‘နဗီ’တမန်တော်မြတ်က ကျမတို့အဖို့ ‘ဒုအာ’တောင်းခံသောအခါ၊ ကျမက၊ အို–အသျှင့်တမန်တော်၊ ‘ဂျန္နသ်’သုခဘုံနန်း၌ ကိုယ်တော်မြတ်နှင့်အတူ နေရပါရန် ‘ဒုအာ’ပြုတော်မူပါဟု လျှောက်ထားသောအခါ၊ ကိုယ်တော်မြတ်က ‘ဒုအာ’ဆုမွန်တောင်းခံသော်၊ ကျမကယခုမှာမူ ငါ့အဖို့မျက်မှောက်လောက၌ မည်ရွေ့မည်မျှပင် ဘေးဒုက္ခနှင့် ရင်ဆိုင်ရသော်လည်း မှုစရာမလိုတော့ပြီဟု စိတ်ထဲ၌ တွေးထင်မိပါသည်။

သခင်မသည် 'အိုဟုဒ်'တိုက်ပွဲအပြင် အခြားများစွာသော တိုက်ပွဲများ၌ပါဝင်ဆင်နွှဲခဲ့လေသည်။ စွမ်းရည်သတ္တိဗျတ္တိကိုလည်း ရဲရဲတောက်ပြသနိုင်ခဲ့၏။ 'နဗီ'တမန်တော်မြတ် ကွယ်လွန်၍ အသျှင့်အမိန့်တော်ခံယူပြီးနောက် သာသနာပျက်ပြဿနာပေါ်ပေါက်ခဲ့လေသည်။ 'ယမာမဟ်'မြို့၌ ယင်းသာသနာပျက်ကိစ္စနှင့်ပတ်သက်၍ ကြီးလေးသည့် တိုက်ပွဲများ ဆင်နွှဲရလေသည်။ ယင်းတိုက်ပွဲ၌ သခင်မသည် ပါဝင်ဆင်နွှဲခဲ့လေသည်။ ၎င်းတိုက်ပွဲ၌ သခင်မ၏ လက်တဖက်မှာ ပြတ်ကျခဲ့လေသည်။ ထို့အပြင်ဒဏ်ရာ (၁၁)ချက်ရှိလေသည်။ ဒဏ်ရာများမှာ ပြင်းပြင်းထန်ထန်ကို ရရှိခဲ့သေး၏။ ထိုဒဏ်ရာဒဏ်ချက်များဖြင့် 'မဒီနဟ်'မြို့တော်သို့ ပြန်လည်ရောက်ရှိလာ၏။

(ကြည့်–သွဗ်ကာသ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

အမျိုးသမီးတဦးသည် ဤမျှလောက်ဤမျှစွမ်းရည်သတ္တိပြသနိုင်ခဲ့၏။ 'အိုဟုဒ်' တိုက်ပွဲတွင် သက်တော်(၄၃)နှစ်ဆိုသော်၊ 'ယမာမဟ်'တိုက်ပွဲ၌သက်တော် (၅၂) နှစ်ခန့်ရှိချေမည်။ ဤအသက်အရွယ်နှင့်ဤကဲ့သို့တိုက်ပွဲပေါင်းများစွာ၌ ပါဝင်ဆင်နွှဲနိုင်ခြင်းသည် 'ကရာမသ်'တန်ခိုးပြာဋိဟာသာဖြစ်သည်ဟု ဆိုရပေမည်။

**၁၅။ ဟဇရသ်အုမ္မေဟကီးမ်သခင်မ အစ္စလာမ်သာသနာလက်ခံယုံကြည်ခြင်းနှင့်တိုက်ပွဲ၌ ပါဝင်ဆင်နွှဲခြင်း။**

'ဟဇရသ်အုမ္မေဟကီးမ်' သခင်မသည် 'အိုဟုဒ်'တိုက်ပွဲ၌ 'ကာဖိရ်'တို့ဖက်မှ ပါဝင်ခဲ့လေသည်။ 'မက္ကဟ်မြို့တော်ကို အောင်နိုင်သောအခါ 'အစ္စလာမ်' သာသနာတော်ကို လက်ခံစွဲယူခဲ့လေသည်။ခင်ပွန်းလင်ယောကျ်ားအား အတိုင်းမသိချစ်ခင်လေးစားရှာလေသည်။ သို့သော်လည်း 'အစ်က္ကရာမဟ်'သည် ဘခင်၏ အရှိန်အဝါကြောင့်၊ 'အစ္စလာမ်' ဘောင်တွင်းသို့ မဝင်ခဲ့ချေ။ 'မက္ကဟ်'မြို့ကို 'အစ္စလာမ်'သာသနာဝင်တို့ အောင်နိုင်ခဲ့သော် 'ယမင်'ဘက်သို့ ထွက်ပြေးတိမ်းရှောင်လေ၏။ 'အုမ္မေဟကီးမ်'သခင်မသည် မိမိခင်ပွန်းအား လွတ်ငြိမ်းခွင့်ပြုပေးပါရန် 'နဗီ'တမန်တော်မြတ်ထံ ဦးတိုက်လျှောက်ထားလေ၏။ ထို့နောက် ကိုယ်တိုင် 'ယမင်'သို့သွား၍ ခင်ပွန်းသည် လင်ယောကျ်ားအား ဖြောင်းဖျခေါ်ဆောင်လာ၏။ 'မဒီနဟ်' သို့ ရောက်သော် ဇနီးမောင်နှံ နှစ်ဦးစလုံး 'အစ္စလာမ်' သာသနာတော်ကို လက်ခံစွဲယူယုံကြည်ကြ၍ ရှင်မဆုံး တပြုံးပြုံး နေထိုင်ကြလေသည်။

'ဟဇရသ်အဗူဗက္ကရ်' သခင်မသမ္မီးဖြစ်စဉ် 'ရောမ'တိုက်ပွဲဖြစ်ရာ၊ ဇနီးမောင်နှံနှစ်ပေါ်တို့ ပါဝင်ဆင်နွှဲကြလေသည်။(အကြောင်းမလှ၍) 'ဟဇရသ်အစ်က္ကရမဟ်' သခင်သည် ကျဆုံ

'ယှဟီးဒ်'ကွယ်လွန်သွားလေသော်၊ ခါလိဒ်အိဗ်နုစအာ ိးဒ်က ထိမ်းမြားလိုက်လေသည်။ ထိုခရီး၌ပင်'မရဂျုဆ်ဆဖရ်' အမည်ရှိ တနေရာ၌ အခန်းအပ်စေရာ၊ ဇနီးလောင်းက ရန်သူများကိုနှိမ်နင်းပြီးမှ .အေးအေးဆေးဆေး အခန်းအပ်ပါရန် ပြောလေသော်၊ ခင်ပွန်းလောင်းက မိမိသည်ဤတိုက်ပွဲ၌ပင် 'ယှဟီးဒ်'ကျဆုံးရမည်ကို တိတိကျကျ ယုံကြည်မိကြောင်း ပြောလှာသောအခါ၊ သူမသည် ဆိတ်ဆိတ်သာ နေလိုက်လေ၏။ ထို၌တနန်းစခန်းတနေရာတွင် အခန်းအပ်လိုက်ပါသည်။ နံနက်မိုးသောက် အလင်းရောက်သော် 'ဝလီမဟ်' ထမင်းကျွေးရန် အစီအစဉ် ပြုလုပ်နေကြ၏။'ရောမ'စစ်တပ်မှာလည်း တဟုန်ထိုး တက်လာကြလေသည်။ တိုက်ပွဲမှာ အလွန်ပြင်းပြင်းထန်ထန်ဖြစ်ကြ၏။ ၎င်းတိုက်ပွဲ၌ပင် 'ခါလိဒ်အိဗ်နုစအာ ိးဒ်'သခင်မှာ 'ယှဟီးဒ်'ဖြစ် ကျဆုံးရလေသည်။

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُوْنَ

'အွမ္မေဟာကီးမ်'သခင်မသည် ညက အိပ်ခန်းအပ်သည့် တဲနန်းစခန်းကို ဖြိုဖျက်၍ ပစ္စည်းပစ္စယများကိုသိုသိမ်းလိုက်၏။တဲတိုင်ကို ဆွဲကိုင်ကာ ရန်သူစစ်သား (၇) ယောက်ကို တပါးသူ၏အကူအညီမယူပဲ သတ်ဖြတ်လိုက်လေသည်။

(ကြည့်—အစဒ္ဒလ်ဂါဗလ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။ ။**

ကျွန်ုပ်တို့ မျက်မှောက်ခေတ်ကာလ၌ အမျိုးသမီးကိုမူထားဘိဦး၊အမျိုးသား ယောကျ်ားပင်၊ဒီလိုအချိန်အခါမျိုး၌ အိမ်ထောင်မှုကိုစဉ်းစား တွေးတောနေကြပေလိမ့်မည်။ အကယ်၍ 'နေကာဟ်ယှာဒီ' ဖြစ်သွားပါသော်လည်း ရုတ်တရက် 'ယှဟာဒသ်'ဖြစ်သွားပါက ဝမ်းနည်းကျေကွဲစွာ ငိုကြွေး နေလိမ့်မည်။ ထိုသူရဲကောင်း ရဲမေသည် မုဆိုးမဘဝခံယူ၍ စွမ်းစွမ်းတမံဆောင်ရွက်ကာ ပကတေ ယောကျ်ား ရန်သူရဲမက် (၇)ယောက်တို့ကို သတ်ဖြတ်ခဲ့ပေသည်။

**၁၆။ ဟာဇရသ်စုမိုင်ယဟ်ဗင်နုသေ ့ခယာ(သွ)သခင်မ၏ ယှဟာဒသ်ဖြစ်ခြင်းအကြောင်း။**

"စုမိုင်ယဟ်'ဗင်နုသေ ့'ခိုင်ယာသ်" သခင်မသည်'ဟာဇရသ်အမ္မာရ်' သခင်၏ မယ်တော်ဖြစ်ပေသည်။ ယင်းအကြောင်းကို အခန်း(၁)၊အမှတ်စဉ်(၇)တွင် ဖေါ်ပြခဲ့လေပြီ။ ဤသခင်မသည်လည်း မိမိသားတော်မောင်နှင့် ခင်ပွန်းလင်ယောကျ်ားကဲ့သို့ 'အစ္စလာမ်' သာသနာရေးအတွက် ဘေးဒုက္ခအမျိုးမျိုးကို ရဲရဲတောက် ခံယူခဲ့လေ၏။ သို့ပါသော်လည်း 'အစ္စလာမ်'တည်းဟူသော ယုံကြည်ချက်၊'အစ္စလာမ်'တရားတော်ကိုချစ်ကြည်မှုသည် နှလုံးသည်းပွတ်တွင်းသို့ထိုးဝင်

စိုက်မြဲနေခြင်းသည် မြူမှုန့်မျှပင် ကွာခြားမှုကို မတွေ့ရချေ။ သူမအား နေပူကျဲကျဲ ကျောက်စရစ်ခဲများပေါ်တွင် အတင်းအဓမ္မ လဲလျောင်း အိပ်စေခဲ့ကြသည်။ သံကြပ်ကာအင်္ကျီဝတ်ဆင်ပေး၍ နေပူကျဲကျဲ၌ လဲလျောင်း အိပ်စေခဲ့ကြသည်။ သံကြပ်ကာအင်္ကျီမှာ သံဖြစ်သဖြင့် အပူရှိန်ကြောင့် အပူဒဏ်ဖြင့် ကြီးလေးသည့်ဒုက္ခ ဖြစ်စေကြ၏။ 'နဗီ' တမန်တော်မြတ်သည် အနီးအနားမှဖြတ်သွား၍ နှစ်သိမ့်စကားပြောကြားတော်မူလေသည်။ ဂျန္နသ်'သုခဘုံနန်းသို့ ဝင်ရောက် စံမြန်းရမည်ကိုလည်း သတင်းပါးတော်မူလေသည်။

✓ အခါတပါး၌ "ဟဇရသ်စုမိုင်ယဟ်" သခင်မသည် မတ်မတ်ရပ်နေစဉ် 'အဗူဂျဟလ်' သည် ထိုသို့ ရောက်ရှိလာကာ မချေမငံ ဆဲရေး တိုင်းထွာလျက် မိမိကိုင်ဆောင်လာသည့် အဲမောင်းဖြင့် အင်္ဂါစပ်သို့ ထိုးပစ်လိုက်သဖြင့် နေရာ၌ပင် အမိန့်တော်ခံယူသွားရရှာလေသည်။

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُوْنَ

၎င်းသည်'အစ္စလာမ်' သာသနာတော်အတွက်ဦးစွာ ပထမခံယူခြင်းပင်တည်း။

(ကြည့်–အစဒုလ်ဂါဗဟ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

✓ အမျိုးသမီးများ၏၎င်းသို့ကြံ့ကြံ့ခိုင်ခိုင်ဇွဲသတ္တိရှိရှိနှင့်ရှေ့ဆောင်ပြသသွားခြင်းသည် ကျွန်ုပ်တို့အဖို့အားကျဖွယ်ပင်တည်း။ အကယ်စင်စစ် ၎င်းသည်ကားအခြားမဟုတ်၊ မနုဿလူသားတို့၏ နှလုံးသည်းပွတ်တွင်းသို့ အစ္စလာမ် ချစ်စိတ်ဝင် ကိန်းအောင်းသွားသည်ရှိသော်၊ အခြားမည်သည့်အရာပင်ဖြစ်ဖြစ် လွယ်ကူသွားတတ်ပေသည်။ ယခုလည်း ကျွန်ုပ်တို့သည် အချစ်တု အချစ်ယောင်များ အတွက် အသက်စတေးသွားကြသည့်အကြောင်းပေါင်း များစွာကိုမြင်တွေ့ကြရ၏။ ကြားနာရ၏။ ထိုသို့အသက် စတေးခြင်းသည် 'အလ္လာဟ်အသျှင့်' အဖို့(ဝါ) 'အလ္လာဟ်' ၏ သာသနာတော် ထွန်းလင်း တောက်ပြောင်လာရေး အတွက် အသက်ကို စတေးခဲ့သည်ရှိသော်၊ လောကုတ္တရာနေ၁င်'**အာခိရသ်**' ၌ မျက်နှာကောင်းရရှိရန် ဂုဏ်သိက္ခာရရှိရန်အကြောင်းပင်တည်း။ သို့တည်းမဟုတ် မျက်မှောက်လောကကိုသာ ရှေ့ရှုပါက နှစ်ဝအကျိုး ပျက်စီးပေအံ့။

## ၁၇။ အတ်စ်မာအ်အိဗ်နသို့အဗူဗက္ကရ်သခင်မ၏ဘဝနှင့် ကြပ်တည်းမှုများအကြောင်း။

"အတ်စ်မာအ်'အိဗ်နသို့'အဗူဗက္ကရ်" သခင်မသည် 'ဟဇရသ်အဗူဗက္ကရ်' သခင်၏သမီး၊ 'အဗ်ဒုလ္လာဟ်အိဗ်နုဇူဗိုင်းရ်'၏ မယ်တော်၊ 'ဟဇရသ်အာအိယှဟ်' သခင်မ၏ ဘတူမိကွဲအစ်မ

ဖြစ်ချေသည်။ ထင်ပေါ်ကျော်ကြားလှသည်။ 'ဆဟာဗီယဟ်' များ၌ ပါဝင်လေသည်။ ပထမပိုင်းကပင် 'အစ္စလာမ်'သာသနာကို လက်ခံစွဲယူသူဖြစ်ပေသည်။ အမှတ်စဉ်အရ (၁၈) ယောက်မြောက် 'မွတ်စ်လင်မ်' ဖြစ်ခဲ့ပေသည်။ 'ဟိဂျရယ်' မထွက်မီ (၂၇)နှစ် အလျင်ဖွားမြင်ခဲ့လေသည်။ 'နဗီ'တမန်တော်မြတ်နှင့် 'ဟဇရယ်အဗူဗက္ကရ်'သခင်တို့ 'မဒီနဟ်' မြို့တော်သို့ ရောက်ပြီးနောက်၊ နှစ်အိမ်ထောင်မိသားစုတို့အား ခေါ်ဆောင်လာရန် 'ဟဇရယ်ဇိုင်းဒ်'သခင် စသည်တို့အား စေလွှတ်၍ နှစ်အိမ်ထောင်စလုံးအား ဆောင်ကြဉ်းလာစေ၏။ 'ဟဇရယ်အတ်စ်မာအ်' သခင်မသည်လည်း တပါတည်းလိုက်ပါခဲ့လေသည်။

'ကူဗါ' အမည်ရှိနေရာသို့ ရောက်သောအခါ 'အဗ်ဒုလ္လာဟ်အိဗ်နုဇ္ဇုဗိုင်းရ်'အား မီးရှူးသန့်စင် ဖွားမြင်လာလေသည်။ 'ဟိဂျရယ်' ခရီးထွက်၍ ပထမဖွားသည့် ကလေးသည်ကား 'အဗ်ဒုလ္လာဟ်အိဗ်နုဇ္ဇုဗိုင်းရ်' သခင်ပင်ဖြစ်ချေသည်။ ထိုခေတ်အခါ၌ 'အစ္စလာမ်'သာသနာဝင်တို့သည် မိမိတို့၏ အိုးအိမ်လယ်ယာကိုင်းကျွန်းများကိုစွန့်၍ အရပ်တပါးသို့သာသနာရေးအတွက် သွား၍ အခြေစိုက်နေကြသည့် စပ်ကူးမတ်ကူး ကြားကာလ၌ စီးပွားရေးအခြေအနေမှာ အလွန်အလွန် ကျဆင်းနေကြောင်း ထင်ရှားလှပေသည်။ ထိုသို့ဖြစ်စေကာမူ ထိုခေတ်ကာလ၌လူတို့သည် မဆုတ်မနစ်သောလုံ့လနှင့် ကြိုးပမ်းအားထုတ်ခြင်း၊ သူရသတ္တိနှင့် စွမ်းစွမ်းတမံထမ်းဆောင်ခြင်းများဖြင့် စိတ်ပြင်ပြုကြပေသည်။

'ဟဇရယ်အတ်စ်မာအ်'သခင်မသည် မိမိဘဝသက်တမ်း၌ဖြစ်ပျက်သမျှကို ကိုယ်တိုင်ဖွင့်ဟပြောကြားခဲ့လေသည်။ ကျွန်မသည် 'ဇုဗိုင်းရ်'သခင်နှင့် အိမ်ထောင်ကျ ထိမ်းမြားမင်္ဂလာဆောင်သော်၊ သူ့ထံ၌ ဥစ္စာပစ္စည်းဟူ၍လည်းမရှိ၊ အစေအပါး ကျေးကျွန်ဟူ၍လည်းမရှိခဲ့ပါ။ ကျွန်မကိုယ်တိုင် ကုလားအုတ်အတွက် မြက်ရိတ်၊ရေတိုက်နှင့် စွန်ပလွံသီးအစေ့များကို ထောင်းထု၍ အစာအဖြစ်ကျွေးမွေးရပါသည်။ သောက်သုံးရေကိုလည်း ကိုယ်တိုင်ခပ်ရပါသည်။ ရေပုံးကြိုးပြတ်သွားလျှင် ကိုယ်တိုင်ကျစ်ရပါသည်။ ထိုနည်းတူစွာ မြင်းကိုလည်း ပြုစုရပါသည်။ မြင်းကိုပြုစုရာ၌ ကျွန်မအတွက် ပို၍ပင်ပမ်းလှပါသည်။ အမှန်အတိုင်းသာပြောရလျှင် ကျွန်မသည်အချက်အပြုတ်၌မကျွမ်းကျင်လှပါ။ ဂျူကိုနယ်၍ အိမ်နီးချင်း ရင်းနှီးသော အမျိုးသမီး များအား မုန့်လုပ်စေပါသည်။

'နဗီ'တမန်တော်မြတ်သည် ကျွန်မတို့'မဒီနဟ်'သို့ရောက်သောအခါကျွန်မ၏ခင်ပွန်း'ဇုဗိုင်းရ်' အား မြေယာတကွက်ကို အငှားသဘောဖြင့် ပေးထားပါသည်။ ထိုမြေကွက်သည် 'မဒီနဟ်'မှ (၂)မိုင်ခန့်ဝေးကွာပါသည်။ ထိုမှကျွန်မသည် စွန်ပလွံစေ့များကို ခေါင်းရွက်၍ ပြန်လာလေ့ရှိပါသည်။ တကြိမ်သော်၊ ကျွန်မပြန်လာနေစဉ် 'နဗီ'တမန်တော်မြတ်သည် ကုလားအုတ်စီးလာနေသည်နှင့် ဆုံစည်းရပါသည်။ ကိုယ်တော်မြတ်သည် ကုလားအုတ်ကိုဝပ်စေ၍ ကျွန်မအား တက်စီးရန် ညွှန်ပြတော်မူပါသည်။ ကိုယ်တော်မြတ်နှင့် 'အန်ဆွာရ်' အမျိုးသားအုပ်စုတစုလည်း

ပါလာပါသည်။ ဤသို့ယောကျ်ားများနှင့် သွားရမည်ကို ကျမမှာစိတ်မလုံမလဲ ဖြစ်မိပါသည်။ ခင်ပွန်းဖြစ်သူ 'ဇူဗိုင်းရ်' မှာလည်း အရှက်ကြီးသူ တဦးဖြစ်ကြောင်း ပြေးသတိရမိပါသည်။ သူစိတ်ဆိုးမည်ကိုလည်း တွေးထင်မိပါသည်။

ကျမ၏ရှုံ့ကြောက်မှု ဟန်အမူအယာကို ကိုယ်တော်မြတ်ရှုမြင်သော်၊ ရိပ်စားမိတော်မူ၍ ရှေ့ရှုခရီးထွက်ကြွတော်မူစေ၏။ ကျမတယောက်တည်း အိမ်သို့ပြန်လာခဲ့ပါသည်။ အကျိုးအကြောင်းကို ခင်ပွန်းဖြစ်သူ 'ဇူဗိုင်းရ်'အား ပြောပြသောအခါ၊ 'ဇူဗိုင်းရ်' သခင်က အသျှင့် 'ကစမ်'ရှင်မ အစေ့ထုပ်ကို ခေါင်းရွက်လာခြင်းသည် ငါ့အဖို့ပို၍ပင်ရှက်စေသည်ဟု ပြောလှာ၏။ (သို့ပေမဲ့ မတတ်သာသည့်အဆုံး ဤသို့သာရှိချေသည်။ ဤပုဂ္ဂိုလ်တို့မှာ ယေဘုယျအားဖြင့် သာသနာရေးတိုက်ပွဲ၊ အခြားဘာသာရေး အလုပ်များ၌ ပါဝင်ဆင်နွှဲ နေကြရလေသည်။ သို့ဖြစ်၍အိမ်မှုကိစ္စအဝဝကို အိမ်ရှင်မအမျိုးသမီးများသာ လုပ်ဆောင်နေကြရလေသည်)။

ထိုနောက် ကျမ၏ဘခင်'ဟာဇရသ်အဗူဗက္ကရ်'သခင်အား 'နဗီ'တမန်တော်မြတ်က ပေးလှာသည့် ကျွန်တပါးကို ကျမတို့ထံသို့ စေလွှတ်လိုက်ပါသည်။ မြင်းတိရစ္ဆာန်၏တာဝန်ကိုလွှဲပြောင်းပေးလိုက်၍ ကျမမှာ သက်သာရာရရှိလာပါသည်။ ကျမမှာအကျဉ်းဘဝမှ လွတ်လာဘိအလားဝမ်းမြောက်မိပါသည်ဟူ၏။

(ကြည့်-ဖသ်ဟွလ်ဗာရီကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

အာရေဗီးယားတိုင်းနိုင်ငံ၌ ထုံးဓလေ့သည် ယခင်မှယခုအထိ စွန်ပလွံစေ့များကို ထောင်းထု၍သော်လည်းကောင်း၊ ကြိတ်၍သော်လည်းကောင်း၊ ရေစိမ်၍သော်လည်းကောင်း တိရစ္ဆာန်များကို အစားအစာအဖြစ် ကျွေးမွေးလေ့ ရှိကြပေသည်။

## ၁၈။ အဗူဗက္ကရ်သခင်သည် ဟိဂျရသ်ခရီးထွက်ရာ၌ ဥစ္စာပစ္စည်းအလုံးစုံ ယူသွားခြင်းနှင့် သမီးတော် အတ်စ်မာအ်သခင်မက ဘိုးတော်အားနှစ်သိမ့်စေခြင်းအကြောင်း။

'ဟာဇရသ်အဗူဗက္ကရ်' သခင်သည် 'ဟိဂျရသ်'ခရီးထွက်ရာ၌ အိမ်ရှိ ပစ္စည်းဥစ္စာ များကို စုဆောင်း၍ လိုလိုမယ်မယ် သုံးဆောင်ရန်ဟုဆို၍ ယူလာလေ၏။ 'နဗီ'တမန်တော်မြတ်သည် လည်း ပါလာ၏။ အိမ်၌ရှိ ဥစ္စာပစ္စည်းများ၏ တန်ဘိုးခန့်မှန်းချေအရ 'ဒိရ်ဟမ်'(၆)ထောင်ခန့် တန်ဘိုးရှိပေမည်။ အားလုံးဆောင်ယူလာလိုက်၏။

ကိုယ်တော်နှစ်ပါးကြွသွားသည့်နောက်ပိုင်းတွင်'အဗူဗက္ကရ်'သခင်၏ဘခင်'အဗူကုဟာဖဟ်' မျက်မမြင်ဒုက္ခိတသည် (ထိုအချိန်အထိ 'မွတ်စ်လင်မ်' မဖြစ်သေးချေ။) မိမိမြေးတော်များထံ သတင်းမေးလာ၏။ ဝမ်းနည်းကြေကွဲဟန်ဆောင်လျက် 'အဗူဗက္ကရ်'သည် မိမိထွက်ခွာသွား၍ သင်တို့အား စိတ်ဒုက္ခ ရောက်စေခဲ့သည်ကတမူ၊ ရှိရှိသမျှ ဥစ္စာပစ္စည်းတွေကိုလည်း ယူသွား၍ သင်တို့အား စိတ်ဒုက္ခရောက်စေသဖြင့်တမူ (၂)မူ ရောက်စေခဲ့သည်ဟု ပြောကြားလေ၏။

'ထိုအခါ 'အတ်စ်မာအ်' သခင်မက ''ပြစ်တင်စရာမဟုတ်ပါဘူးဘိုးတော်ရဲ၊ ဘခင်ကြီးက ပစ္စည်းတွေအများကြီး ချန်ထားခဲ့ပါတယ်'' ဟု ပြော၍ ကျမသည် ကျောက်စရစ်ခဲကလေးများ ကို ဘခင်ကြီး ငွေထားလေ့ရှိသည့် စင်ပေါ်သို့တင်ထားပြီး အပေါ်မှ အဝတ်တထည်ဖြင့် အုပ် ထားကာ၊ ဘိုးတော်အား လက်ဆွဲခေါ်ဆောင်သွား၍ လက်တင်ပြသလိုက်ပါသည်။ ထိုသို့ ဖြင့် ဘိုးတော်သည် ငွေကြေးအတော်အတန်ရှိသေးသည်ဟုထင်မှတ်ကာ စိတ်ချမ်းသာမှု ရရှိ သွားပါသည်။ အေး–ကောင်းတယ်၊ ကောင်းတယ်၊ မင်းတို့အဖို့ စားဝတ်နေရေး စိတ် အေးရပေမယ်ဟု ပြောလာပါသည်။ သခင်မအဆို။ ။အသျှင့်'ကစမ်' ကျမသည်ဘိုးတော် အား စိတ်ချမ်းသာစေရန်သာ ပြုလုပ်ရခြင်းဖြစ်သည်။ အကယ်စင်စစ် တပြားတချမ်းမှ ချန် ထားခဲ့ခြင်း မရှိပါဘူးဟု ပြောကြားလိုက်လေသည်။

(ကြည့်–မွတ်စ္စနဒ်အဟ်မဒ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤစိတ်ဓါတ်မျိုးရှိခြင်းသည် ချီးကျူးဖွယ်ပင်တည်း။ အကယ်စင်စစ် ဘိုးတော်၏ ပူပင်သောကထက် ပို၍ သမီးတော်သည် ပူပင်ရပေမည်။ ထိုအချိန်၌ ဖခင်အကြောင်း ဘိုးတော်ရှေ့၌ တင်သော် သင့်လှပေသည်။ အမြင်အားဖြင့် တွယ်တာရာဟူ၍ ဘိုးတော်သာရှိပေတော့သည်။ ဘိုးတော်သနားလာအောင် အသွင်ဆောင်လာရပေမည်။ တဖက်မှ ဖခင်နှင့် ဝေးရလေသည်။ အခြား တဖက်မှ စားသောက်ရန်မှာ မယ်မယ်ရရဟူ၍ ဘာမျှမရှိချေ။ အခြားတနည်း ပြန်လည်ကြည့်လိုက်ပြန်သော် 'မက္ကာဟ်' မြို့သူမြို့သားတို့သည် ဝေဘူယျအားဖြင့် ရန်သူများ ဖြစ်နေကြလေသည်။ အဆက်အသွယ် ဖြတ်တောက်ထားကြသည်။ သို့ပါသော်လည်း 'အလ္လာဟ်'အသျှင်မြတ်သည် ထိုထိုသော သူတော်စင်တို့၏ ကျင့်ဆောင်ချက်၊ ကြဉ်ရှောင်ချက်များကို ထောက်ရှုခြင်းအားဖြင့်ခြီးမြှင့်တော်မူ ခဲ့တယ်။ ကျွန်ုပ်တို့အဖို့ အားကျရုံမှအပအခြားဘာမျှမရှိကြချေ။

အစကနဦးက 'အဗူဗက္ကရ်' သခင်သည် အလွန်ကြွယ်ဝချမ်းသာသည့် အထည်ကုန်သည်တဦး ဖြစ်ခဲ့ပေသည်။ သို့ဖြင့် 'အစ္စလာမ်' သာသနာရေး အတွက် အသျှင့်လမ်းတော်၌ ရက်ရက်ရောရော ပေးကမ်း လှူဒါန်းခဲ့လေသည်။ 'သဗူးက်'တိုက်ပွဲအတွက် မိမိအိမ်၌ ရှိရှိသမျှသော ဥစ္စာပစ္စည်းများကို ထမ်းပိုး

လျက် ယူလှာပေးခဲ့လေသည်။ ထိုအကြောင်းကို အခဏ်း (၆)၊ အမှတ် (၄)၌ အကျယ်တဝင့် ဖေါ်ပြခဲ့လေသည်။

ထိုကြောင့် 'နဗီ'တမန်တော်မြတ်က မည်သူ့ဥစ္စာပစ္စည်းမှ 'အဗူဗက္ကရ်'၏ ဥစ္စာပစ္စည်းလောက် ငါကိုယ်တော်မြတ်အား အကျိုးမပြုခဲ့ချေ။ ငါကိုယ်တော်မြတ်သည် 'အဗူဗက္ကရ်'မှအပ ကျန် အားလုံးသော ကျေးဇူးရှင်တို့အား ကျေးဇူးပြန်ဆပ်ခဲ့သည်။'အဗူဗက္ကရ်'၏ကျေးဇူးကို 'အလ္လာဟ်'အသျှင်မြတ်ကသာ ခြီးမြှင့်တော်မူအံ့ဟု မိန့်ကြားတော်သည်။

## ၁၉။ အတ်စ်မာအ်သခင်မ ရက်ရက်ရောရောလှူဒါန်းခြင်းအကြောင်း။

'ဟဇရသ်အဝ်စ်မာအ်' သခင်မသည် အလွန် ရက်ရက်ရောရော လှူဒါန်းသူဖြစ်သည်။ ပထမပိုင်းက ပေးကမ်းလှူဒါန်းရာ၌ ရှေ့နောက် စဉ်းစဉ်းစားစားနှင့် လှူဒါန်းလေ့ရှိသော်လည်း၊ 'နဗီ'တမန်တော်မြတ်က သင်တို့သည် ရေတွက်စဉ်းစားဆင်ခြင်၍ လှူဒါန်းခြင်း မပြုလေနှင့်။ 'အလ္လာဟ်'အသျှင်မြတ်က သင်တို့အား ပေးကမ်းခြီးမြှင့်သည့် အခါ၌လည်း ထိုသို့ပြုအံ့ဟုသိရသော်၊ ရက်ရက်ရောရောလှူဒါန်းလာ၏။ မိမိသမီးတော်များနှင့် အိမ်ရှိ အမျိုးသမီးတို့အားလည်း ရက်ရက်ရောရော ပေးကမ်းလှူဒါန်းရန် တိုက်တွန်းလေ၏။

'အလ္လာဟ်'အသျှင့်လမ်းတော်၌ ပေးကမ်းစွန့်ကျဲခြင်းဖြင့် 'ဆဒ္ဒကဟ်' လှူဒါန်းရာ၌ လိုသည်ထက်ပို၍ လှူဒါန်းခြင်း ပိုမှလှူဒါန်းမည်ဆိုပါက မဖြစ်နိုင်ကြောင်း လူသားတို့မှာ ပိုသည်ဟူ၍ဖြစ်ခဲကြောင်း၊ 'ဆဒ္ဒကဟ်'ဓမ္မဒါနပြုရာ၌ ဆုံးရှုံးမှုမရှိကြောင်း၊ မဆုံးရှုံးနိုင်ကြောင်း ပြောကြားတော်မူလေသည်။

(ကြည့်-သွဗ်ကာသ်ကျမ်း)

## သိမှတ်ဖွယ်ရာအဖြာဖြာ။

ထိုထိုသော ပုဂ္ဂိုလ်တို့သည် မည်ရွေ့မည်မျှပင် စီးပွားရေး ကြင်ကြည်းနေစေကာမူ၊ အလှူဒါနပြုရာ၌ လက်မတွန့်ကြပေ။ မရှိ ရှိရာကိုလှူ လေ့ရှိကြပေသည်။ ယခုမျက်မှောက်ခေတ်ကာလ၌ များစွာသော 'ဒ ာမ်' သာသနာဝင်တို့သည် ဆင်းရဲသည်။ စီးပွားရေး ကြပ်တည်းနေကြရပ ာည်ဟုဆိုကြပါသော်လည်း ဝမ်းဗိုက်ပေါ်သို့ ကျောက်ခဲချည်၍ ထားရသည်ဟု မရှိကြသေးပေ။ ထိုပုဂ္ဂိုလ်တို့မှာ နေ့စဉ်ရက်ဆက် ထမင်းတော်နေရပါသော်လည်း လှူဒါန်းရာ၌ ပျက်ကွက်မှုဟူ၍ မရှိကြချေ။

## ၂၀။ ဟာဇရယ်ဇိုင်နဗ်သခင်မ တမန်တော်မြတ်၏သမီးတော် ဟိဂျရယ်ခရီးထွက်ခြင်းနှင့် ကွယ်လွန်အသျှင့်အမိန့်တော်ခံယူခြင်းအကြောင်း။

နှစ်ဘ၀သခင် ကျေးဇူးရှင် တမန်တော်'မုဟမ္မဒ်'(ဆလ္လလ္လာဟုအလိုက်ဟိ၀စလ္လမ်) သခင်၏ချစ်သမီး 'ဟာဇရယ်ဇိုင်နဗ်'သခင်မသည် 'နဗီ'တမန်တော်'နဗီ'ဘွဲ့မရမီ ဆယ်နှစ်အလျင်ကိုယ်တော်မြတ်၏ သက်တော်(၃၀)၌မီးရှုးသန့်စင် ဖွါးမြင်ခဲ့လေသည်။ (အချိန်တန်အရွယ်ရောက်သော်) မောင်နှမ၀မ်းကွဲခါလာ့သား'အဗ္ဗုလ်အာဆ်အိဗ်နုရဗိအ်'နှင့်အိမ်ထောင်ကျခဲ့လေသည်။အကြောင်းမညီညွတ်သဖြင့်တမန်တော်မြတ် 'ဟိဂျရယ်-သာသနာရေးခရီးထွက်စဉ် လိုက်ပါခြင်းမပြုနိုင်ခဲ့ပေ။

ခင်ပွန်းဖြစ်သူသည် 'ဘဒ်ရ်' တိုက်ပွဲ၌ 'ကာဖိရ်' တို့ဖက်မှ ပါလာလေသည်။ (အရေးနိမ့်၍) သုံ့ပန်းအဖြစ်နှင့် ရောက်ရှိလာလေသည်။ 'မက္ကဟ်' မြို့သူမြို့သားတို့က မိမိတို့၏စစ်သုံ့ပန်းတို့အား ငွေကြေးယူ၍ လွှတ်ပေးရန် ဥစ္စာပစ္စည်း ငွေကြေးများ ပေးပို့သည့်အခါ 'ဇိုင်နဗ်'သခင်မသည်လည်း မိမိ၏ခင်ပွန်းလင်ယောကျ်ား လွှတ်လာပါရန် မိမိလည်ဆွဲကြိုးကိုပေးပို့လိုက်လေ၏။ ၎င်းအနက် မယ်တော်သခင်မ 'ခဒီဂျဟ်'က မင်္ဂလာအခမ်းအနား၌လက်ဖွဲ့လိုက်သည့် ဆွဲကြိုးလည်း ပါရှိလာလေသည်။

'နဗီ'တမန်တော်မြတ်သည် (၎င်းဆွဲကြိုးကို) မြင်တွေ့ရသော်၊ 'ဟာဇရယ်ခဒီဂျဟ်' သခင်မအား လွမ်းဆွတ်သတိရကာ မျက်ရည်များပင် ရစ်၀ဲလာလေသည်။ ကိုယ်တော်မြတ်က မိမိအကြည်တော်များနှင့် ဆွေးနွေးကာ 'အဗ္ဗုလ်အာဆ်' အား စစ်လျော်ကြေးမယူပဲ မိမိအိမ်သို့ ပြန်နိုင်ကြောင်း၊ အိမ်သို့ ရောက်လျှင်ရောက်ခြင်း 'ဟာဇရယ်ဇိုင်နဗ်' သခင်မအား 'မဒီနဟ်' မြို့တော်သို့ပို့ဆောင်ပေးရမည်ဟု အဆုံးအဖြတ်ပေးကြသည်။ ကိုယ်တော်မြတ်သည် သမီးတော်ဆောင်ကြဉ်းလာရန် လူကြိုတော် ၂ ပါးကို တပါတည်း ထည့်လွှတ်တော်မူလိုက်၏။ ထိုသူတော်စင်နှစ်ပါးတို့သည် မြို့ပြင်မှ စောင့်ဆိုင်းနေ၍ 'အဗ္ဗုလ်အာဆ်'က လာရောက်ပို့ပေးရပေမည်။

ထိုနည်းအတိုင်းပင် 'ဟာဇရယ်ဇိုင်နဗ်' သခင်မသည် မိမိမတ်တော် 'ကနာနဟ်'နှင့်ကုလားအုတ်စီး၍ ထွက်ခွါကြလေသည်။ အကြောင်းသတင်းကို 'ကာဖိရ်' အပေါင်းတို့ကြားသိကြသော်၊ မီးလောင်ရာ လေသင့်သလို ဒေါသအိုး ပေါက်ကွဲကြလေသည်။ အုပ်စုတစုသည် တားဆီးပိတ်ပင်ရန် ရောက်ရှိလာကြ၏။ ၎င်းတို့အနက် တဦးမှာ 'ဟိဗါရ်အိဗ်နုအတ်စ်၀ဒ်'ဖြစ်သည်။၎င်းသည် 'ဟာဇရယ်ခဒီဂျဟ်'သခင်မ၏ မောင်၀မ်းကွဲ၏သား၊ တူမောင်ဖြစ်ချေသည်။ တနည်းအားဖြင့် 'ဇိုင်နဗ်'သခင်မ၏ မောင်၀မ်းကွဲဖြစ်ပေသည်။ ထိုသူနှင့်အတူ အခြားတယောက်ပါရှိသေးသည်။ သူတို့ ၂ ယောက်အနက်၊ တယောက်က အမျိုးစု၏ အဆိုအရ 'ဟိဗါရ်အိဗ်နုအတ်စ်၀ဒ်' ကပင် 'ဟာဇရယ်ဇိုင်နဗ်'သခင်မအား လှံဖြင့်ပစ်ထိုးလိုက်သဖြင့်၊ပြင်းထန်သည့်ဒဏ်ရာရရှိ၍ ကုလားအုတ်ပေါ်မှ လိမ့်ကျကာ ၀မ်းတွင်းရှိ ကလေးမှာလည်း ပျက်ကျသွားသည်ဟုသိရ၏။ မတ်တော်ဖြစ်သူ 'ကနာနဟ်'က လေး မြှားလက်နက်ဖြင့် ခုခံတိုက်ခိုက် တွန်းလှန်သေးသည်ဟူ၏။

'အဗူစုဖ်ယာန်'က 'မုဟမ္မဒ်'(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)၏ သမီးဖြစ်ပါလျက်၊ လူသိရှင်ကြားသွားခြင်းသည်ကား မဖြစ်နိုင်ပါ။ သည်းမခံနိုင်ပါ။ သို့ဖြစ်၍ ယခုခေတ္တခဏပြန်ကြလော့။ နောက်ကျမှ ပုန်းလျှိုလျက် ပို့လိုက်ဟု 'ကနာနဟ်'အား ပြောလာသဖြင့် သဘောတူလက်ခံ၍ ပြန်ခေါ်ဆောင်လာလေ၏။ တရက်နှစ်ရက်ကြာမှ ပြန်ပို့လေသည်။

"ဟာဇရသ်ဇိုင်နဗ်"သခင်မ၏ဒဏ်ရာသည် နှစ်အတန်ကြာအထိ အနာမကျက်ပဲရှိလေသည်။ နောက်ဆုံး ထိုဒဏ်ရာကြောင့်ပင် 'ဟိဂျရီ' (၈)ခုနှစ်၌ အသျှင့်အမိန့်တော်ကို ခံယူရရှာလေသည်။

(အန်နာလစ်လ္လာဟိ၊ ဝအင်နာအိလိုင်ဟိရာဂျေအူးန်)။

✓ကိုယ်တော်မြတ်က သူမသည် ငါကိုယ်တော်မြတ်၏ အလိမ္မာဆုံးသမီးဖြစ်သည်။ ငါကိုယ်တော်မြတ်အား ချစ်ခင်မှုဖြင့် သူမအား ညှဉ်းဆဲခြင်းကိုခံရရှာလေသည်ဟု မိန့်ကြားတော်မူခဲ့သည်။ မြေမြှုပ်ရာ၌ သင်္ချိုင်းသို့ ကိုယ်တော်မြတ်ကိုယ်တိုင် သက်ဆင်းတော်မူသည်၊ ဆင်းချိန်၌ စိတ်ပြိုငြင်နေသည်။ ပြန်လည်တက်လာသည့်အခါ ကိုယ်တော်မြတ်သည် ရွှင်ပျနေသည်ကို မြင်ကြသော်၊ 'ဆဟာဗီ'တို့က အကြောင်းကို မေးမြန်း လျှောက်ထားလေ၏။ ကိုယ်တော်မြတ်က ငါကိုယ်တော်မြတ်သည် 'ဇိုင်နဗ်'၏ ကြောက်ရွံ့မှုကိုရွှေရှု၍ ပူပင်သောကဖြစ်မိသဖြင့် သင်းချိုင်းညှပ်ခြင်းမှ ချမ်းသာရရန် အသျှင့်ထံ ဆုပန်တောင်းခံရာ၊ 'အလ္လာဟ်'အသျှင်မြတ်က လက်ခံတော်မူလိုက်သည်ဟု ပြန်ကြားတော်မူသည်။

(ကြည့်–ခမီးစ်+အစဒ္ဒလ်ဂါဗဟ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

✓ နှစ်ဘဝသခင် ကျေးဇူးရှင်တမန်တော်မြတ် 'မုဟမ္မဒ်'(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သခင်၏ ချစ်သမီး သာသနာရေးအတွက် ဤမျှ ဒုက္ခဘေးအန္တရာယ်ကို ခံယူလင့်ကစား 'ကဗရ်'သင်းချိုင်း၏ ညှပ်ဖျစ်မှုကို ရွံ့ကြောက်သဖြင့်၊ ကိုယ်တော်မြတ်၏ 'ဒုအာ'ဆုမွန်တောင်းခံမှုလိုလာလျှင်၊ ယနေ့ ကျွန်ုပ်တို့ကဲ့သို့သူများအဖို့ အဘယ်သို့ဆိုနိုင်အံ့နည်း။ သို့ဖြစ်၍ လူတို့သည် အခါခပ်သိမ်း သင်းချိုင်း၏ ညှပ်ဖြစ်ခြင်းမှ ကင်းဝေးနိုင်ရန် 'ဒုအာ'တောင်းခံသင့်ပေသည်။ 'နဗီ'တမန်တော်မြတ် ကိုယ်တော်တိုင်က ပညာပေးသဘောဖြင့် 'ကဗရ်'သင်းချိုင်း၏ အန္တရာယ်ဘေးဒုက္ခမှ ကင်းဝေးစွာနေနိုင်ရန်—

اَللّٰهُمَّ احْفَظْنَا مِنْهُ بِمَنِّكَ وَكَرَمِكَ
وَفَضْلِكَ ،

ဟု တောင်းခံတော်မူလေ့ရှိခဲ့ပေသည်၊

## ၂၁။ ရုဗိုင်ယိအ်ဗင်န်သိ မု အောက်ဝုဇ်သခင်မ၏ သာသနာရေးအတွက် မခံမရပ်ဖြစ်ခြင်း

ရုဗိုင်ယိအ်ဗင်န်သ်မုအောက်ဝုဇ်' သခင်မသည် 'အန်ဆွာရီ'အမျိုးသမီးတဦး ဖြစ်ပေသည်။ တိုက်ပွဲပေါင်းများစွာ၌ ပါဝင်ဆင်နွှဲခဲ့လေသည်။ ဒဏ်ရာရ ရဲမက်သူတို့အား ဆေးဝါးကုသပေးလေ့ရှိသည်။ 'ယှဟီးဒ်'အလောင်းကောင်များကို သယ်ဆောင်လေ့ရှိခဲ့သည်။ 'နဗီ'တမန်တော်မြတ် 'ဟိဂျရသ်'မပြုမီကပင် 'အစ္စလာမ်'သာသနာတော်ကို လက်ခံခဲ့လေသည်။ ကိုယ်တော်မြတ် 'ဟိဂျရသ်'ပြုပြီးမှ အိမ်ထောင်ကျခဲ့လေသည်။

မင်္ဂလာအခမ်းအနားသို့ 'နဗီ'တမန်တော်မြတ်ကိုယ်တော်တိုင် ကြွမြန်းတော်မူခဲ့လေသည်။ ၎င်းအခမ်းအနား၌ အရွယ်မရောက်ကြသေးသည့် မိန်းကလေးတို့သည် ဝမ်းသာအားရဖြစ်ကာ မင်္ဂလာအေးချင်း ဆိုနေကြသည်။ တပါတည်းမှာပင် 'အစ္စလာမ်'သာသနာဝင်တို့၏ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ သူရဲကောင်း ယခင်'ဘဒ်ရ်'တိုက်ပွဲ၌ ကျဆုံးသူတို့၏ အကြောင်းကိုလည်းကောင်း သီကုံး၍ ရွတ်ဆိုကြလေသည်။ အပိုဒ်တပိုဒ်၌—

وَفِيْنَا نَبِيٌّ يَعْلَمُ مَا فِيْ غَدٍ ·

(ဝဖီးနာနဗီယွန်ယအ်လမုမာဖီးဂဒင်န်)

**အဓိပ္ပါယ်။** ။ ကျွန်ုပ်တို့၌ 'နဗီ'တပါးရှိသည်။ ထို'နဗီ'သည်ကား ရှေ့ဖြစ်ကို ကြိုတင်သိထားသူ ဖြစ်သည်။

'နဗီ'တမန်တော်မြတ်က ၎င်းအပိုဒ်ကိုမဖတ်ရန် ချက်ချင်းတားမြစ်တော်မူ၍ ရှေ့ဖြစ်ကို သိမြင်တော်မူသောအသျှင်သည်ကား 'အလ္လာဟ်'အသျှင်မြတ်သည်သာတည်းဟု မိန့်ကြားတော်မူလိုက်၏။

'ရုဗိုင်ယိအ်'သခင်မ၏ဖခင် 'မုအောက်ဝုဇ်'သခင်သည် 'အဗူဂျဟလ်'ကို သတ်ရာ၌ ပါဝင်ခဲ့လေသည်။ 'အတ်စ်မာအ်' အမည်ရှိ ရေမွှေးသည်မ တယောက်သည် မိန်းမဖေါ်များနှင့် ရုဗိုင်ယိအ်'သခင်မဂေဟာသို့ ရောက်ရှိလာလေသည်။ အမျိုးသမီးတို့ ထုံးဓလေ့အရ ဟိုဟိုဒီဒီ မေးရင်းနှင့် မျိုးရိုးအနွယ်ကိုမေးလှာသဖြင့်၊ မိမိမှာ'မုအောက်ဝုဇ်'၏ သမီးဖြစ်ကြောင်း ပြောကြားရာ၊ ရေမွှေးသည်မက မိမိခေါင်းဆောင်အား သတ်သူ၏သမီးဖြစ်သည်ဟု ပြောလှာလေ၏။ သခင်မသည် 'အဗူဂျဟလ်'ကို ခေါင်းဆောင်ဟုပြောရမလားဟု မခံမရပ်နိုင်ဖြစ်ကာ၊ ငါသည် မိမိကျွန်အား သတ်ဖြတ်သူ၏သမီးဖြစ်သည်ဟု ဖြေကြားလိုက်လေ၏။ အကယ်စင်စစ် သခင်မသည် ဖခင်အား 'အဗူဂျဟလ်'၏ ကျွန်လက်အောက်သားဆိုသည်ကို သည်းမခံနိုင်လှပေ။ သို့ဖြင့် မိမိကျွန်လက်အောက်သားဟု သုံးထားလိုက်ခြင်းဖြစ်သည်။

'အတ်စ်မာအ်'ရေမွှေးသည်မမှာလည်း 'အဗူဂျဟလ်'ကို ကျွန်လက်အောက်သားဟု ပြော ဆိုရမလားဟု စိတ်တိုလာလေသည်။ ထိုကြောင့် ငါ့ရေမွှေးကို သင်မအား ရောင်းခြင်းသည် ငါ့အဖို့ 'ဟရာမ်'ဖြစ်သည်ဟု ပြောလှာလေ၏။ ထိုနည်းတူစွာ သခင်မကလည်း ငါ့အဖို့ သင်မ ထံမှ ရေမွှေးဝယ်ခြင်းမှာလည်း 'ဟရာမ်'ဖြစ်သည်။ သင့်ရေမွှေးသည် မမွှေးသည့်အပြင် အလွန် နံစော်လှသည်ဟု ပြောလိုက်လေသည်။

(ကြည့်–အစဒ္ဒလ်ဂါဗဟ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

'ရှဗိုင်ယိအ်'သခင်မက ကျွန်မသည် သူ့ရေမွှေး နံစော်သည်ဟု ပြောခြင်း မှာ သူမ မခံချင်အောင် ပြောခြင်းဖြစ်သည်ဟု မိန့်ခဲ့လေသည်။ ဤသာသနာရေး အတွက် မခံချင်စိတ် ထားခြင်းပင်တည်း။ သာသနာ့ရန်သူနှင့် ပတ်သက်၍ ခေါင်းဆောင်ဆိုသည်ကို နားဖြင့်မကြားချင်ကြချေ။ မျက်မှောက်ခေတ်ကာလ၌ 'အစ္စလာမ်' သာသနာ့ရန်သူကြီးများကိုပင် ကျွန်ုပ်တို့ ခြီးကျုးလေ့ ရှိကြပေ သည်။ တဦးတယောက်က နားလည်ဟတ်ကျွမ်း၍ တားမြစ်လှာလျှင် ဒီလူက အမြင်ကျဉ်းတယ်ဗျာဟု ပြောလေ့ရှိကြသည်။

ကိုယ်တော်မြတ်က 'မုနာဖိက်' သာသနာ့အရေခြုံကို ခေါင်းဆောင်ဟု မခေါ်ကြနှင့်။ အကယ်၍ သင်တို့သည် ထိုသူတို့အား ခေါင်းဆောင်တင်မြှောက် ခဲ့သည်ရှိသော်၊ မိမိအသျှင်အား မိမိအပေါ်သို့ အမျက်ထားရှိစေခြင်းပင်တည်းဟု မိန့်ကြားတော်မူခဲ့၏။

(ကြည့်–အဗူဒါစူးဗ်ကျမ်း)

မိမိတို့၏ နှစ်ဘဝသခင် ကျေးဇူးရှင်တမန်တော် 'မုဟမ္မဒ်' (ဆလ္လလ္လာဟု အလိုက်ဟိဝစလ္လမ်) သခင်နှင့် ကြင်ယာတော်များ၊ သားသမီး မြေးတော်များ အကြောင်း အတ္ထုပ္ပတ္တိကို သိလိုကြလေသည်။ 'မွတ်စ်လင်မ်'တိုင်းအဖို့ ဤသို့စိတ် မျိုးထားကြသည်။ ထားလည်းထားသင့်၏။ သို့ဖြစ်၍ ထိုပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်ကို ရေးသားဖော်ပြပါအံ့။ အကျယ်ရေးရသော် ကြီးလေးသည့် ကျမ်းကြီးတစောင်ဖြစ်ပေမည်။

ကိုယ်တော်မြတ်၏ အိမ်ထောင်ရေးနှင့်စပ်လျဉ်း၍ 'ဟဒီးဆ်'ပါရဂူများနှင့် သမိုင်းပါရဂူတို့က တညီတညွတ်တည်း ဆုံးဖြတ်ချက်မှာ၊ ကြင်ယာတော် (၁၀)ပါးရှိခဲ့သည်။ အဆိုင်၌ ကွဲလွဲချက်ရှိသည်။ ရှေးဦးစွာ 'ဘီဘီခဒီဂျဟ်' သခင်မ၊ မုဆိုးမ၊ သက်တော်(၄၀)၊ ကိုယ်တော်မြတ်၏သက်တော် (၂၅)နှစ်၌

အိမ်ထောင်ကျရာ၌ အဆိုညီကြလေသည်။ ကိုယ်တော်မြတ်၏ သားသမီးရတနာများအနက် သားတော် 'အိဗ်ရာဟင်မ်'မှတပါး ကျန် သားသမီးများမှာ 'ဘီဘီခဒီဂျဟ်'သခင်မနှင့်ရသည့် ကလေးများသာဖြစ်ပေသည်။ (ယင်းအကြောင်းကို ရှေ့၌ ဖေါ်ပြပါအံ့)။

## ၁။ ဘီဘီခဒီဂျဟ်သခင်မ

'ဘီဘီခဒီဂျဟ်'သခင်မသည် ဦးစွာပထမ 'ဝရ်ကဟ်အိဗ်နုနောင်ဖလ်'နှင့် စေ့စပ်ခဲ့လေသည်။ သို့သော်လည်း မင်္ဂလာဆောင်သည့်အဆင့်သို့ မရောက်ခဲ့ပေ။ ကြားကာလ၌ အိမ်ထောင်နှစ်ဆက်ဖြစ်ခဲ့လေသည်။ အိမ်ထောင်နှစ်ဆက်အနက် ပထမ မည်သူဖြစ်သည်ကိုမူ သမိုင်းဆရာတို့၏ အဆိုကွဲလွဲခဲ့ကြသည်။ အများစုက ဦးစွာပထမ 'အသီးက်အိဗ်နုအာအိဗ်'နှင့် အိမ်ထောင်ကျခဲ့သည်။ ထိုမှ သမီးတော်တပါး ထွန်းကားခဲ့သည်။ အမည်မှာ 'ဟင်န်ဒ်'ဖြစ်သည်။ ကြီးပြင်းလာသည့်အခါ 'အစ္စလာမ်'သာသနာကို လက်ခံယုံကြည်လာသည်။ ၎င်းမှာ သားသမီးများလည်း ထွန်းကားလာသေးသည်ဟု သိရ၏။

အချို့သမိုင်းဆရာများက 'အသီးက်'နှင့်သားတော်တပါးလည်း ထွန်းကားခဲ့သေးသည်။ အမည်မှာ 'အဗ်ဒွလ္လာဟ်' သို့မဟုတ် 'အဗ်ဒေမုနာဖ်'ဟူ၏။ ထိုနောက် 'ဘီဘီခဒီဂျဟ်' သခင်မသည် 'အဗူဟာလဟ်'နှင့် အကြောင်းပါသေးသည်။ ၎င်းမှ 'ဟင်န်ဒ်'အမည်ရှိသူမှာ'ဟဇရဒ်အလီ' သခင် သမ္မတဖြစ်သည်အထိ အသက်ထင်ရှားရှိခဲ့သေးသည်ဟူ၏။ 'အဗူဟာလဟ်' ကွယ်လွန်ပြီးမှ ကိုယ်တော်မြတ်နှင့် ထိမ်းမြားမင်္ဂလာ ဆောင်နှင်းခဲ့လေသည်။

✓၎င်းအချိန်၌ 'ဟဇရဒ်ခဒီဂျဟ်'သခင်မ၏သက်တော်မှာ (၄၀)ရှိ၍ မင်္ဂလာဆောင်ပြီးနောက်။ ကိုယ်တော်မြတ်နှင့် (၂၅)နှစ်အထိ နေရသေးသည်။ ကိုယ်တော်မြတ် 'နဗီ'ဘွဲ့ထူးကို ရယူ၍ (၁၀)နှစ်မြောက်သောနှစ်၊ 'ရမ်ဇာန်လ'၊ သက်တော်(၆၅)နှစ်၌ အသျှင့်အမိန့်တော်ကို ခံယူရရှာလေသည်။ ကိုယ်တော်မြတ်သည် သခင်မအား အတိုင်းထက်အလွန် ချစ်ခင်လေသည်။ သခင်မ ရှိနေသမျှကာလပတ်လုံး နောက်အိမ်ထောင်ပြုတော်မမူခဲ့ချေ။

✓သခင်မသည် 'အစ္စလာမ်'သာသနာမထွန်းကားမီကပင် 'သွာဟိရဟ်'ဟူသည့် ဂုဏနာမတော်ဖြင့် ထင်ပေါ်ခဲ့လေသည်။ ထိုသည့်အကြောင်းကြောင့်ပင် သခင်မ၏အခြားခင်ပွန်းများမှ ထွန်းကားခဲ့သည့် သားသမီးမျိုးနွယ်များကို 'ဗနူသွာဟိရဟ်'ဟု တွင်လေသည်။ သခင်မ၏ ထူးမြတ်ကြောင်း 'ဟဒီးဆ်'ကျမ်းဂန်များ၌ အမြောက်အမြားလာရှိခဲ့ပေသည်။ အသျှင့်အမိန့်တော် ခံယူကွယ်လွန်သွားသော်၊ ကိုယ်တော်မြတ်သည် ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်း၍ မြေမြှုပ်တော်မူသည်။ (ထိုအချိန်အထိ ဂျနာဇဟ် 'ဒုအာ' နည်းကိုမူ သတ်မှတ်အတည်ပြုခြင်း မရှိသေးပေ) ။

ထိုနောက် ၎င်းနှစ် 'ရှောင်ပေါလ်'လက်၌ 'ဟဇရယ်အာအိယှဟ်'နှင့် 'ဟဇရယ်စောင်ဒဟ်' သခင်မတို့အား ကိုယ်တော်မြတ်သည် ထိမ်းမြားမင်္ဂလာဆောင်နှင်းတော်မူ၏။ သခင်မ ၂-ပါးတို့ အနက် အဘယ်သူအား အလျင်မင်္ဂလာဆောင်နှင်းကြောင်းနှင့် ပတ်သက်၍လည်း အဆိုကွဲပြား ခဲ့သည်။ အချို့သမိုင်းပါရဂူတို့က 'အာအိယှဟ်'သခင်မဦးကြောင်း၊ အချို့က 'စောင်ဒဟ်' သခင်မဦးကြောင်း ရေးသားထားကြလေသည်။

'ဟဇရယ်စောင်ဒဟ်'သခင်မသည်လည်း မုဆိုးမဖြစ်ပေသည်။ 'ဇမ်အဟ်အိဗ်နုကိုက်စ်'၏ သမီးဖြစ်သည်။ ဦးစွာ ပထမ မိမိအကိုဝမ်းကွဲတော်သူ 'စက်ရာန်အိဗ်နုအမရ်'နှင့် အိမ်ထောင်ကျခဲ့ လေသည်။ သူနှစ်ဖေါ် 'မွတ်စ်လင်မ်'ဖြစ်လာသဖြင့် အတူတကွ 'အီသီယိုပီးယား'သို့ 'ဟိဂျရယ်' ထွက်ခဲ့လေသည်။ ထို၌ 'စက်ရာန်'သည် အသျှင့်အမိန့်တော်ခံရရှာလေသည် အချို့သမိုင်းဆရာ များက 'မက္ကာဟ်'မြို့သို့ရောက်ပြီးမှ ကွယ်လွန်သည်ဟု အဆိုရှိသည်။

ထိုပုဂ္ဂိုလ်ကွယ်လွန်၍ 'နဗဝီ'(၁၀)ခုနှစ်၌ 'ဟဇရယ်ခဒီဂျဟ်'သခင်မလည်း ကွယ်လွန်ပြီး နောက် ရက်လအတန်ကြာသော်၊ ကိုယ်တော်မြတ်နှင့် မင်္ဂလာဆောင်နှင်းလေသည်။ အခမ်း အပ်ပွဲမှာ 'အာအိယှဟ်'သခင်မထက် အလျင်ကျသည်ဟု အများကအဆိုပြုကြသည်။

'နဗီ'တမန်တော်မြတ်သည် များသောအားဖြင့် 'နမာဇ်'၌ အချိန် ကုန်ဆုံးစေလေ့ ရှိသည်။

တရံရောအခါ၊ ကိုယ်တော်မြတ်ထံလျှောက်ထားသည်မှာ ကိုယ်တော်မြတ်သည် ဤရွေ့ ဤမျှ ကြာကြာ'ရကုအ်'ပြုနေသဖြင့်၊ ကျမမှာနှာခေါင်းသွေးယိုစီးလာမည်ကိုပင် စိုးရိမ်မိပါသည် ဟူ၏။ သခင်မသည်လည်း ကိုယ်တော်မြတ်နောက်မှ လိုက်၍ 'နမာဇ်' ဖတ်နေလေသည်။ (ခန္ဓာကိုယ်မှာ ဝဝအိအိကြီးဖြစ်သဖြင့် အတော့်ကိုဒုက္ခရောက်လိမ့်မည်)။

တရံရောအခါ 'နဗီ'တမန်တော်မြတ်က သခင်မအား'သွလားက်'ကွာရှင်းရန်ရည်ရွယ်တော် မူသည်။ အခင်မက အို-အသျှင့်တမန်တော်၊ ကျမသည် ဤလောက၌ လင်ခင်ပွန်းကို အလိုမရှိ ပါ။ သို့ပေမဲ့ 'ဂျန္နသ်'သုခဘုံနန်း၌ ကိုယ်တော်မြတ်၏ ကြင်ယာတော်များစာရင်းတွင် ပါဝင်လို ပါသည်ဟု လျှောက်ထားလေသည်။ သို့ပါ၍ ကျမအား 'သွလားက်'ကွာရှင်းခြင်းမပြုနှင့်။ ကျမအလှည့်ကို သဘောကြည်ဖြူစွာဖြင့် 'အာအိယှဟ်'သခင်မအား လွှဲပေးပါသည်ဟု လျှောက် ထားပြန်၏။

'နဗီ'တမန်တော်မြတ်က သဘောတူလက်ခံတော်မူလိုက်လေ၏။ ထိုနောက် သခင်မ၏ အလှည့်ကျ ည၌ 'အာအိယှဟ်' သခင်မထံသို့ ကြွမြန်းလေ့ရှိလေသည်။

'ဟိဂျရီ' သက္ကရာဇ် ၅၄၊ သို့မဟုတ် ၅၅ ခုနှစ်၌ အချို့သမိုင်းဆရာများ၏ အဆိုအရ၊ 'ဟဇရတ်အုမရ်' သခင့်လက်ထက် နောက်ဆုံးအချိန်မှာ ကွယ်လွန်အသျှင့်အမိန့်တော်ခံယူသည်ဟု သိရသည်။ 'စောင်ဒဟ်' အမည်တူ အခြား 'ကိုရိုက်ရှ်' အနွယ်မှ အမျိုးသမီးတယောက် ရှိသေးသည်။ 'နဗီ'တမန်တော်မြတ်သည် ၎င်းအား မြှောက်စားလိုသဖြင့် စကားကမ်းလှမ်းရာ၊ သူမက စကြာ၀ဠာတခွင်လုံးတွင် မိမိအဖို့ ကိုယ်တော်မြတ်သည်သာလျှင် အမြတ်နိုးဆုံး၊ အချစ်ဆုံး ဖြစ်ပါသည်။ မိမိ၌ သားသမီး ၅ ယောက် ၆ ယောက်ရှိနေပါသဖြင့်၊ ကိုယ်တော်မြတ်စက်တော် ခေါ်ချိန် အခါသမယ၌ ကလေးသူငယ်များ၏ ဆူပူမှုဖြင့် အနှောက်အယှက်ဖြစ်၍ ကိုယ်တော်မြတ် စိတ်ငြိုးငွေ့မှုဖြစ်မည်ကို ကြိုတင်စိုးရိမ်မိကြောင်း လျှောက်ထားလေသော်၊ ကိုယ်တော်မြတ်သည် ချီးကျူးစကား မြွက်ကြားတော်မူသည်။ မိမိကမ်းလှမ်းချက်ကို ပြန်လည် ရုပ်သိမ်းတော်မူလိုက်လေ၏။

✓ 'ဟဇရတ်အာအိယှဟ်' သခင်မနှင့်လည်း မက္ကာဟ် မြို့တော်၌ 'ဟိဂျရတ်' မထွက်မီ 'နဗဝီ' (၁၀)ခုနှစ်၊ 'ရှောင်၀ါလ်' လမြတ်၌ သခင်မ၏သက်တော်(၆)နှစ်အရွယ်၌ ထိမ်းမြား မင်္ဂလာဆောင်နှင်းခဲ့လေသည်။ ကြင်ယာတော်များအနက် သခင်မတပါးတည်းသာလျှင်အပျိုဖြစ်သည်။ ကျန်ရှိသောကြင်ယာတော်များမှာ တခုလပ်၊ မုဆိုးမများသာဖြစ်ကြပါသည်။ ကိုယ်တော်မြတ် 'နဗီ'ဘွဲ့ကို ရယူပြီးနောက် (၄) နှစ်ကြာမှ ဖွားမြင်လာပါသည်။ 'ဟိဂျရတ်' ခရီးထွက်ပြီးနောက် သက်တော် (၉)နှစ်ကျမှ အခန်းအပ်ကြပါသည်။ သက်တော်(၁၈)နှစ်မှာ 'နဗီ'တမန်တော်မြတ်သည် အသျှင့်အမိန့်တော်ကို ခံယူတော်မူရလေသည်။

✓သခင်မသည် သက်တော် (၆၆) နှစ်၊ 'ဟိဂျရီ' (၅၇) ခု၊ 'ရမ်ဇာန်'လ (၁၇) ရက်၊ အင်္ဂါနေ့တွင် အသျှင့်အမိန့်တော်ကို ခံယူရှာလေသည်။ သေတမ်းစကား မှာကြားတော်မူခဲ့သည်။ ၎င်းမှာ....

✓ငါ့အား 'မွတ်စ်လင်မ်' ပြည်သူပိုင်သင်းချိုင်းတွင် အခြား အခြား ကြင်ယာတော်များနည်းတူ မြှုပ်နှံကြလော့။ 'နဗီ'တမန်တော်မြတ်၏ ခြေရင်းတော်၌ မြှုပ်နှံခြင်းကို ရှောင်ရှားကြလော့ဟုသိရ၏။ ဤသို့ဖြင့် သခင်မအား 'ဂျန္နသ်သွလ်ဗကီးအ်'အမည်ရှိသင်းချိုင်း၌မြှုပ်နှံကြလေသည်။

✓ 'အာရပ်'တို့၏အယူအဆ။ ။'ရှောင်၀ါလ်'လ၌ ထိမ်းမြားမင်္ဂလာ ဆောင်နှင်းခြင်းသည် အမင်္ဂလာဖြစ်သည်ဟု အယူသည်းကြသည်။ 'အာအိယှဟ်' သခင်မက ငါ၏မင်္ဂလာဆောင်နှင်းခြင်းသည်လည်းကောင်း၊ အခန်းအပ်ခြင်းသည်လည်းကောင်း 'ရှောင်၀ါလ်' လ၌ ဖြစ်ခဲ့သည်။ ကိုယ်တော်မြတ်၏ ကြင်ယာတော်များအနက် ငါထက်ပို၍ ဖူးစာကောင်းသူ၊ ကိုယ်တော်မြတ်၏ အချစ်ဆုံးဇနီးဖြစ်သူ အဘယ်သူရှိသနည်းဟု မိန့်ကြားတော်မူခဲ့သေး၏။

'ဟဇရယ်ခဒီဂျဟ်' သခင်မသည် အသျှင့်အမိန့်တော် ခံယူရှာလေသော်၊ 'ဟကင်းမ်'၏ သမီးတော် 'ခေါင်လဟ်' သခင်မသည် 'နဗီ'တမန်တော်မြတ်၏ အပါးတော်သို့ ဝင်ရောက်ခစားကာ၊ အို-အသျှင့်တမန်တော်၊ အိမ်ထောင်ပြုပါမည့် ဆန္ဒ ထားရှိတော်မူပါသလားဟု လျှောက်ထားမေးမြန်းလေ၏။ ကိုယ်တော်မြတ်က ဘယ်သူနှင့်လဲဟု မေးမြန်းသော်၊ အပျိုစင်လည်းရှိကြောင်း၊ မုဆိုးမလည်းရှိကြောင်း လိုရာကိုအမိန့်ရှိပါမည့်အကြောင်း လျှောက်ထားလေသည်။ ကိုယ်တော်မြတ်က ထပ်ရှင်းစမ်းဟု မိန့်ဆိုလာသဖြင့်၊ အပျိုစင်ဘဝရှိသူမှာ ကိုယ်တော်မြတ်၏ အကြည်တော် 'အဗူဗက္ကရ်'၏သမီး 'အာအိယှဟ်'ဖြစ်သည်။ မုဆိုးမမှာ'စောင်ဒဟ်'၊ ၎င်း၏ဖခင် 'ဇမ်အဟ်' စသည်တို့ဖြစ်ပါသည်ဟု လျှောက်ထားလေသည်။ ကိုယ်တော်မြတ်က ကောင်းလေစွ၊ စကားတောက်ကြည့်လော့ဟု မိန့်ကြားတော်မူလိုက်လေ၏။

'ခေါင်လဟ်' သခင်မသည် ထိုမှ 'ဟဇရယ်အဗူဗက္ကရ်' သခင်၏ အိမ်တော်သို့ရှေးရှုထွက်လာခဲ့လေသည်။ အိမ်ရှင်မ 'အာအိယှဟ်' သခင်မ၏မယ်တော် 'အွမ္မေရူးမာန်' သခင်မအား၊ ကျမ ရှင်မတို့ထံ မင်္ဂလာအတိပြည့်သည့် ကောင်းခြီးမင်္ဂလာ 'ဗရကသ်' များကို ဆောင်ကြဉ်းလာကြောင်း အကျိုးအကြောင်းမေးလှာသော်၊ ကျမအား 'နဗီ'တမန်တော်မြတ်က'အာအိယှဟ်' အတွက် မင်္ဂလာစကားကမ်းလှမ်းရန် စေလွှတ်ကြောင်း တင်ပြလေ၏။ 'အွမ္မေရူးမာန်'သခင်မက၊ ဒါက သူ့(တမန်တော်)၏တူမပဲ၊ ဘယ်လို 'နေကာဟ်' မင်္ဂလာဖြစ်နိုင်မလဲ။ ကလေးအဖေလာပါစေဦး ထိုအချိန်၌ 'အဗူဗက္ကရ်' သခင်သည် အိမ်တော်၌မရှိချေ။ ပြန်လာသည့်အခါတင်ပြသော်၊ ဒါက ကိုယ်တော့်တူမပဲ၊ ဘယ်လို 'နေကာဟ်' ဖြစ်နိုင်ပါမလဲဟု ပြောလာလေ၏။ (ထိုအခါ) 'ခေါင်လဟ်' သခင်မသည် 'နဗီ'တမန်တော်မြတ်ထံသို့ ပြန်လာ၍ အကြောင်းစုံကို တင်လျှောက်လေ၏။

ကိုယ်တော်မြတ်က သူ 'အဗူဗက္ကရ်' နှင့် ငါကိုယ်တော်မြတ်မှာ 'အစ္စလာမ်' သာသနာတော်အရသာ ညီနောင်ဖြစ်သည်။ သူ့သမီးနှင့် အိမ်ထောင်သားချင်း ပြုပိုင်ကြောင်း ပြောကြားသော်၊ 'ခေါင်လဟ်' သခင်မသည် တဖန်ပြန်သွား၍ 'အဗူဗက်ရ်' သခင်အား ပြန်ကြားလေသည်၊ အထူးပြောဘွယ်ရှိအံ့နည်း။ ချက်ခြင်း ကိုယ်တော်အား ပင့်ဖိတ်၍ မင်္ဂလာဆောင်နှင်းလိုက်ကြလေသည်။ 'ဟိဂျရယ်' ခရီးထွက်၍ အတန်ကြာမြင့်သောအခါ 'အဗူဗက်ရ်'သခင်က ကိုယ်တော်မြတ်အား မိမိကြင်ယာတော် 'အာအိယှဟ်' ကို အဘယ်ကြောင့် ခေါ်ဆောင်ခြင်း မပြုပါသနည်းဟု လျှောက်ထားလေရာ ကိုယ်တော်မြတ်က ပစ္စည်းပစ္စယ မပြည့်စုံသေးကြောင်း အကြောင်းပြတော်မူလိုက်သဖြင့်၊ 'အဗူဗက်ရ်' သခင်သည် လက်ဆောင်ပဏ္ဏာများ ဆက်သလေသည်။ သို့ဖြင့် ပစ္စည်းပစ္စယ စုံလင်ကုံလုံလာသောအခါ၊'ဟိဂျရီ'(၁-၂)ခုနှစ်၊ 'ရှောင်ဝါလ်' လ နေထန်းတဖျားအချိန် 'အဗူဗက်ရ်' သခင့်အိမ်တော်၌ပင် အခန်းအပ်ခြင်း အခမ်းအနားပြုလေသည်။

√ဤမင်္ဂလာသုံးပါးသည် 'နဗ'တမန်တော် 'ဟိဂျရသ်' မထွက်မီဖြစ်ခဲ့လေသည်။ ကျန်မင်္ဂလာဆောင်နှင်းမှုများမှာ 'ဟိဂျရသ် ပြီး နောက်မှဖြစ်ခဲ့ပါသည်။ 'ဟဇရသ်အာအိယှာ'-သခင်မနောက် 'ဟဇရသ်ဟာဖ်ဆာ' သခင်မနှင့် မင်္ဂလာဆောင်နှင်းတော်မူခဲ့လေသည်။

'ဟဇရသ်ဟာဖ်ဆာ' သခင်မသည် ကိုယ်တော်မြတ် 'နဗ' မဖြစ်မီ (၅) နှစ်အလျင်မှာ 'မက္ကာ' မြို့၌ ဖွားမြင်လေသည်။ ပထမအိမ်ထောင်မှာ 'ခနီးစ်အိဗ်နုဟုဇာဖာ' နှင့် ကျခဲ့လေသည်။

ဤပုဂ္ဂိုလ်တဦးသည်လည်း ရှေးဦးစွာဝင်ရောက်သည့်'မွတ်စ်လင်မ်'တဦးဖြစ်ခဲ့သည်။ ဦးစွာပထမ 'အီသီယိုပီးယား'ဖက်သို့လည်းကောင်း၊ နောက်'မဒီနဟ်' ဖက်သို့လည်းကောင်း 'ဟိဂျရသ်' ပြုခဲ့လေ၏။

ဘဒ်ရ်တိုက်ပွဲ၌ ပါဝင်ဆင်နွှဲခဲ့လေ၏။ ၎င်းပြင်ထိုတိုက်ပွဲ၌၊ သို့မဟုတ် 'အိုဟုဒ်'တိုက်ပွဲ၌ ပြင်းထန်သည့်ဒဏ်ရာရရှိလေသည်။ ၎င်းဒဏ်ရာဖြင့် 'ဟိဂျရီ'(၂-၃)ခုနှစ်တွင် အသျှင့်အမိန့်တော်ကိုခံယူရှာလေသည်။ 'ဟာဖ်ဆာ'သခင်မသည်လည်း မိမိခင်ပွန်းနှင့်တပါတည်း 'မဒီနဟ်'သို့ 'ဟိဂျရသ်'ထွက်၏။မုဆိုးမဖြစ်ရလေသော်၊ဖခင်ဖြစ်သူ'ဟဇရသ်အုမရ်'သခင်သည်ပထမ'အဗူဗကရ်'သခင့်ထံသွား၍ အဆွေတော်နှင့် 'ဟာဖ်ဆာ'ကို ထိမ်းမြားပေးလိုကြောင်း ပြောကြားသော အခါ ဆိတ်ဆိတ်နေတော်မူ၏။

ထိုနောက် "ဟဇရသ်အွတ်ဆ်မာန်"သခင်၏ ကြင်ယာတော်၊ 'နဗီ'တမန်တော်မြတ်၏ သမီးတော် 'ရုကိုက်ယဟ်'သခင်မကွယ်လွန် အသျှင့်အမိန့်တော်ခံယူလေသော်၊ မိမိသမီးတော်ကို ယူပါရန် လျှောက်ထားပြန်၏။ 'ဟဇရသ်အွတ်ဆ်မာန်'သခင်က မိမိမှာလောလောဆယ် အိမ်ထောင်ရေးကို စိတ်မကူးသေးကြောင်း ပြန်ကြားလေသော်၊ 'ဟဇရသ်အုမရ်'သခင်မှာ မခံမရပ်ဖြစ်ကာ 'နဗ'တမန်တော်မြတ်အပါးတော်သို့ ဝင်ရောက်တိုင်တမ်းလျှောက်လေ၏။

'နဗ'တမန်တော်မြတ်က ငါကိုယ်တော်မြတ်သည် 'ဟာဖ်ဆာ'အဖို့'အွတ်ဆ်မာန်'ထက် ကောင်းသော ခင်ပွန်း 'အွတ်ဆ်မာန်'အဖို့ 'ဟာဖ်ဆာ'ထက် ကောင်းသော ဇနီးကြင်ယာကိုပြသတော်မူပါအံ့ဟု မိန့်ကြားတော်မူလိုက်လေ၏။ မျှားမကြာမီ ကိုယ်တော်မြတ်သည် 'ဟဇရသ်ဟာဖ်ဆာ'နှင့် ဟိဂျရီ (၂-၃)ခုနှစ်၌ ကိုယ်တိုင် ထိမ်းမြားမင်္ဂလာ ဆောင်နှင်း၍ 'ဟဇရသ်အွတ်ဆ်မာန်'အား မိမိ၏ချစ်သမီး'အွမ္မေကွလ်ဆူးမ်'သခင်မနှင့် ထိမ်းမြားမင်္ဂလာဆောင်နှင်းပေးလိုက်လေသည်။

'ဟဇရတ်ဟဖ်ဆဟ်'သခင်မ၏ ခင်ပွန်းဟောင်းကွယ်လွန်ခြင်းနှင့် စပ်လျဉ်း၍ အဆိုကွဲပြားသည်။ 'ဘဒ်ရ်'တိုက်ပွဲ၌ ဒဏ်ရာရသဖြင့် ကွယ်လွန်သည်။ အချို့က'ဟိုဟုဒ်'တိုက်ပွဲ၏ ဒဏ်ရာကြောင့်ဟုဆိုရှိသည်။ 'ဘဒ်ရ်'တိုက်ပွဲသည် 'ဟိဂျရီ'(၂)ခုနှစ်၌ဖြစ်၍ 'အိုဟုဒ်'တိုက်ပွဲသည်'ဟိဂျရီ'(၃)ခုနှစ်ဖြစ်ပေသည်။ ထို့ကြောင့် သခင်မ၏ 'နေကာဟ်'အကြောင်းနှင့် စပ်လျဉ်း၍လည်း အဆိုကွဲပြားနေပေသည်။ ထိုနောက် 'အဗူဗက်ရ်' သခင်က 'အုမရ်' သခင် အဆွေတော်အား ချစ်သမီးတော်'ဟဖ်ဆဟ်'၏ ထိမ်းမြားရေးနှင့်ပတ်သက်၍ပြောလှာသော်၊ မိမိမှာဆိတ်ဆိတ်နေခြင်းဖြင့် အဆွေတော်မှာ ခံပြင်းလှပေမည်။ အမှန်မှာကိုယ်တော်မြတ်သည် သူမနှင့်ထိမ်းမြားလိုကြောင်း အမိန့်ရှိခဲ့ပေသည်။ သို့ဖြင့်မိမိမှာအကြပ်တွေ့နေရ၏။ ခေါင်းငြိမ့်ခြင်းကိုလည်း မပြုနိုင်၊ ကိုယ်တော်မြတ်၏ လျှို့ဝှက်ချက်ကိုလည်း မလင်းဝံ့ဖြစ်နေမိသည်။ ထိုကြောင့် ဆိတ်ဆိတ်သာနေလိုက်ရပါသည်။ အကယ်၍ကိုယ်တော်မြတ်သည် ရည်ရွယ်ချက်ရုပ်သိမ်းခဲ့သော်၊ ကျွန်ုပ်သည် မပျက်မကွက်ဆောင်နှင်းတော်မူအံ့ဟု အားပေးနှစ်သိမ့်စေတော်မူ၏။

'ဟဇရတ်အုမရ်'သခင်က ကျွန်ုပ်အဖို့'အဗူဗက်ရ်'၏ဆိတ်ဆိတ်သာနေခြင်းသည်'အွတ်ဆ်မာန်'၏ ငြင်းပယ်ခြင်းထက် ဝန်လေးမိသည်။ စိတ်ဒုက္ခရောက်ခဲ့သည်၊ ဟူ၏။

✓'ဟဇရတ်ဟဖ်ဆဟ်'သခင်မသည် အလွန်ကျိုးနွံသူ၊ သာသနာရေးလေးစားသူ၊ ညဥ့်၌ နိုးကြားသူ၊ နေ့၌'ရိုဇဟ်'စောင့်ထိန်းသူဖြစ်ပေသည်။ အကြောင်းတခုခုကြောင့် ကိုယ်တော်မြတ်က သခင်မအား 'သွလာက်'တကြိမ်ပေးခဲ့ဘူး၏။ ၎င်းဖြင့် 'အုမရ်'သခင်သည် အလွန်စိတ်ထိခိုက်ခဲ့၏။ ဖြစ်လည်းဖြစ်သင့်ပေသည်။ ထိုအချိန်၌ ကောင်းကင်'ဂျိဗ်ရာအိလ်'သည် ကြွရောက်လာ၍ 'အလ္လာဟ်'အသျှင်မြတ်၏ အမိန့်တော်မှာ'ဟဖ်ဆဟ်'သခင်မအား ပြန်လည်သိမ်းပိုက်လော့၊ ဤသူမသည်ညဥ့်၌ထ၍ဝတ်ပြုသူ၊ များသောအားဖြင့် 'ရိုဇဟ်'စောင့်ထိန်းသူဖြစ်သည်။ အသက်အရွယ်အားဖြင့်လည်း ခွင့်ပြုသင့်သဖြင့်၊ကိုယ်တော်မြတ်သည် ပြန်လည်သိမ်းပိုက်တော်မူလိုက်လေသည်။'ဟိဂျရီ'(၄၅)ခုနှစ်၌သက်တော်(၆၃)နှစ်မှာ 'မဒီနဟ်'မြို့တော်၌ အသျှင့်အမိန့်တော်ခံယူရရှာလေသည်။

အချို့အဆိုမှာ၊ သခင်မသည်'ဟိဂျရီ'(၄၁)ခုနှစ်၊ သက်တော်(၆၀)ဟု ရေးသားကြပေသည်။ သခင်မနှင့် မင်္ဂလာဆောင်နှင်းပြီးနောက် ကိုယ်တော်မြတ်သည် 'ဇိုင်နဗ်'သခင်မနှင့် 'နေကာဟ်'မင်္ဂလာဆောင်နှင်းတော်မူလေသည်။

'ဟဇရတ်ဇိုင်နဗ်'သခင်မသည် ဟဇရတ်'ခိုဇိုင်မဟ်'၏ ချစ်သမီးဖြစ်သည်။ သခင်မ၏ပထမအိမ်ထောင်သည်မှာ အချို့က အဗ်ဒွလ္လာဟ်အိဗ်နုဂျဟတ်ရှ်'ဖြစ်သည်ဟု အဆိုရှိသည်။ ထိုပုဂ္ဂိုလ်သည် 'အိုဟုဒ်'တိုက်ပွဲ၌ ကျဆုံးကွယ်လွန် 'ယှဟီးဒ်'ဖြစ်လေသည်။ ၎င်းအကြောင်းကို အခဏ်း(၇)၊အမှတ်စဉ်(၁)၌ ဖော်ပြခဲ့လေပြီ။

အချို့က သခင်မ၏ ပထမအိမ်ထောင်သည်မှာ 'သိုဖိုင်လ်အိမ်နှဟာရစ်ဆ်' ဖြစ်ခဲ့သည်ဟု အဆိုပြုကြသည်။ ထိုသူက 'သွလားက်'ပေးကွာရှင်းလိုက်သဖြင့်၊ ညီတော်မောင်'အိုဗိုင်ဒဟ်အိမ်နှ ဟာရစ်ဆ်'နှင့် အကြောင်းပါသည်။ ထိုပုဂ္ဂိုလ်သည် 'ဘဒ်ရ်'တိုက်ပွဲ၌ ကွယ်လွန်ကျဆုံးသည်ဟု သိရှိရသည်။

ထိုနောက် 'နဗီ'တမန်တော်မြတ်နှင့် 'ဟိဂျရသ်'ခရီးထွက်ပြီးနောက် (၃၁) လနောက် 'ဟိဂျရီ' (၃)ခုနှစ်၊'ရမ်ဇာန်'လမြတ်၌ အိမ်ထောင်ကျခဲ့လေသည်။ 'နဗီ' တမန်တော်မြတ်နှင့် (၈)လအထိအတူပေါင်းသင်းနေထိုင်၍ 'ဟိဂျရီ'(၄)ခုနှစ်၊ 'ရဗီအွလ်အာခိရ်'လ၌ အသျှင့်အမိန့်တော်ကို ခံယူကွယ်လွန်ရရှာလေသည်။

✓'နဗီ' တမန်တော်မြတ်၏ ကြင်ယာတော်များအနက်၊ 'ဟဇရသ်ခဒီဂျဟ်' သခင်မနှင့် 'ဟဇရသ်ဇိုင်နဗ်'သခင်မ ၂-ပါးတို့သာလျှင် တမန်တော်မြတ် သက်တော်ထင်ရှားရှိစဉ် ကွယ်လွန်ကြရရှာလေသည်။ ကျန်(၉)ပါးတို့မှာ ကိုယ်တော်မြတ် ကွယ်လွန် အသျှင့်အမိန့်တော်ခံယူစဉ် အသက်ထင်ရှားရှိကြလေသည်။

✓ဟဇရသ်ဇိုင်နဗ်'သခင်မသည်အလွန်ရက်ရက်ရောရောပေးကမ်းလှူဒါန်းလေ့ရှိသည်။ဤသည် ကြောင့်ပင်'အစ္စလာမ်'သာသနာမထွန်းကားမီကပင် 'အွမ္မေမစာကီးန်'၊မစ္စကီးန်'တို့၏ မိခင်ဟု ရှင်ဒီနာမတော်ဖြင့် ကျော်ကြားထင်ပေါ်လျက်ရှိခဲ့ပေသည်။ သခင်မကွယ်လွန် အသျှင့်အမိန့်တော် ခံယူရလေသော်၊ တမန်တော်မြတ်သည် 'ဟဇရသ်အွမ္မေစလ်မဟ်'သခင်မနှင့် အိမ်ထောင်ပြုတော်မူလေသည်။

၆။ 'အဗူအိုမိုင်ယဟ်'၏သမီး၊နမတော်ရင်းမှာ 'ဟင်န်ဒ်' ဖြစ်သည်။ သို့သော်လည်း အနွတ္တသညာမှာ'အွမ္မေစလ်မဟ်'ဟု ကျော်ကြားလျက်ရှိပေသည်။ သခင်မ၏ ပထမအိမ်ထောင်မှာ မိမိအစ်ကိုဝမ်းကွဲတော်စပ်သူ နာမတော်အရင်း'အဗ်ဒွလ္လာဟ်အိမ်နှအဗ်ဒွလ်အစဒ်'၊ ကွန်နီယသ်၊အနွတ္တသညာမှာ 'အဗူစလ်မဟ်' ဖြစ်ခဲ့လေသည်။ ဇနီးမောင်နှံ၂-ဦးတို့သည် အစကနဦးကပင် 'အစ္စလာမ်'သာသနာတော်သို့ ဝင်ရောက်ခဲ့ကြလေသည်။ 'ကာဖိရ်' အပေါင်းတို့၏ တရားလက်လွတ်နှိပ်စက်ညှဉ်းဆဲမှုကြောင့် ပထမ'အီသီယိုပီးယား'ဖက်သို့ သာသနာ့ရေးခရီး ထွက်ခဲ့ကြလေသည်။ ထို၌သားတော်တပါး 'စလ်မဟ်'ကိုဖွားမြင်လာ၏။ ထိုမှပြန်လာ၍'မဒီနဟ်'မြို့တော်ဖက်သို့ဆက်လက်ခရီးထွက်ရာ ဤအခဏ်းရှိအမှတ်စဉ်အမှတ်(၅)၌အကျယ်တဝင့်ဖေါ်ပြခဲ့လေပြီ။

'မဒီနဟ်'မြို့သို့ရောက်၍ သားတော်တပါး 'အုမရ်'နှင့် သမီးတော် ၂-ပါး 'ဒရဟ်'နှင့် 'ဇိုင်နဗ်' ထွန်းကားခဲ့လေသည်။ 'အဗူစလ်မဟ်'သခင်သည် (၁၁)ယောက်မြောက် 'အစ္စလာမ်' သာသနာဝင် ဖြစ်ပေသည်။ 'ဘဒရ်'နှင့်' အိုဟုဒ်'တိုက်ပွဲများ၌ ရွတ်ရွတ်ချွံချွံ ပါဝင်ဆင်နွှဲခဲ့

လေသည်။ 'အိုဟုဒ်' တိုက်ပွဲ၌ ပြင်းထန်လှသည့်ဒဏ်ရာကို ရရှိလေသည်။ ထို့နောက်'စိရ်ရိုးယာဟ်' တိုက်ပွဲ၌လည်း ပါဝင်ဆင်နွှဲခဲ့သေးသည်။ ထိုမှအပြန်တွင် အနာဟောင်းပြန်ကြွ၍'ဟိဂျရီ(၄)ခုနှစ်၊ 'ဂျမာဒလ်အာခိရ်'လ (၈)ရက် နေ့တွင် အသျှင့်အမိန့်တော်ကို ခံယူကွယ်လွန်ရရှာလေသည်။

ထိုအချိန် 'အွမ္မေစလ်မဟ်' သခင်မသည် 'ဇိုင်နဗ်'အမည်ရှိ မိန်းမကလေးကို ကိုယ်ဝန်ဆောင်ထားလေသည်။ ကလေးမျက်နှာမြင်သော်၊'အစ်ဒသ်' အချိန်ကုန်ဆုံးလေသည်။

'ဟဇရသ်အဗူဗက်ရ်' သခင်ကမင်္ဂလာစကား ကမ်းလှမ်းခဲ့လေသည်။ သခင်မသည်အကြောင်းပြ၍ ငြင်းပယ်လိုက်လေသည်။ ထို့နောက် 'နဗီ'တမန်တော်မြတ်က မင်္ဂလာစကားကမ်းလှမ်းလှာသော်၊သခင်မကမိမိမှာ ကလေးငယ်ကလေးများ ရှိနေသေးကြောင်း၊ ထို့အပြင် မိမိမှာ အရှက်ကြီးရှက်နေသေးကြောင်း၊မိမိအားအုပ်ထိန်းသူ (ဝါ)ခေါင်းကိုင်မည့် သူလည်း မရှိသေးကြောင်း လျှောက်ထားလေသည်။ ကိုယ်တော်မြတ်က ကလေးများကိုမူ 'အလ္လာဟ်' အသျှင်မြတ် စောင့်ရှောက်ကော်မူမည့်အကြောင်း၊ ယခုလောလောဆယ်ရှုံကြောက်၊ရှက်ကြောက်နေခြင်းမှာလည်း အသျှင့်အလိုတော်အရ အမြန်ဆုံး ပပျောက်သွားမည့်အကြောင်း၊ ခေါင်းကိုင်မည့်သူမှာ ငြင်းဆန်ကြမည့်သူပေါ်ပေါက်စရာ အကြောင်းမရှိကြောင်း မိန့်ကြားတော်မူလေ၏။ (ထိုအခါ)သခင်မက မိမိသားဖြစ်သူ'စလ်မဟ်'အား သားတော်မောင်၊ မေမေ့ကိုတမန်တော်မြတ်နှင့် ထိမ်းမြားပေးလော့ဟုဆိုလာ၏။

'ဟိဂျရီ'(၄)ခုနှစ်၊ 'ရှောင်ဝါလ်'လ နောက်ဆုံးအပတ်၌ မင်္ဂလာ အခမ်းအနားဖြစ်သွားလေသည်။ အချို့က'ဟိဂျရီ'(၃)ခုနှစ်၊အချို့က(၂)ခုနှစ်ဟု အဆိုပြု ရေးသားကြလေသည်။

'အွမ္မေစလ်မဟ်' သခင်မ အဆိုပြုသည်မှာ၊ ကျမသည် ကိုယ်တော်မြတ်ထံမှ ကြားသိရသည်။အကြင်သူသည် ဒုက္ခတစုံကရာနှင့် တွေ့ကြုံရသည်ရှိသော်၊ ထိုသူသည် ဤ 'ဒုအာ'ကို

اَللّٰهُمَّ اْجُرْنِيْ فِيْ مُصِيْبَتِيْ وَاخْلُفْنِيْ
خَيْرًا مِّنْهَا،

**အဓိပ္ပါယ်။** ✓ ။အို- အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးမ တို့အား၊ ဤဒုက္ခဘေးမှအကျိုး တစုံတရာကို ချီးမြှင့်တော်မူပါ။ ဒုက္ခဘေးကို သုခချမ်းသာအဖြစ်သို့ ပြောင်းလဲလှယ်ပေးတော်မူပါ။

ဟု တောင်းခံခဲ့သော်၊'အလ္လာဟ်'အသျှင်မြတ်သည် အကောင်းဆုံးသော ပြောင်းလဲမှုကို ပြုပေးတော်မူသည်။ ကျမသည် 'အဗူစလ်မဟ်' ကွယ်လွန်စဉ် ဤ'ဒုအာ'ကို တောင်းခံလိုက်သည်

သို့သော် စိတ်၌ ‘အဗူစလ်မဟ်’ထက် သာ၍ကောင်းသူ အဘယ်မှာ ရနိုင်အံ့နည်းဟု တွေးထင်မိသည်။ ‘အလ္လာဟ်အသျှင်မြတ်က ကျွမအား‘နဗီ’တမန်တော်မြတ်နှင့် ထိမ်းမြားပေးတော်မူသည်။

‘ဟဇရတ်အာအိယှဟ်’သခင်မအမိန့်ရှိသည်။‘အွမ္မေစလ်မဟ်’သည် အချောအလှ၌ အလွန်ထင်ပေါ်ကျော်ကြားလျက်ရှိသည်၊ ‘နေကာဟ်’ ပြီးသောအခါ ချောင်းမြောင်းကြည့်ရာ၊ ကြားသည်ထက်ပို၍ချောလှသည်ကိုတွေ့ရှိကြောင်း ဝန်ခံလေသည်။‘ဟဇရတ်ဟဖ်ဆဟ်’ သခင်မက ပြောပြရာ ကြားဘူးသလောက်မချော၊မလှပါဘူးဟု ဖြေကြားလိုက်လေသည်။

‘မုအ်မင်န်’ အပေါင်းတို့၏ မယ်တော်များ (ဝါ)ကိုယ်တော်မြတ်၏ ကြင်ယာတော်များအနက် ‘အွမ္မေစလ်မဟ်’သခင်မသည် နောက်ဆုံး ‘ဟိဂျရီ’(၅၉)ခုနှစ်၊ သို့မဟုတ် (၆၂) ခုနှစ်၊ သက်တော်(၈၄)နှစ်ကျမှ အသျှင့်အမိန့်တော်ကို ခံယူရရှာလေသည်။ ဤသို့ဖြင့် သခင်မသည် ‘နဗီ’ခုနှစ်(၉)ခုနှစ်အလျှင်ဖွားမြင်တော်မူခဲ့လေသည်။

‘ဟဇရတ်ဇိုင်နဗ်၊အိဗ်နသိုခိုဇိုင်မဟ်’ သခင်မ ကွယ်လွန် အသျှင့်အမိန့်တော် ခံယူပြီးနောက် များမကြာမီ ‘အွမ္မေစလ်မဟ်’သခင်မနှင့် အိမ်ထောင် ပြုလိုက်လေသည်။ ‘ဇိုင်နဗ်အိဗ်နသိုခိုဇိုင်မဟ်’သခင်မ၏ အဆောင်၌ ဆက်လက်စံမြန်းတော်မူ၏။ သခင်မသည်ထိုအဆောင်၏ တနေရာ၌ စဉ့်အိုးတွင် ဂျုံစေ့ကိုလည်းကောင်း၊ ဂျုံကြိတ်ကျောက်ကို လည်းကောင်း ချက်ပြုတ်ရန်အိုးခွက်များကိုလည်း မြင်တွေ့ရသဖြင့်၊သခင်မကိုယ်တိုင်ကိုယ်ကျ ကြိတ်၍ ထောပတ်သကြား စသည်များထည့်၍ ပထမနေ့မှာပင် ကိုယ်တော်မြတ်အား‘မလီဒဟ်’ (ခေါ်) ဟလဝါတမျိုးကို ထိုးကျွေးလေသည်။

၇။ ထိုနောက်‘နဗီ’ တမန်တော်သည် ‘ဂျဟရှ်’ ၏ သမီး ‘ဇိုင်နဗ်’ သခင်မ နှင့် ‘နေကာဟ်’ ထိမ်းမြားမင်္ဂလာ ဆောင်နှင်းတော်မူလေသည်။ သခင်မသည် ‘နဗီ’ တမန်တော်မြတ်၏ ‘ဖူဖီ’၏သမီး၊ မောင်နှမ တဝမ်းကွဲတော်လေသည်။သခင်မ၏ပထမအိမ်ထောင်သည်မှာ ‘နဗီ’ တမန်တော်မြတ်၏ မွေးစားသား ‘ဟဇရတ်ဇိုက်ဒ်အိဗ်နှဟာရေဆဟ်’ သခင် ဖြစ်ပေသည်။ ‘ဇိုက်ဒ်’သခင်က‘သွလာက်’ပေးပြီးနောက်၊‘အလ္လာဟ်’အသျှင်မြတ်က ‘နဗီ’တမန်တော်မြတ် နှင့် မင်္ဂလာဆောင်နှင်းတော်မူလိုက်လေသည်။၎င်းအချင်းအရာနှင့်စပ်လျဉ်း၍ ကျမ်းမြတ် ‘ကုရ်အာန်’ ‘စူရဟ်အဟ်ဇာဗ်’၌ အတိအလင်းလာရှိသည်။ထိုအချိန်၌သခင်မ၏ သက်တော်မှာ (၃၅) နှစ်သာရှိသေးသည်။ အများသိကျော်ကြားသည့်အဆိုတရပ်မှာ ‘ဟိဂျရီ’(၅)ခုနှစ်၊‘ဇီလ်ကအ်ဒဟ်’ လ၌ ‘နေကာဟ်’ဖြစ်သည်။ အချို့က‘ဟိဂျရီ’(၃) ခုနှစ်ဟုဆိုကြသည်။ အမှန်မှာ(၅)ခုနှစ်ဖြစ်သည်။ ဤသို့ဖြင့်သခင်မသည် ‘နဗဝီ’(၁၇)ခုနှစ် အလျှင်ဖွားမြင်ခဲ့လေသည်။

✓သခင်မက အခြားကြင်ယာတော်များ၏ မင်္ဂလာထိမ်းမြားခြင်းသည် သူတို့၏ ဆွေမျိုးသားချင်းတို့က ဆောင်နှင်းပေးကြသည်။ ငါ့ကိုမူကား 'အလ္လာဟ်'အသျှင်မြတ်က 'နေကာဟ်' မင်္ဂလာဆောင်နှင်းပေးသည်ဟု ဂုဏ်ယူပေသည်။ ယူလည်းယူထိုက်လှပေသည်။

✓'ဟဇရတ်ဇိုက်ဒ်' သခင်က သခင်မအား 'သွလာ:က်'ပေး ကွာရှင်းလိုက်၍ 'အစ်ဒတ်' အချိန်ကုန်ဆုံးသောအခါ၊ 'နဗီ'တမန်တော်မြတ်က သခင်မထံမင်္ဂလာစကား ကမ်းလှမ်းတော်မူလေသည်။ (ထိုအခါ) သခင်မက ကျမယခုလိုအခါမျိုး၌ မည်သို့မျှ အဖြေမပေးနိုင်သေးကြောင်း၊ 'အလ္လာဟ်'အသျှင်မြတ်နှင့် တိုင်ပင်ဆွေးနွေးပြီးမှသာ အဖြေပေးနိုင်မည်ဖြစ်ကြောင်း လျှောက်ထား၍ ဝုဇူပြုကာ 'နမာဇ်နီယတ်' ချည်တော်မူလိုက်လေ၏။ 'ဒုအာ' ဆုတောင်းခံသည်မှာ၊ အို.... 'အလ္လာဟ်'အသျှင်၊ အသျှင့်တမန်တော်သည် ကျတော်မျိုးမနှင့် မင်္ဂလာဆောင်နှင်းလိုနေသည်။ အကယ်၍ ကျွန်တော်မျိုးမသည် ကိုယ်တော်မြတ်နှင့် မင်္ဂလာဆောင်သင့်၊ ဆောင်ထိုက်သည်ရှိသော်၊ 'အလ္လာဟ်'အသျှင်မြတ်သည် ကျွန်တော်မျိုးမအား 'နဗီ'တမန်တော်မြတ်နှင့် မင်္ဂလာဆောင်နှင်းပေးတော်မူပါဟု တောင်းခံလေသည်။

فَلَمَّا قَضَىٰ زَيْدٌ مِّنْهَا وَطَرًا زَوَّجْنَاكَهَا

✓'နဗီ'တမန်တော်မြတ်ထံသို့ ကျမ်းမြတ်'ကုရ်အာန်'၏ 'အာယတ်'တော်–

✓ကျရောက်လာလေသည်။ 'နဗီ'တမန်တော်မြတ်က အကြောင်းသတင်းကို သခင်မထံ ပေးပို့သောအခါ၊ 'ဇိုင်နဗ်'သခင်မသည် ရွှင်ပြုံးဝမ်းမြောက်ကာ'စဂျဒဟ်'ဦးချလျက်၊ 'အလ္လာဟ်' အသျှင်မြတ်အား ခြီးကျူးထောမနာပြုနေလေသည်။ 'နဗီ'တမန်တော်မြတ်သည် 'ဝလီမဟ်' ကျွေးမွေးရာ၌ ဆိတ်'ဇဗဟ်'လည်လှီး၍ ဆိတ်သားကင်နှင့်မုန့်ကို အုပ်စုလိုက်အုပ်စုလိုက် တခမ်းတနား ကျင်းပကျွေးမွေးဧည့်ခံတော်မူခဲ့လေသည်။ အားလုံးသည်လည်း ဝဝလင်လင်စားသုံးကြလေသည်။

'ဟဇရတ်ဇိုင်နဗ်'သခင်မသည် ရက်ရက်ရောရော လှူဒါန်းသည်။အလုပ်၌ ကြိုးပမ်းဆောင်ရွက်သူဖြစ်သည်။ ရရှိသမျှငွေကြေးကိုလည်း ပေးကမ်းစွန့်ကြဲလေ့ရှိသည်။ ဤသည့်အကြောင်းကို ထောက်ချင့်၍ ကိုယ်တော်မြတ်က– ငါကိုယ်တော်မြတ် အသျှင့်အမိန့်တော် ခံယူပြီးနောက် ကြင်ယာတော်များအနက် အလျင်ဆုံးတွေ့ဆုံရမည့်သူမှာ လက်အရှည်ဆုံးသောသူသာ ဖြစ်သည်ဟူ၏။ ကြင်ယာတော်တို့က အကယ်ပင်လက်ရှည်သူဟု ထင်မှတ်ကြ၍ လက်ချင်းတိုင်းတာကြည့်ရာ 'ဟဇရတ်စောင်ဒဟ်'သခင်မ၏လက်သည် အရှည်ဆုံးဖြစ်နေလေသည်။ သို့ပါသော်လည်းအလျင်ဆုံး ကွယ်လွန်သူမှာ 'ဟဇရတ်ဇိုင်နဗ်' သခင်မဖြစ်နေပေသည်။ ထိုအခါကျမှ လက်ရှည်သည်ဆိုသည်မှာ အကယ်စင်စစ် ပေးကမ်းလှူဒါန်းသူတို့ကို ဆိုလိုကြောင်း သိကြလေသည်။

သခင်မသည် 'ရီဇဟ်ဉပုသ်'ကို အမြဲဆောက်တည်လေ့ရှိသည်။ 'ဟိဂျရီ' (၂၀) ခုနှစ်၌ အသျှင့်အမိန့်တော် ခံယူရရှာလေသည်။ 'ဂျနဇဟ်' နမာဇ်ကိုမူ 'ဟဇရသ်အုမရ်' သခင်က ရှေ့ဆောင်အဖြစ် ဆောင်ရွက်ပေးတော်မူသည်။ သက်တော်မှာ (၅၀)နှစ် ဖြစ်လေသည်။ သခင်မ၏အကြောင်းကို ဤအခဏ်း အမှတ်စဉ်(၁၀)၌ ဖေါ်ပြခဲ့လေပြီ။

✓ထိုနောက်ကိုယ်တော်မြတ်သည်"ဟဇရသ်ဂျုဝိုင်ရီယဟ်'အိဗ်နသ္ဓလ်'ဟာရစ်ဆ်"နှင့်မင်္ဂလာဆောင်နှင်းတော်မူသည်။ သခင်မသည် 'ဂဇ်ဝါဟ်မရီစီအ်' တိုက်ပွဲမှ အနှောင်အဖွဲ့နှင့် လာခဲ့ရလေသည်။ စစ်သုံ့ပန်းအဖြစ်နှင့် ခွဲတမ်းအရ 'ဟဇရသ်ဆာဗိသ်အိဗ်နကိုက်စ်' သခင်က ရရှိလေသည်။ အချုပ်အနှောင်မရှိမီ 'မစာဖိအ်အိဗ်နဆဖ်ဝါန်'နှင့်အိမ်ထောင်ကျခဲ့လေသည်။ 'ဟဇရသ်ဆာဗိသ်'သခင်က သူမအား ရွှေကိုး(၉) * 'အောင်ကီယဟ်' ပေးလျှင် လွတ်ငြိမ်းခွင့်ပေးမည်ဟု ပြောရာ နှစ်ဦးသဘောတူ ချုပ်ဆိုရေးသားကြပေသည်။

✓သခင်မသည် 'နဗီ'တမန်တော်မြတ်၏ အပါးတော်သို့ ဝင်ရောက်ခစားကာ၊ အို....အသျှင့်တမန်တော်၊ ကျွမသည် မိမိအမျိုးသားတို့၏ခေါင်းဆောင် 'ဟာရစ်ဆ်'၏သမီး 'ဂျုဝိုင်ရီယဟ်' ဖြစ်ပါသည်။ ကျွမတွေ့ကြုံရင်ဆိုင်နေရသည့် ဘေးဒုက္ခကိုလည်း ကိုယ်တော်အသိပင်ဖြစ်ပါသည်။ ယခု ကျွမသည် 'အောင်ကီယဟ်' [၉]ဖြင့် ကတိစာချုပ် ချုပ်ဆိုထားပါသည်။ ကျွမမှာဤမျှ ငွေကြေးကို ပေးနိုင်စွမ်းမရှိပါ၊ တမန်တော်မြတ် ကူညီစောင်မတော်မူလိမ့်မည်ဟု မျှော်လင့်ပါသည်ဟု လျှောက်ထားလေသည်။

✓ကိုယ်တော်မြတ်က ငါကိုယ်တော်မြတ်သည် သင်မအတွက် ငွေချေ၍သူကောင်း ပြုပေးတော်မူမည်။ ထိုနောက် သင်မနှင့်ထိမ်းမြားတော်မူအံ့ဟု မိန့်တော်မူ၏။ သခင်မအဖို့ ဤသည်ထက် ကောင်းရာ အဘယ်မှာရှိနိုင်အံ့နည်း။ ကြည်ကြည်ဖြူဖြူ လက်ခံသဘောတူလိုက်သည်။ အများအဆိုအရ 'ဟိဂျရီ'(၅)ခုနှစ်၊ အချို့က(၆)ခုနှစ်၌ 'နေကာဟ်' မင်္ဂလာပြုသည်၊ ဟူ၏။

✓'ဆဟာဗဟ်'အကြည်တော် အပေါင်းတို့သည်လည်း 'မုဆ်သ္ဓလိက်' မျိုးနွယ်ဝင်တို့သည် 'နဗီ'တမန်တော်မြတ်၏ ယောက္ခမသားချင်းများ ဖြစ်လှာကြောင်း သိကြလေသော်၊ မိမိတို့ထံ၌ရှိ ကျွန်များကိုပါ ဂုဏ်ပြုသည့်အနေဖြင့် သူကောင်းပြုလိုက်ကြလေသည်။ 'ဂျုဝိုင်ရီယဟ်' သခင်မတယောက်ကြောင့် အိမ်ထောင်ပေါင်းတရာ၊ လူဦးရေပေါင်း (၇၀၀)တို့သည် ကျွန်ဘဝမှ လွတ်ငြိမ်းချမ်းသာခွင့် ရကြကုန်သည်ဟု အဆိုရှိခဲ့လေသည်။ ကိုယ်တော်မြတ်၏ မင်္ဂလာဆောင်နှင်းခြင်းသည် ဤသို့ပင် အမြော်အမြင်ကြီးလှပေသည်။

---

* 'အောင်ကီယဟ်' တခု၏ တန်ဘိုးမှာ 'ဒိရ်ဟမ်' ၄၀နှင့် ညီမျှသည်။ 'ဒိရ်ဟမ်' တခု၏ တန်ဘိုးမှာ မြန်မာငွေ တမတ်နှင့်ညီမျှသည်။

'ဂျုဝိုင်ယဟ်' သခင်မသည် အလွန်ချော၊ အလွန်လှသည်။ ရှုမငြီးလောက်သည်ဟု သိရှိရသည်။ 'ဂျုဝိုင်ရီယဟ်' သခင်မသည် အချင်းဖြစ်ပွားရာတိုက်ပွဲသို့ မလာရောက်မီ (၃)ရက်အလျင် အိပ်မက်မြင်မက်သည်မှာ 'ယဆ်ရဗ်'(ဝ၁) 'မဒီနဟ်'မှ စန္ဒာလမင်းသည် ထွက်ပေါ်လာ၍ မိမိရင်ခွင်သို့ရောက်ရှိလာသည်ကို မြင်မက်လေသည်။ မိမိအချုပ်အနှောင် ခံရသည့်အခါ အိပ်မက်သဘောကို တရေးရေးတွေးထင်လာသည်။ မျှော်လည်းမျှော်ကိုးမိသည်။ ထိုအချိန်၌ သခင်မ၏ သက်တော်မှာ (၂၀)နှစ်သာ ရှိနေသေးသည်။ သခင်မသည် 'ဟိဂျရီ' (၅၀)ခုနှစ်၊ 'ရဗီအွလ် အောက်ဝလ်' လ၌ ကွယ်လွန်သည်။ သက်တော်မှာ (၆၅)နှစ် ဖြစ်သည်ဟု မှန်ကန်သည့်အဆိုတရပ်ဖြစ်သည်။ အချို့က သက်တော်(၇၀)၊ 'ဟိဂျရီ'(၅၆)ခုနှစ်မှာ 'မဒီနဟ်' မြို့တော်၌ အသျှင့်အမိန့်တော်ခံယူသည်ဟု အဆိုရှိကြသည်။

## ၉။ အွမ္မုလ်မုအ်မေနီးန်ဟဇရသ်အွမ္မေဟဗီဗဟ်

'အွမ္မေဟဗီဗဟ်'သခင်မသည် 'အဗူစွဖ်ယာန်' သခင်၏ ချစ်သမီးဖြစ်ပေသည်။ သခင်မ၏ ကေဝိဒနာမ်(ဝ၁)ကိုယ်ပိုင်နာမ်နှင့်စပ်လျဉ်း၍အဆိုကွဲပြားသည်။ အများက'မရ်မလဟ်'ဟု အဆိုပြုကြ၏။ အချို့က'ဟင်န်ဒ်'ဟု ဆိုလှာသည်။

သခင်မ၏ ပထမအိမ်ထောင်သည်မှာ "အိုဗိုင်ဒွလ္လာဟ်အိဗ်နုဂျဟရှ်"နှင့်'မက္ကဟ်'မြို့တော်၌ အကြောင်းပါခဲ့သည်။ ဇနီးမောင်နှံ ၂-ဦးစလုံး 'အစ္စလာမ်' သာသနာ လက်ခံလိုက်ကြလေသည်။ 'ကာဖိရ်'အပေါင်းတို့က တရားလက်လွှတ် နှိပ်စက်ညှဉ်းဆဲကြသဖြင့်၊ မိမိတို့ချက်ကြွေနေရပ်ကိုစွန့်၍ 'အီသီယိုပီးယား'ဖက်သို့ 'ဟိဂျရသ်' ထွက်ကြလေသည်။ ထိုသို့ရောက်သော် ခင်ပွန်းသည်မှာ 'ခရစ်ယာန်' ဘာသာသို့ ကူးပြောင်းသွားလေသည်။ သခင်မသည်ကား 'အစ္စလာမ်'သာသနာ၌သာတည်နေလေသည်။ ထိုညဉ့်၌ သခင်မသည် မိမိခင်ပွန်းအား ရှုံကြောက်ဖွယ် မျက်နှာပုံကြီးကို အိပ်မက်၌မြင်မက်လေသည်။ နံနက် မိုးသောက်အရုဏ်ရောက်သော်၊ ခင်ပွန်းသည်မှာ 'ခရစ်ယာန်'ဘာသာသို့ ကူးပြောင်းသွားကြောင်း သိရှိရလေသည်။ ဤသို့ ထီးထီးကျန်ဘဝ၌ မည်သို့စိတ်ဒုက္ခရောက်နေမည်ကို 'အလ္လာဟ်' အသျှင်မြတ်သာသိတော်မူမည်။ 'အလ္လာဟ်'အသျှင်မြတ်က သခင်မအား အကျိုးထူးကိုခြီးမြှင့်တော်မူလေသည်။ (ဝ၁)'နဗီ'တမန်တော်မြတ်နှင့် အိမ်ထောင်ကျခဲ့ရလေသည်။ ကိုယ်တော်မြတ်က 'အီသီယိုပီးယား'ပြည့်ရှင် 'နဂျာယှိ'မင်းထံ သဝဏ်လွှာပါး၍ မိမိနှင့်'အွမ္မေဟဗီဗဟ်'တို့အား မင်္ဂလာ ဆောင်နှင်းပေးရန် တောင်းခံ လိုက် လေ၏။ ထိုသို့ဖြင့် 'နဂျာယှိ' ဘုရင်မင်းသည် အမျိုးသမီးတဦး 'အဗရ်ဟဟ်'အမည်ရှိသူကို သခင်မထံစေလွှတ်၍ သတင်းကောင်းပါးစေတော်မူလိုက်လေ၏။ သခင်မသည် ဝမ်းသာရွှင်မြူးလျက် မဆိုင်းမတွ မိမိဆင်မြန်းထားသည့် ဦးခေါင်းတန်းဆာ(ဝ၁)ဘီးနှင့် ခြေတော် တန်းဆာများကို ဆုတော်လာဘ်တော်အဖြစ် 'အဗရ်ဟဟ်'အား ခြီးမြှင့်တော်မူလိုက်လေသည်။

'နဂျာယှ'' ဘုရင်မင်းက ကမကထပြု၍ မင်္ဂလာဆောင်နှင်းပေးလေသည်။ မိမိဘက်မှ ရွှေဒင်္ဂါး(၄၀၀)ကို 'မဟရ်'အဖြစ်လည်းကောင်း၊ အိမ်သုံးဥစ္စာပစ္စည်းများကိုလည်းကောင်း ချီးမြှင့်တော်မူသည့်အပြင်၊ မင်္ဂလာအခမ်းအနားသို့ လာရောက် အားပေး ကူညီသူတို့အား လည်း ကောင်းကောင်းမွန်မွန် ဧည့်ဝတ်ကျေပွန်စွာထမ်းဆောင်သည့်ပြင်၊ ရွှေဒင်္ဂါးများကိုပင် လက်ဆောင်တော်အဖြစ် ပေးကမ်းတော်မူသေးသည်ဟု သိရှိရသည်။

ထိုနောက် 'နေကာဟ်' ဆောင်နှင်းသည့်ခုနှစ်နှင့်ပတ်သက်၍ အဆိုကွဲသည်။ အများက 'ဟိဂျရီ'(၇)ခုနှစ်ဟုဆိုကြသည်။ အချို့က'ဟိဂျရီ'(၆)ခုနှစ်ဖြစ်သည်ဟုဆိုကြသည်။ 'ခမိစ်' သမိုင်းဆရာကြီးက 'နေကာဟ်' မင်္ဂလာသည် 'ဟိဂျရီ' (၆)ခုနှစ်၌ဖြစ်ခဲ့သည်ဟုဆို၏။'ရှဉ်ဆသီ' ခန့်အပ်မှုကို 'ဟိဂျရ''(၇)ခုနှစ်၊ 'မဒီနဟ်'မြို့တော်၌ဖြစ်သည်။ 'နဂျာယှ'' ဘုရင်မင်းသည် နံ့သာပေါင်းမျိုးစုံကိုလည်းကောင်း၊ အခန်းဝင်ပစ္စည်းဥစ္စာများကိုလည်းကောင်း တပါတည်း ထည့်၍ သခင်မအား ကိုယ်တော်မြတ်ထံသို့ စေလွှတ်တော်မူလိုက်လေသည်။

အချို့သမိုင်းကျမ်းဂန်၌ လာရှိသည်မှာ ဘခင်ဖြစ်သူက ကိုယ်တိုင်ကိုယ်ကျ မင်္ဂလာ ဆောင်နှင်းပေးသည်ဟုလှာရှိသည်။ ဤသည်ကား မမှန်လှပေ။ အကြောင်းမှာ'အဗူစွဖ်ယာန်' သည် ၎င်းအချိန်ကာလအထိ 'အစ္စလာမ်' သာသနာ ဘောင်တွင်းသို့ မဝင်ရောက်ရှိ သေးပေ။ ဤအချင်းအရာပြီးမှသာ 'အစ္စလာမ်'သာသနာဝင်ဖြစ်လာလေသည်။ ၎င်းအချင်း အရာကို ဤအခဏ်း၊ အမှတ်စဉ်(၉)၌ဖော်ပြခဲ့လေပြီ။

သခင်မကွယ်လွန်အသျှင့်အမိန့်တော် ခံယူခြင်းနှင့်စပ်လျဉ်း၍လည်း အဆိုအမျိုးမျိုး ကွဲပြားနေသေးသည်။ 'အများက'ဟိဂျရ'' (၄၄)ခုနှစ်ဆိုကြသည်။ အချို့က(၄၂-၅၀-၅၅) စသည်ဖြင့် လှာရှိပေသည်။

(အင်နာလစ်လ္လာဟိ၊ ဝအင်နာအိလိုင်ဟိရာဂျေအူးန်)။

## ၁၀။ ဒွမ္မုလ်မုအ်မိနီးန်ဟဇရသ်ဆဖီယဟ်သခင်မအကြောင်း။

'ဟဇရသ်ဆဖီယဟ်'သခင်မသည် 'ဟိုင်'၏ချစ်သမီးဖြစ်ပေသည်။ .ထို'ဟိုင်'သည်'မူစာနဗီ' တမန်တော်၏နောင်တော် 'ဟာဇရသ်ဟာရူးန်'သခင်၏ အနွယ်တော်ဝင်ဖြစ်သည်။ ပထမ ခင်ပွန်းသည် 'စလာမ်အိဗ်နုမရှ်ကမ်' ဖြစ်ပေသည်။ ထိုနောက် 'ကနာနဟ်' အိဗ်နု 'အဗ''ဟ ကီးက်'နှင့် အိမ်ထောင်ကျပြန်လေသည်။ ယင်းမင်္ဂလာအခမ်းဒအနားသည် 'ခိုင်ဗရ်' စစ်ပွဲ၏ အစ ပိုင်း၌ဖြစ်ပေသည်။ 'ကနာနဟ်'သည် ထိုစစ်ပွဲ၌ပင် ကျဆုံးလေသည်။

ထိုစစ်ပွဲပြီးဆုံးသောအခါ 'ဒဟ်ယဟ်ကလ်ဗ'' အမည်ရှိ 'ဆဟာဗ''တပါးရှိလေသည်။ ထို'ဆဟာဗ''က 'နဗီ'တမန်တော်မြတ်ထံမှ ကျွန်မတယောက်တောင်းခံလာသဖြင့်၊ သခင်မ

အား ထို'ဆဟာဗီ'ကို ခြီးမြှင့်လိုက်လေသည် ထိုအချိန်၌'မဒီနဟ်' မြို့တော်၌ 'ဗနုကိုရိုင်ဇဟ်' အမျိုးနွယ်ဝင်များနှင့် 'နသွီးရ်' မျိုးနွယ်ဝင်များသည်လည်း မှီတင်းနေထိုင်ကြလေသည်။ သူမသည်ကား ၎င်းတို့၏ခေါင်းဆောင်တဦး၏ ရင်သွေးရင်နှစ်ချစ်သမီးဖြစ်နေလေသည်။ သို့ဖြင့် အများက ကိုယ်တော်မြတ်အား 'ဆဖီယဟ်'အား ကောက်တော်မူ၍ မိဖုရား တင်မြှောက်ခြင်းဖြင့် 'ယဟူဒီ'အပေါင်းတို့အား စည်းရုံးရာရောက်ပေလိမ့်မည်ဟု အကြံပေးလှာသဖြင့်၊ ကိုယ်တော်မြတ်သည် 'ဒဟ်ယဟ်ကလ်ဗီအား အခကြေးငွေ လျော်ကြေးပေး၍ သူကောင်းပြုကာ မိမိနှင့်အိမ်ထောင်ပြု၊ မိဖုရားအဖြစ် တင်မြှောက်လိုက်လေသည်။ 'ခိုင်ဗရ်' မှ အပြန်စခန်းတနေရာတွင် အခန်းအပ်ပွဲအခမ်းအနား စီရင်ကျင်းပတော်မူလိုက်လေသည်။ နံနက်မိုးသောက် အလင်းရောက်သော်၊ ကိုယ်တော်မြတ်က အဆွေတော်တို့ထံရှိရာ စားဖွယ်ဘောဇဉ်များကို ယူလာကြလေ့ဟု အမိန့်တော်ရှိရာ၊ အကြည်တော်များက စွန်ပလွံသီး၊ ဒိန်ခဲ၊ ထောပတ်စသည့် ပစ္စည်းမျိုးစုံကို ယူလာကြရာ၊ သားရေစားပွဲခင်းတခုကို ခင်းကျင်း၍ ခဲဘွယ်ဘောဇဉ်အားလုံးကို စုပုံချလိုက်စေ၏။ အားလုံးစု၍ ဝိုင်းစားကြရာ၊ ဤသို့ဖြင့် 'ဝလီမဟ်' ဖြစ်စေလေ၏။

အချို့ 'ရဝါယသ်'တော်များ၌ လှာရှိသည်မှာ၊ 'နဗီ'တမန်တော်မြတ်က သူမအား အကယ်၍ သင်မသည် မိမိရပ်ရွာ သားချင်းများထံသို့ သွားလိုကသွားခွင့်ပြုသည်။ သင်မအား လွှတ်ငြိမ်းခွင့်ပြုသည်။ သို့တည်းမဟုတ်ဒီမှာနေ၍ ငါကိုယ်တော်မြတ်နှင့် အိမ်ထောင်ပြုလိုသော်လည်း ပြုနိုင်သည်ဟု မိန့်ကြားတော်မူလိုက်သောအခါ၊ 'ဆဖီယဟ်'သူတော်စင်မက၊အို–အသျှင့်တမန်တော်၊ ကျွမသည် 'မုယှရိက်'ဘဝကပင် ကိုယ်တော်မြတ်အား တပ်မက်ခဲ့ပါသည်။ ယခုမှာမူ 'အစ္စလာမ်'သာသနာဝင်ဖြစ်လျက် အဘယ်သို့သွားနိုင်ပါအံ့နည်းဟု လျှောက်ထားပြန်လေသည်။

သဘောမှာ မိမိ'အစ္စလာမ်'သာသနာဝင်မဖြစ်မီက မြင်မက်ခဲ့သည့် အိပ်မက်ကို ညွှန်းရာဖြစ်ပေလိမ့်မည်။ အိပ်မက်မှာ ပထမတကြိမ်၌ စန္ဒာလမင်းကြီး၏ အဝိုင်းတဝိုင်းသည် မိမိရင်ခွင်၌ ရှိနေသည်ကို မြင်မက်ခဲ့လေသည်။ ယင်းအိပ်မက်ကို ခင်ပွန်းဖြစ်သူ 'ကနာနဟ်'အား ပြောပြရာ၊ အားကုန်လက်လွှဲ၍ ပါးတချက်ရိုက်လိုက်လေသည်။ ထို့ကြောင့် မျက်စိ၌ပင် ဒဏ်ရာရရှိသွားလေသည်။ ထိုနောက် နင်က 'မဒီနဟ်'မြို့ရှိ ဘုရင်၏မိဖုယားဖြစ်လိုနေပါသလောဟု မေးမြန်းခြင်းကိုပင် ခံရလေ၏။

အခါတပါး၌ သူရိယနေမင်းကြီးသည် မိမိရင်ပေါ်သို့ရှိနေသည်ကို မြင်မက်လေ၏။ ယင်းအကြောင်းကိုလည်း ခင်ပွန်းသည်အား ပြောပြရာ အထက်ပါအတိုင်း မေးမြန်းလှာပြန်၏။

တရံရောအခါ စန္ဒာလမင်းကြီးသည် မိမိရင်ခွင်သို့ရောက်နေသည်ဟု မြင်မက်ကြောင်း ဘခင်အားပြောပြရာ၊ ဘခင်ကပါ ပါးတချက်ရိုက်၍ သင်မသည် 'မဒီနဟ်'ဘုရင်၏ မိဖုယား ဖြစ်ချင်နေပါသလောဟု မေးမြန်းလာသေး၏။

ဖြစ်နိုင်စရာအကြောင်းမှာ စန္ဒာလမင်းကို အိပ်မက်မြင်မက်သည့်တကြိမ်ကိုပင် ခင်ပွန်းနှင့် ဘခင်အား ပြောပြသည်လည်း ဖြစ်နိုင်သည်။ စန္ဒာလမင်းကို ၂-ကြိမ် ၂-ခါ မြင်မက်သည်လည်း ဖြစ်နိုင်ရာသည်။ သခင်မသည်၊ အဆိုမှန်တိကျသည့်အဆိုအရ ဟိဂျရီ (၅၀)ခုနှစ် ရမ်ဇာန်လ၌ အသျှင့်အမိန့်တော်ကို ခံယူရရှာလေသည်။ သက်တော်(၆၀)နှစ်ခန့်ဖြစ်သည်။ သခင်မကိုယ်တိုင် အမိန့်ရှိသည်မှာ ကျမသည် 'နဗီ'တမန်တော်မြတ်နှင့် အိမ်ထောင်ကျစဉ်က သက်တော်(၁၇)နှစ် မပြည့်သေးပါဟု ပြောခဲ့ဘူးလေသည်။

### ၈၁။ အွမ္မုလ်မုအ်မိနီးန် ဟဇရသ်မိုင်မူနဟ် သခင်မအကြောင်း။

"ဟဇရသ်မိုင်မူနဟ်"သခင်မသည် 'ဟာရစ်ဆ်အိဗ်နုဟုဇ်န်'၏ သမီးဖြစ်သည်။ နာမတော် အရင်းမှာ 'ဗရ်ရဟ်'ဖြစ်သည်။ 'နဗီ'တမန်တော်မြတ်က နာမတော်ပြောင်း၍ 'မိုင်မူနဟ်'ဟူ၍ မှည့်ထားတော်မူလိုက်လေ၏။

ပထမအိမ်ထောင်သည်မှာ "အဗူရဟမ်အိဗ်နုအဗ်ဒုလ်အွဇ္ဇာ"ဖြစ်ခဲ့သည်။ ဤသည်ကား ရာဇဝင်သမိုင်းဆရာ အများစု၏ အဆိုဖြစ်သည်။ နောက်လည်း အဆိုအများအပြားရှိသေးသည်။ ခင်ပွန်း၏အမည်ကိုလည်း အမျိုးမျိုးအဆိုရှိကြသည်။ အချို့က 'နဗီ'တမန်တော်မြတ်အလျင် ခင်ပွန်းနှစ်ဆက်ရှိခဲ့သည်ဟု အဆိုရှိသည်။

မိမိ မုဆိုးမဖြစ်၍ 'ဟိဂျရီ'(၇)ခုနှစ်၊ 'ဇီလ်ကအ်ဒဟ်'လမြတ်၌ 'နဗီ'တမန်တော်မြတ်သည် 'အွမ္မရဟ်'ပြုရန် 'မက္ကဟ်'မြို့တော်သို့ ကြွချီတော်မူစဉ် 'စရဖ်'အမည်ရှိ တနေရာတွင် 'နေကာဟ်' မင်္ဂလာဖြစ်လာလေသည်။ 'နဗီ'တမန်တော်မြတ်က 'အွမ္မရဟ်'ပြုပြီး အပြန်ကျမှ အခန်းအပ် အခမ်းအနားပြုလုပ်မည်ဟု ကြံရွယ်ပါသော်လည်း 'မက္ကဟ်'မြို့သူမြို့သားတို့က ဆိုင်းငံ့နေထိုင်ခွင့် မပြုသဖြင့်ချက်ခြင်းပြန်ကြွတော်မူရာ၊ 'စရဖ်' နေရာသို့ပြန်အရောက်တွင် အခန်းအပ်ပွဲ ကျင်းပဖြစ် လေသည်။ ၎င်းအခန်းအပ်ပွဲပြုလုပ်ရာ ယာယီတဲနန်း၌ပင် 'ဟိဂျရီ' (၅၁) သို့မဟုတ်(၆၁) ခုနှစ်၌ သက်တော် (၈၁)နှစ်တွင် ထိုနေရာမှာပင် ကွယ်လွန်အသျှင့်အမိန့်တော် ခံယူသွားသဖြင့် မြေမြှုပ်ကြရလေသည်။ ဤအကြောင်းဖြင့် သင်ခဏ်းစာတရပ်ဖြစ်ရုံသာမက သမိုင်း၌လည်း အံ့ချီးတရပ်ဖြစ်သည်။

ခရီးထွက်ရာ၌ ပထမအကြိမ်၌၊ ဤနေရာတွင် 'နေကာဟ်'ဖြစ်ခဲ့သည်။ ဒုတိယအကြိမ် ခရီးထွက်သွားသော်၊ ၎င်းနေရာ၌ပင် အခမ်းအပ်ပွဲဖြစ်သည်။ ကာလ အချိန်အတန်ကြာသော အခါ ထိုနေရာ၌ပင် သခင်မ၏ သင်းချိုင်းဖြစ်လာရခြင်းသည်လည်း မှတ်သားဖွယ်ပင်တည်း။

'ဟဇရသ်အာအိယှဟ်'သခင်မအဆို။ ။'ဟဇရသ်မိုင်မူနဟ်'သခင်မသည် ကြင်ယာတော် များအနက်၊ သာသနာရေး၌ အလေးစားဆုံး၊ သားချင်းများနှင့် ပြေပြေပြစ်ပြစ် ဆက်ဆံလေ့ အရှိဆုံးဖြစ်သည်ဟု အဆိုပြုလေသည်။

'ဟဇရသ်ယဇိဒ်အိဗ်နုအဆမ်'သခင်က သခင်မသည် အခါခပ်သိမ်း နမာဇ်ဖတ်လေ့ရှိနေ တတ်သည်။ အိမ်တွင်းအလုပ်အကိုင်နှင့် နမာဇ်ဖတ်ခြင်းမှ အားလပ်သောအခါ သွားတိုက် နေလေ့ရှိသည်ဟု အဆိုပြုသည်။ ရာဇဝင်သမိုင်းဆရာအားလုံးက တညီတညွတ်တည်း အဆိုရှိသည် မှာ'ဟဇရသ်မိုင်မူနဟ်'သခင်မသည် 'နဗီ'တမန်တော်မြတ်၏ နောက်ဆုံးဇနီး၊ နောက်ဆုံးမင်္ဂလာ ဆောင်ခြင်းဖြစ်ကြောင်း အဆိုရှိသည်။ အခြား မင်္ဂလာဆောင်ရာ၌ အဆိုအမျိုးမျိုး ရှိခဲ့ လေသည်။ စင်စစ်မှာကား မင်္ဂလာဆောင်သည်နေ့စွဲ၌ ကွဲပြားခြင်းကြောင့်ပင်တည်း။

'နဗီ'တမန်တော်မြတ်၏ကြင်ယာတော် (၁၁)ပါးအနက်၊ 'ဟဇရသ်ခဒီဂျဟ်' သခင်မနှင့် "ဟဇရသ်ဇိုင်နဗ်'ဗင်န်သေ့'ခိုဇိုင်မဟ်"တို့သည်'နဗီ'တမန်တော်မြတ် သက်တော်ထင်ရှားရှိနေစဉ် မှာပင် အသျှင့်အမိန့်တော် ခံယူကွယ်လွန်ကြရရှာလေသည်။ ကျန်ကြင်ယာတော်(၉)ပါးတို့သည် ကား 'နဗီ'တမန်တော်မြတ် အသျှင့်အမိန့်တော် ခံယူကွယ်လွန်ချိန်၌ အသက်ထင်ရှား ရှိနေကြ သေးသည်။ ၎င်းအပြင် အချို့ရာဇဝင်သမိုင်းဆရာများနှင့် 'ဟဒီးဆ်'ပါမောက္ခဆရာတော်တို့က အခြားအခြားသော အိမ်ထောင်ရေးအကြောင်းများကိုလည်း ရေးကြလေးသည်။ မိမိမှာ ထိုသို့ အဆိုကွဲလွဲနေသည်များကို လျှစ်လျူရှု၍ အဆိုညီသော မင်္ဂလာ'နေကာဟ်'နှင့် ကြင်ယာတော် များအကြောင်းကိုသာ ဖော်ပြလိုက်ပါသည်။

## သားစဉ် မြေးဆက်

ရာဇဝင်သမိုင်းဆရာများနှင့် 'ဟဒီးဆ်'ပါမောက္ခဆရာတော်တို့သည် တညီတညွတ်တည်း ဆုံးဖြတ်ချက်မှာ 'နဗီ'တမန်တော်မြတ်၏ သမီးတော်တို့သည် (၄)ပါးဖြစ်ကြသည်။ အများစု၏ စုံစမ်းလေ့လာချက်အရ၊ ထိုသမီးတော်များအနက် အကြီးဆုံးမှာ 'ဇိုင်နဗ်' သခင်မဖြစ်သည်။ ထိုနောက် 'ရုကိုင်ယဟ်'သခင်မ၊ ထိုနောက်'အွမ္မေကွလ်ဆူးမ်'သခင်မ၊ ထိုနောက် အမျိုးသမီး တို့၏ ထိပ်ထား 'ဟဇရသ်ဖါသွေ့မဟ်'သခင်မ စသည်တို့ဖြစ်ကြပါသည်။

သားယောက်ျားကလေးများနှင့် ပတ်သက်၍အဆိုကွဲပြားလေသည်။ အကြောင်းသော်ကား၊ သားတော်များသည် ငယ်ရွယ်နုနယ်စဉ်အချိန်၌ပင် ကွယ်လွန်သွားကြရှာလေသည်။ ထိုအချိန်အခါက'အာရေဗျ'တိုင်းနိုင်ငံ၌ ခုနှစ်သက္ကရာဇ်ကို လေးလေးစားစား မှတ်သားလေ့မရှိကြချေ။ 'ဆဟာဗဟ်' သာဝကကြီးတို့မှာလည်း အနည်းအကျဉ်းသာရှိကြသေးသည်။ ရှိသူများမှာ စိတ်ဝင်စားမှုနည်းနေသေးသည်။ သို့ဖြစ်၍ အလုံးစုံကို ပြည့်ပြည့်စုံစုံမှတ်မထားနိုင်ခြင်းဖြစ်ပေသည်။

အများစု၏ လေ့လာချက်အရမှာ၊ သားတော်သုံးပါးဖြစ်သည်။ 'ဟဇရတ်ကာစင်မ်'၊ 'ဟဇရတ်အဗ်ဒုလ္လာဟ်'၊'ဟဇရတ်အိဗ်ရာဟင်မ်'စသည်တို့ဖြစ်ကြသည်။အချို့က စတုတ္ထသားတော်မှာ 'ဟဇရတ်သိုင်ယိဗ်'နှင့် ပဉ္စမ'ဟဇရတ်သွာဟိရ်'ဖြစ်သည်ဟုဆိုကြသည်။ ဤသို့ဖြင့်သားတော်ငါးပါးဖြစ်ချေသည်။

အချို့က 'သိုင်ယိဗ်'နှင့် 'သွာဟိရ်'စသည် အမည် ၂-ပါးမှာမူတပါးတည်း၏ အမည်ဖြစ်သည်ဟုဆိုကြသည်။ ဤအဆိုအရ သားတော်များမှာ (၄)ပါးသာဖြစ်ပေလိမ့်မည်။ အချို့က 'ဟဇရတ်အဗ်ဒုလ္လာဟ်'သခင်၏ အခြားနာမတော်မှာ 'သိုင်ယိဗ်၊သွာဟိရ်' ဖြစ်သည်ဟုဆိုလှာသည်။ ဤအဆိုအရဆိုလျှင်၊ သားတော်(၃)ပါးသာဖြစ်ပေမည်။

အချို့ကနောက်ထပ်သားတော် ၂-ပါးအမည်ကိုပါ ဖော်ပြကြသေးသည်။'မုသွိုင်ယိဗ်'နှင့်'မုသွာဟိရ်'ဟူ၍ဖြစ်ကြသည်။ 'မုသွိုင်ယိဗ်'နှင့် 'သွိုင်ယိဗ်'သည်လည်းကောင်း၊ 'သွာဟိရ်'နှင့် 'မုသွဟ်ဟိရ်' ၂-ပါးတို့သည်လည်းကောင်း အမွှာညီနောင်များ ဖြစ်ကြသည်ဟုလှာရှိသည်။ ထိုသို့ဖြင့် သားတော်(၇)ပါးဖြစ်ပေသည်။

✓သို့ပေမဲ့အများစု၏ လေ့လာသုတေသနပြုချက်အရ သားတော်(၃)ပါးသာဖြစ်သည်။ 'နဗီ'တမန်တော်မြတ်၏ ရှိသမျှသော သားသမီးတို့သည်လည်း 'ဟဇရတ်အိဗ်ရာဟင်မ်'တပါးမှအပ ကျန်အားလုံးသည် 'ဟဇရတ်ဘီဘီခဒီဂျဟ်'သခင်မနှင့်ရသည့် သားသမီးသာဖြစ်ကြပေသည်။

'ဟဇရတ်ကာစင်မ်'သခင်သည် အကြီးဆုံးသားဖြစ်သည်ဟု အဆိုရှိပါသော်လည်း၊အချို့က 'ဟဇရတ်ဇိုင်နဗ်သခင်မကို အကြီးဆုံးဟု အဆိုရှိသည်။ 'ဟဇရတ်ကာစင်(မ်)' သခင်သည် ငယ်ရွယ်နုနယ်သည့်ဘဝ၌ပင် အသျှင့်အမိန့်တော်ကို ခံယူရရှာလေသည် အများစုက သက်တော် ၂-နှစ်ဟု ရေးပါသော်လည်း အချို့က ၎င်းထက်နည်းသည်၊များသည်ဟူ၍ အဆိုကွဲခဲ့သည်။

✓ ဒုတိယသားတော်မှာ 'ဟဇရတ်အဗ်ဒုလ္လာဟ်' သခင်ဖြစ်သည်။ * 'နဗူဝသ်'ရပြီးလျှင်ပြီးခြင်းဖွားမြင်လေသည်။ ထိုကြောင့် နာမတော်ကို 'သွိုင်ယိဗ်'နှင့် 'သွာဟိရ်'ဟု တွင်လေ

---

* နဗီတမန်တော်အဖြစ်ခံယူခြင်း။

မည်။ ငယ်ရွယ်နုနယ်စဉ်၌ပင် အသျှင့်အမိန့်တော်ကို ခံယူရရှာလေသည်။ သခင်လေး၏ ကွယ်လွန်ခြင်းဖြင့် အချို့က သခင်လေး'ကာစင်မ်'၏ ကွယ်လွန်ခြင်းဖြင့် 'ကာဖိရ်'တို့သည် နှစ်ထောင်းအားရဖြစ်ကြသည်ဟုလာရှိသည်။ မျိုးစဉ်မျိုးဆက်ဆိတ်သုဉ်းလေပြီ။ ၎င်းအတွက် (အင်နှာအအ်သွာ ၂ိင်နှာကလ်ကောင်ဆရ်) 'စူရဟ်'ကျရောက်လာသည် ဟူ၏။

'ကာဖိရ်'တို့က 'နဗီ'တမန်တော်မြတ်၏ ဆွေစဉ်မျိုးဆက်ကုန်ဆုံးသွားလျှင်၊ မကြာမီကာလအတွင်းမှာ 'နဗီ'တမန်တော်မြတ်၏ နာမတော်သည်လည်း ကွယ်ပျောက်သွားလိမ့်မည်ဟု ပြောလှာကြသည်။ သို့သော်လည်း အသျှင့်အလိုတော်အရ၊ ယနေ့နှစ်ပေါင်း (၁၄၀၀)ကျော်လာသော်လည်း ကုဋေကုဋာနှင့်ချီ၍ ကိုယ်တော်မြတ်၏ အမည်နာမတော်ကို တသလျက်ရှိနေကြလေသည်။

တတိယမြောက်သားတော်မှာ 'အိဗ်ရာဟင်မ်'သခင်လေးဖြစ်ပါသည်။ 'ဟိဂျရီ'(၈)ခုနှစ်၊ 'ဇီလ်ဟစ်ဂျဟ်'လ၌ ဖွားမြင်ကြောင်း တညီတညွတ်တည်း အဆိုတခုတည်း၌ ညီကြသည်။ ဤသားတော်မှာ ကိုယ်တော်မြတ်၏ ကိုယ်လုပ်တော်'မာရီယဟ်' သခင်မဝမ်းဗိုက်မှ ဖွားမြင်လေသည်။ နဗီတမန်တော်မြတ်၏ နောက်ဆုံးသားတော်ဖြစ်သည်။ ကိုယ်တော်မြတ်သည် (၇)ရက်မြောက်သောနေ့တွင် သခင်လေးအတွက် *"အကီကဟ်"ပြုတော်မူသည်။ ၎င်း'အကီကဟ်'တွင် သိုး ၂-ကောင်ကို 'ဇဗဟ်'ပြုတော်မူ၍ ဆံတော်များနှင့်အညီ ငွေသားနှင့်ချိန်ဆက်၍ 'ဆဒ္ဒကဟ်'ပြုလှူဒါန်းတော်မူသည်။ ထိုနောက်ဆံတော်များကို မြေမြှုပ်လိုက်လေသည်။

'ဟဇရသ်အဗူဟင်န်ဒ်ဗယာဇွီ' သခင်က ဆံချတော်မူသည်။ ကိုယ်တော်မြတ်က ငါကိုယ်တော်မြတ်သည် မိမိဘခမည်းတော် 'အိဗ်ရာဟင်မ်'၏ နာမတော်ကို၊ ၎င်းအဖို့ရွေးချယ်တော်မူသည်။ အချို့က (၁၆)လ၊ အချို့က(၁၈)လ၊ 'ဟိဂျရီ' (၁၀)ခုနှစ်၊ 'ရဗီအွလ်အောင်ဝလ်'လ (၁၀)ရက်နေ့တွင် အသျှင့်အမိန့်တော်ကို ခံယူရရှာလေသည်။ ကိုယ်တော်မြတ်က 'အိဗ်ရာဟင်မ်" သခင်လေးအတွက် 'ဂျန္နသ်'သုခဘုံနန်း၌ နို့ချိုတိုက်သူ စီစဉ်ပြီးပြီဟု မိန့်ကြားတော်မူသည်။

သမီးတော်များအနက် အကြီးဆုံးမှာ 'ဟဇရသ်ဇိုင်နဗ်'သခင်မဖြစ်သည်။ အချို့ရာဇဝင်သမိုင်းဆရာတို့သည် ၎င်းအရာနှင့်စပ်လျဉ်း၍ ဖီလာဆန့်ကျင်ကြ၏။ ထိုပုဂ္ဂိုလ်တို့သည် အမှား၌ နှစ်မွန်းနေသူများဖြစ်ကြလေသည်။

---

* အကီကဟ်ဆိုသည်မှာ ကလေးမွေးပြီး ၇-ရက်မြောက်နေ့တွင် ယောကျ်ားကလေးအတွက် သိုး၊ဆိတ် ၂-ကောင် မိန်းကလေးအတွက်မူကား သိုး၊ဆိတ်တကောင်ကို'ဇဗဟ်'ပြုအမည်မှည့်ပေးခြင်းကို ခေါ်ဆိုပါသည်။

‘နဗီ’တမန်တော်မြတ် ‘နေကာဟ်ရှာဒီ’ အပြီး ၅–နှစ်မြောက်သော်၊ ကိုယ်တော်မြတ်၏ သက်တော်မှာ (၃၀)၌ ဖွားမြင်လေသည်။ မိဘ ၂–ပါး၏ အရိပ်အာဝါသအောက်၌ အရွယ်ရောက်ရှိရလေသည်။ ကြီးပြင်းလာလေသည်။ အစ္စလာမ်’သာသနာဝင်ဖြစ်လာလေသည်။ မိမိ၏ ‘ခါလာ’သားအစ်ကိုဝမ်းကွဲတော်စပ်သူ အဗူလ်အာဆ်အိဗ်နုရဗိအ်’နှင့် အိမ်ထောင်ကျခဲ့လေသည်။ ‘ဘဒ်ရ်’တိုက်ပွဲပြီးနောက် ‘ဟိဂျရယ်’ သာသနာရေးခရီးထွက်ခဲ့လေသည်။ ၎င်းခရီး၌ ‘ကာဖိရ်’ အပေါင်းတို့၏ တရားလက်လွတ်ညှဉ်းပမ်းမှုကြောင့် ပြင်းထန်သည့် ဒဏ်ရာရရှိလေသည်။ ၎င်းအကြောင်းကို ဤအခန်း၊အမှတ်စဉ်(၂၀)၌ ဖော်ပြခဲ့လေပြီ။ ထိုဒဏ်ရာဖြင့် ကွယ်လွန်ရရှာလေသည်။ သခင်မ၏ ခင်ပွန်းသည်မှာလည်း ‘ဟိဂျရီ’(၆)ခုနှစ်၌ ‘အစ္စလာမ်’သာသနာဝင်ဖြစ်လာ၍ မဒီနဟ်’မြို့တော်သို့ ရောက်ရှိလာလေသည်။ ဇနီးမောင်နှံ ၂–ဦးတို့သည် ရှင်မဆုံးပျော် တပြုံးပြုံးဖြစ်နေကြလေသည်။

✓သားသမီးရတနာ(၂)ပါး ထွန်းကားလာလေသည်။ သားတော်အမည်မှာ ‘အလီ’ဖြစ်သည်။ လူလားမမြောက်မီမှာပင် မိခင်ကွယ်လွန်သွားရရှာလေသည်။ သခင်မသည် ‘နဗီ’တမန်တော်မြတ် သက်တော်ထင်ရှားရှိနေစဉ်မှာပင် ကွယ်လွန်ခဲ့လေသည်။ မြေးတော် ‘အလီ’သခင်လေးသည် ဘိုးတော်နှင့်အတူ လိုက်ပါလေ့ရှိသည်။ ‘မက္ကဟ်’မြို့ကို သိမ်းပိုက်သည့်အခါ ကုလားအုတ်ပေါ်၌ ‘နဗီ’တမန်တော်မြတ်နှင့် တပါတည်း စီးနင်းလိုက်ပါခဲ့လေသည်။

✓သမီးတော်၏အမည်မှာ ‘အုမာမဟ်’ဖြစ်သည်။ သခင်မလေးအကြောင်းနှင့် ပတ်သက်၍ ‘ဟဒီးဆ်’ ဩဝါဒများ၌ အမြောက်အမြားလာရှိပေသည်။ ‘နဗီ’တမန်တော်မြတ် ‘နမာဇ်’၌ ‘စဂျဒဟ်’ဦးချသည့်အခါ ကျောပေါ်၌ တက်စီးလေ့ရှိသည်။ ‘နဗီ’တမန်တော်မြတ် ကွယ်လွန်အသျှင့်အမိန့်တော်ခံယူပြီးနောက်၊ အတန်ကြာ အသက်ထင်ရှားရှိနေသေးသည်။ ‘ဟဇရတ် ဖါသွေ့မဟ်’ (ကိုယ်တော့်သမီး) ‘ခါလာ’ဖြစ်သူ ကွယ်လွန်အသျှင့်အမိန့်တော်ခံယူရသောအခါ ‘ဟဇရတ်’‘အလီ’သခင်က ထိမ်းမြားမင်္ဂလာဆောင်နှင်း၍ သိမ်းပိုက်တော် မူလိုက်လေသည်။ သို့ပါသော်လည်း သားသမီးထွန်းကားခြင်းမရှိချေ။ ယင်းသို့ပြုရခြင်းမှာ ‘ဖါသွေ့မဟ်’သခင်မက မိမိတူမလေးနှင့် လက်ဆက်ပါရန် မှာကြားချက်ကြောင့် ဖြစ်သည်ဟူ၏။ သခင်မလေးသည် ‘ဟိဂျရီ’(၅၀)ခုနှစ်တွင် အသျှင့်အမိန့်တော် ခံယူရရှာလေသည်။

✓ ‘နဗီ’တမန်တော်မြတ်၏ ဒုတိယသမီးတော်မှာ ‘ဟဇရတ် ရုကိုင်ယဟ်’ သခင်မဖြစ်ပါသည်။ အစ်မဖြစ်သူ ‘ဟဇရတ်ဇိုင်နဗ်’သခင်မထက် တနှစ်မျှငယ်ရှာပါသည်။ ထိုအချိန်၌ ‘နဗီ’တမန်တော်မြတ်၏ သက်တော်မှာ (၃၃)နှစ်ဖြစ်ပါသည်။ တချို့က ‘ဟဇရတ်ရုကိုင်ယဟ်’ သခင်မကို ‘ဟဇရတ်ဇိုင်နဗ်’ထက်ကြီးသည်ဟု ဆိုကြသည်။ သို့သော် မမှန်ကန်လှချေ။ အမှန်မှာ ‘ဟဇရတ်ဇိုင်နဗ်’ထက်ငယ်သည်။ ‘ရုကိုင်ယဟ်’ သခင်မသည် ‘နဗီ’တမန်တော်မြတ်၏ ဘထွေးတော် ‘အဗူလဟဘ်’၏သား ‘အွတ်ဗဟ်’နှင့် အိမ်ထောင်ကျခဲ့လေသည်။

'စူရဟ်သဗ္ဗသ်ယဒါ'ကျရောက်လာသော် 'အဗူလဟဗ်'က မိမိသားများကိုခေါ်၍ သင်တို့သည် အကယ်၍'မုဟမ္မဒ်'(ဆလ္လလ္လာဟုအလိုက်ဟိဝလ္လမ်)၏သမီးများကို'သလာ:က်'ပေး ကွာရှင်းမှု မပြုခဲ့သော်၊ ငါဘခင်နှင့် စကားစမြည်ပြောဆိုခြင်းသည် 'ဟရာမ်'ဖြစ်သည်ဟု ခြိမ်းခြောက်ကြိမ်းမောင်းလိုက်သဖြင့် သားဖြစ်သူ'အွသ်ဗဟ်'နှင့်'အုသိုင်းဗဟ်' ၂-ယောက်စလုံးက'သလာ:က်' ပေး ကွာရှင်းလိုက်ကြလေသည်။

သမီးတော် ၂-ပါးတို့သည် မင်္ဂလာသာဆောင်ထားကြပါသော်လည်း အရွယ်မရောက်ကြသေးသဖြင့် အိပ်ခန်းမအပ်ကြရသေးပေ။ ထိုနောက် 'မက္ကဟ်'မြို့တော်ကို အောင်နိုင် သိမ်းပိုက်လိုက်သော 'အွသ်ဗဟ်'သည် 'အစ္စလာမ်'သာသနာဝင် ဖြစ်လာလေသည်။ သို့ပါသော်လည်း 'ဟဇရသ်ရုကိုင်ယဟ်'သခင်မသည် 'ဟဇရသ်အွတ်ဆ်မာန်' သခင်နှင့် အိမ်ထောင်ကျနှင့်လေ၏။ 'ဟဇရသ်အွတ်ဆ်မာန်'သခင်နှင့် 'ရုကိုင်ယဟ်' သခင်မတို့သည် 'အီသီယိုးပီးယား'သို့ အတူတကွ ၂-ကြိမ်တိုင် ခရီးထွက်ခဲ့ကြရသေးသည်။ ယင်းအကြောင်းကို ပထမအခဏ်း၊ အမှတ်(၁၀)တွင် ဖော်ပြခဲ့လေပြီ။

ဒုတိယအကြိမ် ပြန်ရောက်လာသည့်အခါ၊ 'နဗီ'တမန်တော်မြတ်က ငါကိုယ်တော်မြတ်အားလည်း 'ဟိဂျရသ်'အမိန့်ကျအံ့ဆဲဆဲဖြစ်သည်။ သွားရမည့်နေရာသည် 'မဒီနဟ်'မြို့တော်ဖြစ်အံ့ဟု မိန့်ကြားတော်မူသဖြင့်၊ 'ဆဟာဗီ'အပေါင်းတို့သည် 'မဒီနဟ်'မြို့တော်သို့ ရွှေ့ရှုကြလေသည်။ ထိုသို့ပင် ဇနီးမောင်နှံ ၂-ဦးတို့သည်လည်း 'နဗီ'တမန်တော်မြတ်အလျင် ရောက်နှင့်ကြလေသည်။

'နဗီ'တမန်တော်မြတ် 'မဒီနဟ်'မြို့တော်သို့ရောက်ရှိ၍ 'ဘဒ်ရ်'တိုက်ပွဲသို့ ကိုယ်တော်မြတ်ကြွမြန်းသော်၊ 'ဟဇရသ်ရုကိုင်ယဟ်'သခင်မသည် မမာမကျန်းဖြစ်နေရှာလေသည်။ ထိုကြောင့် 'ဟဇရသ်အွတ်ဆ်မာန်'သခင်အား 'မဒီနဟ်'မြို့တော်၌ ဇနီးသည်အား ကြည့်ရှုစောင့်ရှောက်ရန် ချန်ထားတော်မူခဲ့လေသည်။ သခင်မကွယ်လွန် အသျှင့်အမိန့်တော် ခံယူရရှာသဖြင့်'ဒဖန်'မြေမြှုပ်အပြန်တွင် 'ဘဒ်ရ်'တိုက်ပွဲတွင် အရေးသာ အနိုင်ရကြောင်း သတင်းကောင်းကို ရရှိကြလေသည်။ ထိုကြောင့်ပင် 'နဗီ'တမန်ဟော်မြတ်သည် မိမိသမီးတော် 'မိုင့်ယသ်'၌ မပါဝင်နိုင်ခဲ့ပေ။

'ဟဇရသ်ရုကိုင်ယဟ်'သခင်မသည် ယခင် ခင်ပွန်းနှင့် အိပ်ခန်းအပ်ခြင်းကိုပင် မခံရသေးသဖြင့် သားသမီးဟူ၍ အသို့ရှိနိုင်အံ့နည်း။ 'ဟဇရဟ်အွတ်ဆ်မာန်'သခင်နှင့် သားတော်တပါး ထွန်းကားခဲ့လေသည်။ အမည်မှာ 'အဗ်ဒွလ္လာဟ်'ဖြစ်ပါသည်။ သခင်လေးသည်'အီသီယိုးပီးယား' ပြည်၌ ဖွားမြင်ခဲ့လေသည်။

သခင်လေးသည် မိမိ မိခင် ကွယ်လွန် အသျှင့်အမိန့်တော်ကို ခံယူသွားသည့်နောက် သက်တော်(၆)နှစ်ကျမှ ကွယ်လွန်ရရှာလေသည်။ အချို့သမိုင်းဆရာက မိခင်အလျင် တနှစ်စော၍ ကွယ်လွန်သည်ဟု အဆိုရှိသည်။ ၎င်းအပြင် အခြားသားသမီး မထွန်းကားချေ။

'နဗီ'တမန်တော်မြတ်၏ တတိယသမီးတော်မှာ "ဟဇရသ်အွမ္မေကူလ်ဆူးမ်" သခင်မ ဖြစ်ပါသည်။ ၎င်းအကြောင်းနှင့်စပ်လျဉ်း၍လည်း အဆိုကွဲလေသည်။ အချို့(သမိုင်းသုတေသီ) တို့က 'ဟဇရသ်ဖါသွေ့မဟ်'သခင်မသည် သာ၍ကြီးသည်ဟု အဆိုရှိသည် ဤဒုတိယအဆိုသည် ခိုင်လုံသည်။

✓ပထမအိမ်ထောင်သည်မှာ "အုသိုင်ဗဟ်အိဗ်နုအဗူလဟာဗ်"ဖြစ်ပါသည်။ သို့ပါသော်လည်း အိပ်ခန်းအပ်ပွဲအဆင့်သို့မရောက်ခဲ့သေးပါ။ 'စူရဟ်သဗ္ဗသ်ယဒါ'ကျရောက်လာသဖြင့် 'သွလားက်' ပေး ကွာရှင်းသည့်အဖြစ်သို့ရောက်ကြရလေသည်။ 'ဟဇရသ်ရုကိုင်ယဟ်'သခင်မနှင့် အလားတူ ပင်တည်း။ သို့သော် သခင်မ၏ခင်ပွန်းသည် နောက်သောအခါ 'အစ္စလာမ်' သာသနာဝင်ဖြစ် လာသည်ကို ဖေါ်ပြခဲ့လေပြီ။ အကပယ်စင်စစ် သခင်မလေး၏ခင်ပွန်း 'အွသ်ဗဟ်'သည်ကား 'နဗီ'တမန်တော်မြတ်အပါးသို့ လာရောက်၍ ရိုင်းရိုင်းပြပြ မချေမငံစကားများကိုပင် ပြောဆို သေးသည်။

✓'နဗီ'တမန်တော်မြတ်က 'အို-အသျှင်၊ အသျှင့်သားရဲတိရစ္ဆာန်များကို ၎င်းထံသို့ စေစား တော်မူ၍ ကိစ္စတုန်းစေတော်မူပါဟု ကျိန်ဆဲတော်မူလိုက်သည်။ ၎င်းအချိန်၌ 'အဗူသွာလိဗ်' သည် အသင့်ရှိနေလေသည်။ 'အစ္စလာမ်' သာသနာဝင်မဖြစ်လင့်ကစား စိုးရိမ်ကြောင့်ကြမိ၍ ကြောက်ရွံ့သွားလေသည်။ ထိုနောက် တမန်တော်မြတ်၏ ကျိန်ဆဲခြင်းဖြင့် ချမ်းသာခွင့် ရရှိလိမ့် မည်မဟုတ်ဟု ပြောလှာလေသည်။

✓တရံရောအခါ 'အွသ်ဗဟ်'သည် 'စီးရီးယား'ဖက်ဘို့ ခရီးထွက်ခဲ့လေသည်။ ၎င်း၏ဖခင် 'အဗူလဟာဗ်'သည် ကိုယ်တော်မြတ်၏ ကမ္ဘာ့ရန်သူဖြစ်လင့်ကစား၊ ငါသည်သင့်အတွက် 'မုဟမ္မဒ်' (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)၏ ကျိန်ဆဲမှုကြောင့် စိုးရိမ်ကြောင့်ကြမိတယ်ဟု ပြောကြားလေ သည်။ ၎င်းပြင်ခရီးသည်အပေါင်းအား အထူးဂရုပြုစောင့်ရှောက်ကြပါရန်မေတ္တာရပ်ခံလေသည်။ တောစခန်းတနေရာ၌ စခန်းချနေကြလေသည်။ ညအချိန်၌ ခရီးသည်တို့၏ပစ္စည်းဥစ္စာများကို တနေရာ၌ စုပုံ၍ တောင်ပူစာကဲ့သို့ လုပ်ထားကြလေသည်။ ၎င်းအပေါ်သို့တက်၍ 'အွသ်ဗဟ်' အားအိပ်စေလေသည်။ ခရီးသည်တို့သည် လေးဖက်မှရံထား၍ အိပ်ကြလေသည်။

ညအချိန်၌ ကျားတကောင်သည်ရောက်ရှိလာ၍ တယောက်စီတယောက်စီကို နမ်းရှုပ်၍ တချက်ခုန်အုပ်လိုက်လေသည်။ ထိုသို့ဖြင့်'အွသ်ဗဟ်'မှာ ကိုယ်နှင့်ခေါင်း အိုးစား ကွဲရလေသည်။

သူသည် အားပါးတရ ငယ်သံပါအောင် အော်လိုက်ပါသေးသည်။ သို့ပါသော်လည်း ဘချက်တည်းမှာပင် ကိစ္စတုန်းပြီးသွား ဖြစ်ရလေသည်။

အချို့ရာဇဝင်သမိုင်းဆရာတို့က ဤပုဂ္ဂိုလ်သည် ‘အစ္စလာမ်’ သာသနာဝင် ‘မွတ်စ်လင်မ်’ ဖြစ်ပြီးပြီဟု အဆိုရှိသည် အကယ်စင်စစ်အထက်ပါအဖြစ်အပျက်သည်ရင်း၏ညီဖြစ်သူ ‘အုသိုင်ဗဟ်’ ဖြစ်သည်ဟုအဆိုပြုသည်။

အချုပ်အားဖြင့် ဖေါ်ပြရသော်၊ ‘ဟာဇရသ်ရုကိုင်ယဟ်သ်’ နှင့် ‘ဟာဇရသ်အွမ္မေကူလ်ဆူးမ်’ ၂–ဦးတို့၏ ခင်ပွန်းများအနက် တဦးသည် ‘အစ္စလာမ်’သာသနာဝင်ဖြစ်လာသည်။အခြားတဦးသည် ဤအဖြစ်အပျက်မျိုးနှင့် ရင်ဆိုင်ရသည်။သို့ကြောင့်ပင်‘အလ္လာဟ်’ အသျှင့်အချစ်တော်များနှင့် မုန်းတီးမှုကို ရှောင်ရှားသင့်ပေသည်။ ‘အလ္လာဟ်’ အသျှင်မြတ်က အောက်ပါအတိုင်း အတိအလင်း ဗျာဒိတ်တော်ထားရှိတော်မူသည်။

مَنْ عَادَى لِي وَلِيًّا فَقَدْ آذَنْتُهُ بِالْحَرْبِ .

အဓိပ္ပါယ်။ ✓ ။အကြင်သူသည် ငါ့အသျှင်မြတ်၏ အချစ်တော်များကို ရန်မူခြင်း၊ညှဉ်းပမ်း နှိပ်စက်ခြင်းပြုသည်ရှိသော်၊ ငါအသျှင်မြတ်သည် ထို [ရန်မူ] သူအားစစ်ကြော်ငြာတော်မူအံ့ဟု လာရှိပေသည်။

‘ဟာဇရသ်ရုကိုင်ယဟ်’သခင်မ ကွယ်လွန်အသျှင့်အမိန့်တော်ခံယူပြီးနောက် ‘ဟိဂျရီ’[၃]ခုနှစ်၊‘ရဗီအွလ်အောင်ဝလ်’လ၌‘ဟာဇရသ်အွမ္မေကူလ်ဆူးမ်’သခင်မနှင့် “နေကာဟ်‘ရှာဒီ”မင်္ဂလာဆောင်နှင်းလေသည်။

ကိုယ်တော်မြတ်က ငါကိုယ်တော်မြတ်သည် ‘အွမ္မေလ်ဆူးမ်’ အား ‘အွတ်ဆ်မာန်နှင့်’မိုးကျအမိန့်တော်အရ ဆောင်နှင်းထိမ်းမြန်းခြင်း ဖြစ်သည်ဟု မိန့်ကြားတော်မူသည်။အချို့သြဝါဒတော်အရ၊ ကိုယ်တော်မြတ်က သမီးတော် ၂–ပါး၊‘ဟာဇရသ်ရုကိုင်ယဟ်’နှင့်‘အွမ္မေကူလ်ဆူးမ်’ ၂–ဦးစလုံးအတွက် ဤသို့ပင် မိန့်ကြားတော်မူခဲ့သည်ဟူ၍ လာရှိပေသည်။

‘ဟာဇရသ်အွမ္မေကူလ်ဆူးမ်’သခင်မသည် ပထမခင်ပွန်းနှင့် အိပ်ခန်းအပ်နှင်းသည့်အဆင့်သို့ ပင်မရောက်ရှိပေ။သားသမီးဟူသည်ကား အဘယ်သို့ရှိအံ့နည်း ‘ဟာဇရသ်အွတ်ဆ်မာန်’သခင်နှင့်

သားသမီး မထွန်းကားခဲ့ပေ။ 'ဟိဂျရီ' (၉) ခုနှစ်၊ 'ယုအ်ဗါန်' လ၌ အသျှင့်အမိန့်တော်ကို ခံယူရရှာလေသည်။

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُونَ

သခင်မ ကွယ်လွန်သွားသော်၊ 'နဗီ' တမန်တော်မြတ်က၊ ငါကိုယ်တော်မြတ်၌ သမီးတော်အပေါင်း တရာမျှရှိခဲ့သော်၊ တယောက်ပြီးတယောက်ကို 'အွတ်ဆ်မာန်' နှင့် ထိမ်းမြားပေးတော်မူအံ့ဟု မိန့်ကြားတော်မူခဲ့သည်။

စတုတ္ထမြောက် သမီးတော်ကား အမျိုးသမီးများ၏ ခေါင်းဆောင်ထိပ်ထား 'ဟဇရည်ဖါသွေ့မဟ်' သခင်မ ဖြစ်ပေသည်။ သမိုင်းဆရာ အများစုထံ၌ အသက် အငယ်ဆုံးဖြစ်ပေသည်။ 'နဗဝီ' တခုနှစ်၌ သန့်စင်ဖွားမြင်သည်ဟုသိရှိရပေသည်။ ၎င်းအချိန်၌ 'နဗီ' တမန်တော်မြတ်၏ သက်တော်မှာ [၄၁] နှစ် ဖြစ်ပေသည်။ အချို့သမိုင်းဆရာအနည်းစုက 'နဗဝီ' ခုနှစ် [၅] ခုနှစ်အလျင် ဖွားမြင်သည်ဟု အဆိုရှိခဲ့လေသည်။ ထိုအချိန်၌ 'နဗီ' တမန်တော်၏ သက်တော်မှာ (၃၅) နှစ် ဖြစ်သည်။ သခင်မ၏အမည် နာမတော်မှာ 'ဖါသွေ့မဟ်' ဟု ကင်ပွန်းတပ်ခြင်းသည်။ မိုးကျအမိန့်တော်အရဖြစ်သည်ဟုသိရသည်။ 'ဖသမ်'၏ အနက်အဓိပ္ပါယ်မှာ တားဆီးခြင်းဟူ၏။ (ဝါ) 'ဂျဟန္နမ်' ငရဲမှ လွတ်ကင်းသည်။ မီးဘေးမှ တားဆီးသည်ဟုသဘောဆောင်သည်။

'ဟိဂျရီ' (၂) ခုနှစ်၊ 'မုဟ်ရမ်' သို့မှုတ် 'ဆဖရ်' သို့မဟုယ် 'ရဂျဗ်' သို့မဟုတ် 'ရမ်ဇာန်' လမြတ်၌ 'ဟဇရည်အလီ' သခင်နှင့်ထိမ်းမြားမင်္ဂလာ 'နေကာဟ်ရှာဒီ' ဖြစ်ပေသည်။ မင်္ဂလာအခမ်းအနားပြီးနောက် [၇] လနှင့် (၁၅) ရက်ကျမှအိပ်ခန်းအပ်ဖြစ်လေသည်။ ဤမင်္ဂလာ 'နေကာဟ်' သည်လည်း 'အလ္လာဟ်' အသျှင့်မြတ်၏အမိန့်တော်အရ ဖြစ်လေသည်။ အဆိုတရပ်အရမင်္ဂလာဆောင်ချိန်၌သခင်မ ၏သက်တော်မှာ (၁၅) နှစ်နှင့် (၅) လ ရှိသည်ဟုသိရ၏။ ဤသို့ဖြစ်လည်း ကိုယ်တော်မြတ်၏ သက်တော် (၄၁) နှစ်တွင် ဖွားမြင်တော်မူကြောင်း ထင်ရှားစွာ ထောက်ခံထားပေသည်။

'ဟဇရည်အလီ' သခင်၏ သက်တော်မှာ (၂၁) နှစ်နှင့် (၅) လ၊ သို့မဟုတ် (၂၄) နှစ်နှင့် တလခွဲ ဖြစ်လေသည်။

'နဗီ' တမန်တော်မြတ်သည် မိမိသမီးတော်များအနက် 'ဖါသွေ့မဟ်' သခင်မကို အချစ်ဆုံးဖြစ်သည်။ ခရီးထွက်သောအခါ နောက်ဆုံးမှ နှုတ်ဆက်၍ ခရီးထွက်တော်မူသည်။ ပြန်လာသည့်အခါ အလျင်ဆုံး သခင်မနှင့် တွေ့ဆုံတော်မူသည်။

'ဟဇရည်အလီ' သခင်သည် 'အဗူဂျဟလ်'၏ သမီးနှင့်ထိမ်းမြားရန်ရည်စူးသော်၊ သခင်မသည် စိတ်မကောင်းဖြစ်၍ ကိုယ်တော်မြတ်အား လာရောက် တိုင်ကြားသောအခါ၊ ကိုယ်တော်

မြတ်က'ဖါသွေ့မဟ်'သည် ငါကိုယ်တော်မြတ်၏ ကိုယ်ခန္ဓာမှ အင်္ဂါအစိပ်အပိုင်းတပိုင်းဖြစ်သည်။ အကြင်သူသည် သူမအား စိတ်ဒုက္ခရောက်စေသော်၊ ငါကိုယ်တော်မြတ်အား စိတ်ဒုက္ခရောက်စေသည်နှင့် အလားတူသည်ဟု မိန့်ကြားတော်မူသည်။

ထို့ကြောင့်ပင် သခင်မ၏သက်တမ်းတလျှောက်မှာ 'အလီ'သခင်သည် အခြားအိမ်ထောင် မပြုခဲ့ပေ။ သခင်မကွယ်လွန် အသျှင့်အမိန့်တော်ခံယူသွားသည့် နောက်ပိုင်းတွင် တူမဖြစ်သူ 'အူမာမဟ်' သခင်မနှင့် အိမ်ထောင်ပြုတော်မူလေသည်။ ၎င်းအကြောင်းကို 'ဟဇရတ်ဇိုင်နဗ်' သခင်မအကြောင်း၌ ဖေါ်ပြခဲ့လေပြီ။

✓'နဗီ'တမန်တော်မြတ် ကွယ်လွန်အသျှင့်အမိန့်တော် ခံယူပြီးနောက် (၆) လ အချိန်တွင် 'ဟဇရတ်ဘီဘီဖါသွေ့မဟ်'သခင်မသည် ရောဂါဝေဒနာစွဲကပ်၍ မကျန်းမမာဖြစ်လာလေသည်။ တနေ့သော်၊ မိမိအကျိုးဆောင်ကျွန်မအား ငါရေချိုးရန် ရေအသင့်ပြင်လော့၊ ရေမိုးချိုး၍ အဝတ်ကောင်းဝတ်ဆင်ကာ ငါ့အတွက်အိပ်ရာကို အိမ်အလယ်၌ခင်းပေးဟုပြောကြားကာ ၎င်းအိပ်ရာရှိရာဆီသို့ကြွသွားကာ 'ကစ်ဗ်လဟ်'ဖက်သို့ မျက်နှာမူလျက် လက်ျာလက်ကို ပါးပြင်အောက် ဖိထား၍တော်လောက်ပြီ၊ ငါသေတော့အံ့ဟု ပြောဆိုလျက် ဘဝတပါးသို့ ပြောင်းကြွတော်မူလေသည်။

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُونَ

(အင်နာလစ်လ္လာဟိ၊ဝအင်နာအိလိုက်ဟိရာဂျေအူးန်)

✓'နဗီ'တမန်တော်မြတ်၏ အနွယ်တော်သည်ကား၊ ဤသခင်မ၏သားမြေးများမှ ဆက်လက် ထွန်းကားလာလေသည်။'အင်န်ယှာအလ္လာဟ်' အသျှင့်အလိုတော်အရ'ကိယာမတ်'အထိဆက်လက် ထွန်းကားလာပေအံ့။ သခင်မမှ သားသမီး၆-ပါးထွန်းကားခဲ့လေသည်။ ၎င်းတို့မှာသားတော် (၃)ပါးနှင့်သမီးတော်သုံးပါး ဖြစ်ကြလေသည်။

✓ ပထမ'ဟဇရတ်ဟာစန်'သခင်သည် 'နေကာဟ်'၏ ဒုတိယနှစ်တွင် သန့်စင်ဖွားမြင်တော်မူခဲ့လေသည်။ 'နေကာဟ်'မင်္ဂလာ၏ တတိယမြောက်နှစ် 'ဟိဂျရီ' ၄-ခုနှစ်တွင် 'ဟဇရတ်ဟူစိုင်န်' သခင်ကို သန့်စင်ဖွားမြင်လေသည်။ တတိယ 'ဟဇရတ်မုဟာပ်စွင်န်' သခင်ကို ဖွါးမြင်လေသည်။ သခင်ကလေးသည် ငယ်ရွယ်စဉ်ဘဝမှာပင် ကွယ်လွန်အသျှင့်အမိန့်တော်ကို ခံယူရရှာလေသည်။ ထိုကြောင့် အချို့သမိုင်းဆရာတို့က သခင်ကလေးအကြောင်းကို အလျင်းမဖေါ်ပြကြချေ။

## သမီးတော်များ

'ဟဇရတ်အွမ္မေကုလ်ဆူးမ်'(ရသွေ့)သခင်မဖြစ်သည်။ သခင်မ၏ပထမအိမ်ထောင်သည်မှာ 'ဟဇရတ်အုမရ်'ဒုတိယသမ္မဟာကြီးဖြစ်ပါသည်။ ထိုမှ သားတော်'ဇိုင်ဒ်'နှင့်သမီးတော်'ရုကိုင်ယဟ်' တို့ ထွန်းကားလာပါသည်။ 'ဟဇရတ်အုမရ်'သခင် 'ယှဟီးဒ်'အသျှင့်အမိန့်တော် ခံယူသွားရရှာလေသော်၊ 'အောင်န်အိဗ်နုဂျအ်ဖရ်'သခင်နှင့် အိမ်ထောင်ဆက်ရလေသည်။ သို့ပါသော်လည်း သားသမီးမထွန်းကားခဲ့ပေ။ 'အောင်န်'သခင် ကွယ်လွန်အသျှင့်အမိန့်ခံယူပြန်သော်၊ ညီဖြစ်သူ 'မုဟမ္မဒ်အိဗ်နုဂျအ်ဖရ်'သခင်နှင့် လက်ဆက်ရပြန်သည်။ ထိုအခါ သမီးတော်တပါး ထွန်းကားလာလေသည်။ ငယ်ရွယ်စဉ်ဘဝမှာပင်ကွယ်လွန်သွားရှာလေသည်။တခါ ခင်ပွန်းဖြစ်သူ 'မုဟမ္မဒ်အိဗ်နုဂျအ်ဖရ်'ကွယ်လွန်သွားပြန်သော်၊ မတ်ဖြစ်သူ'အဗ်ဒုလ္လာဟ်အိဗ်နုဂျအ်ဖရ်' သခင်နှင့် လက်ဆက်ပြန်သည်။ ထိုနောက် သားသမီးဟူ၍ မထွန်းကားတော့ချေ။ 'ဟဇရတ်အဗ်ဒုလ္လာဟ်' သခင် လက်ဝယ်၌ပင် မိမိသားဖြစ်သူ'ဇိုင်းဒ်'နှင့် တနေ့တည်းတချိန်တည်း ကွယ်လွန်အသျှင့်အမိန့်တော် ခံယူကြကုန်၏။ 'ဂျနာဇဟ်'နှစ်ခုစလုံးကို တချိန်တည်းသယ်ဆောင်ကြ၍ မြေမြှုပ်ကြလေသည်။ သခင်မနှင့်သားသမီးအနွယ်တော် အညွန့်မထွက်ခဲ့ပေ။

ဖော်ပြပါ ညီနောင်သုံးဖော် (ဝါ) 'အဗ်ဒုလ္လာဟ်'၊ 'အောင်န်'၊ 'မုဟမ္မဒ်' စသည်တို့၏ အကြောင်းကို အခဏ်း(၆) အမှတ်စဉ်(၁၁)၌ ဖော်ပြခဲ့လေပြီ။ဤပုဂ္ဂိုလ်တို့သည်ကား'ဟဇရတ်အလီ'သခင်၏ တူတော်မောင်များဖြစ်၍၊ 'ဟဇရတ်ဂျအ်ဖရ်'သခင်၏ သားတော်များ ဖြစ်ကြပါသည်။

✓'ဟဇရတ်ဖါသွေ့မဟ်'သခင်မ၏ တတိယသမီးတော်သည် 'ဟဇရတ်ဇိုင်နဗ်' သခင်မ ဖြစ်ပေသည်။ သခင်မသည် 'ဟဇရတ်'အဗ်ဒုလ္လာဟ်ဂျအ်ဖရ်'သခင်နှင့် အိမ်ထောင်ပြုခဲ့သေးသည်။ ထိုမှ သားတော် ၂–ပါး'အဗ်ဒုလ္လာဟ်' နှင့် 'အောင်န်'ထွန်းကားလာလေသည်။ကွယ်လွန်အသျှင့်အမိန့်တော်ခံယူသွားသောအခါ 'အဗ်ဒုလ္လာဟ်'သခင်သည် မိမိခယ်မဖြစ်သူ 'အွမ္မေကုလ်ဆူးမ်' သခင်မနှင့်လက်ဆက်တော်မူလိုက်လေ၏။ ဤအနွယ်တော်သည်ကား 'ဖါသွေ့မဟ်' သခင်မ၏အနွယ်တော်ဖြစ်သည်။

✓'ဟဇရတ်အလီသခင်၏ အနွယ်တော်မှာ နောက်အိမ်ထောင်များနှင့်လည်း ရှိသေးသည်။ သမိုင်းဆရာတို့အဆိုအရ 'ဟဇရတ်အလီ'သခင်၏သားသမီးစုစုပေါင်း (၃၂)ပါးထွန်းကားသည်ဟု ပါရှိပါသည်။ သားတော် ၁၆–ပါးနှင့် သမီးတော် ၁၆–ပါးဖြစ်သည်။ 'အီမာမ်ဟစန်'သခင်၏ သားတော် ၁၅–ပါးနှင့် သမီးတော် ၇–ပါးရှိသည်။ 'အီမာမ်ဟုစိုင်န်'သခင်၏သားတော်၆–ပါး နှင့် သမီးတော်၃–ပါးရှိသည်။

رضي الله تعالى عنهم وأرضاهم أجمعين
وجعلنا بهديهم متبعين والله أعلم
وعلمه أتم ملخص من الخميس والزرقاني
على المواهب والتلقيح والاصابه
واسد الغابة ،

# အခဏ်း (၁၁)

## ကလေးသူငယ်များ ဘာသာရေး သာသနာရေး၌ စိတ်ဓါတ် ထက်သန်လာစေခြင်း၊လူငယ်များ သာသနာရေး၌ စိတ်ဓါတ်ထက်သန်လာခြင်းအကြောင်း။

အသက်အရွယ်နုနယ်သော ကလေးများ၌ သာသနာရေးစိတ်ဓါတ် ထက်သန်နိုးကြားစေခြင်းသည် အကယ်စင်စစ် အုပ်ထိန်းသူတို့၏ ကြီးပမ်း ဆောင်ရွက်မှုပင် ဖြစ်သည်။ အကယ်၍ မိဘတို့သည်လည်းကောင်း၊ အုပ်ထိန်းသူတို့သည်လည်းကောင်း သားသမီးတို့အား သနားညှာတာ ကရုဏာပွါကာ ပျက်စီးစေမည့်အစား၊ အစကနဦးကပင် သာသနာရေးကိစ္စအဝဝ၌ အလေး ပေးဂရုပြုသင့်ပေသည်။ကလေးများ၏ နှလုံးသား၌ အခြေခံအုတ်မြစ်တွယ်စေ၍ ကြီးပြင်းလာသောအခါ၊ ၎င်းအခြေခံတို့သည် အကျင့်စရိုက်အဖြစ် ရင့်ကျက်လာပေလိမ့်မည်။

သို့သော် ကျွန်ုပ်တို့သည်ကား၊ ၎င်းနှင့်ဖီလာဆန့်ကျင်၍ ကလေးများ၌ မကောင်းမှု အကျင့်ဆိုးများကိုရှုမြင်ရသော်လည်း ကလေးဘဲဟုဆို၍ လျစ်လျူရှုလေ့ရှိကြသည်။ ဤသို့ပင် မက အချစ်ပိုလျှင်ပိုသလို မကောင်းမှုအကျင့်ဆိုးကိုပင် ကြည့်၍ ရွှင်မဆုံး ဖြစ်နေတတ်ကြသည်။ သာသနာရေးလုပ်ငန်း၌ လျော့နည်းချက်၊ ပျော့ကွက်များကို ရှုမြင်ရသော်၊ ကြီးပြင်းလာလျှင် ပြုပြင်လာလိမ့်မည်ဟု တွေးထင်လေ့ရှိကြသည်။ ထိုသို့ဖြင့် စိတ်ချမ်းသာမှုကို ရယူကြလေသည်။

စင်စစ်မှာကား ထိုအကျင့်ပျက် အကျင့်ယုတ်မှုတို့သည် ကြီးပြင်းလာသည့်အခါ၊ အခြေခိုင်မြဲ၍သွားလေ့ရှိသည်။ လူကြီးမင်းတို့သည် ကုလားပဲစိုက်၍ ဂျုံကိုရိတ်သိမ်းလိုပါသလား။ အကယ်စင်စစ် ဤသည်ကား မဖြစ်နိုင်ပေ၊ ခဲယဉ်းလှပေသည်။ အကယ်၍ အဆွေတော်တို့သည် ကလေးများ၌အကျင့်ကောင်း၊စာရိတ္တမွန်များဖြစ်လာစေချင်လျှင်၊ ငယ်ရွယ်နုနယ်စဉ် ဘဝကပင် ၎င်းတို့အားသာသနာရေး၊ဘာသာရေး၌ ကိုင်းရှိုင်းလေးစားလာအောင်ဖန်တီးကြကုန်လော့။

'ဆဟာဗဟ်'သာဝကအပေါင်းတို့သည်မိမိသားသမီးတို့အား ပေါ်ရှယ်စဉ်ကပင်အထူးကရုစိုက်၍ စောင့်ကြပ်လေ့ရှိကြသည်။ သာသနာရေး လုပ်ငန်းများ၌ လေးလေးစားစား ဆောင်ရွက်စေလေ့ရှိကြသည်။ ဟဇရသ်အုမရ်'သခင် လက်ထက်က လူတယောက်ကိုဖမ်းဆီး၍ယူဆောင်လာကြလေသည်။ထိုသူသည်'ရမ်ဇာန်'လမြတ်၌ 'ရိုဇဟ်'ဥပုသ်မစောင့်ထိန်းရုံသာမက၊ သေရည်သေရက်ကိုပင် သောက်သုံး မူးယစ်နေလေသည်။ 'အုမရ်' သခင်က ၎င်းအားသင်ပျက်စီးပါစေသား။ငါတို့၏ကလေးများပင်'ရိုဇဟ်'စောင့်ထိန်းလေ့ရှိကြသည်ဟု အမိန့်ရှိသည်။(ဝါ) သင်သည်ဤမျှကြီးပါသော်လည်း'ရိုဇဟ်' ဥပုသ်မစောင့်လေသလောဟု ဆိုခြင်းဖြစ်သည်။ ထိုနောက်၎င်းယစ်ထုတ်ကြီးအားသတ်မှတ်ထားသည့် တရားဥဒေ၏ ပညပ်ချက်အရ ကြိမ်ဒဏ် (၈၀) တိတိရိုက်၍အပြစ်ပေးသည့်ပြင်၊ *'စီးရီးယား'သို့ ထွက်ခွါသွားရန် ပြည်နှင်ဒဏ်ပါ သတ်မှတ်ဟော်မူလိုက်လေသည်။

### ၁။ ကလေးသူငယ်များအား ရိုဇဟ်ဥပုသ်စောင့်ထိန်းစေခြင်း

'ဟဇရသ်ရိုဗိုင်ယိအ်အိဗ်နသိမုအောင်ဝစ်ဇ်' သခင်မ၏ အကြောင်းကို အခဏ်း(၁၀) အမှတ်စဉ် (၂၁)တွင် ဖေါ်ပြခဲ့လေပြီ။ သခင်မအဆိုရှိခဲ့သည်။ တရံရောအခါ'နဗီ' တမန်တော်မြတ်သည် ကျေညာအသိပေးတော်မူသည်မှာ၊ အို-အချင်းတို့ယနေ့သည် 'အာယှူရာအ်' နေ့ဖြစ်သည်။သို့ဖြစ်၍ သင်တို့အားလုံးသည် 'ရိုဇဟ်'ဥပုသ် စောင့်ထိန်းကြကုန်လော့ဟု မိန့်ကြားတော်မူ၏။(ထိုနောက်)ကျွမတို့သည်[နှစ်စဉ်]အမြဲ 'ရိုဇဟ်' ဥပုသ်စောင့်ထိန်းလေ့ရှိကြပါသည်။ မိမိတို့ကလေးသူငယ်များကိုလည်း'ရိုဇဟ်'စောင့်ထိန်းကြစေပါသည်။ကလေးများသည် ဆာလောင်၍ငိုကြွေးကြသောအခါ၊ ဝါဂွမ်းဖြင့်ကစားစရာပြုလုပ်ပေး၍ လလေးအားကစားစေပါသည်။ ဝါဖြေသည့်အချိန်အထိ ကစားစေပါသည်ဟု အမိန့်ရှိခဲ့လေသည်။

(ကြည့်—ဗုခါရီကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

အချို့သြဝါဒတော်များ၌လှာရှိသည်။ မိခင်တို့သည် မိမိတို့နို့စို့ကလေးများအား (နေ့အချိန်၌ နို့ချိုတိုက်ကျွေးခြင်းမှ ရှောင်ကြဉ်လေ့ရှိကြသည်)။ အချို့ကလေးများမှာ ပိန်လှီသေးငယ်ကြပါက ချိန်ဆ၍ တတ်အားသရွေ့ ချိန်ကိုက်ကာကလေးများအား အလေ့အကျင့်ပြုပေးလေ့ရှိကြသည်။ အကယ်၍

* ယှာမ်'စီးရီးယား' နိုင်ငံသည် အာရှတိုက်၊ မြေထဲပင်လယ် အရှေ့ဘက်ကမ်းခြေ 'တူရကီ'နိုင်ငံတောင်ဘက် 'ဂျော်ဒန်'နိုင်ငံမြောက်ဖက်တွင် တည်ရှိသည်။
Syria

ကလေးများသည်စောင့်ထိန်းနိုင်သည့်အခြေအနေရှိပါလျက်၊ မိခင်များ အနေနှင့် အလေးမယူ ကရုမစိုက်ခြင်းသည် မသင့်လှပေ၊

၂။ ဟဇရသ်အာအိယှာသ်သခင်မထံမှသြဝါဒတော်များနှင့် အာယသ်တော်များကျရောက်ရခြင်း။

'ဟရဇသ်အာအိယှာ'သခင်မသည် သက်တော် ခြောက်နှစ်ရှယ်၌ နှစ်ဘဝသခင်ကျေးဇူးရှင်နှင့် 'မက္ကာ'မြို့တွင်အကြောင်းပါ အိမ်ထောင်ကျခဲ့သည်။ သက်တော် (၉)နှစ်၌ 'မဒီနာ' မြို့တော်တွင် အခန်းအပ်ခံရလေသည်။ သက်တော်(၁၈)နှစ်တွင် ကျွန်ုပ်တို့၏ နှစ်ဘဝသခင် ကျေးဇူးရှင်ကြီး ကွယ်လွန်သွားသဖြင့် မုဆိုးမအဖြစ်ကိုခံယူရရှာလေသည်။

(၁၈)နှစ်မျှအရွယ်နှင့် ဤရွေ့ဤမျှ''မတ်စ်အလဟ်' ဖဿဝါ'ဓမ္မသတ်'' များကို လည်းကောင်း၊ ကိုယ်တော်မြတ်၏'ဟဒီးဆ်' သြဝါဒတော်များကို လည်းကောင်း၊ ကိုယ်တော်မြတ်၏ လက်တွေ့ကျင့်ဆောင်ချက်များကိုလည်းကောင်း တိတိကျကျ ကျက်မှတ်၍ ကျွန်ုပ်တို့အကျိုးငှာ ပြုစုခဲ့ရှာပေသည်။ ကျေးဇူးကြီးလှပေသည်။

'ဟဇရသ်မတ်စ်ရူးက္က'သခင်က အဂ္ဂမဟာသာဝကကြီးတို့သည်ပင်'အာအိယှာ'သခင်မထံ၌ 'ဖဿဝါ'ဓမ္မသတ် မေးမြန်းစုံစမ်းလေ့ရှိသည်ဟုလျှာရှိသည်။ 'ဟဇရသ်အသွာရ်' သခင်က (အာအိယှာ)သခင်မသည် အကယ်စင်စစ် အမျိုးသား သာဝကများထက်ပင် ဓမ္မသတ်အရာ၌လည်းကောင်း၊သြဝါဒ'ဟဒီးဆ်'အရာ၌လည်းကောင်း ကျွမ်းကျင် ပိုင်နိုင်လှပါသည်ဟု အဆိုရှိ၏။

'အဗူမူစာ'သခင်က သာသနာ့ပညာရေးရာ၌ အခက်ကြုံ၊ အဖြေမရလျှင်၊ကျွန်ုပ်တို့သည် မယ်တော်'အာအိယှာ'သခင်မထံ ချဉ်းကပ်လျှင် တိတိကျကျ အဖြေကို ရရှိကြပါသည်ဟုမိန့်ကြားခဲ့လေသည်။

(ကြည့်–အီဆာဗဟ်ကျမ်း)

သခင်မဆင့်ပြန်သည့် 'ဟဒီးဆ်' တော်ပေါင်း(၂၂၁၀)ရှိကြောင်း ကျမ်းဂန်များ၌လာရှိသည်။ [ကြည့်–သလ်ကီယ်ကျမ်း]

သခင်မ ကိုယ်တိုင်ကိုယ်ကျ မိန့်ကြားတော်မူသည်မှာ၊

بَلِ السَّاعَةُ مَوْعِدُهُمْ وَالسَّاعَةُ
أَدْهَىٰ وَأَمَرُّ

✓ကျမသည် ငယ်ရွယ်စဉ်ဘဝက ကစားနေစဉ် 'နဗီ'မန်တော်မြတ်ထံတော်ပါးသို့'အာယသ်'တော်သည် ကျရောက်လာလေသည်။

(ကြည့်-ဗုခါရီကျမ်း)

✓သခင်မသည် သက်တော် (၈)နှစ်အထိသာ 'မက္ကဟ်'မြို့တော်၌နေထိုင်တော်မူခဲ့လေသည်။ ဤမျှငယ်ရွယ်စဉ်အချိန်၌ 'အာယသ်'တော်ကျရောက်လာသည်ကို သတိထား ကျက်မှတ်ထားခြင်းဖြင့်၊ သာသနာရေးရာ၌ အဘယ်မျှ စိတ်ပါဝင်စားမှုရှိသည်ကို ချင့်တွေးနိုင်ပေသတည်း။

### ၃။ ဟဇရတ်အုမိုင်းရ်သခင် တိုက်ပွဲဆင်နွှဲလိုသည့်စိတ်ဆန္ဒ။

'အုမိုင်းရ်'သခင်သည် 'အဗူဟဗ်'၏ ကျေးကျွန်တပါးဖြစ်သည့်ပြင်၊ ငယ်ရွယ်နုနယ်သူလည်းဖြစ်ပေသည်။'ဂျိဟာဒ်'သာသနာရေးတိုက်ပွဲ၌ပါဝင်ဆင်နွှဲလိုစိတ်သည်ကြီးငယ်မဟုအသက်တမျှ မြတ်နိုးကြပေသည်။ 'ခိုင်းဗရ်'တိုက်ပွဲ၌ပါဝင်ဆင်နွှဲလိုခဲ့သည်။ခေါင်းဆောင်တို့ကလည်းကိုယ်တော်မြတ်ထံ လျှောက်ထားခွင့်ပန်ကြသဖြင့် ဝင်ခွင့်ရယူခဲ့လေသည်။'နဗီ'တမန်တော်မြတ်သည် ခွင့်ပြုရုံတင်မက လက်သုံးတော်ဓါးရှည်ကိုပင် လည်ပင်း၌ချိတ်ဆွဲခြီးမြှင့်တော်မူလိုက်သေးသည်။ ဓါးရှည်မှာ ရှည်၍အရပ်မှာ ပုနေသဖြင့်မြေပေါ်တွင် တရွတ်ဆွဲနေလေသည်။

ဤသည့်အတိုင်းပင်၊ 'ခိုင်းဗရ်'တိုက်ပွဲ၌ ပါဝင်ဆင်နွှဲခဲ့လေသည်။ ကလေးသူငယ်ကလည်းဖြစ်၊ တပါးကျွန်လည်းဖြစ်ပြန်သောကြောင့် သုံ့ပန်းပစ္စည်းဝေငှရာ၌ အများနည်းတူ မရရှိပါသော်လည်း ဆုလာဘ်ပမာအချို့ ဥစ္စာပစ္စည်းကို ရယူခဲ့လေသည်။

(ကြည့်-အဗူဒါဝူးဒ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ထိုပုဂ္ဂိုလ်တို့သည် ယခင်ကပင် ကြိုတင်၍ ဝေပုံကျ၌ အများနည်းတူမရရှိနိုင်ကြောင်း သိထားသော်လည်း၊ မိမိလိုက်နိုင်ရန် အခြားသူများကိုပါ လျှောက်ထားပေးပါရန် မေတ္တာရပ်ခံခဲ့ပေသည်။ သတ္တုချကြည့်လိုက်သော်၊ ထိုပုဂ္ဂိုလ်တို့သည် သာသနာရေး၌ လည်းကောင်း၊ အသျှင့်'ရစူလ်'အားလည်းကောင်း၊ အသျှင်မြတ်အားလည်းကောင်း အဘယ်မျှလေးစားမြတ်နိုးကြောင်းကိုမူ ပေါ်လွင်စေခဲ့ပေသည်။

### ၄။ အုမိုင်းရ်သခင်ဘဒ်ရ်တိုက်ပွဲ၌ ပုန်းကွယ်နေခြင်း။

'ဟဇရသ်အုမိုင်းရ်အိဗ်နုအဗီဝက္ကာဆ်'သခင်သည် လူငယ်သာဝကတပါးဖြစ်သည်။အစကနဦးကပင် 'အစ္စလာမ်' သာသနာဝင် ဖြစ်ခဲ့လေသည်။ အလွန်ထင်ပေါ် ကျော်ကြားလှသည့် **'စအာဒ်အိဗ်နုအဗီဝက္ကာဆ်'၏ ညီတော်မောင်ဖြစ်ပေသည်။**

‘စအဒ်’သခင့်အဆို။ ။ကျွန်ုပ်သည် မိမိညီတော်မောင် ‘အိုမိုင်းရ်’အား ‘ဘဒ်ရ်’တိုက်ပွဲသို့ စစ်သည်တော်တို့ ထွက်သွားနေစဉ် ဟိုပြေးပုန်း၊ ဒီပြေးပုန်းလုပ်နေသည်ကို တွေ့မြင်သဖြင့်၊ အံ့သြလျက်အဘယ်ကြောင့် ဤသို့ပုန်းလျှိုနေပါသနည်းဟု မေးမြန်းရာ၊ ကျွန်ုပ်အား‘နဗီ’တမန်တော်မြတ် တွေ့မြင်သွားလျှင်၊ မင်းငယ်ဘယ်၊ ကလေးဘဲကွာ ပြန်သွားဟု မိန့်ကြာလာမည်ကို စိုးရိမ်မိကြောင်း၊ မိမိမှာတိုက်ပွဲသို့ဝင်၍ ရှုပ်ရှုပ်ချွန်ချွန်ဆင်နွဲကာ ‘အလ္လာဟ်’အသျှင်မြတ်က ‘ယှဟာဒသ်’ခြီးမြှင့်တော်မူသည်ကို ရယူလိုပါသည်ဟု ပြောကြားလှာပါသည်။ နောက်ဆုံး စိုးရိမ်မှုရှိသည့်အတိုင်းပင် ရင်ဆိုင်ကြုံတွေ့ရလေသည်။ စစ်စခန်းသို့ စစ်သည်တော်များ မထွက်ခွါမီ ‘နဗီ’တမန်တော်မြတ်သည် လိုက်လံရှုစားတော်မူရာ၊ ထိုသူရဲကောင်းကလေးမှာ ငယ်ရွယ်နုနယ်လှသဖြင့်။ ပြန်စေတော်မူလိုက်သော်၊ စိတ်မချုပ်တီးနိုင်တော့သဖြင့်၊စိတ်လိုက်မာန်ပါ ငိုချလိုက်ပါတော့လေသည်။ ‘နဗီ’တမန်တော်မြတ်သည်လည်း ဆန္ဒပြင်းပျမှုကို ရှုစားတော်မူ၍ လိုက်ပါ ဆင်နွဲခွင့်ပြုတော်မူ၏။ ပထမအဆင့်ကို အောင်မြင်ရရှိလေသည်။ ဒုတိယအဆင့်ထိုတိုက်ပွဲ၌ပင် ‘ယှဟာဒသ်’ကိုလည်း ရယူသွားခဲ့လေသည်။ ဓါးလွယ်တော်က ရှည်နေ၍ အရပ်ကပုနေသဖြင့် ခြေနင်းဖိနပ်အောက်၌ ခုကာမြင့်စေသည်ကို တွေ့မြင်ရပါသည်ဟု နောင်တော်ဖြစ်သူ ‘စအဒ်’သခင်က မိန့်ကြားတော်မူခဲ့သည်။

(ကြည့်–အေဆာဗဟ်ကျမ်း)

## ၅။ အန်ဆာရီလူငယ် ၂–ဦးက အဗူဂျဟ်လ်အယုတ္တမာကို သတ်ခြင်း။

‘ဟဇရသ်အဗ်ဒုရ်ရဟ်မာန်အိဗ်ခုအောက်ဖ်’သည် အလွန်ထင်ပေါ် ကျော်ကြားလှသည့် ‘ဆဟာဗဟ်’ကြီးများတွင် တဦးအပါအဝင်ဖြစ်သည်။ အမိန့်ရှိသည်မှာ၊ ကျွန်ုပ်သည်‘ဘဒ်ရ်’ စစ်တလင်းတွင် မတ်မတ်ရပ်နေပါသည်။ မိမိလက်ဝဲလကျာနှစ်ဖက်၌ ‘အန်ဆာရ်’လူငယ် ၂–ဦး’ ကို မြင်တွေ့သဖြင့် စိတ်၌အကယ်၍ ငါ၏ဝဲယာ၌ သန်သန်မာမာနှင့် လူကြီးများသာဖြစ်လျှင် ကောင်းလေစွ၊ လိုသည့်အခါ အထောက်အကူရပေအံ့ဟု တွေးထင်မှုများဖြစ်လာပါသည်။

ထိုအတောအတွင်း၊ သူငယ် ၂–ဦးအနက် တဦးသည် ကျွန်ုပ်လက်ကို ဆွဲကိုင်လျက်၊ အို–ဘထွေးတော်ခင်ဗျား၊ ‘အဗူဂျဟ်လ်’ကို သိပါသလားဟု မေးမြန်းလာပါသည်။ ကျွန်ုပ်က အေးသိပါတယ်ကွယ်။ အမောင့်တို့က ဘာလုပ်ချင်လို့တုန်းဟု မေးမြန်းရာ၊ သူငယ်က ထိုသူအယုတ်မာသည် ‘ရစူလ်’အသျှင့်တမန်တော်နှင့် ပတ်သက်၍ မချေမငံဆဲရေးတိုင်းထွာပုလေ့ရှိကြောင်း ကြားသိရပါသည်။ ကျွန်ုပ်၏ အသက်ဇီဝိန်ကို စိုးပိုင်တော်မူသော အသျှင့်‘ကာဗမ်’၊ ကျွန်ုပ်အသက်ထင်ရှားရှိသမျှ ကာလပတ်လုံး အကယ်၍ သူ့ကိုသာမြင်တွေ့ရလျှင်၊ သူသော်လည်း ကောင်း၊ ကျွန်ုပ်သော်လည်းကောင်း မဇ္ဈာမခြင်း ခွဲခွါခြင်းကို ရှောင်ရှားပါအံ့ဟု ပြောလာလေသည်။

ကျွန်ုပ်အား ဤသူငယ်၏ အမေးအဖြေများက အံ့မဆုံးသည့်ခရီးသို့ ဆွဲဆောင်သွားလေသည်။ တဆက်တည်းမှာပင် ဒုတိယသူငယ်တဦးမှာလည်း ရောက်ရှိလာလေသည်။အထက်ပါအတိုင်း မေးမြန်းပြန်လေ၏။

ထိုအတောအတွင်းတွင် အကြောင်းအားလျော်စွာ စစ်တလင်းစစ်မြေပြင်တွင်'အဗ္ဗုဂျဟ်လ်' သည် (မြင်းစီးလျက်)အပြေးအလွှားသွားလာလှုပ်ရှားနေသည်ကို မြင်တွေ့လိုက်ရသဖြင့်၊ သူငယ် ၂-ဦးအား အမောင်တို့ မေးမြန်းအလိုရှိနေသူ'အဗ္ဗုဂျဟ်လ်'မှာထိုဒွိပြေးသွားလေသည်ဟု ညွှန်ပြလိုက်ပါသည်။ ထိုသူငယ် ၂-ဦးတို့သည် ဓါးရှည်ကိုယ်စီကိုင်လျက် တမဟုတ်ခြင်းလိုရာခရီးသို့ ရောက်ရှိကာ ဓါးရှည်ချင်းယှဉ်ပြိုင်ကြလေသည်။ နောက်ဆုံးအောက်သို့ ဆွဲချလိုက်လေသည်။

(ကြည့်—ဗုခါရီကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤသူရဲ ၂-ပါးတို့သည်'မအာဇ်အိဗ်နုအမရ်'နှင့် 'မအာဇ်အိဗ်နုအဖ်ရာအ်' တို့ဖြစ်ကြပါသည်။ 'မအာဇ်အိဗ်နုအမရ်'က လူသူအများထံမှ 'အဗ္ဗုဂျဟ်လ်'ကို ဘယ်သူမှ မသတ်နိုင်ဘူး အစောင့်အကြပ်အထပ်ထပ်အဆင့်ဆင့်ရှိသည်ဟု ကြားသိထားပါသည်။ ထိုအချိန်ကပင် ဤသူယုတ်မာကို ငါတနေ့နေ့သတ်အံ့ဟု ရည်စူးခဲ့ပါသည်ဟု ပြောကြားလေသည်။

ဤသူရဲကောင်း ၂-ဖေါ်တို့သည် ခြေလျင်ဖြစ်၍ 'အဗ္ဗုဂျဟ်လ်'သည် မြင်းစီးလျက်စစ်သည်ရဲမက်တို့၏ စစ်ရေးစစ်ရာကို လိုက်လံ ကြည့်ရှုနေပေသည်။ 'အဗ်ဒုရ်ရဟ်မာန်အိဗ်နုအောက်ဖ်' သခင်ကြည့်နေရာ၊ ဤသူငယ် ၂-ဦးတို့သည် မြင်းစီးနှင့်ယှဉ်ရာမလွယ်လှသဖြင့်၊တဦးကမြင်း(ခြေ)ကိုခုတ်ဖြတ်၍ အခြားတဦးက 'အဗ္ဗုဂျဟ်လ်'၏ ခြေထောက်ခုတ်ဖြတ်လိုက်သဖြင့်၊ 'အဗ္ဗုဂျဟ်လ်'နှင့်မြင်းပါ တပါတည်း မြေသို့ခကျရလေသည်။ သူယုတ်မာ'အဗ္ဗုဂျဟ်လ်'နေရာ၌ပင် မထနိုင်တော့ပေ။ သူရဲကောင်း ၂-ဦးတို့သည်လည်း ကျသည့်အတိုင်း စွန့်ထားခဲ့ကြလေသည်။ 'အဗ္ဗုဂျဟ်လ်'မှာ အလူးအလဲခံနေရလေသည်။ 'မအာဇ်အိဗ်နုအဖ်ရာအ်'က ထပ်မံဓါးရှည်ဖြင့် ခုတ်သေး၏။သေတော့မသေသေးပေ။ ထိုနောက်'အဗ်ဒွလ္လာဟ် အိဗ်နုမတ်စ်အူးဒ်'သခင်ကလာ၍ ဦးခေါင်းနှင့်ကိုယ် အိုးစားကွဲစေတော်မူလိုက်လေသည်။ (ဝါ)ခေါင်းဖြတ်ပစ်လိုက်လေသည်။

'မအာဇ်အိဗ်နုအမရ်'သခင်က ကျွန်ုပ်သည် ၎င်း၏ခြေထောက်ကိုခုတ်ဖြတ်သောအခါ၊ ၎င်း၏သားဖြစ်သူ 'အစ်ကရမဟ်'သည် တပါတည်းပါရှိနေပေသည်။

၎င်းက ကျွန်ုပ်၏ပုခုံးကို ခုတ်ဖြတ်လိုက်ပါသည်။သို့ဖြင့် ပုခုံးပြတ်၍သားရေမျှင်သာ ကျန်ရှိနေ၍ တွဲလျောင်းဖြစ်နေပါသည်။ ၎င်းလက်ကို နောက်သို့ပစ်ကာ ခါး၌ ချည်ထားလိုက်ပါသည်။ အခြားလက်တဖက်ဖြင့် တနေကုန်တိုက်ပွဲ၌ပါဝင်ဆင်နွှဲခဲ့ပါသည်။ ၎င်းတွဲလျောင်းဖြစ်နေသည့်လက်ဖြင့် အနေကြပ်သဖြင့်၊ ကိုယ်ခန္ဓာကိုနှိမ့်ချ၍ ခြေဖြင့်နင်းကာ သားရေမျှင်ကိုဖြတ်၍စွန့်ပစ်လိုက်ရပါသည်ဟု ပြောကြားလေသည်။

(ကြည့်–ခမီးစ်ကျမ်း)

## ၆။ ဟဇရသ်ရာဖိအ်နှင့် စမုရဟ်သခင်တို့ ယှဉ်ပြိုင်ခြင်း။

'နဗီ'တမန်တော်မြတ်(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သည် စစ်တိုက်ရန် 'မဒီနဟ်'မြို့ပြင်၌ စစ်သည်ရဲမက်တို့အားရှုကြည့်စစ်ဆေးတော်မူလေသည်။ ပညာပေးစကား မိန့်ကြားလေ့ရှိသည်။ စိတ်မာန်တက်ကြွမှုဖြင့် လိုက်ပါလာကြသည့်လူငယ်များကိုပြန်စေ၏။ ထိုသို့ပင် 'ဗဒိုဟုဒ်'တိုက်ပွဲသို့ တက်ကြွတော်မူရာ၊ တနေရာသို့ရောက်သော် စစ်သည်ရဲမက် သွေးသောက်တို့အား ရှုကြည့်တော်မူ၍အသက်အရွယ်ငယ်သူတို့အား ပြန်စေတော်မူလိုက်၏။ အပယ်ခံ ပုဂ္ဂိုလ်တို့၏ အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

"(၁) ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုအမရ် သခင်၊ (၂) ဟဇရသ် ဇိုင်းဒ်အိဗ်နုဆာဗိသ်၊ (၃) ဟဇရသ် အုစာမဟ်အိဗ်နု ဇိုင်းဒ်၊ (၄) ဟဇရသ် ဇိုင်းဒ် အိဗ်နု အရ်ကမ်၊ (၅) ဟဇရသ် ဗရ်ရာအိဗ်နုအာဇိဗ်၊ (၆) ဟဇရသ်အမရ်အိဗ်နုဟဇမ်၊ (၇) ဟဇရသ်အုစိုင်ဒ်အိဗ်နုဇဟိရ်သခင်၊ (၈) ဟဇရသ်အရာဗဟ်အိဗ်နုအောက်စ်၊ (၉) ဟဇရသ်အဗူစအီးဒ်ခုဒ္ဒရီး၊ (၁၀) ဟဇရသ် စမုရဟ်အိဗ်နုဂျွန်ဒွဗ်သခင်၊ (၁၁) ဟဇရသ်ရာဖိအ်အိဗ်နုခုဒိုင်းဂျ်" စသည်တို့ ဖြစ်ကြပါသည်။ ဤပုဂ္ဂိုလ်တို့၏သက်တော်မှာ ၁၃၊ ၁၄ နှစ်ခန့်မျှသာရှိကြပါသေးသည်။ ပြန်သွားကြဟု အမိန့်ချလိုက်သောအခါ၊ 'ဟဇရသ်ခုဒိုင်းဂျ်' သခင်က၊ အို– အသျှင့် တမန်တော်၊ ကျွန်တော်မျိုး၏သား - 'ရာဖိအ်' သည် လေးအတတ်၌ ကျွမ်း ကျင် သူ ဖြစ်ပါသည်။ သူကိုယ်တိုင်လည်း လိုက်ပါဆင်နွှဲလိုသဖြင့်၊ အရပ်မြင့်သည်ဟု ထင်မှတ်လာအောင် ခြေထောက်၍မတ်မတ်ရပ်နေပါသည်ဟု လျှောက်တင်ပေးသဖြင့်၊ 'နဗီ'တမန်တော်မြတ်က လိုက်ခွင့်ပြုတော်မူလိုက်လေ၏။

ထိုအခါ'စမုရဟ်အိဗ်နုဂျွန်ဒွဗ်'သခင်ကလေးကမိမိပထွေးတော်စပ်သူ'ဟဇရသ်မုရ်ရဟ်အိဗ်နုစနာန်' ရှေ့တော်မှောက်၌ အကယ်၍ 'နဗီ'တမန်တော်မြတ်သည် 'ရာဖိအ်' အား လိုက်ပါခွင့်ပြုလျှင် ကျွန်ုပ်အားလည်း ခွင့်ပြုသင့်ပါသည်။ အမှန်မှာ ကျွန်ုပ်သည် 'ရာဖိအ်' ထက်ပို၍ အားအင်ဗလကောင်းသူဖြစ်ပါသည်။ အကယ်၍ ကျွန်ုပ်နှင့်သူ ယှဉ်ပြိုင်လျှင် ကျွန်ုပ်သည် သူ့အား

အရေးနိမ့်စေနိုင်ပါသည်ဟုပြောလှသဖြင့်၊ ကိုယ်တော်မြတ်က ၂-ဦးစလုံးအား ယှဉ်ပြိုင်စေရာ အကယ်ပင် 'ရာဇိအ်'သခင်သည် 'စမုရဟ်'သခင်အား အရှုံးပေးလိုက်ရလေသည်။ သို့ဖြစ်၍'နဗီ' တမန်တော်မြတ်က 'စမုရဟ်'သခင်အားလည်း လိုက်ပါခွင့်ပြုတော်မူလိုက်လေသည်။ ထိုနောက် ကျန်လူငယ်များတို့ကလည်း ကြိုးပမ်းကြသေးသည်။ အချို့ကို ခွင့်ပြုတော်မူလိုက်သေး၏။ ဤ လုပ်ငန်းဖြင့် ညအချိန်သို့ ရောက်လာလေသည်။

ကိုယ်တော်မြတ်သည် စစ်သည်တော်တတပ်လုံးအတွက် စီမံခန့်ခွဲတော်မူလေသည်။ပုဂ္ဂိုလ် ငါးဆယ်တို့အား စစ်တပ်၏ကင်းစောင့်အဖြစ် သတ်မှတ်စောင့်စားစေတော်မူ၏။ ထိုနောက် တမန်တော်မြတ်က ငါကိုယ်တော်မြတ်အား အဘယ်သူ ကင်းစောင့်ပေးအံ့နည်းဟု မေးမြန်း တော်မူရာ၊ ပုဂ္ဂိုလ်တဦးက မတ်မတ်ရပ်လိုက်လေသည်။ ကိုယ်တော်မြတ်က သင့်နာမည် အဘယ်သို့ ရှိသနည်းဟု မေးမြန်းတော်မူသော်၊ ထိုပုဂ္ဂိုလ်'ကဇက်ဝါန်'ခေါ်ပါသည်ဟု ဖြေကြားလိုက်၏။ ကိုယ်တော်မြတ်ကကောင်းပြီ ထိုင်လေ့ာဟုအမိန့်ရှိလိုက်လေ၏။တခဏမျှအကြာတွင်တခါ ငါကိုယ် တော်မြတ်အား အဘယ်သူ ကင်းစောင့်မည်နည်းဟု မေးမြန်းတော်မူပြန်၏။ ပုဂ္ဂိုလ်တဦးသည် ထပြပါသည်။ ကိုယ်တော်မြတ်က သင့်နာမည်ဘယ်လိုခေါ်ပါသနည်းဟု မေးမြန်းတော်မူရာ၊ ထိုပုဂ္ဂိုလ်က 'အဗူစဗဒ္ဒ်'ဖြစ်ပါသည်ဟု ပြန်လျှောက်ထားလေ၏။ ကိုယ်တော်မြတ်ကကောင်းပြီ သင်ထိုင်လေ့ာဟုအမိန့်ရှိလိုက်လေ၏။ တခဏမျှကြာသော် တတိယအကြိမ်'နဗီ'တမန်တော်မြတ်က ငါကိုယ်တော်မြတ်အား အဘယ်သူသည်ကင်းစောင့်မည်နည်းဟုမေးမြန်း၏။ ထိုအခါပုဂ္ဂိုလ်တပါး သည်အထက်နည်းတူ မတ်မတ်ရပ်ပြလေ၏။ကိုယ်တော်မြတ်က သင့်နာမည်ကအသို့နည်းဟုမေးမြန်း တော်မူရာ၊ ထိုပုဂ္ဂိုလ်က 'အိဗ်နုအဗ်ဒေကိုက်စ်'ဖြစ်ပါသည်ဟု ဖြေကြားလိုက်လေ၏။ ကိုယ်တော် မြတ်က ကောင်းပြီ ထိုင်လေ့ာဟု အမိန့်ပေးတော်မူလိုက်၏။

အတန်ကြာသော်၊ ကိုယ်တော်မြတ်က ၃-ဦးစလုံးကို လာကြဟု အမိန့်ရှိသောအခါ တဦးသာ ရောက်ရှိလာလေသည်။ ကိုယ်တော်မြတ်က သင့်အဆွေတော်တွေကောဟု မေးမြန်းရာ ၃-ကြိမ်စလုံး မိမိသာရပ်ပြကြောင်း ဝန်ခံပြောကြားလေ၏။ 'နဗီ'တမန်တော်မြတ်ကထိုပုဂ္ဂိုလ် အား ဆုမွန်ကောင်းတောင်းခံပေး၍ စောင့်စားစေ၏။ တညလုံး ကိုယ်တော်မြတ်တဲနန်း စခန်းကို စောင့်ကြပ်နေလေသည်။

(ကြည့်-ခမီးစ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤသို့ စိတ်ဆန္ဒထက်သန်တက်ကြွမှု ရှိခဲ့ကြလေ၏။ ထိုပုဂ္ဂိုလ်များအနက် ကြီးငယ်မဟူ အသက်ပေးရခြင်းကိုပင် လိုလားမက်မောနေကြပေသည်။ ထို့ ကြောင့်ပင် အောင်မြင်မှုအပေါင်းတို့သည် ထိုပုဂ္ဂိုလ်တို့ခြေတော်ရင်းသို့ဝင်ရောက် ခစားကြသည်မဟုတ်ပါလော။

'ရာဖိအ်အိဗ်နုခုဒိုင်းဂျ်' သခင်သည် 'ဘဒ်ရ်'တိုက်ပွဲ ၌လည်း မိမိကိုယ်ကို ပုံအပ်ခဲ့လေသည်။ သို့ပေမဲ့ အခွင့်မရခဲ့ပေ။ တဖန်'အုဟုဒ်'တိုက်ပွဲ၌ အဖြစ်အပျက်ကို ယခုပင် ဖေါ်ပြခဲ့ပေသည်။ထိုနောက် တိုက်ပွဲတိုင်း၌ ပါဝင်ဆင်နွှဲခဲ့လေသည်။ 'အုဟုဒ်'တိုက်ပွဲ၌ ရှေ့ရင်၌ မြှားသင့်ခံခဲ့ရပေသည်။ ၎င်းမြှားကို ထုတ်ယူသောအခါ၊ မြှားဦးမှာ ကျန်ရစ်ခဲ့ပေသည်။ ၎င်းဖြင့် တစဟာစအနာကြီးအဖြစ်သို့ ကူးပြောင်းကာ အသက်အရွယ် ကြီးရင့်လာသည့်အခါ၊ ယင်းဒဏ်ရာသည် ထကြွ၍ ဘဝတပါးသို့ ကူးပြောင်းသည်အထိ ဖြစ်ရလေသတည်း။

(ကြည့်-အစဒုလ်ဂါဗဟ်ကျမ်း)

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُوْنَ

(အင်နာလစ်လ္လာဟိ၊ ဝအင်နာအိလိုင်ဟိရာဂျေအူးန်)။

## ၇။ ဟဇရသ်ဇိုင်းဒ်သခင်အား ကုရ်အာန်ကျမ်းမြတ်တတ်ကျွမ်းသဖြင့် ရှေ့တန်းတက်စေခြင်း။

'ဟဇရသ်ဇိုင်းဒ်အိဗ်နုဆာဗိသ်' (ရသွေ့)သခင်သည် သက်တော် (၆)နှစ်အရွယ်တွင် 'ယသီးမ်'ဘဝသို့ ရောက်ရှိရလေသည်။ 'ဟိဂျ်ရသ်'အချိန်တွင် သက်တော်မှာ (၁၁)နှစ်သာရှိသေးသည်။ 'ဘဒ်ရ်'တိုက်ပွဲ၌ မိမိကိုယ်ကို အပ်နှင်းခဲ့လေသည်။ ဝင်ခွင့်မရခဲ့ပေ။ 'အုဟုဒ်'တိုက်ပွဲသို့ ဝင်ရာ ပြန်ခဲ့ရပြန်ကြောင်းကို ယခုပင် ဖေါ်ပြခဲ့လေသည်။ အချို့က 'စမုရဟ်'နှင့် 'ရာဖိအ်'သခင်တို့အား ခွင့်ပြုခြင်းခံရသဖြင့်၊ ဤပုဂ္ဂိုလ်သည်လည်း ရရှိသွားသည်ဟု အဆိုပြုကြသည်။ ထိုနောက် တိုက်ပွဲတိုင်း၌ ပါဝင်ဆင်နွှဲခဲ့လေသည်။

'သဗူက်'တိုက်ပွဲ၌ 'မာလစ်က်'မျိုးနွယ်ဝင်တို့၏ အောင်လံတော်သည် 'ဟဇရသ်အမ္မာရဟ်' လက်၌ရှိခဲ့သည်ကို 'နဗီ'တမန်တော်မြတ်က 'အမ္မာရဟ်' သခင်လက်မှ တံခွန်အလံကို ယူ၍ 'ဟဇရသ်ဇိုင်းဒ်'သခင်အား ပေးအပ်လိုက်လေသည်။ 'ဟဇရသ်အမ္မာရဟ်'သခင်မှာ ပူပင်သောကဖြစ်မိလေ၏။ ငါ၌ တခုခုမှားယွင်းမှုရှိပေအံ့။ 'နဗီ'တမန်တော်မြတ် မနှစ်မြို့ရာတခုခုကို ကျူးလွန်မိသည်များ ဖြစ်ပေအံ့ဟု တွေးထင်ကာ ကိုယ်တော်မြတ်ထံချဉ်းကပ်၍ အို-အသျှင့်တမန်တော်၊ ကျွန်တော်မျိုး၏ မကောင်းသတင်းတခုခုသည် ကိုယ်တော်မြတ်ထံသို့ ရောက်ရှိပါသလားဟု လျှောက်ထားမေးမြန်းလေ၏။

ကိုယ်တော်မြတ်က ဒါကြောင့်မဟုတ်ပါဘူး။ အကယ်စင်စစ် 'ဇိုင်းဒ်'သည် သင်ထက်ပို၍ ကျမ်းမြတ်'ကုရ်အာန်'ကို တတ်သိကျွမ်းကျင်သူဖြစ်သည်။ ကျမ်းမြတ်'ကုရ်အာန်' တတ်သိကျွမ်း

ကျင့်မှုက သူ့အား အောင်လံကိုင်၍ ရှေ့ဆောင်အဆင့်သို့ တွန်းတင်လိုက်ခြင်းဖြစ်သည်ဟု မိန့်ကြားတော်မူလိုက်လေ၏။

(ကြည့်–အစဒွလ်ဂါဗဟ်)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

'နဗီ'သခင် ကျေးဇူးရှင်တမန်တော်မြတ် 'မုဟမ္မဒ်'(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သခင်သည် အဆင်အတန်း ခြီးမြှင့်မြှောက်စားရာ၌ သာသနာရေးကို ရှေ့ရှုလေ့ရှိသည်။ ဦးစားပေးလေ့ရှိသည်။ ဤနေရာ၌ တိုက်ပွဲအချိန်ဖြစ်သည်။ သာမန်မျက်စိဖြင့်ကြည့်လျှင် ကျမ်းမြတ်'ကုရ်အာန်' ကျွမ်းကျင် တတ်သိသည်နှင့် မည်သို့မျှ စပ်ဆိုင်မှုမရှိလှပေ။ ထိုသို့ဖြစ်လင့်ကစား 'နဗီ'တမန်တော်မြတ်သည် ကျမ်းမြတ်'ကုရ်အာန်'ကို ကျွမ်းကျင်သူအား ဦးစားပေး၍ အောင်လံတံခွန်ကို ကိုင်လျက် ရှေ့တန်းတက်စေတော်မူခဲ့လေ၏။ ဝေဘုယျအားဖြင့် 'နဗီ'တမန်တော်မြတ်သည် အထူးဂရုပြုတော်မူလေ့ရှိ၏။ အခြေအနေအရ သင်းချိုင်းကျင်း တကျင်း(တွင်း)ထဲ၌ မြှုပ်နှံရန် ကြုံခဲ့သော်လည်း ကျမ်းမြတ်'ကုရ်အာန်' တတ်သိ ကျွမ်းကျင်သူအား ဦးစားပေးလေ့ရှိခဲ့ပေသည်။ တိုက်ပွဲ၌ ဤသို့ပြုခဲ့ပေသည်။

## ဂ။ အဗူစအီးဒ်ခုဒ္ဒရီးသခင်၏ဖခင် ကွယ်လွန်ရခြင်း

'ဟဇရတ်အဗူစအီးဒ်ခုဒ္ဒရီး'(ရသွေ့)သခင်သည် 'အိုဟုဒ်'တိုက်ပွဲ၌ ပါဝင်ဆင်နွှဲနိုင်ရန် ကြိုးစားခဲ့၏။ သက်တော်(၁၃)နှစ်သာ ရှိပါသေးသဖြင့် ကိုယ်တော်မြတ်သည် ၎င်းအား ခွင့်မပြုခဲ့ပါ။ ကျွန်ုပ်၏ဖခင်က ကျွန်ုပ်ဖက်မှ လျှောက်ထားပေးသည်မှာ၊ အို–အသျှင့်တမန်တော်၊ ကျွန်တော်မျိုး၏သားသည် အင်အားဗလကောင်းပါသည်။ အရိုးများမှာလည်း ကြီးလှပါသည်ဟု လျှောက်ထားပါသေးသည်။ ကိုယ်တော်မြတ်သည် ကျွန်ုပ်အား တချက်မျှရှုစားတော်မူ၍ မျက်နှာလွှဲပစ်တော်မူလိုက်ပါသည်။ နောက်ဆုံး အသက်ငယ်သဖြင့် လိုက်ခွင့်မရရှိခဲ့ပါ။ ကျွန်ုပ်၏ဖခင်သည် ထိုတိုက်ပွဲ၌ ပါဝင်ခဲ့၍ 'ယှဟီးဒ်'ဖြစ်သွားရရှာလေသည်။ မည်သည့် ပစ္စည်းမျှလည်း မကျန်ရစ်ခဲ့ပါ။

✓ကျွန်ုပ်သည် တောင်းခံရန် 'နဗီ'တမန်တော်မြတ်ထံတော်သို့ဝင်ရောက်သော်၊ ကိုယ်တော်မြတ်ကကျွန်ုပ်အား တွေ့မြင်လာသောအခါ အကြင်သူသည် သည်းခံခြင်းတရားကို ရယူလိုအံ့၊ 'အလ္လာဟ်'အသျှင်မြတ်သည် ထိုသူအား ခန္တီတရား ခြီးမြှင့်တော်မူအံ့၊ အကြင်သူ(အတွင်းသဏ္ဍာန်၊ အပြင်သဏ္ဍာန်)၌ စင်ကြယ်မှုကိုရယူလိုအံ့၊ 'အလ္လာဟ်'အသျှင်မြတ်သည် ထိုသူအား စင်ကြယ်စေတော်မူအံ့။ အကြင်သူသည် အတောင့်အတအကြောင့်အကျမှ ကင်းဝေးစေတော်မူအံ့ဟု မိန့်ကြားတော်မူ၏။ ကျွန်ုပ်သည် ကိုယ်တော်မြတ်၏ အထက်ပါဩဝါဒတော်ကိုကြားနာ၍ ဆိတ်ဆိတ်သာ ပြန်လှည့်ခဲ့ပါတော့သည်။

ထိုနောက် 'အလ္လာဟ်'အသျှင်မြတ်သည် ထိုပုဂ္ဂိုလ်အား သက်တူရွယ်မျှ'ဆဟာဗဟ်'များ၌ စံတူသူ ရှားမှရှားလှပေအောင် ပညာရောင်ခြည်တော်ဖြင့် ထူးကဲစွာ ခြီးမြှင့်ထားတော်မူပေ သတည်း။

(ကြည့်–အေဆာဗဟ်–အစ်သီးအာဗ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

အသက်အရွယ်ကလည်း ငယ်ရွယ်နုနယ်၊ ဖခင်ကလည်းဆုံး၊ လက္ခဏာ ငွေကြေးကလည်း ရှားပါးနေချိန်ပင်ဖြစ်ပါသော်လည်း 'နဗီ'တမန်တော်မြတ်၏ ဆုံးမစကား သြဝါဒတော်ကို ကြားနာ၍ မိမိလာရသည့်အကြောင်းရင်းကို ဖွင့်ဟ မပြောဘဲ မြို့သိပ်ကာ ဆိတ်ဆိတ်သာ ပြန်ခဲ့လေတော့သည်။ ယခုအချိန်၌ ကြီးသူ များပင် ဤသို့ခံနိုင်ရည်ရှိပါမည်နည်းဟု သံသယဖြစ်နိုင်ပေသည်။

အမှန်တကယ်ပင် 'အလ္လာဟ်'အသျှင်မြတ်သည် မိမိ၏ 'နဗီ'တမန်တော် မြတ်နှင့် ထိတွေ့သူတို့သည် အလွန်လျှင် သင့်လှပေသည်။ ထူးမြတ်လှပေသည်။ ဤသည့်အကြောင်းကြောင့်ပင် 'နဗီ'တမန်တော်မြတ်က နောက်ဆုံး 'အလ္လာဟ်' အသျှင်မြတ်သည် ငါကိုယ်တော်မြတ်၏ အကြည်တော်တို့ကို ရွေးချယ်တော် မူသည်ဟု အမိန့်ရှိတော်မူခဲ့လေသည်။

## ၄။ စလ်မဟ်အိဗ်နုအက်ဝအ်သခင် ဂါဗါဟ်သို့ သူခိုးနောက်လိုက်ခြင်း

'ဂါဗဟ်'ဆိုသည်မှာ 'မဒီနဟ်'မြို့တော်မှ လေးငါးမိုင်ခန့်ဝေးကွာသည့် လူနေရပ်ကွက်ဖြစ် သည်။ ၎င်းနေရာ၌ 'နဗီ'တမန်တော်မြတ်၏ ကုလားအုတ်များကို ကျောင်းလေ့ရှိကြသည်။ 'ကာဖိရ်'အပေါင်းနှင့် 'အဗ်ဒုရ်ရဟ်မာန်၊ ဖဇာရီ'တို့က ကုလားအုတ်ထိန်းကျောင်းသူအား သတ်၍ လုယူလိုက်ကြသည်။ ဤလုယုတ်မာ ဓါးပြတို့သည် လက်နက်စုံလင်စွာနှင့် မြင်းစီးလျက် ကုလား အုတ်များကို မောင်းနှင်သွားနေလေသည်။

အကြောင်းအားလျော်စွာ 'ဟဇရသ်စလ်မဟ်အိဗ်နုအက်ဝအ်' သခင်သည် နံနက်အချိန်၌ လေးမြှားကိုင်ဆောင်လျက်၊ ခြေလျင်လမ်းလျှောက်လျက် ဂါဗဟ်'ဖက်သို့ သွားလေသည်။ ရုတ်တရက် ဓါးပြတို့ကို မြင်တွေ့လိုက်လေသည်။ လူငယ်လည်းဖြစ်သည်။ အပြေးမှာလည်း သူ့ စံချိန်ကို ဘယ်သူမှ မချိုးနိုင်ခဲ့ပေ။ ပြေးနေသည့်မြင်းကို နောက်မှ အမှီလိုက်၍ ဖမ်းနိုင်သည်။ မြင်းသည် သခင်လေးပြေးနေသည်ကို အမှီမလိုက်နိုင်ဟူသော သတင်းသည် ထင်ပေါ်ကျော်ကြား

နေပေသည်။ အပြေးသန်ရှိတင်မက၊ လေးအတတ်၌လည်း အထူးကျွမ်းကျင် လက်ကည့်ကြောင်း ပေါ်လွင်ခဲ့သေးသည်။

'ဟဇရယ်စလ်မဟ်အိမ်နအတ်က်ဝဟ်' သခင်သည် တောင်ပေါ်တက်၍ 'မဒီနဟ်'ဖက်သို့ တချက်လှည့်၍ လှယက်မှု ဖြစ်ပွားကြောင်းအသံပေးခဲ့၍ မိမိမှာ လေးမြှားကိုင်လျက် လုပြေးသူ ဓါးပြများ၏နောက်သို့ အမှီလိုက်တော်မူ၍ ဒရစပ်လေးမြှားဖြင့် ပစ်ခွင်းလေတော့သည်။ အမှန်မှာ တယောက်တည်းဖြစ်ပါသော်လည်း တဖက်သားတို့ကမူ လူအများလိုက်လာကြသည်ဟု ထင်မှတ်နေကြသည်။ မြင်းစီးတယောက်ယောက်က နောက်လှည့်ပြန်ကြည့်သည့်အခါ သစ်ပင်ကို အကွယ်ပြု နေလိုက်လေသည်။ ၎င်းမြင်းကို ချိန်၍ တည့်တည့်ပစ်ခွင်း၍ ဒဏ်ရာရစေလေ၏။ မြင်းစီးသည် ငါ့မြင်းတော့ကျသွားပြီ၊ ငါတော့အဖမ်းခံရတော့မည်ဟု တွေးဆင်ကာ ကိုယ်လွတ်အရ ပြေးလေ့ ရှိကြသည်။

'ဟဇရယ်စလ်မဟ်'သခင်က သူတို့ကရှေ့ကပြေး၊ ကျွန်ုပ်က နောက်မှလိုက်နှင့် ကိုယ်တော် မြတ်၏ ကုလားအုတ်ကို လုယူသွားသမျှသည် ကျွန်ုပ်နောက်တွင်ကျန်သည့်အပြင်၊ လုံပေါင်း သုံးဆယ်နှင့် စောင်အထည်းသုံးဆယ်ပါ ကျကျန်ရစ်ခဲ့လေသည်။ ၎င်းအချိန်၌ "အုယိုင်နဟ်' အိဗ်နု'ဟဆန်"တို့အုပ်စုသည် ၎င်းတို့အားအကူအညီဖြင့်လာရောက်ကြလေသည်။ သို့ဖြင့်အားသစ် ဝင်လာကြလေသည်။ ကျွန်ုပ်ဖက်မှ ကျွန်ုပ်တယောက်တည်းသာ ဖြစ်ကြောင်းကိုလည်းသူတို့သိနှင့် ကြလေသည်။ အုပ်စုတစုဖွဲ့ကာ ကျွန်ုပ်နောက်သို့ လိုက်လာကြလေသည်။ ကျွန်ုပ်သည်တောင်တခု ပေါ်သို့တက်သွားရပါသော်၊ သူတို့လည်းလိုက်ပါလာကြလေသည်။ အနားသို့ ရောက်ရှိလာကြ သော်၊ ဟေ့....ရပ်ကြစမ်း၊ ငါ့စကားကို နားထောင်ဦး၊ ငါဘယ်သူလဲဆိုတာ မင်းတို့သိရဲ့လားဟု ငေါက်ပြောလိုက်ပါသည်။

ထိုအခါ သူတို့က သယ်သူလဲဆိုတာ သိပါရစေဟုပြောလှာကြပါသည်။ ကျွန်ုပ်က ငါ 'အက်ဝအ်'၏သားဖြစ်သည်။ အသျှင့်'ကစမ်'၊ အသျှင်မြတ်သည် 'နဗီ' တမန်တော်မြတ်အား ဂုဏ် သိက္ခာခြီးမြှင့်တော်မူခဲ့သည်။ အကယ်၍ သင်တို့သည် ငါ့အားဖမ်းဆီးလိုသော်၊ သင်တို့သည်ငါ့ကို ဖမ်းဆီးနိုင်ကြလိမ့်မည်မဟုတ်၊ သင်တို့အနက်ငါးဖမ်းဆီးလိုသော် ထိုသူသည် ငါ့ထံမှလွတ်အောင် ပြေးနိုင်လိမ့်မည်မဟုတ်ဟုရဲရဲဝန့်ဝန့် ပြောချလိုက်ပါတော့သည်။ (ဤသို့ပြောရခြင်းမှာ ယခင်က ပင် အများသိ အပြေးကောင်း သူ့စံချိန်ချိုးနိုင်သူမရှိကြောင်း ထင်ပေါ်မှုကြောင့်ပင်တည်း။)

'ဟဇရယ်စလ်မဟ်'သခင်က ဤသို့စကားပြော၍ သူတို့ထံသို့အထောက်အပံ့ရောက်ရှိလာ သလို၊ မိမိထံသို့လည်း'မွတ်စ်လင်မ်'သူတော်စင်တို့ဖက်မှ အကူအညီအထောက်အပံ့ ရောက်ရှိလာရန် စောင့်မျှော်ရန်ရည်ရွယ်ခြင်းသာဖြစ်သည်။ မိမိထွက်လာစဉ်က အသံပေးခဲ့သည်။ မဟုတ်ပါလော ၄၀ လည်ကြောင်ပတ်စကားပြောလျက် သစ်ပင်များကြားမှ 'မဒီနဟ်'ဖက်သို့ ဂရုစိုက်ကြည့်

နေတော်မူသည်။ မြင်းစီးအုပ်စုတစုသည် အပြေးအလွှားလာနေသည်ကို ရှုမြင်ရပါတော့သည်။ ရှေ့ဆုံးမှ ''အခ်ိရမ်အစဒီ''ဖြစ်သည်။'အခ်ိရမ်အစဒီ'သည် ခရီးရောက်မဆိုင်း 'အဗ်ဒုရ်ရဟ်မာန် ဖဇာရီ'နှင့် ယှဉ်ပြိုင်ခုတ်သတ်လေသည်။ 'အဗ်ဒုရ်ရဟ်မာန်'၏မြင်းခြေကို ခုတ်ဖြတ်လိုက်လေသည်။ မြင်းခြေပြတ်သွားသဖြင့်၊ 'အဗ်ဒုရ်ရဟ်မာန်' သည် မြင်းမှ ကျကျခြင်း'အခ်ိရမ်အစဒီ'အား ခုတ်ဖြတ်လိုက်ရာ ခမျာမှာ နေရာတွင်ပွဲချင်းပြီး'ယှဟီးဒ်'ဖြစ်သွားရလေသည်။

'အဗ်ဒုရ်ရဟ်မာန်' သည်'အခ်ိရမ်'မြင်းကိုစီး၍ပြေးမည်အပြုတွင်နောက်မှ 'အဗူကသာဒဟ် ရောက်ရှိလာလေသည်။ နှစ်ယောက်သားယှဉ်ပြိုင်ခုတ်သတ်နေစဉ် 'အဗ်ဒုရ်ရဟ်မာန်'က 'အဗူ ကသာဒဟ်'၏ မြင်းခြေကိုခုတ်ဖြတ်လိုက်သဖြင့် အဗူကာဒဟ်သခင်အကျမှာချက်ခြင်းပြန်လှန်၍ 'အဗ်ဒုရ်ရဟ်မာန်' အားနောက်ဆုံးစခန်းသို့ပို့ပေးလိုက်လေသည်။ အဗူကသာဒဟ်'သခင်သည် 'အခ်ိရမ်'၏မြင်းကို စီးလိုက်လေသည်။

(ကြည့်-အဗူဒါဝူးဒ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

အချို့သမိုင်းကျမ်းဂန်များ၌ ပါရှိသည်မှာ၊ ဟဇရသ်စလ်မဟ်' သခင်က 'အခ်ိရမ်အစဒီ' သခင်အား နောက်လူများ ရောက်လာအောင် ခေတ္တခဏစောင့်ဆိုင်း၍ ယှဉ်ပြိုင်ခုတ်သတ်ပါရန်ပြောကြား သေးသည်ဟူ၏။ 'ဟဇရသ်အခ်ိရမ်' သခင်က ကျွန်ုပ် 'ယှဟီးဒ်' ဖြစ်ချင်လှပါပြီဟူ၍ ခုတ်ထစ်သတ်ဖြတ်ရင်း'ယှဟီးဒ်' ဖြစ်သွားလေသည်။'မွတ်စ်လင်မ်'တို့ဖက်မှ ဤပုဂ္ဂိုလ်တဦးသာ 'ယှဟီးဒ်' ဖြစ်ခဲ့သည်။ ရန်သူ'ကာဖိရ်'များဖက်မှ အမြောက်အမြား ကျဆုံး သေကြေကြလေသည်။အချို့လည်းကိုယ်လွတ်ထွက်ပြေးကြလေသည်။

'နဗီ'တမန်တော်မြတ်အပါးတော်သို့ ရောက်ရှိလာသောအခါ၊ 'ဟဇရသ် စလ်မဟ်'သခင်က 'နဗီ'တမန်တော်မြတ်၏ ထံတော်၌၊ အို-အသျှင့်တမန်တော်၊ ကျွန်တော်မျိုးအား စစ်သည်ရဲမက်တော်တရာနှင့် ရန်သူနောက်သို့ လိုက်ခွင့်ပြုတော်မူပါဟု လျှောက်တားလေသည်။ ကိုယ်တော်မြတ်က ထိုသူသည် မိမိအုပ်စုသို့ရောက်ရှိကြလေပြီဟုမိန့်ကြားတော်မူလိုက်လေသည်။

သမိုင်းကျမ်းဂန်များအရသိရှိရသည်မှာ၊ ဟဇရသ်စလ်မဟ်သခင်၏သက်တော်မှာ ၁၂-နှစ်၊ ၁၃-နှစ်သာရှိသေးသည်ဟူ၏။ ၁၂-နှစ်၊ ၁၃-နှစ်အရွယ် လူငယ်တယောက်အနေနှင့် ဤမျှလူအုပ်ကြီးတခုလုံးကိုဖနောင့်နှင့်တင်ပါးတသားတည်းဖြစ်အောင် ပြေးစေခဲ့ခြင်း၊ လုယူရရှိသည့် ပစ္စည်းဥစ္စာများကိုပါစွန့်ပစ်စေခဲ့ခြင်း၊ မိမိမှာခြေလျင်၊ ဤဖက်သင်းတို့မှာ မြင်းစီးများဖြစ်ပါလျက်၊ အမှီ

လိုက်၍ အမိဖမ်းကာ ရဝန္ဓစ္စာပြောကြားခြင်း စသည်များသည် တိုပုဂ္ဂိုလ်တို့၏ စိတ်စေတနာ ဖြူစင်မှုကြောင့်အထူးသဖြင့်၊ 'အလ္လာဟ်' အသျှင်မြတ် ခြီးမြှင့်တော်မူခြင်းပင်ကည်း။

## ၁၀။ ဘဒ်ရ်တိုက်ပွဲ၌ ဟဇရသ်အဗ်ဒုလ္လာဟ်နှင့်ဟဇရသ်ဘရ်ရာအ်သခင်တို့၏ စိတ်အားထက်သန်မှု။

ဘဒ်ရ်တိုက်ပွဲသည် အလွန်ထူးမြတ်သည်။ အလွန်ကြီးကျယ်လှပေသည်။ တိုက်ပွဲမှာလည်း အလွန်ပြင်းထန်လှပေသည်။ 'မွတ်စ်လင်မ် ' သူတော်စင်အပေါင်းတို့သည် အနည်းစု၊ အရေအတွက်အားဖြင့် (၃၁၅)ယောက်သာရှိပေသည်။ ၎င်းတို့ထံ၌မြင်း ၃—ကောင်၊ ၆-ကောင်၊ သို့မဟုတ် ၉-ကောင်၊ သံကြပ်ကာအင်္ကျီ၊ ဓါးရှည်(၈)လက်၊ ကုလားအုတ်အကောင် (၇၀)သာ ရှိလေသည်။ ကုလားအုတ်တကောင်လျှင် အလှည့်ကျခွဲဝေစီးကြရလေသည်။

ရန်သူများဖက်၌မူကား စစ်သား (၁၀၀၀)ရှိလေသည်။ မြင်းအကောင်ရေ (၁၀၀)၊ ကုလားအုပ်(၇၀၀)၊ စစ်သုံးပစ္စည်းစုံလင်စွာနှင့် အေးအေးချမ်းချမ်း အတီးအမှုတ် အဆိုကျော် အမျိုးသမီးများကို စစ်မြေပြင်သို့ ခေါ်ဆောင်ခဲ့ကြလေသည်။ 'နဗီ' တမန်တော်မြတ် သည် 'မွတ်စ်လင်မ်'တို့၏ အခြေအနေကို ရှုစားတော်မူ၍ စိတ်ပူပင်သောက ဖြစ်နေရရှာလေသည်။ တမန်တော်မြတ်သည် ၂—ဦး၊ ၂—ဖက်သို့ ရှုစားတော်မူ၍ 'အလ္လာဟ်' အသျှင်မြတ် အထံတော်၌ 'ဒုအာ' ဆုပန်တော်မူသည်။

✓အို....'အလ္လာဟ်'အသျှင်မြတ်၊ ဤ'မွတ်စ်လင်မ်'တို့၌ စီးစရာဖိနပ်လည်းမရှိကြပါ။ အသျှင်မြတ်သာလျှင် ၎င်းတို့အား ဖိနပ်ကိုသော်လည်းကောင်း၊ အစီးအနင်း မြင်း၊ကုလားအုတ်များကိုသော်လည်းကောင်း ခြီးမြှင့်မည့်သူဖြစ်ပါသည်။

ဤသူတို့သည် ဝတ်စရာအထည်ဟူ၍လည်း မယ်မယ်ရရမရှိကြပါ။ ၎င်းတို့အား အသျှင်မြတ်သာလျှင် ခြီးမြှင့်ပေးကမ်းမည့်သူ ဖြစ်ပါသည်။ ဤသူတို့သည် ရိက္ခာပြတ်သူများ ဖြစ်ကြပါသည်။ ၎င်းတို့အား အသျှင်သာလျှင် အာဟာရဖြည့်တင်းပေးတော်မူမည့် အသျှင်ဖြစ်ပါသည်။ ဤသူတို့သည် ကြောင့်ကျသူများ၊ ချို့တဲ့သူများ ဖြစ်ကြပါသည်။ ၎င်းတို့အား အသျှင်မြတ်သာလျှင် ကြောင့်ကျမှုမှုလည်းကောင်း၊ ချို့တဲ့မှုမှလည်းကောင်း ကင်းဝေးအောင် ပြုနိုင်တော်မူသော အသျှင်ဖြစ်တော်မူပါ၏။ အကယ်ပင် ဤ'ဒုအာ' ဆုမွန်သည် ရုပ်လုံးပေါ်အတည်ဖြစ်လေတော့သည်။ သို့ဖြစ်လင့်ကစား 'ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုအုမရ်' နှင့် 'ဟဇရသ်ဘရ်ရာအ်အိဗ်နုအာဇိဗ်' 'ဆဟာဗဟ်' ၂—ပါးတို့သည် တိုက်ပွဲတွင်ပါဝင်ဆင်နွှဲလိုကြသဖြင့်၊ မိမိတို့အိမ်မှတိတ်တဆိတ်ထွက်ပြေးလာကြလေသည်။ 'နဗီ'တမန်တော်မြတ်ကကလေးသူငယ်များဖြစ်ကြသဖြင့်၊ လမ်းခုလပ်မှ ပြန်စေတော်မူလိုက်လေ၏။ (ကြည့်–ခမီးစ်ကျမ်း)

ဤပုဂ္ဂိုလ် ၂-ဦးတို့သည် 'အိုဟုဒ်' တိုက်ပွဲ၌လည်း အလားတူအပယ်ခံကြရလေသည်။ ၎င်းအကြောင်းကိုဖော်ပြခဲ့လေပြီ။ 'အိုဟုဒ်' တိုက်ပွဲသည် 'ဘဒ်ရ်' တိုက်ပွဲ နောက် တနှစ်နောက်ကျမှ ဖြစ်လေသည်။ ဤ 'အိုဟုဒ်' တိုက်ပွဲမှာပင်ကလေးစာရင်းဝင်သဖြင့် အပယ်ခံရလျှင် 'ဘဒ်ရ်' တိုက်ပွဲ၌ အဘယ်သို့ဆိုနိုင်အံ့နည်း။ သို့ပါသော်လည်းထိုပုဂ္ဂိုလ်တို့သည် မိမိငယ်ရွယ်စဉ်ဘဝမှာပင် ဤရွေ့ ဤမျှ စိတ်ဓါတ်ပြင်းထန်၍ တိုက်ပွဲတိုင်း၌ပါဝင်လိုကြောင်း၊ ပါဝင်နိုင်ရေးအတွက် အကြိမ်ကြိမ်ကြိုးစားလေ့ရှိကြလေသည်။

## ၁၁။ နဗီတမန်တော်မြတ်အားထိပါးလာသဖြင့် ဟဇရဲသ်အဗ်ဒုလ္လာဟ်သခင်သည် မချိအောင်နာကာ၊ ဖခင်ကိုပင် ဓါးဖြင့်ဆုံးမရန်ကြံရွယ်ခြင်း။

'ဟိဂျ်ရီ' (၅) ခုနှစ်၌ 'မုဆ်သွလိက္က' အမျိုးအနွယ်ဝင်များနှင့် အချင်းများကာ စစ်ဖြစ်လေသည်။ ၎င်းတိုက်ပွဲ၌ 'မုဟာဂျိရ်' တဦးနှင့် 'အန်ဆာရီ' တဦးတို့သည် သာမန်စကားကလေးဖြင့် တစတစနှင့် အချင်းများမှုသည် ကြီးထွားလာလေသည်။ ကိုယ်စီကိုယ်စီ မိမိအမျိုးသားဘက်တော်သားတို့ထံ အကူအညီတောင်းခံကြသဖြင့်၊ အုပ်စု ၂-စု ဖြစ်သွားကြလေသည်။ အကြီးအကျယ် ပွဲကြီးပွဲကောင်းဖြစ်ဆဲတွင် အချို့ကကြားဝင်ဖြန်ဖြေပေးလိုက်သဖြင့်၊ သင့်မြတ်သွားကြလေသည်။

"အဗ်ဒုလ္လာဟ် 'အိဗ်နု' အုဗိုင်" သည် 'မုနာဖိက်' သာသနာ့အရေခြုံတို့၏ ဦးစီးနာယကဖြစ်လေသည်။ ဤသူသည် အလွန်ထင်ပေါ် ကျော်ကြားသည့် 'မုနာဖိက်' ဖြစ်သည်သာမက၊ အလွန်ကြီးလေးသည့် 'မွတ်စ်လင်မ်' တို့၏ ရန်သူလည်းဖြစ်ပေသည်။ သို့ပါသော်လည်း အမြင်အားဖြင့်၊ မိမိကိုယ်ကို 'မွတ်စ်လင်မ်' ဟု အသွင်ဆောင်နေသဖြင့်၊ ရန်သူများကဲ့သို့ ဆက်ဆံမှုကို ရှောင်ရှားကြရလေသည်။ ထိုအချိန်က ရှိသမျှသော 'မုနာဖိက်' အပေါင်းတို့နှင့် ဤနည်းအတိုင်းပင်ဆက်ဆံကြရလေသည်။

ထိုသူသည် အထက်ဖော်ပြပါအကြောင်းအရာကို သိရှိသောအခါ၊ ကိုယ်တော်မြတ်နှင့်ပတ်သက်၍ မရိုမသေ မချေမငံ စကားများ ပြောလာလေသည်။ မိမိနောက်လိုက်တို့အား၊ အို.... အချင်းတို့ ဤအဖြစ်အပျက်အားလုံးဟာ မင်းတို့ထွင်တဲ့ ခံတွင်းတွေပဲ၊ အချင်းတို့သည် သူတို့အား မိမိမြို့တော်သို့ခေါ်၍ နေရာထိုင်ခင်းပေးကြသည်။ မိမိပိုင်ပစ္စည်းဥစ္စာများကိုတဝက်စီခွဲဝေပေးခဲ့ကြသည်။ အကယ်၍ အချင်းတို့သည် ယခုလည်းသူတို့အား အကူအညီအထောက်အပံ့ကိုဖြတ်တောက်ကြပါမူ သူတို့သည်ပြန်သွားကြပေအံ့ဟု ပြောကြားလေသည်။

ဤသို့လည်း အကယ်၍ 'မဒီနဟ်' မြို့တော်သို့ ကျွန်ုပ်တို့ပြန်လည်ရောက်ကြလျှင်၊ ကျွန်ုပ်တို့ဂုဏ်သိက္ခာရှိသူအပေါင်းတို့သည် စုပေါင်းကာ အသျှင့် 'ကစမ်'၊ ထိုဂုဏ်သိက္ခာသေးသိမ်သူတို့အား ထုတ်ပယ်ကြကုန်အံ့ဟု ပြောကြားသေး၏။

"ဟဇရည်ဇိုင်းဒ်'အိဗ်နု'အရ်ကမ်" သခင်သည် လူငယ်ကလေးဖြစ်၍ ထို၌ရှိနေပေသည်။ ဤ(စကား)ကို ကြားလျှင် သည်းမခံနိုင်ပဲ အသျှင့်'ကစမ်'၊ သင်သည် သင့်အမျိုးသားတို့က ယခုလည်းသင့်ကို မျက်စောင်းထိုးနေကြသည်။ သင့်အားမည်သူကမျှ အကူအညီမပေးကြပေ။ 'မုဟမ္မဒ်' (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) သခင်သည်ကား မိမိအမျိုးသားများ ဘက်တော်မှ လည်းကောင်း၊ 'အလ္လာဟ်'၏ ကရုဏာတော်သည် အသျှင့်ဘက်တော်မှလည်းကောင်း ဂုဏ်အသရေ ရှိသူ၊ သိက္ခာ သမာဓိရှိသူဖြစ်ပေသည်။ ဤသည်ကိုအဘယ်သူ ငြင်းဆန်နိုင်အံ့နည်းဟု ရဲဝံ့စွာ ပြောချလိုက်လေသည်။

'အဗ်ဒုလ္လာဟ်အိဗ်နုအုဗိုင်' (အယုတ်တမာ)က ကောင်းပါတယ်၊ ကောင်းပါတယ်၊ငါက ပြက်ရယ်ပြောတာပါကွာ၊ စိတ်မရှိပါနဲ့ဟု ဟန်ဆောင်ပြောလာလေသည်။ ထိုသို့တောင်းပန် သော်လည်း 'ဟဇရည်ဇိုင်းဒ်'သခင်သည် မကျေနပ်နိုင်သဖြင့်၊ 'နဗီ'တမန်တော်မြတ်အထံတော်သို့ ဝင်ရောက်ကာ အကြောင်းစုံကို တင်လျှောက်လေသည်။ 'ဟဇရည်အုမရ်' (ရသ္ဒ.) သခင်က ဤ'ကားဖိရ်' အား ခေါင်းဖြတ်သတ်ခွင့် ပြုတော်မူပါမည့်အကြောင်း အသျှင့်တမန်တော်မြတ်ထံ တောင်းခံလေ၏။ ကိုယ်တော်မြတ်ကခွင့်မပြုသဖြင့် ဆိတ်ဆိတ်သာနေရလေ၏။

'အဗ်ဒုလ္လာဟ်အိဗ်နုအုဗိုင်'သည် မိမိပြုမူနှင့်စပ်လျဉ်း၍ 'နဗီ'တမန်တော်မြတ် ရွှေနားတော် အထိ ပေါက်ကြားကြောင်း သိရလေသော်၊ အသျှင့်တမန်တော်ထံသို့ ဝင်ရောက်ကာ မုသား 'ကစမ်'ကျိန်ဆိုလျက်၊ မိမိမှာအပြစ်မရှိကြောင်း၊ 'ဇိုင်းဒ်'(နအူဇုဗစ်လ္လာဟ်)က လုပ်ကြံပြောကြား ကြောင်း တင်လျှောက်လေသည်။ 'အန်ဆာရ်' အမျိုးသား အချို့တို့ကလည်း အထံတော်သို့ ဝင်ရောက်ကာ၊ အို....အသျှင့်တမန်တော်၊ 'အဗ်ဒုလ္လာဟ်'သည် မိမိမျိုးနွယ်မှ ခေါင်းဆောင်တဦး ဖြစ်ကြောင်း၊ လူငယ်ကလေးစကားနှင့် ချိန်စက်၍ အပြစ်မထင်သင့်ကြောင်း၊ လူငယ်၏အကြား သော်လည်းကောင်း၊ အနက်အဓိပ္ပါယ်ကောက်ယူရာ၌လည်းကောင်း လွဲမှားနိုင်စရာ အကြောင်း ရှိကြောင်းလျှောက်ထားကြလေသည်။'နဗီ'တမန်တော်မြတ်က သဘောထားကြီးစွာနှင့် ၎င်းတို့၏ အကြောင်းပြချက်ကို လက်ခံတော်မူလိုက်လေသည်။

'ဟဇရည်ဇိုင်းဒ်အိဗ်နုအရ်ကမ်'သခင်သည်ထိုသူယုတ်မာက မိမိကို မုသားကျိန်ဆို၍ အမှန် လူကောင်း၊ တပါးသူအား လူလိမ်မုသားဟု စွပ်စွဲလိုက်ကြောင်းသိရလျှင်၊ ရှက်လှသဖြင့်၊ နေအိမ် ဂေဟာမှ အပြင်သို့ပင်မထွက်တော့ပေ။ 'နဗီ'တမန်တော်မြတ်၏ထံပါးသို့ပင် အရှက်ကြီး၍ ဝင် ရောက်ခစားခြင်းကို ရှောင်ရှားနေတော်မူလေသည်။ နောက်ဆုံး "စူရဟ်မုနာဖိကူးန်"ကျရောက် လာ၍'ဟဇရည်ဇိုင်းဒ်' သခင်အားရိုးသားမှန်ကန်ကြောင်းထောက်ခံ၍၊"အဗ်ဒုလ္လာဟ်အိဗ်နုအုဗိုင်" ၏ မရိုးသားမှုကို ကွက်ကွက်ကွင်းကွင်း ပေါ်လွင်စေတော်မူလေသည်။ 'ဟဇရည်ဇိုင်းဒ်'သခင်၏ ဂုဏ်သိက္ခာသည် တည်ရှိနေ၍ 'အဗ်ဒုလ္လာဟ်'၏ဂုဏ်သိက္ခာ ကျလေတော့သည်။ အရှက်တကွဲ အကျိုးနည်းဖြစ်လေတော့သည်။

ထိုမှပြန်အလာ 'မဒီနဟ်'မြို့အနီးသို့ ရောက်ရှိလေသော်၊ ၎င်း၏ သားတော်မောင် 'အဗ်ဒွလ္လာဟ်' ရင့်ကျက်မှုရှိသည့် 'မွတ်စ်လင်မ်'(၀၁) အမာခံ 'မွတ်စ်လင်မ်'တဦးဖြစ်ပေသည်။ လက်သုံးတော်ဓါးရှည်ကိုဆွဲကိုင်ကာ မြို့ပြင်ထွက်၍ စောင့်ဆိုင်းနေလေသည်။ ထိုနောက် ဖခင်အား အို-ဖခင်၊ မိမိ၏ယုတ်မာမှု၊ ဂုဏ်သေးသိမ်မှုရှိကြောင်းဝန်ခံ၍ 'နဗီ'တမန်တော်မြတ် ဂုဏ်သိက္ခာရှိကြောင်း ဝန်မခံသမျှကာလပတ်လုံး၊ ကျွန်ုပ်သည် ဖခင်အား မြို့တွင်းသို့ ဝင်ခွင့်ပြုလိမ့်မည်မဟုတ်ဟု၊ ခတ်မာမာပြောလိုက်လေသည်။ ဖခင်ဖြစ်သူသည် မိမိသားတော်မောင်သည် အခါခပ်သိမ်း ဖခင်ကို ရိုရိုသေသေရှိ၍ ကောင်းကောင်းမွန်မွန် ဆက်ဆံလေ့ရှိသည်။ ယခု မိမိနှင့် 'နဗီ'တမန်တော့်မြတ်စပ်ကြား၌ ဖြစ်ပျက်လာသည်ကို သားတော်မောင်သည် မခံနိုင်ကြောင်း သိလာရသဖြင့်၊ မိမိအမှားကို ဝန်ချတောင်းပန်လေတော့သည်။အသျှင့်'ကစမ်' ကျွန်ုပ်သည်ကား အယုတ္တမာ ဂုဏ်သေးသိမ်သူဖြစ်ပါသည်။ 'မုဟမ္မဒ်' (ဆလ္လလ္လာဟုအလိုက်ဟိဝလ္လမ်)သခင်သည် ဂုဏ်သိက္ခာရှိသူ အမှန်ပင်ဖြစ်ပါသည်ဟု ပြောကြားလှာလေသည်။ ထိုသို့ဝန်ခံမှ 'မဒီနဟ်'မြို့တော်သို့ ဝင်ခွင့်ရရှိလေတော့သည်။

(ကြည့်-ခမီးစ်ကျမ်း)

## ၁၂။ ဟဇရသ်ဂျာဗိရ်သခင် ဟမ္မရာအ္ဆလ်အစဒ်၌ ပါဝင်ဆင်နွှဲခြင်း

'အိုဟုဒ်'တိုက်ပွဲမှအပြန် 'မွတ်စ်လင်မ်'သူတော်စင်တို့သည် 'မဒီနဟ်'မြို့တော်သို့ရောက်ရှိကြလေသည်။ ခရီးကပမ်း၊ စစ်ကတိုက်ရဆိုတော့ အလွန်မောပမ်းနေကြရလေသည်။ သို့ပေမဲ့ 'မဒီနဟ်'မြို့သို့ရောက်လျှင်ရောက်ခြင်း 'အဗူစွဖ်ယာန်'သည် တိုက်ပွဲမှအပြန် 'ဟမ္မရာအ္ဆလ့်အစဒ်' အမည်ရှိနေရာသို့ရောက်သော်၊ နောက်လိုက်တပည့်များနှင့် ဆွေးနွေးကြလေသည်။ 'အိုဟုဒ်' တိုက်ပွဲသည် 'မွတ်စ်လင်မ်'တို့အဖို့ အရေးနိမ့်စေခဲ့သည်။ ဤအချိန်ကို တန်ဘိုးထားသင့်သည်။ ယင်းအချိန်မျိုး နောင်ကိုကြုံရန် ခဲယဉ်းလှပေသည်။ သို့ဖြစ်၍ ငါတို့သည် 'မုဟမ္မဒ်'(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) (နအူဇုဗစ်လ္လာဟ်၊ အသျှင်မြတ်၊ ကျွန်တော်မျိုးတို့အား ဖယ်ရှားတော်မူပါစေသား)ကို ကွပ်မျက်သတ်ဖြတ်ရန် ပြန်သွားကြစို့ဟု အဆိုကို အတည်ပြုဆုံးဖြတ်ကြလေသည်။ ယင်းရည်ရွယ်ချက်ဖြင့် ပြန်လှည့်လာကြလေသည်။

နှစ်ဘဝသခင် ကျေးဇူးရှင် တမန်တော်မြတ် 'မုဟမ္မဒ်' (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) သခင်က 'အိုဟုဒ်'တိုက်ပွဲ၌ ပါဝင်ဆင်နွှဲသူတို့သာလျှင် ရှေ့တိုက်ပွဲသို့ လိုက်ပါစေကြရမည်ဟု ကျေညာတော်မူလိုက်လေသည်။

အကယ်စင်စစ် 'အစ္စလာမ်'သာသနာဝင်အပေါင်းတို့မှာ မောပမ်းနွမ်းနယ် ခွေယိုင်နေသူများဖြစ်ပေသည်။ သို့ဖြစ်လင့်ကစား အားလုံးသည် တက်တက်ကြွကြွ ဖြစ်နေလေသည်။ 'နဗီ'တမန်တော်မြတ်က 'အိုဟုဒ်'တိုက်ပွဲ၌ပါဝင်လူသာလျှင် လိုက်ရမည်ဟု ကျေညာလေသဖြင့်၊

'ဟဇရယ်ဂျာဗိရ်'သခင်က၊ အို–အသျှင့်တမန်တော်၊ ကျွန်တော်မျိုးသည် 'အိုဟုဒ်'တိုက်ပွဲ၌ ပါဝင်ဆင်နွှဲလိုပါသည်။

သို့သော်လည်း ကျွန်တော်မျိုးမှာ နှမ(၇)ယောက်ရှိပါသည်။ အခြား ယောကျ်ားဟူ၍ တယောက်မျှမကျန်တော့ပါ။ သို့ဖြစ်၍ ကျွန်တော်မျိုးတို့ ၂-ဦးမှ တဦးဦးနေရစ်ရန် အရေးကြီးလှပါသည်။ ဖခင်ကြီးမှာ လိုက်ပါရန် စိတ်ပိုင်းဖြတ်လိုက်သဖြင့်၊ ကျွန်တော်မျိုးမှာ အလျှော့ပေးလိုက်ရပါသည်။ဖခင်မှာ 'အိုဟုဒ်'တိုက်ပွဲ၌ 'ယှဟီးဒ်'ဖြစ်သွားရှာလေပြီ ဖြစ်ပါသည်။ ယခု ကျွန်တော်မျိုးအား လိုက်ပါခွင့်ပြုတော်မူပါဟု လျှောက်ထားလေသော်၊ ကိုယ်တော်မြတ်က ခွင့်ပြုတော်မူလိုက်လေသည်။ 'ဟဇရယ်ဂျာဗိရ်'သခင်မှအပ အခြား 'အိုဟုဒ်'တိုက်ပွဲ၌ မပါဝင်သူ တဦးတယောက်မျှမရှိဟု သိရှိရသည်။

(ကြည့်–ခမီးစ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

'ဟဇရယ်ဂျာဗိရ်'သခင်သည် ဤမျှ စိတ်အားထက်သန်စွာတောင်းခံခြင်းဖြင့် အဘယ်မျှအားကျဘွယ်ရှိမည်နည်း။ ဖခင်မှာ 'ယှဟီးဒ်'ဖြစ်လေပြီ။ ကြွေးမြီများလည်း ပေးဆပ်စရာ အများအပြားရှိသေးသည်။ ထိုကြွေးရှင်မှာ 'ယဟူဒီ' တယောက်ဖြစ်လေသည်။ ထိုသူသည် အကြပ်ကိုင်လေ့ရှိသည်။ နှမ(၇)ယောက်၏ တာဝန်မှာလည်း မသေးလှပေ။ ဤနှမများကြောင့်ပင် 'အိုဟုဒ်'တိုက်ပွဲသို့ ဝင်ရောက်ခြင်းမှ အဟန့်အတားဖြစ်ခဲ့ပေသည်။ သို့ပင်ငြားလည်း သာသနာရေး တိုက်ပွဲ၌ ပါဝင်ဆင်နွှဲရန် အခြားကိစ္စများထက် စိတ်ပါဝင်စားလေသည်။

## ၁၃။ ရောမတိုက်ပွဲ၌ အဗ်ဒုလ္လာဟ်အိဗ်နုဇုဗိုင်းရ်သခင်၏ စွမ်းရည်သတ္တိ

'ဟဇရယ်အွတ်ဆ်မာန်သခင်'(ရသေ့)လက်ထက် ဟိဂျရီ (၂၆)ခုနှစ်၌ 'အီဂျစ်'ပြည်၏ ပထမဘုရင်ခံ "ဟဇရယ်အမရ်အိဗ်နုအာဆ်"အစား 'ဟဇရယ်အဗ်ဒုလ္လာဟ်အိဗ်နုအဗီစရဟ်'အား ဘုရင်ခံအဖြစ် ခန့်အပ်ကြလေ၏။ ထိုအချိန်၌ 'ရောမ'ပြည်၌ စစ်တိုက်ရန် စစ်သည်တော် နှစ်သောင်း(၂၀၀၀၀)နှင့် စစ်ချီထွက်ကြလေသည်။ စုစုပေါင်း'ရောမ'စစ်သည်တို့သည် နှစ်သိန်း ခန့်ရှိကြလေသည်။ တိုက်ပွဲမှာ အလွန်ပြင်းပြင်းထန်ထန်ဖြစ်လေသည်။

'ရောမ'ဘုရင် 'ဂျရ်ဂျီရ်'က အကြင်သူသည် 'အဗ်ဒုလ္လာဟ်အိဗ်နုအဗီစရဟ်'အား သတ်အံ့၊ ၎င်းအား ငါသည် မိမိသမီးနှင့် လက်ဆက်တော်မူအံ့၊ ထို့အပြင် ရွှေဒင်္ဂါး တသိန်းကိုလည်း ဆုတော်လာဘ်တော်အဖြစ် ချီးမြှင့်မြှောက်စားတော်မူအံ့ဟု ကျေညာလိုက်လေသည်။အထက်ပါ

ကျေညာချက်ဖြင့် အချို့ 'အစ္စလာမ်'သာသနာဝင်တို့သည် စိုးရိမ်ကြလေသည်။ 'ဟဇရသ် အဗ်ဒုလ္လာဟ်အိဗ်နုဇူဗိုင်းရ်'သခင်ကြားသိရလေသော်၊ သခင်က အို-အချင်းတို့၊ စိုးရိမ်ကြောင့်ကြခြင်း မရှိကြလေနှင့်။ ဤသည်ကား စိုးရိမ်စရာမဟုတ်၊ ကျွန်ုပ်တို့ဖက်မှလည်း ကျေညာချက်ထုတ်ပါအံ့။ အကြင်သူသည် 'ဂျရ်ဂျီရ်'ကို ကွပ်မြက်သတ်ဖြတ်အံ့၊ ၎င်း၏သမီးနှင့် လက်ဆက်ပေးတော်မူအံ့၊ ရွှေဒင်္ဂါးတသိန်းကိုလည်း ဆုတော်လာဘ်တော်အဖြစ် ချီးမြှင့်တော်မူအံ့၊ ၎င်းအပြင် ထိုသတ်သူအား ဤပြည်တော်၏ ဘုရင်ခံရာထူး ချီးမြှင့်မြောက်စားတော်မူအံ့ဟု 'အဗ်ဒုလ္လာဟ်အိဗ်နုဇူဗိုင်းရ်'သခင်က ကျေညာတော်မူလိုက်လေသည်။

အချုပ်အားဖြင့် အချိန်ကြာမြင့်စွာ အနိုင်မခံ အရှုံးမပေးသော စိတ်ဓါတ်ဖြင့် တိုက်ပွဲဖြစ်နေလေသည်။

'ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုဇူဗိုင်းရ်'(ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်သည်တစေ့တစောင်းရှုကြည့်တော်မူရာ'ဂျရ်ဂျီရ်'သည်စစ်တပ်၏နောက်ဆုံးတနေရာ၌စံမြန်းနေသည်ကို ကိုယ်လုပ်တော် ၂-ယောက်က ဥဒေါင်းတောင်ဖြင့် အရိပ်မိုးပေးနေသည်ကို မြင်တွေ့ရလေသည်။ 'ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုဇူဗိုင်းရ်' သခင်သည်အခြေအနေကိုစောင့်ကြည့်လျက် အခွင့်သင့်သည်နှင့် တကိုယ်တည်း ဝင်ရောက်သွားလေသည်။ 'ဂျရ်ဂျီရ်' ဘုရင်ခံက ဤသူသည် တယောက်တည်း ငါဘုရင်ခံထံ စစ်ပြေငြိမ်းရေးဆွေးနွေးရန် လာနေသည်ဟု ထင်မှတ်လျက်နေလေသည်။ ထင်သလိုမဟုတ်ပဲတည့်တည့်မတ်မတ်လာရောက်ခါလက်သုံးတော်ဓါးရှည်ဖြင့် လည်ပင်းဖြတ်၍လှံဖျား၌ ထိုးစိုက်၍ ယူခဲ့လေတော့သည်။ အားလုံးသည် အံ့အားသင့်၍ ကြက်ငေးငေးနေကြလေသည်။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

'ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုဇူဗိုင်းရ်' (ရသွေ့) သခင်သည် လူငယ်တဦးပင်ဖြစ်သည်။'မုဟာဂျိရီးန်'တို့အနက် အလျင်ဆုံးဖွါးမြင်လာသူဖြစ်သည်။ ကိုယ်တော်ကလေးဖွါးမြင်လာသဖြင့်၊ 'အစ္စလာမ်'သာသနာဝင်အပေါင်းတို့သည် ဝမ်းသာအားရ၊ နှစ်ထောင်းအားရ ဖြစ်မိကြလေသည်။ အဘယ်ကြောင့်ဆိုသော် 'ဟိဂျရသ်' နောက်တနှစ်ခန့်အထိ မုဟာဂျိရီးန်' တို့ထံ၌ သားယောကျ်ားများ ဖွါးမြင်မှုမရှိသဖြင့်၊ 'ယဟူဒီ' တို့က ငါတို့သည် မိမိအတတ်ပညာဖြင့် ၎င်းတို့ထံမှ သားယောကျ်ားကလေးများမဖွါးမြင်အောင် လုပ်ထားသည်ဟု ဝင့်ကြွားနေကြသောအချိန်၌ ဖွါးမြင်လာခြင်းကြောင့်ပင်တည်း။ 'နဗီ'တမန်တော်မြတ်သည် ကလေးသူငယ်များကို 'ဗိုင်အသ်' ပေးလေ့မရှိပါ။

သို့ပါသော်လည်း ကိုယ်တော်မြတ်သည် "အဗ်ဒုလ္လာဟ် 'အိဗ်နု'ဇူဗိုင်းရ်" သခင်အား (၇)နှစ်သားအရွယ်၌ပင် 'ဗိုင်အသ်' လက်ယှက်ကတိပြု တပည့်ခံယူစေတော်မူလေသည်။ ထိုစစ်ပွဲအချိန်၌ "အဗ်ဒုလ္လာဟ်'အိဗ်နု'ဇူဗိုင်းရ်" သခင်၏ သက်တော်မှာ (၂၄ နှစ်၊ ၂၅ နှစ်) သာ ရှိသေးသည်။ ဤအသက်အရွယ်နှင့် ရန်သူ စစ်သည်ရဲမက် ၂-သိန်းစပ်ကြား ဝင်ရောက်ကာ ဘုရင်ခံ၏ ဦးခေါင်းကို ဖြတ်ယူလာခြင်းသည် သာမန်ဆောင်ရွက်ချက် မဖြစ်နိုင်လှပေ။ (ကျွန်ုပ်တို့သည် မခြီးကျူးပဲ အသို့နေနိုင်အံ့နည်း)

## ၁၄။ ဟဇရသ် အမရ် အိဗ်နု စလ်မဟ် သခင် ကာဖိရ်ဘဝ၌ပင် ကျမ်းမြတ်ကုရ်အာန် ကျက်မှတ်ခြင်း။

'အမရ်အိဗ်နုစလ်မဟ်'သခင့်အဆို။ ။ကျွန်ုပ်တို့သည် 'မဒီနဟ်' မြို့တော်သို့ သွားရာလမ်းစခန်းတနေရာ၌ နေကြပါသည်။ ထိုမှ ထိုသို့ သွားသူပြန်သူတို့သည် ကျွန်ုပ်တို့အနားပတ်ဝန်းကျင်မှ လာသွားလေ့ရှိကြပါသည်။ ကျွန်ုပ်တို့သည် ထိုသူတို့အား လူသူတွေ့ အခြေအနေကို လည်းကောင်း၊ မိမိကိုယ်ကိုမိမိ တမန်တော်ဖြစ်သည်ဟု ကြွေးကျော်သူ၏ အခြေအနေကို လည်းကောင်း စုံစမ်းမေးမြန်းလေ့ရှိပါသည်။ ထိုသူတို့က တမန်တော်ကမိမိထံ'ဝဟီ' ကျရောက်ကြောင်း၊ 'ဝဟီ'သည် ဤ'အာယသ်' တော်များဖြစ်ကြောင်း ပြောကြားလာသည့်အခါ၊ ကျွန်ုပ်သည် လူငယ်တယောက်ဖြစ်ပါသော်လည်း ၎င်းကို ကျက်မှတ်လေ့ ရှိပါသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် 'အစ္စလာမ်' သာသနာဝင်မဖြစ်မီကပင် ကျမ်းမြတ်'ကုရ်အာန်'မှ'အာယသ်' အတော်များများကို အလွတ်ကျက်မှတ်ရရှိထားပါသည်။ အာရေဗီးယားတခွင်လုံးရှိသူတို့သည် 'အစ္စလာမ်'သာသနာ့ဘောင်တွင်းကို ဝင်လာကြရန်၊ 'မက္ကဟ်' မြို့သူမြို့သားတို့အား ဆိုင်းငံ့နေစဉ်၊ 'မက္ကဟ်' မြို့တော်ကို အောင်နိုင်ခဲ့လေသော်၊ အုပ်စုတိုင်းမှ 'အစ္စလာမ်' သာသနာဝင်ဖြစ်လို၍ 'နဗီ'တမန်တော်မြတ်အပါးတော်သို့ ဝင်ရောက်ခစားကြလေသည်။ကျွန်ုပ်၏ ဖခင်သည်လည်း မိမိအနွယ်တော်ဝင်အချို့နှင့်အတူ တမျိုးသားလုံး၏ ကိုယ်စားလှယ်အဖြစ်နှင့် ထံတော်အပါးသို့ ဝင်ရောက်ခစားကြလေသည်။

ကိုယ်တော်မြတ်က ကိုယ်စားလှယ်တော်တို့အား သာသနာရေးအမိန့် ပညတ်ချက်များကိုလည်းကောင်း၊ 'နမာဇ်'ဖတ်နည်း နိယာမည်းကိုလည်းကောင်း သင်ကြားပြသတော်မူ၏။ ထိုနောက် မိန့်မှာတော်မူသည်မှာ အကြင်သူသည် သင်တို့အနက် ကျမ်းမြတ်'ကုရ်အာန်'ကို ပို၍ တတ်ကျွမ်းသည်ရှိသော်၊ ထိုသူသာ ရှေ့ဆောင်အတွက် အသင့်မြတ်ဆုံးဖြစ်ပေသည်ဟု မိန့်တော်မူလိုက်လေ၏။ ကျွန်ုပ်သည်ကား လာသမျှသောသူတို့ထံမှ 'အာယသ်' တော်များကို ကျက်မှတ်ထားလေ့ရှိသည်။ သို့ဖြင့် အားလုံးထက် ကျမ်းမြတ် 'ကုရ်အာန်'ကို အရဆုံးမှာ ကျွန်ုပ်သာဖြစ်သည်။ အများက လိုက်လံရှာဖွေသောအခါ ကျွန်ုပ်ထက်သာလွန်၍ 'ကုရ်အာန်' ရသူမရှိသဖြင့်

ကျွန်ုပ်ကိုသာ ရှေ့ဆောင်အဖြစ် တင်မြှောက်ကြလေသည်။ ကျွန်ုပ်၏ အသက်အရွယ်မှာ ထိုစဉ်က (၆)နှစ်(၇)နှစ်သာရှိပါသေးသည်။ လူစုလူဝေးဖြစ်သည့်အခါသော်လည်းကောင်း၊ 'ဂျနာဇာဟ်မိုင်ယသ်' ဖြစ်သည့်အခါသော်လည်းကောင်း ကျွန်ုပ်ကိုသာရှေ့ဆောင်အဖြစ် တင်မြှောက်ကြပါသည်ဟု ပါရှိလေသည်။

(ကြည့်-ဗုခါရီ+အဗူဒါဝူးဒ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤသည်မှာ သာသနာဖက်သို့ စိတ်ပါဝင်စားခြင်း၊ ထိုဖက်သို့ယိမ်းယိုင်ခြင်း၊ စိတ်ထက်သန်ခြင်း၏ အမြခံတရားတရပ်ပင်ဖြစ်သည်။ ဤအသက်အရွယ်၌ မိမိ 'အစ္စလာမ်'သာသနာဝင်မဖြစ်သေးပါသော်လည်း ကျမ်းမြတ်'ကုရ်အာန်' မှ အတော်များများကို အာဂုံဆောင်နိုင်ခဲ့ပေသည်။ လူငယ်၏ရှေ့ဆောင်ဆရာ အကြောင်းနှင့်စပ်လျဉ်း၍လှာရှိသည်။ဤသည်ကားမမှတ်တရပ်ဖြစ်သည်။အကြင်သူများထံ၌ ပိုင်သည်ဟုရှိအံ့၊ ထိုသူတို့ထံ၌ စောဒကတက်စရာအကြောင်းမရှိပေ။ အကြင်သူတို့ထံတော်ပါး၌ မပိုင်ဟု အဆိုရှိအံ့။ အဖြေမှာ 'နဗီ'တမန်တော်မြတ်သည် မိမိရှေ့မှောက်၌ရှိသောသူတို့ကိုသာ မိန့်ကြားတော်မူခြင်းဖြစ်သည်။ (ဝါ) ယခုသင်တို့ရောက်ရှိလာသည့်သူတို့အနက်မှကျမ်းမြတ်'ကုရ်အာန်'အတတ်ဆုံးသောသူဟု ဆိုခြင်းသာဖြစ်သည်။ ကျန်ရှိနေသေးသည့်ကလေးလူငယ်ကိုဆိုခြင်းမဟုတ်ဟု ဖြေကြားတော်မူလေသည်။

**၁၅။ ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုအဗ္ဗါးစ်သခင်သည်မိမိအကျိုးဆောင်ချစ်တပည့်အားသံကြိုးဖြင့်ခတ်ထားခြင်း။**

'ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုအဗ္ဗါးစ်'(ရသွ.) သခင်သည် အကျိုးဆောင် ချစ်တပည့် 'ဟဇရသ်အိက်ရမဟ်' သခင်သည် အလွန် ထင်ပေါ်ကျော်ကြားသည့် သာသနာ့ပညာရှင်များအနက် တဦးအပါအဝင်ဖြစ်ပေသည်။ အမိန့်ရှိသည်မှာ ကျွန်ုပ်၏ကျေးဇူးရှင်သခင် 'ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုအဗ္ဗါးစ်' သခင်သည် ကျွန်ုပ်ကို ဟိုဟိုဒီဒီသွားလာခြင်းမပြုရန် ခြေ၌သံကြိုးခတ်ထား၍၊ 'ကုရ်အာန်' ကိုလည်းကောင်း၊ 'ဟဒီးဆ်' သြဝါဒတော်များကို လည်းကောင်း၊ 'ယှုရီအသ်' သာသနာရေးကိုလည်းကောင်း သင်ကြားပို့ချပေးတော်မူခဲ့ပါသည်ဟု မိန့်ကြားခဲ့လေသည်။

[ကြည့်-ဗုခါရီ+အိဗ်နုစအဒ်ကျမ်း]

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

အမှန်မှာလည်း စာပေပညာဆည်းပူးနေသူသည် မိမိပညာသင်ယူချိန်၌ အလည်အပတ်ကိုလည်းကောင်း၊ ဈေးသို့သွားလာခြင်းကိုလည်းကောင်း နှလုံးသွင်းခြင်းသည် ထိုသူ့အဖို့ အချိန်ဖြုန်းတီးခြင်းသာဖြစ်သည်။ 'အစ်ကိရမဟ်' သည် ဆရာ၏စီမံအုပ်ချုပ်မှုကို ခံယူသဖြင့်၊ 'အစ်ကိရမဟ်' အကျိုးဆောင် ကျွန်ဘ၀မှ 'ဟဇရသ်အစ်ကိရမဟ်'၊ 'အွှမ့်သ်' သားတို့၏ သမုဒ္ဒရာဟူ၍ လည်းကောင်း၊ 'အွှမ့်သ်' သားတို့၏ မကိုဋ်သရဖူဟူ၍လည်းကောင်း ဘွဲ့အမည်အမျိုးမျိုးဖြင့်ခေါ်ဝေါ်တင်စားကြလေသည်။ 'ကသာဒဟ်' သခင့်အဆို-ရှိရှိသမျှသော 'သာဗီအီးန်' တို့အနက်၊ တကယ့်ပညာရှိ လေးပါးရှိခဲ့သည်။ တပါးမှာ 'အစ်ကိရမဟ်' ဖြစ်ပါသည်ဟု ကျမ်းဂန်များ၌လာရှိသည်။

**၁၆။ ဟဇရသ်အဗ်ဒွလ္လာဟ်အိဗ်နုအဗ္ဗါးစ်သခင်သည် ယေ်ရှယ်စဉ်ဘ၀၌ပင် ကျမ်းမြတ်ကုရ်အာန်ကို အာဂုံဆောင်ထားခြင်း။**

'ဟဇရသ်အဗ်ဒွလ္လာဟ်အိဗ်နုအဗ္ဗါးစ်' (ရသ္ဍ)သခင်ကိုယ်တိုင် မိန့်ကြားတော်မူခဲ့သည်။ သင်တို့သည် 'ကုရ်အာန်' ၏ 'သဖ်စီရ်' ကို ကျွန်ုပ်ထံ၌ မေးမြန်းကြကုန်လော့။ ကျွန်ုပ်သည်ငယ်ရွယ်စဉ်ဘ၀ ကပင် ကျမ်းမြတ် 'ကုရ်အာန်' ကို အာဂုံဆောင်ထားသူ ဖြစ်သည်ဟု လာရှိပေသည်။

အခြား 'ဟဒီးဆ်' တော်တပါး၌ ကျွန်ုပ်သည် (၁၀)နှစ်သား အရွယ် ကပင် နောက်ဆုံး 'မန်ဇိလ်' စခန်းကို (အလွတ်ကျက်)ဖတ်ပြီးခဲ့ပါသည်ဟု ပါရှိပါသည်။ (ကြည့်-ဗုခါရီကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

✓ထိုအချိန်က ဖတ်ခြင်းဟူသည်ကား ကျွန်ုပ်တို့ ယခုခေတ်ကလို ကြက်တူရွေးစာသင်သလို မဟုတ်ပေ။ အကယ်စင်စစ်မှာ ဖတ်သမျှကို ကျကျနနဂဃနဏ 'သဖ်စီရ်' အကျယ်ဖြင့် သင်ယူဆည်းပူးခြင်း ဖြစ်ပေသည်။ ထို့ကြောင့်ပင် 'အိဗ်နုအဗ္ဗါးစ်' သခင်သည် "ကုရ်အာန်သဖ်စီရ်" အရာ၌ အလွန်ကျွမ်းကျင်လေသည်။ ကမ္ဘာမှာဦးစွာပထမ ကျမ်းမြတ် 'ကုရ်အာန်' ကို 'သဖ်စီရ်' ပြန်ဆိုသူ ပုဂ္ဂိုလ်သည် "အဗ်ဒွလ္လာဟ် 'အိဗ်နု' အဗ္ဗါးစ်" သခင်သာဖြစ်ပေသည်။ ယေ်စဉ်က ကျက်မှတ်ခြင်းအရာ၌ အထူးစိတ်ချရပေသည်။ သို့ဖြစ်၍ 'သဖ်စီရ်' နှင့် စပ်လျဉ်းသည့် 'ဟဒီးဆ်' သြ၀ါဒတော်များသည် 'ဟဇရသ်အဗ်ဒွလ္လာဟ် 'အိဗ်နုအဗ္ဗါးစ်" သခင်ထံမှ ရရှိသည်ကများလှပေသည်။ အခြားသော 'ဆဟာဗဟ်' များထံမှ အနည်းအကျဉ်းသာရရှိပေသည်။

'အဗ်ဒွလ္လာဟ်အိဗ့်နုမတ်(စ်)အူးဒ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်က 'အဗ်ဒွလ္လာဟ်အိဗ်နုအဗ္ဗါးစ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်သည် ကျမ်းမြတ်'ကုရ်အာန်'၏ 'သဖ်စီရ်'အရာ၌အကျွမ်းကျင်ဆုံး၊အတော်ဆုံးဖြစ်သည်ဟု မိန့်ကြားတော်မူလေ့ရှိသည်။

'အဗူအဗ်ဒုရ်ရဟ်မာန်' (ရဟ်မသွလ္လာဟိအလိုက်ဟ်) သခင်က၊ ကျွန်ုပ်တို့အား သင်ကြားပြသတော်မူသော 'ဆဟာဗဟ်' သာဝကကြီးတို့က အမိန့်ရှိသည်မှာ၊ ကျွန်ုပ်တို့သည်'နဗီ'တမန်တော်မြတ်အထံတော်မှ 'အာယသ်' ပါဒ (၁၀)ပါးကိုသာ သင်ယူလေ့ရှိကြပါသည်။ ၎င်း'အာယသ်'တော် (၁၀)ပါးနှင့်အညီ၊ အနက်အဓိပ္ပါယ်ကို ပြည့်ဝစုံလင်စွာကိုသော်လည်းကောင်း၊ ကျင့်စဉ်ကြဉ်စဉ်များကိုသော်လည်းကောင်း အထိုင်မကျသေးသမျှကာလပတ်လုံး နောက်ထပ်သခ်ဏ်းစာအသစ်ယူလေ့မရှိကြပါဟု ပြောကြားခဲ့ပါသည်ဟု ပြန်ကြားတော်မူခဲ့လေသည်။

(ကြည့်—ကန္ဇ်ကျမ်း)

နှစ်ဘစသခင်ကျေးဇူးရှင် တမန်တော်မြတ် အသျှင့်အမိန့်တော်ခံယူစဉ်၊ "အဗ်ဒွလ္လာဟ်'အိဗ်နုအဗ္ဗါးစ်"သခင်၏ သက်တော်မှာ (၁၃)နှစ်သာ ရှိပါသေးသည်။ ဤမျှသော အသက်အရွယ်နှင့်ကျမ်းမြတ် 'ကုရ်အာန်'၏ အဋ္ဌကထာ 'ကုရ်အာန်'ကို အဝယဝတ္တကျကျတတ်ကျွမ်းခြင်းသည်လည်းကောင်း၊ ထိုနည်းတူစွာ 'ဟဒီးဆ်' ဩဝါဒတော်များကို လည်းကောင်း တဖက်ကမ်းခတ်အောင် တတ်သိကျွမ်းကျင်ခြင်းသည် ပြာဋိဟာ'ကရာမသ်' နှင့် အားကျဖွယ်ပင်ဖြစ်သည်။ 'သဖ်စီရ်'အရာ၌ ရှေ့ဆောင်'အိမာမ်'ဖြစ်သည်။ 'သဖ်စီရ်'တာဝန်ဆောင်ရွက်ကြသည့် 'ဆဟာဗီ'ကြီးတို့ ကိုယ်တိုင်ကလည်း 'အိဗ်နုအဗ္ဗါးစ်'သခင်ထံ ချဉ်းကပ်မေးမြန်းလေ့ရှိကြသည်။ အကယ်စင်စစ် ဤသည်ကား ကျေးဇူးရှင်တမန်တော်သခင်၏ဆုမွန်'ဒုအာ'၏ အကျိုးပင်တည်း။

အခါတပါး၌ ကိုယ်တော်မြတ် တမန်တော်သည် ကျင်ကြီးကျင်ငယ်စွန့်ရန် ကြွသွားသောအခါ၊ အဆင်သင့် ပြင်ဆင်ထားသည်ကို တွေ့မြင်ရသောအခါ၊ အဘယ်သူပြုလုပ်ထားလေသနည်းဟုစစ်မေးတော်မူရာ၊ 'အိဗ်နုအဗ္ဗါးစ်'ဟု အဖြေရသဖြင့်၊ကိုယ်တော်မြတ်က၊ အို–အသျှင်၊ ဤသူငယ်အား သာသနာ့ရေခြည်တော်ကိုလည်းကောင်း၊ 'ကုရ်အာန်' ကျမ်းမြတ်၏ ရေခြည်တော်ကိုလည်းကောင်းခြီးမြှင့်တော်မူပါဟု ဆုမွန်'ဒုအာ' တောင်းခံတော်မူခဲ့လေသည်။

ထို့အပြင်၊ တရံရောအခါ 'နဗီ'တမန်တော်မြတ်သည် 'နဖိလ်နမာဇ်' ဝတ်ပြုတော်မူသည်ကို ရှုမြင်ရသော်၊ ကိုယ်တော်လေးသည်လည်း နောက်မှ မတ်မတ်ရပ်တော်မူလေသည်။ 'နဗီ'တမန်တော်မြတ်က (အပေါ်) လက်ဖြင့် ဆွဲခေါ်၍ တပြေးတည်း ရပ်စေတော်မူလိုက်လေ၏။ နောက်လိုက် 'မွတ်က်သဒီ'တယောက်တည်းဖြစ်လျှင်၊ ထိုသူနှင့်ရှေ့ဆောင်တို့သည် တပြေးတည်း ရပ်ကြရလေသည်။ ကိုယ်တော်မြတ် 'နမာဇ်'၌ အာရုံပြုသွားလေသော်၊ သခင်လေးသည် နောက်ဆုတ်သွားရှာလေသည်။ 'နဗီ'တမန်တော်မြတ်က (နမာဇ်ပြီး စလာမ်လှည့်၍) မေးမြန်းလာသော်၊ ကိုယ်တော်မြတ်သည် အသျှင့်တမန်တော်ဖြစ်ပါသည်။ ကိုယ်တော်မြတ်နှင့် ကျွန်တော်မျိုးသည် တပြေးတည်း အဘယ်သို့ ရပ်နိုင်အံ့နည်းဟု ဖြေကြားလိုက်လေသည်။ ထိုအချိန်၌လည်း 'နဗီ'တမန်တော်မြတ်က သခင်လေးအား ပညာအနာ၌ တိုးတက်ဖွံ့ဖြိုး ထွန်းကြိုင်းလာစေရန် 'ဒုအာ' ဆုပန်တော်မူသေးသည်။ (ကြည့်—အေဆာဗဟ်ကျမ်း)

## ၁၇။ ဟဇရပ်အဗ်ဒုလ္လာဟ်အိဗ်နုအမရ်အိဗ်နုအာဆ်(ရသွေ့)သခင်'ဟဒီးဆ်'ဩဝါဒတော်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

"ဟဇရပ်အဗ်ဒုလ္လာဟ်အိဗ်နုအမရ်အိဗ်နုအာဆ်" သခင်သည် 'ဆဟာဗီ'သာဝကတို့အနက် နေ့စဉ် နေ့တိုင်း တနေ့တကြိမ်ကျမ်းမြတ် 'ကုရ်အာန်'ကို အစအဆုံးကုန်အောင်ဖတ်၍ တညဥ့်လုံး အသျှင့် 'အိဗါဒသ်'ကျိုးနွံခြင်း မပြတ်ပြုကျင့်သူ၊ နေ့စဉ်ရက်ဆက်'ရိုဇဟ်' ဥပုသ်စောင့်ထိန်းသူတို့တွင် တဦးပါဝင်သူဖြစ်သည်။

'နဗီ'တမန်တော်မြတ်က ဤသို့ ဒံပတ်တကုတ်ကြိုးပမ်းအားထုတ်မှုကြောင့်၊ သတိပေးစကား မြွက်ကြားတော်မူသည်။ ကိုယ်တော်မြတ်က ဤသို့ဖြင့် ကိုယ်ခန္ဓာသည် ပိန်ချုန်းသွားပေအံ့၊ တညဥ့်လုံး အိပ်စက်မှုမပြုသဖြင့် မျက်တွင်းကျသွားပေအံ့၊ ခန္ဓာကိုယ် အတွက် အခွင့်အရေး ရှိသည်။ အိမ်သူအိမ်သားများ အတွက်လည်း အခွင့်အရေးရှိသည်။ အိမ်သို့ လာရောက်သည့် ဧည့်သည် စောင်သည်များ၏ အခွင့်အရေးလည်း ရှိသေးသည်ဟု အမိန့်ရှိလေသည်။ ကိုယ်တော်လေးက ကျွန်တော်မျိုးသည် နေ့စဉ်ကျမ်းမြတ် 'ကုရ်အာန်'–၁-'ခသမ်' ဖတ်လေ့ရှိပါသည်ဟု လျှောက်ထားလေသည်။

ကိုယ်တော်မြတ်က တလတကြိမ်သာ 'ခသမ်'ဖတ်ပါလော့ဟု အမိန့်ရှိ၏။ ကျွန်ုပ်က၊အို-အသျှင့် တမန်တော်၊ကျွန်တော်မျိုးအား အရွယ်ကိုထောက်၍ အမြတ်ထုတ်ခွင့် ပြုတော်မူပါဟု လျှောက်ထားလေသော်၊ကိုယ်တော်မြတ်က ကောင်းပြီ၊ အရက်(၂၀)မှာတကြိမ် * 'ခသမ်' ဖတ်

---

* ခသမ်ကုန်ဆုံးခြင်း ဤနေရာ၌ 'ကုရ်အာန်'အစအဆုံး ကုန်အောင်ဖတ်ခြင်းကိုဆိုလိုသည်။

လေ့ဟု မိန့်တော်မူ၏။ ကျွန်ုပ်က အသျှင့်တမန်တော်အလွန်လျှင်နည်းလှပါသည်။ကျွန်တော်မျိုးအား အသက်အရွယ်နှင့် စွမ်းအင်ကို ထောက်၍ အကျိုးအမြတ်ရယူခွင့် ပြုတော်မူပါဟုထပ်ဆင့် လျှောက်ပါသည်။ ဤသို့အကြိမ်ကြိမ်လျှောက်ထားသဖြင့်နောက်ဆုံး (၃)ရက်လျှင်တကြိမ် 'ခသမ်'ဖတ်ခွင့်ပြုတော်မူပါသည်။

"ဟာဇရသ်အဗ်ဒုလ္လာဟ်'အိဗ်နု'အမရ်'အိဗ်နု'အာဆ်"[ရသေ့]သခင်သည်'နဗီ'တမန်တော်မြတ်၏'ဟဒီးဆ်'ဩဝါဒတော်များကို မှတ်မိသတိရှိစေရန် ရေးမှတ်လေ့ရှိပါသည်။ 'အဗ်ဒုလ္လာဟ်' သခင် အထံတော်၌ 'နဗီ' တမန်တော်မြတ်၏ဩဝါဒတော်ကို ရေးသားထားသည့်ဘဏ္ဍာတော် တရပ် ရှိပေသည်။ ၎င်းကို'ဆာဒိကဟ်'ဟု အမည်မှည့် ထားတော်မူလေသည်။သခင်လေးက ကျွန်ုပ်သည် 'နဗီ' တမန်တော်မြတ်ထံမှ ကြားသမျှကိုမှတ်မိသတိရှိစေရန် ရေးမှတ်လေ့ရှိပါသည် ကျွန်ုပ်အား အများက ကိုယ်တော်မြတ်သည် လူသားပင်ဖြစ်သည်။ တခါတရံစိတ်ဆိုးအမျက်တော်ယှ၍အချို့စကားရပ်များကိုမိန့်တော်မူသည်ရှိပေအံ့။တခါတရံနှစ်မြို့တော်မူ၍ပြက်ရယ်ပြောကြားသည်လည်းရှိပေအံ့။ သို့ဖြစ်၍ စကားတိုင်း (ဝါ) ဩဝါဒတော်တိုင်းကို ရေးမှတ်ခြင်း မပြုလေတားမြစ်ကြပါသည်။ ထိုကြောင့် ကျွန်ုပ်သည် ရေးသားမှတ်သားခြင်းကို စွန့်ပယ် ထားလိုက်ပါတော့သည်။

တရံသောအခါ၊ ကျွန်ုပ်သည် 'နဗီ'တမန်တော်မြတ်ထံ အကြောင်းစုံကို တင်လျှောက်လေသော်၊ကိုယ်တော်မြတ်က ရေးလေလော့။ ငါ၏အသက်ဇီဝိန်ကို စိုးပိုင်တော်မူသောအသျှင့် 'ကစမ်'၊ဤပါးစပ်မှ စိတ်ဆိုးအမျက်ယှချိန်၊သဘောကျပျော်ရွှင်ချိန်၊နှစ်ချိန်လုံး၌ အမှန်တရားမှ တပါး အခြားမည်သည့် စကားမှ ထွက်လေ့မရှိဟု မိန့်ကြားတော်မူခဲ့၏။

(ကြည့်-မှတ်စ်နဒေအာဟ်မဒ်+အိဗ်နုစအဒ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

"ဟာဇရသ်အဗ်ဒုလ္လာဟ်အိဗ်နုအမရ်" (ရသေ့)သခင်သည် ဤရှေ့ဤမျှ အသျှင့်ဝတ်ပြုသူအရိယာပုဂ္ဂိုလ်ဖြစ်ရုံတင်မက၊ 'ဟာဇရသ်အဗူဟုရိုင်ရဟ်' သခင်က 'ဆဟာဗဟ်' သာဝကကြီးများအနက်၊ ကျွန်ုပ်ထက်ပို၍ ဩဝါဒတော်ကို ပြောကြားသူမှာ'အဗ်ဒုလ္လာဟ်အိဗ်နုအမရ်'တပါးသာရှိသည်။'အဗ်ဒုလ္လာဟ်အိဗ်နုအမရ်' သည်ရေးမှတ်လေ့ရှိသည်။မိမိမှာရေးမှတ်ခြင်းမပြုပဲအာဂုံသာဆောင်ထားလေ့ရှိပါသည်ဟုပါရှိလေသည်။'အဗ်ဒုလ္လာဟ်အိဗ်နုအမရ်'(ရသေ့)သခင်၏ 'ရဝါယသ်' များသည်'အဗူဟုရိုင်ရဟ်'သခင်၏'ရဝါယသ်'များထက်ပိုမိုရှိကြောင်း သိရသည်။ ယခုကျွန်ုပ်တို့ ခေတ်ကာလ၌ အကြောင်းအမျိုးမျိုးကြောင့်'အဗူဟုရိုင်ရဟ်' သခင်

၏ 'ရ၀ါယသ်'သည် ပိုမျှားသည်ကိုတွေ့ရှိရပါသည်။ ထိုအချိန်က ဤရွှေ့ဤမျှ 'အလ္လာဟ်'အသျှင်မြတ်အား 'အိဗါဒသ်' ပြုနေပါလျက်'ဟဒီးဆ်'တော်အမြောက်အမြားကို ဆင့်ပြန် မိန့်တော် မူခြင်းသည် ခြီးကျူးဖွယ်ပင်တည်း။

## ၁၈။ ဟဇရသ်ဇိုင်းဒ်အိဗ်နုဆာဗိသ်သခင်'ဟဒီးဆ်'ဩ၀ါဒတော်ကို စောင့်ရှောက်ထိန်းသိမ်းခြင်း။

'ဟဇရသ်ဇိုင်းဒ်အိဗ်နုဆာဗိသ်'(ရသွေ့)သခင်သည် အဂ္ဂမဟာသာ၀ကကြီးတို့တွင် တဦးအပါအ၀င်ဖြစ်ပေသည်။ မိမိခေတ်ကာလ၌ တကယ့်ပညာရှင်'မုဖ်သီ'တပါးလည်း ဖြစ်ပါသည်။ အထူးသဖြင့် အမွေခဏ်း၌ အထူ ကျွမ်းကျင်လှပါသည်။ 'မဒီနဟ်'မြို့၌ 'ဖသာ၀ါ' ဓမ္မသတ်ခဏ်း၊ တရားစီရင်ခဏ်း၊ အမွေခဏ်း၊ကျမ်းမြတ်'ကုရ်အာန်'ကို နည်းနိဿယကျကျဖတ်ခြင်း စသည့်အရာများ၌ အထက်တန်းအုပ်စုတွင်တဦးပါ၀င်ပါသည်။ နဗီ'တမန်တော်မြတ် 'မဒီနဟ်' ဖက်သို့ ခရီးထွက်စဉ် သက်တော်မှာ [၁၁]နှစ် အရွယ်သာရှိသေးသည်။ ထိုသည်ကြောင့်ပင် ပထမတိုက်ပွဲ၌ပါ၀င် ဆင်နွှဲလိုပါသော်လည်း ၀င်ခွင့်မရခဲ့ပေ။ 'ဟိဂျ်ရသ်'အလျှင်(၅)နှစ်။ သက်တော် (၆)နှစ်မှာ 'ယသီးမ်'ဘ၀သို့ဆိုက်ရောက်ရရှာလေသည်။

'ဟိဂျ်ရသ်'ပြီးနောက် အခြားကလေးများနည်းတူ 'နဗီ'တမန်တော်မြတ်၏ အပါးတော်သို့ ခေါ်ဆောင်လာကြလေသည်။ 'ဟဇရသ်ဇိုင်းဒ်(ရသွေ့)သခင်ကလေးကိုလည်း ခေါ်လာကြလေသည်။ 'ဇိုင်းဒ်'သခင်က ကျွန်ုပ်အား 'နဗီ'တမန်တော်မြတ်၏ အပါးတော်သို့ ခေါ်ဆောင်လာ၍၊ ဤသူကလေးသည် 'နဂ်ျဂျာရ်'မျိုးနွယ်၀င်ဖြစ်ပါသည်။ ကိုယ်တော်မြတ် 'ဟိဂျ်ရသ်' ပြုကြွမြန်းမလာမီကပင်၊ဤသူငယ်သည်'ကုရ်အာန်'ကျမ်းမြတ်မှ 'စူရဟ်'အခဏ်းပေါင်း (၁၇)ခဏ်းကို အာဂုံဆောင်ထားပါသည်ဟု ပြောကာ မိတ်ဆက်ပေးကြပါသည်။ကိုယ်တော်မြတ်ကကျွန်ုပ်အား အစမ်းသဘောဖြင့် ဖတ်ကြားစေပါသည်။ကျွန်ုပ်က 'စူရဟ်ကာဖ်'ကို ဖတ်ကြားရာ၊ ကိုယ်တော်မြတ်သည် ကျွန်ုပ်၏ ရွတ်ဖတ်သရဇ္ဈာယ်မှုကို နှစ်မြို့တော်မူဟန်ရှိပါသည်။

'နဗီ'တမန်တော်မြတ်သည် 'ယဟူဒီ' လူမျိုးများထံ စာချွန်တော် ပေးပို့လိုသောအခါ 'ယဟူဒီ'ကိုသာခေါ်၍ ရေးစေတော်မူလေ့ရှိပါသည်။ တရံရောအခါ ကိုယ်တော်မြတ်က 'ယဟူဒီ'တို့ထံ ပေးပို့ ရသည့် စာချွန်တော်သည်။ကိုယ်တော်မြတ်အဖို့ စိတ်ချမှု အပြည့်အ၀မရှိဖြစ်မိသည်။ ယုံကြည်စိတ်ချမှုနည်းနေသည် သင် (ဇိုင်းဒ်သခင်)အား 'ယဟူဒီ'စာပေ(၀ါ)'ဟီဘရူး' ဘာသာစကား စာပေ၊တနည်း'ဟေဗြဲ'ဘာသာစကားကို သင်ယူ ဆည်းပူးလော့ဟု မိန့်ကြားတော်မူပါသည်။ သို့ဖြင့်ကျွန်ုပ်သည် (၁၅)ရက်နှင့် 'ယဟူဒီ' စာပေ (၀ါ) 'အိဗ်ရာနီ' စာပေကို တဖက်ကမ်းခတ်လောက်အောင်တတ်လာသည်ဟု လာရှိပါသည်။ ထိုနောက်'ယဟူဒီ'များ ထံသို့ ပို့လိုသော စာချွန်တော်များကို ကျွန်ုပ်က ရေးသားပေးလေ့ရှိပါသည်။ 'ယဟူဒီ'တို့ထံမှ လာသည့် စာများကိုလည်း ကျွန်ုပ်က ဖတ်ကြားလေ့ရှိပါသည်။

အခြား'ဟာဒီးဆ်'တော်တပါး၌ 'နဗီ'တမန်တော်မြတ်သည်အခြားသောသူတို့ထံ 'စူရိယာနီ' ဘာသာစာပေ(ဝါ)ရှုရီဘာသာစာပေဖြင့် ရေးပို့နေရသည်။ (သို့ဖြစ်၍) သင်သည် 'စူရိယာနီ' စာပေကို လေ့လာဆည်းပူးသင်ယူလော့ဟု အမိန့်ရှိလှာသဖြင့်၊ ကျွန်ုပ်သည် (၁၇) ရက်နှင့် ကောင်းစွာရေးဖတ်၍ ကျွမ်းကျင်လှာအောင် သင်ယူလိုက်ပါသည်ဟု ကျမ်းဂန်များ၌ ပါရှိပါသည်။ (ကြည့်--အေဆာဗဟ်ကျမ်း)

**မှတ်ချက်။** ။တဘာသာကို (၁၅)ရက်ဖြင့် သင်ယူဆည်းပူး၍ အခြားတဘာသာကို (၁၇)ရက်ဖြင့် သင်ယူဆည်းပူးသည်ဟုဆိုလျှင် အကြောင်းနှစ်ရပ်စလုံးကို ဆက်စပ်၍ ရနိုင်ပေသည်။

## ၁၉။ ဟဇရသ်အိမာမ်ဟစန်သခင် ငယ်ရွယ်စဉ်ဘဝကပင် စာပေပညာအရာ၌ လေ့ကျက်ခြင်း။

'ဟဇရသ်အိမာမ်ဟစန်' (ရသွေ့)သခင်၏ ဖွားမြင်တော်မူခြင်းအကြောင်းနှင့်စပ်လျဉ်း၍ 'ဂျမ်ဟူးရ်' ပညာရှင်တို့၏အဆိုအရ 'ဟိဂျ်ရီ' (၃)ခုနှစ်၊ လမြတ်'ရမ်ဇာန်'၌ ဖြစ်သည်ဟု ပါရှိသည်။ ဤအတိုင်းသာဆိုလျှင်၊ 'နဗီ'တမန်တော်မြတ် အသျှင့်အမိန့်တော်ခံယူစဉ် 'အိမာမ်ဟစန်' သခင်၏ သက်တော်သည် (၇)နှစ်နှင့် လအနည်းငယ် ကျော်ရှိသာရှိသေးသည်။ (၇)နှစ်အရွယ်သည် မပြောပလောက်သောအရွယ်ဖြစ်သည်။ ၎င်းအရွယ်၌ ပညာအရာ၌ အသို့အရည်အချင်း ပြနိုင်အံ့နည်း။ သို့ပါသော်လည်း 'ဟာဒီးဆ်'ဩဝါဒတော်အမြောက်အမြားကို 'အိမာမ်ဆာဟိဗ်' ထံမှ ရယူခဲ့ကြပေသည်။

✓ 'အဗွလ်ဟောင်ရာအ်'အမည်ရှိ ပုဂ္ဂိုလ်တဦးက 'ဟဇရသ်အိမာမ်ဟစန်'သခင်အား အဆွေတော်သည် 'နဗီ'တမန်တော်မြတ်၏ 'ဟာဒီးဆ်'ဩဝါဒတော်များအနက် အဘယ်မျှတတ်သိမှတ်မိထားပါသနည်းဟုမေးမြန်းရာ၊ 'အိမာမ်ဟစန်'သခင်က ကျွန်ုပ်သည်'နဗီ'တမန်တော်(မိမိနာနာ) နှင့်အတူသွားနေစဉ် လမ်းစခန်းတနေရာ၌ 'ဆဒ္ဒကဟ်' စွန်ပလွံသီးများ တောင်လိုပုံထားသည်ကို ရှုမြင်ရပါသည်။ (ထိုအခါ) ကျွန်ုပ်သည် စွန်ပလွံသီးတလုံးကိုယူ၍ အာခံတွင်းသို့ ငုံထားလိုက်ပါသည်။ (ထိုစဉ်) ကိုယ်တော်မြတ်က ကျွန်ုပ်အား ဟဲ့....ဟဲ့.... ဟုမိန့်ကြားလျက်၊ အာခံတွင်းမှစွန်ပလွံသီးကို ထုတ်ယူပစ်တော်မူပါသည်။ ၎င်းနောက်ငါတို့သည် ထို 'ဆဒ္ဒကဟ်' ဓမ္မဒါနပစ္စည်းကို စားသုံးလေ့မရှိဘူး၊ မစားရဘူးဟုမိန့်ကြားတော်မူပါသည်။ ငါးကြိမ်နမာဇ် ကိုလည်း 'နဗီ'တမန်တော်(နာနာ့)ထံမှသင်ယူပါသည်ဟု မိန့်တော်မူလေသည်။ (ကြည့်-မွတ်စ်နဒ္ဒေအဟ်မဒ်ကျမ်း)

✓ 'ဟဇရသ်အိမာမ်ဟစန်' သခင်က၊ ကျွန်ုပ်အား'ဝိသ်ရ်နမာဇ်'၌ဖတ်ရန်အောက်ပါ'ဒုအာ' ကို 'နဗီ'တမန်တော်(နာနာ)က ပြသသင်ကြားပေးတော်မူခဲ့ပါသည်ဟု လာရှိသည်။

اَللّٰهُمَّ اهْدِنِىْ فِيْمَنْ هَدَيْتَ وَعَافِنِىْ
فِيْمَنْ عَافَيْتَ وَتَوَلَّنِىْ فِيْمَنْ تَوَلَّيْتَ
وَبَارِكْ لِىْ فِيْمَا اَعْطَيْتَ وَقِنِىْ شَرَّ
مَا قَضَيْتَ فَاِنَّكَ تَقْضِىْ وَلَا يُقْضٰى
عَلَيْكَ اِنَّهٗ لَا يَذِلُّ مَنْ وَّالَيْتَ
تَبَارَكْتَ وَتَعَالَيْتَ ۝

အဓိပ္ပါယ်။ ✓ ။အို....'အလ္လာဟ်'အသျှင်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးကို အကြင်သူတို့အား ဖြောင့်မတ်မှန်ကန်သော တရားလမ်းကြောင်းကို ပြသဘိအလား ညွှန်ကြားပြသတော်မူပါ။ အကြင်သူတို့အား အသျှင်မြတ်သည် ဘေးကင်းစေတော်မူဘိအလား၊ ကျွန်တော်မျိုးကိုလည်း ဘေးကင်းစေတော်မူပါ။ အခြားအခြားသော သူတို့၏ ကိစ္စအ၀၀ကို တာ၀န်ယူ ဆောင်ရွက်ဘိအလား ကျွန်တော်မျိုး၏ ကိစ္စအ၀၀ကို တာ၀န်ယူ ဆောင်ရွက်ပေးတော်မူပါ။ အသျှင်မြတ်သည် ကျွန်တော်မျိုးအား ချီးမြှင့်သည့်အရာကိုလည်း 'ဗရကာသ်' တိုးပွားမင်္ဂလာပေးတော်မူပါ။ အသျှင်မြတ် သတ်မှတ်ထားသော အရာများသည် ကျွန်တော်မျိုးအဖို့ ဘေးအန္တရာယ်မဖြစ်ပါစေနှင့်။ အသျှင်မြတ်၏ သတ်မှတ်ချက်ကို မည်သူတဦးတယောက်မျှ မဖယ်ရှားနိုင်ပါ။ အကြင်သူ၏စောင့်ထိန်းသူသည် အသျှင်မြတ်ဖြစ်ပါမူ၊ ထိုသူသည် ဂုဏ်ရည်သေးသိမ်သူ၊ လက်လွတ်စပယ် မဖြစ်နိုင်ပါ။ အို.... ကျွန်တော်မျိုး၏ အသျှင်သခင်၊ အသျှင်မြတ်သည် ကောင်းချီးမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသောအသျှင်၊ မြင့်မြတ်တော်မူသောအသျှင် ဖြစ်တော်မူပါသည်။

✓'ဟဇရသ်အိမာမ်ဟစန်' သခင်က ကျွန်ုပ်သည် 'နဗီ'တမန်တော် (နာနာ)ထံမှ အကြင်သူသည် နံနက်နမာဇ်၀တ်ပြုပြီး နေမင်းထွက်လာသည်အထိ ၎င်းနေရာ၌ ဆိုင်းငံ့နေသောသူသည် 'ဂျဟန္နမ်'ငရဲမီးဘေးမှ ချမ်းသာခွင့်ရပေအံ့ဟု မိန့်ကြားတော်မူသည်ကို ကြားနာရပါသည်ဟု ဆင့်ပြန်ကြားတော်မူလေသည်။

✓'ဟဇရသ်ဟစန်' သခင်သည် 'ဟဂ်ျ'ပြုရန် ခြေလျင်အကြိမ်ကြိမ် ကြွမြန်းတော်မူခဲ့သည်။ အမိန့်ရှိသည်မှာ ကျွန်ုပ်သည် သေဆုံးကွယ်လွန်ပြီးနောက်၊ 'အလ္လာဟ်' အသျှင့်အိမ်တော်သို့ ခြေလျင်မသွားရကောင်းလားဟု မေးမြန်းလာမည်ကို ရှက်ကြောက်လှပါသည်ဟုပြောကြားလေ့

ရှိပါသည်။ 'အိမာမ်ဟစန်'သခင်သည်အလွန်အေးသည်၊သာသနာရေး၌လည်းကိုင်းရှိုင်းမှုရှိသည်။ 'မွတ်စ်နဒ်ဒေ့အဟ်မဒ်'ကျမ်း၌ သခင့်ထံမှ 'ရဝါယသ်' အတော်အတန်ကို ရေးသားပါရှိသည်။

'သလ်ကီးဟ်' ကျမ်းပြုဆရာတော်ကြီးက 'အိမာမ်'သခင်အား 'ဟဒီးဆ်' သြဝါဒတော် (၁၃)ပါးအထိ ဆင့်ပြန်ကြားသူများစာရင်းတွင် ထည့်သွင်းထားတော်မူသည်။ အရွယ်တော် (၇)နှစ်မှာ ဤရွေ့ဤမျှ'ဟဒီးဆ်'သြဝါဒတော်များကို ကျက်မှတ်ထားခြင်းဖြင့်၊ သာသနာရေး၌ စိတ်အားထက်သန်၍ မှတ်ဉာဏ်ကောင်းမွန်သူ၏ လက္ခဏာပင်တည်း။ ကျွန်ုပ်တို့သည်ကား မိမိတို့သားသမီးအား (၇)နှစ်အရွယ်အထိ မယ်မယ်ရရ သာသနာရေးနှင့်စပ်လျဉ်း၍ သင်ကြားပို့ချပေးခြင်းမရှိကြသည်မှာ ဝမ်းနည်းကြေကွဲဖွယ်ပင်တည်း။

## ၂၀။ အိမာမ်ဟူစိုင်န်သခင်၏ ပညာရေးစိတ်ထက်သန်ခြင်း။

'ဟဇရသ်အိမာမ်ဟူစိုင်န်' သခင်သည် မိမိနောင်တော် 'အိမာမ်ဟစန်' သခင်နှင့် တနှစ်ငယ်ရှာလေသည်။ သို့ဖြစ်၍ 'နဗီ'တမန်တော်မြတ် အသျှင့်အမိန့်တော်ခံယူစဉ် 'အိမာမ်ဟူစိုင်န်' သခင်၏ အရွယ်တော်မှာ (၆)နှစ်နှင့် လအနည်းငယ်သာ ရှိပါသေးသည်။ (၆)နှစ်မျှအရွယ်တော်ရှိ ကလေးသူငယ်သည် သာသနာရေး အချင်းအရာကို အသို့ မှတ်သားထားနိုင်အံ့နည်း။ သို့ပါသော်လည်း 'ဟဇရသ်အိမာမ်ဟူစိုင်န်'သခင်၏ ဆင့်ပြန်ချက် 'ဟဒီးဆ်' သြဝါဒတော်များသည် 'ဟဒီးဆ်' ကျမ်းဂန်များ၌ ပါရှိလေသည်။ 'ဟဒီးဆ်' သြဝါဒတော် အကျော်အမော် ပညာရှင် ကဝိတို့က သြဝါဒတော်(၈)ပါးအထိ ဆင့်ပြန်သူစာရင်းတွင် မှတ်တမ်းတင်ထားကြပေသည်။ 'အိမာမ်ဟူစိုင်န်' သခင်က ကျွန်ုပ်သည် 'နဗီ'တမန်တော် (နာနာ့) ထံမှ အကြင်သူ 'မွတ်စ်လင်မ်' ကျားမ မဟူ ဘေးဒုက္ခတခုခုနှင့်တွေ့ဆုံရသော်၊ နောက်တဖန် ကာလအတန်ကြာသောအခါမှ တဖန်သတိရလာလျှင်—

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُونَ

(အင္ငနာလစ်လ္လာဟိ၊ ဝအင်နာအိလိုင်ဟိ၊ ရာဂျေအူးန်)ကို ရွတ်ဖတ်ပါက ပထမဘေးသင့်စဉ်က အကျိုးကုသိုလ်ရှိဘိအလား အကျိုးကုသိုလ်ရရှိပေအံ့ဟု မိန့်ကြားတော်မူသည်ကို ကြားနာရပါသည်ဟု မိန့်ကြားတော်မူခဲ့လေသည်။

ဤသြဝါဒတော်ကိုလည်း ဆင့်ပြန်ကြားတော်မူခဲ့သည်။ 'နဗီ' တမန်တော်မြတ်က ငါကိုယ်တော်မြတ်၏ 'အွမ္မသ်'သားတို့သည် ရေလမ်းခရီး၌ အစီးအနင်းသို့ တက်သည့်အခါ—

بِسْمِ اللّٰهِ مَجْرٖىهَا وَمُرْسٰىهَا ۭ اِنَّ
رَبِّيْ لَغَفُوْرٌ رَّحِيْمٌ

('ဗစ္စမိလ္လာဟိ မဂျ်ရေယာ၊ ဝမုရ်စာဟာ၊ အင်နာရဗ္ဗီလဂဖူး ရှရ်ရဟီးမ်')ကို ရွတ်ဖတ်သည်ရှိသော်၊ ဘေးမသီရန်မခရန် လက်နက်ကောင်းတရပ်ဖြစ်သည်ဟု ကျမ်းဂန်၌ ပါရှိလေသည်။

✓ "ဟဇရသ်အိမာမ်ဟူစိုင်န်"သခင်သည် 'ဟဂျ်'အသျှင့် အိမ်တော်ကို (၂၅)ကြိမ်အထိ ခြေလျင်သွားရောက်ဖူးမြင်တော်မူခဲ့သည်။ 'နမာဇ်'နှင့် 'ရိဇဟ်'ကိုလည်း လေးလေးစားစားရှိသည်။ 'ဆဒ္ဒကဟ်' ဓမ္မဒါနနှင့် သာသနာရေးလုပ်ငန်းဟူသရွေ့ကို အထူးလေးစားလေ့ရှိသည်။

'ရဗီအဟ်'သခင်က၊ ကျွန်ုပ်သည် "ဟဇရသ်အိမာမ်ဟူစိုင်န်"သခင်အား 'နဗီ'တမန်တော်မြတ်၏ 'ဟဒီးဆ်'ဩဝါဒတော်များ ကျက်မှတ်ထားရှိပါသလားဟု မေးမြန်းကြည့်ရာ၊ သခင်က ဟုတ်ကဲ့(အခါတပါး)၌ ကျွန်ုပ်သည် အထပ်ခိုး၌စွန်ပလွံသီးများထားရာသို့တက်၍ စွန်ပလွံသီး တလုံးကို အာခံတွင်း၌ ငုံထားလိုက်ပါသည်။ (ထိုအခါ) 'နဗီ'တမန်တော်မြတ်က ၎င်းအရာကို ထွေးပစ်လိုက်ပါ၊ ငါတို့အဖို့ 'ဆဒ္ဒကဟ်'(စား)ပိုင်ခွင့်မရှိဟု မိန့်ကြားတော်မူပါသည်ဟု ပြောကြားတော်မူလေသည်။

ကိုယ်တော်မြတ် (နာနာ)က လူသားတို့အဖို့'အစ္စလာမ်'တရားတော်၏ ထူးမြတ်ခြင်းသည် အကျိုးမဲ့လုပ်ငန်းမှကြဉ်ရှောင်ခြင်းဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့သည်ကိုလည်း ဆင့်ကြားတော်မူသည်။ (ကြည့်–အစဒ္ဒလ်ဂါဗဟ်–အစ်သီအာဗ်ကျမ်း) ထို့အပြင်လည်း ဩဝါဒတော်များရရှိခဲ့ပါသေးသည်။

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤသို့ဖြစ်အင်များသည် 'ဆဟာဗီ'သာဝကတို့၌ အမြောက်အမြားတွေ့ရှိရပေသည်။ ယော်ရွယ်စဉ်က အဖြစ်အပျက်ကို မှတ်သားထားလေသည်။

"ဟဇရသ်မဟ်မူးဒ်'အိဗ်နု'ရဗီးအ်"သခင်သည် 'ဆဟာဗီ'တပါးဖြစ်သည်။ 'နဗီ'တမန်တော်မြတ် အသျှင့်အမိန့်တော် ခံယူကွယ်လွန်ချိန်၌ အရွယ်တော်မှာ (၅)နှစ်သားသာရှိသေးသည်။ ထိုသခင်ကလေးက 'နဗီ'တမန်တော်မြတ်သည် ကျွန်ုပ်တို့အိမ်သို့ ကြွလာတော်မူပါသည်။ ကျွန်ုပ်တို့အိမ်၌ ရေတွင်းတတွင်းရှိပါသည်။ ၎င်းတွင်းမှ ရေကိုငုံ၍ ကျွန်ုပ်မျက်နှာသို့ ပက်ဖြန်းတော်မူသည်ကို ကျွန်ုပ် တသက်လုံး မမေ့ပျောက်နိုင်ပါဟု ပြောကြားတော်မူလေသည်။

(ကြည့်–အေဆာဗဟ်ကျမ်း)

✓ ကျွန်ုပ်တို့သည် ကလေးသူငယ်များကို ရယ်စရာ မောစရာ အကျိုးမဲ့ အကြောင်းအရာများ၊ အခြေအမြစ်မရှိသည့် ပုံပြင်ဝတ္ထု၊ ဒဏ္ဍာရီများဖြင့် အချိန်

ဖြုန်း၍ လုပမ်းစေခဲ့သည်။ အကယ်၍ အသျှင့်အချစ်တော်များ၏ တကယ့် အဖြစ်အပျက် အကြောင်းအရာများ ရှာဖွေစုဆောင်း၍ နာကြားစေခြင်း၊ ဘီလူးကြီး၊ သရဲကြီး၊ ဂျင်န်ကြီးဟု ချောက်လှန့်မည့်အစား 'အလ္လာဟ်' အသျှင်မြတ်နှင့် အသျှင့်'အဇာဗ်'ငရဲကိုလည်းကောင်း၊ အသျှင်မြတ်၏ အမျက်တော်ယှမှုကို ရှုံကြောက်ရပုံကိုလည်းကောင်း စိတ်နှလုံး၌ အခြေစိုက်ပေးခြင်းသည် လောကီလောကုတ္တရာ ၂-ဌာန၌ အကျိုးထူးကိုရရှိမည်မှာ မလွဲကေန် အမှန်ပင်တည်း။

ငယ်ရွယ်စဉ်ဘဝ၌ မှတ်ဉာဏ်သည် အလွန်ကောင်းသည်။ ၎င်းအချိန်၌ မှတ်သားထားခြင်းသည် မေ့လျော့ရန် အလွန်ခဲယဉ်းလှပေသည်။ ဤအချိန်အခါမျိုး၌ အကယ်၍ ကျမ်းမြတ်'ကုရ်အာန်'ကို အလွတ်ကျက်စေသော်၊ အခက်အခဲလည်းမရှိ၊ အချိန်လည်း သက်သာပေမည်။

ကျွန်ုပ်သည် ဖခမည်းတော်၏ (သင်းချိုင်းတော်ကို'အလ္လာဟ်'အသျှင်မြတ်သည် 'နူးရ်'ရောင်ခြည်တော်ဖြင့် ဖြည့်တင်းပါစေသား) ထံမှ အကြိမ်ကြိမ်ကြားရသည်သာမက၊ အိမ်ရှိ သက်ကြီးဝါရင့် ပုဂ္ဂိုလ်များထံမှလည်း ကြားသိရသည်မှာ ကျွန်ုပ်၏ဖခမည်းတော် နို့ချိုဖြတ်ချိန်၌ ၃ ပါရဟ်ကို အာဂုံဆောင်ထားပြီးလေသည်။ သက်တော်(၇)နှစ်အရွယ်မှာ ကျမ်းမြတ်'ကုရ်အာန်' တအုပ်လုံးကို အာဂုံဆောင် 'ဟာဖိဇ်'ဖြစ်သွားလေသည်။ ၎င်းနောက် မိမိဘခင်(ဝါ) ကျွန်ုပ်၏ဘိုးတော်ထံ၌ 'ပါးရှား'စာပေများအနက်၊ တကယ့်အရေးပါ အရာရောက်သည့် ကျမ်းဂန်များ၊ 'ဘိုစတာန်'၊ 'စကန်ဒရ်'နာမဟ်' စသည့် ကျမ်းဂန်များကိုလည်း ဖတ်ကြားသင်ယူပြီးလေပြီဟု ပြောကြားလေ့ရှိသည်မှာ ငါ့ဘခင်သည် ငါ့အား နေ့စဉ်တနေ့ (၁) 'ခသမ်' ဖတ်လော့။ ကျန်သောအချိန်၌ မင်းသဘောရှိနေလော့ဟု မိန့်ကြားလေ့ရှိပါသည် ဟူ၏။

နေ့ရာသီ၌ နံနက်'နမာဇ်'ဝတ်ပြု၍ အိမ်ခေါင်မိုးပေါ်တက်ကာ (၆)နာရီ (၇)နာရီမျှ အချိန်ဖြင့် 'ကုရ်အာန်'ကုန်အောင် ဖတ်လိုက်ပါသည်။ နေ့လည်အချိန်၌ ထမင်းစားပါသည်။ ညနေအချိန်၌ မိမိစိတ်ဆန္ဒအရ 'ဖါရစီ' 'ပါးရှား' စာပေကို သင်ယူဆည်းပူးလေ့ရှိပါသည်။ (၆)လအထိ တဆက်တည်း နေ့စဉ်ရက်ဆက် တနေ့တကြိမ် 'ကုရ်အာန်'ကို အကုန်ဖတ်ခြင်း၊ အခြားသင်ခဏ်းစာများကိုပါ သင်ယူဆည်းပူးခြင်းသည် (၇)နှစ်သားအရွယ်၌ မလွယ်ကူလှပေ။ တာဝန်မသေးလှပေ။ ဤသည့် အကျိုးများကြောင့်ပင်လော၊ ကျမ်းမြတ်'ကုရ်အာန်'၌ ဆင်တူရိုးမှားဘွယ်ရာများကိုပင် မှားယွင်းသည်ဟူ၍ အလျင်းမရှိခဲ့

သည်ကို မြင်တွေ့ရပါသည်။ အမြင်အားဖြင့် အသက်မွေးဝမ်းကျောင်းမှုအတွက် စာအုပ်ရောင်းဝယ်ဖေါက်ကားခြင်းဖြစ်ပေသည်။ စာအုပ်ဆိုင်လုပ်ငန်းဟူသရွေ့ကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်လေ့ရှိပါသည်။ ယင်းသို့ လက်ဖြင့် အလုပ်လုပ်နေစဉ် နှုတ်လျှာမှ ကျမ်းမြတ်'ကုရ်အာန်'ကို မပြတ်ဖတ်ရွတ်နေလေ့ရှိပါသည်။ ရံဖန်ရံခါ ကျွန်ုပ်တို့အား ကျောင်းသင်ခန်းစာအပြင်၊ အလွတ်သဘောဖြင့်၊ စာပေများကိုလည်း သင်ကြားပို့ချပေးတော်မူလေ့ရှိပါသေးသည်။ ဤသို့ဖြင့် တချိန်တည်းမှာ လုပ်ငန်း (၃)ရပ်ကို ဆောင်ရွက်လေ့ရှိပါသည်။

သို့ပါသော်လည်း ဖခမည်းတော်၏ သင်နည်းမှာ ကျွန်ုပ်တို့ ကျောင်း၌ သင်ကြားသည့်နည်းမျိုးမဟုတ်ဘဲ၊ တမူထူးခြားသည်မှာ၊ တပည့်များက ကိုယ်တိုင်ကိုယ်ကျ စာသွားကိုဖတ်ကြား၍ အနက်ဘာသာပြန်ကြရပါသည်။ တပည့်က သဘောတရားကိုပါ ရှင်းပြရပါသည်။ မှန်လျှင် ရှေ့ဆက်စေ၍ မှားလျှင် ကိုယ်တိုင်ရှင်းပြတော်မူ၏။ မှားယွင်းမှုသည် လွန်ကျူးနေပါက အပြစ်ပေး၊ သတိပေး စသည်မျိုးကိုပါ ကျင့်သုံးလေ့ရှိပါသည်။ ဤသည်ကား ရှေးဟောင်းအဖြစ်အပျက်မဟုတ်ပါ။ ဤရာစု အခါသမယ၏ အဖြစ်အပျက်သာဖြစ်ပါသည်။ သို့ဖြစ်၍၊ ကျွန်ုပ်တို့သည် 'ဆဟာဗီ' သာဝကကြီးတို့နည်းတူ စွမ်းအင်သတ္တိတို့ကို အဘယ်မှာလျှင် ရယူနိုင်အံ့နည်းဟု ဆိုဖွယ်ရာ အခွင့်အလမ်းမရှိနိုင်တော့ပေ။

# အခန်း (၁၂)

## နဗီတမန်တော်မြတ်အား ချစ်ခင်လေးစားခြင်းအကြောင်း။

အမှန်တကယ်ပင် ယခုထိ တင်ဆက်ထားသည့် အကြောင်းအရာ အားလုံးမှာ 'နဗီ'တမန်တော်မြတ်အား ချစ်ခင်လေးစား မြတ်နိုးလှကြောင်း သက်သေသာဓကကြေးမုံများဖြစ်ပေသည်။ ထိုထိုသောပုဂ္ဂိုလ်တို့၏ ချစ်ခင်လေးစားမှုကြောင့်၊ မိမိတို့၏ဥစ္စာပစ္စည်း၊ အသက်စည်းစိမ်များကို ပဓါနမထားရုံတင်မက၊ ဘေးဒုက္ခကိုစိုးရိမ်ကြောင့်ကျမှု၊ အသက်ဘေးနှင့်ရင်ဆိုင်မှု စသည်များကိုပင် အရေးမယူ ဂရုမစိုက်နိုင်ကြတော့ပေ။

ချစ်ခင်ကြင်နာ မေတ္တာတရားသည် ထုတ်ဖေါ်ပြသနိုင်သည့်အရာ မဟုတ်ပေ။ ၎င်းသည် အကြောင်းတရပ်ပင်ဖြစ်သည်။ ၎င်းကိုအကျယ်ချဲ့၍ ကလောင်ဖြင့်သော်လည်းကောင်း၊ နှုတ်လျှာဖြင့်သော်လည်းကောင်းဋီကာချဲ့ထွင်ခြင်းကား မစွမ်းနိုင်တော့ချေ။ ချစ်ခင်လေးစားစိတ်၊ကြည်ညိုစိတ်သည် အကြင်နှလုံးသားဌာကိန်းအောင်းသွားသည့်ရှိသော်၊အကြည်ညိုခံပုဂ္ဂိုလ်၊အချစ်ခံပုဂ္ဂိုလ်၊အလေးစားခံပုဂ္ဂိုလ်၏ဆန္ဒကို အရာခပ်သိမ်းတို့ထက် ဦးစားပေး ဆောင်ရွက်လေ့ ရှိကြသည်။ ထိုပုဂ္ဂိုလ်၏စိတ်ဆန္ဒအရကို ဆောင်ရွက်ရာ၌ မိမိဂုဏ်သိက္ခာကျဆင်းမှုကိုလည်းကောင်း၊ ဘေးဒုက္ခနှင့် ရင်ဆိုင်ရမည်ကိုလည်းကောင်း ထောက်ချင့်လေ့မရှိနိုင်တော့ပေ။

'အလ္လာဟ်' အသျှင်မြတ်သည် မိမိကရုဏာတော်ကို ရှေ့ရှု၍သော်လည်း၊ မိမိ'နဗီ'တမန်တော်အား ရှေ့ရှု၍သော်လည်းကောင်း၊ အသျှင်မြတ်အားလည်းကောင်း၊ အသျှင့်တမန်တော်နှင့် သာသနာတော်ကို ချစ်ခင်မြတ်နိုးစိတ်ဖြိုးမြွှင့်တော်မူပါက၊ ကျွန်ုပ်တို့၏ကျင့်စဉ်ကျင့်ရပ်ဟူသရွေ့၌ စိတ်ကြည်နူးမှုရရှိ၍ ဘေးဒုက္ခအပေါင်း၌ သုခအတိပင်မည်လာပေမည်။ (အာမီးန်)

### ၁။ ဟဇရသ်အဗူဗက်ရ်သခင် အစ္စလာမ်ကြေငြာခြင်းဖြင့် ဒုက္ခရောက်ခြင်းအကြောင်း။

'အစ္စလာမ်'သာသနာတော် ထွန်းကားခါစ အချိန်ကာလက၊ 'အစ္စလာမ်'သာသနာဝင်ဖြစ်လာသူသည် မိမိ'အစ္စလာမ်' သာသနာဝင် ဖြစ်ကြောင်းကို တတ်အားသရွေ့ ကွယ်ဝှက်ထားလေ့ရှိကြသည်။ ကိုယ်တော်မြတ်ကလည်း ထိုသူတို့အား 'ကာဖိရ်'တို့က အန္တရာယ်မပြုကြစေရေးအတွက် ကွယ်ဝှက်ကြရန် မှာကြားတော်မူလေ့ရှိသည်။ 'အစ္စလာမ်' သာသနာဝင် (၃၉) ယောက်အထိ စာရင်းရသောအခါ၊ 'ဟဇရသ်အဗူဗက်ရ်'သခင်က တိတိလင်းလင်း လူသိရှင်ကြားသာသနာတော်ကို ဖြန့်ချိကြွေးကြော်ပါရန် လျှောက်ထားအသနားခံလေသည်။ 'နဗီ' တမန်တော်မြတ်က ပထမပိုင်း၌ ငြင်းပယ်တော်မူလိုက်လေသည်။ 'အဗူဗက်ရ်'သခင်၏ အကြိမ်ကြိမ်ဇွဲရှိရှိနှင့် တောင်းခံမှုကြောင့် လိုက်လျောတော်မူလိုက်လေသည်။ ထိုနောက် ထိုပုဂ္ဂိုလ်အားလုံးကို ခေါ်ဆောင်၍ 'ကအ်ဗဟ်' ကျောင်းတော်ဖက်သို့ ကြွချီတော်မူခဲ့၏။ (ထိုသို့ရောက်သော်) 'ဟဇရသ်အဗူဗက်ရ်' သခင်သည် 'သဗ်လီးဂ်' တရားဟောစပြုတော်မူလေ၏။

၎င်းသည် 'အစ္စလာမ်' သာသနာသမိုင်း၌ ပထမ 'ခွသ်ဗဟ်' တရားဖြစ်ပေသည်။ 'နဗီ' တမန်တော်မြတ်၏ ကျာကျာ ဘထွေးတော် (ယုံဟီးဒ်တို့၏ရှေ့ဆောင်) 'ဟဇရသ်ဟမ်ဇဟ်' သခင်သည်၎င်းနေ့၌ပင် 'အစ္စလာမ့်'ဘောင်တွင်းသို့ ဝင်ရောက်တော်မူလေသည်။ ထိုနောက် (၃) ရက်ကြာသော် 'ဟဇရသ်အုမရ်'သခင်သည်လည်း 'အစ္စလာမ်' သာသနာဝင်ဖြစ်တော်မူခဲ့လေသည်။ 'ခွသ်ဗဟ်'တရားစကား ဟောကြားသည်နှင့် လေးဖက်လေးရံမှ 'ကာဖိရ်' နှင့် 'မုယှရိက်' အပေါင်းတို့သည် ဝိုင်းရံလျက် အန္တရာယ်ပြုကြလေသည်။

အကယ်စင်စစ် ‘ဟဇရသ်အဗူဗက်ရ်ဆိဒ္ဒီးက်’သခင်သည် ‘မက္ကဟ်’မြို့တော်၏ ကျက်သရေဆောင် မြို့မျက်နှာဖုံးတဦး ဖြစ်နေလင့်ကစား၊ မျက်နှာ၊နား၊နှာ၊ခေါင်းစသည်များမှ သွေးဖြန်းဖြန်းယိုစီးအောင်ရိုက်နှက်ပုတ်ခတ်ကန်ကျောက်ကြလေသည်။ယုတ်စွအဆုံးမပြုကျင့်သင့်ရာ ဟူသရွေ့ကိုကျူးလွန်ခဲ့ကြလေသည်။ သို့ဖြင့် ‘ဟဇရသ်အဗူဗက်ရ်’သခင်သည် သတိမေ့မျော သွားရရှာလေသည် ‘ဗနုသိုင်းမ်’(ဝ၊) ‘ဟဇရသ်အဗူဗက်ရ်’ သခင်၏ သားချင်းတို့သည် သတင်းရလျှင်ရခြင်း လာရောက်၍ ထိုနေရာမှ ခေါ်ဆောင်သွားကြလေသည်။ အသက်ဘေးမှချမ်းသာရာရမည်ဟုမည်သူမျှမမျှော်လင့်ကြတော့ပေ။‘ဗနုသိုင်းမ်’မျိုးနွယ်ဝင်တို့သည် ဗလီဝတ်ကျောင်းတော်သို့ လာရောက်၍ကျေညာချက်တစောင်ကို ဆွဲချိတ်ကြလေသည်။ “ဟဇရသ်အဗူဗက်ရ်ဆိဒ္ဒီးက်’သခင်သည်အကယ်၍၊ ဤအဖြစ်အပျက်ဖြင့်ကွယ်လွန်သွားသည်ရှိသော်လက်စားချေသည့်အနေဖြင့် ‘အွသ်ဗဟ်’အိဗ်နု’ရဗီအဟ်’ အား ကွပ်မျက်သုတ်သင်ကြပေအံ့” ဟုပါရှိလေသည်၊‘အွသ်ဗဟ်’ကကျွန်ုပ်တို့သည်‘ဟဇရသ်အဗူဗက်ရ်’သခင်အား ညှဥ်းဆဲဒုက္ခပေးရာ၌အလွန်အကျူးပြုခဲ့လေသည်။

ညနေအထိ သတိမေ့မျော နေလေသည်၊ အမျိုးမျိုးသောအသံ ပေးကြပါသော်လည်း အဖြေမရတော့ပေ။သတိအနည်းငယ်ရလာသောအခါ၊ဦးစွာပထမ ထွက်ပေါ်လာသည့်အသံမှာ ‘နဗီ’တမန်တော်သခင်အသို့ရှိနေပါသနည်းဟူ၍သာ ပေါ်ထွက်လာလေသည်။သို့ဖြင့်အများကဤပုဂ္ဂိုလ်ကြောင့် ဘေးသင့်ခဲ့ရသည်။ တနေကုန် သေမင်းလက်တွင်း သက်ဆင်းခဲ့ရသည်။ ယခုအနည်းငယ်သတိရရှိလာသော်၊ထိုပုဂ္ဂိုလ်ကိုသာတမ်းတရမလားဟုပြစ်တင်လျက်အနားမှထပြန်ကြလေသည်။ စိတ်ဆိုးဒေါသဖြစ်ကြလေသည်။တနည်းဆိုရသော်၊ အော် အသက်တော့ရှိပါသေးတယ်၊စကားပြောနိုင်လာပြီ၊မယ်တော်‘အွမ္မေခိုင်းရ်’အား စားရေးသောက်ရေးစီမံပေးဟု ပြောကြလေသည်။ မယ်တော်မှာ စားသောက်ဖွယ်ရာများကို စီမံယူဆောင်၍ စားသုံးပါရန်တိုက်တွန်းလေသည်။‘ဟဇရသ်အဗူဗက်ရ်’သခင်အသံမှာ ‘နဗီ’တမန်တော်မြတ်၏ အခြေအနေ ဘယ်လိုရှိပါသလဲ၊ကိုယ်တော်မြတ်မှာ ဘယ်မှာရှိပါသလဲ ဟူသည့် အသံသာ လာမြဲ လာနေလေသည်။ မယ်တော်က ငါမသိဘူး၊ဘယ်မှာ ရှိနေတယ်ဆိုတာလဲမသိဘူးဟုဖြေလိုက်လေသည်။ (ထိုအခါ) ‘အဗူဗက်ရ်’သခင်က မိခင်ကြီးကျေးဇူးပြု၍ ‘အွမ္မေဂျမီးလ်’(ဟဇရသ်အုမရ်သခင်၏နှမ) ထံသို့သွားရောက်စုံစမ်း မေးမြန်းပေးတော်မူပါဟု တောင်းဆိုလေသည်။

မယ်တော်သည် ဒုက္ခသည်သားတော်မောင်က မနားမနေတောင်းခံချက်ကြောင့် ‘အွမ္မေဂျမီးလ်’ထံ သွားရောက်၍‘မုဟမ္မဒ်’(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) သခင်အကြောင်းကို စုံစမ်းမေးမြန်းလေသည်။ ‘အွမ္မေဂျမီးလ်’သခင်မသည်လည်း အများနည်းတူမိမိ‘အစ္စလာမ်’ သာသနာဝင် ဖြစ်ကြောင်းကို ထိန်ဝှက်ထားသူဖြစ်လေသည်။ သခင်မကကျွမ‘မုဟမ္မဒ်’ (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သခင်နှင့် အဗူဗက်ရ်’တို့ကို အဘယ်သို့သိနိုင်ပါအံ့နည်း။ သင်မ၏သားတော်မောင် အကြောင်း ကြားရ၍ စိတ်မကောင်းဖြစ်မိသည်။ သင်မ ခွင့်ပြုလျှင်လိုက်၍ကြည့်ချင်ပါသည်ဟု ပြောကြားလိုက်လေသည်။‘အွမ္မေခိုင်းရ်’က ခွင့်ပြုသဖြင့်၊တပါတည်း လိုက်လံကြည့်ရှု

ကား မချုပ်တည်းနိုင်တော့ဘဲ အားပါးတရငိုကြွေးလိုက်လေသည်။ အယုတ္တမာတို့ကဘယ်လိုလုပ်လိုက်တာလဲ၊ 'အလ္လာဟ်' အသျှင်မြတ်သည်ဝင်းတို့အား လက်စားချေတော်မူပါစေသား၊ ၎င်းတို့ပြုကျင့်သလို အပြစ်ပေးပါစေသားဟု ကျိန်ဆဲတော်မူလိုက်လေ၏။

'ဟဇရတ်အဗူဗက်ရ်' သခင်က 'နဗီ' တမန်တော်မြတ် နေထိုင်ကောင်းရဲ့လားဟု မေးမြန်းတော်မူလေသည်၊ 'အွမ္မေဂျမီးလ်' သခင်မက 'ဟဇရတ်အဗူဗက်ရ်' သခင့်မယ်တော်ဖက်သို့လက်ညှိုးညွှန်၍ သူမ နားထောင်နေသည်ဟု ပြောကြားလိုက်လေသည်။ (ထိုအခါ) 'အဗူဗက်ရ်' သခင်က မစိုးရိမ်ပါနဲ့ဟုပြောလိုက်လေသည့်အခါ 'အွမ္မေဂျမီးလ်' သခင်မက 'နဗီ' တမန်တော်မြတ်သည် ကောင်းမွန်စွာရှိနေကြောင်း, ပြောပြလေသည်။ 'အဗူဗက်ရ်' သခင်က ယခုဘယ်မှာ ရှိနေပါသလဲဟု မေးမြန်းသောအခါ၊ 'အရ်ကမ်' ၏အိမ်၌ ရှိနေကြောင်းပြောကြားလေသည်။

'ဟဇရတ်အဗူဗက်ရ်' သခင်ကအသျှင့် 'ကစမ်'၊ 'နဗီ' တမန်တော်မြတ်ကိုမဖူးမျှော်ရသမျှကာလပတ်လုံး ကျွန်ုပ်သည် မည်သည့်အရာကိုမျှ စားသောက်ခြင်းပြုမည်မဟုတ်ဟု ကျိန်ဆို လိုက်လေသည်။ မယ်တော်မှာ တခုခု စားစေချင်၏။ 'နဗီ' တမန်တော်မြတ်ကို အလျင် ဖူးမျှော်ရေးအတွက် ကျိန်ဆိုလိုက်သဖြင့်၊ လူသူလေးပါး အသွားအလာနည်းသည့်အချိန်ကိုသာ စောင့်စားနေကြလေသည်။ မတော်တဆ တွေ့ဆုံသွားလျှင် ဘေးဒုက္ခသင့်ရမည်ကိုလည်း ကြိုတင်သိထားကြလေသည်။

ညဉ့်နက်သောအခါ၊ 'ဟဇရတ်အဗူဗက်ရ်' သခင်ကို ခေါ်ဆောင်၍ 'နဗီ' တမန်တော်မြတ်၏အပါးတော်၊ 'အရ်ကမ်' သခင့်အိမ်သို့ ရောက်ရှိကြလေသည်။ 'အဗူဗက်ရ်' သခင်သည် ကိုယ်တော်မြတ်အား ပွေ့ဖက်ထားလိုက်လေသည်။ ကိုယ်တော်မြတ်ကလည်းပြန်လည်းဖက်၍ ငိုကြွေးတော်မူကြလေသည်။ အခြား 'မွတ်စ်လင်မ်' သူတော်စင်အပေါင်းတို့လည်း ငိုကြွေးကြလေသည်။ သူတော်စင် အပေါင်းတို့သည် 'ဟဇရတ်အဗူဗက်ရ်' သခင်၏ အဖြစ်အပျက်ကို မကြည့်ရက်နိုင်ကြပေ။ ထို့နောက် 'ဟဇရတ်အဗူဗက်ရ်' သခင်က ဤမယ်တော်မှာ ကျွန်တော်မျိုး၏ မယ်တော်ဖြစ်ပါသည်။ ကိုယ်တော်မြတ်သည် မယ်တော်အား တရားလမ်းမှန် 'ဟိဒါယသ်' ရရှိရေးကိုလည်းကောင်း၊ 'အစ္စလာမ်' သာသနာဖက်သို့ ဖိတ်ကြားတော်မူရေးကိုလည်းကောင်း ပြုတော်မူပါဟု လျှောက်ထားလေသည်။ 'နဗီ' တမန်တော်မြတ်သည် ဦးစွာပထမ သူမအတွက် 'ဒုအာ' တောင်းခံတော်မူ၍ တရားစကား ဟောကြားတော်မူသဖြင့်၊ မဆိုင်းမတွ 'အစ္စလာမ်' သာသနာတော်ကို လက်ခံ၍ 'မွတ်စ်လင်မ်' အဖြစ်ကို ရယူလိုက်လေသည်။

(ကြည့်-ခမီးစ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။** ✓

စည်းစိမ်ယစ်မူးချိန်၊ ရွှင်ပျော်ချိန်၌ ချစ်သူခင်သူတို့သည် သိန်းသန်းချီ၍ ရှိနေတတ်သည်။ ချစ်သူခင်သူအစစ်အမှန်မှာ ဘေးဒုက္ခ ရောက်နေချိန်၌လည်း ချစ်ခင်မှသာ အမှန်တကယ်ချစ်ရာမည်ပေမည်။

## ၂။ ဟဇရသ်အုမရ်သခင်သည် နဗီတမန်တော်မြတ် ကွယ်လွန်တော်မူခြင်းကြောင့် ကြေကွဲရခြင်း။

'ဟဇရသ်အုမရ်'သခင်သည် သူရသတ္တိအရာ၌ သူမတူအောင် ထင်ပေါ်ကျော်ကြားလျက် ရှိပေသည်။ ယနေ့ထိနှစ်ပေါင်း (၁၄၀၀) ကျော်လွန်လင့်ကစား၊ 'အုမရ်'သခင်၏ ရဲစွမ်းသတ္တိ အကြောင်းသည် ရေပန်းစားလျက်ရှိနေပေသည်။ နောင် 'ကိယာမသ်'တိုင်အောင် ရေပန်းစား နေပေမည်။ 'အစ္စလာမ်'သာသနာတော်၏ ထင်ပေါ်လာခြင်းသည်ပင်'အုမရ်'သခင်၏'အစ္စလာမ်' သာသနာတော်ဝင် ဖြစ်လာခြင်းကြောင့်သာ ထင်ပေါ်လာခြင်းပင်၊ 'အုမရ်' သခင်၏ 'အစ္စလာမ်' သာသနာလက်ခံယုံကြည်မှုကြောင့်ပင်ဖြစ်ပေသည်။ မိမိ'အစ္စလာမ်'သာသနာဝင်ဖြစ်လာသည်ကို ထိန်ဝှက်ထားခြင်းကိုမနှစ်မြို့နိုင်တော့ပေ။ဤသည်ကား'နဗီ' တမန်တော်မြတ်အား ချစ်ခင်လေး စားခြင်း၏ သာမန်သာဓကတရပ်ပင်ဖြစ်ပေသည်။

'ဟဇရသ်အုမရ်'သခင်သည် အကျော်ကြားဆုံး သူရဲကောင်းတဦးဖြစ်လင့်ကစား၊ 'နဗီ' တမန်တော်မြတ် ကွယ်လွန်သည့်အချင်းအရာကို တွေ့မြင်ရခြင်းဖြင့် နေမထိ ထိုင်မသာဖြစ်နေ ရှာလေသည်။ လက်သုံးတော်ဓါးရှည်ကို ဆွဲကိုင်လျက် မတ်မတ်ရပ်ကာ အကြင်သူသည် 'နဗီ' မန်တော်မြတ်အား ကွယ်လွန်သွားသည်ဟု ပြောကြားအံ့၊ထိုသူ၏လည်ပင်းတွင် ဓါးတင်၍ သတ် တော်မူအံ့ ဟုကြိမ်းမောင်းတော်မူလေသည်။

'နဗီ'တမန်တော်မြတ်သည် မိမိအသျှင် သခင် အထံတော်သို့ (ခေတ္တခဏ)ကြွမြန်းတော် မူခြင်းသာဖြစ်သည်။'ဟဇရသ်မူစာနဗီ'တမန်တော်သည်'သူရ်'တောင်ထိပ်သို့သွား၍ 'အလ္လာဟ်' အသျှင့်အမိန့်တော်ကို ဦးထိပ်ပန်ဆင်သည့်အလား၊သွားရောက်ခြင်းသာ ဖြစ်သည်။တခဏမျှနေ၍ ပြန်ကြွလာတော်မူအံ့။ အကြင်သူတို့သည် မဟုတ်မမှန်သော ကိုယ်တော်မြတ် ကွယ်လွန်သည်ဟု သတင်းလွှင့်သူတို့ လက်ခြေ စသည်များကို ဖြတ်တောက်ပစ်တော်မူအံ့ဟုလည်း ကြိမ်းမောင်း ပြန်သေး၏။

'ဟဇရသ်အွတ်ဆ်မာန်'သခင်သည် လုံးဝအသံမထွက်တော့ပေ။ ဤအတိုင်းနောက်တနေ့ အထိဖြစ်နေလေသည်။ သွားလာ လှုပ်ရှားနေပါသော်လည်း အသံအလျှင်းမထွက်တော့ပေ။

'ဟဇရသ်အလီ'သခင်မှာ ဆိတ်ဆိတ်သာ နေ၍ကိုယ်ခန္ဓာမှာလည်း လှုပ်ရှားခြင်းကင်းမဲ့ စွာဖြစ်လျက် (သစ်တုံး၊ကျောက်တုံးပမာ) ရှိနေလေတော့သည်။ လှုပ်ရှားမှုရှိသူမှာ 'ဟဇရသ် အဗူဗကရ်'သခင်တပါးသာရှိလေသည်။ထိုအချိန်၌ တောင်ပမာမားမားမတ်မတ်ရပ်တည်နေလေ သည်။သီးခံခြင်းတရားအပြည့်အဝနှင့်ရပ်တည်နေလေသည်။ (ယခင်ကကျွန်ုပ်သည် 'အဗူဗကရ်' သခင်၏ ချစ်ခင်လေးစားကြည်ညိုမှုကိုတင်ပြခဲ့လေပြီ။)ဤအချိန်၌ဦးနှောက်အေးအေးနှင့် လာ ကာဦးစွာပထမ'နဗီ'တမန်တော်မြတ်၏ရွှေနဖူးတော်ကိုနမ်းရှုပ်တော်မူလေသည်။ထိုနောက်အပြင် သို့ ထွက်လာကာ 'အုမရ်'သခင်အားထိုင်ချလော့ ဟု အမိန့်ပေးလိုက်လေသည်။ ထိုနောက်

'ခွသ်ဗဟ်'တရားစကား ဟောကြားတော်မူလေသည်။ ၎င်း၏အလိုသဘောမှာ အကြင်သူသည် 'မုဟမ္မဒ်'(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)ကို ကိုးကွယ်ဆည်းကပ်ခဲ့၏။ ထိုသို့ ကိုးကွယ်ဆည်းကပ်သည့် 'မုဟမ္မဒ်'(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သခင်သည် ကွယ်လွန်သွားလေပြီ ဖြစ်ကြောင်းကို ကောင်းစွာ မှတ်ယူရပေမည်။ အကြင်သူသည် 'အလ္လာဟ်'အသျှင်မြတ်ကိုသာ ကိုးကွယ်ဆည်းကပ်၏။ 'အလ္လာဟ်'အသျှင်မြတ်သည်မိမိ၏ဂုဏ်တော်နှင့်အညီအစဉ်အမြဲတည်ရှိနေကြောင်း ကောင်းစွာ မှတ်ယူရပေအံ့။ ထိုနောက် အောက်ပါ 'အာယသ်'တော်ကို အဆုံးတိုင် ဖတ်ကြားတော်မူလေသည်။

(ကြည့်-ခမီးစ်ကျမ်း)

وَمَا مُحَمَّدٌ إِلَّا رَسُولٌ قَدْ خَلَتْ مِنْ
قَبْلِهِ الرُّسُلُ.

**အဓိပ္ပါယ်။** ။"မုဟမ္မဒ်"(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သည် ကြီးကဲသည့် 'ရစူလ်'တမန်တော်တပါးသာဖြစ်သည်။ (သေခြင်းတရားမရဏနှင့် မတွေ့ရလေအောင် 'အလ္လာဟ်' အသျှင်မှ မဟုတ်ပေ။) ယုတ်စွအဆုံး အကယ်၍ 'နဗီ'တမန်တော် ကွယ်လွန်သွားသည်ဖြစ်စေ၊ 'ယှဟီးဒ်'ကျဆုံးသွားသည်ဖြစ်စေ၊ ဖြစ်သွားခဲ့သော်၊ သင်တို့သည် နောက်ကြောင်း(ဝါ) (လက်ရှိသာသနာကို စွန့်ပယ်ကြတော့မည်လော) အကယ်၍ အကြင်သူသည် နောက်ကြောင်းပြန်လျှောက်ခဲ့သော်၊ 'အလ္လာဟ်' အသျှင့်အဖို့ ဆုံးရှုံးမှုဟူ၍ အလျှင်းမရှိနိုင်ပေ။ မိမိ၏ ဆုံးရှုံးမှုသာလျှင် ဖြစ်ပေအံ့။ အမှန်တရားသိတတ်သူတို့အား 'အလ္လာဟ်'အသျှင်မြတ်သည် ချက်ခြင်း အကျိုးအပြစ်ပေးတော်မူအံ့။

(ကြည့်-ဗယာနွလ်ကုရ်အာန်ကျမ်း)

**မှတ်ချက်။** ။'အလ္လာဟ်'အသျှင်မြတ်သည် 'နဗီ'တမန်တော်မြတ်၏ အရိုက်အရာကို ဆက်ခံသူ အဖြစ်နှင့် 'ဟဇရသ်အဗူဗက်ရ်' (ရသွေ့ယလ္လာဟုသအာလာအန်ဟူ) သခင်ကိုသာ ရွေးချယ်တော်မူလိုက်ပေသည်။ ဤသည်ကြောင့်ပင် သခင်ကြီး၏ သိက္ခာတော် အနေအထားမှာ ဤသို့ တည်ကြည်လျက်ရှိနေခြင်းပင်တည်း။ ၎င်းအချိန်၌ သခင်ကြီး၏ စွမ်းရည်သတ္တိသည် လည်းကောင်း၊ ဇွဲသတ္တိသည်လည်းကောင်း အပြည့်အဝရှိလှပေသည်။ ယင်းစွမ်းရည် ၂-ပါးသည် အခြားမည်သူ၌မျှ မရှိကြပေ။ ၎င်းအရည်အချင်းများပင်မက အခြားကိစ္စရပ်များ၊ မြေမြှုပ်အပ်နှင်းခြင်းကိစ္စများကို သူ့နေရာနှင့် သူသင့်တင့်အောင်ဆောင်ရွက်တော်မူလေသည်။ ဤသို့ စုံစုံလင်လင် မည်သူမျှမသိရှိကြသေးပေ။

'နမီ'တမန်တော်မြတ်အား အချို့က 'မက္ကဟ်'မြို့တော်၌ မြေမြှုပ်သင်္ဂြိုဟ်ရမည်ဟူ၍လည်းကောင်း၊ အချို့က 'မဒီနဟ်'မြို့တော်၌ မြေမြှုပ်သင်္ဂြိုဟ်ရမည်ဟူ၍ လည်းကောင်း အဆို ကွဲပြားလာကြလေသည်။ 'ဟဇရယ်အဗူဗက်ရ်' သခင်က 'နမီ'တမန်တော်တို့သည် ကွယ်လွန် အသျှင့်အမိန့်တော်ခံယူသည့် နေရာ၌သာ မြေမြှုပ်ရမည်ဟု ကိုယ်တော်မြတ်၏ ဟောကြားချက်ကို မိမိကြားသိထားကြောင်း တင်ပြတော်မူလိုက်လေ၏။ သို့ဖြင့် ကွယ်လွန်အသျှင့်အမိန့်တော်ခံယူသည့်နေရာတွင် တွင်းတူးကြရလေသည်။ ကျွန်ုပ်သည် ကိုယ်တော်မြတ်အထံတော်မှ "ကျွန်ုပ်တို့ (ဝါ) 'နမီ'အပေါင်းတို့၏ အမွေစားအမွေခံဟူ၍မရှိ၊ ကျွန်ုပ်တို့ ချန်ထားသမျှသော ပစ္စည်းဥစ္စာများသည် 'ဆဒ္ဒကဟ်'ဓမ္မဒါနသာဖြစ်သည်"ဟု မိန့်ကြားတော်မူသည်ကိုလည်း နာကြားရပါသည်ဟု ပြန်ကြားတော်မူလေ၏။

ကိုယ်တော်မြတ်က အကြင်သူသည် 'အစ္စလာမ်' သာသနာဝင်တို့၏ အာဏာ အုပ်ချုပ်ရေး ကိုယ်စားကို လေးလေးစားစားမရှိဘဲ၊ ပေါ့ပေါ့ဆဆဖြင့် မထိုက်တန်သူအား ရွေးဆောင်'အမီးရ်' ခန့်အပ်သူအား ကျိန်ဆဲတော်မူခဲ့သည်ဟု ပြန်ကြားတော်မူသည်။ အို–'ကိုရိုက်ရှ်'အမျိုးသားအပေါင်းတို့၊ ဤအကြောင်းနှင့်စပ်လျဉ်း၍ (ဝါ)အာဏာသည် သင်တို့လက်တွင်း၌ရှိသည် စသည်များကို မိန့်ကြားတော်မူလေသည်။

## ၃။ အမျိုးသမီးတယောက်သည် နမီတမန်တော်မြတ်၏ သတင်းဆိုးကိုကြား၍ နေမထိထိုင်မသာဖြစ်ရခြင်း

'အိုဟုဒ်'တိုက်ပွဲ၌ 'မွတ်စ်လင်မ်'သူတော်စင်တို့သည် အလွန့်အလွန် အတိဒုက္ခနှင့် ရင်ဆိုင်ကြရလေသည်။ အတော်များများမှာလည်း 'ယှဟီးဒ်'ဖြစ် ကျဆုံးကြလေသည်။ မြို့တော် 'မဒီနဟ်'၌ ဤကြောက်မက်ဖွယ်ရာ သတင်းဆိုးသည် တမဟုတ်ခြင်း ပြန့်လွင့်နေလေသည်။ အမျိုးသမီးတို့သည် သတင်းမှန်ကိုသိလိုသဖြင့်၊ မိမိတို့နေအိမ်မှထွက်၍ စုံစမ်း ထောက်လှမ်းကြလေသည်။

'အန်ဆာရီ'အမျိုးသမီးတယောက်သည် လူစုတစုကို တွေ့မြင်သောအခါ ပူပန်ကြီးစွာဖြင့် 'နမီ'တမန်တော်၏အခြေအနေကို မေးမြန်းလေသည်။ ၎င်းမှ လူတယောက်က သင်မ၏ဘခင်သည် ကျဆုံးသွားသည်ဟု ပြောလိုက်သော်(အင်နာလစ်လ္လာဟ်)ဖတ်၍ ရှေ့ခရီးဆက်ရာ၊ အခြားတဦးက သင်မ၏ သားတော်မောင် ကျဆုံးကြောင်း၊ အခြားတဦးက သင်မ၏ မောင်အရင်း ကျဆုံးကြောင်း ပြောကြားလာပြန်၏။ မည်သို့ပင်ဖြစ်စေ သူမသည် 'နမီ'တမန်တော်မြတ်၏ အခြေအနေ ကျန်းမာရေးကိုသာ မေးမြန်းနေလေသည်။

လူအများက 'နဗီ'တမန်တော်မြတ်သည် ကျန်းမာစွာရှိကြောင်း၊ ကြွမြန်းလာနေကြောင်း ပြောကြသော်လည်း စိတ်မကျေနပ်သေးပေ။ ကျမကိုပြပါ၊ ကိုယ်တိုင်ကြည့်ပါရစေဟု လျှောက်ထားလေသည်။ လူအများက လက်ညှိုးညွှန်ပြလျက်၊ ထိုလူစုဌ်ရှိသည်ဟုပြောကြားလိုက်သောအခါ၊ ပြေးသွား၍ ကိုယ်တိုင်ကိုယ်ကျ ဖူးမြင်ရှုစား၍ စိတ်အေးချမ်းသာမှုကိုရယူလျက်၊ အို–အသျှင့်တမန်တော်၊ တမန်တော်ကို ဖူးမြင်ပြီးနောက်၊ ဒုက္ခအပေါင်းမှ သက်သာရာ ရရှိပါသည်ဟု လျှောက်ထားလေသည်။

အခြား 'ရဝါယသ်'တော်တပါး၌ 'နဗီ'တမန်တော်မြတ်၏ အင်္ကျီအောက်စကို ကိုင်တွယ်လျက် ကျမ၏ မိဘ ၂-ပါးသည် ကိုယ်တော်မြတ်အဖို့ 'ကုရ်ဗါန်'ဖြစ်ပါစေသား။ ကိုယ်တော်မြတ်ကျန်းမာပကတိ ချမ်းသာစွာရှိနေသမျှကာလပတ်လုံး ကျမသည် မည်သူ၏ ဆုံးရှုံးမှုကိုမျှအရေးမယူ ဂရုမစိုက်နိုင်တော့ပါဟု လျှောက်ထားလေသည်။

(ကြည့်–ခမီးစ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤသို့ အဖြစ်အပျက်မျိုးသည် အမျိုးမျိုးအဖုံဖုံ တွေ့ရှိခဲ့ရလေသည်။ ထိုကြောင့်ပင်၊ သမိုင်းဆရာတို့က အမည်နာမ ဖေါ်ရေးရာ၌ ကွဲပြာခြားနားမှုရှိသည်။ အမှန်မှာ ဤအဖြစ်အပျက်မျိုးဖြင့် အမျိုးသမီးအတော်များများတို့နှင့်ကြုံတွေ့ခဲ့ရလေသည်။

## ၄။ ဟိုဒိုင်ဗီယဟ်၌ အဗူဗက်ရ်သခင်၊ မုဂီရဟ်သခင်နှင့် အခြားအများစုဆဟာဗဟ်သာဝကကြီးတို့၏ လုပ်ဆောင်ချက်များ။

'ဟိုဒိုင်ဗီယဟ်'စစ်ပြေငြိမ်းရေးစာချုပ်သည် 'ဟိဂ်ျရီ' (၆)ခုနှစ်၊ 'ဇီကအ်ဒဟ်' လမြတ်၌ဖြစ်ခဲ့လေသည်။ 'နဗီ' တမန်တော်မြတ်သည် 'ဆဟာဗဟ်' သာဝကကြီးတို့ အုပ်စုကြီးတခုဖြင့် 'အွမ္မရဟ်'ပြုရန် ရည်သန်လူ့ကြွလာတော်မူလေသည်။ 'မက္ကဟ်' မြို့ရှိ 'ကာဖိရ်'တို့သည် ၎င်းသတင်းရလျှင်ရခြင်း အချင်းချင်းဆွေးနွေးကြလေသည်။ 'မွတ်စ်လင်မ်'တို့အား 'မက္ကဟ်' မြို့သို့ဝင်ရောက်ခြင်းမှ ဟန့်တားကြမည်ဟု အဆုံးအဖြတ်ကို အတည်ပြုကြလေသည်။၎င်းအတွက်အလွန်ကြီးလေးသည့် အစီအစဉ်တရပ်ကို ပြင်ဆင်ကြလေသည်။ 'မက္ကဟ်'မြို့တွင်မက အခြားအိမ်နီးချင်းမြို့၊ပြ၊ရပ်၊ရွာ ဒေသမှလည်း အကူအညီကိုရယူကြလေသည်။စစ်သည်အမြောက်အမြားနှင့်တွန်းလှန်ရန် စိုင်းပြင်းနေကြလေသည်။

ကိုယ်တော်မြတ် 'နဗီ'တမန်တော်က 'ဇွလ်ဟူလိုင်ဖဟ်'မှ သူတော်စင်တပါးကိုအခြေအနေလေ့လာရန် စေလွှတ်တော်မူလိုက်လေသည်။ ထိုသူတော်စင်သည် 'မက္ကဟ်'မြို့မှ အခြေအနေကို

လေ့လာသုံးသပ်၍ 'အုတ်စ်ဖါန်'သို့လာ၍ 'နဗီ'တမန်တော်မြတ်နှင့် တွေ့ဆုံရပေမည်။ ထိုသူတော်စင်က အကြောင်းမှန်ကို လာရောက်၍ သံတော်ဦးတင်လေသည်။ ကိုယ်တော်မြတ်က မိမိ၏အကြည်တော်များနှင့် ဆွေးနွေးတော်မူ၏။ ယခုကျွန်ုပ်တို့သည် ရှေ့ဆက်၍ အသို့ဆောင်ရွက်သင့်ကြပါသနည်း။

တနည်းမှာ အပြင်ပမှလာရောက်၍ အကူအညီ ပေးကြကုန်သော သူတို့၏ အိုးအိမ်သို့ သွားရောက်၍ တိုက်ခိုက်ကြစို့။ ၎င်းတို့သည် ယင်းသတင်းကို ရလျှင်ရခြင်း ပြန်သွားကြပေလိမ့်မည်။

အခြားတနည်းကမူ ကျွန်ုပ်တို့သည် တည့်တည့်မတ်မတ်ပြန်သွားကြစို့ဟု နည်းနှစ်နည်းကို ကိုယ်တော်မြတ်က တင်ပြတော်မူလေသည်။ 'ဟဇရသ်အဗူဗက်ရ်'သခင်က လျှောက်ထားတော်မူသည်မှာ၊ အို.... အသျှင့်တမန်တော်၊ ယခုကိုယ်တော်မြတ်သည် အသျှင့်အိမ်တော်ကို ဖူးမျှော်လိုသည့်ဆန္ဒဖြင့် ကြွလာခြင်းသာ ဖြစ်ပါသည်။ စစ်ရေးစစ်ရာ၌ ယှဉ်ပြိုင်ရန် လာရောက်ခြင်းမဟုတ်ပါ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ရှေ့ခရီးဆက်သွားသင့်ပါသည်။ အကယ်၍ကျွန်ုပ်တို့အားအနှောက်အယှက်ပေးလာသည်ဖြစ်စေ၊ တားမြစ်လာသည်ဖြစ်စေ ပြုခဲ့သော် ယှဉ်ပြိုင်ကြပါမည်။ သို့တည်းမဟုတ် အကြောင်းမရှိပါဟု လျှောက်ထားသံတော်ဦးတင်လေသည်။ ကိုယ်တော်မြတ်သည် ၎င်းအကြံပေးချက်ကို လက်ခံတော်မူ၍ ရှေ့သို့ခရီးဆက်တော်မူလေသည်။

'ဟိုဒိုင်ဗီယဟ်'အမည်ရှိနေရာသို့ရောက်ရှိကြသောအခါ "ဗုဒိုင်လ်အိဗ်နု'ဝရ်ကာအ်'ခုဇာအီ" သည် လူတစုနှင့် ရောက်ရှိလာလေသည်။ 'ကာဖိရ်' အပေါင်းတို့သည် ကိုယ်တော်မြတ်အားမည်သည့်နည်းနှင့်မျှ ဝင်ခွင့်ပြုမည်မဟုတ်ကြောင်း၊ စစ်ခင်းရန်စိုင်းပြင်းနေကြကြောင်းပြောကြားလျှောက်ထားလေသည်။

ကိုယ်တော်မြတ်က ငါကိုယ်တော်မြတ်သည် စစ်ခင်းရန်လာရောက်ခြင်း မဟုတ်ကြောင်း၊ 'အွမ်မရဟ်' ပြုရန် ရည်ရွယ်ချက်ဖြင့် လာရောက်ခြင်းဖြစ်ကြောင်း မိန့်ကြားတော်မူလေသည်။ ထို့အပြင် 'ကိုရိုက်ရှ်'တို့သည် နေ့စဉ်ရက်ဆက် စစ်တိုက်ခိုက်ခြင်းဖြင့် နစ်နာဆုံးရှုံးနေရကြောင်း၊ အကယ်စင်စစ်မှာ လုံးဝပျက်သုဉ်းနေပြီဖြစ်ကြောင်း၊ အကယ်၍ သူတို့လက်ခံ သဘောတူမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် သူတို့နှင့်မဟာမိတ်စာချုပ် ချုပ်ဆို၍ တဦးကိုတဦး အန္တရာယ်မပြုပဲ၊ ကျွန်ုပ်သည် အခြားသောသူတို့နှင့် ဆက်သွယ်လိုကြောင်း၊ အကယ်၍သူတို့သည်တနည်းနည်းကိုမျှ လက်ခံခြင်းမရှိခဲ့သော်၊ ငါကိုယ်တော်မြတ်၏ အသက်ဇီဝိန်ကို စိုးပိုင်တော်မူသော အသျှင့်'ကစမ်'၊ 'အစ္စလာမ်'သာသနာ လွှမ်းမိုးလာသည်အထိ တိုက်ခိုက်အံ့၊ စစ်ပွဲကိုဆင်နွှဲတော်မူအံ့၊ ငါကိုယ်တော်မြတ်သည်ပင် ကျဆုံးလျှင် ကျဆုံးစေတော်မူအံ့ဟု မိန့်ကြားတော်မူလိုက်လေသည်။

'ဗုဒ္ဒိုင်လ်'က ကောင်းပါပြီ၊ ကျွန်တော်မျိုးသည် ကိုယ်တော်မြတ်၏ အမိန့်တော်ကို၊ ၎င်းတို့ထံသွားရောက်ပို့ဆောင်ပါရစေဟု လျှောက်ထားလျက် ပြန်သွားကာ အကြောင်းစုံ တင်ပြလေသည်။ သို့ပေမဲ့ 'ကာဖိရ်'အပေါင်းတို့သည် သဘောမတူကြချေ။ ဤသို့ဖြင့်အကြိမ်ကြိမ် သွားလာနေကြလေသည်။

တကြိမ်သောအခါ 'အွရ်ဝဟ်အိဗ်နုမတ်စ်အူးဒ်ဆကဖီ'သည် 'ကာဖိရ်' အပေါင်းတို့၏ ကိုယ်စားလှယ်အဖြစ်နှင့် (၎င်းအချိန်၌၊ ဤသူသည် အစ္စလာမ် သာသနာဝင် မဖြစ်သေးချေ) လာရောက်ခဲ့လေသည်။ ၎င်းအားကိုယ်တော်မြတ်က အထက်ပါနည်းအတိုင်း ဟောကြားတော်မူလေသည်။'အွရ်ဝဟ်'က၊ အို.... 'မုဟမ္မဒ်'(ဝစလ္လာမ်)၊ အကယ်၍သင်သည် အာရဗ်တမျိုးသားလုံးကို ပြုတ်ပြုန်းသွားအောင် လုပ်ချင်နေသော်၊ ဤသို့သောအကြောင်းချင်းရာသည်မဖြစ်နိုင်ပေ။ ဤသို့သင်ကြားဘူးလိမ့်မည် ဟူ၍လည်း ကျွန်ုပ်မယူဆမိပါ။ မည်သူကမျှ အာရဗ်တမျိုးသားလုံးကို အမျိုးပြုတ်စေနိုင်ခဲ့သည်ဟူ၍ သမိုင်းတလျှောက်၌မရှိခဲ့ပေ။

၎င်းနောက် အကယ်၍သင်တို့ အရေးနိမ့်သည်ရှိသော်၊ သတိပြုပါလော့။ သင်နှင့်တပါတည်းရှိနေသူတို့သည် လူဂုဏ်တန်များမဟုတ်ကြပေ။ ဤသူတို့သည် အမျိုးနိမ့်သူ (နအူးဇုဗစ်လ္လာဟ်)များဖြစ်ကြသည်။ အရေးကြုံလျှင် ကိုယ်လွတ်ပြေးကြမည့်သူများသာ ဖြစ်ကြသည်ဟု ပြောကြားလေသည်။ "ဟဇရသ်'အဗူဗက်ရ်ဆိဒ္ဒိ'းက်" သခင်သည် အနား၌ မတ်မတ်ရပ်နေလေသည်။ အထက်ပါစကားရပ်ကိုကြား၍ မခံမရပ်ဖြစ်ကာ စိတ်မာန်ဒေါသဖြစ်လျက်၊ မိန့်ကြားသည်မှာ– "ဟယ်....အယုတ်တမာ 'အွရ်ဝဟ်'၊မင်းသွား၊ မင်းတို့အမြတ်တနိုးထားသည့်'လာသ်'၏ အင်္ဂါဇာတ်ကို လျှာနှင့်လျက်လေလော့၊ ဒို့တတွေက ကိုယ်တော်မြတ်ကို တဦးတည်းချန်ထားကြမည်မဟုတ်၊ ကိုယ်တော်မြတ်ရှိနေပါလျက်၊ ကိုယ်လွတ်ပြေးကြမည့်သူ တို့မဟုတ်ကြောင်း သင်ကောင်းစွာ မှတ်ယူလော့" ဟု ကြမ်းကြမ်းပြောချတော် မူလိုက်လေသည်။

'အွရ်ဝဟ်'က မသိဟန်ဆောင်လျက်၊ ဤသူသည် အဘယ်သူနည်းဟုမေးမြန်းလေသည်။ ကိုယ်တော်မြတ်က ဤသူသည် 'အဗူဗက်ရ်ဆိဒ္ဒိ'းက်'ဟု အဖြေပေးတော်မူလိုက်လေသည်။ ထိုသူသည် 'အဗူဗက်ရ်' သခင်ဖက်သို့ မျက်နှာမူ၍ သင်၏ ကျေးဇူးဟောင်းတရပ်သည် ငါ့အပေါ်၌ ရှိခဲ့လေသည်။

ယင်းကျေးဇူးကို ငါသည်ဆပ်၍ မကုန်နိုင်ပါ။ အကယ်၍ ယင်းကျေးဇူးသာမရှိခဲ့လျှင်၊ ယခုကဲ့သို့ သင်၏ ဆဲရေးတိုင်းထွာခြင်း၏ အကျိုးကို ကောင်းကောင်းကြီး လက်စားချေအံ့ဟု ကြိမ်းမောင်းလိုက်လေသည်။ ထိုနောက်'အွရ်ဝဟ်'သည် ကိုယ်တော်မြတ်ဖက်တော်သို့ လှည့်၍ စကားစမြည်ပြောကြားနေလိုက်လေသည်။ ခြီးကျူးသြဘာပေးစကား ပြောကြားသည့်အခါ၊ အာရဗ်'တို့၏ ထုံးဓလေ့အရ၊ ကိုယ်တော်မြတ်၏ ပသိုင်းမွေးကို ကိုင်သခြင်းပြုလာသည်ပင်

'ဆဟာဗဟ်'အပေါင်းတို့သည် မခံမရပ်နိုင်ဖြစ်နေကြသည်။ 'အွရ်ဝဟ်'၏ တူတော်မောင်အရင်းအချာဖြစ်သူ ''ဟဇရသ်မုဂီရဟ်'အိဗ်'နုယျုအ်ဗဟ်'' သခင်လည်း စစ်ဝတ်တန်းဆာဆင်မြန်းလျက် အနီးအနားတနေရာ၌ မတ်မတ်ရပ်နေလေသည်။

အချင်းအရာကို မြင်တွေ့ရသောအခါ၊ လက်သုံးတော်ဓါးရှည်ရိုးဖြင့် 'အွရ်ဝဟ်'၏ လက်ကို (ခတ်ဆဆ)ရိုက်ကာ၊ လက်ကိုအောက်ချပါဟု ပြောလေ၏။ 'အွရ်ဝဟ်'က (မသိဟန်ဆောင်လျက်)ကိုယ်တော်မြတ်အား သူဘယ်သူလဲဟုမေးမြန်းလေ၏။ ကိုယ်တော်မြတ်က ''မုဂီရဟ်'အိဗ်'နုယျုအ်ဗဟ်''ဟု အဖြေပေးတော်မူလိုက်သဖြင့်၊ အွရ်ဝဟ်က၊ အို....အယုတ္တမာ၊ မင်း၏ ကျေးဇူးကန်းမှုကို ငါယခုတွေ့မြင်ရလေပြီ။ ''ဟဇရသ်မုဂီရဟ်'အိဗ်'နုယျုအ်ဗဟ်'' သခင်သည် အစ္စလာမ်သာသနာတော်မဝင်က 'ကာဖိရ်'အချို့ကို သတ်ဖြတ်ဘူးလေသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ လျော်ကြေးငွေကို 'အွရ်ဝဟ်'က တာဝန်ယူပေးဆပ်ခဲ့ရသည်ကို ရည်ရွယ်၍ပြောကြားခြင်းဖြစ်ပေသည်။ အကျဉ်းအားဖြင့် ဖေါ်ပြရသော်၊ 'အွရ်ဝဟ်'သည် 'နဗီ'တမန်တော်မြတ်နှင့် အချိန်ကြာမြင့်စွာ စကားစမြည်ပြောလျက်၊ တစေ့တစောင်း 'နဗီ' တမန်တော်မြတ်၏ အဆွေတော်တို့၏ အခြေအနေကိုလည်း လေ့လာသုံးသပ်နေခြင်းဖြစ်ပေသည်။

နောက်ဆုံး မိမိရောင်းရင်းအပေါင်းအသင်းတို့ထံ ပြန်သွား၍၊ အို....ရောင်းရင်း အပေါင်းအသင်းတို့၊ 'ကိုရိုက်ရှ်'အပေါင်းတို့၊ ကျွန်ုပ်သည် 'အီသီယိုပီးယား'၊ 'အီတလီ''အီရာန်'စသည့် နိုင်ငံအသီးသီးရှိ ဘုရင်မင်းတို့ထံသို့ ဝင်ရောက်ခစားဘူးခဲ့ပါသည်။ မင်းချင်းအပေါင်းတို့အနေနှင့် ဘုရင်မင်းတို့အားအလေးပေးရိုသေသမှုကိုလည်းလေ့လာသုံးသပ်ခဲ့ပါသည်။အသျှင့်'ကစမ်'မုဟမ္မဒ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)၏အဆွေတော်တို့သည်'မုဟမ္မဒ်'(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) အား ချစ်ခင်ကြည်ညိုလေးစားမြတ်နိုးကြသည့်အလား၊ မည်သည့် မင်းချင်း မင်းရပ်ကိုမျှ မတွေ့မြင်ခဲ့ဘူးသေးပါ။(ဝါ) မုဟမ္မဒ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)၏ အဆွေတော်တို့သည် မုဟမ္မဒ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)အား လေးစားချစ်ခင်မြတ်နိုးကြပုံကိုမမြင်ဘူးပါ။ပမာပြရလျှင်၊ အကယ်၍ မုဟမ္မဒ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)တံထွေးထွေးခဲ့သည်ရှိသော်၊မိမိလက်ဖြန့်ခံယူ၍ ၎င်းကို မိမိကိုယ်နှင့်မျက်နှာပေါ်သုတ်လိမ်းလေ့ရှိကြသည်။

အမိန့်ဩဝါဒကို သူထက်ငါအလျင်ဦးထိပ်ပန်ဆင်ရန် တိုးဝှေ့လျက်စောင့်နေကြသည်။ ဝုဇူပြုပြီးကျရေကို မြေမခစေဘဲ လုယက်ယူ၍ ဝေငှကာ မိမိကိုယ်ခန္ဓာကို လိမ်းကျံလေ့ရှိကြသည်။ အကယ်၍ ကျသွားပြီးမရလျှင်၊ အခြားသူ၏ စိုနေသည့်လက်ကို ထိကပ်၍ တရိုတသေ မိမိမျက်နှာပေါ်သို့ လိမ်းကျံလေ့ရှိကြသည်။ စကားပြောကြသည့်အခါမှာလည်း အသံနှိမ့်၍ တိုးတိုးသက်သာစွာ ပြောကြား၍ အသံကျယ်လောင်စွာ ပြောခြင်းကိုရှောင်ကြဉ်ကြလေ့ရှိသည်။

ရှေ့မျက်နှာတော်ကို မော့၍မကြည့်ရဲကြပေ။ အကယ်၍မုဟမ္မဒ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)၏ ဆံတော်သည်လည်းကောင်း၊ ပါးသိုင်းမွေးသော်လည်းကောင်း၊ ကျွတ်ကျနေလျှင်၊

ယင်းကိုတရိုကသေသိုသိမ်းထားကြလေ့ရှိသည်။ အချုပ်အားဖြင့် ကျွန်ုပ်သည် မည်သည့်ပရိသတ်ကိုမျှ မိမိအရှင်သခင်အား ဤမျှချစ်ခင်လေးစားမြတ်နိုးကြသည်ကို မတွေ့မြင်၊ မကြုံဘူးသေးကြောင်းပြောကြားလေသည်။

'အွရ်ဝဟ်' မလာရောက်မီ၊ 'နဗီ'တမန်တော်မြတ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)သည် 'ကာဖိရ်'အပေါင်းတို့၏ အကြည်ညိုအလေးစားခံရသည့် ပုဂ္ဂိုလ်'ဟဇရသ်အွတ်ဆ်မာန်'သခင်ကို မိမိ၏ သံတမန်အဖြစ်နှင့် 'မက္ကဟ်'မြို့ရှိ'ကာဖိရ်'အပေါင်းတို့၏ ခေါင်းဆောင်တို့ထံ စေလွှတ်တော်မူခဲ့လေသည်။ ၎င်းတို့ကြည်ညိုလေးစားလှသည့် ပုဂ္ဂိုလ်ဖြစ်သဖြင့်၊ စိုးရိမ်ကြောင့်ကြစရာလည်း မရှိခဲ့ပေ။

ထို့ကြောင့်'ဟဇရသ်အွတ်ဆ်မာန်'(ရသွေ့)သခင်ကို စေလွှတ်ရန် ရွေးချယ်ခြင်းဖြစ်ပေသည်။ သာဝကကြီး ကြွမြန်းသွားသောအခါ၊ အချို့သာဝကတို့သည် အားကျမိကြသည်။ 'အွတ်ဆ်မာန်'သခင်တော့ 'ကအ်ဗဟ်'ကျောင်းတော်ကို 'သွဝါဖ်'ကောင်းကောင်း လှည့်ပတ်နေမှာဘဲဟု ပြောကြလေသည်။ 'နဗီ'တမန်တော်မြတ်က 'အွတ်ဆ်မာန်'သည် ငါကိုယ်တော်မြတ်မပါဘဲ 'ကအ်ဗဟ်'ကျောင်းတော်ကို'သွဝါဖ်'လှည့်ပတ်လိမ့်မည်ဟု မမျှော်လင့်ကြောင်း မိန့်ကြားတော်မူလေသည်။

"ဟဇရသ်အွတ်ဆ်မာန်" သခင်သည် 'မက္ကဟ်' မြို့တော်သို့ ဝင်ရောက်သောအခါ၊ "အဗါန်အိဗ်နုစအီးဒ်"က တာဝန်ယူခိုလှုံခွင့်ပြုလိုက်လေသည်။ သာဝကကြီးအား စိတ်တိုင်းကျသွားလာနေထိုင်လော့၊ အဆွေတော်အား မည်သူတဦးတယောက်မျှ အနှောင့်အယှက်ပြုကြလိမ့်မည်မဟုတ်၊ မိမိက အလုံးစုံတာဝန်ယူသည်ဟု ကတိဝန်ခံလေသည်။ 'ဟဇရသ်အွတ်ဆ်မာန်' သခင်သည် မိမိ၏တာဝန်အရ၊ မြို့တော်'မက္ကဟ်'၏ မြို့မျက်နှာဖုံးဖြစ်ကြသော အဗူစွဖ်ယာန်' စသည့် ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ကိုယ်တော်မြတ်၏ မိန့်မှာချက်များကို တင်ပြဆွေးနွေးကြလေသည်။ အပြန်တွင် 'ကာဖိရ်'(အချို့)က မင်း'မက္ကဟ်'မြို့သို့ ရောက်နေပြီဟာ၊ မထူးတော့ဘူး 'ကအ်ဗဟ်'ကျောင်းကို 'သွဝါဖ်'လှည့်ပတ်ပြန်ပေါ့ဟု ပြောသောအခါ၊ မင်းတို့က 'နဗီ'တမန်တော်မြတ်ကိုမူ ဟန့်တား၍ ငါ့ကိုမူ ခွင့်ပြုကြသည်မှာ မှုမမှန်သည့်လုပ်ငန်းတရပ်ဖြစ်ကြောင်းပြောကြားတော်မူလိုက်လေသည်။

ယင်းအဖြေကို ကြားရသဖြင့်၊ 'အာရဗ်'တို့သည် မခံမရပ်ဖြစ်ကာ 'ဟဇရသ်အွတ်ဆ်မာန်' သခင်ကို ပြန်ခွင့်ပင်မပြုကြတော့ပေ။ ယင်းအကြောင်းကို အခြေခံ၍ 'ဟဇရသ်အွတ်ဆ်မာန်'သခင်ကို 'ကာဖိရ်'တို့က 'ယှဟီးဒ်'ပြုလိုက်သည်ဟု ကောလဟာလမမှန်သတင်း ဖြစ်ပေါ်လာလေသည်။ 'နဗီ'တမန်တော်မြတ်သည် ပေါ်ပြူပါသတင်းကို ကြားသိရသဖြင့် မရှုစိတ်ဖြစ်မိကာ၊ အဆွေတော်တို့သည် တဦးတယောက်တည်း ကျန်နေစေကာမူ အောင်လံမလှဲတမ်းဆိုသည့် သစ္စာ

အခိဋ္ဌာန်ကတိဝန်ခံစေတော်မူလေသည်။ ဤသတင်းကို 'ကာဖိရ်'အပေါင်းတို့သည် ကြားသိသဖြင့်၊ စိုးရိမ်ကြီးစွာဖြင့် 'ဟဇရသ်အွတ်ဆ်မာန်'သခင်အား ချက်ခြင်းပြန်လွှတ်လိုက်ကြလေသည်။

(ကြည့်—ခမီးစ်ကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤအကြောင်းချင်းရာ၌"ဟဇရသ်အဗူဗက်ရ်ဆိဒ္ဒီးက်"သခင်၏ မိန့်ကြားချက်သည်လည်းကောင်း၊ 'ဟဇရသ်မုဂီရဟ်' သခင်၏ ရိုက်နှက်ခြင်းသည်လည်းကောင်း၊ အခြားအခြားသော 'ဆဟာဗဟ်'တို့၏ အမူအရာကိုလည်းကောင်း 'အွရ်ဝဟ်'က နီးကပ်စွာ လေ့လာသုံးသပ်နေခြင်းဖြစ်သည်။ တဖန် 'ဟဇရသ်အွတ်ဆ်မာန်'သခင်က 'သွဝါဖ်'ပြုလုပ်ခြင်းမှ ငြင်းဆန်လိုက်ခြင်း၊ အကြောင်းချင်းရာအားလုံးမှာ 'နဗီ'တမန်တော်မြတ်အား အတိုင်းမသိ ချစ်ခင် မြတ်နိုးကြောင်းသာကေဖြစ်ပေသည်။

အထက်၌ 'နဗီ' တမန်တော်မြတ်က မိမိအဆွေတော်တို့အား သစ္စာအခိဋ္ဌာန်ပြုစေခဲ့သည်ကို 'ဗိုင်အသ်ရိဇ်ဝါန်'၊ဗိုင်အသ်ယှဂ်ျရဟ်' ဟူ၍သမုတ်တော်မူခဲ့ပါသည်။အမည်မှည့်ခဲ့ပါသည်။ကျမ်းမြတ်'ကုရ်အာန်' ၌လည်း ဤ အကြောင်း ပါရှိပေသည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိကျမ်းတော်၏ 'စူရဟ်ဖသ်ဟ်' ကဏ္ဍ၌'အာယသ်'တော်

لَقَدْ رَضِيَ اللّٰهُ عَنِ الْمُؤْمِنِيْنَ، الآية

ဟု ဖော်ပြထားပါသည်။'အာယသ်'တော် အစအဆုံးနှင့် အနက် အဓိပ္ပါယ်ကို ရှေ့စာအုပ်ဆုံးခဏ်း၌ ဖော်ပြပါမည်။

**၅။ ဟဇရသ်အဗ်ဒွလ္လာဟ်အိဗ်နုဇူဗိုင်းရ်သခင်သည် နဗီတမန်တော်မြတ်၏ သွေးတော်ကို မြေမခစေဘဲ သောက်သုံးလိုက်ခြင်း။**

အခါတပါး၌'နဗီ'တမန်တော်မြတ်သည် မိမိဇက်ပိုးမှ သွေးထုတ်စေ၍ 'ဟဇရသ်အဗ်ဒွလ္လာဟ်' အိဗ်နု'ဇူဗိုင်းရ်'(ရသွေ့)သခင်အား စွန့်ပစ်စေတော်မူခဲ့၏။ 'အဗ်ဒွလ္လာဟ်' (ရသွေ့) သခင်သည် ၎င်းသွေးကို ဆောင်ယူသွား၍ ပြန်လာကာ မိမိစွန့်ပစ်ခဲ့ကြောင်း လျှောက်ထားလေ

သည်။ ကိုယ်တော်မြတ်က ဘယ်အနားမှာ စွန့်ပစ်ခဲ့လေသနည်းဟု မေးမြန်းတော်မူရာ၊ကျွန်တော်မျိုး (စွန့်ပစ်ရန် သင့်ရာနေရာမမြင်သဖြင့်) သောက်သုံးလိုက်ပါသည်ဟု ဖြေကြားလိုက်လေသော်၊ ကိုယ်တော်မြတ်က "အကြင်သူ၏ ခန္ဓာကိုယ်၌ ငါကိုယ်တော်မြတ်၏သွေး ဝင်စိမ့်နေသည်ရှိသော်၊ထိုသူအား 'ဂျဟန္နမ်' ငရဲမီးသည် ထိတွေ့ခြင်းငှါ မတတ်စွမ်းနိုင်ပေ။ သို့ပေမဲ့ လူအများစုတစုသည် သင့်အား ပျက်စီးစေအံ့၊ သင်သည်လည်း အများကို ပျက်စီးစေပေအံ့"ဟု မိန့်ကြားတော်မူ၏။ (ကြည့်–ခမီးစ်ကျမ်း)

'နဗီ'တမန်တော်မြတ်၏စွန့်ပစ်ရာများ၊ကျင်ကြီးကျင်ငယ်စသည်များသည် အားလုံးသန့်ရှင်း စင်ကြယ်မှုရှိလှပေသည်။ ထို့ကြောင့် ၎င်းအရာ၌ သံသယဟူ၍မရှိနိုင်ပေ။ ကိုယ်တော်မြတ်၏ကျမ်းမိန့်ခွန်းသဘောမှာ ပျက်စီးခြင်းသည်သာဖြစ်သည်။ အိုလမာ–'အစ္စလာမ်' သာသနာ့ပညာရှင်တို့၏ အဆိုအရ၊ စိုးမိုးအုပ်ချုပ်မှုဖက်သို့ ညွှန်ကြားချက်ဖြစ်သည်။ စိုးမိုးမှုဖြစ်အံ့၊ ၎င်း၌ အနှောက်အယှက်ဖြစ်ပေအံ့ဟူ၏။ အကယ်ပင် "ဟဇရသ်အဗ်ဒွလ္လာဟ်'အိဗ်နဲ'ဇူဗိုင်းရ်" သခင်ဖွါးမြင်စဉ်ကလည်း 'နဗီ'တမန်တော်မြတ်သည် ၎င်းဖက်သို့ ညွှန်ပြဟောကြားတော်မူခဲ့လေသည်။ ဝံပုလွေများအနက်၊ဝံပုလွေတကောင်ဖြစ်သည်။ အကြင်ဝံပုလွေများသည် ဝတ်စားတန်းဆာ ဆင်မြန်းလျက်ရှိကြပေအံ့။အမှန်ပင်'ဇိုင်းဒ်'နှင့်'အဗ်ဒွလ်မာလိက်'တို့နှင့် 'အဗ်ဒွလ္လာဟ်အိဗ်နဇူဗိုင်းရ်'သခင်သည် အကြီးအကျယ်စစ်ခင်းခဲ့ရလေသည်။နောက်ဆုံးမှ 'ယှဟီးဒ်' အဖြစ်သို့ရောက်ရလေသတည်း။

## ၆။ အဗူအိုဗိုင်ဒဟ်သခင်သည် နဗီတမန်တော်မြတ်၏ သွေးတော်ကိုသောက်သုံးလိုက်ခြင်း။

'အိုဟုဒ်'တိုက်ပွဲ၌ 'နဗီ'တမန်တော်မြတ်၏ ရွှေမျက်နှာတော်၊သို့မဟုတ် ဦးခေါင်းတော်၌ သံခမောက်အစ ၂–ခုသည်စူးဝင်သွားလေသော်၊'ဟဇရသ်အဗူဗက်ရ်'သခင်သည်ရှေ့သို့ပြေးလာလေသည်။ အခြားတဖက်မှ 'ဟဇရသ်အဗူအိုဗိုင်ဒဟ်'သခင်သည် ရှေ့သို့ပြေးလာ၍ သံခမောက်စကို သွားဖြင့်ကိုက်ဆွဲ နှုတ်ပစ်လေသည်။သို့ဖြင့်အဗူအိုဗိုင်ဒဟ်'သခင်၏ သွားတချောင်း ကျိုးသွားသည်ကိုပင် ဂရုမစိုက်ရုံမက၊ ဒုတိယသံခမောက်စကိုပါ အခြားသွားဖြင့် ကိုက်ဆွဲသဖြင့် နောက်သွားတချောင်း ထပ်ကျိုးသွားလေသည်။ထိုသံခမောက်စများ ထွက်သွားသဖြင့်၊ ကိုယ်တော်မြတ်၏ ခန္ဓာကိုယ်မှ သွေးများ ယိုစီးထွက်လာလေတော့သည်။ ထိုအခါ 'ဟဇရသ်အဗူစအိဒ်ခုဒ္ဒရီ'(ရသွေ့)သခင်၏ဖခင်'ဟဇရသ်မာလိက်အိဗ်နုစနာန်'သခင်သည် မိမိနှုတ်ခမ်းဖြင့် စုတ်ယူကာ မျိုချလိုက်သော်၊ထိုသူအား'ဂျဟန္နမ်'မီးသည် မလောင်ကျွမ်းနိုင်အံ့ဟု ဟောကြားတော်မူ၏။

(ကြည့်–ကုရ်ရသွလ်အုယူးန်ကျမ်း)

## ၇။ ဟာဇရသ်ဇုိင်းဒ်သခင်သည် မိမိဖခင်နှင့်ဘထွေးတို့အား ပြန်လွှတ်လိုက်ခြင်း။

"ဟာဇရသ်ဇိုင်းဒ်အိဗ်နု'ဟာရိဆဟ်"သခင်သည်အမှောင်ခေတ်က မိခင်နှင့်အတူ၊ အမိသားချင်းများထံ သွားနေကြစဉ်'ကိုင်းစ်'မျိုးနွယ်ဝင်တို့က ခရီးသည်တို့အား လုယက် တိုက်ခိုက်ကြလေသည်။ခရီးသည်များတွင် ဇိုင်းဒ်' သခင်လည်းတဦး အပါအဝင်ဖြစ်လေသည်။ သခင်ကိုငင်းတို့သည်'မက္ကဟ်'မြို့ရှိ ဈေးကွက်သို့ ဆောင်ကြဉ်းလာ၍လေလံတင်ရောင်းချလေ၏။ 'ဟာဇရသ်ဟာကီးမ်အိဗ်နုဟိဇာမ်'သခင်သည်ဝယ်ယူ၍ မိမိ၏အရီးတော်'ဟာဇရသ်ခဒီဂျဟ်'သခင်မအား ပေးအပ်လိုက်လေသည်။'ခဒီဂျဟ်'သခင်မသည် 'နဗီ'တမန်တော်မြတ်နှင့် ထိမ်းမြား ဆောင်နှင်းပြီးနောက်၊ သခင်မက'ဇိုင်းဒ်'သခင်အား ကိုယ်တော်မြတ်ထံ အပ်နှင်းလိုက်တော်မူလေသည်။

'ဟာဇရသ်'ဇိုင်းဒ်'သခင်၏ ဖခင်ဖြစ်သူသည် သားတော်မောင် ပျောက်ဆုံး နေသဖြင့် စိတ်ဒုက္ခရောက်နေရရှာလေသည်။ သားသမီး၏ ချစ်ခြင်းမေတ္တာသည် သဘာဝပင်မဟုတ်ပါလော။သားတော်မောင်အတွက် ငိုကြွေးလျက် ကဗျာလင်္ကာဖြင့် အောက်ပါအနက် ဆောင်သည့် ကဗျာကိုဖတ်လေ့ရှိသည်။ ကျွန်ုပ်သည် 'ဇိုင်းဒ်'ကို တသလျက် ငိုကြွေးနေရပါသည်။ ၎င်းသည် ရှိသသည်၊ ရှင်သည်ကိုလည်း မသိရသေးပါ။ သေမင်းကသူ့ကို ချိုးနှိမ်လိုက်ဟန် တူပေသည်။ အို-'ဇိုင်းဒ်'၊ အသျှင့်'ကစမ်' ငါသည် ပထဝီမြေနုက သင့်ကိုဖျက်ဆီးလိုက်ပြီဟု ထင်မြင် ယူဆမိသည်။အကယ်စင်စစ် သင်သည်မိမိဘဝ သက်တမ်းတလျှောက်၌ တနေ့နေ့ပြန်လာမည် ဆိုသည်ကို သိလိုလှပါသည်။ငါ၏ အကြီးဆုံးသောဆန္ဒသည်ကား သင်ပြန်လာခြင်းသာ ဖြစ်ပေသည်။ ငါသည်အခါခပ်သိမ်း နေ့ပူမရှောင်မိုးရွာမရှောင် သင့်ကိုသာတမ်းတပူဆွေးနေမိသည်။ ၎င်းအား တမ်းတပူဆွေးခြင်းသည် အဘယ်မျှအချိန်ကြာမြင့်ခဲ့လေသနည်း။ ၎င်းကိုရှာဖွေရန်လောကစကြာဝဠာတခွင်လုံး၌ အပြေးလျှင်မြန် ဖြတ်လတ်သည့်ကုလားအုတ်ကိုအသုံးပြုပါအံ့၊ ယင်းလုပ်ငန်းကို ဆောင်ရာ၌ စိတ်ငြီးငွေ့လိမ့်မည်မဟုတ်ပါ။ ကုလားအုတ်သည် ခရီးပမ်းလျှင်ပမ်းချေမည်။ငါသည်ကား မမောပမ်းသည်ဟူ၍ ဖြစ်နိုင်မည်မဟုတ် ငါသည်မိမိ၏ကျန်ရှိနေသေးသည့် ဘဝသက်တမ်းကို သေသည့်အထိရှာဖွေသွားတော့မည်တမ်းတနေရှာလေမည်။ တူသားတို့သည် မည်ရွေ့မည်မျှပင်ရည်မှန်းထားစေကာမူ သေခြင်းတရားသည် အရာခပ်သိမ်းတို့ကို ယိုယွင်းပျက်စီးစေသော သူသာတည်း။

ကျွန်ုပ်သည် မသေမီ အဘယ်သူ အဘယ်ဝါများနှင့် သားစဉ်မြေးဆက်တို့အား မှာကြားပေအံ့။ ၎င်းတို့သည်လည်း သင့်အား ငါကဲ့သို့ ရှာပုံတော်ထွက်ကြပေအံ့။ အချုပ်အားဖြင့် ဤအထက်ပါကဗျာကို ရွတ်ဖတ်၍ ငိုကြွေးလျက် ရှာပုံတော်ထွက်လေ့ရှိသည်။

အကြောင်းအားလျော်စွာ၊ ၎င်း၏သားချင်းများအနက်မှ အချို့သည် 'မက္ကဟ်'မြို့သို့ 'ဟဂျ်'ပြုရန်သွားကြလေရာ၊ ၎င်းတို့သည် 'ဇိုင်းဒ်'အား ကောင်းစွာမှတ်မိကြသဖြင့်၊ တွေ့ဆုံကာ

သခင်၏ အဖြစ်အပျက်အခြေအနေ အကြောင်းစုံကို ပြောပြကြလေသည်။ 'ဇိုင်းဒ်'သခင်က ၎င်းအား ကဗျာ(၃)ပိုဒ်ရေး၍ ပါးလိုက်လေသည်။ ၎င်း၏အလိုသဘောမှာ ဤသို့တည်း။ ကျွန်ုပ်သည် 'မက္ကာ'မြို့တော်၌ အေးချမ်းသာယာ ကျန်းမာလျက်ရှိပါသည်။ ပူပင်သောက မရှိပါနှင့်။ ကျွန်ုပ်သည် အလွန်မွန်မြတ်လှသည့် ပုဂ္ဂိုလ်တဦး၏ တပါးကျွန် ဖြစ်နေရပါသည် ဟူ၏။

ထိုသူတို့သည် မိမိတို့ရပ်ထံသို့ပြန်သွား၍ 'ဇိုင်းဒ်'သခင်၏ အကြောင်းစုံကို သူ့ဖခင်အား ပြောကြားရုံတင်မက၊ ကဗျာအပိုဒ်ကိုပင်ဖတ်ကြား၍ လိပ်စာအပြည့်အစုံကို ပြောကြလေသည်။ 'ဇိုင်းဒ်'သခင်၏ဖခင်နှင့် ဘထွေးတော်တို့သည် ကိုယ်ငွေကြေးယူ၍ ကျွန်ဘဝမှလွတ်မြောက်စေရန် ရည်ရွယ်ပြီး 'မက္ကာ'မြို့သို့ ရောက်ရှိလာလေသည်။ စုံစမ်းမေးမြန်း၍ 'နဗီ'တမန်တော်မြတ်အပါး တော်သို့ ဝင်ရောက်ခါ၊ အို-'ဟာရှင်မ်'အနွယ်ဝင်၊ မိမိအနွယ်ဝင်တို့၏ မကိုဋ္ဌသဖူခေါင်းဆောင် ကြီး၊ လူကြီးမင်းတို့သည် 'ဟရမ်'မြင့်မြတ်သည့်နယ်မြေ၌ မှီတင်းနေထိုင်သူများ ဖြစ်ကြသည်။ အသျှင့်အိမ်တော်၏ ချဉ်းကပ်မှုကို ရယူထားသူများဖြစ်ကြပေသည်။ လူကြီးမင်းတို့သည် စစ်သုံ့ ပန်းများကိုပင် လွတ်ငြိမ်းချမ်းသာခွင့် ပေးလေ့ရှိကြသည်။ ငတ်မွတ်ခေါင်းပါးသူတို့အား ကျွေးမွေးစောင့်ရှောက်လေ့ရှိကြပါသည်။

ကျွန်တော်မျိုးတို့သည် လူကြီးမင်းထံသို့ မိမိ၏သားမောင်အား ရယူလိုသဖြင့်၊ လာရောက် ရခြင်းဖြစ်ပါသည်။ ကျွန်တော်မျိုးတို့အား သက်ညှာသောအားဖြင့်၊ ကရုဏာတရားရှေ့ထား၍ ငွေကြေးကိုယူကာ သားတော်မောင်အား လွတ်ငြိမ်းခွင့်ပြုတော်မူပါ။ ယခင်ငွေကြေးထက် ပို၍ယူပါဟု လျှောက်ထား အသနားခံလေသည်။

ကိုယ်တော်မြတ်က နားမရှင်းတော်မူသဖြင့်၊ ထပ်ဆင့်မေးမြန်းတော်မူသေး၏။ 'ဇိုင်းဒ်' အား ပြန်လည်ရယူလိုသဖြင့်၊ ကျွန်တော်မျိုးတို့ လာရောက်ရခြင်းဖြစ်ပါသည်ဟု လျှောက်ထား လေ၏။ ကိုယ်တော်မြတ်က ကောင်းပြီ၊ ဒါဘဲလား။ ၎င်းတို့က မှန်လှပါ၊ ဤအကြောင်းတရပ် တည်းသာရှိကြောင်းပါ ဟူ၏။ ကိုယ်တော်မြတ်က သူ့ကို ခေါ်ယူမေးမြန်းလော့။ အကယ်၍ သူက အသင်တို့နှင့် လိုက်ပါလိုသော်၊ ငွေကြေးကိုမယူဘဲ သင်တို့အတွက် မေတ္တာလက်ဆောင် ဖြစ်စေအံ့။ အကယ်၍ သူက မလိုက်ပါလိုသော်၊ ငါကိုယ်တော်မြတ်သည် ဤသို့သောသူအား နှိမ်လိုစိတ်ထားခြင်းငှါ မတတ်စွမ်းနိုင်ချေ။ ထိုသူတို့က ကျေးဇူးတင်လျက်၊ ကိုယ်တော်မြတ်သည် ထိုက်သင့်သည်ထက် ပို၍ လိုက်လျောတော်မူလှပါသည်ဟု ပြောလေသည်။ ဤအမိန့် ဩဝါဒ တော်ကို ဝမ်းပန်းတသာ လက်ခံကြလေသည်။

ကိုယ်တော်မြတ်က 'ဟဇရတ်ဇိုင်းဒ်'သခင်အားခေါ်၍ သင်သည် ဤသူ ၂-ဦးကို မှတ်မိပါ သလောဟု မေးမြန်းတော်မူလိုက်လေ၏။ 'ဇိုင်းဒ်'သခင်က မှန်လှပါ၊ ဤပုဂ္ဂိုလ်မှာ ကျွန်တော်

မျိုး၏ဖခင် ကျေးဇူးရှင်ဖြစ်၍၊ ထိုပုဂ္ဂိုလ်မှာ ကျွန်တော်မျိုး၏ ကျာကျာ (ဘထွေးတော်)ဖြစ်ပါသည်ဟု လျှောက်ထားပြန်ကြားလေသည်။ ကိုယ်တော်မြတ်က သင်သည် ငါကိုယ်တော်မြတ်အကြောင်းကို ကောင်းစွာသိထားသူဖြစ်သည်။ ယခုမူကား သင်သည် ငါကိုယ်တော်မြတ်နှင့် အတူနေလိုက ဆက်လက်နေနိုင်သည်။ သို့တည်းမဟုတ် ဖခင်၊ ဘထွေးတော် (ကျာကျာ)တို့နှင့် အတူလိုက်ပါလိုပါကလည်း ငါကိုယ်တော်မြတ်က သာသာကြည်ကြည်နှင့် ခွင့်ပြုတော်မူအံ့ဟု မိန့်ကြားတော်မူလိုက်လေသည်။

(ထိုအခါ) 'ဇိုင်းဒ်'သခင်က ကျွန်တော်မျိုးသည် ကိုယ်တော်မြတ်နေရာတွင် အခြားအစားထိုး၍ မဖြစ်နိုင်ပါ။ ကိုယ်တော်မြတ်သည် ကျွန်တော်မျိုးအဖို့ ဖခင်နေရာမှာသော်လည်းကောင်း၊ ဘထွေးတော်နေရာမှာသော်လည်း ကောင်း အကျုံးဝင်နေပါသည်ဟု ပြန်လည်လျှောက်ထားလေသည်။ (ထိုအခါ) ဖခင်နှင့် ဘထွေးတော်တို့က 'ဇိုင်းဒ်'၊ သင်သည် သူကောင်းဘဝကိုစွန့်၍ ကျွန်ဘဝကို ဦးစားပေးနေပါသလောဟု ပြောကြလေသည်။ (တဖန်) 'ဇိုင်းဒ်'က ဟုတ်ကဲ့၊ ကျွန်ုပ်သည် ဤပုဂ္ဂိုလ်၊ (ကိုယ်တော်မြတ်ဘက်သို့ညွှန်ပြလျက်) ဤရွှေ့ဤမျှသော အကြောင်းအကျိုးကို မြင်တွေ့ထားပါသဖြင့်၊ ဤပုဂ္ဂိုလ်နှင့်ယှဉ်လာလျှင်၊ မည်သူမည်ဝါ မည်သည့်ပစ္စည်းကိုမျှ အစားထိုး ဖြည့်တင်း၍မဖြစ်နိုင်ပါဟု ပြန်လည်ပြောကြားလိုက်လေသည်။ (ထိုအခါ) 'နဗီ'တမန်တော်မြတ်ကခေါ်၍ မိမိရင်ခွင်၌ပွေ့ဖက်ကာ၊ ငါကိုယ်တော်မြတ်သည် ဤသူကလေးအား သားအမှတ် မွေးစားလိုက်သည်ဟု မိန့်ကြားတော်မူလေသော်၊ ဖခင်နှင့် ဘထွေးတော်တို့လည်း အဖြစ်အပျက်ကိုရှုမြင်ကာ ဝမ်းသာအားရဖြစ်လျက် ပြန်သွားကြလေသည်။ (ကြည့်–ခမီးစ်ကျမ်း)

'ဟဇရသ်ဇိုင်းဒ်'(ရသွေ့ယလ္လာဟုသအာလာအန်ဟူ)သခင်သည် ထိုအချိန်က ငယ်ရွယ်စဉ်ကလေးဘဝပင် ရှိနေသေးသည်။ ငယ်ရွယ်စဉ် ကလေးဘဝ၌ ဆွေမျိုးသားချင်း မိဘများကို စွန့်ပယ်၍ ကျွန်ဘဝကို ဦးစားပေးခြင်းဖြင့်၊ 'နဗီ'တမန်တော်မြတ်အား အဘယ်မျှ ချစ်ခင်မြတ်နိုးနေသည်ကို အထူးဖေါ်ပြရန် လိုတော့မည်မဟုတ်ပေ။

## ၈။ အိုဟုဒ်တိုက်ပွဲ၌ ဟဇရသ်အနပ်စ်အိဗ်နုနသ္ဒရ်သခင်၏ စွမ်းဆောင်ချက်

'အိုဟုဒ်'တိုက်ပွဲ၌ 'အစ္စလာမ်' သာသနာဝင်အပေါင်းတို့သည် အရေးနိမ့် အခြေမလှ ဖြစ်နေကြလေသည်။ (ထိုအခါ) တယောက်သောသူက 'နဗီ'တမန်တော်မြတ်သည်လည်း (နအူးဇူဗစ်လ္လာဟ်) 'ယှဟီးဒ်'ဖြစ်သွားသည်ဟု သတင်းစကား ပြောကြားလေသည်။ ဤသို့သော သတင်းဆိုးကို ကြားသိရခြင်းကြောင့်၊ 'ဆဟာဗဟ်'အပေါင်းတို့သည် အဘယ်သို့ဖြစ်လာမည် ဆိုသည်မှာ ထင်ရှားလှပေသည်။ ထို့ကြောင့် ဒူးကျိုး၊ ခါးကျိုးဘိအလား ဖြစ်နေကြကုန်လေသည်။

"ဟဇရတ်အနပ်စ်'အိဗ်နု'နသ္ဒရ်" (ရသေ့) သခင်သည်ကား ရှေ့ရှုသွားနေလေသည်။ 'မုဟာဂျိရီးန်'နှင့် 'အန်ဆာရ်'တို့၏ အုပ်စုတစုအနက် 'ဟဇရတ်အုမရ်'သခင်နှင့် 'ဟဇရတ်သွလ်ဟတ်' ၂-ပါးကို မြင်တွေ့ရလေ၏။ အားလုံးမှာ ပူပင်သောကဖြစ်နေကြလေသည်။ 'ဟဇရတ်အနပ်စ်' သခင်က ဘာဖြစ်နေကြတာလဲ၊ အို-အချင်းတို့၊ သင်တို့သည် စိတ်ဒုက္ခ၊ သောကဖြစ်နေသည်ကို တွေ့မြင်ရတယ်။ အဘယ်ကြောင့်နည်းဟု မေးမြန်းလေသည်။ ထိုပုဂ္ဂိုလ်တို့က 'နဗီ'တမန်တော်မြတ် ကွယ်လွန်'ယှဟီးဒ်'ဖြစ်သွားလေပြီဟု ပြန်ကြားကြလေသည်။ 'ဟဇရတ်အနပ်စ်' သခင်က 'နဗီ'တမန်တော်မြတ်မရှိသည့်နောက်၊ အသင်တို့ အသက်ထင်ရှားရှိနေ၍ ဘာလုပ်ကြမည်နည်း။ လက်၌ ဓါးကိုဆွဲကိုင်ကာ တိုက်ရင်း ခိုက်ရင်း အသက်ပေးကြကုန်လော့။ အကယ်ပင် 'ဟဇရတ် အနပ်စ်'သခင်သည် လက်သုံးတော်ဓါးရှည်ကိုဆွဲကိုင်ကာ၊ 'ကာဖိရ်'အုပ်စုထဲသို့ ထိုးဝင် ဖေါက် ထွင်းကာ၊ နောက်ဆုံးအချိန်ထိ တိုက်ခိုက်ရင်း 'ယှဟီးဒ်'ဘွဲ့ထူးကို ရယူသွားလေသည်။

إِنَّا لِلَّهِ وَإِنَّا إِلَيْهِ رَاجِعُونَ

(အင်နာလစ်လ္လာဟ်၊ ဝအင်နာအိလိုင်ဟိရာဂျေအူးန်)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဆိုလိုရင်းမှာ အကြင်ပုဂ္ဂိုလ်အား ရှုမြင်လျက်၊ အသက်ထင်ရှား ရှိနေရန် ရှိ၏။ ထိုပုဂ္ဂိုလ်သာမရှိခဲ့ပါမူ၊ အသက်ထင်ရှားရှိနေစေကာမူ အကျိုးမရှိဟူ၏။ သို့ဖြင့်ရင်း၌ အသက်ကိုစတေးသွားလေသည်။

## ၉။ အိုဟုဒ်တိုက်ပွဲ၌ ဟဇရတ်စအဒ်အိဗ်နုရဗီးအ်သခင်၏ အမှာစကား။

၎င်း'အိုဟုဒ်' တိုက်ပွဲ၌ပင်၊ 'နဗီ' တမန်တော်မြတ်က 'စအဒ်အိဗ်နုရဗီးအ်' (ရသေ့) အကြောင်းမသိရဘူးဟုမိန့်ကြားလျက်၊ 'ဆဟာဗီ'တပါးကို လိုက်လံရှာစေ၏။ ထိုပုဂ္ဂိုလ်သည် 'ယှဟီးဒ်' ဘွဲ့ထူးရယူသွားသောသူတို့ (တိုက်ပွဲကျအလောင်းများရှိရာ) ထံသွားရှာဖွေလေသည်။ အသံပေးခေါ်ကြည့်လေသည်။ တဖန်အသက်ထင်ရှားရှိနေသူများတွင် ပါဝင်လေသလော ဟု၍ ကျွန်ုပ်အား 'နဗီ'တမန်တော်မြတ်က စေစား၍၊ အဆွေတော်၏အကြောင်းသတင်းကို ရယူစေပါသည်ဟု အော်၍ပြောကြားလေသည်။ (ထိုအခါ) တနေရာမှအသံငယ်တရပ်သည် ပေါ်ထွက် လာလေသည်။ ဤပုဂ္ဂိုလ်အထောက်တော်သည် ရှေ့တိုး၍ သွားရောက်ကြည့်ရှုရာ၊ 'စအဒ်' သခင်သည် 'ယှဟီးဒ်' ကျဆုံးသူများစပ်ကြား၌ လဲကျနေလေသည်။ အချိန်အနည်းငယ်သာ နေရတော့ဟန်ရှိ၏။ အထောက်တော်အနားသို့ ရောက်ရှိလေသော်၊ 'ဟဇရတ်စအဒ်'သခင်က 'နဗီ'တမန်တော်မြတ်အား ကျွန်ုပ် 'စလာမ်'ပေးပို့ကြောင်း၊ ကျွန်ုပ်အစား 'အလ္လာဟ်' အသျှင် မြတ်က ကိုယ်တော်မြတ်အား သာလွန်ကောင်းမြတ်သည့်သူကို ချီးမြှင့်တော်မူအံ့။ အကြင် 'နဗီ'

တမန်တော်တို့အား ယခင် 'အွမ့်မှသ်' သားတို့ထက် သာလွန်မွန်မြတ်သူကို ချီးမြှင့်တော်မူသည့် အလားဖြစ်ပေသည်။ ၎င်းပြင် 'အစ္စလာမ်'သာသနာဝင် အပေါင်းတို့အား ကျွန်ုပ်က၊ အို.... အဆွေတော်တို့ အကယ်၍ 'ကာဖိရ်'အပေါင်းတို့သည် တမန်တော်မြတ်ထံသို့ ရောက်ရှိနေသော အခါ၊ အဆွေတော်တို့၌ မျက်စိတလုံးသာပွင့်နေစေကာမူ(ဝါ)ရှင်ရုံသာရှိနေစေကာမူ'အလ္လာဟ်' အသျှင်မြတ် အထံတော်အပါး၌ မည်သို့မျှ လျှောက်လဲချက် တင်သွင်းနိုင်ကြလိမ့်မည် မဟုတ်ကြောင်း၊ ကျွန်ုပ်၏မှာကြားချက်ကို ပို့ဆောင်ပေးပါလော့ ဟုဆိုကာ အသျှင့်အမိန့်တော်ကို ခံယူရရှာလေသည်။

(ကြည့်–ခမီးစ်ကျမ်း)

جَزَاهُ اللّٰهُ عَنَّا اَفْضَلَ مَا جَزٰى صَحَابِيًّا
عَنْ اُمَّةِ نَبِيِّهٖ

အကယ်စင်စစ်၊ ဤပုဂ္ဂိုလ်တို့သည်—

**အစိပ္ပါယ်။** ။(အလ္လာဟ်အသျှင်မြတ်သည် ဤပုဂ္ဂိုလ်တို့၏ သခ်ျိုင်းကို ထောက်ထားညှာတာစွာဖြင့် 'နူးရ်' ရောင်ခြည်တော်များဖြင့် ဖြည့်တင်းတော်မူပါစေသတည်း။) မိမိတို့ ချစ်ခင်လေးစားမြတ်နိုးကြောင်းကို သာဓကဆောင်၊ စံတင်သွားခဲ့ကြလေသည်။ ဒဏ်ရာပေါ် ဒဏ်ရာထပ်ဆင့်နေ၏။ အသက်ထွက်နေရ၏။ သို့ပါသော်လည်း ပြစ်တင်စကားပြောခြင်း၊ မိမိအတွက် စိုးရိမ်ကြောင့်ကျခြင်း၊ ရှုံ့ကြောက်ခြင်း ဟူ၍ အလျှင်းမရှိခဲ့ပေ။ မိမိစိတ်စောသည်မှာကား၊ ကိုယ်တော်မြတ်ကိုစောင့်ရှောက်ရန်၊ ကိုယ်တော်မြတ်အတွက်အသက်ပေးရန်ကိုသာရှိပေသည်။ ကျွန်ုပ်တို့လို အညတြကိုလည်း ၎င်းချစ်ခင်လေးစားမှုမှ အနည်းငယ်မျှရလျှင်ကောင်းလေစွဟု ဆန္ဒပြုလိုက်ပါသည်။

**၁၀။ သူတော်စင်အမျိုးသမီးတပါးသည် နဗီတမန်တော်မြတ်၏သင်းချိုင်းတော်ကိုရှုကြည့်လျက် အသျှင့်အမိန့်တော် ခံယူသွားခြင်း။**

'ဟဇရသ်အာအိယှဟ်' (ရဿွဲယလ္လာဟုသအာလာအန်ဟာ) သခင်မ အပါးတော်သို့ သူတော်စင် အမျိုးသမီးတပါးသည် ရောက်ရှိလာ၍ (သခင်မ) ကျမအား ကိုယ်တော်မြတ်၏ သခ်ျိုင်းတော်ကို ရှုကြည့်ခွင့်ပြုတော်မူပါဟု လျှောက်ထားလေသော်၊ 'ဟဇရသ်အာအိယှဟ်' သခင်မက အခန်းတံခါးဖွင့်လှပြသလေသော်၊ သူမသည်'ဇီယာရသ်'ပြု၍ ငိုကြွေးနေရှာလေသည်။ (ထိုသို့) ငိုကြွေးရင်းပင် အသျှင့်အမိန့်တော်ကို ခံယူသွားရှာလေသည်။

(ကြည့်–ယှေဖါကျမ်း)

إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُونَ

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

ဤသို့သင်းချိုင်း 'ကဗရ်'ကိုရှုကြည့်ကာ မိမိကိုယ်ကို မထိန်းနိုင်မသိမ်းနိုင်ဖြစ်ကာ၊ အသက်နှင့်လဲသွားသည့် အချစ်မျိုးကို အဘယ်မှာလျှင် သာဓကရနိုင်အံ့နည်း။

**၁၁။ ဆဟာဗဟ်သာဝကအပေါင်းတို့၏ ချစ်ခြင်းအကြောင်း သိကောင်းစရာအဖြာဖြာ။**

အချို့က 'ဟဇရတ်အလီ'သခင် (ရသွ)အား ကိုယ်တော်မြတ်ကို အဘယ်မျှ ချစ်ခင်မြတ်နိုးပါသနည်းဟု လျှောက်ထားမေးမြန်းကြသော်၊ အသျှင့်'ကစမ်'၊ ကျွန်ုပ်ထံ၌ မိမိတို့၏ရှိသမျှသော ဥစ္စာပစ္စည်းများ၊ သားစဉ်မြေးဆက်များ၊ မိဘဆွေမျိုးများ အလွန်လျှင်ရေငတ်နေသည့်အခါ သောက်ရေအေး စသည်များထက် ပို၍သာလွန်ချစ်ခင်မြတ်နိုး မက်မောပါသည်ဟု မိန့်ကြားတော်မူလေသည်။ (ကြည့်–ယှေဖါကျမ်း)

**သိမှတ်ဖွယ်ရာအဖြာဖြာ။**

အမှန်ပင် မိန့်ကြားခဲ့လေသည်။ အကယ်ပင် 'ဆဟာဗဟ်' သာဝကကြီးတို့သည် ဤအတိုင်းပင်ဖြစ်ခဲ့ကြလေသည်။ ထိုပုဂ္ဂိုလ်တို့၏ 'အီမာန်' ယုံကြည်မှုသည် ပြည့်ဝ စုံလင်လှပေသည်။ ဤသို့သောသူတို့အား အသို့ဆိုဘွယ်ရာ ရှိနိုင်အံ့နည်း။

ကျမ်းမြတ်'ကုရ်အာန်'၌–

قُلْ إِنْ كَانَ آبَاؤُكُمْ وَأَبْنَاؤُكُمْ وَإِخْوَانُكُمْ

وَأَزْوَاجُكُمْ وَعَشِيرَتُكُمْ وَأَمْوَالُ

اقْتَرَفْتُمُوهَا وَتِجَارَةٌ تَخْشَوْنَ كَسَادَهَا

وَمَسَاكِنُ تَرْضَوْنَهَا أَحَبَّ إِلَيْكُمْ

مِنَ اللّٰهِ وَرَسُولِهِ وَجِهَادٍ فِي سَبِيلِهِ

فَتَرَبَّصُوا حَتَّىٰ يَأْتِيَ اللّٰهُ بِأَمْرِهِ

وَاللّٰهُ لَا يَهْدِي الْقَوْمَ الْفَاسِقِينَ ۝

အစ်ပွါယ်။ ။အို.... 'နဗီ'တမန်တော်၊ ပြောကြားလော့၊ အကယ်၍ သင်တို့သည် သင်တို့၏ ဘခင်မိခင်များ၊ သားသမီးများ၊ ညီအစ်ကို မောင်နှမများ၊ ဇနီးမိန်းမများ၊ ဆွေမျိုးသားချင်းများနှင့် သင်တို့ရှာဖွေစုဆောင်းထားသော ဥစ္စာပစ္စည်းများ၊ ထိုသို့သော ရောင်းဝယ်ဖေါက်ကားမှု၊ အကြင်ဖေါက်ကားမှု၌ အကျိုးအမြတ်မဲ့မည်ကို စိုးရိမ်ကြောင့်ကျနေသည်မဟုတ်သော၊ ၎င်းပြင်သင်တို့နှစ်သက်သဘောကျနေသည့် အိမ်ဂေဟာ(အကယ်၍ဤပစ္စည်းများ)ကို 'အလ္လာဟ်'အသျှင်မြတ်၊ အသျှင့်တမန်တော်မြတ်၊ အသျှင့်လမ်းတော်၌ တိုက်ပွဲများထက် သာလွန်နှစ်သက်သည်ရှိသော်၊ အသျှင့်အမိန့်တော်ကို စောင့်မျှော်လင့်လော့။ 'အလ္လာဟ်'အသျှင်မြတ်သည် ကျူးလွန်သူတို့အား လိုရာပန်းတိုင်သို့ ရောက်ခွင့် ပြုတော်မူမည်မဟုတ်ပေ။ (ကြည့်—ဗယာန္နလ်ကုရ်အာန်ကျမ်း)

✓အထက်ပါ 'အာယသ်'ပါဒတော်၌ လောကစည်းစိမ်နှင့် ဆွေမျိုး သားချင်းတို့အား ဦးစားပေး၍ 'အလ္လာဟ်'အသျှင်နှင့် အသျှင့်တမန်တော် သာသနာရေး လုပ်ငန်း ဆောင်တာများ၌ ပေါ့လျော့မှုပြုခြင်းဖြင့် ကြဉ်ရှောင်ရန်သတိပေးထားချက်ပင် ဖြစ်ချေသည်။

✓"ဟဇရသ်အနပ်စ်"သခင် ဆင့်ပြန်သည်မှာ ကိုယ်တော်မြတ်က အသင်တို့အနက်အကြင်သူသည် မိမိ ဖခင် မိခင်၊သားသမီး ဆွေမျိုးသားချင်းတို့ထက် သာလွန်၍ ငါကိုယ်တော်မြတ်အား မချစ်မခင်သမျှကာလပတ်လုံး၊ ထိုသူသည်'မုအ်မင်န်'မဖြစ်နိုင်ဟု မိန့်ကြားတော်မူသည်ဟု ဆင့်ပြန်လေ၏။ 'ဟဇရသ်အဗူဟုရိုင်ရဟ်' သခင်ကလည်း ထိုနည်းတူစွာ ဆင့်ပြန်ခဲ့လေသည်။

'အိုလမာ'—'အစ္စလာမ်' သာသနာ့ပညာရှင်တို့က အဆိုရှိကြသည်။ ထိုထိုသော ဩဝါဒတော်များ၌ အချစ်ဟူသည် ၂-မျိုး ၂-စားရှိသည်။ တမျိုးသည် ကိုယ်ကပိုင်သည့်အချစ်မျိုး၊ အခြားတမျိုးမှာ ကိုယ်ကမပိုင်ဘဲ အလိုလိုဖြစ်ပေါ်လာသည့်အချစ်မျိုးဖြစ်သည်ဟူ၏။ (ဝါ) သဘာဝအချစ်မျိုးဆိုလိုသည်မဟုတ်၊ဤသို့ဖြစ်သည်ဘဲထားပါဦး၊ "အီမာန်'မုအ်မင်န်" ဆိုရာ၌ အမြင့်မားဆုံး၊ အပြည့်ဝဆုံးသော အဆင့်ရောက်ရှိရေးကို ဆိုရာဖြစ်ပေအံ့၊'ဆဟာဗဟ်' သာဝကကြီးတို့၏'အီမာန်'ကဲ့သို့တည်း။

'ဟဇရသ်အနပ်စ်'သခင် ဆင့်ပြန်သည်မှာ၊ ကိုယ်တော်မြတ်က အကြင်သူ၌ သုံးခုသောအရာရှိခဲ့သော်၊ ထိုသူသည်'အီမာန်'၏ အနှစ်သာရကို ရယူပေအံ့။၎င်းတို့မှာ(၁) ၎င်း၏ နှလုံးသည်းပွတ်၌ 'အလ္လာဟ်'နှင့် အသျှင့်တမန်တော်ကိုသာ သွင်းထားသည်ဖြစ်စေ၊(၂) အခြားတဦးတယောက်ကို ချစ်ခင်ရာ၌ အသျှင့်အား ရှေးရှု၍ ချစ်ခင်သည်ဖြစ်စေ၊ (၃) 'ကာဖိရ်' ဖက်သို့ (ဝါ)သာသနာပြောင်းသွားခြင်းကို မီးအတိလောင်ကျွမ်းသွားဘိအလား ရွံကြောက်မှုဖြစ်စေ၊ ထိုသို့သောသူသည် 'အီမာန်'၏အနှစ်သာရတို့ ရရှိပေအံ့ဟု မိန့်ကြားတော်မူသည်။

'ဟာဇရသ်အုမရ်'သခင်က အခါတပါး၌၊အို–အသျှင့်တမန်တော်၊ ကျွန်တော်မျိုးသည် မိမိအသက်ကိုချန်၍ ကိုယ်တော်မြတ်အား အချစ်ဆုံးဖြစ်ပါသည်ဟု လျှောက်ထားလေသည်။ ကိုယ်တော်မြတ်က အကြင်သူသည် မိမိအသက်ဇီဝိန်ထက်ပို၍ ငါကိုယ်တော်မြတ်အား မချစ်သမျှကာကပတ်လုံး 'မုအ်မင်'မဖြစ်နိုင်ဟု မိန့်ကြားတော်မူလိုက်လေ၏။ [ထိုအခါ] 'ဟာဇရသ်အုမရ်'သခင်က၊အို--အသျှင့်တမန်တော်၊ယခုကျွန်တော်မျိုးသည် ကိုယ်တော်မြတ်အား မိမိအသက်ဇီဝိန်ထက်သာလွန်၍ ချစ်မြတ်နိုးပါသည်ဟုလျှောက်ထားလေသည်။ ကိုယ်တော်မြတ်က ယခုမှဟု ဖြေကြားတော်မူလိုက်လေ၏။

'အိုလမာ'–'အစ္စလာမ်'သာသနာ့ပညာရှင်တို့က ၎င်း၏အနက်ကို ၂-မျိုး ၂-စားကောက်ယူကြလေ၏။ [၁] ယခုမှ သင့်'အီမာန်'ပြည့်စုံလာသည်ဟူ၍လည်းကောင်း–(၂)သတိပေးခြင်းဖြစ်သည်ဟူ၍လည်းကောင်းဖြစ်သည်။ ယခုမှဤ သို့ဖြစ်ရလေသလော [ဝါ]မိမိအသက်ဇီဝိန်ထက်သာလွန်၍ ချစ်လေသလော၊ အမှန်တကယ်မှာဤသို့ဖြစ်ရပ်သည် ယခင့် ယခင်ကပင် ဖြစ်သင့်လှပေသည်ဟူ၏။

'ဟာဇရသ်ဝိုဟိုင်းလ်သပ်စ်သရီ'သခင်အမိန့်ရှိသည်မှာ၊အကြင်သူသည်အခါခပ်သိမ်း 'နဗီ'တမန်တော်မြတ်ကို စိုးပိုင်သူ ဟူ၍လည်းကောင်း စွဲယူယုံကြည်မှု မရှိသေးသောသူသည် 'စွန္နသ်'၏ အနှစ်သာရကို ခံစားနိုင်လိမ့်မည်မဟုတ်ချေ၊ဟူ၏။ 'ဆဟာဗီ'တပါးက ကိုယ်တော်မြတ်ထံလာ၍ အသျှင့်တမန်တော်၊'ကိယာမသ်'သည် ဘယ်သောအခါ ဖြစ်အံ့နည်းဟု လျှောက်ထားမေးမြန်းလေရာ၊ ကိုယ်တော်မြတ်က အဆွေတော်သည် 'ကိယာမသ်'ဖြစ်မည်ကို မေးစမ်းနေ၏။ 'ကိယာမသ်'အတွက် အဆွေတော်သည် အဘယ်အရာကို စိုင်းပြင်းထားလေသနည်းဟု မေးမြန်းတော်မူရာ၊ထိုပုဂ္ဂိုလ်က အသျှင့် တမန်တော်၊ ကျွန်တော်မျိုးသည် (၎င်းအတွက်) 'နမာဇ်'အမြောက်အမြားကိုလည်းကောင်း၊ 'ရိုဇာ'ဥပုသ်အမြောက်အမြားကိုလည်းကောင်း၊ 'ဆဒ္ဒကဟ်'ဓမ္မဒါန အမြောက်အမြားကိုလည်းကောင်း၊ စိုင်းပြင်းစုတောင်းတားခြင်းမရှိပါ။ အကယ်စင်စစ်အသျှင်မြတ်နှင့်အသျှင့် 'နဗီ'တမန်တော်ကိုသာချစ်ခြင်းမေတ္တာ ထားရှိပါသည်။နှလုံးသည်းပွတ်၌ သွတ်သွင်းထားပါသည်ဟု လျှောက်ထား လေသည်။ 'ကိယာမသ်'နေ့၌ အဆွေတော်သည် မိမိချစ်ခင် မေတ္တာ ထားသူနှင့်သာ ဆုံဆည်းရပေအံ့ဟု မိန့်ကြားတော်မူလိုက်၏။

'နဗီ'တမန်တော်၏ ဩဝါဒတော်။ ။လူတို့သည် 'ဟယ့်ရ်ကိယာမသ်'နေ့၌ မိမိချစ်ခင်နှစ်သက်သောသူနှင့်အတူ နေရပေအံ့ဟူသော 'ဩဝါဒ'ဟာဒီးဆ်'တော်ကို'ဆဟာဗဟ်' အတော်များများတို့က ဆင့်ပြန်ကြားခဲ့လေသည်။ထို၌ "ယဇရသ်အဗ်ဒုလ္လာဟ်'အိဗ်နု' မတ်စ်အူးဒ်" [ရသေ့ ရလ္လာဟုသအာလာအန်ဟု]သခင်၊ 'ဟာဇရသ်အဗူမူစာအရှ်အရီ'သခင် 'ဆဖ်ဝါန်' သခင်၊ 'အဗူဇရ်'သခင်စသည့် ပုဂ္ဂိုလ်များပါဝင်ခဲ့လေသည်။ 'ဟာဇရသ်အနပ်စ်' သခင်က 'ဆဟာဗဟ်'အပေါင်းတို့သည် ဤ ဟာဒီးဆ်'ဩဝါဒတော်ကိုကြားနာ၍ ရွှင်လန်းမှုရရှိသလို၊ အခြားအခြား

'ဟဒီးဆ်'တော်များ၌ မရှိခဲ့ပါဟု လာရှိလေသည်။ ဤအကြောင်းသည် ပေါ်လွင်လှပေသည်။ ဖြစ်ကို ဖြစ်သင့်ပေသည်။(အဘယ်ကြောင့်ဆိုသော်၊ထိုပုဂ္ဂိုလ်တို့၏)အကြော အချင်၊ရိုးတွင်းချဉ်ဆီတို့၌ ကိုယ်တော်မြတ်အား ချစ်ခင်သည့် စိတ်ဓါတ် ကိန်းဝပ်နေသည်။ မဟုတ်ပါလော။ (သို့ဖြင့်) ဝမ်းမြောက် ဝမ်းသာမဖြစ်ဘဲ အသို့ရှိအံ့နည်း။

အစကနဦးက 'ဟဇရသ်ဖါသွေမဟ်'သခင်မ၏အိမ်ဂေဟာမှာ 'နဗီ' တမန်တော်မြတ်နှင့် အနည်းငယ်သာ ဝေးကွာနေလေသည်။တရံရောအခါ၊ကိုယ်တော်မြတ်က၊ သမီးတော် အိမ်သည် အနီးအနားမှာ ဖြစ်စေချင်သည်ဟု မိန့်ကြားတော်မူသဖြင့်၊သမီးတော် 'ဖါသွေမဟ်' သခင်မက 'ဟာရိဆဟ်'သခင်မ၏အိမ်သည် အနီးအနားမှာရှိနေသည်။ ဘခမည်းတော် ကျေးဇူးပြု၍ သမီးတော်အိမ်နှင့်လဲလှယ်ပေးတော်မူပါဟုလျှောက်ထားလေ၏။ ကိုယ်တော်မြတ်ကသူနှင့်ပထမတကြိမ်က လဲခဲ့ဘူးသည်။ ယခုတကြိမ်ပြောရမှာ အားနာလှပါသည် ဟုဖြေကြားတော်မူ၏။ ၎င်းသတင်းကို 'ဟာရိဆဟ်'ကြားသိရသော်၊ချက်ခြင်း 'နဗီ'တမန်တော်မြတ်၏ အပါးတော်သို့ ဝင်ရောက်ကာ၊ အို-အသျှင့်တမန်တော်၊ တမန်တော်မြတ်သည် 'ဟဇရသ်ဖါသွေ့မဟ်' သခင်မ၏ အိမ်ကို အနီးသို့ ရွှေ့စေလိုကြောင်း သိရှိရပါသည်။ ကျွန်မ၏ ဤအဆောက်အဦများ အစဉ်သင့်ရှိပါသည်။၎င်းထက်ပို၍ နီးကပ်သည့်အိမ်ဟူ၍ မရှိပါ။ ကြိုက်နှစ်သက်ရာကို လဲလှယ်တော်မူပါ။ အို-အသျှင့်တမန်တော်၊ ကျွန်မ၏ ဥစ္စာပစ္စည်းများကို မိမိထံ စိုးပိုင်ထားရှိသည်ထက်၊ 'အလ္လာဟ်' အသျှင်မြတ်နှင့် အသျှင့်တမန်တော်ကိုပေးရခြင်းသည် အသျှင့် 'ကစမ်'— ကျွန်မ နှစ်သက်မိပါသည်ဟု လျှောက်ထားလိုက်လေသည်။

ကိုယ်တော်မြတ်က သင်သည် အမှန်ပြောခြင်းဖြစ်သည်။ 'အလ္လာဟ်'အသျှင်မြတ်သည် သင့်အား 'ဗကရသ်'မင်္ဂလာခြီးမြှင့်ပါစေသားဟု ဆုတောင်းလျက်၊ အဆောက်အဦချင်း လဲလှယ်တော်မူလိုက်သည်။

(ကြည့်—သဗ်ကာသ်ကျမ်း)

'ဆဟာဗီ' တပါးသည် 'နဗီ' တမန်တော်မြတ်၏ အပါးတော်သို့ ဝင်ရောက်ကာ၊ အို....အသျှင့်တမန်တော်၊ ကျွန်တော်မျိုးသည် ကိုယ်တော်မြတ်အား မိမိဥစ္စာပစ္စည်း၊အိမ်သူအိမ်သားအားလုံး၊ မိမိအသက်ဇီဝိန်တို့ထက်ပင်ပို၍ ချစ်မြတ်နိုးပါသည်။ ကျွန်တော်မျိုးအိမ်၌ ရှိနေစဉ်'နဗီ'တမန်တော်မြတ်ကို အမှတ်ရလျှင်၊ နေမထိထိုင်မသာဖြစ်၍ နောက်ဆုံးကိုယ်တော်မြတ်ကို လာရောက်ဖူးမြင်လိုက်မှသာ စိတ်ချမ်းသာရာရရှိပါသည်။ သေခြင်းတရားသည် ကိုယ်တော်မြတ်အတွက် သော်လည်းကောင်း၊ ကျွန်တော်မျိုးအတွက် သော်လည်းကောင်း မုချတွေ့ကြုံရပေမည်။၎င်းနောက် ကိုယ်တော်မြတ်သည် 'နဗီ'တမန်တော်တို့၏ အဆင့်အတန်းသို့ ရောက်ရှိပေအံ့၊ထိုအခါ ကျွန်တော်မျိုးသည် ကိုယ်တော်မြတ်ကို မဖူးမြင်နိုင်မည်ကို စိုးရိမ်နေမိပါသည်ဟု လျှောက်ထားလေ၏။ ကိုယ်တော်မြတ်က ၎င်း၏ အမေးကိုအဖြေပေးခြင်းမှ ဆိတ်ဆိတ်နေတော်

မူလေ၏။ (ထိုအခါ)ကောင်းကင်တမန်တော် 'ဂျိဗ်ရာအိလ်'(အလိုင်ဟစ္စလာမ်)သည် အောက်ပါ 'အာယသ်'တော်ကို ဆောင်ယူလျက် ရောက်ရှိလာလေသည်။

وَمَنْ يُّطِعِ اللّٰهَ وَالرَّسُوْلَ فَاُولٰٓئِكَ
مَعَ الَّذِيْنَ اَنْعَمَ اللّٰهُ عَلَيْهِمْ مِّنَ
النَّبِيّٖنَ وَالصِّدِّيْقِيْنَ وَالشُّهَدَآءِ
وَالصّٰلِحِيْنَ وَحَسُنَ اُولٰٓئِكَ رَفِيْقًا
ذٰلِكَ الْفَضْلُ مِنَ اللّٰهِ وَكَفٰى بِاللّٰهِ
عَلِيْمًا

အဓိပ္ပါယ်။ ။အကြင်သူသည် 'အလ္လာဟ်'အသျှင်နှင့် အသျှင့်တမန်တော်၏ အမိန့်ဩဝါဒကို လိုက်နာကျင့်ဆောင်ပါအံ့၊ဤသို့သောသူတို့သည်'ဂျန္နသ်'သုခဘုံနန်း၌'အလ္လာဟ်' အသျှင်မြတ်၏ ဆုလာဘ်ခြီးမြှင့်ခြင်းခံရသောသူတို့(ဝါ)'နဗီ'တမန်တော်များ၊ 'ဆိဒ္ဒီကီးန်' ဖြောင့်မတ်မှန်ကန်သောသူတို့၊ 'ယှုဟဒါအ်'သာသနာရေးအတွက် အသက်ပေးသွားသောသူတို့ 'ဆုလဟာ' သူတော်ကောင်းသူမြတ်လောင်းတို့နှင့် မိတ်ကောင်းဆွေကောင်းများအဖြစ်နှင့် ဆုံစည်းရပေအံ့။ ထိုသူတော်ကောင်းတို့ နှင့် အဆွေခင်ပွန်းဖြစ်ရခြင်းသည်ကား 'အလ္လာဟ်'အသျှင်မြတ်၏ ခြီးမြှင့်ခြင်း သာတည်း။ 'အလ္လာဟ်'အသျှင်မြတ်သည် လူတိုင်းသူတိုင်း၏ လုပ်ဆောင်ချက်ကို အကြွင်းမဲ့သိမြင်တော်မူသော အသျှင်ဖြစ်တော်မူပေသည်။

ဤသို့ဖြစ်အင်အကြောင်းချင်းရာ အမြောက်အမြားသည် 'ဆဟာဗဟ်'သာဝက အတော် များများနှင့် အကြိမ်ကြိမ်ဖြစ်ခဲ့ဘူးသည်။ အချစ်ကြီးတော့ အမျက်ကြီးသည်ဟူသည့်အလား၊ ပါးရှား(ဖါရဖီ)စကားပုံတရပ်မှာ အချစ်၌အထင်မှားမှု ထောင်သောင်းမကဟူ၏။ ဤသို့ကြုံတိုင်း ကြုံတိုင်း တမန်တော်မြတ်သည် အထက်ပါ 'အာယသ်'တော်ကိုသာ ရွတ်ဖတ်သရဇ္ဈာယ်တော်မူ လေသည်။

တကြိမ်ကလည်း'ဆဟာဗီ'တပါးသည် ရောက်ရှိလာ၍၊ အို–အသျှင့်တမန်တော်၊ ကျွန်တော် မျိုးသည် ကိုယ်တော်မြတ်အား အတိုင်းမသိချစ်ခင်လေးစားမိပါသည်။ ကျွန်တော်မျိုးသည် ကိုယ်တော်မြတ်အား သတိရသည့်အခါ လာရောက်ဖူးမြင်ရပါသည်။ ဤသို့မပြုမိလျှင်၊ မုချကေန် အသက်ပင်ဆုံးရှုံးသွားလိမ့်မည်ဟု ယုံကြည်မိပါသည်။ သို့ငြားလည်း ကျွန်တော်မျိုး တွေးဆ

ကြည့်မိသည်မှာ အကယ်၍ ကျွန်တော်မျိုးသည် 'ဂျန္နသ်'သုခဘုံသို့ ဝင်ရောက်စံမြန်းရစေကာမူ၊ အဆင့်အားဖြင့် ကိုယ်တော်မြတ်အဆင့်နှင့်စာလျှင် နိမ့်ကျပေအံ့၊ ကျွန်တော်မျိုးအဖို့၊ ဂျန္နသ်ဥယျာဉ်တော်၌ နေရစေကာမူ၊ ကိုယ်တော်မြတ်အား မဖူးမြင်ရလျှင်၊ အခက်ကြုံရပေအံ့ဟု လျှောက်ထားလေရာ၊ ကိုယ်တော်မြတ်က အထက်ပါ'အာယသ်'တော်ကိုသာ ဖတ်ကြားတော်မူလိုက်လေ၏။

'ဟဒီးဆ်'သြဝါဒတော်တပါး၌ ပါရှိသည်မှာ၊ 'အန်ဆာရီ'တဦးသည် 'နဗီ'တမန်တော်အပါးတော်သို့ စိတ်ရင်ကျဉ်း–စိတ်ညစ်နွမ်းလျက် ဝင်ရောက်လာလေသည်။ ကိုယ်တော်မြတ်က အဘယ်ကြောင့် စိတ်ရင်ကျဉ်းနေပါသနည်းဟု မေးမြန်းတော်မူရာ၊ ထိုပုဂ္ဂိုလ်က၊ အို–အသျှင့်တမန်တော်၊ ကျွန်တော်မျိုးသည် အကြောင်းတရပ်ကို တွေးဆနေရပါသည်ဟု ဖြေလေသော် ကိုယ်တော်မြတ်က ဘာများတွေးနေရပါသလဲဟု မေးမြန်းတော်မူရာ၊ ထိုပုဂ္ဂိုလ်က အသျှင့်တမန်တော်၊ ကျွန်တော်မျိုးသည် နံနက် ညနေ ၂–ချိန်စလုံး ကိုယ်တော်မြတ်အား လာရောက်ဖူးမျှော်ရုံတင်မက၊ အပါးတော်ခြေတော်ရင်းသို့ပင် ဝင်ရောက်ခစားလေ့ရှိပါသည်။ မနက်ဖြန်(ဝါ)'ကိယာမယ်'နေ့နောက် ကိုယ်တော်မြတ်သည်'နဗီ'တမန်တော်တို့၏အဆင့်သို့ရောက်ရှိပေအံ့၊ ကျွန်တော်မျိုးတို့သည် ထိုသို့ရောက်နိုင်ကြတော့မည် မဟုတ်ကြောင်းကို တွေးဆနေမိခြင်းဖြစ်ပါသည်ဟု လျှောက်ထားလေသည်။ ကိုယ်တော်မြတ်သည် ထိုအချိန်က ဆိတ်ဆိတ်နှင့် ဆင်ခြင်တော်မူခဲ့လေသည်။ နောက်'အာယသ်'ပါဒတော် ကျရောက်လာသောအခါ၊ထို 'အန်ဆာရီ'အားခေါ်စေ၍ 'အာယသ်'တော်ဖတ်ကြားလျက် သတင်းပါးတော်မူလေ၏။

'ဟဒီးဆ်' သြဝါဒတော်တပါး၌ရှိပါသည်။ 'ဆဟာဗဟ်'အပေါင်းတို့သည် စုပေါင်း၍ 'နဗီ'တမန်တော်မြတ်ထံ စာဒကတက်မေးမြန်းကြသည့်အခါ၊ ကိုယ်တော်မြတ်က ထိုပုဂ္ဂိုလ်တို့အား ဤ'အာယသ်'ပါဒတော်ကို ဖတ်ကြားတော်မူသည်ဟုလာရှိပေသည်။

✓ 'ဟဒီးဆ်'တော်တပါး၌ 'ဆဟာဗဟ်'အပေါင်းတို့က၊ အို+အသျှင့်တမန်တော်၊ သာမန်အားဖြင့် ဆင်ခြင်ကြည့်လျှင် 'နဗီ'တမန်တော်နှင့် 'အွမ္မသ်'သားတို့၏ စပ်ကြား၌ မိုးနှင့်မြေမကကွာခြားလှပါသည်။ 'နဗီ'တမန်တော်၏ အဆင့်အတန်းသည် 'အွမ္မသ်'သားတို့ထက်ပို၍ ထူးမြတ်လှပါသည်။ 'ဂျန္နသ်'သုခဘုံ၌ အဆင့်အတန်းကွာခြားနေပါလျှင်၊ အဘယ်သို့ဆုံတွေ့နိုင်ပါမည်နည်းဟု လျှောက်ထားကြလေသော်၊ ကိုယ်တော်မြတ်က အဆင့်အတန်းမြင့်မားသောသူသည် အဆင့်နိမ့်သူတို့ထံသို့လာ၍ အနီးအနား၌ ထိုင်၍ စကားစမြီပြောကြားကြပေအံ့ဟု ကိုယ်တော်မြတ်က ပြန်ကြားတော်မူလေ၏။

(ကြည့်–ဒွရ်ရေမန်ဆူးရ်ကျမ်း)

'နဗီ'တမန်တော်မြတ်က ငါကိုယ်တော်မြတ်အား အလွန်အကျွံ ချစ်ခင်သူတို့သည် ငါ့နောက်မှ မွေးဖွားလာကြပေအံ့။ ထိုသူတို့သည် မိမိ၏ ဥစ္စာပစ္စည်း စည်းစိမ်များနှင့်လဲလှယ်၍

ငါ့ကိုယ်တော်မြတ်အား လဲလှယ်ဖူးမြင်ချင်စိတ် ရှိနေကြပေအံ့။ "အဗ်ဒဟ်'ဗင်နိုဿ်'ခါလိဒ်" သခင်မ ပြောကြားသည်မှာ၊ ကျမ၏ဖခင်သည် အိပ်စက်ရန် လဲလျောင်းသောအခါ၊ မအိပ်မီ 'နဗီ'တမန်တော်မြတ်အား နှစ်နှစ်ကာကာ တမ်းတသတိပြုလေ့ရှိသည်။ အလားတူ 'မုဟာဂျိရီးန်'၊ 'အန်ဆာရ်'၊ 'ဆဟာဗဟ်'တို့၏ အမည်နာမကိုလည်း တမ်းတသတိပြုလေ့ရှိသည်။ ထိုနည်းတူစွာ ကျမ၏ ယုပ်ရိုးလုပ်စဉ်လည်းရှိပါသည်။ (၀ါ)ကြီးငယ်မဟူ ကျမ၏စိတ်ဓါတ်သည် ထိုသူတို့ဖက်သို့ ညွတ်လျက်ရှိပါသည်။ အို–'အလ္လာဟ်'အသျှင်၊ ကျွန်တော်မျိုးမအား အမြန်ချုပ်ငြိမ်းစေ၍ ထိုထိုသောပုဂ္ဂိုလ်တို့နှင့် တွေ့ရပါစေဟု ဆုမွန်'ဒုအာ' တောင်းခံလျက် အိပ်စက်လေ့ရှိသည်။

✓တရံရောအခါ၊ 'ဟဇရဿ်အဗူဗက်ရ်ဆိဒ္ဒီးက်'သခင်က အို–အသျှင့်တမန်တော်၊ ကျွန်တော်မျိုးသည် မိမိဖခင် 'အစ္စလာမ်'သာသနာ၀င်ဖြစ်လာခြင်းနှင့်စာလျှင်၊ ကိုယ်တော်မြတ်၏ဘထွေးတော်'အဗူသွာလိဗ်' 'အစ္စလာမ်'သာသနာ၀င်ဖြစ်လာရန် ဆန္ဒပြင်းပြခဲ့ပါသည်။ သို့ဖြင့် ကိုယ်တော်မြတ်က အတိုင်းမသိ ရွှင်ပြုံးအားရဖြစ်တော်မူအံ့ဟု လျှောက်ထားခဲ့လေသည်။

✓ 'ဟဇရဿ်အုမရ်'သခင်က အခါတပါး၌ ကိုယ်တော်မြတ်၏ဘထွေးတော်'ဟဇရဿ်အဗ္ဗါးစ်' သခင်အား လူကြီးမင်း 'အစ္စလာမ်'သာသနာ၀င်ဖြစ်လာခြင်းသည်၊ ကျွန်ုပ်အဖို့ မိမိဖခင် 'အစ္စလာမ်'သာသနာ၀င် ဖြစ်လာခြင်းထက် ပို၍ စမ်းသာမိသည်။ အဘယ်ကြောင့်ဆိုသော် လူကြီးမင်း 'အစ္စလာမ်'သာသနာတော်ကိုလက်ခံခြင်းဖြင့် ကိုယ်တော်မြတ်၏စိတ်ချမ်းသာမှုတရပ် ဖြစ်ပေသည်။

✓တရံရောအခါ ညအချိန်၌ (မိမိသမ္မတ 'ခလီဖဟ်' အရိုက်အရာဆက်ခံနေစဉ်) စောင့်ကြပ်ရေးခရီးထွက်နေစဉ် အိမ်တအိမ်မှ မီးရောင်ကို တွေ့မြင်ရလေ၏။ ထိုနောက် အမယ်အိုတယောက်၏ အသံကိုလည်း ကြားနေရ၏။ အကြင်အမယ်အိုသည် အနွေးထည်ချည်ရစ်လျက် ကိုယ်တော်အား ခြီးမွမ်းကဗျာ လင်္ကာကိုလည်း ရွတ်ဖတ်နေလေ၏။ ၎င်း၏ အနက်အဓိပ္ပာယ်မှာ 'မုဟမ္မဒ်' (ဆလ္လလ္လာဟုအလိုက်ဟိ၀စလ္လမ်)အား 'ဒရူးဒ်'ပေးပို့ကြလော့။ စင်ကြယ်သန့်စင်လျက် ထိုသူ့ထံမှ အကြင်မြင့်မြတ်ထူးကဲတော်မူသောသူအား 'ဒရူးဒ်'ပေးပို့လော့။ မလွဲကေန်၊ အို–အသျှင့်တမန်တော်၊ ကိုယ်တော်သည် ညဥ့်အချိန်၌ ကျိုးနွံစွာ၀တ်ပြုသူဖြစ်ခဲ့လေသည်။ ညဥ့်၏ နောက်ဆုံးယာမ်၌ ငိုကြွေးလေ့ရှိခဲ့လေသည်။

ငါနှင့် ငါ့ချစ်သူ ခင်မင်သူတို့သည် ဘယ်သောအခါ ဆုံစည်းရမည်ကို သိရလေလျှင် ကောင်းလေစွတကား၊ အဘယ်ကြောင့်ဆိုသော် မရဏ သေခြင်းတရားသည်ကား အခါမရွေး လာတတ်ပေသည်။ ငါ၏ သေခြင်းတရားသည် ဘယ်သောအခါလာ၍ ကိုယ်တော်မြတ်နှင့် ကြုံကြိုက်ရမည်၊ မကြုံကြိုက်ရမည်ကို မသိရခြင်းကြောင့်ပင်တည်းဟူ၍ ရင့်ကျူးနေပေသည်။ 'ဟဇရဿ်အုမရ်'သခင်သည် ဤကဗျာလင်္ကာကိုနာကြား၍ ငိုကြွေးလေတော့သည်။

✓ 'ဟဇရယ်ဗိလာလ်'သခင်၏ အဖြစ်အပျက်ကမူ အလွန်ထင်ပေါ်ကျော်ကြားလျက်ရှိသည်။ 'ဗိလာလ်'သခင် ကွယ်လွန်ခါနီးသောအခါ၊ ဇနီးမိန်းမသည် ဝမ်းပမ်းတနည်း၊ ဖြစ်မှဖြစ်ရလေခြင်း၊ ဒုက္ခပါဘဲဟု ငြီးတွားလေရာ၊ 'ဗိလာလ်'သခင်က—

(**စွဗ္ဗဟာနလ္လာဟ်**) ဘယ်လောက်ပျော်စရာလဲ၊ မနက်ဖြန် 'နဗီ'တမန်တော်မြတ်နှင့် တမန်တော်မြတ်၏ အကြည်တော်များနှင့် တွေ့ဆုံရပေအံ့ဟု ပြန်လည်ဖြေကြားတော်မူလိုက်လေ၏။

✓ 'ဟဇရယ်ဇိုင်းဒ်'သခင်၏ အကြောင်းချင်းရာသည် အခဏ်း(၅)၊ အမှတ်စဉ်(၉)၌ ဖော်ပြခဲ့လေပြီ။ 'ဇိုင်းဒ်'သခင်အား ကားစင်တင်၍ 'အဗူစွဖ်ယာန်'က မင့်နေရာ၌ 'မုဟမ္မဒ်'(နအူးဇူဗစ်လ္လာဟ်)ဖြစ်၍ မင်းသည် မိမိအိမ်၌ အိမ်သူအိမ်သားများနှင့် ကောင်းစွာနေရပါလျှင် မကောင်းဘူးလားဟု မေးမြန်းလေရာ၊ 'ဇိုင်းဒ်'သခင်က အသျှင့်'ကစမ်'၊ ကျွန်ုပ်သည် ဘေးကင်းရန်ရှင်း၍ ကိုယ်တော်မြတ်၏ခြေဖဝါး၌ သေးငယ်လှသည့်စူးသာ စူးပါစေမည်ဟု ဆိုလာခြင်းကိုပင် သည်းခံခြင်းငှါ မတတ်စွမ်းနိုင်ပါဟု ဖြေကြားတော်မူလိုက်လေသည်။ ထိုအခါ 'အဗူစွဖ်ယာန်'က ကျွန်ုပ်သည့် မည်သည့်အခါဘူးမျှ 'မုဟမ္မဒ်'(ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)၏ နောက်လိုက်တပည့်သည် 'မုဟမ္မဒ်' (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်)ကို ခင်မင်လေသလောက် ခင်မင်လေးစားသည်ကိုအခြား၌ မတွေ့မမြင်ဘူးပါဟု မလွှဲမသွေ ဝန်ခံရလေသည်။

**အထူးမှတ်သားဖွယ်။**

'အိုလမာ'—'အစ္စလာမ်'သာသနာ့ပညာရှင်တို့က 'နဗီ'တမန်တော်မြတ်ကို ချစ်ကြင်ခင်မင်မှု၏လက္ခဏာကို အမျိုးမျိုးအဖုံဖုံ သတ်မှတ်ကြလေသည်။ ဆရာတော်ကြီး 'ကာဇီအယာဇ်'သခင်က အကြင်သူသည် အကြင်အရာကို ချစ်ခင်စုံမက်၏။ ၎င်းအရာကလွဲ၍ ကျန်အရာများကို မထိမဲ့မြင် ပြုလေ့ရှိတတ်သည်။ ဖွဲ့နွဲ့ ဆန်ကွဲမျှ ထင်မှတ်တတ်၏။ ဤသို့ စိတ်၌ဖြစ်ပေါ်လာခြင်းသာလျှင် ချစ်ခင်စုံမက်ရာ ရောက်သည်ဟူ၏။ နှုတ်လျှာမှ ပြောကြားရုံဖြင့် ချစ်ရာခင်ရာမမည်ဟူ၏။ သို့ပါ၍ ကိုယ်တော်မြတ်အား ခင်မင်ရင်းနှီးမြတ်နိုးပါသည်ဟုဆိုရာ၌လည်း ကိုယ်တော်မြတ်၏ 'စွန္နသ်'လမ်းစဉ်ကို ထပ်ချပ်မကွာ လိုက်နာကျင့်သုံးခြင်းသာ အမှန်ဖြစ်သည်ဟု လာရှိပေသည်။ ကိုယ်တော်မြတ်၏ ဩဝါဒဟောဘ်များကိုလည်းကောင်း၊ လုပ်ငန်းဆောင်တာများကိုလည်းကောင်း၊ အမိန့်ပညတ်တော်များကိုလည်းကောင်း ဦးထိပ်ပန်ဆင်ရပေမည်။ ကိုယ်တော်မြတ် တားမြစ်ချက်များကို ရှင်ပျော်ချိန်၌လည်းကောင်း၊ (ဝါ) စိတ်အေးချမ်းသာသော အချိန်၌လည်းကောင်း၊ စိတ်ဒုက္ခ သောကဗျာပါဒ ရောက်ချိန်၌လည်းကောင်း၊ စီးပွားရေး

ချောင်လည်ချိန်၌လည်းကောင်း၊ စီးပွားရေး ကြပ်တည်းချိန်၌လည်းကောင်း အခါခပ်သိမ်း ကိုယ်တော်မြတ်၏လမ်းစဉ်အတိုင်း ကြပ်ကြပ်မတ်မတ် လိုက်နာ ကျင့်သုံးကြရပေမည်။

قُلْ إِنْ كُنْتُمْ تُحِبُّونَ اللّٰهَ فَاتَّبِعُونِي
يُحْبِبْكُمُ اللّٰهُ وَيَغْفِرْ لَكُمْ ذُنُوبَكُمْ
وَاللّٰهُ غَفُورٌ رَّحِيمٌ

အဓိပ္ပါယ်။ ✓။အို–တမန်တော်၊ ၎င်းတို့အား ပြောကြားလော့၊ အကယ်၍ အချင်းတို့သည် 'အလ္လာဟ်'အသျှင်မြတ်အား ခင်မင်လေးစား မြတ်နိုးကြသည်ရှိသော် အချင်းတို့သည် ငါကိုယ်တော်မြတ် လမ်းစဉ်အတိုင်း လိုက်နာ ကျင့်ကြံကြကုန်လော့။ 'အလ္လာဟ်'အသျှင်မြတ်သည်လည်း အချင်းတို့အား ချစ်ခင်တော်မူပေအံ့။ အချင်းတို့၏ အပြစ်ဒုစရိုက်များကို ခွင့်လွှတ်တော်မူပေအံ့။ အကယ်စင်စစ် 'အလ္လာဟ်' အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော၊ အလွန်တရာ ကရုဏာတရား ထားတော်မူသော အသျှင်ဖြစ်တော်မူ၏။

## ကျမ်းပြုဆရာတော်ကြီး မော်လာနာဇကရိယာသခင်ကြီး၏ နောက်ဆက်တွဲအမှာစကား

'ဆဟာဗဟ်' သူတော်စင် (ရသွေ့) သခင်တို့၏ အကြောင်းအရာအချို့ကို စံပြအဖြစ်နှင့် တင်ပြရခြင်း ဖြစ်ပေသည်။ အကယ်စင်စစ် ထိုသို့သော သူတော်စင်တို့၏ အကြောင်းအရာကို ရေးရလျှင် အလွန်ကြီးလေးလှသည့် ကျမ်းကြီးများ ဖြစ်စေကာမူ ပြည့်စုံနိုင်လိမ့်မည်မဟုတ်ပေ။ 'အုရ်ဒူ'ဘာသာစာပေဖြင့် ကျမ်းဂန်အသီးသီး၌လည်းကောင်း၊ စာနယ်ဇင်း အသီးသီး၌ လည်းကောင်း ဤသို့သောအကြောင်းအရာများကို ဖတ်ရှုကြရပေမည်။

ဤကျမ်းငယ်ကိုပြုစုရာ လအတန်ကြာခဲ့လေပြီ။ တဖန် ကျောင်း၏ တာဝန်ဝတ္တရားများကြောင့် လည်းကောင်း၊ အခြေအနေအရ ဆုံဆည်းလာရသည့် အကြောင်းများကြောင့် လည်းကောင်း ပြီးစီးရန် အချိန်ကြန့်ကြာခဲ့ရပေသည်။ ယခုမူကား မိမိရေးသားခဲ့သည့် အကြောင်းအရာသည် အများအကျိုးဖြစ်စိမ့်သောငှာ နောက်ဆုံး အရေးကြီး အဓိကဖြစ်သည့် အချက်အလက်ကို ညွှန်ကြားပြသရန်မှာလည်း အရေးကြီးလှပေသည်။ ၎င်းမှာဤသို့တည်း။ ဤ လွတ်လပ်သည့်အခါသမယမျိုး၌ 'အစ္စလာမ်' သာသနာဝင်တို့၏ သာသနာရေးနှင့် အခြားအခြားသော လုပ်ငန်းဆောင်တာများ၌ ပေါ့ဆမှုများသည်လည်းကောင်း၊ လွတ်လပ်မှု၏ ရောင်ပြန်ဟပ်မှုသည်လည်းကောင်း ဖြစ်လေ့ရှိပေသည်။ တဖက်မှ 'ဆဟာဗဟ်' သာဝကကြီး (ရသွေ့)တို့၏ တာဝန်သိမှု၊ ရိုသေလေးစားမှုမျိုး၌ အတိုင်းမသိ ပေါ့လျော့နေပေသည်။ ထို့အပြင်သာသနာ

ရေး ဘာသာရေး၌ လေးစားမှု ခေါင်းပါးသူတို့သည် ထိုသို့သောသူတို့၏ အကြောင်းအရာများနှင့် စပ်လျဉ်း၍ မထီမဲ့မြင်ပြုရုံမျှမက၊ ရိုင်းပြလေ့ပင်ရှိကြပေသေးသည်။

အကယ်စင်စစ် 'ဆဟာဗဟ်' သာဝကကြီးတို့သည် 'အစ္စလာမ်' သာသနာ၏ ရေသောက်မြစ်ကြီး၊ စမ်းရေတွင်းကြီးများဖြစ်ကြပေသည်။ 'အစ္စလာမ်' သာသနာကို စတင်ဖြန့်ချိသူများဖြစ်ကြလေသည်။ ထိုထိုပုဂ္ဂိုလ်တို့၏ ကျေးဇူးတော်များသည် အသင်္ချေအသင်္ချေပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် သေသည်အထိ ကျေးဇူးဆပ်၍ကုန်ခမ်းနိုင်မည်မဟုတ်ချေ။ 'အလ္လာဟ်' အသျှင်မြတ်သည် မိမိ၏ ကရုဏာတော်ကိုရှေးရှု၍ ထိုပုဂ္ဂိုလ်တို့၏ သန့်စင်မွန်မြတ်သော အသက်ဇီဝိန်များအပေါ်သို့ သိန်းသန်းမက ကရုဏာတော်များ ချပေးတော်မူပါစေသတည်း။ ထိုပုဂ္ဂိုလ်တို့သည် သာသနာရေးကို 'နဗီ'တမန်တော်မြတ်ထံမှ သင်ယူဆည်းပူးခဲ့ကြ၍ ကျွန်ုပ်တို့ထံသို့ ပို့ဆောင်ခဲ့ကြပေသည်။ သို့ဖြစ်၍၊ ဤနောက်ဆုံးအခဏ်း၌ 'ကာဇီအယာဇ်'၏ 'ယှေဖါ'ကျမ်းဂန်မှ အခဏ်းတခဏ်းကို အကျဉ်းချုပ်ဘာသာပြန်၍ အကြင်အရာသည် အလွန်အလွန်ကို သင့်တင့်လှသည့် အကြောင်းကို ရေးသားတင်ပြပါအံ့။ ယင်းအကြောင်းဖြင့် ဤစာအုပ်ကို အဆုံးခန်းသို့ ပို့ဆောင်ပါမည်။

'ကာဇီအယာဇ်' သခင်က 'ဆဟာဗဟ်' သာဝကတို့အား ခင်မင်လေးစားမှုသည်လည်းကောင်း၊ ကျေးဇူးသိတတ်ခြင်းသည် လည်းကောင်း၊ ချီးကျူးထောပနာ ပြုခြင်းသည် လည်းကောင်း အပြစ်ဒုစရိုက်များမှ လွတ်ကင်းကြရန် ဆုမွန် 'ဒုအာ' တောင်းခံပေးခြင်းသည် လည်းကောင်း၊ ထိုပုဂ္ဂိုလ်တို့၏ အချင်းချင်းအချင်းဖြစ်ပွါးမှုများ၌ နှုတ်ပိတ်နေခြင်းသည်လည်းကောင်း၊ သမိုင်းဆရာများ၊ 'ယှုဒီအဟ်' နှင့် 'ဗိသ်အသ်' ပြုကျင့်သူများ၊ ဉာဏ်ပညာ ခေါင်းပါးသောသူတို့၏ ပြောဆိုချက်မျိုးမှ ရှောင်ကြဉ်ခြင်း၊ ထိုထိုပုဂ္ဂိုလ်တို့အပေါ် အပြစ်ဖို့ခြင်း၊ အပြစ်ရှာခြင်း၊ ပျော့ကွက်ရှာခြင်းများသည်လည်းကောင်း၊ ဤသို့သောအကြောင်းအရာမျိုးကို သိကြားရလေလျှင်လည်း သမာသမတ်သော နည်းဖြင့် ဝိနည်း ရှာကြံခြင်း၊ ထို ပုဂ္ဂိုလ်တို့အား မကောင်းပြောမှုကို ရှောင်၍ ကောင်းမှုများကိုသာ ပြောကြားခြင်း၊ ပျော့ကွက်၊ ချို့တဲ့ချက်များမှ ဆိတ်ဆိတ်နေခြင်း စသည်တို့သည် ကိုယ်တော်မြတ်နှင့် တိုက်ရိုက်ဆက်ဆံသည်နှင့် အလားတူပေသည်။

✓ဥပမာ—ကိုယ်တော်မြတ်က ငါကိုယ်တော်မြတ်၏ အဆွေတော် 'ဆဟာဗဟ်' သာဝကတို့၏ အကြောင်း (မကောင်းကြောင်း) ကြားရလျှင် ဆိတ်ဆိတ်နေလော့၊ 'ဆဟာဗဟ်'သူတော်စင်တို့၏ ထူးမြတ်ခြင်းအကြောင်း ကျမ်းမြတ်'ကုရ်အာန်'၌ လည်းကောင်း၊ 'ဟဒီးဆ်' ဩဝါဒတော်၌လည်းကောင်း အမြောက်အမြား လှာရှိပေသည်။ 'အလ္လာဟ်' အသျှင်မြတ်၏ 'အာယသ်' မုက္ခပါဌ်တော်မှာ—

مُحَمَّدٌ رَّسُولُ اللّٰهِ ۚ وَالَّذِيْنَ مَعَهٗۤ
اَشِدَّآءُ عَلَى الْكُفَّارِ رُحَمَآءُ بَيْنَهُمْ
تَرٰىهُمْ رُكَّعًا سُجَّدًا يَّبْتَغُوْنَ فَضْلًا مِّنَ
اللّٰهِ وَرِضْوَانًا ۫ سِيْمَاهُمْ فِيْ وُجُوْهِهِمْ
مِّنْ اَثَرِ السُّجُوْدِ ؕ ذٰلِكَ مَثَلُهُمْ فِى التَّوْرٰىةِ ۛۚ وَمَثَلُهُمْ فِى الْاِنْجِيْلِ
كَزَرْعٍ اَخْرَجَ شَطْاَهٗ فَاٰزَرَهٗ فَاسْتَغْلَظَ
فَاسْتَوٰى عَلٰى سُوْقِهٖ يُعْجِبُ الزُّرَّاعَ لِيَغِيْظَ
بِهِمُ الْكُفَّارَ ؕ وَعَدَ اللّٰهُ الَّذِيْنَ اٰمَنُوْا
وَعَمِلُوا الصّٰلِحٰتِ مِنْهُمْ مَّغْفِرَةً وَّ
اَجْرًا عَظِيْمًا ࣖ

အဓိပ္ပါယ်။ ✓ ။မုဟမ္မဒ် (ဆလ္လလ္လာဟုအလိုက်ဟိဝစလ္လမ်) သခင်သည် 'အလ္လာဟ်' အသျှင်မြတ်၏ 'ရစူလ်'တမန်တော် ဖြစ်တော်မူသည်။ ကိုယ်တော်မြတ်နှင့် တပါတည်းရှိနေသူတို့သည် 'ကာဖိရ်' အပေါင်းတို့နှင့် ယှဉ်ကြသည့်အခါ ခက်ထန်ကြမ်းတမ်းကြလေသည်။ မိမိတို့ အချင်းချင်း၌ ချစ်ချစ်ခင်ခင် ရှိကြလေသည်။ အို–အချင်းတို့၊ အသင်တို့သည် ထိုပုဂ္ဂိုလ်တို့အား တခါတရံ ဦးညွတ်နေကြသည်ကိုလည်းကောင်း၊ တခါတခါ'စဂျ ိဒဟ်'ဦးချနေသည်ကိုလည်းကောင်းပြုကျင့်၍'အလ္လာဟ်' အံသျှင်မြတ်၏ နှစ်မြို့ရာကို ရှာကြံနေကြသည်ကို သင်တို့တွေ့မြင်ကြရပေအံ့။ ထိုပုဂ္ဂိုလ်တို့၏ ကျိုးနွံမှု၏ လက္ခဏာများသည် မျက်နှာတော်ပေါ်၌ ပေါ်လွင်ထင်ရှားလျက်ရှိနေပေသည်။ ထိုပုဂ္ဂိုလ်တို့၏ ဂုဏ်အင်လက္ခဏာအကြောင်း 'သောင်ရာသ်' ကျမ်း၌ လာရှိခဲ့ပေသည်။

✓ 'အင်ဂျီလ်'ကျမ်း၌ ထိုပုဂ္ဂိုလ်တို့၏၊ဥပမာ လယ်ယာကိုင်းကျွန်း၌ ဦးစွာပထမ မျိုးစေ့ချရာ၏။ပျိုးပင်များကြီးထွားလာသည့်အခါ ပင်စည်အင်အား ဖြစ်ထွန်းလာသဖြင့် ထိုးတိုးထောင်ထောင်ဖြစ်လာလေ၏၊[ထိုအခါ] တောင်သူလယ်သမားတို့သည်လည်းဝမ်းသာအားရ ဖြစ်ရပေမည်။(၀၁)ထိုသို့'ဆဟာဗဟ်'သာဝကကြီးတို့သည် ဦးစွာပထမ အားအင် ချို့တဲ့ကြပေသည်။

နောက်တဖန်တနေ့တခြား အားတက်သရော ဖြစ်လာကြရလေသည်။'အလ္လာဟ်' အသျှင်မြတ်သည် 'ဆဟာဗဟ်'သာဝကတို့အား တိုးတက်ဖွံ့ဖြိုးမှု ခြီးမြှင့်တော်မူမည်ကို'ကာဖိရ်' အပေါင်းတို့ မြင်တွေ့၍ မနာလို ဝန်တိုစိတ်ဖြစ်ကာအကျိုးနည်းကြရလေသည်။ နောင်'အာခိရသ်'၌'အိမာန်' ယုံကြည်လက်ခံ၍ ကောင်းမှုကုသိုလ်ပွားများစေသော သူတို့အဖို့ အပြစ်ဒုစရိုက်များကို ခွင့်လွှတ်၍ အကျိုးထူးခြီးမြှင့်တော်မူမည်ဖြစ်ကြောင်း ကတိပြုတော်မူခဲ့လေသည်။

ဤအနက်အဓိပ္ပါယ်သည်'သောင်ရာသ်'ကျမ်း၌ပါရှိသည့်အတိုင်းသာဖြစ်သည်။'အာယသ်' တော်၏ ပြောင်းလဲခြင်းဖြင့်အနက်အဓိပ္ပါယ်မှာလည်းခြားနားလေ့ရှိပေသည်။၎င်းကို'သဖါစိရ်' ကျမ်းများဖြင့်သိရှိနိုင်ပေမည်။ဤသို့ဖြင့်အခြားတနေရာ၌ 'အာယသ်' မုကၡပါဌ်တော် ဤသို့လာရှိလေသည်။

لَقَدْ رَضِيَ اللّٰهُ عَنِ الْمُؤْمِنِيْنَ اِذْ يُبَايِعُوْنَكَ تَحْتَ الشَّجَرَةِ فَعَلِمَ مَا فِيْ قُلُوْبِهِمْ فَاَنْزَلَ السَّكِيْنَةَ عَلَيْهِمْ وَاَثَابَهُمْ فَتْحًا قَرِيْبًا ۝ وَمَغَانِمَ كَثِيْرَةً يَاْخُذُوْنَهَا وَكَانَ اللّٰهُ عَزِيْزًا حَكِيْمًا ۝

အဓိပ္ပါယ်။ ✓ ။မုချကေန်၊'အလ္လာဟ်'အသျှင်မြတ်သည်ထို'မွတ်စ်လင်မ်'အပေါင်းတို့ (ကိုယ်တော်မြတ်နှင့်အတူ လိုက်ပါကြသည့်ခရီးသည်)အား နှစ်မြို့တော်မူသည်၊ အကြင်အခါ၌၊ဤပုဂ္ဂိုလ်တို့သည် ကိုယ်ဟော်မြတ်နှင့် သစ်ပင်အောက်၌ 'ဗိုင်အသ်' သစ္စာအဓိဋ္ဌာန်ပြုခဲ့ကြလေ၏။ထို့အပြင် ထိုပုဂ္ဂိုလ်တို့၏ စိတ်နှလုံးသည်းပွတ်၌ အကြင်အရာ (ရတိပြတ်ဖြူစင်လှသည့် ဆုံးဖြတ်ချက်သည်)ရှိခဲ့လေ၏။ ၎င်းအရာကိုလည်း 'အလ္လာဟ်'အလျှင်မြတ်သည် (ကောင်းစွာ) သိရှိထားတော်မူသည်။ ထို့အပြင် 'အလ္လာဟ်'အသျှင်မြတ်သည် ထိုပုဂ္ဂိုလ်၏ စိတ်နှလုံး၌ စိတ္တသုခကို စိုက်ထူပေးခဲ့လေသည်။ထိုပုဂ္ဂိုလ်အားတမုတ်ခြင်း အောင်နိုင်မှုတရပ်ကိုလည်း ခြီးမြှင့်တော်မူခဲ့လေ၏။ (၀၁) 'ခိုင်ဗရ်တိုက်ပွဲကိုဆိုလိုခြင်းဖြစ်သည်။ အကြင်တိုက်ပွဲသည်၎င်းနှင့်တဆက်တည်းမှာပင် ဖြစ်ခဲ့လေသည်။ သို့ပန်းပစ္စည်း အမြောက်အမြားကိုလည်း ခြီးမြှင့်တော်မူခဲ့၏။အကယ်စင်စစ် 'အလ္လာဟ်' အသျှင်မြတ်သည် တန်ခိုးတော်အစုံ၊ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော အသျှင် ဖြစ်တော်မူပေသည်။

ငင်း'ဗိုင်အသ်'ကို 'ဗိုင်အသွလ်ယှုဂျရဟ်'ဟု ခေါ်ကြပေသည်။ နောက်ဆုံးအခဏ်းပထမ အကြောင်းတွင် ဖေါ်ပြခဲ့လေပြီ။'ဆဟာဗဟ်'သာဝကကြီးများအကြောင်းနှင့် ပတ်သက်၍တနေ ရာ၌ 'အလ္လာဟ်အသျှင်မြတ်၏'အာယသ်' မုကဒ္ဒပါဠ်တော်လာရှိလေသည်။

رِجَالٌ صَدَقُوا مَا عَاهَدُوا اللّٰهَ عَلَيْهِ
فَمِنْهُمْ مَنْ قَضٰى نَحْبَهٗ وَمِنْهُمْ
مَنْ يَّنْتَظِرُ وَمَا بَدَّلُوْا تَبْدِيْلًا

အဓိပ္ပါယ်။ ✓။ထို'မုအ်မင်န်'သူတော်စင်အပေါင်းတို့သည်မိမိတို့'အလ္လာဟ်'အသျှင်မြတ်နှင့်ထားရှိ သည့်ကတိအတိုင်းမှန်ကန်တိကျစွာအံ့ဝင်ဂွင်ကျဖြစ်ကြပေသည်။ တဖန်ထိုပုဂ္ဂိုလ် တို့အနက် အချို့သည် မိမိကတိကိုလက်တွေ့ ကျင့်သုံးခဲ့ကြလေသည်။ (ဝါ) (ယှဟီးဒ်ဖြစ်သွားကြလေပြီ) ထိုပုဂ္ဂိုလ်တို့သည် ယင်း(ယှဟီးဒ်)အဖြစ်ကို တောင့် တ မြှော်လင့်နေကြ၏။ထိုနောက်မိမိတို့၏ ရည်ရွယ်ချက်၌ မည်သို့မျှပြောင်းလဲချက် မရှိပေ။နောက်တနေရာ၌ အသျှင့်'အာယသ်'မုကဒ္ဒပါဠ်တော်တရပ်၊

وَالسّٰبِقُوْنَ الْاَوَّلُوْنَ مِنَ الْمُهٰجِرِيْنَ
وَالْاَنْصَارِ وَالَّذِيْنَ اتَّبَعُوْهُمْ بِاِحْسَانٍ
رَّضِيَ اللّٰهُ عَنْهُمْ وَرَضُوْا عَنْهُ وَاَعَدَّ لَهُمْ
جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ
فِيْهَا اَبَدًا ذٰلِكَ الْفَوْزُ الْعَظِيْمُ

အဓိပ္ပါယ်။ ✓ ။ထို့နောက် အကြင်'မုဟာဂျိရီးန်' နှင့်'အန်ဆာရီ'တို့သည် ('အီမာန်'ယုံကြည် ခြင်းအားဖြင့် အားလုံး'အွမ္မသ်'ဖြစ်ကြပေသည်)။အလျင်ကျလေသည်။စေတနာ ဖြူစင်စွာနှင့် ကိုယ်တော်မြတ်၏ နောက်လိုက်များ ဖြစ်ကြသည်။ 'အလ္လာဟ်' အသျှင်မြတ်သည် ထိုသူတို့အား နှစ်မြို့တော်မူ၏။ ထိုသူတို့သည်လည်း'အလ္လာဟ်' အသျှင်မြတ်သည် ထိုသူတို့အဖို့ ဥယျာဉ်တော်များကို အသင့် ပြုပြင်ထားတော် မူသည်။ငင်း(ဥယျာဉ်)အောက်၌ စမ်းရေများ စီးဆင်းလျက်ရှိပေအံ့။ထို၌ရာသက် ပန်နေထိုင်ကြပေအံ့။ ဤသည်ကား ကြီးလေးသည့် အောင်မြင်မှုပင်တည်း။

ဤ 'အာယာသိ' တော်များ၌ မြင့်မြတ်တော်မူသော 'အလ္လာဟ်' အသျှင်မြတ်သည် 'ဆဟာဗဟ်' သာဝကကြီးတို့အား ချီးကျူးတော်မူကြောင်းကို လည်းကောင်း၊ နှစ်မြို့တော်မူကြောင်းကိုလည်းကောင်း၊ ဖေါ်ပြ ထားတော်မူလေသည်။ ထိုနည်းတူစွာ 'ဟဒီးဆ်' ဩဝါဒတော်များ၌လည်း ထူးမြတ်ကြောင်းလာရှိပေသည်။

ကိုယ်တော်မြတ်က ငါကိုယ်တော်မြတ်ကွယ်လွန်သွားသည့်အခါ 'အဗူဗကရ်' နှင့် 'အုမရ်' ၏ ဩဇာ အာဏာ ညောင်းကြ ကုန်လော့ဟု မိန့်ကြားတော်မူခဲ့၏။ 'ဟဒီးဆ်' ဩဝါဒတော်တပါး၌ ငါကိုယ်တော်မြတ်၏အကြည်တော် 'ဆဟာဗဟ်' သာဝကတို့သည် ကြယ်တာရာများ ဖြစ်သည်။ ထိုသူတို့၏လမ်းစဉ်အတိုင်းလိုက်နာ ကျင့်ကြံပါက တရားလမ်းမှန်ကို ရယူကြပေအံ့ဟု မိန့်ကြားတော်မူခဲ့လေ၏။ 'ဟဒီးဆ်' ဩဝါဒတော် အကျော်အမော် ဒီသာပါမောက္ခတို့သည် ဤ 'ဟဒီးဆ်' တော်နှင့် စပ်လျဉ်း၍ အဆိုကွဲနေကြသည်။ ထို့ကြောင့်ပင် 'ကာဇီအယာဇ်' သခင့်အပေါ်ပြစ်တင်ကန့်ကွက်ကြလေသည်။ သို့ရာတွင် 'မုလ္လာအလီကာရီ' သခင်ကအထောက်အထားများစွာဖြင့်လည်းကောင်း၊ ထူးမြတ်ခြင်း၏အကြောင်းများကြောင့်လည်းကောင်း၊ ဖေါ်ပြဟန်တူ၏။ အဘယ်ကြောင့်ဆိုသော် ထူးမြတ်ခြင်းအကြောင်း ဖေါ်ပြရာ၌ သာမန် 'ဟဒီးဆ်' ဩဝါဒပင်ဖြစ်လင့်ကစား ဖေါ်ပြလေ့ရှိကြလေသည်။

'ဟဇရတ်အနပ်စ်' သခင်က ဆင့်ပွါးကြားတော်မူသည်မှာ၊ ကိုယ်တော်မြတ်က ငါကိုယ်တော်မြတ်၏ အကြည်တော် 'ဆဟာဗဟ်' တို့သည် အစားအစာ၌ ဆားနှင့်အလားတူ၏။ အစားအစာ၌ ဆားမရှိလျှင် အရသာ မရှိ(နိုင်)ပေဟု မိန့်ကြားတော်မူခဲ့၏။ ထိုနည်းတူစွာ၊ ကိုယ်တော်မြတ်က ဤသို့လည်း မိန့်ကြားတော်မူခဲ့လေသည်။ ငါကိုယ်တော်မြတ်၏ အကြည်တော် 'ဆဟာဗဟ်' တို့၏ အကြောင်းနှင့်ပတ်သက်၍ 'အလ္လာဟ်' အသျှင်မြတ်ကို ရှုံကြောက်ကြလော့၊ မချေမငံမပြောကြလေနှင့်။ အကြင်သူသည် ထိုပုဂ္ဂိုလ်တို့အားချစ်ခင်လေးစား၏။ ငါကိုယ်တော်မြတ်အားလေးစားခင်မင်ရာမည်၏။

အကြင်သူသည်ထိုပုဂ္ဂိုလ်တို့အား မလိုမုန်းထား၏။ ငါကိုယ်တော်မြတ်အားအမုန်းထားရာမည်၏။ အကြင်သူသည် ထိုပုဂ္ဂိုလ်တို့အား ဘေးသင့်စေသော်၊ ငါကိုယ်တော်မြတ်အား ဘေးသင့်စေရာမည်၏။ (အကယ်စင်စစ်)ထိုသူသည် 'အလ္လာဟ်' အသျှင်မြတ်အား ဘေးသင့်စေရာမည်၏။ အကြင်သူသည် 'အလ္လာဟ်' အသျှင်မြတ်အား ဘေးသင့်စေအံ့၊ ထိုသူသည်သာ ဘေးသင့်ပေအံ့ဟု မိန့်ကြားတော်မူခဲ့လေ၏။

ဟဒီးဆ် ။ ။(အို....အချင်းတို့၊ သင်တို့သည်)ငါကိုယ်တော်မြတ်၏ 'ဆဟာဗဟ်' အကြည်တော်တို့အား ဆဲရေးတိုင်းထွာခြင်း မပြုကြလေနှင့်၊ အကယ်၍ သင်တို့အနက်တဦးတယောက်သောသူသည် (မဒီနဟ်အနီးရှိ) 'အိုဟုဒ်' တောင်မျှ ရွှေစင်အတိကို

လူ့ဒါန်းပါသော်လည်း၊ ထိုကောင်းမှုကုသိုလ်သည် 'ဆဟာဗဟ်' အကြည်တော် တို့၏ ကောင်းမှုကုသိုလ်၏ လက်တဆုပ်ခန့်မျှနှင့်ပင် တူညီလိမ့်မည် မဟုတ်ဟု မိန့်ကြားတော်မူခဲ့၏။

အကြွင်သူသည် 'ဆဟာဗဟ်' အကြည်တော် တို့အား ဆဲရေးတိုင်းထွာခဲ့သည်ရှိသော်၊ ထိုသူအပေါ်သို့ 'အလ္လာဟ်' အသျှင်မြတ်၏ 'လအ်နသ်'သည်လည်းကောင်း၊ 'မလာအိကဟ်' ကောင်းကင်တမန်တို့၏ 'လအ်နသ်' သည်လည်းကောင်း၊ လူသူအပေါင်းတို့၏'လအ်နသ်'ကျိန်စာသည်လည်းကောင်း သက်ရောက်ပေအံ့။ ထိုသူ၏'ဖရပ်ဇ်' လုပ်ငန်းများကိုလည်းကောင်း၊ 'နဖိလ်'လုပ်ငန်းများကိုလည်းကောင်း လက်ခံတော်မူမည်မဟုတ်ဟု မိန့်ကြားတော်မူခဲ့၏။

'အလ္လာဟ်'အသျှင်မြတ်သည် 'နဗီ' တမန်တော်များမှအပ ကျန်ရှိရှိသမျှသော အဖန်ဆင်းခံများအနက် ငါကိုယ်တော်မြတ်၏ 'ဆဟာဗဟ်' အကြည်တော်တို့အား ရွေးချယ်တင်မြှောက်တော်မူသည်။ ထိုပုဂ္ဂိုလ်တို့အနက် လေးပါးကို အထူးတင်စားတော်မူသည်။ (ထိုလေးပါးသောပုဂ္ဂိုလ်တို့မှာ) 'အဗူဗကရ်'၊ 'အုမရ်'၊ 'အွတ်ဆ်မာန်'၊ 'အလီ' စသည့်ပုဂ္ဂိုလ်များဖြစ်ကြလေသည်။ ဤပုဂ္ဂိုလ်တို့သည် ငါကိုယ်တော်မြတ်၏ 'ဆဟာဗဟ်' အကြည်တော်တတွင် အထူးမြတ်ဆုံးသောသူများ ဖြစ်ကြသည်ဟု မိန့်ကြားတော်မူခဲ့လေ၏။

"ဟဇရသ်အိုက်ယူးဗ်'စခ်သယာနီ" သခင့်အဆို။ ။အကြွင်သူသည် 'အဗူဗကရ်'သခင်အား ခင်မင်လေးစားအံ့။ ထိုသူသည် သာသနာကို တည့်တည့်မတ်မတ် ထူမတ်လိုက်ပေအံ့။ အကြွင်သူသည် 'အုမရ်'သခင်အား ခင်မင်လေးစားအံ့။ ထိုသူသည် သာသနာ၏ ဖြောင့်ဖြူးသည့်လမ်းသို့ရောက်ရှိပေအံ့၊ အကြွင်သူသည် 'အွတ်ဆ်မာန်'ကို ခင်မင်လေးစားအံ့၊ ထိုသူသည် 'အလ္လာဟ်' အသျှင့် 'နူးရ်' လင်းရောင်ခြည်တော်ဖြင့် လင်းဝင်းမှုကိုရရှိပေအံ့၊ အကြွင်သူသည် 'အလီ'သခင်အား ခင်မင်လေးစားအံ့၊ ထိုသူသည် သာသနာ၏ခိုင်ခံ့သောကြိုးချောင်းကို ဆွဲကိုင်ထားပေအံ့၊ အကြွင်သူသည် 'ဆဟာဗဟ်' အကြည်တော်တို့အား ချီးကျူးစကားပြောကြားအံ့၊ ထိုသူသည် အရေခြုံမှုမှကင်းဝေးပေအံ့။ ထို့အပြင် အကြွင်သူသည် 'ဆဟာဗဟ်' အကြည်တော်တို့အား မရိုမသေ မထီမဲ့မြင်ပြုအံ့၊ ထိုသူသည် အမှန်တကယ်ပင် 'ဗိဒ်အသ်'ပြုကျင့်သူ၊အရေခြုံသူ၊ 'စွန္နသ်'တော်ကို ဖည်ဆန်သူဖြစ်ပေအံ့။ ထိုသူ၏လုပ်ငန်းဆောင်တာဟူသရွေ့ကို မိမိယုံကြည်မှုကို ပြောင်းလဲမှုမရှိသမျှ ကာလပတ်လုံး လက်ခံခြင်းမပြုပဲ အပယ်ခံရမည်ကို စိုးရိမ်မိပါသည်ဟု အဆိုရှိခဲ့၏။

ဟဒီးဆ်။ ။အို.... အချင်းတို့၊ ငါကိုယ်တော်မြတ်သည် 'အဗူဗက်ရ်'ကို နှစ်မြို့တော်မူသည်။ အသင်တို့သည် ထိုပုဂ္ဂိုလ်၏ ဂုဏ်သိက္ခာကို သိရှိကြကုန်လော့။ ငါကိုယ်တော်မြတ်သည် 'အလီ'၊'အုမရ်'၊'အွတ်ဆ်မာန်'၊ 'သွလ်ဟဟ်'၊ 'ဇူဗိုင်းရ်'၊ 'စအဒ်'၊'စအီးဒ်'၊ "အဗ်ဒုရ်ရဟ်မာန်'အိဗ်နု' အောက်ဖ်"၊ 'အဗူအုဗိုင်ဒဟ်' စသည့်ပုဂ္ဂိုလ်တို့ကို နှစ်မြို့တော်မူသည်။ အသင်တို့သည် ထိုပုဂ္ဂိုလ်တို့၏ ဂုဏ်သိက္ခာများကို သိရှိကြကုန်လော့။ အို....အချင်းတို့၊ 'အလ္လာဟ်'အသျှင်မြတ်သည် "ဗဒ်ရ်"တိုက်ပွဲ၌ပါဝင်ဆင်နွှဲသူတို့အားလည်းကောင်း၊ 'ဟုဒိုင်ဗီယဟ်'၌ ပါဝင်ဆင်နွှဲသူတို့အား လည်းကောင်း လွတ်ငြိမ်း ချမ်းသာခွင့် ခြီးမြှင့်တော် မူခဲ့လေပြီ။ အချင်း တို့သည် ငါကိုယ်တော်မြတ်၏ 'ဆဟာဗဟ်' အကြည်တော်တို့၏အကြောင်းနှင့်ပတ်သက်၍ ငါကိုယ်တော်မြတ်အား ထောက်ညှာလော့။ ထို့အပြင်၊ အကြင်သူတို့၏သမီးများသည် ငါကိုယ်တော်မြတ် မင်္ဂလာဆောင်နှင်း သိမ်းပိုက်ထားသောသူတို့အားလည်းကောင်း၊ ငါကိုယ်တော်မြတ်၏သမီးများကို သိမ်းပိုက် မင်္ဂလာဆောင်နှင်းထားသူတို့အားလည်းကောင်း ခင်မင်လေးစားမြတ်နိုးကြကုန်လော့။ 'ကိယာမသ်' နေ့၌ထိုသူတို့အပေါ် အသင်တို့၏ ကျူးလွန်မှုတစုံတခုကြောင့် အရေးဆိုမှုမဖြစ်စေနှင့်။ အကယ်၍ဖြစ်ခဲ့သော်၊ လွတ်ငြိမ်းခွင့် ရကြလိမ့်မည် မဟုတ်ဟု မိန့်ကြားတော်မူခဲ့၏။

ငါကိုယ်တော်မြတ်၏ 'ဆဟာဗဟ်' အကြည်တော်တို့နှင့် ငါကိုယ်တော်မြတ်၏ သားမက်တို့၏ အကြောင်းနှင့်ပတ်သက်၍ ကိုယ်တော်မြတ်အား ထောက်ညှာကြကုန်လော့။ ထိုပုဂ္ဂိုလ်တို့နှင့်ပတ်သက်၍ အကြင်သူသည် ငါကိုယ်တော်မြတ်အား ထောက်ညှာပါအံ့၊ 'အလ္လာဟ်'အသျှင်မြတ်သည်၊ ထိုသူအားလောကီလောကုတ္တရာ နှစ်ဌာန၌ စောင့်ရှောက် ကြည့်ရှုတော်မူအံ့။ အကြင်သူသည် ထိုပုဂ္ဂိုလ်နှင့် ပတ်သက်၍ ငါကိုယ်တော်မြတ်အား ထောက်ညှာမှုမပြုခဲ့ပါ။ 'အလ္လာဟ်'အသျှင်မြတ်သည်လည်း ထိုသူ၏တာဝန်ကို ယူတော်မူမည်မဟုတ်။ ဘေးမဲ့ဖြစ်ပေအံ့၊ ယင်းသို့ အသျှင့်ဘေးမဲ့ဖြစ်နေသော်၊ဘေးဒုက္ခတခုခုနှင့် ရင်ဆိုင်ဆုံဆည်းရပေအံ့ဟု မိန့်ကြားတော်မူခဲ့လေသည်။

အကြင်သူသည် 'ဆဟာဗဟ်'အကြည်တော်များနှင့် ပတ်သက်၍ ငါကိုယ်တော်မြတ်အား ထောက်ညှာပါအံ့၊ ငါကိုယ်တော်မြတ်သည် 'ကိယာမသ်'နေ့၌ ထိုသူအား စောင့်ရှောက်ထိန်းသိမ်းသူဖြစ်ပေအံ့ဟု မိန့်ကြားတော်မူခဲ့လေ၏။

အကြင်သူသည် ငါကိုယ်တော်မြတ်၏ 'ဆဟာဗဟ်'အကြည်တော်နှင့် ပတ်သက်၍ ငါကိုယ်တော်မြတ်အား ထောက်ညှာမှုထားရှိပါအံ့၊ ထိုသူသည် ငါကိုယ်တော်မြတ်အား 'ကောင်ဆရ်'ရေကန်အနီး၌ ရှုမြင်ရပေအံ့ဟု မိန့်ကြားတော်မူခဲ့လေသည်။

'ဟာဇရသ်စဟာလ်အဗ်နုအဗ်ဒွလ္လာဟ်'သခင်အဆို။ ။အကြင်သူသည် ကိုယ်တော်မြတ်၏ 'ဆဟာဗဟ်'အကြည်တော်တို့အား မရှိမသေမလေးမစားမထီမဲ့မြင်ပြုခဲ့သော်၊ ထိုသူသည် 'နဗီ' တမန်တော်မြတ်ကိုပင် မယုံကြည်ရာရောက်သည်ဟု လာရှိပေသည်။ မြင့်မြတ်တော်မူသော 'အလ္လာဟ်'အသျှင်မြတ်သည် ပိမိကရုဏာသောက်ညာမှုကို ရှေးရှု၍ မိမိ၏ ဆုပ်ကိုင်မှုနှင့်မိမိအချစ်တော်၏ အမျက်တော်စူးယှမှုများမှ ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏ မိတ်ဆွေသင်္ဂဟ အပေါင်းတို့အား လည်းကောင်း၊ ကျွန်တော်မျိုး၏ ကျေးဇူးရှင်အပေါင်းတို့အား လည်းကောင်း ကျွန်တော်မျိုးနှင့် ဆက်စပ်နှီးနွယ်မှုရှိသူတို့အားလည်းကောင်း၊ တပည့်သားချင်းတို့အားလည်းကောင်း၊ကျွန်တော်မျိုးအား ပြုပြင်ပေးသူ(သာသနာ့အလင်းရောင်ပေးသူ)တို့အား လည်းကောင်း၊ သင်ဆရာ–မြင်ဆရာ–ကြားဆရာတို့အားလည်းကောင်း၊ရှိရှိသမျှသော"မုအ်မင်န်" သူတော်စင်တို့အားလည်းကောင်း၊ ဤသို့သော ဘေးဆိုးကြီးမှ လွတ်ငြိမ်းချမ်းသာခွင့်ပြုတော်မူပါ။ ဖယ်ရှားတော်မူပါ။ ထိုသို့သော 'ဆဟာဗဟ်'အကြည်တော်တို့အား ချစ်ခင်လေးစားမြတ်နိုးသည့် အသိစိတ်ဓာတ်ဖြင့်၊ ကျွန်တော်မျိုးတို့၏ အသည်းနှလုံး၌ ထိုးစိုက်တော့်မူပါစေသော်။

(အာမီးန်)

وَاٰخِرُ دَعْوَانَا اَنِ الْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ ،
وَالصَّلٰوةُ وَالسَّلَامُ الْاَتَمَّانِ الْاَكْمَلَانِ
عَلٰى سَيِّدِ الْمُرْسَلِيْنَ وَعَلٰى اٰلِهٖ وَاَصْحَابِهٖ
الطَّيِّبِيْنَ الطَّاهِرِيْنَ وَعَلٰى اِتْبَاعِهٖ
وَاِتْبَاعِهِمْ حَمَلَةَ الدِّيْنِ الْمَتِيْنِ ،

ပြီးပါပြီ။

ဟိဂျရီ ၁၃၉၀–ခု၊ မုဟာရ်ရမ်လ ၂၇–ရက်။
ခရစ် ၁၉၇၀–ခု၊ ဧပြီလ ၅–ရက်။

အစ္စလာမ့်အကျိုးဆောင်

မော်လာနာဘာဒ်ရှဇ္ဇမာန်၊ ဦးဘချို။

အစ္စလာမ့်အကျိုးဆောင် စာပေတိုက်၊
၁၀၅၊ တတိယထပ် ၃၇၊ ရန်ကုန်မြို့။

# ကျေးဇူးတင်စကားမှာ

ဤကျမ်းဂန်ဖြင့်—

* ကျမ်းရေးသားသူ ကျေးဇူးရှင် မော်လာနာဇကရိယားသခင်ကြီး။
* မှန်ရည်လှသည့် အကြံဉာဏ်ခြိမ်းမြင့်သူ ကျေးဇူးရှင် မော်လာနာ မဟ်မူဒ်ဒါဝူး ယူစွဖ် သခင်ကြီး [ဥက္ကဋ္ဌနှင့် မွဖ်သီချုပ်၊ အိုလမာအေအစ္စလာမ်(မြန်မာပြည်)]။
* ဆရာမက၊ ဘခင်တမျှ၊ ကျွေးမွေးသုတ်သင်၊ အမွန်းတင်၍၊ သွန်သင်ပြသပညာရပ်ကို တွန်းတင်ပို့ဆောင်၊ ဤလူ့ဘောင်သို့ ပြုခဲ့သည့်၊ ဘထွေးတော် ကျေးဇူးရှင် ဆရာတော်သခင်ကြီး မော်လာနာ ဘဒ္ဒန္တ ဟ ဒ္ဒနရှိုလ္လာဟ် (ခ) ဦးဘရှင်(ဟဒီးဆ် ပါမောက္ခချုပ်၊ ဒါရုလ်အိုလွမ်အရဗျ ိ သိပ္ပံကျောင်းအုပ်ကြီး တာမွေ၊ ရန်ကုန်မြို့)။
* မော်လာနာကာရီ ဟာဖစ်ဇ်စိုလိုက်မာန် (ရွှေ့ဆောင်ဆရာတော်၊ စူးရ်သိစ္ဆန္ဒ ိ ဂျာမေဗလီ၊ ရန်ကုန်မြို့။
* မိမိအား ပြန်ဆိုရေးသားရန်စေစားခဲ့သော ကျေးဇူးရှင်မော်လာနာမုဟမ္မဒ်ဆာလေဟ် သခင်ကြီး (အမီးရေသဗ်လီးဂ်၊ ရန်ကုန်)။
* အခါခပ်သိမ်း ဝေါဟာရနှင့် အနက်အဓိပ္ပါယ်များ ပြသတော်မူသော မော်လာနာ နူးရ်မုဟမ္မဒ် ဦးခင်ရွှေသခင်ကြီး(တွဲဖက်အတွင်းရေးမှူး၊ မြန်မာ-မွတ်စ်လင်အိုလမာအေအစ္စလာမ်ဌာနချုပ်)။
* မော်လာနာ၊ ကာရီ၊ ဟာဖိဇ်ဆရာတော်သခင်ကြီး နူရှုလ္လာဟ်(ခ)ဦးနူ (ရွှေ့ဆောင်ဆရာတော်၊ ၂၅-လမ်း၊ ဗလီဝတ်ကျောင်းတော်၊ ရန်ကုန်မြို့။
* ယခု လူထုလက်ရောက်ရှိလာအောင် ကြိုးပမ်းအားထုတ် ထုတ်ဝေသူ ချစ်တပည့် ပီးရ်မုဟမ္မဒ်၊ မုဟမ္မဒ်ယူစွဖ်နှင့် နူရှဇ္ဇမာန်(ခ)မောင်ဘမြင့်။
* ကြားဆရာ၊ မြင်ဆရာ၊ အထူးသဖြင့် ပြင်ဆရာ၊ သင်ဆရာများနှင့် အခြား အခြားသောနည်းများဖြင့် နည်းများမဆို အကူအညီပေးသူ စသည်တို့အား ကျေးဇူး ဥပကာရ တင်ရှိပါကြောင်း။

ပြန်ဆိုရေးသားသူ။

قال رسول الله صلى الله عليه وسلم أصحابي كالنجوم
فبأيهم اقتديتم اهتديتم (الحديث)

အဓိပ္ပါယ်၊

အလ္လာဟ် အရှင်မြတ်၏ 'ရစူလ်' တမန်တော်က "ငါကိုယ်တော်မြတ်၏ အကြည်တော် အပေါင်းတို့သည် ကြယ်တာရာများပမာဖြစ်ကြသည်၊ အသင်တို့သည် ထိုသူတို့ အနက်မှ တဦးဦး၏ လမ်းစဉ်ကို လိုက်နာ ကျင့်ဆောင်သည်ရှိသော်၊ တရားစစ်၊ တရားမှန်ကို ရရှိပေအံ့" ဟု မိန့်ကြားတော်မူသည်။

( ဟဒီးဆ် )

---

ဖြန့်ချိရေးဌာန၊
အစ္စလာမ့် အကျိုးဆောင်စာပေ
တတိယထပ်၊ ၁၈၅၊ ၃၇-လမ်း၊ ရန်ကုန်မြို့။